1150

ဓမ္မဒူတ အရှင်ပညာဇောတ
ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက
သာသနဓဇသိရီပဝရဓမ္မာစရိယ
အဘိသိရီပဝရသာသနာလင်္ကာရဒီဃနိကာယဓရ
အဂ္ဂမဟာဓမ္မကထိကပိဋကတ္တယပါရဂူ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ရေးသားတော်မူအပ်သော

# ဗုဒ္ဓ ဓမ္မ

## ပြဿနာများပေါင်းချုပ်

### တတိယတွဲ

**Problems in Buddha Dhamma - 3**

"မမွေစကား၊ နေ့တိုင်းကြားက၊
စိတ်ထားဖွေးလက်၊ သိညဏ်တက်၏"

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏။

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသည့်ကာလ**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ အကြိမ်)

**မျက်နှာဖုံးအပြင်အဆင်**

ဉာဏ်လင်းထက်

**ပုံနှိပ်သူ**

ဖြိုးဝေလျှံ ပုံနှိပ်တိုက်

ဒေါ်ယဉ်ယဉ်မွန်

ဆန်စက်အပိုပစ္စည်း စက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊

စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဆုပြည့်စုံထွန်းစာပေ

ဒေါ်ခင်မာရွှေ (ယာယီ - ၁၇၇၃)

အမှတ် - ၅၀၈/၅၁၂၊ (၂ - ခ)၊ ပထမထပ်၊

သရဖီကွန်ဒို၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀၀၀ ကျပ်

# ဗုဒ္ဓဓမ္မပြဿနာများ

## တတိယတွဲ

# PROBLEMS IN BUDDHA DHAMMA

## ဓမ္မဒူတ အရှင်ပညာဇောတ

ဖြန့်ချိရေး

သုပြည့်စုံထွန်းစာပေ

အမှတ် – ၅၀၀ / ၅၁၂၊ (၂ – ၁)၊ ပထမထပ်၊ သရဖီကွန်ဒို၊

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း – ၃၀၃၆၆၄၊ ၃၈၆၀၃၃



တောင်စွန်းမြို့ ဓမ္မဒူတတောရကျောင်းတိုက် ပဓာနနာယက ဆရာတော်
ဝိသိဋ္ဌဒီဃဘာဏက သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
အဂ္ဂမဟာ ဓမ္မကထိက ပိဋကတ္တယပါရဂူ ဘဒ္ဒန္တပညာဇောတ





ဓမ္မဒူတအရှင်ပညာဇောတ

ငယ်စဉ်က ပုံတော်







ရွှေဥမင် ဆရာတော်ဘုရားကြီးအား ဂါ၀ရပြုနေစဉ်




မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ အကြည်ညိုခံယူနေစဉ်



**ပေါက်စေတီဆရာတော်ကြီးနှင့် ဓမ္မဒူတကမ္မဋ္ဌာနာစရိယ ဆရာတော်များ**

အရှင်ဉာဏဝရ၊ အရှင်ဝါသေဋ္ဌာဘိဝံသ၊ ပေါက်စေတီဆရာတော်ကြီး၊ အရှင်ဉာဏုတ္တရ၊ အရှင်သီလာစာရ၊

နောက်တန်း-အရှင်ပညာဝရ၊ အရှင်ဝိမလ၊ အရှင်ကေသဝ၊ အရှင်ဆောဘိန္ဒ၊

အရှင်ကောသလ္လ၊ အရှင်ပညိဿရ၊ အရှင်အာစိဏ္ဏဏ



မဏိဇေယျ သီလရှင်စာသင်တိုက် ပဓာန ဆရာကြီးများ

ဒေါ်ပညေသီ၊ ဒေါ်ဝဏ်ရာ၊ ဒေါ်သုခေသီ၊ ဒေါ်ဇယေသီ

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


| | | |
|---|---|---|
| ၁။ | ငါလည်း မိန်းကလေး ဒီလို ဝဋ်ဒုက္ခမှ လွတ်ပါ့မလား | ၉ |
| ၂။ | ဓာရဏပရိတ်ဟာ ဘုရားဟောပါလား ဘုရား | ၂၅ |
| ၃။ | အမျိုးသမီးများအဖို့ ဆုံးရှုံးမှု ကြီးမားလွန်းပါတယ်ဘုရား | ၃၇ |
| ၄။ | တပည့်လိမ္မာ ဆရာအာပတ်လွတ်ဆိုတာ ရှင်းပြပါဘုရား | ၄၅ |
| ၅။ | တပည့်တော်မ ယခင်ကဆိုရင် အရှူးမီးဝိုင်းသလို ရှုးခဲ့ပါတယ် | ၅၄ |
| ၆။ | တပည့်တော် ဘယ်သူလဲ. ဘယ်ကလဲ ဆိုတာ မသိချင်ပါနဲ့ | ၆၂ |
| ၇။ | ကျောင်းဒကာ ဘုရားဒကာတွေ သေလျှင်ကော ရွှေထီး ဆောင်းကောင်းပါသလား | ၆၈ |
| ၈။ | သူခိုးကြီးနှင့် တူ၏ | ၇၅ |
| ၉။ | စာချဆရာတော်ကို ဆွမ်းကပ်တာ ဘယ်နနစ် ရှိပြီလဲ | ၈၅ |
| ၁၀။ | လူမသိတဲ့ ဒေါသတော့ သတိရနေပါသည် | ၉၁ |
| ၁၁။ | ဝတ်ကိုဖြည့်မှ ဝဋ်ထွက်ရ | ၁၀၀ |
| ၁၂။ | ဆရာဝန်ကြီးများက လက်လွှတ်နေပါတယ်ဘုရား | ၁၁၅ |
| ၁၃။ | ဘယ်သူမှ တရားကျပြီး တရားစကားပြောတာ မကြားမိပါဘုရား | ၁၂၄ |
| ၁၄။ | အနတ္တကို ယနဖုံးတယ်ဆိုတာ ရှင်းပြပါဘုရား | ၁၄၀ |
| ၁၅။ | ရဟန်းတော်များ ရေဒအိုးစင် တည်၍ သောက်ရေလှူကောင်းပါသလား ဘုရား | ၁၅၃ |
| ၁၆။ | နောင်တဆိုတာ နောင်မှတ | ၁၆၅ |
| ၁၇။ | ယသော်ရောသည် အမြဲပင် မိန်းမ ဖြစ်ပါသလားဘုရား | ၁၇၈ |

| | | |
|---|---|---|
| ၁၈။ | သူမရှုံးဘူး တို့ရှုံးပြန်လာရတယ် | ၁၈၃ |
| ၁၉။ | လူသေလျှင် လူမှာစောင့်တဲ့ ကိုယ်စောင့်နတ် သေပါသလားဘုရား | ၁၉၅ |
| ၂၀။ | တို့ရွာက ဘုန်းကြီးနှင့် ဘာထူးသလဲ | ၂၀၁ |
| ၂၁။ | ဘာမှ မသိတော့တဲ့ နေရာဟာ နိဗ္ဗာန်ပဲလားဘုရား | ၂၁၁ |
| ၂၂။ | သာသနာ့အမွေ ခံထိုက်သူ ဖြစ်နိုင် မဖြစ်နိုင်<br>ဖြေကြားပေးတော်မူပါ ဘုရား | ၂၁၇ |
| ၂၃။ | ဘုရားရှင် မအားတာ ဘာကိစ္စတွေ များနေလို့ပါလဲဘုရား | ၂၃၀ |
| ၂၄။ | မေတ္တာ ရောင်ပြန်ဟပ်တယ် မေတ္တာ စူးရှတယ်ဆိုတာ<br>ဘယ်လိုပါလဲ ဘုရား | ၂၃၈ |
| ၂၅။ | ဘာကြောင့် သိမ်ကျောင်းဟာ မြင့်မြတ်ပါသလဲဘုရား | ၂၄၆ |
| ၂၆။ | နံနက် (၄) နာရီထိုးလျှင် အရုဏ်တက်တယ် မဟုတ်လားဘုရား | ၂၆၁ |
| ၂၇။ | ကျီးမနိုးမီ အနေကဇာတင်ရမယ်ဆို ဘုရား | ၂၆၇ |
| ၂၈။ | ဒီလောက် စိတ်ညစ်ရတာ ငါ့ကို ဘာဖြစ်လို့<br>အဒေါ်က ရိပ်သာပို့ရတာလဲ | ၂၇၈ |
| ၂၉။ | ကံ ကောင်း.မကောင်း ပါရမီ ရှိ.မရှိ လုပ်ကြည့်မှ သိနိုင်ပါမည် | ၂၈၃ |
| ၃၀။ | သာဓု ခေါ်လိုက်တဲ့အချိန်မှာ ကြက်သီးမွေးညင်းများထတာ<br>ဘာကြောင့်များပါလဲဘုရား | ၂၉၃ |
| ၃၁။ | ရဟန်းတိုင်း ကထိန်ခံထိုက်ပါသလား | ၃၀၁ |
| ၃၂။ | အကျွန်ုပ်၏ နှုတ်ကို ထိန်းကွပ် စောင်မတော်မူပါစေသတည်း | ၃၁၅ |
| ၃၃။ | အနာပေါ် တုတ်ကျတော့ နာပါတယ်ဘုရား | ၃၂၅ |
| ၃၄။ | မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလားဘုရား | ၃၃၃ |
| ၃၅။ | ဒက္ခိဏာသာခါဘုရား အဘယ်ကြောင့် အရုပ်ဆိုးပါသလဲဘုရား | ၃၃၉ |
| ၃၆။ | ပါဠိပါဠိဆင့်ဖတ်နည်း ပုံသေနည်း ရှိပါသလားဘုရား | ၃၄၅ |
| ၃၇။ | သရဏဂုံ ပျက်တတ်ပါသလားဘုရား | ၃၅၃ |
| ၃၈။ | အရှင်ဘုရား အဘယ်ကြောင့် ဘုရားပွင့်ဖို့ရာ ခဲယဉ်းပါသလဲဘုရား | ၃၅၈ |
| ၃၉။ | မပုပ် မသိုးလျှင် ရဟန္တာပါလားဘုရား | ၃၆၁ |
| ၄၀။ | လှူချင်သူက လှူလိုတိုင်း အလှူခံသင့်ပါသလားဘုရား | ၃၆၆ |
| ၄၁။ | အိမ်မှာ ဘုန်းကြီး ဝါဆိုကောင်းပါသလားဘုရား | ၃၇၁ |
| ၄၂။ | ဘုရားအလောင်းနှင့် ဘုရားအလောင်းအမျိုးအစား<br>ရှင်းပြပေးပါဘုရား | ၃၇၆ |
| ၄၃။ | ဆရာကောင်း ဒကာကောင်းဆိုတာ<br>ဘယ်လိုဆရာ ဒကာကို ခေါ်ပါသလဲဘုရား | ၃၈၀ |

| | | |
|---|---|---|
| ၄၄။ | သာသနာကွယ်ကြောင်း တရားပေါင်းကို ရှင်းပြပါဘုရား | ၃၈၄ |
| ၄၅။ | ဘာကြောင့် ကပ္ပိပြီးမှ ဘုဉ်းပေးရပါသလဲဘုရား | ၃၈၈ |
| ၄၆။ | အစာလည်း ဆေး၊ ဆေးလည်း အစာ ဆိုတာ ရှင်းပြပါဘုရား | ၃၉၃ |
| ၄၇။ | အုန်း. ငှက်ပျော ကန်တော့ပွဲများ ဘုရားမှာ အမြဲတင်ထားသင့်ပါသလားဘုရား | ၃၉၈ |
| ၄၈။ | မပြုကောင်းတဲ့ ကုသိုလ် ရှိပါသလားဘုရား | ၄၀၂ |
| ၄၉။ | မြွေနိုင်ဂါထာ ရှိပါသလားဘုရား | ၄၀၆ |
| ၅၀။ | နီးခွက်ဖြင့် ရေမသောက်ကောင်းဘူးဆို ဘုရား | ၄၁၃ |
| ၅၁။ | ဘုရားရှင်ပေးမှ တရားရနိုင်တယ်ဆိုတာ မှန်ပါသလားဘုရား | ၄၁၅ |
| ၅၂။ | ကျောင်းအမှတ် သိတင်းသုံးပါလို့ လျှောက်ထားလျှင် သင်္ကန်းရုံဖျက်လို့ ရတယ်မဟုတ်လားဘုရား | ၄၁၉ |
| ၅၃။ | အရှင်ဘုရား ဓာရဏပရိတ်ကလည်း တပည့်တော်ရတဲ့ ဓာရဏပရိတ်နှင့် မတူပါဘုရား | ၄၂၂ |
| ၅၄။ | လမင်းပရိတ်ဆိုတာ ရှိပါသလားဘုရား | ၄၂၇ |
| ၅၅။ | ရဟန်းတော်များ အဘယ်ကြောင့် အကပ်ခံ ဘုဉ်းပေးရပါသလဲဘုရား | ၄၃၂ |
| ၅၆။ | လူများ ဝိနည်းတတ်လျှင် ရဟန်းတော်များ အနေခက်တယ်ဆို ဘုရား | ၄၃၈ |
| ၅၇။ | ဒါယကာလေးမျိုးကို သိပါရစေဘုရား | ၄၄၁ |
| ၅၈။ | အပြစ်အတွက် ရတက်မအေး၍ မေးလျှောက်ပါသည်ဘုရား | ၄၄၅ |
| ၅၉။ | ပါရာဇိကကျသော ရဟန်းထံ၌ ရှင်သာမဏေပြုလို့ ရှင်သာမဏေ ဖြစ်နိုင်ပါမည်လားဘုရား | ၄၄၈ |
| ၆၀။ | လူမိုက်နှင့် လူလိမ္မာ ကွဲပြားအောင် ခွဲပြပါဘုရား | ၄၅၂ |
| ၆၁။ | ပုန်းမကြည်ရှင်မဆိုတာ ရှိပါသလားဘုရား | ၄၅၆ |
| ၆၂။ | အရှင်ဘုရား ဒိဋ္ဌိ ၆၂ ပါး ရှင်းပြပေးပါဘုရား | ၄၆၁ |
| ၆၃။ | အဘယ်ကြောင့် ဘုန်းကြီးလို့ ခေါ်ပါသလဲဘုရား | ၄၆၈ |
| ၆၄။ | တရားတော်သည် ဘာသာရွေးပါသလား | ၄၇၁ |
| ၆၅။ | အပျိုသီလ | ၄၇၆ |
| ၆၆။ | ဝါပန်အကြောင်း သိဖို့ကောင်း | ၄၈၀ |
| ၆၇။ | လဆန်းကိုးရက် ဝါပန်ထွက် | ၄၈၃ |
| ၆၈။ | မုဆိုးဖိုနဲ့ ညားတတ်တယ် | ၄၈၆ |
| ၆၉။ | ဗုဒ္ဓတရားတော်က ဘယ်လိုကယ်သလဲ | ၄၈၉ |
| ၇၀။ | ဝတ်ကြောင်နှင့် ဆယ်ပါးသီလ | ၄၉၃ |
| ၇၁။ | ဗုဒ္ဓသာသနာနှင့် ကြုံခဲခြင်း | ၄၉၇ |

| | | |
|---|---|---|
| ၇၂။ | သားဦးရကာ နတ်ကိုးကွယ်ရ | ၅၀၀ |
| ၇၃။ | သီလ အခွဲနှင့်အတွဲ | ၅၀၄ |
| ၇၄။ | အစွဲကြောင့် ဒုက္ခဖြစ် | ၅၀၇ |
| ၇၅။ | ဝသုန္ဒရီနတ်သမီး ဆံရေညှစ်၍ မာရ်စစ်သည်တွေ ရေမျော | ၅၁၀ |
| ၇၆။ | သစ္စာနှင့် မေတ္တာ | ၅၁၃ |
| ၇၇။ | စေတီနှင့် ပုထိုး | ၅၁၇ |
| ၇၈။ | ဥပုသ်သည်နှင့် ကြေးစည် ခေါင်းလောင်း | ၅၂၀ |
| ၇၉။ | ဝေယျာဝစ္စက မဂ်ဖိုလ် တားပါသလား | ၅၂၂ |
| ၈၀။ | လူသေလျှင် မျှော့ဖြစ်နိုင်ပါသလား | ၅၂၆ |
| ၈၁။ | သေမှ ဗုဒ္ဓဘာသာဖြစ် | ၅၃၀ |
| ၈၂။ | မြေးကို စွဲချစ် ပြိတ္တာဖြစ် | ၅၃၄ |
| ၈၃။ | ဘုရားက ကယ်တာလား | ၅၃၈ |
| ၈၄။ | ဖူးစာရေးနတ်ဆိုတာ ရှိပါသလားဘုရား | ၅၄၁ |
| ၈၅။ | ပရိတ်ဂါထာကြောင့် အနာမရောက် | ၅၄၄ |
| ၈၆။ | လူမပါဘဲ ထဘီသာ အချုပ်ခံရ | ၅၄၇ |
| ၈၇။ | နော်ဆေးဖော | ၅၅၀ |
| ၈၈။ | ဥပုသ်သည်နှင့် မြက်သစ်ပင် | ၅၅၄ |
| ၈၉။ | မိတ်ကောင်းနှင့် နလုံးသွင်းကောင်း | ၅၅၇ |
| ၉၀။ | သိက္ခာ ထပ်သင့်.မထပ်သင့် | ၅၆၁ |
| ၉၁။ | အတုမြင် အတတ်သင် | ၅၆၅ |
| ၉၂။ | ဝိပဿနာနှင့် ချမ်းသာဆင်းရဲ | ၅၆၈ |
| ၉၃။ | နိဗ္ဗာန်ပရမတ်ကို ရောက်နိုင်ပါ့မလား | ၅၇၂ |
| | နိဂုံး | ၅၇၅ |

# ငါလည်း မိန်းကလေး ဒီလိုဝဋ်ဒုက္ခမှ လွတ်ပဲ့မလား

(၁၉၀)

## သာဝက

လောက၌ ဆရာ ကောင်းပါလျက် ဆရာ၏စကားကို မလိုက်နာသူကို ဆရာကောင်းတပည့်ဟု မဆိုကြပါ။ ဆရာ့စကားကို ရိုသေစွာ လိုက်နာသူကိုသာ ဆရာကောင်းတပည့်ဟု ဂုဏ်ပြုလိုကြပါသည်။

စကားကို နားထောင်ကုန်သောကြောင့် "သာဝက" လို့ မည်ပါတယ်။ ဘုရားရှင်၏ တရားစကားကို နာကြားရုံမျှကိုကား အရိယာမှတစ်ပါး သာမန် သူလိုကိုယ်လို ပုထုဇဉ်များလည်း နာကြားကြသည်သာ ဖြစ်ပါသည်။

သို့သော် သာမန် ပုထုဇဉ်များမှာ တရားတော်ကို နာကြား၍ တရားတော်အရ ပြုကျင့်အားထုတ်ရမည့် ကိစ္စကိုကား မပြုကျင့်ကြ၊ အားမထုတ်ကြပါ။

အရိယာတို့သာ တရားတော်ကို နာကြား၍ တရားတော်အရ ပြုကျင့်အားထုတ်ရမည့် ပဋိပတ်ကို ပြုကျင့်သဖြင့် မဂ်ဖိုလ်အထိ ဆိုက်ရောက်ကြသောကြောင့် "ဘုရားတပည့် = သုဂတသာဝက" ဟု ဆိုရပါသည်။

## ဘုရားနှင့် နီးသူ ဝေးသူ

အရိယာများကား ဘုရားရှင်နှင့် အနေဝေးစေကာမူ ဘုရားရှင်နှင့် နီးစပ်သူများဖြစ်ကြောင်းကိုလည်းကောင်း၊ သာမန် ပုထုဇဉ်များကား ဘုရားရှင်အနီးအပါး၌ နေသူပင် ဖြစ်စေကာမူ ဘုရားရှင်နှင့် ဝေးကွာလျက် ရှိသူများ ဖြစ်ကြပါသည်။ ယင်းအကြောင်းကို ရှင်တော်ဘုရားသည် ဣတိဝုတ်ပါဠိတော်၌ -

"သင်္ကန်းစွန်းကို ကိုင်ကာ ငါဘုရားခြေရာ နင်းလျက် ငါဘုရားနောက်မှ ထက်ကြပ်မကွာ လိုက်နေသော်လည်း ရာဂ, ဒေါသ မကင်း၊ သတိ, ပညာ, သမာဓိ မရှိသူ ဖြစ်လျှင် ထိုရဟန်းကား ငါဘုရားမှ ဝေးကွာသူဖြစ်၍ ငါဘုရားလည်း ထိုရဟန်းမှ ဝေးကွာလျက် ရှိ၏။ အကြောင်းမှာ တရားကို ထိုရဟန်း မမြင်၊ တရားမမြင်သူမှာ ငါဘုရားကို မြင်ရသူ မဟုတ်။

ယူဇနာတစ်ရာ ဝေးကွာသော အရပ်မှာ နေသူဖြစ်စေ၊ ရာဂ. ဒေါသ ကင်း၍ သတိ. ပညာ. သမာဓိရှိသူ ဖြစ်လျှင် ထိုရဟန်းကား ငါဘုရားနှင့် နီးသူ ဖြစ်၏။ ငါဘုရားလည်း ထိုရဟန်းနှင့် နီးလျက်ပင် ဖြစ်၏။ အကြောင်းမှာ တရားမြင်သောရဟန်း ဖြစ်၍ပင် ဖြစ်၏။ တရားမြင်သူမှ ငါဘုရားကို မြင်သူ ဖြစ်၏"

ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ ဘုရားရှင်၏ ဟောကြားတော်မူချက်သည် အလွန်တရာ မှန်ကန်ပါသည်။

## တရားမြင်သူ၊ မမြင်သူ

လောက၌ လူအများ<sup></sup>ကြီးသည်. ငယ်သည်ဟူ၍ ခွဲခြားချက် မရှိပါ။ တရားမြင်သူ မမြင်သူဟူ၍ နှစ်မျိုးတွင် တရားမြင်သူမှာ ကြီး၍ တရားမမြင်သူမှာ ငယ်ပါသည်။ တရားမြင်သူနှင့် မမြင်သူမှာ အမြင်ချင်း ကွာသည့်အလျောက် နေရာတကာတွင် အယူအဆ ကွာမည်ဖြစ်ပါသည်။ တစ်ကြိမ်တစ်ခါအယူအဆကွာသော် မထောင်းသာသော်လည်း အကြိမ်ကြိမ်ကွာသော် လူချင်းလည်း ကွာရတော့၏။

အို - စာရှုသူ၊ လူချင်း မကွာသော်လည်း အမြင်ချင်း ကွာ၍ လူချင်းကွာလာခဲ့ရသော စာတစ်စောင်ကို ဖတ်ရှုကြည့်စမ်းပါ။ ယင်းစာသည်ပင် ပြဿနာ ဖြစ်ပါသည်။ ယင်းပြဿနာကို မိမိ မဖြေနိုင်ပါ။ စာရှုသူတို့ ဝိုင်းဝန်းဖြေကြပါ။

သို့

ကျေးဇူးရှင်ဆရာတော်ဘုရား -

(၁၃-၁၂-၈၂)

ကျေးဇူးရှင်ဆရာတော်ဘုရား၊ ဘုရားတပည့်တော် လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ ရှိခိုးဦးတင် လျှောက်ထားလိုက်ပါရစေဘုရား။

ဆရာတော်ဘုရားအနေနှင့် ဒကာ ဒကာမတွေကို တစ်ဦးချင်း မသိပေမဲ့ တပည့်တော်ကတော့ အစဉ်ကြည်ညို အားထားလျက်ပါဘုရား၊ သာသနာ့ဖခင်တစ်ပါးအနေနှင့်လည်း အားကိုးပါတယ်ဘုရား။

ဒီစာ အဆုံးမရောက်ခင် သာသနာရေး၊ ဘာသာရေးအနေနှင့် ဖြစ်ဖြစ်၊ ဒကာတစ်ယောက်အနေနှင့် ဖြစ်ဖြစ် အမှားပါခဲ့ပါလျှင် ရှေးဦးစွာ ပဏာမအနေနဲ့ မေတ္တာရှေ့ထားပြီး သည်းခံခွင့်လွှတ်တော်မူပါဘုရား။

ဆရာတော်ဘုရားအနေနှင့် ယခုအချိန်အထိ တပည့်တော်ကို သိလိမ့်မည်၊ သတိထားလိမ့်မည် မထင်ပါဘုရား၊ ဘာကြောင့်လည်းဆိုတော့ တပည့်တော်ဟာ ဆရာတော်ဘုရားနှင့် တစ်ခါမှ စကားမပြောဘူးလို့ ဖြစ်ပါတယ်ဘုရား။

တပည့်တော်သည် ဆရာတော်ဘုရားကို အဝေးကပဲ ကြည်ညိုခဲ့ရပါတယ်ဘုရား။ ဒါကလည်း တရားမသိသေးခင် မစင်ကြယ်သေးတဲ့ အချိန်ပိုင်းကပါ ဘုရား။

ယခု တရားအားထုတ်ပြီးမှ သိလာရတဲ့ အသိကတော့ ဟိုတစ်ချိန်က အသိနဲ့ဆိုရင် ဘဝပြောင်းခဲ့ အသိပြောင်းခဲ့ပါပြီဘုရား၊ ဘုရားရှင်အပေါ်ပိုပြီးတော့ ကြည်ညို၊ တရားအပေါ်ပိုပြီးတော့ ကြည်ညိုလေးစားပါတယ်ဘုရား။

သံဃာတော်အရှင်မြတ်များ အားလုံးဟာလည်း တပည့်တော်နဲ့အတူ တစ်အူတုံဆင်း မောင်နှမအရင်းတွေလိုလည်း လေးစားပါတယ်၊ ချစ်ခင်ပါတယ်၊ ကြည်ညိုပါတယ်၊ အားထားပါတယ် ဘုရား။

ကြောက်စိတ် မရှိဘဲ ကြည်ညိုလေးစားတဲ့စိတ်နဲ့ အမြဲတမ်း သဒ္ဓါထက်သန်နေပါတယ်ဘုရား၊ ဒီလို တပည့်တော်လျှောက်ရေးနေတော့ ဆရာတော်ဘုရားအနေနဲ့ နားရှုပ်ချင် ရှုပ်နေပါ့မယ်ဘုရား၊ သည်းခံတော်မူပါ ဘုရား။

ဘုရားတပည့်တော် သိနေတဲ့ အသိလေးနဲ့ ခံစားနေရတဲ့ ဝေဒနာ၊ ဖြစ်နေတဲ ဖြစ်ရပ်ကလေးကို တင်ပြပါရစေ ဘုရား။ ဘဝအစကနေ ယခုအချိန်အထိ တင်ပြရမလို ဖြစ်နေပါပြီဘုရား။

ဆရာတော်ဘုရားအတွက် ပရိယတ္တိ၊ ပဋိပတ္တိ သာသနာတော် ထမ်းရွက်နေရတဲ့ အချိန်တွေကို အနှောင့် အယှက် ဖြစ်မယ်ဆိုရင်လည်း မေတ္တာကရုဏာထားပြီး သည်းခံခွင့်လွှတ်တော်မူပါ ဘုရား။

တပည့်တော် ငယ်ငယ်ကလေးတည်းက လူ့ဘဝကြီးကို တစ်ခါတစ်ခါ ငြီးငွေ့တဲ့စိတ် ဖြစ်ပါတယ်ဘုရား၊ အထူး သဖြင့် ပျော်ပွဲရွှင်ပွဲတွေ သွားလာပြီးလျှင် နောင်တရတဲ့စိတ်နဲ့ ပိုပြီး ငြီးငွေ့ပါတယ် ဘုရား။

ဒီလို ငြီးငွေ့ ပြီး သီလရှင် ဝတ်တော့မယ်လို့ စိတ်ကူးကာ အိမ်က ထွက်လာခဲ့ပါတယ် ဘုရား၊ ငယ်သေးတော့ လူငယ်တွေး တွေးပြီး ပုသိမ်၊ ကျုံပျော်၊ ဟင်္သာတ စတဲ့ မြို့တွေကို တပည့်တော် ရောက်ခဲ့ပါတယ် ဘုရား။

ဒါပေမဲ့ မိတ်ဆွေသူငယ်ချင်းတွေရဲ့ဟိုပြော ဒီပြောနဲ့ ပြောစကားတွေကြောင့် သီလရှင် ဝတ်ချင်စိတ်တွေ ပျောက် ပျက်သွားပြီး သံသရာတစ်ပတ် လည်ခဲ့ရပြန်ပါတယ်ဘုရား။

(.....)အမေဟာ တပည့်တော်ရဲ့ အစ်မရင်းပါဘုရား၊ အတိတ်က စေတနာ၊ သဒ္ဓါတရားတွေကွာခြားခဲ့တာမို့ ညီ အစ်မ အရင်းဖြစ်ပေမဲ့ မ.လေးက လုသလောက် တပည့်တော်မှာ အရုပ်ဆိုးခဲ့ရပါတယ်ဘုရား၊ တစ်ချိန်က အရုပ်ဆိုးလို့ ရှက်ခဲ့ ပေမဲ့ တရားသိသွားတော့ ရုပ်ဟာ အဓိကမဟုတ်ဘူးဆိုတာ ရှင်းလင်းခဲ့ပါတယ် ဘုရား။

တပည့်တော် ငယ်ငယ်က မ.လေးတို့အိမ်မှာပဲ နေပါတယ်ဘုရား၊ အားအားရှိရင် စားလိုက်၊ သောက်လိုက်၊ ဖြီးလိမ်း ပြင်ဆင်လိုက်၊ နေ့လယ်နေ့ခင်း၌ ကာတွန်းဖတ်လိုက်၊ ဝတ္ထုဖတ်လိုက်နဲ့ အချိန်တွေ အသုံးမကျ ဖြစ်ခဲ့ပါတယ် ဘုရား။

အလုပ်အားနေတော့ ငြီးငွေ့တယ်၊ ပျင်းတယ်ဆိုတော့ မ.လေးက စက်သင်ပေးခဲ့ပါတယ်ဘုရား၊ အဲဒီ စက်သင်ချိန် က ကြမ်းတိုက်ရင်းနဲ့ စာအုပ်တစ်အုပ် ဖတ်ခဲ့ရပါတယ်ဘုရား။

အဲဒီ စာအုပ်ထဲမှာ ပွင့်တဲ့ဘုရား အမည်၊ တရားဦးဟောရာ ဌာန၊ တရားဦးနာရတဲ့ ပုဂ္ဂိုလ်၊ ကျွတ်တမ်းဝင်သူပေါင်း လို့ အကန့်လိုက် ခွဲခြားပြီး ပြထားပါတယ်ဘုရား။

ကျွတ်တမ်းဝင်သူပေါင်းဟာ နတ်မပြောနဲ့ လူတွေသည်ပင် ကုဋေပေါင်း မရေတွက်နိုင်လောက်အောင် ကျွတ်တမ်း ဝင်ကြတာကို တပည့်တော် ဖတ်ရှုရပါတယ် ဘုရား။

လူတွေ ဒီလောက် ကျွတ်တမ်းဝင်ကြပါလျက် ငါ ဘယ်ရောက်နေပါလိမ့်၊ ငါ ဘာဖြစ်နေပါလိမ့်လို့တွေးပြီး တပည့် တော် ဝမ်းနည်းကာ မျက်ရည်တွေကျ ငိုခဲ့ရပါတယ် ဘုရား။

## အိမ်ထောင်ရေးဒုက္ခ

စက်ကျောင်းမှာ တစ်လခွဲကြာတော့ ဘာသာစုံ တတ်ခဲ့ပါတယ်ဘုရား။ အိမ်ကို တစ်ခေါက်ပြန်တော့ သူငယ်ချင်း တွေ တရားအားထုတ်နေကြတာနဲ့ ဆုံခဲ့ပါတယ်ဘုရား၊ တပည့်တော် တရားအားမထုတ်နိုင်ခဲ့သေးပါဘူး ဘုရား၊ ငါ တရား အားထုတ်တဲ့အခါ ရက် အကန့်အသတ်မရှိ အားထုတ်မယ်လို့ သဒ္ဓါ ပေါ်ပြီး အားခဲလိုက်ပါတယ် ဘုရား။

ဒီလိုနဲ့ စက်ကျောင်း ပြန်တက်ပြီး စက်ကျောင်းက သုံးလပြည့်တော့ ပြန်ဆင်းခဲ့ပါတယ် ဘုရား၊ အလုပ် လုပ်တဲ့နေရာ မှာ အများနဲ့ ဆက်ဆံရတဲ့ အလုပ်ဖြစ်တော့ အလိုမကျဘဲ စိတ်ပင်ပန်းဆင်းရဲမှု၊ ကိုယ်ပင်ပန်းဆင်းရဲမှုတွေကို အတော် ကို ခံစားခဲ့ပါတယ် ဘုရား။

ဒါနဲ့ တပည့်တော် အများနှင့်ဆက်ဆံရတဲ့ အလိုမကျ ဒုက္ခများလှတဲ့ စက်အလုပ်ကို ဆက်မလုပ်တော့ဘဲ ဖြုတ်လိုက်ပါတယ် ဘုရား၊ မ.လေးတို့အိမ်မှာပဲ ချက်ရင်း ပြုတ်ရင်း စားရင်း သောက်ရင်း ဖြီးလိမ်းပြင်ဆင်ရင်း ည အိပ်ရာဝင်အိပ်၊ ကာတွန်းဖတ်၊ ဝတ္ထုဖတ်နှင့် အချိန်တွေ အသုံးမကျဖြစ်ခဲ့ပါတယ်ဘုရား။

ဒီလိုနေရပေမဲ့ လောကထဲမှာ မပျော်ပါဘုရား၊ ပျော်စရာလည်း ရှာမတွေ့ပါဘုရား၊ လောက အလုပ်တွေလည်း အပို အလုပ်တွေလို့ မြင်လာပါတယ်ဘုရား။

ပြီးတော့ မ.လေးရဲ့အိမ်ထောင်ရေးဒုက္ခတွေကို ကြည့်ပြီး ကြောက်လာပါတယ်ဘုရား၊ ငါလည်း မိန်းကလေး ဒီလိုဝဋ်ဒုက္ခမှ လွတ်ပါ့မလား လို့ တွေးပြီး ကြောက်လာပါတယ်ဘုရား။

ဒီလိုတွေးပြီး ငြီးငွေ့ကာ ကြောက်လာတော့ တပည့်တော် တရားအားထုတ်ချင်စိတ် ပြန်ဖြစ်ပေါ်လာပါတယ် ဘုရား၊ တရားအားထုတ်တဲ့အခါ အိမ်ကို စိတ်ရောက်မှာစိုးလို့ အိမ်မှာကတည်းက တပည့်တော်အပြောအဆို ဖြီးလိမ်းပြင်ဆင်တာတွေကအစ ဆင်ခြင်ရင်းနဲ့ အချိန်ယူခဲ့ပါတယ် ဘုရား။

၁၃၄၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်နေ့ ညနေပိုင်းမှာ မ.လေးကို ဖွင့်ပြောပြီး တပည့်တော်(.....)မေ့ရိပ်သာမှာ တရားအားထုတ်ပါတယ် ဘုရား။

လဆန်း ၇ ရက်နေ့ ညနေပိုင်းမှာ ဆရာတော်ဘုရားရဲ့စေတနာ မေတ္တာအားတွေနဲ့ သွန်သင်ပြသဆုံးမမှုတွေကြောင့် တပည့်တော်မှာ ရုပ် နာမ် ပရမတ္ထ သဘောတရားတွေကို ဉာဏ် ပိုင်းပိုင်းခြားခြား သိမြင်ခဲ့ရပါတယ်ဘုရား။

## သိစေချင်တဲ့ဆန္ဒ

တရားသိမြင်လာတော့ နှစ်သက်မှုပီတိ၊ ချမ်းသာမှု သုခတွေကို မောင်နှမတွေထဲမှာ အဦးဆုံးခံစားသိရှိလာရတာ ဖြစ်လို့ သိပ်ဝမ်းသာပြီး မောင်နှမတွေ မိဘတွေကို ပေးသိချင်တဲ့ ဆန္ဒတွေလည်းတအားဖြစ်ခဲ့ပါတယ် ဘုရား။

ဒါပေမဲ့ လွဲမှားတဲ့ တပည့်တော်ရဲ့အတွေးလေးတွေကြောင့် ရုပ်နာမ် ပရမတ္ထ သဘောတရားကို မြင်ရင် တရားလမ်းဆုံးပြီ၊ အပြင်အပဝယ် လှူဒါန်းတဲ့အခါမှာ ရုပ်နာမ် ပရမတ္ထကို အာရုံပြု၊ သေခါနီးမှာ ဝါယောဓာတ် ရုပ်ပရမတ္ထကို အာရုံပြုကာ အားထုတ်ရမယ်ဆိုပြီး ၂၃ ရက်ကြာတော့ တရားခွင်မှ ထွက်ခဲ့ပါတယ် ဘုရား။

တရားထွက်ခါနီးမှ တရားလမ်း မဆုံးသေးကြောင်း သိခဲ့ရပါတယ်ဘုရား၊ ဒါပေမဲ့ တပည့်တော်အိမ်ကိုလည်း စိတ်ကရောက်နေ (တရားခွင်လည်း စိတ်က ရောက်နေပြီမို့)ပြန်ခဲ့ပါတယ် ဘုရား။

## ငရဲကျသွားသလို

တပည့်တော် (.....)မေ့ရိပ်သာကနေပြီး ပြန်လာလို့ မ.လေးတို့အိမ် ရောက်တော့ ကာက်ဆက်သံတွေ၊ လူသံတွေ အသံမျိုးစုံ ကြားရတော့ ငရဲထဲ ရုတ်တရက် ကျသွားသလိုပဲ ထင်လိုက်ပါတယ်ဘုရား၊ မျက်ရည်တွေ ကျပြီး တပည့်တော်အိမ်ကို ပြေးခဲ့ပါတယ်ဘုရား။

သီလရှင် ဝတ်ချင်စိတ်တွေလည်း တအားဖြစ်ခဲ့ပါတယ်ဘုရား၊ အိမ်မှာ အနေကြာတော့ လမ်းမဆုံးသေးတဲ့ တရားလေးတွေလည်း ပျောက်သွားပြီး သံသရာထဲမှာ လည်ခဲ့ရပြန်ပါတယ်ဘုရား၊ တပည့်တော် အဲဒီတုန်းက ၂၃ နှစ် ရှိပါပြီဘုရား။

ယခုဆိုရင် ပထမအရွယ်တောင် လွန်လို့ တစ်နှစ်တောင် စွန်းခဲ့ပါပြီဘုရား၊ ရည်ရည်ချက်တွေ မအောင်မြင်သေးပါဘူး ဘုရား၊ သံသရာရေယာဉ်ကြောမှာ စုန်ဆန်ကာ မျောခဲ့တာတွေကို တွေးတောပြီး ကြောက်ခဲ့မိပါတယ် ဘုရား။

## ဘာနဲ့ ကျေးဇူးဆပ်မလဲ

ဒီလိုနဲ့ အဓိကကျတဲ့ မိဘတွေကို ဘာနဲ့ ကျေးဇူးဆပ်မလဲလို့ တွေးပြီး စဉ်းစားပါတယ် ဘုရား၊ မိဘတွေမှာ လှူဒါန်းချင်တဲ့ စေတနာ ဒါနအားတွေက များနေတော့ လှူဒါန်းနိုင်အောင်ဆိုပြီး ခြံထွက်ပစ္စည်းသီးနှံတွေကို အရပ်မှာရောင်းရတာ စျေးနည်းတယ်ဆိုပြီး ပဲခူးတို့ ရန်ကုန်တို့မှာ သွားရောင်းခဲ့ပါတယ်ဘုရား။

အဲဒီလို သွားလာရောင်းချနေရပေမဲ့ ပင်ပန်းတာတွေကို တပည့်တော် မသိခဲ့ပါ ဘုရား၊ အဲဒီလိုနေရင်းနဲ့ ဆရာတော်ဘုရား ဟောကြားတဲ့ "လက်နီးစုတ်မှာ မှင်တစ်အိုးလုံး မှောက်ချလိုက်ပေမဲ့အမည်းကွက် အစွန်းအထင်းဟာ မထင်သလို အမြဲတမ်း ညစ်နွမ်းနေတဲ့ ပူပင်နေတဲ့ လူတွေအဖို့ ညစ်မှန်းမသိ ပူမှန်း မသိ" ဆိုတဲ့ တရားစကားကို နားထဲမှာ ကြားယောင်လာပါတယ်ဘုရား၊ သဘောပေါက်လာပါတယ်ဘုရား။

ခန္ဓာမှာ ဉာဏ်စိုက်ပြီး သတိတရား လက်ကိုင်ထားပြီး တရားနာရတာ သိပ်အကျိုးရှိပါတယ် ဘုရား၊ တရားဗဟုသုတတွေ တအားတိုးတက်ပါတယ်ဘုရား။

ဆရာတော် သံဃာတော်တွေကိုလည်း ဘယ်ဆရာတော် သံဃာတော်မှ၊ တရားဆိုလည်း ဘယ်တရားမှ၊ ကျောင်းဆိုလည်း ဘယ်ကျောင်းမှ အစရှိတဲ့ ပုထုဇဉ်တို့ရဲ့အတ္တစွဲတွေ တပည့်တော်မှာ မရှိတော့ပါဘူး ဘုရား။

ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်သား သာဝက သံဃာတော် အရှင်သူမြတ်များ အားလုံးဟာ မဟာကရုဏာတော်ကြီးမားတဲ့ မေတ္တာသမားတွေပါဆိုတာ တပည့်တော် အသိဉာဏ်ရှေ့သွား သဒ္ဓါတရားအစစ်အမှန် ထက်သန်စွာနဲ့ ကြည်ညိုအားထားရပါတယ် ဘုရား၊ ခံစားသိရှိနိုင်ပါတယ် ဘုရား။

တရားတော်ကို စနစ်တကျ အစ. အလယ်. အဆုံး ထိ အားထုတ်ပြီး သိရှိထားပါလျှင် ဖြူစင်တဲ့ စိတ်ကလေးကို မြင်နိုင်ပါတယ်၊ ခံစားသိရှိနိုင်ပါတယ် ဘုရား။

စိတ်ကလေး ဘယ်လောက်ဖြူစင်လည်း ဆိုရင် ခွဲဝေပိုင်းခြား မပြတတ်ပါဘုရား၊ လူတိုင်းမှာ ဖြူစင်တဲ့ အသိစိတ်ကလေးတွေ ရှိကြပါတယ်ဘုရား၊ ဒါပေမဲ့ မသိတဲ့ အဝိဇ္ဇာတရားက နေရာယူကာ ဖုံးလွှမ်းထားတဲ့အတွက် မမြင်နိုင်၊ မသိနိုင်ကြပါ ဘုရား။

အဲဒီ မသိ အဝိဇ္ဇာကို သတိပဋ္ဌာန်တရား လေးပါးနှင့် အားထုတ်ပြီး ပယ်ခွာနိုင်မယ်ဆိုရင် အင်မတန်ဖြူစင်တဲ့ စိတ်နလုံးသားလေးကို တွေ့ရှိခံစားနိုင်ပါတယ်ဘုရား။

အဲဒါ တပည့်တော်သိတဲ့ အစိတ်အပိုင်း ကွက်ကွက်ကလေးပါဘုရား၊ တကယ့် ပရိယတ် ပဋိပတ် သာသနာတော်နှစ်ရပ်ကို ထမ်းဆောင်ကာ သာသနာပြုနေကြတဲ့ သံဃာတော် အရှင်မြတ်များဆိုရင် ဆိုဖွယ်မရှိလို့ ယုံကြည်ပြီး ကြည်ညိုလေးစား အားထားရပါတယ် ဘုရား။

## ဆုတ်လမ်းကို ပြန်စ

တပည့်တော်ရဲ့ ဆုတ်လမ်းလေးကို ပြန်စပါရစေဘုရား၊ ဖေဖေတို့မှာ ဒါနရေးကိုသာ အားသန်ပြီး ဘာဝနာအဆင့်သို့ မရောက်ကြသေးပါဘုရား၊ တပည့်တော်အနေနဲ့ သမီးမိန်းကလေးဆိုတော့ ဘယ်လိုမှမတတ်နိုင်ပါဘုရား၊ ယောက်ျားလေးသာဆိုရင် ဘုရားသာသနာတော် အမွေခံယူရင်းနဲ့ အားပါးတရကို ဟောပြောချင်လိုက်တာ ဘုရား။

တပည့်တော် မောင်လေးတွေ အင်မတန် ရခဲတဲ့ သာသနာ့အမွေကြီးကို ကျောခိုင်းပြီး တဏှာကျွန်တွေ လုပ်နေကြတာ တပည့်တော် ရင်နာလိုက်တာ ဘုရား၊ အဲဒီလို ရင်နာပြီး စိတ်မကောင်း ဖြစ်နေရင်လည်း အနုသယ ဒေါမနဿလေးတွေကြောင့် တပည့်တော်မှာ အကုသိုလ်တွေပဲ ဖြစ်နေမှာဘုရား။

တပည့်တော် အကုသိုလ်တော့ အဖြစ်မခံတော့ပါဘုရား၊ သီသလောက်တော့ စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ ပြောပြပါတယ်ဘုရား၊ ပြောပါလျက် မရတော့လည်း သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ ထားလိုက်ရမှာပါ ဘုရား။

## မိန်းကလေးဘဝ ရခဲ့ကတည်းက

တပည့်တော်မှာ ကာမေသုမိစ္ဆာစာရကံကပဲ များခဲ့သလား၊ မနာလို ဣဿာ ဝန်တို မစ္ဆရိယ တရားတွေပဲ များခဲ့သလားလို့ မခွဲခြားနိုင်ပေမဲ့ မိန်းကလေးဘဝ ရကတည်းက ဒီကံတွေ ပါခဲ့ပြီးသားဆိုတာကို ယုံကြည်ပြီးသားပါ ဘုရား၊ ဒါတွေတွေးပြီး ဝမ်းနည်းနေရင်လည်း အကုသိုလ်တွေသာ ပွားပြီး တစ်ပတ်လည်ရပြန်ပါဦးမယ် ဘုရား။

ဒါကြောင့် တပည့်တော် ပစ္စုပ္ပန်ကျကျပဲ ကျင့်ကြံအားထုတ် နေထိုင်ပါတော့တယ် ဘုရား၊ မိဘတွေနဲ့ ပုဂ္ဂိုလ် သတ္တဝါတွေ အားလုံးကို တရားအားထုတ်စေချင်ပြီး တရားထူး တရားမြတ်တွေကို ပေးသိချင်တဲ့ စေတနာ သဒ္ဓါတရားက အားကြီးပြီး ပြောချင် ဟောချင်လိုက်တာ ဘုရား။

ဒါပေမဲ့ ဘဝပေးအကျိုးတရားနဲ့ အခြေအနေတွေက ဆန္ဒသာရှိပေမဲ့ မပြောနိုင်တဲ့ ဆွံ့အ.နေသူ ဒုက္ခသည်တစ်ယောက်လို ခံစားနေရပါတယ်ဘုရား၊ မပြောနိုင်ပေမဲ့ လက်တွေ့ကျကျ လေ့ကျင့်အားထုတ်ကာ အလုပ်နဲ့ ပြသွားမယ်ဆိုပြီး ဆရာတော်ဆီမှာ အကူအညီတောင်းပါတယ် ဘုရား။

တပည့်တော်အနေနဲ့ တရားအားထုတ်ကြပါ၊ အင်မတန်မှပဲ တန်ဖိုးရှိတဲ့ အနှစ်သာရ တရားတွေကို သိရှိနိုင်ပါတယ်လို့ ဘယ်လိုပင် ပြောဟော ပြောဟော အထင်ကြီးနိုင်လောက်တဲ့ အင်္ဂါရပ်တွေက တပည့်တော်မှာ မရှိတဲ့အတွက် တပည့်တော် ပြောဟောလည်းပဲ အပိုပါပဲ ဘုရား။

မြတ်စွာဘုရားတောင်မှ တန်ခိုးတော်တွေ ပြပြီး ဟောပြောသင့်တဲ့ ပုဂ္ဂိုလ်တွေကို ဟောပြောရပါသေးရင် တပည့်တော်လို မိန်းကလေးတစ်ယောက်အဖို့ဆိုရင် ဘယ်မှာလာပြီး ဆိုဖွယ်ရာ ရှိမှာလည်း ဘုရား။

ဒါကြောင့် တပည့်တော်ရဲ့ စေတနာ သဒ္ဓါတရားလေးတွေကို လျှော့ပြီး ကိုယ့်ဘဝလွတ်လမ်းလေးကို မှန်းဆရင်း ဆရာသမားများကို အားကိုးရပါတယ်ဘုရား။

## သား ပဥ္စင်းတက်သလို

တပည့်တော်အနေနဲ့ သီလရှင် ဝတ်ပေးကြပါလို့ ပြောဆိုရင် သား ပဥ္စင်းတက်သလိုတော့ သဒ္ဓါတရား ထက်သန်မယ် မထင်ပါဘုရား၊ မိန်းကလေးဘဝ ရခဲ့ကတည်းက ပုထုဇဉ်တွေဆီက ဒီသဒ္ဓါတရားမျိုး မရနိုင်တာ မဆန်းပါဘုရား။

သားယောက်ျားလေးများဆိုရင် သာသနာ့အမွေ ခံရဦးမယ်၊ မွေးရကျိုး နပ်တယ်၊ အမောပြေတယ် အစရှိတဲ့ မွေးလာကတည်းက ပီတိလွှမ်းမိုးသံတွေနဲ့ ဘုန်းကံတွေ ပါခဲ့ပါတယ် ဘုရား။

တပည့်တော်တို့ မိန်းကလေးများဆိုရင် မွေးလာကတည်းက အပြစ်ပြောကြ၊ နာခေါင်း ရှုံ့ကြတဲ့ ပုထုဇဉ်တို့ရဲ့ နိုင်မာတဲ့ အစွဲကြီးကို တပည့်တော်အနေနဲ့ ဘယ်လိုမှ မတွန်းလှန်နိုင်ပါ ဘုရား။

## သီလရှင် ဝတ်တာ မခက်ပါ

သီလရှင်ဝတ်တယ်ဆိုတာ ဘာမှတော့ မခက်ပါဘုရား၊ ဘုရားသားတော်များ ဖြစ်ကြတဲ့ သံဃာတော် အရှင်မြတ်များက ဘုရားသမီးတော်အဖြစ် ခံယူချင်တဲ့ တပည့်တော်ကို သီလရှင် ဝတ်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်ဘုရား၊ ယုံကြည်ပါတယ်ဘုရား။

ဒါပေမဲ့ နောက်ပိုင်းက မိဘတွေ သဒ္ဓါတရား ဖြစ်လာရအောင် ဟောပြောဆုံးမပေးတော်မူပါဘုရား၊ သဒ္ဓါတရား မမျှရင်လည်း ရှေ့ပိုင်းမှာ တရားအားထုတ်နေတဲ့ တပည့်တော်အဖို့ နောက်ဆံတင်းသလို နောက်ပိုင်းက မိဘမောင်နှမတွေလည်း အကုသိုလ်များမှာ စိုးရပါတယ်ဘုရား။

တပည့်တော်ရဲ့မိဘများက သဒ္ဓါတရားတော့ ရှိကြပါတယ်၊ ဒါပေမဲ့ သားယောက်ျားတွေ ရှင်ရဟန်းဘောင်သွင်းသလိုတော့ သီလရှင်အပေါ် သဒ္ဓါတရား မထက်သန်ကြပါဘုရား။

ဒါကြောင့် တပည့်တော်နှင့် သဒ္ဓါတရား ညီတူညီမျှ ထားလာသည့်တိုင်အောင် ဟောပြောဆုံးမပေးပါလို့ အသနားခံတောင်းပန်ရင်းနဲ့ ကိလေသာထူလှတဲ့ လူ့လောကထဲမှ ကိလေသာတွေ နှိပ်စက်လို့ ပင်ပန်းခဲ့ရလို့ ယခုအခါမှာတော့ တရားခွင်မှာ တရားအားထုတ်ရင်း အနားယူနေပါတယ် ဘုရား။

တပည့်တော်ရဲ့မိဘတွေမှာ ဝိပဿနာ ဘာဝနာတရား အဆင့်အထိ သဒ္ဓါတရား မရောက်နိုင်ကြသေးပေမဲ့ ဒါနတရားရေးမှာတော့ အားသန်တာကို ဆရာတော်ဘုရားလည်း အသိပင် ဖြစ်ပါတယ်ဘုရား။

တပည့်တော်မှာ ဝိပဿနာ ဘာဝနာတရားတွေကို အစ. အလယ်. အဆုံး အထိ ကျင့်သုံးပွားများရလို့ တရားအရသာများကို သိရှိခံစားထားရတော့ ဒါနကုသိုလ်ကို အပြုနည်းပြီး ဘာဝနာကုသိုလ်ကို အားသန်ခဲ့ပါတယ် ဘုရား။

တပည့်တော်မှာ မိဘတွေ ဘာဝနာတရားအပေါ် အားသန်လာအောင် ပြောဆိုဖို့ဟာ အစက ပြောခဲ့သလို အထင်ကြီးစရာ တစ်ချက်မှ မမြင်နိုင်ကြ၊ မသိကြတော့ လက်လျှော့နေခဲ့ရပါတယ် ဘုရား။

မဟာဘုံကထိန် တရားပွဲမှာ ဆရာတော်ဘုရား ဟောခဲ့တဲ့ တရားတော်တွေထဲမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်ထဲမှာ ဒါနအခန်းက နည်းနည်းလေး ပါတယ်၊ သီလအခန်းက နည်းနည်းများတယ်၊ ဘာဝနာတရားတွေကို အဓိကထားပြီး ဘုရားရှင် ဟောကြားတော်မူခဲ့တယ်၊ ဒါကြောင့် ဒါန သီလလောက်နဲ့ တင်းတိမ်မနေဘဲ ဘာဝနာတရားလည်း အားထုတ်ကြပါဦးလို့ ဟောပြောတော့ တပည့်တော် အားပါးတရ ရှိလိုက်တာ ဘုရား။

ဝမ်းသာလိုက်တာ၊ တပည့်တော်မှာ မပြောနိုင်ပေမဲ့ ဟောပြောနေတဲ့ သံဃာတော်အရှင်မြတ်တွေကို ကြည့်ပြီး ပီတိဖြစ်ကာ သဒ္ဓါတရားအပြည့်နဲ့ ကြည်ညိုခဲ့ရပါတယ်ဘုရား။

တရား နာကြားနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း ဘာဝနာတရားအပေါ် သဒ္ဓါတရားတွေဖြစ်ပေါ်လာပြီး အားထုတ်နိုင်ကြပါစေ၊ အားထုတ်နိုင်ကြသဖြင့် တရားမြတ်တွေလည်း ရကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရပါတယ်ဘုရား။

## မစင်ကြယ်သေးချိန်

တပည့်တော် မသိ မစင်ကြယ်သေးချိန်ကို ပြန်ပြီးလျှောက်ထားပါရစေဘုရား၊ တပည့်တော်ရဲ့မိဘတွေဟာ ဒါနတရား အားသန်နေကြတော့ ပိုပြီး လှူဒါန်းနိုင်အောင် ခြံထွက်ပစ္စည်းတွေကို ပဲခူး၊ ရန်ကုန်တို့မှာ သွားရောက်ရောင်းချခဲ့ပါတယ်ဘုရား။

ရထားပေါ်မှာ သွားရင်း လာရင်းနဲ့ ရထားတက်ရ ဆင်းရတဲ့ဒုက္ခ၊ ရထားပေါ်မှာ စရိုက်ဝါသနာ စုံလင်စွာနဲ့ ဆုံတွေ့ပြီး သွားလာနေရတဲ့ ဒုက္ခတွေ မြင်တွေ့ကြားသိရပါတယ်ဘုရား။ ငြီးငွေ့ကြောက်လန့်လာပါတယ် ဘုရား၊ အဲဒီအချိန်မှာ -

"ငါ ရှာဖွေနေတာ မိဘတွေအတွက်တော့ မှန်ပါတယ်၊ ဒါပေမဲ့ ငါ့မိဘတွေမှာလည်း လောဘ၊ ဒေါသ၊ မောဟ ကိလေသာတရားတွေ ပြည့်ကျပ်နေပါလား၊ ငါ့မှာလည်း ကိလေသာတွေ ပြည့်ကျပ်နေလို့ ကိလေသာတွေက ခိုင်းတဲ့အတွက် ရောင်းချလုပ်ကိုင် ရှာဖွေနေရသေးတာပဲ၊ ဒီကိလေသာတွေ မငြိမ်းနိုင် မကုန်နိုင်သေးသမျှ ဒီသံသရာကြီး ဆုံးမှာ မဟုတ်ဘူး"

လို့ တပည့်တော်စိတ်ထဲမှာ အသိတရား၊ သံဝေဂတရား ဖြစ်ပွားလာပါတယ်ဘုရား၊ အဲဒီလို ဖြစ်ပွားလာတော့ တပည့်တော်ရဲ့စိတ်ထဲမှာ ကိလေသာတွေကို ငြိမ်းနိုင်သမျှ ငြိမ်းအောင် ကျင့်ကြံအားထုတ်နေကြတဲ့ သံဃာတော် အရှင်မြတ်တွေရဲ့ အမှုကြီးငယ်ကို ပြုလုပ်ဆောင်ရွက်ပေးရင်းနဲ့ တရားအားထုတ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်ဘုရား။

## သဒ္ဓါ မပေါ်တော့

ဒီလိုနဲ့ ခြံထွက်ပစ္စည်းတွေ တုံးသွားတော့ တပည့်တော်ရဲ့အမေကို တရားအားထုတ်ဖို့ တိုက်တွန်းပါတယ် ဘုရား။ ဒါပေမဲ့ အမေက သဒ္ဓါတရား မပေါ်လာတော့ တရား အားမထုတ်ဖြစ်ခဲ့ပါ ဘုရား။ အဖေ့ကိုတော့ တပည့်တော် မတိုက်တွန်းလိုပါဘုရား။ ဘာကြောင့်လည်း ဆိုရင် အဖေ့မှာ စာပေကျမ်းဂန်တွေကို တပည့်တော်နှင့်စာရင် အများကြီး တတ်ပါတယ်ဘုရား။

တပည့်တော်မှာ စာပေကျမ်းဂန်တွေ ဘာမှ မတတ်ပါဘုရား၊ စာ အတိုအထွာလေးတွေပဲ ဖတ်နိုင်ပါတယ် ဘုရား။ တရားနာလို့ရတဲ့ ဗဟုသုတ အသိလေးလောက်ပဲ ရှိပါတယ်ဘုရား။

ဒါကြောင့် အဖေ့ကို တိုက်တွန်းပြောဆိုနေမယ်ဆိုရင် တပည့်တော်မှာ သမီးမိန်းကလေးလည်း ဖြစ်နေတော့ "ဆရာ မလုပ်နဲ့၊ ငါ အဖေ" ဆိုတဲ့ မာန်မာန ရှိချင်လည်း ရှိပါမယ်ဘုရား၊ သမီးကပြောတာကြောင့် ရှက်ပါမယ်ဘုရား၊ ဒါကြောင့် တပည့်တော် အဖေ့ကို ဘာမှ မပြောခဲ့၊ မတိုက်တွန်းခဲ့ပါ ဘုရား။

## ဒုတိယအကြိမ် အားထုတ်ခြင်း

ဒီလိုနဲ့ တပည့်တော် ၁၃၄၄ ခုနှစ်၊ ဝါခေါင်လဆုပ် ၃ ရက်နေ့မှာ ဒုတိယအကြိမ်အဖြစ် တရားအားထုတ်ပြန်ပါတယ် ဘုရား။ အဖော်ခေါ်သွားမိခဲ့လို့ အစပိုင်းမှာ ၁၅ ရက်လောက် စကားပြောနေမှု၊ တရားအပေါ်မှာ ပေါ့ဆမှုလေးတွေကြောင့် အသိဉာဏ်တိုးတက်မှု မရခဲ့ပါဘုရား။

ပထမအကြိမ် အားထုတ်ခဲ့စဉ်က ပရမတ္ထ ရုပ်နာမ်သဘောလေးတွေကို သိခဲ့တာမို့ လေးငါးရက်အရမှာ ငြိမ့်ညောင်းတဲ့ ချမ်းသာနဲ့ ပေါ့ပါးမှုနဲ့ ရုပ်နာမ်သဘောလေးတွေ သိတာက လွဲလို့ ဘာမှ ထူးမလာသေးပါဘူး ဘုရား။

နှစ်ယောက်ဆိုတော့ နှစ်ယောက်သဘော၊ သုံးယောက်ဆိုတော့ သုံးယောက်သဘော လိုက်နေရတာမို့ နှစ်ဦးနှစ်ဝ အကျိုးမရှိဘဲ တပည့်တော်မှာတော့ တရားရေး မရလို့ မျက်ရည်ကျခဲ့ရပြန်ပါတယ် ဘုရား။

တကယ့် စေတနာ၊ မေတ္တာ၊ ကရုဏာ တရားတွေ အပြည့်အဝနဲ့ သွန်သင်ဟောကြား ပြသပေးတဲ့ ဆရာတော်ဘုရားကိုလည်း စော်ကားရာ ကျ၊ မိမိထက် အသက်ကြီးပြီး မိမိရဲ့ဝေယျာဝစ္စ အမှုကြီးငယ်တွေကို ဆောင်ရွက်ပေးနေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း စော်ကားရာ ကျပြီး ကြီးမားသော အပြစ်တွေဖြစ်ပွားနေတာပဲ၊ ပြုကျင့်နေတာပဲလို့ တွေးတောကြောက်လန့်ပြီး တရားအားထုတ်မှုမှ ထွက်တော့မယ်၊ ရပ်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ် ဘုရား။

## စေတနာ မေတ္တာတွေ

အစ. အလယ်. အဆုံး သိရှိသွားပြီးတဲ့ နောက်ပိုင်းမှာ ဆရာသမားများ သံဃာတော် အရှင်သူမြတ်များနှင့် အဖမြတ်စွာဘုရားရဲ့မဟာကရုဏာတွေဟာ အတိုင်းအဆ မရှိကြီးမားလှပါကလားလို့ သိမြင်လာပါတယ်။

ဆရာတော်ဘုရားကို တရားထွက်ဖို့ လျှောက်ထားတော့ ဆရာတော်က တပည့်တော်ကို "အိမ်မှာ ဘာအလုပ်ရှိသလဲ၊ အလုပ်အားနေရင် ဆက်အားထုတ်ပါလား" အစရှိတဲ့ စကားတွေကို စေတနာ၊ မေတ္တာ အပြည့်အဝနဲ့ တိုက်တွန်းဆုံးမ ပြောကြားလာတော့ တပည့်တော်မှာ ဝမ်းသာခဲ့ရပြန်ပါတယ် ဘုရား။

တရားလိုချင်လို့ တရားရှာပါတယ်၊ ဘာတရားမှ မသိခဲ့ရလို့ ဝမ်းနည်းစွာနဲ့ အခန်းထဲမှာ ငိုခဲ့ရပေမဲ့ ဆရာတော်ဘုရား ဆီ ရောက်တော့ ဝမ်းသာခဲ့ရလို့ တစ်ခါ မျက်ရည်ကျခဲ့ရပြန်တယ် ဘုရား။

ဆရာတော်ဘုရားက တစ်ယောက်တည်း နေရဲရင် တစ်ယောက်ခန်း ပြောင်း၊ အားထုတ်လို့ အမိန့်ရှိတော့ တစ်ယောက်တည်း အားထုတ်ရမှာမို့ သဒ္ဓါတရားတွေ တိုးပွားလာပြန်ပါတယ် ဘုရား။

ဒါနဲ့ တပည့်တော် တစ်ယောက်တည်းနေတဲ့ အခန်းကို ပြောင်းပြီး အားထုတ်ခဲ့ပါတယ် ဘုရား။အဲဒီညက စပြီး တပည့်တော် စိတ်ကလေးရဲ့အစဉ်ကို တွေ့မြင်ပြီး ဝမ်းပန်းတသာနဲ့ ရှုပွားအားထုတ်နိုင်ခဲ့ပါတယ် ဘုရား။

ရှုပွားလိုက်တာနဲ့ ခန္ဓာထဲမှာ အာရုံကျနေလေတော့ အသိထူးလေးတွေ ချမ်းသာထူးလေးတွေ ခံစားသိရှိခဲ့ရပါ တယ် ဘုရား၊ ဒါပေမဲ့ လိုရင်း မရောက်သေးပါဘူးဘုရား။

သဘာဝရုပ်နာမ်လေးတွေရဲ့ တစ်ချက်ချင်း တစ်ချက်ချင်း ဖြစ်ပျက်နေတာလေးတွေကို ဉာဏ်နဲ့ ပိုင်းပိုင်းခြားခြား သိရှိခဲ့ရပါတယ်ဘုရား။

တပည့်တော် သီလရှင် ဝတ်မယ်လို့ကို ၁၅ ရက်လောက်က ယောဂီအချင်းချင်း ပြောခဲ့တာ အိမ်ရောက်သွားတယ် ထင်ပါတယ်။ တပည့်တော်ကိုယ်တိုင်တော့ ဖွင့်မပြောသေးပါ ဘုရား။

သဒ္ဓါတရားနဲ့ အခြေအနေကို ကြည့်နေသေးတာမို့ ယခုအချိန်အထိ တပည့်တော် ဖွင့်မပြောသေးပါ ဘုရား။ ပြောင်သလိုလိုတော့ ပြောပါတယ်ဘုရား၊ လေးလေးနက်နက်တော့ တပည့်တော် မပြောခဲ့သေးပါဘူး။

## တရားခွင်မှာ စောင့်ဦးမယ်

မိဘတွေ သဒ္ဓါတရား ထက်သန်လာတဲ့အထိ တပည့်တော် တရားခွင် ဝင်ရင်း စောင့်နေပါဦးမယ်ဘုရား၊ ဆရာတော် ဘုရားကိုလည်း အားကိုးပါတယ် ဘုရား၊ ယောဂီတစ်ယောက် ပြောပြချက်နဲ့ သီလရှင် ဝတ်တော့မယ်လို့ အိမ်ကို သတင်း ရောက်သွားတော့ ကောင်းတာလုပ်တာပဲ မတားပါဘူးတဲ့၊ အိမ်ကိုတော့ ဘာမှ မမှာနဲ့ စရိတ်မထောက်နိုင်ဘူးတဲ့။

အဲဒီလို သဒ္ဓါတရား မပါတဲ့ သတင်းစကားကို ကြားရတော့ တပည့်တော်မှာ တရား ရှုပွားအားထုတ်လို့ မရတော့ပါ ဘုရား၊ နူးညံ့သိမ်မွေ့လွန်းတဲ့ စိတ်ကလေးတွေကို တစ်စိတ်ပြီးတစ်စိတ် ဖြစ်ချုပ်နေတာတွေ ရှုပွားနေရတော့ ဘာမှ မဟုတ်တာ ကို တွေ့ရပါတယ်ဘုရား။ စိတ်ဟာလည်း ပြင်းထန်လွန်းလှပါတယ်ဘုရား။ ရှုပွားလို့ ရလိုက်၊ မရလိုက်နဲ့ပ ဖြစ်နေပါတယ် ဘုရား၊ မရတော့ တရားထွက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ် ဘုရား။

အိမ်ကိုလည်း တစ်လပြည့်ဖို့ ၆ ရက်အလိုမှာ ပထမဦးဆုံး စိတ်ရောက်ချိန်မို့ ဘယ်လိုမှ တားမရတော့ပါ ဘုရား၊ ပြန်ခွင့်လျှောက်ထားရင်လည်း လွယ်လွယ်ပဲ ပေးထွက်မှာပဲ ဆိုပြီး ပစ္စည်းတွေ သိမ်းဆည်းကာ တရားစစ်ချိန်ရောက်တော့ ခပ်ပေါ့ပေါ့လေးပဲ လာခဲ့ပါတယ် ဘုရား။

တရားထွက်တော့မည့်အကြောင်းလည်း လျှောက်ထားရော ပေါ့ပေါ့လေး ပေးထွက်မှာပဲလို့ ထင်ထားတဲ့ အထင် တွေ လွဲကုန်ပါတယ် ဘုရား၊ ဥပမာပေါင်း မြောက်များစွာနဲ့ ဆက်လက်အားထုတ်ဖို့ တိုက်တွန်းတော့ အံ့သြခဲ့ရပါတယ်ဘုရား။

တပည့်တော် စိတ်ဓာတ်တွေ လျော့ထားပြီမို့ အတော်ပဲ တရားချသော်လည်း မတက်လာပါ ဘုရား၊ နောက်ဆုံး တရားချ.မရတော့ ဒီတစ်ညလေးပဲ အားထုတ်ကြည့်ပါဦး၊ မနက်ကျတော့ ဆုံးဖြတ်တာပေါ့ ဆိုတာနဲ့ အားနာပြီး ပြန်ခဲ့ရပါ တယ် ဘုရား။

ကိုယ့်အဆောင်နား ရောက်တော့ သဒ္ဓါတရားတွေ တအားပြန်ပေါ်လာတော့ အဲဒီ ပေါ်လာတဲ့ သဒ္ဓါစိတ်ကို ရှေ့စိတ်နဲ့ နောက်စိတ်ရယ်လို့ ထင်ထင်ရှားရှား ရှုပွားနေပါတယ် ဘုရား။

အဲဒီအချိန်မှာ ကိုယ့်စိတ်ကို ကိုယ်ပြန်တွန်းပြီး ရှုပွားလိုက်တာ သတိပညာတရားနဲ့ စိတ်အများကို တစ်စိတ်ချင်း ရှုပွားနိုင်ခဲ့ပါတယ်ဘုရား။

ကိုယ့်စိတ်တွေကို ထိန်းပြီး ရှုပွားလိုက်တာနဲ့ သမာဓိက ရနေပြီမို့ ဝီရိယကလေး ဆင့်လိုက်တော့ ပီတိတွေ ဖြစ်ပြီး တရားခွင်မှာ ပြန်လည်ပျော်ခဲ့ရပါတယ်ဘုရား။

ဆရာတော်ဘုရား၊ တရားရှုပွားအားထုတ်ရတာဟာ အင်မတန်မှမြင့်မားတဲ့ တောင်ထိပ်ကြီး တစ်ခုကို အသည်း.တဖိုဖို ရင်.တမမ နဲ့ တက်နေရသလိုပါပဲ ဘုရား။

"ငါကတော့ ရောက်တော့မှာ မဟုတ်ပါဘူး" ဆိုပြီး လျှော့ချလိုက်၊ လိမ့်ဆင်းလာလိုက်၊ ဆရာသမားတွေနဲ့ တွေ့လိုက်၊ အားပေး ပြန်တက်လိုက်နဲ့ အတော့ကိုပဲ ရင်သပ်ရှုမော ရင်ဖိုဇောတွေနဲ့ ခံစားရပါတယ် ဘုရား၊ တပည့်တော် အဲဒီညမှာ အဘမြတ်စွာဘုရားရှင်ရဲ့ရှေ့တော်မှောက်၌ -

"ရှင်တော်မြတ်ဘုရား၊ တပည့်တော်သည် တရားအားထုတ်တာ တစ်လပြည့်ဖို့ ၆ ရက်သာ လိုပါတော့တယ်၊ အဲဒီ ၆ ရက် အတောအတွင်းမှာ တရားထူး တရားမြတ်ကို ရပါစေ၊ တရားထူး တရားမြတ်ကို ပေးသနားတော်မူပါဘုရား၊ တရားထူး တရားမြတ်ကို မရခဲ့ပါလျှင် တပည့်တော်မှာ ပါရမီ မပါဘူးလို့ ယူဆရတော့မှာပါဘုရား"

လို့ လျှောက်ထားပြီး ဆုတောင်းကာ အဓိဋ္ဌာန်ပြုခဲ့ပါတယ် ဘုရား၊ သဒ္ဓါ ဝီရိယ သတိတရားတွေနဲ့ အထူးပဲ ကြိုးစားရှုပွားနေတော့ အဲဒီညမှာပင် တစ်ခါဖူးမျှ မခံစားရဘူးတဲ့ ပီတိတုန်ခါမှုကလေးတွေကို လှိုက်လှိုက်နဲ့ တစ်ချက်ချင်း တစ်ချက်ချင်း ဉာဏ်နဲ့ ပိုင်းပိုင်းခြားခြား သိရှိခံစားလာခဲ့ရပါတယ် ဘုရား။

## ရင့်ကျင်မှ သိ

ရှေ့စိတ်နဲ့ နောက်စိတ် ဖြစ်ပျက်နေတာ ရင့်ကျက်တဲ့ဉာဏ်အဆင့်ထိ မရောက်သေးပါ၊ သာမန်သိအဆင့်လောက်ပဲ ရောက်သေးတာ အားလုံးရှင်းပြီး ရင့်ကျက်သွားမှ သိပါတယ် ဘုရား။

ရှုပွားနေရင်းပဲ ရှေ့ပြေးနိမိတ်လား မသိပါဘုရား၊ ဘယ်ကမှန်းလဲ မသိပါဘုရား၊ သေးငယ်တဲ့ အစက်ကလေး တစ်စက်ဟာ ကမ္ဘာမြေကြီးပေါ်သို့ ကျလာပါတယ်၊ ကျလာတာနဲ့ တစ်ပြိုင်နက် တစ်ကမ္ဘာလုံး မီးကို ရေနဲ့ တစ်ချက်တည်း ငြိမ်းလိုက်သလို အားလုံးငြိမ်းသွားသလို အာရုံထဲမှာ မြင်လာပါတယ်ဘုရား။

တရားခွင်မှာ မြင်လာတော့ အဲဒီ အဆင်းရုပ်ကို ရုပ်လို့ပဲ ရှုလိုက်တာနဲ့ ပျောက်ပျယ်သွားတာပဲ တွေ့ရတယ်ပါတယ် ဘုရား၊ စဉ်းစားဝေဖန်နေတဲ့ စိတ်ဟာ ကိလေသာစိတ်လို့ ဆရာသမားများရဲ့ ဆုံးမဩဝါဒတွေ သိရှိထားတော့ တပည့်တော် ကိလေသာဝင်မှာ ကြောက်ပြီး ရှုပွားမှုသတိနဲ့ ရှုပွားလိုက်ပါတယ်ဘုရား။

ဒီလို စိတ်ရဲ့သဘောတရားတွေကို တစ်စိတ်ချင်း တစ်စိတ်ချင်းတွေ့၊ တစ်ချက်ချင်း တစ်ချက်ချင်း ရှုပွားနေရာမှ တင်းတဲ့သဘောတွေ ထင်ရှားလာပြန်ပါတယ်ဘုရား၊ တင်းတာ ရုပ်သဘောမို့ ရုပ်လို့ပဲ ရှုလိုက်ပါတယ် ဘုရား။

တပည့်တော်ရဲ့ခန္ဓာကိုယ်ထဲမှာ စိတ် စေတသိက် ရုပ်ပဲ ရှိနေတော့ စိတ်စေတသိက် ရုပ်တရားတွေရဲ့ ဖြစ်ပျက်ကို မြင်နေပါတယ် ဘုရား။

စင်္ကြံလျှောက်တဲ့အခါ ခြေကြွတဲ့အခိုက် "ရုပ်" လို့ ရှုပွားလိုက်၊ သတိထားလိုက်နဲ့ တင်းတဲ့ သဘာဝရုပ်တရားလေးကို ဉာဏ်ထဲမှာ ပိုင်းပိုင်းခြားခြား သိမြင်ပါတယ်ဘုရား။

အဲဒီမှာလည်း တင်းတဲ့အခိုက် ရုပ်လို့ ရှုမှားလိုက် သိလိုက်တာနဲ့ အဲဒီ သဘာဝရုပ်တရားလေးကလည်း "ဒီလိုပဲ သဘောရှိတယ်တဲ့" လို့ ဆလိုက်မီးမောင်းကြီး ထိုးပြလိုက်သလို ခန္ဓာမှာရှိတဲ့ စိတ်စေတသိက် ရုပ်သဘောတရားလေးတွေကို ဉာဏ်ထဲမှာ ပိုင်းပိုင်းခြားခြား သိမြင်ခဲ့ပါတယ်ဘုရား။

## တစ်ယောက်တည်း

အဲဒီလို အတွဲလိုက် အတွဲလိုက် တစ်ချက်ချင်းဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ရဲ့သဘာဝလေးတွေကို သိလာရတော့ တပည့်တော်ရဲ့ပျော်တဲ့စိတ်၊ ပီတိစိတ်တွေကို အပြင်မှာ ဘာနဲ့ ဥပမာပေးစရာ တပည့်တော် ရှာမတွေ့ပါဘုရား။

သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတွေကို ခံစားတဲ့အဆင့်ထိ ရှုမှားစိတ်ကလေးနဲ့ ရှုမှားနေရတာ ပျော်လိုက်တာ၊ တစ်ကမ္ဘာလုံးမှာ တစ်ယောက်တည်း တစ်ကိုယ်တည်း အေးချမ်းလိုက်တာ ငြိမ်းချမ်းလိုက်တာ ဘုရား၊ အတိုင်းအဆ မသိတဲ့ ပီတိတရားတွေလည်း ဖြစ်ခဲ့ရပါတယ် ဘုရား။

စိတ် စေတသိက် ရုပ်တရားတွေရဲ့ အဖြစ်အပျက်တွေကို ဉာဏ်နဲ့ ထင်ထင်ရှားရှား တွေ့ မြင်သိရှိလာရတော့ နိဗ္ဗာန်ဆိုတာ မဝေးတော့ဘူးလို့ ရိပ်မိလာတာနဲ့အမျှ တပည့်တော်ရဲ့စိတ်ကလေးဟာ ပေါ့ပါးသွားပါတယ် ဘုရား။

စိတ်ပေါ့ပါတော့ ကိုယ်ကလေးလည်း ပေါ့ပြီး ဘာဒုက္ခဝေဒနာမှ မတက်ဘဲ ထိုင်တဲ့ ဣရိယာပုတ်ကို ဖြုတ်ပြီး ထချင်တဲ့စိတ်ကို စတင် ရှုမှားပြီး ရေအိုးမှာ ပါးစပ်ဆေးချင်လို့ အသွားမှာ –

"နင် ဒီလိုပေါ့သွားတာ မပြတ် တရစပ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားကြီးကို နင် ရင်ဆိုင်နိုင်ပြီးလား၊ အာမခံချက် ပေးနိုင်ပြီလား"

လို့ အသိလေးတစ်ချက် ဝင်လာပါတယ်ဘုရား၊ အဲဒီတော့ တပည့်တော် နောင်တရမိပါတော့တယ် ဘုရား။

ဒါပေမဲ့ တပည့်တော် ချက်ချင်းပြန်ထိုင်ပြီး မရှုမှားမိပါ ဘုရား၊ လိုချင်စိတ် သိချင်စိတ်တွေ ပြင်းထန်ပြီး လိုရင်းမရောက်မှာစိုးလို့ တခြားဣရိယာပုတ်တွေနဲ့ပဲ တပည့်တော် ရှုမှားနေပါတယ် ဘုရား။

အဲဒီလို ရှုမှားနေရင်း နောက်တစ်နေ့ အရုဏ်တက်ခါနီးအချိန်မှာ စိတ်စေတသိက် ရုပ်တရားရဲ့သဘောတရားတွေကို ထင်ထင်ရှားရှား ပိုင်းပိုင်းခြားခြား မြင်ရတော့ ငြိမ်းအေးမှုသို့ မျက်မှောက်ဆိုက်ရောက်ခဲ့ပါတယ်၊ သိခဲ့ပါတယ် ဘုရား။

ပြောမပြနိုင်တဲ့ နှစ်သက်မှုတွေ၊ အေးငြိမ်းချမ်းသာမှုတွေကို ဥပမာပြဖို့ စကြာဝဠာကမ္ဘာတစ်ခုလုံးလိုက်ရှာတာ မတွေ့ရပါ ဘုရား၊ တရားအသိဟာ အင်မတန် နက်ရှိုင်းကျယ်ဝန်းလှပါတယ် ဘုရား။

## တရားသိမှ ကျေးဇူးသိ

ဘုရားရှင်ရဲ့ကျေးဇူး တရားတော်ရဲ့ကျေးဇူး သံဃာတော် ဆရာတော်ရဲ့ ကျေးဇူးတွေဟာ အတုမရှိ နှိုင်းယှဉ်စရာ မရှိအတိုင်းမသိ များပြားတယ်ဆိုတာ တရားသိမှ ပိုပြီးတော့ သိလာပါတယ်ဘုရား၊ တရားသိရဲ့ အစ, အလယ်, အဆုံး ရောက်ခဲ့တော့ ကျေးဇူးတွေ ပိုသိပြီး ပိုပြီးတော့ ကြည်ညိုအားထားရပါတယ် ဘုရား၊ အသိတွေ ပြောင်းခဲ့သလို ဘဝလည်း ပြောင်းခဲ့ပါပြီ ဘုရား၊

- တပည့်တော် ဆက်လက်ပြီး အားထုတ်နေချင်သေးပေမဲ့ ယောဂီတွေလည်း တစ်ယောက်မှ မကျန်တော့ဘဲ ဆရာတော်ဘုရားနဲ့ ဝေယျာဝစ္စသမားတွေကို အားနာပြီး တရားခွင်မှ ထွက်ခဲ့ပါတယ် ဘုရား။

ကျောင်းဝေယျာဝစ္စနဲ့ သံဃာတော်များရဲ့ ဆွမ်း. ကွမ်းကိစ္စတွေကို သဒ္ဓါတရားထက်သန်စွာနဲ့ သတိတရား လက်ကိုင်ထားပြီး ၁၇ ရက်တိုင်တိုင် ဆောင်ရွက်ခဲ့ပါတယ်ဘုရား။ ရုပ်နာမ် ပရမတ်တရားတွေရဲ့အပေါ်မှာ တပည့်တော် သိခဲ့ရတဲ့ အသိဉာဏ်ဟာ ကျောက်သားမှာ ထွင်းထားသလို တည်တံ့ခိုင်မြဲနေပါပြီ ဘုရား။

## ကိလေသာတောထဲ

ကျောင်းမှာ ကျောင်းဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စတွေကို သဒ္ဓါတရား ထက်သန်စွာနဲ့ လုပ်ကိုင်နေတဲ့အခါ အသိတရား သတိတရားတွေ ရှိခဲ့ပေမဲ့ အိမ်ပြန်ရောက်တော့ ကိလေသာတောထဲမှာ လုပ်ကိုင်နေရတာမို့ သတိကလေးကို ပိုထိန်းရပါတယ်ဘုရား။

အဲဒီလို ထိန်းပြီး ရှုပွားရင်း အမှုကိစ္စတွေ ဆောင်ရွက်ပြန်တော့လည်း ရှုပွားမှု သတိကလေးတွေ စိပ်ခဲ့ပါတယ်ဘုရား၊ တရားခွင်မှာလိုတော့ မစိပ်တော့ပါ ဘုရား။

ရုပ်တရား ထင်ရှားတဲ့အခါ ရုပ်.ရုပ် လို့ ရှုလိုက်၊ နာမ်တရား ထင်ရှားတဲ့အခါ နာမ်.နာမ် လို့ပဲ ရှုမှတ်နေပါတယ်ဘုရား။ မုဆိုးတောထဲမှာ ပုတီးစိပ်နေလို့ မသင့်တော့တာမို့ အတော်လေးပဲ သတိထားပါတယ်ဘုရား၊ အတော်လည်း ပင်ပန်းပါတယ် ဘုရား။

## တရားခွင်မှာ အနားယူနေပြီ

ကိလေသာတောထဲမှာ တစ်လကျော်ကျော် နှစ်လနီးပါးမျှ ပြန်ပြီးနေရတာ တပည့်တော် ပင်ပန်းသွားလို့ ယခုအခါမှာတော့ ကိလေသာတောမှ ခွာကာ တရားခွင်မှာ အနားယူနေပါပြီ ဘုရား။ ဘုရား. တရား.သံဃာ ရတနာသုံးပါးအပေါ်မှာကြည်ညိုသဒ္ဓါတွေ လွန်ပြီး ရူးများသွားသလားလို့တောင် ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ပါသေးတယ် ဘုရား။

တပည့်တော်ရဲ့အသိတွေဟာ အမှန်သိတွေမို့ တပည့်တော်ရဲ့ ကြည်ညိုသဒ္ဓါတွေလည်း မလွန်ပါဘုရား။ ရှေးကထက် ကြည်ညိုသဒ္ဓါ လွန်တာပါဘုရား။ ဒါကြောင့် တပည့်တော် မရူးပါ ဘုရား။ အများထဲမှာ တစ်ယောက်တည်းဆိုတော့ အများနဲ့မတူ အရူးပေါ့ ဘုရား။ လူတွေက တပည့်တော်ကို တရားရူးလို့ထင်ကြမှာပေါ့ ဘုရား။

ဟိုလို ချင် ဒီလို ချင်နဲ့ ချင်ခြင်းတွေ ထူထပ်လှတဲ့ ကိလေသာထူပြောတဲ့ ကိလေသာတောထဲမှာအတော့်ကို ကြောက်စရာကောင်းလှပါတယ် ဘုရား။ ပင်ပန်းလှပါတယ် ဘုရား။ ရှုပ်ထွေးလှတဲ့ လူ့လောကကြီးကိုလည်း ကြောက်လာပါတယ်ဘုရား။ ဘဝကို အရှုံးပေးတဲ့ ကြောက်နည်းကား မဟုတ်ပါဘုရား။ ဘဝကို စက်ဆုပ်တဲ့ ကြောက်နည်းကားပါဘုရား။

ကိုယ့်တွက် ကိုယ့်တာဟာ အမှန်ဖြစ်သော ရုပ်နာမ်အရှိန်ကို အသိကလေးကပ်ပြီး ရှုပွားရမယ့် သတ္တဝါများအပေါ် မေတ္တာတရား ပွားများနေရမယ့် အချိန်တွေကို ဖြုန်းပြီး ကိလေသာတောထဲမှာ လုပ်ကိုင် ပြောဆို ကြံစည်တုန်းပဲ စိတ်မသက်သာ ဖြစ်ခဲ့ရပါတယ်ဘုရား။

## လောကနဲ့ ဆန့်ကျင်

အဲဒီလို မသက်မသာ ဖြစ်နေတော့ တပည့်တော်ဟာ စကားတွေကို လိုတာထက် ပိုမပြောတော့ပါ ဘုရား။ ဖြီးလိမ်းပြင်ဆင်ခြင်းလည်း မလုပ်တော့ပါ ဘုရား။ အိမ်သားတွေအတွက် စီးပွားရေးတစ်ရပ်အနေနဲ့ ဘာကိစ္စမှ စိတ်မဝင်စားတော့ပါ ဘုရား၊ အဲဒီလို ဖြစ်နေတော့ တပည့်တော်ဟာ လောကနဲ့ လူသားတွေနဲ့ ဆန့်ကျင်သလို ဖြစ်နေတာပေါ့ ဘုရား၊ လောကသားတွေက တပည့်တော်ကို တရားရူးလို့ ထင်ချင် ထင်ကြမှာပေါ့ ဘုရား။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်



## နောက်စိတ်က တားပြီ

အဲဒီလို ထင်နေကြတော့ အများစိတ်ချမ်းသာအောင် ကိုယ့်အတွက် အများအကုသိုလ် မဖြစ်အောင် နေမယ်ဆိုပြီး စိတ်ကိုပြောင်းကာ "ငါ ခါတိုင်းလိုပဲ ဖြီးလိမ်း ပြင်ဆင် ပြောဆိုနေထိုင်တော့မယ်" လို့ စိတ်ကူးလိုက်တာနဲ့ အဲဒီစိတ်ကို နောက်စိတ်က "မသင့်တော်ဘူး" လို့ တားမြစ်ပြီးသား ဖြစ်နေပါတယ် ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော်ရဲ့အသိတွေဟာ အပေါ်ယံသိတွေ မဟုတ်ပါဘုရား။ အတွင်းသိဉာဏ်မြင်သိတွေ ဖြစ်လို့ သံမှိုစွဲသလို ခိုင်မြဲနေပါပြီဘုရား။ မုဆိုးတောထဲမှာ ပုတီးစိပ်နေလို့ မသင့်တော်သလို လူ့ဘဝ ကိလေသာတောထဲမှ သီလရှင်ဘဝသို့လည်း ရောက်လိုလှပါပြီ ဘုရား။

တပည့်တော် သီလရှင်ဘဝ ရောက်ချင်တာဟာ တစ်ခဏလား၊ ထာဝစဉ်လားဆိုတာ သတိလေးနဲ့ ပြန်ပြီး ဆင်ခြင်ကြည့်ပါတယ်ဘုရား။ ဘာ့ကြောင့် ဆင်ခြင်ကြည့်သလဲဆိုရင် တပည့်တော် တရားခွင်မှာ အားထုတ်ခဲ့စဉ်က ဗုဒ္ဓဟူးသားသမီးတွေဟာတဲ့ ၁၈ နှစ်ကနေပြီး ၂၇ နှစ်အထိ စနေဂြိုဟ် ဝင်နေတာတဲ့၊ စိတ်တွေ ရှုပ်နေမယ့်အစား တရားခွင် ဝင်နေတာပဲ ကောင်းတယ်တဲ့၊ ယောဂီတစ်ယောက်က ပြောပါတယ်ဘုရား။

တပည့်တော်က သူ မပြောခင် အဲဒီစကား မကြားဖူးခင်က အားထုတ်တာပါဘုရား။ သီလရှင်ဝတ်ချင်တာကလည်း တကယ့်သဒ္ဓါတရားနဲ့ပါ ဘုရား။ တရှူးထိုး မဟုတ်ပါဘုရား။

အဲဒါနဲ့ စကားစပ်မိပြီး ယောဂီအချင်းချင်း သီလရှင်ဝတ်မယ့်အကြောင်း ပြောပြတော့ အဲဒီယောဂီက တပည့်တော် မိဘများကို ပြောပြပါတယ်ဘုရား၊ အဲဒီလိုပြောပြတော့ တုန့်ပြန်လာတဲ့ အသံက တရားတောင် မရှုမှားနိုင်တော့ပါဘုရား။

## အားပါးတရ အမျှဝေ

ဒါပေမဲ့ ဆရာသမားတွေရဲ့ စေတနာမေတ္တာတွေကြောင့် အစ, အလယ်, အဆုံး ထိ ကိလေသာတွေ ပယ်သတ်ပြီး ပင်ပန်းစွာနဲ့ ပရမတ်ရုပ်နာမ်တွေရဲ့ သဘောကို သိခဲ့ရပါတယ် ဘုရား။ အသိထူးလေးတွေ သိလာရတော့ ကျေးဇူးရှင်မိဘနှစ်ပါးကို စိန်ရွှေရတနာ မြောက်များစွာ ရှာဖွေယူလာပေးတာနဲ့ ဒီတရားအသိလေးကို ယူလာပြီး အမျှပေးတာက အများကြီးသာပါတယ်လို့ စေတနာသဒ္ဓါတရား ထက်သန်စွာနဲ့ မိဘများကို အားပါးတရ အမျှပေးဝေပါတယ် ဘုရား။

တပည့်တော်အနေနဲ့ ဘယ်လိုပင် မိဘများကို သဒ္ဓါတရား ထက်သန်စေချင်ပေမဲ့ ကိုယ်တိုင်အားထုတ်ကြည့်မှ သိရှိခံစားရမှာမို့ မိဘနှစ်ပါး တရားအားထုတ်ချင်တဲ့ သဒ္ဓါတရားများ ပေါ်ပေါက်ခဲ့ပြီး တရားထူး တရားမြတ်တွေလည်း ရကြပါစေလို့ ဆုတောင်းမေတ္တာထားရင်း အမျှဝေခဲ့ပါတယ်ဘုရား။ ဒီလို အမျှပေးဝေတော့ အဖေက ဘာပြောသလဲဆိုရင် -

"သီလရှင်ဝတ်မယ့် သတင်းလေးကို အကြောင်းခံပြီး စိတ်နောက်လို့ တရားအားထုတ်ပြီးပြီ၊ စိတ်သွားတိုင်း ကိုယ်မပါစေနဲ့" တဲ့၊

အဲဒီလို ပြောပါတယ်ဘုရား။ ဒီလိုပြောတော့ တပည့်တော်အဖေရဲ့သဒ္ဓါတရားကို သိလိုက်ပါပြီဘုရား။ တပည့်တော်သိတာက တခြား၊ သူတို့ ယူဆထားက တခြား၊ ရယ်လည်း ရယ်ချင်စရာ ကောင်းပါတယ်ဘုရား။

## သဒ္ဓါ မပါဘဲနဲ့ မလုပ်ချင်ပါ

ဆရာတော်ဘုရား၊ တပည့်တော် သီလရှင် ဝတ်ချင်တယ်ဆိုပေမဲ့ မိဘတွေရဲ့သဒ္ဓါဆန္ဒ မပါဘဲနဲ့ တပည့်တော် တရှူးထိုး မဝတ်ချင်ပါ ဘုရား။ သားပဋ္ဌင်းတက်သလို စေတနာသဒ္ဓါတရား ထက်သန်လာတဲ့အထိ တပည့်တော် တရားခွင်မှာ တရားအားထုတ်ရင်း စောင့်နေပါဦးမယ် ဘုရား။ မိဘတွေ အကျိုးရှိစေချင်လို့ ဘုရား။

၂၉၁၉၄

နောက်ဆုံးမိဘတွေ ဘယ်လိုမှ သဒ္ဓါဆန္ဒ မပေါ်တော့လည်း ဆရာတော်ဘုရားများအကူအညီနဲ့ ကိုယ့်ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရမှာပဲ ဘုရား။

ယခု တပည့်တော်ရဲ့အသက်က ၂၆ နှစ်ဆိုတော့ စနေဂြိုဟ်ထဲက မထွက်သေးလို့ သီလရှင် ဝတ်ချင်တာလို့ ပြောပြီး ဝေဖန်ကြဦးမှာစိုးလို့ အိမ်ကို တပည့်တော် ဘာမှ ဖွင့်မပြောသေးပါဘုရား။ ဆရာတော်ဘုရားထံ ဒီစာနှင့် လျှောက်ထားရင်း အကူအညီတောင်းပြီး အသနားခံပါတယ်ဘုရား။ တပည့်တော်ရဲ့မိဘများမှာ စစ်မှန်တဲ့ သဒ္ဓါတရားများ ပေါ်ထွက်လာသည့်တိုင်အောင် ဆရာတော်ဘုရား ဟောပြောပေးရင်တော်ပါပြီဘုရား။

## မိန်းကလေးဆိုကတည်းက အထင်သေး

တပည့်တော် သီလရှင် ဝတ်ပြီးရင် ပရိယတ်စာပေ ကျမ်းဂန်တွေ သင်ကြားနေဖို့လည်း လိုတော့မယ် မထင်ပါဘုရား။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်ဟာ အသက်အားဖြင့်လည်း ပထမအရွယ်တောင် လွန်ခဲ့ပြီမို့ စာပေကျမ်းဂန်တွေ သင်ကြားတတ်မြောက်ထားလည်း တစ်ကိုယ်တော် အသိပဲ ရမှာပါဘုရား။

လူ့လောကအလယ်မှာ တင့်တယ်စွာ ဟောပြောနိုင်ဖို့ရာ မလွယ်ကူပါဘုရား။ မိန်းကလေးဆိုကတည်းက အထင်သေးတတ်ကြတဲ့ လူ့လောက လူသားတွေရဲ့အစွဲက အားကြီးတော့ သဒ္ဓါဖြစ်နိုင်မှာ မဟုတ်ကြပါ ဘုရား။

ယောကျ်ားတွေပိုင်းက ဆိုရင်လည်း "ငါတို့ ယောကျ်ားပဲ ဒီမိန်းကလေးတရား ဘာလို့ နာရမှာလဲ" လို့ မာနစွဲ အတ္တစွဲကြီးတွေ ကြီးလေတော့ ထိုးဖောက်နိုင်ဖို့ရာ မလွယ်ပါဘုရား။

ဆရာတော်ဘုရား တပည့်တော်တို့ မိန်းကလေးတွေ ဘဝဟာ အတော့်ကို အောက်ကျ နောက်ကျဖြစ်တယ်ဘုရား။ အချိန်တွေ ကုန်ပြီး ပင်ပန်းရပါတယ်ဘုရား။

## သာသနာ ပြုပါရစေ

တပည့်တော်က စွမ်းစွမ်းတမံ သာသနာ မပြုနိုင်တော့ လူ့လောကဘုံအလယ်မှာ တင့်တယ်စွာနဲ့ ဟောပြောကာ သာသနာပြုနိုင်မယ့် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ ရှင်သာမဏေများနှင့် ရဟန်းတော် အရှင်သူမြတ်တွေရဲ့ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ အစရှိသော ကိစ္စအဝဝတွေကို ဖြစ်သင့်တဲ့ နေရာကနေပြီး ဖြစ်နိုင်တာလေးတွေကို ဆောင်ရွက်ရင်း သာသနာပြုပါရစေ ဘုရား။

တရားဗဟုသုတဖြစ်မည့် စာအုပ်ကလေးတွေ ဖတ်ရှုရင်း တရားအားထုတ်ပြီး နေပါရစေ ဘုရား၊ ဒါကတော့ တပည့်တော်ရဲ့ဖြစ်ချင်တဲ့ ဆန္ဒတွေပါဘုရား။ ဆရာတော်ဘုရားရဲ့ ဖြစ်စေချင်တာ ဖြစ်သင့်တာတွေကိုလည်း တပည့်တော် နာခံဖို့ရာ အသင့်ပါ ဘုရား။

## အသိ မစင်ကြယ်သေးသူများ

တကယ်လို့များ ဆရာတော်ဘုရားအနေနဲ့ ဝေယျာဝစ္စ ဆောင်ရွက်သင့်တယ် ဆိုရင်လည်း (.....)မှာကတော့ အားထုတ်နေတဲ့ သံဃာတော်တွေနဲ့ ဝေယျာဝစ္စ ဆောင်ရွက်နေသူတွေက များပါတယ်ဘုရား။

ပရိယတ် ပဋိပတ် နှစ်ရပ် ပွားများအားထုတ်နေကြတဲ့ ရှင်ရဟန်းတော်များ များပြားတဲ့(.....)မှာ ဝေယျာဝစ္စ ဆောင်ရွက်သူ မရှိတာမို့ သင့်တော်မယ်လို့ ထင်ပါတယ်ဘုရား။

တပည့်တော်လိုပဲ အလားတူ သီလရှင် ဝတ်ပြီး ဆောင်ရွက်မယ့်သူ ရှိခဲ့ပါရင် ပိုကောင်းပါတယ်ဘုရား။ မရှိခဲ့ရင်လည်း သီလရှင် (.....)နဲ့ တိုင်ပင်ပြီး ဆောင်ရွက်မယ်လို့ စိတ်ကူးထားပါတယ်ဘုရား။

တပည့်တော်တို့ ဆောင်ရွက်အားထုတ်တော့မယ် ဆိုရင်လည်း ကြိုတင်လျှောက်ထားပါရစေဘုရား။ တပည့်တော်တို့မှာ သီလရှင် မိန်းကလေးတွေမို့ လူပုဂ္ဂိုလ်များလည်း ရှိပါလိမ့်မယ် ဘုရား။

ဒီတော့ တပည့်တော်တို့မှာ ငါ အသိစင်ကြယ်နေပြီ၊ ငါ ကြည့်တတ် နေတတ်ပြောဆိုတတ်နေပြီဆိုပြီးတော့ ကိုယ့်သဘောအတိုင်း နေထိုင်ပြောဆိုမယ်ဆိုရင် အသိ မစင်ကြယ်ကြသေးတဲ့ ပုဂ္ဂိုလ်တွေကို သနားစရာ ကောင်းပါတယ်ဘုရား။

အသိ စင်ကြယ်အောင်သာ အားမထုတ်ကြတယ်၊ ဝေဖန်ပြစ်တင်ဖို့ဆိုရင် အဲဒီ မစင်ကြယ်သေးတဲ့ ပုဂ္ဂိုလ်တွေက ရှေ့တန်းကပါ ဘုရား။ မစဉ်းစားဘဲ အဝေဖန် မြန်လွန်းလှပါတယ် ဘုရား။ ရက်စက်လွန်းလှပါကယ်ဘုရား။

တရားသာ ဒီလို မြန်မြန်လေး အားထုတ်ကြမယ်ဆိုရင် တစ်ကမ္ဘာလုံး အတိုင်းအဆ မရှိ အေးချမ်းသာယာမှု ရကြမှာပဲလို့ တွေးမိပါတယ် ဘုရား။

## ပဒေသာပင် ယုံ

တပည့်တော်ရဲ့ အသိလေးတွေ စင်ကြယ်လာတော့ ဟိုကမ္ဘာဦးက ပဒေသာပင် ဆွတ်ခူးစားရုံပဲဆိုတာ ယုံပါတယ်ဘုရား။ အသိလေးတွေ မစင်ကြယ်သေးတဲ့ နေရာမှာ နေရသေးတာမို့ တပည့်တော်တို့ မိန်းကလေးတွေ အဖို့ ပိုပြီးဆင်ခြင်ရမှာပါ ဘုရား။

ကိုယ်သိထားရုံနဲ့ ကိစ္စ မပြီးသေးဘဲ မသိသေးသူများ၊ အများလူကိုလည်း ငဲ့ပြောရပါမယ်ဘုရား။ ဒါကြောင့် တပည့်တော်တို့အတွက် လိုအပ်ချက်တွေ များစွာရှိပါတယ် ဘုရား။

အဘမြတ်စွာဘုရားကြီးက တပည့်တော်တို့ သီလရှင်တွေအတွက်ရယ်လို့ ပညတ်ချက်တွေ သီးခြား.မထားခဲ့တဲ့အတွက် ဆရာတော်ဘုရားအနေနဲ့ စာပေကျမ်းဂန်တွေထဲက တပည့်တော်တို့အတွက် သင့်တော်မည့် ပညတ်ချက်များ ထုတ်ပေးတော်မူပါဘုရား။ တပည့်တော် လိုက်နာရန် ကျင့်ကြံအားထုတ်ရန် အသင့်ပါဘုရား။ ပြင်းထန်တယ်လို့ မငြင်းဆန်ပါ ဘုရား။

## လောကဓံကို ခံနိုင်ပါပြီ

ဆရာတော်ဘုရား မရေးမဖြစ်လို့သာ ရေးနေရပါတယ်၊ အဲဒီ လူမှုရေးတွေကို ရေးနေရတာကိုပဲ ငြီးငွေ့လှပါတယ်ဘုရား။ လူမှုရေးတွေကို အချိန်ကုန်ခံပြီး ပြောဆိုနေမယ့်အစား ရေးသားနေမယ့်အစား ရုပ်နာမ် ပရမတ္ထတရားလေးတွေကို သတိထားပြီး ဝိပဿနာ ရှုပွားရ၍လည်းကောင်း၊ သတ္တဝါအများကို မေတ္တာဘာဝနာတရား ပွားများအားထုတ်၍လည်းကောင်း နေရတာဟာ သိပ်ပြီးတော့ အေးချမ်းပါတယ်ဘုရား။

တစ်ခါတစ်ခါ လူတွေနဲ့ ဝေးတဲ့နေရာ တစ်ယောက်တည်းသွားပြီး အားထုတ်ချင်တဲ့စိတ်တွေ ပေါက်ပါတယ်ဘုရား။ ဒါတွေ ရေးနေတာ အပိုတွေ မဟုတ်ပါဘုရား။ အထင်ကြီးစေချင်လို့လည်း မဟုတ်ပါဘုရား။

သူများတွေ အထင်ကြီးလို့လည်း တပည့်တော် ဝမ်းမသာတော့ပါ ဘုရား။ ကဲ့ရဲ့ ရှုတ်ချလို့လည်း ဝမ်းမနည်းတော့ပါ ဘုရား။ လောကဓံကို ကြံ့ကြံ့ခံနိုင်ပါပြီ ဘုရား။

လောကဓံကို ကြံ့ကြံ့ခံနိုင်တယ် ဆိုပေမဲ့ အတိုက်ဓာတ်က သိပ်အားကောင်းလာရင် တုန်လှုပ်ပါသေးတယ် ဘုရား။ ကြာတော့ မကြာပါဘုရား၊ ရှုပွားလိုက်တာနဲ့ ပျောက်ပျက်ခဲ့ရပါတယ် ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော်ရဲ့စာလည်း အတော့်ကို ရှည်သွားပါပြီ ဘုရား။ ဘဝပြဿနာတွေကိုလည်း တင်ပြလို့ တော်တော်စုံသွားပါပြီ၊ ကိလေသာတွေ တောထနေတဲ့ လူ့လောကထဲမှ တပည့်တော်ရဲ့ဘဝပြဿနာတွေကို ဖြေရှင်းပေးမယ့် ဆရာတော်ဘုရား အမိန့်ရှိတာကို နာခံစောင့်စားရင်းနဲ့ တရားခွင်မှာ အနားယူနေပါတယ်ဘုရား။

ဆရာတော်ဘုရား သာသနာတော်အကျိုးကို ရာသက်ပန် သယ်ပိုးဆောင်ရွက်နိုင်ပါစေ။ တပည့်တော် စာအရေးအသား မကျွမ်းကျင်လို့ မှားမယ်၊ ရိုသေမှုကင်းတဲ့ အရေးအသား အသုံးအနှုန်းများ ပါခဲ့ရင် မေတ္တာ ကရုဏာ ရှေ့ထားပြီး ခွင့်လွှတ်တော်မူပါဘုရား။

ရှိခိုး ဦးတင်လျက်

(......)

ဖိတ်ခေါ်ပါသည် -

အို - စာရှသူ၊ ပြီးဆုံးခဲ့တဲ့ စာကို တစ်ဖန်ပြန်ပြီး ဖတ်ကြည့်ပါဦး၊ အမျိုးသမီးလောကတွင် ဤလို အမျိုးသမီးများ များစွာ ရှိပါသေးသည်။ သူတို့ရဲ့ဘဝပြဿနာများကို သူတို့ မဖြေရှင်းနိုင်ကြပါ။

ထိုသို့ မဖြေရှင်းနိုင်ကြသဖြင့် ဘဝလွတ်မြောက်ရေးအတွက် သီလရှင်ဝတ်ကာ တရားအားထုတ်ချင်ပါသော်လည်း အထ,မမြောက်၊ မအောင်မြင်၊ ဘဝဇာတ်လမ်းတွင် တစ်စခန်းပါဝင်ကာ ကပြရင်းနဲ့ပဲ ဘဝဇာတ်ခုံမှာ မြုပ်ခဲ့ရတာတွေ များခဲ့ပါပြီ။

ဘဝဇာတ်ခုံမှာ မမြုပ်ချင်လို့ ဘဝဇာတ်ခုံမှ ထွက်ကာ သီလရှင် ဝတ်ပြန်တော့လည်း ထောက်ပံ့မည့်သူတွေက အားနည်းမှုကြောင့် အခက်အခဲ တွေ့ရပြန်ပါသည်။

သို့အတွက် သီလရှင်များမှာ စွမ်းစွမ်းတမံနဲ့ အစွမ်းထွက်သူများ မပေါ်ထွက်နိုင်ခဲ့ပါ။ ယခုအခါ မိမိနှင့်ဆက်သွယ်မိလျက် သီလရှင် ဝတ်ချင်သူများတွင် ကိုးတန်း ဆယ်တန်း အောင်မြင်ပြီးသူများ၊ ဘွဲ့ရသူများ ရှိနေပါပြီ။

ယင်းတို့ကို ရှင်ရဟန်းများကဲ့သို့ ချမ်းသာစွာ ထောက်ပံ့နိုင်ရေးမှာ မိမိတစ်ပါးတည်းဖြင့် မနိုင်ပါ။ မိမိရဲ့ဓမ္မဒူတတောရ၌လည်း သံဃာ ၄၀ ကျော် ရှိနေပါ၍ ထောက်ပံ့ရေး လုပ်နေရပါသေးသည်။

သို့ဖြစ်၍ သီလရှင်များ စွမ်းစွမ်းတမံ သာသနာပြုနိုင်ရေးအတွက် ထောက်ပံ့လိုသူ မည်သူမဆို မိမိနှင့် ဆက်သွယ်ပါရန် ဖိတ်ခေါ်ပါသည်။ သီလရှင်ဝတ်စုံလှူ၍လည်းကောင်း၊ သီလရှင်ဒကာခံ၍လည်းကောင်း၊ စာအုပ်စာတမ်းလှူ၍လည်းကောင်း၊ ဆွမ်းဆန် လှူ၍လည်းကောင်း ထောက်ပံ့ရန် ဖိတ်ခေါ်ပါသည်။

- ✧ မိန်းမဘဝ၊ လူ့အောက်ကျ၊ နောက်ကျဖြစ်ရသည်။
- ✧ ဘဝကိုနာ၊ လောကခွာ၊ ကျွတ်ဌာကျင့်ရမည်။
- ✧ ဘဝကိုမေ့၊ မြပျော်မွေ့၊ လွတ်လေ့ မရှိပြီ။
- ✧ မိန်းမအများ၊ ကြင်သနား၊ ထောက်ထားသင့်ပါသည်။
- ✧ သီလရှင်များ၊ စာသင်ကြား၊ ကြိုးစားထောက်သင့်သည်။
- ✧ သီလရှင်သာသနာ၊ ထွန်းပြောင်ဌာ၊ ရည်ကာ ထောက်သင့်သည်။

# ဓာရဏပရိတ်

## (၁၉၁)

ဓာရဏပရိတ်ဟာ ဘုရားဟောပါလား ဘုရား။

ပရိတ် ဟူသည်မှာ ထက်ဝန်းကျင်မှ ဘေးရန် အန္တရာယ် အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်တတ်သော ဘုရားရှင်ရဲ့စကားတော်မြတ်များ ဖြစ်ပါတယ်။

ဖြစ်ဆဲ ဘေးရန်အန္တရာယ်၊ ဖြစ်ပေါ်လတ္တံ့သော ဘေးရန်အန္တရာယ်တို့ကို ငြိမ်းစဲပပျောက် မဖြစ်မရောက်အောင် စောင့်ရှောက်ကာကွယ်တတ်သော ဘုရားစကားတော် သုတ္တန်များသည် "ပရိတ်" မည်ပါတယ်။

မင်္ဂလသုတ်၊ ရတနသုတ် အစရှိသော ဘုရားဟော သုတ်တော်များ ရှိသည်။ ယင်းသုတ်တော်များကို ရွတ်ဖတ်သည် ရှိသော် ရွတ်ဖတ်သောသူ၊ နာကြားသောသူ နှစ်ဦးလုံးအားပင် မဖြစ်သေးသောဘေး၊ ဖြစ်လတ္တံ့သော ဘေးရန်အန္တရာယ်တို့ကို မဖြစ်ပေါ်ရအောင် ကာကွယ်စောင့်ရှောက်ခြင်း၊ ဖြစ်ပေါ်ရောက်ရှိနေဆဲဖြစ်သော ဘေးရန်အန္တရာယ်တို့ကို ငြိမ်းစဲပပျောက်အောင် စောင့်ရှောက်ကာကွယ်ခြင်း၊ ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေတို့ကို ဖြစ်ပွားစေခြင်း စသော ဂုဏ်ကျေးဇူး အထူးရှိကြသောကြောင့် "ပရိတ်" ဟူသော အမည်ထူးကို ရရှိပါတယ်။

ထိုပရိတ်တော်များကို ရွတ်ဖတ်ရာ၌ ဖော်ပြရာပါ အကျိုးအာနိသင်တို့ကို ရရှိခြင်းမှာ -

၁။ ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ သုံးပါး သို့မဟုတ် လေးပါး။

၂။ ပရိတ်နာယူသော ပုဂ္ဂိုလ်၏ အင်္ဂါ သုံးပါး သို့မဟုတ် လေးပါး။

ဤသို့ ရွတ်ဖတ်သူ နာယူသူ ပုဂ္ဂိုလ်နှစ်ဖက် အင်္ဂါ သုံးချက်စီ၊ လေးချက်စီ ညီညွတ်မှ ပြည့်စုံရရှိနိုင်ပါသည်။

### ရွတ်ဖတ်သူ၏ အင်္ဂါ

ထိုတွင် ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါတို့မှာ သုံးပါး၊ တစ်နည်း လေးပါးတို့ ရှိလေသည်။ ၎င်း သုံးပါး၊ လေးပါးတို့မှာ -

၁။ ပရိတ်ပါဠိတော်၏ ပုဒ် ပါဠိ အက္ခရာကိုကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း
၂။ ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို တိကျမှန်ကန်စွာ သိခြင်း
၃။ လာဘ်ပူဇော်သက္ကာရကို မငဲ့ကွက်ဘဲ မေတ္တာကရုဏာတရားကို ရှေ့သွားပြုကာ စင်ကြယ်စွာသော စိတ်ဖြင့် ပရိတ်တော်ကို ရွတ်ဖတ်ခြင်း

ဟူ၍ ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်၏ အင်္ဂါတို့သည် သုံးပါးတို့ ရှိလေ၏။ တစ်နည်းသော်လည်း ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်တို့၏ အင်္ဂါတို့မှာ လေးပါးတို့ ရှိလေသည်။ ၎င်းတို့မှာ -

၁။ ပရိတ်ပါဠိတော် ပုဒ်အက္ခရာကို ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း
၂။ ပရိတ်ပါဠိတော် အနက်အဓိပ္ပာယ်ကို တိကျမှန်ကန်စွာ သိခြင်း
၃။ လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်သောစိတ် မရှိခြင်း
၄။ မေတ္တာ ကရုဏာတရားကို ရှေ့သွားပြုကာ စင်ကြယ်စွာသောစိတ်ဖြင့် ပရိတ်တော်ကို ရွတ်ဖတ်ခြင်း

ဟူ၍ ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်အင်္ဂါတို့သည် လေးပါးတို့ ရှိ၏ ဟူ၍လည်း ဆိုသင့်ပါသည်။ ယင်းသို့ အင်္ဂါ သုံးပါး၊ လေးပါးတို့နှင့် ပြည့်စုံစွာ ရွတ်ဖတ်မှသာလျှင် ပရိတ်တော်၏ တန်ခိုးအာနုဘော်မှာ လွန်စွာကြီးမား၍ နာကြားသောသူတို့၏ မျက်မှောက်ဘဝဝယ် ဘေးအန္တရာယ် ငြိမ်းပြတ် ကင်းပျောက်လျက် ချမ်းသာခြင်းသို့ ရောက်နိုင်ပါသည်။

ယင်းသို့ ပရိတ်သည် ဆိုအပ်ခဲ့ပြီးသော အင်္ဂါသုံးပါး၊ လေးပါးတို့နှင့် ပြည့်စုံလျက် အလိုရှိအပ်သော အကျိုးများ ပြီးစီးနိုင်၏ ဟူ၍ မှတ်ယူပါ။

## ဓာရဏပရိတ်

ပရိတ်ရွတ် ခေတ်စားနေသော ယနေ့ခေတ်တွင် ဓာရဏပရိတ်သည်လည်း အပါအဝင် ဖြစ်၏။ ဓာရဏပရိတ် ရွတ်ဖတ်လို့ ရတဲ့ အကျိုးတွေမှာ များပြားပါ၏။ တစ်နေ့ မိမိကို ဒကာတစ်ယောက်က မေး၍ ဒီလိုပြောပြပါတယ်၊

ဒီ ဓာရဏပရိတ်တော်ဟာ ဘယ်ပရိတ်နဲ့မှ မနှိုင်းယှဉ်အပ်ပါ။ ဘယ်ပရိတ်နဲ့မှလည်း တူမျှခြင်း မရှိပါ။ ဘာပြုလို့လဲဆိုတော့ ဘုရားရှင်မှတစ်ပါး ဘယ်သူမှာမှ မရှိတဲ့ ဂုဏ်တော်တွေကို စုပေါင်းထားတဲ့ ပရိတ် ဖြစ်လို့ပါ။

ပြီးတော့ ဒီ ဓာရဏပရိတ်တော်ကို တကယ် အားကိုးယုံကြည်ပါလျှင် ဆင်းရဲဟူသမျှ မရောက်ရအောင် ကွယ်ကာထားနိုင်ပါတယ်၊ ဆင်းရဲတွေက ရှာမရအောင် ပုန်းအောင်းစရာလည်း ဖြစ်ပါတယ်။

ဒီ ဓာရဏပရိတ်တော်ဟာ သံသရာဘေးကို ကြောက်သူတို့၏ အားထားရာတွင် အမြတ်ဆုံးဖြစ်ပါတယ်။ အားထားသလောက်လည်း စောင့်ရှောက်နိုင်သော တန်ခိုးတေဇော်အာနုဘော် ရှိပါတယ်။

အဲဒီလို တန်ခိုးအာနုဘော်ကြီးတဲ့အတွက် ဒီ ဓာရဏပရိတ်တော်ကို ဆောင်လော့၊ ရွတ်လော့ မသိလျှင် မေးလော့လို့ တိုက်တွန်းထိုက်ပါတယ်။

အဲဒီ ဓာရဏပရိတ်တော်ကို ဆောင်မယ်၊ ရွတ်မယ် ဆိုရင် အဆိပ်မတက်နိုင်ပါဘူး၊ အဆိပ်မိ မသေနိုင်ပါဘူး၊ ရေမနစ်နိုင်ပါဘူး၊ မီး မလောင်နိုင်ပါဘူး၊ ဘေးအမျိုးမျိုးမှ လွတ်နိုင်ပါတယ်၊ ဘယ်သူမှ ကိုယ့်ကို တစ်ရက် နှစ်ရက် သုံးရက် လေးရက် မကောင်း မကြံနိုင်ပါဘူး။

ဒီ ဓာရဏပရိတ်ကို ရွတ်ဖတ်သူမှာ ရှုံးသွပ်သော ရောဂါလည်း မဖြစ်နိုင်ပါ၊ တွေဝေထိုင်းမှိုင်း၍လည်း မနေရပါ၊ လူများလည်း မညှဉ်းဆဲနိုင်ပါ၊ ဘီလူးများ နတ်များလည်း မညှဉ်းဆဲနိုင်ပါ။ မနိုပ်စက်နိုင် မဖျက်ဆီးနိုင်ပါ။

ဒီ ဓာရဏပရိတ်တော်ဟာ ကမ္ဘာတစ်သိန်းလုံး ကုန်အောင်လောင်သောအခါ တစ်ပြိုင်နက်ထွက်သည့် နေခုနစ်စင်း လောက် တန်ခိုးကြီးပါတယ်။

ဒီ ဓာရဏပရိတ်ကို ရွတ်ဖတ်သူဟာ ရေ့, မီး, မင်း, ခိုးသူ, မချစ် မနှစ်သက်သူ ဟူသော ရန်သူမျိုး ငါးပါးတို့ကို ပယ်ရှား တားဆီးနိုင်ပါတယ်။

ပြီးတော့ ဝတ်မွတ်ခေါင်းပါးခြင်းဘေး၊ အနာရောဂါဘေး၊ လက်နက်ဘေးတို့ကိုလည်း လွန်မြောက်နိုင်ပါတယ်။

အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေရသော်လည်း အ,ခြင်း၊ ဆွံ့,ခြင်း၊ နားပင်းခြင်း၊ ရူးသွပ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်းတို့မှ လွတ် ကင်းနိုင်ပါတယ်။

ဒီ ဓာရဏပရိတ် ရွတ်သူဟာ သစ်ပင်၊ တောင်ဝှမ်း၊ ချောက်ကမ်းပါး၊ လေယာဉ်ပျံပေါ်က ကျပြားသော်လည်း မသေ နိုင်ပါ။

ဒီ ဓာရဏပရိတ်ရဲ့စွမ်းအင်ကြောင့် မရသေးသော စည်းစိမ်ရာထူး ဂုဏ်သိန်တို့ကိုလည်း ရနိုင်ပါတယ်။ ရပြီးသော စည်းစိမ်ရာထူး ဂုဏ်သိန်တို့လည်း တိုးတက်နိုင်ပါတယ်။

ဟုတ်မှန်သောအားဖြင့် အရာရာမှာ မသိမှု အမှောင်ရှင်း၍ သိမြင်သော အလင်းကို ရနိုင်ပါတယ်။ ကောင်းတာတွေပဲ ဖြစ်ပေါ်လာပါတယ်။ မကောင်းတာတွေ မဖြစ်ပေါ်နိုင်ပါ။

စိတ်လည်း မဆင်းရဲရပါဘူး။ စိတ် အမြဲချမ်းသာရပါတယ်။ ကိုယ်စိတ်ချမ်းသာအောင် မြောဆို ပြုလုပ်ပေးတတ်သူ လူကောင်း နတ်ကောင်းတို့နှင့် ပေါင်းသင်းမိတတ်ပါတယ်။

ကိုယ်ကျိုး ယုတ်အောင် ပြောဆိုပြုလုပ် ကြံစည်တတ်သော လူယုတ် နတ်ယုတ်တွေနဲ့ မပေါင်းသင်းရပါဘူး။ ကျက် သရေရှိသော ကိုယ် ဖြစ်လာပါတယ်။ ကျက်သရေယုတ်သော ကိုယ် မဖြစ်ရပါ။

ဒီ ဓာရဏပရိတ်ရဲ့စွမ်းအင်ကြောင့် ကုသိုလ်ကောင်းမှုကိုသာ ဆောင်ရွက်ခွင့် ရပါတယ်။ မကောင်းမှု အကုသိုလ်ကို ပယ်ထုတ်နိုင်ပါတယ်။

ကောင်းသော အိပ်မက်ကိုသာ မြင်မက်ရပါတယ်။ မကောင်းသော အိပ်မက်တွေ မမြင်မက်ရပါဘူး။ ကောင်းသော အတိတ်နိမိတ်ကိုသာ မြင်တွေ့ရပါတယ်။ မကောင်းသော အတိတ်နိမိတ်ကို မမြင်တွေ့ရပါဘူး။

ဒီ ဓာရဏပရိတ်ရဲ့စွမ်းအင်ကြောင့် သေလောက်သော သစ်ပင်များ၊ သေမည့် သစ်ပင်များတောင်မှ ပြန်ရှင်လာနိုင်ပါ တယ်။ ရှင်နေတဲ့ သစ်ပင်များကို အာရုံပြု ရွတ်ရင်တော့ ရှေးကထက် စည်ကားပြီး သီးပွင့်ပါတယ်။

ဟုတ်မှန်သောအားဖြင့် အရာရာမှ မသိမှု အမှောင်ခွင်း၍ သိမြင်သော အလင်းကို ရနိုင်ပါတယ်။

ကိုယ့်ကို မကောင်းကြံသူတို့၏ အကြံကိုလည်း သိနိုင်ပါတယ်။ ဓား, လှံ, သေနတ် စသည်တို့ဖြင့် ထိုးခုတ် ပစ်ခတ်ခံရ သော်လည်း မထိရောက်နိုင်ပါ။

ရောဂါအမျိုးမျိုးတို့ကိုလည်း ပျောက်ကင်းစေနိုင်ပါတယ်။ အခံရ,ခက်သော ရောဂါ၊ ရုပ်ပျက် ဆင်းပျက် ရောဂါတို့ မစွဲကပ်နိုင်ပါ။ ကြိုးနှင့် တုပ်ထားခြင်း၊ လက်ထိပ်ခတ်ထားခြင်း၊ ထောင်သွင်းအကျဉ်းချထားခြင်းတို့မှလည်း လွတ်စေနိုင်ပါတယ်။

## ပြည့်စုံခြင်း

- အကျိုးတွေ တယ်များပါလားလို့ မထင်လိုက်နဲ့ဦး၊ အဲဒီ အကျိုးတွေ ရတာဟာ အဲဒီ ပရိတ်ရွတ်ဖတ်သူရဲ့ ပြည့်စုံခြင်း သမ္ပတ္တိ နှစ်ပါးနှင့် ပြည့်စုံမှ ရပါတယ်။ အဲဒီ နှစ်ပါးက ဘာလဲဆိုတော့ -

၁။ လုံ့လအားထုတ်မှု၏ပြည့်စုံခြင်း "ပယောဂသမ္ပတ္တိ"

၂။ အလိုဆန္ဒ၏ပြည့်စုံခြင်း "အဇ္ဈာသယသမ္ပတ္တိ"

ရယ်လို ပြည့်စုံခြင်း သမ္ပတ္တိ နှစ်မျိုးဖြစ်ပါတယ်။ အဲဒီ နှစ်မျိုးမှာ –

၁။ ပရိတ်ပါဠိတော် အနက် အဓိပ္ပာယ်ကို သိခြင်း၊ ပုဒ် ပါဌ် အက္ခရာ ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်းကို "ပယောဂသမ္ပတ္တိ" ခေါ်ပါတယ်။

၂။ လာဘ်ပူဇော်သက္ကာရကို လိုလားတပ်မက် ငဲ့ကွက်ခြင်း မရှိဘဲ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ် ထွက်မြောက်ကြောင်း အဖို့၌ တည်၍ မေတ္တာ၊ ကရုဏာ ပြဌာန်းသော မဟာကုသိုလ်စိတ်ဖြင့် ရွတ်ဆိုခြင်းကို "အဇ္ဈာသယသမ္ပတ္တိ" ခေါ်ပါတယ်။

## ပျက်စီးခြင်း

ပြည့်စုံခြင်းကို ပြောင်းပြန် ပြန်လိုက်လျှင် ပျက်စီးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပရိတ်ရွတ်သောပုဂ္ဂိုလ်၏ ပျက်စီးခြင်းကလည်း နှစ်မျိုးရှိပါတယ်။ အဲဒီ နှစ်မျိုးက ဘာတွေလဲဆိုတော့ –

၁။ လုံ့လအားထုတ်မှု ပျက်စီးဖောက်ပြန်ခြင်း "ပယောဂဝိပတ္တိ"

၂။ အလိုဆန္ဒ၏ ပျက်စီးဖောက်ပြန်ခြင်း "အဇ္ဈာသယဝိပတ္တိ"

ရယ်လို ပျက်စီးဖောက်ပြန်ခြင်း ဝိပတ္တိ နှစ်မျိုးတို့ ဖြစ်ပါတယ်။ အဲဒီ နှစ်မျိုးမှာ –

၁။ ပရိတ်ပါဠိတော်မှာ အနက်အဓိပ္ပာယ်ကို မသိခြင်း၊ ပုဒ် ပါဌ် အက္ခရာ ကျနမှန်ကန်စွာ မရွတ်နိုင်ခြင်းများကို "ပယောဂဝိပတ္တိ" ခေါ်ပါတယ်။

၂။ လာဘ် ပူဇော်သက္ကာရကို လိုလားတပ်မက် ငဲ့ကွက်လျက် ရွတ်ဆိုခြင်းကို "အဇ္ဈာသယဝိပတ္တိ" ခေါ်ပါတယ်။

ဒါကြောင့် ပရိတ်ရွတ်ဖတ်သော ပုဂ္ဂိုလ်သည် ယခုပြောခဲ့တဲ့ ပျက်စီးခြင်း "ဝိပတ္တိ" နှစ်ပါးကို ပယ်ရှားစွန့်ပစ်၍ ပြည့်စုံခြင်း "သမ္ပတ္တိ" နှစ်ပါးတို့နှင့် ပြည့်စုံညီညွတ်စွာ ပရိတ်တော်ကို ရွတ်ဆိုသင့်ပါတယ်။ အဲဒီလို ရွတ်ဆိုမှသာလျှင် ပရိတ်တော်ရဲ့ တန်ခိုး အာနိသင်ကို နာယူသော သူတို့ မချွတ်ကေန် အမှန်ရနိုင်ပါတယ်။

## ပရိတ်နာသူ အင်္ဂါ

ပရိတ်ရွတ်ဖတ်သူမှာသာ အင်္ဂါတွေ လိုတာ မဟုတ်သေးပါဘူး။ ပရိတ်နာယူသော သူမှာလည်း အင်္ဂါတွေ လိုပါသေးတယ်။ အဲဒီ နာယူသူရဲ့ အင်္ဂါကလည်း သုံးပါးလည်း ရှိပါတယ်။ တစ်နည်း လေးပါးလည်း ရှိပါတယ်။ ၎င်းတို့မှာ –

၁။ ပဉ္စာနန္တရိယကံ ငါးပါးတည်းဟူသော ကမ္မန္တရာယ် မရှိခြင်း

၂။ နိယတ မိစ္ဆာဒိဋ္ဌိတည်းဟူသော ကိလေသန္တရာယ် မရှိခြင်း

၃။ ပရိတ်ပါဠိတော်၏ ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်လည်းပြည့်စုံခြင်း ဆိုတဲ့ အင်္ဂါသုံးပါးဟာ ပရိတ်နာယူသောသူရဲ့ အင်္ဂါသုံးပါးတို့ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ပရိတ်နာယူသောသူရဲ့ အင်္ဂါတို့ဟာ လေးပါးတို့ ရှိပါတယ်။ ၎င်းတို့မှာ –

၁။ ပဋ္ဌာနန္တရိယကံ ငါးပါးတည်းဟူသော ကမ္မန္တရာယ် မရှိခြင်း

၂။ နိယတ မိစ္ဆာဒိဋ္ဌိတည်းဟူသော ကိလေသန္တရာယ် မရှိခြင်း

၃။ ပရိတ် ပါဠိတော်၏ ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း

၄။ ပရိတ်ပါဠိတော်ကို ရိုသေစွာ နာယူခြင်း

ဆိုတဲ့ အင်္ဂါလေးပါးတို့ဟာ ပရိတ်နာသောသူရဲ့ အင်္ဂါလေးပါးတို့ ဖြစ်ပါတယ်။ အဲဒီ အင်္ဂါသုံးပါး၊ လေးပါးတို့မှ လွတ်ကင်းသော ပရိတ်နာယူသူတို့အား ပရိတ်တော်သည် ဘေးအန္တရာယ်ကင်းရှင်းအောင် စောင့်ရှောက်နိုင်ပါတယ်။

## ပျက်စီးခြင်း

ပရိတ်ရွတ်ဖတ်သော သူမှာသာ ပျက်စီးခြင်း၊ ပြည့်စုံခြင်းတွေ ရှိတာမဟုတ်ပါဘူး။ ပရိတ်နာယူသောသူမှာလည်း ပျက်စီးခြင်း၊ ပြည့်စုံခြင်းတွေ ရှိပါတယ်။ ပျက်စီးခြင်းက နှစ်ပါး၊ ပြည့်စုံခြင်းက နှစ်ပါး ရှိပါတယ်။ ပျက်စီးခြင်း နှစ်ပါးဆိုတာက -

၁။ လုံ့လ အားထုတ်မှု၏ ပျက်စီးခြင်း "ပယောဂဝိပတ္တိ"

၂။ အလိုဆန္ဒ၏ ပျက်စီးခြင်း "အဇ္ဈာသယဝိပတ္တိ"

ရယ်လို့ ပျက်စီးခြင်း "ဝိပတ္တိ" နှစ်မျိုး ရှိပါတယ်။ အဲဒီ နှစ်မျိုးမှာ -

၁။ ပရိတ်ပါဠိတော်ကို ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုး ရှိခိုးမှု ပြုကာ မနာယူနိုင်ခြင်း၊ ပရိတ်အာရုံမှတစ်ပါး အခြားအာရုံသို့ မိမိစိတ်ကို မသွားစေဘဲ ကောင်းမွန်တည်ကြည် ငြိမ်သက်စွာ မနာယူခြင်းတို့ ဖြစ်ပါတယ်။

၂။ ပရိတ်တော်၏ ဂုဏ်ကျေးဇူး တန်ခိုးအာနုဘော်တို့ကို မယုံကြည်ခြင်း၊ ပရိတ်တရားတော်နာ ဖိတ်ကြားလာသူ၏ မျက်နှာကိုသာ ငဲ့ကွက် ထောက်ထားကာ နာယူခြင်းများ ဖြစ်ပါတယ်။

## ပြည့်စုံခြင်း

ပရိတ်နာသူရဲ့ ပျက်စီးခြင်း ဝိပတ္တိဟာ နှစ်မျိုးရှိသလို ပြည့်စုံခြင်း သမ္ပတ္တိဟာလည်း နှစ်မျိုးရှိပါတယ်။ နှစ်မျိုးက ဘာတွေလဲ ဆိုတော့ -

၁။ လုံ့လအားထုတ်မှုပြည့်စုံခြင်း "ပယောဂ သမ္ပတ္တိ"

၂။ အလိုဆန္ဒပြည့်စုံခြင်း "အဇ္ဈာသယ သမ္ပတ္တိ"

ရယ်လို့ ပြည့်စုံခြင်း သမ္ပတ္တိ (၂) မျိုး ဖြစ်ပါတယ်။ အဲဒီနှစ်မျိုးမှာ -

၁။ ပရိတ်ပါဠိတော်ကို ရိုသေလေးမြတ်စွာ လက်အုပ်ချီမိုး ရှိခိုးနာယူခြင်း၊ ပရိတ်အာရုံမှတစ်ပါး အခြားအာရုံသို့ မိမိစိတ်ကို မသွားစေဘဲ ကောင်းမွန်တည်ကြည် ငြိမ်သက်စွာ နာခြင်းများကို "ပယောဂသမ္ပတ္တိ" လို့ ခေါ်ပါတယ်။

၂။ ပရိတ်တော်၏ဂုဏ်ကျေးဇူး တန်ခိုးအာနုဘော်တို့ကို ယုံကြည်ခြင်း၊ ပရိတ်တရားတော်နာ ဖိတ်ကြားလာသူ၏မျက်နှာကိုငဲ့ကွက်ထောက်ထား၍မဟုတ်ဘဲ ကောင်းမွန်သောကုသိုလ် သမ္မာဆန္ဒဖြင့် နာယူခြင်းများကို "အဇ္ဈာသယသမ္ပတ္တိ" လို့ ခေါ်ပါတယ်။

ပရိတ်တရားတော်ကို နာယူသော ပုဂ္ဂိုလ်ဟာ ယခုပြောခဲ့တဲ့ ပျက်စီးခြင်း "ဝိပတ္တိ" နစ်ပါးကို ပယ်ရှားစွန့်ပစ်၍ ပြည့်စုံခြင်း "သမ္ပတ္တိ" နစ်ပါးနှင့် ပြည့်စုံညီညွတ်စွာ နာယူသင့်ပါတယ်။

အဲဒီကဲ့သို့ နာယူမှသာလျှင် ဘေးအန္တရာယ် ကင်းခြင်း အစရှိသော ပရိတ်တော်၏ အကျိုးအာနိသင်ကို မချွတ်ကေန် အမှန်ရနိုင်ပါတယ်လို့ မှတ်ပါ။ သို့မဟုတ်က မရနိုင်ဘူးလို့ မှတ်ပါ။

အချုပ်ပြောရရင် ပရိတ်ရွတ်သော ပုဂ္ဂိုလ်တို့မှာလည်း ပျက်စီးခြင်း "ဝိပတ္တိ" နစ်ပါးကို ရှောင်ရှား၍ပြည့်စုံခြင်း "သမ္ပတ္တိ" နစ်ပါးနှင့် ပြည့်စုံစေပြီး ရွတ်ရသလို နာယူသောပုဂ္ဂိုလ်တို့မှာပါ ပျက်စီးခြင်း "ဝိပတ္တိ" နစ်ပါးကို ရှောင်ရှား၍ပြည့်စုံစေခြင်း "သမ္ပတ္တိ" နစ်ပါးနှင့် ပြည့်စုံစေပြီး နာယူမှသာလျှင် ပရိတ်အကျိုး ကြီးမယ်လို့ သေသေချာချာ မှတ်ပါ။

## ဘုရားဟောလား ဘုရား

"အရှင်ဘုရား၊ ဓာရဏပရိတ်ရဲ့အကျိုးတွေ၊ ပရိတ်ရွတ်ဖတ်သူရဲ့အင်္ဂါတွေ ပြည့်စုံမှု၊ ပျက်စီးမှု ပရိတ်နာမှုရဲ့အင်္ဂါတွေ ပြည့်စုံမှု၊ ပျက်စီးမှုတွေ သိရပါပြီဘုရား၊ အဲဒီဓာရဏပရိတ်ဟာ ဘုရားဟောပါလား ဘုရား"

"ဟင့်အင်း၊ ဓာရဏပရိတ်ဟာ ဘုရားဟော မဟုတ်ပါဘူး"

"ဟင်"

"ဘာ ဟင်တာလဲ"

"ဘာဟင်တာလဲဆိုရင် တပည့်တော်က ဓာရဏပရိတ်ကို ဘုရားဟော ထင်နေတာ။ အရှင်ဘုရားက ဘုရားဟော မဟုတ်ဘူးဆိုတော့ ဟင်ပါတယ် ဘုရား"

"နို့ - ဟုတ်မှ မဟုတ်တာ၊ မဟုတ်ဘူး ပြောရတာပေါ့"

"ဘုရားဟော မဟုတ်ဘဲနှင့် ဓာရဏပရိတ်တော်ဟာ ဘာဖြစ်လို့ ဒီလောက်အကျိုးကြီးတန်ခိုးကြီးပါသလဲ ဘုရား"

"နေဦး၊ နေဦး၊ ဒီလိုဆိုရင် ကျယ်ကျယ်လေးပြောမှ နားလည်ပါမယ်၊ ကျဉ်းကျဉ်း ဖြေလို့ နားလည်မှာ မဟုတ်ပါဘူး"

"ဒါဖြင့် ကျယ်ကျယ်လေး ဖြေပါဘုရား"

"ဓာရဏ" ဆိုတာ ပါဠိစကားလုံးပါ၊ မြန်မာလိုကတော့ "ဆောင်ခြင်း" လို့ အဓိပ္ပာယ်ရပါတယ်၊ ဆောင်ထားသင့်တဲ့ ဘုရားဂုဏ်တော်တွေကို ဆောင်ထားလျှင် အကျိုးကျေးဇူး အင်မတန်ကြီးလို့ အန္တရာယ်တွေကို ကာကွယ်တားဆီးလို့ "ဓာရဏ ပရိတ်" လို့ အမည်တပ်ပြီး ရှေးဆရာတော်ကြီးများ စီစဉ်ထားတဲ့ ပရိတ်ပါ။

"ရှေးဆရာတော်ကြီးများက ဘယ်လို တရားဂုဏ်တော်တွေကို ဆောင်ထားသင့်လို့ ဓာရဏပရိတ်လို့ စီစဉ်ထားပါ သလဲ ဘုရား"

"ဘုရားရှင်မှာ ဘယ်သူမှ အန္တရာယ်မပြုနိုင်တဲ့ ဂုဏ် (၄)ပါး ရှိပါတယ်။ အဲဒီ ဂုဏ် (၄)ပါးကို ဓာရဏပရိတ်တော်ရဲ့ အစမှာ ထည့်ထားပါတယ်"

"အလယ်မှာ ဘုရားရှင်မှာသာရှိတဲ့ တခြား ဘယ်ပုဂ္ဂိုလ်မှာမှ မရှိတဲ့ သီးခြားအာဝေဏိက ဂုဏ်တော် (၁၈)ပါးကို ထည့်ထားပါတယ်၊ အထူးသဖြင့် အဲဒီ အာဝေဏိကဂုဏ်တော် (၁၈)ပါးကို လူတိုင်း ဆောင်စေချင်လို့ "ဓာရဏပရိတ်" လို့ အမည်တပ်ထားတာပါ"

"ပြီးတော့ အဲဒီ အာဝေဏိကဂုဏ်တော် (၁၈) ပါးရဲ့အဆုံးမှာ ဘုရား (၇) ဆူတို့ကို ရှိခိုးဆုတောင်းပါတယ်။ နောက်ဆုံးမှာ သစ္စာဓိဋ္ဌာန်ပြုပြီး အဆုံးသတ်ထားပါတယ်"

"အရှင်ဘုရား၊ အဲဒီဓာရဏပရိတ်တော်ကို ဆောင်ပါသေးသလား ဘုရား"

"ဘုန်းကြီးလည်းဆောင်တယ်၊ ဘုန်းကြီး ဓမ္မဒူတတောရရှိ သံဃာတော် (၄၀) ကျော်တို့လည်း ဆောင်ပါတယ်။ တနင်္ဂနွေနေ့ ရွတ်ဖတ်တဲ့ ဝတ်ရွတ်စဉ်မှာ ထည့်ပြီး ရွတ်ပါတယ်"

"အရှင်ဘုရားရွတ်တဲ့ ဓာရဏပရိတ်တော်ကို တပည့်တော် နာယူချင်ပါတယ် ဘုရား"

"အမယ်လေး၊ မေးလည်း မေးတယ်၊ ရွတ်လည်း ရွတ်ခိုင်းသေးတယ်၊ မသေသေးဘူးလား"

"မသေနိုင်သေးပါဘူး ဘုရား"

"အစဉ်သနား စောင့်ရှောက်ချီးမြှောက်သောအားဖြင့် ရွတ်ဖတ်တော်မူပါ ဘုရား"

"ကဲ - ကဲ - နားထောင်၊ နားထောင်"

## ဓာရဏပရိတ်တော်

၁။ ဗုဒ္ဓါနံ ဇိဝိတာသာ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

၃။ ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

၄။ ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

## အာဝေဏိကဂုဏ်တော် (၁၈) ပါး

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ၊

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ၊

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ၊
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

၇။ နတ္ထိ ဆန္ဒဿ ဟာနိ၊

၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊

၉။ နတ္ထိ ဝီရိယဿ ဟာနိ၊

၁၀။ နတ္ထိ သမာဓိဿ ဟာနိ၊

၁၁။ နတ္ထိ ပဉ္ဉာယ ဟာနိ၊

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

၁၃။ နတ္ထိ ဒဝါ၊

၁၄။ နတ္ထိ ရဝါ၊

၁၅။ နတ္ထိ အဖုဋ္ဌံ၊

၁၆။ နတ္ထိ ဝေဂါယိတတ္တံ၊

၁၇။ နတ္ထိ အဗျာဝဋမနော၊

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ၊

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။ သသဒ္ဓမ္မဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သဉာတိဂဏံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု မယှမေဝ စိရံသဒါ။

တဒေဝ ဝစနံ သစ္စံ၊ ဘဂဝန္တံ နမာမဟံ။

ဧတေန သစ္စပုညေန၊ စိန္တာ မယှံ သမိဇ္ဈတံ။

"ဒါ ဘုန်းကြီးရတဲ့ ဓာရဏပရိတ်၊ ဘုန်းကြီးဆောင်ထားတဲ့ ဓာရဏပရိတ်ပါပဲ"

"ဟင် - အရှင်ဘုရားရတဲ့ ဆောင်ထားတဲ့ ဓာရဏပရိတ်ကလည်း တပည့်တော်ရထားတဲ့ ဓာရဏပရိတ်နဲ့လည်း မတူပါလား ဘုရား"

"မတူဆိုရင် ဘုန်းကြီးက ဘုရားရှင်ရဲ့ အန္တရာယ်မပြုနိုင်တဲ့ ဂုဏ်(၄)ခိုင် ထည့်ရွတ်တော့ ဒကာကြီးရတဲ့ ပရိတ်တော် ထက် ပိုတယ်"

"ပြီးတော့ အာဝေဏိကဂုဏ်တော် (၁၈)ပါးမှာလည်း အဆုံးသတ်လျက် ဘုရားရှိခိုးဆုတောင်းတွေ ထည့်လိုက်တော့ အကျိုးတွေ မပါလို့ ပိုတယ်"

"ဒါဖြင့် အရှင်ဘုရားဆောင်ထားတဲ့၊ ရတဲ့ ဓာရဏပရိတ်တော်ကို အစအဆုံး အနက်ပေးပြပါဦး ဘုရား"

"လာ - လာသေးတော့တယ်၊ ပါဠိရွတ်ပြီးတော့ အနက်တဲ့၊ ကဲ - ကဲ နားထောင်၊ နားထောင်"

"မှန်ပါဘုရား"

## ဓာရဏပရိတ် ပါဠိ - အနက်

## အန္တရာယ်မပြုနိုင် ဂုဏ် (၄) ခိုင်

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဇီဝိတဿ၊ အသက်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစ်စုံ တစ်ယောက်သောသူမျှပင်။ ကာတုံ၊ ပျက်စီးအောင်ပြုလုပ်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။

၂။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏။ အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်၊ ကာတုံ၊ ပျက်စီးအောင်ပြုလုပ်ခြင်းငှာ၊ နသက္ကာ၊ မတတ်နိုင်။

၃။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏၊ အသီတိဟတ္ထာနံ၊ ရှေးရှုဆောင်အပ်ကုန်သော၊ စတုန္နံ၊ လေးပါးကုန်သော၊ ပစ္စယာနံ၊ ပစ္စည်းတို့၏။ အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်၊ ကာတုံ၊ ပျက်စီးအောင်ပြုလုပ်ခြင်းငှာ၊ နသက္ကာ၊ မတတ်နိုင်။

၄။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ အသီတိယာနုဗျဉ္ဇနာနံဝါ၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့၏ လည်းကောင်း၊ ဗျာမပ္ပဘာယဝါ၊ တစ်လံမျှလောက်သော ကိုယ်တော်ရောင်၏လည်းကောင်း၊ အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်၊ ကာတုံ၊ ပျက်စီးအောင်ပြုလုပ်ခြင်းငှာ၊ နသက္ကာ၊ မတတ်နိုင်၊

ဣမေသံ - စတုန္နံ၊ သက်တော်ဉာဏ်တော် ပစ္စည်းတော်နှင့် ကိုယ်တော်ရောင်ခြည် ဤလေးမည်တို့၏၊ အန္တရာယော၊ အန္တရာယ်ကို၊ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်၊ ကာတုံ၊ ပျက်စီးအောင်ပြုလုပ်ခြင်းငှာ၊ န သက္ကာ၊ မတတ်နိုင်၊ တထာ၊ ထိုနည်းမခြား အလားတူစွာ၊ မေ၊ တပည့်တော်အား၊ ဟောတု၊ ဖြစ်ပါစေသတည်း။

## အာဝေဏိဂုဏ်တော် (၁၈)ပါး

၁။ အတီတံသေ၊ ရှေးရှေးဘဝ အတိတ်ကာလျှင် တွေ့ရှသမျှ တရားအစုဥ်၊ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေခြား မြတ်ဘုရား၏၊ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်၊ အပ္ပဋိဟတံ၊ မောဟမှောင်ကြီး ရှေးကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။

၂။ အနာဂတံသေ၊ နောက်နောက်လာလတ္တံ့ အနာဂတ်ဝယ် တွေ့အပ်သမျှ တရားအစုဥ်၊ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေခြား မြတ်ဘုရား၏၊ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝ စုံလင် အကုန်မြင်သော ဉာဏ်တော်သည်၊ အပ္ပဋိဟတံ၊ မောဟမှောင်ကြီး ရှေးကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။

၃။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်ခဏ စုဘဝဝယ် တွေ့ရှသမျှ တရားအစုဥ်၊ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေခြား မြတ်ဘုရား၏၊ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်၊ အပ္ပဋိဟတံ၊ မောဟမှောင်ကြီး ရှေးကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။

တီဟိ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်ကုန်သော၊ ဣမေဟိ ဓမ္မေဟိ၊ ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်၊ သမ္မန္နာဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော၊ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေခြား မြတ်စွာဘုရား၏၊

၄။ သဗ္ဗံ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုရန် ကာယကံ မှန်သမျှသည်၊ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ် တော်တရား ရှေ့သွားရှိသည်ဖြစ်၍၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက်လိုက်ရပေသည်တကား။

၅။ - သဗ္ဗံ ဝစီကမ္မံ၊ နှုတ်ဖြင့်ပြောရန် ဝစီကံ မှန်သမျှသည် သတိတမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွား ရှိသည်ဖြစ်၍၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက်လိုက်ရပေသည်တကား။

၆။ သဗ္ဗံ မနောကမ္မံ၊ စိတ်ဖြင့်ကြံရန် မနောကံ မှန်သမျှသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော် တရား ရှေ့သွားရှိသည်ဖြစ်၍။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက် လိုက်ရပေ သည်တကား။

ဆဟိ၊ ကာလသုံးတန် ကံလည်းသုံးပါး ဤသို့အားဖြင့် ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဆီးတား ကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေခြား မြတ်စွာဘုရား၏။

၇။ ဆန္ဒဿ၊ သတ္တဝါထိုထို စီးပွားကိုလျှင် ပြုလိုသောအား ကြီးမားသောဆန္ဒတော်၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန် ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

၈။ ဓမ္မဒေသနာယ၊ တရားဓမ္မ ဩဝါဒကို နေ့ညခပင်း ဟောပြခြင်း၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန်ခြင်းကြောင့် မတင်း နိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေမရှိပါချေတကား။

၉။ ဝီရိယဿ၊ ပရိယတ် ပဋိပတ်၌ မပြတ်ကြိုးကုတ် အားထုတ်နိုင်သော ဝီရိယတော်၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန် ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏ အနေ မရှိပါချေတကား။

၁၀။ သမာဓိဿ၊ အာရုံတစ်ခု စူးစိုက်ရှု၍ စိတ်စုမြဲမြောင် တည်တန့်အောင် ထားနိုင်သော သမာဓိတော်၏။ ဟာနိ၊ သတ္တိ ချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေမရှိပါချေတကား။

၁၁။ ပညာယ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်သိမြင်သော ပညာတော်၏။ ဟာနိ၊ သတ္တိချို့ယွင်း အား ကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါ ချေတကား။

၁၂။ ဝိမုတ္တိယာ၊ ကိလေသာမာရ် သူပုန်ရန်မှ ဧကန်သန့်ရှင်း လွတ်ကင်းသော အရဟတ္တဖိုလ်၏။ ဟာနိ၊ သတ္တိ ချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလသမယမှ ခဏအနေ မရှိပါ ချေတကား။

ဒွါဒသဟိ၊ ကာလသုံးတန် ကံလည်းသုံးဝ ဓမ္မခြောက်ပါး ဤသို့အားဖြင့် တစ်ဆယ့်နှစ်ပါးကုန်သော။ ဣမေ ဟိ ဓမ္မေဟိ၊ ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံ ပေခြား မြတ်စွာ ဘုရား၏။

၁၃။ ဒဝါ၊ အကျိုးမဖက် အပျက်အချော် ပြုမှုသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

၁၄။ ရဝါ၊ မဆင်မခြင် စိတ်၌ထင်သော် အလျင်ပြောမှု ပြုလုပ်မှုသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါ ချေတကား။

၁၅။ အဖုဋ္ဌံ၊ ဉာဏ်တော်မပျံ့မနှံ့စပ်သော ကိစ္စသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေ တကား။

၁၆။ ဝေဂါယိတတ္တံ၊ မြင်ရသူများ လန့်၍သွားအောင် ပြေးသွားသမှု အဟုန်ဖြင့် ပြုရသည်၏ အဖြစ်သည်။ နတ္ထိ ဘယ်ခါ ကာလသမယမှ ခဏအနေ မရှိပါချေတကား။

၁၇။ အဗျာဝဋမနော၊ သတ္တဝါအမျိုးမျိုး စီးပွားတိုးအောင် အကျိုးမငဲ့ ကြောင့်ကြမဲ့စိတ်သည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

၁၈။ အပ္ပဋိသင်္ခါနုပေက္ခာ၊ စဉ်းစားသမှ ဉာဏ်ဖြင့်မပြုဘဲ လျစ်လျူရှုကာ ဥပေက္ခာလည်း။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

အဋ္ဌာရသဟိ၊ ကာလသုံးတန် ကံလည်းသုံးဝ ဓမ္မခြောက်သွယ် ပြုဖွယ်ခြောက်ပါး၊ ဤသို့အားဖြင့် များပြားဘိတုံ တစ်ဆယ့်ရှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေပြား မြတ်စွာဘုရားအား။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပျက်စီးအောင် ပြုလုပ်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထိုနည်းမခြား အလားတူစွာ။ မေ၊ ဘုရားတပည့်တော်အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ဆုတောင်း

သသဒ္ဓမ္မဂဏုတ္တမော၊ သဒ္ဓမ္မသုံးပါး မြတ်သော အရိယာဂိုဏ်း ရှစ်ပါးတို့နှင့်လည်း တကွဖြစ်တော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ သိစရာ မှန်သမျှတို့ကို တစ်စမကျန် အမှန်အတိုင်းသာ ဆရာမလို ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ သပရိဝါရံ၊ ခြွေရံသင်းပင်းနှင့် တကွသော။ သဉာတိဂဏံ၊ ဆွေမျိုးအပေါင်းနှင့် တကွသော။ မံ၊ ဘုရားတပည့်တော်ကို။ စိရံ၊ ကြာမြင့်စွာ။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ မယှမေဝ၊ ဘုရားတပည့်တော်အားသာလျှင်။ စိရံ၊ ကြာမြင့်စွာ။ သဒါ၊ အခါခပ်သိမ်း။ သဗ္ဗကာမဒဒေါ၊ ခပ်သိမ်းလိုအင် စုံလင်စေမှု အောင်ဆုပေးတော်မူသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

တဒေဝ ဝစနံ၊ တစ်ဆယ့်ရှစ်ပါး အာဝေဏိက ဘုရားကျေးဇူး ဂုဏ်အထူးတို့ကို ချီးကျူးကြည်ညို ဖွင့်ဆိုမြွက်ကြား ထိုစကားသည်သာလျှင်။ သစ္စံ၊ မတိမ်းမစောင်း ကောင်းမြတ်ဇေကန် စင်စစ်မှန်၏။ ဘဂဝန္တံ၊ အာဝေဏိက ဓမ္မဘုန်းဟုန် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ဘုရားအာရုံ ကိုယ်လုံးထုံ၍ ကြည်ယုံကော်ရော် တပည့်တော်သည်။ နမာမိ၊ ကိုယ် နှုတ် နလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွှတ်ပါ၏။ မြတ်စွာဘုရား။ ဧတေန သစ္စဝဇ္ဇေန၊ ဗုဒ္ဓဓမ္မ ဌာရသကို ထုတ်ဆိုသစ္စာ သဒ္ဓါမြတ်နိုး ရှိခိုးဦးညွှတ်ရပါသော ကောင်းမှုကုသိုလ် စေတနာတို့ကြောင့်။ မယှံ၊ ဘုရားအာရုံ ကိုယ်လုံးထုံ၍ ကြည်ယုံကော်ရော် တပည့်တော်၏။ စိန္တာ၊ လောကီ လောကုတ် ပစ္စုပ်သံသာ နှစ်ဖြာအကျိုး ပွားတိုးဖို့ရန် တောင့်တအပ်သမျှ ကောင်းမြတ်သော အကြံအစည်သည်။ သမိဇ္ဈတံ – သမိဇ္ဈတု၊ ကြံစည်သည့်အတိုင်း မဆိုင်းလျင်စွာ ပြည့်စုံအောင်မြင်ပါစေသတည်း။

ကဲ – အဲဒါ ဘုန်းကြီး အမြဲတမ်း ရွတ်ဖတ်နေတဲ့ ဓာရဏပရိတ်တော်ရဲ့ အနက်အဓိပ္ပာယ်ပါပဲ"

"အရှင်ဘုရား၊ တပည့်တော် အရှင်ဘုရား ရွတ်ဖတ်ဆောင်ထားတဲ့ ဓာရဏပရိတ်တော်ကို ပိုပြီးတော့ သဘောကျပါတယ် ဘုရား"

"သဘောကျရင် ဆောင်ထားပြီး ရွတ်ဖတ်သရဇ္ဈာယ်ပေါ့၊ ကောင်းကျိုးဖြစ်ပါလိမ့်မယ်"

"မှန်ပါ၊ တပည့်တော် ဒီကနေ့ကနေ စပြီး အမြဲမပြတ် ရွတ်ဖတ်ပါမယ်လို့ အာမခံပါတယ် ဘုရား"

"သာဓု သာဓု သာဓု"

✦ သဒ္ဒါအနက်၊ ယိုယွင်းကွက်၊ ပျက်ဘိ ပယောဂ။

✦ စိတ်နေယွင်းကွက်၊ လာဘ်ကိုမက်၊ ပျက်ဘိ အာသယ။

✦ သဒ္ဒါနက်စုံ၊ နှုတ်အာဂုံ၊ ပြည့်စုံ ပယောဂ။

✦ လာဘ်မငဲ့တုံ၊ မေတ္တာထုံ၊ ပြည့်စုံ အာသယ။

✦ ပရိတ်ရွတ်သူ၊ အင်္ဂါဟူ၊ မှတ်ယူ ပဏ္ဍိတ။

✦ အနန္တရိ၊ ကံပဉ္စိ၊ မရှိ တအင်္ဂါ။

✦ နိယတဒိဋ္ဌိ၊ ကိလေသိ၊ မရှိ တအင်္ဂါ။

✦ သဒ္ဒါတရား၊ ပြည့်စုံငြား၊ မှတ်သား တအင်္ဂါ။

✦ ရှိသေလေးစား၊ နာယူငြား၊ မှတ်သား တအင်္ဂါ။

✦ ဤသည့်လေးပါး၊ ပြည့်စုံငြား၊ နာကြား ဘေးကင်းကွာ။

# အမျိုးသမီးများအဖို့ ဆုံးရှုံးမှု ကြီးမားလွန်းပါတယ်ဘုရား

(၁၄၂)

"ရဟန်းတို့၊ သစ္စာလေးပါး အမှန်တရားတို့ကို မသိခြင်းကြောင့် ငါဘုရားရော သင်တို့ပါ ရှည်လျားလှစွာ သံသရာ ကာလပတ်လုံး ကျင်လည်ပြေးသွားခဲ့ရပြီ"

ဟူသော ဘုရားရှင်၏ မိန့်ခွန်းတော်အရ သစ္စာလေးပါး မသိခြင်းမှာ သံသရာရှည်ခြင်း အကြောင်းဖြစ်၍ သစ္စာကို သိခြင်းမှာ သံသရာ ပြတ်စဲခြင်းအကြောင်းပင် ဖြစ်ပေသည်။

သစ္စာသိရန် ကြိုးပမ်းသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် ကိလေသာတို့ကို ပယ်လျက် ရှိနေ၏။ ကိလေသာများသာမက ခန္ဓာအဘိသင်္ခါရတို့ကိုပါ စွန့်ပယ်နေသည်သာ ဖြစ်၏။

ထိုသို့ ဝိပဿနာဉာဏ်က ကိလေသာ သင်္ခါရတို့ကို အစဉ်မပြတ် ပယ်ခွာပေးလျက် ရှိခဲ့သောကြောင့်ပင် မဂ်သို့ အရောက်မှာ ထိုကိလေသာ သင်္ခါရတို့ကို အကောင်းဆုံး အရှင်းဆုံး ဖြတ်တောက် ပယ်ခွာနိုင်ခြင်းသို့ ရောက်ရတော့သည်။

သို့ဖြစ်ရာ သောတာပတ္တိမဂ်ဖြင့် အဘိသင်္ခါရဉာဏ်ခေါ် ဓမ္မဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့် ခုနစ်ဘဝ အလွန်ထား၍ သံသရာ၌ ရုပ်.နာမ် ခန္ဓာတို့၏ ဖြစ်ခွင့် မရှိတော့ပြီ။

သောတာပန်ကား မဂ်ဖိုလ်နိဗ္ဗာန် ရပြီး မြင်ပြီး ဖြစ်၏။ သတ္တဝါ ဟူသော အမှတ်၊ အသက် ဟူသော အမှတ်တို့ ပျောက်၍ ဓာတ်သဘောတို့ကိုလည်း ပိုင်နိုင်စွာ သိရပြီဖြစ်၏။

ဘယဉာဏ် အာဒီနဝဉာဏ် စသော ဉာဏ်များဖြင့် သင်္ခါရတို့၌ ဆန့်ကျင်ငြီးငွေ့သော ဉာဏ်များလည်း ဖြစ်ခဲ့ဖူး၏။ ဤသို့သော လက်စကလေးများကြောင့်ပင် သောတာပန်သည် ကာမရာဂ မကွာသေး၍ လူ့စည်းစိမ် နတ်စည်းစိမ်များဖြင့် အမေ့ကြီး မေ့လျော့နေစေကာမူ ထိုလက်စကလေးများကို ပြန်ဖော်လိုသောအခါ လွယ်ကူစွာပင် ဖော်နိုင်တော့သည်။

- ရပြီးသားစာများ မေ့နေ၍ပြန်ကျက်သောအခါ လွယ်သကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ရှာန်လျော ကွယ်ပခဲ့ရသူမှာ ပြန်ပြီး အားထုတ်လျှင် အလွယ်ပင် ရသကဲ့သို့လည်းကောင်း မှတ်အပ်ပါသည်။

## ဆိုဖွယ်ရာ မရှိပြီ

ထိုစကားသည် မှန်ကန်ပါသည်။ သောတာပန် အဆင့်သည် အရိယာစာရင်း ဝင်သွားပြီ ဖြစ်၏။ သာမန် ပုထုဇဉ်ဘဝနှင့် တရားအားထုတ်ရာ၌ သောတာပန် မဖြစ်သေးသော်လည်း တရားသတိ များစွာရှိနေပါလျှင် "သောတာပန်ပုဂ္ဂိုလ်များမှာ တရားသတိ များစွာရှိသည်" ဆိုရာ၌ ဆိုဖွယ်ရာ မရှိတော့ပြီ။

အောက်ပါ စာမှာ ဆယ်ရက်စခန်း၌ တစ်ကြိမ်မျှသာ အားထုတ်ဖူးသူ၏ စာ ဖြစ်ပါသည်။ သောတာပန် မဟုတ်သေးပါ။ သူ၏ တရားသတိကို သူ၏ စာဖြင့် အကဲဖြတ်ကြည့်ပါ။

ဆရာတော်ဘုရား

တပည့်တော်သည် အိမ်ထောင်ရှင်အမျိုးသမီးများအဖို့ ငါးပါးသီလအပြင် ထိုထက် သီလပို၍ ထက်မြက်ထူးခြားပြီး မဂ်ဖိုလ်သို့ ကျေးဇူးပြုသော အကျင့်ထူးတရားများ ရှိပါသလား ဘုရား။

တပည့်တော်မှာ ဆယ်ရက်စခန်း တရားပွဲသို့ ဝင်ရောက်အားထုတ်ရာ တရားရှုပွားတတ်ပြီး မိမိစိတ်ကို ယဉ်ကျေးအောင် ထိုက်သင့်သည့်အားလျော်စွာ ဆုံးမနိုင်စွမ်း ရှိပါတယ်ဘုရား။

စခန်းမှ ထွက်ပြီး မိမိနားလည်သမျှသော တရားအသိကို တတ်စွမ်းသမျှ ပတ်ဝန်းကျင်ရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့ကို သိနားလည်စေပါတယ်ဘုရား။ သူတို့ရဲ့ မေးမြန်းသမျှ အပေါ်မှာ မိမိနားလည်တဲ့ အတိုင်းအတာနဲ့ စိတ်ကျေနပ်အောင် ဖြေကြားခဲ့ပါတယ်ဘုရား။

စာရိတ္တ သီလအားဖြင့် မိမိ ဆောင်ရွက်ဖွယ်ရာ ဝေယျာဝစ္စများကို တတ်စွမ်းသမျှ ဆောင်ရွက်ပြီး ဝါရိတ္တ သီလအားဖြင့် ငါးပါးသီလဖြင့်သော်လည်းကောင်း၊ ဗြဟ္မစရိယ ပဉ္စသီလဖြင့်သော်လည်းကောင်း၊ ဗြဟ္မစရိယ ပဉ္စမ ကောဘတ္တိက သီလဖြင့်သော်လည်းကောင်း၊ ရှစ်ပါးသီလဖြင့်သော်လည်းကောင်း၊ ကိုယ်နှုတ်နှစ်ပါးကို ယဉ်ကျေးစေပါတယ်ဘုရား။ ဤကဲ့သို့ ဆောက်တည်ရာမှာ ကိုယ်ရော စိတ်ပါ ရွှင်လန်းပေါ့ပါးပြီး အထူးအားဖြင့် စိတ်ချမ်းသာပါတယ်ဘုရား။

တပည့်တော်မှာ တရားအလုပ်ကို ဇောက်ချပြီး လုပ်ကိုင်နိုင်စွမ်း မရှိသေးတဲ့ အချိန်အခါ ဖြစ်တဲ့အတွက် ဒီ ရရှိထားတဲ့ တရားအသိကို ပျောက်ပျက်မသွားအောင် အတတ်နိုင်ဆုံး ကြိုးစားပြီ ထိန်းသိမ်းပါတယ်ဘုရား။

စောစောက သုတမယဉာဏ်ဖြင့် ရရှိထားတဲ့ တရားအသိနဲ့ ယခုလက်တွေ့အားထုတ်လို့ သိတဲ့ ခန္ဓာဒုက္ခ အသိပေါ်မှာ မူတည်ပြီး လောကီဘောင်မှာ အလွန်မုပဲ သံဝေဂဖြစ်မိပါတယ် ဘုရား။

အမှန်တကယ်လည်း သံသရာဝဲဩဃမှ လွန်မြောက်လိုပါတယ်ဘုရား။ ဒါန သီလနဲ့ အခြေခံတဲ့ ဝိပဿနာ ဘာဝနာ တရားမှာ ငါးပါးသီလမျှနှင့် ဆောက်တည်နေရတာ အား‌မရပါ ဘုရား။

မိမိမှာ ဆောက်တည်ဆဲ သီလရဲ့လုံခြုံမှုကို ဂရုပြုရင်း မိမိသီလ မြင့်သထက်မြင့်အောင် နိဗ္ဗာန်အထောက်အပံ့ ထက်မြက်မှု ရှိသထက်ရှိအောင် မိမိမှာ အကောင်းဆုံးသော တရားများ စုဝေးပြီး မိမိကိုယ်တိုင် လောကီဝတ္တရားများကို အောင်မြင်အောင် နိဗ္ဗာန်၏ အထောက်အပံ့ ထက်မြက်မှု ရှိသထက်ရှိအောင် မိမိမှာ အကောင်းဆုံးတရားများ စုဝေးပြီး မိမိကိုယ်တိုင် လောကီဝတ္တရားများကို ဆောင်ရွက်နေရင်း ကျင့်ကြံအားထုတ်နိုင်ရအောင်ပဲ အာရုံ ကပ်ထားမိပါတယ် ဘုရား။

ဒါကြောင့် အိမ်ထောင်ရဲ့တာဝန်ဝတ္တရားကို ထမ်းဆောင်ရင်း သီလ သမာဓိ ပညာ ကျင့်ဖွယ်ရာတရားများကို အကောင်းဆုံးသောနေရာ အမြင့်ဆုံးသော ကဏ္ဍမှနေပြီး ကျင့်ကြံဆောင်ရွက် အားထုတ်လိုတဲ့အတွက် မေးလျှောက်ရခြင်းပါ ဘုရား။

လောကီအနေဖြင့် မည်သည့်နေရာမဆို အကောင်းဆုံးကို လိုလားသည့်နည်းတူ သံသရာခရီးသည်ဘဝမှ လွတ်မြောက်အောင် လမ်းညွှန်ပြသထားတဲ့ လောကုတ္တရာလမ်းစခန်းမှာလည်း အကောင်းဆုံး ရလိုခြင်းပါ ဘုရား။

နောက်တစ်ချက်က အိမ်ထောင်ရှင်အမျိုးသမီးများမှာ မိမိတို့ရဲ့ဆောင်ရွက်ဖွယ်ရာများကို အိမ်တွင်း အိမ်ပြင် လိုလေသေးမရှိရအောင် အတတ်နိုင်ဆုံး လုပ်ဆောင်နေရပါတယ်ဘုရား။ ဒီလို လုပ်ဆောင်ရတဲ့အချိန်မှာ စေတနာ အပြည့် အဝနဲ့ပဲ လုပ်ဆောင်ပါတယ်ဘုရား။

ဒီတော့ သားသမီး ခင်ပွန်းအပေါ်မှာ ပြုစုလုပ်ကိုင်ပေးရင်း မိမိအတွက် မဂ်ပေါက်ဖိုလ်ဝင်ဖြစ်အောင် စိတ်ထား ထားတတ်နိုင်ခဲ့ရင် အိမ်ထောင်ရှင်အမျိုးသမီးများအဖို့ တအားတက်စေတဲ့ ကုသိုလ်ဘာဝနာနဲ့ ကျွတ်တမ်းဝင်နိုင်ပါတယ် ဘုရား။ နိဗ္ဗာန်မရောက်သေးသည့်တိုင်အောင် အပါယ်တံခါးမှ လွတ်မြောက်သွားစေမယ်ဆိုရင် အမျိုးသမီးများအဖို့ အားထား စရာပါပဲ ဘုရား။

ယခုတော့ ကြည့်လိုက်လျှင် အမျိုးသမီးများမှာ မိမိအပူရော၊ သူများအပူရော၊ အငှားပူပါ ပူပန်နေလိုက်ကြရ တာ မိုးမဆုံး မြေမဆုံးပါ ဘုရား။ "ငါ့သား၊ ငါ့သမီး၊ ငါ့ယောက်ျား" စသည်ဖြင့် သေတဲ့အထိ စိတ်မဖြောင့်ဘဲ ရှိနေကြတာ လည်း အမျိုးသမီးတွေပါပဲ။ အိမ်ထောင်ရေး လူမှုရေးကိစ္စအထွေထွေမှာ လုပ်လည်း လုပ်ရသေးတယ်၊ အကောင်းမြင်လည်း မခံရတဲ့ဘဝမှာ ရှိနေရပါတယ်။

သံသရာခရီးသည် အဖြစ်နဲ့ပဲ မရပ်မနား သွားနေရပါတယ်။ ဒီတော့ အမျိုးသမီးများအဖို့ ဆုံးရှုံးမှု ကြီးမားလွန်းလှပါ တယ် ဘုရား။ မိမိမှာတော့ ဒီအဖြစ်မျိုး မဖြစ်ရအောင် နေမယ်လို့ သန္နိဋ္ဌာန်ချထားပြီးသားပါ ဘုရား။

အကယ်၍ ကုသိုလ်ဘာဝနာ ပွားများလိုသော အိမ်ထောင်ရှင်အမျိုးသမီးများ ရှိခဲ့ပါလျှင် မိမိအတွက် လည်း အကျိုးများ၊ မိမိလုပ်ကိုင်နေရတဲ့ အိမ်မှုကိစ္စနဲ့ အိမ်ထောင်ကိစ္စမှာ အကျိုးများစေရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေးရခြင်းပါ ဘုရား။

မိမိမှာ ပညာအားဖြင့် ပိုင်းပိုင်းခြားခြား သိမြင်ခြင်း မရှိသေးသော်လည်း လောကီလူ့ဘောင်မှ အမှန်တကယ် လွတ်မြောက်လိုပါတယ်။ လူဖြစ်ရတဲ့ တစ်ဘဝတာ ခဏလေးမှာ သုခမရှိ ဒုက္ခဆင်းရဲအတိ ဖြစ်ပါတယ်။ ဒီအဖြစ်မျိုး မကြုံ ချင်တော့ပါ ဘုရား။ ဒီဘဝမှာပင် ဒီဝဋ်ကောင် ဒုက္ခဘဝကြီးမှ အမှန်တကယ်ပင် လွတ်မြောက်လိုသောစိတ်ရှိပါတယ်ဘုရား။

မိမိဆောင်ရွက်ရမည့် သားသမီးအပေါ် ဖြည့်စွက်ရဦးမည့် ဝတ္တရား၊ အိမ်ထောင်ဖက်အပေါ် ဖြည့်စွက်ရမည့် ဝတ္တရား၊ လူမှုရေးလုပ်ငန်းအထွေထွေမှာ မိမိဆောင်ရွက်ရမည့် ဝတ္တရားများ ပြည့်စုံစွာ ဖြည့်စွက်ရင်း တရားအသိနှင့် အရှိကို လက်ကိုင်ထားကာ စွဲမြဲသွားဖို့ ရည်ရွယ်ရင်းပါ။

ဒါကြောင့် "အိမ်ထောင်ရှင် အမျိုးသမီးများအတွက် ငါးပါးသီလအပြင် ပို၍ထက်မြက်ပြီး မဂ်ဖိုလ်ကို ကျေးဇူးပြု သော အကျင့်ထူး တရားထူးများ ရှိပါသလား" လို့ မေးမြန်းရခြင်း ဖြစ်ပါတယ်ဘုရား။

အိမ်ထောင်ရှင်အဖြစ် လူ့လောကအတွင်းမှာ ကိလေသာ ခေါင်းပါးစွာနှင့် မိမိဝတ္တရားမပျက်သီလလည်းအမြင့်မြတ် ဆုံး လုံခြုံစွာ ထိန်းသိမ်းနေထိုင်သွားတတ်ဖို့ရန် လမ်းညွှန်ဆုံးမတော်မူပါ ဘုရား။

"အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ" ဆိုတဲ့ သိက္ခာသုံးရပ်နှင့်အညီ တရားထူးကို ဆွတ်ခူးရယူလိုပါတယ် ဘုရား။

ရိုသေလေးစားစွာဖြင့်

အရှင်ဘုရား၏ ဂုဏ်ကျေးဇူးများကို

အစဉ်ဦးခိုက်လျက်

(.......)

သို့

(......)

(၆-၁-၈၃)

အင်း-(......)ရဲ့အမေးကို ဖြေရမှာ အတော့်ကို မလွယ်ပါ။ လိုချင်တာကလည်း အကောင်းဆုံး အမြန်ဆုံး လိုချင်တာ၊ နေချင်တာကလည်း လူ့ဘောင်မှာ အိမ်ထောင်ရှင်ဘဝနဲ့ တာဝန်ဝတ္တရား ထမ်းဆောင်ရင်းဆိုတော့ ရှေးပုဂ္ဂိုလ်များ တရားနာရင်းနဲ့ -

"အကြင် - အကြင်၊ အခြင်းအရာအားဖြင့် ရှင်တော်ဘုရား ဟောကြားတဲ့ တရားဒေသနာကို ငါသိ၏။ ဒီ တရားဒေသနာတော်ကို အိမ်ရာတည်ထောင်၊ လူ့ဘောင်မှ နေပြီးတော့ ကျင့်ကြံကြိုးကုတ်အားထုတ်လို့တော့ဖြင့် စင်စစ်ပြည့်စုံစွာ၊ စင်စစ်ဖြူစင်စွာ ပွတ်သစ်စ ခရုသင်းနှင့်အတူ ဖြူစင်စွာရဖို့ရာ မလွယ်ကူဘူး။

ငါသည် ဒီတရားကို အလျင်အမြန် အပြည့်အစုံ ရဖို့ရာ ဆံမုတ်ဆိတ်တို့ကို ပယ်စွန့်ပြီး ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံကာ ရှင်ရဟန်းအဖြစ်နဲ့ ကျင့်ကြံရမူ ကောင်းလေစွ -

လို့အကြံဖြစ်ကြပါတယ်။ (......)ရဲ့အကြံနှင့်တော့ မတူပါဘူး။ ဒါကြောင့် (......)ရဲ့စာကို ဘယ်လိုပြန်လို့ ဘယ်လိုဖြေရပါ့မလဲလို့ စဉ်းစားတော့ ဖြေကြားစရာတွေ တသီတတန်းကြီး ပေါ်လာပါတယ်။

အိမ်ရာတည်ထောင် လူ့ဘောင်၌နေတဲ့ အိမ်ထောင်ရှင်အမျိုးသမီးများဟာ -

၁။ ကျေးဇူးကြီးမားလှသော မိဘနှစ်ပါး

၂။ ကာမအရှင် လင်ယောကျ်ားနှင့်

၃။ အလှူခံရဟန်း

ဟူသော မီးသုံးပုံကို နေ့စဉ်တပြောင်ပြောင် တောက်လောင်နေအောင် မငြိမ်းအောင် အမြဲမပြတ်တရစပ် ထင်းထည့်သည့်ပမာ ဝတ္တရားကျေပြွန်စွာ ပြုလုပ်ရမည်။ ဝတ္တရားများကို ဗုဒ္ဓဓမ္မပြဿနာများ (၇)၌ ရေးခဲ့ပြီးပါပြီ။ ပြန်ကြည့်ပါ။ အဲဒီ မီး သုံးဖိုကို သိမ်းသိုမှု မတတ်ရင် "မီးကို အသုံးမချတတ်ရင် ဘေး" ဆိုတဲ့အတိုင်း မျက်မှောက်ဘဝမှာပဲ ကိုယ်စိတ်နှစ်ဖြာ ပူပန်ဆင်းရဲစွာ နေရပြီး တမလွန်ဘဝ နောက်လောကမှာ အပယ်ကျကာ ငရဲမီး အလောင်ခံရပါမယ်။ အဲဒီအကြောင်းကို မဃဒေဝလင်္ကာမှာ -

"မိန်းမတကာ ဓမ္မတာဖြင့် အိမ်ရာပြုထောင် လူတို့ဘောင်ဝယ် ထိန်ထိန်ပြောင်ညီး သုံးပုံမီးတည့်ကြီးလှကျေးဇူး နှစ်ဦးမိဘ ကာမအရှင် လင်လည်းတစ်ခန်း ရဟန်းပုဏ္ဏား ရောက်ငြားအထံ လှူခံပုဂ္ဂိုလ် မီးသုံးဖိုကို သိမ်းသို မတတ် ကျင့်ယွင်းချွတ်က မပြတ်ညီးပြောင် နေ့တိုင်းလောင်ရှင့် နောင်လည်းအမြဲ ငရဲမီးစာ ဖြစ်တတ်စွာ၏"

(မဃဒေဝ-၄၁၃)

အဲဒီ မီးသုံးဖိုဆိုတာ အိမ်ထောင်ရှင် အမျိုးသမီးများအတွက် စာရိတ္တ သီလပိုင်း ဒါနပိုင်းကို ပြတာပါပဲ။

## ကောဓနေသုတ်

အိမ်ထောင်ရှင်အမျိုးသမီးများဟာ တစ်ဖက်က ဝတ္တရားတွေ ဖြည့်ကျင့်ရပါတယ်။ တစ်ဖက်က လှူပါတယ်။ ဒါပေမဲ့ အပါယ်လည်း ကျပါတယ်။ ဘာ့ကြောင့် ကျတာလည်းဆိုရင် ကောဓနေသုတ္တန်အရ ပြောပြပါမယ်။

အခါတစ်ပါးဝယ် အရှင်အနုရုဒ္ဓါသည် ရှင်တော်ဘုရားထံပါးသို့ ချဉ်းကပ်ပြီး ရှိခိုးကာ ဤသို့ လျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်သည် ဒီလောက၌ အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိကို လွန်တဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်မျက်စိဖြင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်ကာလ၌ အပါယ်ငရဲသို့ ကျရောက်သော မိန်းမကို မြင်ပါတယ်ဘုရား။

မြတ်စွာဘုရား၊ အဘယ်မျှလောက်ကုန်သော တရားတို့နှင့် ပြည့်စုံသော မိန်းမသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ အပါယ်ငရဲသို့ ကျရောက်ပါသနည်း"

အဲဒီလို လျှောက်ထားတော့ ရှင်တော်ဘုရားက ဘယ်လိုပြန်ပြီးတော့ အမိန့်ရှိသလဲ ဆိုတော့ -

"ချစ်သား အနုရုဒ္ဓ၊ သဒ္ဓါတရားလည်း မရှိ၊ ကာယသုစရိုက် စသည်တို့၌ ရှက်ခြင်းလည်း မရှိ၊ ကာယဒုစရိုက် စသည်တို့မှ လန့်ခြင်းလည်း မရှိ၊ အမျက်ဒေါသ ထွက်လေ့ သည်း ရှိ၊ ပညာလည်း မရှိတဲ့ မိန်းမသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်၏ နောက်၌ အပါယ်ငရဲသို့ ကျရောက်ရတယ်"

လို့ အမိန့်ရှိပါတယ်။ အဲဒီသုတ္တန်ကို သတိထားပါ။ (......)မှာ အဲဒီတရားတွေ ရှိ.မရှိ သတိပြုပါ။

အဲဒီတရားတွေကို မယဒေဝလင်္ကာမှာ -

"တဖြာထိုမှ မိန်းမတို့အား များယေဘုယျ အပါယ်ကျသည် ပါပယုတ်မာ တရားမှာလည်း သဒ္ဓါ မရှိ ဟိရိ မကပ် ဩတ္တပ်ကင်းပ ကောဓကြီးစွာ ပညာမဲ့ခြား ဤငါးပါးတည်း မှတ်သားသမှု သတိပြုလော့"

လို့ လင်္ကာသီခဲ့ပါတယ်။ အမျိုးသမီးတွေဟာ အိမ်ထောင်ရေး၊ လူမှုရေး ကိစ္စအထွေထွေမှာ လုပ်လည်း လုပ်ရသေးတယ်၊ အကောင်းမြင်လည်း မခံရတဲ့ဘဝမှာ ရှိနေတာဟာ အဲဒီတရားတွေကြောင့် ဖြစ်ပါတယ်။ အဲဒီတရားတွေထဲမှ လေးခုမြောက်ဖြစ်တဲ့ "အမျက်ဒေါသ" ကို ပယ်ထုတ်ပြီး -

၂။ ရန်ငြိုးဖွဲ့ခြင်း "ဥပနာဟ" ကို ထည့်က နောက်ထပ် ငါးပါးတစ်စုံ ဖြစ်ပါတယ်။

၃။ ငြူစူခြင်း "ဣဿာ" ကို ထည့်က နောက်ထပ် ငါးပါးတစ်စုံ ဖြစ်ပါတယ်။

၄။ ဝန်တိုခြင်း "မစ္ဆရိယ" ကို ထည့်က နောက်ထပ် ငါးပါးတစ်စုံ ဖြစ်ပါတယ်။

၅။ လင်ကို လွန်ကျူး၍ ကျင့်ခြင်း၊ လင်ငယ်ထားခြင်း "အတိစာရီ" ကို ထည့်က နောက်ထပ် ငါးပါး ငါးပါးတစ်စုံ ဖြစ်ပါတယ်။

၆။ သီလမရှိခြင်း "ဒုဿီလ" ကို ထည့်က နောက်ထပ် ငါးပါးတစ်စုံ ဖြစ်ပါတယ်။

၇။ နည်းသော အကြားအမြင်ရှိခြင်း "အပ္ပဿုတ" ကို ထည့်က နောက်ထပ် ငါးပါးတစ်စုံ ဖြစ်ပါတယ်။

၈။ ပျင်းရိခြင်း "ကုသီတ" ကို ထည့်က နောက်ထပ်ငါးပါးတစ်စုံဖြစ်ပါတယ်။

ဤသို့အားဖြင့် တစ်သုတ် တစ်သုတ်၌ ငါးပါး ငါးပါးစီရှိရကား ရှစ်သုတ်ဖြစ်၍ ၄၀ ပါး ဖြစ်ပါသည်။ အဲဒီ ၄၀ ပါး ရှိသော တရားတွေကြောင့် မိန်းမတွေမှာ အကောင်းမြင် မခံရတာ ဖြစ်နေတာပါ။ အဲဒီတရားတွေကို မယဒေဝလင်္ကာမှာ -

"ငါးခုပထမ ပဉ္စကတွင် ကောဓအရာ ပယ်နုတ်ကာလျှင် ဥပနာဟ ဣဿုကနှင့် မစ္ဆေရဟူဘိ အတိစာရီ ဒုဿီတစ်ခု အပ္ပဿုတ ကုသီတမည်ထုတ် ခုနစ်ပုဒ်ကို တစ်ပုဒ်စီထည့် ငါးခုပြည့်သား ဖြစ်၏ ရှစ်ဝါ ဒေသနာ တည့်၊ သေချာအနက် ပြန်ဆိုမြွက်ဟ မျက်ထွက်တစ်မျိုး ရန်ငြိုးဖွဲ့မှု ငြူစူဝန်တို လင်ကို ကျူးထ ၊သီလကင်းမဲ့၊

- မတဲ့မြင်ကြား၊ ပျင်းရိအားဖြင့် ရှစ်ပါးငါးလီ၊ စတ္တာရီကြောင့်၊ ဣတ္ထိတို့အား၊ ငရဲများဟု၊ ဘုရားလူဘ သမ္ဗုဒ္ဓတို့ ဟောပြဝေဖန် မသွေလုန်တည့်"

လို့ လင်္ကာသီခဲ့ပါတယ်။ အဲဒီတရားတွေကို ကျက်မှတ်ထားပြီး အတတ်နိုင်ဆုံး ရှောင်ရှားရပါမယ်။ (……)အနေနဲ့ ဆောင်စရာတွေကို သိနေပြီမို့ မပြောတော့ပါဘူး။ အဲဒီ ၄၀ သော တရားတွေ ရှောင်နိုင်ပါက အကျိုးရပုံကို -

"ထိုမှ ပြန်က မိန်းမတကာ မိကလျာတို့ ကောင်းစွာစိတ်က ကျင့်နိုင်ကြသော် ဒေဝလောကာ နတ်ခြောက်ရွာဝယ် နိမ္မာဝသ ဘုံဌာန၌ မနာပ ကာယိကာ မည်သညာဖြင့် လိုရာကြံတိုင်း ပြည့်မဆိုင်းဘဲ သက်ပိုင်းရှိရွေ့ စံအိမ်မွေ့လျက် ချမ်းမြေ့ရိပ်ငြိမ် တင်းမတိမ်အောင် စည်းစိမ်တင်ရစ် အသစ်သစ်နှင့် နတ်စစ်အထူး သူ့ထက်ကျူး၍ ပျော်မြူးမယ်မောင် တပြောင်ပြောင်သည် ကိုယ်ရောင်လက်လက် ဝင်းဝင်းတည်း"

လို့ မဃဒေဝလင်္ကာမှာ လင်္ကာသီခဲ့ပါတယ်။ အဲဒီမှာ မိကလျာဆိုတာ အကျင့်ကောင်းတဲ့ ၄၀ သော တရားတွေ ရှောင်တဲ့ မိန်းမကောင်းကို ခေါ်တာပါပဲ။ "နိမ္မာဝသ" ဆိုတာက နတ် ၆ ဘုံမှာ နိမ္မာရတိနတ်ဘုံနှင့် ဝသဝတ္တီနတ်ဘုံ၌ "မနာပ ကာယိကာ" လို့ ခေါ်တဲ့ မြတ်နိုးဖွယ် ကိုယ်ခန္ဓာနှင့် နတ်သမီးဖြစ်မယ်လို့ ဆိုလိုပါတယ်။

ကြွင်းကျန်တဲ့ အဓိပ္ပာယ်တွေက ပေါ်လွင်ပါတယ်။ ပြီးတော့ ယခုဘဝ ဒုက္ခဆင်းရဲတွေ ခံစားနေရတဲ့ မိန်းမတွေဟာ ဘာ့ကြောင့် ဒုက္ခဆင်းရဲ ခံစားရသလဲဆိုတာနှင့် ပတ်သက်၍လည်း -

"အကြင်လူ့ရွာ ရေးသောအခါက သဒ္ဓါမပွား ကောင်းမှုရှားသည် နည်းပါးပုညထိုမိန်းမတို့ ဘဝယုတ်မာ မချမ်းသာဘဲ ဂုဏ်ဝါမဖြိုး သရေညှိုး၍ လင်ဆိုးမယား တဖားဖားနှင့် သားဆိုးအမေ တပေပေဟု ဆိုထွေပမာ မှတ်ဖို့ရာ၏"

လို့ လင်္ကာသီခဲ့ပါတယ်။ သိပ်မှန်ပါတယ်။ သဒ္ဓါတရား နည်းပါး၊ ကောင်းမှု ရှားတဲ့ မိန်းမများဟာ ဒီဘက်ဘဝမှာ မိန်းမဆိုးတွေ ဖြစ်ပါတယ်။ အဲဒီ မိန်းမဆိုးတွေကြောင့် မိန်းမလောက နာမည်ပျက်ရတာပေါ့။ အတိတ်ဘဝက ပြုအပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှု ရှိတဲ့ မိန်းမဟာ -

၁။ သင့်တင့်လျောက်ပတ်သောအရပ်၌ ဖြစ်ရတယ်။

၂။ သင့်တင့်လျောက်ပတ်သော ယောက်ျားကို ရတယ်။

၃။ မယားငယ်ဟူသော ရန်သူမရှိဘဲ ချမ်းသာစွာ နေရတယ်။

၄။ သားဦး လိမ္မာရတယ်။

၅။ လင်ယောက်ျားကို မိမိအလိုသို့ ပါစေနိုင်တယ်။

ဆိုတဲ့ အကျိုးငါးပါးတို့ကို ရပါတယ်။ အဲဒီ အကျိုးတွေ ရတယ်ဆိုတာ အကျင့်သီလ ကောင်းမှုအဝဝတို့ကြောင့် ရတာပါ။ မပြုခဲ့ရင် မရပါဘူး။ အဲဒါကြောင့် တရားကိုပဲ ကြိုးစားပါ။ တရားရှိရင် ဘုန်းရှိတယ်၊ ဘုန်းရှိရင် ကောင်းကျိုးတွေ ရပါတယ်။ အဲဒီ အကြောင်းကို -

"မဟာပုညဝန် ဘုန်းရှိလွန်အား မိမွန်တို့သာ ရထိုက်ရာသည် အင်္ဂါစုံပေါင်း ထိုငါးကြောင်းကား မိကောင်းဘရိုး သူမြတ်မျိုး၌ မညိုးမငယ် တင့်တယ်ရောင်ဆင်း ဖြစ်ရခြင်းက ရွယ်ချင်းရည်တူ နတ်နှစ်ဆူတို့ ကြီးထူစည်းစိမ် လင်၏အိမ်သို့ ဂုဏ်သိန်မလှ ရောက်ရဖန်ဖန် ဘေးရန်မရှိ သုခိချမ်းသာ နေရစွာနှင့် ပုတ္တာသားဦး အထူးဖွားမြင် ထို ဂုဏ်အင်ဖြင့် လင်ကိုလွှမ်းမိုး အိမ်လုံးစိုး၍ ဆွေမျိုးများလယ် လွန်တင့်တယ်၏"

လို့ မဃဒေဝလင်္ကာမှာ လင်္ကာသီခဲ့ပါတယ်။ (……)က မေးတယ်။ ငါးပါးသီလအပြင် မြင့်မြတ်တဲ့ အကျင့်မြတ်များ ရှိပါသလားဆိုတော့ ရှိတာပေါ့။ ဘာတွေလည်းဆိုတော့ (……)ရဲ့စာထဲမှာ ပါပြီးသားဖြစ်တဲ့ ဖြဟ္မစရိယပဉ္စမသီလတို့ ဖြဟ္မစရိယပဉ္စမကဘတ္တိကသီလတို့၊ ရှစ်ပါးသီလတို့၊ အဲဒီအပြင် ဣန္ဒြိယသံဝရသီလတို့ပေါ့။

အမှန်စင်စစ် သီလဟာ အကျင့်ထဲမှာ အရေးကြီး အရာရောက်ပါတယ်။ ယနေ့ လောကမှာ ပေါ်နေတဲ့ ပြဿနာတွေဟာ သီလပျက်လို့ ပေါ်ရတာပါ။ သီလ ပြည့်စုံနေကြရင် ဘာပြဿနာမှ ပေါ်စရာ မလိုပါဘူး။

မဂ်ဖိုလ်သို့လည်း အဲဒီ သီလကပဲ အလျင်အမြန် ကျေးဇူးပြုနိုင်ပါတယ်။ သီလရှိတဲ့ပုဂ္ဂိုလ်ဟာ သီလကို မှီပြီး သီလ၌ တည်ပြီး သမာဓိပညာ အကျင့်တွေကို ကျင့်ကာ မဂ်ဖိုလ်နိဗ္ဗာန်ကို အလျင်အမြန် ရပါတယ်။ သီလနဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ ယဉ်ကျေးအောင် အမြဲတမ်း ထိန်းသိမ်းစောင့်ရှောက်ထားတော့ သမာဓိပညာနဲ့ စိတ်အမူအရာကို ထိန်းသိမ်းစောင့်ရှောက်တဲ့အခါ လွယ်ကူပါတယ်။

ဒီနေရာမှာ မိန်းမတွေရဲ့အားငါးပါးကို ပြချင်ပါသေးတယ်။ ဘုရားရှင် ဟောထားတဲ့ အားတွေပါ။

"ရဟန်းတို့၊ အဆင်းအား စည်းစိမ်ဥစ္စာအား ဆွေမျိုးအား သားသမီးအား သီလအား ဟူသော ဤအားငါးပါးတို့နှင့် ပြည့်စုံသော မိန်းမသည် ရွံ့ရှာခြင်းကင်း ရဲတင်းသည်ဖြစ်၍ အိမ်ထောင်ရှင်ဘဝ၌ နေရ၏"

လို့ ဘုရားရှင် ဟောထားခဲ့ပါတယ်။ အဲဒီ ငါးပါးထဲမှာ နောက်ဆုံးဖြစ်တဲ့ သီလအားဟာ အကောင်းဆုံးသော အားပါ။ အဲဒီအကြောင်းကို ဘုရားရှင်က -

"ရဟန်းတို့ အဆင်းအား၊ စည်းစိမ်ဥစ္စာအား၊ ဆွေမျိုးအား၊ သားသမီးအား တို့နှင့် ပြည့်စုံသော်လည်း သီလအားနှင့် မပြည့်စုံသော မိန်းမကို အိမ်၌ မနေစေဘဲ နှင်ထုတ်ကြကုန်သည်သာတည်း။

"ရဟန်းတို့ အဆင်းအား၊ စည်းစိမ်ဥစ္စာအား၊ ဆွေမျိုးအား၊ သားသမီးအား တို့နှင့်မပြည့်စုံသော်လည်း သီလအားနှင့် ပြည့်စုံသော မိန်းမကို အိမ်၌ နေစေကုန်သည်သာလျှင်တည်း၊ မနှင်ထုတ်ကုန်"

လို့ ဘုရားရှင် ဟောထားခဲ့ပါတယ်။ ပြီးတော့ ဘုရားရှင် ဟောထားခဲ့တာ ရှိပါသေးတယ်။ သီလအားကြီးပုံကို -

"ရဟန်းတို့ မိန်းမသည် အဆင်းအား၊ စည်းစိမ်ဥစ္စာအား၊ ဆွေမျိုးအား၊ သားသမီးအား ဟူသော အကြောင်းကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်ကာလ၌ နတ်ပြည်ဌာန နတ်လောကသို့ မရောက်ရ. မရောက်နိုင်။

"ရဟန်းတို့ မိန်းမတို့သည် အကျင့်သီလတည်းဟူသော အားကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်ကာလ၌ နတ်ပြည်ဌာန နတ်လောကသို့ ရောက်ရ၏"

လို့ ဟောပါတယ်။ အဲဒီအကြောင်းကို မယဒေဝလင်္ကာမှာ လင်္ကာသီကာ -

"ငါးသွယ်အကြောင်း မှတ်တုံရှောင်းလော့ ၎င်းတို့မှ ရူပဘောဂ ဆွေညာပုတ္တ သီလဟူငြား မိန်းမအားဟု ငါးပါးမည်ထ ယင်းပဥ္စနှင့် ပြည့်ကအမှန် ထိုမိမ္မန်လည်း ကဲလွန်အိမ်ပိုင် အုပ်စိုးနိုင်၏။ လက်ကိုင်ဖော်ပြ ငါးဗလတွင် မုချမမှား ရှေးရှေးအားထက် နောက်အားကြီးစွာ နောက်မှာဆုံးထား သီလအားမူ အားများတို့ထက် ကဲတက်ထူးချွန်အောင်တံခွန်သို့ တမလွန်တိုင် ပြိုင်စံမရှိ ကြီးမြတ်ဘိ၏"

လို့ ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် သီလကို အဦးအမြတ်ထားပြီး ကျင့်ကြံအားထုတ်ခဲ့ဖူးတဲ့ သမာဓိပညာ အကျင့်များဖြစ်တဲ့ ဝိပဿနာအကျင့်တရားကိုပဲ ဆက်လက်ကျင့်က မိမိလိုချင်တဲ့ ပန်းတိုင်သို့ ရောက်နိုင်ပါတယ်လို့ပဲ ညွှန်ပြရမှာပါပဲ၊ အဲဒီအကြောင်းကိုလည်း -

"ရဟန်းတို့၊ ယုံကြည်မှု သဒ္ဓါတရား၊ ကိုယ်ကျင့်သီလတရား၊ အကြားအမြင် သုတတရား၊ ပေးကမ်းစွန့်ကြဲခြင်း စာဂတရား၊ အသိအလိမ္မာ ပညာတရားအားဖြင့် ငါးပါးကုန်သော ကြီးပွားခြင်းတို့ဖြင့် ကြီးပွားသော ငါ့ဘုရား - ၏ တပည့်မသည် မြတ်သော ကြီးပွားခြင်းတို့ဖြင့် ကြီးပွားသော ငါဘုရားရဲ့တပည့်မသည် မြတ်သောကြီးပွားခြင်းဖြင့် ကြီးပွားသည် မည်၏။ သီလ သမာဓိ စသော အနှစ်အမြတ်ကို ယူလေ့ရှိတယ်"

လို့ ဟောထားခဲ့ပါတယ်။ ဒါကြောင့် သီလဌတည်ပြီး သီလကို မှီ၍ သဒ္ဓါ သုတ စာဂ ပညာတရားတွေ တိုးပွားအောင်ကျင့်က မိမိလိုချင်သော ပန်းတိုင်သို့ ရောက်ပါတယ်။

သီလနဲ့ ပတ်သက်လို့ မိမိတို့ ဆောက်တည်နေကျ ရှစ်ပါးသီလထဲက အမှတ်တမဲ့ ပျက်တတ်တာကို ပြောချင်ပါသေးတယ်။

"မိမိ ကခြင်း၊ သူတစ်ပါးကို ကခိုင်းခြင်း၊ အက သင်ပေးခြင်း၊ သူတစ်ပါး က.တာကို ကြည့်ခြင်း၊ မိမိ သီချင်းဆိုခြင်း၊ သူတစ်ပါးကို အဆိုခိုင်းခြင်း၊ အဆို သင်ပေးခြင်း၊ သူတစ်ပါးဆိုတာကို နားထောင်ခြင်း၊ မိမိ တီးမှုတ်ခြင်း၊ သူတစ်ပါးကို တီးမှုတ်ခိုင်းခြင်း၊ သူတစ်ပါး တီးမှုတ်တာကို နားထောင်ခြင်း"

စသည်တို့ကို အထူးသတိပြုပါ။ ကဲ - အဖြေလည်း တော်တော်ရှည်သွားပြီ၊ အချုပ်ကို ပြန်ပြောချင်တာကတော့ သီလကို မကျိုးမပေါက် မပြောက်မကျား မညှိုးမနွမ်းအောင် စောင့်ထိန်းပြီး ကျင့်တတ်ပြီးဖြစ်တဲ့ သမာဓိဘာဝနာ ဝိပဿနာဘာဝနာတို့ကို လျော်သလို ကျင့်ကြံပါက မဂ်ဖိုလ်သို့ လျင်မြန်စွာ ကျေးဇူးပြုပါတယ်။

✦ သီလတရား၊ ခြေခံထား၊ လူ့ပြြားတူစုံသာ။

✦ သီလတရား၊ ခြေခံထား၊ ပွားများဘာဝနာ။

✦ သီလတရား၊ ခြေခံထား၊ စိုးပြြား အိမ်ဌသာ။

✦ သီလမရှိ၊ ကျင့်မပြည့်၊ လား၏ အပါယ်ရွာ။

✦ သီလရှိဘိ၊ အကျင့်ပြည့်၊ လား၏ နတ်တို့ရွာ။

✦ နတ်မှဆက်ကာ၊ နိဗ္ဗာန်သာ၊ ရောက်မှာသေသေချာ။

# တပည့်လိမ္မာ ဆရာ့အာပတ်လွတ် ဆိုတာ ရှင်းပြပါဘုရား

(၁၉၃)

## အာပတ်

"အာပတ္တိ" ဟူသော ပါဠိကို "အာပတ်" ဟု ခေါ်၏။ ယင်းအာပတ်ဟူသော စကားသည် မြန်မာစကား မဟုတ်ပါ။ အာပတ္တိ ဟူသော ပါဠိကို အလွယ်ပင် အာပတ်ဟု ပြောင်းလွဲခြင်းမျှ ခေါ်ဝေါ်ခြင်းမျှ ဖြစ်ပါသည်။ ယင်းအာပတ်ကို မြန်မာလို စစ်စစ်ပြန်သော် "ရဟန်းများ ရောက်ထိုက်သော အပြစ်၊ ရဟန်းများ အပြစ်သင့်ခြင်း၊ အပြစ်ရောက်ခြင်း" ဟု ပြန်နိုင်ပါသည်။ ထိုအာပတ်သည် -

| | | |
|---|---|---|
| ၁။ | ပါရာဇိက | အာပတ် |
| ၂။ | သံဃာဒိသေသ | အာပတ် |
| ၃။ | ထုလ္လစ္စည်း | အာပတ် |
| ၄။ | ပါစိတ် | အာပတ် |
| ၅။ | ပါဋိဒေသနီယ | အာပတ် |
| ၆။ | ဒုက္ကဋ် | အာပတ် |
| ၇။ | ဒုဗ္ဘာသိတ | အာပတ် |

ဟူ၍ အာပတ် (၇)ပုံ ရှိပါသည်။ ယင်းကို ရဟန်းတော်တို့လောကက အလွယ်သိအောင် "ပါ. သံ. ထုလ်. ပါ. ပါ. ဒုက်. ဒုဗ်" ဟူ၍ အတိုကောက် မှတ်သားထားကြပါသည်။

### ၁။ ပါရာဇိက အာပတ်

ပါရာဇိက အာပတ်သို့ ရောက်သော ပါရာဇိက အာပတ်သင့်သော ရဟန်းသည် သာသနာတော်မှ ဆုံးရှုံးရတော့၏။ "လူဖြစ်ရှုံးသူ" ဟုဆိုရလောက်အောင် ဖောက်ပြန်ပျက်စီးနေသူသည် လူရာမဝင်တော့သကဲ့သို့ ထို့အတူ ရဟန်းအဖြစ် ဆုံးရှုံးလောက်အောင် ပါရာဇိကအာပတ် သင့်နေသူသည် ရဟန်းအရာ မဝင်တော့ချေ။ ရဟန်းကောင်းတို့က ထိုသူနှင့် အပေါင်းအသင်း မလုပ်ကြရတော့ပြီ။

ထို့ကြောင့် ဤပါရာဇိကအာပတ်သည် ကျူးလွန်သောရဟန်းကို သာသနာတော်မှ ဆုံးရှုံးစေတတ်သောကြောင့် ပါရာဇိကအာပတ် မည်၏။

"အကြင်အာပတ်ကို "ပါရာဇိက" ဟု ဆိုအပ်၏။ ထိုအာပတ်အကြောင်းကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော့။ ပါရာဇိကအာပတ် သင့်သော ပုဂ္ဂိုလ်သည် သူတော်ကောင်းတရားမှ ရွေ့သွား၏။ ချွတ်ယွင်းသွား၏။ လျောကျသွား၏။ သူတော်ကောင်းတရားမှ ကင်းကွာအောင်လည်း အပြုခံရ၏။

ထို ပါရာဇိက ကျသူ ပါရာဇိကအာပတ် သင့်သော ရဟန်းနှင့် အတူတကွ ကံကြီး.ကံငယ်ကိစ္စ၌ ပေါင်းသင်းခွင့်လည်း မရှိတော့။ ထို့ကြောင့် ဤအာပတ်ကို ပါရာဇိက ဟု ခေါ်ဆိုအပ်လေသည်"

(ပရိဝါပါဠိတော်)

## ၂။ သံဃာဒိသေသာအာပတ်

သံဃာဒိသေသ ဟူသော ပါဠိကို "သံဃာဒိသေသာ" ဟု အလွယ်ပဲ ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ ဤ သံဃာဒိသေသာအာပတ်သင့်သော ရဟန်းသည် အာပတ်ဖြေပျောက်အောင် ပြုရာ၊ ကုစားရာ၌ အခြားအာပတ်များကဲ့သို့ တစ်ပါးထံမှာ ဖြေ၍၊ ကုစား၍ မဖြစ်ပါ။

သံဃာတော်များထံ၌ ပရိဝါသ်တောင်း၍ ပရိဝါသ်နေရပါသည်၊ ထို့နောက် သံဃာ့ထံမှာပင် မာနတ်တောင်း၍ မာနတ်ကျင့်ရပါသည်၊

အချို့မှာ ပရိဝါသ်နေရင်း သံဃာဒိသေသာအာပတ် ထပ်ပြီး သင့်ပြန်သဖြင့် အရင်းအစက ပြန်၍ ကျင့်ရ၏။ ထိုသို့ အရင်းအစကို ပြန်၍ ကျင့်ရမှု ငင်ရမှုကို "မူလာယ ပဋိကဿန" ဟု ခေါ်ပါသည်၊ ထိုကံကိုလည်း သံဃာကပင် ပြုရပါသည်။

ထို့နောက် သံဃာ့အထံ ခွင့်တောင်း၍ အဗ္ဘာန်သွင်းစေရ၏။ ပရိဝါသ် မာနတ်ကျင့်မှုသည် ဒဏ်ထမ်းခြင်းနှင့် တူ၏။ ထိုသို့ ဒဏ်ခံနေရခိုက်၌ သံဃာက အပြင်ထုတ်ထားသကဲ့သို့ ဖြစ်၏။

ထို့ကြောင့် ပရိဝါသ် မာနတ်ကျင့်ပြီးသောအခါ သံဃာက ကျေနပ်၍ သံဃာ့အတွင်းသို့ သွင်းမှုကို "အဗ္ဘာန်သွင်း" သည် ဟု ခေါ်ပါသည်၊

ဤသို့လျှင် ဤအာပတ်အတွက် အစဆုံး၌ ပရိဝါသ်ပေးမှု အစမုကြွင်းသော အလယ်၌ မာနတ်ပေးမှု အဆုံး၌ အဗ္ဘာန်သွင်းမှုများဝယ် သံဃာနှင့် မကင်းရကား "သံဃာဒိသေသာအာပတ်" အမည်တပ်ရလေသည်၊

"အကြင် အာပတ်ကို "သံဃာဒိသေသာ" ဟု ဆိုအပ်၏။ ထိုအာပတ်အကြောင်းကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော့။ ထိုအာပတ်သင့်၍ အာပတ်မှ ထလိုသူအား သံဃာသည်သာ ပရိဝါသ်ပေးရ၏။ အရင်းသို့ ပြန်၍ ငင်ရ၏။ မာနတ်ပေးရ၏။ အဗ္ဘာန်သွင်းရ၏။ ထို့ကြောင့် ထိုသို့ အစ အလယ် အဆုံး သုံးပါးလုံး၌ သံဃာပါဝင်ရခြင်းကြောင့် ဤအာပတ်ကို "သံဃာဒိသေသာ" ဟု ခေါ်ဆိုအပ်လေသည်။

(ပရိဝါပါဠိတော်)

## ၃။ ထုလ္လစ္စဥ်းအာပတ်

"ထုလ္လစ္စယ" ဟူသော ပါဠိကို "ထုလ္လစ္စဥ်း" ဟု ခေါ်၏။ ပါရာဇိကအာပတ်သင့်သော ရဟန်းသည် ရဟန်းအဖြစ်ကို စွန့်၍ လူအဖြစ်နှင့် ဖြစ်စေ၊ သာမဏေအဖြစ်နှင့် ဖြစ်စေ နေပါမှ စင်ကြယ်၏။

သံဃာဒိသေသာ အာပတ်သင့်သော ရဟန်းသည် ပရိဝါသ် မာနတ်ကျင့်၍ အဗ္ဘာန်သွင်းပြီးမှ စင်ကြယ်၏။

ပါရာဇိက သံဃာဒိသေသာအာပတ်မှ ကြွင်းသော ထုလ္လစ္စဥ်း စသော အောက်အာပတ် ငါးပါးတို့တွင် တစ်ပါးပါး သင့်သော ရဟန်းကား အခြားရဟန်းတစ်ပါးထံ၌ "တပည့်တော်မှာ မည်သည့်အာပတ် သင့်ပါသည်" ဟု ပြောရုံမျှဖြင့် စင်ကြယ်၏။

ဤသို့ ပြောခြင်းကို "ဒေသနာပြောခြင်း၊ ဒေသနာကြားခြင်း" ဟု ခေါ်ကြပါသည်။

ထိုသို့ ဒေသနာပြောရုံမျှဖြင့် စင်ကြယ်သော အာပတ် ၅ ပုံတို့တွင်ကား ဤ ထုလ္လစ္စဥ်းအာပတ်သည် အရုန့်ရင်း အပြင်းထန်ဆုံး အာပတ်အပြစ် ဖြစ်ပါသည်။

> "အကြင်အာပတ်ကို " ထုလ္လစ္စဥ်း" ဟု ဆိုအပ်၏။ ထိုအာပတ်အကြောင်းကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော့၊ ရဟန်းတစ်ပါးအထံ၌ အကြင်ရဟန်းသည် ဒေသနာပြောကြား၏။ အကြင်ရဟန်းသည် ထိုအာပတ်ကို လက်ခံ၏။ ထိုရဟန်းနှစ်ပါးတို့ ပြောအပ် ခံယူအပ်သော အပြစ်တို့တွင် ထိုအပြစ်နှင့်တန်းတူ ရုန့်ရင်းသော အပြစ် မရှိပါ။ ထို့ကြောင့် ဤအာပတ်ကို " ထုလ္လစ္စဥ်း" ဟု ခေါ်ဆိုအပ်လေသည်"

(ပရိဝါပါဠိတော်)

## ၄။ ပါစိတ်အာပတ်

"ပါစိတ္တိယ" ဟူသော ပါဠိကို "ပါစိတ်" ဟု ခေါ်၏။ လွန်ကျူးလိုသော စိတ်ဖြင့် ဤအာပတ်သင့်သောအခါ ကုသိုလ်စိတ်များ မရှိတော့ရကား ဤအာပတ်သည် ကုသိုလ်စိတ်ကို ကျစေ ပျောက်ပျက်စေသည် မည်၏။

ထို့ကြောင့် "ကုသိုလ်စိတ်ကို ကျစေတတ်၏" ဟူသော ဝိဂြိုဟ်နှင့်အညီ " ပါစိတ်အာပတ်" ဟု အမည်ကို ဘုရားရှင် ပညတ်တော်မူခဲ့လေသည်။

> "အကြင်အာပတ်ကို ပါစိတ်အာပတ်ဟု ဆိုအပ်၏။ ထိုအာပတ်အကြောင်းကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော့။ အကြင်အာပတ်သည် ကုသိုလ်တရား ကုသိုလ်စိတ်ကို ကျစေတတ်၏။ အရိယမဂ်ကိုဖျက်ဆီးတတ်၏။ စိတ်တွေဝေခြင်းအကြောင်းလည်း ဟုတ်၏။ ထို့ကြောင့် ဤအာပတ်ကို " ပါစိတ်အာပတ်" ဟု ခေါ်ဆိုအပ်လေသည်။

(ပရိဝါပါဠိတော်)

## ၅။ ပါဋိဒေသနီအာပတ်

"ပါဋိဒေသနီယ" ဟူသော ပါဠိကို "ပါဋိဒေသနီ" ဟု ခေါ်နေကြသည်။ အခြားအာပတ်များလို ဒေသနာပြော ဒေသနာကြားသလို မပြော မကြားရဘဲ "ငါ့ရှင် ကဲ့ရဲ့ထိုက်သော မလျောက်ပတ်သော သီးခြားပြောကြားထိုက်သော အာပတ်အဖြစ်သို့ ရောက်ပါပြီ။ ထိုအာပတ်အပြစ်ကို သီးခြားဒေသနာ ပြောကြားပါ၏" ဟု သီးခြားဒေသနာ ပြောကြားရသောကြောင့် "သီးခြားဒေသနာ ပြောကြားထိုက်၏" ဟူသော ဝိဂြိုဟ်နှင့်အညီ " ပါဋိဒေသနီယ" ဟူ၍ ဖြစ်၏။

> "အကြင်အာပတ်ကို " ပါဋိဒေသနီယ" ဟု ဆိုအပ်၏။ ထိုအာပတ်အကြောင်းကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော့။ ရဟန်းတစ်ပါးသည် ဘိက္ခုနီမနှင့် ဆွေမျိုးမတော်ပါဘဲ ခဲခဲယဉ်းယဉ်း ရှာပါမှ ရရှာသော ဘိက္ခုနီမ၏ အစာ. ဘောဇဉ်ကို ကိုယ်တိုင်ခံယူ၍ စားအံ့၊ ထိုစားမှုကို ကဲ့ရဲ့ဖွယ်ဟု ဆိုအပ်၏။

(ပရိဝါပါဠိတော်)

## ၆။ ဒုက္ကဋ်အာပတ်

"ဒုက္ကဋ"ဟူသော ပါဠိကို "ဒုက္ကဋ်အာပတ်"ဟု ခေါ်၏။ လိမ်၍ပြောခြင်း၊ ဆဲခြင်း၊ ရန်တိုက်ပေးခြင်း စသော မကောင်းမှု အငယ်များကို "မကောင်းသဖြင့် ဖောက်ဖောက်ပြန်ပြန် ပြုအပ်၏"ဟူသော ဝိဂြိုဟ်နှင့်အညီ ဒုက္ကဋ်အာပတ်ဟု ခေါ်၏။

ထိုမကောင်းမှုကြောင့် သင့်ရောက်အပ်သော အာပတ်ကိုလည်း အကြောင်းအမှု၏ အမည်ကို အကျိုးအာပတ်ပေါ် တင်စား၍ ကာရဏူပစာရအားဖြင့် ဒုက္ကဋ်အာပတ်ဟုပင် ခေါ်ဆိုရပါတော့သည်။

"အကြင်အာပတ်ကို ဒုက္ကဋ်အာပတ်ဟု ဆိုအပ်၏။ ထိုအာပတ်အကြောင်းကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော့။ အကြင်အမှုကို မကောင်းသဖြင့် ဖောက်ဖောက်ပြန်ပြန် ပြုအပ်၏။ ထိုအမှုသည် ဘုရားရှင်ဟောတော်မူတိုင်း မပြုအပ်သည့်အတွက်ကြောင့် အပြစ်ဖြစ်၏။ ကုသိုလ်ကောင်းမှုကိုလည်း ဖျက်ဆီးရာ ရောက်၏။ အရိယာမဂ်လမ်းမှ ချွတ်ချော်၏။ လူတစ်ယောက်သည် သူတစ်ပါး၏မျက်မှောက်ဖြစ်စေ၊ မျက်ကွယ်ဖြစ်စေ အကြင်မကောင်းမှုကို ပြုအံ့၊ ထိုမကောင်းမှုကို "ဒုက္ကဋ"ဟု ပြောဆိုကြ သိစေကြ၏။ ထို့ကြောင့် ဤအာပတ်ကို "ဒုက္ကဋ"ဟု ဆိုအပ်လေသည်"

(ပရိဝါပါဠိတော်)

## ၇။ ဒုဗ္ဘာသီအာပတ်

"ဒုဗ္ဘာသိတ"ဟူသော ပါဠိကို "ဒုဗ္ဘာသီ"ဟု ခေါ်နေကြသည်။ မကောင်းသဖြင့် ပြောဆိုအပ်သော စကားဟု အဓိပ္ပာယ်ရ၏။ စိတ်ဆိုး၍ ဆဲခြင်းမျိုး မဟုတ်ပါဘဲ ပြောင်လှောင်လိုသဖြင့် အမျိုးနှင့်စပ်၍ ဖြစ်စေ၊ အတတ်ပညာနှင့် စပ်၍ဖြစ်စေ -

"ဟေး - စဏ္ဍာလကြီး လာပြီကွ၊ ပညာရှိကြီး ပြောပါလိမ့်မယ်" စသည်ဖြင့် ပြောဆိုအပ်သော စကားကို "ဒုဗ္ဘာသိတ" ဟု ခေါ်၏။ ထိုစကားကြောင့် သင့်သော အာပတ်ကိုလည်း ဥပစာတင်စား၍ "ဒုဗ္ဘာသီအာပတ်"ဟု မိန့်တော်မူအပ်လေသည်။

"အကြင်အာပတ်ကို "ဒုဗ္ဘာသိတ"ဟု ဆိုအပ်၏။ ထိုအာပတ်အကြောင်းကို ဟုတ်တိုင်းမှန်စွာ နားထောင်ပါလော့။ မကောင်းသဖြင့် ပြောဆိုအပ်သောစကားသည် "ဒုဗ္ဘာသိတ" မည်၏။ အကြင် ပုဒ်ဗျည်းစကားသည် ပြောင်မှု လှောင်မှု ဖြစ်၍ ညစ်ညမ်းဆိုးရွား၏။ အကြင်စကားများကို ပညာရှိတို့လည်း ကဲ့ရဲ့ ကြ၏။ ထို့ကြောင့် ထိုစကားကို ထိုစကားကြောင့် သင့်ရောက်အပ်သော အာပတ်ကို "ဒုဗ္ဘာသိတ"ဟု ဆိုအပ်လေသည်"

(ပရိဝါပါဠိတော်)

## အပြစ်ကြီးပုံ

ဤအာပတ် ခုနစ်ပုံတွင် ဒုဗ္ဘာသိတ အာပတ်ထက် ဒုက္ကဋ်အာပတ်သည် အပြစ်ကြီးလေး၏။ ဒုက္ကဋ်ထက် ပါဋိဒေသနီအာပတ်သည် အပြစ်ကြီးလေး၏။ ပါဋိဒေသနီထက် ပါစိတ်အာပတ်သည် အပြစ်ကြီးလေး၏။ ပါစိတ်ထက် ထုလ္လစ္စဉ်း အာပတ်သည် အပြစ်ကြီးလေး၏။

"သံဃာဒိသေသာ အာပတ်ကား ထုလ္လစ္စဉ်းထက် အပြစ်ကြီးသောကြောင့် သံဃာအထံ၌သာ ထိုအပြစ်ကို ဖြေရသည်။ ယခုခေတ်၌ဝတ်ဆောက်တည်သည် ဝတ်ပွဲကျင်းပသည် ဆိုသည်မှာ ယင်းသံဃာဒိသေသာအာပတ်ကိုကုစားခြင်း၊ ဖြေဖျောက်ခြင်းပင် ဖြစ်ပါသည်။

ပါရာဇိကအာပတ်သည်ကား ရိုးရိုးဖြေရုံနှင့် မပြေနိုင်တော့ရကား ရဟန်းအဖြစ်ကို စွန့်လွှတ်လိုက်မှသာ ထိုအပြစ် ပြေပျောက်လေတော့၏။

## တပည့်အလိမ္မာ

"ရဟန်းသံဃာတို့ ထိုအာပတ်အပြစ်များ သင့်လျှင် နတ်ရွာနိဗ္ဗာန်ကို တားမြစ်ပါတော့သည်။ အာပတ်နှင့်တကွ သေလျှင် အာပတ်သင့်ပြီး သေလျှင် ငရဲသော်လည်းကောင်း ကျမည်။ တိရစ္ဆာန်သော်လည်းကောင်း ဖြစ်မည်။ နတ်ရွာနိဗ္ဗာန် မရောက်နိုင်တော့ပါ။

သို့ဖြစ်၍ ရဟန်းသံဃာများ အာပတ်မသင့်ရေးအတွက် ယင်းသံဃာတော်တို့ကို ကိုးကွယ်ဆည်းကပ်သော ဒကာ ဒကာမခေါ် တပည့်များ လိမ္မာဖို့ရာ အရေးကြီးလှပါသည်။ တပည့်လိမ္မာ ဆိုသည်မှာ တပည့် ဒကာ ဒကာမများကိုယ်တိုင် အာပတ် အပြစ်နှင့် ပတ်သက်၍ တတ်သိ လိမ္မာထားရပါမည်။ ယင်းသို့ လိမ္မာ တတ်သိ၍ အာပတ်အပြစ်ကင်းအောင် ပြုစုနိုင်သူကို တပည့် လိမ္မာဟု ခေါ်ပါသည်။

သို့သော် ယခုအခါ ယင်းတပည့်လိမ္မာ ဆရာ အာပတ်လွတ်ဆိုသည့် စကားကို အလွဲသုံးစားလုပ်ကာ ရဟန်းတော်များ မသိအောင် ဆိုပြီး မအပ်မရာများကို ဆက်ကပ်ကျွေးမွေးနေသည်ကို တွေ့ရှိရပါသည်။ ယင်းကား တပည့်လိမ္မာ မဟုတ်ပါ။ တပည့်မိုက် မသူတော်သာ ဖြစ်ပါသည်။

## ချင်းသုပ်

ယင်းတပည့်လိမ္မာ ဆရာ အာပတ်လွတ်စကားနှင့် ပတ်သက်၍ မိမိအား တစ်ခါက ဒကာတစ်ယောက် မေးဖူး၍ ဖြေဖူး ပါသည်။ သို့သော် ထိုအဖြေမှာ စာပေမှတ်တိုင်ပေါ်သို့ မရောက်လာသဖြင့် လူအများ မသိလိုက်ကြရပါ။ ယခုအခါ လူအများ သိရှိရန် စာပေပေါ်သို့ တင်ပြပါအံ့။

တစ်ချိန်က ဖြစ်ခဲ့၏။ ထိုအချိန်ကို မိမိ မမှတ်မိတော့ပါ။ ဒကာတစ်ယောက်နှင့် ဆုံ၏။ ထိုစဉ်က မိမိမှာ စာသင်သား ဘဝတွင်ပင် တည်နေသူဖြစ်ပါသေးသည်။ မိမိမိတ်ဆွေတစ်ပါးနှင့်အတူ ခရီးထွက်ရာမှ အိမ်တစ်အိမ်သို့ ရောက်ပါသည်။ ညနေ အချိန်တွင် မိမိတို့အား ညချင်းသုပ်များ ကပ်ပါသည်။ ထိုအခါ မိမိက အကပ်မခံပါ။ ဒကာက ဆိုလာသည်။

"အရှင်ဘုရား အကပ်ခံပါဘုရား"

"ဒကာကြီး ချင်းသုပ်က စားမှ မစားအပ်တာ"

"ဒါ ညချင်းသုပ်ပါဘုရား၊ စားအပ်ပါတယ်"

"ဒကာကြီး ညချင်းသုပ်ကလည်း ပဲမှုန့်တွေနဲ့၊ ပုဇွန်ခြောက်တွေနဲ့ပဲလား၊ မစားအပ်ရုံမက အကပ်တောင် မခံရပါဘူး"

"အရှင်ဘုရားကလည်း တပည့်လိမ္မာ ဆရာ အာပတ်လွတ်ပဲဘုရား၊ ဘုဉ်းပေးပါ၊ တပည့်တော်က လိမ္မာစွာ ပြုစုဆက် ကပ်တာပဲ၊ အရှင်ဘုရားမှာ အာပတ်မသင့်ပါဘူး"

"တပည့်လိမ္မာဆိုတာ ဒါမျိုးခေါ်တာ မဟုတ်ပါဘူး ဒကာကြီးရဲ့"

"ဒါဖြင့် အရှင်ဘုရား၊ တပည့်လိမ္မာ ဆရာ အာပတ်လွတ်လို့ ဆိုတာ ရှင်းပြပါဘုရား"

"အင်း - အင်း ရှင်းပြမယ် နားထောင်ပါ။ ချင်းဟာ သူ့သက်သက် ရဟန်းတော်တွေ ညဘက်မှာ စားအပ်ပါတယ်။ ဆီ ကလည်း ညဘက်မှာ စားအပ်ပါတယ်၊ ဆားကလည်း ညဘက်မှာ စားအပ်ပါတယ်။ အဲဒီ စားအပ်တဲ့ ချင်းရယ်၊ ဆီရယ်၊ ဆားရယ် သုပ်တဲ့ ချင်းသုပ်မျိုးကို ဒကာက ကပ်လျှင် ဘုန်းကြီးမှာ စားအပ်ပါတယ်။ အာပတ် မသင့်ပါဘူး။ အဲဒါမျိုးကို တပည့် လိမ္မာ ဆရာအာပတ်လွတ်လို့ ခေါ်ပါတယ်"

"တချို့ဝိနည်းကို တကယ်လေးစားတဲ့ ဆရာတော်များကတော့ အဲဒီလို ချင်းရယ်၊ ဆီရယ်၊ ဆားရယ် သုပ်တဲ့ ညချင်း သုပ်ကို လက်သုပ်သဘော သက်ရောက်လို့ မဘုဉ်းပေးကြပါဘူး၊ မအပ်ဘူးလို့ ပယ်ကြပါတယ်"

"ဟင် - ဒီလိုဆို တပည့်တော်တို့ ကပ်တဲ့ ညချင်းသုပ်က နံနက်ချင်းသုပ်နဲ့ မထူးတော့ မကပ်ကောင်းဘူးပေါ့ ဘုရား"

"မကပ်ကောင်းလို့ အကပ်မခံတာပေါ့"

"တပည့်တော်တို့က မသိလိုက် မသိဘာသာ အလိမ္မာသဘောနှင့် ကပ်ရင် ဆရာတော်ဘုရားတို့ စားသော်လည်း အာပတ်မသင့်ဘူးထင်လို့ ကပ်တာပါဘုရား"

"အဲဒါ လိမ္မာတာ မဟုတ်ဘူး၊ မသိမိုက်.မိုက်တာ ခေါ်တယ်"

"ဒီလိုဆို တပည့်တော်တို့ တပည့်လိမ္မာဖြစ်အောင် ဆုံးမတော်မူပါဘုရား"

## ဆက်ကပ်မှု

"ကဲ - ဒါဖြင့် တိုစိ တိုစိနဲ့ မှတ်မိအောင် ပြောပြမယ်၊ အများဆုံး တွေ့ရသည်မှာ ဆွမ်းစတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းတွေကို ရဟန်းသံဃာတော်များအား ဆက်ကပ်လှူဒါန်းတဲ့ အခါမှာလည်း ဆက်ကပ်သူ တပည့်လိမ္မာမှ ဆရာအာပတ်လွတ်ပါတယ်၊ မလိမ္မာရင် ဆရာ အာပတ်မလွတ်ဘူး"

"ဘယ်လိုလိမ္မာ၊ ဘယ်လိုမလိမ္မာတာလည်း ဘုရား"

"ဝတ္ထုပစ္စည်း ဆက်ကပ်တဲ့အခါ ကပ်သူနဲ့ အကပ်ခံရသူတို့ဟာ နှစ်တောင့်ထွာအတွင်းမှာ ဖြစ်ရမယ်၊ နှစ်တောင့်ထွာထက် ဝေးတဲ့နေရာက ကပ်ရင် အကပ်မမြောက်ဘူး"

"ဒီလိုလားဘုရား"

"အဲဒီလိုပဲ၊ နှစ်တောင့်ထွာထက် ဝေးတဲ့နေရာက ကပ်ရင် တပည့်မိုက်ပေါ့၊ နှစ်တောင့်ထွာအတွင်းမှ ကပ်မှ တပည့်လိမ္မာပေါ့"

"ထိုင်ပြီးတော့ ကပ်တဲ့အခါမှာလည်း ရဟန်းတော်နဲ့ မိမိတို့ရဲ့အကြားမှာ တစ်တောင့်ထွာထက် မကွာစေရပါ။ ကွာဝေးက အကပ်မမြောက်တော့ပါ။ ဒါကြောင့် တစ်ခါတစ်ခါ ဆက်ကပ်သူ ဝေးနေရင် ရှေ့တိုး ရှေ့တိုးလို့ ပြောရတာ၊ ပြောရမယ့် ဒကာမတွေကျတော့ ရှေ့တိုး ရှေ့တိုးလို့ ပြောရတာ၊ မပြောရမယ့် ဒကာမတွေကျတော့ ရှေ့တိုး ရှေ့တိုးလို့ ပြောရမှာ နှုတ်မထွက်ချင်ဘူး၊ တစ်မျိုးထင်မှာစိုးလို့၊ အဲဒီတော့ အကပ်တော့ ခံလိုက်တယ်၊ အဲဒီပစ္စည်း မသုံးဘဲ ထားရတာပေါ့"

"ဟာ - ဒီလိုဆိုရင် တပည့်တော်ရော ဆရာပါ အကျိုးယုတ်တာပေါ့ဘုရား"

"အေး - အကျိုးမယုတ်ချင်ရင် အကပ်ခံမှု ဆက်ကပ်မှုနှင့် ပတ်သက်ပြီးတော့ နှစ်တောင့်ထွာထက် မဝေး.တစ်တောင့်ထွာကွာခြားရုံမျှ နေရာက ကပ်ရမယ်"

"ဆွမ်းစားတဲ့ စားပွဲခုံကို ကပ်တဲ့အခါမှာ ရဟန်းတော်နှင့် အနီးဆုံးနေရာက ကပ်ရမယ်၊ ရဟန်းရဲ့ရှေ့တည့်တည့် စားပွဲဟိုဘက်ထိပ်အစွန်းက မကပ်ရဘူး"

## မကပ်သင့်ချိန်

"ပြီးတော့ မကပ်သင့်တဲ့အချိန်လည်း သိရဦးမယ်၊ နှစ်တောင့်ထွာအတွင်း အရောက်ကပ်ပေမဲ့ မကပ်ကောင်းတာတွေကို မကပ်ရဘူး၊ ဥပမာဆိုပါတော့ နေမွန်းလွဲပြီးတဲ့အခါ ကျောင်းသွားသော်လည်းကောင်း၊ သို့မဟုတ် တစ်နေရာတွင်သော်လည်းကောင်း ရဟန်းတော်တို့အား နံနက်ပိုင်းတွင်သာ စားကောင်းတဲ့ မုန့်ထုပ်များ မကပ်ရပါ။ သစ်သီး၊ နို့ဆီဘူး များလည်း မကပ်ရပါ"

"ဟင် - တယ်ခက်ပါလား ဘုရား"

"မခက်နဲ့ တပည့်လိမ္မာ ဖြစ်ချင်ရင် အဲဒါတွေ သိထားရမယ်၊ ပြီးတော့ ဒီခေတ်မှာ ခေတ်စားနေတဲ့ ဆွမ်းကြီးလောင်းပွဲဆိုတာ ရှိတယ်မဟုတ်လား"

"မှန်ပါ ရှိပါတယ်ဘုရား"

"အဲဒါ ဆွမ်းကြီးလောင်းပွဲမှာ လောင်းတဲ့ ဆန်၊ ငရုတ်၊ ပဲ၊ ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ လက်ဖက်ခြောက် စသည့် နံနက်ပိုင်းတွင်သာ စားအပ်သည့် ပစ္စည်းများကို ရဟန်းတော်များ လက်ထဲသို့ ကိုယ်တိုင် မကပ်ထည့်ကောင်းဘူး၊ ကိုရင်များ လက်ထဲတော့ ကပ်ထည့်ကောင်းတယ်"

"ဒီလိုဆိုရင် ရဟန်းတော်များကို ဘယ်လို ဆွမ်းကြီးလောင်းမလဲ ဘုရား"

"ရဟန်းတော်များကို ဆွမ်းကြီးလောင်းချင်ရင် ရဟန်းတော်က သပိတ်မကိုင်ဘဲ ကပ္ပိယကို သပိတ်ကိုင်ခိုင်းပြီး အဲဒီ ကပ္ပိယရဲ့သပိတ်ထဲ လောင်းထည့်ပေါ့"

"ရဟန်းတော်များ သပိတ်ထဲ အဲဒီ ဆန်၊ ငရုတ် စသည်တို့ကို လောင်းထည့်ရင် ဘယ်လိုဖြစ်ပါသလဲ ဘုရား"

"အဲဒီ ဆန်၊ ငရုတ် စသည်ကို ရဟန်းတော်များ မစားကောင်းတော့ဘူး၊ စားရင် အာပတ်သင့်တယ်၊ အဲဒါ တပည့် မလိမ္မာလို့ ဆရာ အာပတ်သင့်တာပေါ့"

## ရွှေ ငွေ ကိုင်ခံမှု

"ရွှေငွေ ကိုင်ခံမှုနဲ့ ပတ်သက်ပြီးတော့ ပြောရဦးမယ်၊ ယခုခေတ် ရဟန်းခံပွဲတွေမှာ သိမ်က ဆင်းတဲ့အခါ သိမ်ဆင်းလောင်းကြပါတယ်၊ အဲဒီအခါ သိမ်ဆင်းလောင်းသူများက ငွေတွေ လောင်းကြပါတယ်၊ အဲဒါ မလောင်းကောင်းပါဘူး၊ လောင်းတဲ့လူတွေက မအပ်တာ လောင်းလှူတဲ့အတွက် မသူတော်အလှူ ဖြစ်သွားပါတယ်၊ တပည့် မလိမ္မာလို့ ဆရာ အာပတ်မလွတ်တာပေါ့"

"တပည့် မလိမ္မာလို့ ဆရာ အာပတ်မလွတ်တာထက် ယခုမှ ဖြစ်ခါစ ရဟန်းသစ်ကလေးတွေမှာ ဘာမသိ ညာမသိနှင့် အာပတ်သင့်ရသည်မှာ မကောင်းတော့ပါဘူး"

"အရှင်ဘုရား၊ ဒီလိုဆိုရင် ဒီရွှေငွေကို ရဟန်းတော်များအား ဘယ်လို လှူဒါန်းရပါ့မလဲ ဘုရား"

"ရွှေငွေကို တိုက်ရိုက်လှူလို့ မရပါဘူး၊ လှူချင်ရင် အဲဒီရဟန်းတော်ရဲ့ ကပ္ပိယထံမှာ မိမိ လှူနိုင်သမျှ လှူပြီး ဥပမာ တစ်ရာလှူတယ်ဆိုပါတော့ "အရှင်ဘုရား၊ အရှင်ဘုရား အလိုရှိတဲ့အခါ ကပ္ပိယထံမှာ တစ်ရာတန်ပစ္စည်း အလှူခံပါဘုရားလို့ ရဟန်းတော်အား လျှောက်ထားရပါတယ်"

"အဲဒီလို လှူတာဟာ ငွေကို လှူတာမဟုတ်ပါဘူး၊ ငွေမှ ဖြစ်လာတဲ့ တစ်ရာတန်ပစ္စည်းကို လှူတာပါ၊ အဲဒီလို မဟုတ်ဘဲနဲ့ ကပ္ပိယထံတော့ အပ်တယ်၊ ဘုန်းကြီးလည်း လျှောက်တယ် "အရှင်ဘုရား၊ အရှင်ဘုရားရဲ့ကပ္ပိယထံမှာ ငွေတစ်ရာ အပ်ထားပါတယ်၊ အရှင်ဘုရား အလိုရှိတဲ့အခါ တောင်းခံ သုံးစွဲတော်မူပါ" လို့ လျှောက်ရင် မအပ်တော့ဘူး"

"ဘာဖြစ်လို့လဲ ဘုရား"

"အဲဒီလျှောက်ထားနည်းက ငွေကိုအပ်တယ်၊ ငွေကိုပဲ အလှူခံခိုင်း၊ အတောင်းခံခိုင်းတာကိုး၊ ပထမ အပ်တာက ငွေပဲ၊ ဒါပေမဲ့ အလှူခံခိုင်း၊ အတောင်းခိုင်းတော့ ငွေမှ ဖြစ်တဲ့ တစ်ရာတန် ပစ္စည်းဆိုတော့ တူလား"

"မတူပါဘုရား"

## ကပ္ပိမှု

"အင်း – ပြီးတော့ရှိသေးတယ်၊ ဆွမ်းကပ်တဲ့အခါ အမြစ်ပါတဲ့ နံနံပင်၊ ပူစီနံ တို့ကို ကပ္ပိမှု ပြုရပါတယ်၊ အစေ့ပါတဲ့ စပျစ်သီး၊ မာလကာသီး တို့ကို ကပ္ပိမှု ပြုရပါတယ်၊ အဲဒါတွေ မကပ္ပိဘဲ စားသုံးလျှင် အာပတ်သင့်ပါတယ်"

"အသုပ်.သုပ်တဲ့အခါမှာ ဧရာတ်သီးအမှည့်များ၊ မမှည့်သော်လည်း အောင်မြင်သော မျိုးစေ့ရှိသည့် ဧရာတ်သီးများ ပါလျှင် ကပ္ပိမှု ပြုရပါတယ်"

"ခရမ်းချဉ်သီး သုပ်တဲ့အခါမှာတော့ ခရမ်းချဉ်သီးကိုက ကပ္ပိမှု ပြုရတဲ့ပစ္စည်း ဖြစ်နေတော့ ဧရာတ်သီးအမှည့် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကပ္ပိမှု ပြုရပါမယ်"

"တစ်ခါက အဖြစ်တစ်ခု ပြောဦးမယ်၊ တောရကျောင်းမှာ တစ်ပါးတည်း ကေစာရီဆွမ်းခံပြီး ကောသနိက်၊ ပတ္တပိုက် စားသုံးတော့ ဆွမ်းခံသွားတဲ့အခါ ဒကာမကြီးတစ်ယောက်က သပိတ်ထဲ ခရမ်းချဉ်သီးသုပ်တွေ အစေ့မထုတ်ဘဲ သုပ်ပြီး လောင်းထည့်လိုက်တယ်၊ သပိတ်ထဲမှာ အားလုံး ရောကုန်ရော၊ နှိုက်ထုတ်ရမှာလည်း အခက်၊ စားရမှာလည်း အခက် ဒကာလိုက်ရှာရတာ အမောပဲ"

"ဒကာတွေ့တော့ သပိတ်ကို ချပြီး အကပ္ပိခိုင်းတယ်၊ ဒကာကလည်း မကပ္ပိတတ်ဘူး၊ မနည်းပဲ တတ်အောင်သင်ပေးပြီး အကပ္ပိခိုင်းရပါတယ်၊ အတော်ဒုက္ခရောက်ပါတယ်"

"နေပါဦးဘုရား၊ ကပ္ပိတယ်ဆိုတာ ဘယ်လိုလုပ်တာပါလဲ ဘုရား"

"ကပ္ပိတယ်ဆိုတာ မအပ်တဲ့ပစ္စည်းကို အပ်အောင်လုပ်ရတာပေါ့၊ ဉပမာဆိုပါတော့ စပျစ်သီးဟာ အစေ့ကသေးတော့ ထုတ်ပစ်ဖို့ ခက်တယ်၊ ဝါးစားရင်လည်း အာပတ်သင့်မယ်၊ အဲဒါမျိုးကို ဘုန်းကြီးက "ကပ္ပိယံ ကရောဟိ = အပ်အောင်ပြုလော့" လို့ ဆိုလို့ရှိရင် ဒကာက "ကပ္ပိယံ ဘန္တေ = အပ်ပါပြီဘုရား" လို့ ဆိုပြီး လက်သည်းနဲ့ရင်လည်း ဆိတ်ရတယ်၊ ဓားနဲ့ရင်လည်း လှီးရတယ်၊ မီးနဲ့ ရင်လည်း တို့ရတယ်၊ အဲဒီလိုပြုရင် စားအပ်သွားတယ်၊ အဲဒီလို စားအပ်အောင် လုပ်လို့ ကပ္ပိတယ်လို့ ခေါ်တယ်"

"အဲဒီလို ရဟန်းတော်များ မအပ်တာကို အပ်အောင် ပြုလုပ်ပေးသူကို ကပ္ပိယလို့ ခေါ်ပါတယ်၊ ကျောင်းကပ်စားသူကို ကပ္ပိယခေါ်တာ မဟုတ်ဘူးနော်"

"မှန်ပါ ဘုရား"

"တချို့က ကပ္ပိယလို့ ခေါ်ရင် နာကြတယ်၊ မနာကြပါနဲ့၊ ကပ္ပိယဆိုတာ ဂုဏ်ရှိပါတယ်၊ ရဟန်းတော်တွေမှာ မအပ်တာတွေကို အပ်အောင် ဆောင်ရွက်ပေးတဲ့အတွက် ကုသိုလ်တွေ အများကြီးရပါတယ်၊ အဲဒီကုသိုလ်နဲ့ အပါယ်မကျပါ၊ နတ်ပြည်လောက်တော့ ရောက်နိုင်ပါတယ်"

"အေး – ငါကပ္ပိယပဲ၊ ငါက ကပ်မှ လှူမှ ဘုန်းကြီးက စားလို့ သုံးလို့ဖြစ်တာ၊ ငါ့သဘောပဲဆိုပြီး ဘုန်းကြီးတွက် အပ်စပ်သော ပစ္စည်းလှူရန် အပ်ထားတဲ့ငွေတွေကို ကိုယ့်ငွေလို့ သဘောထားပြီး အလွဲသုံးစား လုပ်မယ်၊ မသုံးသင့်တဲ့ နေရာတွေမှာ သုံးရင်လည်း အဲဒီ ကပ္ပိယတော့ အပါယ်က မတက်ရတော့ဘူး"

"အရှင်ဘုရား၊ တပည့်လိမ္မာ ဆရာ အာပတ်လွတ်ဆိုတဲ့ စကားဟာ တယ်ပြီး ကျယ်ဝန်းပါလား ဘုရား"

"ဟာ – ကျယ်တာပေါ့၊ တပည့်လိမ္မာမှ ဆရာကောင်းကို ကိုးကွယ်ရမယ်၊ တပည့် မလိမ္မာရင် ဆရာကောင်းကို မကိုးကွယ်ရဘူး၊ မကိုးကွယ်နိုင်ဘူး"

"မလိမ္မာတဲ့ တပည့်ဒကာထံမှာ နေရတဲ့ ဆရာဟာလည်း ဆင်းရဲပါတယ်၊ ဒုက္ခရောက်ပါတယ်"

## အပေးအယူ

"ပြီးတော့ တချို့တပည့်ဒကာတွေက မိမိတို့ ကိုးကွယ်တဲ့ ရဟန်းသံဃာတွေနဲ့ အပေးအယူ လုပ်ရမှ ကျေနပ်တယ်၊ အပေးအယူ လုပ်ချင်တယ်၊ ရဟန်းသံဃာတွေထဲမှာ ဘာမှ အဖိုးမတန်တဲ့ အသီးအနှံတွေ တောင်းစားချင်တယ်၊ ရဟန်းတော်များက အားနာတော့ ပေးရပါတယ်၊ အာပတ်သင့်ရော။

"ပြီးတော့ ရဟန်းတော်များတော့ ကိုးကွယ်တယ်၊ ပစ္စည်းလေးပါး မဖိတ်ထားဘူး၊ ရင်းနှီးမှုတော့ ရှိတယ်၊ အဲဒါ အမှတ်တမဲ့နဲ့ အဲဒီ မဖိတ်သူ ဒကာထံ တောင်းခံမိရင် အဲဒီပစ္စည်းကို မသုံးဆောင်ကောင်းတော့ပါဘူး၊ ဒါကြောင့် တပည့်လိမ္မာ ဖြစ်ချင်ရင် မိမိကြည်ညိုကိုးကွယ်တဲ့ ရဟန်းသံဃာတွေကို ပစ္စည်းလေးပါး ဖိတ်ထားရပါတယ်"

"အရှင်ဘုရား၊ တပည့်လိမ္မာ ဖြစ်ဖို့ မလွယ်ပါလားဘုရား"

"အေး - တပည့်လိမ္မာမဖြစ်သေးသမျှ ဆရာ အာပတ်လွတ်ဖို့လည်း မလွယ်ပါဘူး၊ ဆရာ ဆင်းရဲမယ်၊ ဒါကြောင့် တပည့်လိမ္မာ ဖြစ်အောင် ကြိုးစားပါ၊ နောင်တစ်ခါ ဒီလို ညချင်းသုပ်မျိုး မကပ်ပါနဲ့လို့ ပြောရင်း နိဂုံးချုပ်ကြစို့"

- ✦ တပည့်လိမ္မာ ဆရာမှာ သေချာအာပတ်လွတ်။
- ✦ လိမ္မာဆိုတာ အပ်စပ်ရာ လှူတာခေါ်သတတ်။
- ✦ မအပ်မရာ ညာလှူတာ ထိုဟာအမိုက်မှတ်။
- ✦ အမိုက်-လိမ္မာ ထိုနှစ်ဖြာ သေချာခွဲခြားမှတ်။
- ✦ သေချာကွဲမှ မိုက်လွတ်ရ ဖြစ်ရလိမ္မာတတ်။

📖

# တပည့်တော်မ ယခင်ဆိုလျှင် အရှူး.မီးဝိုင်းသလို ရှုးခဲ့ပါတယ်

(၁၉၄)

"မယားတိရစ္ဆာန်၊ လင်သူမွန်တဲ၊ သောတာပန်လား၊ မယားသောတာပန်၊ လင်တိရစ္ဆာန်တို့၊ ကျင့်ဟန်မတူ၊ မကောင်းသူမှာ၊ မီးပူကျရှောင်း၊ ကောင်းကျင့်သူကား၊ နတ်ပြည်လား၏၊ မယားကိုလင်၊ လင်ကိုမယား၊ နတ်အလားသို့၊ တရားသဖြင့်၊ ကောင်းစွာကျင့်က၊ ငါးဆင့်နတ်ရွာ၊ ဘုံနိမ္မာဝယ်၊ ချမ်းသာနှစ်ပါး၊ တူခံစားလိမ့်၊ လင်မယားနှစ်၊ အကျင့်ညစ်မူ၊ နှစ်ကြင်ရေ၊ မကွဲတဝေး၊ သံပြိုင်ထွေးတည့်၊ ငိုကြွေးအော်ကြ၊ ညံတွန်တည်း" (မယဒေဝ)

"အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး၊ ကံတရားကား၊ မယားပြုရာ၊ စိတ်မပါလျှင်၊ လင်မှာမရ၊ လင်ပြုကလည်း၊ မိန်းမအိမ်သူ၊ စိတ်မတူသော်၊ မှတ်ယူမှန်စွာ၊ မရရာဘူး" (မယဒေဝ)

ဒီလောကမှာ အိမ်ထောင်တွေ များစွာရှိပါသော်လည်း ဘက်ညီသော အိမ်ထောင်မှာ ရှာမှ ရှားပါလိမ့်မည်။ ဘက်မစုံသော အိမ်ထောင်များသာ များပါလိမ့်မည်။ ဘက်မစုံကလည်း မည်မျှ ဆင်းရဲဒုက္ခ ရောက်ကြမည်နည်းဆိုတာ မေးဖွယ်ရာပင်မလိုတော့ပါ။ ယင်းသို့သော ဆင်းရဲဒုက္ခတွေကို ဘယ်အရာနှင့် ဖြေဖျောက်မည်နည်း။

မဖြေဖျောက်နိုင်တဲ့ သူတွေအဖို့ ဆင်းရဲဒုက္ခတွေ အပြည့်နှင့် ဘဝရှုံးသွားရမည်ဆိုပါက နစ်နာလှပါသည်။ ဖြေဖျောက်တတ်သူတွေအဖို့ ဘဝတန်ဖိုးတက်ကာ အသက်ရှင်ရမြတ်လှပါသည်။ အသက်ရှင်ရမြတ်သူတစ်ယောက်ရဲ့စာကို ဖတ်ကြည့်စမ်းပါဘိ -

ကျေးဇူးရှင် ဆရာတော်ဘုရား -

(၁၂-၁-၈၃)

### ဘဝအခြေအနေ

ဆရာတော်ဘုရား၊ တပည့်တော်မသည် ကလေးလေးယောက်ရဲ့မိခင် အိမ်ထောင်ရှင်တစ်ဦး ဖြစ်ပါတယ်ဘုရား။ တပည့်တော်၏ ခင်ပွန်းသည်မှာ တပည့်တော်မနှင့် အသွင်မတူဘဲ မိရိုးဖလာရိုးရာ ဗုဒ္ဓဘာသာဝင် တစ်ဦးမျှသာ ဖြစ်ပါသည်ဘုရား။ အရက်သေစာ သောက်စားသူတစ်ယောက် ဖြစ်ပါသည်။

သို့သော် တပည့်တော်မ ကောင်းမှုလုပ်ရာတွင် တပည့်တော်မ၏ အလိုကို အခါအားလျော်စွာ လိုက်သူတစ်ဦး ဖြစ်ပါသည်။ တပည့်တော်မကို တရားစခန်းမှာ ဝင်ခွင့်ပြုသည်ကိုပင် သူ့အား ကျေးဇူးတင်ရဦးမည် ဖြစ်ပါသည်ဘုရား။

## သေတွင်းမှ လွတ်မြောက်လာပုံ

တပည့်တော်မသည် ငယ်စဉ်ကတည်းကပင် နလုံးရောဂါသည်တစ်ယောက် ဖြစ်ပါသည်ဘုရား၊ အသက်ကြီးလာသည့်နှင့်အမျှ တပည့်တော်မ၏ နလုံးရောဂါကလည်း တိုးလာပါသည်။ တပည့်တော်မ၏ နလုံးခုန်နှုန်းမှာ တစ်မိနစ်လျှင် ၁၁၀ ဖြစ်ပါတယ် ဘုရား။

တစ်ခါက ရောဂါအပြင်းအထန် ထကြွလာရာ အခက်အခဲနှင့် ရင်ဆိုင်ရပါသဖြင့် ဆေးရုံတက်ခဲ့ရပါတယ်ဘုရား။ အခြေအနေ.မကောင်း မျှော်လင့်ချက်.မရှိတော့၍ ဆရာဝန်ကပင် ဆေးရုံက ဆင်းခွင့်ပေးခဲ့ပါသည်။

တပည့်တော်မသည် လမ်းပင် လျှောက်နိုင်ခြင်း မရှိတော့သဖြင့် ဖျိုးသယ်ဆောင်ခဲ့ရခြင်းဖြင့် အိမ်သို့ ပြန်ရောက်ခဲ့ပါသည်။ အိမ်ရောက်တော့ ဒုက္ခဝေဒနာ ပြင်းထန်စွာ ခံခဲ့ရပါတယ် ဘုရား၊ ပင်ပန်းနွမ်းနယ်လှ၍ သတိမေ့မြောသွားပါတယ် ဘုရား။

ထိုစဉ်က တပည့်တော်မ၏ အာရုံတွင် ကြည်ညိုဖွယ်ရာ ရဟန်းတော်တစ်ပါးကို တိမ်တိုက်တွေအကြားတွင် တပည့်တော်မကိုယ်တိုင် ဆွမ်းကပ်လှူဒါန်းခဲ့ရပါတယ် ဘုရား။

ဆွမ်းကပ်ပြီးနောက် ရဟန်းတော် ပြန်ကြွသွားတဲ့အခါ တပည့်တော်မလည်း ပြန်လည် သတိရလာသည်၊ သတိရလာ၍ မျက်စိဖွင့်လိုက်သည်နှင့် တွေ့လိုက်ရသည့် မြင်ကွင်းကတော့ တစ်အိမ်လုံးပြည့်မှာ ဆွေမျိုးတွေ အိမ်နီးနားချင်းတွေကို မျက်စိမျက်နှာပျက်နှင့် တွေ့ရပါသည်။ အချို့ကလည်း ငိုယိုလျက်ရှိသည်ကို တွေ့ရပါသည်ဘုရား။

တပည့်တော်မ မေ့မြောနေစဉ်အတွင်း ရဟန်းတော်တစ်ပါးအား ဖူးတွေ့ရ ဆွမ်းကပ်ရသဖြင့် ငါတော့ ဒီရောဂါနှင့် မသေနိုင်တော့ဘဲ နောက်တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တရားထူး တရားမြတ်ကို မုချ မသွေရလိမ့်မည်ဟု တပည့်တော်မ ယုံကြည်ခဲ့ပါသည် ဘုရား။ တပည့်တော်မ သေတွင်းမှ လွတ်မြောက်သွားပါပြီ၊ နလုံးရောဂါမှတော့ မထမြောက်သေးပါ ဘုရား။

## တရားနယ်ထဲ ဝင်ရောက်လာခြင်း

တစ်နေ့နေ့တစ်ချိန်ချိန်တွင်တရားထူးတရားမြတ်ကိုမုချမသွေရလိမ့်မည်ဟုမျှော်ကိုးခဲ့သည့်အတိုင်း(၁၂-၁၂-၈၁) နေ့တွင် စတင်ဖွင့်မည့် ဆရာတော်ဘုရား၏ ဆယ်ရက်စခန်း တရားပွဲသို့ ဝင်ရောက်အားထုတ်ရန် စိတ်ကူးပါတယ် ဘုရား။

တရားစခန်းကလည်း တပည့်တော်မတို့ အိမ်ရှေ့မှာ ဖြစ်တော့ သိပ်ပြီး တရားဝင်ချင်ပါတယ်ဘုရား။ တရားစခန်းထဲမှာ ဝင်ပြီး အားထုတ်ရမှာလည်း အသည်းတဖိုဖို ရင်တထိတ်ထိတ်နဲ့ပါ ဘုရား။

"ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်က နလုံးရောဂါသည်၊ ဒီစခန်းဝင်လို့ တစ်ခုခုဖြစ်သွားရင် တရားစခန်းလည်း ရှုပ်တယ်၊ ဆရာတော်ဘုရားလည်း နာမည်ပျက်မှာ စိုးရိမ်တာ များနေပါတယ်ဘုရား"

ဆရာဝန်ကို မေးကြည့်တော့လည်း တရားအားထုတ်လို့ မရဘူး၊ တရား အားမထုတ်ရဘူးလို့ အပြင်းအထန် ကန့်ကွက်ပါတယ်ဘုရား။ ဆရာဝန်က တရားအားထုတ်ရင် နလုံးခုန် မြန်နေတာနဲ့ တရားစခန်းမှာ သေမှာစိုးလို့ တရား မဝင်စေချင်တာပါ ဘုရား။

တပည့်တော်ကလည်း ဆရာဝန် လက်လျှော့ထားရသူ သေမည့်သူ ဖြစ်နေတော့ တရားရပြီးမှ သေချင်ပါတယ် ဘုရား၊ တရား သိပ်ပြီးအားထုတ် ချင်နေတော့ တရားပွဲ ကျင်းပရေး အမှုဆောင်လူကြီးတွေထံ စာရင်းပေးပါတယ် ဘုရား။ ဆရာဝန် လက်လျှော့ထားမှန်း သိကြ၍ သူတို့က လက်မခံကြပါဘုရား။ ဆရာတော်ကြွလာမှ လျှောက်လို့ ပြောကြပါတယ် ဘုရား။

ဆရာတော် ကြွလာတော့ လျှောက်တဲ့အခါ ဆရာတော်ဘုရားက "ဝင်ခွင့်ပေးလိုက်ပါ၊ ဒီလို လူနာမျိုး မသေဘူး" လို့ ပြောတယ်ဆိုတော့ တပည့်တော်မ သိပ်ဝမ်းသာသွားပါတယ် ဘုရား။ တပည့်တော်မကလည်းတရားတစ်နေ့သိပြီး သေချင်သေပါစေဆိုပြီး ဖွတ်အတင်း တရားဝင်ခဲ့ပါတယ် ဘုရား။ တရားဝင်တဲ့အခါမှာလည်း -

"ငါ တရားစစ် တရားမှန်ကို ရမည့်သူ ဧကန်မှန်လျှင် ငါ ဒီတရားစခန်းကို ဝင်ပြီး တရားလည်းရ၊ ငါ့ရောဂါလည်း ပျောက်ပါစေ"

လို့ ဆိုပြီး စိတ်ကို ဆုံးဖြတ်ကာ တရားဝင်ခဲ့ပါတယ်ဘုရား။ အတိတ်ကံက တရားစခန်းသို့ ပို့ပေးသဖြင့် တရားခွင်သို့ ရောက်ခဲ့ပါတယ်ဘုရား။

တပည့်တော်မသည် သေရမည့်သူဆိုတော့ ခံစားခဲ့ရသော ဒုက္ခအတွေ့အကြုံများကို အာရုံပြုကာ တရားကို လိုလို ချင်ချင်နှင့် ဖိ၍ကြိုးစားရှုပွားရန် အားသန်နေခဲ့ပါသည်ဘုရား။

တပည့်တော်မသည်သေတွင်းမှလွတ်မြောက်လာသူတစ်ဦးဖြစ်သဖြင့် သတိ.ဝီရိယ.ဖွဲလုံ့လနှင့် လက်ဦးစွာဖူးတွေ့ရ၍ ဦးတိုက်ခဲ့ရ၊ လက်ဦးဆရာဖြစ်သော ဆရာတော်ဘုရား၏ ဆုံးမဩဝါဒအတိုင်း တစ်သွေမတိမ်း လိုက်နာနိုင်ခဲ့ပါတယ်ဘုရား။

ဒီလို လိုက်နာကျင့်သုံးနေစဉ် နလုံးတုန်တာ နလုံးခုန်တာတွေ ဖြစ်လာရင် "ရုပ်.ရုပ်" လို့ ရှုလိုက်တော့ နလုံးတုန်တာ နလုံးခုန်တာတွေဟာ ရောဂါမဟုတ်တော့၊ တရားရှုကွက် ဖြစ်လာပါတယ်ဘုရား။ အဲဒီအချိန်က စပြီး နလုံးဆေး သောက်စရာ မလိုတော့ပါ ဘုရား။ နလုံးတုန်တာ ခုန်တာကို "ရုပ်.ရုပ်" လို့ ရှုလိုက်တော့ တပည့်တော်ဟာ အပါယ်တံခါးပိတ်တဲ့ သေနည်းကို ပိုက်ဆံ တစ်ပြားတစ်ချပ်မှ မကုန်ဘဲ ရလိုက်ပါတယ်ဘုရား။

ဒီ တရားနလုံးဆေးကတော့ အချိန်မရွေး၊ နေရာမရွေး သောက်သုံးလို့ ရပါတယ်ဘုရား။ သောက်သုံးတဲ့အခါမှာ တခြားနလုံးဆေးတွေလို ရေလည်း မလိုပါဘုရား၊ ရေမပါဘဲ သောက်လို့ ရသဖြင့် သောက်ရ လွယ်ကူပါတယ်ဘုရား၊ ပိုက်ဆံလည်း မကုန်ပါဘုရား။ စိတ်အချမ်းသာဆုံးနဲ့ သောက်ရတဲ့ တရားနလုံးဆေးပါ ဘုရား။

တပည့်တော် ဒီတရားနလုံးဆေးကို စိတ်နလုံး ဒုန်းဒုန်းချကာ ရာသက်ပန် အားထုတ်သောအားဖြင့် သောက်သုံးသွားပါတော့မယ် ဘုရား။ မည်သူဖျက်ဖျက် မပျက်နိုင်တော့ပါ ဘုရား။

## သေရွာက ပြန်လာပြီး လာပြတာလား

ဆရာတော်ဘုရား၊ တပည့်တော်မ ပထမဦးဆုံး ဆယ်ရက်စခန်း ဝင်ပြီးလို့ ပြန်သွားတော့ ဆရာဝန်က တပည့်တော်မကို မြင်တာနှင့် "နင် သေရွာက ပြန်လာပြီး လာပြတာလား" လို့ မေးပါတယ်ဘုရား။ ဒီတော့ တပည့်တော်က "ဆရာ၊ သေရွာက ပြန်လာလို့ ရလား" လို့ မေးပါတယ် ဘုရား။

ဒီတော့ ဆရာဝန်က "ဒါဖြင့် နင် ဘယ်က ဘာတွေလုပ်ပြီးတော့ ပြန်လာတာလဲ" လို့ မေးလို့ တပည့်တော်က ဆယ်ရက်စခန်း တရားပွဲမှာ တရားအားထုတ်လို့ ဆယ်ရက်ပြည့်သွားသဖြင့် ကျန်းမာရေးအခြေအနေ စစ်ဆေးရန် လာကြောင်း ပြောပါတယ်ဘုရား။

အဲဒီလိုပြောတော့ ဆရာဝန်က "တရားဆေးသောက်တာ ငါတို့ဆေးထက်တောင် ကောင်းသွားပြီပေါ့" လို့ ပြောပြီး ရောဂါအခြေအနေ စမ်းသပ်ကြည့်တော့ ရောဂါ မရှိသလောက်ဖြစ်ကြောင်း ပြန်ပြောပါတယ်ဘုရား။

## စိတ်ပြောင်း ရုပ်ပြောင်း

ဆရာတော်ဘုရား ရုပ်နာမ်တရားတွေကို သဘောပေါက်ခဲ့တော့ တပည့်တော်မရဲ့ စိတ်တွေ ပြောင်းသွားသလို တပည့်တော်မရဲ့ရုပ်တွေလည်း ပြောင်းသွားပါတယ်ဘုရား။ ယခု တပည့်တော် တရားကို ယုံယုံကြည်ကြည် လိုလိုချင်ချင်နှင့် ရှေးကထက်ပိုပြီး ကြိုးစားနိုင်သည့်အလျောက် ရုပ်နာမ်တရားတွေရဲ့ငါ မဟုတ် သူ မဟုတ်၊ ငါ မပိုင် ငါ မဆိုင် ဆိုတာကို သိသိနေပါတယ် ဘုရား။

ဟိုတစ်ချိန်ကဆိုရင် ပုထုဇဉ်သားတစ်ဦးပီပီ သားသမီးများအပေါ် သံယောဇဉ်ကြီးမားပြီး သားသမီးများအတွက် စိုးရိမ်သောက များစွာရှိခဲ့ရာ သားသမီး တစ်ဦးဦး တစ်စုံတစ်ရာ ဖြစ်လာလျှင် တပည့်တော်မလည်း အဲဒီ သားသမီးနှင့်အတူ လိုက်၍ သေရန်ပင် စိတ်ထဲမှာ ရှိခဲ့ပါသည်ဘုရား။ ယခု ဆရာတော်ဘုရားနှင့်တွေ့ပြီး တရားခွင်မှ ပြန်လာသည့်နောက်ပိုင်း၌ ယခင်စိတ်တွေ ပြောင်းသွားပြီး -

- "ဩော် - ဘာတစ်ခုမှ မမြဲပါကလား။
- အရာခပ်သိမ်း ဆင်းရဲဒုက္ခ သက်သက်ပါကလား။
- အစိုးတရနဲ့ ကိုယ်ဖြစ်ချင်တာတွေလည်း ဘာတစ်ခုမှ မဖြစ်ပါကလား

လို့ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားများကို သဘောပေါက်လာပါသည် ဘုရား။ တရား အား မထုတ်ရသေးခင်ကဆိုရင် တပည့်တော်တို့ ဇနီးမောင်နှံ နှစ်ယောက်ဟာ ခဏခဏ ရန်ဖြစ်ရပါတယ် ဘုရား။

ယခု တပည့်တော်မ တရားအားထုတ်ပြီးနောက် လောကဓံတရားကို ခံးစည်း၍ခံနိုင်သော တရားရှင်တစ်ယောက်ဖြစ်လာသည့်အလျောက် အရာခပ်သိမ်းကိုလည်း ခံနိုင်စွမ်းရှိ၍ ထိုက်တန်သလောက် တပည့်တော်မ နလုံးစိတ်ဝမ်း အေးချမ်းမှု ရပါသည်ဘုရား။

## နှစ်လ.လွန်လျှင်

ဆရာတော်ဘုရား၊ တပည့်တော် ဆေးရုံတက်နေစဉ်အတွင်း တပည့်တော်နှင့်အတူ မမာသူတစ်ဦး တစ်ခန်းတည်း နေရပါတယ်ဘုရား၊ တပည့်တော်မမှတစ်ပါး ငါးဦးဟာ တစ်ဦးပြီးတစ်ဦး ရှေ့ဆင့် နောက်ဆင့် သေခဲ့ပါတယ်ဘုရား၊ တပည့်တော်မမှာ တရားရရန် အတိတ်ကံ ဖန်လာခဲ့သဖြင့်လား မသိပါ။ ဆေးရုံမှာတော့ အသေမခံဘူး၊ အိမ်မှာပဲ သေပါစေဆိုပြီး မိဘတွေက အိမ်ပြန်သယ်ချလာတာပါ ဘုရား။

အဲဒီအချိန်မှာသာ တပည့်တော် သေသွားလျှင် အပါယ်လေးဘုံကို မုချရောက်မှာပါဘုရား။ တပည့်တော် ဆေးရုံမှာဖြစ်တဲ့ ရောဂါအခြေအနေဟာ တက်စက ဆရာဝန်က ဒီလူနာ နှစ်လပဲ ခံမယ်လို့ ပြောပါသတဲ့ဘုရား။ နှစ်လ.လွန်လျှင် အမှန်သေမယ်လို့ ပြောပါသတဲ့ဘုရား။

ဆေးရုံမှာ နေရင်း နေရင်း ပိုဆိုးပြီး နှစ်လမဟုတ် တစ်ခဏနှင့် သေနိုင်သောအဖြစ်သို့ ရောက်လာပါတယ်ဘုရား။ တစ်ခါတစ်ခါ မောပြီး ရင်တုန်ရင် ရင်ခုန်ရင် အသက်ပါ.ပါသွားမယ် ထင်ရပါတယ်ဘုရား။

အခြေအနေ မကောင်းလို့ အိမ်ကို ပြန်ခေါ်လာပြီး အိမ်ရောက်တော့လည်း ခဏခဏ မောနေပါတယ်ဘုရား၊ တစ်ခါတစ်ခါ မောရင် အသက်ရှူပင် ရပ်သွားသလားလို့ ထင်ရလောက်အောင် ခံစားရပါတယ်ဘုရား၊ ဆရာဝန်ကလည်း နောက်ဆုံးအခြေအနေဖြစ်လို့ စားချင်တဲ့အစာကို စားဆိုပြီး အစာမရွေးဘဲ ကျွေးပါတယ်ဘုရား။

## မိဘမေတ္တာ

ဆရာတော်ဘုရား၊ ကြားဖြတ်ပြီး မိဘမေတ္တာ ကြီးမားပုံ တင်ပြပါရစေဘုရား။ တပည့်တော်ရဲ့ မိဘများဟာ တပည့်တော် ဘယ်လိုပင် ရောဂါများနေပေမဲ့ စိတ်ရှည်ရှည်နဲ့ ဆေးရုံပေါ်မှာ အပင်ပန်းခံပြီးစောင့်ရှောက်ပါတယ်ဘုရား၊

တပည့်တော်မိခင်က တပည့်တော်ကို တရားရစေချင်တဲ့ စေတနာနဲ့ တပည့်တော် မသေရန် ဆုမွန်ကောင်းတွေ တောင်းကာ တရားစစ် တရားမှန်နှင့် တွေ့ ပြီးမှ ငါ့သမီးလေး သေချင်သေပါစေ၊ ငါ့သမီးလေး ဖြစ်ချင်တာတွေ ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ် ဘုရား၊

ဆရာတော်ဘုရား၊ တပည့်တော်မ မောနေရင် တပည့်တော်မရဲ့ မိခင်ကို ကိုင်ပြီး အနားယူနေပါက တပည့်တော်မ နှလုံးဆေးတွေ သောက်စရာမလိုတော့ဘဲ အမောပြေပါတယ် ဘုရား။

ယခု တရားအားထုတ်ပြီးတဲ့ နောက်ပိုင်းမှာ မောရင် နှလုံးတုန်ရင် "ရုပ်,ရုပ်" လို့ ရှုလိုက်တဲ့အခါ နှလုံးဆေးတွေ မသောက်ရတော့ဘဲ အမောပြေပါတယ်ဘုရား။ တစ်ပြားတစ်ချပ်မှ မကုန်ဘဲနဲ့ နှလုံးအားဆေးရပါတယ်ဘုရား။

## အိမ်ပါ တုန်တယ်

ဆရာတော်ဘုရား၊ တပည့်တော်မ နှလုံးတုန်မှုသည်လျှင် တပည့်တော်မရဲ့ တရားရှုပွားရန် လွယ်ကူတဲ့ ရှုကွက် တစ်ကွက်ဖြစ်အောင် ဖန်တီးလာသလိုပဲ ယူဆပါတယ်ဘုရား၊ ကျေးဇူးတင်ရမလို ဖြစ်ပါတယ်ဘုရား။

တရားအားမထုတ်ခင်က နှလုံးတုန်တာ အိမ်ပါ တုန်ပါတယ်ဘုရား။ မောတာလည်း အသက်ပါလောက်နီးပါး မောပါတယ်ဘုရား၊ ယခုတော့ မောလည်း မမောတော့ပါ၊ နှလုံးလည်း မတုန်တော့ပါဘုရား။ လူကောင်းပကတိ ဖြစ်လာပါပြီဘုရား။

ယခုဆိုရင် သေရမှာလည်း မနမြောတော့ပါ၊ မကြောက်တော့ပါ ဘုရား။ တပည့်တော်ရဲ့ယောက်ျားကိုလည်း ဒီတရားကို အားထုတ်စေချင်ပါတယ်ဘုရား။ အသိတရား ရစေချင်ပါတယ်ဘုရား။ တရားမှန်ကို သိစေချင်လို့ တရားအားထုတ်ပြီး ကတည်းက သူနဲ့ ရန် မဖြစ်တော့ပါ ဘုရား။ သူစိတ်ပါအောင် မေတ္တာသာ ပို့ပေးပါတယ်ဘုရား။

တရား တကယ်တွေ့ရင်တော့ လူရော စိတ်ရော နူးညံ့ပြီး ဘဝတန်ဖိုး ရှိလာမှာ အမှန်ပါဘုရား။ တပည့်တော်လည်း အဲဒါပဲ ဖြစ်စေချင်ပါတယ်ဘုရား။ အသက်တစ်ရာရှည်သော်လည်း တရားမသိရင်အချည်းနှီးပဲ၊ တရားသိပြီး တစ်ရက်မျှ အသက်ရှင်ရတာ မြတ်တယ်ဆိုတာကို ယုံကြည်လို့ တရား လျှင်မြန်စွာ ရစေချင်တာပါ ဘုရား။

## ဒုတိယအကြိမ် တရားဝင်ခြင်း

ဆရာတော်ဘုရား၊ တရားသဘောဟာ နှလုံးစိတ်ဝမ်း အေးငြိမ်းချမ်းသာသည်ကို သိရှိ၍ တပည့်တော်မ ၁၉၈၂ ခုနှစ်၊ တန်ခူးလဆန်းမှာပင် သပိတ်အိုင်တောရ ဆယ်ရက်စခန်းမှာ ဒုတိယအကြိမ် တရားဝင်ခဲ့ပါသည် ဘုရား။

တစ်ချိန်တုန်းက အလွန်သံယောဇဉ်ကြီးမားတဲ့ မိခင်တစ်ဦးဖြစ်သူ တပည့်တော်မသည် ယခုအခါ ငယ်ရွယ်လု သေးသော သားငယ်၊ သမီးငယ်များအား လျစ်လျူရှုကာ ကျောခိုင်း၍ တရားခွင်ကို အေးချမ်းစွာ ဝင်ခဲ့ရပါသည်ဘုရား။

သပိတ်အိုင်တောရတွင် တောင် အတက်အဆင်းရှိသဖြင့် ကျန်းမာရေး မကောင်းလှသေးသော နှလုံးရောဂါသည်တစ်ယောက်အနေဖြင့် ပင်ပန်းလှပါတယ်ဘုရား၊ ဒုက္ခခပ်သိမ်းကို လွန်မြောက်လိုပါသဖြင့် ပင်ပန်းလှသော်လည်း နေ့စဉ်နှင့်အမျှ ဆရာတော်ဘုရား၏ ဩဝါဒကို နာကြားနေရသဖြင့် သည်းခံနိုင်စွမ်းရှိပါတယ်ဘုရား၊ ဆရာတော်ဘုရား၏ တရားစကားထဲတွင် -

"ယောဂီတို့၊ တရားကို အထူး ကြိုးစားကြပါ၊ ယခု ယောဂီတို့ အားထုတ်နေတဲ့ သပိတ်အိုင်တောရဟာ သာမန်မဟုတ်ပါ၊ မူလ သပိတ်အိုင်ဆရာတော်ဘုရားကြီး အသက်ထက်ဆုံး အားထုတ်သွားတဲ့ နေရာ ဖြစ်တယ်၊ ဆရာတော်ဘုရားကြီးဟာ သက်တော် ၇၈ နှစ်မှာ ဆွမ်းခံစားဆဲပဲ ရှိပါသေးတယ်၊ မပျံလွန်မီ တစ်နေ့အထိ ဆွမ်းခံခဲ့ပါတယ်၊ ဘုမိနက်သန် မှန်သော တောရစခန်း ဖြစ်ပါတယ်"

လို့ ပါလာသောကြောင့် တပည့်တော်မသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို လိုချင်၍ အားတက်ကာ ကြိုးစားပြီး အားထုတ်ပါတယ်ဘုရား၊ တရားလည်း တိုးတက်ပါတယ်ဘုရား။

သပိတ်အိုင်တောရ ဆယ်ရက်စခန်းမှ အိမ်သို့ ပြန်ရောက်သောအခါ လင်ယောက်ျားဖြစ်သူက မူးမူးရူးရူးနှင့် တပည့်တော်မရဲ့အဝတ်အစားများကို နတ်နတ်စဉ်းကာ ဓာတ်ဆီလောင်းပြီး မီးရှို့လိုက်ကြောင်းကြားသိရပါသည်ဘုရား။ ရှေးကလို ဆိုလျှင် ရန်ဖြစ်မည် ဖြစ်သော်လည်း ယခုမူ တပည့်တော်မရဲ့နှလုံးအိမ်တွင် တရားတော်များ အထိုက်အလျောက် ကိန်းနေပြီဖြစ်၍ တပည့်တော်မ စိတ်ထဲတွင် -

"ခန္ဓာ.ရှိနေသေးသရွေ့ ဒါမျိုးတွေ တစ်ကြိမ်မက အကြိမ်ကြိမ် တွေ့ရဦးမှာပဲ၊ ယခု ကြုံတွေ့ရတာ ဘာမှ မပြောပလောက်သေးဘူး၊ နောင်ကြုံတွေ့ရမှာ ဒီ့ထက်တောင် ဆိုးနိုင်သေးတယ်၊ ယခု အဝတ်သာ မီးရှို့ခံရတာ၊ နောက်ဆိုရင် ခန္ဓာတောင် မီးရှို့ခံရဦးမှာ၊ ဒါဟာ သူ့အပြစ်မဟုတ်ဘူး၊ ဘယ်သူမပြု မိမိမှုပဲ၊ ငါပြုတဲ့ အမှုပဲ၊ ငါ ခံရမှာပေ့ါ"

လို့ တရားကိန်းသူပီပီ သည်းခံကာ ဘာမျှ မမေးမမြန်း မပြောမဆိုဘဲ နေနိုင်စွမ်း ရှိသွားပါပြီဘုရား၊ တပည့်တော်မရဲ့နှလုံးဟာလည်း သပိတ်အိုင်လိုတောင်တက်တောင်ဆင်းမှာ ခံနိုင်စွမ်းရှိတော့ အိမ်ရောက်တော့ အိမ်မှုကိစ္စများကို ရှေးကလိုပဲ လုပ်နိုင်စွမ်း ရှိပါပြီ ဘုရား။

## တတိယအကြိမ် တရားဝင်ခြင်း

ဆရာတော်ဘုရား၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တရားထူးကို မုချမသွေ ငါရလိမ့်မည်ဟု ယုံကြည်နေခဲ့သည့်အတိုင်း ယခုနှစ် ၄ - ၁ - ၈၃ နေ့မှစ၍ ကျင်းပသည့် ဆယ်ရက်စခန်းတွင် တတိယအကြိမ်အဖြစ် တရားဝင်ပါသည် ဘုရား။

သေမင်း၏ ခံတွင်းဝမှ လွတ်မြောက်လာသူ၊ ဆရာဝန်က လက်လျှော့ထားခံရသူ၊ နှလုံးရောဂါသည်တစ်ဦး၊ အချိန်မရွေး သေနိုင်သူတစ်ဦး ဖြစ်သည့်အလျောက် တခြားယောဂီများထက် ပို၍ ကြိုးစားအားထုတ်ခဲ့ပါသည် ဘုရား။

ဤတတိယအကြိမ် တရားဝင်တော့ ပထမ၊ ဒုတိယအကြိမ်များထက် ကျန်းမာရေးကလည်း ကောင်းပြီး ပကတိ ကျန်းမာရေးလောက် ကောင်းနေပြီမို့ ပိုမိုကြိုးစားနိုင်၍ တရားသဘော အသိများ ရှေးကထက် ပိုမိုတိုးတက်ပါတယ်ဘုရား။

ဆရာတော်ဘုရား၊ ဒီခန္ဓာကိုယ်ကြီးဟာ ဝိပါကဝဋ်ကောင်ကြီးဆိုတော့ ဒုက္ခအပေါင်း သောင်းပြောင်းထွေလာနှင့် ကျင်လည်နေရမည် ဖြစ်ပါတယ်ဘုရား။ ဝဋ်ဒုက္ခ မကင်းနိုင်ပါ ဘုရား။

တရားသဘောအရတော့ တပည့်တော် ရှေ့ကထက် သမာဓိ ဝီရိယ ပညာ များ အားကောင်းလာပြီမို့ ထွက်လေ ဝင်လေ ရုပ်ရဲ့တိုးသဘောကို အစဉ်တစိုက် ရှုပွားနိုင်ပါပြီဘုရား။ ထွက်လေဝင်လေ ရုပ်ရဲ့တိုးသဘောကို "တိုးတိုင်း.တိုးတိုင်း" "ရုပ်.ရုပ်" ဟု ရှုပွားရင်း တိုးသဘောလေးရဲ့ ဖြစ်ချုပ်နှင့် ရှုပွားဉာဏ်ရဲ့ဖြစ်ချုပ်ကို မပြတ်တရစပ် မြင်လာတော့ -

"ဩော် - တိုးမှုတစ်ချက် သိမှုတစ်ချက်နှင့် မပြတ်တရစပ် ဖြစ်ပြီးချုပ် ဖြစ်ပြီးချုပ်နေပါကလား။ ဖြစ်ချုပ် ဖြစ်ချုပ်အပြင် ဘာတစ်ခုမှ မရှိပါကလား။ ဒီခန္ဓာကိုယ်ကြီးမှာ ချမ်းသာသုခဆိုတာ မရှိပါကလား။ သုခချမ်းသာကို ရှာလို့ မရပါကလား။ ဖြစ်ချုပ် ဖြစ်ချုပ်တရားတွေ နှိပ်စက်ခံရတဲ့ ခန္ဓာကိုယ်ကြီးပါကလား။ ဩော် - သုခ ရှာမတွေ့ နှိပ်စက်ခံနေရတဲ့ ဒုက္ခခန္ဓာကိုယ်ကြီးပါကလား"

လို့ ခန္ဓာသဘော တွေ့ မြင်ကာ ခန္ဓာကိုယ်အပေါ် ကြောက်အားတွေ၊ သံဝေဂတရားတွေ များစွာ ရခဲ့ပါတယ်ဘုရား။ ဖြစ်ချုပ်၍ မမြဲ ကိုယ်မပိုင် နှိပ်စက်၍ ဒုက္ခသဘောကို သိရပြီးနောက် တပည့်တော်မ၏ စိတ်ထဲတွင် ခင်ပွန်းသည် အမူးသမားကြီးအား လည်း တပည့်တော်မ သောက်သုံးခံစားနေရသော တရားရေအေး အမြိုက်ဆေးကို သောက်သုံးစေလိုသောဆန္ဒ ဖြစ်ပေါ်လာပါသည်။

ခင်ပွန်းသည်မှာ ယခုဘဝသေလျှင် နောင်ဘဝ မရှိဟူ၍ ဉစ္ဆေဒဒိဋ္ဌိ ရှိသူဖြစ်ပါသည်။ တရားပွဲများသို့ ခေါ်သောအခါ အစဉ်သဖြင့် ငြင်းပယ်ခဲ့ပါသည်။ မည်သည့်အခါမျှလည်း ဥပုသ်.မစောင့်ပါဘုရား။

ယခင်က မကြာခဏ ရန်ဖြစ်နေရာမှ တပည့်တော်မ၏ သည်းခံနိုင်စွမ်းမှုကြောင့် "နင်က သည်းခံနိုင်လွန်းတော့ ငါလည်း ရန်ဖြစ်ရ သက်သာသွားပြီ" ဟု ပြောပါသည်။ ယခု တပည့်တော် ရန်မဖြစ်တော့ပါ၊ သူ့အား တပည့်တော်မ ကယ်ဆယ်ရန် ဆုံးဖြတ်လိုက်ပါသည် အရှင်ဘုရား။

## ကံကြမ္မာကို ကုစား၍ မရ

ဆရာတော်ဘုရား၊ တပည့်တော်မ နလုံးရောဂါအကြောင်း ရေးထားတဲ့ စာအုပ်တစ်အုပ်ကို သွားပြီး သတိရပါသည်။ အဲဒီစာအုပ်ထဲမှာ ဘာတွေ ပါသလဲဆိုတော့ -

"နလုံးရောဂါ ကုသတဲ့ ပါရဂူတွေ ဘယ်လောက်ပဲ တော်တော် ဆေးဝါးတွေ ဘယ်လောက်ပဲ ကောင်းကောင်း ခွဲစိပ်တဲ့ကိရိယာတွေ ပြည့်စုံပေမဲ့ရောဂါရှင်ရဲ့ ကံကြမ္မာကို ကုစား၍ မရပါ။ ဆရာဝန်တွေက ရှင်.မယ်ထင်တဲ့ လူနာတွေ သေကုန်ပြီး၊ သေ.မယ်ထင်တဲ့ လူနာတွေ အများကြီး ရှင်နေခဲ့ပါတယ်။ ကံကြမ္မာကိုတော့ ဆရာဝန်ကြီးတွေ ကုစား၍ မရပါဘူး"

လို့ ပါ.ပါတယ် အရှင်ဘုရား။ ဆရာတော်ဘုရား၊ တပည့်တော်မလည်း တရားရမယ့် ကံကြမ္မာ ရှိသေးတော့ ဆရာဝန်ကြီးတွေက နှစ်လနှင့် သေမယ်ဆိုတာလည်း မသေခဲ့ပါ။ နှစ်နှစ်နှင့် သေမယ်ဆိုတာလည်း မသေခဲ့ပါ။ ယခုတိုင် အသက်ရှင်နေခဲ့ပါတယ်။

ယခုအခါ တပည့်တော်မ တရားစခန်းတွေ သုံးကြိမ်တိုင်တိုင် နာကြား မှတ်သား အားထုတ်ရပြီးတော့ တပည့်တော်မ အရာရာကို ဆင်ခြင်သုံးသပ်နိုင်ပါပြီ။ ဒီဘဝမှာတော့ တပည့်တော်မ နလုံးရောဂါနဲ့ မသေနိုင်တော့ပါ။ တခြားရောဂါနှင့်သာ သေချင်သေပါလိမ့်မယ် ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် ယခင်က ဒေါသ၊ မာနတွေ ကြီးခဲ့ပေမဲ့ ယခုဆိုရင် အရာရာအားလုံး အစိုးမရတာကို သိခဲ့၍ ယခုအခါ ဒေါသ မာနတွေ အတော်နည်းခဲ့ပါပြီ၊ ရှေးက အရှုးမီးဝိုင်းသလို ရှုးခဲ့ပါတယ်။

ဆရာတော်ဘုရား၊ ဆရာတော်ဘုရားရဲ့ဓမ္မတရားရဲ့ ကျေးဇူးတွေကြောင့် ဒီအရူးတွေ ပျောက်ကုန်ပါပြီ၊ တပည့်တော်မ အမြင်မှန် ရပါပြီ။

အမြင်မှန်ရပြီး ခန္ဓာကိုယ်ကြီးကို ရှုံ ရှာမုန်းတီးပြီး လူ့ဝတ်ကြောင်ကို စွန့်ချင်သည့် ဆန္ဒဖြစ်ပေါ်လာပါသည်။ တပည့်တော်မ လူ့ဘောင်ကို စွန့်ခွာသွားပါက သားသမီးများ၏ တာဝန်ကို ဖခင်တစ်ဦးတည်း မဖြစ်နိုင်၍သာ သည်းခံကာ ဒုက္ခဘောင်ထဲ ဆက်လက်၍ ကျင်လည်နေရဦးမည် ဖြစ်သော်လည်း တပည့်တော်မသည် ဤတရားများကို အမြဲနှလုံးသွင်း အားထုတ်သွားပါမည် ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် ပြောချင်တာတွေ ပြောလို့ ရေးချင်တာတွေ ရေးရလို့ တပည့်တော်ရင်ထဲမှာ ရှင်းသွားပါပြီ ဘုရား။

အရှင်မြတ်လည်း ယခုကဲ့သို့ ကျန်းမာရွှင်လန်းစွာ ဟောနိုင် ပြောနိုင် သာသနာပြုနိုင်ပါစေလို့ ဆုတောင်းပတ္ထနာ ပြုပါသည် အရှင်မြတ်ဘုရား။

တပည့်မ

(……)

အို - စာရှုသူ၊ မိမိသည် ဤမျှရှည်လျားသော စာကို အဘယ့်ကြောင့် စာဖတ်ပရိသတ်များထံ တင်ပြပါသနည်းဟု စာရှုသူတို့ ထင်ကောင်း ထင်ပါမည်။

အကြောင်းမှာ တရားအားထုတ်၍ ရောဂါများ ပျောက်နိုင်ပါသလား၊ နှလုံးရောဂါသမားများ တရား အားမထုတ်သင့်၊ သွေးတိုးရောဂါသမားများ တရား အားမထုတ်သင့်၊ သွေးတိုးရောဂါသည် တရားနှင့် မတည့် စတဲ့ အရပ်ရပ်သော ပြဿနာတွေကြောင့် နှလုံးရောဂါသည် တစ်ယောက်ထံမှ ပေးစာကို ဖော်ပြလိုက်ပါသည်။

ပြဿနာ ဖြေပြီးလည်း ဖြစ်၊ ရောဂါသည်များအနေနဲ့ အားတက်စရာအနေ ဖြစ်ပြီး တရားအားထုတ်နိုင်ကြပါက မျက်မှောက်ဘဝမှာလည်း ကျန်းမာ ချမ်းသာမှုဖြစ် တမလွန်ဘဝမှာလည်း ကောင်းကျိုးချမ်းသာ ရနိုင်ပါစေ ဆိုတဲ့ သဘောနှင့် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ နှလုံးရောဂါသည် တစ်ယောက်ရဲ့စာကို ဖတ်ကာ စာရှုသူတို့ ဖတ်၍ ဆုံးဖြတ်ချက် ချနိုင်ကာ တရားဓမ္မများ ပွားများအားထုတ်နိုင်၍ ကောင်းကျိုးချမ်းသာ ရနိုင်ပါစေသော်။

✦ ရောဂါသည်များ၊ တရားပွား၊ ပျောက်ပြေးရောဂါသာ။

✦ တရားပွားက၊ ရောဂါရ၊ လုံးဝမဟုတ်ပါ။

✦ နှလုံးရောဂါ၊ စိတ်နှင့်သာ၊ ဆက်ကာနေတော့သာ။

✦ စိတ်ဆင်းရဲက၊ ရောဂါထ၊ တိုးရ ရောဂါသာ။

✦ စိတ်ချမ်းသာမှ၊ အိပ်ပျော်ရ၊ ရောဂါ့သက်သာမှာ။

✦ စိတ်ချမ်းသာရန်၊ အိပ်ပျော်ရန်၊ အမှန်တရားရှာ။

✦ တရားရှာကာ၊ ရှုပွားပါ၊ ရောဂါပျောက်ငြိမ်းမှာ။

📖

# တပည့်တော် ဘယ်သူလဲ၊ ဘယ်ကလဲ ဆိုတာ မသိချင်ပါနဲ့

(၁၉၅)

## ဝိနည်း

"ဝိနယ" ဟုသော ပါဠိကို "ဝိနည်း" ဟူ၍ အလွယ်ပင် မြန်မာပြန်ဆိုလိုက်သည်။ သို့သော် မြန်မာစကား စစ်စစ် မဟုတ်၍ သဘောမပေါက်နိုင်ပါ။ မြန်မာလိုစစ်စစ်ပြန်သော် "အထွေထွေ အထူးထူးသောနည်း" ဟု ပြန်နိုင်ပါသည်။

သို့မဟုတ် "အထွေထွေ အထူးထူးသော ဥပဒေ" ဟုလည်း ပြန်နိုင်ပါသည်။ မှန်ပါသည်။ ရှင်တော်ဗုဒ္ဓသည် သံဃာ့အဖွဲ့ကြီးကို တည်ထောင်တော်မူသည့်အခါ အဖွဲ့စည်းမျဉ်း အဖွဲ့ဥပဒေအဖြစ် ဝိနည်းစည်းကမ်း၊ ဝိနည်းဥပဒေကို ပညတ်တည်ထားတော်မူခဲ့ပါသည်။

ဝိနည်းစည်းကမ်း၊ ဝိနည်းဥပဒေအတိုင်း ကျင့်ကြံလိုက်နာနိုင်သူမှ သံဃာ့အဖွဲ့ဝင် ဖြစ်နိုင်ပါသည်။ ယင်းစည်းကမ်းနှင့် မညီညွတ်သူကို သံဃအဖွဲ့ဝင်အဖြစ်မှ ပယ်ထုတ်ပါသည်။

ယင်းသို့ စည်းကမ်းတကျ တိတိကျကျ ကျင့်သုံးလိုက်နာကြသဖြင့် ရှင်တော်ဗုဒ္ဓ၏ သံဃအဖွဲ့ ကြီးသည် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်သည့်တိုင်အောင် တည်တံ့လျက် ရှိပါသည်။ ကမ္ဘာပေါ်တွင် ရှင်တော်ဗုဒ္ဓ၏ သံဃအဖွဲ့လောက် အဖွဲ့သက်တမ်း ရှည်သော အဖွဲ့သည် လုံးဝ မရှိပါ။

ဤသို့ ရှင်တော်ဗုဒ္ဓ၏ အဖွဲ့သက်တမ်း ရှည်ရခြင်း၊ အဖွဲ့ဝင်များအား အားပေးကူညီသူများ ထောက်ခံသူများ အဆက်ဆက် ရှိနေခြင်းမှာ ရှင်တော်ဗုဒ္ဓ ချမှတ်ခဲ့သည့် ဝိနည်းစည်းကမ်းအတိုင်း ဝိနည်းဥပဒေအတိုင်း လိုက်နာကျင့်ကြံနေကြ၍ ဖြစ်ပါသည်။

## ပူဇော်ထိုက်၏

ရှင်တော်ဗုဒ္ဓ တည်ထားမိန့်မှာ သာသနာတော်သည် သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ ဟူ၍ သာသနာတော် သုံးရပ်ရှိပါသည်။ ယင်း သာသနာတော်သုံးရပ်တွင် သီလသာသနာတော်သည် အရေးအကြီးဆုံး ဖြစ်ပါသည်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ ကိုယ်နှုတ်နှစ်ဖြာ ယဉ်ကျေးသိမ်မွေ့အောင် အကုသိုလ်တရား မဖြစ်ပွားအောင် ဆုံးမပဲ့ပြင်ပေးသော သာသနာတော်သည် သီလ သာသနာတော်ဖြစ်ပါသည်။

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်သည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ရေသောက်မြစ်ကို ရေလောင်းပေးလျှင် ထို သစ်ပင်သည် တာရှည်စွာ တည်တံ့ခိုင်မြဲစွာ ရှင်သန်နိုင်ပါသည်။ ရေသောက်မြစ်ကို ရေလောင်းမပေးလျှင် ထိုသစ်ပင်သည် တဖြည်းဖြည်းခြောက်သွေ့ကာ သေဆုံးရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ထို့အတူပင် ရှင်တော်ဗုဒ္ဓ၏ သာသနာ့သစ်ပင်ကြီး၏ ရေသောက်မြစ်သည် ဝိနည်းပင် ဖြစ်ပါသည်။ ဝိနည်းရေ သောက်မြစ်ကို လိုက်နာကျင့်ကြံသောအားဖြင့် ရေလောင်းမပေးပါလျှင် သာသနာ့သစ်ပင်ကြီး တာရှည်စွာ မတည်တံ့ နိုင်ပါ။ ဝိနည်းရေသောက်မြစ်ကို လိုက်နာကျင့်ကြံသောအားဖြင့် ရေလောင်းပေးပါမှ သာသနာ့သစ်ပင်ကြီး အရှည်တည်တံ့ နိုင်ပါမည်။

ဝိနည်းရေသောက်မြစ်ကို လိုက်နာကျင့်ကြံသောအားဖြင့် ရေလောင်းပေး၍ လိုက်နာသူထံတွင် ဝိနည်းသာသနာ တည်ပါက "ဝိနည်းကျင့်ဝတ် တစ်ပါးတတ်က လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏" ဟူ၍ ဝိနည်းအကျိုးကို ပြခဲ့ပါသည်။

တစ်ပါးတတ်ရုံမျှနှင့်တောင် လူနတ်ဦးခိုက် ပူဇော်ထိုက်ပါလျှင် ဘုရားရှင် ပညတ်တော်မူခဲ့သော အကျဉ်းအားဖြင့် ၂၂၇ သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ် ဝိနည်းတရားတော်များကို တတ်ပါလျှင် လိုက်နာကျင့် ကြံသောအားဖြင့် ရေလောင်းပေးပါလျှင် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

သမာဓိသာသနာ၊ ပညာသာသနာတော် နှစ်ရပ် စည်ပင်ပြန့်ပွား ထွန်းကားရေးအတွက် သီလသာသနာမှ တက်ယူ ရပါသည်။ သီလသာသနာ မတည်တံ့ မထွန်းကား မပြန့်ပွားပါလျှင် သမာဓိသာသနာ၊ ပညာသာသနာများ မတည်တံ့ မထွန်း ကားနိုင်ပါ။

## ဓုတင်သီလ

"ဓုတင်္ဂ" ဟူသောပါဠိကို "ဓုတင်" ဟူ၍ပင် အလွယ်ပြန်ဆိုကြပါသည်။ ဓုတင်္ဂကို ပုဒ်ခွဲသော် "ဓုတ + အင်္ဂ" ဟူ၍ဖြစ်လာ ပါသည်။ အဓိပ္ပာယ်ဆိုရသော် "ကိလေသာကို ခါတွက် ဖျက်ဆီးဖို့ရာ အကြောင်းအင်္ဂါဖြစ်သော ကုသိုလ်စေတနာကို ဓုတင်" ဟု ခေါ်ပါသည်။ ဓုတင်သည် အမွှမ်းတင်သီလ ဖြစ်ပါသည်။ ထို့ကြောင့် ဓုတင်သီလဟူ၍ ဆိုလိုက်ပါသည်။

သီလကို အဝတ်အစားနှင့် တူ၏ဟု ဥပမာ နှိုင်းခိုင်းကြပါသည်။ ထို့ကြောင့် "ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်" စသည်ဖြင့် ဆိုကြပါသည်။

လူတို့တွင် အဝတ် နှစ်မျိုးရှိပါသည်။ အိမ်နေဝတ် အဝတ်အစား၊ ပွဲနေပွဲထိုင် အဝတ်အစား ဟူ၍ဖြစ်ပါသည်။ တစ်နည်း ဆိုသော် ရိုးရိုးအဝတ်အစား၊ အမွှမ်းတင် အဝတ်အစား ဟူ၍ နှစ်မျိုးရှိပါသည်။

သီလကို အဝတ်အစားနှင့် နှိုင်းခိုင်းသည့်အတွက် ငါးပါးသီလသည် ရိုးရိုးအဝတ်အစား၊ အိမ်နေအဝတ်အစားနှင့် တူ ပါသည်။ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ဓုတင်သီလ တို့သည် အမွှမ်းတင် အဝတ်အစား၊ ပွဲနေပွဲထိုင် အဝတ်အစားနှင့် တူပါသည်။

လူတို့သည် အိမ်နေ အဝတ်အစားကို အမြဲဝတ်နေသလို ရိုးရိုးအဝတ်အစားကို မချွတ်သလို ငါးပါးသီလတည်းဟူသော အဝတ်အစားကို မပျက်အောင် စောင့်ထိန်းသောအားဖြင့် မချွတ်သင့်ပါ၊ မချွတ်ရပါ။

ရံခါ ပွဲနေပွဲထိုင် အဝတ်အစား၊ အမွှမ်းတင် အဝတ်အစားတို့ကို ဝတ်သလို ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ဓုတင်သီလ တည်းဟူသော အမွှမ်းတင် အဝတ်အစားပမာ ပွဲနေပွဲထိုင် အဝတ်အစားပမာ အကျင့်သိက္ခာတို့ကို ကျင့်ကြံသောအားဖြင့် မိမိ ကိုယ်ကို တန်ဆာ ဆင်ရာ၏။

ကောသနိက်ဓုတင် ဆောင်သောသူသည် တစ်ထပ်တည်းသာ စားတော့သဖြင့် အထပ်ထပ်စားလိုသော လောဘ တဏှာ ကိလေသာကို ခါတွက်ဖျက်ဆီးနိုင်ပါသည်၊ အကျိုးများစွာ ရှိပါသည်၊ စိတ်လှသွားပါသည်၊

ပတ္တပိုက်ဓုတင် ဆောင်သောသူသည် တစ်ခွက်တည်းသာ စားတော့သဖြင့် ခွက်အများ စားလိုသော လောဘတဏှာ ကိလေသာကို ခါတွက်ဖျက်ဆီးနိုင်ပါသည်၊

လူများအနေနှင့် ကောသနိက်ဓုတင်နှင့် ပတ္တပိုက်ဓုတင်ကို အမှန်းတင်သီလအဖြစ် သဘောထားကာ မိမိတို့ကိုယ် ကို အခါခပ်သိမ်း တန်ဆာမဆင်နိုင်တောင်မှ တစ်လ လေးသီတင်းလောက် တန်ဆာဆင်သင့်ပါသည်၊

## ကဲ့ရဲ့ထိုက်ရာ

ဝိနည်းဥပဒေဟူသောအကျင့်သီလ ခါးဝတ်ပုဆိုးမြဲမြံရေးလှပစွာဝတ်ဆင်ရေးကိုမကြိုးစားဘဲအဝတ်မတတ်အဆင် အပြင် မတတ်က အဘယ်သို့ဖြစ်နိုင်မည်နည်း

"လူမှာ အဝတ်၊ တောင်းမှာ အကွပ်" ဟူသော စကားပုံ ရှိသည်မဟုတ်လော၊ ကိုယ့်အဝတ် ကိုယ်ဝတ်ပေမဲ့ အဝတ် မတတ်သူမှာ မလှပါ၊ အကဲ့ရဲ့ခံရပါသည်၊

ယင်းနည်းအတူပင် ဝိနည်းတရား သီလတည်းဟူသော အဝတ် အချိုးမကျ ပျက်စီးက ကဲ့ရဲ့စရာပင် ဖြစ်ပါသည်၊ အကဲ့ရဲ့ခံရသည်မှာ သီလပျက်၍ ဖြစ်ပါသည်၊ သီလ မပျက်သူကို ဘယ်သူမှ မကဲ့ရဲ့ပါ၊ သီလ ပျက်သူသာ အကဲ့ရဲ့ခံရပါသည်၊ ထို့ကြောင့် "ဝိနည်းကျင့်ဝတ် တစ်ပါးချွတ်က လူနတ် မကြိုက် ကဲ့ရဲ့ထိုက်၏" ဟူ၍ မိန့်ဆိုတော်မူခဲ့ပါသည်၊

## ကျက်သရေကို ဖျက်သူ

စည်းကမ်း ဝိနည်းကို နားလည်၍ လိုက်နာသူမှာ ပညာရှိ သူတော်ကောင်းတို့၏ အမြင်တွင် ယဉ်ကျေးလျက် ရှိနေရာ ဝတ်စားတန်ဆာ အချိုးကျ ဆင်ထားသကဲ့သို့ ရှုချင်စဖွယ်ရာ ဖြစ်ပါသည်၊

ဝိနည်းကိုမတတ်၊ တတ်သော်လည်း မကျင့်ကြံ၊ မလိုက်နာသူများမှာ လွန်စွာရိုင်းလျက် ပညာရှိတို့အမြင်ဝယ် စက်ဆုပ် ဖွယ် ကဲ့ရဲ့ဖွယ်ရာ အမင်္ဂလာသာ ဖြစ်ရပါသည်၊

မိမိက မတတ်၍ တစ်စုံတစ်ယောက် ပြင်ပေးလာလျှင် ယဉ်မည့် လှမည့် တန်ဆာကို ပေးအပ်လာသကဲ့သို့ ဝမ်းသာစွာ လက်ခံထိုက်ပါသည်၊

လူ့သဘာဝမှာ မာနဓာတ်ခံကလေးများရှိတတ်ရာ ထိုကဲ့သို့ပြင်ပေးသည်ကို မခံချင်ဖြစ်ကာ ပြန်လှန်ပြောဆို ဆန့်ကျင် ဘက် ပြုတတ်ကြ၏၊ ထိုသူမျိုးမှာ မိမိရမည့် ကျက်သရေမင်္ဂလာကို ဖျက်ဆီးပစ်သည့် သူသာတည်း၊

## မိမိဝါသနာ

မိမိမှာလည်း မာနတော့ ရှိပါသည်၊ သို့သော် ယင်းသို့ မိမိကို ပြင်ပေးသူများကို မကျေနပ် မခံချင်သည့် မာန်မျိုးမှု မိမိမှာ မရှိပါ၊ မိမိအနေနှင့် အပြစ်ကိုပြ၍ပြင်ပေးသူကို ရွှေအိုးပြပေးသူထက်ပင် ကြိုဆိုလက်ခံပါသည်၊ အောက်ပါစာကို ကြည့် ရှုပါ၊ မိမိ တရိုတသေ သိမ်းထားသော စာကို ရှုကြည့်ပါ၊ မိမိ တရိုတသေ သိမ်းထားသော စာ ဖြစ်ပါသည်၊

သို့
မွေ့ဒုတ အရှင်ပညာဇောတ
(၂၀-၁၀-၈၁)

အရှင်သူမြတ်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားကဲ့သို့ ရဟန်းတော်တစ်ပါး ဖြစ်ပြီး အရှင်မြတ်ရဲ့သီလ သမာဓိ ပညာ တည်းဟူသော မွှေးရနံ့ သင်းပျံ့လှိုင်ကြူနေတာကို အမြဲတမ်း ဝမ်းမြောက်ပြီး ဂုဏ်ယူနေတဲ့ ရဟန်းတော်တစ်ပါးပါပဲ ဘုရား။

တပည့်တော်ဟာ အရှင်ဘုရားရဲ့ဘာသာရေးစာပေ ဗုဒ္ဓဘာသာ အယူဝါဒ စင်ကြယ်သန့်ရှင်းရေး အတွေးအခေါ် တွေကိုလည်း အမြဲဂုဏ်ယူဝမ်းမြောက်ပြီး အားပေးလျက် ရှိပါတယ်။

အရှင်ဘုရားရဲ့ဓုတင်ဆောင်မှုနဲ့ ကျင့်ကြံပွားများမှု မြိုးမြံမှု၊ ရောင့်ရဲတင်းတိမ်မှု အများကိုကြားသိရတဲ့အတွက် အထူး ပဲ အားတက်ဝမ်းမြောက်ပြီး -

"ဪ - တောင်စွန်းတိုက်နယ်မှာဖြင့် အရှင်ဘုရားကဲ့သို့ ပုဂ္ဂိုလ်တစ်ပါးကြွရောက်သီတင်းသုံးခြင်းသည် တောင်စွန်း နှင့်တကွ ပတ်ဝန်းကျင် ကျေးရွာများအတွက်ပါ အားထားမှီခိုစရာ ဆရာမွန်တစ်ပါးပါပဲ" လို့ တစ်နယ်လုံးကလည်း ယုံကြည် အားထား မှီခို ကိုးစားကြပါတယ် ဘုရား။

တပည့်တော်သည် ရဟန်းတစ်ပါး ဖြစ်သော်လည်း အတိတ်ကံ ပါရမီနဲ့ ပစ္စုပ္ပန်ဉာဏ်ဝီရိယ အားနည်းမှုအရ အရှင်ဘုရားကဲ့သို့ နိုင်ငံတော်က ချီးမြှင့်တဲ့ "ဝိသိဋ္ဌ - ဒီဃဘာဏကနှင့် သိရီပဝရဓမ္မာစရိယ" ဘွဲ့ထူးကြီးနဲ့ စာပေရေးသား စီကုံးနိုင်တဲ့ "စာပေပညာရှင်" ဆိုတဲ့ ဂုဏ်ထူးများလည်း လုံးဝ မရှိပါ။ သာမန်အညတရ ရဟန်းတစ်ပါးသာ ဖြစ်ပါတယ်။

သို့ပေမဲ့ အရှင်ဘုရားကဲ့သို့ အမှန်တရား ရှာဖွေမှုနဲ့ အယူဝါဒ ဖြောင့်မှန်စင်ကြယ်မှု စေတနာကတော့ အမြဲတမ်း ရှိပါတယ်ဘုရား။ သို့အတွက် တပည့်တော်ရဲ့အရှင်မြတ်အပေါ်ထားရှိတဲ့ မေတ္တာ စေတနာတွေကို ဖော်ထုတ်ဂုဏ်ယူလို့ပြီးပါပြီ ဘုရား။

တစ်နိုင်ငံလုံးမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ရှင် လူ ရဟန်းတွေကို ကိုယ်တိုင်ကျင့်ကြံမှု စံနမူနာပေးပြီး စာပေနဲ့ လည်း အမြင်မှန်မှု ရအောင် ဆွဲဆောင်လမ်းပြနေတဲ့ အရှင်မြတ်တစ်ပါးက ပုဂ္ဂိုလ်တစ်ဦးကြောင့် အဂတိလေးပါးမှ တစ်ပါးပါး ကို လိုက်စားမိရင် အရှင်မြတ်ရဲ့ကျင့်ကြံခဲ့တဲ့ သီလ သမာဓိ ပညာဂုဏ်တွေ အားထုတ်မှုတွေသာ ပစ္စုပ္ပန်မှာလည်း ဆုတ်ယုတ်၊ သံသရာမှာလည်း အပါယ်သွားနိုင်ပါတယ် ဘုရား။

အရှင်မြတ်သည် တပည့်တော်ထက် ပညာပါရမီ ဆယ်ဆလောက် သာတဲ့အတွက် အရိပ်ပြ အကောင်ထင်ပါလိမ့် မယ်ဘုရား။ ထို့ကြောင့် "ပညာရှိ သတိဖြစ်ခဲ၊ လမ်းပြသမား တွင်းကျွံမှား" မဖြစ်ရလေအောင် သတိထားရပါလိမ့်မယ် ဘုရား။

တပည့်တော်တို့ဟာ သံသရာ ခရီးသွားတွေပါ ဘုရား။ သာသနာတော် ကွယ်ကာနီး နောက်ပိုင်းကလေးမှာ မကောင်း သော အနိဋ္ဌာရုံတွေနဲ့ လာပြီးတွေ့ရတာ အတိတ်ဘဝတစ်ခုက မိမိကိုယ်တိုင် မစင်မကြယ် လုပ်ခဲ့လို့ပဲ မဟုတ်ပါလား ဘုရား။

ယခု ဒီဘဝမှ တစ်ခါထပ်ပြီး မှားရင်တော့ နောက်ထပ်ပြီး ပြန်ပေါ်ဖွယ်ရာ မရှိတော့ပါဘုရား။ ပုထုဇဉ်ဆိုတာ ပုဂ္ဂိုလ် စွဲ၊ ဂိုဏ်းစွဲ၊ ဆရာစွဲ၊ ဒကာစွဲ တွေတော့ ရှိကြပေမဲ့ ကိုယ်က ပစ္စုပ္ပန် သံသရာ နှစ်ဖြာ ချောက်ကျမယ့် အလုပ်ကြီးတော့ အားမပေး မကူညီမိဖို့ အထူးပဲ လျှောက်ထားရင်း ရပ်နားလိုက်ပါပြီဘုရား။

တပည့်တော် ဘယ်သူလဲ၊ ဘယ်ကလဲ ဆိုတာ မသိချင်ပါနဲ့ အရှင်ဘုရား။ အရှင်ဘုရားရဲ့တောင်စွန်းတိုက်နယ် ပတ်ဝန်းကျင်မှာ စံနမူနာပြနေတဲ့ သာသနာပြုလုပ်ငန်းကြီး အောင်မြင်ပါစေလို့ အားပေးနေပါတယ်။ အရှင်ဘုရားရဲ့ကျောင်းမှာ သိမ်လည်း အမြန်သမုတ်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

"အညတရ ရဟန်းတော်"

သို့

အညတရ ရဟန်းတော်

(၁၁-၁-၈၃)

ကျေးဇူးအထူးပဲ တင်ရှိစွာနဲ့ ပြန်ကြားလိုက်ပါသည် အရှင်ဘုရား၊ အရှင်ဘုရားထံမှ စာရကတည်းက အရှင်ဘုရားနဲ့ တွေ့ချင်နေပါသည်။ တွေ့ဆုံပြီး ကျေးဇူးတင်စကား၊ ဝမ်းမြောက်စကား ပြောကြားချင်ပါသည်။

သို့သော် အရှင်ဘုရားရဲ့စာအဆုံး၌ "တပည့်တော် ဘယ်သူလဲ၊ ဘယ်ကလဲ ဆိုတာ မသိချင်ပါနဲ့"

လို့ အဆုံးသတ်ထားတာကြောင့် တစ်ကြောင်း၊ စာကိုလည်း ဘယ်သူကတစ်ဆင့် ပေးပို့လို့ ဘယ်သူ့ကို စုံစမ်းရမည် မသိတာ တစ်ကြောင်းကြောင့် တပည့်တော်လည်း မစုံစမ်းတော့ပါ။

ဘာပဲဖြစ်ဖြစ် တပည့်တော်ရဲ့အကျိုးကို လိုလားပြီး အကျိုးလိုလားစွာနဲ့ သတိပေးတာကိုတော့ တပည့်တော် အထူးပဲ ကျေးဇူးတင်ပါတယ်။

တပည့်တော် ပုဂ္ဂိုလ်တစ်ဦးကြောင့် ဘက်လိုက်ပြီး အဂတိလေးပါး တစ်ပါးပါးကို မလိုက်စားမိရန် အထူး သတိရှိပါတယ် ဘုရား။ အပါယ်ဘေးကြောက်လို့ ကိလေသာထူထပ်တဲ့ မြို့ကြီးပြကြီးတွေမှာ မနေဘဲ တောရပ်ကို ချဉ်းကပ်နေတယ်ဆိုတာ အရှင်ဘုရား ရိပ်မိပါလိမ့်မယ် ဘုရား။

မိမိအတွက်နဲ့တောင်မှ မတရားသဖြင့် ပြုလုပ်ပြောဆိုခြင်း အသက်မွေးခြင်း မပြုလုပ်ဘဲနဲ့ သူတစ်ပါးအတွက် ဘက်လိုက်ပြီး လုပ်ဖို့ဆိုတာ စိတ်ထဲမှာ နည်းနည်းမှ မရှိပါဘုရား။ သူတစ်ပါး ဓားခုတ်ရာမှာ လက်မလျှို့ဝံ့ပါ ဘုရား။

တပည့်တော်လည်း အရှင်ဘုရားကဲ့သို့ပင် "တို့ဟာ အကုသိုလ်ကံ များပြား၊ အားနည်းလှတဲ့ ကုသိုလ်ကံ တရားတွေကြောင့် သာသနာတော် နောက်ပိုင်းမှာ လူလာဖြစ်ပြီး ဒုက္ခများစွာ တွေ့ရတယ်၊ သုခ အနည်းငယ်သာ တွေ့ရတယ်၊ ဒါတွေဟာ ဘယ်သူမပြု မိမိမှုလို့ သဘောပေါက်ပြီး သံဝေဂတရား ဖြစ်ပွားပါတယ် ဘုရား။

ဒါကြောင့် မဖြူစင်လို့ တွေ့နေရတဲ့ ဒုက္ခတွေကို ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် ဟု သူတစ်ပါးအပေါ် ပုံမချဘဲ နောင်ဘဝသံသရာမှာ ဒီလိုဒုက္ခတွေ မကြုံရအောင် ဖြူစင်တဲ့ ကုသိုလ်တွေပဲ ကိုယ်တိုင်ကြိုးစားပြုပြီး တပည့်တော်နှင့် ပတ်သက်သူတွေကိုလည်း တိုက်တွန်းပါတယ် ဘုရား၊ အဲဒါကို အရှင်ဘုရားလည်း အသိဖြစ်ပါတယ်။

ဒါကြောင့် ပုထုဇဉ်သဘာဝ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းစွဲ၊ ဆရာစွဲ၊ ဒကာစွဲတွေ အကြောင်းပြုပြီး ပစ္စုပ္ပန်သံသရာ နှစ်ဖြာချောက်ကျမယ့် အလုပ်ကြီးကိုတော့ အားမပေးပါ၊ မကူညီပါလို့ ၊ အမှန်အတိုင်းသာ ဆောင်ရွက်ပါမည်လို့ ကတိပေးပါတယ်။ သတိပေးတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

နောင်ကိုလည်း သတိပေးစရာ ရှိပါက ယခုလို စာနင့်တစ်ဆင့် မပေးဘဲ လူကိုယ်တိုင် ကြွရောက်၍လည်းကောင်း၊ သို့မဟုတ် တပည့်တော်ကို ခေါ်ယူ၍လည်းကောင်း သတိပေးနိုင်ကြောင်း ဆုံးမ ညွှန်ကြားနိုင်ကြောင်းနှင့် သတိပေး ဆုံးမပါရန် ဖိတ်ကြားပန်ကြားလိုက်ပါတယ် ဘုရား။

ဒီစာကို ဖတ်ရပြီးသည့်နောက် တပည့်တော်ရဲ့သဘောထားကို အရှင်ဘုရား သိပြီမို့ အရှင်ဘုရားဟာ ဘယ်သူ ဘယ်ဝါဆိုတာတော့ သိခွင့်ရမယ်လို့ ထင်ပါတယ်။ သိခွင့်ပေးပါ ဘုရား။

သိခွင့်ပေးလို့ သိရတဲ့အခါ သာသနာတော်အရေး လောကရေးများကို တိုင်ပင်ကာ စိတ်တူ သဘောတူ ဆောင်ရွက်ပါက လောကသာသနာ နှစ်ဖြာတိုးတက်နိုင်ပါတယ် ဘုရား။

နောက်ထပ် သတိပေးမှုကို မျှော်လင့်လျက်
ဓမ္မဒူတ အရှင်ပညာဇောတ

✦ မိတ်ကောင်းဆိုတာ၊ အရာရာ၊ သေချာလိုအပ်တာ။

✦ အရေးကြုံလာ၊ မိတ်သဟာ၊ ရှိတာချမ်းသာပါ။

✦ မိတ်ကောင်းထားကာ၊ မိတ်သဟာ၊ ပြောတာနားထောင်ပါ။

✦ မိတ်ကောင်းစကား၊ မထောင်ပြား၊ ကိုယ်ကား ဆင်းရဲမှာ။

✦ ဆင်းရဲ ကြုံပြန်၊ ချမ်းသာမှန်၊ ရောက်ရန် ခက်တော့တာ။

# ကျောင်းဒကာ ဘုရားဒကာ,တွေ သေလျှင်ကော ရွှေထီး ဆောင်းကောင်းပါသလား

(၁၉၆)

အကြားအမြင်

နာယူလေ့လာထားသော စာပေကျမ်းဂန်များ၊ စာပေပညာ တတ်မြောက်မှုများကို အကြားအမြင် ဗဟုသုတ ဟု ဆိုသည်။ ယင်း အကြားအမြင် ဗဟုသုတ ရှိဖို့ရာမှာ လွန်စွာ အရေးကြီးလှသည်။ ယင်း ဗဟုသုတကို သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတွင် မင်္ဂလာတစ်ပါးအနေဖြင့်ပင် ဆိုထားသည်။ နီတိဆရာတို့ကမူ -

"ယုံမှားသံသယကို ပယ်ဖျောက်တတ်၊ မျက်ကွယ်ဖြစ်သော အကျိုးစီးပွားကို ပြတတ်သော ကျမ်းဂန်များမှာ လူခပ်သိမ်းတို့၏ မျက်စိဖြစ်ရာ ကျမ်းဂန် မျက်စိမရှိသူမှာ အကန်းသာတည်း"

ဟု ဆိုကြ၏။ မှန်ပါသည်၊ စာပေကျမ်းဂန်များမှ မျက်မှောက်အကျိုး၊ တမလွန်အကျိုး အမျိုးမျိုးကို သိရသည် ဖြစ်ရာ စာပေတတ်ခြင်းဖြင့် လောကရေး တရားရေး၌ နည်းမှန် လမ်းမှန်သို့ လိုက်ကာ ဘေးကင်းရန်ကင်း ချမ်းသာခြင်းသို့ ရောက်ကြရ၏။

စာပေကျမ်းဂန် မတတ်သူတို့ကား စမ်းတဝါးဝါးနှင့် အရမ်း လမ်းသွားရသလိုဖြစ်ရာ မှားတစ်လှည့် မှန်တစ်ခါ ဖြစ်ကာ နစ်နာရတတ်ပါသည်။ လူ့လောက၌ လူတို့သည် -

၁။ နှစ်ဖက်ကန်း အန္ဓ

၂။ တစ်ဖက်မြင် ဧကစက္ခုနှင့်

၃။ နှစ်ဖက်မြင် ဒွိစက္ခု

ဟု သုံးမျိုး ရှိပါသည်။ ထိုတွင် -

၁။ ဤမျက်မှောက် လောကအကျိုး၊ တမလွန်ဘဝ နောက်လောကအကျိုး နှစ်မျိုးလုံးကို နားမလည်သူမှာ နှစ်ဖက်ကန်း အန္ဓ ဖြစ်ပါသည်။

၂။ ဤမျက်မှောက်လောက အကျိုးအတွက်သာ သိသူမှာ တစ်ဖက်မြင် ဧကစက္ခု ဖြစ်ပါသည်။

၃။ မျက်မှောက်လောကအကျိုး တမလွန်ဘဝ နောက်လောကအကျိုး နှစ်မျိုးလုံးသိသော် နှစ်ဖက်မြင် ဒွိစက္ခု ဖြစ်၏။

ဤတွင် တစ်ဖက်မြင် နှစ်ဖက်မြင် ခေါ်သည်မှာ အသိအလိမ္မာ ဉာဏ်ပညာကိုပင် ခေါ်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မိမိ၏ နှစ်ဖက်မြင် ဖြစ်ရေးအတွက် နှစ်ဖက်မြင် ဖြစ်သူကို မှီဝဲရမည် ဖြစ်၏။

## အမြတ်ရတနာ

တစ်ဖန် ယင်းအသိ အလိမ္မာ ဉာဏ်ပညာကို လူတို့၏ အမြတ်ဆုံးဖြစ်သော ရတနာဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူခဲ့ပါသည်။ ထိုမှတစ်ပါး လောကအမြင်ရှိသည့် နီတိဆရာတို့ကလည်း -

"အလုံးစုံသော ဥစ္စာတို့တွင် ပညာတည်းဟူသော ဥစ္စာသာ အမြတ်ဆုံး ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူလည်း မခိုးနိုင်၊ အဖိုးလည်း မဖြတ်နိုင်၊ သူတစ်ပါးတို့အား ပေးကမ်းလို့လည်း မကုန်နိုင်၊ မိမိကိုယ်တိုင် သုံးစွဲလို့လည်း မကုန်နိုင်သောကြောင့် တည်း"

ဟု ဆိုကြ၏။ ဟုတ်လည်း ဟုတ်ပါသည်။ မှန်လည်း မှန်ပါသည်။ ပညာရတနာမှာ ကုန်သည်ဟူ၍ မရှိပါ။

## တင့်တယ်, မတင့်တယ်

ကုန်သည်ဟူ၍ မရှိသော နှစ်သက်ဖွယ်ရာ ရတနာဖြစ်သောကြောင့်ပင် ပညာရတနာအဆင့် ရှိသူမှာ ပွဲလယ်မှာရော ပွဲပြင်ပမှာပါ ဘယ်နေရာ ဘယ်ဌာနမဆို ရှုကြည့်ချင်ဖွယ် တင့်တယ်သူ ဖြစ်ရ၏။

ပညာမတတ်သူများက အများအလယ်တွင် မထင်ရှားဘဲ မြုပ်ကွယ်လျက် ရှိသည်မှာ ရတနာမဲ့၍ မတင့်တယ်သောကြောင့် ဖြစ်၏။ ထို့ကြောင့် နီတိဆရာတို့က -

"ရုပ်ဆင်းတင့်တယ်၊ နနယ်ပျိုမြစ်၊ အမျိုးကောင်းသူ ဖြစ်စေကာမူ ပညာမတတ်မူ ရန့်ကင်း၍ ညှံ့ဖျင်းသော ပေါက်ပန်းသဖွယ် မတင့်တယ်ပေ"

"ဆရာသမားတို့ထံ နည်းလမ်းမခံ၊ ကျမ်းဂန်လည်း မသင်ကြား၊ မတတ်မြောက်သူများမှာ ဟသ်ာများအလယ် ဗျိုင်းသဖွယ်ကဲ့သို့ မတင့်တယ်"

ဟု ဆိုကြ၏။ ယင်းပညာနှင့် စပ်လျဉ်း၍ အဘိဓမ္မာ ဝိဘင်းပါဠိတော် ဉာဏဝိဘင်း၌ -

၁။ စိန္တာမယပညာ

၂။ သုတမယပညာ

၃။ ဘာဝနာမယပညာ

ဟူ၍ သုံးမျိုးရှိကြောင်း ဟောကြားတော်မူပါသည်။

ထိုတွင် -

၁။ လောက၌ အယုတ် အမြတ် ဖြစ်သော အမှုကိစ္စ အမျိုးမျိုး အတတ်ပညာအမျိုးမျိုး တို့၌ အကျိုးအကြောင်း ဖြစ်သင့်သမျှကို သူတစ်ပါးထံ မေးမြန်းခြင်း၊ သူတစ်ပါး ပြောသည်ကို ကြားရခြင်း အလျဉ်းမရှိဘဲ မိမိဉာဏ်စွမ်းဖြင့် ကြံစည်ဖြစ်ပေါ်လာသော အသိဉာဏ်ပညာကို "စိန္တာမယပညာ" ဟု ခေါ်ပါသည်။

၂။ ကိုယ်တိုင် ကြံစည် သိမြင်ခြင်းကို မပြုနိုင်၍ ပညာရှိများထံ မိမိက မေးမြန်း၍ ပြောဟောသည်ကို ဖြစ်စေ၊ မမေးမြန်းဘဲ အလိုအလျောက် ပြောဟောသည်ကို ဖြစ်စေ ကြားနာရ၍ ဖြစ်ပေါ်လာသော ပညာဟူသမျှသည် "သုတမယပညာ" မည်ပါသည်။

၃။ ထိုထို ဈာနသမာပတ် ဖလသမာပတ် ဝင်စားသူတို့၏ သမာပတ်အတွင်း ဖြစ်ပေါ်လာသော ပညာသည် "ဘာဝနာမယပညာ" မည်ပါသည်။

## ပညာပွားကြောင်း

လောက၌ ပညာအခြေခံမရှိသေးသောသူသည် မည်သည့်အရာမျိုးကိုမျှ မိမိအလိုအလျောက် ကြံစည် သိမြင်နိုင်မည် မဟုတ်၊ မိမိမှာ အခြေခံပညာ ရရှိရန် ပညာရှိများထံမှ ကြားနာ၍ ရှေးဦးစွာ ဆည်းပူးရပေမည်။

သို့ဖြစ်၍ ပညာပါရမီကို ဆည်းပူးလိုသော သူသည် အထက်တန်း အောက်တန်း မရွေးချယ်ဘဲ မိမိ မသိသေးသည့် အရာဖြစ်လျှင် ပညာရှိများထံ မေး၍ ဆည်းပူးဖြည့်ကျင့်သင့်ပေ၏။ ယင်းသို့ မေးမြန်းခြင်း အပါအဝင် ပညာပွားကြောင်း ခုနစ်ပါးကို ထိုထို အဋ္ဌကထာများ၌ ဤသို့ ဆိုထားပါသည်။

၁။ ပညာရှိတို့ထံ အဖန်ဖန် မေးမြန်းခြင်း
၂။ ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနလုံးသော ဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း
၃။ သဒ္ဓါ စသော ဣန္ဒြေတို့ကို ညီမျှအောင်ပြုခြင်း
၄။ ပညာမဲ့သော ပုဂ္ဂိုလ်တို့ကို ဝေးစွာရှောင်ကြဉ်ခြင်း
၅။ ပညာရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း
၆။ နက်နဲသောဉာဏ်၏ ကျက်စားရာဖြစ်သော တရားသဘောတို့ကို ဆင်ခြင်ခြင်း
၇။ ထိုဉာဏ်ပညာ ပွားများမှု၌ ညွတ်ကိုင်းသောစိတ် ရှိခြင်း

ဟူ၍ ခုနစ်ပါးရှိကြောင်း ဆိုထားပါသည်။ ယင်းတွင် မေးမြန်းမှုမှာ ၁ - နံပါတ် ဖြစ်ပါသည်။ မိမိသည် ဗုဒ္ဓဓမ္မပြဿနာများကို ရေးသားနေရာ မိမိထံသို့ ယင်းသို့ မေးမြန်းမှုများ များစွာရောက်ပါသည်။

မိမိမှာ တကယ့်ပညာရှိကြီးတစ်ယောက် မဟုတ်သေးပါ။ ပညာကို ဆည်းပူးဆဲ လေးဆယ်ကျော် သက်ရွယ်ရှိသူမျှသာ ဖြစ်ပါသေးသည်၊ ဝါသနာအလျောက် ရှာဖွေဖတ်ရှု မေးမြန်း ရေးသားနေခြင်း ဖြစ်၍ မိမိ မသိသော ပြဿနာတွေလည်း များစွာ ရှိပါသေးသည်။

"အမေး ကျွဲကျောင်း အဖြေ ဘုရားလောင်း" ဟူ၍ အဆိုရှိသည် မဟုတ်ပါလော၊ သို့ဖြစ်၍ အမေးတိုင်း အတိအကျ မဖြေနိုင်သည်လည်း ရှိပါသည်။ အောက်ဖော်ပြပါ အမေးအတွက် မိမိအနေနှင့် ကျမ်းဂန်ကိုးရိုး မဖြေနိုင်ရိုး အမှန်ပင်ဖြစ်ပါသည်။

သို့
ဆရာတော် အရှင်ပညာဇောတ
၁၃၄၂ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

သာသနာတော် သန့်ရှင်းရေးအတွက် ကျေးဇူးများတော်မူလှသော ဆရာတော်ဘုရားထံ ဘုရားတပည့်တော် (....) ရှိသေစွာဖြင့် လျှောက်ထားမေးမြန်းအပ်ပါသည် ဆရာတော်ဘုရား။

ဘုရားတပည့်တော်သည် ဆရာတော်ဘုရား ရေးသားတော်မူသော စာအုပ်တွေ မှန်သမျှ မလွတ်တမ်း ဆိုသလို ဖတ်ရှုလျက်ပါ ဘုရား။

ဆရာတော်ဘုရား ရေးသားတော်မူသော စာအုပ်တွေထဲပါ အကြောင်းအရာအားလုံးကို ဘုရားတပည့်တော် သဘောကျ ထောက်ခံလျက်ပါ ဘုရား။

ဆရာတော်ဘုရားကို ဘုရားတပည့်တော် တိုက်ရိုက် မဖူးတွေ့ရပေမဲ့ ဆရာတော်ဘုရား ရေးသားတော်မူသော စာအုပ်တွေကို ဖတ်ရှုရရုံနဲ့ ဆရာတော်ဘုရားရဲ့ သဘောထားမှာပေါ်လွင်နေသည့်အတွက် ဘုရားတပည့်တော်သည် ဆရာတော်ဘုရားအား အစဉ်ယုံကြည်လေးစား အားထားလျက်ပါ ဘုရား။

ဆရာတော်ဘုရား ရေးသားတော်မူသော စာအုပ်တွေထဲမှာ ဗုဒ္ဓ၏ သက်သတ်လွတ်ပါ အကြောင်းအရာများကို အချို့အစွဲကြီးသူတွေက အတော်လေးကို ဝေဖန်ကြပါတယ်ဘုရား။

ဒါပေမဲ့ ဆရာတော်ဘုရားရဲ့စာရေးသားရာမှာ ကျမ်းကိုးကို လက်ကိုင်ထားပြီး ရေးသားလေ့ရှိသည်မို့ အစွဲကြီးသူတွေကို ပြန်လည်ဖြေရှင်းပေးရတာမှာ ဘုရားတပည့်တော်တို့အဖို့ အတော်ကို လွယ်ကူပါတယ် ဘုရား။

ၡင်း ဗုဒ္ဓ၏ သက်သတ်လွတ်စာအုပ် ထွက်ပေါ်လာသည့်အတွက် အချို့ပုဂ္ဂိုလ်တွေ အမြင်မှန်ရလာကြသည့်အတွက် ဘုရားတပည့်တော်တို့မှာလည်း ဝမ်းသာအားရ မဆုံးပါဘုရား။

အဲဒီလို ပြောလည်တာရှိသလို ဘုရားတပည့်တော်အနေနဲ့ မပြေလည်သည့် အကြောင်းအရာတစ်ခုကို မေးလျှောက်ချင်ပါတယ် ဘုရား။ မေးလျှောက်ခွင့် ပြုပါဘုရား။

ဘုရားတပည့်တော် လျှောက်ထားမေးမြန်းချင်တာကတော့ ရဟန်းဒကာ၊ ရှင်ဒကာသေမှ ရွှေထီး ဆောင်းကောင်းပြီး ရဟန်းဒကာ ရှင့်ဒကာ မဟုတ်သူများ သေသော် ရွှေထီး မဆောင်းကောင်းဘူး ဆိုတာနဲ့ ပတ်သက်တဲ့ အကြောင်းများပါပဲ ဘုရား။

၁။ ငါးပြား ဆယ်ပြားမှစ၍ ငါးဆယ် တစ်ရာ နှစ်ရာ စသည်ဖြင့် ထည့်ဝင်ကာ စုပေါင်း ရဟန်းခံပေးကြသော ဒကာများ။

၂။ တစ်ဦးတည်း တာဝန်ယူကာ ရဟန်းခံပေးကြသော ဒကာများ။

၃။ ပရိက္ခရာ ပြည့်စုံအောင် ထောက်ပံ့ ပေးလှူသော ဒကာများ။

အဲဒီ ဒကာတွေမှာ သေလျှင် ရွှေထီး ဆောင်းနိုင်ခွင့်နှင့် ပတ်သက်၍ ဘယ်လိုထူးခြားပါသလဲ ဘုရား။

နောက်ပြီး ဘုရားဒကာ၊ ကျောင်းဒကာ တွေ သေလျှင်ကော ရွှေထီး ဆောင်းကောင်းပါသလား ဘုရား။ ရွှေထီး ဆောင်းကောင်း မဆောင်းကောင်း ဆိုတဲ့ အကြောင်းကိစ္စတွေကကော ဘယ်တုန်းလောက်က ဘယ်လိုစပြီး ပေါ်ပေါက်လာရပါသလဲ ဆိုတာတွေကိုပါ ဘုရားတပည့်တော် သိချင်နေ၍ ဖြေဆိုပေးတော်မူပါ ဘုရား။

ဘုရားဒကာတွေ သေလျှင် ရွှေထီး ဆောင်းကောင်းတယ် ဆိုပါက ဗုဒ္ဓသာသနာဝင်တွေ အားလုံးဟာ အိမ်တိုင်းမှာ ဘုရားပူဇော်၍ ဘုရားစင်တွေ ထားကာ ကိုးကွယ်နေကြသည့်အတွက် ဘုရားတပည့်တော်မှာ သံသယဖြစ်နေပါ၍ ဖြေရှင်းပေးတော်မူပါ ဘုရား။

ဖြေရှင်းပေးတော်မူပါရန်လည်း ဘုရားတပည့်တော် အနုးအညွတ် တောင်းပန်လျှောက်ထားပါတယ် ဘုရား။

– ပြန်လည်ဖြေရှင်းစာကို စောင့်မျှော်နေလျက် –

တပည့် (......)

သို့

(.......)

၁၃၄၃ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်

ပြန်ကြားလျှောက်ထားအပ်ပါသည် ဘုရား -

အရှင်ဘုရားထံမှ စာမှာ ၁၃၄၃ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်နေ့ ရပါသည် ဘုရား။ သို့သော်လည်း အရှင်ဘုရား၏ စာမှာ ဗုဒ္ဓဓမ္မပြဿနာများမှုပဲ ဖြေရှင်းပြန်ကြားမှု ဖြစ်မည်ဖြစ်၍ သီးခြားစာမပြန်သည်ကို ခွင့်လွှတ်ပါဘုရား။

ရွှေထီး ဆောင်းမှုနှင့် ပတ်သက်၍ ဘုရားဟော ပိဋကတ်နှင့် ၎င်းကို ဖွင့်သော အဋ္ဌကထာဋီကာတို့တွင် မတွေ့ဘူးပါ ဘုရား၊ သို့ဖြစ်၍ -

၁။ စပေါင်း ရဟန်းဒကာများ

၂။ တစ်ဦးတည်း ရဟန်းဒကာများ

၃။ ပရိက္ခရာ ထောက်ပံ့သော ရဟန်းဒကာများ

အဲဒီ ရဟန်းဒကာများရဲ့ ရွှေထီး ဆောင်းနိုင်ခွင့်နှင့် ပတ်သက်၍ ဘယ်လိုထူးခြားသည်ဟု တပည့်တော် အတိအကျ မဖြေနိုင်ပါဘုရား။

နောက်ပြီး ဘုရားဒကာ ကျောင်းဒကာများ သေလျှင် ရွှေထီး ဆောင်းကောင်းပါသလား ဆိုတာနှင့် ပတ်သက်၍ လည်း အထက်ပါ ရဟန်းဒကာအတူပါပဲ၊ တပည့်တော် အတိအကျ ပိဋကတ် စာပေအနေနဲ့ မတွေ့ရသေးပါ၊ မတွေ့ဘူးသေးပါ။

ရှင့်ဒကာ ရဟန်းဒကာ ဘုရားဒကာ စသူတွေ ရွှေထီး ဆောင်းကောင်း.မဆောင်းကောင်းနှင့် ပတ်သက်၍ ဘယ်တုန်းလောက်က စပြီး ပေါ်ပေါက်လာတယ်ဆိုတာလည်း တပည့်တော် ယခုအထိ မသိသေးပါ ဘုရား။

စာပေကျမ်းဂန် အခိုင်အမာအနေနဲ့ အဲဒီ မယ်တော် ခမည်းတော်များ ပရိနိဗ္ဗာန်စံခြင်းများကို ပြောရရင်တော့ စာပေအထောက်အထား ပိဋကတ်ကျမ်းစာများ ရှိပါသည်ဘုရား။

အဲဒါတောင်မှ အထင်ရှားဆုံးဖြစ်တဲ့ ဘုရားရှင်ရဲ့ခမည်းတော်ကြီးဖြစ်တဲ့ သုဒ္ဓေါဒနမင်းတရားကြီးဟာ ဘုရားရှင် ပဉ္စမမြောက် ဝါကပ်တော်မူသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည် ရွှေနန်းတော်အတွင်း မင်္ဂလာထီးဖြူတော်အောက်၌ အရဟတ္တဖိုလ်သို့ ရောက်၍ (ရဟန္တာ ဖြစ်၍)ထိုနေ့မှာပင် ပရိနိဗ္ဗာန် ဝင်စံလေသည်ဟု အံ - ဌ၊ ၁၊ ၂၆၃ - ၌ အကျဉ်းမျှ လာရှိပါတယ်။

အဲဒီ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့အလောင်းတော် သင်္ဂြိုဟ်ခန်း အကျယ်တဝင့်ကို "တထာဂတဥဒါန ဒီပနီကျမ်း" ၌ ဆိုထားသည်ဟု မဟာဗုဒ္ဓဝင်၌ တွေ့ရပါသည်။ ၎င်း တထာဂတဥဒါန ဒီပနီမှာ ဘုရား တပည့်တော်ထံတွင် မရှိ၍ ယခုအထိ မကြည့်ဘူးသေးပါ ဘုရား။ ၎င်းစာအုပ်မှာလည်း သင်္ဂါယနာတင် စာအုပ်မျိုး မဟုတ်၍ တပည့်တော်လည်း ကြိုးစားပြီး မရှာဖွေ မကြည့်ရှုတော့ပါ ဘုရား။

ဘုရားရှင်မယ်တော် မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန်စံခန်းနှင့် ပတ်သက်၍တော့ ထေရီအပဒါန်မှာ အတိအကျ ပါပါတယ်ဘုရား။

သင်္ဂြိုဟ်ခန်း အကျဉ်းချုပ်မျှ ဖော်ပြရပါလျှင် မိထွေးတော် ဂေါတမီနှင့် ဘိက္ခုနီမ ငါးရာတို့ ပရိနိဗ္ဗာန်စံသောအခါ နတ်ပြဟ္မာတို့သည် မိထွေးတော် ဂေါတမီထေရီမကြီးနှင့်တကွ သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့ ပရိနိဗ္ဗာန် စံကြပြီဖြစ်ကြောင်း မြတ်စွာဘုရားရှင်သို့ ဆည်းကပ်၍ လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားရှင်သည် "ရဟန်းတို့အား အကြောင်း ပြောကြားချေ"ဟု အရှင်အာနန္ဒာကို စေလွှတ်၍ ရဟန်းသံဃာအများနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူပြီးလျှင် -

၁။ ရှေ့ဆုံးမှ လူ. နတ်. နဂါး. အသုရာ. ဗြဟ္မာများ၊

၂။ ထိုနောက်မှ ဝိသကြုံ ဖန်ဆင်းအပ်သည့် ရွှေသားအလောင်းစင် ပြာသာဒ်ငါးရာ ထက်သို့ ညောင်စောင်းနှင့်တကွ တင်စေ၍ ဘိက္ခုနီမ ငါးရာတို့၏ အလောင်းစင် ပြာသာဒ်တို့ကို နတ်တို့က ထမ်းလျက်လည်းကောင်း

၃။ ထိုနောက် မိထွေးတော် ဂေါတမီထေရီ၏ အလောင်းစင်ပြာသာဒ်ကို လောကပါလ နတ်မင်းကြီးလေးယောက်တို့က ထမ်းလျက်လည်းကောင်း

၄။ ထိုနောက်မှ သံဃာတော်များနှင့် မြတ်စွာဘုရားရှင် လိုက်ပါတော်မူလျက်လည်းကောင်း

အဲဒီ ဖော်ပြပါ အစီအစဉ်အတိုင်း လမ်းတစ်လျှောက် ကောင်းကင်အပြည့် မျက်နှာကြက် မိုးကာ၊ ကြက်လျှာ အလံတံခွန် ထူစိုက်၊ မြေ၌ ပန်းမွေ့ယာကြဲမြှောက်၊ အောက်သို့ တွဲလျားကျသည့် ကောင်းကင်ပဒုမ္မာ၊ အမျိုးမျိုးသော ပန်းနံ့သာ၊ သာယာချိုအေးသော တူရိယာ သီချင်း ကခြင်း အမျိုးမျိုးတို့ဖြင့် ပူဇော်ချီးမြှောက်၍ သုသာန်သင်္ချိုင်းသို့ အရောက်ပို့ဆောင်ကြကုန်၏ဟု ပါရှိပါသည်ဘုရား။

အဲဒါကို ထောက်ထားပါလျှင် မယ်တော်၊ ခမည်းတော်များကို ရွှေထီး ဆောင်းခြင်း စသည်ဖြင့် ထူးထူးခြားခြား သင်္ဂြိုဟ်ကြသည်မှာ ဘုရားရှင်လက်ထက်ကတည်းက စသည်ဟုပဲ တပည့်တော်အလို ယူဆပါသည် ဘုရား။

၎င်းပြင် မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန်စံခန်းမှာ တူရိယာသီချင်း၊ ကခြင်းအမျိုးမျိုးတို့ဖြင့် ပူဇော်ချီးမြှောက်ကြ၍ လို့ ဆိုတဲ့စကားကို အနည်းငယ် ရှင်းပြပါရစေဘုရား။

ယခုခေတ်မှာ တီးခြင်း၊ ဆိုခြင်း၊ ကခြင်းတို့ထည့်သည်မှာ ပူဇော်တာမျိုး မဟုတ်ဘဲ ဖြေဖျော်တာမျိုး၊ လူစည်ကားအောင်လုပ်တာမျိုး မအပ်စပ်ပါ။ မလုပ်ကောင်းပါ ဘုရား။ အပြစ်ရှိပါသည်။

ရှေးကတော့ ဖျော်ဖြေတာမျိုး၊ လူစည်ကားအောင် လုပ်တာမျိုးမဟုတ်ဘဲ အလောင်းတော်ကို ပူဇော်တာပါဘုရား၊ အဲဒါကိုတော့ ကွဲအောင် သတိပြုပါဘုရား။

## ရှင်ပြုပမာ

ရှေးခေတ် မင်းညီမင်းသားများ ရှင်ပြုသည့်အခါ မိမိဂုဏ်ဒြပ်နှင့် လိုက်လျောညီအောင် မင်းညီမင်းသားဖြစ်သည့်အားလျော်စွာ မင်းမြောက်တန်ဆာ ငါးပါးဝတ်ဆင်၍ ကျောင်းတော်ကို ပို့ကြသည်။

ယင်းကို ပုံပြု၍ သာကီဝင်မင်းသား ဘုရားသားတော်အဖြစ်သို့ သွတ်သွင်းချီးမြှောက်မည့် ယခုခေတ် ရှင်လောင်း၊ ရဟန်းလောင်းများကိုလည်း မင်းညီမင်းသားများသို့ အတုလိုက်ကာ မင်းမြောက်တန်ဆာများ ဆင်၍ ကျောင်းသို့ ပို့ကြသည်။

အဲဒီအတူပါပဲ ရှေးခေတ်က ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာ ဖြစ်သော ဘဝရှင်မင်းတရားကြီးများ မှူးကြီးမတ်ရာ သေနာပတိများဖြစ်ရာ ၎င်းတို့ ကွယ်လွန်သည့်အခါ ဂုဏ်နှင့် ဒြပ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ရွှေထီးဆောင်း၍ အသုဘချကြပါသည်။

ယင်းသို့ ရွှေထီးဆောင်းသည့်ခေတ်မှာ ဘယ်ခေတ်မှ စ၍ ပေါ်လာသည်ကိုတော့ တပည့်တော် မသိပါဘုရား။ ရွှေထီးဆောင်းတာနှင့် ပတ်သက်၍တော့ ပူဇော်တာဖြစ်နေတော့ အပူဇော်ခံနိုင်သည့် ဂုဏ်ဒြပ်ရှိလျှင် ဆောင်းနိုင်သည်ဟုပဲ ယူဆပါသည်။

အပူဇော်ခံနိုင်သည့် ဂုဏ်ခြံပ် မရှိလျှင်တော့ ရွှေထီး ဆောင်းရန် မသင့်ဟု ယူဆပါသည်ဘုရား။

မသေခင်က ဘာဂုဏ်ခြံပ်မှ မရှိဘဲ သေခါမှ ရွှေထီး ဆောင်း၍ အသုဘချသော်လည်း ဘာဂုဏ်ခြံပ်မှ တက်မလာနိုင်သည်ကိုလည်း သတိပြုပါဘုရား။

မသေခင်က ဂုဏ်ခြံပ်ရှိနေသူမှာလည်း သေသည့်အခါ ရွှေထီး ဆောင်း၍ မချသော်လည်း ဂုဏ်မပျက်ဘဲ ဂုဏ်တက်လျက်ပါပဲ ဘုရား။

ရွှေထီး ဆောင်း၍ အသုဘ.ချသည့်အတွက် သေသူမှာ ထူးခြားချက် မရှိတော့ပါ။ မသေခင်က ကောင်းလျှင် ကောင်းရာ ရောက်ပါမည်၊ မသေခင်က မကောင်းလျှင် မကောင်းတဲ့ဆီ ရောက်ပါမည်၊

ရွှေထီး ဆောင်းချသည့်အတွက် ကောင်းရာ မရောက်နိုင်ပါ။ ရွှေထီး ဆောင်းမချသည့်အတွက်လည်း မကောင်းရာ မရောက်နိုင်ပါ။

သေသူရဲ့ကောင်းမှု၊ မကောင်းမှုကသာ ကောင်းရာ မကောင်းရာကို ပို့နိုင်ပါသည်၊

သို့အတွက် မသေခင် ကောင်းမှုကို ကြိုးစားလုပ်ပါလျှင် ရွှေထီးနှင့်လည်း ထိုက်တန်၍ ရွှေထီး ဆောင်းချနိုင်ကာ ကောင်းရာသို့လည်း ရောက်နိုင်ပါသည်၊

မသေခင်က မကောင်းမှုကိုသာ ပြုနေသူအတွက်တော့ ရွှေထီးနှင့်လည်း မတန်ပါ။ မကောင်းရာသို့ပဲ လားမှာဖြစ်တော့ ရွှေထီးလည်း မတတ်နိုင်ပါ။

တပည့်တော်တော့ အဲဒီအတိုင်းပဲ သဘောကျပါသည်ဘုရား။ သာသနာဝင် ကျမ်းဂန်များ အခိုင်အမာ သတ်မှတ်ချက်မဟုတ်ဘဲ ရိုးရာထုံးစံတစ်ရပ် သဘောဖြစ်၍ အမှားအမှန် ချင့်ချိန်၍ ယူဆပါဘုရား၊

(ကျန်းမာတော်မူပါစေ)

✦ သေလျှင်မြေကြီး၊ ရှင်ရွှေထီး၊ ရွှေထီးရှင်စဉ် ဆောင်းလေပါ၊

✦ သေမှရွှေထီး၊ ကျိုးမပြီး၊ ချည်းနှီးဖြစ်တော့တာ၊

✦ ရွှေထီးဆောင်းတာ၊ မဆောင်းတာ၊ သေရာမှတ်စရာ၊

✦ မသေခင်မှာ၊ မကောင်းရာ၊ ကောင်းတာမှတ်သင့်ရာ၊

✦ မသေခင်ကောင်း၊ သေသော်ပြောင်း၊ အလောင်းလှတော့သာ၊

✦ မသေခင်မှာ၊ မကောင်းပါ၊ သေခါဆင်လည်း မလှပါ၊

# သူခိုးကြီးနှင့် တူ၏

## (၁၉၇)

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၌ အရှက်ရှိသော ရဟန်း၊ အရှက်မရှိသော ရဟန်း ဟူ၍ ကွဲပြားခြားနားလျက် ရှိ၏။ ၎င်းတို့ကို လူ့, ရှင်, ရဟန်းတိုင်း သိသင့်သိထိုက်ကြပါ၏။

ယင်းသို့သိမှသာ ရဟန်းတော်များအနေဖြင့်အရှက်ရှိသောရဟန်းဖြစ်ရန်၊ အရှက်မရှိသောရဟန်းဘဝမှလွတ်မြောက်ရန် ကြိုးစားနိုင်ကြမည် ဖြစ်၏။

လူများအနေဖြင့် ရဟန်းတော်များကို ကိုးကွယ် ဆည်းကပ်နေကြသူများဖြစ်၍ ရွေးချယ်ပြီး ကိုးကွယ်ဆည်းကပ်တတ်ရန် သိထားထိုက်ကြပါ၏။

သိထားထိုက်သော ယင်းအရှက်မရှိသော ရဟန်း၊ အရှက်ရှိသော ရဟန်းပြဿနာကို တစ်ချိန်သော နေ့ကာလ ဒကာတစ်ယောက်က မိမိအား လျှောက်ထား၏။

"အရှင်ဘုရား၊ တပည့်တော် အရှက်ရှိသော ရဟန်း၊ အရှက်မရှိသော ရဟန်း နှစ်စားကို ခွဲခြားသိလိုပါတယ် ဘုရား"

"အား - ဒကာကြီး၊ အမေးပုစ္ဆာက တိုသော်လည်း အဖြေကတော့ တော်တော်ရှည်မယ်၊ ပြီးတော့ ဒီပြဿနာက တော်တော်လည်း ရှုပ်တယ်"

"ရှည်လည်း ရှည်ပေါ့ဘုရား၊ ရှုပ်လည်း ရှုပ်ပေါ့ဘုရား၊ တပည့်တော်က သိချင်နေတာဖြစ်တော့ အရှင်ဘုရားမှာ အခက်အခဲ မရှိရင် ကြိုးစားပြီး ဖြေကြားပေးပါဘုရား"

### အရှက်ရှိ ရဟန်းအမှတ်အသား

"အင်း - အင်း၊ ကြိုးစားပြီး ဖြေကြားရတာပေါ့၊ အရှက်ရှိ အရှက်မရှိ နှစ်မျိုးမှာ ပထမ အရှက်ရှိ အမှတ်အသားကို မှတ်ထားပါ။

"၁။ ဘုရားရှင်ရဲ့ ပညတ်တော် သိက္ခာပုဒ်ကို သိပါလျက် မကောင်းတဲ့စိတ်နှင့်တကွ စေ့ဆော်၍ အာပတ်သင့်မှုကို မလွန်ကျူးခြင်း

၂။ ပုထုဇဉ်ဂတိဖြင့် စွန်းငြိသော အာပတ်ကို မဖုံးလွှမ်းခြင်း

၃။ အဂတိတရား လေးပါးကိုလည်း မလိုက်စားခြင်း အဲဒီကဲ့သို့သော အင်္ဂါသုံးပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို အရှက်ရှိ ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပါတယ်။ သဘောပေါက်လား"

"ရှင်းပါဦး ဘုရား"

"အမယ်လေး၊ လယ်ပြင်မှာ ဆင်သွားသလိုထင်ရှားနေတာတောင်မှထပ်ပြီးတော့ ရှင်းလင်းရဦးမတဲ့၊ ဒါနဲ့များ ဒီလောက်ရှည်လျား ခက်ခဲတဲ့ ရှုပ်ထွေးတဲ့ပြဿနာကို သိချင်ရသေးတယ်၊ ကဲ - ကဲ နားကြီးကြီးနဲ့သာ ထောင်ပါ၊ ရှင်းလင်းပြပါမယ်"

"ရှင်းပါဘုရား၊ ထောင်ပါ့မယ်"

"ရှင်းမယ်ဆိုတော့ ခုနက ရှက်သူ အမှတ်အသား သုံးပါးကိုပဲ ထပ်ပြီး ရှင်းပြရမှာပါ၊ ခုနကတုန်းက စာလိုပဲ တိုက်ရိုက်ပြောလိုက်တာ၊ ယခုတော့ သွယ်ဝိုက်၍ ပြောမယ်၊ ရဟန်းတော်အနေနဲ့ဆိုရင် -

၁။ ဒီအမှုကို ပြုရင် ဧကန် အာပတ်သင့်မယ်လို့ သိရင် အဲဒီအမှုကို မပြုခြင်း။

၂။ မသိ၍သော်လည်းကောင်း၊ သိလျက်နှင့် မိမိစိတ်ကို မိမိ မချုပ်တည်း၍သော်လည်းကောင်း ပြုမိလို့မိမိ၌ အာပတ်ရှိနေမှန်း၊ သင့်နေမှန်း သိခဲ့ရင် အဲဒီအာပတ်ကို လျှို့ဝှက်ဖုံးလွှမ်း၍ နေ့ကူးအောင် မထားခြင်း၊

၃။ ပစ္စည်း ဘဏ္ဍာကို ဝေဖန်၍ ဌာန စသည်၌ အဂတိ လေးပါးကို မလိုက်စားဘဲ တရားသဖြင့် ပြုခြင်း၊

အဲဒီအင်္ဂါ အမှတ်အသား သုံးပါးနှင့် ပြည့်စုံတဲ့ ရဟန်းကို အရှက်ရှိသော ရဟန်းလို့ ဆိုအပ်ပါတယ်"

"အရှင်ဘုရား၊ အဲဒီ အရှက်ရှိသော ရဟန်းရဲ့ အမှတ်အသားတွေဟာ ရဟန်းတွေနဲ့သာ ဆိုင်ပါသလား၊ လူတွေနှင့်ကော မဆိုင်ပါဘူးလား ဘုရား"

"ဟာ - ဒကာကြီးဉစ္စာကလည်း ပြဿနာတစ်ခုမှ မပြီးသေးဘူး၊ ပြဿနာတစ်ခုက တက်လာပြန်ပြီ၊ တော်တော်ကြာ ဟိုပြဿနာ အစပျောက်သွားဦးမယ်"

"တက်လာဆို အရှင်ဘုရားက ပြဿနာဘုန်းကြီးဆိုတော့ ပြဿနာ တက်ရတာပေါ့ဘုရား"

"ကဲ - ကဲ ရှိစေ၊ ရှိစေ။ အဲဒီ အရှက်ရှိတဲ့ ရဟန်းအမှတ်အသားဟာ လူတွေနှင့်လည်း ဆိုင်တာပေါ့၊ လူတွေမှာလည်း အဲဒီအင်္ဂါအမှတ်အသားတွေ ရှိရင် အရှက်ရှိတဲ့ လူသူတော်ကောင်းပေါ့"

"လူတွေကတော့ ရဟန်းတွေလို အာပတ် မသင့်ဘူး၊ အာပတ်လို့ အသုံးမပြုဘဲ အပြစ်လို့ သုံးတာပေါ့၊ အာပတ်နှင့် အပြစ်ပဲ ကွာပါတယ်၊ အတူတူပါပဲ"

"မှန်ပါ၊ အရှက်ရှိတဲ့ ရဟန်း အမှတ်အသားတော့ သိရပါပြီဘုရား၊ အရှက်မရှိတဲ့ ရဟန်း အမှတ်အသားကို အမိန့်ရှိပါဦး ဘုရား"

## အရှက်မရှိသော ရဟန်းအမှတ်အသား

"အင်း - အရှက်မရှိ ရဟန်းအမှတ်အသား ဖြေပါဦး၊ အမိန့်ရှိပါဦးတဲ့၊ လာလာသေးတော့တယ်၊ ဒကာကြီးနယ်။ အရှက်မရှိရဟန်း အမှတ်အသားကို သိဖို့ အရှက်ရှိရဟန်း အမှတ်အသားကို ပြောင်းပြန် ပြန်လိုက်ပေါ့"

"အရှင်ဘုရားကလည်း ပြဿနာတွေ ဖြေနေပြီးတော့ အလွယ်ကြိုက်လိုက်တာဘုရား၊ အရှင်ဘုရားအဖို့ လွယ်သလောက် တပည့်တော်တို့ လူတွေမှာက လွယ်တာမဟုတ်ပါဘုရား"

"ကဲ - ကဲ၊ ရှိစေ - ရှိစေ၊ နားကြီးကြီးနဲ့သာ ထောင်ပါ၊ ရှင်းပြမယ်၊ လင်းပြမယ်"

၁။ ဒီအမှုကို ပြုရင် စကန်အာပတ်သင့်မယ်၊ အပြစ်ရှိမယ်လို့ သိလျက်နဲ့ အဲဒီအမှုကို ပြုခြင်း။

၂။ မသိ၍သော်လည်းကောင်း၊ သိလျက်နှင့် မိမိစိတ်ကို မချုပ်တည်းနိုင်၍သော်လည်းကောင်း ပြုမိလို့ မိမိ၌ အာပတ် အပြစ်ရှိမှန်း သိခဲ့ရင် အဲဒီ အာပတ်အပြစ်ကို လျှို့ဝှက်ဖုံးလွှမ်းပြီးတော့ ထားခြင်း။

၃။ ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာဌာန စသည့်၌ အဂတိ လေးပါး လိုက်စားပြီး မတရားသဖြင့် ဝေဖန်မှု ပြုခြင်း။

အဲဒီ အင်္ဂါအမှတ်အသားသုံးပါးနှင့် ပြည့်စုံတဲ့ ရဟန်း၊ ပြည့်စုံတဲ့လူကို အလဇ္ဇီရဟန်း၊ အလဇ္ဇီလူ၊ အရှက်မရှိတဲ့ ရဟန်း၊အရှက်မရှိတဲ့ လူလို့ ခေါ်ပါတယ်"

"အရှင်ဘုရား၊ ဒီလိုဆိုလျှင် ပုထုဇဉ်ဘဝအနေနဲ့ အဲဒီ အရှက်မရှိတဲ့ ရဟန်း၊အရှက်မရှိ လူပုဂ္ဂိုလ်အဖြစ် လွတ်ဖို့ဆိုတာ မလွယ်ပါလား ဘုရား"

"အင်း - လာကတည်းက မလွယ်တာက စပြီးလာတယ်၊ မလွယ်တော့ မလုပ်နိုင်ဘူးပေါ့"

"မဟုတ်ပါဘုရား၊ တကယ် ရိုးရိုးသားသား ပြောရရင် မလွယ်တာ အမှန်ပါဘုရား"

"အင်း - အင်း၊ မလွယ်မှန်း အမှန်သိရင် တော်ပါပြီ၊ ဆက်ပြီး နားထောင်ပါဦး၊ ရှင်းပြပါဦးမယ်"

"မှန်ပါ၊ ရှင်းပြပါဘုရား၊ နားထောင်ပါ့မယ်"

အဋ္ဌကထာက ဆိုတယ်၊ ရှင်ရဟန်း ဖြစ်သည်မှ စ၍ အရှက်မရှိသော ရှင်ရဟန်းသည် မရှိပါဘူးတဲ့၊ ဟုတ်ပါတယ်၊ အရှက်ရှိသော ပုဂ္ဂိုလ်၊ အရှက်မရှိသော ပုဂ္ဂိုလ်ဆိုတာ အမျိုးအရိုးနှင့် အမြဲဖြစ်၍နေတာ မဟုတ်ပါ၊ စိတ္တက္ခဏကို စွဲ၍ ဖြစ်တာပါ။

"အဲဒါကြောင့် ပုဂ္ဂိုလ်တစ်ယောက်တည်းသည်ပင် တစ်ထိုင်မှာ အရှက်မရှိသော ပုဂ္ဂိုလ် ဆယ်ခါမက ဖြစ်နိုင်ပါတယ်၊ အရှက်ရှိသော ပုဂ္ဂိုလ်လည်း ဆယ်ခါမက ဖြစ်နိုင်ပါတယ်"

"ဟာ - ဒီလိုဆိုရင် အရှက်မရှိတဲ့ပုဂ္ဂိုလ်၊ အရှက်ရှိတဲ့ ပုဂ္ဂိုလ်လို့ သိဖို့ရာ သတ်မှတ်ဖို့ရာ မလွယ်ပါဘုရား"

"အင်းပေါ့၊ စိတ္တက္ခဏကို စွဲ၍ ယခုပင် အရှက်မရှိသော ပုဂ္ဂိုလ်၊ ယခုပင် အရှက်ရှိ ပုဂ္ဂိုလ် ဖြစ်နိုင်တဲ့ သဘောမျိုး ဖြစ်နေ၍ သိဖို့၊ မှတ်ဖို့ရာ ခက်ခက်ပါပဲ"

"တစ်သက်လုံး အမြဲအရှက်ရှိ သဘောသို့ မသက်ဘဲနေရင်တော့ တစ်သက်လုံးပဲ အရှက်မရှိ ပုဂ္ဂိုလ် အမြဲဖြစ်နေတာပေါ့"

"ဒီလိုဆိုရင် အရှက်ရှိ၊ အရှက်မရှိ ခွဲခြားရေးဟာ လွယ်လွယ်နှင့် ခက်၊ ခက်ခက်နှင့် လွယ် ဆိုတာလို ဖြစ်နေပါလား ဘုရား"

"အင်းပေါ့၊ တကယ်တော့ အရှက်မရှိမှု တင်းလင်းနှင့်တွေ့ရင် ဖြစ်ရင် အဲဒီအမှု တင်းလင်းရှိနေဆဲ ခဏ၌သာ ဒီ ပုဂ္ဂိုလ်ကို အရှက်မရှိ ပုဂ္ဂိုလ်အနေနှင့် သံသယပြုထိုက်ပါတယ်၊ အရှက်မရှိမှုကို မမြင်သောအခိုက်၌ သံသယမပြုအပ်၊ သံသယ မပြုထိုက်ပါဘူး"

## အာပတ်ကို လွန်ကျူးမှု

ဒီနေရာမှာ ဘုရားရှင်၏ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို သိလျက် မကောင်းသော စိတ်နှင့်တကွ စေ့ဆော်၍ အာပတ်သင့်မှု လွန်ကျူးမှုနှင့် ပတ်သက်ပြီး သံသယအချက် လေးချက် ရှိပါတယ်၊ လေးချက်က ဘာတွေလည်း ဆိုရင် -

၁။ သိက္ခာပုဒ်ကို သိလျက် လွန်ကျူးမှု

၂။ သိက္ခာပုဒ်ကို မသိ၍ လွန်ကျူးမှု

၃။ ဝတ္ထုကို သိလျက် လွန်ကျူးမှု

၄။ ဝတ္ထုကို မသိ၍ လွန်ကျူးမှု -

ဟူ၍ လေးမျိုး ရှိပါတယ်၊ အဲဒီ လေးမျိုးကို သိအောင် သေသေချာချာ မှတ်ထားပါ"

"မှန်ပါ၊ မှတ်ထားပါ့မယ်၊ အမိန့်ရှိပါဘုရား"

"အသားကြီး ၁၀ ပါးကို ရဟန်းတော်များ မစားအပ်၊ စားရင် အာပတ်သင့်စေလို့ ပညတ်တော် အာပတ်ဆိုတာ ရှိတယ် မဟုတ်လား"

"ရှိပါတယ် ဘုရား"

"အဲဒီ ပညတ်တော်အာပတ်ကို သိတာကို ပညတ်သိ အာပတ်သိလို့ ခေါ်ပါတယ်၊ အဲဒီ ပညတ်တော် အာပတ်ကို မသိတာကို ပညတ်တော် အာပတ်တော် မသိလို့ ခေါ်ပါတယ်၊ သဘောပေါက်လား"

"သဘောပေါက်ပါတယ် ဘုရား"

"အသားကို မြင်တဲ့အခါ ဒီအသားဟာ မအပ်တဲ့ အသားမျိုး ဟုတ်တယ်၊ မဟုတ်ဘူး" လို့ သိခြင်း၊ မသိခြင်းသည် လည်း ဝတ္ထုသိ မသိ မည်ပါတယ်"

"ရွှေငွေ စသည်တို့၌ ဒီလိုပြုရင် ဒီလိုဆိုရင် ခံခြင်း မြောက်တယ်၊ ခံခြင်း မမြောက်ဘူး စသည်ဖြင့် အမှုကို သိခြင်း.မသိခြင်းသည်လည်း ဝတ္ထုသိ. မသိ မည်ပါတယ်"

"အမယ်လေး၊ သိဖို့ရာတွေကလည်း တယ်ပြီးများပါလား ဘုရား"

"ဒါလေးများ များသတဲ့၊ ယခုမှ အစရှိသေးတယ်၊ ဆက်ပြီးတော့ နားထောင်ပါဦး၊ ပြောဦးမယ်"

၁။ လောကဝဇ္ဇ အာပတ်

၂။ ပဏ္ဏတ္တိဝဇ္ဇ အာပတ်

ရယ်လို့လည်း အာပတ် နှစ်မျိုး ရှိတယ်၊ အပြစ်ရှိ နှစ်မျိုး ရှိတယ်၊ အဲဒါလည်း သိဖို့ရာ သိပ်ကောင်းပါတယ်၊ အဲဒါကို အလွယ်ရှင်းပြရရင် -

၁။ သူ့အသက်ကို သတ်ခြင်း၊ သူ့ ဥစ္စာကို ခိုးယူခြင်း အစရှိသော ပကတိ ပင်ကိုယ်အကုသိုလ်မှုမျိုးဖြစ်သော အာပတ်မျိုး အပြစ်မျိုးသည် လောကဝဇ္ဇအာပတ် လောကဝဇ္ဇအပြစ် မည်ပါတယ်။

၂။ မြေကို တူးခြင်း၊ မြက်သစ်ပင်ကို ဖြတ်ခြင်း အစရှိသော ပကတိပင်ကိုယ်မှာ အကုသိုလ်မျိုး မဟုတ်ပါဘူး၊ ဘုရားရှင် ပညတ်၍သာ ဖြစ်ရသော အာပတ်မျိုးသည် ပဏ္ဏတ္တိဝဇ္ဇ အာပတ်အပြစ် မည်ပါတယ်"

"အရှင်ဘုရား၊ ဒီလိုဆိုတော့ ရဟန်းတော်တစ်ပါးကို အာပတ်သင့်တယ်၊ မသင့်တယ်ကို လူတစ်ယောက်အနေနဲ့ သိဖို့ရာ မလွယ်ပါလား ဘုရား"

"လွယ်ပါတယ်၊ သိချင်ရင် အဲဒီရဟန်းတော် ကျင့်ရတဲ့ သိက္ခာပုဒ်တွေကို အကုန်သိအောင် လုပ်ထားပေါ့"

"အဲဒါတွေ သိအောင်လုပ်ဖို့ မလွယ်တဲ့အတွက် မလွယ်ပါလားလို့ ပြောတာပါဘုရား"

"ကဲ - ကဲ၊ မလွယ်တာ အသာထား၊ မေးမှတော့ ဆုံးအောင်ပဲ ဆက်ပြီးဖြေရမှာပဲ၊ ခုနကပြောခဲ့တဲ့ လောကဝဇ္ဇအာပတ် ပဏ္ဏတ္တိဝဇ္ဇအာပတ် နှစ်မျိုးတွင် -

၁။ လောကဝဇ္ဇအာပတ်မျိုး၌ ပညတ်တော်သိက္ခာပုဒ်၊ ဝတ္ထုနှစ်မျိုးကို သိလျက် လွန်ကျူးရင် အာပတ်လည်း သင့်တယ်၊ အရှက်မရှိသူလည်း ဖြစ်တယ်။

၂။ ပညတ်တော်သိက္ခာပုဒ်ကိုပင် မသိသော်လည်း ဝတ္ထုကို သိလျက် လွန်ကျူးအံ့၊ အချို့သောအမှု၌ အာပတ်လည်း သင့်တယ်၊ အရှက်မရှိသူလည်း ဖြစ်တယ်။

အဲဒါက ဘယ်လိုအမှုမျိုးလည်း ဆိုရင် သူ့အသက် သတ်မှု၊ အရက်သောက်မှု စသည်မျိုး ဖြစ်ပါတယ်။

"အချို့သော အမှု၌ အာပတ်ပင် မသင့်ပါ၊ အာပတ် မသင့်လျှင်လည်း အရှက်မရှိသူ ဖြစ်တယ်လို့ မဆိုသာပါဘူး။

အဲဒါကတော့ သေခိယ သိက္ခာပုဒ် စသည်ကို ဆိုလိုပါတယ်၊ အဲဒီ သေခိယသိက္ခာပုဒ်မျိုး မဟာဝါ စူဠဝါတို့၌ လာသော သိက္ခာပုဒ်မျိုးတို့သည်ကား ပညတ်တော် သိက္ခာပုဒ်ကို မသိကြသူတို့မှာ အာပတ်လွတ်တာ များပါတယ်"

"အရှင်ဘုရား၊ ဒီလိုဆိုတော့လည်း မသိတာက ကောင်းကောင်းပါလား ဘုရား"

"မသိတာက ကောင်းကောင်း မလုပ်နဲ့ ဒကာကြီး၊ မသိတာကို သိအောင်လုပ်ရမယ်၊ သိအောင် လုပ်ပါလျက်ကနဲ့ မသိတာက ကိစ္စမရှိဘူး၊ သိအောင် မလုပ်ဘဲနဲ့ မသိတာကတော့ ဟန်မကျသေးဘူးနော်"

"မှန်ပါ ဘုရား"

"ပညတ်တော် သိက္ခာပုဒ်ကို သိလျက် ဝတ္ထုကို မသိ၍ လွန်ကျူးမိအံ့၊ အချို့သောအမှု၌ အာပတ်သင့်ပါတယ်၊ အရှက်မရှိသူတော့ မဖြစ်ပါဘူး"

အဲဒါက ဘယ်လိုဟာမျိုးလည်းဆိုတော့ အရက်သောက်ခြင်း စသည်မျိုးပေါ့၊ အဲဒီ အရက်သောက်ခြင်း၌ ယစ်မျိုးမှန်း မသိ၊ တခြားတစ်ပါးသော ဝတ္ထုမျိုး၊ ဆေးဝါးမျိုး မှတ်ထင်၍ သောက်မျိုမိသော်လည်း အာပတ်သင့်သည်သာ ဖြစ်ပါတယ်။

အချို့သော အမှု၌ အာပတ်လည်း မသင့်ပါ၊ အရှက်မရှိသူလည်း မဖြစ်ပါဘူး။

အဲဒါက ဘယ်အမျိုးလည်းဆိုတော့ သူ့အသက် သတ်မှုမျိုးပေါ့၊ အဲဒီ သူ့အသက် သတ်မှုမျိုးမှာ အသက်ရှိသော ဝတ္ထုမျိုးလို့ မသိဘူး၊ တခြားတစ်ပါးသော ဝတ္ထုထင်မှတ်၍ ဖျက်ဆီးမိရာ၌ အာပတ်မသင့်ပါဘူး။

အဲဒါက လောကဝဇ္ဇအာပတ်နှင့် ပတ်သက်၍ ရှင်းပြချက်ပါပဲ၊ ပဏ္ဏတ္တိဝဇ္ဇမျိုး၌ကား -

၁။ ပညတ်တော် သိက္ခာပုဒ် ဝတ္ထု နှစ်ပါးစုံကို သိ၍ လွန်ကျူးမှ အရှက်မရှိသူ ဖြစ်ပါတယ်။

၂။ ပညတ်တော် သိက္ခာပုဒ်ကို သိလျက် ဝတ္ထုကို မသိ၍ လွန်ကျူးမိအံ့၊ အရှက်မရှိသူ မဖြစ်ပါ။

၃။ ဝတ္ထုကို သိလျက် ပညတ်တော် သိက္ခာပုဒ်ကို မသိမှု၍ လွန်ကျူးမိအံ့၊ အရှက်မရှိသူ မဖြစ်ပါ။

၄။ ပညတ်တော် သိက္ခာပုဒ် ဝတ္ထု နှစ်ပါးစုံကို မသိ၍ လွန်ကျူးမိအံ့၊ အရှက်မရှိသူ မဖြစ်ပါ။

## အာပတ်ကို ဖုံးလွှမ်းခြင်း

"ကဲ - အဲဒီလောက်ဆိုရင် အမှတ် (၁) အရှက်မရှိသူ အမှတ်အသားကို သိလောက်ပါပြီ၊ ယခုဆက်ပြီးတော့ မသိ၍သော်လည်းကောင်း၊ သိလျက်နှင့် မိမိစိတ်ကို မချုပ်တည်းနိုင်၍သော်လည်းကောင်း ပြုလုပ်မိ၍ မိမိ၌ အာပတ်ရှိနေမှန်း သိခဲ့ပါလျှင် အဲဒီအာပတ်ကို လျှို့ဝှက်ဖုံးလွှမ်းနေခြင်းဆိုတဲ့ အမှတ် (၂) အရှက်မရှိသူ အမှတ်အသားကို ရှင်းပြပါမယ်။

၁။ အာပတ်သင့်သည်လည်းဖြစ်စေ

၂။ အာပတ်သင့်သည်ဟု သိသည်လည်းဖြစ်စေ

၃။ မိမိနေရာ အနီးအပါး၌ မိမိအကျိုးကို လိုလားသော သဘောတူရဟန်း ရှိသည်လည်း ဖြစ်စေ

၄။ သဘောတူရဟန်း ရှိ၏ဟု သိသည်လည်းဖြစ်စေ

၅။ အန္တရာယ် ဆယ်ပါးတို့တွင် တစ်ပါးပါးမျှ မရှိသည်လည်းဖြစ်စေ

၆။ အန္တရာယ် မရှိဟု သိသည်လည်းဖြစ်စေ

၇။ မိမိ၌ နှုတ်မြွက် ရွတ်ဆို၍ ဒေသနာကြားခြင်း၌ မစွမ်းနိုင်လောက်အောင် အနာရောဂါ မရှိသည်လည်း ဖြစ်စေ

၈။ အနာရောဂါ မရှိဟု သိသည်လည်းဖြစ်စေ

၉။ အရက်တက်သည့်တိုင်အောင် ဖုံးလွှမ်း၍ ထားလိုသော စိတ်ရှိသည်ဖြစ်စေ

၁၀။ အရက်တက်သည့်တိုင်အောင် ဒေသနာမကြားဘဲ ဖုံးလွှမ်း၍ ထားသည်လည်း ဖြစ်စေ

အဲဒီ အင်္ဂါ ဆယ်ပါးနှင့် ပြည့်စုံ၍ အရက်တက်သည် ဖြစ်စေအံ့၊ အရက်တက်သောအခါ၌ ဖုံးလွှမ်းမှုအတွက်ကြောင့် ဒုက္ကဋ်အာပတ်လည်း ထပ်မံ၍ သင့်ပြန်၏။ အရက်မရှိရဟန်းလည်း ဖြစ်၏။

အဲဒီ အင်္ဂါ ဆယ်ပါး တွင် တစ်ပါးပါး ချို့တဲ့၍ အရက်တက်စေသည် ဖြစ်အံ့၊ ဒုက္ကဋ်အာပတ်လည်း မသင့်ပါ၊ အရက်မရှိ ရဟန်းလည်း မဖြစ်ပါ။

"အရှင်ဘုရား၊ ဒီလိုဆိုရင် ရဟန်းတော် တစ်ပါးပါးကို အရက်မရှိရဟန်းပဲလို့ စွပ်စွဲဖို့ရန် မလွယ်ပါ အရှင်ဘုရား၊ ကြောက်စရာပါလား အရှင်ဘုရား"

"အင်း - မလွယ်ဘူး၊ ကြောက်စရာလည်း ကောင်းပါတယ်၊ ဒီနေရာမှာ ဆိုဖွယ်ရာအထူးတစ်ခုလည်း ရှိပါတယ်"

"အမိန့် ရှိပါဦးဘုရား"

"မိမိ၌ အာပတ်သင့်မှန်းသိလျက် ဒေသနာကြားရန် အကြောင်းအခွင့်စုလည်း ထင်ရှားရှိလျက် အရက်မတက်မီ အတွင်း၌ ဒေသနာမကြားလိုသော ရဟန်းသည် ဒေသနာမကြားလိုသော စိတ်ဖြစ်သည့် အခါမှစ၍ အဲဒီအာပတ်ကို ဒေသနာကြားလိုသော အရက်ရှိသောသဘောသို့ မသက်ရောက်သမျှ ကာလပတ်လုံး တစ်လ၊ နှစ်လ စသည်ပင်ကြာသော်လည်း အရက်မရှိသော ရဟန်းအဖြစ်၌သာ တည်ပါတယ်တဲ့။

"အာပတ်သင့်သည်ဟု သိသည်လည်း ဖြစ်စေဟူသော ဒုတိယအင်္ဂါ၌ ဝိနည်းကျမ်းဂန်ကို မတတ်သောသူတို့အား အာပတ်သင့်သော်လည်း သင့်မှန်းသိသော အရာကား နည်းပါးပါတယ်၊ မသိသောအရာကား အလွန်များပြားပါတယ်၊ မသိ၍ သင့်သော အာပတ်အတွက် မသိ၍ ဖုံးလွှမ်းသော အာပတ်အတွက်ကား အရက်မရှိရဟန်းလို့ မဆိုအပ်ပါ"

"အရှင်ဘုရား၊ ဝိနည်းတရားတော်တွေဟာ အင်မတန် သိမ်မွေ့နူးညံ့ပါလား ဘုရား"

"အဲဒီလို သိမ်မွေ့နူးညံ့တဲ့အတွက်ကြောင့် ဝိနည်းဆုံးဖြတ်တဲ့ ဝိနည်းဓိုရ်တွေ သိရမည့် အင်္ဂါတွေ ပြပြထားလိုက်တာ အများကြီးပါပဲ၊ ဘာဖြစ်လို့ အများကြီး ပြထားတာလည်းဆိုရင် အဆုံးအဖြတ်များ မှားမှာစိုးလို့ပေါ့"

"ဟုတ်ပါတယ်ဘုရား၊ သတိမထားရင် မှားနိုင်ပါတယ် ဘုရား"

"အင်း - ကိုယ်က သတိမထားမိလို့ မှားတာက ကိစ္စမရှိပါဘူး၊ အဆုံးအဖြတ်ခံရတဲ့ ပုဂ္ဂိုလ်မှာ သိပ်ပြီးတော့ နစ်နာမသွားဘူးလား"

"နစ်နာသွားပါတယ် ဘုရား"

## အဂတိလေးပါး လွန်လိုက်စား

"အင်း - အဲဒါကြောင့်မို့ အရက်မရှိ အမှတ်အသား နံပါတ် ၃ - မှာ ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာဌာန စသည်၌ အဂတိလေးပါးကို လိုက်စားပြီး မတရားသဖြင့် ပြုခြင်းလို့ အဂတိလေးပါး လိုက်စားခြင်းကို ထည့်ထားပါတယ်။

၁။ ချစ်သဖြင့် မလားအပ်သည်သို့ မလားမရောက်ရ

၂။ မုန်းသဖြင့် မလားအပ်သည်သို့ မလားမရောက်ရ

၃။ ကြောက်သဖြင့် မလားအပ်သည်သို့ မလားမရောက်ရ

၄။ တွေဝေသဖြင့် မလားအပ်သည်သို့ မလားမရောက်ရ

ဟူ၍ သံယိကပစ္စည်း ဝေဖန်ရာဌာန စသည်၌ ဟောတော်မူသည်ကို ပဓာနပြု၍ အဂတိတရားလေးပါးကို ပစ္စည်းဝေဖန်မှု စသည်နှင့်စပ်၍ ကျမ်းဂန်တို့၌ ဖွင့်ဆိုကြပါတယ်။

"အဂတိတရားကို လိုက်စားမှု ဆိုသော်လည်း အာပတ်သင့်ကောင်းသော လိုက်စားမှုကို ယူရမယ်နော်"

"မှန်ပါ ဘုရား"

"ဝိနည်းအရေးဆိုတော့ မေးလို့သာ ပြောရတာပါ၊ သိပ်တော့ မလွယ်ပါဘူး ဒကာကြီး"

"မှန်ပါ ဘုရား၊ တပည့်တော်လည်း ခုမှပဲ မလွယ်မှန်း သိပါတယ်ဘုရား၊ ဆက်ပြီး ရှင်းပြပါဦးဘုရား"

"အင်း - ဆိုင်ရာ သိက္ခာပုဒ်ကို ကျူးလွန်ကျော်နင်း၍အာပတ်သင့်အောင် လိုက်စားမှုသာ အရှက်မရှိရဟန်းဖြစ်တယ်လို့ ဆရာမြတ်တို့ မိန့်ဆိုကြပါတယ်"

"ဒီလိုဆိုတော့ သူ့ရဲ့စေတနာနဲ့ များစွာ ဆိုင်နေတာပေါ့နော် ဘုရား"

"ဆိုင်တာပေါ့၊ သူ့ရဲ့စေတနာကို ကိုယ်က အတိအကျ သိနိုင်ဖို့က ခက်ပါတယ်"

"မှန်ပါဘုရား၊ သိမ်မွေ့ပါတယ်၊ ဝိနည်းတရားတော် သိမ်မွေ့မှန်း ခုမှ သိရပါတယ် ဘုရား၊ ဆက်ပြီးတော့ ရှင်းပါဦး ဘုရား"

"ဘုန်းကြီးတို့ သာသနာတော်မှာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ငြင်းခုံ စကားများသော အရာဌာနတို့၌ လိုက်စားသော မုသာဝါဒ အဂတိတရားမျိုးသည်လည်း အဂတိမျိုးပင် ဖြစ်ပါတယ်တဲ့၊ ဒါကြောင့် ဒကာကြီး ဒီနေရာမှာ အချုပ်ပဲ ဒီလိုမှတ်ထားပါ။

"ဝိနည်း ကျမ်းဂန်ကို မတတ်ကျွမ်းသော သူတို့မှာကား သီလလည်း နည်းပါး၏၊ အရှက်မရှိရဟန်း ဖြစ်ရန်လည်း နည်းပါး၏။

ဝိနည်းကျမ်းဂန်ကို တတ်ကျွမ်းသော သူတို့မှာကား ကောင်းစွာကျင့်သည်ဖြစ်အံ့၊ သီလ အလွန်ကြီးကျယ်၏။ ကောင်းစွာ မကျင့်သည်ဖြစ်အံ့၊ အရှက်မရှိ ရဟန်းဖြစ်ရန် အလွန်များပြား၏။

ဘုန်းကံကြီးမား အခြွေအရံလည်း များပြားသည်ဖြစ်အံ့၊ သာသနာတော်ကို အကြီးအကျယ် ဖျက်ဆီးနိုင်၏။ "ဆီမီး ညှိထွန်း၍ တိုက်ခန်းဝင်လျှိုး သူခိုးကြီးနှင့် တူ၏ တဲ့"

"အရှင်ဘုရားရဲ့စကားတွေကလည်း တယ်ပြီး ပြောင်မြောက်ပါလားဘုရား"

"အရှင်ဘုရား စကားဆိုပြီးအထင်ကြီးမနေနဲ့ဦး၊ အရှင်ဘုရားစကား မဟုတ်ပါဘူး၊ လယ်တီဆရာတော်ကြီးရဲ့စကားတွေပါ"

"သြော် - အဲဒါကြောင့် ပြောင်မြောက်တာကိုး"

## အရှက်မဲ့ရဟန်းအဖြစ်

"ကဲ - ကဲ ယခုဆိုလျှင် အရှက်ရှိ၊ အရှက်မရှိသဘောကို ပြောပြီးပါပြီ၊ ယခု မိမိတို့ရဲ့လက်ရှိမျက်မှောက် သာသနာတော်ကို သတိပြုစရာ ဖြစ်လာပါတယ်၊ လက်ရှိ သာသနာတော်ကို ကြည့်မယ်ဆိုရင် သာသနာ့ဝန်ထမ်း ရဟန်းတော်များဟာ ငွေကိုင်တာ များကြပါတယ်။

အဲဒီ မကိုင်အပ်တဲ့ ငွေကို အမြဲကိုင်မယ်၊ အဲဒီ ကိုင်တဲ့ငွေဖြင့် ဝယ်ယူအပ်တဲ့ ပစ္စည်းရှိမယ်၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ ဓာတ်ရိုက်ခြင်း စသည် ပြုရင် အဲဒီလို ပြုခြင်းကြောင့် ရရှိသော ပစ္စည်းများ ရှိနေမယ်ဆိုပါက ၎င်းပုဂ္ဂိုလ်များဟာ အမြဲတမ်း အရက်မရှိရဟန်း ဖြစ်နေပါတယ်။

အဲဒီလို ဆေးကုသခြင်း၊ ဗေဒင်ဟောခြင်း၊ ဓာတ်ရိုက်ခြင်း စသည်ဖြင့် ရရှိသော ပစ္စည်းတို့သည်လည်းကောင်း၊ မိမိက ကိုယ်တိုင် ငွေကိုကိုင်၍ ဝယ်ယူထားသော ပစ္စည်းတို့သည်လည်းကောင်း မအပ်သော ပစ္စည်းတို့ ဖြစ်ကုန်၏။ ယင်းပစ္စည်းတို့ကို သုံးစွဲပါက ထိုပုဂ္ဂိုလ်တစ်ပါးသာ အာပတ်သင့်သည် မဟုတ်ပါ။ အဲဒီပစ္စည်းကို သုံးစွဲသော ရဟန်းများလည်း အာပတ်သင့်ကြပါတယ်။

ယခုအခါ မိမိကိုယ်တိုင် ငွေကိုင်၍ ဝယ်ယူသော ပစ္စည်း၊ ဆေးကု၊ ဗေဒင်ဟော၊ ဓာတ်ရိုက်၍ ရအပ်သော ပစ္စည်းတို့သည် ပြီးပြီးပျောက်ပျောက်မှာ မကဘဲ ကျောင်းကြီး တိုက်ကြီးများပင် ဖြစ်နေတတ်ပါသည်။

အဲဒီ ကျောင်း၊ အဲဒီ တိုက်ကြီးများ၌ ဥစ္စာရှင် ရဟန်းသာမကပါ အဲဒီကျောင်း၊ အဲဒီတိုက်ကြီးများ၌ နေသူ အားလုံးပင် နေ့စဉ် အပြစ်မလွတ်တော့ပါ။ အဲဒီ အာပတ်အပြစ်များသည် ဒေသနာကြားရုံမျှဖြင့် မပြေပျောက်ပါ။ ပစ္စည်းကို စွန့်နိုင်မှသာ ပြေပျောက်ပါတယ်။

အဲဒီအာပတ် မပြေပျောက်လျှင် ဥပုသ် ပဝါရဏာ ပြုရာ၌ပင် ထပ်မံ၍ အပြစ်သင့်ပါတယ်။ ဥပုသ် ပဝါရဏာ မပြုဘဲ နေလျှင်လည်း အပြစ်တစ်မျိုး ထပ်၍သင့်ပြန်တယ်။

အဲဒီလိုဆိုလျှင် နေ့စဉ် နေ့စဉ် ဖြေ၍ မပြေပျောက်နိုင်သော အာပတ်များ သင့်ရောက်နေတဲ့အတွက် အရက်မရှိရဟန်းဖြစ်နေ၍ နောက်ဘဝနှင့် သံသရာ အဆက်ဆက်ပင် သက်သာခွင့် ရနိုင်တော့မည်လောဟု တွေးစရာ မေးစရာပင် ဖြစ်ပါတယ်"

"အရှင်ဘုရား၊ ဒီလိုဆို ဘယ်သက်သာပါ့မလဲ ဘုရား"

"ဟုတ်ပြီ၊ အဲဒီလို မသက်သာမှန်း သိရင် အသိမှန်လာပြီပေါ့၊ မိမိရဲ့သံသရာနောင်ရေးကို တွေးတောမိသော ပုဂ္ဂိုလ်တိုင်း မိမိကိုယ်ကို ချစ်ခင်ပါလျှင် ဒီရဟန်းဘဝမှာ သီလစင်ကြယ်စွာဖြင့် သမထဘာဝနာ ဝိပဿနာဘာဝနာကိုလည်း ကြိုးစားရှုပွားရမယ်၊ သိက္ခာသုံးပါး အကျင့်တရားကိုလည်း ကျနစွာ ဖော်ပြနေသော ပရိယတ်စာပေ ကျမ်းဂန်ကိုလည်း သင်ယူပို့ချသောအားဖြင့် နေသင့်ကြပါတယ်။

ဘုန်းကြီးတို့ မြန်မာပြည်၌ ဟို အရှင်အရဟံတို့ခေတ်မှစ၍ မင်းတုန်းမင်းရဲ့ခေတ်တိုင်အောင် အလွန်မဝေးသော ရှေ့ကာလ၌ များစွာသော ဘုန်းတော်ကြီးတို့သည်လည်း တရားသဖြင့် ရအပ်သော ပစ္စည်းလေးပါးကိုသာ သုံးစွဲတော်မူကာ နေ့အခါ၌ စာချ၍ ညဥ့်အခါ၌ ဘာဝနာဖြင့် မွေ့လျော်ကြပါတယ်တဲ့"

"အရှင်ဘုရား၊ ဒီလိုဆိုရင် သိပ်ကောင်းတာပေါ့ ဘုရား"

"အင်း - အဲဒါကြောင့် အလွန်တရာရခဲလှစွာသော ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်ရာ ကာလနှင့် မိမိရဲ့ရခဲသော လူ့အဖြစ်ကို အတူတွဲ၍ စဉ်းစားကာ ဒီဘဝမှာပင် ပါရမီမျိုးစေ့ အောင်မြင်အောင် သဒ္ဓါ၊ ပညာ၊ ဝီရိယ အစွမ်းဖြင့် အားသန်ကြိုးပမ်းဖို့ရန် သင့်တယ်မဟုတ်လား ဒကာကြီး"

"မှန်ပါ၊ သင့်ပါတယ်"

## သာသနာတော်ကို အရှက်ရှိသူစောင့်

ဝိနည်းသိက္ခာပုဒ်၌ လိမ္မာကျွမ်းကျင်သော အရှက်ရှိသော လဇ္ဇီ သူတော်ကောင်းသည် ဝိနည်းတော်လာ သိက္ခာပုဒ် အဖြာဖြာကို ကောင်းစွာ နားလည်ပါတယ်၊ နားလည်သည့်အတိုင်း သိက္ခာ သီလများကို ကိုယ်တိုင်လည်း စောင့်ရှောက်၍ မိမိရဲ့ ပရိသတ်ကိုလည်း စောင့်ရှောက်စေပါတယ်။

ဝိနည်းတော်လာ ကံကြီး၊ ကံငယ် အသွယ်သွယ်ကိုလည်း စောင့်ရှောက်စေပါတယ်၊ ဝိနည်းတော်လာ ကံကြီး၊ ကံငယ် အသွယ်သွယ်ကိုလည်း မိမိ ပရိသတ်အား နားလည်အောင် သင်ပြပါတယ်။

အဲဒီ အရှက်ရှိသော လဇ္ဇီသူတော်စင်ရဲ့တပည့် အဆက်ဆက်သည် နောင်အခါ၌ အရှက်ရှိသော လဇ္ဇီဆရာအဆက် ဆက် ဖြစ်ရစ်ကာ သာသနာတော်ကို မကွယ်မပျောက်အောင် ဆက်လက်စောင့်ရှောက်နိုင်ပါတယ်။

အဲဒီလို အဆက်ဆက် စောင့်ရှောက်မှုကြောင့် ရှင်တော်ဗုဒ္ဓရဲ့သာသနာတော်ဟာ ကြာရှည်စွာ တည်တံ့နိုင်ပါတယ်။

အဲဒါကြောင့် "အနာဂတ်အခါ၌ သာသနာတော်ကို အရှက်ရှိသော လဇ္ဇီသူတော်စင် စောင့်ရှောက်လတ္တံ့၊ အရှက်ရှိ သော လဇ္ဇီသူတော်စင် စောင့်ရှောက်လတ္တံ့" ဟု ရှေးထေရ်ရှင်မြတ်တို့ ကြွေးကြော်တော်မူခဲ့ကြပါတယ်။

## အရှက်ရှိရဟန်း ဖြစ်ရကျိုး

"အရှက်ရှိရဟန်း လဇ္ဇီသူမွန် သူတော်စင်ဖြစ်ရခြင်းသည် သာသနာတော်ကို အရှည်တည်တံ့အောင် ဆောင်ရွက်နိုင် ရုံသာမက သံသရာရေးကို တွေးလိုက်လျှင် အပါယ်ဘေးမှ လွတ်ဖို့ရန် သေချာသောကြောင့် ရဟန်းဘဝ၌ -

၁။ နလုံး မသာမယာ မဖြစ်ရဘဲ နလုံးသာရွှင်မှု ဖြစ်ရတယ်။

၂။ အဲဒီ နလုံးသာရွှင်မှုကြောင့် အနည်းငယ် ဝမ်းမြောက်မှု ဟူသော နသောပီတိလည်း ဖြစ်ရတယ်။

၃။ အဲဒီ ဝမ်းမြောက်မှုကြောင့် ဝမ်းသာရွှင်ပြမှု ဟူသော အားကြီးသော ပီတိလည်း ဖြစ်ရတယ်။

၄။ အဲဒီ အားကြီးသော ပီတိကြောင့် ကိုယ်စိတ်နှစ်ပါးတို့၏ အေးမြခြင်းဟူသော ပဿဒ္ဓိလည်း ဖြစ်ရတယ်။

၅။ အဲဒီ ပဿဒ္ဓိကြောင့် ကိုယ်စိတ်နှစ်ဝ ချမ်းအေးမြခြင်းဟူသော သုခလည်း ဖြစ်ရတယ်

၆။ အဲဒီ သုခကြောင့် စိတ်သည် ဟိုအာရုံ ဒီအာရုံ အဖုံဖုံသို့ မသွားတော့ဘဲ တစ်ခုတည်းသော တရားအာရုံ၌သာ တည်ကြည်သော သမာဓိလည်း ဖြစ်ရတယ်

၇။ အဲဒီ သမာဓိကြောင့် မိမိရဲ့ရုပ်နာမ် ခန္ဓာဝယ် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါကလားဟု ဟုတ်မှန်စွာ သိသော ယထာဘူတ ဝိပဿနာဉာဏ်လည်း အလွန်မကြိုးစားရဘဲ လွယ်ကူစွာ ဖြစ်ပေါ်လာပါတယ်

၈။ အဲဒီ ယထာဘူတဉာဏ် ရင့်သန်သောအခါ ဝဋ်ဒုက္ခ၌ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်မှ ဆက်၍ အထက်မဂ် ဖိုလ်သို့ တိုင်အောင် ရနိုင်ရကား သီလကို သီလလောက်မျှသာဟု မယူဆဘဲ မဂ်ဖိုလ်ရဖို့အကြောင်း နည်း လမ်းကောင်း ယူဆကာ ဝမ်းမြောက်ဝမ်းသာ စောင့်ထိန်းသင့်တယ် မဟုတ်လား ဒကာကြီး"

"မှန်ပါဘုရား၊ စောင့်ထိန်းသင့်ပါတယ်၊ သီလကျေးဇူးဟာ အလွန်တရာ ကြီးပါတယ် ဘုရား"

## အရှက်ရှိရဟန်းဖြစ်မှု ဝိနည်းရှု

- "အင်း - အဲဒီမျှလောက် ကျေးဇူးများပြား အကျိုးများသဖြင့် အရှက်ရှိ လဇ္ဇီပုဂ္ဂိုလ် ဖြစ်လိုသော အမျိုးကောင်းသား သည် ဝိနည်းတော်လာ သိက္ခာသီလတို့ကို မသိ သိအောင် ကြိုးစားရပေလိမ့်မယ်နော်"

"မှန်ပါ ဘုရား"

"ထင်ရှားပြရမယ်ဆိုရင် ဝိနည်းတော်လာ သိက္ခာသီလတို့ကို မသိသော စိတ်ကောင်းရှိသော အမျိုးကောင်းသား သည် အဘယ်နည်းဖြင့် မိမိရဲ့သီလကို ပြည့်စုံအောင် စောင့်နိုင်ရှာလိမ့်မလဲ။

ဥပမာ - နွားပေါင်းများစွာကို ပိုင်ဆိုင်သော နွားသူဌေးတစ်ယောက်ဟာ မိမိသားကို "နွားတွေကို မပျောက်အောင် စောင့်ရှောက်ထိန်းသိမ်း" ဟု တိုက်တွန်းသောအခါ နွားသူဌေးရဲ့သားကလေးဟာ -

၁။ နွားတွေရဲ့အရေအတွက်ကိုလည်းကောင်း

၂။ နွားတို့ရဲ့ ဖြူနီကြောင်ကျား စသော ပုံပန်းသဏ္ဍာန် အဆင်းကိုလည်းကောင်း မသိပါမူ အဘယ်မှာလျှင် နွားတွေကို မပျောက်အောင် စောင့်ရှောက်ထိန်းကျောင်းနိုင်ပါ့မလဲ၊ နွားတွေကို စောင့်ရှောက်ရမယ့် နွားသူဌေးရဲ့သားကလေး ၌ နွားနှင့်ဆိုင်ရာကို သိဖို့ အရေးကြီးသကဲ့သို့ ရှင်တော်ဗုဒ္ဓရဲ့သားရတနာဖြစ်သော အရှက်ရှိသော လဇ္ဇီရဟန်းတော်များသည် သီလသိက္ခာတို့ရဲ့ဆိုင်ရာအကြောင်းကို ကောင်းကောင်းသိဖို့ရန် အရေးမကြီးဘူးလား"

"မှန်ပါ၊ အရေးကြီးပါတယ်ဘုရား"

"အင်း - အခုခေတ်တော့ ပြောင်းပြန်ဖြစ်နေတယ်၊ သီလ မလိုပါဘူးဆိုပြီးတော့ ဝိပဿနာပဲ အရေးကြီးနေကြတယ်။

အဲဒါကြောင့် "နည်းပေးဆရာ မစွမ်းပါက နည်းယူတပည့် စွမ်းခဲဘိ၏" ဆိုတဲ့ စကားအတိုင်း သီလလွတ် စာလွတ် ပေလွတ် ဝိပဿနာတွေ ဖြစ်ပြီး ပြဿနာတွေ ဖြစ်နေကြတာ မြင်တွေ့ကြားသိနေရတယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"ပရိယတ်စာပေနယ်မှာ ပြဿနာ မရှိပါဘူး၊ ဝိပဿနာ နယ်ပယ်မှာသာ သူ့နည်း ငါ့နည်းနဲ့ ဘုရားရှင်ရဲ့နည်းတွေ ပျောက်ပြီး ရှုပ်လို့ ပွေလို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဝိပဿနာနယ်မှာ မငြိမ်သက်ဘူး မငြိမ်းအေးဘူး၊ အပြိုင်အဆိုင် ရှုပ်ပွေနေတာ ငြိမ်းအေးတဲ့တရား ကိုယ်မှာ မရှိ လို့ ငြိမ်းအေးတဲ့တရား မရှိတာ၊ မရတာဟာ သီလ မရှိလို့ပါ။ ဒါကြောင့် သီလ အရေးကြီးပါတယ်။ အရှက်ရှိ သူတော်စင်ဖြစ်ဖို့ အရေးကြီးပါတယ်၊ ကဲ - ဒီလောက်ဆိုရင် ပြည့်စုံပါပြီ၊ တော်လောက်ပါပြီ"

✦ အာပတ်သင့်မှာ၊ မရှက်တာ၊ မှတ်ပါ အလဇ္ဇီ။

✦ အာပတ်နေ့စဉ်၊ သင့်နေရင်၊ ခေါ်တွင် အလဇ္ဇီ။

✦ သင့်ပြီးအာပတ်၊ မကုလတ်၊ ခေါ်မှတ် အလဇ္ဇီ။

✦ အလဇ္ဇီဟာ၊ အပါယ်သာ၊ သေချာသွားတော့မည်။

✦ လဇ္ဇီဖြစ်မူ၊ ဝိနည်းရှု၊ ပြစ်မူ ရှောင်ရမည်။

✦ လဇ္ဇီဖြစ်မှ၊ မဂ်ဖိုလ်ရ၊ ဝင်ကြနိဗ္ဗာန်ပြည်။

# စာချဆရာတော် ဆွမ်းကပ်တာ ဘယ်နနှစ် ရှိပြီလဲ

(၁၉၈)

အနန္တစကြာဝဠာ ကမ္ဘာလောကဓာတ်ကြီးကား အတိုင်းမသိ ကျယ်ပြောဘိ၏။ လောကဓာတ်ကြီး ကျယ်ပြောသလောက် လောကဓာတ်အတွင်းရှိ သိစရာတွေကလည်း အတိုင်းမသိ ကျယ်ပြောဘိ၏။ အဆုံးမရှိနိုင်အောင် များပြားလှပါသည်။

သိချင်စရာတွေ သိစရာတွေ များပြားလှ၍ သိစရာတွေကို သိချင်၍ သိအောင် လေ့လာပါမူကား အဘယ်ရောက်မှ ဆုံးမည်နည်း၊ ဘုရားအဖြစ်သို့ ရောက်မှသာ ဆုံးချေမည်။

လောကဓာတ်အတွင်းရှိသိစရာအနန္တ များပြားလှသော်လည်း ယင်းတို့ကို သိဖို့ရန် မေးမြန်းသည့် အမေးပုစ္ဆာပြဿနာမူ အဘယ်မျှရှိသနည်း ဆိုပါက ငါးမျိုးသာ ရှိပါသည်။

လောကဓာတ် အနန္တရှိ သိစရာမှန်သမျှတို့ကို ယင်းအမေးပုစ္ဆာ ငါးမျိုးနှင့် မေးပါက အားလုံး အကျုံးဝင် ပြေလည်ပါသည်။ ယင်းငါးမျိုးကား အဘယ်ပါနည်း။

၁။ မသိမမြင်သော အနက် အဓိပ္ပာယ်ကို သိမြင်ချင်၍ မေးခြင်း "အဒိဋ္ဌဇောတနာပုစ္ဆာ"

၂။ သိမြင်ပြီးသော အနက် အဓိပ္ပာယ်ကို မိမိနှင့် အယူအဆ တူမတူ နှိုင်းယှဉ်လို၍ မေးခြင်း "ဒိဋ္ဌသံသန္ဒနာပုစ္ဆာ"

၃။ အယူအဆ သံသယရှိနေသည်ကို ရှင်းပြတ်စေလို၍ မေးခြင်း "ဝိမတိစ္ဆေဒနာပုစ္ဆာ"

၄။ မိမိနှင့် သဘောတူဖြစ်ရန် မိမိအလိုသို့ လိုက်ပါစေလိုသောကြောင့် မေးခြင်း "အနုမတိပုစ္ဆာ"

၅။ မိမိပင်လျှင် ဖြေကြားပြောဆိုလိုသောကြောင့် မေးခြင်း "ကထေတုကမျတာပုစ္ဆာ"

ဟူ၍ ငါးမျိုး ဖြစ်၏။ လောကဓာတ်အတွင်းရှိ သိစရာမှန်သမျှကို ယင်း ငါးမျိုးနှင့် မေးသော် ပြေလည်၏။

_ ယင်း ငါးမျိုးကို သိထားသည်ရှိသော် မိမိမေးသည့် အမေးသည် အဘယ်အမေးမျိုး ဖြစ်သည်ကို သိနိုင်၍ မိမိကို သူတစ်ပါးက မေးသော အမေးကိုလည်း ဘယ်အမေးမျိုးဟု သိနိုင်မည် ဖြစ်၏။

အမှန်စင်စစ်မူ အမေးကို သိချင်၍ မေးမြန်းခြင်းတော့မဟုတ်ပါ။ အဖြေကို သိချင်၍ မေးမြန်းခြင်းသာ ဖြစ်၍ အမေးသည် ပဓာနမဟုတ်ဟု ဆိုက ဆိုနိုင်ပါ၏။

သို့သော် အဖြေခက်သလို အမေးလည်း ခက်ပါသည်။ သို့ဖြစ်၍ အမေးလည်း ကျွမ်းကျင်လိမ္မာဖို့ သိထားဖို့ လိုပါသည်။ သို့မှသာ မိမိထံသို့ ပြန်လည်လာမည့် အမေးကို မိမိက ပြန်လည်ဖြေနိုင်မည် ဖြစ်၏။

အို - စာရှုသူ၊ စာရှုသူသည် ယခုဖော်ပြခဲ့သည့် အမေးငါးမျိုးကို လေ့လာ၍ တစ်ချိန်သော နေ့ကာလက ဓမ္မဒေသနာ ခရီးသည်အဖြစ် လှည့်လည်စဉ် မိမိတွေ့ကြုံခဲ့သော အမေးအဖြေတို့ကို လေ့လာကြည့်ရှုစမ်းပါဘိ။

မိမိသည် တစ်ချိန်သော နေ့ကာလက ဓမ္မဒေသနာခရီး လှည့်လည်သူအဖြစ်နှင့် လှည့်လည်စဉ် မြို့ငယ်တစ်မြို့သို့ ရောက်၏။ ထိုစဉ် ထိုမြို့ရှိ စာသင်တိုက်တစ်တိုက်မှ စာချဆရာတော်တစ်ပါးနှင့် တွေ့ဆုံပါသည်။

စာချဆရာတော်မှာ မိမိနှင့် ရှေးယခင်ကတည်းက သိကျွမ်းရင်းနှီးခဲ့သော မိမိထက် အသက်သိက္ခာ များစွာကြီးသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ရှေးကတည်းက သိကျွမ်းရင်းနှီးခဲ့သည်ဖြစ်ရကား ယခုလို တွေ့ဆုံသောအခါ တစ်ပါးနှင့်တစ်ပါး တွေ့ခဲ ကြုံခဲသည့် အလျောက် တွေ့ဆုံကြခိုက် ဝမ်းမြောက်ဝမ်းသာစကား ပြောကြ၏။

တစ်ပါးနှင့်တစ်ပါး ရည်မြင့်စွာသော ကာလပတ်လုံး အောက်မေ့ဖွယ် ပြန်လည်အမှတ်ရဖွယ်ရာ စကားတို့ကို ဆွေးနွေး ပြောကြားကြပါသည်။ ယင်းသို့ ပြောဆိုဆွေးနွေးသည့် စကားများမှ ရှည်မြင့်စွာ အမှတ်ရဖွယ် စကားအမေးအဖြေ တစ်ခုကို ဖော်ပြချင်ပါသည်။ စာရှုသူသည် သေချာစွာစိစစ်၍ ဖတ်ရှုစမ်းပါဘိ။

"မောင်ပညာဇောတ၊ ငါ့ကို ဒကာတစ်ယောက်က မေးတယ်၊ "အရှင်ဘုရား စာချဆရာနှင့် တရားပြဆရာ ဘယ်လို ထူးပါသလဲ ဘုရား" တဲ့။

ဆရာတော်ဘုရားသည် သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာနှင့် ပြည့်ဝပါသည်။ တောမြို့ကလေးတစ်မြို့ တွင် စာသင်သား သုံးလေးဆယ်တို့အား စာချနေသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။ မိမိထက်လည်း အသက်သိက္ခာ များစွာ ကြီးပါသည်။ သို့ဖြစ်၍ ဆရာတော်ဘုရားက မိမိအား မောင်ပညာဇောတ ဟူ၍ ရင်းနှီးစွာ ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

"အဲဒီလိုမေးတော့ ဆရာတော်ဘုရားက ဘယ်လိုဖြေလိုက်ပါသလဲ ဘုရား"

"ငါက မောင်ပညာဇောတကို မေးမလို့၊ မောင်ပညာဇောတ စာတွေရေး၊ ပြဿနာတွေ ဖြေနေတော့ ဘယ်လိုဖြေ မလဲလို့"

"ဆရာတော်ဘုရား၊ ဒီအမေး လွယ်မယောင်နဲ့ အဖြေခက်မယ့် အမေးပါဘုရား၊ ရုတ်တရက်ဆိုတော့ တပည့်တော် ဖြေဖို့ရာ ခက်ခက်ပါဘုရား"

"အေး - ဟုတ်တယ် မောင်ပညာဇောတရဲ့ ငါလည်း ရုတ်တရက် မဖြေနိုင်သေးဘူး၊ နောက်မှ စဉ်းစားပြီး ဖြေလိုက်တော့ ဒကာလည်း သဘောကျသွားပါတယ်"

"ဒါဖြင့် ဆရာတော်ဘုရား ဖြေကြားပုံကို မိန့်ကြားတော်မူပါဘုရား၊ ဆရာတော်ဘုရားရဲ့ အဖြေစကားကို တပည့်တော် သိချင်ပါတယ်ဘုရား"

မိမိမှာ ဓမ္မဒူတတောရ ဟူ၍ ကျောင်းတိုက်တစ်ခု တည်ထောင်၍ စာသင်သား လေးဆယ်ကျော်တို့အား စာချနေသူ စာချဆရာတစ်ဦးလည်း ဖြစ်၏။ ရံခါ ဒကာ ဒကာမ ပရိသတ်အများတို့အား တရားပြပေးနေသည့် တရားပြဆရာတစ်ဦးလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဒီပြဿနာသည် မိမိနှင့် နှစ်ဖက်စလုံး ဆက်သွယ်နေ၍ ပို၍ပြီး သိချင် ပို၍ပြီး စိတ်ဝင်စားပါသည်။

"အေး၊ အဖြေကတော့ စာပေကျမ်းဂန်ထဲမှာ တိုက်ရိုက်မလာပါဘူး၊ ငါ့ရဲ့ ကြံဆချက်နဲ့ပဲ ဒီလို ဖြေလိုက်တယ်"

"မှန်ပါ၊ အမိန့်ရှိတော်မူပါဘုရား"

"စာချဆရာလည်း အလုပ်လုပ်တာပဲ၊ တရားပြဆရာလည်း အလုပ်လုပ်တာပဲ၊ ဒါပေမဲ့ စာချဆရာက လူမလာမှ အလုပ်ဖြစ်တယ်၊ လူမလာလေ အလုပ်ဖြစ်လေပဲ"

မှန်ပါသည်။ စာချဆရာတော်ထံသို့ လူဧည့်သည်များ လာပါက စကားပြောရသဖြင့် စာချမှုအလုပ် ပျက်ပါသည်။

တရားပြဆရာက လူမလာရင် အလုပ်မဖြစ်တော့ဘူး၊ လူလာမှ အလုပ်ဖြစ်တယ်။

မှန်ပါသည်။ တရားပြရသည်မှာ လူဒကာ ဒကာမများကို ပြရသည်က များရာ လူမလာရင်၊ လူမရှိရင် တရားပြမှု အလုပ်မဖြစ်ပါ။

ဒီတော့ စာချဆရာတော်က လူဒကာ ဒကာမတွေလာမှာ ကြောက်နေရတယ်၊ စာချတဲ့အလုပ် ပျက်မှာစိုးလို့။

ဟုတ်ပါသည်။ စာတစ်ဝါ ပျက်သွားလျှင် အတော်ပဲ အကျိုးယုတ်ပါသည်။ တရားပွဲပျက်သလောက်ပင် အကျိုး ယုတ်ပါသည်။

တရားပြဆရာကတော့ လူမလာမှာ ကြောက်နေရတယ်၊ တရားပြတဲ့အလုပ် မဖြစ်မှာစိုးလို့။

ဟုတ်ပါသည်၊ တရားပြတဲ့အခါ တရားအားထုတ်သူ ယောဂီများရေးကို စီစဉ်သူ ဒကာ ဒကာမများ အတော်ပင် လုံးပန်းရပါသည်။ တရားပြရေး ပျက်မှာစိုးလို့ပင် ဖြစ်ပါသည်။

စာချဆရာတော်က မိမိစာဝါ ပို့ချရေးအတွက် လူကို မမျှော်ရဘူး၊ စာတစ်ဝါမှာ တစ်ပါးနဲ့လည်း အလုပ်ဖြစ်တာပဲ။

ဟုတ်ပါသည်။ တချို့စာဝါမှာ တစ်ပါးတည်းပဲ ပို့ချရတာ ရှိပါသည်။ သို့ဖြစ်၍ တစ်ပါးတည်းနှင့်လည်း အလုပ်ဖြစ် ပါသည်။

တရားပြဆရာတော် တရားပြရတာက လူဒကာ ဒကာမတွေဆိုတော့ တရားပြအလုပ်ဖြစ်ရေးအတွက် လူကို မျှော် ရတယ်။

စာချဆရာတော်က ဘုရားရှင်ရဲ့သားတော် သံဃာတော်တွေနဲ့ အမြဲနေရတော့ အမြဲတမ်းပဲ မျက်စိအမြင် မွန်မြတ်မှု "ဒဿနာ နုတ္တရိယ" ဖြစ်နေပါတယ်။

မိမိတို့မျက်စိမှာ ကြည့်ရန်ဖြစ်ပါသည်။ သို့သော် ကိလေသာငြိမ်းသည့် အာရုံတွေကို ကြည့်နိုင်မှ အကျိုးရှိပါ သည်။ သံဃာတော်များကို ရှုကြည့်ရသည့်အခါ ကိလေသာငြိမ်းပါဘိ။

တရားပြဆရာတော်က လူဒကာ ဒကာမ အမျိုးမျိုးတွေ တရားပြနေတော့ အမြင်ငြိုကပ်မှု "ဒဿနသံသဂ္ဂ" ဖြစ်နိုင် တယ်၊ သတိထားနိုင်မှ ကုသိုလ်ရမယ်၊ သတိလက်လွတ်ပြီး အမှတ်မှား၊ အသိမှား ဖြစ်သွားရင် အကုသိုလ် ဖြစ်နိုင်တယ်။

မှန်ပါသည်။ ရုပ်နာမ် မြင်အောင် တရားပြနေရာမှ မိမိကိုယ်တိုင် ရုပ်နာမ် မမြင်ဘဲ ပုဂ္ဂိုလ် သတ္တဝါအနေ မြင်ပါက အမြင် ငြိုကပ်မှု ဖြစ်နိုင်ပါသည်။

စာချဆရာတော်က အမြဲတမ်း စာသံ ပေသံတွေ ကြားနေရတော့ ကိလေသာ ငြိမ်းအေးကာ အကြားမွန်မြတ်မှု "သဝ နာနုတ္တရိယ" ဖြစ်နေတယ်၊ မိမိအနေနဲ့ မစောင့်ရှောက်ဘဲ လုံခြုံပြီးသား ဖြစ်နေပြီ။

_ "ယခုခေတ် တရားအားထုတ်တဲ့ လူတွေကို ကြည့်လိုက်ရင် အများအားဖြင့် ဒကာမတွေပဲ များတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး - တရားပြဆရာတော်က အများအားဖြင့် ဒကာမအသံတွေပဲ ကြားနေရတော့ အကြားကပ်ငြိမှု "သဝနသံသဂ္ဂ"ဖြစ်နိုင်တယ်၊ ရုပ်နာမ်အာရုံပေါ် မရောက်ရင် အမှတ်လွတ်ရင် ဖြစ်မှာပဲ၊ ဒီတော့ အန္တရာယ်နဲ့ အမြဲရင်ဆိုင်နေရတယ်၊ လျော့ရင်းနဲ့ နစ်တတ်တယ်"

"မှန်ပါ ဘုရား"

"စာချဆရာတော်က ရှင်တွေ ရဟန်းတွေနဲ့သာ အမြဲတမ်း ပြောဆိုဆက်ဆံနေရတော့ စကားပြောငြိကပ်မှု "သမုလ္လပနသံသဂ္ဂ"မဖြစ်နိုင်ဘူး"

"မှန်ပါဘုရား"

"တရားပြဆရာတော်များက အများအားဖြင့် ဒကာမများနှင့် ပြောဆိုဆက်ဆံနေရတော့ စကားပြောငြိကပ်မှု "သမုလ္လပနသံသဂ္ဂ"ဖြစ်နိုင်တယ်"

"မှန်ပါ ဘုရား"

"စာချဆရာတော်က ဒကာ ဒကာမတွေနဲ့ အနီးကပ် မတွေ့ရ၊ အနီးကပ် လုပ်ကျွေးမှု မခံရ၊ မသုံးဆောင်ရဘဲ ရှင်ရဟန်းတွေရဲ့ လုပ်ကျွေးမှုသာ အနီးကပ်ခံရ၊ သုံးဆောင်ရတော့ လုပ်ကျွေးမှု သုံးဆောင်မှု ငြိကပ်ခြင်း "ပရိဘောဂသံသဂ္ဂ"မဖြစ်နိုင်ဘူး"

"မှန်ပါ ဘုရား"

"တရားပြဆရာတော်မှာ အများအားဖြင့် ဒကာများ၏ လုပ်ကျွေးမှု ဒကာများ၏ ပစ္စည်းကို သုံးဆောင်ရခြင်းထက် ဒကာမများ၏ လုပ်ကျွေးမှု ဒကာမများ၏ ပစ္စည်းတွေကိုသာ သုံးဆောင်ရမှုများတော့ သုံးဆောင်မှု ကပ်ငြိခြင်း "ပရိဘောဂသံသဂ္ဂ"ဖြစ်နိုင်တယ်"

"မှန်ပါဘုရား"

"ဒီတော့ စာချဆရာနှင့် တရားပြဆရာမှာ ကိလေသာ မကုန်သေးတာချင်း အတူတူဆိုရင် တရားပြဆရာမှာ စာချဆရာထက် အန္တရာယ်များပါတယ်၊ အဲဒီ အန္တရာယ်တွေကို ကာကွယ်နိုင်ပါမှ မိမိကိုယ်ကို စောင့်ရှောက်နိုင်ပါမှ တော်ရုံကျမယ်၊ မကာကွယ် မစောင့်ရှောက်နိုင်ရင် "မီးပြသမား တွင်းကျွံမှား"ဖြစ်နိုင်တယ်"

"မှန်ပါ ဘုရား"

"စာချဆရာက ရှင်ရဟန်း ပရိသတ်နှင့်နေတော့ ပရိသတ်ရှိနေတော့ အန္တရာယ်ကို ကာကွယ်ပြီးသား ဖြစ်နေတယ်၊ အန္တရာယ်နှင့် ဝေးတယ်၊ အန္တရာယ် ကင်းတယ်"

"တရားပြဆရာက အိုးခြမ်းကွဲသဖွယ် ခံယူမှုအားနည်းတဲ့ လူဒကာ ဒကာမတွေကို စောင့်ရှောက်ရတယ်၊ တရားပြရတယ်၊ မမြတ်သော ပြုစုစောင့်ရှောက်ခြင်း ဖြစ်နေတယ်"

"မှန်ပါ ဘုရား"

"စာချဆရာက တစ်ဖက်ဆည်ကန်သဖွယ် ခံယူမှု အားကောင်းတဲ့ ရှင်ရဟန်းတွေကို ပြုစုစောင့်ရှောက် စာချပို့ရတော့ အမြတ်ဆုံး လုပ်ကျွေးမှု ပြုစုစောင့်ရှောက်ရမှု "ပါရိစရိယာ နတ္တရိယ"ဖြစ်တယ်"

"မှန်ပါ ဘုရား"

"တရားပြဆရာက လူဒကာ ဒကာမတွေကို ရှာရတယ်၊ လူဒကာ ဒကာမတွေကို ပြုစုစောင့်ရှောက်ရတော့ လူဒကာ ဒကာမများက သာသနာတော်ကို ထောက်ပံ့ရေးလောက်တော့ ရတဲ့အတွက် သာသနာတော်ကို အဖျားအနားက ပြုစုတယ်၊ ရေလောင်းတယ်"

"မှန်ပါ ဘုရား"

"စာချဆရာတော်က ရှင်ရဟန်းတွေကို ရှာရတယ်၊ ရှင်ရဟန်းတွေကို ပြုစုစောင့်ရှောက်ရတော့ ရှင်ရဟန်းများက သာသနာတော်ကို တည်တံ့အောင်ပြန့်ပွားအောင် စောင့်ရှောက်နိုင်တဲ့အတွက် သာသနာတော်ကို အမြစ်အရင်းကပြုစုတယ်၊ ရေလောင်းတယ်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် တရားပြဆရာက သာသနာတော်ပြုတဲ နေရာမှာ အဖျားအနားက ပြုစုသူ ဖြစ်တယ်၊ စာချဆရာတော်က သာသနာတော်ကို ပြုတဲ့နေရာမှာ အရင်းကျကျ ပြုစုသူ ဖြစ်တယ်၊ အဲဒီလို ထူးတယ်လို့ ဖြေလိုက်တယ်၊ မောင်ပညာဇောတသဘောကျရဲ့လား"

"မှန်ပါ၊ သဘောကျပါတယ်ဘုရား၊ တပည့်တော်ကိုယ်တိုင် တရားပြဆရာလည်း လုပ်၊ စာချဆရာလည်း လုပ်နေတော့ ဆရာတော်ဘုရား ရှင်းပြတဲ့ အချက်တွေကို ကွက်ကွက်ကွင်းကွင်း သိမြင်သဘောပေါက်ပါတယ် ဘုရား"

"အဲဒီလို ကွက်ကွက်ကွင်းကွင်း သဘောပေါက်တော့ တပည့်တော်ဖြင့် တရားပြရမှာတောင် စိတ်ပျက်ပါတယ်ဘုရား၊ တရား မဟော၊ တရား မပြတော့ဘဲ စာဝါတွေ ဖောက်ချပြီးတော့ ချပို့ရင်း အေးအေးပဲ နေချင်ပါတော့တယ် ဘုရား"

"စာလည်း ချ၊ တရားလည်း ပြပေါ့ မောင်ပညာဇောတရယ်၊ ဒီတော့မှ သာသနာတော်ကို အရင်းပိုင်းကလည်း ထမ်း၊ အဖျားပိုင်းကလည်း ထမ်းလို့ နှစ်ပိုင်းထမ်းတော့ သာသနာတော်ကြီး စည်ပင်ပြန့်ပွား တည်တံ့မှာပေါ့"

"မှန်ပါ ဘုရား"

"သာသနာတော်ကြီး သစ်ပင်ကြီးကို အရင်းပိုင်း အဖျားပိုင်းအားဖြင့် နှစ်ပိုင်းလုံး မထမ်းနိုင်ရင် လေးလံတဲ့ အပိုင်းဖြစ်တဲ့ အရင်းပိုင်းက ထမ်းပါ၊ အရင်းပိုင်းက မထမ်းနိုင်မှ အဖျားပိုင်းက ထမ်းရမှာ"

"မှန်ပါ ဘုရား"

"အပေါ့နဲ့ အလေးဆိုတာ အလေးကို ဦးစားပေးပေါ့၊ အလေးကို မထမ်းနိုင်မှ အပေါ့ကို စဉ်းစားပါ၊ အဲဒါမှ သာသနာ့တာဝန် ကျေပွန်မယ်နော်"

"မှန်ပါ ဘုရား"

"အေး – အေး၊ ဒါနဲ့ ခုနစကားကို ဆက်ပြောရဦးမယ်၊ မပြီးတတ်သေးဘူး"

"မှန်ပါ ဆက်အမိန့်ရှိပါဘုရား"

"ငါက အဲဒီလို ဖြေလိုက်တော့ မေးတဲ့ ဒကာက ဘာပြောသလဲဆိုတော့ အရှင်ဘုရား၊ ဒီလိုဆိုရင် တပည့်တော်လာတဲ့အတွက် အရှင်ဘုရားမှာ အနှောင့်အယှက် ဖြစ်နေပြီပေါ့"

"ဒီတော့ ငါက ပြောရတယ်၊ ဒကာကြီးက ကိစ္စနဲ့လာတာဆိုတော့ အနှောင့်အယှက် သက်သက်တော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ ဒကာကြီးကို ပြောပေးရတဲ့အတွက် ဘုန်းကြီးမှာ အလုပ်တော့ ပျက်ပါတယ်လို့ ပြောလိုက်တယ်"

"မှန်ပါ ဘုရား"

"အဲဒီလို ပြောတော့ ဒကာကြီးလည်း ကိစ္စပြီးတယ်ဆိုရင်ပဲ ထပြန်သွားတော့တယ်၊ မောင်ပညာဇောတရဲ့ လူတွေနဲ့ အချိန်ကုန်ခံပြီး သိပ်စကားမပြောချင်တော့ဘူး၊ ကိုယ်စာလေး ကိုယ်ကြည့်ပြီး အချိန်ပျက်မခံဘဲ အချိန်ကုန်မခံဘဲ စာဝါသာပို့ချနေချင်တယ်"

"မှန်ပါဘုရား၊ ကောင်းပါတယ်၊ ဆရာတော်ဘုရားတို့လို စာချဆရာတော်တွေ ရှိပါမှ ဒီသာသနာတော်ကြီး နှစ်ပေါင်းများစွာ တည်တံ့ပြန့်ပွားမှာပါ ဘုရား"

"လူတွေဟာ စာချဆရာတော်ရဲ့ တန်ဖိုးကို မသိတဲ့လူတွေက များပါတယ်ဘုရား၊ တရားပြဆရာတွေ၊ တရားဟော ဆရာတွေဟာ စာချဆရာတော်တွေထံက ထွက်လာကြတာ သူတို့ မမြင်ကြဘူး"

"အေး - ဟုတ်တယ် မောင်ပညာဇောတရဲ့"

"အဲဒါကြောင့် တပည့်တော်တော့ ယခု တရားဟောတဲ့အခါမှာ စာသင်သားတွေ ဂရုစိုက်ဖို့၊ စာသင်တိုက်တွေ ဂရုစိုက်ဖို့၊ စာချဆရာတော်တွေ ဂရုစိုက်ဖို့ ဟောပေးပါတယ်ဘုရား။

တပည့်တော်က စာလည်းချ၊ တရားဟော တရားပြဆိုတော့ ကိုယ့်ဘဝအခြေအနေ သိနေပါတယ်ဘုရား၊ သိတဲ့ အလျောက် ကိုယ်ချင်းစာပြီး ဟောပေးပါတယ်ဘုရား"

"အေး - အေး၊ ကောင်းတယ် ကောင်းတယ်"

"တစ်ခါက တပည့်တော် ဓမ္မဒေသနာခရီးသည်အဖြစ် တရားဟောစဉ် စာသင်တိုက်တစ်တိုက်မှာ တည်းခိုပြီး ဟော ပါတယ်ဘုရား"

"အင်း"

"နံနက်ဆွမ်း၊ နေ့ဆွမ်း ကျောင်းမှာပဲ ကပ်ပါတယ်ဘုရား၊ အဲဒီ ဆွမ်းကပ်တဲ့ ဒကာမကြီးက ဆွမ်းကပ်ပြီးတော့ "တပည့် တော် တရားဟော ဓမ္မကထိကကို ဆွမ်းကပ်တာ ၂၉ ကြိမ်၊ ၂၉ နှစ် ရှိပါပြီဘုရား" လို့ လျှောက်ပါတယ်"

"အင်း"

"ဒီတော့ စာချဘုန်းကြီးက "ဒကာမကြီး၊ တရားဟော ဓမ္မကထိကကို ဆွမ်းကပ်တာတော့ ၂၉ နှစ်၊ ၂၉ ကြိမ် ရှိပြီ၊ စာချ ဘုန်းကြီးကို ဆွမ်းကပ်တာ ဘယ်နနှစ် ဘယ်နကြိမ် ရှိပြီလဲ" လို့ မေးပါတယ်ဘုရား"

"အေး - အေး၊ ဟုတ်သားပဲ၊ မေးထိုက်တဲ့ အမေးပဲ မောင်ပညာဇောတရဲ့"

"တပည့်တော်ရဲ့ ဓမ္မဒူတတောရမှာ ယခုစာသင်သားလေးဆယ်ကျော် ရှိပါတယ်ဘုရား၊ သံဃာလက်ခံတာ ဆွမ်းကွမ်း နဲ့ ချိန်ပြီးတော့ လက်ခံရပါတယ်ဘုရား၊ နေစရာကတော့ ရှိပါတယ်၊ စားစရာအတွက်က နံနက်ဆွမ်းပြုတ်ကို ဆားနဲ့ပဲ တို့ကနေ ရပါတယ်၊ ဆွမ်းမကျွေးနိုင်သေးပါ ဘုရား"

"အေး - အဲဒါ မောင်ပညာဇောတလို ဓမ္မကထိကတွေတောင် ဒီလို ဆွမ်းပြုတ်ကို ဆားနဲ့ သောက်နေရပါတယ်ဆိုရင် စာသင်တိုက်တွေကို ခြုံပြီး ကြည့်ပေတော့နော်"

"မှန်ပါ ဘုရား"

"ကဲ - သွားကြစို့"

✦ စာချဆရာ၊ သံဃာရှာ၊ ပြုပါသာသနာ အရင်းသာ။

✦ တရားပြဆရာ၊ လူကိုရှာ၊ ပြုပါသာသနာ အဖျားသာ။

✦ စာချဆရာ၊ အမြင်မှာ၊ လွန်စွာမြင့်မြတ်ပါ။

✦ တရားပြဆရာ၊ အမြင်ပါ၊ လွန်စွာငြိကပ်ပါ။

✦ မြင့်မြတ်ငြိကပ်၊ ဤနှစ်ရပ်၊ ခွဲတတ်သေသေချာ။

# လူမသိတဲ့ ဒေါသတော့ သတိရနေပါသည်

## (၁၉၉)

### လောကဓံတရား

လာဘ - လာဘ်ရခြင်း၊ အလာဘ - လာဘ်မရခြင်း၊ ယသ - အခြွေအရံ ပေါများခြင်း၊ အယသ - အခြွေအရံ မရှိခြင်း၊ နိန္ဒာ - ကဲ့ရဲ့ခံရခြင်း၊ ပသံသာ - ချီးမွမ်းခံရခြင်း၊ သုခ - ချမ်းသာခြင်း၊ ဒုက္ခ - ဆင်းရဲခြင်းတို့ကား လောကဓံများတည်း။

ဤတရား ၈ ပါးမှာ တစ်လှည့်စီ လှည့်ဖြစ်နေလေ့ ရှိ၏။ လောက၌ နေရသူမှန်လျှင် အမှန်ပင် တွေ့ကြုံရမည့်သဘော ဖြစ်၍ လောကဓံဟု ဆို၏။ ဘုရားသော်မှ မလွတ်ကင်းနိုင်ပါ။

မှန်ပါသည်။ ဘုရားရှင်မှာ တစ်ရံတစ်ခါ မကုန်နိုင် မခန်းနိုင် အတိုင်းမသိအောင် ပစ္စည်းလေးပါး ပေါများလှသော်လည်း တစ်ခါတရံမှု ရှားရှားပါးပါးအဖြစ်နှင့် ကြုံရ၏။

ဝေရဉ္စာပြည်၌ ဝါကပ်စဉ် ဘုရားရှင်သည် မုယောဆွမ်းကြမ်းကို ဘုဉ်းပေးရ၏။ တစ်ခါက ဇေနာဋ ပုဏ္ဏားရွာ၌ ဆွမ်းခံစဉ် လူတွေအား မာရ်နတ်လှည့်ဖြားထားမှုကြောင့် ဆွမ်းလောင်းရန် အမှတ်မရ ဖြစ်ရာ သပိတ်ချည်းသက်သက်ဖြင့် ထွက်ခွာတော်မူခဲ့ရ၏။

နတ်လူပြဟ္မာတို့၏ အတုမဲ့ ချီးမွမ်းသံကို ခံယူရသော်လည်း ရှင်တော်ဗုဒ္ဓသည် စိဉ္စမာဏဝိကာ၏ စွပ်စွဲခြင်းကို ခံခဲ့ရ၏။ သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို အကြောင်းပြု၍ မလိုလားသူများ ကဲ့ရဲ့မှုကိုလည်း ခံတော်မူရ၏။

ဖလသမာပတ်ချမ်းသာ နိရောဓသမာပတ် ချမ်းသာဟူသော ချမ်းသာအတိနှင့် ကြုံရသော ရှင်တော်မြတ်ဘုရားမှာ တစ်ရံတစ်ခါ ခါးတော်နာခြင်း၊ ဝမ်းတော်လားခြင်း စသော ဒုက္ခနှင့် ကြုံတော်မူရ၏။

ဘုရားရှင်သော်မှ တွေ့ ကြုံရသော ထိုသဘောများမှာ ဘယ်သူမဆို ကြုံရမည်သာ ဖြစ်သောကြောင့် "လောက၏ တရား၊ လောကဓံတရား" လောက ရှိနေသမျှ ဆုတ်ဖယ်ရှောင်သွားခြင်းမရှိ ဖြစ်နေမည့် တရားများကို လောကဓံတရားဟု ခေါ်သည်။

## ရဟန္တာစိတ်

လောကဓံကြောင့် မတုန်လှုပ်ခြင်းကို ရဟန္တာ၏ စိတ်သာ ဖြစ်၏။ အခြားသူ၏ စိတ်မဟုတ်ဟု အဋ္ဌကထာ၌ ဖွင့်ပြပါသည်။ အကောင်းဆုံး အပြည့်စုံဆုံး မတုန်လှုပ်မှုကို ယူလို၍ အလွန်အမြတ်ကို ညွှန်ပြသောနည်းအရ ဖွင့်ပြခြင်း ဖြစ်ပါသည်။

ရဟန္တာအရှင်မြတ်တို့မှာ ကောင်းသောအာရုံ၊ မကောင်းသောအာရုံ ကြုံတွေ့သောအခါ ကောင်းသောအာရုံကို မကောင်းသောအာရုံအဖြစ်၊ မကောင်းသောအာရုံကို ကောင်းသောအာရုံအဖြစ် မိမိလိုသလို ပြောင်းလွှဲရှုနိုင်အောင် စိတ်ကို အစိုးရသည့်တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကြသည်ဖြစ်ရာ ကျောက်တောင်ကြီးသည် လေတို့ကြောင့် မလှုပ်ရှားသကဲ့သို့ ထို့အတူ ကဲ့ရဲ့ခြင်း၊ချီးမွမ်းခြင်းတို့ကြောင့် လှုပ်ရှားခြင်း မရှိသော ပညာရှိများအဖြစ် ဘုရားရှင်၏ ချီးကျူးခြင်းကို ခံခဲ့ရ၏။

## အခြားသူများ

ရဟန္တာမှတစ်ပါး အခြားသူများ အရိယာပုထုဇဉ်များ၌လည်း ထိုက်သင့်သလောက် လောကဓံကို ခံနိုင်ရည်သတ္တိ ရှိနိုင်သည်သာ ဖြစ်၏။ ပုထုဇဉ်နှင့် အရိယာသာဝကတို့ လောကဓံကြုံရာ၌ ကွဲပြားခြားနားချက်ကား ရှိ၏။

ပုထုဇဉ်ကား ဖြစ်လာသော လောကဓံ၏ အမြဲမရှိသည်၏ အဖြစ်၊ ဆင်းရဲသည်၏ အဖြစ်၊ ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသည်၏ အဖြစ်ကို မဆင်ခြင်တတ်။

ထို့ကြောင့် ပုထုဇဉ်၏စိတ်မှာ လောကဓံတို့၏ သိမ်းကျုံးလွှမ်းမိုးမှုကို ခံရ၏။ အကောင်းလောကဓံနှင့် ကြုံရသောအခါ ထိုလောကဓံအလိုက် လိုက်ပျော်တတ်၏။ အဆိုးလောကဓံနှင့် ကြုံသောအခါ စိတ်ဆင်းရဲ၏။

အရိယာသာဝကကား လောကဓံ၏ ပျက်စီးတတ်သော "အနိစ္စသဘော၊ ဆင်းရဲတတ်သော ဒုက္ခသဘော" များကို စဉ်းစားဆင်ခြင်တတ်၏။

ထိုသို့ ဆင်ခြင်တတ်သောကြောင့် လောကဓံက အရိယာသာဝက၏ စိတ်ကို မလွှမ်းမိုးနိုင်။

အရိယာသာဝကသည် အကောင်းလောကဓံနှင့် ကြုံလည်း အကောင်းလိုက် ပျော်လွန်းမှု မရှိ၊ အဆိုးလောကဓံနှင့် ကြုံရသော်လည်း အဆိုးကိုဆန့်ကျင်၍ စိတ်ဆိုးမှု၊ စိတ်ဆင်းရဲမှု မရှိ။

ထို့ကြောင့် အရိယာသာဝကကိုသာ လောကဓံကြုံ မတုန်လှုပ်သူအဖြစ် ဟောတော်မူခဲ့၏။ ပုထုဇဉ်ကိုမူကား တုန်လှုပ်သူအဖြစ် ဟောတော်မူခဲ့၏။

သို့သော် လုံးဝ မစဉ်းစားတတ်သော ပုထုဇဉ်ကိုသာ ဆိုခြင်းဖြစ်ရာ အရိယာကို မမီစေကာမူ အချို့ပုထုဇဉ်များ၌ တရားသဘော ဆင်ခြင်စဉ်းစားမှု ရှိတတ်၍ အထိုက်အလျောက် လောကဓံကို ခံနိုင်ရည်ရှိသူများကိုလည်း တွေ့နိုင်ပါသည်။

## ကံဖြေဆေး

ဘုရားရှင် ဟောကြားသော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ သဘောကား လောကဓံတရားကြောင့် မတုန်လှုပ် ဖြေဆေးသဖွယ် ဖြစ်ပါ၏။ ဗုဒ္ဓသာသနာဝင်များ၌ အဆိုးလောကဓံနှင့် ကြုံရသောအခါ "ကံပေါ့၊ ကံအတိုင်းပဲ၊ ကံကို ဘယ်သူလွန်ဆန်နိုင်တာမှတ်လို့" စသော အတွေးအဆင်ခြင်များဖြင့် အချို့သူတို့ စိတ်ကို နှိမ်လေ့ရှိကြ၏။ ကြာသော် စိတ်ဓာတ်များ ရင့်ကျက်လာရ၏။

အဆိုးလောကဓံနှင့် တွေ့ ကြုံသော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံများနှင့် ကြုံရသောအခါတွင်လည်း ကံရှိတုန်းသာ ကောင်းစားတာပါ၊ ကံမရှိလျှင် ပျက်မှာပဲ ဟူသော အတွေးအဆင်ခြင်ကြောင့် ပျော်ခြင်း၊ မော်ခြင်း မရှိတတ်ပါ။

အရိယာသာဝကတို့ ပျက်စီးတတ်သော အနိစ္စသဘောကို တွေးတတ်၊ ဆင်ခြင်တတ်သကဲ့သို့ အချို့ပုထုဇဉ်များမှာ ပျက်စီးတတ်သော အနိစ္စသဘော၊ ဆင်းရဲတတ်သော ဒုက္ခသဘော၊ အစိုးမရသော အနတ္တသဘောကို တွေးတောစဉ်းစားခြင်းဖြင့်လည်း ဖြေလေ့ရှိကြ၏။

အားလုံးအနိစ္စပဲ၊ ဘယ်မှာ မြဲပါ့မလဲ၊ ကိုယ် အစိုးရတာမှ မဟုတ်ဘဲ၊ သူ့သဘောအတိုင်း ဖြစ်ကြတာပဲ စသော အတွေးများဖြင့် စိတ်ကို နှိမ်လေ့ရှိကြ၏။

စိတ်ကို နှိမ်ဖန်များ၍ ကြာသော် ပို၍ခံနိုင်ရည်ရှိလာ၏။ အကောင်းတွေ့၍လည်း ပျော်မဆုံး၊ မော်မဆုံး မရှိလှ၊ အဆိုးတွေ့၍လည်း စိတ်သက်သာရာရ၍ စိတ်တုန်လှုပ်မှု မရှိကြပါ။

ဘုရားသော်မှ မလွတ်နိုင်ဘဲ တို့တစ်တွေမှာ ဘာပြောစရာ ရှိမှာလဲ ဟူသော အတွေးအဆင်ခြင်မျိုးဖြင့်လည်း အချို့ဖြေကြပါသည်။

ဤသို့ စသည်ဖြင့် ဖြေစရာ တရားသဘော တွေးတောခြင်းဖြင့် ဖြေနိုင်၍ ပကတိအခြေက္ကန္ဓြေမပျက်ခြင်းမှာ "မင်္ဂလာ" ပင် ဖြစ်ပါသည်။

အကောင်းလောကဓံနှင့် တွေ့ရသော် တကြွကြွ တမော်မော် ပျော်မဆုံးဖြစ်ရခြင်းမှာ ဣန္ဒြေပျက်ခြင်း၊ ဖောက်ပြန်ခြင်း ဖြစ်၍ တုန်လှုပ်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် မင်္ဂလာ မဖြစ်ပါ၊ အမင်္ဂလာသာ ဖြစ်ပါသည်။ အဆိုးလောကဓံနှင့် တွေ့ကြုံရ၍ စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်းညှိုးငယ်နေခြင်းတို့မှာ ဆိုဖွယ်ရာ မရှိ၊ အမင်္ဂလာသာ ဖြစ်ပါသည်။

## ခုနစ်ရက်သာ

အချို့မှာ လာဘ်မရခြင်း စသော လောကဓံကို အတော်အတန် ခံနိုင်ရည်ရှိသူပင် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကြောင့်ကား မတုန်လှုပ်ဘဲ မနေနိုင်၊ တုန်လှုပ်လာ၏။ အချို့မှာ သူတစ်ပါးတို့ အကဲ့ရဲ့ခံရသောအခါ "အို - ချီးမွမ်းကဲ့ရဲ့ ခုနစ်ရက်ပေါ့၊ ဘာအရေးစိုက်စရာရှိလဲ" ဟု ဂရုမထားဘဲ နေနိုင်ကြ၏။

"ကဲ့ရဲ့ ချီးမွမ်း ခုနစ်ရက်ပေါ့" ဟူသော စကားများ ဘုရားစကားအရပင် ဖြစ်၏။ ဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ်အများအပြား ရဟန်းပြုခဲ့၏။

ထိုအခါ လူအများက ကဲ့ရဲ့ကြ၏။ ထိုအကြောင်းကို ရဟန်းတော်များက ဘုရားရှင်ကို လျှောက်ထားသောအခါ ဘုရားရှင်က -

"ရဟန်းတို့ ထိုအသံမှာ ကြာရှည်စွာ ဖြစ်နေလိမ့်မည် မဟုတ်၊ ခုနစ်ရက်သာ ရှိနေလိမ့်မည်" ဟု မိန့်တော်မူ၏။

## အကဲ့ရဲ့ ဖြေဆေး

ဘုရားရှင်လက်ထက်တော်အခါက အတုလ အမည်ရှိတဲ့ ဥပါသကာတစ်ယောက်သည် ဘုရားရှင်ထံသို့ သွား၏။ ထိုအခါ ဘုရားရှင်က ဥပါသကာကို "တရားနာပြီးပြီလား" ဟု မေးတော်မူသော် အတုလဥပါသကာက -

"မြတ်စွာဘုရား၊ အရှင်ရေဝတထံသွားရာ အရှင်ရေဝတက စကားမပြော တုဏှိဘော နေပါတယ်၊ အရှင်သာရိပုတ္တရာထံ သွားတော့ အဘိဓမ္မာတရားတွေ အများကြီး ဟောလိုက်ပါတယ်"

"အရှင်အာနန္ဒာအထံ ရောက်ပြန်တော့ တရားနည်းနည်းလေးပဲ ဟောလိုက်ပါတယ်၊ အဲဒါကြောင့် အဲဒီ အရှင်တွေကို စိတ်ဆိုးပြီးတော့ ဘုရားရှင်ထံ ရောက်လာပါတယ် ဘုရား"

ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က အတုလ ဥပါသကာအား -

"အတုလ၊ လောက၌ ဘုရားကိုလည်း အချို့ကဲ့ရဲ့ ကြ၏။ အချို့ချီးမွမ်းကြ၏။ နေ့လ မြေကြီးတို့ကိုလည်း အချို့ကဲ့ရဲ့ ကြ၏။ အချို့ချီးမွမ်းကြ၏"

"အတုလ၊ ငါဘုရားရှင်ကိုပင် ကဲ့ရဲ့သူ ကဲ့ရဲ့ ကြ၏။ ချီးမွမ်းသူ ချီးမွမ်းကြ၏။ လူမိုက်တို့ရဲ့ ကဲ့ရဲ့သည်မှာ လိုရင်းမဟုတ်၊ ပညာရှိများ မကဲ့ရဲ့အောင် ချီးမွမ်းခံရအောင် ဂရုစိုက်ရမည်"

"အတုလ၊ ဤကဲ့ရဲ့ ခြင်းမှာ ယခုခေတ်ပေါ် တရားသဘောမဟုတ်၊ ရှေးလက်ဟောင်း တရားသဘော ဖြစ်၏"

"အတုလ၊ ဆိတ်ဆိတ်နေသောသူကိုလည်း ကဲ့ရဲ့ကြ၏။ စကားများသူကိုလည်း ကဲ့ရဲ့ကြ၏။ နှိုင်းချိန် ပြော တတ်သူကိုလည်း ကဲ့ရဲ့ ကြ၏။ လောက၌ အကဲ့ရဲ့မခံရသူ မည်သည် မရှိ"

"အတုလ၊ တကယ့်အကဲ့ရဲ့ခံရသူ၊ တကယ့် အချီးမွမ်းခံရသူဟု ရှေးကလည်း မရှိဘူး၊ နောင်လည်း ရှိလိမ့် မည် မဟုတ်၊ ယခုလည်း မရှိ" ဟု ဟောတော်မူလိုက်ပါသည်။ ဤတရားတော်သည် အကဲ့ရဲ့ ဖြေဆေးတရားတော် ပင် ဖြစ်ပါသည်။

## အကျင့်မပြည့်စုံနိုင်

ရှေးအခါက ရဟန်းတော်တစ်ပါးဟာ အိမ်တစ်အိမ်သို့ ဆွမ်းခံရင်း ထိုအိမ်နှင့် အကျွမ်းတဝင် ဖြစ်နေ၏။ ရဟန်းတော် မှာ နောင်အခါ ရဟန္တာ ဖြစ်သွားပါသည်။ ရဟန္တာ ဖြစ်သွားသော်လည်း ရှေးကကဲ့သို့ပင် ထိုအိမ်၌ အကျွမ်းတဝင် ဝင်ထွက်သွား လာနေမြဲပင် ဖြစ်ပါသည်။

ယင်းကို မြင်ရသော နတ်တစ်ယောက်က ထိုရဟန်းကို ရဟန္တာဟု မသိရကား ပျက်စီးမှာကို စိုးရိမ်သည်။ ပျက်စီးမှုကို မလိုလားပါ။ အကျိုးကိုသာ လိုလားသည်ဖြစ်၍ ထိုအိမ်က အိမ်ရှင်မ အယောင်ဆောင်ကာ ရဟန်းအထံသို့ သွား၍ -

"အရှင်ဘုရား၊ မြစ်ဆိပ်. မြို့ဝ. လမ်းမ ပွဲလမ်းသဘင် နေရာတိုင်းတွင်ပင် အရှင်ဘုရားနှင့် တပည့် တော်မအကြောင်း ဘာလိုလို ပြောဆိုနေကြပါသည်" ဟု လျှောက်ထား၏။ ထိုအခါ ရဟန်းတော်က -

"ဆန့်ကျင်ဘက် ပဲ့တင်ရိုက်ခတ်လာသော အသံတို့ကား အများအပြားပင် ဖြစ်၏။ ရဟန်းမည်သည်မှာ ထိုအသံကို ခံနိုင်ရည် ရှိရသည်။ ထိုအသံကြောင့် ညစ်နွမ်းခြင်း မဖြစ်နိုင်။ တောထဲ၌ လေတိုက်တိုင်းလန့်သော သမင်ပမာ အသံကို လန့်နေသော ရဟန်းကို စိတ်ပေါ့သူဟု ဆိုကြကုန်၏။ ထိုရဟန်းမျိုးကားအကျင့် မပြည့်စုံနိုင်" ဟု မိန့်တော်မူလိုက်၏။

အို - စာရှုသူ၊ ဤရဟန်းတော်၏ တရားတော်ဟာ မကောင်းပါလော၊ အကဲ့ရဲ့ခံရ၍ ကိုယ့်မှာ ဘာမှ မဖြစ်၊ ကဲ့ရဲ့သံကို လန့်နေလျှင် အလုပ်ပျက်ရုံသာ ဖြစ်ပါသည်။ ဤရဟန်းတော်၏ တရားတော်ကို အကဲ့ရဲ့ခံပြီး ဆေးအဖြစ် အသုံးပြုပါ။

## ပြန်စာအတွက်

အို - စာရှုသူ၊ မိမိသည် ဤနိဒါန်းကို ပျိုးနေသည်မှာ မိမိထံသို့ ရောက်လာသော ပြန်စရာကောင်းသည့် စာတစ်စောင် ကို ပြန်ရန်အတွက် နိဒါန်းပျိုးနေခြင်း ဖြစ်ပါသည်။ စာရှုသူ ဖတ်ကြည့်စမ်းပါ။ စာမှာ ပြန်စရာကောင်းစာ ဟုတ်.မဟုတ်။

ဆရာတော်ဘုရား

(၁၀-၇-၈၂)

ကျေးဇူးရှင် ဆရာတော်ဘုရားထံ ရှိသေစွာ လျှောက်ထားအပ်ပါသည်။

တပည့်တော်သည် အကြောင်းကိစ္စ အခက်အခဲ ပြဿနာရှိသဖြင့် ဆရာတော်ဘုရားထံ စာရေးရန် စိတ်ကူးဖြစ်သည်မှာ နှစ်ရက်,သုံးရက် ရှိပါပြီဘုရား၊ ကျောင်းပိတ်ရက် စောင့်နေ၍ ကြာသွားပါသည်ဘုရား၊

တပည့်တော်အမေ ဆုံးသည်မှာ (၁၂)နှစ် ရှိပါပြီဘုရား။ ပြဿနာ အခက်အခဲတွေနှင့် မတွေ့ခဲ့ရပါ။ ယခု တရားဘက်သို့ ခြေလှမ်းကာမှ စိတ်ရှုပ်စရာတွေနှင့် တွေ့ရပါသည်ဘုရား။ တရားနှင့်ပြဿနာပြိုင်ပြီး ဝင်လာပါသည် ဘုရား။ ၁၃၄၃ ခုနှစ်က တစ်နှစ်လုံး စိတ်ရှုပ်ရပါသည်ဘုရား။ တပည့်တော် စိတ်ရှုပ်ပုံအခက်အခဲများကို လျှောက် ထားပါရစေဘုရား။

၁၃၄၂ ခုနှစ်၊ နတ်တော်လတွင် တပည့်တော် တရားစပြီး အားထုတ်ပါသည်ဘုရား။ ၄၃ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁ ရက်နေ့တွင် ကျောင်းမှ ဆရာတစ်ယောက်နှင့် နှစ်ခါစီလောက် အော်ကြပြီး ဆရာက ဆဲလိုက် ပြီး ရန်ပွဲလည်း ပြီးသွားပါပြီဘုရား။ ဆရာက ဆဲလိုက်သည့်အတွက် လူကြီးတစ်ယောက်က ကြားဝင်ပြီး ညှိနှိုင်း ပေးပါသည်ဘုရား။ လူကြီးတစ်ယောက်က တပည့်တော်ကို တောင်းပန်ရင် ကျေနပ်လိုက်ပါဆိုတော့ တပည့်တော် လည်း တရားစခန်းမှာ ဆရာတော်ဘုရားဟောတဲ့အထဲမှာ ပါနေတဲ့ အပြစ်ရှိသူက အပြစ်ကိုသိ၍ တောင်းပန်ရင် ဝန်ခံရင် ကျေနပ်ရမယ်၊ မကျေနပ်ရင် မကျေနပ်တဲ့သူဟာ သူတော်ကောင်း မဟုတ်ဘူးဆိုတဲ့ စကားကို သတိရပါ တယ်ဘုရား။

ဆရာကလည်း ဒေါသထွက်ပြီး ဆဲမိတာကို တောင်းပန်ပါမယ်လို့ ပြောတာနဲ့ တပည့်တော်လည်း ကောင်စီရုံး မပို့ပါဘူး။ ကျေနပ်မယ်လို့ပဲ ပြောလိုက်ပါတယ်။ ဆရာကလည်း အသက် ၁၀ နှစ်ကျော်ငယ်နေတဲ့ တပည့်တော်ကို လူရှေ့မှာ တောင်းပန်ရမှာ အတော်ပဲ ဝန်လေးနေပုံ ရတယ်။ ဒေါသအကျိုးတွေပေါ့ ဘုရား။ ယနေ့ အထိ မတောင်းပန်ရသေးပါ ဘုရား။ တပည့်တော်လည်း ဘာမှ မပြောတော့ပါ ဘုရား။မသိသလိုပဲ နေပါသည်၊

သို့သော် တပည့်တော်သည် တစ်ကျောင်းတည်းနေတဲ့ ဆရာကို နေ့စဉ်နေ့တိုင်း တွေ့မြင်နေရတဲ့အခါတွင် သူ၏ ဆဲသံကို နားထဲတွင် ကြားယောင်ပြီး စိတ်ထဲက မကျေနပ်ဘဲ သူ့ကို တွေ့ မြင်တိုင်းမှာ လူမသိတဲ့ ဒေါသက တော့ (တွေ့မြင်တိုင်း)ဖြစ်နေပါတယ်၊ သတိရနေပါတယ် ဘုရား။

တပည့်တော် လနှင့်ချီပြီး အနစား ဒေါသတွေ ဖြစ်ခဲ့ မှားခဲ့မိပါသည်ဘုရား။ ဘုရားဝတ်တက်. မေတ္တာပို့ အမျှဝေတော့ မပျက်ခဲ့ပါ ဘုရား။ ၄၃ ခုနှစ် ကျောင်းပိတ်ကာနီး တပို့တွဲလလောက်တွင် တပည့်တော် အသိတစ်ခု ရလာပါသည်ဘုရား။

ငါ ညဘက်ကျတော့ အနန္တစကြာဝဠာကြီးတစ်ခုလုံး မေတ္တာပို့ပြီး နေ့ဘက်ကျတော့ မုန်းတဲ့သူကို ဒေါသ ဖြစ်နေတယ်၊ ငါ့အလုပ်ဟာ ရှေ့နဲ့နောက် မညီသေးပါလား၊ ငါ မဟုတ်သေးပါလား၊ ရှေ့နဲ့နောက် ညီအောင် လုပ်မှ တော်တော့မယ်ဆိုပြီး တပည့်တော်ရဲ့စိတ်ကို ဖြေဖျောက်ပါတယ်၊ ပြင်ပါတယ်၊ တော်ရုံနှင့် မရပါ ဘုရား။

ကျောင်းဖွင့်စ ၄၄ ခုနှစ်၊ ဇွန်လမှာ ဆဲသော ဆရာကို မြင်သော်လည်း ရပ်ဝေးမှ မသိတဲ့ လူတစ်ယောက်ကို တွေ့မြင်ရသလိုပါပဲ၊ ဒေါသလည်း မဖြစ်တော့ပါ။ အေးငြိမ်းသွားပါပြီ။

တစ်ယောက်အပေါ်မှာ ဒေါသအေးငြိမ်းကာမျှ ရှိပါသေးတယ်၊ (၆-၇-၈၂)အင်္ဂါနေ့က စာမသင်ကျောင်းမတက်တဲ့ ဆရာကြီးက စကားနည်းနည်းမာမာနဲ့ တပည့်တော်ကို ပြောသဖြင့် တပည့်တော် စိတ်ဆိုးပြီး စာမသင်ဘဲ တစ်နေ့ကုန် ထိုင်နေပါတယ်၊တပည့်တော် တရားမရင့်ကျက်သေးလို့ လောကဓံကို ခံနိုင်ရည် မရှိသေးပါဘုရား။

၁။ တရားထူး ရရှိဖို့က အခက်အခဲကို ကျော်လွှားပြီးမှ ရမှာပေါ့။ အခက်အခဲကို မကျော်လွှားရဘူးဆိုရင် လူတိုင်း တရားရကုန်မှာပေါ့။

၂။ လောကဓံကို နည်းနည်းခံနိုင်ရည် ရှိလာရင် နည်းနည်း တရားရလာပြီ၊ များများခံနိုင်ရည်ရှိလာရင် များများ တရားရလာပြီ။

အဲဒီ ၁,၂ စကား နှစ်မျိုးလုံး ဆရာတော် တရားဟောစဉ်က တပည့်တော်မှတ်ထားသော ဆရာတော်ရဲ့ မူရင်းစကားပါပဲဘုရား။ တပည့်တော် အကြိုက်ဆုံးပါပဲ ဘုရား။

မဟုတ်မခံတတ်တဲ့ တပည့်တော်က နံပါတ် ၂နဲ့ တရားရမှာပါဘုရား။ နံပါတ် ၁ ကိုတပည့်တော် မရှင်းလင်းနားမလည်သေးပါဘုရား။

ဆရာတော် လက်နက်တွေ များစွာပေးထားပေမဲ့ ရန်သူနဲ့ လက်နက်နဲ့ ကိုက်ညီမှ တရားဖြစ်မှာမို့ ဘာရန်သူတွေ ဘာအခက်အခဲတွေ လာတတ်၊ တွေ့တတ်တယ်ဆိုတာ တပည့်တော်ကို ကြိုတင်ဟောပေးပါလားဘုရား။

နံပါတ် ၁ နဲ့ ၂ ဟာ အဓိပ္ပာယ်ချင်း တူညီပါသလား၊ တူပါတယ်ဆိုပါက ဆရာတော် စာပြန်မရေးလည်း ရပါတယ်ဘုရား။ ရှင်းစရာရှိမှ ပြန်ရေးပါဘုရား။

ယခုတော့ တပည့်တော် အပြောအဆို အနေအထိုင်ကို နှိမ်ချလိုက်ပါတယ်ဘုရား။ စကားကိုလည်း မလိုဘဲနှင့် မပြောတော့ပါ ဘုရား၊ အတတ်နိုင်ဆုံး စကားနည်းအောင် နေမိပါတယ်၊ လမ်းခရီးလည်း မသွားမဖြစ်မှပဲ သွားပါတယ်ဘုရား။

ဆရာတော်ဘုရား တပည့်တော် အခါအားလျော်စွာ ရှုရင်း ပွားရင်းနဲ့ (၈-၇-၈၂)နေ့ ည ၇ နာရီလောက်တွင် ခေါင်းထဲ အသိတစ်ခု ရောက်လာပါတော့သည် ဘုရား။

ဆရာတော်ဟောထားတဲ့ အခက်အခဲကို ကျော်လွှားပြီးမှ တရားရမယ်၊ လွယ်လွယ်နဲ့ ဘယ်ရမလဲ၊ လွယ်လွယ်နဲ့ရရင် လူတိုင်း တရားရကုန်မှာပေါ့၊ ငါ ယခု တွေ့နေတာတွေဟာ အခက်အခဲတွေပဲလို့ သိလာပါတယ်ဘုရား။ အဲဒီ အခက်အခဲတွေကို ငါ ကျော်နိုင်မှ ငါ တရားရတော့မယ်၊ မကျော်နိုင်သေးရင် အလကားဖြစ်ဦးမှာလို့ အသိတစ်ခု ရောက်လာပါတယ်ဘုရား။

တပည့်တော်လည်း တွေ့ရမယ့် ပြဿနာတွေ ကျော်နိုင်ရင် ငါ တရားတစ်ဆင့် တက်ဦးမှာလို့ထင်လာမိပါသည် ဘုရား။ မနစ်က စိတ်ညစ်စရာကို ကျော်ရမှန်း၊ ကိလေသာတွေမှန်း မသိခဲ့ပါဘုရား၊ သတိမရခဲ့ပါဘုရား၊ ယခုတော့ ကိလေသာတွေကို ကျော်ရမှန်း သိလာပါသည် ဘုရား။

တပည့်တော် ရှစ်ပါးသီလ စောင့်ပါသည်။ ဆရာတော်ပင်ပန်းသမျှ တပည့်တော် အကျိုးဖြစ်ပါသည်ဘုရား၊ တပည့်တော် ပတ်ဝန်းကျင်မှာ အခက်အခဲကို ကျော်နိုင်ရန် အားဆေးဟာ တရားတော်ပါပဲဘုရား။

မမြင် မတွေ့ချင်တဲ့ သူကို တစ်နေရာတည်းမှာ နေ့တိုင်း မြင်တွေ့နေရပြီး စိတ်အေး စိတ်ကောင်းရှိဖို့က လည်း ဖြည်းဖြည်း ကြိုးစားယူမှပဲ ရမယ်လို့ ထင်ပါသည် ဘုရား။

ဆရာတော် အားချိန်မရှိကြောင်း တပည့်တော် သိပါသည် ဘုရား၊ အကြောင်းရှိမှ စာပြန်ပါဘုရား၊ ဝတ္တရားအရ စာရေးစရာ မလိုပါဘုရား။

ဆရာတော်ဘုရား ကျန်းမာပါစေ၊

ယောဂီ (......)

သို့

(.......)

၂၅-၁၂-၈၂

ပြန်ကြားသိစေလိုက်သည် -

ပြန်စာကတော့ နောက်ကျတယ်၊ အချိန်က ယခုမှရတော့ ယခုမှပဲ ပြန်လိုက်နိုင်ပါတယ်၊ တရားဘက် ခြေလှမ်းကာမှ စိတ်ရှုပ်စရာ တွေ့ရတယ်ဆိုတော့ တရားကြောင့်ပဲ စိတ်ရှုပ်စရာတွေ တွေ့ရသလိုလို ဖြစ်နေပါတယ်၊ အဲဒီလိုတော့ မထင်လိုက်ပါနဲ့။

ဒီအကြောင်းမျိုးနှင့် ပတ်သက်ပြီးတော့ ဘုန်းကြီးရေးခဲ့တဲ့ ဗုဒ္ဓဓမ္မပြဿနာထဲမှာ ပါပြီးဖြစ်ပါတယ်။ အဲဒီမှာ ပြန်ကြည့်ပါ။ ဘာတဲ့လဲဆိုတော့ "ညောင်ပင်ပျိုးတော့ ပေါင်ကျိုးရ၊ ညောင်ကိုင်းချိုးတော့ ရွှေအိုးရ" ဆိုတဲ့ စကားပေါ့။

လူမှာ ကံအနိမ့်အမြင့် ဆိုတာ ရှိပါတယ်။ အမှန်က အများပြောအရသာ ကံအနိမ့်အမြင့်လို့ ပြောရတာပါ။ ယခု လူတွေ ပြောနေတာဟာ ကံကို ပြောနေကြတာမဟုတ်ပါဘူး၊ အကျိုးပေးကို ပြောနေကြတာပါ။

ယခု (......)မှာ စိတ်ရှုပ်စရာတွေနှင့် တွေ့ရပါသည်ဘုရား ဆိုတာ အကျိုးပေးမကောင်းတာနှင့် တွေ့ရတာပေါ့၊ အကျိုးပေး မကောင်းတာဟာ အကြောင်းကံ မကောင်းလို့ အကျိုးပေး မကောင်းတာမို့ ကံ နိမ့်တယ်လို့ ပြောတာပါ။

အမှန်က အကျိုးဝိပါက် အမည်ကို အကြောင်းကံပေါ် တင်စားပြီး ခေါ်တာပါ။ အမှန်က ကိုယ် တရားဘက် ခြေလှမ်းကာမှ ကိုယ့်ကအကြောင်းကံ မကောင်းမှုရဲ့အကျိုးမကောင်းတာနှင့် လာပြီးတော့ ဆုံဆည်းမိတာသာ ဖြစ်ပါတယ်။

တကယ်လို့သာ တရားဘက်သာ ခြေမလှမ်းသေးဘူးဆိုရင် ပြဿနာတွေ စိတ်ရှုပ်စရာတွေဟာ ဒီထက်တောင် များစွာတွေ့စရာ ရှိပါတယ်။ ယခု တရားတော်ကြောင့် ဒီလောက်ပဲ တွေ့ရတာပါ။

တွေ့ရပြန်တော့လည်း တရားအထိန်း ရှိထားတော့ များစွာမှလည်း သက်သာရ ခံနိုင်ရည်ရှိတယ်၊ စာထဲမှာ ပါတဲ့အတိုင်း တရားအားထုတ်နေစဉ်က နာခဲ့ရတဲ့ တရားကို အမှတ်ရပြီး တောင်းပန်ရင် ကျေနပ်မယ်ဆိုတဲ့ စိတ်ထားသည်ပင် အတော်ကောင်းသွားပါပြီ။

အမှန်ပဲ တောင်းပန်လို့ ကျေနပ်ရင် သူတော်ကောင်း ဖြစ်သွားတာပေါ့။ မတောင်းပန်ရင် အဲဒီ မတောင်းပန်တဲ့သူဟာ သူယုတ်မာပဲ၊ မတောင်းပန်နိုင်တာဟာ မာနရဲ့အစွမ်း၊ ဒေါသရဲ့အစွမ်းပေါ့။

"ဒေါသရဲ့အကျိုးတွေပေါ့ ဘုရား" လို့ ဆိုတော့ ဒေါသရဲ့အပြစ်ကို မြင်သွားသလို ပါပဲ။ တကယ်တမ်းသာ ဒေါသရဲ့အပြစ်ကို မြင်သွားရင်တော့ (.......)လည်း ဒေါသ ဘယ်ဖြစ်တော့မလဲ၊ သူတစ်ပါးမှာဖြစ်တဲ့ အပြစ်ကို မြင်ပေမဲ့ ကိုယ့်မှာဖြစ်တဲ့ ကိုယ့်ဒေါသရဲ့အပြစ်ကို မြင်အောင်ကြည့်ပြီး အဲဒီ ဆရာ့အပေါ်မကျေနပ်တဲ့ ဒေါသကို ခြေပစ်ပါ။

ဒေါသဆိုတာ မီးပါ၊ ဖွဲမီးနှင့် ကောက်ရိုးမီးဟာ ဘယ်မီး ပိုပြီးတော့ ပူသလဲ၊ စဉ်းစားကြည့်ပါ။ ဖွဲမီးလည်း လောင်တာပဲ၊ ကောက်ရိုးမီးလည်း လောင်တာပဲ၊ ကောက်ရိုးမီးဟာ တစ်ခဏနဲ့ ငြိမ်းသွားတယ်၊ ဖွဲမီးဟာ လောင်မှန်း မသိသာဘူး၊ ဒါပေမဲ့ တငွေ့ငွေ့နဲ့ ပူတယ်၊ အပူဟာ ကောက်ရိုးမီးထက် ပြင်းပါတယ်။

လူသိတဲ့ ဒေါသဟာ ကောက်ရိုးမီးပမာ တစ်ခဏသာ ပူပါတယ်၊ လူမသိတဲ့ ဒေါသဟာ ဖွဲမီးပမာကြာရှည်ပူပါတယ်၊ ဒါကြောင့် (......)မှာ ဖြစ်နေတဲ့ လူမသိတဲ့ ဒေါသကို ပျောက်အောင် ရှုပွားချ်လည်းကောင်း၊ ဒေါသရဲ့ အပြစ်များကို စဉ်းစားဆင်ခြင်၍လည်းကောင်း၊ မေတ္တာဘာဝနာများ ပွားများ၍လည်းကောင်း ပျောက်အောင် ဖျောက်ဖျက်ပစ်ပါ။

ဒီ ဒေါသတရားဟာ ဘဝများစွာ သံသရာက အမြစ်တွယ်လာတဲ့ တရားဖြစ်နေတော့ ရုတ်တရက်တော့ ဖြေဖျောက်လို့ ဘယ်မှာရမှာလဲ၊ ဒါပေမဲ့ ဒေါသကို အပြစ်မြင်လာရင် ဒေါသကို ကြောက်လာရင်  ပျောက်အောင်လုပ်တော့မှာပဲ၊ ဒါကြောင့် ဒေါသရဲ့အပြစ်ကို မြင်အောင်ကြည့်ပြီး အမြန်ပြေပျောက်အောင်ဖျောက်ဖျက်ပါ။

ဆဲသော ဆရာကို မြင်တဲ့အခါ ရပ်ဝေးမှ မသိတဲ့ လူတစ်ယောက်ကို မြင်တွေ့ရသလိုပါပဲ ဆိုတာဟာ သိပ်ကောင်းပါတယ်၊ အဲဒီအမြင်ဟာ အမြင်မှန် ဖြစ်ပါတယ်။

အဲဒီ အမြင်မှန်ဟာ မရင့်ကျက်သေးပါ။ မရင့်ကျက်သေးခင် နောက်ထပ် ဒေါသရှိတဲ့ သူအား ဒေါသဖြစ်စရာနဲ့ တွေ့တော့ ဒေါသ ဖြစ်တာပါ။ မရင့်ကျက်သေးလို့ ဒေါသဖြစ်တာ အမှန်ပါ။ အဲဒီအမြင်လည်းအမြင်မှန်ပါပဲ။

တချို့ဒေါသ ဖြစ်တာတောင် ငါ တရားရှိတယ်၊ ငါ တရားရတယ်၊ ငါ ရင့်နေပြီ ထင်နေတဲ့ တရားသမားတွေ ရှိပါတယ်၊ အဲဒီ တရားသမားတွေနှင့် နှိုင်းယှဉ်ကြည့်ရင် တော်တယ်လို့ ဆိုရမှာပေါ့။ မရင့်ကျက်သေးမှန်းသိရင် ရင့်ကျက်အောင် လုပ်ရမှာပါ။ လုပ်လည်း လုပ်ပါဦးလို့ တိုက်တွန်းလိုက်ပါတယ်။

"တရားထူးရဖို့ရာက အခက်အခဲကို ကျော်လွှားပြီးမှ ရမှာပေါ့" ဆိုတာက ဟုတ်ပါတယ်၊ (ဟုတ်ပါတယ်)တရားအားထုတ်စဉ်မှာ တွေ့ရမယ့် အခက်အခဲဆိုတာ အနည်းနဲ့အများ ရှိပါတယ်။

အမှန်က တရားအားထုတ်တဲ့ အလုပ်ဟာ အလုပ်တကာ့ အလုပ်ထဲမှာ အသက်သာဆုံးအလုပ်ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်ကို မလုပ်တတ်သေးခင် တွေ့ရမယ့် အခက်အခဲဆိုတာ ရှိပါတယ်။ အဲဒီအခက်အခဲကလည်း လုပ်ရင်း အားထုတ်ရင်းနဲ့ပဲ သိပြီး ကျော်လွှားသွားနိုင်ပါတယ်။ မလုပ်ဘဲနဲ့တော့ မကျော်လွှားနိုင်ပါ။ မလုပ်ဘဲနဲ့လည်း အခက်အခဲကို မသိနိုင်ပါ။

လောကဓံကို ခံနိုင်ရည်နှင့်ပတ်သက်၍ တရားသဘောပေါက်တဲ့အတွက် လောကဓံကို ခံနိုင်ရည်ရှိတာပါ။ တရားသဘော နည်းနည်းပေါက်ရင် လောကဓံကို နည်းနည်းခံနိုင်ပါတယ်၊ တရားသဘော များများပေါက်ရင် များများခံနိုင်ရည်ရှိပါတယ်။

တရားသဘော လုံးဝပေါက်သွားရင် လောကဓံကို လုံးဝ ခံနိုင်ရည်ရှိသွားပါတယ်။ ဒီပြဿနာတွေရဲ့အစချီးခဲ့တဲ့ နိဒါန်းကို ပြန်ပြီးတော့ကြည့်လျှင် သဘောပေါက်သွားပါလိမ့်မယ်။

အပြောအဆို အနေအထိုင်ကို နှိမ်ချနိုင်တာ စကားကိုလည်း မလိုဘဲနှင့် မပြောတာ အတတ်နိုင်ဆုံး စကားနည်းအောင် နေနိုင်တာ ခရီးမသွားဘဲ နေနိုင်တာတွေဟာ တရားသဘောပေါက်လာမှုကြောင့် ရရှိတဲ့ အကျိုးတရားတွေပါ။

ဘုန်းကြီးလည်း တရားပြစဉ် ခဏခဏ ပြောတယ်မဟုတ်လား၊ တရားအားထုတ်တာဟာ အသိဉာဏ်ရအောင် အားထုတ်တာလို့၊ ယခု ရှုရင်း ပွားရင်းနဲ့ ခေါင်းထဲ အသိတစ်ခု ဝင်လာတယ်ဆိုတာဟာ ကောင်းပါတယ်။ အဲဒီလို အသိဝင်လာရေးအတွက် တရားအားထုတ်တာပါ။ အဲဒီ ဝင်လာတဲ့အသိဟာလည်းအသိမှန်ပါ။

တရားအားထုတ်တာ သိအောင် အားထုတ်တာပါ။ သိမှ ပယ်နိုင်မှာပါ၊ ပယ်နိုင်မှ ငြိမ်းအေးချမ်းသာမှု ရမှာပါ။ ယခု သိသွားတော့ ရှစ်ပါးသီလကို ဥပုသ်နေ့ မဟုတ်တဲ့ ရက်မှာလည်း စောင့်နိုင်လာတာ အသိတိုးလို့ပေါ့။

တရားတော်ကို အားဆေးသဖွယ် အသုံးချတတ်သူအဖို့ မဆုတ်ယုတ်ဘဲ အမြဲတမ်း တရားတိုးတက်နိုင်ပါတယ်။ ကြိုးစားရင်၊ အပြစ်မြင်လာရင် မနေးတော့ပါ၊ မြန်ပါတယ်။

ဒါကြောင့် ဒေါသ ဖြစ်တိုင်းဖြစ်တိုင်း ဒေါသရဲ့အပြစ်ကို ဆင်ခြင်၊ မေတ္တာရဲ့အကျိုးကို ပွားများပါ။ ဒေါသပြေပျောက်ပြီး မေတ္တာသက်ရောက်နိုင်ပါတယ်။ မေတ္တာ မသက်ရောက်နိုင်တောင်မှ ဒေါသတော့ပြေပျောက်သွားပါတယ်။

ဒေါသပြေပျောက်သွားမှ စိတ်အေးချမ်းသာမည်။ စိတ်အေးချမ်းသာမှ ကိုယ်လည်း ချမ်းသာပါမည်။ ကိုယ်စိတ်ချမ်းသာရေးအတွက် ဒေါသငြိမ်းအောင် ကျင့်ပါ။

ဘုန်းကြီးမှာ အချိန်မရှိပါ။ ဒါကြောင့် (၁၀-၇-၈၂)နေ့က စာကို (၂၅-၁၂-၈၂)နေ့မှ ပြန်နိုင်တာပေါ့။ ဒီစာကို သထုံမြို့ရှမ်းစုဓမ္မရိပ်သာ၌ တရားပြစဉ် ပြန်ရတဲ့စာလို့ တွက်ပါ။ တော်သေးပြီ။

ကျန်းမာပါစေ

ကျန်းမာစွာနှင့်

ဓမ္မဒူတ - အရှင်ပညာဇောတ

✦ ဒေါသဆိုတာ၊ မီးလိုသာ၊ မှတ်ပါ သေသေချာ။

✦ မသိလည်းပူ၊ သိလည်းပူ၊ အတူမီးလောင်တာ။

✦ လူမသိတဲ့၊ ဒေါသကွဲ့၊ လောင်ခဲ့ကိုယ့်ကိုသာ။

✦ ဒေါသဆိုတာ၊ ကိုယ့်ကိုသာ၊ ဦးစွာဖျက်တာပါ။

✦ ကိုယ့်ကိုဖျက်ဆီး၊ သူ့ဖျက်ဆီး၊ ဖျက်ဆီး နှစ်ဦးသာ။

✦ နှစ်ဦးဖျက်မီး၊ ဒေါသကြီး၊ အပြီးငြိမ်းလိုက်ပါ။

# ဝတ်ကိုဖြည့်မှ ဝဋ်ထွက်ရ

(၂၀၀)

အပြစ်ကင်းသဖြင့် ကောင်းလည်း မကောင်း၊ မိမိ၏ အကျိုးလည်း မရှိကုန်သော အမှုတို့ကို ပြုရန် လွယ်၏။ အကျိုးလည်း ရှိ၊ အပြစ်ကင်းသဖြင့် ကောင်းလည်းကောင်းသော အမှုတို့ကို ပြုရန် အလွန်ခဲယဉ်း၏။

(ဓမ္မပဒ)

ရှင်တော်ဗုဒ္ဓ၏ ဓမ္မတရားတော်တို့ကား အလွန်တရာမှ မှန်ကန်လှပါ၏။ သတ္တဝါအများတို့သည် မကောင်းတာ အကျိုးမရှိတာကို မကြိုက် မနှစ်သက်ကြပါ။ သို့သော် ယင်းမကောင်းတာ အကျိုးမရှိတာကို အလွယ်တကူ ပြုလုပ်ပြောဆို ကြံစည်နေကြပါသည်။

သတ္တဝါအများတို့သည် အကျိုးရှိတာကို နှစ်သက်ကြသည်၊ အပြစ်ကင်းတာကို နှစ်ခြိုက်ကြ၏၊ သို့သော် ယင်းအကျိုးရှိတာ အပြစ်ကင်းတာ ကောင်းတာကိုမူ ပြုလုပ်ပြောဆို ကြံစည်ရန် အလွန်ခဲယဉ်းလှပါ၏။

## ဝတ်နှင့်ဝဋ်

မြန်မာစကား၌ ဝတ္တရား၊ ဝဋ်တရား ဟူ၍ နှစ်မျိုးရှိပါသည်။ စာနှင့် မရေးပြဘဲ အသံကို နားထောင်က မကွဲပြားနိုင်ပါ။ ယင်းသို့သော စကားမျိုးကို "သံတူကြောင်းကွဲ" စကားမျိုးဟု ခေါ်ပါသည်။

ကောင်းမွန်စွာ လိုက်နာကျင့်ဆောင် ဖြည့်ကျင့်ရမည့် ကျင့်ဝတ်သီလမျိုးကို "ဝတ်တရား" ဟု ခေါ်ပါသည်။ ဘုံသုံးပါး၌ ရုပ်နာမ်တရားတို့ တဝဲလည်လည် လှည့်လည်မပြတ် လိမ့်နေတတ်သော သဘောကို "ဝဋ်တရား" ဟု ခေါ်ပါသည်။

ယင်းသို့ဖြင့် ဝတ်နှင့်ဝဋ်မှာ အသံသာ တူသော်လည်း အကြောင်းမှာ များစွာကွဲပြားပါသည်။ ဝတ်တရားတို့သည် အပြစ်ကင်း၍ ကောင်းကျိုးရှိသော အလုပ်များ ဖြစ်ပါ၏။

ယင်းသို့ အပြစ်ကင်း၍ ကောင်းကျိုးရှိသော ဝတ်တရားများကို ဖြည့်ကျင့်ပါမှ သံသရာဝဋ်ထဲတွင် ကျင်လည်နေစဉ်လည်း ချမ်းသာ၍ သံသရာဝဋ်ထဲမှလည်း လျင်မြန်စွာ ထွက်မြောက်နိုင်ပါသည်။

## ရှင်ရဟန်း, လူဝတ်

ယင်း ဝတ်တရားတို့သည် ရှင်ရဟန်းတို့ ဖြည့်ကျင့်ရမည့် ဝတ်ငယ် ၁၄ ပါး၊ ဝတ်ကြီး ၈၂ ပါး ဟူ၍ အသီးသီးရှိသလို လူတို့ ဖြည့်ကျင့်ရမည့် ဝတ်တရားများလည်း အသီးသီးရှိပါသည်။

ယင်းသို့ ဝတ်တရား အသီးသီးရှိရာ မိမိတို့ဆိုင်ရာ ဝတ်တရားများကို မဖြည့်ကျင့်က အကျင့်သီလကို ဖြည့်ကျင့်ရာ မ.မည်ပါ။ အကျင့်သီလ မဖြည့်ကျင့်သူ၏ စိတ်သည် တည်ကြည်မှု သမာဓိကို မရနိုင်ပါ။ တည်ကြည်မှု သမာဓိ မရရှိသူသည် အမှန်တရားကို မမြင်နိုင်ပါ။ အမှန်တရားကို မမြင်နိုင်က ဝဋ်တရားမှ မထွက်နိုင်ပါ။

ဝဋ်တရားမှ ထွက်မြောက်လိုသူသည် ဝတ်တရားကို ကြိုးစား၍ ဖြည့်ကျင့်ရမည်။ ဝတ်တရားဖြည့်ကျင့်၍ ဝတ် ကျေပွန်က သီလကို ဖြည့်ရာရောက်ပါသည်။ အကျင့်သီလ ပြည့်ဝက စိတ်တည်ကြည်မှု သမာဓိကို ရပါသည်။ စိတ်တည် ကြည်မှု သမာဓိကို ရရှိပါက အမှန်တရားကို မြင်နိုင်ပါသည်။ အမှန်တရားကို မြင်ပါက ဝဋ်တရားမှ ထွက်မြောက်နိုင်ပါသည်။ သို့ဖြစ်၍ သံသရာဝဋ်မှ ထွက်မြောက်ချင်သူ လူတိုင်း ရှင်တိုင်း ရဟန်းတိုင်းသည် ဝတ်တရားကို ဖြည့်ကျင့်ရမည် ဖြစ်ပါသည်။

## ဝတ်ဖြည့်ကျင့်ချင်သူ

လူများသည် သံသရာဝဋ်ကို ကြောက်ကြပါ၏။ သို့သော် သံသရာဝဋ်မှ ထွက်မြောက်ကြောင်း ဝတ်တရားဖြည့် ကျင့်ရေးကိုကား ကြောက်ကြပါ၏။ သံသရာဝဋ်ကို ကြောက်က ဝတ်တရားဖြည့်ကျင့်ရေးကို မကြောက်ရပါ။ ဝတ်ဖြည့်ကျင့်ရေး နှင့် ပျော်မွေ့ရမှာပါ။

ဝတ်တရားဖြည့်ကျင့်၍ ဝတ်တရားနှင့် ပျော်မွေ့ပြီး သံသရာဝဋ်ထဲမှ ထွက်မြောက်ချင်သူကား ရှာမှ ရှားထဲကပင် ဖြစ် ပါသည်။ ယင်းသို့ ရှာမှရှားထဲမှ တစ်ယောက်ကို မိမိနှင့် နီးနီးစပ်စပ် ကြုံဆုံရ၏။

ယင်းသို့ ကြုံဆုံရသူကို မိမိအနေနှင့် အကူအညီပေးကာ ဖြေရှင်းပါလျှင် ယင်းမှတစ်ဆင့် ဆက်သွယ်၍ များစွာသော သူတို့တွင် အကျိုးများနိုင်ပါသည်။ ယင်းကို မျှော်ကိုး၍ မိမိသည် မိမိထံသို့ ရောက်လာသော စာကို ဖြေကြားရန် ကောက်ဖတ်မိ သည်။

ဆရာတော်ဘုရား -

တပည့်တော်မ ပြောင်းဖို့ အမိန့်ကျလာပါပြီ၊ ဒါကြောင့် မန္တလေးကို ၉-၉-၈၂ ကြာသပတေးနေ့ ပြည် အမြန်ရထားနှင့် သွားပါပြီဘုရား။

ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ရည်မှန်းကန်တော့ခဲ့ပြီး နည်းပေးလမ်းညွှန်ထားတဲ့ အတိုင်း ဆက်လျှောက်သွားပါမယ် ဘုရား။

လက်တွေ့တော့ တပည့်တော်မဟာ ပုထုဇဉ်ပဲ ရှိပါသေးတယ်ဘုရား။ (......)နဲ့ တပည့်တော်မတို့ကို တပည့်ရင်းအဖြစ်နဲ့ရော၊ ပစ္စည်းလေးပါး ဒကာအဖြစ်နဲ့ပါ အသိအမှတ်ပြုပြီး အလိုရှိတာ အလှူခံပါလို့ လျှောက် ထားပါသည် ဘုရား။

တပည့်တော်မ မေးချင်တဲ့ ပြဿနာတွေ အများကြီး ရှိပါသေးတယ်ဘုရား။ ယခုလောလောဆယ်မှာ တပည့်တော်မ သိချင်တာကို မေးလျှောက်ပါရစေဘုရား

ဆရာတော်ဘုရား -

"သံသရာခရီးတစ်လျှောက်မှာ တပည့်တော်မတို့အတွက် ဆရာကောင်း သမားကောင်းဟာ လိုအပ်နေ တုန်းပါ ဘုရား။

လောကီအနေနဲ့ မိဘကလွဲလျှင် အပြုသဘောနဲ့ မှန်ကန်တဲ့ လမ်းပေါ်သို့ အကျိုးရှိရှိ လျှောက်လှမ်းသွားဖို့ ဘယ်သူကမှ လမ်းမညွှန်နိုင်ဘဲ ကိုယ်ကသာ ဆရာမဝတ္တရားနဲ့အညီ အတတ်နိုင်ဆုံး တပည့်တွေအပေါ်လမ်းညွှန်နေရပါတယ်ဘုရား။

ဆရာတော်ဘုရား ဥပုသ်နေ့ညက ကိုရင်တွေကို ဆုံးမဩဝါဒပေးစဉ်တုန်းက တပည့်တော်မရဲ့စိတ်ထဲမှာ ဒီလို သတ်သတ်မှတ်မှတ်နဲ့ ဆုံးမဩဝါဒ ပေးမယ့်သူများ တို့အတွက်လည်း ရှိခဲ့လျှင် သိပ်ကောင်းမှာပဲလို့ အောက်မေ့မိပါတယ်ဘုရား။

တပည့်တော်မတို့မှာ စာအုပ်တွေထဲ၊ ကြားနာရတဲ့ တရားတော်တွေအထဲ၊ ပတ်ဝန်းကျင်မှ သိမြင်ကြားနာရတဲ့ အပေါ်ကမှ မိမိအတွက် သင့်သလို ကောက်နုတ်ယူပြီး ကြိုးစားကျင့်ကြံရပါတယ် ဘုရား။

လောကီဝတ္တရားလို့ သတ်မှတ်ထားတဲ့ ကျင့်ဝတ်တွေမှာ အတတ်နိုင်ဆုံး ပြည့်ဝအောင် ဖြည့်ကျင့်လိုပါသေးတယ် ဘုရား၊ စာရိတ္တ သီလအားဖြင့် ဖြည့်ကျင့်ရင်း မိမိလိုလားသော နိဗ္ဗာန်ကို မျက်မှောက်ပြုလိုတဲ့ ဆန္ဒပါ ဘုရား။

ယခုလည်း ပစ္စုပ္ပန်တည့်တည့်မှာ အချိန်ကို အကျိုးရှိရှိနဲ့ အသုံးပြုနေပါတယ်ဘုရား။ တပည့်တော်မ အနေနဲ့ဆိုရင် ဆရာဝတ်၊ မယားဝတ်၊ မိဘဝတ်၊ သားသမီးဝတ်၊ အကြီးအကဲဝတ်၊ ငယ်သားဝတ်၊ မောင်နှမ ဆွေမျိုးသားချင်းဝတ် စသည်ဖြင့် များစွာ ရှိပါတယ်ဘုရား။

အဲဒီ ဝတ္တရားတွေကို အကျိုးရှိရှိ အသုံးပြုချင်ပါတယ် ဘုရား၊ လောကီအကျိုးသာမက လောကုတ္တရာ အကျိုးကို ပိုပြီး လိုလားတဲ့အတွက် မေးလျှောက်ရခြင်းပါ ဘုရား။ အဲဒီ ဝတ္တရားတွေကို တပည့်တော်မ နားလည် အောင် ဖြေကြားပေးပါဘုရား။

တရားပွဲတွေမှာ ယောကျ်ားတွေ ဘာဖြစ်လို့ နည်းပြီး မိန်းမတွေ ဘာဖြစ်လို့ များပါသလဲ ဘုရား။

ယောကျ်ားနဲ့ မိန်းမမှာ ယေဘုယျအားဖြင့် မည်သူက အသိဉာဏ် ထက်မြက်စူးရှပြီး တရားသဘော ပေါက် လွယ်ပါလဲ၊ တရားကို ပြီးစီးအောင် ကျင့်ကြံနိုင်ပါသလဲ၊ ပါရမီဆုတောင်းမှုအပေါ် မူတည်ပါသလားဘုရား။

တပည့်တော်မ၏ အမေးများကို ပြည့်စုံအောင် ဖြေကြားလမ်းညွှန်ပေးပါမည့်အကြောင်း လေးစားစွာ လျှောက်ထားမေးမြန်းလိုက်ပါသည် ဘုရား။

ရိုသေလေးစားစွာဖြင့် ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးများကို ရည်မှန်းကန်တော့ပန်းဆင်လျက် -

(……)

သို့
(……)

(……)ထံမှ စာကို (……)မှတစ်ဆင့် ရတော့ သူတို့ရှေ့မှာပဲ ပြောမိတယ်။ အင်း (……)ရဲ့အမေးပြဿနာကို ဖြေရရင် စာတစ်အုပ်စာ ဖြစ်သွားမယ်လို့ဆိုတော့ (……)က ဒီလိုဆိုရင် ဆရာတော်ဘုရားက ဘယ်စာအုပ်ကို ကြည့်လို့ ညွှန်းလိုက်ပါလားတဲ့။

သူပြောတော့ ဘုန်းကြီးက သဘောကျသွားတယ်၊ သူ့အကြံမျိုးလည်း သဘောမပေါက်မိဘူးလေ။ ဒါနဲ့ ဘုန်းကြီးက အေး အေး (......)အကြံဟာ သိပ်ကောင်းတယ်။ (......)အကြံပေးချက်အရ ပြောရရင် ဘယ်စာအုပ်ကိုကြည့်လို့ ညွှန်းလိုက်မယ်လေဆိုတော့ တပည့်တော်နာမည် ထည့်လို့တော့ မဖြစ်ဘူးတဲ့၊ တော်တော်ကြာ တပည့်တော်ကိုစိတ်ဆိုးနေဦးမယ်တဲ့။

အဲဒါနဲ့ပဲ (......)ရဲ့စာကို မဖြေသေးဘဲ ချောင်ထိုးလိုက်တယ်လေ။ များမကြာမီ (......)မှ တစ်ဆင့် စာရောက်လာပြန်တယ်။

အဲဒီစာထဲမှာ (......)က ဘာထည့်ရေးသလဲဆိုတော့ ဆရာတော်ဘုရား တပည့်တော်တို့အမေးတွေ မဖြေချင်လျှင် ရပါတယ်၊ (......)ရဲ့အမေးကိုတော့ ဖြေပေးပါတဲ့။ သူက အဝေးရောက်တပည့် ဖြစ်နေတော့ သူ့မှာ ဆရာတော်ရဲ့ဩဝါဒပဲ ဆရာရှိပါတယ်တဲ့။

ဆရာတော်ဘုရား ဖြေရမှာ အချိန်မရလျှင် တပည့်တော်တို့ လာတဲ့အခါ ပြောပေးပါက တပည့်တော်တို့ စာနဲ့ရေးမှတ်ပြီး ဖြေလိုက်ပါမယ်တဲ့။

သူ့စာ ဖတ်ရတော့ ဘုန်းကြီးက စဉ်းစားမိတယ်၊ အင်း (......)ရဲ့အဖို့ (......)ဟာ မိတ်ကောင်းတစ်ယောက် ပီသပါပေတယ်လို့၊ အမှန်စင်စစ် မျက်မှောက် မိတ်ကောင်းထက် မျက်ကွယ်မိတ်ကောင်းဟာ လိုအပ်ပါတယ်။

အဲဒီ (......)ရဲ့မိတ်ကောင်းဖြစ်တဲ့ (......)ရဲ့လျှောက်ထားချက်အရပဲ ဖြေပြီးတော့ သူ့ကိုပေး၊ သူက ကူးပြီးတော့ ပို့ပေးပေါ့၊ ဒါမှ စာအုပ်မထွက်ခင် မှတ်ရမှာပေါ့။

အမေးကို ဖြေတဲ့အခါ အနည်းကနေပြီး ဖြေပါ့မယ်၊ တရားပွဲတွေမှာ ယောက်ျားတွေနည်းတာက ယောက်ျားဦးရေက မိန်းမဦးရေထက် နည်းတာလည်းတစ်ကြောင်း၊ မိန်းမများကို ဦးစားပေးတာလည်းတစ်ကြောင်း၊ တချို့က ကိုယ့်ကိုယ်ကို အထင်ကြီးနေသည်တစ်ကြောင်း၊ ရှေ့ဆုံးက နာရမှာ ခက်သည်တစ်ကြောင်း၊ ရုတ်တရက် မယုံကြည်လွယ်သည်တစ်ကြောင်း စတဲ့ အကြောင်းကြောင်းတွေကြောင့် တရားပွဲတွေမှာ ယောက်ျားများ နည်းပါသည်။

## အသိဉာဏ်ထက်

တရားအသိဉာဏ်မှာတော့ မထူးကြပါဘူး၊ ဘုရားရှင်လက်ထက်ကို ပြန်မျှော်ကြည့်ပါက ယောက်ျား မိန်းမ တရားရတာ မထူးကြပါဘူး၊ သံယောဇဉ်တွေ စွန့်ပြီး အားထုတ်နိုင်ပါက အတူတူပဲ ရနိုင်ပါတယ်၊ အများအားဖြင့် မိန်းမများသည် သားသမီး အိုးအိမ်စည်းစိမ် ဆွေမျိုးသံယောဇဉ်တွယ်မှု များပါတယ်၊ အသိဉာဏ် ပါရမီချင်း တူသော်လည်း ယင်းသို့ သံယောဇဉ်တွယ်မှု များသူသည် တရားရ နောက်ကျတတ်ပါသည်။ အထူးထင်ရှားတဲ့ သာဓကတစ်ခု ပြရလျှင် ဘုန်းကြီးရေးတဲ့ "မွေးမေ့မေတ္တာ" စာအုပ်ကို ဖတ်ကြည့်လျှင် ရှင်းသွားပါလိမ့်မယ်၊

## သားသမီးဝတ်

သားသမီးတွေက မိဘတွေအပေါ် ပြုစုရမယ့် ဝတ္တရားတွေကို စပြောပါမယ်။ ရှေးက လင်္ကာလေးနဲ့ ခေါင်းတပ်ပြီး အလွယ်ပြောပါ့မယ်။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေလျက်၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" တဲ့။

(၁) ကျွေးမွေးမပျက် ဆိုတာက ယခု (......)ဟာ မိမိ သားသမီးတွေကို ကျွေးမွေးတာကို အာရုံပြုပြီး "ငါ့ရဲ့ မိဘတွေဟာ ငါငယ်ငယ်တုန်းက ဒီလိုပဲ ကျွေးမွေးခဲ့ပါလား" လို့ နှလုံးသွင်းကာ အိုမင်းနေတဲ့ မိဘတွေကို ပြန်ပြီး ကျွေးမွေးတဲ့ ကျွေးမွေးမှု ဝတ္တရာ မပျက်စေရဘူး၊ ဖြည့်ကျင့်ရမယ်။

(၂) ဆောင်ရွက်စိမ် ဆိုတာက ယခု (......)သားသမီးအရေးဆိုလျှင် တခြားအရေးတွေ ဖယ်ထားပြီး ဆောင်ရွက်ပေးသလို မိဘတွေမှာ အရေးကြီးတဲ့ကိစ္စ ပေါ်လာလျှင် "မိမိကိစ္စကို ဖယ်ထားပြီး မိဘတွေရဲ့ကိစ္စကို ဆောင်ရွက်ပေးရမယ်" လို့ ဆိုလိုတယ်။

(၃) မွေခံထိုက်စေ ဆိုတာက ယခု သတင်းစာကြည့်လျှင် အမွေပြတ်ဆိုတဲ့ သတင်းတွေ တွေ့ရမှာပေါ့၊ သားသမီးဆိုးတွေကို အမွေပြတ်တယ် မဟုတ်လား၊ အဲဒါကြောင့် အမွေခံထိုက်တဲ့ အမွေခံနိုင်တဲ့ သားလိမ္မာ၊ သမီးလိမ္မာဖြစ်အောင် မိဘစကားကို လိုက်နာရမယ်၊ နားထောင်ရမယ်လို့ ဆိုလိုပါတယ်။

(၄) လှူမျှဝေ ဆိုတာက မိဘများ သေလွန်သွားသော် မိဘများကို ရည်မှန်းပြီးတော့ ကုသိုလ်ကောင်းမှု ပြုကာ အမျှဝေရပါမယ်။ ကုသိုလ်ပြုပြီး အမျှဝေတာသည်ပင်လျှင် အရေးကြီးသော သားလိမ္မာ၊ သမီးလိမ္မာတို့ရဲ့ဝတ္တရားတစ်ခုလို့ ဆိုလိုပါတယ်။

(၅) စောင့်လေမျိုးနွယ် ဆိုတာက မိဘတို့ရဲ့ ပစ္စည်းဉစ္စာ အမွေအနှစ်တို့ကို မပျက်စေဘဲ စောင့်တာလည်း ခေါ်ပါတယ်၊ မိဘမျိုးရိုးမှ ဆင်းသက်လာတဲ့အခါ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတွေကို မပျက်စေဘဲနဲ့ ဆက်လက်ပြီး ဆောင်ရွက်တာကို အမျိုးအနွယ်စောင့်တယ်လို့ ခေါ်ပါတယ်။

## မိဘဝတ္တရား

ယခု သားသမီးဝတ္တရား ပြောကြားပြီး မိဘဝတ္တရားကိုလည်း လင်္ကာလေးနဲ့ပဲ ပြောကြားပါမယ်။

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"

(၁) အဲဒီလင်္ကာမှာ မကောင်းမြစ်တား ဆိုတာက သားသမီးတွေ မကောင်းတဲ့ အပြုအပြော အကြံတို့ကို ပြုမူပြောဆို ကြံစည်နေတာကို ကြားသိ တွေ့ မြင်ရလျှင် အဲဒီ မကောင်း ပြုပြော အကြံရဲ့ အပြစ်ကို ပြပြီး မပြု မပြော မကြံရန် တားမြစ်ရမယ်လို့ ဆိုလိုပါတယ်။

(၂) ကောင်းရာညွှန်လတ် ဆိုတာက ဒါန. သီလ. ဘာဝနာတွေမှာ ဝါသနာမပါသေးတဲ့ သားသမီးတွေကို အနာထပိဏ် သူဌေးကြီးကဲ့သို့ ဥပုသ်စောင့်ရင် ဘာဆု ချမယ်၊ တရားနာရင် ဘာဆုချမယ် စသည်ဖြင့် ကောင်းတဲ့ ကုသိုလ်တရားတွေကို ညွှန်ကြားပေးရမယ်၊ တိုက်တွန်းပေးရမယ်လို့ ဆိုလိုပါတယ်။

ယခုခေတ်မှာ အဲဒီလို မိဘမျိုးဟာ တော်တော်ရှားပါတယ်။ တချို့မိဘများ သားသမီးရဲ့ကုသိုလ်ဝါသနာကို တောင်မှ ဖျက်ဆီးတာ တွေ့ရပါတယ်။ ဒါကြောင့် မိကောင်း ဖကောင်းဟာ အရေးကြီးပါတယ်။ မိဘဆိုတာ လက်ဦးဆရာဆိုတော့ လက်ဦးဆရာ ညံ့လျှင် တော်တော်နဲ့ ပြင်လို့ မလွယ်ပါ။ ဒါကြောင့် မိဘဝတ် မချွတ်စေလိုက ကောင်းရာညွှန်လတ်ဆိုတဲ့ စကားကို သတိထားပါ။

(၃) အတတ်သင်စေ ဆိုတာက သင်သင့် သင်ထိုက်တဲ့ လက်မှုပညာ၊ စက်မှုပညာ၊ စိတ်မှုဆိုင်ရာ အတတ်တွေကို သူ့အရွယ်နဲ့ ဝါသနာနဲ့ ကြည့်ပြီး သင်ပေးရမယ်၊ မသင်ပေးလျှင် သားသမီးသည် မိဘရဲ့ရန်သူဖြစ်တတ်ပါတယ်။

(၄) ပေးဝေနီးရင်း ဆိုတာက ပေးသင့် ပေးထိုက်တဲ့ အမွေဥစ္စာကို သေကာနီးမှ ခွဲဝေပေးရမှာ မဟုတ်ပါဘူး၊ အရွယ်ရောက်တဲ့ သားသမီးတွေကို အရင်းအနှီးသဘောနဲ့ အမွေဥစ္စာကို စောစောစီးစီး ပေးဝေရပါမယ်။ သေမှ ပေးမယ်ဆိုက ပြဿနာတွေ များစွာတက်တတ်ပါတယ်။

(၅) ထိမ်းမြားခြင်း ဆိုတာက အရွယ်ရောက်နေတဲ့ သမီး၊ သားကို မျိုးရိုးအကျင့်သိက္ခာ ကောင်းတဲ့ သတို့သမီး၊ သတို့သားများနှင့် ထိမ်းမြားပေးရပါတယ်။ ထိမ်းမြားမှု ဝတ္တရား လစ်ဟင်းက မိဘတွေမှာ အရှက်ရတတ်ပါတယ်။ မဖြစ်သင့်တာတွေ ဖြစ်ကုန်တတ်ပါတယ်။

## တပည့်ဝတ္တရား

သားသမီးဝတ်၊ မိဘဝတ် ပြောပြပြီးတော့ တပည့်ဝတ်၊ ဆရာ့ဝတ်များကို ပြောပြပါမယ်။

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ" တဲ့။

(၁) အဲဒီငါးပါးထဲမှာ ညီညာထကြွ ဆိုတာက ဆရာသမားများ အဝေးက လာတာမြင်တဲ့ တပည့်ဟာ မိမိနေရာက ထပြီး ဆရာကို ခရီးဦးကြိုပြုရပါမယ်။ နေရာထိုင်ခင်း ပေးရမယ်။ ဆရာထိုင်နေက ယပ်ခပ်ခြင်း၊ ရေပေးခြင်း စသည်ပြုရမည်ကို ဆိုလိုပါတယ်။ နေရာမှ ထရုံ ထပြီး "မင်္ဂလာပါ ဆရာ၊ မင်္ဂလာပါ ဆရာမ" လောက်နဲ့ မရပါ။

(၂) ဆုံးမနာယူ ဆိုတာက ဆရာပြောဆို ဆုံးမသမျှကို ယုံယုံကြည်ကြည် လေးလေးစားစားနှင့် လိုက်နာပြုကျင့်ရမည်လို့ ဆိုလိုပါတယ်။ အဆုံးအမကို နာယူတဲ့ တပည့်ကို ဆရာတိုင်း ချစ်တယ်၊ ဦးစားပေးတယ်ဆိုတာ ယခု မိမိကိုယ်တိုင်ဆရာမ ဖြစ်နေတော့ သိပြီပေါ့နော်။

(၃) လာမှုကြိုဆီး ဆိုတာက အနီးတကပ် ကြိုဆိုတာကို ခေါ်ပါတယ်၊ (၁)နှင့် မတူပါ၊ တစ်နေ့တစ်နေ့ သုံးကြိမ်မျှ ဆည်းကပ်ခစား လုပ်ကျွေးတာကို ခေါ်ပါတယ်၊ (၁)က လာစဉ်အခါမျှသာ၊ ယခု (၃)ကတော့ အလွတ်မဲ့သက်သက် ကြိုဆိုလုပ်ကျွေးမှုကို ခေါ်ပါတယ်။

(၄) ထံနီးလုပ်ကျွေး ဆိုတာက အသေးစိတ်လုပ်ကျွေးမှုကို ဆိုလိုပါတယ်၊ ဥပမာ မျက်နှာသစ်ရေ၊ သောက်ရေ၊ ခြေဆေးရေပေးခြင်း၊ အဝတ်အစားများ လျှော်ဖွပ်ပေးခြင်း၊ ချိုးရေခပ်ပေးခြင်း၊ ဖျားနာလျှင် ပြုစုခြင်းတို့ကို ထံနီးလုပ်ကျွေးခြင်းလို့ ဆိုလိုပါတယ်။

(၅) သင်တွေးအံ့ရွတ် ဆိုတာက နည်းနည်းသင်ယူပြီး များများကျက်မှတ်ခြင်း၊ တစ်ပုဒ်ကိုပင် အပြည့်အစုံ နားလည်အောင် သင်ယူခြင်း၊ ပေးထားတဲ့ စာများကို မရမရှိ အားလုံးရအောင် သင်အံကျက်မှတ်ခြင်းမျိုးကို ခေါ်ပါတယ်။

## ဆရာဝတ္တရား

ကဲ - တပည့်ဝတ်တော့ ပြီးသွားပြီ၊ ဆရာဝတ္တရား ရောက်လာပြီ၊ ဆရာဖြစ်တဲ့သူဟာ သေသေချာချာ မှတ်ပေါ့။

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ"

(၁) အဲဒီ ငါးပါးထဲမှာ အတတ်လည်းသင် ဆိုတာက မိမိတပည့်တွေအား အနက်အဓိပ္ပာယ် သဘောတရားတွေကို သဘောပေါက်အောင် သဘောကျအောင် စေတနာရှေ့ထားပြီး သင်ပြပေးရမယ်လို့ ဆိုလိုပါတယ်။

(၂) ပဲ့ပြင်ဆုံးမ ဆိုတာက အတတ်သင်ပေးရုံတင် မဟုတ်ဘူး၊ ဒီလို နေထိုင်ရမယ်၊ ဒီလိုစားသောက်ရမယ်၊ ဒီလို သွားလာရမယ်၊ ဒီလို ဝတ်ရမယ်၊ မကောင်းတဲ့လူတွေနဲ့ မပေါင်းနဲ့ ကောင်းတဲ့လူတွေနဲ့ ပေါင်း စသည်ဖြင့် မိမိတပည့်များ လိမ္မာယဉ်ကျေးအောင် ဆုံးမရမည်လို့ ဆိုလိုပါတယ်။

(၃) သိပ္ပမချန် ဆိုတာက မိမိတတ်သမျှ၊ မှတ်သမျှ ဆရာစားရယ်လို့ ချန်မထားဘဲ အကုန်သင်ပေးရမယ်၊ အိတ်သွန် ဖာမှောက် သင်ပေးရမယ်လို့ ဆိုလိုပါတယ်၊ ဆရာစား ချန်ထားလို့ တိမ်ကော ပျောက်ကွယ်ကုန်တဲ့ ပညာတွေဟာ အများအပြား ရှိပါတယ်၊ ဒါကြောင့် ဆရာစား မချန်ဘဲ သင်ပြမှ ဆရာကောင်း ပီသပါတယ်။

(၄) ဘေးရန်ဆီးကာ ဆိုတာက အတတ်ပညာ သင်ပေးတာပင်လျှင် ဘေးရန် အဆီးအတားတစ်မျိုး ဖြစ်နေပါတယ်၊ အတတ်ပညာကြောင့် ပစ္စည်းဥစ္စာရခြင်း၊ ဝတ်မှတ်ခေါင်းပါးတဲ့ ဘေးမှ ဝေးခြင်းသည် ဆရာက ဘေးရန်တားပေးတာ နှင့် တူပါသည်။ ဘေးရန်ကင်းကြောင်း အတတ်ပညာ စသည် သင်ပေးတာလည်း ဘေးရန်ဆီးကာပင် ဖြစ်ပါသည်။

(၅) သင့်ရာအပ်ပို့ ဆိုတာက မိမိတပည့်ကို မိမိရဲ့မိတ်ဆွေသူငယ်ချင်းများ၊ သို့မဟုတ် ဆရာသမား များထံသို့ ဤတပည့် ဟာ အကျွန်ုပ်ရဲ့တပည့်ရင်း ဖြစ်ပါတယ်၊ လိမ္မာယဉ်ကျေးပါတယ်၊ ပညာတော်ပါတယ်၊ စောင့်ရှောက်ပါ၊ ဆုံးမပါ၊ အကူအညီပေးပါ စသည်ဖြင့် အပ်နှံခြင်းကို ဆိုလိုပါတယ်။

## လင့်ဝတ္တရား

တပည့်ဝတ္တရား၊ ဆရာဝတ္တရား တွေ ပြောပြပြီးတော့ ယခု လင့်ဝတ္တရားနှင့် မယားဝတ္တရားတွေ ပြောပြဖို့ အလှည့် ရောက်လာပါပြီ။

"မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ" တဲ့။

(၁) အဲဒီ ငါးပါးထဲမှာ မထီမဲ့ကင်း ဆိုတာက လင်ယောက်ျားဟာ မယားအပေါ်မှာ ကျွန်အမူလုပ်တွေကို ရိုက်ပုတ်ကြိမ်း မောင်းပြောဆိုဆက်ဆံသလို မထီမဲ့မြင် မဆက်ဆံရဘူးလို့ ဆိုလိုပါတယ်။ ဇနီးမယားဟာ တခြားသူများရဲ့မထီမဲ့မြင် ပြုမှုကို ခံနိုင်ပေမဲ့ လင်ယောက်ျားရဲ့အထင်သေးအမြင်သေးတာကို မခံနိုင်တတ်ကြပါ။ ဒါကြောင့် ဇနီးမယား အပေါ် မထီမဲ့မြင်ဆက်ဆံမှု မပြုရပါဘူး။

(၂) အပ်နှင်းဥစ္စာ ဆိုတာက မိမိ လုပ်ကိုင်ရှာဖွေလို့ ရရှိတဲ့ ပစ္စည်းဥစ္စာကို ဇနီးမယားအား မထိန်မချန် ပြောကြား အပ်နှင်း ရမယ်လို့ ဆိုလိုပါတယ်။ ရတာနှင့် အပ်နှင်းတာ မမျှတလျှင် လင်သားအပေါ်မှာ အငယ်အနှောင်း ထားလေသလား စသည်ဖြင့် အထင်အမှားများဝင်ကာ စကားများပြီး ကွဲပြားတတ်ပါတယ်။ ဒါကြောင့် ရမှု ကုန်မှု အပ်နှင်းမှုကို ရှင်းလင်း သဘောပေါက်အောင် ပြောကြားပြီး အပ်နှင်းရပါမယ်။

(၃) မိစ္ဆာမမှား ဆိုတာက လင်ယောက်ျားဟာ မိမိ ဇနီးမယားမှတစ်ပါး တခြားမိန်းမများနှင့် မဖောက်ပြား မမှားယွင်းရပါ ဘူး။ ဇနီးမယားများသည် လင်သားရဲ့တခြားမိန်းမများနှင့် ဖောက်ပြန်မှားယွင်းမှုကို သည်းခံရအခက်ဆုံး သည်းမခံနိုင် ဆုံး ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းအမှုမျိုးကို ယောက်ျားများသည် အထူးရှောင်ကြဉ်ရပါမည်။

(၄) ဝတ်စားဆင်ယင် ဆိုတာက ဇနီးမယားသည် လင်ယောက်ျား ဝယ်ယူဝတ်ဆင်ပေးသော ဝတ်စားတန်ဆာကို မိမိ ဘာသာ ဝယ်ယူဝတ်ဆင်တဲ့ ဝတ်စားတန်ဆာထက် ပို၍ နှစ်သက်ပါသည်၊ အမြတ်တနိုး ဂုဏ်ယူဝတ်ဆင်ပါသည်၊ သို့ဖြစ်၍ လင်ယောက်ျားသည် မိမိဇနီးမယားအား မိမိဥစ္စာငွေကြေးနှင့် နှိုင်းချိန်ပြီး သင့်လျော်သည့် ဝတ်စားတန်ဆာ များကို ဝယ်ယူကာ အမြတ်တနိုးဝတ်ဆင်ပေးရပါမယ်။

(၅) မြတ်နိုးကြင် ဆိုတာကဇနီးမယားများသည် လင်ယောက်ျားများက ဘယ်လောက်ပင် မွေးကျွေး ပြုစုထားသော် လည်း မြတ်နိုးတနာ ခေါ်ပြောဆက်ဆံမှု မပြုပါလျှင် အသည်းတုန်အူဆတ် နာကျင်တတ်ပါသည်။ စိတ်သောက

ရောက်တတ်ပါသည်။ အများအားဖြင့် အိမ်ထောင်မကျခင်က မြတ်နိုးတနာ ခေါ်ပြောသလို ခေါ်ပြောတာကို ဇနီးမယားများသည် များစွာ နှစ်သက်ပါသည်။ သို့ဖြစ်၍ လင်ယောကျ်ားသည် မိမိဇနီးမယားအပေါ်မြတ်နိုးတနာ ခေါ်ပြောဆက်ဆံပါ။

## မယားဝတ္တရား

လင်ယောကျ်ားရဲ့ဝတ္တရားများကို ပြောကြားပြီးတော့ ဇနီးမယားရဲ့ဝတ္တရားများကို ပြောကြားဖို့အလှည့် ရောက်လာပါပြီ။

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ၁တ်ငါးဆူ အိမ်သူကျင့်ဖို့ရာ" တဲ့။

(၁) အဲဒီ ငါးပါးထဲမှာ **အိမ်တွင်းမှုလုပ်** ဆိုတာက ဇနီးမယားဟာ မိမိ၏ လင်ယောကျ်ားအတွက် ယာဂုထမင်း စသည် ကျိုချက်ခြင်း အစရှိသော အိမ်တွင်းမှုလုပ်ငန်းတို့ကို သူ့အချိန်နှင့်သူ လုပ်ဆောင်ရာ၏။ အချိန်ကာလကို မလွန်စေရာ၊ စားချိန်မှာ စားရအောင်၊ သွားချိန်မှာ သွား ရအောင် စသည်ဖြင့် သူ့အချိန်နှင့်သူ အချိန်မှန်မှန် လုပ်ဆောင်ရာ၏။ အချိန်ကာလ လွန်သွားသော် ပြဿနာ ပေါ်တတ်၏။

(၂) **သိမ်းထုပ်သေချာ** ဆိုတာက ဇနီးမယားဟာ မိမိရဲ့လင်ယောကျ်ား ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းဥစ္စာများကို ထိန်းသိမ်း စောင့်ရှောက်ရာ၏။ "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဆိုသည်မှာ ယင်းကို ဆိုလိုရင်း ဖြစ်ပါသည်။

အိမ်ရှင်ယောကျ်ား သည် မည်မျှပင် အစီးအပွားကို ဖြစ်ထွန်းအောင် ရှာဖွေနိုင်သော်လည်း ဇနီးမယား အိမ်ရှင်မက မသိမ်းဆည်းတတ်ပါက ပျက်စီးဆုံးရှုံး အသုံးမကျဘဲ လူလုံးမလှ ဖြစ်တတ်ပါ၏။ သို့ဖြစ်၍ စီးပွားဖြစ်ရေးတွင် စီးပွားကို သိမ်းဆည်းမှုပေါ်တွင် များစွာ မှီတတ်ပါသည်။

(၃) မိစ္ဆာကြည်ရှောင် ဆိုတာက ဇနီးမယားသည် မိမိ၏ ကာမကို မိမိ မပိုင်ပါ။ မိမိ၏ ကာမကို အရှင်သခင် လင်ယောကျ်ားကသာ ပိုင်ပါသည်။ သို့ဖြစ်၍ အိမ်ထောင်ရှင်မိန်းမများကို ကာမပိုင် ရှိသူဟူ၍ ခေါ်ကြပါသည်။

သို့ဖြစ်၍ ကာမပိုင်ရှိသူ အိမ်ရှင်မိန်းမသည် မိမိ၏ ကာမပိုင်အရှင်ဖြစ်သော လင်ယောကျ်ားကို ဖယ်ထား၍ တစ်ပါးသောယောကျ်ားကို စိတ်မျှဖြင့်လည်း မတောင့်တ မမျှော်ခေါ်ရပါ။ ကာမမှုတို့၌ မိမိအရှင်လင်ယောကျ်ားမှတစ်ပါး အခြားတစ်ပါးသော ယောကျ်ားတို့နှင့် ဖောက်ပြားမှုကို ကြည်ရှောင်မှုကို "မိစ္ဆာကြည်ရှောင်" ဟူ၍ ဆိုပါသည်။

(၄) လျော်အောင်ဖြန့်ချိ ဆိုတာက ဇနီးမယားဖြစ်သူသည် မိမိဆွေမျိုးကိုသာ ချီးမြှောက်မှု မပြုဘဲ မိမိ၏လင်ယောကျ်ားရဲ့ ဆွေမျိုးတို့ကိုလည်း ချီးမြှောက်ရပါသည်။ အများအားဖြင့် လူများသည် ကိုယ့်ဘက်ကိုသာ ယက်တတ်ပါသည်။

ယင်းသို့ ကိုယ့်ဘက်ကိုသာ ယက်သောအားဖြင့် ဇနီးမယားသည် ပစ္စည်းများကို လင်ယောကျ်ားဆွေမျိုးများကို မပေးမကမ်းဘဲ မိမိ၏ ဆွေမျိုးများကိုသာ ပေးကမ်းမည်ဆိုပါက တစ်နေ့တွင် ပြဿနာပေါ်၍ လင်မယား စကားများ၍ ကွဲပြားတတ်ပါသည်။ သို့ဖြစ်၍ နှစ်ဘက်သော ဆွေမျိုးတို့ကို မျှတစွာ ချီးမြှောက်ရာ၏။

(၅) ပျင်းရိမမူ ဆိုတာက ဇနီးမယားသည် အလုံးစုံသော အမှုကိစ္စတို့၌ လိမ္မာရာ၏။ ပျင်းရိခြင်းကင်းရာ၏။ ဇနီးမယားသည် - ယာဂုကျိုခြင်း၊ ထမင်းဟင်း ချက်ခြင်းတို့၌ လိမ္မာကျွမ်းကျင်ရာ၏။ အခြားအမှုတို့ထက်ပင် ယင်းအမှုတို့သည် အရေးကြီးလှပါ၏။

မှန်၏။ ဖနီးမယား အချက်အပြုတ် မကောင်းသော် အကုန်အကျလည်း များ၏။ စား၍လည်း မကောင်းပါ။ စားမကောင်းသော် ဆိုင်မှာ ဝယ်စား၊ တခြားအစားအစာများကို စားနှင့် အကုန်အကျများကာ စီးပွား မဖြစ်တော့ပါ။

သို့ဖြစ်၍ ဆိုရိုးစကား ရှိသည်မှာ "မီးဖိုချောင် မနိုင်သော အိမ်သည် စီးပွားမဖြစ်ပါ" ဟူ၍ ဖြစ်၏။ အိမ်တစ်လုံးတွင် မီးဖိုချောင်သည် အချုပ်အခြာဖြစ်၏။ မီးဖိုချောင် မနိုင်သည့်အတွက် အပြင်ထွက်ဝယ်စား၍ စီးပွားပျက်ရ၏။ သို့ဖြစ်၍ ဖနီးမယားသည် မပျင်းမရိ မီးဖိုချောင်မှုမှန်သမျှ အချက်အပြုတ် အဖုတ်အကင်အကြော်အလှော် အပြုတ်အပေါင်း အကျိုအနှပ် စသည် ဥဿုံအလုံးစုံကို အစုံတတ်ရာ၏။ လျော်သလို ကျိုချက်ကျွေးမွေးရာ၏။

## အမျိုးကောင်းသား ဝတ္တရား

ယခု ဖနီးမယား ဝတ္တရားကို ပြောကြားလို့ ပြီးပါပြီ။ အမျိုးကောင်းသား မိတ်ဆွေများအပေါ်ပြုရမည့် ဝတ္တရားကို ပြောကြားပါမည်။ အမှန်က အမျိုးကောင်းသား ဝတ္တရားဆိုပေမဲ့ မိတ်ဆွေအချင်းချင်း အပြန်အလှန်ပြုရမည့် ဝတ္တရားပါပဲ၊ အဲဒါကိုလည်း လင်္ကာနဲ့ပဲ ပြောပြပါ့မယ်။

"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ" တဲ့။

(၁) အဲဒီလင်္ကာမှာ ပေးကမ်းချီးမြှင့် ဆိုတာက အမျိုးကောင်းသားဟာ မိမိရဲ့အဆွေခင်ပွန်းတို့ကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် ချီးမြှောက်သင့်တဲ့ မိတ်ဆွေကို ပေးကမ်းစွန့်ကြဲပြီးတော့ချီးမြှောက်ရပါမယ်။ မိမိမိတ်ဆွေတွေထဲမှာ ပစ္စည်းဥစ္စာချို့တဲ့သူများကို ပေးကမ်းပြီးမှ ချီးမြှောက်ရပါတယ်။

(၂) ကိုယ်နှင့်ယှဉ်ထား ဆိုတာက မိမိရဲ့ မိတ်ဆွေတွေကို အတန်းအစား မခွဲခြားဘဲ မိမိနှင့် ထပ်တူထပ်မျှ သာတူညီမျှ ဆက်ဆံခြင်းကို ဆိုလိုပါတယ်။ ရှင်းရှင်းပြောရရင် အတူသွား အတူစား အတူအိပ်ရမယ်ပေါ့။ ခွဲခြား ခွဲခြား မလုပ်ရဘူးပေါ့။ ကိုယ်နှင့် တန်းတူထား၍ ဆက်ဆံခြင်းကို လူတိုင်း လိုလားပါတယ်။ ခွဲခြား ခွဲခြား လုပ်ခြင်းကို မလိုလားကြပါဘူး။

(၃) စီးပွားဆောင်ရွက် ဆိုတာက မိမိ၏ မိတ်ဆွေရဲ့အကျိုးစီးပွားကို ပွားတိုးအောင် ကူညီပြီးတော့ ဆောင်ရွက်လုပ်ကိုင်ပေးရပါမယ်။ မိမိရဲ့မိတ်ဆွေမှာ ချို့တဲ့နေသော်လည်းကောင်း၊ ပျက်စီးနေသော်လည်းကောင်း ကူညီပြီးတော့ စီးပွားတက်အောင် ဆောင်ရွက်ပေးရပါမယ်၊ လိုအပ်တဲ့ စီးပွားရေးအကူအညီကို ပေးရပါမယ်၊ ပျက်စီးချို့တဲ့နေစဉ် ရတဲ့ အကူအညီဟာ သိပ်ပြီးတော့ တန်ဖိုးရှိပါတယ်။

(၄) နှုတ်မြွက်ချိုသာ ဆိုတာက မိမိရဲ့မိတ်ဆွေတွေကို ချစ်ဖွယ်သော စကားကို ပြောဆိုခြင်းဖြင့် ဆက်ဆံရမယ်၊ ချီးမြှောက်ရမယ်၊ ချိုသာတဲ့စကားကိုလူတိုင်းပဲကြိုက်နှစ်သက်ကြပါတယ်၊ "နှုတ်ချိုလျှိုတစ်ပါး" ဆိုတဲ့ စကားတောင် ရှိပါတယ်။ ပြီးတော့ "နှုတ်၏ စောင်မခြင်း" ဆိုတာလည်း ရှိပါတယ်။ "မစားရပေမဲ့ ကြားရတာနဲ့ ဝပါပြီ" ဆိုတာဟာ နှုတ်ချိုတာ ကြိုက်တဲ့သဘောပေါ့။ နှုတ်မြွက်ချိုသာမှုဟာ အရေးကြီးပါတယ်။

(၅) သစ္စာမှန်စေ ဆိုတာက မိမိရဲ့မိတ်ဆွေတွေကို မချွတ်မယွင်း ပေးကမ်းခြင်းဖြင့် ပြုစုအပ်ပါတယ်။ အင်မတန် အရေးကြီးတဲ့ တရားတွေပါ၊ မိမိမိတ်ဆွေ ကိုဖြူ ဆိုပါတော့ ကိုဖြူကို ကျွန်တော် ငွေတစ်ရာပေးမယ်လို့ ပြောထားပြီးပြီ၊ အဲဒီ ပြောထားတဲ့အတိုင်း ငွေတစ်ရာပေးတာကို မချွတ်မယွင်း ပြောဆိုပေးကမ်းခြင်းဖြင့် ပြုတယ်၊ သစ္စာမှန်လို့ ခေါ်ပါတယ်။

## မိတ်ဆွေဝတ္တရား

အမျိုးကောင်းသား ဝတ္တရားကို ပြောကြားပြီးပါပြီ။ မိတ်ဆွေဝတ္တရားကိုလည်း လက်ာနဲ့ပဲ မှတ်လွယ်အောင် ပြောပြပါမယ်။

"မေ့လျှင်စောင့်ရှောက်၊ စောင့်ရှောက်ဥစ္စာ၊ ကြောက်ခါ ကိုးစစ်၊ ဘေးဖြစ်မခွာ၊ ဆက်ပူဇာဝါးဖြာမိတ်တို့တာ" တဲ့။

(၁) အဲဒီငါးပါးထဲမှာ မေ့လျှင် စောင့်ရှောက် ဆိုတာက အရက်သေစာ သောက်စားမူးယစ်ပြီး မေ့လျော့နေတဲ့ မိတ်ဆွေကို ဘေးရန်မရောက် မသေပျောက်အောင် စောင့်ရှောက်ရမယ်လို့ ဆိုလိုပါတယ်။ တချို့မိတ်ဆွေတွေဟာ "လူပင်ကောင်းလျက် အရက်ဖျက်" ဆိုတာ ရှိပါတယ်။ အဲဒီလို အရက်ဖျက်၍ မေ့လျော့နေတဲ့ မိတ်ဆွေတွေကို စောင့်ရှောက်သင့်ပါတယ်။ "ဓားဖျက် ဝါးမျက်၊ လူဖျက် အရက်" ဆိုတဲ့ အဖျက်ဘေးမှ ကင်းအောင် ပြုသင့်ပါတယ်။

(၂) စောင့်ရှောက်ဥစ္စာ ဆိုတာက မူးယစ်ပြီးတော့ မေ့လျော့နေတဲ့ မိမိမိတ်ဆွေရဲ့ ပစ္စည်းဥစ္စာတွေကို မပျောက်ရအောင် မပျက်စီးရအောင် ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးအောင် စောင့်ရှောက်ပေးရပါမယ်လို့ ဆိုလိုပါတယ်။ အရက်တကယ်မူးနေတဲ့ သူဟာ စီးပွားမှန်း၊ ကြီးပွားမှန်း မသိတော့ပါဘူး။ ဘေးက မိတ်ကောင်းဆွေကောင်းအဖော်ကောင်း ရှိပါမှ သူ မူးနေစဉ် သူပျက်စီးမှုဘေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ပါတယ်။ ပေးရပါမယ်။ အမူးသမားပဲဆိုပြီး ပစ်မထားရပါဘူး။

(၃) ကြောက်ခါ ကိုးစစ် ဆိုတာက တချို့မိတ်ဆွေတွေဟာ ကြောက်တတ်ပါတယ်၊ တစ်ယောက်တည်း မအိပ်ရဲတတ်ကြပါ၊ တစ်ယောက်တည်း မသွားရဲကြပါ၊ ပြောဆိုလုပ်ကိုင်စရာ စသည်များကို တစ်ယောက်တည်း မပြောဆို မလုပ်ကိုင်ရဲကြပါ။ အဲဒီလို မအိပ်ရဲ၊ မသွားရဲ၊ မပြောဆို မလုပ်ကိုင်ရဲ စသည်ဖြင့် ကြောက်ရွံ့နောက်တွန့်နေတဲ့ မိတ်ဆွေရဲ့အကြောက်ပြေရာ ပြေကြောင်း အားကိုးကောင်းဖြစ်သင့်ပါတယ်။ အားကိုးအားထားရာ ဖြစ်သင့်ပါတယ်။ "အရေးပေါ်ဟာ မိတ်သဟာ ရှိတာချမ်းသာလေသတည်း" ဆိုတဲ့ တရားတော်အရ မိတ်ဆွေရှိတာ ချမ်းသာလှပါတယ်။

(၄) ဘေးဖြစ်မခွာ ဆိုတာက မိမိရဲ့မိတ်ဆွေများ ဘေးအန္တရာယ်ဖြစ်သော် စွန့်လွှတ်မထားခဲ့ပါဘူး၊ ဘေးရန်ဖြစ်သော် မစွန့်ပစ်ဘဲနှင့် "ကောင်းတူ ဆိုးတူ၊ ဆင်းရဲအတူ၊ ချမ်းသာအတူ သဘောထားကာ မခွဲမခွာ စောင့်ရှောက်ပါတယ်။ "ချမ်းသာတော့ ချစ်၊ ဆင်းရဲတော့ ပစ်" သဘောမျိုးမပြုလုပ်ပါဘူး၊ အဲဒီလို မိတ်ဆွေမျိုးဟာ ပေါင်းသင်းသင့်တဲ့ မိတ်ဆွေမျိုး ဖြစ်ပါတယ်။ တကယ်ရှာတော့ ကောင်းတဲ့မိတ်ဆွေဟာ လောကထဲမှာ တော်တော်ရှားပါတယ်၊ အဲဒီရှားတဲ့မိတ်ဆွေတွေထဲမှာ ကိုယ်ပါ.ပါစေ။

(၅) ဆက်ပူဇာ ဆိုတာက မိမိမိတ်ဆွေကိုသာ မဟုတ်ဘဲနဲ့ သားသမီးတို့ကိုလည်းကောင်း၊ မြေး၊ မြစ်တို့ကိုလည်းကောင်း ဆက်လက်ပြီးတော့ ချီးမြှောက်ရမယ်၊ မြတ်နိုးရမယ်၊ သာရေးနာရေးတို့၌ အားကိုးတစ်ခု အခြေခံပြုနိုင်ရမယ်၊ "သားစဉ်မြေးဆက်၊ စိတ်မပျက်၊ ဆက်လက်စောင့်နိုင်စ" ဆိုတဲ့ စကားအရ မိမိမိတ်ဆွေရဲ့သား၊ မြေး အဆက်ဆက်ကိုလည်း တုံ့ပြန် ချီးမြှောက်ကြရပါတယ်။

## အမှုလုပ်တို့ဝတ္တရား

– ယခုဆိုလျှင် အမျိုးကောင်းသားဝတ္တရား၊ မိတ်ဆွေဝတ္တရားများ ပြီးသွားပြီ၊ သို့မဟုတ် မိတ်ဆွေအချင်းချင်း ပြုရမည့် ဝတ္တရားများပြီးသွားပြီ၊ ယခု အမှုလုပ်တို့ ဝတ္တရားကို လက်ာနဲ့ပဲ ပြောပြပါမယ်။

"အိပ်သော် နောက်ကျ၊ ထသော်ကားရှေ့ ပေးမှ ယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်မှုလုပ်မှာ" တဲ့။

(၁) အဲဒီငါးပါးမှာ အိပ်သော် နောက်ကျ ဆိုတာက မိမိရဲ့အရှင်သခင်အိမ်၌ နေကြတဲ့ အမှုလုပ်တို့ဟာ မိမိတို့ရဲ့အရှင်သခင်တွေ အိပ်ပြီးသည့်မှ အိပ်ရာဝင်သည့်မှ နောက်၌သာ မိမိတို့က အိပ်ရာဝင်ရမယ်၊ အိပ်ရမယ်လို့ ဆိုလိုပါတယ်။ မိမိတို့က အရှင်သခင်ရဲ့အမှုလုပ်ဖြစ်နေတော့ သူတို့မအိပ်ခင် ခိုင်းချင်တာ ခိုင်းနိုင်အောင် ဆိုတဲ့ သဘောမျိုး လုပ်ပေးစရာရှိတာကို လုပ်ပေးနိုင်အောင်ဆိုတဲ့ သဘောမျိုးနဲ့ နောက်ကျခံပြီးတော့ အိပ်ရပါတယ်။

(၂) ထသော်ကားရှေ့ ဆိုတာက အိပ်တဲ့နေရာမှာ နောက်ကျ၍ အိပ်ရာမှ ထတဲ့အခါမှာ နောက်မကျရပါ၊ ထတဲ့အခါမှာ မိမိအရှင်သခင်များ အိပ်ရာမှ မထမီ မနိုးမီ သူတို့အပေါ် ပြုသင့်တဲ့ ဝတ္တရားများကို ပြုပေးနိုင်အောင် အရှင်သခင်တို့ရဲ့ရှေးဦးစွာ အိပ်ရာမှ ထရပါတယ်၊ အဲဒီလိုနိုးကြားထကြွတဲ့ အမှုလုပ်တို့ဟာလည်း ကြီးပွားတတ်ပါတယ်၊ နိုးကြားထကြွမှု မရှိတဲ့ သူဟာ မကြီးပွားတတ်ပါဘူး။

(၃) ပေးမှယူအပ် ဆိုတာက အမှုလုပ်သော သူတို့သည် အရှင်သခင်တို့က ပေးသည့် ပစ္စည်းဥစ္စာကိုသာ ယူငင်ရပါတယ်၊ အရှင်သခင်တို့က မပေးဘဲနှင့် မယူငင်ရပါ။ အရှင်သခင်တို့မသိ မမြင် မေ့ကျန်ရစ်သော ပစ္စည်းတို့ကို မခိုးမယူဘဲ အရှင်သခင်တို့က သဒ္ဓါကြည်ဖြူ ပေးသည်ကိုသာ ယူရပါတယ်။

(၄) စေ့စပ်ဆောင်ရွက် ဆိုတာက အမှုလုပ်တို့သည် အရှင်သခင်တို့ရဲ့ ပြုဖွယ်ကိစ္စအဝဝတို့ကို ကောင်းမွန်စွာ မလစ်မလပ်ရအောင် စေ့စပ်ဆောင်ရွက်ရပါတယ်၊ ဒီအရှင်သခင်တို့ရဲ့အလုပ်တွေကို ပြုလုပ်ပေးသဖြင့် "တို့မှာ ဘာအကျိုးရှိမှာလဲ၊ တို့မှာ ဘာတစ်ခုမှ မရဘူး" စသည်ဖြင့် မကဲ့ရဲ့မူ၍ နှစ်သက်ရွှင်လန်းစွာ ပြုလုပ်ရပါတယ်၊ အဲဒီလိုပြုလုပ်ပါလျှင် "စေ့စပ်ဆောင်ရွက်" ဖြစ်ပါတယ်။

(၅) ကျေးဇူးမြွက် ဆိုတာက အမှုလုပ်တို့ဟာ မိမိတို့၏ အရှင်သခင်တို့ရဲ့ဂုဏ်သတင်းကို ဆောင်ရပါတယ်၊ ဘယ်လိုဆောင်ရမှာလည်းဆိုတော့ ပရိသတ်အလယ်ဝယ် မိမိအရှင်သခင်တို့နှင့် စကားဖြစ်ပေါ်လာသော် "ငါတို့ရဲ့အရှင်သခင်တို့နှင့်တူသောလူသည်အဘယ်မှာရှိပါအံ့နည်း၊ငါတို့သည်ငါတို့ရဲ့ကျွန်အမှုလုပ်အဖြစ်ကိုပင်မသိကြပါ၊အရှင်သခင်တို့ကိုလည်းအရှင်တို့ရဲ့အဖြစ်ကိုမသိကြပါ၊ဤသို့အကျွန်ပ်တို့ကိုအစဉ်သနားစောင့်ရှောက်ကြပါတယ်" လို့အရှင်သခင်တို့ရဲ့ဂုဏ်ကျေးဇူးကို ဆောင်ရပါတယ်။

## အရှင်သခင်ဝတ္တရား

အမှုလုပ်တို့ရဲ့ဝတ္တရားပြီးတော့ အရှင်သခင်တို့ရဲ့ဝတ္တရားကို ပြောကြားဖို့ရာ အချိန်ရောက်လာပါပြီ၊ အဲဒီ ဝတ္တရားကိုလည်း လင်္ကာနဲ့ပဲ ပြောပါမယ်။

"ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုသ၊ ဝေငှရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ" တဲ့။

(၁) ဝစွာကျွေးမွေး ဆိုတာက အရှင်သခင်သည် မိမိရဲ့အမှုလုပ်တို့အား ထမင်းရိက္ခာ မျှတစွာ ပေးဝေခြင်းဖြင့် ဝစွာကျွေးမွေးရမယ်လို့ ဆိုပါတယ်၊ မျှတစွာ ကျွေးမွေးတယ်ဆိုတာ တကယ်တော့ "ဒီသူဟာ သားငယ်ပဲ၊ ဒီသူဟာ တစ်ယောက်တည်း နေသူပဲလို့ သိပြီး ထိုသူအား လျောက်ပတ်စွာ မှတ်ပြီးတော့ ထမင်းရိက္ခာ ပေးကမ်းခြင်းဖြင့် မျှတစွာ ကျွေးမွေးရမယ်" လို့ ဆိုလိုပါတယ်။

(၂) ပြုရေးစီရင် ဆိုတာက မိမိရဲ့အမှုလုပ်တို့ရဲ့ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်းဖြင့် ပြုစရာ ကိစ္စတို့ကို စီမံရမယ်လို့ ဆိုလိုပါတယ်၊ အဓိပ္ပာယ်က လူငယ်တို့ ပြုလုပ်ရမည့် အလုပ်ကို လူကြီးတို့ကို မခိုင်းရပါဘူး၊ လူကြီးတို့ ပြုလုပ်ရမည့် အလုပ်ကို လူငယ်တို့ကို မခိုင်းရပါဘူး၊ မိန်းမတို့ ပြုလုပ်ရမည့် အလုပ်ကို ယောက်ျားတွေကို မခိုင်းရပါဘူး၊ ယောက်ျားတွေ ပြုလုပ်ရမည့် အလုပ်ကို မိန်းမတို့အား မခိုင်းရပါဘူး၊ ထိုထို လူငယ် လူကြီး မိန်းမ ယောက်ျားတို့ရဲ့ အားခွန်ဗလနှင့် လျော်လျောက်ပတ်စွာသာ အမှုကိစ္စတို့ကို စီရင်ရပါမယ်။

(၃) နာလျှင်ကုသ ဆိုတာက အရှင်တို့ဟာ မိမိတို့ရဲ့အမှုလုပ်တို့ မကျန်းမာ ဖျားနာသောအခါ ပြုစုရမယ်၊ မကျန်းမမာ ဖျားနာတဲ့အခါ အလုပ်အကိုင် မလုပ်ကိုင်စေဘဲ အနားပေးကာ လျောက်ပတ်သော ဆေးဝါး၊ ခာတ်စာများ၊ လျောက်ပတ်သောဆရာ စသည်များနှင့် ကုသဖေးမ ပြုစုရမယ်လို့ ဆိုလိုပါတယ်။

(၄) ဝေငှရသာ ဆိုတာက အရှင်သခင်တို့သည် မိမိတို့ ရရှိလာသော ထူးဆန်းသော ကောင်းမွန်သော အရသာ တို့ကို မိမိတို့ရဲ့အမှုလုပ်တို့အား ခွဲဝေပေးကမ်းရပါတယ်၊ သူတို့နဲ့ မတန်ဘူးလို့ လျစ်လျူရှုမထားရပါဘူး၊ မိမိတို့က စေတနာသန့်သန့်နဲ့ ဒီလို ပေးဝေငှလိုက်တော့ အမှုလုပ်တို့ဟာ "တစ်လုတ်စားဖူး သူ့ကျေးဇူး" ကို သိကာ ပိုမို၍ အရှင်သခင်တို့အပေါ် ဝတ္တရား ကျေပွန်စွာ ပြန်လည်ပြုစုပါလိမ့်မယ်။

(၅) အခါကိုလွှတ် ဆိုတာက အရှင်သခင်တို့ဟာ မိမိတို့ရဲ့အမှုလုပ်တို့ကို အခါအားလျော်စွာ အားလပ်ခွင့် ပေးရပါတယ်၊ အဝတ်တန်ဆာ စသည် ပေးရပါတယ်၊ အခါအားလျော်စွာ ဆိုတာကအခါကြီး ရက်ကြီး သီတင်းကျွတ်ပွဲတော်၊ တန - ေဆာင်တိုင်ပွဲတော် အခါရက် စသည်လို အခါမျိုးကို ခေါ်ပါတယ်။ အဲဒီလို အားလပ်ခွင့်ပေးတဲ့အခါ သူတို့မှာ ဝတ်စရာ သုံးစွဲစရာ မရှိပါက ကိုယ်က ပေးရပါတယ်။

ဒကာဝတ်

ကဲ - အရှင်သခင်ဝတ်နဲ့ အမှုလုပ်တို့ရဲ့ ဝတ္တရားများတော့ ပြီးသွားပြီ။ ယခု ဆက်လက်ပြီးတော့ ဒကာတို့ရဲ့ ဝတ္တရားများကိုလည်း လက်ာနဲ့ပဲ မှတ်သားမိအောင် ပြောပြပါမယ်။

"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ" တဲ့။

(၁) ငါးပါးမှာ မေတ္တာစိတ်သက် ဆိုတာက ဒကာ ဒကာမတွေဟာ မိမိတို့ရဲ့ ဆရာတော် သံဃာတော်တို့ရဲ့ အပေါ်မှာ အမြဲတမ်း မေတ္တာစိတ်ထားရပါတယ်။ မနောကံမေတ္တာ ထားရပါတယ်၊ ငါတို့ရဲ့ဆရာတော် သံဃာတော် အရှင်မြတ် တို့သည် ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ စသည်ဖြင့် မိမိတို့ တတ်သလို မှတ်သလို မိမိတို့ရဲ့ ဆရာတော် သံဃာတော်တို့အပေါ် မနောကံ မေတ္တာ သက်ရောက်ရမယ်လို့ ဆိုလိုပါတယ်။

(၂) ဆောင်ရွက်ချစ်ကြင် ဆိုတာက ဒကာ ဒကာမတွေဟာ မိမိတို့ရဲ့ဆရာတော် သံဃာတော်တို့ကို ရိုရိုသေသေ လေးလေး စားစားနှင့် ပြုလုပ်စရာ ကိစ္စများကို ပြုလုပ်ပေးခြင်း၊ ကာယကံ မေတ္တာရှေ့ထားပြီးတော့ ကျောင်းသို့ သွားခြင်း၊ အရိုအသေပြုခြင်း၊ ရှိခိုးခြင်း၊ နေရာဖယ်ပေးခြင်း၊ လမ်းဖယ်ပေးခြင်း၊ နင်းနှိပ်ပေးခြင်း စသည်ဖြင့် ဆရာတော် သံဃာတော်

တို့အပေါ်မှာ ကာယကံမေတ္တာ ရှေ့ထားပြီး ဆရာတော် သံဃာတော်တို့ရဲ့ကိစ္စများကို ပြုလုပ်ဆောင်ရွက်ပေးရမယ်လို့ ဆိုလိုပါတယ်။

(၃) ခင်မင်နှုတ်ချို ဆိုတာက ဒကာ ဒကာမတို့ဟာ မိမိတို့ရဲ့ဆရာတော် သံဃာတော်တို့ ရွာတွင်းသို့ ဆွမ်းခံဝင်တဲ့အခါ "ရှိသေစွာ ယာဂုလှူကြပါ၊ ရှိသေစွာ ဆွမ်းလှူကြပါ" အစရှိသော စကားတို့ကို ပြောကြားခြင်းဖြင့်လည်းကောင်း၊ ကောင်းချီးနမော် သာဓုခေါ်ကာ တရားနာခြင်းဖြင့်လည်းကောင်း၊ လောကဓမ္မနှင့်စပ်သော စကားတို့ကို ရှိသေစွာ ပြောကြားခြင်းဖြင့်လည်းကောင်း အမြဲနှုတ်ချို အခင်မင် ပိုရပါတယ်။ ဝစီကံမေတ္တာဟာ အတော်အရာရောက်ပါတယ်၊တစ်ဖက်သားမှာ နားဝင်ချိုကာ စိတ်ချမ်းသာမှုကို များစွာရပါတယ်၊ ဒါကြောင့် ခင်မင်လေးစားသောအားဖြင့် နှုတ်ချိုသာစွာ ပြောဆိုရပါတယ်။

(၄) လိုလျှင် ဖိတ်ထား ဆိုတာက ဒကာ ဒကာမတွေဟာ မိမိတို့ ဆရာတော် သံဃာတော်တို့ကို အလိုရှိတဲ့အခါ အလိုရှိရာ ပစ္စည်းကို အလှူခံနိုင်ရေးအတွက် ပစ္စည်းလေးပါး ဖိတ်ထားရပါမယ်၊ အမြဲမပြတ် လှူဒါန်းလိုသော လောဘတံခါးကို ဖွင့်ထားရပါတယ်။

အိမ်တစ်အိမ်မှာ ရှိသမျှ တံခါးတွေ အကုန်ဖွင့်ထားသော်လည်း သီလရှိကြား သံဃာတော် အရှင်မြတ်များကို မပေးမလှူတဲ့အိမ်ကို တံခါးပိတ်ထားတဲ့ အိမ်လို့ပဲ ခေါ်ဆိုရပါတယ်။

အိမ်တစ်အိမ်ဟာ ရှိသမျှတံခါးတွေ အကုန်ပိတ်ထားပါတယ်၊ ဒါပေမဲ့ သီလရှိကြား သံဃာတော်အရှင်မြတ်များကို ပေးကမ်းလှူဒါန်းနေပါလျှင် အဲဒီအိမ်ကို တံခါးဖွင့်ထားတဲ့ အိမ်လို့ ခေါ်ပါတယ်။

ဒါကြောင့် သီလရှိကြား မိမိတို့ ဆရာတော် သံဃာတော်များ ကြွလာတဲ့အခါ လှူစရာများရှိထားပါလျက် မရှိဘူးလို့ မလျှောက်ထားဘဲ လှူစရာများကို တတ်အားသမျှ လှူဒါန်းရပါမယ်။ အဲဒီလို လှူဒါန်းလျှင် တံခါးဖွင့်ထားတဲ့ အိမ်လို့ ခေါ်ပါတယ်။

(၅) တတ်အားလှူစေ ဆိုတာက ဒကာ ဒကာမတို့ဟာ မိမိတို့ရဲ့ဆရာတော် သံဃာတော်တို့အား ယာဂုခဲဖွယ်ဆွမ်း အစရှိသော အာမိသတို့ကို တတ်အားသမျှ လှူဒါန်းရပါမယ်၊ တတ်အားသမျှဆိုတဲ့ စကားကို အထူးပဲ သတိထားပါ၊ မိမိမှာရှိတဲ့ ပစ္စည်းထဲမှာ တတ်အားသမျှ စွမ်းနိုင်သမျှသာ လှူရမယ်လို့ ဆိုလိုပါတယ်၊ မတတ်နိုင်တာ မစွမ်းနိုင်တာကို လှူရမယ်လို့ မဆိုလိုပါ။ ဆရာတော် သံဃာတော်တို့ကလည်း မိမိတို့ ဒကာ ဒကာမတွေအား မွဲအောင် အလှူမခံရပါဘူး။

## ဆရာတော်တို့ဝတ်

ကဲ - ယခုဆိုရင် ဒကာ ဒကာမတွေက ဆရာတော် သံဃာတော်တို့အပေါ် ပြုသင့်ပြုထိုက်တဲ့ ဝတ္တရားတွေကို ပြောကြားလို့ ပြီးပါပြီ။ ရှေ့ဆက်ပြီး ပြောရမှာကတော့ ဆရာတော် သံဃာတော်တို့က ဒကာဒကာမတွေအပေါ်မှာ ပြုရမယ့် ဝတ္တရားများဖြစ်ပါတယ်။ အဲဒီ ဝတ္တရားများကိုလည်း လင်္ကာနဲ့ပဲ မှတ်လွယ်အောင် ပြောပြပါမယ်။

"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အသစ်ဟောကြူး၊ နာဖူးထပ်မံ၊ နတ်ထံညွှန်ကာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုဝတ်တို့လာ" တဲ့။

(၁) အဲဒီငါးပါးထဲမှာ မကောင်းမြစ်တာ ဆိုတာက ဆရာတော် သံဃာတော်တို့ဟာ မိမိတို့ရဲ့ဒကာ ဒကာမများ မကောင်းမှု အကုသိုလ်များ ပြုလုပ်ပြောဆို ကြံစည်နေတာကို သိမြင် ကြားတွေ့ရသည်ရှိသော် "ငါတို့ မြင်ကုန်သည်ရှိသော် ငါတို့ကို ဘေးဖယ်ထားပြီး သင်တို့ ဒီလို မကောင်းမှုကို မပြုကြနဲ့၊ မကြံကြနဲ့၊ ငါးပါးသော ရန်များ၊ ဆယ်ပါးသော အကုသလကမ္မပထတရားတို့ကို မပြုလုပ် မပြောဆို မကြံစည်ကြကုန်နဲ့"စသည်ဖြင့် တားမြစ်ရပါမယ်၊ အဲဒါကို မကောင်းမြစ်တာလို့ ဆိုလိုပါတယ်။

(၂) ကောင်းရာညွှန်လတ် ဆိုတာက ဆရာတော် သံဃာတော်တို့ဟာ မိမိတို့ရဲ့ဒကာ ဒကာမတွေကို ကောင်းမှုတို့ကို ပြုရန် ညွှန်ကြားရပါမယ်၊ တိုက်တွန်းရပါမယ်၊ သရဏဂုံမတည်သေးသူတို့ကို သရဏဂုံတည်အောင်၊ ငါးပါးသီလမရှိသူတို့ကို ငါးပါးသီလ ရှိအောင်၊ ရှစ်ပါးသီလမဆောက်တည်သူတို့ကို ရှစ်ပါးသီလ ဆောက်တည်အောင် တိုက်တွန်းရပါမယ်။

ကုသလ ကမ္မပထတရား ၁၀ ပါးတို့ကို လိုက်နာကျင့်ကြံစေရပါမယ်၊ အလှူဒါနကို ပြုပါ၊ အလှူဒါနမှတစ်ပါး တခြားသောကုသိုလ်များကို ပြုပါ၊ တရားတော်ကို နာကြားအားထုတ်ပါ စသည်ဖြင့် ကောင်းမှုတို့ကို ညွှန်ကြားရပါမယ်၊ တိုက်တွန်းရပါမယ်လို့ ဆိုလိုပါတယ်။

(၃) အသစ်ဟောကျူး ဆိုတာက ဆရာတော် သံဃာတော်တို့သည် မိမိတို့ ဒကာ ဒကာမတွေအား မကြားစဖူးသေးသော တရားတို့ အသစ်အသစ်များကို ဟောကြားပေးရပါမယ်၊ ဟုတ်ပါတယ်၊ ဘုရားရှင်ရဲ့တရားတော်တွေဟာ ရှစ်သောင်းလေးထောင် မြားမြောင်ကျယ်ဝန်းတော့ ဒကာ ဒကာမများ မနာကြားရသေးတဲ့ အသစ်အသစ် တရားတော်တွေဟာ အများအပြား ရှိပါသေးတယ်၊ အဲဒီ အသစ်အသစ်သော တရားတော်များကို ဟောကြားပြီး သဒ္ဓါတရား တိုးတက်စေရပါမယ်လို့ ဆိုလိုပါတယ်။

(၄) နာဖူးထပ်မံ ဆိုတာက ဆရာတော် သံဃာတော်တို့ဟာ မိမိတို့ဒကာ ဒကာမတို့အားကြားနာဖူးသော တရားစကားများကို ရှေ့ကထက် ပိုမိုရှင်းလင်း သံသယတွေ ကင်းသွားအောင် ထပ်မံပြီး ဟောကြားရပါမယ်။

ဟုငံပါတယ်၊ အချို့ဒကာ ဒကာမတွေဟာ တစ်ခါတလေ နာဖူးရုံမျှဖြင့် တရားသဘော မပေါက်ကြပါ။ အဲဒီလို ဒကာ ဒကာမမျိုးတွေကို သူတို့ရဲ့ ယုံမှားသံသယများ ဖယ်ရှားစေပြီး ဟောကြားရပါမယ်။ မဖောက်မပြန် အမှန်အတိုင်း ကျင့်ကြံစေရပါမယ်လို့ ဆိုလိုပါတယ်။

(၅) နတ်ထံညွှန်ကာ ဆိုတာက ဆရာတော် သံဃာတော်တို့ဟာ မိမိတို့ရဲ့ဒကာ ဒကာမတွေကို "ဒီအလှူကို ဒီလိုလှူရင် နတ်ပြည်ရောက်လိမ့်မယ်၊ ဒီသီလကို ဒီလိုဆောက်တည်ရင် နတ်ပြည်ရောက်လိမ့်မယ်၊ ဒီဘာဝနာတရားကို ဒီလိုပွားများလို့ရှိရင် နတ်ပြည် ရောက်လိမ့်မယ် စသည်ဖြင့် ဟောကြားကာ ဒကာ ဒကာမများအား နတ်ထံရောက်ရန် ညွှန်ကြားရမယ်လို့ ဆိုလိုပါတယ်။

နတ်ထံသာ ညွှန်ရမယ်၊ နိဗ္ဗာန်ခရီးကို မညွှန်ရဘူးလားဆိုတော့ နိဗ္ဗာန်ခရီးလည်း ညွှန်ကြားရပါမယ်။ နတ်ထံရောက်ဖို့ ညွှန်ရတာက လွယ်ပါတယ်၊ ဆရာတိုင်း ညွှန်နိုင်ပါတယ်၊ နိဗ္ဗာန်ခရီးကျတော့ ခက်ပါတယ်၊ ဆရာတိုင်း မညွှန်နိုင်ပါဘူး၊ ညွှန်နိုင်တဲ့ဆရာဖြစ်အောင် ကြိုးစားသင့်ပါတယ်။ အဲဒီဟာ ဆရာတော် သံဃာတော်တို့ရဲ့ ဝတ္တရားဖြစ်ပါတယ်။

အဲဒီ ဝတ္တရားအသီးသီးကို ဆိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်များသည် အပြည့်အစုံ ဖြည့်ကြမယ်၊ ကျင့်ကြမယ်ဆိုရင် ယခုမျက်မှောက်ဘဝမှာ ဘေးရန်ကင်းရှင်း စိတ်ချမ်းသာခြင်းနှင့် အသက်ရှည်စွာနေရကာ တမလွန်ဘဝမှာ အပါယ်မကျဘဲ နတ်ရွာ နိဗ္ဗာန်လျော်ကန်စွာ ရောက်နိုင်ပါတယ်။

ကဲ - အဲဒီမျှလောက်နဲ့ပဲ (......)အမေးကို အကျဉ်းချုပ်ကာ ဖြေကြားပါရစေတော့၊ ဒီဝတ္ထုရားတွေကို အပြည့်အစုံ ဖြေကြားမယ်ဆိုရင် ကျမ်းစာတစ်စောင် ဖြစ်ပါတယ်။

ဒီလောက်ဆိုရင် (......)တို့ အခြေခံရှိတဲ့ ဆရာမတွေအတွက် နားလည်ပြီး အပြည့်အစုံ ဖြည့် ကျင့်နိုင်လောက်ပါတယ်။ မရှင်းလင်းသေးရင်လည်း ထပ်ပြီးတော့ မေးပါ၊ ဖြေကြားပေးပါမယ်။ အဖြေအကျဉ်းလည်း ဖြစ်ပြန် တစ်ဆက်တည်း ရေးသားဖြေကြားခွင့်ကလည်း မရဘဲ အားတဲ့အခါမှသာ ကောက်ကောက်ဖြေကြားရတော့ စကားမချော ရှေ့နောက် မစပ်မိတာများပါလျှင် ပြင်ဖတ်ပါလို့ ပြောကြားရင်း အဖြေလွှာကို နိဂုံးချုပ်လိုက်ပါပြီ။

✦ ဝတ်ကိုဖြည့်မှ၊ ဝင့်တွက်ရ၊ ဒုက္ခအေးငြိမ်းမည်။
✦ မိမိဝတ်များ၊ သိရန်ကား၊ များပြားလိုအပ်သည်။
✦ ဝတ်မသိပြန်၊ ဝတ်ဖြည့်ရန်၊ အမှန်ခက်တော့သည်။
✦ ဝတ်ဖြည့်ရန်ခက်၊ ဝတ်တွေပျက်၊ နရက်ရောက်လိမ့်မည်။
✦ နရက်မရောက်မီ၊ မျက်မှောက်ဆီ၊ ကိုယ်စီဆင်းရဲမည်။
✦ မျက်မှောက်ချမ်းသာ၊ ပယ်လွတ်ငှာ၊ ဖြည့်ပါဝတ်ကိုယ်စီ။

📖

# ဆရာဝန်ကြီးများက လက်လွှတ်နေပါတယ်ဘုရား

(၂၀၁)

## တရားအကျိုး

ငါးပါးသီလ၊ ရှစ်ပါးသီလများကိုလည်း တရားဟူ၍ပင် ဆိုပါသည်။ သီလတရားများဖြစ်ပါသည်။ မေတ္တာပွားခြင်း၊ ဘုရားဂုဏ်တော်ပွားခြင်း စသည်များလည်း တရားပင် ဖြစ်ပါသည်။ သမာဓိတရား ဖြစ်ပါသည်။

ရုပ်တရား၊ နာမ်တရားတို့၏ သဘောသဘာဝ အမှန်ကို သိမြင်အောင် ရှုပွားအားထုတ်ခြင်းသည်လည်း တရားပင် ဖြစ်ပါသည်။ ပညာတရား ဖြစ်ပါသည်။ ဝိပဿနာတရားဟူ၍လည်း ခေါ်ပါသည်။

ယင်း သီလ၊ သမာဓိ၊ ပညာ၊ တရားတို့သည် တရားစောင့်တဲ့လူကို ပြန်၍ စောင့်တတ်ပါသည်။ တရားကို စောင့်သော အားဖြင့် ကောင်းကောင်းကျင့်ကြံ အားထုတ်ထားတဲ့ လူကို တရားက "လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ" ဆိုတဲ့ ချမ်းသာ(၃)မျိုးကို ရအောင် ဆောင်ရွက်ပေးနိုင်ပါတယ်။

တရားတော်ကို ဆောင်တဲ့လူတွေ တရားကို စောင့်တဲ့လူတွေ၊ တရားကျင့်တဲ့လူတွေမှာ မျက်မှောက်ဘေးဖြစ်တဲ့ ရေဘေး၊ မီးဘေး စတဲ့ဘေးတွေလည်း ကင်းစေပါတယ်။ တမလွန်ဘေးဖြစ်တဲ့ အပါယ်ဘေးမှလည်း ကင်းလွတ်စေပါတယ်။

အဲဒီလို မျက်မှောက်ဘေးကင်းပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာရတယ်ဆိုတာဟာ ကောင်းကောင်းကျင့်ကြံထားတဲ့ တရားတော်ရဲ့အကျိုးပါ။

## ရတနာသုံးပါး ယုံကြည်သူ

တရားတော်ကို စနစ်တကျ ကျင့်ကြံအားထုတ်၍ တရားစောင့်၍ အကျိုးရသူတွေကတော့ ရေတွက်မရ၊ များပြားလှပါတယ်။ အဲဒီအများထဲမှ ပြောပြတတ်၍ ပြောပြသူ တစ်ယောက်ရဲ့တရားအတွေ့အကြုံတွေကို ဖော်ပြချင်ပါတယ်။

အရှင်မြတ်ဘုရား -

ရှိသေလေးမြတ်စွာ လျှောက်ပန်ပါသည်ဘုရား၊ တပည့်တော်ရဲ့တရားနှင့်ပတ်သက်တဲ့အတွေ့အကြုံဖြစ်ရပ်တစ်ခုကို ဖော်ပြလျှောက်ထားပါရစေ ဘုရား။

ဆရာတော်ဘုရား တပည့်တော်ဟာ တရားမြတ်နိုး အားကိုးလိုလား တရားကြိုးစားသူတစ်ယောက်ဆိုတာ ဆရာတော်ဘုရားအသိပင် ဖြစ်ပါတယ်ဘုရား။

ဘယ်လောက်ပင် တရားမြတ်နိုး အားကိုးလိုလား ကြိုးစားသော်လည်း ဇာတိခန္ဓာရလာကတည်းက အိုဖို့၊ နာဖို့၊ သေဖို့ မဟုတ်ပါလား ဘုရား။

ဇာတိခန္ဓာရဲ့အဆုံးလမ်းဟာ သေဖို့ပါဘုရား၊ အဲဒီအဆုံးလမ်း မသေခင်အတွင်းမှာ နာရတယ် မဟုတ်ပါလား ဘုရား၊ တပည့်တော်ဟာ တရားကြိုးစားရင်း နာခြင်းသဘောရှိတဲ့ ခန္ဓာက နာတဲ့အတွက် ဆေးရုံတက်ခဲ့ရပါတယ် ဘုရား။

အဲဒီတပည့်တော် ဆေးရုံတက်စဉ်က အတွေ့အကြုံတစ်ခုကို ဆရာတော်ဘုရားကို လျှောက်ထားချင်လို့ ဒီစာကို ရေးရတာပါဘုရား။

တပည့်တော် ဆေးရုံတက်ဖို့ အနာဖြစ်လာတော့ တပည့်တော် အမြတ်တနိုးထားတဲ့ တပည့်တော်တို့မြို့ရဲ့တပေါင်းဘုရားပွဲတော် ကျင်းပသည့်ရက်က နီးကပ်နေလို့ ဆရာဝန်ကို "ဆေးရုံမတက်ပါရစေနဲ့ဦး၊ တပေါင်းဘုရားပွဲကြီးပြီးမှ တရားတော်တွေနာပြီး ဆရာတော်တွေ စုံလင်စွာ ဖူးတွေ့ပြီးမှ ဆေးရုံတက်ပါရစေ" လို့ ပြောပါတယ်ဘုရား။

တပည့်တော် ရည်ရွယ်ချက်က နှစ်စဉ် ကျင်းပမြဲဖြစ်တဲ့ ဘုရားပူဇော်ပွဲ၊ တရားပွဲများနှင့် မလွဲချင်ပါ။ တရားဟော ဆရာတော်များနဲ့လည်း မလွဲချင်ပါ။ လွဲမှာစိုးလို့ ဆရာဝန်ကို တောင်းပန်ပါတယ်။ ဆရာဝန်က "မဖြစ်ဘူး၊ အမြန်သာ ဆေးရုံတက်ခွဲစိတ်ပါ၊ နောက်ကျ၍ မဖြစ်ပါ" လို့ ညွှန်ကြားတဲ့အတွက် ဆေးရုံတက်ခဲ့ရပါတယ် ဘုရား။

ရန်ကုန်ဆေးရုံကြီးသို့ တက်ပါတယ်ဘုရား၊ ရောဂါက ခွဲစိတ်ကုသရမယ့် ရောဂါဖြစ်နေတော့ ခွဲစိတ်ပါရဂူတွေက စမ်းသပ်ပြီး ဒီလောက်အရေးကြီးတာ ဘာဖြစ်လို့ ဒီလောက်နောက်ကျရလဲဟု အပြစ်တင်ပါတယ်ဘုရား၊ တစ်ပတ်လောက်သာ နောက်ကျရင် သေမှာအမှန်ပဲတဲ့ ဘုရား။

ယခု ခွဲစိတ်တဲ့အခါမှာလည်း သေမှာနဲ့ ရှင်မှာ သေမှာက (၉၀)ရာခိုင်နှုန်း၊ ရှင်မှာက (၁၀)ရာခိုင်နှုန်းလောက်ပဲ ရှိပါသတဲ့ဘုရား၊ မခွဲရင်တော့ သေမှာအမှန်ပဲတဲ့ ဘုရား။

တပည့်တော်က ရတနာသုံးပါး ယုံကြည်သူ အထူးသက်ဝင်သူဖြစ်တော့ ဆရာဝန်တွေပြောတာ မဟုတ်နိုင်ပါဘူး။ သေမှာက (၁၀)ရာခိုင်နှုန်း၊ ရှင်မှာက (၉၀)ရာခိုင်နှုန်းလို့ ယူဆလိုက်ပါတယ် ဘုရား။

## ဓာရဏပရိတ်

တပည့်တော်ကို ခွဲစိတ်ခန်းထဲ သယ်ယူသွားတဲ့အခါ တပည့်တော်က သရဏဂုံသီလဆောက်တည်လိုက်ပါတယ် ဘုရား၊ ခန္ဓာကိုယ်ကိုလည်း ဘုရားရှင်အား လှူဒါန်းလိုက်ပါတယ် ဘုရား။

ဘုရားရှင်ကိုပင့်ပြီး ဘုရားအာရုံပဲ အာရုံပြုနေပါတယ် ဘုရား၊ တပည့်တော်ကို ကြည့်တဲ့ ဆရာမကလည်း ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သူပါဘုရား၊ ဆရာမကလည်း တပည့်တော်အနားက ဓာရဏပရိတ်တော်ကို ယုံယုံကြည်ကြည်နဲ့ မပြတ်ရွတ်ဖတ်ပေးနေပါတယ်ဘုရား။

တပည့်တော် ခွဲစိတ်ရမှာ မကြောက်မထိတ်ပါ။ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးကို အာရုံပြုကာ ယုံကြည်စိတ်ချနေ၍ မကြောက်ထိတ်ခြင်းပါ ဘုရား။

အဲဒီလို အာရုံပြုရင်းနဲ့ပဲ တပည့်တော်ကို မေ့ဆေးပေးတော့ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို အာရုံပြုရင်း မေ့သွားပါတယ်ဘုရား၊ တပည့်တော် သတိရတော့ ဆရာမက ပြုံးရွှင်စွာနဲ့ အကြောင်းစုံ ပြောပြပါတယ်ဘုရား။

ဆရာမကလည်း တပည့်တော်ကို ကွဲကွာနေတဲ့ အဝေးမှ ချစ်လှစွာသော ဆွေမျိုးရင်းချာနှင့်တွေ့ပြီး ပြောဆိုရသလို အားပါးတရ ပြောဆိုကာ လိုလေသေးမရှိ ပြုစုပါတယ်ဘုရား။

တပည့်တော်အတွက် သွေးသွင်းရမှာ လောလောဆယ် သွေးလိုနေလို့ စိတ်ပူနေတုန်းဘုန်းကြီးတစ်ပါးကြွလာပြီး သွေးလှူသွား၍ အင်မတန် ကံကောင်းကြောင်း၊ နို့မဟုတ်က သေနိုင်ကြောင်း စသည်ဖြင့် ခွဲစိတ်စဉ် အခက်အခဲတွေကို တပည့်တော် သတိရတော့ပြန်ပြောပြပါတယ်ဘုရား။

ခွဲစိတ်ဆရာဝန်ကြီးများက မခွဲလျှင်လည်း မဖြစ်တဲ့အတွက် ခွဲစိတ်ရသော်လည်း သူတို့ဘက်မှာ ၁၀ ရာခိုင်နှုန်းသာရှိ၍ ၉၀ ရာခိုင်နှုန်း မရှိတော့တဲ့အတွက် အထူးသတိထားကာ ကုသကြောင်း၊ ခွဲစိတ်နေစဉ် အမြဲပဲ ဓာရဏပရိတ်လည်း ရွတ်ဖတ်ပေးနေကြောင်း အစုံပဲ ပြောပြပါတယ်ဘုရား။

## ဘုရားအားကိုး

ဆရာတော်ဘုရား၊ တပည့်တော်လည်း ဘုရားမြတ်စွာ သက်တော်ထင်ရှား ကြွလာတော်မူပုံကို အာရုံယူကာ သီလကုသိုလ် ဆောက်တည်ပြီး ဘုရားအာရုံ ကိုယ်လုံးခြုံပြီး ခွဲစိတ်မှု ခံယူခဲ့ပါတယ်ဘုရား။

တပည့်တော် မခွဲစိတ်ခင် ခွဲစိတ်စဉ် ခွဲစိတ်ပြီး အချိန်အထိ ပင်ပန်းနွမ်းနယ်မှုမရှိဘဲ ဘုရားတပည့်တော် သတိရလို့ ကြည့်လိုက်တိုင်း တပည့်တော်ကို ပြုစုတဲ့ ဆရာမက သူ့အစ်မတစ်ယောက်ကို ပြုစုသလိုပဲ ပြုစုနေပါတယ်ဘုရား၊ နှုတ်ကလည်း ဓာရဏပရိတ်တော်ကို အမြဲ ရွတ်ဖတ်ပေးနေပါတယ်ဘုရား။

## ရေခဲတိုက်ထဲ

တပည့်တော်အဖို့ရာက သေဖို့ရာက များနေတော့ မသေခင် ဆွမ်းကျွေးမယ်ဆိုပြီး ခွဲစိတ်မည့်နေ့မှာ ဆွမ်းကျွေးခိုင်းပါတယ်ဘုရား။ ဆွမ်းကျွေးသွားတဲ့ သူတွေက သွားလို့သာ သွားရတယ် စိတ်မဖြောင့်ကြပါဘုရား၊ ပြန်လာရင် မြင်ရတော့မှာမဟုတ်ဘူး၊ ရေခဲတိုက်ထဲရောက်နေမှာပဲလို့ စိတ်က ထင်နေကြပါတယ်ဘုရား။

သူတို့ဆွမ်းကျွေးပြီးပြန်လာတော့ တပည့်တော်ဟာ ရေခဲတိုက်ထဲ မရောက်ဘဲ အကောင်းသားမြင်နေရတော့ သူတို့ အံ့သြသွားကြပါတယ်ဘုရား၊ တပည့်တော်က ဘုရားအာရုံ ကိုယ်လုံးခြုံနေတော့ မပင်ပန်းပါဘုရား။

ဆရာတော်ဘုရား၊ တပည့်တော်ဟာ ဖျားနာကာမှ ဘုရားကျေးဇူး အထူးသိရှိတဲ့အတွက် နေကောင်းလာတော့ ဆရာတော်သိမြင်တဲ့အတိုင်းပဲ၊ ဘုရား၊ တရား၊ သံဃာကို ကြည်ညိုအားထားမှု ပို၍ လာပါတယ်ဘုရား။

## သူတော်ကောင်းသွေး

တပည့်တော် တွေးမိပါတယ်ဘုရား၊ တပည့်တော် ခွဲစိတ်စဉ်က မသိမမြင်ဖူးတဲ့ ဘုန်းကြီးတစ်ပါးက သွေးလှူသွားလို့ အသက်ရှင်ရတော့ တပည့်တော်ရဲ့ခန္ဓာကိုယ်ထဲကို သူတော်ကောင်းရဲ့သွေးတွေ သွင်းရလို့ သူတော်ကောင်းသွေးဝင်ကာ သူတော်ကောင်းစိတ်တွေပေါက်ပြီး ကုသိုလ်စိတ်တွေ သာသနာပြုလိုစိတ်တွေ ပိုလို့ပိုလို့ ဖြစ်ပေါ်လာတာလားဘုရား။

တပည့်တော်တော့ ကုသိုလ်ကောင်းမှု စိတ်ဓာတ်တွေနှင့် အမြဲနေလိုပါတယ်ဘုရား၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေပြုပြီး ကုသိုလ်စိတ်နဲ့ နေရတာ ကြည်လင်အေးမြပါတယ်ဘုရား။

ဆရာတော်ဘုရား၊ အဖိုးမတန်တဲ့ ခန္ဓာကိုယ်ထဲက အဖိုးတန်တဲ့ ကုသိုလ်တရားတွေ ထုတ်ယူရမယ် မဟုတ်ပါလားဘုရား။

တပည့်တော် မသေဘဲ အရှင်ဘုရားနှင့် ပြန်လည်တွေ့ဆုံဖူးမြော်ကန်တော့ရတော့ အရှင်ဘုရား သွန်သင်ဆုံးမဟောပြောပြလို့ ယခုအခါ တရားတော်များ အားထုတ်နေရပါပြီဘုရား။

## ယောက်ျားဖြစ်ရင်

ဆရာတော်ဘုရား၊ တပည့်တော်သာ ယောက်ျားဖြစ်ရင် သက်န်းဝတ်မှာ ကျိန်းသေပါတယ်ဘုရား၊ တပည့်တော်ရဲ့ ဦးခေါင်းက ဆံပင်တွေကို တကယ်ငြီးငွေ့ပါတယ်ဘုရား၊ တကယ်တော့ ဆေးရုံက ဆင်းကာမှ မက်မောတွယ်တာစရာ ဘာတစ်ခုမှ မရှိတဲ့ ခန္ဓာကိုယ်ကြီးဖြစ်ကြောင်း ပိုမိုသိသွားပါတယ်ဘုရား။

ရှုပွားနေတဲ့ ဝိပဿနာတရားတော်ကလည်း အချိန်အဝါကောင်းလာတော့ ထိုင်ရှုပွားမှုသာ ခန္ဓာကိုယ်ဖြစ်ပျက်တွေ တွေ့နေတယ်လို့ မဟုတ်ဘဲ ဣရိယာပုတ် ၄ - ပါးလုံးမှာ နလုံးသွင်းတိုင်း ဉာဏ်နှင့် မြင်တွေ့နေပါတယ်ဘုရား။

ခန္ဓာကိုယ်ထဲမှာ ရုပ်နာမ်အဖြစ်ထက် အပျက်တွေသာ အမြင်များနေပါတယ်ဘုရား၊ ခန္ဓာကိုယ်ကြီးဟာ လှုပ်လှုပ်ရွရွ မွမွနှင့် အမြဲတမ်း ပြိုကျပျက်နေပါတယ်ဘုရား။

ခန္ဓာကိုယ်ထဲမှာ အမြဲတမ်းပြိုပျက်နေတာတွေ့ရတော့ အမြင်မှာ ပြိုပျက်နေတာလည်း မဆန်းတော့ပါဘုရား၊ ပြော၍ မယုံ ကိုယ်တိုင်ကြုံဖူးမှ သိရပါတယ်။ မိမိကိုယ်တိုင် သိရတဲ့အခါမှာ "ဟုတ်ပါပေတယ်၊ ဟုတ်ပါပေတယ်" လို့ မှတ်ချက်ချရပါတယ်ဘုရား။

လွန်လေပြီးသော အတိတ်ကာလက မသိမှု အဝိဇ္ဇာတရားကြောင့် သမုဒယနဲ့ စွဲလမ်းပြုလုပ်ခဲ့မိလို့ ယခုပစ္စုပ္ပန် ဘဝမှာ ဒုက္ခခန္ဓာကိုယ်ကြီး ရခဲ့တာ မဟုတ်ပါလားဘုရား။

ယခုရထားတဲ့ ဒုက္ခခန္ဓာကိုယ်ကြီးကိုတော့ ရှောင်လွှဲလို့ လွှတ်ပစ်လို့ မရတော့တဲ့အတွက် လောကဓံတရား အပြုံးမပျက်ဘဲ ခံနိုင်ရည်ရှိအောင် ကြိုးစားသင်ယူ အားထုတ်ခဲ့လို့ အရှင်မြတ်ရဲ့ ဆုံးမမှုနှင့် အောင်မြင်စွာ ခံနိုင်ရည်ရရှိခဲ့ပါတယ်ဘုရား။

ရှုံးလွန်းခဲ့တဲ့ အချိန်တွေကို နောင်တရပြီး ကျန်ရှိတဲ့ အချိန်တွေ အကုန်မခံနိုင်တော့ပါဘုရား။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ အကြောင်းသမုဒယတွေ ထပ်ကာ မပွားရအောင် ဣရိယာပုတ် ၄ - ပါးလုံး လျော်သလို ရှုပွားအားထုတ်နေပါတယ်ဘုရား။

မသိမှု အဝိဇ္ဇာဟာ အင်မတန်မှ ကြောက်စရာ ကြက်သီးထစရာ ကောင်းလှပါတယ်ဘုရား၊ မသိမှု အဝိဇ္ဇာကင်းပြီး သိမှု ဝိဇ္ဇာဉာဏ် အလင်းဝင်လာပါလျှင် စိတ်ဟာ သိပ်ကြည်ပါတယ်ဘုရား၊ တိုင်းပြည်နဲ့တောင် မလဲနိုင်ပါဘုရား၊ သို့ပေမဲ့ သူလည်း ဖြစ်ပျက်ပါဘုရား၊ စွဲလမ်းစရာ မဟုတ်ပါဘုရား။

## ချမ်းသာပါတယ်

ဆရာတော်ဘုရား၊ တပည့်တော် အိမ်မှာနေသော်လည်း အခန်းထဲမှာ တရားနှလုံးသွင်းရှုပွားနေပါတယ်ဘုရား၊ အချိန်ကို အလကားမဖြုန်းပါဘုရား၊ အိမ်မှုကိစ္စ လုပ်ချိန်လုပ်၊ ဘုရားဆွမ်းကပ်၊ ရေချမ်းကပ်၊ တရားစာအုပ်ဖတ်၊ မျက်စိညောင်းတော့ တရားနာတရားအားထုတ်ပြီး နေပါတယ်ဘုရား။

မိမိစိတ်ကို အကုသိုလ်ဝင်ခွင့်မပေးဘဲ ကုသိုလ်စိတ်တွေပဲဖြစ်အောင် ကြိုးစားနေပါတယ်ဘုရား၊ မကောင်းမှု အားလုံးကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပြီး ကောင်းမှုအမျိုးမျိုး ပွားတိုးရေးပဲ ကြိုးစားနေပါတယ်ဘုရား၊ စိတ်ကို ညစ်ကြေးမတင် လွန် သန့်စင်အောင် မွေးမြူနေပါတယ်ဘုရား။

ဆရာတော်ဘုရား တရားရှုပွားတော့ ရုပ်နာမ် ဒုက္ခတွေ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ပျက်ကျသွားလိုက်နဲ့ အရာဝတ္ထုတစ်ခုထဲက ဆွဲထုတ်ပြသလို ငြီးငွေ့စိတ်ပျက်စရာ ခန္ဓာဒုက္ခတွေ ဖြစ်ပျက်တွေ တွေ့မြင်သိရှိရတော့ ခန္ဓာဝန်ထမ်း သမားဘဝဟာ ကြောက်စရာလို့ သိလာပါတယ်ဘုရား။

ဖြစ်ပျက်တွေ တွေ့မြင်နေရတော့ ဒီခန္ဓာကိုယ်ကြီးဟာ မငြိမ် လှုပ်လျက် ချုပ်ပျက်လုနီးမို့ အားကိုးမခံနိုင်ကြောင်းကို အပြောမဟုတ် အလုပ်နဲ့ သိရတော့ ကြောက်ပါတယ်ဘုရား။

ဆရာတော်ဘုရား၊ ယခုဆို တရားရှုပွားလို့ မကြာခင်မှာ အရှုခံနဲ့ ရှုဉာဏ်နဲ့ တည့်သွားပြီး ကြည်လင်လာတာဟာ ရုပ်နာမ်ဖြစ်ပျက်တွေကို ထိုင်ကြည့်နေရသလို ရှင်းရှင်းလင်းလင်း ရှုမြင်နေရပါတယ်ဘုရား။

စိတ်က ကြည်လင်အေးမြနေတော့ ရုပ်နာမ်ဒုက္ခတွေကလည်း အကြမ်းစားတွေ မဟုတ်ဘဲ နူးညံ့သိမ်မွေ့လှတဲ့ ရုပ်နာမ်ဖြစ်ပျက်တွေ ပေါ်လိုက်၊ ပျောက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ တွေ့နေရတော့ "မမြဲပါလား၊ မမြဲပါလား" လို့ ရှုပွားနေရပါတယ်ဘုရား။

အရှင်ဘုရားနှင့် တွေ့ပြီး တရားအားထုတ်ကာစက အရှင်ဘုရားက "တရားအားထုတ်ရတာ လွယ်ပါတယ်။ ဘာမှ မခက်ပါဘူး၊ ငှက်ပျောသီး အခွံခွာရတာမှ ဟိုကပ် ဒီကပ်နဲ့ ခက်သေးတယ်၊ တရားအားထုတ်ရတာ ဘာမှမခက်ဘူး" လို့ ပလ္လင်ပေါ်က ပြောတော့ အင်း - အရှင်ဘုရားကတော့ သက်သက်သာသာနဲ့ ပလ္လင်ပေါ်က "လွယ်တယ်၊ လွယ်တယ်" လို့ ပြောနေတာပဲ၊ သူများတွေတော့ သေရတော့မယ်လို့ ညည်းမိပါတယ်ဘုရား။

ယခုအားထုတ်တတ်လို့ အားထုတ်တော့မှ အရှင်ဘုရားပြောတဲ့ လွယ်တယ်ဆိုတာထက်တောင် လွယ်သေး၊ မပင်ပန်းဘဲ ငြိမ်းချမ်းမှုတွေရပြီး ကိုယ်စိတ်ချမ်းသာရပြီး အရှင်ဘုရားကို တောင်းပန် ဦးချလိုက်ရတာ အကြိမ်ကြိမ်ပါဘုရား။

အရှင်ဘုရားက ပြောတယ်၊ လွယ်လွယ်လေး၊ မခက်ဘူး၊ မပင်ပန်းဘူး၊ အေး - မပင်ပန်းတာကို ပင်ပန်းအောင် ဖြုတ်ကို ခါးတောင်းကျိုက်ဖမ်းသလို မဖမ်းနဲ့လို့ ပြောတာ သိပ်မှန်ပါတယ်ဘုရား။

ဖြုတ်ခါးတောင်းကျိုက်ပြီး လက်သီးလက်မောင်းတန်းကာ အားကြိုးမာန်တက် ဖမ်းလို့ အကောင်က သေးတော့ ဘယ်ရမလဲဘုရား၊ တရားဆိုတာ အရှုခံကလည်း သဘောတရား၊ ရှုတဲ့ ဉာဏ်ကလည်း သဘောတရား၊ အဲဒီ သဘောတရား နှစ်ခု တည့်ရေးဟာ အလွန်တရာ ညင်သာမှ ဖြစ်နိုင်ပါတယ်။ ကြမ်းကြမ်းတမ်းတမ်း ရှုပွားလို့ မဖြစ်နိုင်တာ လက်တွေ့အားထုတ်ကြည့်မှ သိပါတယ်ဘုရား။

## သုဂတဂုဏ်

ဆရာတော်ဘုရား၊ "တရားမြင်မှ ဘုရားမြင်တယ်၊ တရားမမြင်ရင် ဘုရားမမြင်ဘူး" ဆိုတာ သိပ်မှန်ပါတယ်ဘုရား၊ တပည့်တော် တရားအားထုတ်လို့ တရားအသိအမြင်တွေ တိုးလာတော့ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကို ကြည်ညိုလို့ မဝတော့ပါဘုရား။

သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ အာရုံပြုလိုက်တာနဲ့ မကောင်းသော စကား များကို ပြောရမှာ အလွန်တရာ ရှက်လာပါတယ်ဘုရား၊ မကောင်းသော စကားများကို မပြောမိအောင် ရှောင်ပါတယ်ဘုရား။

တပည့်တော် မီးဖိုချောင်ထဲ ဝင်ရတဲ့အခါ ထမင်းချက်တဲ့အခါ ဟင်းချက်တဲ့အခါမှာလည်း ရှုပါတယ်ဘုရား၊ ဟင်း ရွက် ဟင်းသီး အသားငါးများကို ကိုင်တွယ်ခုတ်လှီး ရေဆေးတဲ့အခါ စသည်များမှာ ပြောင်းလဲတဲ့ သဘောတရားတွေ ရှုပါ တယ်ဘုရား။

ချက်ပြုတ်တဲ့အခါ အသီးအရွက် အသားငါးများ ညှိုးနွမ်းပျက်ကြွေ နဂိုနေမတည်ဘဲ ပြောင်းလွဲတာတွေ ရှုပါတယ်၊ စားတဲ့အခါ ဝမ်းထဲရောက် မဖွယ်မရာ ရွံဖွယ်ရာ ဖြစ်တာတွေ ရှုရပါတယ်ဘုရား။

အရှင်ဘုရား၊ ထမင်းချက် ဟင်းချက်တဲ့အခါ မီးစာထည့်ပေးနေရသလို တပည့်တော်တို့လည်း ပါစကဝမ်းမီးအတွက် အစားအစာတည်းဟူသော ထင်းတွေ ထည့်ပေးနေရတာပဲလို့ မြင်ပါတယ်ဘုရား။

မီးထဲ ထင်းထည့်လိုက် လောင်လိုက် မီးခဲရဲရဲဖြစ်လိုက်၊ ပြာကျလိုက်၊ နောက်ထပ်ထည့်လိုက်၊ မီးတောက်လိုက်၊ မီးခဲဖြစ်လိုက်၊ ပြာကျလိုက်နဲ့ လောင်စာရှိသမျှ ဒီမီးလောင်နေသလို ပါစကဝမ်းမီးလည်း လောင်စာဖြစ်တဲ့ အစားအစာထည့် ပေးနေသေးသမျှ ရှင်သန်တောက်ပွားနေမှာပါပဲဘုရား။

လောင်ပြီးတော့ မစင်ဖြစ်၊ ကျင်ငယ်ဖြစ်၊ ချွေးဖြစ်၊ ဒွါရကိုးပေါက် ပြန်ထွက်၊ ဘယ်မှာ နှစ်သက်စရာ တွယ်တာမက်မော စရာရှိလို့လဲ ဘုရား၊ သူကြည့်တော့လည်း ဒီလိုပဲ ကိုယ့်ကြည့်တော့လည်း ဒီလိုပဲလို့ မြင်ပါတယ်ဘုရား။

စားတော့လည်း မပြုးတော့ဘဲ ဝမ်းမီးစာ ထည့်ပေးတဲ့ သဘောလို့ပဲ ရှုပွားပါတယ်ဘုရား၊ ပြေးစရာလည်း မြေမရှိ၊ ပေးစရာလည်း ငွေမရှိဆိုတဲ့ ဥပမာလိုပါပဲ ဘုရား။

## သောတာပန်လည်း မဟုတ်သေးပါ

ဆရာတော်ဘုရား၊ တပည့်တော်တို့ဟာ အတိတ်က ဒုက္ခဖြစ်ကြောင်း သမုဒယတွေ လုပ်ခဲ့လို့ ယခု ဒုက္ခရောက်နေ တာပါလားလို့ သိရှိပြီး ယခုအခါမှာတော့ သမုဒယထပ်မလုပ်မိအောင် ရှောင်နိုင်မှ နောက်ထပ် ဒုက္ခမရောက်မှာလို့ သတိရှိ စွာနဲ့ နေနေပါတယ် ဘုရား။

မျက်မှောက်ဘဝမှာ ချမ်းသာသုခတွေ ဘယ်လိုပြည့်စုံစွာ ခံစားရသော်လည်း နောက်ဆုံးတော့ ဒုက္ခပါဘုရား၊ ဖြစ် ပျက်သဘောကို သိ၍လည်း မသာယာဘဲ အေးငြိမ်းမှု ရပါတယ်ဘုရား။

အရှင်ဘုရား၊ တပည့်တော်သည် ဝိသာခါကျောင်းအမကြီးကို ကြည်ညိုသူပါဘုရား။ စိတ်လည်း ဝင်စားပါတယ်၊ ပုဗ္ဗာရုံကျောင်းကြီးကို ဆောက်လုပ်ပြီး လိုလေသေးမရှိအောင် လှူဒါန်းပုံကို အားကျပါတယ်ဘုရား။

အဲဒီလို ဝိသာခါ ကျောင်းအမကြီးကို စိတ်ဝင်စားသူ တစ်ဦးမှ အတွေးပေါက်၍ မေးလျှောက်ပါရစေဘုရား၊ ဝိသာခါ ကျောင်းအမကြီးက သောတာပန်ပါဘုရား၊ ကာမဂုဏ်တွေ ခံစားပျော်မွေ့နိုင်ပါသေးတယ်ဘုရား၊ တပည့်တော်က သောတာပန်

လည်း မဟုတ်သေးပါ ဘုရား၊ ဒါပေမဲ့ ဝိသာခါကျောင်းအမကြီးလို ကာမဂုဏ်တွေ မခံစားနိုင်ပါ၊ အလွန်တရာမှ ကာမဂုဏ်တွေကို ကြောက်လှပါတယ်ဘုရား၊ အဲဒါ ဘာကြောင့်ပါလဲ ဘုရား။

အရှင်ဘုရား၊ ယောဂီအတော်များများက ပြောကြပါတယ်၊ အရှင်ဘုရား သူတစ်ပါးစိတ်ကို သိတယ်တဲ့၊ တပည့်တော်လည်း အမှတ်ရတာနဲ့ ဆေးရုံတက်တဲ့အကြောင်း ရေးနေတာ၊ အဲဒီအထဲမှာ ဓာရဏာပရိတ်ရဲ့အကြောင်းလည်း ပါနေပါတယ်၊ ရေးလက်စ စာကို မပြီးသေးဘဲ ဆယ်ရက်စခန်း ရောက်လာတော့ အရှင်ဘုရားက တပည့်တော်စိတ်ဝင်စားနေတဲ့ ဓာရဏာပရိတ်တော်အကြောင်းကို မမေးဘဲရှင်းပြ၊ ဓာရဏာပရိတ်တော်ဟာ ဘုရားဟောပါလား ဆိုတဲ့ ရေးပြီးတဲ့ ပြဿနာကိုလည်း ဖတ်နိုင်းတော့ ယောဂီတွေ ပြောတာကမှ နည်းသေးတယ်၊ တပည့်တော်အထင်က ပိုများနေပါတယ်ဘုရား။

အဲဒီလို ရှင်းပြပြီး ဓာရဏာပရိတ်တော်အကြောင်း ဖတ်နိုင်းတော့ တပည့်တော် ဦးခေါင်းကြီးပြီး ကြက်သီးထပါတယ်၊ ပီတိတွေ ဝေဆာ၍ အရှင်ဘုရားရဲ့တရားစကားတွေကို ကြည်ညိုသဒ္ဓါ ဖြစ်လိုက်တာဘုရား၊ မျက်ရည်များတောင် လည်မိပါတယ်ဘုရား၊ တပည့်တော် ယုံကြည်ချက်ဟာ ဟုတ်ပြီထင်ပါတယ်ဘုရား။

အရှင်ဘုရား၊ တပည့်တော်ဟာ အမေမွေးတဲ့အသက် မရှိတော့ပါဘူး၊ ဘုရား, တရား, သံဃာပေးတဲ့ အသက်ပဲ ရှိပါတော့တယ်၊ ဒါကြောင့် တပည့်တော် တရားကြိုးစားပါမယ်၊ သီလရှင်ဝတ်ရန်လည်း ဆုံးဖြတ်လိုက်ပါတယ်၊ လူ့ဘဝနဲ့ အသေမခံပါဘုရား။

ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်အောင် ဆိုက်ရောက်စေကြောင်း အကျင့်ကောင်းလမ်းစဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါး တရားများကို ရှုပွားအားထုတ်၍ အသခ်တဓာတ် နိဗ္ဗာန်ပြည်မြတ်ကို မျက်မှောက်ပြုနိုင်ရစေသားလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ် ဘုရား။

သာသနာတော်အကျိုး တိုးတက်ဆောင်ရွက်နိုင်ပါစေ

သို့

၁၃၄၄ ခု၊ တပို့တွဲလဆုတ် (၁၃)ရက်

(၁၂-၃-၈၃)

ပြန်ကြားသိစေအပ်ပါသည် -

ဟုတ်ပါတယ်၊ ဇာတိခန္ဓာ ရလာကတည်းက အိုဖို့, နာဖို့, သေဖို့ဖြစ်လာတာပါ၊ အဲဒီမသေခင်အတွင်းမှာ နာရမှာသေချာပါတယ်၊ မနာခင် တရားရှာမှ နာတဲ့အခါ ချမ်းသာမှာပါ၊ တရားမရှိက နာတဲ့အခါမှာ သိပ်ဆင်းရဲပါတယ်။

အဖိုးမတန်တဲ့ ခန္ဓာကိုယ်မှ အဖိုးတန်တဲ့ တရားတွေ ထုတ်ယူရပါတယ်၊ ရတနာသုံးပါးမှာ တရားရတနာဆိုတာ ခန္ဓာကိုယ်ထဲမှ ရုပ်နာမ်တရားတွေကို မြင်ကာ ရုပ်နာမ်တရားတွေကို စက်ဆုပ်ရွံမုန်းပြီး ရုပ်နာမ်တရားတွေ ချုပ်ဆုံးတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှ တရားလမ်းဆုံးမှာပါ။

ဒါကြောင့် အသက်ရှင်စဉ် ခန္ဓာကိုယ်ထဲမှ ခန္ဓာကိုယ်နှင့် ရင်းနှီးပြီး ဒါန, သီလ, ဘာဝနာ တရားတွေကို လျော့တဲ့အချိန်မှာ လျော့သလို ရအောင် ကြိုးစားအားထုတ်ဖို့ လိုပါတယ်။

ဘုန်းကြီးတော့ "တပည့်တော် ယောကျ်ားဖြစ်ရင် ရဟန်းဝတ်မှာပဲ" လို့ ပြောတဲ့အမျိုးသမီးတွေ တော်တော်များများ တွေ့ဖူးပါတယ်၊ တကယ်တော့ မယုံပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ယောကျ်ားတွေဟာ ဘုန်းကြီးအနား သိပ်မကပ်ပါဘူး၊ တရားပွဲတွေမှာ ကြည့်ပါလား၊ ယောကျ်ားတွေ သိပ်မှ မရှိတာ၊ ဒါကြောင့် (......)ယောကျ်ားဖြစ်လည်း ဒီလိုနေမှာလို့ပဲ ထင်ပါတယ်။

ယောကျ်ားမဖြစ်တော့ သင်္ကန်းမဝတ်ရတော့ သီလရှင်ဝတ်ပါလား ဆိုတော့လည်း ဘာ့ကြောင့် ညာ့ကြောင့်နဲ့ ရှုပ်ပွေနေဦးမှာပဲနော်။

တရားအားထုတ်တာနဲ့ ပတ်သက်၍ ယောကျ်ားရယ်, မိန်းမရယ် မခွဲခြားပါဘူး၊ အားထုတ်နေတဲ့အခါလည်း ယောကျ်ားမိန်းမ မထူးခြားပါဘူး၊ အားထုတ်သူအဖို့ ကိလေသာချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းရာ နိဗ္ဗာန် ရောက်ပါတယ်။

ခန္ဓာကိုယ်ကြီး ရထားတာကတော့ မသိမှု အဝိဇ္ဇာဦးစီးပြုတဲ့ ဘုံဘဝကို လိုလားတဲ့ ကုသိုလ်ကောင်းမှုတွေ ကြောင့် ရထားတာပါ၊ အဲဒါကို သိပြီး နောက်နောင်အခါ သိမှုဝိဇ္ဇာဉာဏ်ဦးစီးတဲ့ ဘုံဘဝဇာတ်ကြောင်း ကုသိုလ်ပြုလုပ်ဖို့ အရေးကြီးပါတယ်။

## ဝိသာခါ ကျောင်းအမကြီး

ဝိသာခါကျောင်းအမကြီးကို "ဝဋ်ထဲမှာပျော်တဲ့ = ဝဋ္ဋာဘိရတသောတာပန်" လို့ အမည်တပ်ပါတယ်၊ ဒါကြောင့် ပျော်ပျော်ပါးပါးနှင့် ကာမဂုဏ်ခံစားပြီး ဘုံစဉ်စံဘဝနဲ့ သွားတာပါ။

ပြီးတော့ ဝိသာခါကျောင်းအမကြီးရဲ့ဝတ္ထုကာမဂုဏ် ခံစားသုံးစွဲတာကလည်း အပါယ်လားကြောင်း မဟုတ်တဲ့ ကာမရာဂကိလေသာ ပူပန်လာတဲ့အခါမျိုးမှာ ထိုထိုကိလေသာ အပူငြိမ်းအေးရုံလောက်မျှ ဒိဋ္ဌိမပါ စိတ်နှင့်သာ ခံစားပါတယ်။

ရှင်းရှင်းပြောရရင် ဝိသာခါတို့လို သောတာပန်တို့ ကာမဂုဏ်ခံစားမှု ပြုတဲ့အခါ ဒိဋ္ဌိဝိပလ္လာသ လုံးဝ မပါပါဘူး။

ပုထုဇဉ်တို့ ကာမဂုဏ်ခံစားပုံကတော့ မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်ကာ မက်မက်မောမော စွဲစွဲလမ်းလမ်း အငမ်းမရ အားပါးတရ ခံစားပါတယ်။

ပုထုဇဉ်ဖြစ်ပါလျက်နဲ့ ကာမဂုဏ်မခံစားချင်တဲ့ ပုဂ္ဂိုလ်များဟာ ကာမဂုဏ်အာရုံများ ကင်းဝေးရာ ပြဟ္မာဘုံကလာ ရင်လည်း မခံစားချင်ပါ၊ ပြီးတော့ ကာမဂုဏ် အာရုံများ ကင်းဝေးကြောင်း ဆုတောင်း ပတ္ထနာကြောင့် မခံစားချင်ပါ၊ ပြီးတော့ ကာမဂုဏ်တွေရဲ့အပြစ်တွေကို မြင်သောကြောင့်လည်း မခံစားချင်ပါ။

ဤသို့ စသည်ဖြင့် ပုထုဇဉ်ဖြစ်ပါလျက် ကာမဂုဏ်မခံစားခြင်းအကြောင်း များစွာရှိပါတယ်။

ဝိသာခါတို့လို သောတာပန်တို့ဟာ အမှန်ယို ယစ်မူးနေတဲ့ ဆင်ပြောင်ကြီးလိုက်သဖြင့် လွတ်မြောက်ရေးအတွက် ပြေးရသော မြင့်မြတ်စင်ကြယ်တဲ့ အကျင့်ရှိတဲ့ ဗြဟ္မဏဇာတ်ရှိသူဟာ စက်ဆုပ်ရွံရှာလျက်နှင့်ပင် မစင်တောထဲသို့ ဝင်ရောက် နိုလှုံပြေးသွားရသလို ကိလေသာအပူငြိမ်းအေးရုံသာ ဒိဋ္ဌိမယှဉ်တဲ့ စိတ်နဲ့ ကာမဂုဏ် ခံစားကြပါတယ်။

တချို့က ဝိသာခါတို့တုပြီး ပြောကြသူတွေ ရှိပါတယ်၊ မတူတာကို မသိကြပါ၊ လူတွေမှာ လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာများ တစ်ဦးနဲ့ တစ်ဦး အနည်းအများ မတူပါ၊ အကြောင်းကြောင်း ဓာတ်ခံကြောင့် မတူတာဟုပဲ အတိုချုပ်မှတ်ပါ။

## သူများစိတ် မသိပါ

ဘုန်းကြီးကို ယောဂီတော်တော်များများက သူတစ်ပါးစိတ်ကို သိတယ်လို့ ပြောကြပေမဲ့ ဘုန်းကြီးကတော့ ဘယ်သူ့စိတ်မှ မသိပါဘူး၊ တရားဟောတဲ့အခါ တိုက်ဆိုင်တာက ဘုရားရှင်ရဲ့တရားတွေကို ဟောနေတာဆိုတော့ တိုက်ဆိုင်တာပေါ့။

ဘုရားရှင်ဟာ သုတ္တန်တရားတွေကို ဟောကြားတဲ့အခါ သတ္တဝါတွေရဲ့အလိုဆန္ဒ အဇ္ဈာသယကိုကြည့်ပြီး သူတို့နဲ့ သင့်မြတ်တဲ့ တရားတွေကို ဟောတာပါ။

ဘုန်းကြီးမှာတော့ သူတို့အလိုဆန္ဒ အဇ္ဈာသယကို မကြည့်တတ်တော့ မှန်းဆပြီး ဟောလိုက်တာပဲ၊ လူကများတော့ တစ်ယောက်ယောက်နဲ့ သွားတည့်တော့ ငါ့စိတ်သိတယ် ဖြစ်သွားတာပါ၊ သူတစ်ပါးစိတ် မသိပါ။

တကယ်တော့ သူတစ်ပါးစိတ်သိလည်း အထင်ကြီးစရာ မဟုတ်သေးပါဘူး၊ ကိုယ့်စိတ် ကိုယ်သိပြီး ကိုယ့်ကိလေသာ ကိုယ်ငြိမ်းနိုင်မှ အထင်ကြီးရ ကြည်ညိုရမှာပါ။

သီလရှင်ဝတ်ရန် ဆုံးဖြတ်တယ်ဆိုတော့ စောင့်ကြည့်ရသေးတာပေါ့၊ သေခါနီးမှ စတိလောက် ကောက်ဝတ်မှာလား၊ ပျို့ရွယ်စဉ် ဝတ်မှာလားဆိုတာ -

ကဲ - တော်သေးပြီ၊ ရည်မှန်းချက် အောင်မြင်ပါစေဟု ဆုမွန်ကောင်း တောင်းလျက် -

✦ တရားဆိုတာ၊ မြင်မြင်ရာ၊ ရှုကာဖြစ်နိုင်ပါ။

✦ ကြား၊ နံ၊ စားသိ၊ ကြံစည်မိ၊ ရှုကြည့်ဖြစ်နိုင်ပါ။

✦ တစ်ယောက်စံယူ၊ တစ်ယောက်မူ၊ နှိုင်းယူ မဖြစ်ပါ။

✦ ဓာတ်ခံချင်းဟာ၊ အရာရာ၊ ဘယ်ခါ မတူပါ။

✦ ဓာတ်ခံမတူ၊ ပုံတူယူ၊ မတူများမည်သာ။

✦ ဓာတ်ခံတူက၊ ပုံတူချ၊ တူစွ မများပါ။

📖

# ဘယ်သူမှ တရားကျပြီး
# တရားစကား,ပြောတာ မကြားမိပါဘုရား

(၂၀၂)

ပြဟ္မာ၊ သိကြား၊ နတ်များနှင့်တကွသော ပုထုဇဉ်ဟု ဉာဏ်မြင်ပေတုံး တစ်လောကလုံးသည် အဆင်း အသံ စသည့် အာရုံ ကာမဂုဏ်တို့ကို ချမ်းသာဖွယ်တောင်း အကောင်းဟု သမုတ်အပ်ကုန်ပြီ။

အရိယာအများ လွန်လေးစားသည့် တရားမျက်ရှင် ကြည်လင်အေးမြ နိဗ္ဗာန၌ အဆင်း အသံ စသည့်အာရုံ ကာမဂုဏ်တို့ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းကြရလေကုန်၏။

ကာမဂုဏ်အားလုံး ပြုတ်ပြုတ်ပြုန်းလျက် ဆုံးရာအမှန် မြတ်နိဗ္ဗာန်ကိုကား ဉာဏ်မြင်ပေတုံး ပုထုဇဉ်အားလုံးတို့သည် ခံစားဖွယ်အချက် ကင်းသည့်တွက်ကြောင့် သက်သက်ရှုတ်ချ၍ ဒုက္ခဟု သမုတ်အပ်လေ၏။

ပရမတ္ထအားဖြင့် ထင်ရှားဘိတောင်း ခန္ဓာငါးပါးအပေါင်း၏ ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော နိဗ္ဗာန ဓာတ်ချမ်းသာမြတ်ကို အရိယာအရှင် သူတော်စင်တို့သည် ဉာဏ်စက္ခုဖြင့် စေ့ငုထင်ထင် သိမြင်အပ်ပေပြီ။

များပုထုဇဉ် ဉာဏ်အမြင်ဖြင့် မမြင်နိုင်တန် မြတ်နိဗ္ဗာန်ကို တပ်အပ်ထင်ထင် ကိုယ်တိုင်မြင်သည့် အရှင်အပေါင်း သူတော်ကောင်းတို့မှာ အဝိဇ္ဇာဖုံး တဏှာတုံးဟု အားလုံးလောက ဟူသမျှနှင့် ကျောခိုင်းကပ်ယှဉ် ပြေးကြအင်လို့ အစဉ်ဆက် ဆက်ဆန့်ကျင်ဘက်အနေ ဖြစ်ရလေ၏။

(သဠာယတနသံယုတ်ပါဠိတော်)

အို – စာရှုသူ၊ အထက်ပါ တရားတော်ကို အထပ်ထပ် ပြန်၍ဖတ်ရှုကြည့်စမ်းပါ၊ တကယ့်မှန်ကန်ချက်ကို ကိုယ်တွေ့ ဒိဋ္ဌ သိမြင်ရပါလိမ့်မည်။ မှန်ပါသည်၊ လောကကြီး မည်မျှပင် တိုးတက်ပြောင်းလဲနေသော်လည်း အမြင်နှစ်မျိုးကို တစ်မျိုးတည်း ဖြစ်အောင်တော့ မပြောင်းလဲနိုင်ပါ။

လောက၌ တစ်ယောက်သောသူက အကောင်းမြင်၏။ ယင်းသို့ တစ်ယောက်သောသူ၏ အကောင်းမြင်မှုကို တစ်ယောက်သောသူက အဆိုးမြင်၏။ ယင်းသို့ အမြင်မတူရာ၌ မည်သူ့ကို အမှားဆုံးဖြတ်၍ မည်သူ့ကို အမှန်ဆုံးဖြတ်မည်နည်း။

သူ့အမြင်နှင့်သူတော့ အမှန်ချည်းပင် ဖြစ်၍ အမြင်နှစ်မျိုးလုံးကို အမှန်ပေးမည်လော၊ သို့မဟုတ် အမြင်နှစ်မျိုးလုံးကို အမှားပေးမည်လော၊ ယင်းသို့ပေး၍လည်း မဖြစ်နိုင်ပါ။

တစ်ယောက်သောသူသည် အမြင်မှားစဉ်က မြင်ခဲ့သော အမြင်ကို အမြင်မှန်သည့်အခါ မြင်သောအမြင်နှင့် မတူပါ။ ထိုအခါမှ အမြင်မှား၊ အမြင်မှန်ကို ကိုယ်တိုင်ဆုံးဖြတ်၍ ကိုယ်တိုင်လက်ခံနိုင်ပါမည်။ သို့မဟုတ်က တစ်ဖက်ဘက် စောင်းမည်သာ။ ယင်းအချက်နှင့် ပတ်သက်၍ အောက်ပါပေးစာကို ကြည့်ရှုလျှင် သိနိုင်ပါမည်။

## အကျိုးကျေးဇူး အများဆုံး

(၇-၁၂-၈၂) ကျေးဇူးရှင် ဆရာတော်ဘုရား၊ တပည့်တော် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။ လောကီလူသား ပုထုဇဉ်မှန်သမျှ အရင်းအနှီးကလည်း နည်းမယ်၊ လုပ်ရတဲ့အလုပ်ကလည်း သက်သာမယ်၊ အကျိုးအမြတ်ကလည်း များမယ်ဆိုရင်ဖြင့် အဲဒီအလုပ်မျိုးကို လူတိုင်း လုပ်ချင်ကြမှာပဲလို့ တပည့်တော် ထင်မိပါတယ်ဘုရား၊ တပည့်တော် အဲဒီအလုပ်ကို ဆရာတော်ဘုရားမှတစ်ဆင့် လူအများထံ တင်ပြချင်ပါတယ်ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် တင်ပြချင်တဲ့ အလုပ်က ဘယ်လောက်ကျေးဇူးများလဲဆိုရင် တစ်နေ့. တစ်ရက်. တစ်နှစ်. တစ်ဘဝ ချမ်းသာရုံ ကောင်းစားရုံ မဟုတ်ပါဘုရား၊ အဲဒီအလုပ်ကို ဒီနေ့လုပ် ဒီကနေ့ပဲ စပြီး ချက်ချင်း ချမ်းသာပါမယ်၊ နောက်ရက်. နောက်လ. နောက်နှစ်. နောက်ဘဝတွေမှာလည်း ချမ်းသာပါမယ်၊ အကျိုးကျေးဇူး များစွာခံစားရပါမယ်။

တပည့်တော်ရဲ့အလုပ်ကို ဒီလောက်ထိအာမခံပြီး တိတိကျကျ ဘာကြောင့် ပြောရဲလဲဆိုရင် တပည့်တော်ကိုယ်တိုင် ဒီအလုပ် လုပ်ဖူးလို့ ကိုယ်တိုင်ပဲ အကျိုးကျေးဇူးတရားတွေ များစွာခံစားရဖူးလို့ ရဲရဲတင်းတင်းပဲ အာမခံပြီး ပြောရဲခြင်းပါဘုရား။

## အရင်းအနှီး မလို

တပည့်တော်ရဲ့အလုပ်က အရင်းအနှီး နည်းတယ်လို့သာ ပြောရတယ်၊ အမှန်တကယ်တော့ လုံးဝ အရင်းအနှီး မလိုပါဘူး၊ ကိုယ့်အားပဲ စိုက်ထုတ်ရပါတယ်၊ ကိုယ့်အားဆိုပေမဲ့ နေပူထဲမှာ ချွေးတစ်လုံးလုံးနဲ့ လုပ်ရတဲ့အလုပ် မဟုတ်ပါဘူး၊ နေရိပ်ထဲမှာ အေးဆေးစွာပဲ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ်ပြန်ကြည့်ရတဲ့ ခန္ဓာဉာဏ်စိုက်ရတဲ့ ဉာဏ်အလုပ်ပါဘုရား၊ ဉာဏ်အလုပ်ဆိုတော့ ဉာဏ်မပွင့်သေးခင် ကိုယ်ဆင်းရဲမှု အနည်းငယ်ဖြစ်တတ်ပါတယ်၊ ဒါ့ကြောင့်လည်း တပည့်တော်က ကိုယ့်အားစိုက်ထုတ်ရတဲ့ အလုပ်လို့ လျှောက်တင်ရခြင်းပါ ဘုရား။

အဲဒီအလုပ်ကို လူတိုင်း စိတ်ဝင်စားစွာ လုပ်ကြမယ်ဆိုရင် မိမိရဲ့ဉာဏ်. ဝီရိယ စွမ်းအားရှိသလောက် အကျိုးကျေးဇူး အမြတ်အစွန်းတွေ အများကြီးရကြပါလိမ့်မယ် ဘုရား။

အဲဒီအလုပ်ကို စိတ်ရောကိုယ်ပါ သတိတရား ရှေ့ထားပြီး ဉာဏ်ဝီရိယ ဦးစီးပြီး ကြိုးစားအားထုတ်သဖြင့် ဆင်းရဲဒုက္ခတွေ ဘယ်လိုချုပ်ငြိမ်းပြီး ဘယ်လောက်ထိ အေးငြိမ်းချမ်းသာမှုတွေ ရရှိခဲ့တယ်၊ ဘယ်လိုစိတ်ချမ်းသာမှု ရရှိခဲ့တယ်ဆိုတာကို တပည့်တော် တွေ့ရှိချက်အတိုင်း လျှောက်တင်ပါရစေဘုရား။

## လောကဓံ ခံနိုင်ရည်

ဒီလို ငြိမ်းအေးချမ်းသာမှုတရားတွေကို ခံစားရပေမဲ့ နောက်ဆုံးတော့ ဒီအေးငြိမ်းချမ်းသာမှုတွေဟာ သူ့သဘော သူဆောင်တဲ့အတိုင်း အမြဲမတည်ဘဲ ဖောက်ပြန်ပျက်စီးကာ ဆင်းရဲဒုက္ခ အစိုးမရကြပါလားလို့ လုပ်သက်ရင့်လာတာနင့်အမျှ သိရှိလာခဲ့ရပါတယ်ဘုရား၊ ဒီလို သိလာသည်နှင့်အမျှ ဟိုစဉ်က အခံရခက်လှတဲ့ မခံနိုင်တဲ့ -

၁။ လာဘ - ပစ္စည်းဥစ္စာ ရခြင်း

၂။ အလာဘ - ပစ္စည်းဥစ္စာ မရခြင်း

၃။ ယသ - အခြွေအရံ များခြင်း

၄။ အယသ - အခြွေအရံ မရှိခြင်း

၅။ နိန္ဒ - အကဲ့ရဲ့ခံရခြင်း

၆။ ပသံသ - အချီးမွမ်း ခံရခြင်း

၇။ သုခ - ကိုယ်စိတ်ချမ်းသာခြင်း

၈။ ဒုက္ခ - ကိုယ်စိတ်ဆင်းရဲခြင်း

ဆိုတဲ့ လောကဓံတရားရှစ်ပါးကို အပြုံးမပျက် ခံနိုင်ရည် ရှိလာပါတယ်ဘုရား၊ ဒါဟာ ဝိပဿနာအလုပ်တရားရဲ့ ကျေးဇူးပါဘုရား။

လူတိုင်းလူတိုင်း လျှောက်ကြရတဲ့ ခရီးက ဇာတိပဋိသန္ဓေမှစပြီး မရဏမှာပဲ အဆုံးသတ်ကြရတယ်လို့ သိလာပါ တယ် ဘုရား၊ ဒီ ပဋိသန္ဓေ မရဏအကြားမှာက အိုခြင်း, နာခြင်း သဘောတရားတွေပဲ ရှိပါတယ်ဘုရား။

ဒီတော့ အူဝဲဆိုပြီး လူ့ဘဝအခြေချလိုက်ပြီဆိုရင် အို, နာ, သေ တရားတွေကို လူတိုင်း တွေ့ကြုံခံစားရမှာပါ ဘုရား၊ဘယ်လိုမှ ရှောင်လွှဲလို့မရကြပါ ဘုရား၊ တကယ့်ရုပ်နာမ်ရဲ့အရှိတရားတွေမှို ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့ ချမ်းသာ ကင်းတဲ့ ဆင်းရဲတွေဖြစ်ကြောင်းကို သိအောင်တော့ လုပ်လို့ရပါတယ်ဘုရား။

## အရှိနဲ့ အသိ

အဲဒီလို ရုပ်နာမ် ခန္ဓာတွေ သူ့ရဲ့အရှိသဘောအတိုင်း ဆောင်မှန်းသိသိနေရင်တော့ ချမ်းသာ ဆင်းရဲ မဖြစ်ဘဲ အရှိနဲ့ အသိကိုက်နေတော့ ဒီအသိနဲ့သေသွားဦးတော့ နိဗ္ဗာန်မရောက်သော်လည်းကောင်းတဲ့ဘုံဘဝတော့ရောက်မှာအမှန်ပဲမဟုတ် လားဘုရား။

ဒီလို အရှိနဲ့ အသိနဲ့ တပည့်တော် ကိုက်အောင်ကြိုးစားခဲ့ပါတယ်၊ ကြိုးစားခဲ့တဲ့အတိုင်းလည်း သက်သာရာများစွာ ရရှိခဲ့ပါတယ်၊ သက်သာရမှန်းကလည်း တပည့်တော် ပြင်းထန်စွာ ဖျားနာမှု ဒုက္ခဝေဒနာခံစားရတဲ့ အချိန်မှ တိတိကျကျ သိရပါ တယ်ဘုရား။

## ပြင်းထန်စွာ ဖျားနာခြင်း

ဆရာတော်ဘုရား၊ တပည့်တော် တရားအားထုတ်ပြီး တစ်နှစ်ပြည့်ကာနီးမှာ ရုပ်တရားကြီးရဲ့ဖောက်ပြန်မှုကြောင့် ပြင်းထန်စွာ ဖျားနာမှု ဒုက္ခဝေဒနာကို ခံစားခဲ့ရပါတယ်ဘုရား၊ အဲဒီ ဒုက္ခဝေဒနာကို ဆရာတော်ဘုရားရဲ့ဆုံးမဩဝါဒအတိုင်း ရှုပွားအားထုတ် နလုံးသွင်းနေနိုင်သဖြင့် သက်သာမှု, အေးငြိမ်းချမ်းသာမှု ရရှိခဲ့ပါတယ်ဘုရား။

အဲဒီလို လက်တွေ့ ကြုံလာတဲ့အခါကျတော့မှ တရားတော်ရဲ့အခါမလင့် အကျိုးကျေးဇူး ကြီးမားပုံတွေကို သိလာရသဖြင့် တပည့်တော် ကျင့်ကြံရှုပွားနေသော တရားသဘောတွေကို ဖျားနာနေသည့်ကြားမှပင် ရေးသားတင်ပြလိုသည့် ဆန္ဒတွေ တဖွားဖွား ပေါ်ပေါက်လာပါတယ်ဘုရား။

သို့သော် ဖျားနာမှုက ပြင်းထန်တော့ မတင်ပြနိုင်ဘဲ ယခုမှပင် တင်ပြရပါတော့သည် ဘုရား၊ ဆရာတော်ဘုရား၊ တပည့်တော် တရားစ၍ အားထုတ်ကာစမှာတော့ ဘာမျှနားမလည်း မသိရှိပါဘုရား။

ဆရာတော်ဘုရား ဟောကြားသော တရားတော်များကို နာကြား မှတ်သားခြင်း၊ ထိုင်အားထုတ်နေစဉ် ဆရာတော်ဘုရား ဆိုဆုံးမ ညွှန်ကြားသော တရားဒေသနာတော်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့်လည်းကောင်း၊ တခြားကျာရိယာပုတ်များဖြင့် ကျင့်သုံးခြင်းအားဖြင့်လည်းကောင်း လေးငါးရက်ကြာမှာ တရားသဘော အတော်ပေါက်လာပါသည် ဘုရား။

## သူ့သဘော သူဆောင်

ဆရာတော်ဘုရား ပေးထားတဲ့ မူလကမ္မဋ္ဌာန်းကို သတိတရားဦးစီးပြီး ဝီရိယရှေ့ထားကာ အသိတရားနဲ့ ရှုပွားတဲ့အခါမှာ "တိုး"သဘော ရုပ်တရားကို အထူးတလည် ရှုပွားစရာမလိုဘဲ နာသီးဝမှာ တိုးသဘော ရုပ်တရားကို ထိုင်စောင့်ကြည့်နေသလိုသက်သောင့်သက်သာ သိနေရပါတယ်ဘုရား။

အဲဒီလို သိနေတော့ တိုးသဘော ရုပ်တရားဟာ သူ့သဘောကို သူဆောင်၊ သူ့အလုပ် သူလုပ်နေပါကလားလို့ သဘောပေါက်ပြီး တိုးသဘော ရုပ်မှတစ်ပါး အရာအားလုံးဟာလည်း သူ့သဘော သူဆောင်နေပါလားလို့ ဉာဏ်မှာထင်ကာ အတ္တကင်းစင်အနတ္တ ဖြစ်သွားပါတယ်ဘုရား။

တိုးသဘော ရုပ်တရားကို သတိထားပြီး ရှုပွားနေတဲ့အခါ သိလိုက်၊ ပျက်လိုက်နဲ့ သိပြီးပျက်၊ သိပြီးပျက်နေတဲ့ မမြဲတဲ့ သဘောပါလားလို့ ဉာဏ်မှာ ပေါ်လာပါတယ်ဘုရား။

အဲဒီတော့ ရုပ်နာမ်ခန္ဓာကြီးဟာ သူ့သဘောနဲ့သူ ဖြစ်၊ သူ့သဘောနဲ့သူ ပျက်နေတဲ့ မမြဲတဲ့ခန္ဓာကြီးပါလား၊ အစိုးမရတဲ့ ခန္ဓာကြီးပါလား၊ မြဲတယ်၊ ခိုင်တယ်၊ တည်တံ့တယ်ဆိုတဲ့ သဘောတွေဟာ တစ်ခုမှ မရှိပါလား၊ ကိုယ်ဖြစ်ချင်သလို ဘာတစ်ခုမှ မဖြစ်ပါလား၊ သူ့ဖြစ်ချင်သလိုသာ ဖြစ်နေပါလား၊ ချမ်းသာလည်း မမြဲ၊ ဆင်းရဲလည်း မမြဲတဲ့ ဒီခန္ဓာအတွက် မက်မောတွယ်တာချင်ခင်မှုတွေ လျော့ပါးသွားတော့တယ်ဘုရား။

## လျော့နည်းသွားတာနှင့်အမျှ

ဆရာတော်ဘုရား၊ အဲဒီလို ရုပ်နာမ်ခန္ဓာအပေါ် မက်မောတွယ်တာ ချစ်ခင်မှုတွေ လျော့နည်းသွားတာနှင့်အမျှ ဆင်းရဲမှုတွေလည်း လျော့နည်းသွားပြီး ချမ်းသာမှု တိုးတက်ရရှိလာပါတယ် ဘုရား၊ ဆင်းရဲမှုတွေ လျော့နည်းသွားတာက အရာရာကို ရောင့်ရဲလွယ်လို့ ဘုရား၊ ရောင့်ရဲလွယ်တော့ ဆင်းရဲနည်းပါး ချမ်းသာများ ရပါတယ်ဘုရား၊ ချမ်းသာများလေ ရုပ်နာမ်ခန္ဓာကို ရှုပွားတဲ့ တရားအလုပ်ကို ဆက်လက်လို့သာ ကြိုးစားရှုပွားလေ ဖြစ်ကာ ကြိုးစားတာနဲ့အမျှ လုပ်အားခ ချမ်းသာလည်း အပြည့်အဝ ရရှိပါတယ် ဘုရား။

ဆရာတော်ဘုရား၊ တရားအားမထုတ်ခင်က တပည့်တော်ဟာ သံယောဇဉ် အလွန်ကြီးသူတစ်ယောက် ဖြစ်ပါတယ်ဘုရား၊ မိဘမောင်နှမတွေရဲ့အပူမှန်သမျှ တပည့်တော်ပဲ ယူထားရတော့ နှလုံးသားဟာ အမြဲပဲ ပူလောင်နေပါတယ် ဘုရား။

သူတို့တွေက အပူပေးတာမဟုတ်ပေမဲ့ တပည့်တော်က မနေနိုင်တော့ ပူရပါတယ်ဘုရား၊ "ငါ့မိဘ၊ မောင်နှမတွေ တစ်ခုခုဖြစ်ရင်တော့ ငါတော့ ဒုက္ခပဲ၊ သူများတွေ ကဲ့ရဲ့မှု ခံရတော့မှာပဲ" အစရှိသည်ဖြင့် မတွေးသင့်တာတွေ တွေးကာ သူများ ကဲ့ရဲ့ခံရမှာလည်း ကြောက်၊ မိဘမောင်နှမတွေ ဒုက္ခဖြစ်မှာလည်း ကြောက်နဲ့ တပည့်တော်မှာ မသိမသာ နှလုံးရောဂါ ဝင်လာတာ တရားအားထုတ်ပြီးမှ သိရပါတယ်ဘုရား။

ကိုယ့်အပူ ကိုယ်ရှာ၊ ကိုယ့်ရောဂါ ကိုယ်မွေးကာ အချိန်တွေ တော်တော်ကုန်ဆုံးလာခဲ့ပါတယ်ဘုရား၊ ကိုယ့်ကိုယ်လည်း ဟုတ်လှပြီလို့ အထင်ကြီးနေခဲ့ပါတယ်ဘုရား၊ "ငါ့လောက် မိဘမောင်နှမတွေအပေါ် တာဝန်ကျေတဲ့သူ မရှိဘူး၊ ငါမရှိရင်တော့ မလွယ်ဘူး" အစရှိသဖြင့် တာဝန်ကျေကာ ဘယ်မှ မသွားမလာဘဲ အိမ်ထဲမှာပဲ သံသရာလည်နေပါတယ် ဘုရား။

နောက် တရားအားထုတ်ပြီးတဲ့ အခါကျတော့ ရုပ်နာမ်ခန္ဓာရဲ့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အလိုမလိုက် အကြိုက်မပါတဲ့ သဘောတွေကို ဉာဏ်ထဲမှာ ရှင်းရှင်းလင်းလင်း သိလာရတဲ့အခါမှာ "ဩော် - အစက မသိလို့ မှားခဲ့ရပါလား" လို့ သိလာရပါတယ်ဘုရား။

## ငါ မရှိရင် မဖြစ်ဘူး

ဟို - ရှေးယခင်ကတော့ "ငါလုပ်ရင် ပြီးတယ်၊ ငါမရှိရင် မဖြစ်ဘူး၊ ငါ့ကိုတော့ သူများတွေ ကဲ့ရဲ့တော့မှာပဲ" စတဲ့ ငါတွေ များခဲ့ပါတယ်၊ ယခုအခါ အဲဒီ ငါတွေ ပျောက်သွားပါတယ်ဘုရား၊ သူ့သဘော သူဆောင်နေတဲ့ သဘောကြောင့် သူဖြစ်ချင်သလိုပဲ သူဖြစ်မှာပဲ၊ ဒီဖြစ်နေတဲ့ အရာတွေဟာလည်း ဖြစ်ပြီးတာနဲ့ ပျက်သွားတာမို့ ဘာမှ စွဲလမ်းစရာမရှိတာကို မြင်ရတော့ အားလုံးကို တရားသဘောနဲ့ ဖြေဖျောက်နိုင်တော့ ချမ်းသာလိုက်တာ ပြောမပြတတ်အောင်ပါပဲ ဘုရား။

ဘယ်လောက်အထိ ချမ်းသာသွားသလဲဆိုရင် ငါးနှစ်တာ ကာလပတ်လုံး နှလုံးရောဂါ မဖြစ်အောင် ကာကွယ်ပေးနေရတဲ့ တစ်လတစ်ခါ ဆေးထိုးရတဲ့ ကာကွယ်မှုဟာ တရားအားထုတ်ပြီးတဲ့ အချိန်ကစပြီး ကင်းလွတ်သွားခဲ့ပါတယ်ဘုရား၊ ကိုယ်ခန္ဓာဟာလည်း ယခင်ကလို လေးလံထိုင်းမှိုင်းခြင်း မရှိဘဲ အမြဲတမ်း ပေါ့ပါးဖျတ်လတ်နေပါတယ်၊ စိတ်ဓာတ်လည်း ရွှင်လန်းနေပါတယ်ဘုရား။

အမေ၊ မိဘမောင်နှမတွေအပေါ် ပူပန်မှုတွေလည်း ကင်းပျောက်ခဲ့ရပါတယ်ဘုရား၊ အစတုန်းကလို "ငါက ကောင်းပါရဲ့ကနဲ့ ငါ့အပေါ်မကောင်းကြဘူး" ဆိုပြီး ပြစ်တင်မှု ဒေါမနဿတရားတွေကိုလည်း တရားသဘော သိလာတာနှင့်အမျှ ဖြေဖျောက်နိုင်ခဲ့ပါတယ် ဘုရား။

သူများ မကောင်းလို့ မဟုတ်ဘူး၊ ဒီခန္ဓာရှိလို့ ဒီဒုက္ခတွေ တွေ့ရတာပါ၊ ခန္ဓာချုပ်ငြိမ်းရင် ဖြစ်စရာ မရှိတော့ဘူးဆိုပြီး သူများတွေကို အပြစ်ပုံမချတော့ဘဲ ခန္ဓာအဖြစ်ကို ပိုင်ပိုင်နိုင်နိုင် သိလာပါတော့တယ်ဘုရား၊ သိလာတော့ အားလုံးကို ခွင့်လွှတ်နိုင်၊ သည်းခံနိုင်တာနဲ့အမျှ ချမ်းသာမှု အပြည့်အဝ ရရှိလာပါတယ်ဘုရား။

လူတိုင်းကို ခွင့်လွှတ်တဲ့စိတ်နဲ့ သည်းခံပြီး ပေါင်းတာကို မသိနားမလည်သူတွေက သတ္တိနည်းတယ်၊ ပျော့ညံ့တယ်၊ အရာရာ အရှုံးပေးတယ်လို့ ထင်ကြပါတယ်ဘုရား။

တကယ်တော့ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းအားဖြင့် အရာရာကို ဘယ်လောက်ထိ အောင်မြင်တယ်ဆိုတာ ခံစားဖူးတဲ့ သူတွေသာ သိကြပါလိမ့်မယ်ဘုရား၊ တပည့်တော်တော့ ကိုယ်တွေ့မို့ နောက်ဆိုရင် ဒီထက်တိုးလို့ သည်းခံတရားလက်ကိုင်ထားကာ တရားသာ ကြိုးစားရှုပွားသွားပါတော့မယ် ဘုရား။

## အားထားရာ အစစ်

တရားရှုပွား အားထုတ်မှု မပြုခင် အချိန်ပိုင်းတုန်းက တပည့်တော်ရဲ့ရတနာသုံးပါး ကြည်ညိုမှုဟာ မိရိုးဖလာ အဆင့်ပဲ ရှိပါတယ်ဘုရား၊ တရားအားထုတ်ပြီးလို့ ဆရာတော်ဘုရားရဲ့ ဆုံးမမှုပဲ့ပြင်မှုကို နာခံမှတ်သားပြီးတဲ့အချိန်မှ နောက်ပိုင်းမှာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် မှီခိုအားထားရာ အစစ်အမှန်အဖြစ်နဲ့ နှလုံးသားမှာ ကိန်းသွားပါပြီ ဘုရား။

ရတနာသုံးပါးလည်း ထိပ်မှာပန်ဆင်၊ တရားဘာဝနာလည်း အစဉ်အမြဲ ရှုပွားနေတော့ စိတ်ဆင်းရဲမှုတွေ ချုပ်ငြိမ်းပြီး အေးငြိမ်းမှုတွေ တိုးတက်ရရှိလာပါတယ်ဘုရား၊ အေးငြိမ်းမှုရလေ တိုး၍ရှုပွားလေဆိုတော့ မမြဲဆင်းရဲ အစိုးမရတဲ့ သဘောတွေလည်း ဉာဏ်မြင်မှာ ရှင်းရှင်းလာလေပါပဲ ဘုရား။

ဒီရုပ်နာမ် ခန္ဓာကြီးဟာ မိမိသဘောမပါ သူ့သဘော သူဆောင်ကာ ဖြစ်ပြီးပျက်လျက် နောက်ဆုံး အပျက်တရားတွေသာ တရစပ်မပြတ်တွေ့နေရတာမို့ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့ တစ်ခါတည်းသာ မျက်မှောက်ပြုချင်ပါတော့တယ် ဘုရား။

## ငြိမ်းချမ်းမှုရလေ

နိဗ္ဗာန်မျက်မှောက် အရောက်သွားချင်တာနှင့်အမျှ ဣရိယာပုတ် လေးပါးနဲ့ ရတဲ့အချိန်မှာ ရတဲ့နေရာမှာ ရသလို ရှုပွားအားထုတ်တော့ အရှုခံနဲ့ ရှုဉာဏ်ကို တည့်တည့်ပြီး ဝမ်းမြောက်မှု၊ နှစ်သိမ့်မှု၊ ငြိမ်းချမ်းမှု၊ ချမ်းသာမှုတွေ တိုး၍တိုး၍ ရရှိပါတယ်ဝဘုရား။

မြေပြင်ပေါ်မှာ လမ်းလျှောက်တာကအစ တပည့်ကို စာသင်လို့ ကျောက်သင်ပုန်းပေါ်စာရေးတာအဆုံး အိစက်ညက်ညောတဲ့ ပန်းမွေ့ယာကော်ဇောတွေပေါ်မှာ လျှောက်ရ၊ ရေးရသလိုပဲ ဖြစ်နေပါတယ်ဘုရား၊ အဲဒီသဘောတွေလည်း မတည်မြဲဘဲ၊ နောက်ဆုံးတော့ ပျက်စီးသွားတာပါပဲ ဘုရား။

ခန္ဓာရဲ့မမြဲတဲ့သဘော အစိုးမရတဲ့သဘောတွေ နားလည်သဘောပေါက်လေ သဒ္ဓါတရား တက်လာလေပါပဲဘုရား၊ သဒ္ဓါတရား တက်လာသည်နှင့်အမျှ ရှစ်ပါးသီလကို အမြဲစောင့်ထိန်းလို့ အခြေအနေပေးရင် ပေးသလို အမွှမ်းတင်သီလဖြစ်တဲ့ ဓုတင်တွေလည်း ဆောက်တည်ခဲ့ပါတယ် ဘုရား၊ သီလမြဲမှု ဓုတင်တည်ဆောက်မှုကြောင့်ပဲ တပည့်တော် ရရှိထားတဲ့ တရားတွေဟာ ကျမသွားပဲ ပို၍ ခိုင်မြဲလာပါတယ်ဘုရား။

## တရားမြဲလေ

တရားမြဲလေ ခန္ဓာရဲ့အပျက်တရားတွေကို မြင်လေပါပဲဘုရား၊ ဆရာတော်ဘုရား ခန္ဓာကြီးကတော့ သူ့ဝတ္တရား ကျေပွန်စွာနဲ့ ဖြစ်.တည်.ပျက် အလုပ်ကို ပုံမှန်လုပ်ဆောင်နေတာပါပဲ ဘုရား၊ ခန္ဓာက ဖြစ်ပြီးလို့ တည်မယ်တောင် မကြံသေးဘူး ပျက်သွားတာပဲ ဘုရား၊ ပျက်တာမှ သဲပုံကြီးများ တအိအိနဲ့ ပြိုဆင်းနေသလိုလို တောမီးလောင်တဲ့ တောဝါးများ တဖျောက်ဖျောက်နဲ့ ပေါက်ကွဲလောင်ကျွမ်း ပျက်စီးနေသလိုလို နေရောင်မှာ မြူမှုန်များ တဖွားဖွားနဲ့ လွင့်ပါးနေသလိုလိုနဲ့ ပြောမပြတတ်အောင် ခန္ဓာတစ်ခုလုံး ပျက်စီးနေတာ ဘာတစ်ခုမှ ရစရာ မရှိ၊ ယူစရာ မတွေ့ပါဘုရား။

မသိမှု အဝိဇ္ဇာဖုံးခဲ့စဉ် အချိန်တုန်းက ခန္ဓာရဲ့ ဖြစ်ပျက်မှုတွေကို ကြည့်ရှုရမှန်း မသိခဲ့လို့ မကြည့်ရှုခဲ့တော့ ခန္ဓာရဲ့ အဖြစ် အပျက်လည်း မသိခဲ့ပါဘုရား၊ ကိုယ့်ခန္ဓာကိုယ်ကို မကြည့်ဘဲ သူများခန္ဓာပဲ ကြည့်ပြီး သူများခန္ဓာအတွက် အပိုတာဝန်ဝတ္တရားတွေသာ ဆောင်ရွက်နေရတော့ ကိုယ့်ခန္ဓာအတွက် တာဝန်မကျေတာ ယခုမှ သိရပါတယ်ဘုရား။

ခန္ဓာက သူ့ဝတ္တရား ကျေပါလျက် တပည့်တော်က မကျေခဲ့တာ ခုမှ သိလည်း သိ၊ သဘောလည်း ပေါက်ပြီမို့ အတိုးချကာ ကိုယ့်အတွက် တာဝန်ကျေအောင် ရတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ အသိတရား ရှေ့ထားကာ ရှုပွားနေပါတယ် ဘုရား။

## ဒုက္ခ ထင်ရှား

တရားစခန်း ဆယ်ရက်အတွင်းမှာ အနိစ္စနဲ့ အနတ္တအချက်ကိုသာ ပိုင်ပိုင်နိုင်နိုင် သိခဲ့ပေမဲ့ ခန္ဓာရဲ့ ဒုက္ခချက်ကို ထင်ရှားစွာ ဉာဏ်မှာ မပွင့်ခဲ့ပါဘုရား။ ဆယ်ရက်စခန်းမှ ထွက်ပြီး ဆက်လက်ရှုပွားတော့မှ ဒုက္ခအချက်ဟာ ထင်ရှားလာပါတယ် ဘုရား။

တပည့်တော် စာမေးပွဲခန်း စောင့်အပြီး ကျောင်းမှ အိမ်သို့ ပြန်လာရာ လမ်းတစ်လျှောက် ခန္ဓာရဲ့ဖောက်ပြန်မှုတရားတွေကို သတိကပ်လာတော့ တပည့်တော်ရဲ့မျက်နှာနဲ့ ကျောပြင်မှာ ချွေးတွေ ယိုစီးကျလာတာ သိရပါတယ်ဘုရား။

အပြင်ရုပ်တရားဖြစ်တဲ့ နေပူရှိန်ကြောင့် ခန္ဓာမှာ အာပေါဓာတ်ကြီး ဖောက်ပြန်ကာ ချွေးအဖြစ် ယိုစီးလာတာပါပဲ ဘုရား။ အိမ်ရောက်တဲ့အခါ အရှိရုပ်တရားက ဖောက်ပြန်မှုကြောင့် မောပန်းလာသဖြင့် ခေတ္တအနားယူသည့်သဘောနှင့် လှဲအိပ်လိုက်ပါတယ် ဘုရား။

အဲဒီအချိန်မှာ ပညတ်သဘောအရ ခြေဖဝါးထောင့်စွန်း တစ်နေရာမှာ ပူလိုက်တာ မီးခဲ နင်းထားတဲ့အတိုင်းပါပဲ ဘုရား၊ ပူတဲ့နေရာကလေးမှာ သတိကပ်ထားလိုက်တော့ ပူမှုတစ်ချက် သိမှုတစ်ချက်နဲ့ ပူလိုက် ပျက်လိုက်နဲ့ ရုပ်တရားကြီး ဖောက်ပြန်နေတာကို ထင်ထင်ရှားရှား သိရပါတယ် ဘုရား။

တေဇောဓာတ် လွန်ကဲလို့သာ ပူတယ်လို့ ထင်ရှားသိနေရပေမဲ့ သေသေချာချာ ကြည့်လိုက်တဲ့အခါမှာ ပူတဲ့နေရာ တစ်ကွက်လေးမှာပဲ မာတဲ့ ပထဝီသဘော၊ ဖွဲ့စည်းတဲ့အာပေါသဘော၊ ထောက်မတွန်းကန်ထားတဲ့ ဝါယောသဘောတွေပါ စုပေါင်းပြီး နှိပ်စက်နေတာကို တွေ့ရပါတယ်ဘုရား။

တေဇောဓာတ်လွန်လို့ ပူနေတဲ့ နေရာကို သေချာစွာ ရှုပွားကြည့်ပြန်တော့ ပူသဘောဟာ ဒီနေရာမှာပူ၊ ဒီနေရာမှာပဲ ပျက်နေတာကို သိရတော့ ဖြစ်ပျက်တရားတွေ အဖန်တလဲလဲ နှိပ်စက်နေမှုကြောင့် ဆင်းရဲတဲ့ဒုက္ခ ခန္ဓာကြီးပါလားလို့ ခန္ဓာရဲ့ဒုက္ခလက္ခဏာ ဆင်းရဲခြင်းသဘောတရားဟာ တပည့်တော်ရဲ့ဉာဏ်မှာ ထင်ရှားစွာ ပေါ်လာပါတယ်ဘုရား။

## မလိုချင်လေ

တပည့်တော်ရဲ့ ဉာဏ်အမြင်မှာ ရုပ်နာမ် ခန္ဓာရဲ့မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း သဘောတရားတွေကို ပိုင်ပိုင်နိုင်နိုင် သိလာ မြင်လာလေ စွဲလမ်းနှစ်သက် တွယ်တာစရာ မရှိတဲ့ ရုပ်နာမ် ခန္ဓာကိုယ်ကြီးကို မလိုချင်လေပါပဲ ဘုရား၊ ရုပ်နာမ် ခန္ဓာအပေါ်စွဲလမ်းတွယ်တာမှုတွေ ကင်းတော့ စိုးရိမ်မှု၊ ဝမ်းနည်းကြေကွဲမှု၊ စိတ်ဆင်းရဲမှုတွေ ကင်းပြီး ချမ်းသာမှုတွေ ခံစားရပါတယ်ဘုရား။

ရုပ်. နာမ်. ခန္ဓာ ရှိနေတုန်းအချိန်မှာတောင် အရှုခံအာရုံနှင့် ရှုဉာဏ်တည့်နေရင် အေးငြိမ်းချမ်းသာမှုတွေ ရရှိပါတယ်ဆိုရင် ရုပ်၊ နာမ်၊ ခန္ဓာတွေ ချုပ်ငြိမ်း ရုတ်သိမ်းရာမှန် နိဗ္ဗာန်မှာဆိုရင် ဘယ်လောက်ထိ အေးငြိမ်းချမ်းသာမယ်၊ ငြိမ်သက်အေးမြမယ်ဆိုတာ မှန်းဆပြီးအာရုံပြုနိုင်ပါတယ် ဘုရား။

ဆရာတော်ဘုရား၊ အရင်းအနှီးကနည်း၊ အလုပ်ကလည်း သက်သာပြီး အကျိုးကျေးဇူးကျတော့ အလွန်များလှတဲ့ ခန္ဓာဉာဏ်စိုက်ရတဲ့ ဉာဏ်အလုပ်ကို တပည့်တော် ရှုပွားအားထုတ်လို့ အကျိုးရပုံကို တင်လျှောက်ရခြင်းဟာ တပည့်တော်

လိုပဲ ချမ်းသာမှု၊ အေးငြိမ်းမှုတွေ ရရှိခံစားချင်သူတို့ အားကျကာ ကြိုးစားပွားများ အားထုတ်သဖြင့် အကျိုးကျေးဇူး ရစေချင်လို့ ပါဘုရား။

## အနေတတ် အသေတတ်

ဆရာတော်ဘုရား၊ တရားအားထုတ်တဲ့အလုပ်က အေးငြိမ်းချမ်းသာမှုတွေပေးတဲ့အပြင် အနေတတ်၊ အသေတတ်အောင်လည်းစွမ်းဆောင်နိုင်သေးတယ် မဟုတ်လား ဘုရား။ ပဋိသန္ဓေအစ မရဏအဆုံးရှိတဲ့ ခန္ဓာကိုယ်ကြီးကို ရထားကြတဲ့အတိုင်း နောက်ဆုံး ကိုယ့်လမ်း ကိုယ်ရွေးပြီး ကိုယ့်သေတွင်း ကိုယ်တူးကြရမယ် မဟုတ်ပါလား ဘုရား။

ဒါကြောင့် အနေတတ်၊ အသေတတ်ဖို့ အရေးဟာ အရေးကြီးတယ် မဟုတ်ပါလား ဘုရား၊ ဒီလို အနေတတ်၊ အသေတတ်အောင် ဘယ်လိုလုပ်ရမယ်၊ ဘယ်လိုကြိုးစားရမယ်ဆိုတာ လူတိုင်းသိသင့် နားလည်သဘောပေါက်သင့်တယ် မဟုတ်ပါလား ဘုရား။

လူတိုင်းဟာ တစ်နေ့တော့ ခန္ဓာဇာတ်သိမ်းကာ သေပွဲဝင်ကြရမှာပါ ဘုရား၊ သေကံမရောက် သက်မပျောက်သေးသော်လည်း ရုပ်တရားကြီးဖြင့် ပြင်းထန်စွာ ဖောက်ပြန်လို့ သေလောက်နီးနီး ဒုက္ခဝေဒနာတွေ ခံစားရတဲ့အခါ ဒုက္ခဝေဒနာကို သည်းခံနိုင်အောင်၊ ဝေဒနာတခြား၊ ငါတခြားဖြစ်အောင် ရှုပွားနိုင်ရမယ် မဟုတ်ပါလား ဘုရား။

အဲဒီလို ရှုပွားနိုင်ဖို့ကလည်း အမြဲမပြတ် ရှုမှတ်ပွားများ အားထုတ်နေမှ ဖြစ်နိုင်မယ် မဟုတ်ပါလား ဘုရား။

## မပြင်းထန်သေးတော့

တပည့်တော် ဖျားနာမှု ဒုက္ခဝေဒနာကို စတင်ခံစားရတဲ့အချိန်မှာ ဝေဒနာက မပြင်းထန်သေးတော့ တရားကို သေသေချာချာ ရှုပွားမှု မပြုသေးပါဘုရား၊ တစ်နေ့ထက်တစ်နေ့ ဒုက္ခဝေဒနာက ပြင်းထန်လာတဲ့အခါကျမှ တရားသဘောကို ခန္ဓာထဲရောက် ဉာဏ်သွင်းရှုပွားပါတယ် ဘုရား။

ဖျားနာတဲ့နေရာက မိမိအိမ်မဟုတ်တော့ အားနာမှုဖြစ်တာကတစ်မျိုး၊ စိတ်အားငယ်တာကတစ်မျိုး ဖြစ်ပါသေးတယ်ဘုရား၊ အမေကိုပဲ မှာချင်သလိုလို၊ အစ်မတွေပဲ မှာရတော့မလိုလိုနဲ့ တစ်မျိုးပဲ ဖြစ်ပါသေးတယ်ဘုရား၊ အဲဒီလိုဖြစ်နေစဉ် တပည့်တော်ကိုယ် တပည့်တော် –

အခု ဒီမှာ တကယ်ဖျားနေပြီ၊ ပြန်ဖို့ကလည်း အခြေအနေမပေးသေးဘူး၊ အိမ်ရှင်တွေ အားနာနေတော့လည်း ရောဂါ သက်သာမှာလား၊ သူဖြစ်ချင်သလို ဖြစ်လာပြီပဲ၊ အမေတွေ၊ အစ်မတွေကို မှာလို့ကော သူတို့က ဘာလုပ်ပေးလို့ရမှာလဲ၊ ဆေးဆရာခေါ်ပြီး ကုပေးဖို့ပဲရမယ်၊ ငါ့ရောဂါတွေကို သူတို့ခံစားပေးလို့ရမှာမဟုတ်ဘူး၊ ဒီမှာလည်း အိမ်ရှင်တွေက ဆရာခေါ်ပြီး ကုသပေးနေတာပဲလို့ ဆုံးမပါတယ်ဘုရား၊ အဲဒီလိုဆုံးမတော့ အားငယ်စိတ်တွေ ပျောက်ပျက်သွားပါတယ်ဘုရား၊ နောက်ဆုံး သွားရမယ့်လမ်းကလည်း သေလမ်းပဲ မဟုတ်လား ဘုရား။

## သေနည်း (၆)မျိုး

မသေခင်မှာ တောင်တွေးမြောက်တွေး၊ တောင်ကြံမြောက်ကြံကြံနေရင် သွားရမယ့် သေလမ်းခရီး ဖြောင့်မှာမဟုတ်လို့ ကိုယ့်ကိုယ်ကို သေတော့မယ်လူလို သေလူလို သဘောထားလိုက်တော့ ဘာမှ အသုံးမကျတဲ့ ဒီခန္ဓာအတွက် စွဲလမ်းမှုတွေ မဖြစ်တော့ပါ ဘုရား၊ အဲဒီလို မိမိကိုယ်မိမိ နလုံးသွင်း ဆုံးမနေစဉ် တပည့်တော် မဖျားနာခင်က ဆရာတော်ဘုရား ဟောကြားခဲ့တဲ့ သေနည်း (၆)မျိုး တရားကို အမှတ်ရလိုက်ပါတယ်ဘုရား။

အဲဒီလို အမှတ်ရလိုက်တာနဲ့တစ်ပြိုင်နက် သေနည်း(၆)မျိုးထဲက နောက်ဆုံးနှစ်မျိုးဖြစ်တဲ့ "နာပြီးတရား ပြန်ရှုပွား၊ သေကြွား နှစ်မျိုးတည်း" ဆိုတဲ့အတိုင်း ကြိုးစားရှုပွားမယ်လို့ ဆုံးဖြတ်ချက်ချကာ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင်ထိန်းပြီး ဆရာတော်ဘုရား ဆုံးမဩဝါဒပေးထားတဲ့အတိုင်း တပည့်တော် နှလုံးသွင်း ရှုပွားပါတယ်ဘုရား။

အဲဒီအချိန်မှာ တပည့်တော်ရဲ့ အဖျားက "၁၀၃ F" သာရှိပေမဲ့ တစ်ကိုယ်လုံးဟာ မီးလိုပဲ ပူပါတယ်ဘုရား၊ ကိုက်ခဲနေတာကလည်း တစ်ကိုယ်လုံးပါပဲဘုရား၊ ပထမဦးဆုံးတော့ တပည့်တော် နာသီးဝမှာ တိုးနေတဲ့ တိုးသဘောကို စောင့်ပြီး ရှုပါတယ်၊ ဒုက္ခဝေဒနာက ပြင်းထန်လို့ ဝေဒနာနွှာရှုပါတယ် ဘုရား။

အဲဒီလို ရှုပွားနေပေမဲ့ တိုးသဘောရုပ်ကို မသိ၊ မမိပါဘုရား၊ ဘာဖြစ်လို့လဲဆိုတော့ အပူရုပ်တရားဖြစ်တဲ့ တေဇောရုပ်က အရမ်းလောင်ကျွမ်း ဖောက်ပြန်နေလို့ပါ ဘုရား။

တိုးသဘောရုပ်ကို ရှုပွားလို့မရတော့ ပြင်းထန်စွာ ဖောက်ပြန်နေတဲ့ ပူသဘောနဲ့ အပူလွန်လို့ ကိုက်ခဲနာကျင်မှု သဘောတရားတွေကို တိုက်ရိုက်ရှုပွားပါတယ် ဘုရား။

ပထမဦးဆုံး ဦးခေါင်းမှာ ဒိတ်ဒိတ်နဲ့တိုးနေတဲ့ တိုးသဘောကို ဒိတ်ဒိတ်နဲ့ တစ်ချက်ပြီးတစ်ချက် တိုးနေတာ တိုးတိုင်း တိုးတိုင်း ရုပ်၊ ရုပ်လို့ ရှုပွားပါတယ်ဘုရား။

## အသံမြည်ပြီး ခေါင်းထိုး

ဆရာတော်ဘုရား၊ ခေါင်းထိုးတဲ့နေရာမှာ တောင့်တင်းမှု၊ ဖွဲ့စည်းမှု၊ တွန်းကန်မှု၊ ပူမှုတွေ တစ်လုံးတစ်စည်းတည်း ရှိနေတယ်ဆိုတာ သိရပါတယ်ဘုရား၊ ဘယ်ရုပ်တွေ ဘယ်လိုအကြောင်းကြောင့် ဖောက်ပြန်နေတယ်လို့ အတိအကျ မသိပေမဲ့ မာတဲ့ အမာခံတစ်ခုကို တစ်ခုခုနဲ့ ထိခိုက်မိမယ်ဆိုရင် အသံမြည်သွားတယ် မဟုတ်ပါလား ဘုရား။

ယခုလည်း တဒိတ်ဒိတ်နဲ့ မြည်နေတဲ့အသံကို ကြားနေရကတည်းက တိုးနေတဲ့နေရာမှာ မာတဲ့ သဘောရှိရမယ်။ တစ်နည်းတော့ ပထဝီရုပ်ကြီး ရှိနေမယ်၊ အဲဒီပထဝီရဲ့ မာတဲ့သဘောကို ဝါယောရုပ်က တွန်းကန်ထောက်မနေတော့ တဒိတ်ဒိတ်နဲ့ အသံမြည်ပြီး ခေါင်းထိုးနေတယ်လို့ တပည့်တော် သိမြင်ပါတယ် ဘုရား။

လေဆိုတဲ့ ဝါယောရုပ်ကလည်း အပူဓာတ် အဖော်ရမှ လှုပ်ရှားတွန်းကန်နိုင်တယ်ဆိုတော့ ဝါယောရုပ်က ပထဝီ အမာရုပ်ကို တွန်းကန်နိုင်ရအောင် တေဇောရုပ်ဆိုတဲ့ အပူရုပ်က လောင်ကျွမ်းပေးရပါသေးတယ် ဘုရား။

အဲဒီအချိန်မှာ တပည့်တော်ရဲ့အပူရုပ်က ၁၀၃ ဒီဂရီဆိုတော့ ပိုပြီး အပူကြီးတော့ ခေါင်းထိုးမှုကလည်း ပိုပြီး ပြင်းထန်ပါတယ်ဘုရား၊ အချုပ်တော့ ခေါင်းထိုးမှုဖြစ်တာဟာ တေဇော၊ ဝါယော၊ ရုပ်တရားတွေ ဖောက်ပြန်ပြီး ပထဝီအမာခံက ခံရတာပဲ မဟုတ်ပါလားဘုရား၊ ခေါင်းမဟုတ်တဲ့ ပထဝီ၊ တေဇော၊ ဝါယောတို့ ဖောက်ပြန်မှုပဲ မဟုတ်ပါလားဘုရား။

အဲဒီ ရုပ်ဖောက်ပြန်မှုဖြစ်တဲ့ ခေါင်းထိုးမှုကို သေသေချာချာ အာရုံရှုပွားလေ တိုးမှုတစ်ချက်၊ သိမှုတစ်ချက်၊ အပျက်တစ်ချက် ပျက်တာကို သိတာတစ်ချက်နဲ့ ထိုးမှုဟာ သိပျက် သိပျက်နဲ့ တရစပ်ပဲ ပျက်နေတာကို မြင်ရပါတယ်ဘုရား။ ခန္ဓာရဲ့ အပျက်တရားဟာ ထင်ထင်ရှားရှား သိမြင်နေရတော့ ချမ်းသာမှုလည်းမရှိ၊ ဆင်းရဲမှုလည်း မဖြစ်ပါ၊ ဒုက္ခဝေဒနာမှ ဥပေက္ခာဝေဒနာရှုပွားနိုင်ပါတယ်ဘုရား။

အဲဒီလို ခေါင်းထိုးမှုကို ရှုပွားနေရင် ရင်မှာ တုန်မှုထင်ရှားလာလို့ ရင်တုန်မှုကို ဆက်ရှုပြန်တော့လည်း တုန်မှုတစ်ချက်၊ သိမှုတစ်ချက်နဲ့ တစ်တုန်ပြီးမှ တစ်တုန်၊ ဖြစ်လိုက် သိလိုက် ပျက်လိုက်နဲ့ ရုပ်နာမ်ခန္ဓာသံသရာလည်နေပုံကို ကွဲကွဲ

ပြားပြားမြင်သိရပါတယ်ဘုရား။ ဒီလို ရုပ်နာမ်ခန္ဓာရဲ့ဖောက်ပြန်မှုတွေကို ဖောက်ပြန်နေတဲ့အတိုင်း ရှုပွားနေရတော့ သက်သာပါတယ်ဘုရား။ ဥပေက္ခာအနေ သက်ရောက်နေပါတယ်ဘုရား။

## ဥပေက္ခာသဘော

ဆရာတော်ဘုရား၊ ဒုက္ခဝေဒနာသဘောမှ ဥပေက္ခာဝေဒနာသဘော သက်ရောက်သွားတော့မှ "ဝေဒနာဟာ ငါမှ မဟုတ်ဘဲ၊ ရုပ်ဖောက်ပြန်မှုကို ခံစားနေတာပဲ။ ရုပ်ဖောက်ပြန်မှုကတခြား၊ ရုပ်ဖောက်ပြန်မှုကို သိရှိခံစားနေတဲ့ ဝေဒနာက တခြား၊ ငါ့ကိုယ်ကောင်ကတခြား" လို့ ခွဲခွဲခြားခြား သိရှိတဲ့အခါ ပြင်းထန်စွာ ဒုက္ခဝေဒနာကို ခံစားနေရပေမဲ့ တပည့်တော်ရဲ့ မျက်နှာဟာ ကြည်နေတာပဲလို့ လာကြည့်တဲ့ ယောဂီတွေရဲ့ပြောသံကို ကြားနေရပါတယ် ဘုရား။

ကိုယ့်ရဲ့မျက်နှာကို ကိုယ်ပြန်မမြင်ရလို့ တပည့်တော်ရဲ့ရုပ်ကြည်၊ မကြည်ကိုတော့ မသိရပါဘုရား၊ ဒါပေမဲ့ တပည့်တော်ရဲ့မျက်နှာပြင်ကို စိတ်အစဉ်နဲ့ ကြည့်လိုက်တော့ တပည့်တော်ရဲ့နှုတ်ခမ်းဟာ ပြုံးရောင်သမ်းနေမှန်း သိပါတယ်ဘုရား၊ ဒါကြောင့် ယောဂီတွေက ရုပ်ကြည်တယ်လို့ ပြောတာဖြစ်မှာပါ ဘုရား။

အဲဒီ ပြုံးရောင်သမ်းနေတဲ့နှုတ်ခမ်းကို အာရုံပြုရှုပွားလိုက်ပြန်တော့ တဆစ်ဆစ် တရွရွ တဖျင်းဖျင်းနဲ့ တင်းလိုက် လျော့လိုက်နဲ့ ဖြစ်ပျက်နေလိုက်တာ အပြင်လူ ယောဂီတွေက မသိကြတော့ ရုပ်ကြည်နေတယ်ဆိုပြီး အံ့သြနေကြတာပါ ဘုရား။

ဒါပေမဲ့ အတွင်းက ရုပ်တရားကြီးက သုဝဏ္ဏရားအတိုင်း ကျေပွန်စွာပဲ ပျက်စီးနေပါတယ်ဘုရား၊ ပျက်စီးပုံ အစ အဆုံးကိုလည်းတရားနှလုံးသွင်းနေတဲ့ တပည့်တော်ပဲ သိပါတယ်ဘုရား၊ သိလေ ရုပ် နာမ်ခန္ဓာကို သတိကပ်ပြီး ရှုမှတ်နေလေပါပဲ ဘုရား။

## မခံစားရတော့

ဆရာတော်ဘုရား၊ ရုပ်ဖောက်ပြန်မှုတွေကို နှလုံးသွင်းပြီး မှန်မှန်ရှုပွားနေနိုင်တာနဲ့အမျှ ဒုက္ခဝေဒနာကို မခံစားရတော့ဘဲ သက်သာမှုရသွားပါတယ်ဘုရား။ တပည့်တော် ရှုမှတ်နေတဲ့အချိန်မှာ တပည့်တော်ရဲ့ဘေးမှာ ယောဂီတွေ အများကြီး ဝိုင်းနေကြပါတယ်ဘုရား၊ အဲဒီယောဂီတွေက တပည့်တော်ကို အားပေးတဲ့ တရားစကားတွေ မပြောဘဲ –

နင်နဲ့ ငါနဲ့ ဘယ်အရွယ်တုန်းက သူငယ်ချင်းတွေပေါ့၊ သူနဲ့လည်း သူငယ်ချင်းပဲ၊ ယခု သူ ဘယ်ရောက်နေပြီလဲ၊ သူကကြီးပွားလို့ပါလား၊ သူကတော့ ဘာဖြစ်နေပြီ –

စသည်ဖြင့် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြပါတယ်ဘုရား၊ မိတ်ဖြစ် ဆွေဖြစ် စကားလက်ဆုံကျနေပါတယ် ဘုရား၊ သူတို့ပြောသံတွေကြားရတော့ တပည့်တော် သတိသံဝေဂတရားဖြစ်ကာ အတွေးတစ်ခု ဝင်လာပါတယ်ဘုရား။

တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ပါတယ်လို့ ဘယ်လိုပဲပြောပြော လူတွေဟာ မိမိတို့ကိုယ်လောက် ဘယ်သူ့ကိုမှ မချစ်ကြပါဘုရား၊ မခင်ကြပါဘုရား။ ကိုယ်ရေးကိုယ်တာပဲ ရှေ့တန်းတင်ကြပါတယ်၊ တကယ် ဒုက္ခကြုံလာရင် ပြင်းထန်တဲ့ ဒုက္ခဝေဒနာဖြစ်လာရင် ဘယ်သူမှ အစားဝင်ပြီး ဒုက္ခခံကြမှာ မဟုတ်ပါဘူး။ အစားဝင်ပြီး ခံပေးမယ်လို့ သိပ်ချစ်တဲ့ လူတွေက ပြောဦးတော့ အငှားခံစားလို့ မရပါဘူး၊ ကိုယ်တိုင် ဒုက္ခဝေဒနာကို ခံစားရမှာပါလားလို့ အတွေးဝင်လာပါတယ် ဘုရား၊ လောကမှာ လူသားတိုင်းဟာ မိမိကိုယ်သာလျှင် မိမိအချစ်ဆုံးပါ၊ မိမိကိုယ်ကို မိမိ တကယ်ချစ်ပါတယ်ဆိုရင် မိမိရဲ့ဘဝလမ်းခရီးမှာ အနေလှ၊ အသေလှ ဖြောင့်ဖြူးသာယာအောင် ကြိုးစားသွားရမှာပါ ဘုရား။

## ဘဝဆိုတာ ဘာလဲ

ဘဝဆိုတာ ဘာလဲဆိုရင် နိဗ္ဗာန်မရောက်ခင်စပ်ကြား မရေမတွက်နိုင်အောင်ဖြစ်နေရမယ့် အယုတ်.အလတ်.အမြတ် ဘဝတွေပဲ မဟုတ်ပါလား ဘုရား။ အတိတ်က မသိခဲ့လို့ မိုက်မှားမိပေမဲ့ ယခုလို သာသနာတော်နဲ့ ကြုံတဲ့အချိန်မှာ မိမိအတွက် မျက်မှောက်ဘဝချမ်းသာရေးနဲ့ ဘဝခရီးလမ်း ဖြောင့်ဖြူးရေး၊ ဘဝလွတ်မြောက်ရေးကို ကြိုးစားရမယ် မဟုတ်ပါလား ဘုရား။

အဲဒီလို ကြိုးစားတဲ့နေရာမှာလည်း မိမိရဲ့ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံအစည် မှန်သမျှကို အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်သာ ဖြစ်စေရမယ် မဟုတ်ပါလားဘုရား။

တစ်နည်းပြောရရင်တော့ ကိုယ်. နှုတ်. စိတ် သုံးပါးလုံးကို ယဉ်ကျေးအောင် ဆုံးမပြီး ကောင်းတဲ့အလုပ်၊ ကောင်းတဲ့အပြော၊ ကောင်းတဲ့အကြံတွေသာ ပြုလုပ်ပြောဆိုကြံစည်နေရမယ် မဟုတ်ပါလားဘုရား။

အဲဒီလို ကောင်းတဲ့အလုပ်၊ အပြော၊ အကြံအစည်တွေ ဖြစ်အောင် စွမ်းဆောင်နိုင်တဲ့ နည်းကတော့ ဝိပဿနာ ဘာဝနာခေါ်တဲ့ တရားကို စနစ်တကျ ရှုပွားအားထုတ်ခြင်း ဖြစ်ပါတယ်၊ ဒီဘာဝနာအလုပ်ကို တကယ်လုပ်ထားရင် တကယ် ဖြစ်ပါတယ်ဆိုတာ ကိုယ်တွေ့အကျိုးရလို့ ယုံကြည်ပါတယ်ဘုရား။

တရားရှုပွားအားထုတ်လို့ အချိန်ကြာလာသည်နှင့်အမျှ ဝိပဿနာဉာဏ်တွေ ရင့်ကျက်လာကာ၊ လောကဓံတရား တွေကို ရင်ဆိုင်ရဲလာနိုင်မယ်၊ ရုပ်တရားတွေရဲ့ဖောက်ပြန်မှုဒဏ်တွေကို သည်းခံပြီး နေနိုင်မယ်၊ ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေ ကို ဥပေက္ခာဝေဒနာ အနေခံစားတတ်လာမယ်၊ နောက်ဆုံး ခန္ဓာရဲ့အပြစ်တွေ အကုန်အစင်သိပြီး ခန္ဓာဒုက္ခတွေ ကြောက် ကာ တကယ်ကြိုးစားအားထုတ်ရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ် မဟုတ်ပါလားဘုရား။

## သံဝေဂဖြစ်

မိမိခန္ဓာကိုယ်မှာ ရှိနေတဲ့ ခက်မာ၊ ပူအေး၊ တွန်းထိုး၊ ဖွဲ့စည်းဆိုတဲ့ ဓာတ်ကြီးလေးပါးရဲ့နိပ်စက်ဖောက်ပြန်မှု ဒဏ်အစု တွေကို မိမိကိုယ်တိုင်သာ ခံစားရပါတယ်၊ ဒါကြောင့် ဖောက်ပြန်နိပ်စက်မှုဒဏ်ကို ခံနိုင်ရည်ရှိအောင် မဖောက်ပြန်ခင်၊ ကောင်း နေစဉ် အချိန်ကတည်းက မိမိကိုယ်ကိုမိမိ တကယ်ချစ်ပါတယ်ဆိုရင် ဘာဝနာအလုပ် တရားအားထုတ်မှုကို ရတဲ့အချိန်၊ ရတဲ့ နေရာမှာ ရသလို ကြိုးစားအားထုတ် ပွားများရမယ်လို့ တပည့်တော်ကိုယ်ကို တပည့်တော် ဆုံးမကာ သံဝေဂတရား ဖြစ်ခဲ့ရပါ တယ်ဘုရား။

လူတိုင်းကို အနေတတ်၊ အသေတတ်ရေးအတွက် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းလိုပါတယ်ဘုရား။ လူ့ဘဝ ဆိုတာ တစ်တိုး၊ တစ်သိနဲ့ အသက်ရှင်နေရတော့ တခဏကလေးပဲ မဟုတ်ပါလားဘုရား၊ တခဏတာကလေး အသက်ရှင် ရတဲ့ တိုတောင်းလှတဲ့ အချိန်အတောအတွင်း မိမိအတွက် အဆင်သင့်ဖြစ်အောင် ပြုပြင်ထားသင့်တယ်လို့ ယူဆပါတယ် ဘုရား။

## ရုပ်ကြည်နေတာ

တပည့်တော်ကို ယောဂီအများက ဒီလောက်နာဖျားနေတာတောင် ရုပ်က ကြည်နေတာပဲလို့ အံ့ဩမှုတွေဖြစ်ရ အောင်ဒုက္ခဝေဒနာကို သည်းခံရှုပွားနိုင်တဲ့ အကြောင်းရင်းကတော့ ဝိပဿနာတရားကို ရတဲ့အချိန်မှာ ရသလို အတတ်နိုင်ဆုံး နှလုံးသွင်း ရှုပွားအားထုတ်နိုင်လို့ပါ ဘုရား။

ဒါကြောင့် တရားကို တကယ်လိုလားကြတဲ့ ယောဂီအများဟာလည်း တကယ့် ရုပ်အရှိတရားကြီး ဖောက်ပြန်လာတဲ့အခါ ခံနိုင်ရည်ရှိအောင်၊ သေပန်းလှအောင် တကယ်ပဲ အားထုတ်ကြိုးစား ပွားများချင်စိတ် ဖြစ်လာအောင် တပည့်တော်ရဲ့ ခံစားမှုတရားကို ဆရာတော်ဘုရားမှတစ်ဆင့် တင်ပြရခြင်းပါ ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် တရားစခန်းအတွင်းမှာ ဖျားနာပြီး တရားစခန်း မပြီးသေးမီ ကျောင်းတွေပြန်ဖွင့်ပြီမို့ စခန်းမှ အိမ်သို့ ပြန်ခဲ့ရပါတယ်ဘုရား၊ လမ်းခရီးရဲ့ကြမ်းတမ်းမှုကြောင့် အိမ်ပြန်ရောက်ပြီး နောက်တစ်နေ့မှာပဲ ဆေးရုံတက်ရပါတယ်ဘုရား။

ဆေးရုံတက်ချိန်မှာ အပူချိန် "၁၀၅. ၂˚ F" ရှိပါတယ်ဘုရား၊ ဒီတော့ တပည့်တော်ရဲ့ အပူချိန်ဟာ ဘယ်လောက်ထိ ပြင်းထန်နေတယ်ဆိုတာ သိလောက်ပါတယ်ဘုရား၊ ပူပြင်းလှတဲ့ ဒုက္ခဝေဒနာဒဏ်ကို ခံစားရပေမဲ့ တပည့်တော် တစ်ချက်မှ မညည်းညူခဲ့ပါဘုရား၊ ဆရာတော်ဘုရား ဆိုဆုံးမထားတဲ့အတိုင်း ကိုယ့်တရားကို ကိုယ်နလုံးသွင်း နေနိုင်ခဲ့ပါတယ်ဘုရား။

တရားနလုံးသွင်းနေတော့လည်း ပူသဘောဟာ ပူတဲ့နေရာမှာဖြစ်လိုက် ပျက်လိုက်နဲ့ နောက်ဆုံး အပျက်တရားတွေ ဆက်ကာဆက်ကာ ပျက်နေတာပဲလို့ သိနေပါတယ်ဘုရား၊ ကျောင်းဆင်းချိန် ကျောင်းက ဆရာမတွေ ရောက်လာတော့ အပူချိန်ကျသွားအောင် ရေခဲ အုပ်ကြပါတယ်ဘုရား။

ရေခဲ အုပ်လိုက်တော့ ပူနေရာက အေးသွားပါတယ်ဘုရား၊ အေးသွားတော့ ချမ်းသာမှုလေး ဖြစ်သွားပါတယ်ဘုရား၊ ချမ်းသာတော့ ဝမ်းသာပြီး သောမနဿဝေဒနာကို ခံစားလိုက်ရတော့ တပည့်တော် သဘောကျပြီး ပြုံးနေမိပါတယ်ဘုရား။ တပည့်တော် ပြုံးတာကို ဆရာမတစ်ယောက် မြင်သွားတော့ "ဩော် - နင် ပြုံးနိုင်သေးတယ်နော်၊ ဒီလိုဆို နင် မသေနိုင်သေးဘူး" လို့ ပြောပါတယ် ဘုရား။

## ပြုံးနေနိုင်တာက

တပည့်တော်ပြုံးပြီးနေနိုင်တာက ဒီလိုပါဘုရား၊ အပြင်ရုပ်တရားဖြစ်တဲ့ ရေခဲနဲ့ပြုပြင်ပေးမှုကြောင့် ပူနေတဲ့ ရုပ်ကြီးက အေးသွားပါတယ်၊ အေးသွားတော့ ချမ်းသာသွားပါတယ်၊ ရေခဲ အုပ်ပေးတဲ့အကြောင်းကြောင့် ချမ်းသာတဲ့အကျိုးကို ခံစားရပါတယ်၊ ရေခဲ မအုပ်တဲ့အကြောင်းကြောင့် ဆင်းရဲတဲ့အကျိုးကို ခံစားရပါတယ် ဘုရား။

ရုပ်. နာမ်. ခန္ဓာကြီးဟာ ဒီလိုပဲ အကြောင်းနဲ့အကျိုး ဆက်စပ်ပြီးဖြစ်နေတော့ ခန္ဓာအပေါ် တွယ်တာမှု နည်းခဲ့ပါတယ်ဘုရား၊ အပူရုပ်တွေ လွန်ကဲလာလို့ ဒုက္ခဝေဒနာဖြစ်လာရင်ပဲ ဥပေက္ခာဝေဒနာ အနေဖြစ်အောင် အစဉ်မပြတ် ရှုပွားနိုင်လို့ သက်သာရာ ရသွားပြန်ပါတယ် ဘုရား၊ ဒါကြောင့် တပည့်တော် ဉာဏ်မြင်တိုးပြီး ပြုံးပြနိုင်တာပါဘုရား။

တရားတော်ကို တကယ်နလုံးသွင်းလို့ ဘာဝနာဉာဏ် အရှိန်ကောင်းလေ ရုပ်. နာမ်. ဒုက္ခတွေ ထင်လေပါပဲဘုရား၊ ဒုက္ခထင်လေ ကြိုးစားလေ၊ ဒုက္ခဝေဒနာကို သည်းခံနိုင်လေပါပဲ ဘုရား၊ တရားနလုံးသွင်းမှန်လို့ ဒုက္ခဝေဒနာကို ဥပေက္ခာဝေဒနာရှုနိုင်ပေမဲ့နလုံးသွင်း မမှန်ရင်တော့ စိတ်တွေဟာ အတိတ်ပြန်၊ အနာဂတ်မျှော်နဲ့ စိတ်တွေ မငြိမ်မသက် ဖြစ်လာပါတယ် ဘုရား။

တပည့်တော် ဆေးရုံတက်နေတုန်း အနာဂတ်မျှော်လိုက်တာ ည ၁၂ နာရီ ထိုးသွားပါတယ်၊ အိပ်လို့ မရခဲ့ပါဘုရား၊ နောက် ပစ္စုပ္ပန်ကျကျ နလုံးပြန်သွင်းတော့မှ အိပ်လို့ရသွားပါတယ်ဘုရား၊ အဲဒီအချိန်မှာ တရားအားထုတ်တဲ့နေရာမှာ ပစ္စုပ္ပန်ကျဖို့ အရေးကြီးတယ်ဆိုတာကို ပိုမိုပြီး သိလာပါတယ်ဘုရား။

## မှတ်ချက်ချ

ပစ္စုပ္ပန်မှာ ပူပင်စရာ၊ သောကဖြစ်စရာ၊ ဆင်းရဲစရာ မရှိပါဘူး၊ ပစ္စုပ္ပန်မှာ အပြစ်မရှိပါဘူးဆိုတဲ့ ဆရာတော်ရဲ့တရားစကားတွေကို ကြားယောင်လာပါတယ်ဘုရား။ တရားအားထုတ်သက် ရင့်လာသည်နှင့်အမျှ ဆရာတော်ဘုရား ဟောကြားတဲ့ တရားစကားတွေဟာ ဟုတ်လိုက်တာ၊ မှန်လိုက်တာလို့ ဆေးရုံပေါ်မှာ တစ်ယောက်တည်း မှတ်ချက်ချ နေပါတယ်ဘုရား။

ဆေးရုံတက်တော့မှပဲ ရောဂါမျိုးစုံ၊ ဒုက္ခမျိုးစုံ၊ လူမျိုးစုံ တွေ့ရပါတယ်ဘုရား၊ ဒုက္ခမျိုးစုံတော့ သံဝေဂရစရာတွေလည်း စုံပါတယ်ဘုရား၊ သံဝေဂမျိုးစုံတော့ ဆေးရုံတက်နေရင်းပဲ တပည့်တော်အတွက် အကျိုးအများကြီး ဖြစ်ပါတယ်ဘုရား။

အကျိုးများစွာ ဖြစ်တယ်ဆိုတာက သံဝေဂဖြစ်တော့ ကြောက်ပါတယ်၊ ကြောက်တော့ တရားအလုပ် ပိုလုပ်ပါတယ်၊ ဒါကြောင့် ပိုပြီးတော့ တရားမြဲပါသယ်၊ တရားတော့ လွှတ်မချရဲပါ ဘုရား၊ မွေးဖွားချိန်မှ စလို့ သေချိန်ရောက်သည်အထိ အို.နာ.သေ တရားတွေနဲ့ ဆုံကြရမယ်မဟုတ်ပါလား ဘုရား။

လူတွေရဲ့သတ်မှတ်ချက်အရတော့ ဆံဖြူ၊ သွားကျိုး၊ နားထိုင်း၊ ခါးကိုင်းခြင်းဆိုတဲ့ သရုပ်ပေါ်မှ လူအိုလို့ ခေါ်ကြပါတယ်ဘုရား၊ တပည့်တော်တော့ ဆေးရုံတက်တော့ အိုတာဟာ ဆံဖြူ၊ သွားကျိုး အစရှိတဲ့ သရုပ်ပေါ်မှ မဟုတ်ဘူး၊ နေ့စဉ် တေဇောရုပ် လောင်ကျွမ်းမှုကြောင့်ပဲ အမြဲ အိုနေတယ်လို့ သိခဲ့ရပါတယ် ဘုရား။

## အဘွားကြီးလိုပဲ

လက်တွေ့တစ်ခုက တပည့်တော် ဆေးရုံတက်နေစဉ်မှာ တပည့်တော်ရဲ့တပည့်တွေက ဆရာမ ဘယ်လိုဖြစ်သွားတာလဲ၊ အဘွားကြီးလိုပဲ၊ အဘွားကြီးနဲ့ တူလိုက်တာ၊ ကျွန်တော်တို့ မမှတ်မိတော့ဘူး၊ ကျွန်မတို့ မမှတ်မိတော့ဘူးလို့ ပြောကြပါတယ်ဘုရား။

ပြီးတော့ လာကြည့်တဲ့လူ တော်တော်များများကလည်း "ဩော် - (......)တစ်ယောက် အဘွားကြီးလေး ကျနေတာပဲ" လို့ ပြောကြပါတယ်ဘုရား၊ ဆေးရုံတက်နေတဲ့အချိန်မှာ တပည့်တော် ဆံလည်း မဖြူ၊ သွားလည်း မကျိုး၊ ခါးလည်း မကိုင်းသေးပါဘုရား၊ အရွယ်ကလည်း ဒီအရွယ်ပါပဲ၊ ပုံစံကတော့ အဘွားကြီးအိုလို ဖြစ်သွားတယ်ဆိုတော့ "ဩော် - အိုတယ်ဆိုတာ လူတွေက သတ်မှတ်ထားသလို မဟုတ်ပါလား၊ အပူတေဇောရုပ် လောင်ကျွမ်းအားကြီးရင် တစ်ခဏချင်း အိုရပါလား" လို့ သိခဲ့ရပါတယ်ဘုရား။

နေ့စဉ် ရုပ်ဓာတ်ကြီးလေးပါးက နိပ်စက်နေပေမဲ့ ညီမျှနေတဲ့အချိန်မှာ အိုမှု. နာမှု. ဖျားနာမှုတွေကို မသိကြပါဘုရား၊ ရုပ်ဓာတ်ကြီး လေးပါးအနက်က တစ်ပါးပါးက ပြင်းပြင်းထန်ထန် ဖောက်ပြန်လာရင် ခန္ဓာမှာ ပြောင်းလဲမှုတွေ ဖြစ်လာပါတယ်ဘုရား။ တပည့်တော်မှာတော့ အပူရုပ်တွေ ပြင်းထန်ပြီး ခြောက်သွေ့ညှိုးနွမ်းလို့ အဘွားကြီးသဖွယ် ဖြစ်သွားရပါတယ် ဘုရား။

## သေဒုက္ခ အကြီးဆုံး

အို.နာ.သေ ဒုက္ခတွေထဲမှာ သေဒုက္ခဟာ အကြီးဆုံးပဲ မဟုတ်ပါလားဘုရား၊ ယခု တပည့်တော်မှာ အိုတဲ့၊ နာတဲ့ ဒုက္ခတောင် ဒီလောက်ကြီးပါတယ်ဆိုရင် အကြီးဆုံးဖြစ်တဲ့ သေဒုက္ခ ဆင်းရဲမှုတွေဟာ ဘယ်လောက်အထိ ပြင်းထန်မယ်ဆိုတာ မှန်းဆနိုင်ပါပြီ ဘုရား။

ဆရာတော်ဘုရား ဒီ အို. နာ. သေ ဒုက္ခတွေက ဒီခန္ဓာ ရှိလို့သာ ခံစားနေရတယ်မဟုတ်ပါလား ဘုရား၊ ဒီခန္ဓာ မရှိရင် ဒီဒုက္ခတွေ မရှိတော့ဘူး မဟုတ်လားဘုရား၊ ဒါကြောင့် ဒုက္ခတွေကို မခံချင်တော့ဘူးဆိုရင် ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ရောက်အောင် ဝိပဿနာတရား ကြိုးစားအားထုတ်ရမယ် မဟုတ်လား ဘုရား၊

ဆရာတော်ဘုရား လူအများစုဟာ အို. နာ. သေ ဒုက္ခတွေကို နေ့စဉ်နှင့်အမျှ ကြုံနေရပေမဲ့ ကြောက်ကြပုံ မရကြပါဘုရား၊ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော် ဆေးရုံတက်နေစဉ်က သေတဲ့လူတွေက သေ၊ ဒုက္ခဝေဒနာ အပြင်းအထန် ခံစားရလို့ အော်ဟစ်ညည်းတွားနေသူတွေက ညည်းတွား၊ မမွေးဖွားနိုင်လို့ ရှုံ့မဲ့ငိုယိုနေတဲ့သူတွေက ရှုံ့မဲ့ငိုယိုနဲ့ စုံလို့ပါဘုရား။

သေသွားတဲ့ သူတွေကိုတော့ ထားပါတော့ ဘုရား၊ အသက်ရှင်ပြီး ဒုက္ခဝေဒနာ ခံစားနေရတဲ့ သူတွေဟာ ဒုက္ခဝေဒနာ မခံနိုင်လို့ အမေလေး၊ အဘလေး တ.ပြီး အော်ဟစ်ညည်းတွားနေကြတာ ဘေးကလူတွေ စိတ်မထားတတ်အောင်ပါပဲ ဘုရား။

အဲ - ဒုက္ခဝေဒနာလည်း သက်သာလို့ နေကောင်းလာတဲ့ အချိန်ကျတော့ ပြောလိုက်တဲ့စကားတွေ ပြုံးပြုံး ပြုံးပြုံးနဲ့ တောင်စဉ်ရေမရပါ ဘုရား၊ တန်ဖိုးမရှိတဲ့ စကားတွေနဲ့သာ အချိန်ကုန်နေကြပါတယ် ဘုရား။

## တရားစကား မပြော

တပည့်တော် သတိထားပြီးတော့ နားထောင်ကြည့်ပါတယ် ဘုရား၊ ဘယ်သူမှ တရားကျပြီး တရားစကား ပြောတာ မကြားမိပါဘုရား။ ရောဂါသက်သာချင်လုပြီ၊ ပျောက်ချင်လုပြီ၊ အိမ်မှာ သမီးတွေပဲ ကျန်ခဲ့တယ်၊ လုပ်ထားတဲ့အလုပ်က တန်းလန်း၊ လူကသာ ဆေးရုံမှာ စိတ်က အိမ်ရောက်နေတယ်လို့ ပြောတဲ့လူကလည်း မရှားပါဘူး။

နေကောင်းသွားမှ ဘာနဲ့ ဘာနဲ့ ပြန်စားလိုက်မယ်၊ အတိုးချ စားမယ်လို့ ပြောတဲ့လူတွေက ပြော၊ မမွေးနိုင်လို့ ရှုံ့မဲ့နေသူတွေကလည်း မွေးပြီး သားသမီးမျက်နှာလေးတွေ မြင်ရပြန်တော့ "ဒီသား၊ ဒီသမီးလေးတွေ အဖော်ရအောင် နောက်တစ်ယောက်တော့ မွေးရဦးမယ်" လို့ နာတာတွေ မေ့ပြီး ပြုံးပြုံးလေးနဲ့ ပြောနေကြပါတယ်ဘုရား၊ ဒုက္ခကြောက်တဲ့ လူတွေက ရှားလိုက်တာ၊ မရှိသလောက်ပါပဲ ဘုရား၊ လူတွေ တော်တော်များများဟာ လောကီနယ်ပယ်ထဲမှာ လောဘ.ဒေါသ.မောဟတွေနဲ့ ကျင်လည်မျောပါကာ ပျော်ပါးကာ နေကြပါတယ်ဘုရား။

## သာသနာ ပြန့်ပွားစေချင်

ဆရာတော်ဘုရား အဲဒီလို အသိတရား နည်းပါးသူတွေနဲ့ တွေ့ရလေ တပည့်တော် သာသနာကြီးကို တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ချင်လေပါပဲ ဘုရား၊ တပည့်တော်က ကိုယ်တိုင်သာသနာမပြုနိုင်တော့ သာသနာပြုနိုင်တဲ့ သာသနာတော်ကို ချစ်မြတ်နိုးတဲ့ သာသနာ့အာဇာနည်တွေ တစ်နေ့တခြား ပေါ်ထွန်းလာပါစေ၊ သာသနာ့အာဇာနည်တွေ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာနဲ့ သာသနာပြုနိုင်ကြပါစေလို့ အခါခါ ဆုတောင်းပေးပါတယ်ဘုရား။

တပည့်တော်ကိုယ်တိုင် သာသနာမပြုနိုင်ပေမဲ့ တတ်နိုင်တဲ့ဘက်က သာသနာတော်ကြီး စည်ပင်ပြန့်ပွားတိုးတက်အောင် ကိုယ်အား ဉာဏ်အား ရှိသလောက် ကြိုးစားဆောင်ရွက်သွားမယ်လို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်ဘုရား။

ဆရာတော်ဘုရား တပည့်တော် တရားကို ရတဲ့အချိန်မှာ ရသလို၊ အခြေအနေပေးရင် ပေးသလို သတိထားပြီး ရှုပွားအားထုတ်မှုကြောင့် ပြင်းထန်တဲ့ ဒုက္ခဝေဒနာ ဖြစ်လာတဲ့အခါ မပင်ပန်း ချမ်းသာစွာ သည်းခံကာ ရှုပွားနိုင်ပုံကို တပည့်တော် ရှုပွားခံစား တွေ့ကြုံခဲ့ရသည့်အတိုင်း လျှောက်တင်လို့ပြီးပါပြီဘုရား၊ တပည့်တော် မရှင်းတာများကိုလည်း အချုပ်သဘောအားဖြင့် ရှင်းပြပြောဆိုပေးပါဘုရား။

ဆရာတော်ဘုရား ရာသက်ပန် သာသနာတော်ပြုနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက် -

ရိုသေစွာဖြင့်<br>တပည့် (......)<br>(၁၀-၁၂-၈၂)

သို့
(၄-၂-၈၃)

စာကရှည်တော့ အဖြေက တိုတိုဖြေမှ ဖြစ်မယ်၊ ရုပ်နာမ် အရှိနဲ့ အသိနဲ့ကိုက်ပြီး သေသွားရင် နိဗ္ဗာန်မရောက်သော်လည်း နတ်ဘုံရောက်ဖို့ သေချာပါတယ်၊ နတ်ပြည်ရောက်ရောက်ချင်း နတ်ဖြစ်တာ မသိသေးဘဲ သောတာပန် စသည် ဖြစ်နိုင်ပါတယ်၊ ဒီအကြောင်း ဟောပြီးသား ရှိပါတယ်။

ဟုတ်ပါတယ်၊ တရားအားထုတ်တဲ့အလုပ် လမ်းမှန်လာရင် အနေတတ် အသေတတ်အောင် စွမ်းဆောင်နိုင်ပါတယ်၊ လမ်းမမှန်ရင်တော့ အနေမတတ်ဘဲ ကန့်လန့်ဖြစ်ကာ သူ့အတွက် တရားနာမည်ပျက်ကာ အယူမှား မိစ္ဆာဒိဋ္ဌိလည်း ဖြစ်တတ်ပါတယ်။

ဥပမာဆိုပါတော့ ရုပ်ဖောက်ပြန်မှုတွေကို ဝေဒနာလုပ်ရှုပြီး ဝေဒနာကျော်အောင် ရှုပြီး၊ ဝေဒနာကျော်ပြီး ဝေဒနာကုန်ပြီ ဆိုပြီးတော့ ကိုးရိုးကားယား နေထိုင်သွားလာ ပြောဆိုနေသူတွေ ရှိတယ်မဟုတ်လား၊ အဲဒါမျိုးကျတော့ အနေမတတ်၊ အသေမတတ် ဖြစ်တတ်ပါတယ်။

အရေးကြီးတာက အနေတတ်၊ အသေတတ်ဖို့ အရေးကြီးပါတယ်။ သန္ဓေအစ မရဏအဆုံး ရှိတဲ့ ဒီခန္ဓာကြီး ရထားတော့ နောက်ဆုံးလမ်းဟာ အသေပဲ၊ အဲဒီလို သေတဲ့အခါ ကိုယ့်လမ်း ကိုယ်ရွေးကြရမှာ မှန်ပါတယ်၊ ဘယ်လမ်းသွားမလဲဆိုတာ အဲဒီအချိန်အခါမှာ လမ်းခွဲပါ၊ ကိုယ့်သေတွင်း ကိုယ်တူးပြီး ကိုယ့်လမ်း ကိုယ်ထွင်ကာ တစ်ယောက်တည်း သွားကြရမှာပါ။

ဒါကြောင့် တရားဓမ္မအားထုတ်ကာ အနေတတ်အောင် ကြိုးစားရပါမယ်၊ အနေတတ်ရင်တော့ အသေတတ်ပြီပေါ့၊ လောကမှာ အရေးကြီးဆုံးမှာ အနေတတ်ရေး၊ အသေတတ်ရေး ဖြစ်ပါသည်။ အနေတတ်မှ မျက်မှောက်ဘဝမှာ ချမ်းသာမယ်၊ အသေတတ်မှ နောက်ဘဝတွေမှာ ချမ်းသာမယ်။

ဒါကြောင့် အနေတတ်၊ အသေတတ်အောင် ဘယ်လိုလုပ်ရမယ်၊ ဘယ်လိုကြိုးစားရမယ်ဆိုတာ လူတိုင်း သိသင့် နားလည်သဘောပေါက်သင့်ပါတယ်။

မှန်ပါတယ်၊ သေလောက်နီးပါး ဒုက္ခဝေဒနာကို ခံစားရတဲ့အခါ ယင်းကို သည်းခံနိုင်အောင် ဒုက္ခဝေဒနာတခြား၊ ငါတခြားဖြစ်အောင် ရှုပွားနိုင်ရမယ်၊ မရှုပွားနိုင်လို့ ဝေဒနာနဲ့ ငါနဲ့ ရောသွားရင် အမေလေး.အဘလေး.တ.ကာ ဒေါမနဿဝေဒနာ ထပ်ဆင့်တိုးပြီး အော်ဟစ်ညည်းညူရင်း သေက အပါယ်ကျနိုင်ပါတယ်၊ ဒါကြောင့် ဝေဒနာတခြား၊ ငါတခြား ဖြစ်အောင် ရှုပွားနိုင်ရပါမယ်၊

အဲဒီလို ဝေဒနာတခြား၊ ငါတခြားဖြစ်အောင် ရှုပွားနိုင်ဖို့က အမြဲမပြတ် ရှုမှတ်ပွားများ အားထုတ်နေနိုင်မှ ဖြစ်နိုင်ပါမယ်၊ "မီးဝေးတဲ့ ချိပ်ပမာ" ဆိုတာလိုပေါ့၊ အရှုအပွား ဝေးသွားက ဝေဒနာနဲ့ ငါနဲ့ မကွဲဘဲ ဝေဒနာထဲ ငါရောက်လာပါမယ်၊ နောက်ဆုံးသွားရမယ့်လမ်းက သေလမ်းဖြစ်တော့ ဝေဒနာနဲ့ ငါနဲ့ ကွဲပြီး သေဖို့က အရေးကြီးပါတယ်။

ဟုတ်ပါတယ်၊ မာတဲ့ အရာဝတ္ထု တစ်ခုခုကို ထိခိုက်မိရင် အသံမြည်သွားပါတယ်၊ ခေါင်းထိုးမှု ဖြစ်တာဟာ ပထဝီ အမာခံရုပ်တရားကို အပူရုပ်တရား ဖောက်ပြန်မှုကြောင့် ဝါယောရုပ်က ထိုးမှု တိုးမှုကို ခံနေရတာပါပဲ။ ဒါကြောင့် ထိုးနေတာ ခေါင်းမဟုတ်ဘဲ တေဇောပင့်ထောက် ဝါယောမြောက်ကာ ပထဝီရုပ် အထိုးခံရခြင်းပါပဲ။ အဲဒီလို အသိ.သိတာ သိပ်တန်ဖိုးရှိပါတယ်။

ဘဝဆိုတာ နိမ့်တုံ.မြင့်တုံနဲ့ ယုတ်ချီတစ်ခါ၊ မြတ်ချီတစ်လှည့်နဲ့ ဖြစ်နေရတာကို ဘဝခေါ်တာပါပဲ။ ဘဝကို ကြောက်သူဟာ ဘဝလွတ်မြောက်ရေးကို ကြိုးစားရပါမယ်။ အဲဒီ ကြိုးစားတဲ့နေရာမှာ ကိုယ်. နှုတ်. စိတ်တို့၌ အကုသိုလ် မဖြစ်စေဘဲ ကုသိုလ်သာ ဖြစ်စေရပါမယ်၊ ကောင်းတာပြု၊ ကောင်းတာပြော၊ ကောင်းတာ ကြံရပါမယ်။

ဟုတ်ပါတယ်၊ ခန္ဓာဒုက္ခတွေကို ကြောက်ကာ တကယ်ကြိုးစားအားထုတ်ရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်၊ ဒါကြောင့် တရားအားထုတ်တဲ့အခါ သံသရာဘေး၊ သံသရာဒုက္ခတွေကို ရှုကြည့်ပြီး သတိကို အရှုခံ ကမ္မဋ္ဌာန်းအာရုံအပေါ် တင်တင်ပေးပြီး ရှုပွားအားထုတ်က သတိမြဲကာ အရှုခံ ကမ္မဋ္ဌာန်းတရား ထင်ရှားပြီး ဉာဏ်များ ပွင့်လာပါမည်။

လူ့ဘဝဆိုတာ တစ်တိုးတစ်သိ တစ်ရှူ တစ်ရှိုက်နဲ့ အသက်ရှင်နေရတော့ တခဏကလေးပဲ ဖြစ်ပါတယ်၊ တခဏကလေးအသက်ရှင်ရတဲ့ တိုတောင်းလှတဲ့ အချိန်အတောအတွင်း မိမိအတွက် အသေရဲအောင်၊ အသေတတ်အောင် အဆင်သင့် ပြုပြင်ထားရပါမယ်။

အို. နာ. သေ တရားတွေက ခန္ဓာအတွင်းမှာ ရှိနေတော့ မွေးဖွားချိန်မှ စလို့ သေချိန် ရောက်သည်အထိ အို. နာ. သေ တရားတွေနဲ့ ဆုံကြရပါမယ်၊ အဲဒီလို အို. နာ. သေတွေ ကြည့်ပြီး အို. နာ. သေတွေကို ကြောက်ကာ တရားကို ရှုပွားကြိုးစားမှ အို. နာ. သေ လွတ်ရာ နိဗ္ဗာန်သို့ ရောက်ကြရပါမယ်။

ခန္ဓာကိုယ်တွင်းမှာ "ဇိရဏတေဇော = အိုပူ" ဆိုတာ ရှိပါတယ်၊ အမြဲတမ်း အဲဒီ ဇိရဏတေဇောကြောင့် သတ္တဝါတွေ အိုနေကြရပါတယ်၊ အိုမှုဟာ ရပ်တယ်လို့ မရှိပါ၊ တစ်ခါတလေ အဖျားကြီးလို့ အပူကြီးလွန်းတဲ့အခါ ဆံပင်တွေ ကျွတ်သည့်တိုင်အောင် ဖြစ်ပြီး အိုရုပ်ပေါက်သွားတတ်ပါတယ်။

"သေဒုက္ခထက် ကြီးတဲ့ဒုက္ခဆိုတာ မရှိတော့ဘူး" လို့ ဆိုတဲ့အတွက် တစ်ကြောင်း၊ နာတဲ့ ဒဏ်ကို မခံနိုင်တော့တဲ့အခါမှာ သေတာဖြစ်သောကြောင့် တစ်ကြောင်း၊ သေဒုက္ခဟာ အကြီးဆုံးပါ။ အဲဒီ အို. နာ. သေ ဒုက္ခတွေဟာ ဒီရုပ်. ဒီနာမ်. ဒီခန္ဓာတွေရှိနေလို့ ခံနေရတာဖြစ်တော့ ဒီရုပ်. ဒီနာမ်. ဒီခန္ဓာတွေကို ရှုကြည့်ပြီး သူတို့ကို ရွံမုန်းစွန့်လွှတ်နိုင်မှ နိဗ္ဗာန်ရောက်မယ်။

ကဲ - ဒီလောက်ဆိုရင် အမေးတွေ ပြေလောက်ပါပြီ၊ အမေးတွေထဲမှာကိုက အဖြေတွေကလည်း ပါပြီးသားမို့ ဒီလောက်ပဲ ဖြေပါရစေတော့။

✦ အရှို့. အသိ၊ ကိုက်အောင်ကြည့်၊ သေသည်နောက်မှာ နတ်ခြောက်ရှာ။

✦ နေတတ်.သေတတ်၊ ဤနှစ်ရပ်၊ မပြတ်မလပ် ကြိုးစားပါ။

✦ သေသည့်အခါ၊ ကိုယ်လမ်းသာ၊ ကိုယ့်ဟာကိုယ်သွားကြရမှာ။

✦ ဝေဒနာတခြား၊ ငါတခြား၊ ကွဲပြားခြင်းငှာ ကြိုးစားပါ။

✦ ဘဝဆိုတာ၊ ယုတ်.မြတ်ခါ၊ သေချာမမြဲ လှည့်လည်တာ။

✦ အကုသိုလ်ပယ်၊ ကုသိုလ်ကြွယ်၊ တကယ်ကြိုးစားကြရမှာ။

✦ ကုသိုလ်ကြွယ်မှ၊ မြတ်ဘဝ၊ ရောက်ရနိဗ္ဗာန်သာ။

# အနတ္တကို ဃနဖုံးတယ်ဆိုတာ ရှင်းပြပါဘုရား

(၂၀၃)

ဘုံဘဝတွင် ပဋိသန္ဓေတည်နေ၊ မွေးဖွားလာကြရသော အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် အနတ္တကိုယ် သံသရာထဲဝယ် ကျင်လည်နေကြရသူတွေ ဖြစ်ကြပါသည်။ ယင်းသို့ ကျင်လည်နေကြရသော သတ္တဝါအားလုံးတို့သည် မအိုချင်ပါဘဲနှင့်လည်း အိုနေကြရသည်။ မနာချင်ဘဲနှင့်လည်း နာနေကြရသည်။ မသေချင်ဘဲနှင့်လည်း သေနေကြရသည်။

သေပြီးကြပြန်တော့လည်း တစ်ဖန် ဘဝသစ်၌ မဖြစ်ချင်ကြပေမဲ့ ဖြစ်ကြရပြန်ပါသည်။ ဖြစ်ကြပြန်တော့လည်း မိမိတို့ ဖြစ်ချင်ရာ ဘုံဘဝ၌ချည်း ဖြစ်ခွင့် မရကြပါ။

သက္ကာယဒိဋ္ဌိ မကင်းကြသေးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ငရဲ၌လည်း ဖြစ်နိုင်ကြသည်။ တိရစ္ဆာန်၌လည်း ဖြစ်နိုင်ကြသည်။ ပြိတ္တာ၌လည်း ဖြစ်နိုင်ကြသည်။ အသုရကာယ်၌လည်း ဖြစ်နိုင်ကြသည်။ အပါယ်လေးဘုံ၌ အစုံဖြစ်နိုင်ကြသည်။

"အပါယ်လေးဘုံ၌ မဖြစ်ပါစေနှင့်" ဟု တောင့်တ၍လည်း ရနိုင်သည် မဟုတ်ပါ။ မိမိတို့ပြုလုပ်ခဲ့ကြသော ကံအားလျော်စွာ ဖြစ်ချင်ရာ၌ ဖြစ်သွားတတ်ကြပါသည်။

ထို့ကြောင့် သံသရာလည်သည် ဆိုတာကို သေသေချာချာ သိမြင်သဘောပေါက်လျှင် သံသရာထဲ၌နေရတာ သံသရာလည်ရတာ အလွန်ကြောက်စရာ ကောင်းပါသည်။

သံသရာကျင်လည်နေရသည့် ဘေးမှ လွတ်မြောက်ရန် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ကို အလျင်အမြန်ကျင့်ကြံဖို့ရာ သင့်မြတ်လှပါသည်။

သံသရာဘေးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ လျင်မြန်စွာရောက်စေသည့် တရားမှာလည်း ဝိပဿနာ ဘာဝနာတရားပင် ဖြစ်ပါသည်။ သို့ဖြစ်၍ သံသရာဘေးကို ကြောက်သူအားလုံးတို့သည် ဝိပဿနာဘာဝနာတရားကို အားထုတ်ဖို့ရာ အထူးသင့်လျော်ပါသည်။

သံသရာအားလုံးတို့မှ မလွတ်မြောက်နိုင်သေးသော်လည်း အနည်းဆုံး အပါယ်သံသရာမှ လွတ်မြောက်အောင် ဝိပဿနာဘာဝနာတရား ရှုပွားအားထုတ်သင့်ပါသည်။

အပါယ် သံသရာဘေးကြီးသို့ ကျရောက်စေနိုင်သည့် သက္ကာယဒိဋ္ဌိ အစွဲကြီးကို အကြွင်းမဲ့ ပယ်သတ်နိုင်အောင် အားထုတ်ပါမှလည်း အပါယ်သံသရာဘေးမှ လွတ်မြောက်နိုင်ပါသည်။

သက္ကာယဒိဋ္ဌိကို အကြွင်းမဲ့ပယ်သတ်နိုင်သည့် အရိယာ မဂ်ဖိုလ်တရားတွေ၊ လောကုတ္တရာသီလ၊ သမာဓိ၊ ပညာတရားတွေနှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ဖို့ လိုပါသည်။

အများစုဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့သည် စား. ဝတ်. နေရေး ဟူသော အရေးသုံးပါး လူမှုကိစ္စများ၊ ဘဝတိုင်း လုပ်နေကျကိစ္စများ မဆုံးနိုင် မပြီးနိုင်သည့် ကိစ္စများနှင့်သာ အချိန်ကုန်နေကြပါသည်။

အမှန်စင်စစ်မှ တစ်နေ့တာ တစ်နေ့တာ အချိန်ထဲမှ အနည်းဆုံး တစ်နာရီလောက် အချိန်ယူကာ ဝိပဿနာတရားကို ရှုပွားအားထုတ်သင့်ပါသည်။

ရှုပွားအားထုတ်သင့်၍ ရှုပွားအားထုတ်နေသူတွေလည်း ဦးရေအတော်များလျက် ရှိချေပြီ။ သို့သော် မရှုပွားသေးသူ ဦးရေနှင့်စာသော် ရှုပွားသူဦးရေမှာ ဘာမှ မပြောပလောက်သေးပါ။

ယင်းသို့ မပြောပလောက်သည့် ရှုပွားအားထုတ်သူ ဦးရေအနည်းစုမှာလည်း အားလုံး လင်းထင်းသွားကြသူများ မဟုတ်ကြသေးပါ။ ယင်းတို့ကို ဆက်လက်၍ လင်းထင်းသွားအောင် ရှင်းပေးရမည် ဖြစ်ပါသည်။

ယင်းသို့ ရှုပွားအားထုတ်သူတို့တွင် မိမိကိုယ်မိမိ မလင်းထင်းမှန်း သိ၍ လင်းထင်းချင်သူ တစ်ဦးသည် မထင်မှတ်သော တစ်နေ့က မိမိအထံသို့ ရောက်လာသည်။ ရှိခိုးဦးချ၍ တည့်တည့်ပင် လျှောက်သည်။

"အရှင်ဘုရား အနတ္တကို ဃန ဖုံးတယ်ဆိုတာ ရှင်းပြပါဘုရား"

"အောင်မယ်၊ ရှင်းပြပါတဲ့၊ အမေးကတော့ လွယ်လွယ်ပဲ၊ အဖြေကတော့ ကျယ်မယ်နော်၊ မှတ်မိပါ့မလား၊ မှတ်နိုင်ပါ့မလား"

"ကြိုးစားပြီးတော့ မှတ်မိအောင် မှတ်ပါ့မယ်ဘုရား၊ ရှင်းသာ ရှင်းပြပါဘုရား"

## ဃနဖုံး

"ကဲ - ရှင်းပြမယ်၊ နားထောင်ပါ၊ "အနတ္တကို ဃနဖုံးတယ်" ဆိုတော့ အနတ္တ မထင်ရှားဘူးပေါ့၊ ဘာဖြစ်လို့ အနတ္တ မထင်ရှားလဲဆိုတော့ ဃန ဖုံးထားလို့ပေါ့နော်"

"မှန်ပါ့ဘုရား"

"ဒါဖြင့် ဒီမှာ ဃနဖုံးလို့ အနတ္တ မထင်ရှားတာ သိပြီ၊ အဲဒီ ဃနက ဘာဖြစ်လို့ ဖုံးလဲ၊ ဃန.က ဘာကြောင့် ဖုံးလဲဆိုတာကို သိဖို့ရာ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ် ဘုရား"

"ဃန ဘာကြောင့်ဖုံးလဲဆိုတော့ ပထဝီဓာတ်. အာပေါဓာတ်. စသော အထူးထူးသောဓာတ်၊ ဖဿ. ဝေဒနာ စသော အထူးထူးသော သဘောတရားကို အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဃနဖုံးပြီး အနတ္တမထင်ရှားတာလို့ မှတ်ပါ"

"မှန်ပါ့ဘုရား"

## အဖုံးဖွင့်

"ကဲ - ဒါဖြင့် ဃနဆိုရင် ဖုံးတာကိုလည်း သိပြီ၊ ဖုံးလို့ မထင်ရှားတာကိုလည်း သိပြီ၊ အဲဒီအဖုံးကို ဘယ်လိုဖွင့်မလဲ၊ အဲဒီ အဖုံးဖွင့်တာကို သိဖို့ အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"ပထဝီ စသောဓာတ်. ဖဿ စသော သဘာဝတရားတွေကို အသီးသီး ခွဲခြားဝေဖန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဃန.ဖုံးတယ်လို့ သိထားတော့ အဖုံးဖွင့်ဖို့က လွယ်ပါပြီ။

"ဘယ်လိုလွယ်လဲဆိုတော့ အဲဒီ ဖုံးထားတဲ့ ပထဝီဓာတ်. အာပေါဓာတ် အစရှိကုန်သော အထူးထူး အပြားပြားကုန်သော ဓာတ်. ဖဿဝေဒနာ အစရှိကုန်သော အထူးထူး အပြားပြားကုန်သော သဘောတရားတို့ကို အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို ပြုပြီးတော့ ဃနကို ခွဲခြမ်းဝေဖန်ခြင်းကို ပြုမယ်ဆိုရင် အနတ္တကို ဃန.မဖုံးနိုင်ဘဲ မဖောက်မပြန် မိမိ၏သဘောအားဖြင့် ထင်ရှားလာမယ်တဲ့နော်"

"မှန်ပါ့ဘုရား"

"အင်း - အပြောလွယ်သလောက် အလုပ်ကတော့ ခက်ပါတယ်၊ ဓာတ်နဲ့ သဘောတရားတွေကို ခွဲခြားဝေဖန်ခြင်းကို ပြုတယ်ဆိုတဲ့ နေရာမှာ အရေးကြီးပါတယ်"

"အမိန့်ရှိပါဘုရား"

## ခွဲခြားဝေဖန်ခြင်း

"ဘယ်လို ခွဲခြားဝေဖန်မလဲ၊ ပထဝီဓာတ်ဆိုတာ တခြားတစ်ပါးတည်း၊ အာပေါဓာတ်ဆိုတာ တခြားတစ်ပါးတည်း စသည်ဖြင့်လည်းကောင်း၊ ဖဿသည် တခြားတစ်ပါးတည်း၊ ဝေဒနာသည် တခြားတစ်ပါးတည်း စသည်ဖြင့်လည်းကောင်း၊ အသီးသီး ခွဲခြားရင် ကွဲပြားအောင် ရှုမှားနိုင်ရင် ဃန.ကြေမယ်၊ ဃန.ပြိုမယ်၊ ဃန.အဖုံးဖွင့်မယ်ပေါ့၊ အနတ္တကို ဃန မဖုံးနိုင်တော့ဘူးပေါ့။

"ဒါကြောင့် ဘုန်းကြီးတော့ ထင်ရှားတဲ့ ဓာတ်တစ်ပါးပါး သို့မဟုတ် ထင်ရှားတဲ့ နာမ်တစ်ပါးပါး၊ အဲဒီလို ထင်ရှားတဲ့ တစ်ပါးပါးက စပြီးတော့ ရှုမှားအားထုတ်တာကို ပိုပြီးတော့ ကြိုက်နှစ်သက်ပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ ထင်ရှားတဲ့ ရုပ်နာမ်ကနေ မထင်ရှားတဲ့ ရုပ်နာမ်တွေကို တစ်ခုစီ တစ်ခုစီ တိုးချဲ့တိုးချဲ့ပြီး ရှုမှားသိသွားတော့ ဃနဟာ ဘယ်ဖုံးနိုင်တော့မလဲ"

"မှန်ပါ့ ဘုရား"

"ဃနဖုံးတယ်ဆိုတာတော့ သိပါပြီဘုရား၊ လင်းပါပြီဘုရား၊ အဲဒီ ဖုံးတဲ့ ဃနဟာ ဘယ်နှစ်မျိုးရှိပါသလဲ ဘုရား"

"ဟင် - ဒကာကြီးဥစ္စာကလည်း မီးခိုးကြွက်လျှောက်ပါပဲလား၊ မဆုံးနိုင်တော့ပါလား"

"သည်းခံပါဘုရား၊ မသိလို့ မေးလျှောက်ရပါတယ်ဘုရား၊ မေတ္တာ ကရုဏာရှေ့ထားပြီး ဖြေကြားပေးပါ ဘုရား"

## ဃန ၄ - မျိုး

"ကဲ - ကဲ၊ ဒါဖြင့် နားထောင်၊ ဟို ဓမ္မသင်္ဂဏီမူလဋီကာနဲ့ အနုဋီကာမှာ ဃန လေးမျိုးရယ်လို့ ပြထားပါတယ်၊ အဲဒီ ဃန လေးမျိုးက ဘာတွေလဲဆိုတော့ -

၁။ သန္တတိဃန

၂။ သမူဟဃန

၃။ ကိစ္စဃန

၄။ အာရမ္မဏဃန

တို့ပါပဲ၊ အဲဒီ ယနလေးမျိုးကို မှတ်မိအောင် လင်္ကာစီထားတယ်၊ ကျက်ချင်ရင် ကျက်မှတ်ထားပါ။

"သန္တတိစ၊ သမူဟ၊ ကိစ္စ အာရမ္မဏာ၊

အစဲယန၊ လေးမျိုးပြ၊ မှတ်ကြ သေသေချာ" တဲ့။

"အဲဒါ ယနလေးမျိုး လင်္ကာပဲ၊ အဲဒီ လင်္ကာအရ ယနလေးမျိုးတော့ သိသွားပြီပေါ့၊ ယနလေးမျိုးရဲ့သဘောကို ရှင်းပြရဦးမလား"

"ရှင်းပြပါဦးဘုရား"

"အင်း - ဒါဖြင့် ဒကာကြီးရဲ့အမေးပုစ္ဆာပြဿနာ ဆုံးနိုင်ပါ့ဦးမလား"

"ဆုံးပါတယ် ဘုရား၊ တပည့်တော်အပေါ် မေတ္တာကရုဏာ ရှေ့ထားပြီး ဆက်လက်ဖြေကြားပေးပါဦးဘုရား"

"အင်း - အဲဒါမှ ခက်တယ်၊ မဖြေကြားရင် ဒကာကြီးအပေါ် မေတ္တာ ကရုဏာ မရှိလို့ပေါ့နော်"

"ဒီလိုတော့လည်း မဟုတ်ပါဘုရား"

## သန္တတိယန

"ကဲ - ကဲ ရှိပါစေတော့၊ ရှိစေတော့၊ ရှင်းပြပါမယ်၊ နားထောင်ပါ၊ မိမိရဲ့ ရုပ်နာမ်ခန္ဓာကို ဉာဏ်စိုက်ပြီး နားထောင်ပါမှ ပိုပြီးတော့ ရှင်းလင်းမယ်၊ နားလည်မယ်"

"မှန်ပါ၊ ရှင်းပါဘုရား"

"ရှေ့နောက်ဖြစ်သော ရုပ်နာမ်တရားတို့ရဲ့ အခြားမရှိ၊ အကြားမထင်သောအားဖြင့် တရားလုံး တစ်ခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် စုလျက် တွဲလျက် ခဲလျက်ဖြစ်ပွားခြင်းကို "သန္တတိယန" ခေါ်ပါတယ်။

"အဲဒီမှာ အခြားမရှိသောအားဖြင့် ဖြစ်ခြင်းဆိုတာက ရှေ့ရုပ်နာမ်တရားတို့၏ ဘင်ခဏနှင့် ပြိုင်လျက် နောက်ရုပ်နာမ် တရားတို့၏ ဖြစ်ခြင်းကို ဆိုလိုပါတယ်။

"ရှင်းရှင်းလင်းလင်း ပြောရရင်တော့ ရှေ့ရုပ်နာမ် အပျက်နှင့်ပြိုင်ပြီးတော့ နောက်ရုပ်နာမ် ဖြစ်တယ်လို့ သိပါနော်"

"မှန်ပါ့ဘုရား"

"တစ်နည်းပြောရရင် ရှေ့ရုပ်နာမ်တရား ချုပ်ပျက်တဲ့ အခြားမဲ့၌ပင် နောက်ရုပ်နာမ်တရား ထင်ရှားဖြစ်ပေါ်လာခြင်း ကိုပင် အခြားမရှိသောအားဖြင့် ဖြစ်ခြင်းလို့ ဆိုပါတယ်။

"အဲဒီလို ဖြစ်တာကိုပဲ ရှေ့ရုပ်နာမ်တရား၊ နောက်ရုပ်နာမ်တရားတို့၏ အကြားမရှိသည်၏ အဖြစ်လို့ ဋီကာဆရာကြီး များ ခေါ်ဆိုအသုံးပြုတော်မူကြပါတယ်။

"အဲဒီကဲ့သို့ အခြားမရှိ၊ အကြားမထင်အောင် ဖြစ်ပွားခြင်းဖြင့် "အဖြစ်တရား" ဘက်က အားရှိကာ ဖုံးလွှမ်းအပ်သကဲ့ သို့ဖြစ်၍ "အပျက်တရား" ဘက်က မထင်ရှားသောကြောင့် -

"ယခု တွေ့ မြင်နေရသော တရားသည် ယခင်က တွေ့ မြင်နေရသော တရားပင်တည်း" ဟု မှတ်ယူသောအနေဖြင့် လူများအပေါင်းတို့ ဖောက်ပြန်တွေပြား အထင်မှား၊ အမှတ်မှားကြရတာပါ။

"အဲဒီသဘောကို မီးစတစ်ခုကို ကိုင်ပြီးတော့ ဝှေ့ယမ်းလိုက်ရင် မီးဝိုင်းကြီးထင်ရမှုက သက်သေခံလျက် ရှိပါတယ်၊ သန္တတိယနဆိုတာ အဲဒီသဘောကို ခေါ်ပါတယ်၊ အဲဒီသဘောကို မှတ်လွယ်အောင် ဒီလို လင်္ကာနဲ့ မှတ်ထားပါ။

အပြတ်မရှိ၊ ဆက်နေဘိ၊ သန္တတိဃနသာ။
တစ်ခုတည်းမှတ်၊ မပြတ်မျှင်မှာ၊
ပညတ်နယ်ထဲ၊ လှည့်ဝဲနေကာ၊
အများထင်မှတ်၊ မျှင်ပြတ်သူဟာ၊
ပရမတ်၊ ရောက်လတ်သေသေချာ။

"အရှင်ဘုရား၊ ဃန မကြေသေးရင် ဃန မကွဲသေးရင် ဝိပဿနာထဲ မရောက်သေးဘဲ ပညတ်နယ်ထဲမှာပဲ ရှိသေးတယ်ပေါ့နော် ဘုရား"

"အင်းပေါ့"

"အရှင်ဘုရား၊ ဒီလိုဆိုတော့ ဝိပဿနာဉာဏ် ရဖို့ကလည်း တကယ်တော့ မလွယ်ပါလား ဘုရား"

"အလွယ်ပေါပြော၊ အလွယ်လုပ်ရင်တော့ လွယ်ပါတယ်၊ ရချင်မှတော့ ရမယ်၊ တကယ်ပြောပော၊ တကယ်လုပ်ရင်တော့ မလွယ်ပါဘူး၊ လွယ်ရင်လည်း အကုန်လုံးပဲ နိဗ္ဗာန်ရောက်ကုန်ပြီပေါ့"

"မှန်ပါဘုရား၊ သမူဟဃန ရှင်းပါဦးဘုရား"

## သမူဟဃန

"ဖဿ အစရှိသော နာမ်တရား၊ ပထဝီ အစရှိသော ရုပ်တရားတို့၏ ထိုထိုနာမ်ကလာပ်၊ ရုပ်ကလာပ်တို့၌ တစ်ပေါင်းတည်း၊ တစ်စုတည်းအနေဖြင့် ပရမတ္ထတရားသား တစ်ခုတည်းသို့ ထင်မှတ်ရအောင် စုလျက်၊ တွဲလျက်၊ ခဲလျက် ဖြစ်ပွားခြင်းကို "သမူဟဃန" ခေါ်ပါတယ်။

"နာမ်တရား၊ ရုပ်တရားတွေဟာ ဖြစ်ပွားကြတဲ့အခါ တရားလုံး သဘာဝသတ္တိတစ်ခုတည်းသာ ဖြစ်ကြတာ မဟုတ်ပါဘူး"

"နာမ်တရားဘက်က မြင်တဲ့အခါမှာ အနည်းဆုံး ရှစ်ခု၊ ရှစ်မျိုး ဖြစ်ပါတယ်၊ ဥပမာ – စက္ခုဝိညာဏ်စိတ် ဖြစ်တယ်ဆိုရင် သူတစ်စိတ်တည်း မဖြစ်ဘဲ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ ဆိုတဲ့ စိတ်တိုင်းယှဉ် စေတသိက် ခုနစ်ပါးတို့နှင့် အတူတကွအားဖြင့် ရှစ်ပါးဖြစ်ပါတယ်၊ စိတ်ကတစ်ပါး၊ စေတသိက်က ခုနစ်ပါးအားဖြင့် ရှစ်ပါးပေါ့နော်"

"မှန်ပါ့ ဘုရား"

"အဲဒီလိုပဲ ရုပ်တရားဘက်ကလည်းဖြစ်ရတဲ့အခါမှာ အနည်းဆုံးရှစ်မျိုးပဲဖြစ်ပါတယ်၊ ဥပမာ တိုးသဘော ဝါယောရုပ်ဖြစ်တဲ့အခါမှာ သူတစ်ပါးတည်း မဖြစ်ပွားဘဲ တေဇော၊ ပထဝီ၊ အာပေါ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ အားဖြင့် ဝါယောရုပ်နှင့်တကွ ရှစ်ပါးပဲ ဖြစ်ပါတယ်၊ အဲဒီ ရှစ်ပါးကို အဋ္ဌကလာပ်ရုပ် ရှစ်ပါးလို့ ခေါ်ပါတယ်၊ အနည်းဆုံး အဲဒီ ရှစ်ပါးဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီကဲ့သို့ အနည်းဆုံး သဘာဝသတ္တိ ရှစ်မျိုးကို သဘာဝသတ္တိတစ်မျိုးတည်းဟု ထင်မှတ်ယူရလောက်အောင် စုလျက်၊ တွဲလျက်၊ ခဲလျက်၊ ပေါင်းလျက် ဖြစ်ပွားခြင်းကို "သမူဟဃန" လို့ ခေါ်ပါတယ်၊ သမူဟဃန ဆိုတာ အဲဒီ အပေါင်းအစု သဘောကို ခေါ်ပါတယ်၊ မှတ်မိအောင် လင်္ကာနဲ့ ဒီလိုမှတ်ထားပါ"

စုပေါင်းပုံမှု၊ တစ်မျိုးယူ၊ သမူဟဃနသာ။

## ကိစ္စယန

နာမ်ကလာပ် တစ်ခုတစ်ခု၊ ရုပ်ကလာပ် တစ်ခုတစ်ခု၌ ပါရှိကြသည့် နာမ်တရား၊ ရုပ်တရား အသီးသီးတို့သည် ဆိုင်ရာ ဆိုင်ရာ မိမိတို့၏ ကိစ္စအလုပ်တို့ကို ပြုလုပ်ပြီးပြေစေကြလျက် ဖြစ်ပွားကြပါတယ်။

အဲဒီကဲ့သို့ ဖြစ်ပွားကြရာ၌ အဘိဓမ္မာ ဉာဏ်ပညာမျက်စိ မရှိသောသူတို့အဖို့မှာ –

ဤကား ဖဿ၏ အလုပ်ကိစ္စ

ဤကား ဝေဒနာ၏ အလုပ်ကိစ္စ

ဤကား သညာ၏ အလုပ်ကိစ္စ

စသည်ဖြင့်လည်းကောင်း၊

ဤကား ပထဝီ၏ အလုပ်ကိစ္စ

ဤကား အာပေါ၏ အလုပ်ကိစ္စ

ဤကား ဝါယော၏ အလုပ်ကိစ္စ

ဤကား တေဇော၏ အလုပ်ကိစ္စ

စသည်ဖြင့်လည်းကောင်း၊ ဆိုင်ရာဆိုင်ရာ အလုပ်ကိစ္စ အထူးကို သိဖို့ရန် ခဲယဉ်းလှပါတယ်၊ ကဲ – သိဖို့ရန် မခဲယဉ်း ဘူးလား"

"ခဲယဉ်းပါတယ်ဘုရား"

"သာမန်အားဖြင့် ရုပ်လို့၊ နာမ်လို့ သိဖို့ရာတောင်မှ အတော်ခဲယဉ်းပါတယ်၊ ရုပ်တရား တစ်လုံးတစ်လုံးရဲ့ကိစ္စ၊ နာမ်တရား တစ်လုံးတစ်လုံးရဲ့ကိစ္စကို သိဖို့ရာဆိုတာ အတော့်ကို ခဲယဉ်းလှပါတယ်"

"မှန်ပါ့ ဘုရား"

"ခဲယဉ်းတယ်သာ ပြောတာနော်၊ မသိနိုင်ဘူးလို့ ပြောတာမဟုတ်ဘူး၊ သိအောင်ကြိုးစားအားထုတ်ရင် သိနိုင်ပါ တယ်၊ နိဗ္ဗာန်ရသွားတာတွေ အများကြီးပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီကဲ့သို့ နာမ်တရား ရုပ်တရားတွေရဲ့ မိမိတို့ရဲ့ ဆိုင်ရာကိစ္စအထူးကို သိနိုင်ခဲသောအနေဖြင့် တရားလုံး တစ်ခု တည်းဟု ထင်မှတ်ရအောင် စုလျက်၊ တွဲလျက်၊ ခဲလျက် ဖြစ်ပွားမှုကို "ကိစ္စယန" လို့ ခေါ်ပါတယ်၊ ကိစ္စယနဆိုတာ အဲဒီသဘော ပဲနော်။

"အဲဒီ ကိစ္စယနကို ရှင်းရှင်းလင်းလင်း မှတ်မိအောင် လင်္ကာနဲ့ မှတ်ထားပါ။

အထူးကိစ္စ၊ သိခက်က၊ ကိစ္စယနသာ။

## အာရမ္မဏယန

"နာမ်ကလာပ် တစ်ခုတစ်ခု၌ ပါရှိသော ထိုထိုနာမ်တရားတို့၏ အာရုံတစ်ခုကို စုပေါင်း၍ အာရုံပြုသောအနေဖြင့် လည်းကောင်း၊ ရုပ်ကလာပ် တစ်ခုတစ်ခု၌ ပါရှိသော ထိုထိုရုပ်တရားတို့၏ အာရုံတစ်ခုတည်းအနေဖြင့်လည်းကောင်း၊ ပရမတ္ထတရားသားသဘာဝသတ္တိတစ်ခုတည်းဟုထင်မှတ်ရအောင်စုလျက်၊တွဲလျက်၊ခဲလျက်ဖြစ်ပွားခြင်းကို "အာရမ္မဏယန" လို့ ခေါ်ပါတယ်၊ အာရမ္မဏယနရဲ့သဘောကို မှတ်ထားနော်"

"မှန်ပါ့ ဘုရား"

"အဲဒီ ရုပ်နာမ်တရားတို့ရဲ့ သဘော သဘာဝသတ္တိတွေကို သိဖို့ရာ ရှုပွားအားထုတ်တဲ့အခါ စိတ်ရှည်ရှည် စိတ်အေးအေးထားပြီးတော့ ရှုပွားအားထုတ်ဖို့ရာ အရေးကြီးပါတယ်"

"အချုပ်အားဖြင့် ပြောဆိုရရင် အကြောင်းပစ္စည်းတရား၊ အကျိုးပစ္စယုပ္ပန်တရားအနေအားဖြင့် ဖြစ်ပွားကြသည့် များစွာသော ရုပ်နာမ်တရားတို့ရဲ့ -

၁။ ကာလအားဖြင့်လည်းကောင်း

၂။ သဘာဝသတ္တိအားဖြင့်လည်းကောင်း

၃။ ကိစ္စအားဖြင့်လည်းကောင်း

၄။ အာရုံသဘောအားဖြင့်လည်းကောင်း အထူးအပြားကို သိရှိနိုင်ခဲသော အနေအားဖြင့် တရားလုံး တရားသား တစ်ခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွားခြင်းကို အစဉ်အတိုင်း -

၁။ သန္တတိဃန

၂။ သမူဟဃန

၃။ ကိစ္စဃန

၄။ အာရမ္မဏဃန

ဟူ၍ ခေါ်ဆိုအပ်ပါတယ်၊ ခေါ်ဆိုပုံအချုပ်ကို အဲဒီလိုပဲ မှတ်ထားပါနော်"

"မှန်ပါ ဘုရား"

"အာရမ္မဏကို မှတ်မိအောင်၊ အမှတ်လွယ်အောင် ဒီလို လင်္ကာနဲ့ မှတ်ထားပါ"

အာရုံပေါင်းပြု၊ ထင်တစ်ခု၊ မှတ်ရှု အာရမ္မဏ။

## ရှုကြည့်နည်း

"အင်း - အဲဒီလို ရုပ်တရား နာမ်တရား ပရမတ္ထ သဘောတရားတို့ရဲ့ သဘော သဘာဝသတ္တိကို သိဖို့ရာ ရှုပွား အားထုတ်နည်းကို -

"ရေတွက်စေ၍၊ စိတ်တွေ့သပ်သပ်၊ အစပ်ကိုတည့်၊ ရှုမျှော်ကြည့်သို့၊ သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထမှာ"

ဆိုတဲ့ လင်္ကာအတိုင်း ထိုထိုရုပ်တရား နာမ်တရားတို့ရဲ့ သဘာဝသတ္တိကို ဉာဏ်ပညာမျက်စိဖြင့် အေးအေးဆေးဆေး ကြည့်ရှုနိုင်ပါမှ မြင်အောင်အားထုတ်နိုင်ပါမှ ပရမတ္ထတရားသို့ အမြင်ဆိုက်ရောက်နိုင်ပါတယ်။

အဲဒီလို ပရမတ္ထတရားသို့ အသိဉာဏ် အမြင်ဆိုက်ရောက်ပါမှ ဃန ပြိုပါမည်၊ အဲဒီ ဃန ပြိုပါမှလည်း အနတ္တ အသိဉာဏ်ကို ရနိုင်ပါသည်၊

ရုပ်တရား နာမ်တရားတို့ရဲ့ သဘော သဘာဝသတ္တိကို ဉာဏ်ပညာမျက်စိဖြင့် မရှုမကြည့်က ပရမတ္ထတရားသို့ ဉာဏ်အမြင် မဆိုက်ရောက်နိုင်ပါ။

အဲဒီလို ပရမတ္ထတရားသို့ အသိဉာဏ်အမြင် မဆိုက်ရောက်ရင်လည်း ဃန မပြိုပါဘူး၊ အဲဒီ ဃန မပြိုရင်လည်း အနတ္တအသိဉာဏ်ကို မရနိုင်ပါဘူး၊ အဲဒါကြောင့် အနတ္တကို ဃန ဖုံးတယ်လို့ ဆိုတာပါပဲ၊ ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

"ကဲ - ရှင်းရင်လည်း ပြီးပြီပေါ့"

"အနတ္တကို ယန ဖုံးတာတော့ ရှင်းသွားပါပြီဘုရား၊ နောက်တစ်ခု ထပ်မေးပါရစေဦး ဘုရား"

"လာ - လာသေးတော့တယ်၊ မေးစရာတွေကလည်း ကုန်ပဲ မကုန်နိုင်တော့ပါလား"

"များများမဟုတ်ပါဘုရား၊ တစ်ခုတည်းပဲ မေးပါတော့မယ်ဘုရား၊ ခွင့်ပြုပါဘုရား"

"ကဲ - ကဲ ဒါဖြင့် မေးစမ်းပါဦး၊ သိပ်ပြီးတော့ နိဒါန်းပျိုးမနေပါနဲ့တော့၊ အဲဒီတစ်ခုပဲ မေးစမ်းပါ၊ သိရင်လည်း တစ်ခါတည်း ဖြေရတာပေါ့"

"အဲဒီ ယနပညတ်၊ ယနသညာကို ရှုပွားအားထုတ်လို့ ဝိပဿနာဉာဏ်အနေနဲ့ ဘယ်ဉာဏ် လောက်ရောက်မှ ပယ်နိုင်ပါသလဲ ဘုရား"

## ဘင်္ဂဉာဏ်မှ ယနပယ်

"ယနပညတ်၊ ယနသညာကို ဝိပဿနာရှုပွားအားထုတ်လို့ ဘင်္ဂဉာဏ်လောက်ရောက်မှ ပယ်နိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ဘင်္ဂဉာဏ်ရဲ့ရှုကွက်ပြတဲ့ ဟို - ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို ထောက်ရှုကြည့်လို့ပါ"

"အမိန့်ရှိပါဘုရား"

"အဲဒီ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ အဖန်တလဲလဲ ရှုပွားအားထုတ်ပုံနှင့် ပတ်သက်ပြီးတော့ အဘယ်သို့သော အခြင်းအရာအားဖြင့် အဖန်တလဲလဲ ရှုပွားအားထုတ်သနည်း" လို့ မေးပြီးတော့ ဒီလိုဖြေထားပါတယ်။

၁။ အနိစ္စအခြင်းအရာအားဖြင့် အဖန်တလဲလဲ ရှု၏၊ နိစ္စအားဖြင့် အဖန်တလဲလဲ မရှု။
၂။ ဒုက္ခအားဖြင့် အဖန်တလဲလဲ ရှု၏၊ သုခအားဖြင့် အဖန်တလဲလဲ မရှု။
၃။ အနတ္တအားဖြင့် အဖန်တလဲလဲ ရှု၏၊ အတ္တအားဖြင့် အဖန်တလဲလဲ မရှု။
၄။ ငြီးငွေ့၏၊ မနှစ်သက်။
၅။ တပ်ခြင်း ကင်း၏၊ မတပ်မက်။
၆။ ချုပ်စေ၏၊ မဖြစ်စေ။
၇။ စွန့်၏၊ မစွဲလမ်း။

လို့ အဲဒီလို ပြထားပါတယ်၊ အဲဒီလို ပြပြီးတော့ အဲဒီလို ရှုပွားလို့ ရရှိတဲ့ အကျိုးအာနိသင်ကို တစ်ခါတည်းဆက်ပြီးတော့ ဒီလို ပြပြန်တယ်။

၁။ အနိစ္စအားဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍ နိစ္စသညာကို ပယ်စွန့်၏။
၂။ ဒုက္ခအားဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍ သုခသညာကို ပယ်စွန့်၏။
၃။ အနတ္တအားဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍ အတ္တသညာကို ပယ်စွန့်၏။
၄။ ငြီးငွေ့သည်ဖြစ်၍ သပီတိကတဏှာကို ပယ်စွန့်၏။
၅။ တပ်ခြင်းကင်းသည်ဖြစ်၍ ရာဂကိုစွန့်၏။
၆။ ချုပ်စေသည်ဖြစ်၍ ဖြစ်ခြင်းကို ပယ်စွန့်၏။
၇။ စွန့်လွှတ်သည်ဖြစ်၍ စွဲလမ်းခြင်းကို ပယ်စွန့်၏။

တဲ့၊ အဲဒီမှာ သေသေချာချာ သတိပြုပါ၊ အနတ္တအားဖြင့် အဖန်တလဲလဲ ရှု၏၊ အတ္တအားဖြင့် အဖန်တလဲလဲ မရှုလို့ ပါတယ် မဟုတ်လား"

"မှန်ပါ၊ ပါ.ပါတယ်ဘုရား"

"အနတ္တအားဖြင့် အဖန်တလဲလဲ ရှုနိုင်တယ် ဆိုကတည်းက ယန ဖုံးထားနိုင်ပါ့မလား"

"မဖုံးထားနိုင်တော့ပါ ဘုရား"

"အင်း - အဲဒီလို အနတ္တအားဖြင့် အဖန်တလဲလဲရှုတဲ့ အကျိုးကို ပြတော့မှ ပိုရှင်းသွားမယ်"

"အမိန့်ရှိပါဘုရား"

"အနတ္တအားဖြင့် အဖန်တလဲလဲ ရှုသည်ဖြစ်၍ အတ္တသညာကို ပယ်စွန့်၏" လို့ အနတ္တလို့ ရှုရတဲ့ အကျိုးဟာ အတ္တသညာကို ပယ်စွန့်နိုင်တယ်တဲ့၊ ဒီတော့ ကြည့်ပါ၊ ယနသညာကို ပယ်နိုင်လို့ အနတ္တအားဖြင့် ရှုနိုင်တယ်၊ အနတ္တအားဖြင့် ရှုနိုင်လို့ အတ္တသညာကို ပယ်နိုင်တယ်၊ အတ္တသညာကို ပယ်နိုင်လို့ ယနသညာကိုလည်း ပယ်နိုင်တယ်လို့ ဆိုနိုင်တယ်ပေါ့နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ဘင်္ဂဉာဏ် ရောက်ပြီဆိုလျှင် ယနသညာကို ပယ်နိုင်ပါပြီ၊ ရှင်းသထက် ရှင်းချင်ရင်တော့ ဝိသုဒ္ဓိမဂ် မဟာဋီကာကြီးကို ကြည့်ရှုပါ"

"တော်ပါပြီဘုရား၊ ဒီလောက်ဆိုရင် ကျေနပ်ပါပြီ ဘုရား၊ ဒီအချက်ကတော့ လုံလောက်ပါပြီဘုရား၊ အဲဒီ ဘင်္ဂဉာဏ်ရဲ့အကျိုးကို သိချင်ပါတယ်ဘုရား၊ ဘင်္ဂဉာဏ်ရဲ့အကျိုး ဘယ်နှစ်ပါး ရှိပါသလဲဘုရား၊ သည်းခံပြီး ဆက်ရှင်းပါဦးဘုရား"

## ဘင်္ဂဉာဏ်အကျိုး (၈)မျိုး

"အောင်မယ်လေး - ဒကာကြီးရဲ့ပြဿနာတွေကလည်း တစ်ခုပြီးတစ်ခု ဆိုတော့ ဒီနေ့ တစ်နေ့လုံး ဖြေဆိုလို့တောင် မှ ပြီးဆုံးနိုင်ပါ့ဦးမလား၊ ဘုန်းကြီးတောင် ဖြေရင်း ဖြေရင်းနဲ့ ကျွဲမြီးတိုချင်ချင် ဖြစ်လာပြီ ဒကာကြီးရဲ့"

"မတိုပါနဲ့ ဘုရား၊ တပည့်တော်ကို ရင်ဝယ်သားပမာ မေတ္တာကရုဏာ ရှေ့ထားပြီး ဆက်လက် ဖြေကြားပေးပါဦး ဘုရား"

"ကဲ - ကဲ ဒါဖြင့် သေသေချာချာ မှတ်ထားနော်၊ ဟို - ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဂါထာတစ်ပုဒ်နဲ့ ပြတယ်"

> "ရေပွက်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း ဤအတူ ရုပ်နာမ်ဟူသော လောကကို ဉာဏ်ဖြင့် သက်ဝင်၍ "အပျက် အပျက်" ကိုသာ ရှုမြင်သော ယောဂီပုဂ္ဂိုလ်ကို သေမင်း မမြင်နိုင်ပြီ" တဲ့။

အဲဒီလိုပြတယ်၊ အဲဒီလိုပြပြီးတော့ "ဤသို့ အလုံးစုံသော သင်္ခါရတရားတို့သည် လျင်စွာ လျင်စွာ ပျက်ကုန်စွတကား" ဟူ၍ မပြတ်ရှုပွားသော ထိုယောဂီပုဂ္ဂိုလ်အား ရှစ်ပါးသော အကျိုးအာနိသင်ဖြင့် ခြံရံအပ်သော ဘင်္ဂါနုပဿနာဉာဏ်သည် သန်မြန်သောအားသို့ ရောက်ပါတယ်လို့ ပြပါတယ်။

"အဲဒီစကားအရ ဘင်္ဂဉာဏ်အကျိုးဟာ ရှစ်မျိုးရှိတယ်လို့ မှတ်ရမယ်ပေါ့၊ ရှစ်မျိုးက ဘာတွေလဲဆိုတော့ -

၁။ ဘဝဒိဋ္ဌိပ္ပဟာနံ - သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်း။

၂။ ဇီဝိတနိကန္တိပရိစ္စာဂေါ - အသက်၌ တပ်မက်ခြင်းကို စွန့်နိုင်ခြင်း။

၃။ သဒါယုတ္တပယုတ္တတာ - နေ့ညဥ့်မပြတ် ဝိပဿနာ ဘာဝနာတရား၌ လွန်စွာလွန်စွာ အားထုတ်သည်၏ အဖြစ်။

၄။ ဝိသုဒ္ဓါဇီဝိတာ - ယုတ်မာသော အလိုရမ္မက် ဝေးသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးခြင်းလည်း ရှိသည်၏ အဖြစ်။

၅။ ဥဿုက္ကပ္ပဟာန် - ထက်သော သံဝေဂအကြောင်းကိစ္စ ကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်နိုင်ခြင်း။

၆။ ဝိဂတဘယတာ - အတ္တသိနေဟ ကင်းသည်ဖြစ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင့်လည်း ဘေး ကင်းသည်၏အဖြစ်။

၇။ ခန္တိသောရစ္စပဋိလာဘော - အနိစ္စတာကို ကောင်းစွာမြင်အပ်သည်၏ အဖြစ်ကြောင့် သည်းခံခြင်း၊ ကောင်းသောအမှု၌ မွေ့လျော်ခြင်းကို ရခြင်း။

၈။ အရတိရတိ သဟနတာ - ဆိတ်ငြိမ်သော တောကျောင်း၊ တောင်ကျောင်း၊ သမထဘာဝနာ ဝိပဿနာ ဘာဝနာဟူသော လွန်ကဲသော ကုသိုလ်တို့၌ မမွေ့လျော်ခြင်း၊ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် ခြင်းကို နှိမ်နင်းနိုင်သည်၏ အဖြစ်ရယ်လို့ အဲဒီ ရှစ်မျိုးသော အကျိုးတွေဟာ ဘင်္ဂဉာဏ်ရဲ့အကျိုးတွေပါပဲ၊ အဲဒီ ဘင်္ဂဉာဏ်ရဲ့အကျိုးရှစ်ပါးတို့ကို ဝိသုဒ္ဓိမဂ် မဟာဋီကာနဲ့ ရှင်းပြရင် ပိုပြီးတော့ လင်းသွားပါလိမ့်မယ်"

"ဒီလိုဆိုရင် တပည့်တော် လင်းသွားအောင် ဆက်ပြီးတော့ ရှင်းပြပါဦးဘုရား"

"အင်း - အင်း၊ ရှင်းပြပါမယ်၊ ခုမှတော့ သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး၊ ကဲ - ကဲ မှတ်မိအောင် နားထောင်ပါ၊ သံထဲရေသွန်တော့ မဖြစ်ပါစေနဲ့"

## သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်း

"သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်း" ဆိုတဲ့ အကျိုးကို ဘာဖြစ်လို့ ရသလဲဆိုတော့ မပြတ်မစဲ အမြဲပဲ အပျက်ကိုသာလျှင် ရှုမြင်နေသော ယောဂီပုဂ္ဂိုလ်အား သဿတဒိဋ္ဌိရဲ့သက်ဝင်ခွင့်ဟာ မရှိတော့ပါဘူးတဲ့၊ ဒီတော့ ဒီနေရာမှာ မှတ်ချင်ရင် ဒီလိုမှတ်ထား၊ "အပျက်ကိုမြင် သဿတစင်" လို့ နော်"

"မှန်ပါ့၊ မှတ်ထားပါ့မယ် ဘုရား"

"အဲဒီလို ရုပ်နာမ်မွေ့ သင်္ခါရတွေရဲ့အပျက်ကိုသာ မြင်နေတဲ့ ယောဂီပုဂ္ဂိုလ်အား ရုပ်နာမ်တရားတွေအပေါ်မှာ နှစ်သက်တွယ်တာမှု မရှိတော့ဘူးတဲ့၊ ကဲ - စဉ်းစားကြည့်၊ အပျက်တွေ မြင်နေတော့ ဒီအပျက်တွေကို နှစ်သက်ပါဦးမလား"

"မနှစ်သက်တော့ပါ ဘုရား"

## အသက်၌ တွယ်တာမှု ကင်း

"အဲဒီလို အပျက်ကိုသာလျှင် ရှုမြင်နေတဲ့ ယောဂီပုဂ္ဂိုလ်တို့အား သဿတဒိဋ္ဌိ သက်ဝင်ခွင့်ဖြစ်ခွင့် မရှိတော့ပါဘူး၊ အဲဒီလို သဿတဒိဋ္ဌိ သက်ဝင်ခွင့်ဖြစ်ခွင့် မရှိတဲ့အတွက်ကြောင့်ပဲ အသက်၌ငြိကပ်တွယ်တာမှု ကင်းတာနော်"

"မှန်ပါဘုရား"

"အဲဒီလို အသက်၌ တွယ်တာမှု ကင်းသည်၏အဖြစ်ကြောင့်ပဲ အသက်၌ငြိကပ်တွယ်တာခြင်းကို ပယ်စွန့်တာနော်"

"မှန်ပါ့ဘုရား"

"အဲဒီစကားအရကြည့်ရင် ဘင်္ဂဉာဏ်လောက်သာ တကယ်ရောက်ရင် သေရမှာ ကြောက်ဦးမလား"

"မကြောက်တော့ပါ ဘုရား"

"ရုပ်နာမ်တွေရဲ့အမြဲ အသေတွေပဲ တွေ့ မြင်နေရတော့ ဘယ်ကလာပြီး သေရမှာ ကြောက်တော့မလဲ၊ မကြောက်တော့ဘူးပေါ့၊ အကျိုးကြီးတယ်နော်"

"မှန်ပါ၊ ကြီးပါတယ်ဘုရား"

"အင်း - တချို့များ ကြည့်စမ်း၊ ပြောတော့လည်း သင်္ခါရုပေက္ခာဉာဏ်၊ မဂ်ဉာဏ်အထိ ရောက်တယ်လို့ ပြောကြတယ်၊ သေရမှာတော့လည်း ကြောက်လိုက်တာ၊ မသေခင် အကုသိုလ်မှုတွေပြု့ပြော နေကြတယ်၊ ဟုတ်ပါ့မလား၊ သင်္ခါရုပေက္ခာဉာဏ်၊ မဂ်ဉာဏ်"

"မဟုတ်နိုင်ပါဘုရား"

## အလွန့်အလွန် အားထုတ်

"ဒီ ဘင်္ဂဉာဏ်ရောက်နေတဲ့ ယောဂီဟာ နေ့ရောညပါ အခါခပ်သိမ်း ဝိပဿနာဘာဝနာတရား၌ အလွန့်အလွန် အားထုတ်ပါတော့တယ်တဲ့"

"ကဲ - သတိထားနော်၊ တရားအားထုတ်ပြီးတော့ တရားဌာနမှာ ဆက်ပြီးတော့ နေသည်ဖြစ်စေ၊ မနေဘဲ ပြန်လာသည်ဖြစ်စေ၊ ဝိပဿနာတရား ဆက်လက်အားမထုတ်တော့ဘူး၊ အားထုတ်ရမှာ ကြောက်နေပါတယ်ဆိုတဲ့ ယောဂီဟာ သင်္ခါရုပေက္ခာဉာဏ် ရခဲ့ပါ့မလား"

"မရနိုင်ပါဘုရား"

"သင်္ခါရုပေက္ခာဉာဏ်တွေ၊ မဂ်ဉာဏ်တွေ အသာထားပါ၊ ဘင်္ဂဉာဏ်လောက်တောင်မှ မရခဲ့လို့ တရားဌာနက ပြန်လာပြီး တရားအားမထုတ်တာလို့ မှတ်ထားပါ၊ တချို့များ တရားဌာနမှာနေစဉ်တောင် တရားပြီးပြီဆိုပြီးတော့ တရားအားမထုတ်တော့ဘူး၊ အဲဒါတွေဟာ ဉာဏ်မမှန်လို့နော်"

"မှန်ပါ့ ဘုရား"

## အသက်မွေး စင်ကြယ်

" ဘင်္ဂဉာဏ်ရောက်တဲ့ ယောဂီဟာ အသက်မွေးမှု စင်ကြယ်သွားပြီ၊ ယုတ်မာသော အသက်မွေးမှု၊ မတရားသဖြင့် အသက်မွေးမှု မရှိတော့ဘူး"

"ဘာဖြစ်လို့ မရှိလဲဆိုတော့ အလိုဆိုးဖြစ်ခြင်းဖြစ်သော အလိုဆိုးတို့ရဲ့ဝေးကွာသည်၏အဖြစ်ကြောင့်တဲ့နော်"

"မှန်ပါ့ဘုရား"

"ဒါဖြင့် မိမိရဲ့အသက်မွေးမှုကို ကြည့်တာနဲ့ မိမိရဲ့ ဉာဏ်လည်း မှန်၊ မမှန် မသိနိုင်ဘူးလား"

"အင်း - သူများသာ ညာလို့ရမယ်၊ ကိုယ့်ကိုယ်ကိုတော့ ညာလို့ မရဘူးနော်"

"မှန်ပါ့ဘုရား"

## ကြောင့်ကြဗျာပါရ ပယ်နိုင်

"ဘင်္ဂဉာဏ်ရောက်တဲ့ ယောဂီဟာ ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်နိုင်တယ်။ ဘာဖြစ်လို့ ပယ်နိုင်တာလဲ၊ ဘာကြောင့် ပယ်နိုင်တာလဲဆိုတော့ ထက်သန်သော ထိတ်လန့်ခြင်း သံဝေဂရှိသည်၏ အဖြစ်ကြောင့်တဲ့နော်"

"မှန်ပါ့ဘုရား"

"ဟုတ်တာပေါ့၊ အမြဲတမ်း ရုပ်နာမ်တွေရဲ့အသေတွေ၊ အပျက်တွေချည်းပဲ မြင်နေတော့ ဘယ်ကလာပြီးတော့ ကိစ္စကြီးငယ်တွေနဲ့ အချိန်ကုန်ခံပြီးတော့ နေပါတော့မလဲ၊ ကိစ္စနည်းအောင်ပဲ နေတော့တယ်တဲ့နော်"

"ကိစ္စကြီးငယ်တွေ သိပ်များနေသေးရင် ကိစ္စကြီးငယ်တွေများတာ ကြိုက်နေသေးရင် တရားသိပ်မဟုတ်သေးဘူးလို့ မှတ်နော်"

"မှန်ပါ့ဘုရား"

## ဘေးကင်းခြင်း

"ဘင်္ဂဉာဏ်ရောက်နေတဲ့ ယောဂီဟာ ဘေးကင်းနေပါတယ်တဲ့။ ဘာဖြစ်လို့ ဘေးကင်းနေတာလဲ၊ ကင်းသောဘေးရှိသူ ဖြစ်နေတာလဲဆိုရင် မိမိကိုယ်၌ ချစ်ခင်မှုမရှိခြင်းကြောင့် တစ်စုံတစ်ခုသောအရပ်မှ ကြောက်ခြင်းမရှိပါ၊ ဘေးမရှိပါတဲ့။

ဟုတ်ပါတယ်၊ ဘေးကြောက်တယ်ဆိုတာ အမှန်က မိမိကိုယ်၌ ချစ်ခင်တွယ်တာတဲ့အတွက် ကြောက်တာပါ၊ မိမိကိုယ်ကို ချစ်ခင်မှု မရှိတော့ဘူးဆိုကတည်းက ဘေးလည်း မရှိတော့ပါ၊ ကြောက်စရာလည်း မရှိတော့ပါ၊ ဘယ်အရပ်ကဘေးမှ မရှိတော့တဲ့ အဓိပ္ပာယ် ရောက်သွားပါတယ်နော်"

"မှန်ပါ့ဘုရား"

"အဲဒီအခြေအနေဟာ မဂ်တရား မဟုတ်သေးပါဘူး၊ သင်္ခါရုပေက္ခာဉာဏ်လည်း မဟုတ်သေးပါဘူး၊ ဘင်္ဂဉာဏ်မျှသာ ရှိပါသေးတယ်၊ အကျိုးတွေ မထူးဘူးလား"

"ထူးပါတယ်ဘုရား"

"ဒီဘင်္ဂဉာဏ်ရောက်ရင် ဘုန်းကြီးဆိုရင်လည်း အသက်မွေးမှု စင်ကြယ်ပြီး၊ လူဆိုလည်း စင်ကြယ်ပြီး ဉာဏ်တွေ အများကြီးရတယ် ပြောပြီး ယခုပြောခဲ့တဲ့ အကျိုးတွေ မရရင် အဲဒီဉာဏ်တွေ ရတယ်ဆိုတာ ဟုတ်ပါ့မလား"

"မဟုတ်ပါဘုရား"

## သည်းခံခြင်း၊ ကောင်းသောအမှု၌ မွေ့လျော်ခြင်း

"ဘင်္ဂဉာဏ်ရောက်တဲ့ ယောဂီဟာ အရာရာ၌ သည်းခံခြင်း၊ ကောင်းသောအမှု၌ မွေ့လျော်ခြင်း ဖြစ်လာပါတယ်၊ ဘာဖြစ်လို့အဲဒီလိုဖြစ်လာတာလဲဆိုတော့ ရုပ်တရား နာမ်တရားတွေရဲ့မမြဲသည်၏အဖြစ်၊ ပျက်စီးနေသည်၏အဖြစ်ကို ကောင်းစွာမြင်သောကြောင့်တဲ့နော်"

"မှန်ပါ့ဘုရား"

"ဟုတ်တာပေါ့၊ အမြဲတမ်းအပျက်ပဲမြင်နေတဲ့ ယောဂီဟာ မကောင်းတဲ့ လောကဓံတရားတွေကို အကုန်လုံး သည်းခံနိုင်ပြီပေါ့နော်၊ ကောင်းတဲ့ ကုသိုလ်မှုတွေမှာလည်း မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ပြီပေါ့နော်"

"မှန်ပါ့ဘုရား"

"အဲဒီလို အရာရာ၌ သည်းခံမယ်၊ ကောင်းသောအမှု၌ မွေ့လျော်မယ်ဆိုရင် ကောင်းကျိုးတွေ များစွာရပြီး အပြစ်တွေ များစွာကင်းသွားမယ်နော်"

"မှန်ပါ့ဘုရား"

## မမွေ့လျော်၊ မွေ့လျော်ခြင်းကို သည်းခံနိုင်

"ဘင်္ဂညက်ရောက်နေတဲ့ယောဂီဟာ မမွေ့လျော်ခြင်း၊ မွေ့လျော်ခြင်းကို လွှမ်းမိုးနှိမ်နင်းနိုင်ပါတယ်၊ ဒီမှာ မေးစရာရှိပါတယ်၊ ဘယ်အရာ၌ မမွေ့လျော်တာလဲ၊ ဘယ်အရာ၌ မွေ့လျော်တာလဲလို့ မေးစရာမရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ယခုပြောခဲ့တာတွေဟာ ဘင်္ဂညက်ရဲ့အကျိုးတရားတွေပါ၊ အကျဉ်းပြောပြတာ အကျယ်ပြောရရင် အများကြီး ရှိပါသေးတယ်၊ ပြောရဦးမလား"

"ဒီလောက်ဆိုရင် ပြည့်စုံလုံလောက်ပါပြီဘုရား၊ အရှင်ဘုရားလည်း ညောင်းရော့မယ်၊ ကျေးဇူးလည်း အများကြီးတင်ပါတယ်ဘုရား၊ သွားခွင့်ပြုပါဦးဘုရား"

"ကဲ - ကဲ သွားပေဦးတော့၊ ပြဿနာတစ်ခုကနေ ပြဿနာတွေ အများကြီးမေးတဲ့ ဒကာကြီးတော့ ဘုန်းကြီးက မမေ့ပါဘူး၊ ပြဿနာကလည်း ကျေးဇူးများတဲ့ ပြဿနာဆိုတော့ ဘုန်းကြီးလည်း မညောင်းပါဘူး"

✦ အတ္တ - အနတ္တ၊ ဤနှစ်ဝ၊ ကွဲကြသေသေချာ။
✦ အနတ္တလုံး၊ ယနဖုံး၊ ရှုဦးဓာတ်ကိုသာ။
✦ ရုပ်နာမ်ဓာတ်ပိုင်၊ ယနဆိုင်၊ ဖြိုနိုင်တော့သည်သာ။
✦ ယနပြိုကာ၊ အနတ္တ၊ လုံးဝပေါ်တော့တာ။
✦ အနတ္တမြင်၊ အတ္တစင်၊ အမြင်မှန်တော့တာ။
✦ အမြင်မှန်လျှင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်တော့မည်သာ။

# ရဟန်းတော်များ ရေအိုးစင်တည်၍ သောက်ရေလှူကောင်းပါသလား

(၂၀၄)

## အလှူဒါန

ဒါန ဟူသည် ဒါန် ဒေတိ၊ အလှူ လှူ၏၊ စသော အချို့အရာ၌ လှူဖွယ်ဝတ္ထုကို ဒါန - ဟူ၍ ဟောပါသည်၊ စေတနာရှိပါမှ အလှူပေးမှု ဖြစ်နိုင်ပါသည်၊ စေတနာမရှိက အလှူပေးမှု မဖြစ်နိုင်ပါ။

ထို့ကြောင့် အလှူဒါန ဖြစ်မြောက်ရေးမှာ စေတနာက အဓိကအကြောင်းဖြစ်ရာ အလှူဖြစ်မြောက်ခြင်း စေတနာကိုလည်း ဒါန - ဟု ဆိုရပါသည်။

ထို့ပြင် မိမိပစ္စည်း၌ တွယ်တာသော လောဘရှိနေသူ၌ အလှူဒါန မဖြစ်နိုင်ပါ။ မိမိပစ္စည်း၌ တွယ်တာမှုကင်းသော အလောဘရှိသူ၌သာ အလှူဒါန ဖြစ်နိုင်ပါသည်။

ထို့ကြောင့် အလောဘလည်း ဒါနဖြစ်ကြောင်းဖြစ်၍ ထိုစေတနာနှင့်ယှဉ်သော အလောဘကိုလည်း အလှူဒါနဟူ၍ အဋ္ဌကထာ၌ ဖွင့်ဆိုပါသည်။

## ပေးလှူပုံများ

စေတနာဆိုရာ၌ "ဒါနမည်သည်မှာ သူတစ်ပါးကို ရည်ရွယ်၍ ဖြောင့်မှန်သောအသိဉာဏ်ရှေ့သွားရှိသော ထမင်းအစရှိသော (၁၀)မျိုးသော အလှူဝတ္ထုတို့ကို စွန့်လှူကြောင်း စေတနာပင်တည်း" ဟူသော အဋ္ဌကထာ စကားအရ ဉာဏ်ရှေ့သွားရှိသော လှူကြောင်းစေတနာကို "ဒါန" ဟု ဆိုရပါသည်။

## (၁၀)မျိုးသော အလှူဝတ္ထု

" ဤ၌ (၁၀)မျိုးသော အလှူဝတ္ထုတို့ကို စွန့်လှူကြောင်း စေတနာကို ဒါနဟု ဆိုရာ၌ (၁၀)မျိုးသော အလှူဝတ္ထုတို့ကို အောက်ပါအတိုင်း သိအပ်၏။

၁။ ခဲဖွယ်ဘောဇဉ်၊
၂။ အဖျော်လျက်ဖွယ်၊
၃။ ခါးဝတ်၊ ကိုယ်ဝတ် စသော အဝတ်၊
၄။ ထီး၊ ဖိနပ်ကို အစထား၍ သွားခြင်းအကြောင်းဖြစ်သော ယာဉ်၊
၅။ မကုံးသောပန်း၊ ကုံးသောပန်း အစရှိသော အလုံးစုံသော ပန်း၊
၆။ အလုံးစုံသော နံ့သာမျိုး၊
၇။ အဆောက်အဦးအရေကို တပ်စွန်းစေတတ်သော နံ့သာပျောင်း၊
၈။ အိပ်ရာနေရာ၊
၉။ ကျောင်းအဆောက်အဦး၊
၁၀။ ဆီ၊ ဆီမီး။

ဤ (၁၀)ပါးတို့သည် အလှူဝတ္ထုတို့ ဖြစ်ပါသည်။ ဤ(၁၀)ပါးမှတစ်ပါး အများအပြားသော လှူဖွယ်ဝတ္ထုတို့သည် ဤ(၁၀)ပါး၌ပင် ပါဝင်သည်ဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ ဤ(၁၀)ပါးသာ လှူစရာပစ္စည်းဖြစ်သည်၊ တခြားသောအရာများကားလှူစရာပစ္စည်း မဟုတ်ဟူ၍ မဆိုသင့်ပါ။ အပ်စပ်သော ပစ္စည်းများကို လှူနိုင်ပါသည်။

## ဉာဏ်ရွှေသွား

အထက်၌ "အသိဉာဏ် ရွှေသွားရှိသော" ဟူသည့်စကား ပါရှိပါသည်။ ယင်းစကားဝယ် ဉာဏ်ရွှေသွားရှိသည် ဆိုရာ၌ ကံ၊ ကံ၏အကျိုးကို သိနားလည်သော "ကမ္မဿကတာသမ္မာဒိဋ္ဌိ" ရှိရမည်ဟု ဆိုလိုပါသည်။ အလှူကြောင့် ကောင်းကျိုးရလိမ့်မည်ဟု သိခြင်းပင် ဖြစ်ပါသည်။

ဉာဏ်ရွှေသွား ရှိရမည်ဟု ဆိုသောကြောင့် ဤဉာဏ်မရှိပါလျှင် အလှူဒါန မဖြစ်ဟူ၍ကား မမှတ်အပ်ပါ၊ အကောင်းဆုံး ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်ရန်သာ ဆိုလိုရင်းဖြစ်ပါသည်။

ထိုဉာဏ်ပင် ရွှေသွားမရှိသော်လည်း အလှူခံပုဂ္ဂိုလ်ကို ကြည်ညိုခြင်း စသည်ဖြင့် ပေးကမ်းလှူဒါန်းရာ၌ အလှူဒါနဖြစ်သည်သာ ဖြစ်ပါသည်။ ယင်းဒါနမျိုးကို ဉာဏ်မပါသော "ဉာဏဝိပ္ပယုတ်ဒါန" ဟု ခေါ်ဆိုရပါသည်။

"အချို့ကလေးများ" အချို့အရပ်က လူအများမှာ အကျိုးပေးလိမ့်မည်ဟု မသိသော်လည်း ချစ်ခင်မြတ်နိုး၍ ပေးခြင်း၊ သနား၍ ပေးခြင်း၊ အကျိုးလိုလား၍ ပေးခြင်း စသည် ရှိတတ်ရာ ထိုအပေးမျိုးမှာ ဒါနပင် ဖြစ်ပါသည်။

ဒါနမဖြစ်သော အပေးမျိုးလည်း ရှိပါသေးသည်။ ၎င်းတို့မှာ ကြောက်၍ ပေးရခြင်း၊ လာဘ်လာဘကို မျှော်ကိုး၍ ပေးရခြင်း၊ ချစ်ကြိုက်၍ ပေးရခြင်း စသော အပေးမျိုးသည် ဒါန မဖြစ်ပါ။

## မတွယ်တာမှ လှူနိုင်ကြ

အများအားဖြင့် မိမိပစ္စည်း၌ တွယ်တာတတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ သို့သော် ပုဂ္ဂိုလ်ကို ကြည်ညိုသော အခါဖြစ်စေ၊ မေတ္တာ ကရုဏာ သက်ရောက်၍ သူ့အကျိုးကို လိုလားသောအခါဖြစ်စေ မိမိပစ္စည်း၌ တွယ်တာမှုကို ဖြတ်တောက်နိုင်ကြပါသည်။ ပေးကမ်းနိုင်ကြပါသည်။

ဘုရားအလောင်းတော်များမှာ ပစ္စည်းဥစ္စာသာမက ကိုယ်နှင့် အသက်ကိုပါ စွန့်လွှတ်နိုင်အောင် ရက်ရောကြပါသည်။ ယင်းသို့ ရက်ရောနိုင်ခြင်း၏ အကြောင်းကား မေတ္တာ ကရုဏာပင် ဖြစ်ပါသည်။

ထို မေတ္တာ ကရုဏာကြောင့် ရက်ရောစွာ စွန့်လွှတ်လှူဒါန်းခဲ့ရာမှ မငြိုကပ်မှုအလို ရင့်သန်လာသောအခါ တွယ်တာမှုဟု မရှိတော့ပေ။

မေတ္တာ ကရုဏာ မထားနိုင်ခြင်း၊ သဒ္ဓါ နည်းပါးခြင်းကြောင့် အချို့သူတို့မှာ ပစ္စည်းဥစ္စာ တွယ်တာတတ်ခြင်း၊ မတွယ်တာသော်လည်း မလှူလိုခြင်းဖြင့် အလှူဒါန မဖြစ်တတ်သော်လည်း ကြည်ညိုတတ်ခြင်း၊ သူ့အကျိုးကို လိုလားခြင်း ရှိသူတို့မှာမူ မိမိအလွန်တရာ နှစ်သက်သော ပစ္စည်းကိုပင် နှမြောရမှန်းမသိ ရက်ရောစွာ လှူဒါန်းနိုင်ပါသည်။

## ဘုရားပင့်သွား တရားရ

ဘုရားရှင်လက်ထက်တော်အခါက စဏ္ဍပဇ္ဇောတမင်းကြီးသည် ထင်ရှားသော မင်းတစ်ပါးဖြစ်၍ မင်းကြီးသည် ဘုရားရှင်ကို ကြည်ညိုပါသည်။ သို့ဖြစ်၍ မင်းကြီးသည် ဘုရားရှင်ကို ပင့်လျှောက်ရန် ကစ္စာယနလုလင်ကို နောက်ပါ ခုနစ်ယောက်နှင့် အတူလွှတ်လိုက်ပါသည်။

ကစ္စာယနလုလင်နှင့်အတူ ခုနစ်ယောက်တို့သည် ဘုရားရှင်ထံ ရောက်၍ တရားတော်ကို နာရသောအခါ အားလုံး ရဟန္တာ ဖြစ်သွားကြပါသည်။

ရဟန္တာဖြစ်ပြီးနောက် စဏ္ဍပဇ္ဇောတမင်းကြီး၏ ပင့်ချက်ကို လျှောက်ထားသောအခါ "သင်သွားလျှင်လည်း မင်းကြီး ကြည်ညိုပါလိမ့်မည်" ဟု မိန့်ကြားကာ ကစ္စာယနထေရ်ကိုသာ စေလွှတ်လိုက်ပါသည်။

## ဆံပင်မရှိ၊ ဆံပင်ရှိ

ကစ္စာယနထေရ်သည် နောက်ပါခုနစ်ပါးနှင့်အတူ ဥဇ္ဇေနီမြို့သို့ ရှေးရှုကြွသွားရာ လမ်းခရီးအကြား၌ တေလနာဠိမည်သော နိဂုံးသို့ ဆိုက်ရောက်ခဲ့၏။ ထိုနိဂုံး၌ သူဌေးသမီး နှစ်ယောက်ရှိ၏။ တစ်ယောက်သော သူဌေးသမီးမှာ ပစ္စည်းပျက်၍ ဆင်းရဲကာ အထိန်းသည်ကို မှီလျက် အသက်မွေးရရှာ၏။ ကိုယ်လုံးကိုယ်ပေါက် ကောင်း၏။ ရုပ်ဆင်းအင်္ဂါလှပသည့်ပြင် ဆံပင်လည်း အလွန်ကောင်း၏။

တစ်ယောက်သော သူဌေးသမီးမှာပြည့်စုံကြွယ်ဝသော်လည်း ဆံပင် မရှိပါ၊ ဆံပင်ကောင်းသော သူဌေးသမီးထံ ဆံပင်ကို မိမိအား ရောင်းပါရန် တစ်ရာကစ တစ်ထောင်အထိ တက်ပြီးပေးသော်လည်း မရောင်းခဲ့ပါ။

## ဆံပင်ရောင်းကာ ဆွမ်းကပ်ရာ

ထေရ်ရှင်များသည် တေလနာဠိနိဂုံးသို့ ရောက်၍ ထိုနိဂုံး၌ ဆွမ်းခံလှည့်လည်ရာ တစ်စုံတစ်ခုသော ဆွမ်းကို မရကြပါ။ အရှင်များကို ဆံပင်ကောင်းသော သူဌေးသမီး ဖူးမြင်ရသောအခါ "ဩော် - အရှင်များ ဆွမ်းလည်း မရသေးပါတကား၊ ငါ့မှာလည်း လှူစရာမရှိပါတကား" ဟု စိတ်မကောင်းဖြစ်ပြီး မိမိဆံပင်ကို သူငယ်ချင်းမ သူဌေးသမီးက ဝယ်ဖူးသည်ကို အမှတ်ရလျက် အရှင်များကို ပင့်ခိုင်း၍ အိမ်တွင်း၌ သီတင်းသုံးစေ၏။

ထို့နောက် အခန်းထဲသို့ဝင်ကာ မိမိ၏ဆံပင်ကို အထိန်းသည်အား ဖြတ်ခိုင်းတော့သည်။ သူဌေးသမီးမှာ စေတနာ အလွန်ထက်သန်၍ မိမိအလွန်တရာမှ နှမြောစုံမက်ခဲ့သော ဆံပင်ဖြတ်ရသည်ကို မည်သို့မျှ မဖြစ်သော်လည်း အထိန်းသည်

ကြီးမှာ ဤမျှကောင်းသော ဆံပင်ကို ဖြတ်ရသည့်အတွက် နမြောလွန်း၊ ဝမ်းနည်းလွန်းရာ၍ ရင်ပတ်ကို လက်ဝါးနှင့်အုပ်ကာ မျက်ရည်မဆည်နိုင် ဖြစ်ရရှာပါသည်။

ထို့နောက် အရှင်မြတ်များ မမြင်ရအောင် ဆံပင်ကို ကွယ်အုပ်လျက် ထွက်ခွာလာကာ ဆံပင်ဝယ်လိုသူ သူဌေးသမီးထံ သွားရောက်ရောင်းချရာ ဆံပင်မရှိသော သူဌေးသမီးက မိမိဝယ်စဉ်က မရောင်း၍ ဈေးနှိမ်ချကာ ရှစ်ကျပ်သာ ပေးလိုက်ပါသည်။

အထိန်းသည်ကြီးသည် ရှစ်သပြာတို့ကို ယူလာပြီး သူဌေးသမီးနှင့်အတူ တစ်ပါးလျှင် တစ်ကျပ်တန် ဆွမ်းချက်၍ သပိတ်ထဲသို့ ရိုသေစွာ လောင်းလှူ၏။ သူဌေးသမီးသည် အခန်းတွင်း၌ နေ၏။

ကစ္စာယနအရှင်မြတ်သည် ဤအကြောင်းကို သိ၍ သူဌေးသမီးကို မေးရာ သူဌေးသမီးလည်း မနေသာတော့ဘဲ ထွက်လာပြီးလျှင် အရှင်များကို ရိုသေစွာ ရှိခိုးဦးချ၏။

ရှိခိုးဦးချလိုက်သည်နှင့် တစ်ပြိုင်နက် ဆံပင်များမှာ နဂိုအတိုင်း ပြန်ပေါက်လာ၏။ ကုသိုလ်စေတနာ၏ မျက်မှောက်ချက်ချင်း အကျိုးပေးခြင်းပင် ဖြစ်ပါသည်။

## မိဖုရားကြီး ဖြစ်

ထို့နောက် အရှင်မြတ်များသည် ဆွမ်းကိစ္စ ပြီးစီးသောအခါ ကောင်းကင်ခရီးဖြင့် စဏ္ဍပဇ္ဇောတမင်းကြီး၏ ဥယျာဉ်တော်သို့ ကြွကာ ဆွမ်းဘုဉ်းပေးတော်မူကြပါသည်။ ဥယျာဉ်စောင့်သည် အရှင်များကို မြင်၍ မင်းကြီးအား အကြောင်းကို လျှောက်ကြား၏။

ဥယျာဉ်စောင့်၏လျှောက်ထားချက်အရ စဏ္ဍပဇ္ဇောတမင်းကြီး ရောက်လာ၏။ အရှင်ကစ္စာယနထံမှ ဘုရားရှင် မကြွကြောင်း သိရပြီးနောက် "ယနေ့ ဘယ်မှာ ဆွမ်းဘုဉ်းပေးပါသနည်း" ဟု လျှောက်ထားရာ အရှင်ကစ္စာယနထေရ်က သူဌေးသမီးကလေး၏ပြုနိုင်ခဲသော အလှူဒါနပြုပုံများကို မိန့်ကြားလိုက်၏။

မင်းကြီးသည် ထိုနေ့၌ပင် သူဌေးသမီးကို ဆောင်စေကာ မိဖုရားကြီးအရာ၌ တင်မြှောက်ပါသည်။ နောက်အခါ၌ "ဂေါပါလ" ဟု အမည်ရသော သားကိုဖွား၍ "ဂေါပါလမယ်တော်" ဟု ထင်ရှားသော မိဖုရားဖြစ်ပါသည်။

## အနေသန ၂၁ - ပါး

အို - စာရှုသူ၊ ဒါနအကြောင်းသိကောင်းစရာကို ရေးသားလာခဲ့သည်မှာ အတန်ငယ် ရှည်သွားပါပြီ။ မိမိသည် အဘယ့်ကြောင့် ဒါနအကြောင်း နိဒါန်းသွယ်နေသနည်းဆိုသော် ရဟန်းတော်တစ်ပါးနှင့် တရားဆွေးနွေးရာမှ ဖြစ်ပေါ်လာသော အမေးပုစ္ဆာပြဿနာကြောင့် ဖြစ်ပါသည်။

"အရှင်ဘုရား၊ ရဟန်းတော်များ ရေဒိုးစင် တည်၍ သောက်ရေလှူကောင်းပါသလား" ဟု ရဟန်းတော်က လျှောက်ထား၏။

မိမိကလည်း အလွယ်ပင် ဖြေလိုက်ပါသည်။

"လှူကောင်းပါတယ်"

ထိုအခါ ရဟန်းတော်က "အရှင်ဘုရား၊ အနေသန ၂၁ - ပါးကို စဉ်းစားမိပါသလားဘုရား" ဟု မေးပြန်ပါသည်။

"အင်း - စဉ်းစားမိပါတယ်၊ အဲဒီ အနေသန ၂၁ - ပါးမှာ လာတဲ့ တရားတွေနဲ့ ရေလှူတာနဲ့ ဘာမှ မပတ်သက်ပါဘူး၊ အနေသန ၂၁ - ပါးကို သတိထားကြည့်ပါလား"

၁။ ပစ္စည်းရလို၍ မျက်နှာသစ်ရေ ပေးခြင်း
၂။ ဒကာတို့က ဆွမ်းနည်းနည်းပေးသည်ကို မိမိက ဆွမ်းများစွာ ပြန်ပေးခြင်း
၃။ သစ်ရွက်ပေးခြင်း
၄။ ရေချိုးကသယ်မှုန့်ပေးခြင်း
၅။ ကလေးထိန်းချီခြင်း
၆။ အမှန်နည်း၍ အမှားများသောစကားကို ပြောဆိုခြင်း
၇။ ချစ်ခင်အောင် စကားပြောဆိုခြင်း လောကွတ်ပြုခြင်း
၈။ အခိုင်းအစေခံခြင်း
၉။ သတင်းစာလွှာကို ဆောင်ယူပေးပို့ခြင်း
၁၀။ အိမ်.ယာ စသော ဘူမိနက်သန် မြေကြန်အတတ်ဟောခြင်း
၁၁။ လယ်.ယာ အကျိုးအပြစ် အတတ်ဟောခြင်း
၁၂။ အင်္ဂါအကျိုးအပြစ်ဟောခြင်း
၁၃။ နက္ခတ်အကျိုးအပြစ်ဟောခြင်း
၁၄။ ပန်းပေးခြင်း
၁၅။ သစ်သီးပေးခြင်း
၁၆။ မျက်နှာချေမှုန့်ပေးခြင်း
၁၇။ မြေညက်ပေးခြင်း
၁၈။ ဝါးပေးခြင်း
၁၉။ ဒန်ပူပေးခြင်း
၂၀။ နိုင်းစေရာ ခြေဖြင့်သွားခြင်း
၂၁။ ဆေးကုပေးခြင်း

ရယ်လို့ မအပ်သောရာမိုးကြောင်း ၂၁ - ပါး လာပါတယ်၊ အဲဒီ ၂၁ - ပါးတွင် တစ်နံပါတ် အနေသနက "ပစ္စည်းရလို၍ မျက်နှာသစ်ရေ ပေးခြင်း" လို့သာ ဆိုပါတယ်၊ သောက်ရေလှူတာ မပါဘူး"

"ရှင်းပြပါဦးဘုရား"

"ပစ္စည်းရလို၍ မျက်နှာသစ်ရေ ပေးတာက ဒကာ ဒကာမတွေရဲ့အခိုင်းခံသဘောမျိုး သက်ရောက်ပါတယ်၊ လာဘ်ကို မျှော်ပါတယ်၊ သောက်ရေအိုးစင်တည်ပြီး ရေလှူတာက ဝတ်တစ်ခုဖြစ်ပြီး အကျင့်တရား တိုးပွားရေးကို မျှော်ပါတယ်"

"ဆက်ပြီး ရှင်းပြပါဦးဘုရား"

## ကုသိုလ်ဝန်ချ လှည့်ဖြားလှ

"ဒီနေရာမှာ တပည့်တော် သဘောပေါက်သလောက် ဝဋ္ဋနာခေါ်တဲ့ လှည့်ဖြားမှုတရားနှင့် ရှင်းပြချင်ပါတယ်၊ လှည့်ဖြားတဲ့ ဝဋ္ဋနာတရားထဲမှာ ကုသိုလ်ကောင်းမှု၌ ဝန်ချထားခြင်း၊ "နိက္ခိတ္တဓုရတာဝဋ္ဋနာ" ဆိုတာ ရှိပါတယ်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ကုသိုလ်ကောင်းမှု ပြုရေးမှာ "လုံးစုံများစွာ သတ္တဝါ ကံသာမူလ ပိုင်ကြပေ" လို့ ပွားရတဲ့ ဥပေက္ခာဗြဟ္မဝိဟာရတရားအဆောင်ဆောင်၍ ကုသိုလ်ကောင်းမှု လုံ့လမပြု စိတ်ချလက်ချ နေနိုင်အားသော "နိက္ခိတ္တဓုရတာတရား" လှည့်ဖြားတတ်ပါတယ်၊ ပြီးတော့ ဝီနည်းလေးစားသယောင်နဲ့ ကုသိုလ်တရား ဝန်ချထားပါတယ်နော်"

"မှန်ပါဘုရား"

"နိက္ခိတ္တဓုရတာဆိုတာဟာ ကုသိုလ်ကောင်းမှု ဝတ်ကြီးဝတ်ငယ်တို့၌ အားမထုတ်ခြင်း၊ လျစ်လျူရှုခြင်း လက္ခဏာရှိတယ်၊ ကုသိုလ်ကောင်းမှုတို့၌ လက်လျော့ ဝန်ချခြင်း ကိစ္စရှိတယ်၊ ကုသိုလ်တရား ကြိုးစားရာမှာ ငိုက်မျည်း ပျင်းရိခြင်း ပစ္စုပဋ္ဌာန်ရှိတယ်၊ ပညာအဆင်အခြင် မရှိခြင်း၊ ဝဋ္ဋတရား၌ မွေ့လျော်ခြင်း၊ မေ့လျော့ခြင်းလျှင် နီးစွာသော အကြောင်းရှိတယ်၊ ရေအိုး စင်တည်တယ်ဆိုတာ ကုသိုလ်တရားပဲ၊ ဝဋ်တရားပဲ တည်ကောင်းပါတယ်"

## အမှားသက်မွေး

ပြီးတော့ အခု အရှင်ဘုရားထင်နေတဲ့ မှားသောအသက်မွေးမှု "မိစ္ဆာဇီဝ" ဆိုတာက မအပ်သောပစ္စည်းတို့ဖြင့် အသက်မွေးမြူခြင်းလက္ခဏာရှိပါတယ်၊ နစ်ဆယ့်တစ်ပါးသော အနေသနမှုတို့ကို လွန်ကျူးပြုခြင်းကိစ္စ ရှိပါတယ်။

မလျော် မလျောက်ပတ်သော လူတို့နှင့် ရောပြွမ်းခြင်း၊ ကောင်းသောအသက်မွေးမှု ပျက်စီးခြင်း၊ နလုံးမသာယာခြင်းဟု ဆိုအပ်သော ပစ္စုပဋ္ဌာန်ရှိပါတယ်။

အရှက်မရှိခြင်း၊ မသိမိုက်မဲခြင်း၊ အလိုကြီးခြင်း၊ ယုတ်မာသောအလိုရှိခြင်း စသည်လျှင် နီးစွာသော အကြောင်းရှိပါတယ်၊ ဒါကြောင့် ရေလှူတာဟာ မိစ္ဆာဇီဝ မဟုတ်ပါဘူး အနေသနထဲ မပါပါဘူး။

အဲဒီမိစ္ဆာဇီဝက သံဝိဘာဂသီလတာ အယောင်ဆောင်တတ်ပါတယ်၊ မိစ္ဆာဇီဝနဲ့ သံဝိဘာဂသီလတာ မှားတတ်ပါတယ်။

သံဝိဘာဂသီလတာကား ခွင့်ပြုတော်မူအပ်သော ပုဂ္ဂိုလ်တို့၌ ပစ္စည်းတို့ကို ဝေဖန်ဖြန့်ဖြူးခြင်း လက္ခဏာရှိပါတယ်။

သူတစ်ပါးတို့အား နစ်လိုဝမ်းမြောက်ခြင်းကို ဖြစ်စေခြင်းကိစ္စ ရှိပါတယ်။

ပစ္စည်းလာဘ်တို့၌ မငဲ့မကွက် စွန့်ပစ်လှူဒါန်းနိုင်ခြင်း၊ လျစ်လျူရှုခြင်း ပစ္စုပဋ္ဌာန်ရှိပါတယ်။

ဝန်မတိုခြင်း၊ သနားခြင်းလျှင် နီးစွာသောအကြောင်း ရှိပါတယ်။

ဒါ့ကြောင့် ပစ္စည်းလာဘ်တို့၌ မငဲ့မကွက်ဘဲ ရေလှူဒါန်းမယ်ဆိုပါက ရေအိုးစင်တည်ပြီး ရေလှူဒါန်းနိုင်တယ်လို့ မှတ်ပါ။

## ဆေးမကုကောင်း

"အရှင်ဘုရား၊ လာဘ်ကို မမျှော်ဘဲ ရေအိုးစင်တည်ပြီး ရေလှူကောင်းပါလျှင် လာဘ်ကို မမျှော်ဘဲ ဆေးမကုကောင်းဘူးလားဘုရား"

"အား...အရှင်ဘုရား၊ ဆေးကုတာနဲ့ ရေလှူတာနဲ့တော့ သွားမရောပါနဲ့၊ မတူပါဘူး၊ တခြားစီပါ"

"ရှင်းပြပါဦးဘုရား"

"အနေသန ၂၁ - ပါးထဲမှာ ဆေးကုတာက တိုက်ရိုက်ပါတယ်၊ ရေအနေနဲ့က မျက်နှာသစ်ရေသာပါတယ် မဟုတ်ပါလား"

"မှန်ပါ ဘုရား"

"ဆေးကုရာ၌ လာဘ်ကို မျှော်ပြီးကုရင် အနေသနဒုက္ကဋ်အာပတ်သင့်တယ်လို့ မှတ်ပါ"

"မှန်ပါ ဘုရား"

"မိမိ၌ အထူးကြည်ညိုအောင် မြှောက်စားသောအားဖြင့် ဆေးကုရင် ကုလဒူသနဒုက္ကဋ်အာပတ် သင့်တယ်လို့ မှတ်ပါ"

"မှန်ပါ ဘုရား"

"လာဘ်ကို မျှော်ခြင်း၊ မြှောက်စားခြင်း ကင်းစေလျက် ဆေးကုရင် ဆေးကုဒုက္ကဋ်အာပတ် သင့်တယ်လို့ မှတ်ပါ"

"ဟာ...ဒါဖြင့်အရှင်ဘုရား၊ ဆေးကုတာ ဘယ်လိုနည်းနဲ့ကုကု အာပတ်မလွတ်ဘူးပေါ့"

"အင်း... မကုကောင်းသူတို့ကို ကုရင် ဘယ်လိုနည်းနဲ့ကုကု အာပတ်မလွတ်ဘူးပေါ့"

"ကုကောင်းသူကော ရှိပါသေးလား ဘုရား"

"ရှိပါသေးတယ်၊ သီတင်းသုံးဖော် ငါးယောက်၊ အမိအဖ၊ ဝေယျာဝစ္စပြုသောသူတို့၌ ကုစားရင် အာပတ်မသင့်ပါဘူး"

## မအပ်သောပစ္စည်း

"အဲဒီ အနေသနဖြင့် ရသောပစ္စည်းတို့ဟာ တစ်သာသနာလုံး မအပ်တော့ပါဘူး၊ ဒါကြောင့် ရဟန်းအချင်းချင်း ကျွေးမွေးလှူဒါန်းတဲ့အခါ အဲဒီလို ပစ္စည်းမျိုးများ ဖြစ်နေမလားလို့ ဝိနည်းအလေးပြုသော ထေရ်ရှင်များမှာ သတိ၊ ပညာ ကြီးစွာထားကြပါတယ်၊ အသက်မွေးမှု ပျက်စီးစေကြောင်း ဖြစ်၍ အမှတ်တမဲ့ မသုံးဆောင်ကြပါဘူး"

## ဝတ်ကိုဖြည့်ကျင့် ရေလှူသင့်

"ဒီလောက်ဆိုရင် အနေသနထဲမှာပါတဲ့ ဆေးကုတာနဲ့ပတ်သက်လို့ ရှင်းသွားပါပြီဘုရား၊ ခုနက ရေလှူတာနဲ့ ပတ်သက်လို့ ရေအိုးစင်တည်ပြီး ရေလှူကောင်းပုံကို သဘာဝနဲ့ သာကေနဲ့ ရှင်းပြပါဦးဘုရား"

"မိမိနေထိုင်ရာ ကျောင်းတိုက်ထဲမှာ သောက်ရေအိုးစင်တည်ပြီး မည်သူမဆို သောက်သုံးစေဆိုပြီး နေ့စဉ် ရေအိုးစင် ဝတ်ဖြည့်ခြင်းဖြင့် အပြစ်မရှိ၊ အကျိုးဖြစ်ပါတယ်၊ အနေသန မဖြစ်ပါဘူး"

"အချို့ပုဂ္ဂိုလ်တွေဟာ အဲဒီလို ရေအိုးစင် ရေဖြည့်ခြင်း၊ တံမြက်လှည်းခြင်း စသည့်ဝတ်တွေကို ဖြည့်ရင်းနဲ့ တရားအားထုတ်မှ ရနိုင်ပါတယ်"

"ဟင်"

"ဘာဟင်လဲ"

"တပည့်တော်ကြားဖူးတာက တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ ဘာအလုပ်မှ မလုပ်ဘဲ သူများရှူးခပ်ကျွေးတဲ့ထမင်းပွဲကို အမှတ်ကလေးနဲ့ စားပြီး တရားအားထုတ်မှ ရတယ်တဲ့၊ အဲဒီအလုပ်တွေဟာ တရားရဲ့အနှောင့်အယှက်တဲ့"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဘုရားရှင်လက်ထက်တော်က တရားအားထုတ်သူတွေကို ဘယ်သူကလာပြီး ယခု ခေတ်လို လုပ်ကိုင်ပေးလို့လဲ"

"ရဟန်းတွေဟာ ဆွမ်းခံရင်း၊ စာတက်ရင်း၊ ဝတ်ဖြည့်ရင်းနဲ့ တရားရကြတာပါ။ လူတွေဆိုရင် ဘယ်ရိပ်သာမှ မရောက်ဖူးကြပါ။ တရားနာပြီး အိမ်မှာ အလုပ်လုပ်ရင်း ပျော်သလို အားထုတ်ကြတာ၊ သာဝတ္ထိပြည်ထဲမှာ လူအရိယာတွေ အများကြီးဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးပါတယ် ဘုရား"

"အဲဒီအရိယာတွေဟာ တရားနာချိန် သွားနာပြီး အိမ်မှာ အလုပ်အကိုင်တွေ လုပ်ရင်းကိုင်ရင်းနဲ့ အားထုတ်လို့ ရကြ တာပါ"

## မုဆိုးပြိတ္တာ

ဒီနေရာမှာ မိလက္ခတိဿ အမည်ရတဲ့ မုဆိုးပြိတ္တာအကြောင်း ပြောချင်ပါသေးတယ်၊ အဲဒီမုဆိုးဟာ မုဆိုးသက် အတော်ရင့်တဲ့အခါ တစ်နေ့သ၌ တောထဲလှည့်လည်ရင်း၊ စူဠပိဏ္ဍပါတိကတိဿထေရ်ရဲ့ တောကျောင်းကို ရောက်သွားပါ တယ်။ အရှင်မြတ်ဟာ ရဟန္တာပါ၊ အဲဒီအရှင်မြတ်ရဲ့တောကျောင်းထဲမှာ မည်သူမဆို သောက်ဖို့ရာ ရေအိုးစင်တည်ထားပါ တယ်၊ ရေအိုး (၁၀) လုံးလောက် ရှိပါတယ်။

"နေပါဦးဘုရား၊ "ကုသလာကုသလံ ဇဟံ" ဆိုပါလားဘုရား၊ ရဟန္တာပုဂ္ဂိုလ်ဟာ ကုသိုလ်၊ အကုသိုလ် ပယ်တယ် မဟုတ်လား။ ဘယ့်နယ် ရဟန္တာပုဂ္ဂိုလ် ရေအိုးစင်တည်ပြီး ရေလှူနေရတာလဲ"

"အင်း - ဟုတ်ပြီ၊ အဲဒါရှင်းပြချင်နေတာနဲ့ အတော်ပါပဲ။ ရှင်းပြမယ်။ အကုသိုလ်ဆိုတာ ပယ်ရတဲ့ တရားဖြစ်၍ ရဟန္တာ ပုဂ္ဂိုလ်ဟာ အကြွင်းမရှိ ပယ်ခဲ့ပြီးပါပြီနော်"

"မှန်ပါဘုရား"

"ကုသိုလ်ဟာ ပယ်ရမယ့်တရားမဟုတ်၊ ပွားရမယ့်တရားဖြစ်၍ ရဟန္တာပုဂ္ဂိုလ်ဟာ ပြုပါတယ်၊ ဒါပေမဲ့ ကိလေသာ မရှိတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ကုသိုလ်ဟာ ဘဝအကျိုးမပေးတော့၍ ကုသိုလ်လို့ အမည်မရဘဲ ကြိယာလို အမည်ရပါတယ်။

ကုသိုလ်ပယ်တယ်ဆိုတာနဲ့ပတ်သက်လို့ ဘုံဘဝကိုဖြစ်စေတတ်တဲ့ ကုသိုလ်မျိုး၊ အကျိုးမျှော်ကိုးပြုတဲ့ ကုသိုလ်မျိုး ကို မလုပ်တော့တဲ့အတွက် ကုသိုလ်ကို ပယ်တယ်လို့ ဆိုတာပါ။ မလုပ်သောအားဖြင့် ပယ်တာမျိုး မဟုတ်ပါဘူး။

ရဟန္တာပုဂ္ဂိုလ်တွေဟာ ဘုံဘဝထဲမှာ မနေရတော့ပြီမို့ ဘုံဘဝမျှော်ပြီး အကျိုးမျှော်ပြီး ကုသိုလ်လုပ်စရာ မလိုတော့ပါ။ မျှော်ပြီးလည်း ကုသိုလ်မပြုပါ။

ဝတ်ကို ဖြည့်ကျင့်သောအားဖြင့် အများသတ္တဝါချမ်းသာရေးကို မျှော်ကိုး၍ ကောင်းတဲ့အလုပ်တွေ လုပ်ပါတယ်။ ကုသိုလ်တွေ လုပ်ပါတယ်။ သို့သော် ရဟန္တာများရဲ့ကုသိုလ်ဟာ ဘုံဘဝ အကျိုးမပေးနိုင်တော့၍ ကုသိုလ်အမည်မရဘဲ ကြိယာ လိုပဲ အမည်ရပါတယ်"

"မှန်ပါ့၊ ရှင်းပါပြီ၊ ရေအိုးစင်အကြောင်း ဆက်ပါဘုရား"

အဲဒီလို ရေအိုးစင်တည်ထားတော့ မိလက္ခတိဿမုဆိုး ပြိတ္တာရောက်လာပြီး ရေသောက်ရန် အိုးတစ်လုံး ဖွင့်ကြည့် လည်း ရေမရ၊ နောက်တစ်လုံး ဖွင့်ကြည့်လည်း ရေမရတော့ -

"ဒီရဟန်းတွေဟာ ဒကာ၊ ဒကာမတွေ လှူဒါန်းတဲ့ ဆွမ်းတွေ စားသောက်ပြီး အိပ်နေကြတယ်။ ရေငတ်လာတဲ့ လူ တွေသောက်ဖို့ရာ ရေလေးတောင် ခပ်ဖော်မရဘူး"

လို့ မုဆိုးကြီးက ကဲ့ရဲ့တယ်၊ ရေက အပြည့်ရှိတယ်၊ သူက အကုသိုလ်ကြီးလို့ လူ့ပြိတ္တာဖြစ်ပြီး ရေမတွေ့ရတော့၊ ပြီးတော့ အဲဒီမှာကြည့်၊ ရေခပ်ဖော်မရဘူးလို့ ကဲ့ရဲ့တယ်၊ အဲဒါကြောင့် ရဟန်းတော်များဟာ ကျောင်းထဲမှာ ရေအိုးစင်တည်ပြီး ရေလှူသင့်တာပေါ့။

"မှန်ပါ့ဘုရား"

အဲဒီလိုကဲ့ရဲ့ပြီးတော့ မုဆိုးဟာ ထွက်သွားတယ်။ ရဟန္တာအရှင်မြတ်က ထွက်လာပြီး ရေအိုးစင်က ရေအိုးတွေကြည့်လိုက်တော့ ရေအိုး (၁၀)လုံးလောက်ဟာ ရေအပြည့်နဲ့ တွေ့ပါတယ်။ ဒီတော့ သြော် – ဒီဒကာဟာ အသက်ရှင်လျက် လူ့ပြိတ္တာဖြစ်နေတာနဲ့ တူတယ်လို့ စဉ်းစားပြီး "ဒကာ ရေဆာတယ်ဆိုရင် လာသောက်ပါ" လို့ ပြောပြီး ရေခပ်ကာ ဒကာရဲ့လက်ထဲ ရေခွက်ထည့်ပေးလိုက်တယ်။

သူ့ရဲ့အကုသိုလ်က ကြီးလေတော့ သောက်ရေအိုး (၁၀)လုံးလောက်ဟာ ရေပျောက်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်က ကိုင်ထားမှ ရေမပျောက်ဘဲ ရေသောက်ရပါတယ်၊ ရေအိုး (၁၀)လုံးကုန်သော်လည်း ရေမဝပါဘူး။

"သူ့ဗိုက်က ကြီးလှချည်လားဘုရား"

သူ့ဗိုက်ကြီးလို့မဟုတ်ဘူး။ အကုသိုလ်ကံကြီးလို့ ဗိုက်ထဲရေရောက်ရင်း ပျောက်သွားရင်း၊ ပျောက်သွားလို့ ရေအိုး (၁၀)လုံး ကုန်တာတောင် ရေမဝပါဘူး။

"အကုသိုလ်တရားဟာ ကြောက်စရာပါလား ဘုရား"

## ရဟန်းပြုရန် တောင်းပန်ပြီ

အင်မတန်ကြောက်စရာကောင်းပါတယ်၊ အဲဒီလို ကြောက်စရာကောင်းတဲ့ အကြောင်းကို ရဟန္တာအရှင်မြတ်က "ဒကာ၊ သင့်ရဲ့အကုသိုလ်ကံတွေဟာ အလွန်တရာမှ ကြမ်းတမ်းလှပါကလား၊ ယခု လူ့ဘဝမှာ သင်ဟာ လူစင်စစ်က ပြိတ္တာဖြစ်နေပြီ၊ နောင်အခါဆိုရင် ဘယ်လောက်များ ဒုက္ခခံရဦးမလဲ မသိဘူး" လို့ မိန့်ကြားလိုက်ပါတယ်။

အရှင်မြတ်ရဲ့မိန့်ကြားသံကို ကြားရတဲ့ မုဆိုးဟာ ကြီးစွာသော သံဝေဂတရား ဖြစ်ပွားပြီး မထေရ်ကို ရှိခိုးကာ လေး၊ မြှားစသည်တို့ကို စွန့်ပစ်ပြီ အိမ်သို့ အမြန်ပြန်ကာ သားသမီး ဇနီးမယားတို့ကို ပြောကြား၊ အိမ်မှာ လှောင်ထားတဲ့ သတ္တဝါများကို အကုန်လုံးလွှတ်ကာ အရှင်မြတ်ထံ ပြန်လာပြီး ရဟန်းပြုပေးဖို့ရန် တောင်းပန်ပါတယ်။

အရှင်မြတ်က "ဒကာ ရဟန်းဘဝဆိုတာ ဆင်းရဲလှပါတယ်၊ ရဟန်းဘဝနဲ့ ပျော်နိုင်ခဲပါတယ်၊ နေနိုင်ခဲပါတယ်၊ သင် ရဟန်းဘဝမှာ နေနိုင်ပါ့မလား" လို့ မေးပါတယ်။

ဒီတော့ မုဆိုးပြိတ္တာက အရှင်ဘုရား ဒီလိုသဘောရှိတဲ့ မျက်မှောက်အကုသိုလ်ရဲ့မကောင်းကျိုးကို တွေ့မြင်နေရပါလျက် အဘယ့်ကြောင့် ရဟန်းမပြုဘဲ နေနိုင်ရမှာလည်း ဘုရား၊ ပြုနိုင်ပါတယ်လို့ ရဲရဲပဲ လျှောက်ထားလိုက်ပါတယ်။

ရဟန္တာအရှင်မြတ်ကလည်း ကရုဏာတရား ရှေ့ထားပြီး "တစပဉ္စက ကမ္မဋ္ဌာန်း" ပေးသနားကာ ကိုရင်ဝတ်ပေးလိုက်ပါတယ်။ ကိုရင်ကြီးဟာ ဝတ်ဖြည့်ကျင့်မှု၌ မွေ့လျော်ပါတယ်။

## စာဖတ်ရင်း သံဝေဂဖြစ်

ဝတ်ကို ဖြည့်ရင်း တစ်ဖက်ကလည်း စာသင်ပါတယ်။ တရားလည်း အားထုတ်ပါတယ်။ တစ်နေ့ ဒေဝဒူတသုတ္တန်ကို သင်တော့ ငရဲသားတွေ ဒုက္ခကြီးကျယ်ပုံ၊ ငရဲကြီး ငရဲငယ်တွေမှာ အဆင့်ဆင့် ခံရပုံ၊ အကုသိုလ်ကံ မကုန်သေးက ငရဲကြီးထဲပြန်ချခံရပုံတို့ကို သင်ရတော့ –

"အမယ်လေး၊ ဒီမျှလောက်ကြီးကျယ်တဲ့ ဒုက္ခအစုအပုံကြီးတွေ အစဉ်ခံစားရတဲ့ သတ္တဝါကို တစ်ခါပြန်ပြီး ငရဲကြီးထဲထည့်သေးသတဲ့၊ အရှင်ဘုရား ငရဲဒုက္ခတွေဟာ အလွန်တရာ ဝန်လေးလှပါလားဘုရား"

လို့ မုဆိုးကိုရင်ကြီးက ရဟန္တာအရှင်မြတ်ကို လျှောက်ထားပါတယ်။

အဲဒီလို လျှောက်ထားတော့ ရဟန္တာအရှင်မြတ်က -

"အေး - ငါ့ရှင် ငရဲဒုက္ခဟာ ဝန်ကြီးလှပါတယ်"

လို့ မိန့်ကြားလိုက်ပါတယ်။ အဲဒီလို မိန့်ကြားလိုက်တော့ ကိုရင်ကြီးက -

"အရှင်ဘုရား၊ အဲဒီငရဲကို မြင်နိုင်ပါသလား"

လို့ မေးပါတယ်၊ ဒီတော့ ရဟန္တာအရှင်မြတ်က -

"ငါ့ရှင် မမြင်နိုင်ဘူး၊ ဒါပေမဲ့ မြင်သလိုပဲ အကြောင်းတစ်ခုနဲ့ ပြမယ်၊ ဟောဟိုကျောက်ဖျာပေါ်သို့ ထင်းအစိုတွေ ရနိုင်သမျှ ကပ္ပိပြီး ပုံထားပေးပါ"

လို့ ပြောလိုက်တယ်။ ကိုရင်ကြီးက ကောင်းပါပြီဘုရားလို့ လျှောက်ထားပြီး ထင်းအစိုတွေ လှည်းလေးစီးတိုက်မျှ ကပ္ပိပြီး ပုံထားကာ ပုံထားပြီးကြောင်း လျှောက်ထားပါတယ်။

အရှင်မြတ်က ကိုရင်ကြီး အဲဒီထင်းအစိုတွေ မီးသိစမ်း (မီးရှို့စမ်း) လို့ ခိုင်းတော့ ကိုရင်ကြီးက ထင်းအစိုတွေကို အမျိုးမျိုး မီးရှို့ပါတယ်၊ မလောင်ဘူး။

ဒီတော့မှ အရှင်မြတ်က "ကဲ - ကဲ၊ ကိုရင်ကြီးကြည့်" ဆိုပြီး ထိုင်မြဲတိုင်းထိုင်လျက်နဲ့ပင် တန်ခိုးဖန်ဆင်းပြီး အဝီစိငရဲမှ ငရဲမီးကလေး ပိုးစုန်းကြူးမျှ ယူလာပြီး ကိုရင်ကြီးကြည့်နေစဉ် ထင်းအစိုပုံထဲ ထည့်လိုက်တယ်၊ ထည့်ထည့်ချင်း မီးလောင်ပြီး ပြာကျသွားပါတယ်။

## တရားအားထုတ်ပြီ

ကိုရင်ကြီးဟာ ငရဲမီးရဲ့ ပူပြင်းလှပုံကို မျက်မြင်တွေ့မြင်ပြီး -

"အရှင်ဘုရား၊ ဒီသာသနာတော်မှာ တာဝန်ဘယ်နှစ်မျိုး ရှိပါသလဲ ဘုရား"

လို့ လျှောက်ထားပါတယ်။ အရှင်မြတ်က -

"ငါ့ရှင် ဒီသာသနာတော်မှာ ဝိပဿနာတရား အားထုတ်ရန် တာဝန်နဲ့ စာပေသင်ကြားတဲ့တာဝန် နှစ်ရပ်ပဲ ရှိတယ်၊ အခြားတာဝန် မရှိဘူး"

လို့ မိန့်ကြားလိုက်ပါတယ်။ ဒီတော့ မုဆိုးကိုရင်ကြီးက -

"အရှင်ဘုရား၊ စာပေသင်ကြားတဲ့တာဝန်ကတော့ ငယ်ရွယ်သူတွေ စွမ်းနိုင်သူတွေရဲ့တာဝန်ပါဘုရား၊ တပည့်တော်ရဲ့သဒ္ဓါတရားက ဒုက္ခနှင့်စပ်သွယ်ပြီးရတဲ့ သဒ္ဓါတရားပါ ဘုရား၊ ဝိပဿနာတရားပွားများတဲ့တာဝန်ပဲ ထမ်းဆောင်ပါရစေ ဘုရား၊ တပည့်တော်အား ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူပါဘုရား"

လို့ လျှောက်ထားတယ်။

"ရဟန္တာအရှင်မြတ်က ဒီကိုရင်ကြီးဟာ ဝတ်အကျင့်နဲ့ ပြည့်စုံတဲ့ ကိုရင်ကြီးလို့သိပြီး ဝတ်ကို အဦးထားပြီးတော့ ကမ္မဋ္ဌာန်းတရား ပေးလိုက်ပါတယ်၊ ဒီကမ္မဋ္ဌာန်မျိုးကို "ဝတ္တသီသကမ္မဋ္ဌာန်း" လို့ ခေါ်ပါတယ်"

"အရှင်ဘုရား ပြောမှသာ ကြားဖူးပါတယ်၊ တစ်ခါမှ ရှေးက မကြားဖူးပါဘူး ဘုရား"

"အင်း - မကြားဖူးပေမဲ့ အထူးမဟုတ်ပါဘူး၊ စာပေအတိုင်းပါပဲ၊ အဆန်းထွင်တာ မဟုတ်ပါဘူး"

"မှန်ပါဘုရား၊ ဆက်အမိန့်ရှိပါဦး ဘုရား"

"ကိုရင်ကြီးဟာ ကမ္မဋ္ဌာန်းသင်ယူပြီး ဝိပဿနာတရားလည်း အားထုတ်တယ်၊ ဝတ်အကျင့်လည်း ဖြည့်တယ်"

"အဲဒါ ရှင်းပါဦးဘုရား"

"အဲဒါက ဘာခက်လဲဘုရား၊ ဆွမ်းခံဝတ်၊ တံမြက်လှည်းတဲ့ဝတ်၊ သောက်ရေ သုံးရေဝတ်၊ ဆရာ့ဝတ် စတဲ့ အကျင့်တွေ ဖြည့်ကျင့်ရင်းနဲ့ တရားအားထုတ်တာပေါ့"

"အင်း - ခက်ပြီဘုရား"

"ဘာခက်တာလဲ"

"တချို့က ဝေယျာဝစ္စမှန်သမျှ မင်္ဂတား၊ ဖိုလ်တားလို့ ဆိုနေပါလား ဘုရား"

"အဲဒါက စာပေမနှံ့စပ်လို့ တစ်ဖက်သတ် ဆိုနေတာပါ၊ ဒီမှာ ကိုရင်ကြီး ဝတ်ဖြည့်တာ တစ်ကျောင်းတောင် မဟုတ်ပါဘူး၊ တစ်ခါ တစ်ခါ စိတ္တလတောင်ကျောင်းကြီးမှာ ဖြည့်တယ်၊ တစ်ခါ တစ်ခါ ဂါမေဏ္ဍဝါလကျောင်းကြီးမှာ ဖြည့်တယ်၊ တစ်ခါ တစ်ခါ ဂေါစရဂါမကျောင်းကြီးမှာ ဖြည့်တယ်၊ ကဲ - အားတယ်လည်း ရှိဦးမလား"

"မရှိနိုင်ပါဘုရား"

"မအားမှ ကိလေသာ မဝင်မှာ၊ အဲဒီလို ဝတ်ဖြည့်ပြီးတာနဲ့ တရားအားထုတ်၊ တရားအားထုတ်ပြီး ဝတ်ဖြည့်၊ အဲဒီလို ဝတ်နဲ့ တရားနဲ့ လှည့်နေတယ်"

"အင်း - ခုခေတ်တော့ တရားယောင်ယောင်နဲ့ စကားတွေ တဖောင်ဖောင်ပါလားဘုရား၊ ဘာဝတ်မှလည်း မဖြည့်ပါလား၊ ဝေယျာဝစ္စမှန်သမျှ မင်္ဂတား ဖိုလ်တားတဲ့ ပြောသေးတယ်၊ စကားပြောတာကတော့ မင်္ဂမတားဘူးလား ဘုရား"

"တားတာပေါ့"

"ခက်ပါတယ်ဘုရား"

"မခက်နဲ့၊ ဝေယျာဝစ္စလုပ်နေစဉ် စိတ်ငြိမ်တယ်၊ ကိလေသာ မဝင်ဘူး၊ ဝေယျာဝစ္စလုပ်နေရင်းလည်း အားထုတ်လို့ ရတယ်၊ ပြီးတဲ့အခါလည်း ကြည်ကြည်လင်လင် အားထုတ်ရတယ်"

## အိပ်ငိုက်ဖျောက်

"တရားအားထုတ်တဲ့အခါ ဝတ်အကျင့် ဖြည့်ကျင့်တဲ့အခါမှာ အိပ်ငိုက်ရင် ဝတ်ပျက်မှာ တရားအားထုတ်မှုပျက်မှာကို ကြောက်တဲ့အတွက် ကောက်ရိုးခွေကြီး ရေဆွတ်ပြီး ခေါင်းပေါ်တင်, ခြေထောက်ကို ရေထဲချပြီး တရားထိုင်တယ်၊ ကဲ - ထိုင်နိုင်ပါ့မလား"

"မလွယ်ဘူးထင်တယ်ဘုရား"

"ဒီခေတ်မှာ အဲဒီလို မလွယ်သူတွေဘဲ များတဲ့အတွက် တရားမရကြတာပေါ့၊ "တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်" ဆိုတဲ့အတိုင်း လုပ်ရင် ဖြစ်ပါတယ်"

"မှန်ပါ ဘုရား"

"ကိုရင်ကြီးဟာ တစ်နေ့ စိတ္တလတောင်ကျောင်းကြီးမှာ ညဉ့် ၂ - ယာမ် ဝတ်ပြုပြီး မိုးသောက်ယာမ်မှာ အိပ်ချင်လာတော့ ကောက်ရိုးခွေကို ရေဆွတ်ပြီး ခေါင်းပေါ်တင်ကာ ထိုင်ပြီးနေစဉ် ပါစီနတောင်နံပါးက ကိုရင်တစ်ပါးက -

"ဗုဒ္ဓသာသနာတော်၌ အစရှေ့ဖျား၊ သတိထား၍ အားထုတ်ကြပါကုန်လော့၊ အပျင်းမှားစက် အသွားပျက် အောင် အားတက်ကြိုးကုတ် နောက်မဆုတ်ဘဲ အားထုတ်ကြပါကုန်လော့၊ ပြင်းပြင်းထန်ထန် ပင်ပန်းခံ၍ အဖန်ဖန် အားထုတ်ကြပါကုန်လော့၊ ဆင်ပြောင်ကြီးသည် ကျူထရံကာ အိမ်ကို မွှန်မွှန်ညက်ညက် နင်းချေဖျက်၍ ခါတွက် လိုက်သကဲ့သို့ သေမင်းရဲ့တစ်ထောင့်ငါးရာ ကိလေသာ စစ်တပ်ကို မဂ်လေးအောက်ထက် အမြောက်စက်ဖြင့် ဖျောက်ဖျက်နင်းချေ အတင်းမွှေလျက် ခါတွက်လိုက်ပါလော့"

"အကြင်သူသည် ဤသာသနာတော်၌ မမေ့မလျော့နေနိုင်အံ့၊ ရုပ်နာမ်နှစ်ဖြာ ဇာတိသံသရာကို ပယ်စွန့် ၍ တေဘူမက ဝဋ္ဋဒုက္ခ၏ ဆုံးရာအမှန် ပြည်နိဗ္ဗာန်ကို ရောက်နိုင်လတ္တံ့"

လို့ စာပြန်ပါတယ်။ အဲဒီလို စာပြန်တဲ့အသံကို ကြားတော့ "ငါကဲ့သို့ အားထုတ်အပ်တဲ့ လုံ့လ ဝီရိယ မရှိတဲ့ ပုဂ္ဂိုလ်အတွက် ဘုရား ရှင်သည် ဒီတရားတော်ကို ဟောတာဖြစ်ရမယ်" လို့ နှလုံးသွင်းလိုက်တော့ နှစ်သက်မှုပီတိ ဖြစ်လာပါတယ်။

ပီတိဖြစ်လာပြီး ရှာန်တရားကို ဖြစ်ပွားစေရန် အဲဒီ ရှာန်ကိုအခြေခံကာ တရားအားထုတ်တော့ အနာဂါမ် ဖြစ်သွားပါ တယ်၊ ဆက်လက်ပြီး ကြိုးစားအားထုတ်တော့ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်သွားပါတယ်။

အဲဒါ ဝေယျာဝစ္စလုပ်ရင်းနဲ့ ဝတ်ဖြည့်ရင်းနဲ့ ရဟန္တာဖြစ်သွားတာပဲ၊ အဲဒီ မိလက္ခတိဿထေရ်ရဲ့ ဆရာ ရဟန္တာလည်း ဝတ်ဖြည့်တယ်၊ ရေအိုးစင်တည်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အေး - ခုခေတ်မှာ တရားအားထုတ်တဲ့ ယောဂီဟာ ဘာအလုပ်တစ်ခုမှ မလုပ်ရဘူး၊ တရားကျဲတယ်တဲ့၊ စကား တွေတော့ စုပြီးပြောနေကြတယ်၊ အဲဒီလို စကားစုပြောမယ့်အစား တံမြက်လှည်းမယ်၊ ရေခပ်မယ် စသည် ဝတ်တွေဖြည့်၊ ပြီး က တရားအားထုတ်မယ်ဆိုရင် စိတ်တွေ ကြည်ပြီး တရားအားထုတ်လို့ သိပ်ကောင်းတာပေါ့"

"မှန်ပါဘုရား၊ သဘောပေါက်ပါပြီ"

"ဒါဖြင့် ရဟန်းတော်များ ကျောင်းတိုက်ထဲမှာ သောက်ရေအိုးစင်တည်ပြီး ရေလှူကောင်းတယ်၊ ရေဝတ် ဖြည့်ရ မယ်၊ ဝေယျာဝစ္စလုပ်ရင်း တရားအားထုတ် နိုင်တယ်၊ ဝေယျာဝစ္စဟာ မဂ်တား၊ ဖိုလ်တား မဟုတ်ဘူး၊ ဝေယျာဝစ္စဟာ တရားအထောက်အကူ ပြုတယ်လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"ကဲ - တော်ကြပါစို့"

✦ ကုသိုလ်ဆိုက၊ ကောင်းကျိုးရ၊ ပြုမှတော်မည်ပါ။
✦ ရေအိုးစင်တည်၊ ရဟန်းသည်၊ ဖြည့်ညီဝတ်ကျင့်သာ။
✦ ဝတ်ကိုဖြည့်မှ၊ ဝဋ်ထွက်ရ၊ ရောက်ရအေးငြိမ်းရာ။
✦ စကားများကာ၊ ချိန်ကုန်တာ၊ ဝင်ပါကိလေသာ။
✦ ဝတ်ဖြည့်စဉ်တွင်၊ ကိလေစင်၊ ကျင့်ရင်ကုန်တော့တာ။
✦ ကိလေကုန်က၊ ဝဋ်ဒုက္ခ၊ ကုန်ရတော့သည်သာ။

နမော တော အမတံဒဒ

# နောင်တ.ဆိုတာ နောင်မှတ

(၂၀၅)

အို . . . စာရှုသူ "လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ" ဆိုတဲ့ စကားကိုလည်းကောင်း၊ "အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာတွေ့ရ" ဆိုသော စကားကိုလည်းကောင်း စာရှုသူ တစ်ကြိမ်မက အကြိမ်ကြိမ် ကြားဖူးပါလိမ့်မည်။

ကြားဖူးသော်လည်း မိမိနှင့် နီးနီးစပ်စပ် မတွေ့ရက ယင်းစကားရဲ့အတိမ်အနက်ကို မမှန်းဆနိုင်ပါ။ ထို့အတူပင် "နောင်တ.ဆိုတာ နောင်မှတ" ဆိုတဲ့ စကားကိုလည်း စာရှုသူ အကြိမ်ကြိမ် ကြားခဲ့ဖူးပါပြီ။

သို့သော် စာရှုသူအနေနှင့် တိုက်တိုက်ဆိုင်ဆိုင် မှတ်မှတ်ရရ နောင်တ၊ မ.တဖူးသေးပါက ယင်းစကား၏ အတိမ်အနက်ကို မသိနိုင်ပါ။ တကယ်ကိုယ်တွေ့ ကြုံမှ သိနိုင်ပါသည်။ ယင်းသို့ သိပါမှလည်း စွဲမြဲသွားပါသည်။ ယင်းသို့ သိမှုမျိုးကို ကိုယ်တိုင်သိ၊ ကိုယ်တွေ့သိဟု ခေါ်ပါသည်။

"ကြားဖူးသိနှင့် ကိုယ်တွေ့သိ" ဟူသော အသိနှစ်ခုတို့၏ ခြားနားချက်မှာ များစွာပင် ဖြစ်ပါသည်။ စာရှုသူတို့ ကြားဖူးပါသည်။

> ဒီခန္ဓာကိုယ်မှာ ရုပ်နာမ်နှစ်ပါးသာ ရှိသည်။ ရုပ်နာမ်နှစ်ပါး အလွတ်ထား၍ ဤကား လိပ်ပြာဟူ၍လည်းကောင်း၊ ဤကား အသက်ဟူ၍လည်းကောင်း၊ ဤကား အတ္တဟူ၍လည်းကောင်း ညွှန်ပြစရာ မရှိပါ။ တကယ်တော့ ရုပ်နာမ်နှစ်ပါးသာ ရှိသည်။
>
> အဲဒီနာမ်ရုပ် နှစ်ပါးကလည်း ရှည်လျားကာလ မတည်ဘဲ ခဏဖြစ် ခဏပျက် နေ၏။ အမြဲတမ်း အနိုပ်စက်ခံနေရ၏။ မိမိအလိုသို့ ဘယ်အခါမှ မလိုက်၊ မိမိအကြိုက်သို့ ဘယ်အခါမှ မပါ၊ မိမိဖြစ်ချင်သလို မဖြစ်၊ သူဖြစ်ချင်သလိုသာ ဖြစ်နေတယ်၊ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တ။

ဟူ၍ စာရှုသူ ကြားဖူးပါသည်။ တစ်ကြိမ်မက အကြိမ်ကြိမ်ပင် ကြားဖူးပါသည်။ သို့ကြားဖူးသော်လည်း ကိုယ်တွေ့မကြုံသေးက ယင်းကြားဖူးသည့်စကားသည် မလေးနက်ပါ၊ မစွဲမြဲပါ၊ အသုံးမဝင် အားကိုးမဖြစ်သေးပါ။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓက ဦးစွာပထမ ကြားဖူးအောင် ဟောပြသည်၊ ဒုတိယ ဆောင်ထားစေသည်၊ တတိယ စဉ်းစားစေသည်၊ စတုတ္ထအဆင့်ရောက်မှပြီးမြောက်သည်၊ အားကိုးဖြစ်ပါသည်၊ လေးနက်ပါသည်။ ယခုစာရှုသူကိုစာတစ်စောင် ဖတ်စေပါမည်။ သေချာစွာ ဖတ်ရှုကြည့်စမ်းပါဘိ၊ ယင်းစာမှ စာရှုသူအတွက် သိစရာတွေ အများကြီး ရရှိပါမည်။

ဘုန်းဘုန်းဘုရား

၁၀-၅-၈၄

မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးကြီးလှစွာသော ကျေးဇူးရှင် ဘုန်းဘုန်းဘုရား၊ တပည့်တော် စာအားဖြင့် လျှောက်ကြားဝံ့ပါသည်ဘုရား...

တပည့်တော်သည် တရားစစ်ချိန်တိုင်း တရားအစစ်ခံရန် ရည်ရွယ်ထားပါတယ်။ တရားဆိုတာ စစ်ချိန်တိုင်း အစစ်ခံမှ ဘုန်းဘုန်းက ဟုတ်.မဟုတ်၊ မှန်.မမှန်၊ လမ်းကောင်း.မကောင်း ပြန်ပြီး ပြောကြားဆုံးမပေးမှ တပည့်တော်တို့အတွက် အသိဉာဏ်တိုးတက်တယ်ဆိုတာ သိရှိထားပါတယ်ဘုရား။

ဒါပေမဲ့ ညနေတရားစစ်ချိန်မှာ ဘုန်းဘုန်းထံသို့ တရားအစစ်ခံရန် ရောက်လာပြီး ဦးချလိုက်တာနဲ့ တစ်ပြိုင်နက် တပည့်တော်ဟာ ဖော်မပြတတ်တဲ့ ဝမ်းနည်းမှု ဖြစ်ပေါ်လာတာနှင့်အမျှ တပည့်တော်အသံတွေဟာ တုန်ပြီး ငိုသံပါလာပါတယ်၊ ဘုန်းဘုန်း သတိထားမိမှာပါဘုရား၊ တပည့်တော်လည်း လျှောက်မယ်လို့ အားခဲထားတဲ့ လျှောက်ချင်တဲ့ တရားအားလုံး ကုန်အောင် မလျှောက်နိုင်တဲ့အတွက် တပည့်တော် များစွာစိတ်မကောင်း ဖြစ်ရပါတယ်၊ ဝမ်းနည်းခဲ့ရပါတယ်ဘုရား။

တပည့်တော် စိတ်မကောင်း ဝမ်းနည်းရတာက အကြောင်းစုံပါ၊ ဘုန်းဘုန်းကို ပါးစပ်နဲ့လျှောက်ကြား သိစေလိုပေမဲ့ အကြောင်းအရာကလည်း ရှည်လျား၊ စိတ်မကောင်း၊ ဝမ်းနည်းစရာတွေကလည်း များ၍ နောက်ဆုံး လျှောက်ကြားမထွက်လို့ ယခုလို စာနဲ့ရေးပြီး လျှောက်ကြားသိစေအပ်ပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်ရဲ့ဖခင် ဦးပဥ္စင်းကြီးဟာ သူကြီးဘဝကနေ ခွင့်ယူကာ ရဟန်းတက်ပြီးပြီ၊ ခွင့်ရတာနဲ့ (..........) (..........)မှာ တရားအားထုတ်ပါတယ်၊ တရားရှာမှီးပါတယ်ဘုရား။

"တရားရှာမှီး အားထုတ်ပြီး (..........) (..........)မှာ တရားပြအဖြစ်နဲ့ ပြန်ကာ သီတင်းသုံးစဉ်က တပည့်တော်တို့ကို အကြိမ်ကြိမ်ပင် တရားဝင်ဖို့ တရားအားထုတ်ဖို့ ခေါ်သော်လည်း -

"ငယ်ပါသေးတယ်၊ တရားဆိုတာ ကြီးမှအားထုတ်ရတာ၊ အလုပ်မအားသေးဘူး" စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ ငြင်းဆိုပြစ်ခဲ့ပါတယ်။ ဖခင်ဦးပဥ္စင်းကြီးရှိစဉ်က တပည့်တော် တစ်ခါဖူးမျှ တရားမဝင်ခဲ့၊ အားမထုတ်ခဲ့ပါဘုရား။

"ဟိုတုန်းကလည်း တပည့်တော်မှာ အချိန်အခါမရောက်သေးပါလို့ တပည့်တော်ထင်ပါတယ်၊ ယခု ဘုန်းဘုန်း တရားပေးတဲ့ အချိန်အခါနဲ့ တပည့်တော် တိုက်ဆိုင်လို့ပဲ ယူဆပါတယ် ဘုန်းဘုန်းဘုရား၊ ဒါကြောင့် ဘုန်းဘုန်းဟောတဲ့ -

"သိတတ်တဲ့ သားသမီးတွေဟာ မိဘကို အသက်ထင်ရှားရှိစဉ်မှာ ကျေးဇူးဆပ်တာမြတ်တယ်" ဆိုတဲ့ တရားစကားကို နာကြားရတော့ တပည့်တော်မှာ ယူကျုံးမရဖြစ်ခဲ့ပါတယ်၊ ဖခင် ဦးပဥ္စင်းကြီးခေါ်တုန်းက တပည့်တော် တရားသာဝင်ခဲ့ရရင် ဖခင်ကို ကျေးဇူးဆပ်ရာလည်း ရောက်တယ်၊ ဖခင်ကလည်း သားသမီးတွေအတွက် စိတ်ချကာ ဝမ်းသာကျေနပ်ခဲ့မှာပါဘုရား"

ဟို … ရှေးယခင် အကြောင်းကံကြောင့် ယခုလို ဇရာပိုင်း မရောက်ခင် ဘုန်းဘုန်းညွှန်ကြားပြသပေးတဲ့ တရားထူး တရားမြတ်တွေကို နာကြားဆည်းပူးအားထုတ်ရတဲ့အတွက် ဘုန်းဘုန်းကျေးဇူးတော်ကို မမေ့နိုင်ဘဲ ဖခင်ဦးပဉ္ဇင်းကြီးရဲ့ ကျေးဇူးကိုလည်း သတိရတဲ့အနေနဲ့ တတ်အားသရွေ့ တပည့်တော် ကြိုးစားအားထုတ်ခဲ့ပါတယ်ဘုရား။

"နောင်တဆိုတာ နောင်မှတ" ဆိုသလိုပဲ တပည့်တော်လည်း ယခုတော့ နောင်တကြီးစွာ ရရှိပါတယ်။

တပည့်တော်ရဲ့ဖခင် ဦးပဉ္ဇင်းကြီးဟာ (၇)ဝါမြောက် အသက်(၅၁)နှစ်မှာ (..........) မြို့(..........) ကျောင်းမှာ ဦးပဉ္ဇင်းဝတ်နဲ့ပဲ ပျံလွန်တော်မူသွားပါတယ်။

"ဘုန်းကြီးတော့ သက်မရှည်၊ သက်ရှည်တော့ ဘုန်းမကြီး" ဆိုတာလိုမျိုး မသိပါ၊ တပည့်တော်ရဲ့ဖခင် ဦးပဉ္ဇင်းကြီးဟာ သူ့ဘုန်းသူ့ကံနဲ့ ဘုန်းကြီးပါတယ်၊ အသက်မရှည်ဘဲ (၇)ဝါမြောက်မှာ သင်္ကန်းဝတ်နဲ့ပဲ ပျံလွန်တော်မူသွားပါတယ်ဘုရား။

ဖခင်ဦးပဉ္ဇင်းကြီး ပျံလွန်တော်မူပြီးကတည်းက တပည့်တော်လည်း သေခြင်းတရားကို မှတ်မှတ်ရရ သိမြင်လာပါတော့တယ်၊ တပည့်တော်ကလည်း ဒုတိယအရွယ် ရောက်လာပြီဆိုတော့ ဒုက္ခတရားတွေ များစွာခံစားလာရပြီပေါ့၊ ဖခင်ဦးပဉ္ဇင်းကြီးရှိစဉ်ကလည်း -

"နင်တို့ သရက်ပင်ပေါ်က သရက်သီးတွေကို ကြည့်စမ်း၊ သရက်သီးတွေဟာ အကင်းလည်း ကြွေကျတာပဲ၊ အရင့်လည်း ကြွေကျတာပဲ၊ အမှည့်လည်း ကြွေကျတာပဲ၊ အပုပ်လည်း ကြွေကျတာပဲ၊ အရွယ်မရွေး၊ အရွယ်မျိုးစုံသရက်ပင်ပေါ်ကနေပြီးအချိန်မရွေး ကြွေကျနေတယ်။ အဲဒီသရက်သီးတွေ အချိန်မရွေး၊ အရွယ်မရွေး သရက်ပင်ပေါ်က ကြွေကျနေသလို လူ့ပြည်လောက လူတွေကို ကြည့်စမ်း၊ ကလေးလည်း သေတာပဲ၊ လူရွယ်လူငယ်လည်း သေတာပဲ၊ လူကြီးလည်း သေတာပဲ၊ အရွယ်မရွေးအရွယ်မျိုးစုံ လူ့ဘုံဌာန လူ့ဘုံလောကကနေပြီး သေပျောက်ကာ မြေသို့ ကျကြရတယ်။

နင်တို့က ငယ်သေးတယ်၊ မအားသေးလို့နဲ့ ဆင်ခြေပေးနေကြတယ်၊ သေမင်းက ငယ်တယ်လို့လည်း မထားဘူး၊ အလုပ်မအားတယ်လို့လည်း မထားဘူး၊ အချိန်ကျရင် ခေါ်မှာပဲ"

စသည်ဖြင့် ကျောင်းသို့ ရောက်တဲ့အခါတိုင်း ဖခင်ဦးပဉ္ဇင်းကြီး အိမ်သို့ ကြွလာတဲ့အခါတိုင်း၊ သားသမီးတွေနဲ့ ဆုံတဲ့အခါတိုင်း တရားစကား ဟောပြောပေးတော့ တပည့်တော်မှာ ကြားဖူးနားဝ ဗဟုသုတ အနည်းငယ်ရှိခဲ့ပါတယ်ဘုရား။

"တပည့်တော်ရဲ့ဖခင် ဦးပဉ္ဇင်းကြီး မဝတ်ခင်က သားသမီး(၄)ယောက် ရှိတဲ့အထဲမှာ တပည့်တော်က အကြီးဆုံးမို့ အားအကိုးရဆုံးဆိုပြီး ပိုချစ်ပါတယ်။ ဖခင်ဦးပဉ္ဇင်းကြီးသာသနာ့ဘောင် ဝင်ရောက်ခါနီးမှာ နောက်ပိုင်းစိတ်ချရအောင်ဆိုကာ တပည့်တော်ကို မိဘဝတ္တရားအတိုင်း အိမ်ထောင်နေရာ ချပေးခဲ့ပါတယ်။

တပည့်တော်လည်း ဖခင်ကြီးဦးပဉ္ဇင်းဝတ်သွားတဲ့အခါ ဖခင်ရဲ့ပါရမီကို ကူညီဖြည့်စွက်ပေးသောအားဖြင့် မိခင်နှင့်တကွ ညီမလေးနှစ်ယောက်၊ မောင်ငယ်တစ်ယောက်ကိုပါ ကိစ္စကြီးငယ် အသွယ်သွယ်တွေအတွက် စောင့်ရှောက်လာခဲ့ပါတယ်ဘုရား။

ဖခင်ကြီးဟာ ဦးပဉ္ဇင်းဝတ်ပြီး (      )မှာ တရားအားထုတ်ပါတယ်၊ အားထုတ်ဆဲမှာ တပည့်တော်ဆီ စာတစ်ခါ ရေးပါတယ်ဘုရား။

"ချစ်သမီး … မိခင်ကို စိတ်ချမ်းသာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ထားပါ၊ ဖခင် ဦးပဉ္ဇင်းကြီးလည်း တရားရကာ ချစ်သမီးတို့ကိုပြန်ပြီး ဟောပြောပြသကာ မဂ္ဂင်ဆိုတဲ့ ဖောင်ကြီးကိုတက်စီးပြီး ချစ်သမီးတို့က ဦးမှာထိုင်၊ ဖခင်ဦးပဉ္ဇင်းကြီးက ပဲ့ကို ထိန်းပြီး နိဗ္ဗာန်ဆိုတဲ့ သောင်ကမ်းသို့ ဆိုက်ကပ်ရန် တက်လှမ်းကြပါစို့"

လို့ စာရေးပါတယ်၊ ဒါပေမဲ့ ဖခင် ဦးပဋ္ဌင်းကြီး ရှိစဉ် တရားစခန်းခေါ်တုန်းက "စောပါသေးတယ်၊ ငယ်ပါသေးတယ်၊ မအား လို့" စသည်ဖြင့် ဆင်ခြေအမျိုးမျိုး ပေးနေခဲ့ပါတယ်။

အဲဒီလို အမှတ်မဲ့ တရားလက်လွှတ်နေရင်းနဲ့ ဖခင်ဦးပဋ္ဌင်းကြီး ရုတ်တရက် ပျံလွန်တော်မူသွားတော့မှ တပည့် တော်မှာ များစွာ စိတ်မကောင်း ဖြစ်ပါတယ်။ ဖခင်ဦးပဋ္ဌင်းကြီးက ဘုန်းဘုန်းလောက် မဝပါဘူး၊ သိပ်လည်း မပိန်ပါဘုရား၊ သဏ္ဌာန်းရောင်က ဘုန်းဘုန်းနဲ့ သိပ်တူတာပဲဘုရား၊ ဒါကြောင့်လည်း တပည့်တော်မှာ ဘုန်းဘုန်းကို တွေ့မြင်တိုင်း ဖခင် ဦးပဋ္ဌင်း ကြီးကိုသတိရမိပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်လည်း အမှတ်မဲ့ နေလာခဲ့တာ ဖခင်ဦးပဋ္ဌင်းကြီး မရှိတော့တဲ့နောက်ပိုင်းမှာ တွေ့ကြုံ ရတဲ့လောကဓံတွေကတော့ အများကြီးပါပဲ။ ညီမအကြီးတစ်ယောက် သေခဲ့ပါပြီ။ ညီမရဲ့သားလေး (၉)နှစ်အရွယ် တစ်ယောက် လည်း ရေတွင်းထဲကျပြီး သေပါတယ်။ မေမေ အသက်(၆၃)နှစ်မှာ သေပါတယ်၊ တပည့်တော်ရဲ့သမီးလေး တစ်နှစ်၊ နှစ်လ တစ်ယောက်က အိမ်ပေါ်က ပြုတ်ကျပြီး သေပါတယ်၊ ညီမယောက်ျားလည်း သေပါတယ်၊ တူမောင်တစ်ယောက်လည်း သေ ပါတယ်။

ဘုန်းဘုန်းဘုရား၊ တပည့်တော်မှာ ကိုယ့်သေခြင်းတရားနဲ့သာ ရင်မဆိုင်ရသေးတာ ဆွေမျိုးသားချင်းတွေရဲ့သေ ခြင်း တရားတွေနဲ့ ဆက်လက်ပြီး ရင်ဆိုင်လာခဲ့ရတာ ယခုနှစ်အထိပါပဲ။

ယခုနှစ် တပည့်တော် (၄၇)နှစ် ကူးခါနီးမှာ ကြီးစွာသောဒုက္ခနဲ့ ရင်ဆိုင်ထိပ်တိုက်တိုးမိပါတော့တယ်။ တပည့် တော်ဟာ ဒီလိုဆုံစည်းလာလိမ့်မယ်လို့လည်း ဘယ်သောအခါမှ မတွေးမိတာ အမှန်ပါဘုရား -

> "ဖြစ်ချိန်တန်ရင် ဖြစ်ရမည်၊ ပျက်ချိန်တန်ရင် ပျက်ရမည်၊ ဖြစ်ချိန်တန်၍ ဖြစ်လာတာကို မဖြစ်အောင် တားလို့မရဘူး၊ ပျက်ချိန်တန်၍ ပျက်သွားတာကို မပျက်အောင် တားလို့မရဘူး"

ဆိုတာကို စောစောက အခါခါ နာကြားခဲ့ရပေမဲ့ တပည့်တော်ကိုယ်တိုင် ရင်ဆိုင်ရတော့မှပဲ ယုံကြည်ချက် ချမှတ်ပါတော့ တယ်ဘုရား။

ဘုန်းဘုန်းဘုရား ... တပည့်တော်လည်း ဘုန်းဘုန်းကို ဖြစ်သမျှအကြောင်း အားလုံးကုန်စင်အောင် သိကြားလျှောက် ထားချင်တဲ့အတွက် စာတော့ နည်းနည်းရှည်သွားပါတယ်၊ ဘုန်းဘုန်း သည်းခံပြီး ဖတ်ရှုပါဘုရား။

ဘုန်းဘုန်းဘုရား ... တပည့်တော်မှာ မိဘ အရင်းအချာတွေ မရှိတော့တဲ့အတွက် ကိုယ့်ထက်ကြီးတဲ့ သက်ကြီး ရွယ်အိုတွေ ဆရာသမားတွေအားလုံးကိုလည်း -

> "ကျွန်မတို့ကို သားသမီးအရင်း၊ တပည့်အရင်းလို သဘောထားပြီး သွန်သင်ဆုံးမ ဩဝါဒ ပေးကြပါ၊ နည်းညွှန် လမ်းပြကြပါ။ လူကြီးသူမ သက်ကြီးရွယ်အို ဆရာသမားတွေရဲ့ ဆုံးမစကားကိုလည်း အမြဲတမ်း နာခံ တတ်ပါတယ်၊ နာခံချင်ပါတယ်၊ နာခံပြီး ကျင့်ကြံတတ်သူတွေပါ"

လို့ ဖိတ်ကြားပြောဆိုပြီး ကိုယ့်ကိုယ်ကိုယ် အပ်နှံခဲ့ပါတယ်။ ဦး ( ) နဲ့ ( ) ဘုန်းဘုန်းဆိုရင် တပည့်တော်ရဲ့ဖခင်အရင်း ပမာ မခြား တပည့်တော်အားထားတဲ့ ပုဂ္ဂိုလ်တွေပါဘုရား၊ ဒီ ( )ဆယ်ရက်စခန်းကို တပည့်တော် လာရောက်ပြီး တရား အား ထုတ်ရတာကလည်း သူတို့ရဲ့ကျေးဇူးတွေကြောင့်ပါဘုရား။

ဘုန်းဘုန်းဘုရား ... ဘုန်းဘုန်းကိုလည်း တပည့်တော် အပ်နှင်းပါတယ်၊ တပည့်တော့်ကို တပည့်ရင်း သွေးသားရင်း မခြား သွန်သင်ဆုံးမ ညွှန်ကြားပြသ ဟောပြောပေးပါ၊ တပည့်တော်ကိုယ်ကို ဘုန်းဘုန်းအား လှူဒါန်းပါတယ်ဘုရား။

“လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနင့်ဖ” တဲ့ တပည့်တော်ရဲ့လက်ဦးဆရာတွေဟာ မိဘတို့ပါ၊ ယခု တရား အားထုတ်တဲ့အခါမှာ ဘုန်းဘုန်းနဲ့ ဦးစွာ အားထုတ်ခဲ့ရတဲ့အတွက် ပဋိပတ်အရာမှာ ဘုန်းဘုန်းဟာ တပည့်တော်ရဲ့လက်ဦး ဆရာပါဘုရား။

ဘုန်းဘုန်းဘုရား ... တပည့်တော် လူမှန်းသိတဲ့ အရွယ်ကစပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုနှင့် ရင်ဆိုင်ရတဲ့အထဲမှာ ဒီနှစ်လောက် ကြီးကျယ်တာ မရှိတော့ဘူးလို့ ထင်မိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ယခု လွန်ခဲ့တဲ့ တော်သလင်းလဆုတ် (၈) (၂၉-၉-၈၃)နေ့၊ ည (၉)နာရီအချိန်မှာ မသမာ လူသတ်သမားနှစ်ယောက်က တပည့်တော်ရဲ့ခင်ပွန်းကို အိမ်ပေါ်မှာ လာတက်သတ်သွားပါတယ်ဘုရား။ တပည့်တော်က အဲဒီ အချိန်မှာ သီလယူထားတာမို့ တံခါးပေါက်နားမှာ ရေနွေးထိုင်သောက်နေပါတယ်။

ဘုန်းဘုန်းဘုရား ... တပည့်တော်ရဲ့သီလ၊ သမာဓိ၊ ပညာ အကျိုးကျေးဇူးဟာ ဘယ်လောက်အထိ ကြီးမားတယ်ဆို တာ အဲဒီညမှပဲ တပည့်တော် သိရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လူသတ်သမားတွေဟာ တကယ်လို့ သီလ၊ သမာဓိ၊ ပညာ အကျိုးကျေးဇူးတွေ မရှိခဲ့ရင် တပည့်တော်ကို သူတို့ သေနတ်နဲ့ ပစ်ထည့်လိုက်ရင်လည်း တပည့်တော် ဘယ်လိုမှ မလုပ်တတ်ပါ၊ အသေခံရမှာပါ။

ဘုန်းဘုန်းဘုရား ... တပည့်တော်က “ဝါသနာကို ဖျက်လို့ ရရင်ရမယ်၊ ဘာသာကိုတော့ ဖျက်လို့မရဘူးဆိုတဲ့ အစားထဲကပါ၊ အိမ်ဦးမှာရှိတဲ့ဘုရားစင်မှာ ပန်းညှိုးရင် မနေတတ်ပါ။

နောက် ဝါတွင်းသုံးလ၊ အခါကြီးရက်ကြီးတွေမှာ မအားသည့်တိုင်အောင် ဘုန်းတော်ကြီးကျောင်းမှာ သီလသွားယူ ပြီး အိမ်မှာ အလုပ်ပြန်လာလုပ်ပါတယ်၊ ဥပုသ်ရက်တွေမှာလည်း ဘုန်းတော်ကြီးကျောင်းမှာ ပန်းလဲ၊ ဘုရားဝေယျာဝစ္စ ပြုလုပ် ပါတယ်၊ သီလဆောက်တည်ပါတယ်ဘုရား။

တပည့်တော် နံနက် မျက်နှာသစ်ပြီးတိုင်း “နမောတဿ” ဘုရားရှိခိုးနဲ့ သုံးခေါက်ဘုရားရှိခိုးပြီး “သရဏဂုံ” သုံး ခေါက်အမြဲဆောက်တည်ပါတယ်၊ သီလလည်း အမြဲဆောက်တည်ပါတယ်၊ အားလုံးပြီးတဲ့အခါ ဘုန်းဘုန်းပုံတော်ကို ရှိခိုးပြီး ဘုန်းဘုန်းကို ရည်မှန်းကာ -

“ဘုန်းဘုန်း ကျန်းမာပါစေ၊ ဘုန်းဘုန်း ချမ်းသာပါစေ၊ ဘုန်းဘုန်း ဘေးဘယာ ဝေးကွာပါစေ၊ ဘုန်းဘုန်း အသက်ရာကျော်ရှည်စွာနဲ့ သာသနာပြုနိုင်ပါစေ”

လို့နံနက်တိုင်းညတိုင်းမေတ္တာပို့သပါတယ်၊အဲဒီအကျင့်ကောင်းလေးတွေကြောင့်ပဲတပည့်တော်အတွက်ဘေးမသီ ရန်မခတာ ပဲလို့ တပည့်တော် ယုံကြည်ပါတယ်။

အဲဒီ တော်သလင်းလဆုတ် (၈)ရက်နေ့ညမှာ တပည့်တော် လုပ်ရိုးလုပ်စဉ်အတိုင်း ဘုရားရှိခိုး သီလယူပြီး အိမ်ကို နံ့သာရေ ဖျန်းပက်ပါတယ်၊ အိပ်ဖို့ စဉ်းစားတဲ့အခါ စဉ်းစားလို့မရဘဲ အသိတစ်ခု ဝင်သလို မျက်စိကို တုတ်နဲ့ ထောက်ထားတဲ့ အတိုင်း မအိပ်ချင်ဘဲ မျက်စိပွင့်နေ ကြည်နေပါတယ်ဘုရား။

မအိပ်ချင်တာနဲ့ တပည့်တော်လည်း လက်ဖက်ရည် ထိုင်သောက်နေပါတယ်၊ အဲဒီအချိန်မှာ သမီးအငယ်ဆုံးက စာ ဖတ်ပြီး ထမင်းစားတော့ အိမ်ပြင်ထွက်စားလို့ အိမ်တံခါး ဖွင့်ထားပါတယ်။

ညတိုင်းဆိုရင် အဲဒီအချိန်ဟာ တပည့်တော်ခင်ပွန်းသည် တစ်ခါမှ အိမ်မှာမရှိပါ။ အကြောင်းဆုံပြီး ဖြစ်လာရမယ့် ဒီ ကနေ့ကျတော့ သူ့အတွက် အကြောင်းတွေဟာ အားလုံးပြည့်စုံအောင် ဖြည့်ပေး ညီညွတ်ပေးတာပါပဲ၊ တပည့်တော်စိတ်ထဲ မှာလည်း -

"ခြော် ... သူဟာ ဟိုဘဝများစွာ နှစ်လများစွာတွေက အဝိဇ္ဇာ ဦးစီးပြီး အတိတ်ကံဆိုး အကုသိုလ်ကံဆိုး တွေ အကြောင်းပါလာမလဲမသိ"

လို့ တွေးမိပါတယ်၊ အဲဒီလို အကုသိုလ်ကံဆိုး ပါလာလို့သာ ယခုဘဝမှာ ရောဂါဝေဒနာနဲ့ မသေရဘဲ သူများအသတ်ခံရတဲ့ အသေဆိုးနဲ့ သေခဲ့ရပါတယ်။ တပည့်တော်ပါ သူ့ဒုက္ခတွေ ကူးစက်ခံရတော့ တပည့်တော်လည်း အတိတ်ကံ မကောင်းခဲ့လို့ မကောင်းတာနဲ့ လာပြီး ဆုံစည်းရတာပဲလို့ တပည့်တော် တရားနဲ့ ဆင်ခြင်ပြီး ဘယ်သူ့ကိုမှ အပြစ်မတင် စိတ်မဆိုးပါ၊ အကယ်၍ အတိတ်ကံအကြောင်း ရှိခဲ့ရင်လည်း ဒီဘဝမှာ ဒီမျှနဲ့ပဲ ကျေပါစေတော့ဆိုပြီး ဘုရားဝတ်ပြုတိုင်း ဆုတောင်းမိပါတယ် ဘုရား။

ဘုန်းဘုန်းဘုရား၊ အဲဒီ တော်သလင်းလဆုတ် (၈)ရက်နေ့ညကဆိုရင် တပည့်တော်မှာ ဘာနဲ့မှ နှိုင်းပြလို့မရနိုင်တဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿမီးတွေ တောက်လောင်ခံစားရတဲ့ညပေါ့၊ ရှေးက မီး(၁၁)မီး အပူကြီး ပူလှတယ်၊ ကမ္ဘာမီး ထက် ပူတယ်လို့ ကြားဖူးခဲ့ပါတယ်၊ တကယ်ပူမှန်း မသိခဲ့ပါဘုရား။

ယခု ကိုယ်တွေ့ပူတော့မှ တကယ်ကြီးတဲ့ အပူကြီးပါ၊ တပည့်တော် ယခုပူရတဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿမီး တွေဟာ ကမ္ဘာမီးထက် အပူကြီး ပူလှပါတယ်၊ အပူဆုံးမီးပါပဲဘုရား။

ဘုန်းဘုန်းဘုရား ... အဲဒီညမှာ တပည့်တော်ရဲ့ခင်ပွန်းကို လူသတ်သမားတစ်ယောက်က ဘာမှမမေးမစမ်း မပြော မဆိုဘဲ သေနတ်နဲ့ ရင်ဝပစ်ပြီးတာနဲ့ ပြန်ဆင်းသွားပါတယ်ဘုရား။

သူလည်း စကားတစ်ခွန်းမှ မပြောနိုင် မဆိုနိုင်ဘဲ သေနတ်ဒဏ်ချက်ကြောင့် မတ်တတ်ရပ်နေရာမှ လဲကျသွားပါ တော့တယ်၊ စကားမေးလည်း လုံးဝမရတော့ပါ၊ အဲဒီအကြောင်းတွေ အသေးစိတ် ရေးရင် ဘုန်းဘုန်းလည်း ဖတ်နိုင်တော့မှာ မဟုတ်တဲ့အတွက် လိုရင်းချက်ပဲ ရေးပြပါတော့မယ်ဘုရား။

တပည့်တော်လည်း မိဘနှစ်ပါး ဆုံးတုန်းက တစ်မျိုး ခံစားရ၊ ယခုတစ်ခါတပည့်တော်ရဲ့ မျက်မှောက်မှာ အသေဆိုး နဲ့ ကြုံရ၊ ခင်ပွန်းသည်ဆိုတော့ ဖြစ်စမှာ ဆောက်တည်ရာ မရတဲ့အထိ ဖြစ်သွားပါတယ်၊ မီးတောက်လောင်တဲ့ညမှာ ဘာပြော လို့ ဘာဆိုမှန်း ကိုယ့်ကိုယ်ကိုယ် မသိတော့ပါဘုရား။

ဘုန်းဘုန်းဘုရား ... တပည့်တော်ကသာ တရား နည်းနည်းပါးပါး မသိထားရင် အဲဒီညဟာ တပည့်တော်ပါ အတူ သေမယ့်ညပါ။ တပည့်တော်မှာ ခေါင်းတွဲမရှိတဲ့ ရထားတွဲပမာ ဘာမှမလုပ်တတ် မကိုင်တတ်ဘဲ ငုတ်တုတ်နေရပါတယ်၊ မရွေ့လျား မလှုပ်ရှားနိုင်တော့ပါဘုရား။

နောက်မှ ဦးလေး ( )ကို သတိရကာ သူ့ကိုပဲ ခေါ်ပြီး ပြောပြရပါတော့တယ်၊ အသုဘ ပြီးဆုံးတဲ့အထိပဲ သူ ကြီးကြပ် ကွပ်ကဲ လုပ်ဆောင်ပေးပါတယ်၊ သုံးရက်နဲ့ အပြီးပဲ ဆွမ်းသွတ်တရားနာကာ သုသာန်ပို့ဆောင်ကာ မြှုပ်နှံလိုက်ရပါတော့တယ် ဘုရား။

ဘုန်းဘုန်းဟောကြားတဲ့အတိုင်းပါပဲ။ သောက ပရိဒေဝမီး တောက်လောင်နေသူဟာ အိပ်မပျော်ဘူး၊ အိပ်လို့ မရ ဘူးဆိုတာ လက်တွေ့ပါ၊ ခင်ပွန်းသည် သေဆုံးပြီးတဲ့ တစ်ရက်မှာ တပည့်တော်ဟာ မိုးလင်းပေါက် မျက်စိကြောင်ကာ လုံးဝအိပ် မရတော့ပါဘုရား။

ညဖြစ်တယ်၊ နံနက်မိုးသောက် အလင်းရောက်တော့ ( )မှာ ကျောင်းသွားနေတဲ့ သမီးလေးကို အကြောင်းကြား ပြီး အကြိုခိုင်းရပါတယ်၊ သမီးလေး ရောက်လာတော့လည်း တစ်နေ့လုံး သောကပရိဒေဝမီး တောက်လောင်နေပါတယ်၊ ဆရာ တော် ဟောကြားသလို မီးမီးချင်းဟာ ငြိမ်းလို့မရဘဲ တစ်မီးမှ နှစ်မီးပေါင်းတော့ ပိုပြီး ပူလောင်ပါတယ်ဘုရား။

ခင်ပွန်းသည်က ကျေးရွာကောင်စီ အတွင်းရေးမှူးဆိုတော့ နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ကျေးရွာကောင်စီ၊ မြို့နယ်ကောင်စီ၊ ပါတီ၊ တပ်၊ ရဲ အစရှိတဲ့ မြို့ဘက် နယ်ဘက်မှ အဖွဲ့ပေါင်းစုံတွေက လာရောက်ပြီး လူသေဒဏ်ရာ လှန်ကြည့်ကြ၊ မေးကြလို့ မေးလေသမျှမှာ ဖြေရတာကလည်း သေတဲ့လူနောက် လိုက်မသေဖို့ နည်းနည်းပဲ လိုပါတော့တယ်၊ သေတဲ့လူရဲ့ဒုက္ခထက် အစစ်အဆေး အမေးအမြန်းခံနေရတဲ့ တပည့်တော်ဒုက္ခက ပိုကြီးနေပါတယ်ဘုရား။

အဲဒီလို ဒုက္ခကြီးနေချိန်မှာ( )မှာ ပြန်ရောက်လာတဲ့ သမီးလေးက သူ့ဖခင်ရဲ့အလောင်းကို သေနတ်ဒဏ်ရာနဲ့ မရှုမလှ အသေဆိုးသေရတာ တွေ့တော့ ရင်ထုမနာငိုကြွေးတော့ "အို…တပည့်တော် မပဋာမြေလူး" ဆိုတဲ့ စကားကို ကြားဖူးသော်လည်း သဘောမပေါက်ခဲ့ပါပဲ အခုမှ သဘောပေါက်ပါတော့တယ်ဘုရား။

ဘုန်းဘုန်းဘုရား…ဗုဒ္ဓရဲ့တရားအရိပ်ဟာ ဧအေးမြလှပါတယ်၊ တပည့်တော်မှာ တရားသာ အနည်းငယ် မသိထားရင် အခက်ပါ၊ အဲဒီလို ဖြစ်နေချိန်မှာ အသိတစ်ခု ဝင်လာပါတယ်ဘုရား -

"အင်း . . . မိမိသာလျှင် မိမိရဲ့ကိုးကွယ်အားထားရာပဲ၊ သူတစ်ပါးဟာ အဘယ်မှာ ငါရဲ့ကိုးကွယ်ရာ ဖြစ်မှာလဲ၊ အားကိုးရာ ဖြစ်မှာလဲ၊ မိမိစိတ်ကို မိမိ မပြုပြင်လျှင် ဘယ်သူမှ လာပြီး မပြုပြင်ပေးနိုင်ဘူး၊ ဘယ်သူက လာပြီး ပြုပြင်ပေးသော်လည်း မိမိက မခံယူ မပြုပြင်ရင် ဘာတတ်နိုင်မှာလဲ၊ ငါ့စိတ်ငါ ပြင်တော့မယ်၊ ပြုပြင်မှ အေးမယ်၊ မပြုပြင်ရင် ဘေးပဲ"

လို့ အသိဝင်ပြီး ဆယ်ရက်စခန်း နစ်ပတ်အားထုတ်ဖူးတဲ့ ဘုန်းဘုန်း ညွှန်ကြားထားတဲ့ ဗုဒ္ဓရဲ့တရားအသိကလေးနဲ့ ဆင်ခြင်ကာ ခင်ပွန်းသည်ရဲ့အလောင်းကို အသုဘကမ္မဋ္ဌာန်း ရှုပွားရင်း ကျန်ရှိတဲ့ သားသမီးတွေကို အားပေးဖျောင်းဖျကာ ကိုယ်တိုင် အားတင်းခဲ့ရပါတော့တယ်၊ ဘုန်းဘုန်းဘုရား၊ တပည့်တော်ဟာ သုံးရက်အတွင်းမှာ -

"ဩော်…ငါလည်း တစ်နေ့ သေရဦးမှာပါတကား၊ ငါ၏ အသက်သည် မမြဲပါတကား၊ ငါ၏ သေခြင်းသည် မြဲပါတကား၊ ငါ၏ အသက်သည် သေခြင်းသာလျှင် အဆုံးရှိချေ၏။

ခန္ဓာကိုယ်သည် မမြဲ၊ သေခြင်းတရားသည်သာ မြဲ၏။ ခန္ဓာကိုယ်ရလာလျှင် အိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်း ဆင်းရဲဆိုတာ ငါသာမဟုတ် လူသားတိုင်း မလွန်ဆန်နိုင်တဲ့ တရားပဲ၊ ဖြစ်တတ်တဲ့တရား မှန်သမျှ ပျက်တတ်တဲ့ တရားချည်းပါပဲ"

လို့ ရှုပွားရပါတော့တယ်ဘုရား၊ အဲဒီတော့မှ တပည့်တော်မှာ သောကပရိဒေဝမီးများ ငြိမ်းကာ မျက်နာကြည်လင် အေးချမ်းပြီး နေသားထိုင်သား ကျသွားပါတယ်၊ ဘုန်းဘုန်းဘုရား။ ဗုဒ္ဓရဲ့တရားအရိပ်ဟာ အလွန်တရာ အေးမြလှပါတယ်ဆိုတာလည်း အခုလို အပူကြီးနဲ့ တွေ့ပြီး တရားနဲ့ အေးဖူးမှ တရားအေးမှန်း ပိုပြီးသိပါတယ်။

သုံးရက်ပြည့်လို့ အသုဘချမယ့် နံနက်မှာ ခင်ပွန်းသည်က ကျေးရွာကောင်စီ အတွင်းရေးမှူး၊ တပည့်တော်က ကျေးရွာ သမဝါယမ ဘက်ကဆိုတော့ သူ့ဘက်က မိတ်ဆွေတွေ ဆွေမျိုးတွေ၊ တပည့်တော်ဘက်က မိတ်ဆွေတွေ ဆွေမျိုးတွေ လာကြတာလည်း အများကြီးပါဘုရား။

တပည့်တော် ခင်ပွန်းသည်ဟာ သူတစ်ပါးကို မတရားမလုပ်ခဲ့ဖူးပါ၊ ဒါပေမဲ့ လူကြီးအလုပ်ဆိုတာက မှန်တာလုပ်ရင် မမှန်တဲ့လူတွေက မကြိုက်ကြတာ ဓမ္မတာပဲ မဟုတ်ပါလား၊ လူဆိုတာကလည်း "ချစ်သူတစ်ရာ ရှိလင့်ကစား မုန်းသူတစ်ယောက်တော့ ရှိစမြဲ" ဆိုတဲ့ စကားအတိုင်း ခင်ပွန်းသည် သေဆုံးလို့ ဝမ်းသာတဲ့လူ ရှိသလို ဝမ်းနည်းနမြောတသတဲ့ လူတွေလည်း ရှိကြပါတယ်ဘုရား။

ဒါကြောင့် အသုဘချမယ့်နံနက်မှာ စည်ကားသိုက်မြိုက်စွာပါပဲ၊ အသုဘချမယ့်နေ့မှာ မိုးလေဝသ အထူးသတင်း ကြေညာထားတဲ့အတိုင်း မိုးကလည်း အကြမ်းအရမ်း ရွာပါတယ်ဘုရား။

သူ့ဂုဏ်ကလည်း တစ်မျိုးမကောင်း၊ တစ်မျိုးကောင်းပါပဲ၊ တပည့်တော် သတိရလို့ မရလို့ ဖိတ်.မဖိတ် ကြားသိတဲ့ မိတ်သင်္ဂဟတိုင်းလည်း အားလုံးလာရောက်ကြတာ ဝတ္တရားကျေကြပါတယ်ဘုရား။

တပည့်တော်လည်း တရားနဲ့ ဆင်ခြင်ရှုပွားကာ လာရောက်ကြတဲ့ ဆွေမျိုးညာတကာ မိတ်သင်္ဂဟ အပေါင်းတွေကို လောကရဲ့ဝတ္တရား ကျေပွန်စွာနဲ့ နှုတ်ဆက်ဧည့်ခံ ပြောဆိုနိုင်ပါတယ်၊ လူတော့ အတော်မောပါတယ်၊ စိတ်ကတော့ တရားသဘောနဲ့ ရှုဆင်ခြင်၍ သက်သာရာ ရပါတယ်ဘုရား။

သေသူကို ရည်မှန်းပြီး လှူဒါန်းကျွေးမွေး ဆက်ကပ်ရာမှာလည်း စိတ်ကို အတတ်နိုင်ဆုံး ကြည်လင်အေးမြစွာထားပြီး စေတနာသုံးတန်ပြည့်ဝွာန်းကာ လှူဒါန်းနိုင်ခဲ့ပါတယ်ဘုရား။

သုံးရက်မြောက်တဲ့နေ့ ချတဲ့နေ့မှာ တစ်ကြိမ်၊ ခုနစ်ရက်လည်တဲ့နေ့မှာ တစ်ကြိမ်၊ တစ်လမြောက်တော့ တစ်ကြိမ် အားဖြင့် သုံးကြိမ်တိုင်တိုင် ရည်မှန်းကာ အမျှပေးဝေခဲ့ပါတယ်ဘုရား။

ဒါပေမဲ့ အချို့သောသူတွေက မကျွတ်ဘူး ဘာဘာညာညာနဲ့ တောင်ပြော မြောက်ပြော အမျိုးမျိုး ပြောကြပါတယ်၊ တပည့်တော်ကိုတော့ ဒီနေ့အထိ ဘာအထိမ်းအမှတ်မှ မပြပါ၊ ဘာအိပ်မက်မှလည်း မပေးပါ၊ ဒါကြောင့် မကျွတ်ဘူးဆိုတာ ဟုတ်မှန်ပါ့မလားဘုရား။

ဘုန်းဘုန်းဘုရား . . . တပည့်တော်ဟာ သုံးရက်အတွင်း ခင်ပွန်းသည်ရဲ့အလောင်းကို ကြည့်ရှုပြီး သိထားတဲ့ တရားတော် ဗဟုသုတနဲ့ လက်တွေ့အသုံးချကာ ရှုမှတ်ပွားများပြီး သောကမီး ပရိဒေဝမီး ငြိမ်းအောင် ထိန်းသိမ်းနေနိုင်ခဲ့ပါတယ်ဘုရား။

အလောင်းချမယ့်နေ့မှာ မြို့နယ်ကောင်စီ၊ ပါတီယူနစ်၊ ရဲဘက်၊ ယဉ်ကျေးမှု၊ ကျေးရွာအသီးသီးမှ လွမ်းသူ့ပန်းခွေများနဲ့ နောက်ဆုံး ဝမ်းနည်းတဲ့ အထိမ်းအမှတ်အနေနဲ့ အလောင်းကို ပကာသန ဆင်မြန်းကာ တင့်တယ်စွာ ဆင်ယင်ပြီး သုသာန်သို့ ပို့ကြပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား...အသုဘပို့လာကြတဲ့ များပြားစွာသော ပရိသတ်တွေက တပည့်တော်ကို အမျိုးမျိုးသော မျက်လုံးတွေနဲ့ ကြည့်ရှုကြ၊ ပြောဆိုဝေဖန်ကြပါတယ်ဘုရား။

"ဩော်...သူ့ယောက်ျားတစ်ယောက်လုံး ဒီလောက် အသေဆိုးနဲ့ သေရတာ၊ သူ့မှာ တရားရှိလို့ ဒီလောက် ကြံ့ခိုင်ဆည်ပြီး နေနိုင်တာပေါ့၊ တရားသာမရှိရင် ပဋာမြေလူးပေါ့။

အို . . . သူက သူ့ယောက်ျားကို သံယောဇဉ် သိပ်မထားတာပဲဟာ၊ မငိုဘဲနေနိုင်တာပေါ့၊ ကြည့်ပါလား ယောက်ျားတစ်ယောက်လုံး သေတာတောင်မှ မျက်နှာက နဂိုအနေ မပျက်ဘူး၊ သူ့အရွယ်က ကောင်းတုန်းပဲဟာ၊ နောက်အိမ်ထောင် ပြုဦးမှာပေါ့၊ ခုတောင် မှန်းထားတာ ရှိလားမှမသိတာ၊ ဒါကြောင့် အပြုံးမပျက်တာ"

စသည်ဖြင့် အသုဘလာပြီး အသုဘ မရှု၊ သံဝေဂ မယူကြဘဲ တပည့်တော်ကိုကြည့်ကာ အမျိုးမျိုး ဝေဖန် ချီးမွမ်းပြစ်တင် ပြောဆိုကြကာ ဝတ္တရားအတိုင်း သုသာန်ပို့ပြီး ပြန်ကြပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ လောကရဲ့ နိုင်ခဲ့တဲ့ နိယာမ သဘောတရားအရ လူ့လောကမှာ ကဲ့ရဲ့ ချီးမွမ်းဆိုတာ တပည့်တော် အတွက် မဆန်းတော့ပါ၊ ဘယ်သူတွေက ဘယ်လိုပဲ ကဲ့ရဲ့ချီးမွမ်းကြပေမဲ့ တပည့်တော်ဟာ စိတ်ပျက်ခြင်း၊ ဝမ်းသာခြင်း မရှိစေဘဲ ကြားကြားသမျှ ချီးမွမ်းကဲ့ရဲ့သံတွေကို "ရုပ်.ရုပ်" လို့ ရှုပွားပြီး မြင်မြင်သမျှ မဲ့တာ၊ ပြုံးတာတွေကိုလည်း "ရုပ်.ရုပ်" လို့ ရှုပွားကာ သိသိသမျှ အသိတရားကိုတော့ "နာမ်.နာမ်" လို့ ရှုလျက် ခင်ပွန်းသည်ရဲ့အလောင်းကို အသုဘရှုပြီး သုသာန်တစ သချိုင်းဝသို့အရောက် မျက်ရည်မကျဘဲ ပို့ဆောင်နိုင်ခဲ့ပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ သူ့ဖခင်ကို သူကလည်း အချစ်ဆုံး၊ သူ့ဖခင်ကလည်း သူ့ကို အချစ်ဆုံးဖြစ်တဲ့ သမီးအငယ်ဆုံး ကလေးဟာ အသုဘချပြီးတဲ့ ညနေမှာ ဘာတွေတွေးပြီး ငိုလည်းမသိပါ၊ ဘာတရား အဆင်အခြင်မှ မရှိတဲ့အတွက် ငိုရာမှ တက်ပါတော့တယ်၊ တပည့်တော်မှာတော့ -

"ဩော်...မသေခင် ချစ်၊ သေလျှင် ပစ်၊ အနှစ်မပါ၊ ငါ့ခန္ဓာ၊

မသေလည်း ပုပ်၊ သေလည်း ပုပ်၊ စက်ဆုပ်စရာငါ့ခန္ဓာ"

ဆိုတဲ့ ရဖူးပွားဖူးထားတဲ့ သံဝေဂလင်္ကာလေးတွေနဲ့ ရှုပွားဖြေသိမ့်ရင်း သမီးလေးကို ပြုစုရတာလည်း တမောပါပဲ၊ ဒီတော့မှ ဒီလောကကြီးထဲမှာ သုခမဖက် ဒုက္ခအစုအပုံကြီးသက်သက်ဆိုတာ သဘောပေါက်ပါတော့တယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်ရဲ့ခင်ပွန်းဟာ ဒါနကုသိုလ်တော့ ပြုပါတယ်၊ ဒါပေမဲ့ သီလတော့ မဆောက်တည်ပါ၊ ဘာဝနာဆိုတာတော့ ဝေလာဝေးထဲပေါ့၊ တပည့်တော် ဆယ်ရက်စခန်းမှာ ဝင်ပြီး တရားအားထုတ်တာတော့ သူကိုယ်တိုင် မလာပေမဲ့ မတားမြစ်ပါ၊ ခွင့်ပြုပါတယ်ဘုရား။

လွန်ခဲ့တဲ့ ဆယ်ရက်စခန်း နှစ်နှစ်မှာ တစ်နှစ်ကို နေ့ဆွမ်း တစ်နပ်စာ လာရောက်လှူဒါန်း ဆက်ကပ်ပါသေးတယ်၊ ဒီနှစ်လည်း သူ တကယ်လို့ ရှိသေးရင် လာရောက်ပြီး နေ့ဆွမ်းတစ်နပ် လှူဒါန်းဦးမှာပါဘုရား။

ဘုန်းဘုန်း ဟောကြားထားသလိုပဲ သေခြင်းတရားဟာ သတ္တဝါတွေကို မစောင့်ဘူး မဟုတ်လား၊ လွန်ခဲ့တဲ့ (၁၀)ရက် စခန်းတုန်းက ဦးလေ ( )ကိုယ်တိုင် သူ့ကို ရဟန်းဝတ်ပြီး တရားအားထုတ်ဖို့ တိုက်တွန်းပါသေးတယ်၊ သူက မအားသေးလို့ နောက်နှစ်မှ တရားအားထုတ်မယ်လို့ ပြောခဲ့ပါတယ်ဘုရား။

ယခု နောက်နှစ်သို့ ရောက်ရှိလာပါပြီ၊ သူကတော့ ကျန်းမာရေး ကောင်းကောင်းကြီးနဲ့ မမျှော်လင့်ဘဲ ဖြုန်းခနဲ သေလည်း သေနိုင်၏ဆိုတဲ့အတိုင်း ရေးကံအကြောင်းတရားကြောင့် ဘဝပြောင်းကာ သွားရပါတော့တယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ ဘုရားရှင် ဟောကြားမြွတ်တရားတော်တွေဟာ မှန်ကန်တိကျလှပါတယ်၊ ဆရာတော် ဟောကြားခဲ့တဲ့ မသိနိုင်ရာ ငါးဌာနမှာ -

"မိမိအသက်ဟာ မည်မျှရှည်ကြာမယ်လို့ အတိအကျ မသိနိုင်ဘူး၊ မိမိဟာ မည်သည့်အနာရောဂါနဲ့ သေရမည်ကို အတိအကျမသိနိုင်ဘူး၊ မိမိဟာ နံနက်နေ့ည ဘယ်အချိန်ကာလမှာ သေရမည်ကို အတိအကျမသိနိုင်ဘူး၊ ရွာတွင်းရွာပြင်၊ ကုန်းမှာ ရေမှာ ကောင်းကင်မှာ ဘယ်မှာသေကာ ဘယ်မှမြှုပ်မှာကို မသိနိုင်ဘူး၊ ဒီဘဝက နေသေပြီး ဘယ်မှာဖြစ်မယ်လို့ အတိအကျ မသိနိုင်ဘူး"

လို့ တပည့်တော် မှတ်ထားခဲ့ပါတယ်ဘုရား၊ သိပ်ပြီးတော့ မှန်ပါတယ်၊ တပည့်တော်လည်း ဖခင်ကြီး ဦးပဥ္စင်းကြီး မှာခဲ့တဲ့ "သေတတ်ဖို့ အရေးကြီးတယ်" ဆိုတဲ့စကားနဲ့ တရားအခံကလေးနဲ့ ယခု ဘုန်းဘုန်း ညွှန်ကြားပြသပေးခဲ့တဲ့ တရားအခံတွေကလည်းရှိလာတာမို့ တပည့်တော်ကိုယ်တိုင်အတွက်တော့ "ကိုယ်ရေးကြုံ သက်လုံကောင်း" ဆိုသလို အရေးကြုံလာရင် ဆင်ခြင်နိုင်သလောက် ဆင်ခြင်နိုင်လာပါပြီဘုရား။

ဘုန်းဘုန်းဘုရား တပည့်တော်လည်း ဆင်းရဲဒုက္ခ အမျိုးစုံနဲ့ တွေ့ကြုံထိမိခံစားရတာ အတော်လေး စုံလှပြီဖြစ်တဲ့ အတွက် ခန္ဓာကိုယ် ရလာရင် ဒုက္ခရလာတာပဲ၊ ဘာတစ်ခုမှ အကောင်းမရှိပါလားလို့ ခန္ဓာကိုယ်တွေ့ ရှုမြင်ချက်အရရော အပြင်လောက တွေ့မြင်ခံစားချက် အရရော သိပါပြီဘုရား။

- ဗုဒ္ဓရဲ့တရားရိပ်ဟာ အလွန်တရာ အေးမြလှတဲ့အတွက် တရားရိပ်မှာပဲ အမြဲခိုလှုံပြီး နေချင်ပါတော့တယ်၊ တပည့်တော်ဟာ (၁၀)ရက်စခန်းပြီးလို့ အိမ်မှာပြန်နေပေမဲ့ နံနက်တိုင်း ညတိုင်း တရားရှုပွား အားထုတ်ပါတယ်ဘုရား။

တရားအားမထုတ်ခင်ကလည်း တပည့်တော်ဟာ လောဘ၊ ဒေါသ၊ မောဟတရားဆိုးတွေ သိပ်မကြီးတဲ့အတိုင်းအခု တရားအားထုတ်ပြီးတဲ့အချိန်ရဲ့နောက်ပိုင်းမှာ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် အားလုံးကို ဆင်ခြင်ပါတယ်ဘုရား။

အဲဒီလို ကျင့်ကြံနေထိုင်ခြင်းဟာ တစ်နည်းပြောရရင် ဘုန်းဘုန်းရဲ့ဂုဏ်ကျေးဇူးတွေကို သတိအမြဲရပြီး ဘုန်းဘုန်းရဲ့ ဂုဏ်ကျေးဇူးတွေကို ဆပ်တဲ့သဘော၊ မမေ့တဲ့သဘောပါဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်မှာ အခုကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေဟာ အတိတ်ကံအကြောင်း မကောင်းမှုအကုသိုလ် အကျိုးဆက်တွေလို့ သိရှိယုံကြည်ပါသဖြင့် ဒီ (၁၀)ရက်စခန်းမှာ ပြုစုအားထုတ်ခဲ့ရတဲ့ ဒါန၊ သီလ၊ ဘာဝနာ တရားရေအေး တွေနဲ့ အားလုံးကင်းစင်အောင် ဆေးကြောပစ်လိုက်တော့မယ်လို့ တပည့်တော်ဟာ တရားရှုမှားတိုင်း နလုံးသွင်း ရှုမှားပါ တယ်ဘုရား။

နံနက်၊ နေ့ အာဟာရသုံးဆောင်တဲ့အချိန်တိုင်းမှာလည်း ဘုန်းဘုန်းရဲ့ဩဝါဒစကားတွေကြောင့် စားသောက်ရတဲ့ အာဟာရဒ္ဒဗ္ဗတွေ စက်ဆုပ်ဖွယ်တွေ ဓာတ်သဘောတွေကို ဆင်ခြင်ရှုမှားပြီး စားသုံးပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား ... တပည့်တော်သည် တရားနှင့်သာ အချိန်ပြည့် အမြဲတမ်း ပျော်မွေ့နေချင်သော်လည်း ပညာမစုံ သေးတဲ့ဖတဆိုး သမီးငယ်နှစ်ယောက်အတွက် အလုပ်ကိုယ်စီရရှိသည့်တိုင်အောင် တပည့်တော်မှာ တာဝန်ရှိနေပါသေးတယ် ဘုရား။

ဒါကြောင့် တပည့်တော်ဟာ လူ့လောကမှ ထွက်ခွာကာ အပြီးသတ် တရားအရိပ်မှာ မခိုလှုံနိုင်သေးတာပါ၊ တရား အရိပ်ဟာ တကယ်အေးမြတာသိတော့ အမြဲပင် ခိုလှုံချင်ပါတယ်ဘုရား။

လောကထဲမှာ လောကဝတ်ဆိုတာ ရှိသေးတယ် မဟုတ်လားဘုရား၊ သားသမီးတွေရဲ့အပေါ်မှာ မိဘရဲ့ဝတ္တရားလည်း ရှိသေးတဲ့အတွက် တပည့်တော်ရဲ့ သားသမီးလေးတွေရဲ့ဝတ္တရား ကျေပြွန်စွာ ထမ်းဆောင်ရင်းနဲ့ "အရှုံးထဲက အမြတ်ထုတ်" ဆိုသလို အမြတ်ထွက်အောင်တော့ ကြိုးစားပါမည်ဘုရား။

ဘုန်းဘုန်းဘုရား ... ကလေးတွေအဖေဟာ လောကီဝတ္တရား ထမ်းဆောင်ရင်း သေဆုံးသွားသဖြင့် အရှုံးသက်သက် သာ ခံ ႏ သွားရတာကို တပည့်တော် မျက်မြင်ကိုယ်တွေ့မို့ တပည့်တော်အတွက် အရှုံးမဘက် အမြတ်သာ ထွက်ရလေ အောင် အေးမြလှတဲ့ ဗုဒ္ဓရဲ့တရားအရိပ်အောက်မှာ ခဏခဏ ခိုလှုံရာမှ အမြဲခိုလှုံနိုင်သည့်တိုင်အောင် ကြိုးစားအားထုတ်ဖို့ လို သေးတယ်လို့ ဆန္ဒပြုကာ အားခဲထားပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော် ဗုဒ္ဓရဲ့တရားအရိပ်မှာ လုံးလုံးမခိုလှုံနိုင်သေးသမျှကာလအတွင်း ဒီ( )ဆယ်ရက် စခန်းသို့ရောက်တိုင်း ကျန်းမာရေးကောင်းမွန်စွာ ရှိအောင်ကြိုးစားပြီး တရားပတ်တိုင်းကြိုးစားအားထုတ်ပါ့မယ်ဆိုတာလည်း ဘုန်းဘုန်းအား တပည့်တော် ကတိပေး လျှောက်ထားအပ်ပါတယ်ဘုရား။

တပည့်တော်ဟာ လောကီအကျိုး သယ်ပိုးဆောင်ရွက်ခဲ့တာ နှစ်ရှည်လများ ရှိခဲ့ပါပြီ၊ အမြတ်ဆို၍ ဒီ ( )ဆယ်ရက် စခန်းမှာ (၃)ပတ်ဝင်ပြီး အားထုတ်ရတာသာ တပည့်တော်ရဲ့အမြတ် ရှိပါသေးတယ်၊ တပည့်တော်အသက် (၄၇)နှစ်ရှိပေမဲ့ အသက်ရှင် မြတ်တဲ့ရက်က (၃၀)ပဲ ရှိပါသေးတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်ဟာ ရွေးယခင်က နေတဲ့အိမ်မှာပဲ ဆက်လက်နေပါတယ်၊ အချို့က ကောင်စီရုံးနဲ့နီး တယ်၊ သမအသင်းဆိုင်နဲ့ နီးတယ်၊ နောင်ရေး စိတ်မချရဘူး၊ နေရာပြောင်းရွှေ့လို့ ပြောကြပါတယ်ဘုရား။

တပည့်တော်ကတော့ ရှေးကံအကြောင်း မကောင်းမှုပါလာလျှင် ဘယ်မှာနေနေ ဖြစ်လာမယ့် အကျိုးအဆိုး တရား ဟာဖြစ်ကိုဖြစ်ရမှာပဲ၊ ရှောင်လို့တိမ်းလို့ မလွတ်နိုင်ဘူးလို့ ယုံကြည်တာလည်းတစ်ကြောင်း၊ ပြောင်းရွှေ့ရတာ မလွယ်ကူတာ

လည်းတစ်ကြောင်းကြောင့်ဗုဒ္ဓတရားနဲ့ကံတရားကိုပဲ အားကိုးယုံကြည်ပြီးဖြစ်ချိန်တန်ရင်ဖြစ်မယ်၊ ပျက်ချိန်တန်ရင် ပျက်မယ်လို့သာ နလုံးသွင်းကာ နေလိုက်ပါတော့တယ်ဘုရား။

အဲဒီလိုနလုံးသွင်းနေတာကို အချို့က "ကံကိုယုံလို့တစ်ယောက်သေပြီမဟုတ်လား" လို့ပြောကြပါတယ်။ အဲဒါဟုတ်ပါသလားဘုရား၊ တပည့်တော်ကတော့ "ဘုရားမှတစ်ပါး ကိုးကွယ်အားထားရာမရှိ၊ တရားမှတစ်ပါး ကိုးကွယ်အားထားရာ မရှိပါ၊ သံဃာမှတစ်ပါး ကိုးကွယ်ရာ အားထားရာ မရှိပါ" လို့ ယူဆပါတယ်ဘုရား။

ပြီးတော့ "သတ္တဝါတွေဟာ ကံသာအမိ၊ ကံသာအဖ၊ ကံသာဥစ္စာ၊ ကံသာအမွေ၊ ကံသာအကြောင်း၊ ကံသာအဆွေခင်ပွန်း၊ ကံသာ ကိုးကွယ်ရာလို့ ယူဆပါတယ်။ ဒါကြောင့် တပည့်တော်ဟာ ရှေးကနေရင်းစွဲ အိမ်မှာပဲနေကာ လူ့ဘောင်ကိုလုံးဝ မရှောင်ကွင်းနိုင်ခင်မှာ လောကီ လောကုတ် အကျိုးမယုတ် ရာဖွေကျင့်ကြံ ဆည်းပူးအားထုတ်ပြီး နေပါဦးမယ်ဘုရား။

နောင်အခါ အခွင့်သင့်၍ လူ့ဘောင် ခွာရှောင်နိုင်တဲ့အခါမှာတော့ လောကမှ ထွက်မြောက်ရေး သက်သက်ကိုသာ ကြိုးစားကာ တရားရေအေး အမြိုက်ဆေးကို သောက်သုံးပြီး အေးမြလှတဲ့ ဗုဒ္ဓရဲ့တရားရိပ်မှာပဲ အမြဲခိုလှုံကာ နေတော့မယ်လို့ အာရုံညွှတ်ထားပါတယ်။

ဘုန်းဘုန်းဘုရား ... တပည့်တော် စာရေးတာတွေ များလို့ အမှားပါလျှင်လည်း ခွင့်လွှတ်တော်မူပါ၊ တပည့်တော် သိချင်တာကိုလည်း ဖြေပေးတော်မူပါ၊ တပည့်တော်ကိုလည်း တပည့်အရင်းလို့ အသိအမှတ်ပြုပြီး အချိန်မရွေး ဆုံးမတော်မူပါဘုရား။

ဘုန်းဘုန်းဘုရား ... တပည့်တော် ယခု ဒီဆယ်ရက်စခန်းမှာ ပြုရတဲ့ ဒါနကုသိုလ်ကောင်းမှု၊ သီလကုသိုလ်ကောင်းမှု၊ ဘာဝနာကုသိုလ်ကောင်းမှုတို့ကြောင့် ဘုန်းဘုန်း ဟောပြောညွှန်ကြားတဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသော အကျင့်၊ လျင်မြန်သော အသိဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ဘုရား။

ဘုန်းဘုန်းဘုရားလည်း ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့သာယာစွာနဲ့ အဆများစွာ တိုးတက်ပြီး သာသနာတော်ကို ပြုစုစောင့်ရှောက်နိုင်ပါစေလို့ ဆန္ဒပြု ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ဘုရား။

ထာဝရ ရှိသေလေးစားစွာဖြင့်

တပည့် (..........)

သို့

(..........)

(..........)

ဘဝဇာတ်ခုံပေါ်မှာ ကိုယ်တိုင်ကပြခဲ့ရတဲ့ ဘဝသက်တမ်း တစ်ဝက်ကျော်အတွင်းမှာ တွေ့ကြုံဆုံကွဲခဲ့ရတဲ့ လောကသဘာဝ ဓမ္မသဘာဝတွေ ချမ်းသာကနည်းပါး၊ ဆင်းရဲတွေက များပြားတဲ့ သဘောတွေကို ကိုယ်တိုင်တွေ့ခဲ့ပြီပေါ့။

မစားချင်ဘဲနဲ့ စားရ၊ စားချင်လျက်နဲ့ မစားရ၊ မဝတ်ချင်ဘဲနဲ့ ဝတ်ရ၊ ဝတ်ချင်လျက်နဲ့ မဝတ်ရ၊ နေချင်လျက်နဲ့ မနေရ၊ မနေချင်ဘဲနဲ့ နေရ၊ မသွားဘဲနဲ့ သွားရ၊ သွားချင်လျက်နဲ့ မသွားရတဲ့ အလိုမပြည့်ဝတဲ့ ဘဝဒုက္ခတွေဟာလည်း အသင်္ချေအနန္တပဲ။

ဘဝသဘောကို တကယ်နားလည်လာရင် ဘဝမှာ ဒုက္ခအပြည့်အဝ ရှိတယ်၊ သုခဆိုတာ စဉ်းစားနိုင်မှ ရှာနိုင်မှ အနည်းငယ်လေးသာ ရှိတယ်၊ သတ္တဝါတွေဟာ မပြောပလောက်တဲ့ အနည်းငယ်မျှသော သုခကလေးကိုဖက်ပြီး သုခကလေး

ကို မျှော်ပြီး ဘဝဒုက္ခတွေကို မေ့နေတဲ့အတွက် ဒုက္ခမှန်း မသိတာပါ။ ယခု တရားအားထုတ်လိုက်တော့ ဒုက္ခကို ဒုက္ခမှန်း မသိအောင် ဖုံးထားတဲ့ အဝိဇ္ဇာက ပါးပါးလာတော့ ဘဝဒုက္ခတွေဟာ ပေါ်ပေါ်လာပါတယ်။ ဒုက္ခပေါ်လာတော့ ဒုက္ခကို သိလာတယ်၊ ဒုက္ခကို သိလာတော့ ဒုက္ခကို ကြောက်လာတယ်။ ဒုက္ခကို ကြောက်လာတော့မှ ဒုက္ခက လွတ်ချင်လာတယ်၊ အဲဒါဟာ သဘာဝပါပဲ။

သစ္စာလေးချက်ကို သတိထားပြီး ကြည့်ပါလား၊ မဂ္ဂသစ္စာက ပွားများရမယ့်သစ္စာပဲ၊ ပွားများရမယ့်သစ္စာကို ပွားများလိုက်တော့မှ ပိုင်းခြားသိရမယ့် ဒုက္ခသစ္စာဟာ ထင်ရှားစွာပေါ်လာတယ်။ ဒုက္ခသစ္စာ ထင်ရှားစွာပေါ်လာတော့ ဒုက္ခမှန်းသိကာ ဒုက္ခကို ကြောက်လာပါတော့တယ်။ အဲဒီလို ကြောက်လာမှ ဒုက္ခကိုပစ်ကာ သုခကို ရှာချင်ပါတယ်၊ ရှာဖွေလာပါတယ်၊ ရှာဖွေတွေ့ရှိက အဘယ်မှာလျှင် ဒုက္ခဆီ ပြန်သွားတော့မှာလဲ၊ သုခနဲ့ပဲ နေတော့တာပေါ့။

(.....)ဟာ အဲဒီသဘောတွေ ပေါက်နေတာ စာထဲမှာ ပါလာပြီမို့ အဲဒီအကြောင်းတွေ အထူးမရေးတော့ပါ၊ ဆက်လက်ပြီး တရားကို အားကိုးကာ တရားကိုသာ အချိန်ရတိုင်း ကြိုးစားအားထုတ်ပါ။ သေဆုံးသွားသူရဲ့ကျွတ်တယ် မကျွတ်ဘူးဆိုတာနဲ့ ပတ်သက်လို့ သူပြောလူပြောတွေကို မယုံပါနဲ့၊ လူတွေဟာ အထင်နဲ့ တွေ့ရာမြင်ရာ ရမ်းပြောတတ်တဲ့ အလေ့ ရှိပါတယ်။

ခြောက်လို့ လှန့်လို့ မကျွတ်ဘူးလို့ မပြောနိုင်ပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ သေသူက မခြောက်ဘဲနဲ့ သေသူယောင်ဆောင်ပြီး ခြောက်လှန့်တာတွေ ပူးကပ်တာတွေလည်း လက်တွေ့မျက်တွေ့ ကိုယ်တွေ့ပင် တွေ့ဖူးတာတွေလည်း ရှိပါတယ်၊ မခြောက်လို့ မကျွတ်ဘူးလို့ မပြောနိုင်ပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ မခြောက်နိုင်တဲ့ လားရာဂတိသို့ လားရောက်သွားလျှင် မခြောက်ပါ၊ ခြောက်လှန့်တယ်ဆိုတာ လူနဲ့နီးစပ်တဲ့ ပြိတ္တာဘုံရောက်မှသာ ခြောက်လှန့်နိုင်တာပါ။

နတ်ဘုံ ရောက်သွားသော်လည်းကောင်း၊ လူ့ဘုံ ရောက်သွားသော်လည်းကောင်း မခြောက်လှန့်တော့ပါ။ အကယ်၍ ငရဲဘုံသို့ရောက်သွားမယ်၊ တိရစ္ဆာန်ဘုံ ရောက်သွားမယ် ဆိုရင်လည်း မခြောက်လှန့်နိုင်တော့ပါ။ ပြိတ္တာဘုံရောက်မှသာ ခြောက်လှန့်တာပါ။ အဲဒီ ရောက်ရာဌာနနဲ့ကြည့်ရင် နတ်ဘုံ၊ လူ့ဘုံသို့ ရောက်ရင် ကျွတ်တယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာဘုံ ရောက်ရင် မကျွတ်ဘူးလို့လည်း ခေါ်ကြတာပါ။

လူ့ဘဝက ပြုထားခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစီအရင်အတိုင်း လားရောက်သွားပြီမို့ ကျန်ရစ်သူအနေနဲ့ ပြုပြင်နိုင်သလောက်သာ ပြုပြင်ပေးပြီး မပြုပြင်နိုင်တာကိုတော့ တွေးပူကာ ဒုက္ခမခံသင့်ပါ။

ဖြစ်ပျက်တွေ့ ကြုံခဲ့ရတဲ့ လက်တွေ့သဘော အဖြစ်အပျက်တွေကို သာဓကယူကာ မိမိရဲ့လက်ရှိဘဝ ယခု ပစ္စုပ္ပန် အခြေအနေမှာ အကုသိုလ်ကံ မနှောစေဘဲ ကုသိုလ်ကံသာ အများဆုံးဖြစ်အောင် ကြိုးစားပါ။

"ကံယုံလို့ တစ်ယောက်သေပြီ မဟုတ်လား" လို့ ပြောကြလို့ အများစကားဟာ မမှန်ပါ။ မဟုတ်ပါ၊ ကံကိုယုံလို့ သေတာ မဟုတ်ပါ၊ အတိတ်က မကောင်းကံရဲ့ မကောင်းကျိုးပေးလို့ မကောင်းသေ သေရတာပါ၊ အသေဆိုး သေရတာပါ။

အဲဒီလို အတိတ်က မကောင်းကံကြောင့် မကောင်းသေ သေရမယ့် ပုဂ္ဂိုလ်အတွက် ဘယ်မှာမှ ရှောင်နေလို့ မလွတ်ပါ၊ ဘုန်းကြီးခဏခဏ ရွတ်နေတဲ့ လင်္ကာလေးကို သတိထားကြည့်ပါ။

> "ဘဝသြဃာ စကြာရဟတ် သုံးပါးဝဋ်တွင် လူ့နတ်ပြဟ္မာ သတ္တဝါကား ကြမ္မာအလျောက် အခါရောက်က မြေအောက်ပုန်းလျှိုး ခွန်အားကိုးလည်း လွတ်ရိုးမထင် ရေတွင်း စုပ်စုပ် နက်ရာငုပ်လည်း လွတ်ရာမမြင် ကောင်းကင်ပျံတက် ငှက်နယ်ပတ်လည်း မလွတ်နိုင်နိုင် သေမင်းငင်၍ အရှင်စသေ မနေရရာ ဓမ္မတာဖြင့် ခန္ဓာပြိုကွဲ ယွင်းဖောက်လွဲသည် ကြည်ဖဲမရှောင် မသာတည်း"

တဲ့။ ဒီလင်္ကာလေးဟာ တိုပေမဲ့ အဓိပ္ပာယ် အပြည့်အဝ ရှိပါတယ်။ ဓမ္မပဒအဋ္ဌကထာတယောဇန ဝတ္ထုကို ပုံဖော်ပြီး ရေးသားထားတဲ့ လင်္ကာလေးပေါ့။ ဆိုပါတော့ ဒီခေတ်မှာ ကုန်းလမ်းခရီးက စိတ်မချရ၊ လေယာဉ်လမ်းကလည်း စိတ်မချရလို့ ရေယာဉ်နဲ့ သွားမယ်ဆိုပြီး ရေယာဉ်နဲ့သွားလို့ သေကြရတာတွေ ရှိတယ်မဟုတ်လား၊ ရေနစ်သေကြတာ သင်္ဘောပျက် သေကြရတာတွေပေါ့။

ရေလမ်းက စိတ်မချရ၊ ကုန်းလမ်းကလည်း စိတ်မချရလို့ ကောင်းကင်ခရီး လေယာဉ်စီးသွားမယ်ဆိုပြီး လေယာဉ်နဲ့ သွားရင်း လေယာဉ်ပျက်ကျလို့ သေရတာတွေလည်း ရှိပါတယ်။ မသေမယ့်ကံ ပါတဲ့လူတွေမှာ လေယာဉ်ပျက်ကျလို့ အများသေပါလျက်နဲ့ မသေဘဲ တစ်ယောက်တည်း ကျန်ရစ်တာတွေလည်း ရှိပါတယ်။

ဒီလိုနည်းနဲ့ ဒီအချိန်မှာ သေရမယ်လို့ အတိတ်ကံကြွေးမှာ အခါရောက်လာတဲ့ ပုဂ္ဂိုလ်အတွက် ရှောင်တိမ်းမရ၊ တားမရဘဲ သေရပါတယ်။ ဒီခေတ်ဟာ ဒုံးပျံခေတ်ဆိုတော့ အဲဒီလို သေတဲ့သတင်းတွေကို မကြားချင်အဆုံး မဟုတ်လား၊ အချို့ကြည့်လေ၊ ရေထဲမှာ လှေပေါ်မှာနေတယ်၊ ကုန်းပေါ်ကကား ပျက်ပြီး ရေထဲမှာကျတိုက်လို့ သေတာရှိတယ်၊ တောထဲသွားစဉ်က မြွေကိုက်မသေဘဲ အိမ်ပေါ်မှာ အိပ်နေရင်း မြွေကိုက်သေတာရှိတယ်၊ လူသုံးယောက်သွားရာ အလယ်ကလူ မြွေကိုက်သေတာရှိတယ်။

ကြွေးမှာအလျောက် သေချိန်သေခါ ရောက်လာပြီဆိုလျှင် မြေအောက်မှာ လိုဏ်ခေါင်းတူးပြီး ပုန်းအောင်းနေလည်း မလွတ်ပါဘူး၊ ဒရေထဲမှာ ရေလိုဏ်ခေါင်းကြီး ဖန်ဆင်းကာ ပုန်းနေလည်း မလွတ်ပါဘူး၊ ကောင်းကင်မှာ ငှက်လိုပျံနေလည်း မလွတ်ပါဘူး။ ဒါကြောင့် ကံကိုယုံလို့ တစ်ယောက်သေပြီ မဟုတ်လားဆိုတဲ့ စကားဟာ မမှန်ပါ။ တစ်ခုတော့ ရှိတယ်ပေါ့၊ "ကံကိုယုံ ဆူးချုံမနင်းရာ" တဲ့။ ငါ့ကို ကံကောင်းတဲ့အတွက် ဆူးမစူးဘူးဆိုပြီး ဆူးချုံနင်းတာမျိုး၊ နစ်ဖက်ပစ်ခတ်နေတဲ့ကြားထဲ ကံကောင်းတဲ့အတွက် ငါကို သေနတ်မမှန်ဘူးဆိုပြီး မတ်တတ်ရပ် ကြည့်နေတာမျိုးတော့ မဖြစ်သင့်ပါ။

ဘုရားရှင် ဟောတဲ့ ကံသာအမိ၊ ကံသာအဖ ဆိုတာ အဲဒီလို အကန်းယုံမျိုးကို ပြောတာမဟုတ်ပါ၊ ကောင်းတာကို ဖြစ်အောင်ကြိုးစား၊ မဖြစ်တော့ ကံတရား၊ မကောင်းတာကို ကြိုးစားရှောင်ရှား၊ ဖြစ်လာတော့ ကံတရား၊ အဲဒါမျိုးမှ ဉာဏ်ရှိကံယုံပါ။ ကဲ - ဒီလောက်ဆိုရင် အမေးနှင့်ပတ်သက်၍ ပြေလည်လောက်ပါပြီ တော်ကြပါစို့။

✧ ကောင်းမှု မကောင်းမှု၊ အလုပ်စု၊ ကံဟုခေါ်လေသည်။

✧ အလုပ်ကောင်းမှ၊ ကံကောင်းရ၊ လုပ်ကြကောင်းအောင်သာ။

✧ ကံကောင်းချင်လျှင်၊ ကောင်းလုပ်မြင်၊ တွင်တွင်လုပ်ကြပါ။

✧ ကံဆိုးကြောက်လျှင်၊ မအောင်မြင်၊ တွင်တွင်ရှောင်ကြပါ။

✧ ပြုသင့်မပြု၊ မသင့်ပြု၊ ယခု ဒုက္ခ နောင်ဒုက္ခ။

# ယသော်ဓရောသည် အမြဲပင် မိန်းမ,ဖြစ်ပါသလား

(၂၀၆)

"မိန်းမတို့သည် ယောက်ျားမဖြစ်စဖူး" ဟူ၍ အချို့က ယူဆကြ၏။ အချို့ကမူ "ယောက်ျားတို့သည် မိန်းမမဖြစ်စဖူး" ဟူ၍ ယူဆကြ၏။

အချို့ကား "မိန်းမကား ယောက်ျားမဖြစ်၊ ယောက်ျားကား မိန်းမ ရံခါဖြစ်၏" ဟူ၍ ယူဆကြ၏။ အချို့ကား "မိန်းမအဖြစ်လည်း အမြဲမရှိ၊ ယောက်ျားအဖြစ်လည်း အမြဲမရှိ" ဟူ၍ ယူဆကြ၏။

ဤသို့ဖြင့် အယူအဆ အမျိုးမျိုး ရှိနေ၏။ အမျိုးမျိုး ယူဆပြောဆိုနေကြ၏။ ယင်း အယူအဆ အမျိုးမျိုးတို့ကို ကြားဖူးကြသူ အချို့က အတိအကျ သိချင်ကြသည်၊ သိချင်၍ ရှာကြံပြီး မေးကြသည်။

"အရှင်ဘုရား၊ ယသော်ဓရောသည် အမြဲပင် မိန်းမ,ဖြစ်ပါသလားဘုရား"

"အင်း - အဲဒီအမေးဖြေပြီးရင် အမေးတစ်ခု ထပ်မေးဦးမယ်နော်တူတယ်"

"ဘယ်လိုအမေးပါလဲ ဘုရား"

"ဘုရားအလောင်းသည် အမြဲပင် ယောက်ျားဖြစ်ပါသလားဆိုတဲ့ အမေးပေါ့"

"မှန်ပါဘုရား၊ ဘုရားအလောင်းတော်နဲ့ ယသော်ဓရောတို့ဟာ ပါရမီဖြည့်ဖက် အတွဲဆိုတော့ မေးထိုက်ပါတယ်၊ အဲဒီအမေးများကို အရှင်ဘုရား ဖြေကြားတော်မူပါဘုရား"

"အင်း ... ဖြေရမယ်ဆိုတော့ ဖြေရတာပေါ့၊ ဦးစွာအချုပ် ဖြေပြမယ်၊ ပြီးတော့မှ အဆင့်ဆင့် ထပ်ရှင်းပြီးဖြေမယ်။

"သံသရာ၌ ကျင်လည်သော သတ္တဝါတို့မှာ မြဲသောသဘော မရှိပါဘူး၊ ဖောက်ပြန်တတ်ပါတယ်၊ အဲဒါကြောင့် မိန်းမလည်း ယောက်ျားဖြစ်ပါတယ်၊ ယောက်ျားလည်း မိန်းမဖြစ်ပါတယ်လို့ သန္နိဋ္ဌာန်ကျ မှတ်ပါ"

နိုင်လုံသော သာဓကနှင့် အကိုးအကားပြုရလျှင် အဘိဓမ္မာ ပိဋက ဣန္ဒြိယ ယမိုက် ပါဠိတော် ပစ္စုပ္ပန္နာတီတဝါရ ဣတ္ထိန္ဒြိယမူ ပုရိသိန္ဒြိယမူလီ အနုလောမဝယ် -

"အကြင်ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေဖြစ်ဆဲ ထိုပုဂ္ဂိုလ်အား ပုရိသိန္ဒြေ ဖြစ်ဖူးလေပြီလောဟု မေးသော် ဣတ္ထိန္ဒြေဖြစ်ဆဲပုဂ္ဂိုလ်အား ပုရိသိန္ဒြေ ဖြစ်ဖူးလေပြီ" ဟု ပြောထားပါသည်။ တဖန် ပဋိလောမဝယ် -

"အကြင်ပုဂ္ဂိုလ်အားကား ပုရိသိန္ဒြေ ဖြစ်ဖူးလေပြီ၊ ထိုပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေ ဖြစ်ဆဲလောဟု မေးသော် ခပ်သိမ်းကုန်သော စုတေဆဲဖြစ်ကုန်သော ဣတ္ထိ မဟုတ်ကုန်သော ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့အား ပုရိသိန္ဒြေလည်း ဖြစ်ဖူးလေပြီ၊ ဣတ္ထိန္ဒြေလည်းဖြစ်ဆဲ"

လို့ ဖြေထားပါတယ်၊ အဲဒီလို တိုက်ရိုက်ဟောကြားထားတဲ့ ပရမတ္ထဒေသနာတော်ဖြင့် တစ်စုံတစ်ယောက်သော ပစ္စေကဗုဒ္ဓါ သာဝကတို့သည် ပစ်ပယ်ခြင်းငှာ မစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်ဖြင့်သာ ဟောတော်မူခြင်းငှာ စွမ်းနိုင်သော ဒေသနာတော်ဖြင့် သိသာစွာ ပြတော်မူထားပါသည်။

အဲဒီ ဒေသနာတော်ကို မျက်ကွယ်ပြုကာ ဖောက်ပြန်စွာ မယူအပ်ပါ။ ဒါကြောင့် မိန်းမလည်း ယောကျ်ား ဖြစ်ဖူးလုလေပြီ၊ ယောကျ်ားလည်း မိန်းမ ဖြစ်ဖူးလုလေပြီလို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အချို့ကတော့ "မိန်းမကား ယောကျ်ား မဖြစ်၊ ယောကျ်ားကား မိန်းမ ရုံခါဖြစ်တယ်" လို့ ဆိုကြတယ်၊ လူဆိုတာ ဒီလို ပဲ ထင်သလို ပြောကြတာပဲ၊ အဲဒီစကားဟာ တိုက်ရိုက်ဆိုသော စကားမဟုတ်ပါဘူး၊ ကြံဆ၍ဆိုတဲ့စကား ဖြစ်ပါတယ်၊ အဘယ် သို့ ကြံဆ၍ ဆိုကြသလဲဆိုရင် -

"အကြင် မိန်းမသည် မိန်းမအဖြစ်ကိုရလျှင် ဘဝတဏှာ လွှမ်းမိုးခြင်းကြောင့် မိန်းမတို့၏ သဏ္ဌာန် လက္ခဏာ တင့်တယ်လှ၏။ အထုံးအမြိတ်လည်း ရှုဖွယ်ရှိ၏။ အဝတ်အစားလည်း ချစ်ဖွယ်ရှိ၏။

"ဤသို့ စသည်ဖြင့် ဘဝတဏှာကို လင်၌ တပ်မက်ခြင်းတဏှာ၊ ယောကျ်ားတစ်ပါး၌ တပ်ခြင်း တဏှာတို့ သည် နှိပ်စက်ခြင်းကြောင့် အလှုပေးသော်လည်းကောင်း၊ သီတင်းသီလ ဆောက်တည်သော်လည်းကောင်း မိန်းမ ဘဝမှ ထွက်မြောက်ခြင်းကို အလိုမရှိ။

"ဖြစ်လေတိုင်းသော ဘဝတို့၌ပင် ဤလင် ဤသား ဤသမီးတို့နှင့် တွေ့ပါရစေ၊ ကြုံပါရစေ၊ အတူတကွ ဖြစ် ပါရစေ" ဟု နောက်နောက်သော ဘဝတိုင်အောင်ပင် တပ်ခြင်းတဏှာရာဂကို ပွားများစေ၍ အားကြီးသော ဆန္ဒရာဂ၊ ဥပါဒါန်အာလယကို ဖြစ်စေ၍ မိန်းမအဖြစ်ကိုသာ အလိုရှိတတ်ချေ၏။

အဲဒီလို မိန်းမဘဝကိုသာ အလိုရှိသော မိန်းမတို့သည်ကား - ယောကျ်ားအဖြစ်ကို ရနိုင်ခဲပါတယ်၊ အဲဒီစကားကို ရည် ရွယ်ပြီးတော့ "မိန်းမကားယောကျ်ား မဖြစ်လို့" ဆိုကြတာပါ။

စင်စစ်အားဖြင့် မိန်းမသည် ယောကျ်ားမဖြစ်ကောင်းဆိုသော စကားမဟုတ်ပါ၊ ယုတ္တိရှာကြံ၍ ဆိုသောစကားသာ ဖြစ်ပါတယ်။

ယုတ္တိရှာကြံ၍ ဆိုသောစကား ဖြစ်သော်လည်း တပ်ခြင်းတဏှာရာဂကို မစွန့်ချေသောကြောင့် ဆိုသောစကားဟာ အလွန်ယုတ္တိရှိသော စကားပင် ဖြစ်တော့သည်။

အဲဒီလို မိမိတို့ မိန်းမဘဝ၌ ပြင်းစွာတပ်သော မိန်းမတို့အား မိန်းမဘဝမှ ဘဝပြောင်းကာမျှကို မဆိုလင့်ဦး၊ ကမ္ဘာပင် ပြောင်းလှည့်ငြားသော်လည်း ခွာနိုင်ခဲပါတယ်၊ အဲဒီအကြောင်းကို -

"ရှေးကမ္ဘာဟောင်းက မိန်းမဖြစ်သောသူသည် ယခု ကမ္ဘာဦး၌ မိန်းမဖြစ်၏၊ ရှေးကမ္ဘာဟောင်းက ယောကျ်ားဖြစ် သောသူသည် ယခုကမ္ဘာဦး၌ ယောကျ်ားဖြစ်၏" ဟူ၍ သုတ်ပါထေယျပါဠိတော် အဂ္ဂညသုတ်နှင့် အဲဒီအဋ္ဌကထာ ဋီကာလင်္ကာရ ဋီကာတို့မှာ ဆိုထားပါတယ်။ အဲဒီအဆိုနှင့်ပတ်သက်ပြီး အမေးတစ်ခု မေးတတ်ပါသေးတယ်။

ဘယ်လို မေးတတ်သလဲဆိုတော့ "ကမ္ဘာဦး၌ မိန်းမ ရှေးဦးစွာ ဖြစ်သလော၊ ယောကျ်ား ရှေးဦးစွာဖြစ်သလော" လို့ မေးတတ်ပါတယ်။ အသီတိနိပါတ် မဟာဟံသဇာတ်တော်ကို ထောက်၍ဖြေက ကမ္ဘာဦး၌ မိန်းမရှေ့ ဦးစွာ ဖြစ်တယ်လို့ ဖြေရပါမယ်။

အဲဒီသာဓကများကို ထောက်ရှုပြီးတော့ မိန်းမသည် မိန်းမဘဝသို့ရောက်လျှင် ယောကျ်ား ဖြစ်ခဲလှပါသည်။ စင်စစ် မိန်းမသည် ယောကျ်ားမဖြစ်တော့ မဟုတ်ပါ။ အဲဒါကြောင့် မိန်းမလည်း ယောကျ်ား ဖြစ်၏။ ယောကျ်ားလည်း မိန်းမ ဖြစ်၏လို့ သန္နိဋ္ဌာန်ကျ မှတ်ထားပါ။

မိန်းမလည်း ယောကျ်ားဖြစ်၊ ယောကျ်ားလည်း မိန်းမဖြစ်ရာ၌ ဤဘဝမှ နောက်ဘဝမှပင် မဟုတ်ဘဲ တစ်ဘဝ၌ပင် ဖြစ်ကြ၏၊ ပြောင်းကြ၏၊ ပြောင်းပုံသာဓကကား -

> မြတ်စွာဘုရား လက်ထက်တော်၌ တစ်ပါးသော ရဟန်းတစ်ပါးသည် ဣတ္ထိလိင် ထင်ရှားဖြစ်၏၊ မိန်းမ ဖြစ်၏။
>
> ရဟန်းမိန်းမတစ်ယောက်သည် ပုရိသလိင် ထင်ရှားဖြစ်၏၊ ယောကျ်ား ဖြစ်၏၊ သောရေယျ သူဌေးသားသည် ယောကျ်ားဘဝမှ မိန်းမဘဝ ဖြစ်၍ မိန်းမဘဝမှ ယောကျ်ား ဖြစ်ပြန်၏။

ယင်း သာဓကများကို ထောက်ရှု၍ ယခုဖြစ်ဆဲ ပဝတ္တိတွင်ပင် ယောကျ်ား - မိန်းမအဖြစ် မမြဲကြောင်းကို သာဓကယူ၍ ရှည်စွာသော သံသရာ၌ကား မိန်းမဖြစ်တုံ၊ ယောကျ်ားဖြစ်တုံ ဟူ၍သာ မြဲစွာမှတ်ပါ။

ယသော်ဓရာသည် အမြဲပင် မိန်းမ ဖြစ်ပါသလားဘုရား - ဆိုသော အမေးနှင့် ပတ်သက်၍ အဖြေမှာ ပြီးခဲ့တဲ့ အဖြေများနှင့် ထင်ရှားနေပါပြီ။ မိန်းမအဖြစ် မြဲသသူဟူ၍ မရှိပါ။ အဘိဓမ္မပိဋကက ကျမ်ြိယ ယမိုက်၌ -

> "အကြင်ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေ ဖြစ်ဖူးလေပြီ၊ ထိုပုဂ္ဂိုလ်အား ပုရိသိန္ဒြေ မဖြစ်ဖူးလေပြီလောဟု မေးသော် ဖြစ်ဖူးလေပြီ"

ဟူ၍ ဟောတော်မူသည်။ ယင်းသို့ ဖြစ်သောကြောင့် ယသော်ဓရာသည် ယောကျ်ားဖြစ်ဖူးလှပြီလို့ မှတ်ပါ။ ယသော်ဓရာကို အမြဲ မိန်းမဖြစ်၏ဟူ၍ ထင်ကြသည်ကား သာမန်သူမဆိုထားနှင့်ဦး၊ ကျမ်းဂန်တတ်သိသူတို့ပင် ထင်ကြပါသည်။

ထင်စရာလည်းဖြစ်ပါသည်။ ငါးရာ့ငါးဆယ်ဇာတ်တော်ဝယ် အမရာ၊ မဒ္ဒီ၊ စန္ဒကိန္နရီစသည်တို့ပါလာလျှင် ယေဘုယျအားဖြင့် "ယခုအခါ ရာဟုလာမာတာ ဖြစ်၏" ဟု ဇာတ်တော်ပေါင်းပြသည်ကို ကြည့်ရှု၍ ထင်ကြပါသည်။

ယသော်ဓရာသည် မိန်းမသာဖြစ်လျက် ရှိသည်ကို ဘဒ္ဒကမ္ဘာတွင်သာ မဟုတ်ပါ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်ကပင် ဒီပင်္ကရာ မြတ်စွာဘုရား ရှေ့တော်၌ကြာငါးလက်၊ ကြာသုံးလက်ကို လှူ၍ ဆုတောင်းကြောင်းကို လာသောကြောင့် ကာလအလွန်ရှည်လျားလှပေပြီဟု မှတ်သင့်ပါသည်။

အဲဒီထက် အလွန်ရှည်ဝေးစွာကပင် ဆုတောင်းကြောင်းကို သူ့ရဲ့ အပဒါန်ကျမ်း၌ ဖော်ပြထားပါတယ်။ အဲဒါကြောင့် မိန်းမဖြစ်ခဲ့သော အစရှည်လျားလှလေပြီဟု မှတ်သင့်ပါသည်။ အဲဒီလောက် ရှည်လျားလှသော်လည်း အစမထင် သံသရာ အဆက်ဆက်က ရှည်လျားလှသည့် ကာလကို ထောက်ပြန်ချေသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း မကသော ကာလသည် အနည်းငယ်မျှသာလို့ မှတ်ရပါမည်။

အဲဒီထက်ရှေးအလွန်ကာလက ယသော်ဓရာအလောင်းသည် မိန်းမချည်းသာ ဖြစ်တော့သည် မဟုတ်ပါ။ ယောကျ်ားလည်း ဖြစ်ဖူးလှချေပြီလို့ မှတ်ပါ။

အချုပ်ပြန်ပြောရရင် ယသော်ဓရာသည် ဘုရားရှင်ရဲ့အလုပ်အကျွေး ပါရမီဖြည့်ဖက်အဖြစ် ဆုမပန်ခင် ရှေးရှေးဘဝများစွာ ကမ္ဘာများစွာက ယောက်ျား ဖြစ်ဖူးလှလေပြီလို့ သန္နိဋ္ဌာန်ကျ မှတ်ပါ။ ဆုပန်ပြီးသည့် နောက်ပိုင်းမှာတော့ ယသော်ဓရာသည် မိန်းမသာ ဖြစ်သည်လို့ မှတ်ပါ။

ဘုရားအလောင်းတော်သည်အမြဲပင် ယောက်ျားဖြစ်ပါသလားဆိုလျှင် ဗျာဒိတ်ခံတော်မူသည်မှစ၍ဘုရားအလောင်းတော်သည် ယောက်ျားချည်းသာ ဖြစ်ပါသည်။ မိန်းမ မဖြစ်ပါ။ ဗျာဒိတ်မခံမီ ရှေးအထက် အစမထင် သံသရာမှာကား ဘုရားအလောင်းတော်သည် ယောက်ျားချည်းဖြစ်သည်မဟုတ်ပါ။ မိန်းမလည်းဖြစ်ဖူးလှလေပြီ။ ဗျာဒိတ်ရပြီးသောသူတို့ မိန်းမ မဖြစ်ဟူရာ၌ ဘုရားအလောင်းကိုသာ မှုချ ယူအပ်ပါတယ်။ ပစ္စေကဗုဒ္ဓါ သာဝကအလောင်းတို့မှာ မိန်းမဖြစ်တုံ၊ ယောက်ျားဖြစ်တုံ ဟူ၍သာ မှတ်သင့်ပါသည်။

ယောက်ျားတို့သည် ပရဒါရကံ၊ ကာမေသုမိစ္ဆာစာရကံကို ကျင့်၍သေလျှင် အနစ်တစ်သိန်းမျှသော ကာလပတ်လုံး ငရဲ၌ကျ၍ လူဖြစ်သောကာလ ဘဝအရာမျှလောက် မိန်းမအဖြစ်သို့ရောက်ရကုန်၏။ ပရဒါရကံကိုပြုသောသူတို့ အနစ်တစ်သိန်းမျှသော ကာလပတ်လုံး ငရဲမှာ ခံရတယ်ဆိုတာ ယေဘုယျသို့ လိုက်ပြီးတော့ ဆိုတာပါ။

ဒု - သ - န - သော ဆိုတဲ့ အစပါဠိဖြင့် မှတ်အပ်တဲ့ ဂါထာကိုရွတ်ဆိုတဲ့ သူဌေးသား လေးယောက်တို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်က ပရဒါရကံကိုကျင့်၍ လောဟကုမ္ဘီငရဲ၌ ငုပ်သောအနစ်ကာလ အနစ်သုံးသောင်း၊ ပေါ်ဆဲကာလ အနစ်သုံးသောင်း၊ အနစ်ခြောက်သောင်း ရှိမှ တစ်ကြိမ်သာပေါ်လျက် မြေတစ်ယူဇနာ တက်သည့်တိုင်အောင်မျှ ငရဲက မလွတ်နိုင်ကြောင်းကို ဆိုပါတယ်။ သို့ဖြစ်၍ ပရဒါရကံဟာ အလွန်တရာ ကြောက်စရာကောင်းလှ၍ ရှောင်ရှားအပ်လှပါတယ်။

အရှင်အာနန္ဒာထေရ်အလောင်းသည် ပန်းတိမ်သည် အမျိုး၌ဖြစ်စဉ် ပရဒါရကံကို ပြုမိသောကြောင့် ငရဲ၌ ခံရ၍ ထိုမကောင်းမှုကံ အကြွင်းအားဖြင့် (၁၄)ကြိမ် မိန်းမ ဖြစ်ရသည်။ ခုနစ်ကြိမ် ဇေးစေ့ အထုတ်ခံရသော အကျိုး၌ ဖြစ်သည်။

သောရေယျသူဌေးသားသည် အရှင်မဟာကစ္စည်းထေရ်ကို မြင်လျှင် "ဤထေရ်သည် အံ့ဖွယ်ရှိစွ၊ ငါ၏မယားဖြစ်ပါမူ ကောင်းလေစွ၊ ငါ၏မယား ကိုယ်အဆင်းသည် ဤထေရ်၏ အဆင်းကဲ့သို့ ဖြစ်ပါမူ ကောင်းလေစွ" ဟူ၍ ကြံသောခဏ၌ပင်လျှင် ယောက်ျားအသွင် ကွယ်ပျောက် မိန်းမအသွင် ထင်ရှားဖြစ်လာသည်။

ဤသို့ ပရဒါရကံ ပြုခြင်း၊ မြတ်သောသူတို့၌ မသင့်တင့်သောအားဖြင့် နှလုံးသွင်းခြင်း အကုသိုလ်စေတနာတို့ကြောင့် ထိုထိုသို့သော ဇာတိဘဝသို့ ရောက်သောကာလ၊ ထိုထိုသို့သော စေတနာအကျိုးပေးချိန် ကြုံကြိုက်သောကာလ မိန်းမ ဖြစ်ရလေသည်။ မိန်းမသည် အဘယ်ကြောင့် ယောက်ျားဖြစ်ရသနည်း။ မိန်းမတို့သည် အလှူစသော ကောင်းမှုကို ပြု၍ မိန်းမအဖြစ်၌ တပ်ခြင်းရာဂကို ကင်းစေလျက် -

"ငါတို့ပြုအပ်သော ဤကုသိုလ်ကောင်းမှု၏ အကျိုးသည် နောင်သောအခါ ယောက်ျားအဖြစ်ကို ရခြင်းငှာ ဖြစ်ပါစေသတည်း"

ဟု စိတ်နှလုံးသွင်း၍ ကုသိုလ်ပြု ဆုတောင်း၏။ သေလွန်သောအခါ ယောက်ျားအဖြစ်ကို ရကုန်၏။ လင်ယောက်ျားကို နတ်ကဲ့သို့ ရိုသေ၍ လင်ယောက်ျား၌ ကောင်းစွာ အရိုအသေပြု လုပ်ကျွေးသော အမျိုးသမီးသည်လည်း ယောက်ျားအဖြစ်ကို ရပါသည်။

မိန်းမတို့သည် ယောက်ျားအဖြစ်ကို ရခြင်းသည် အစဉ်သဖြင့် ယောက်ျားအဖြစ်ကို ထောက်ပံ့တတ်သော တရားတို့ကို ဖြည့်ကျင့်၍လည်း ရနိုင်ကြပါသည်။

ယောက်ျားအဖြစ်ကို ထောက်ပံ့တတ်သော တရားတို့ဟူသည် သီးခြားမဟုတ်ပါ၊ ဥပုသ်သီတင်း စောင့်ခြင်း၊ မိစ္ဆာစာရ ကြဉ်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ယောက်ျားအဖြစ်ကို တောင့်တခြင်း အစွမ်းဖြင့်လည်းကောင်း ပြုအပ် ဆည်းပူးအပ်သော ကုသိုလ်စေတနာသည် ယောက်ျားအဖြစ်ကို ရစေနိုင်သော တရားတို့ပင် ဖြစ်ပါသည်။

တစ်နည်းဆိုသော် အဖန်တလဲလဲ ယောက်ျားအဖြစ်ကို အလိုရှိအပ်သော ယောက်ျားသည် ခြေဆေးပြီးသောအခါ ကာလ၌ ညွန်ကို ကြည်ရှောင်ဘိသကဲ့သို့ ပရဒါရကံကို ကြည်ရှောင်ရာ၏။

အဖန်တလဲလဲ ယောက်ျားအဖြစ်ကို အလိုရှိသော မိန်းမသည် မိမိလင်ကို သိကြားမင်း၏ မိဖုရားသည် သိကြားမင်းကို ရှိသေစွာ လုပ်ကျွေးသကဲ့သို့ လုပ်ကျွေးရာ၏။

ဤစကားအရ အိမ်ထောင်မရှိသော အပျိုကြီးများသည် အဘယ်သို့ ပြုရအံ့နည်းဆိုသော် ကာပိကာတို့ထုံးကို နှလုံးမူ၍ ပြုရာ၏။

ကပိလဝတ်ပြည်၌ ကာပိကာမည်သော သာကီဝင်မင်းသမီးသည် ရတနာသုံးပါး၌ အလွန်ကြည်ညို၏။ သီလကို ဖြည့်လေ့ရှိ၏။ ကာပိကာသည် မိန်းမ၏အဖြစ်၌ တပ်ခြင်းကင်း၍ ယောက်ျားအဖြစ်ကို တောင့်တ၍သေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏သား ဂေါပကနတ်သားဟု ထင်ရှားစွာ ဖြစ်ပါသည်။

အချုပ်ဆိုရသော် မိန်းမတို့သည် မိန်းမဘဝ၌ တပ်ခြင်းကင်းသဖြင့် လည်းကောင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်သဖြင့်လည်းကောင်း၊ ပရဒါရကံမှ ကြဉ်သဖြင့်လည်းကောင်း ၊ လင်၌ ကောင်းမွန်ရှိသေစွာ လုပ်ကျွေးသဖြင့်လည်းကောင်း၊ မိန်းမအဖြစ်က ကုသိုလ်ကောင်းမှုပြု၍ ယောက်ျားအဖြစ်ကို ဆုတောင်းပတ္ထနာပြုသဖြင့် လည်းကောင်း၊ ကန်တော့ပူဇော်ထိုက်သောသူ အပြစ်ပြုမိသော သူတို့အား ပူဇော်ကန်တော့သဖြင့်လည်းကောင်း မိန်းမဘဝမှ ကင်း၍ ယောက်ျားဖြစ်ရပါသည်။

✦ မိန်းမ – ယောက်ျား၊ အဖြစ်ကား၊ ပြောင်းသွားမမြဲပါ။

✦ မကောင်းရှောင်ရှား၊ ကောင်းမှုများ၊ ကြိုးစားများပြားစွာ။

✦ ကောင်းအောင်ပြုမှ၊ ကောင်းကျိုးရ၊ စံရချမ်းသာစွာ။

✦ မကောင်းပြုက၊ ဆိုးကျိုးရ၊ ခံရဆင်းရဲစွာ။

# သူ့မရှုံးဘူး တို့ရှုံးပြန်လာရတယ်

## (၂၀၇)

"ရေဘေး မီးဘေး၊ ပြည်ပျက်ဘေးကား၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏၊ အိုဘေး နာဘေး၊ သေခြင်း
ဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊
သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ နေရစ္စာရှင့်"

(မဃဒေဝ)

လူ့ နတ်, ဗြဟ္မာ ဟူ၍ ခန္ဓာရလာသူ သတ္တဝါမှန်သမျှတို့သည် သူ့ဘေးနှင့်သူ့ရန် အတန်တန် ရှိကြသည်။ ဘေးရန်အန္တရာယ် လွတ်သူဟူ၍ မရှိပါ။ ဘေးရန်အန္တရာယ် အနည်းအများ အကြီးအသေးသာ ကွာမည်၊ ဘေးရန်အန္တရာယ်လွတ်သူကား မရှိပါ။

ယင်းဘေးတို့သည် အလွန်တရာကြီးမားသော ရေဘေးကြီး၊ မီးဘေးကြီး၊ ပြည်ကြီးပျက်တဲ့ ဘေးကြီးတို့ကို လောကတွင် အကြီးဆုံးသော ဘေးကြီးဟု အကြားအမြင်မရှိသူ အသုတဝါ ပုထုဇဉ်တွေက ပြောကြားကြသည်။ ယင်းဘေးကြီးသုံးပါးကို သားနှင့်အမိ မကယ်နိုင်တဲ့ ဘေးဟု သတ်မှတ်ကြသည်။ ယင်းသို့ကား မဟုတ်ပါ၊ ယင်းဘေးတို့သည် မည်မျှပင် ကြီးပါသော်လည်း ဆယ်ရေး တစ်ရေး ကယ်နိုင်သေးသည်။

### မကယ်နိုင်သည့် ဘေး

အိုချိန်တန်က အိုကြရသည့် ဘေး၊ နာချိန်တန်က နာကြရသည့် ဘေး၊ သေချိန်တန်က သေကြရသည့် ဘေး ဟူသော ဤဘေးကြီးသုံးပါးကား လောကတွင် အကြီးဆုံးသောဘေးကြီးသုံးပါး ဖြစ်ပါသည်။

ဤဘေးကြီးသုံးပါး သင့်ပြီဆိုသော် တစ်ဦးနှင့်တစ်ဦး ဘယ်လောက်ပင် ချစ်ခင်ကြင်နာပေမဲ့ သားနှင့်အမိ၊ သမီးနှင့်အဖ၊ ညီနှင့်အစ်ကို၊ မောင်နှင့်နမ၊ ဆရာနှင့်တပည့် ဘယ်လောက်ပင် ချစ်ကြ ခင်ကြ ကြင်နာကြပေမဲ့ ချစ်ခင်သူတစ်ယောက်က ချစ်ခင်သူတစ်ယောက်အား မအိုရအောင်၊ မနာရအောင်၊ မသေရအောင် ဘယ်လိုနည်းနှင့်မျှ မကယ်တင်နိုင်ကြပါ။

မှန်ပါသည်။ မိမိကိုယ်တိုင်က အိုခြင်းတရား ရှိနေသူဖြစ်၍ အိုခြင်းတရားရှိနေသူ ချစ်ခင်သူတစ်ယောက်အား မအိုအောင် မကာယ်တင်နိုင်ပါ။ မိမိကိုယ်တိုင်က နာခြင်းတရား ရှိနေသူဖြစ်၍ နာခြင်းတရားရှိနေသူ ချစ်ခင်သူတစ်ယောက်အား မနာအောင် မကာယ်တင်နိုင်ပါ။ မိမိကိုယ်တိုင် သေခြင်းတရားရှိနေသူဖြစ်၍ သေခြင်းတရားရှိနေသူ ချစ်ခင်သူတစ်ယောက်အား မသေအောင် မကာယ်တင်နိုင်ပါ။

မိမိ ချစ်ခင်သူတစ်ယောက် အိုနေသောအခါ သူ့ရဲ့အိုခြင်းတရားကို မိမိက ဝင်ရောက်ပြီး ကိုယ်စား အိုပေးလို့လည်း မရပါ။ မိမိ ချစ်ခင်သူတစ်ယောက် နာဖျားနေသောအခါ သူ့ရဲ့နာဖျားခြင်းတရားကို မိမိက ဝင်ရောက်ပြီး ကိုယ်စား နာဖျားပေးလို့လည်း မရနိုင်ပါ။ မိမိ ချစ်ခင်သူတစ်ယောက် သေဆုံးသွားသောအခါ သူ့ရဲ့သေဆုံးခြင်းတရားကို မိမိက ဝင်ရောက်ပြီး ကိုယ်စားသေဆုံးပေးလို့လည်း မရနိုင်ပါ။

သို့ဖြစ်၍ အလွန်တရာ ကြောက်စရာကောင်းလှတဲ့ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတွေကို နလုံးများများ ကြီးသွင်းကာ အကြောက်ကြီး ကြောက်ရပါမည်၊ အလန့်ကြီးလန့်ရပါမည်။ ယင်းသို့ ကြောက်လန့်ကာ သတိသံဝေဂတရားများများကြီး ရရှိကြပြီးလျှင် ထို အိုခြင်း၊ နာခြင်း၊ သေခြင်း တရားတွေကို များများကြီး နလုံးသွင်း ပွားများကြရပါမည်။

ရှေးရှေးက သူတော်ကောင်းအပေါင်း အလောင်းအလျာများသည် မိမိတို့ ရရှိလာသော ရုပ်နာမ်ခန္ဓာကိုယ်ကို ကြည့်ရှုကာ -

၁။ နနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုခြင်းနောက်ဆုံး ရှိချေ၏။

၂။ ရောဂါကင်းရှင်း ကျန်းမာခြင်းကား နာခြင်းနောက်ဆုံး ရှိချေ၏။

၃။ ဝိဉာဏ်ထင်လင်း သက်ရှင်ခြင်းကား သေခြင်းနောက်ဆုံး ရှိချေ၏။

လို့ မအိုမီ၊ မနာမီ၊ မသေမီကပင် ကြိုတင်၍ အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ် အလုံးစုံသောသင်္ခါရတရားတို့သည် အမြဲမရှိကြကုန်လို့ ရှုပွားများထားကြပါတယ်။ ယင်းသို့ ရှုပွားများ အားထုတ်ထားသည့်အတွက် တကယ့် အို. နာ. သေဘေးနှင့် မိမိကိုယ်တိုင် တွေ့သော်လည်းကောင်း၊ မိမိနှင့် နီးစပ်သူ ဇနီးမယား သမီး သား လင်ယောကျ်ားများနှင့် တွေ့သော်လည်းကောင်း အသက်သာကြီး သက်သာကာ စိုးရိမ်ပူဆွေး ငိုကြွေးရမှု လုံးဝ မဖြစ်တော့ပါ။

သို့ဖြစ်၍ ခန္ဓာရရှိလာသူသည် မိမိခန္ဓာအတွက် လည်းကောင်း၊ မိမိနှင့်ပတ်သက်သည့် ခန္ဓာအတွက်လည်းကောင်း၊ မိမိ၏ပစ္စည်းများအတွက်လည်းကောင်း -

"ရှင် - သေ - ဖြစ် - ပျက်

ရ - ကုန် - ဆုံး - ကွဲ

မျက် မြင် ဒိဋ္ဌ

ကမ္မဋ္ဌာန်းပဲ"

ဟူသော ရှေးဆရာတော်ကြီးများ ရေးသားဟောကြား ဆုံးမသွားသည့် ကမ္မဋ္ဌာန်းတရားများကို နလုံးသွင်းကြကာ -

၁။ အသက်ရှိနေရတာ သေဖို့အတွက် ဖြစ်တယ်

၂။ ဖြစ်နေတာဟာ ပျက်စီးဖို့အတွက် ဖြစ်တယ်

၃။ ရရှိလာတာဟာ ကုန်ဆုံးဖို့အတွက် ဖြစ်တယ်

၄။ ဆုံဆည်းရတာဟာ ကွဲကွာဖို့အတွက် ဖြစ်တယ်

လို့ အဖန်ဖန်အထပ်ထပ် နှေးညှို့စပ်အောင် ရှုပ်ပွားရမည် ဖြစ်ပါသည်။ ရှင်လျှင် သေရမှာ ဖြစ်ပါသည်။ ဖြစ်လျှင် ပျက်ရမှာ ဖြစ်ပါသည်။ ရလျှင် ကုန်ရမှာ ဖြစ်ပါသည်။ ဆုံလျှင် ကွဲရမှာ ဖြစ်ပါသည်။

၁။ အိုဖို့ရလာ အိုခန္ဓာ အိုမှာ မကြောက်ရာ

၂။ နာဖို့ရလာ နာခန္ဓာ နာမှာ မကြောက်ရာ

၃။ သေဖို့ရလာ သေခန္ဓာ သေမှာ မကြောက်ရာ

၄။ မအိုခင်မှာ အိုတတ်ရာ သေချာပြင်ကြပါ

၅။ မနာခင်မှာ နာတတ်ရာ သေချာပြင်ကြပါ

၆။ မသေခင်မှာ သေတတ်ရာ သေချာပြင်ကြပါ

မိမိတို့ ရရှိထားသော ရုပ်နာမ် ခန္ဓာကြီးမှာ အို - နာ - သေဖို့ ရရှိထားသော အို - နာ - သေ ခန္ဓာကြီးဖြစ်၍ အို နာ သေဖို့ရာ မကြောက်သင့်ပါ။ မပူသင့်ပါ။

မိမိ၏ အို - နာ - သေ အတွက် မပူသင့်၊ မကြောက်သင့်သလို မိမိနှင့်ပတ်သက်သော သမီး သား ဇနီးမယား၊ လင်ယောကျ်ားစသည်တို့အတွက်လည်း မကြောက်သင့် မပူသင့်ပါ၊ ကြောက်၍ ပူ၍လည်း အို - နာ - သေမှ မလွတ်နိုင်ပါ။

အို - နာ - သေကို မိမိအတွက်လည်း ကြောက်ပါလျှင် ပူပါလျှင်၊ သူတစ်ပါးအတွက်လည်း ကြောက်ပါလျှင် ပူပါလျှင် မိမိ မအို - မနာ - မသေခင် အိုတတ် - နာတတ် - သေတတ်အောင် ပြင်ရပါမည်။ သူတစ်ပါးတွေကို အိုတတ် နာတတ် သေတတ်အောင် ပြင်ဆင်စေရပါမည်။ သို့မှသာ အလုပ်မှန်ပါသည်။

## သတိပဋ္ဌာန်လမ်းစဉ်

ရှင်တော်ဗုဒ္ဓ၏ သတိပဋ္ဌာန်လမ်းစဉ်သည် အိုတတ် နာတတ် သေတတ်အောင် ပြင်ဆင်ရေးလမ်းစဉ်လည်း ဟုတ်ပါသည်၊ အို - နာ - သေလွတ်အောင် ကျင့်ဆောင်ရမည့် လမ်းစဉ်လည်း ဟုတ်ပါသည်။

သို့ဖြစ်၍ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်နာသူက မလိုက်နာသူကို ပူပန်ရမည်၊ ကျင့်ကြံရန် တိုက်တွန်းရမည် ဖြစ်ပါသည်။ တကယ်တော့ ဤသို့ ဖြစ်မလာပါ။ ကျင့်ကြံသူကို မကျင့်ကြံသူက ပူပန်သောအဖြစ်ဆန်းတစ်ခုကို တွေ့ရပါသည်။ ယင်းကို ကာယကံရှင် ရေးသားဖော်ပြသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

## ကိုယ်တွေ့ဖြစ်ရပ်

ဗုဒ္ဓဓမ္မပြဿနာများကို စောင့်မျှော်ဖတ်ရှုနေသော စာဖတ်ပရိသတ်များအတွက် တရားအားထုတ်စဉ်နှင့် အားထုတ်ပြီးနောက် တွေ့ကြုံရသော ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြပါရစေ။

ဗုဒ္ဓရဲ့တရားတော်ကို ကိုယ်လုံ့ခြုံသောသူများသည် သွားလာနေထိုင် လုပ်ကိုင်ရာများ၌ မျက်နှာပွင့်လန်းပြီး ဘေးမသီရန်မခ အန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်ရပါတယ်။

ဗုဒ္ဓရဲ့တရားတော်သည် တကယ်သိမ်မွေ့ပါသည်၊ နက်နဲပါသည်။ ခက်ခဲပါသည်။ နူးညံ့ပါသည်။ ဗုဒ္ဓရဲ့တရားတော်ကို တကယ့်ကိုယ်တွေ့ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ဗုဒ္ဓက လွယ်ကူသော၊ အများသိနိုင် ကျင့်နိုင်သော လမ်းစဉ်တစ်ခုကို ချမှတ်ပေးသနားတော်မူခဲ့ပါတယ်။ အဲဒီလမ်းစဉ်ကတော့ သတိပဋ္ဌာန်လမ်းစဉ်ပင် ဖြစ်ပါတယ်။

ဒီ သတိပဋ္ဌာန်လမ်းစဉ်ကို စာပေဖတ်ရုံ၊ တရားနာရုံနဲ့ စာသိ နာကြားသိပဲ ရှိပါမယ်၊ ဘုရားရှင်သည် အဲဒီအသိမျှ လောက်အတွက် ဒီသတိပဋ္ဌာန်လမ်းစဉ်ကို ချမှတ်ခဲ့တာ မဟုတ်ပါဘူး။

ကိုယ်တိုင် ကိုယ်တွေ့လိုက်နာကျင့်သုံးစေရန်အတွက် ဒီလမ်းစဉ်ကို ညွှန်ပြထားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ လမ်းစဉ်ကိုလိုက်နာကျင့်သုံးတာကိုတရားအားထုတ်တယ်လို့ ခေါ်ကြပါတယ်။ တရားအားထုတ်ခြင်းဖြင့် မျက်မှောက်ချမ်းသာ ကို ရရှိခံစားရပါတယ်၊ မျက်မှောက်ချမ်းသာ ခံစားရသူအတွက် တမလွန်ချမ်းသာဟာ ပူစရာ မရှိတော့ပါ၊ ရမှာ သေချာပါ သည်။

## ဆုတောင်းမည့်အစား

မြတ်စွာဘုရား၏ ရှေ့တော်မှောက်မှာ "နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏" လို့ ဆုတောင်းခြင်းကို ထပ်ကာထပ်ကာ ပြုမယ့်အစား နိဗ္ဗာန်ကို တကယ်မျက်မှောက်ပြုနိုင်တဲ့ သတိပဋ္ဌာန်လမ်းစဉ်ကို အခါခါ အထပ်ထပ် ကျင့်သုံးအားထုတ်သင့် ပါတယ်၊ ကျွန်မ စတင်အားထုတ်စဉ်က ဆရာတော်က -

> "(......) ယခုဘဝမှာပဲ နိဗ္ဗာန်လိုချင်ရင် ယခုဘဝမှာပဲ နိဗ္ဗာန် ရနိုင်တယ်၊ (......) ငယ်ငယ်ရှိသေးတာပဲ ကြိုးစား"

လို့ မိန့်ကြားပါတယ်၊ အဲဒီစကားကို ကြားရတဲ့အတွက် တရားအားထုတ်တဲ့အခါ အားဆေးတစ်ခွက်ဖြစ်ပြီး စိတ်အား ထက်သန် လှပါတယ်၊ ကိုယ်ကြိုးစားရင် ကြိုးစားသလို ဖြစ်နိုင်တယ်ဆိုတာလည်း သဘောပေါက်ပါတယ်။

ကိုယ့်စိတ်ကသာ ငါ ယခုတစ်ဘဝတည်းနဲ့ပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်တယ်ဆိုတဲ့စိတ် ဖြစ်လာပြီး ကြိုးစား အားထုတ်မှုဆိုတဲ့ ဝီရိယနဲ့ ထပ်လောင်းပြီး အားထုတ်လိုက်တဲ့အခါမှာ နိဗ္ဗာန်ကို မျက်မှောက်ဆိုက်ရောက်နိုင်မယ်လို့ ယုံကြည် မိပါတယ်။

## ယုံကြည်မှု တိုးလာ

ယခုတစ်ဘဝတည်းနှင့် နိဗ္ဗာန်ကို မျက်မှောက်မဆိုက်ရောက်သည့်တိုင်အောင် တရားအားထုတ်မှုကြောင့် အေးငြိမ်း မှု အေးချမ်းမှုကိုတော့ မျက်မှောက်ချက်ချင်း ရနိုင်ပါတယ်၊ တရားသဘောတွေကို ကောင်းကောင်း နားလည်လာမယ်။

ဒီလောကမှာ ဘုရားမှတစ်ပါး ကိုးကွယ်ရာ ဘာမျှ မရှိပါလားလို့ ဘုရားအပေါ်မှာ ယုံကြည်မှု တိုးလာပါလိမ့်မယ်၊ ဘုရားအပေါ်မှာ ယုံကြည်မှုတရား တိုးပွားလာသည်နှင့်အမျှ ဘုရားရှင်ရဲ့တရားတော်၊ ဘုရားရှင်ရဲ့သားတော် ရဟန်း သံဃာတော်များအပေါ်မှာလည်း ပိုပြီး ယုံကြည်မှုသဒ္ဓါတရား တိုးပွားလာနိုင်ပါတယ်။

ဒါကြောင့် ကိုယ်တွေ့တရားအားထုတ်မှု အကြောင်းကို တင်ပြခြင်းမပြုမီ ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါး ကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ပြီး မျက်မှောက်ဘဝမှာပင် ကောင်းကျိုးပေးနိုင်တဲ့ ဘုရားရှင်ရဲ့သတိပဋ္ဌာန်ကျင့်စဉ်ကို မအားမလပ်ဘူးဆိုတဲ့ လောကီကိစ္စတွေအကြားမှာ အချိန်ကို အရယူကာ အမြဲ ကျင့်ကြံအားထုတ်ကြပါလို့ စာဖတ်သူတို့အား တိုက်တွန်းရင်း ကျွန်မရဲ့ကိုယ်တွေ့ကို တင်ပြပါမယ်။

## တရားစခန်း ဝင်ခြင်း

၂၃-၁၂-၈၁ နေ့မှာ ကျောင်းမှ ဆရာမများနှင့်အတူ တရားစခန်း ဝင်ပါတယ်။ ဆယ်ရက်တရားစခန်း ဖြစ်၍ ဆယ် ရက်ပဲ သတ်မှတ်ထားပါတယ်၊ တရားပြဆရာတော်မှာ ဓမ္မဒူတအရှင်ပညာဇောတ ဖြစ်ပါသည်။

အရှင်မြတ်သည် မြတ်စွာဘုရားရဲ့သတိပဋ္ဌာန် ကျင့်စဉ်မှ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျင့်စဉ်ကို ဦးစားပေးပြီး လမ်းညွှန်ပြသပါတယ်။ အရှင်မြတ်ရဲ့ ဦးဆောင်မှုအောက်ဝယ် အားထုတ်နေကြသော ယောဂီပေါင်း တစ်ရာလောက် ရှိပါသည်။

တရားအားထုတ်ရတဲ့ အတွေ့အကြုံကို မတင်ပြမီ တရားအားထုတ်မယ့် ကျွန်မရဲ့ သဘောတရားကို အနည်းငယ် တင်ပြပါမယ်။ ကျွန်မဟာ အထက်တန်းပြဆရာမတစ်ယောက်ပါ၊ ဒါပေမဲ့ လောကုတ္တရာစာပေနှင့်တကွ တရားရဲ့သဘောတရားကို အပေါ်ယံ အနည်းငယ် ကြားဖူးနားဝ တီးခေါက်မိရုံမှတစ်ပါး ဘာမှ တတ်သိနားလည်ခြင်း မရှိခဲ့ပါ။

တရားဝင်သော်လည်း စိတ်ထဲမှာ တရား ရချင်ရ မရချင်နေ ဥပုသ်ရက်ရှည်စောင့်ဖြစ်ရင် တော်ပြီလို့ပဲ ယူဆပြီး တရားဝင်လာခြင်း ဖြစ်ပါတယ်။

အချို့ပြောတာရှိပါတယ်။ "ငါးမရရင် ရေချိုးပြန်မယ်" ပေါ့တဲ့။ ကျွန်မလည်း အဲဒီအတူပဲ၊ ဦးတည်ချက် မရှိပါ။ ဒါကြောင့် (၂၃-၁၂-၈၁)နေ့ ညဘက်မှာ သီလခံယူပြီး အလုပ်ပေးတရား နာရပါတယ်။ အဆုံးအမလည်း နာရပါတယ်၊ အဲဒီညမှာတော့ ဤမျှနှင့်ပဲ ရပ်ပြီး အိပ်ရာဝင်ကြရပါတယ်။

စတင်အားထုတ်ပြီး (၂၄-၁၂-၈၁)နေ့ နံနက် လေးနာရီမှာ အိပ်ရာထရပါတယ်၊ ၄း၃၀ နာရီမှာ စတင်ပြီး တရားအားထုတ်ရပါတယ်၊ ကျွန်မအတွက်က အခက်တွေ့ပါတယ်။ ကျွန်မဟာ အိမ်မှာဆိုက အမြဲတမ်း ၇ နာရီမှ အိပ်ရာထနေကျ ဆိုတော့ ယခု လေးနာရီ အိပ်ရာထရတော့ အခက်တွေ့ပါတယ်။

သို့သော် အများနှင့်အတူ ဆိုတော့လည်း ခက်သည်ဟူ၍ စိတ်ထဲတွင် မဖြစ်တော့ပါ။ ယောဂီအားလုံးဟာ ၄း၃၀ နာရီမှာ မိမိတို့ အိပ်ဆောင်မှ တရားအားထုတ်ရာ ဓမ္မရိပ်သာ အပေါ်ထပ်ဆီသို့ ရှုမှတ်ပွားများရင်း တက်သွားကြရပါတယ်။

ပတ်ဝန်းကျင်မှာ အိပ်ပျော်နေဆဲမို့ တိတ်ဆိတ်ငြိမ်သက်လှပါတယ်။ ယောဂီများ စုံတဲ့အခါ ဆရာတော်ဘုရားအား ကန်တော့ပြီး ရှစ်ပါးသီလ ထပ်ယူရပါတယ်၊ သီလယူပြီးတော့ ဘုရားပင့်ရပါတယ်၊ ဘုရားပင့်ပြီး ဘုရားရှင်အား မိမိခန္ဓာကိုယ်ကို စွန့်လှူရပါတယ်၊ ပြီးတော့ ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတောင်းရပါတယ်။

ကမ္မဋ္ဌာန်းတောင်းပြီး ညက ဟောကြား နာကြားထားတဲ့ အလုပ်ပေးတရားအတိုင်း ယောဂီများနှင့်အတူ တစ်နာရီထိုင်ပြီး အားထုတ်ရပါတယ်၊ တစ်နာရီပြည့်တဲ့အခါ ဆရာတော်ဘုရားက တစ်ထိုင် အချိန်ပြည့်သွားပါပြီ၊ ပြောင်းဆဲ ပြင်ဆဲမှာလည်း အသိဉာဏ်ရအောင် ရှုရင်း ပွားရင်းနဲ့ ဣရိယာပုထ် ပြောင်းကြ ပြင်ကြပါဟု အမိန့်ရှိတဲ့အခါ ရှုရင်း ပွားရင်းနဲ့ ဣရိယာပုထ် ပြောင်းကြရပါတယ်။

တစ်နာရီ မပြည့်ခင်မှာလည်း ဣရိယာပုထ် ပြောင်းပြင်နိုင်ပါတယ်၊ တစ်နာရီပြည့်လို့ ဣရိယာပုထ် ပြောင်းပြင်ပြီးတဲ့အခါ ဆရာတော်ဘုရားက -

မိမိတို့ ပြုထားခဲ့တဲ့ ကုသိုလ်များကို အမျှဝေကြရအောင်လို့ အမိန့်ရှိတဲ့အခါ -

"ဤသို့ပြုရ ပဏာမနှင့် ဒါန သီလာ ဘာဝနာဟု မြတ်ကောင်းမှုကို မိဘဆရာ၊ ဉာတကာနှင့် ယမရာဇာ၊ ဣန္ဒာသက္က၊ စတ္တာဥသုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တာဝါအနန္တတို့အား ရကြပါစေ အမျှဝေ၏၊ ထိုကုသလ မြတ်ပုညကို အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သော်"

ဟု အမျှဝေကြရပါတယ်။ အမျှဝေပြီးလျှင် ရှုမှတ်တဲ့ သတိနဲ့ ရှုမှတ်ရင်း ဓမ္မာရုံမှ ဆင်းကာ စင်္ကြံ နာရီဝက် လျှောက်ကာ ရှုပွားရပါသည်။

ဤသို့ဖြင့် တစ်နေ့တာအတွက် (၇)ကြိမ် ထိုင်ပြီး အားထုတ်၍ (၇)ကြိမ် စင်္ကြံနှင့် အားထုတ်ရပါသည်။ အခြားယောဂီများအတွက်တော့ မသိပါ။ ကျွန်မအတွက်တော့ ထွက်လေ ဝင်လေ ရုပ်ရဲ့ထွက်ဝင်တိုင်း တိုးတဲ့ တိုးသဘောကို တိုးတိုင်း တိုးတိုင်း "ရုပ်၊ရုပ်" လို့ ရှုပွားရာ ပထမနေ့မှာ မရခဲ့ပါ။

စိတ်တွေ မငြိမ်သက်ပါ၊ အဲဒီနေ့ဟာ ကျွန်မအနေနဲ့ ပထမဦးဆုံး တရားအားထုတ်ခြင်း ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုလည်း ပထမဦးဆုံး နာကြားရခြင်း ဖြစ်ပါသည်။ အဲဒီ ပထမဦးဆုံးနေ့မှာ တရားအားထုတ်ရတာကိုလည်း အင်မတန် ပင်ပန်းသောအလုပ်ဟု ထင်မြင်နေမိပါသေးတယ်၊ ညနေပိုင်း တရားစစ်ချိန်မှာ မိမိကိုယ်တိုင်က ရှုမှတ်မှု မရခဲ့၍ ဆရာတော်ဘုရားထံ ဘာမျှ အစစ်မခံနိုင်ခဲ့ပါ။

အခြားယောဂီများရဲ့ အစစ်ခံမှုကို ကြားရ ကြည့်ရှုရပြီး "ဒီယောဂီတွေများ ပြောတတ်လိုက်တာ၊ ဆရာတော်ကို လည်း မေးတတ်လိုက်တာ" လို့ စိတ်ထဲက တွေးတောနေမိပါတယ်။ တရားကလည်း တစ်နေ့လုံး စကြံလျှောက် အားထုတ်ချိန်၊ ထိုင်ပြီးအားထုတ်ချိန်ရယ်လို့ နှစ်မျိုးကို အဓိကထားပြီး အားထုတ်စေပါတယ်။

တရားတော် နာချိန်ကတော့ နေ့လည် ၁း၃၀ နာရီမှ ၂း၃၀ နာရီ တစ်ချိန်နှင့် ညဘက် ၈ နာရီမှ ၉ နာရီ ဖြစ်ပါတယ်၊ ၉ နာရီမှာ အိပ်ရပါတယ်။

## နောက်တစ်နေ့

နောက်တစ်နေ့ ဒုတိယနေ့ ၄ နာရီ အိပ်ရာမှ ထတဲ့အခါ ပထမနေ့ကလောက် အခက်အခဲ မရှိတော့ပါ။ ရှုပွားလို့ လည်း ရလာပါတယ်။ တစ်နည်းပြောရရင်တော့ ရှုပွားတတ်လာပါတယ်၊ တရားနဲ့လည်း နည်းနည်းပျော်လာပါတယ်။

ညနေ တရားစစ်ချိန်မှ ဆရာတော်ဘုရားအား "ဆရာတော်ဘုရား၊ တိုးသဘောဟာသူ့သဘောအတိုင်း သူတိုးနေ ပါ့လားဘုရား" လို့ လျှောက်ထားတော့ ဆရာတော်ဘုရားက "ဒါဆိုရင် (.....) ဘယ်ညှံ့မလဲ (.....)ထက် သာတာပေါ့" လို့ပြော လိုက်ပါတယ်။

တရားတော်နာချိန်မှာ သုတ္တန်တရားတွေကို ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနှင့်သွင်းပြီး ဟောပေးတာကို နာရပါတယ်၊ နာစ မို့ သိပ်ပြီး သဘောမပေါက်သေးပါ၊ စက်ဝိုင်းထဲမှာ လည်နေပါတယ်၊ အဲဒီတော့ ကျွန်မစိတ်ထဲမှာ ...

> "ငါတော့ တရားနာရတာလည်း နားမလည်ဘူး၊ လည်နေတာပဲ၊ ဒါကြောင့် တရားအားထုတ်လို့ သိပ်မရ တာဖြစ်တာနဲ့ တူတယ်" လို့ဖြစ်မိပါတယ်။ အဲဒီအတိုင်း ဆရာတော်ဘုရားကို လျှောက်ထားတော့ ဆရာတော်ဘုရား က မဟုတ်ပါဘူး၊ ရှုပွားနိုင်းတဲ့ အတိုင်းသာ ရှုပွားပါ၊ ရလာပါလိမ့်မယ်လို့ အမိန့်ရှိလိုက်တော့ အားရှိသွားပါတယ်"

## ထူးခြားလာပြီ

နောက်တစ်နေ့တွင် ပို၍ ရှုပွားအားထုတ်လို့ ကောင်းလာပါသည်။ ဘာကြောင့် ကောင်းသွားလဲလို့ ပြန်ကြည့်တဲ့ အခါ ရှုပွားတတ်သွားတာ တစ်ကြောင်း၊ စိတ်တည်ကြည်ငြိမ်သက်လာတာ တစ်ကြောင်းကြောင့် ဖြစ်ပါတယ်။

အဲဒီနေ့ ညဘက်တွင် ရုပ်နာမ်ကို ကွဲကွဲပြားပြား သိလာပါသည်။ အရောင်အလင်းတွေလည်း တွေ့ရ၍ ကိုယ်တွေ လည်း ပေါ့ပါးပြီး စိတ်ထဲ အလွန်တရာချမ်းသာပါသည်။ အားရဝမ်းသာ ဖြစ်ပြီး ဆရာတော်ဘုရားထံ ချက်ချင်းသွားပြီး တရား အစစ်ခံချင်စိတ် ဖြစ်ပေါ်လာပါသည်။

ရုပ်နာမ်ကို မြင်တဲ့အခါ အမြင်မှန် ဖြစ်လာပါသည်။ ဪ - ရုပ်တရားဟာ နာမ်တရားရဲ့ စေခိုင်းရာ ဘာမသိ ညာမသိ နဲ့ လိုက်လုပ်နေရပါကလား၊ အနတ္တသဘောတရားတွေပါကလားလို့ သိမြင်လာပါတယ်။

အဲဒီလို နာမ်တရားရဲ့ ခိုင်းစေရာကို ခံနေရတဲ့ ရုပ်တရားဟာ အခိုင်းခံနေရင်းနဲ့ အမြဲတမ်းပဲ ဖောက်ပြန်ပျက်စီးနေပါ ကလားလို့လည်း သိလာပါတယ်။ အဲဒီလို သိလာတယ်ဆိုရင်ပဲ အပျော်အပါးကြိုက်တဲ့ ကျွန်မအဖို့ လောကီနယ်ဘက်ကို ပြန်

သွားရမှာ အတော်ကလေး ကြောက်လာပါတယ်။ လူ့လောကမှာ လူဖြစ်ရတာ အာမခံချက် မရှိပါကလား၊ တစ်ခဏကလေးပါကလား၊ အချင်းချင်း မသင့်စရာ မရှိပါကလားလို့ မြင်လာပါတယ်။

အဲဒီလို မြင်လာပြီးတော့ ဘာကြောင့် အချင်းချင်း မသင့်မမြတ် ဖြစ်ကြတာလဲလို့ ပြန်ကြည့်လိုက်တော့ ရုပ်နာမ်ဓမ္မအနတ္တကို အတ္တလုပ်တဲ့ အတ္တစွဲတွေကြောင့် အချင်းချင်း ဆန့်ကျင်မှု၊ မုန်းတီးမှုတွေ ဖြစ်နေကြတာပါကလားလို့လည်း မြင်လာပြန်ပါတယ်။

ဒီခန္ဓာကိုယ်မှာ မကောင်းတဲ့ အကုသိုလ်စိတ်က ခိုင်းလိုက်၊ မသိတဲ့ ရုပ်ကြီးက ဖောက်ပြန်ရင်းနဲ့ လုပ်ရ၊ ကောင်းတဲ့ ကုသိုလ်စိတ်က ခိုင်းလိုက် မသိတဲ့ရုပ်ကြီးက ဖောက်ပြန်ရင်းနဲ့ လုပ်ရ။ မပိုင်တဲ့ မဆိုင်တဲ့ နာမ်အတ္တက ရုပ်အနတ္တကို ခိုင်းနေပါကလား၊ နာမ်ကလည်း ခိုင်းရင်းနဲ့ အနတ္တဖြစ်၊ ရုပ်ကလည်း ဖောက်ပြန်စွာလုပ်ရင်းနဲ့ အနတ္တဖြစ်၊ အပိုင်အဆိုင် အစိုးတရ မရှိပါကလားလို့ မြင်လာပါတယ်။

ဒါကြောင့် ဘုရား ရဟန္တာများဟာ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာကြီးကို ကြောက်ကြ စက်ဆုတ်ကြတာပါကလားလို့ ဉာဏ်ထဲမှာ သိမြင်လာပါတယ်။ ကျွန်မလည်း ကျွန်မရဲ့ရုပ်နာမ်ခန္ဓာအပေါ်မှာ တရားအားမထုတ်မီကနဲ့ ချိန်ကြည့်ရင် အများကြီး အမြင်မှန်ဖြစ်သွားပါတယ်၊ စိတ်ထားပြောင်းသွားပါတယ်။

## တိုးတက်လာခြင်း

လောက အလုပ်တွေဟာ ကြာလေ ငြီးငွေ့လာ၊ ကြာလေ ငြီးငွေ့လာ ဖြစ်ပေမဲ့ တရားအားထုတ်မှုဟာ တစ်ရက်ထက်တစ်ရက် တိုးတက်လာပါတယ်။ ပျော်မွေ့လာပါတယ်၊ လောကမှာ ပျော်ရတာတွေနဲ့ တရားနဲ့ပျော်ရတာနဲ့ မတူတာကို တစ်နေ့တခြား ကွဲကွဲပြားပြား သိလာပါတယ်။ သိလာလေ ကြိုးစားအားထုတ်မှု ဝီရိယတရား တိုးပွားလာလေ ဖြစ်ပါတယ်။ သို့ဖြစ်၍ ၂ နာရီ ၃ နာရီ ဣရိယာပုတ် မဖျက်ဘဲ ဆက်အားထုတ်လာနိုင်ပါတယ်။

နံနက်ပိုင်း အားထုတ်ချိန်များတွင် အားထုတ်ရာ၌ ပျော်၍၊ တရားနှင့် မွေ့လျော်၍ တရားထိုင် မဖြုတ်ချင်အောင် ပျော်ပါသည်။ နံနက် အာဟာရသုံးဆောင်ချိန်မှာ အာဟာရ မစားသုံးချင်ဘဲ တရားပဲ ဆက်ပြီးတော့ အားထုတ်နေပါသည်။

ရှေးကဆိုရင် အစားနှင့်တရား အစားဘက်သာ ပါသွားပါသည်။ အပျော်အပါးနှင့် တရားလည်း အပျော်အပါးဘက်သာ ပါသွားပါသည်။ ယခု ကိုယ်တွေ့တရားအားထုတ်တော့မှ စားသောက်ရတဲ့ ချမ်းသာထက် တရားအားထုတ်ရတဲ့ ချမ်းသာ၊ တရားအရသာက ပိုကောင်းပါလား ဆိုတာ သိလာတော့ မစားဘဲတောင် အားထုတ်ချင်စိတ်တွေ ဖြစ်ပါတယ်။

တစ်နေ့ မစားဘဲ အားထုတ်နေရာ ဆရာတော်ဘုရားက အခေါ်ခိုင်းတယ်လို့ ယောဂီတစ်ယောက်က လာခေါ်တော့မှ ဖြုတ်ကာ ဆရာတော်ထံ သွားရပါသည်။

ဆရာတော်ဘုရားထံ ရောက်တော့ (.....) တရားအားထုတ်တယ်ဆိုတာ မျှမျှတတ အလယ်အလတ်ကျအောင် အားထုတ်ရတယ်၊ ဘုရားရှင် ဒုက္ကရစရိယာကျင့်တာ (.....)ကြားဖူးတယ်မဟုတ်လား၊ သဗ္ဗညုတဉာဏ်တော်ကို မရဘူး၊ စားသောက်ပြီး မျှမျှတတ အလယ်အလတ်လမ်းစဉ်ကို လိုက်နာကျင့်ကြံတဲ့အခါ တရားရတယ်၊ ဘုရားဖြစ်တယ်လို့ အမိန့်ရှိပါတယ်၊ ဒီတော့မှ ကျွန်မလည်း ယောဂီများနှင့် ထမင်းစားပါသည်။

## မျက်ရည်ကျခြင်း

တရားအားထုတ်ရတာ တစ်နေ့ထက်တစ်နေ့ ချမ်းသာလာပါသည်။ အေးငြိမ်းလာပါသည်။ ဆယ်ရက်ပြည့်သွားမှာတောင် စိုးရိမ်လာပါသည်။ ထိုသို့ ချမ်းသာ အေးငြိမ်းလာတော့ အားမထုတ်ရဘဲ သေသွားတဲ့ အဖေနှင့် အဒေါ်တို့ကို သတိရကာ ဝမ်းနည်းပြီး မျက်ရည်ကျပါသည်။

တရားတော်ဟာ ဝမ်းနည်းမှု ငိုကြွေးမှုတွေ ချုပ်ငြိမ်းကြောင်း တရားကောင်းတွေပါ။ သို့သော် အဖေနှင့် အဒေါ်တို့ကို သတိရတော့ ခြော်... သူတို့ဟာ ဒီလောက်အေးမြချမ်းသာလှတဲ့ ဘုရားရှင်ရဲ့တရားတော်ကို ဘာမျှ မသိသွားပါလားလို့ ဆိုပြီး ဝမ်းနည်းပြီး မျက်ရည်ကျခဲ့ရပါတယ်။

## မအိပ်ချင်တော့ပါ

တရားအားထုတ်လို့ တစ်နေ့ထက်တစ်နေ့ တိုးတက်ကောင်းမွန်လာတော့ ရှုပွားရတာ အလွယ်တကူပါပဲ၊ အခက်အခဲဆိုတာ မရှိတော့ပါ။ ပင်ပန်းတာ ဆင်းရဲတာ နာကျင်ကိုက်ခဲတာတွေ ဘာမျှ မတွေ့ရတော့ပါ။ ဘုရားအပေါ်မှာ တရားတော်အပေါ်မှာ သဒ္ဓါတရားတွေ တိုးတက်လာပါတယ်။

သဒ္ဓါတရားတိုးတက်လာသည့်အလျောက် ဝီရိယတက်လာကာ အားထုတ်တော့ အိပ်ချိန်တွေမှာ မအိပ်ချင်ဘဲကြည်နေပါတယ်။ ဆရာတော်ဘုရားကလည်း ကြည်နေရင် ဆက်ပြီးတော့ အားထုတ်၊ မကြည်ဘဲနဲ့တော့ ပေပြီးတော့ အားမထုတ်နဲ့လို့ အမိန့်ရှိထားတော့ ကြည်နေတာနဲ့ မအိပ်ဘဲ ဆက်ပြီး အားထုတ်ပါတယ်။

အခြားယောဂီတွေ အိပ်ရာထချိန်မှာလည်း အားထုတ်ဆဲပါပဲ၊ မအိပ်ချင်ပါဘူး။ ၄း၀၀ နာရီမှာ အခြားယောဂီတွေနဲ့ အတူ အားထုတ်သော်လည်း မငိုက်ပါ၊ ကြည်ကြည်လင်လင်ပဲ အားထုတ်နိုင်ပါတယ်။

တစ်နေ့လုံး အချိန်ပြည့် အေးငြိမ်းကြည်လင်စွာနဲ့ အားထုတ်နိုင်လာတော့ တရားကျေးဇူးတွေ လက်တွေ့ကိုယ်တွေ့ ခံစားရတော့ ဘုရားအပေါ်မှာလည်းကောင်း၊ ဘုရားရဲ့သားတော် ဆရာတော်အပေါ်မှာလည်းကောင်း ကြည်ညိုသဒ္ဓါ တိုးပွားလာပါသည်။

## ထွက်ချင်စိတ် မရှိ

တစ်နေ့တစ်နေ့ တရွေ့ရွေ့နှင့် ၈ ရက် ၉ ရက် ဖြစ်လာခဲ့ပြီး မအိပ်ဘဲ တရားအားထုတ်ဆဲပင် ဖြစ်ပါသည်။ တရား ဆယ်ရက်ပြည့်မှာ ဝမ်းနည်းခြင်း အလွန်ဖြစ်မိပါသည်။ အချိန်ကို အလကားမထားပါ။ မအိပ်ဘဲ ဆက်ပြီး အားထုတ်ပါသည်။

အချိန်ကား လူကို မစောင့်ဆိုတဲ့အတိုင်း ဆယ်ရက်ပြည့်သွားပါပြီ။ အပြီးသတ်တဲ့နေ့ နံနက်ပိုင်းမှာ ဆရာတော်ဘုရားက ဩဝါဒတရား ဟောသွားပါသည်။ ကျွန်မမှာတော့ ဆက်လက်ပြီး အားထုတ်ချင်စိတ်တွေ ဖြစ်နေပါသည်။ သို့သော် ကျွန်မမှာ ကျောင်းဆရာမတစ်ယောက်ဖြစ်၍ ကျောင်းတက်ရန်အတွက် ရိပ်သာမှ ထွက်ခဲ့ရပါသည်။

## အိမ်နှင့် တရား

ကျွန်မသည် တရားအားမထုတ်ခင်က အပျော်အပါး ဝါသနာများပါသည်။ စကားလည်း များပါသည်။ သီချင်းလည်း ဝါသနာပါပါသည်။ အကောင်းလည်းကြိုက်ပါသည်၊ တရားအားထုတ်ရာက ပြန်လာတော့ စကားမပြောဘဲ သီးခြားနေပါတယ်၊ ရေဒီယိုလည်း နားမထောင်တော့ပါ။ အကောင်းလည်း မမက်ဘဲ ကြုံသလိုပဲ နေထိုင်စားသောက်ကာ အချိန်ရတိုင်း တရားပဲ အားထုတ်နေပါတယ်။ ရုပ်ပါးသီလလည်း မပျက်ပါ။

သို့သော် ကျောင်းတက်ရတဲ့ အလုပ်က တစ်ဘက်ဆိုတော့ ဓမ္မရိပ်သာမှာလောက် တရားမကောင်းတော့ပါ။ ဆက်ပြီး ကြိုးစားအားထုတ်တော့ ပြန်ကောင်းလာပါတယ်။ တရားပျက်မှာစိုး၍ စကားပြောကို လျှော့ပါသည်။ နောက်ဆုံး လုံးဝ မပြောသလောက် ဖြစ်သွားပါသည်။

ဆရာ ဆရာမတွေ အုပ်စုလိုက် ဝိုင်းဖွဲ့စကားပြောနေသည့် နေရာသို့လည်း မသွားတော့ပါ။ တစ်ယောက်တည်း သီးသန့်နေကာ ကျောင်းမှာလည်း တရားအားထုတ်နေပါသည်။ ဤနေရာတွင် အများနှင့် မတူဘူးဆိုသော စကားကိုလည်း စဉ်းစားမိပါသည်။

ကျောင်းအုပ်နှင့်တကွ ဆရာ ဆရာမတွေက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆရာမ မလုပ်ဘဲ တရားပဲအားထုတ်နေတော့မှာလားလို့ မေးကြပါသည်။ ကျွန်မက မည်သို့မျှ မဖြေဘဲ ပြုံးရယ်နေလိုက်ပါသည်။ သူတို့အပေါ် သည်းခံနိုင်ပါတယ်၊ ခွင့်လွှတ်နိုင်ပါတယ်။

## မပြောလည်း.ခက် ပြောလည်း.ခက်

စကားမပြောဘဲ တရားအားထုတ်တော့ အချိန်များစွာ ရပါတယ်။ သို့သော် တရားအားထုတ်နေတဲ့အတွက် ဒုက္ခရောက်ခဲ့ရပါသည်။ မိမိမှာ အားထုတ်ကောင်း၍ အိမ်နားတွင် နတ်ဆိုင်းသံ ညံနေသော်လည်း သမာဓိမပျက် အားထုတ်နိုင်ခဲ့ပါသည်။ ဓမ္မရိပ်သာမှာလို ရှုပွားလာနိုင်ပါသည်။

သတိ - သမ္ပဇဉ်နှင့် နေတာကို မသိသူများက ကျွန်မအား တစ်မျိုးမြင်ကြပါသည်။ ကျွန်မမှတစ်ပါး အိမ်သားအားလုံးဟာ တရား အားမထုတ်ဖူးကြပါ။ သို့ဖြစ်၍ ကျွန်မ အမူအရာအားလုံးဟာ သူတို့အတွက် အဆန်းဖြစ်နေပါတယ်။ ကျောင်းမှ ဆရာဆရာမများကလည်း ကျွန်မကို အထူးအဆန်းဖြစ်နေကြပါသည်။

နောက်ပိုင်းတွင် ကျွန်မရဲ့မိခင်က ကျွန်မအပေါ် စိုးရိမ်စိတ်ဝင်ပြီး ကျွန်မ တရားအားထုတ်နေတာကို မျက်ခြည်မပြတ်လိုက်ကြည့်နေပါတယ်။

တရားအားမထုတ်ဖူးတဲ့ မိခင်အဖို့ ကျွန်မ အမူအရာတွေဟာ ထူးနေတော့ ရူးနေပြီဟု ပြောပါသည်။ ကျွန်မကလည်း မရူးကြောင်း အားလုံး သတိရှိနေကြောင်း ရှင်းပြလည်း မရပါ၊ ရူးသည်ဟု ပြောပါသည်။

## ဆရာဝန်ခေါ်ပြ

နောက်ဆုံးတွင် မိသားစုဆရာဝန်ကို ခေါ်ပြပါသည်။ ကျွန်မမှာ ဘာမှမဖြစ်ဘဲနှင့် ဆရာဝန်ခေါ်ပြ၍ ဆရာဝန်နှင့်လည်း စကားမပြောချင်ပါ။ ဘုရားရှင်ရဲ့တရားတော်နှင့် မပတ်သက်သော လောကီစကားတွေ ဖြစ်နေလို့ သူတို့နှင့်အတူ ရောနှောပြီး စကားပြောချင်စိတ် မရှိပါ။

အဲဒီအချိန်မှာ အတွေးတစ်ခု ဝင်လာပါတယ်။ လူ့ဘဝနဲ့ ဆက်နေရင်တော့ လူနဲ့ဆိုင်တဲ့ အလုပ်တွေကို ဆက်လုပ်နေရမှာပဲ၊ လူကြားထဲမှာလည်း တရားအားထုတ်လို့ မဖြစ်ဘူး၊ ဒါကြောင့်လည်း ငါ တရားအားထုတ်နေတာကို ရူးပြီလို့ အပြောခံနေရတာ။

လူ့ဘောင်ခွာရှောင်နိုင်ရင် ကောင်းမယ်လို့ စိတ်ကူးပြီး မိခင်ထံမှာ သီလရှင်ဝတ်ခွင့် တောင်းပါတယ်။ မိခင်က လုံးဝ ခွင့်မပြုပါ။ ကျွန်မဟာ ရှေးက သီလရှင်ဝတ်ချင်စိတ် တစ်ခါမှ မပေါ်ပေါက်ခဲ့ဖူးပါ။

ယခုလို ပေါ်ပေါက်လာရသည်မှာ တရားတော်ရဲ့အေးချမ်းမှုကို သိပြီး ဘုရားအရိပ် တရားအရိပ်ပဲ ခိုလှုံချင်စိတ် ဖြစ်နေ၍ ဝတ်ချင်ခြင်း ဖြစ်ပါသည်။

ကျွန်မတို့ရဲ့ဆရာမများလောကမှာ စာသင်ပြမှု ကျောင်းသားကျောင်းသူများ နားလည်မှု တတ်စွမ်းမှုဟာ ဆရာမများရဲ့တတ်မြောက် ကျွမ်းကျင်မှုပေါ် မူတည်ပါတယ်။

ထို့အတူပါပဲ တရားပြတဲ့ ဆရာတော်တွေကလည်း ကျွန်မတို့ ဆရာမများလို ကျွမ်းကျင်မှုရှိမှ တပည့်ယောဂီများ ချမ်းသာစွာ တရားရနိုင်ပါမည်။ တရားပြဆရာတော်က လက်တွေ့ကျင့်ကြံထားမှ တပည့်တွေကို ကျွမ်းကျင်စွာ ပြနိုင်မည် ဖြစ်ပါသည်။

ကျွန်မမှာ အိမ်ရောက်တော့ ရှုးတယ်လို့ အပြောခံနေရတော့ အဲဒီပြဿနာ ပြေလည်ရေးအတွက် ဆရာတော်ကိုပဲ တမ်းတနေမိပါတယ်။ ဆရာတော်နှင့် တွေ့ရင် ငါ့ကို ရှုးပြီ ထင်နေကြတာတွေ ရှင်းသွားကြမှာလို့ မျှော်လင့်မိပါတယ်။

သို့သော် ဆရာတော်မှာ တရားဟော တရားပြ ဒေသစာရီ ကြွချီနေရ၍ တွေ့ခွင့်မရဘဲ စိတ်အထူးကု ဆရာဝန်ကြီးထံသို့ ခေါ်သွားခြင်း ခံခဲ့ရပါတယ်။ သူတို့ခေါ်သွားလည်း တရားရှုပွားရင်းနဲ့ပဲ လိုက်သွားရင်း လမ်းတစ်လျှောက် ပေါ့ပါးလန်းဆန်းပြီး ငြိမ်းအေးလှပါတယ်။ အစားအသောက်လည်း နည်းပါး အအိပ်လည်း နည်းပါးနေပေမဲ့ မအိပ်ချင်ပါ။ အစား မဆာပါ၊ ကြည်လင်လန်းဆန်းနေပါတယ်၊ ပေါ့ပါးသွက်လက်နေပါတယ်။

ဒါကြောင့် လူကြီးတွေကို စိတ်မပူပါနဲ့၊ ဘာမှ မဖြစ်ပါဘူးလို့ ခဏခဏ ပြောရပါတယ်။ ဒါလည်း မရပါ။ နောက်ဆုံး စိတ္တဇဆေးရုံမှ ဦးနေဝင်းထံ ပို့ပါသည်။ ဆရာကြီးက ငယ်စဉ်ဘဝမှ လက်ရှိအချိန်အထိ မေးမြန်းပါတယ်။ အားလုံးပဲ တစ်လုံးမလွဲ အမှန်အတိုင်း ဖြေနိုင်ပါတယ်။

သွေးသား ညီညွတ်မှုလည်း ရှိ၊ စိတ်လည်း ငြိမ်သက်၍ ဘာမျှ မဖြစ်ကြောင်း ပြောပြပါတယ်။ အိမ်သားတွေက ရှုးနေတယ် ထင်နေတာ ဆရာဝန်ကြီးက မရှုးဘူးဆိုတော့ သူတို့ ဦးနောက်ချောက်သွားဟန် တူပါတယ်။

သူတို့ မလျှော့သေးပါ။ ရွှေရင်ကျော် ဆရာထံ ခေါ်သွားကြပြန်ပါတယ်။ အဲဒီ ရွှေရင်ကျော်အိမ် ရောက်တော့ ဘုရားစင်ရှေ့မှာ ဘိုးတော်ရုပ်၊ နတ်ရုပ်တွေ စီတန်းချထားပြီး ကန်တော့ပွဲတွေ ပြင်ထားတာ တွေ့ရပါတယ်။

ကျွန်မမှာ ဘာမှ မဖြစ်တဲ့လူ တရားအားထုတ်ထားလို့ တရားသတိ အလွန်ကောင်းနေတဲ့အချိန် ဖြစ်တော့ သတိအမြဲ ရှိနေပါတယ်။ ဒါကြောင့် အဲဒီရောက်တော့ "ငါတော့ ဘုရားပဲ ရှိခိုးနိုင်မယ်၊ ဒီနတ်ရုပ်တွေ ဘိုးတော်ရုပ်တွေ မရှိခိုးနိုင် မကန်တော့နိုင်ဘူး" လို့ စိတ်ဖြစ်ပြီး ဘုရားကိုသာ အာရုံပြု ရှိခိုးလိုက် ကန်တော့လိုက်ပါတယ်။

ရွှေရင်ကျော်ဆရာက ရေတွေမန်း၊ စက္ကူတွေ ပြာချပြီး တိုက်ဖို့စီစဉ်ပါတယ်၊ ကျွန်မရဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်လဲဆိုတော့ ငါက ဘုရားရဲ့ သမီးတော် ဒီရွှေရင်ကျော်ဆရာထက် ငါက ကြီးတာပဲ၊ ငါ . . . သူတိုက်တာ မသောက်ဘူးဆိုပြီး အတင်းငြင်းပါတယ်။ ကျွန်မရဲ့ ပင်ကိုယ်စိတ်ကိုက ဒီနတ်တွေ၊ ဘိုးတော်တွေနဲ့ ပတ်သက်ပြီး အယုံအကြည် မရှိခဲ့ပါဘူး။ ဒီအလုပ်တွေဟာ လူပေါ် လူကြောင်တွေရဲ့ အလုပ်ပဲလို့ သတ်မှတ်ထားပါတယ်။

ဆယ်ရက်စခန်းမှာ ဆရာတော်ဘုရားရဲ့ တရားတွေကို နာကြားတဲ့အခါမှာတော့ ပိုပြီး နားလည်ထားပြီး ဖြစ်ပါတယ်။ ဆရာတော်ဘုရားက နတ်တွေ ဘိုးတော်ရုပ်တွေကို ဘုရားစင်ပေါ်တင်ပြီး ကိုးကွယ်ပသမှု မပြုရဘူး၊ ကိုယ်ပြုထားတဲ့ ကုသိုလ်တွေကို အမျှပေးဝေလို့ ဟောကြားပါတယ်။

ကျွန်မမှာ ဘိုးတော်တွေ မယုံကြည်နိုင်ပါ။ မန်းမှုတ်ပြီးတိုက်သော စက္ကူတွေ ရေတွေကို မသောက်ချင်ပါ၊ မသောက်လျှင် ပူပန်မည့် အနီးရှိ မိခင်ရဲ့ စိတ်ချမ်းသာရေးကို ရှေ့ရှုပြီး သောက်ခဲ့ရပါတယ်။

ဒါတွေ သောက်ခြင်းကြောင့် ဘာမှ အကျိုးမထူးဘူးဆိုတာ သိပါတယ်။ ဒါကြောင့် အဲဒီတစ်ရက်ပဲ သောက်ပါတယ်၊ နောက်နေ့တွေမှာ အတင်းတိုက်သော်လည်း မသောက်ခဲ့တော့ပါဘူး၊ ပြီးတော့ ကျွန်မ မရှုးပါဘူး၊ တရားကောင်းနေလို့ စကားမပြောချင်လို့ မပြောတာပါလို့ ခဏခဏ ပြောရပါတယ်။

တရားအားထုတ်ပြီး တရားသဘောတွေ နားလည်လာတော့ ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိ၊ တရားမှတစ်ပါး အားထားရာ မရှိ၊ သံဃာမှတစ်ပါး ဆည်းကပ်ရာ မရှိလို့ လက်ခံယုံကြည်မှုတွေ ပိုလာပါတယ်။

ဘုရားရှင်ရဲ့ကိုယ်စား တရားတော်တွေကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ သံဃာတော်တွေကိုလည်း အထူးပဲကိုးစား ယုံကြည်လာပါတယ်။ ကျွန်မအနေနဲ့ ငါဟော့ ဆရာကောင်းနဲ့ တွေ့ရတာပဲ၊ ဒါကြောင့် တစ်ကြိမ် ဆယ်ရက်စခန်းဝင်ရုံနှင့် ဒီလောက် အသိအမြင်ထူးတာလို့ ယုံကြည်ပါတယ်။

သက်တော်ထင်ရှား ဘုရားရှင်ရဲ့ကိုယ်စား ဆရာတော်ဘုရား ဟောကြားတဲ့ တရားစကားတွေကို ပိုပြီး နာကြားလိုပါတယ်။ နာကြားပြီး လိုက်နာကျင့်သုံးဖို့လည်း ဆုံးဖြတ်ချက် ချမိပါတယ်။ ဆရာတော်ဘုရား ရေးသားတဲ့ စာအုပ်တွေကို ဖတ်ရှုရခြင်းဖြင့်လည်း ဆရာတော်ဘုရားကိုယ်တိုင် ပလ္လင်ပေါ်ကနေ ထိုင်ပြီး ဟောကြားနေတာကို နာကြားနေရသလိုပါပဲ၊ ရှင်းလင်းစွာ နားလည်ပါတယ်။

ဆရာတော်ဘုရားရဲ့ အားလုံးသော လောကလူသားများအပေါ်တွင် ထားရှိတဲ့ စေတနာကတော့ တရားတော်နာကြားခြင်း၊ စာအုပ်များ ဖတ်ခြင်းဖြင့် မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်တွေ မလုပ်ဖို့၊ မယုံကြည်သင့်တာတွေ မယုံကြည်ဖို့၊ လုပ်သင့်တာတွေ လုပ်ဖို့၊ ယုံကြည်သင့်တာတွေ ယုံကြည်ဖို့ ရှေ့ဆောင်လမ်းပြအနေနဲ့ ရေးသားထားသော စာအုပ်များ ဖြစ်ပါတယ်။

## သူ့မရှုးဘူး

ကျွန်မမှာ စကားမပြောချင်လို့ မပြောဘဲနေခြင်းမှတစ်ပါး ဘာမှ မဖြစ်ပါ။ ပြောတဲ့အခါ အားလုံးမှန်ပါသည်။ မပြောဘဲ တရားပဲ နလုံးသွင်းနေပါသည်။ နောက်ဆုံးတော့ မိခင်တို့က ကျွန်မကို ဆေးကုသမှု လက်လျှော့လိုက်ကြပါသည်။ ကျွန်မ မရှူးဘဲ သူတို့ရူးပြီး ပြန်ကုရမလို ဖြစ်နေတယ်လို့ ပြောကြပါတယ်။ ကျွန်မ စကားမပြောချင်လို့ မပြောဘဲ နေတာပါ။ သူတို့ပြောသမျှ ပြုသမျှ ကျွန်မ အကုန်သိပါတယ်။

နောက်တော့ ကျွန်မ စဉ်းစားမိပါတယ်၊ ငါ စကားမပြောဘဲ တရားအားထုတ်နေရင် သူတို့လည်း အလုပ်များ၊ ငါလည်း တရားအားထုတ်ရမှာ မဟုတ်ဘူးဆိုပြီး စကားပြောပါတယ်၊ သူတို့ပြုသမျှ ပြောသမျှတွေ အကုန်ပြန်ပြောပြပါတယ်။

အဲဒီအခါ ဘာကြောင့် စကားမပြောလဲလို့ မေးပါတယ်။ တရားအားထုတ်နေစဉ် စကားပြောရင် သတိလွတ်တယ်၊ တရားပျက်တယ်၊ ဒါကြောင့် မပြောတာလို့ ရှင်းပြပါတယ်၊ ဒီတော့မှ သူ့မရူးဘူး တို့ရူးပြန်လာရတယ် ဆိုပြီး ရန်ကုန်မှ ပြန်လာရပါတယ်။

## စိတ်သာ ပဓာန

ဘုရားရှင်က "စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ဖြစ်သည်၊ စိတ်သာလျှင် မူလ ပဓာန ဖြစ်သည်၊ စိတ်သာလျှင် အကြီးအမှူးဖြစ်သည်၊ စိတ်ဖြင့်သာ အရာရာကိုပြီးစေနိုင်တယ်" လို့ ဟောကြားချက်ကို နာကြားပြီး ယခုလို ကိုယ်တွေ့အားထုတ်ကြည့်တဲ့အခါ တကယ်မှန်ကန်တာကို သိရတဲ့အတွက် ကြည်နူးလှပါတယ်။

စိတ်သည် လောကကို ဆောင်အပ်၏။ စိတ်သည် လောကကို ဆွဲငင်တတ်၏။ အလုံးစုံသော တရားတို့သည် စိတ်ဟု ဆိုအပ်သော တစ်ခုတည်းသောတရား၏ အလိုသို့ အစဉ်လိုက်ရ၏ ဆိုသော သဘောတရားကို စာတွေ့ထက် ကိုယ်တွေ့ကျင့်ကြံအားထုတ်မိတဲ့အခါ ပိုပြီး နားလည်သဘောပေါက်လာတာကို တွေ့ရပါတယ်။

တရားသဘောပေါက်လေ ဆရာတော်ဘုရားကြောင့် ဒီတရားသဘောတွေ သိမြင်လာရပါကလား ဆိုပြီး ဆရာတော်ဘုရားရဲ့ဂုဏ်ကျေးဇူးတွေကို တသသ အောက်မေ့မိပါတယ်။

စိတ်ရဲ့ဆန်းကြယ်ပုံ၊ အာရုံတစ်ခုကို စူးစိုက်နိုင်ရင် ပိုမိုအကျိုးထူးပုံကိုလည်း တရားအားထုတ်ရင်းနဲ့ အထူးတလည် နားလည်ပါတယ်။

ဗုဒ္ဓဘာသာဝင် လူသားတိုင်း တောင့်တမျှော်လင့်နေကြတဲ့ နိဗ္ဗာန်တရားကို စာပေနဲ့လည်းကောင်း၊ စကားနဲ့လည်းကောင်း ဖော်ပြရန်အတွက် အလွန်ခက်ခဲပါတယ်။

တရားတော်ဟာအလွန်နက်နဲပါတယ်၊ နိဗ္ဗာန်ဟာလည်းတရားတော်ပင် ဖြစ်ပါတယ်၊ ဒီတရားတော်ကို သိရှိနားလည်နိုင်ရန်အတွက် ဘုရားရှင် ညွှန်ပြခဲ့တဲ့ သတိပဋ္ဌာန်ကျင့်စဉ်ကို သတိ၊ ဝီရိယ၊ ပညာတရား လက်ကိုင်ထားပြီး ကျင့်ကြံပါက ကျင့်ကြံသူတိုင်း ယခုဘဝမှာပါပင် နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

## တောင့်တချက်

ကျွန်မသည် ဓမ္မဒူတ ဆရာတော်ဘုရား ညွှန်ကြားချက်အတိုင်း သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်နာကျင့်သုံးသဖြင့် အကျိုးရရှိပါသည်။ စိတ်ချမ်းသာမှု ရရှိပါသည်။ ဆက်လက်ပြီးတော့လည်း ကျင့်သုံးလျက် ရှိပါသည်။

ကျွန်မမှတစ်ပါး လောကရှိ သတ္တဝါအားလုံးသည် ဘုရားရှင် ချမှတ်ခဲ့သော သတိပဋ္ဌာန်လမ်းစဉ်ကို ကျင့်ကြံနိုင်ကြ၍ ယခု မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေလို့ ပတ္ထနာပြုရင်း ကျွန်မရဲ့ကိုယ်တွေ့ ဖြစ်ရပ်ကို အဆုံးသတ်လိုက်ပါတယ်။

(......)

အ-ဆ-ပြ

✦ ကိုယ့်အတွက်ကား မပူအား သူများပူကြတာ။

✦ သူများတွက်ကား ပူသူများ ကိုယ့်အား ပူများပါ။

✦ အပူဆိုတာ မီးတို့သာ လောင်ပါပူသာမှာ။

✦ အကုသိုလ်များ ကုသိုလ်ပါး လားခြားအပါယ်မှာ။

✦ ကိုယ့်တွက်သိတာ တရားသာ ဖွေရှာသင့်ကြပါ။

✦ တရားရှာမှ ပူကင်းပ အေးမြချမ်းသာမှာ။

# လူသေလျှင် လူမှာစောင့်တဲ့ ကိုယ်စောင့်နတ် သေပါသလား ဘုရား

## (၂၀၈)

လူအများစုတို့သည် နတ်ကို ကိုးကွယ်ကြသည်၊ ယုံကြည်ကြသည်၊ အားထားကြသည်။ နတ်နှင့်ပတ်သက်၍ကား သိသူလေ့လာသူ အတော်နည်းပါးလှသည်။ ပြောသံကြားနှင့် အရမ်းယုံ၊ အရမ်းကိုးကွယ်သူများသာ များပါသည်။ စုံစမ်းစစ်ဆေး မေးမြန်းသူကား နည်းပါးပါသည်။

စုံစမ်းမေးမြန်းသူများ ရှိ၍ မေးမြန်းသဖြင့် ပြောပြသောအခါမှ "သြော် ... ဒီလိုလည်း ရှိပါသေးလား" ဟု အချို့က လက်ခံ၍ အချို့ကမူ ငြင်းဆန်ပါသည်။ မိမိနှင့် တွေ့လျှင်မူ အကြောင်းသိသူများက မေးမြန်းတတ်ကြပါသည်။ မိမိကလည်း အမေးရှင်ကို လိုချင်ပါသည်။ သူတို့မေး၍ ဖြေရမှ စာရေးပြနိုင်၍ မသိသူများ မမေးတတ်သူများ၊ သိချင်သူများ ရှင်းသွားပါသည်။

တစ်နေ့ မေးတတ်သူတစ်ယောက် ရောက်လာကာ ဦးချပြီး မေးလျှောက်သည်၊ သူက အလွယ်ပင်မေး၍ မိမိကလည်း အလွယ်ပင် ဖြေသည်။ ယင်းသို့ အလွယ်မေး၍ အလွယ်ဖြေရာမှ အမေးအဖြေတွေ ရှည်လျားသွားပါသည်။

"အရှင်ဘုရား၊ ကိုယ်စောင့်နတ် ရှိပါသလား ဘုရား"

"အေး ... ရှိတာပေါ့"

"အရှင်ဘုရား၊ ကိုယ်စောင့်နတ် မြင်ဖူးပါသလား ဘုရား"

"ငါတော့ ငါ့ကိုယ်စောင့်နတ်ကို တစ်ခါမှ မမြင်ဖူးဘူး"

"ဒါဖြင့် အရှင်ဘုရားက ဘယ်လိုအထောက်အထားနဲ့ ကိုယ်စောင့်နတ် ရှိတယ်လို့ ပြောနိုင်ပါသလဲ ဘုရား"

"ကျမ်းဂန်အထောက်အထားနဲ့ ကြည့်ပြီး ကိုယ်စောင့်နတ် ရှိတယ်လို့ ပြောတာပါ"

"ကျမ်းဂန်အထောက်အထားရှိရင် အထောက်အထားနှင့်တကွ ကိုယ်စောင့်နတ်အကြောင်း ရှင်းပြပါဦးဘုရား"

"အေး . . . အေး ရှင်းပြမယ်၊ သေသေချာချာ မှတ်မှတ်သားသား နားထောင်ပါ၊ ကျမ်းဂန်ကတော့ ပါရာဇိကကဏ် အဋ္ဌကထာကို ဦးစွာ ဖွင့်ပြမယ်"

ပါရာဇိကကဏ် အဋ္ဌကထာ ရှင်သုဒိန္နအကြောင်းအရာကို ဖွင့်ပြတဲ့နေရာမှာ -

"မကောင်းမှုကိုပြုသောသူအား ခပ်သိမ်းသောသူတို့၏ရှေးဦးစွာ မိမိသိအပ်၏၊ တို့နောက် မိမိ ကိုယ်စောင့်နတ် သိ၏။ ထို့နောက် သူတစ်ပါးစိတ်ကို သိတတ်သော နတ်တို့သည် သိကုန်၏"

လို့ ပြောထားတာ ရှိပါတယ်၊ အဲဒီအထောက်အထား အကြောင်းကြောင့် ကိုယ်စောင့်နတ် ရှိတယ်လို့ ပြောနိုင်တာပါ"

"အဲဒီအထောက်အထားအပြင် အခြားအထောက်အထားကော ရှိပါသေးသလား ဘုရား"

"ရှိသေးတယ်"

"ရှိသေးရင် ဆက်ပြီးတော့ ရှင်းပြပါဦးဘုရား၊ တပည့်တော်နှင့်တကွ အများတကာတို့ သံသယရှင်းရန်အတွက်ပါ၊ တပည့်တော် တစ်ယောက်တည်းအတွက် မဟုတ်ပါဘုရား"

"အေး...အေး၊ မေးမှတော့ဖြင့် တစ်ယောက်တည်းအတွက်လည်း ဖြေရမှာပဲ၊ အများအတွက်လည်း ဖြေရမှာပဲ၊ မှတ်ထားပါ၊ သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ်အဖွင့်မှာ ဒီလိုပြထားပါတယ်"

"အကြင်အခါ မင်းတို့သည် တရားမစောင့်ကြကုန်၊ ထိုအခါ အိမ်ရှေ့မင်း၊ အမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ် အလုံးစုံသောသူတို့သည် တရားမစောင့်ကုန်။

ထိုအခါ ထိုသူတို့ကို စောင့်ကုန်သော ကိုယ်စောင့်နတ်တို့သည် တရားမစောင့်ကုန်၊ ထိုနတ်တို့၏ အဆွေခင်ပွန်းဖြစ်သော မြေ၌တည်သော နတ်၊ ကောင်းကင်၌တည်သော နတ်၊ ဥဏှဝလာဟက နတ်၊ အဗ္ဘဝလာဟကမည်သော နတ်၊ သီတဝလာဟကမည်သော နတ်၊ ဝဿဝလာဟကမည်သော နတ်၊ စတုမဟာရာဇ်မှစ၍ နတ်ပြည်ခြောက်ထပ် အထက်ဘဝဂ်တိုင်အောင်အရိယာပုဂ္ဂိုလ်တို့ကို ထား၍ ခပ်သိမ်းသော နတ်ဗြဟ္မာပရိသတ်တို့သည် တရားမစောင့်ကုန်သည်သာလျှင် ဖြစ်ကုန်၏"

လို့ ပြထားပါတယ်။ အဲဒီအထောက်အထားနဲ့ ကိုယ်စောင့်နတ် ရှိကြောင်း ပြောနိုင်ပါတယ်။ အဲဒီ အထောက်အထားများကို မှီးပြီးတော့ ဇာတ်ပေါင်းခန်းပျို့တွင် -

"ကောင်းကင်ရက္ခ၊ ဘုမ္မမလွတ်၊ ကိုယ်စောင့်နတ်တို့၊ ရှိညွတ်သဒ္ဓါ၊ တရားနာ၍၊ ဒိဗ္ဗာရမ္မဏ၊ မြင်ကစင်ဖြူ၊ နလုံးဟူသား၊ မုန်ဆူမွန်ခြောင်း၊ ဆင်မကောင်းကို၊ ချွန်းတောင်းညာက်ဟုန်၊ ထိမ်းလင့်ကုန်"

လို့ ရေးသားခဲ့တဲ့ အထောက်အထားကို အမှီပြုပြီးတော့ကာ ကိုယ်စောင့်နတ် ရှိကြောင်းကို ပြောနိုင်ပါတယ်။ ပြီးတော့ ပါရမီတော်ခန်းပျို့တွင်လည်း -

"လူတို့စီးပွား၊ ကျင့်တတ်အားသည်၊ သိကြားမာတလိ၊ မဃာမေခလာ၊ မဟာရာဇ်ကာ၊ စသည်တရိုး၊ အိမ်စိုး ကိုယ်စောင့်၊ မှောင့်လည်း ဖျက်တတ်၊ ဘုတ်ခေတ်သံဘက်"

လို့ စပ်ဆိုတော်မူချက်တို့ အထောက်အထားပြုပြီးတော့ ကိုယ်စောင့်နတ်ရှိကြောင်း ပြောနိုင်ပါတယ်။ အဲဒီလောက်ဆိုရင် ကိုယ်စောင့်နတ်ရှိကြောင်း ကျေနပ်ပြီလား။

"တင်ပါ ကျေနပ်ပါတယ်ဘုရား၊ ဒါပေမဲ့ အခွင့်ပေးမယ်ဆိုရင် အနည်းငယ် မေးပါရစေဦး ဘုရား"

"အင်း... အနည်းငယ်ဆိုတာ ဘယ်လောက်လဲ၊ စာမျက်နှာ တစ်ထောင်လောက် ဖြေရမယ့် မေးခွန်းမျိုးလား"

"ဒီလောက်တော့ ရှည်မယ်မထင်ပါ ဘုရား"

"ကဲ...ဒါဖြင့် မေးစမ်းပါဦး၊ သိရင် ဖြေရတာပေါ့၊ မသိရင်တော့ မဖြေနိုင်ဘူးနော်"

"မှန်ပါ့ ဘုရား"

"တပည့်တော်မေးမှာကို အရှင်ဘုရား သိနိုင်ပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ယခု မေးပြီးခဲ့တဲ့ ကိုယ်စောင့်နတ်နဲ့ ပတ်သက်တဲ့ အမေးပဲ ဖြစ်နေလို့ပါဘုရား"

"ဟ...ကိုယ်စောင့်နတ် အကြောင်းက မေးပြီးမှပဲ၊ ဘာကိုများ ထပ်ပြီးတော့ မေးနေဦးမလဲ"

"ဒီလိုပါဘုရား၊ လူရယ် အဲဒီလူကို စောင့်တဲ့ ကိုယ်စောင့်နတ်ရယ် နှစ်ဦးသားမှာ အသက်တမ်းချင်းလည်း မတူပါ၊ သတ္တဝါ အမျိုးအစားလည်း မတူပါဘုရား"

"အေး...ဟုတ်တယ်၊ မတူဘူး"

"အဲဒီလို မတူတော့ လူသေလျှင် အဲဒီလူမှာစောင့်တဲ့ ကိုယ်စောင့်နတ်လည်း သေမလား၊ သို့မဟုတ် ကိုယ်စောင့်နတ် သေလျှင် အဲဒီနတ် စောင့်တဲ့လူလည်း သေမလားဆိုတာကို သိချင်ပါတယ်ဘုရား"

"အင်း...သိချင်တာက အရေးမကြီးဘူး၊ အဖြေကတော့ ခက်ခက်ပဲ"

"မခက်ပါနဲ့ဘုရား၊ ကြိုးစားပြီး တပည့်တော် သဘောပေါက်အောင် ဖြေကြားပေးပါ ဘုရား"

"အင်းပေါ့...ခုမှတော့ ဖြေရတော့မှာပေါ့"

"မှန်ပါ၊ ဖြေကြားပေးပါဘုရား"

"အေး...သတ္တဝါတွေ သေတာကို သတိထားကြည့်ရင် သိနိုင်ပါတယ်၊ တစ်အိမ်ထောင်စုထဲမှာ ကြည့်၊ အကြီးရယ်၊ အငယ်ရယ် မဟုတ်ဘူးနော်၊ ရှေ့နောက်သေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အကြီးအငယ် တစ်ပြိုင်နက်သေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး...အဲဒါကြောင့် ကိုယ်စောင့်နတ်နဲ့ လူနဲ့ ပြိုင်တူသေ၊ ရှေ့နောက်သေဆိုတာ အမြဲမဆိုသာတဲ့အရာ ဖြစ်ပါတယ်"

"မှန်ပါဘုရား၊ ဒါဖြစ်နိုင်ပါတယ်၊ တိကျသော သက်သေများ ပြနိုင်ပါသလား"

"ပြနိုင်ပါတယ်၊ ဘုရားအလောင်းတော် တေမိမင်းသား နတ်ပြည်က စုတေခန်းကို သတိပြုကြည့်ပါ၊ တေမိမင်းသား လောင်း နတ်သားနှင့်အတူ စုတေအပ်သော သဘောရှိတဲ့ နတ်သားပေါင်း ငါးရာတို့ လူ့ ပြည်ကို တစ်ပြိုင်နက်ပင် စုတေလာကြောင်း ဖော်ပြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ဝေဿန္တရာမင်းကြီး နတ်ပြည်က စုတေလာတဲ့အခါ နတ်သားခြောက်သောင်းအတူ စုတေလာကြောင်း ဖော်ပြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...သူတို့ လူ့ပြည်က စုတေကြတော့ တစ်ပြိုင်နက် ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ပြီးတော့ ဘုရားရှင်နှင့် ဖွားဘက်တော် (၇)ဦး တို့သည် တစ်ပြိုင်နက် ဖွားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...စုတေတော့ အတူတူလား"

"မဟုတ်ပါဘုရား"

"ဟော…ပဒုမဒေဝီမိဖုရား၊ သားတော်ပစ္စေကဗုဒ္ဓ ငါးရာတို့သည် ဖွားသောကာလ တစ်နေ့တည်း တစ်ပြိုင်နက်တည်းပဲ ဖွားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပစ္စေကဗုဒ္ဓါ ဖြစ်ကြတော့လည်း တစ်ပြိုင်နက်တည်းမှာပဲ ဖြစ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပရိနိဗ္ဗာန်ဝင်စံသော ကာလမှာလည်း တစ်နေ့တည်း တစ်ပြိုင်နက်တည်းမှာပဲ ပရိနိဗ္ဗာန်ဝင်စံတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ…အဲဒါတွေ ထောက်ရှုကြည့်တော့ တကွဲစီဖွားတယ်၊ အတူသေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အတူဖွားတယ်၊ တကွဲစီသေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အတူဖွားတယ်၊ အတူသေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး…အဲဒီအတိုင်းပေါ့၊ ကဲ…သစ်ပင်တွေမှာ စောင့်တဲ့ ရုက္ခစိုးနတ် ရှိတယ်ဆိုတာ လက်ခံလား"

"လက်ခံပါတယ်ဘုရား"

"သစ်ပင်ကို ခုတ်လှဲလိုက်တဲ့အခါ အဲဒီနတ်က မသေဘဲ အခြားသစ်ပင်တစ်ပင်ကို ပြောင်းသွားတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီအတူပေါ့ မိမိတို့စောင့်တဲ့လူ သေသွားလျှင် အခြားသူတစ်ယောက် ပြောင်းမှာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နတ်သေလို့လည်းပဲ သစ်ပင်မသေသလို ကိုယ်စောင့်နတ်သေလို့လည်းပဲ လူမသေပါဘူး ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"သာဓကပြရရင်တော့ ဟိမဝန္တာမှာ သီရိသကဆိုတဲ့ ကုက္ကိုတောရှိတယ်၊ အဲဒီတောမှာ အရှင်ဂဝမ္ပတိထေရ်ရဲ့အလောင်းဟာ နတ်ဖြစ်တယ်၊ အဲဒီနတ် စုတေတော့ နောက်နတ်သားအသစ် ဖြစ်ပါတယ်၊ နတ်သေ၍ ကုက္ကိုပင် မသေဘူး မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"စတုက္ကနိပါတ် စူဠကလိင်္ဂဇာတ် အဋ္ဌကထာမှာ ကလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ကြတယ်၊ အဲဒီတိုက်ပွဲမှာ ကလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်က ကိုယ်လုံးဖြူတဲ့ နွားလားဥသဘ အယောင်ဆောင်ပြီး ခွေ့တိုက်တယ်၊ အဿကမင်းရဲ့ ကိုယ်စောင့်နတ်က ကိုယ်လုံးမည်းသော နွားလားဥသဘ အယောင်ဆောင်ပြီး တိုက်တယ်၊ အဲဒီလို ခွေ့တိုက်တာကို အခြားသူတွေ မမြင်ကြဘူး၊ မင်းနှစ်ပါးပဲ မြင်တယ်"

"အဲဒီလို တိုက်တဲ့အခါ နန္ဒိသေနအမတ်က ဥပဒေသပေး၍ အဿကမင်းရဲ့ သူ့ရဲတစ်ထောင်နှင့်တကွ ကလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်ဖြစ်တဲ့ နွားလားဥသဘကို အချက်ကျအောင် ထိုးတဲ့အခါ ကလိင်္ဂမင်းရဲ့ကိုယ်စောင့်နတ် သေတယ်၊ အဲဒီကိုယ်စောင့်နတ်လည်း သေရော ကလိင်္ဂမင်းသည် ထိတ်လန့်ပြီး စစ်ပျက်တယ်၊ စစ်ရှုံးတယ်"

"အဲဒီဇာတ်တော် ထောက်ရှုကြည့်တော့ ကိုယ်စောင့်နတ် သေတယ်၊ ကလိင်္ဂမင်း မသေဘူး မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပါစိတ် အဋ္ဌကထာ ဘူတဂါမ သိက္ခာပုဒ် အဖွင့်၌ ဇေတဝန်ကျောင်း အရာမ်တွင် သစ်ပင်တစ်ပင်၌ နတ်သား တစ်ယောက်သေ၍ သစ်ပင် မသေပါ။ ကျန်နေသည်ကို ဘုရားရှင်သိ၍ သစ်ပင်ခုတ်လှဲခံရ၍ သစ်ပင်မရှိသော နတ်သမီးအား ဘုရားရှင်ကပေးတယ်၊ အဲဒီအတူပဲ ကိုယ်စောင့်နတ်တစ်ယောက် သေသော်လည်း နတ်တစ်ယောက်ကိုမှီ၍ နေကောင်းတယ် လို့ မှတ်နော်"

"မှန်ပါ ဘုရား"

"အသီတိနိပါတ် ကုဏာလဇာတ်ကို သတိပြုပြီး ကြည့်ရှုပါ၊ ကောသလမင်းကြီး သေတဲ့အခါ မိဖုရားကို တရားဏာသီ ပြည်ယူ၍ မိဖုရားမြှောက်တယ်၊ အဲဒီမိဖုရားမှာ ကောသလမင်းကြီးကို အစွဲပြုပြီး ပဋိသန္ဓေရှိနေတယ်၊ ကောသလမင်းကြီး သေတဲ့အခါ အဲဒီကိုယ်ဝန်သား ကိုယ်မှာ ကိုယ်စောင့်နတ် ဖြစ်နေတယ်"

"အဲဒီ သားငယ် (၁၆)နှစ်ရှိတဲ့အခါ ကုရုဂီဒေဝီ မည်သော မင်းသမီးနှင့် ယဉ်ပါးသည်ကို သိ၍ သတ်မည်ပြုတဲ့အခါ အဖဖြစ်တဲ့ ကိုယ်စောင့်နတ်က မင်းသားငယ်၌ စောင့်ရှောက်မစ၍ ချမ်းသာရာ ရစေတယ်"

အဲဒီမှာ ကြည့်ပါ၊ မင်းသားငယ်ရဲ့ ဖြစ်စဖွားစနှင့် အဖေနတ်ဖြစ်သော ကာလ ရှေ့နောက်မညီတာကို ထောက်ရှုလျှင် စုတေသောကာလသည် ရှေ့နောက် မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အဲဒါဟာ ကျမ်းဂန်အထောက်အထား အတိအကျအရ ပြောခဲ့တဲ့ ကိုယ်စောင့်နတ် အကြောင်းပါ"

"အရှင်ဘုရားဥစ္စာကလည်း ငေါ့တော့တော့နဲ့"

"ဘာငေါ့တော့တော့လဲ"

"ကျမ်းဂန်အထောက်အထား အတိအကျဆိုတော့ မတိကျတဲ့ ကိုယ်စောင့်နတ် ရှိသေးသလားဘုရား"

"ရှိသေးတယ်"

"ရှင်းပြပါဦးဘုရား"

"လူတစ်ကိုယ်မှာ ကိုယ်စောင့်နတ် သုံးယောက်ရှိတယ်တဲ့၊ ဦးခေါင်းကို စောင့်တဲ့နတ်၊ ကိုယ်လုံးကို စောင့်တဲ့နတ်၊ ခြေကိုစောင့်တဲ့နတ်ရယ်လို့ သုံးယောက် ရှိတယ်တဲ့၊ မခိုင်လုံလို့ ကြားဖူးရုံမျှမို့ တည့်တည့်သုံးတာနော်"

"မှန်ပါဘုရား"

"ဦးခေါင်းကို စောင့်တဲ့နတ်က နံနက်အခါ ကြည့်ရှု မစတယ်တဲ့၊ နံနက်အခါ ဦးခေါင်းကို သန့်ရှင်းစင်ကြယ်စွာ ပြုလေ့ ရှိသူကို နှစ်သက်တယ်တဲ့"

"ကိုယ်လုံးကို စောင့်တဲ့နတ်က နေ့အခါ ကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ပြုလေ့ရှိသူကို နှစ်သက်တယ်၊ စောင့်ရှောက် တယ်တဲ့"

"ခြေကိုစောင့်တဲ့နတ်က ညဥ့်အခါ ခြေကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြော၍ အိပ်ရာကို ဝင်လေ့ရှိသူကို နှစ်သက် တယ် စောင့်ရှောက်တယ်တဲ့"

"နတ်ကစောင့်လား မစောင့်ဘူးလားတော့ မသိဘူး၊ အိပ်ရာဝင်ခါနီး ခြေဆေးအိပ်တာတော့ ကျန်းမာရေးကောင်းတာ ကတော့ အမှန်ပဲလို့ မှတ်ပြီး ခြေဆေးအိပ်နော်"

"မှန်ပါဘုရား"

"ဦးခေါင်းကို စောင့်တဲ့နတ်က ကြိုးတန်း၊ ကြိမ်တန်း၊ လှေကားတံတား၊ အိမ်အောက်၊ ပုဆိုး အဝတ်အောက် လျှိုဝင်ခြင်းကို အလိုမရှိဘူးတဲ့"

"အဲဒီအစွဲရှိလို့ တချို့ ကြိုးတန်းအောက်၊ တံတားအောက် စသည်တို့ မဝင်တဲ့ ရှင်ရဟန်းတွေ တွေ့ဖူးတယ် မဟုတ်လား"

"တွေ့ဖူးပါတယ်ဘုရား"

"ဘုန်းကြီးတို့တော့ အဲဒီ နတ်အယူအဆတော့ မရှိပါဘူး၊ ဒါပေမဲ့ အဲဒီ ကြိုးတန်း၊ တံတားအောက် စသည် ဝင်တဲ့အခါ ခေါင်းထဲက ယားကျိကျိလိုပဲ စိတ်မသန့်တာပေါ့နော်"

"မှန်ပါဘုရား"

"ကိုယ်ကိုစောင့်တဲ့ နတ်က မိမိ ဝတ်ပြီးသော အဝတ်ကို အောက်အထက်ပြန်၍ ဝတ်ခြင်းကို အလိုမရှိဘူးတဲ့"

"ဘုန်းကြီးတော့ သင်္ကန်းကို အမြဲတမ်း အထက်အောက် ပြန်လှန်ပြီးဝတ်တယ်၊ ကြာကြာအဝတ်ခံအောင်ဆိုတဲ့ သဘောနဲ့ပေါ့၊ နတ်ကြိုက်တာ မကြိုက်တာထက် အဝတ်သင်္ကန်းကို စောင့်ရှောက်တဲ့သဘောပေါ့နော်"

"မှန်ပါဘုရား"

"ကဲ . . . ကဲ တော်လောက်ရောပေါ့၊ ကြားဖူးတာတွေ လျှောက်ပြောနေရင် အများကြီး ရှိပါသေးတယ်၊ မပြောတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တော်တော်ကြာ တကယ့်အမှန်အစစ်တွေကို မှတ်မထားဘဲ အဲဒီ ကြားဖူးလို့ပြောတဲ့ မဟုတ်တာတွေကို မှတ်ထားမှ ခက်နေမယ်၊ ဘုန်းကြီး တရားခံဖြစ်နေမယ်၊ ဒါကြောင့် တော်ကြဦးစို့"

"မှန်ပါဘုရား"

✦ ကိုယ်စောင့်နတ်မှာ ရှိသည်သာ၊ မှတ်ပါ ကျမ်းဂန်လာ။

✦ နတ်ရှိသော်လည်း ကိုယ့်ကိုယ်ပဲ အမြဲအားကိုးပါ။

✦ ကိုယ်ကကောင်းမှ စောင့်နတ်က ကောင်းကြ သေသေချာ။

✦ ကိုယ်ကောင်းဖို့ရာ၊ နေ့ညဉ့်ပါ၊ လုပ်ပါကောင်းရာရာ၊

✦ ကောင်းအောင်ပြုမှ ကောင်းကျိုးရ နတ်ကမ.တော့တာ။

✦ မကောင်းပြုက ဆိုးကျိုးရ နတ်ကဖမ်းတော့တာ။

✦ နတ်ကမ.တာ၊ ဖမ်းဆီးတာ ကိုယ့်မှာတည်နေတာ။

# တို့ရွာက ဘုန်းကြီးနဲ့ ဘာထူးသလဲ

## (၂၀၉)

### ရွှေငွေစံချိန်

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ အနှစ်တစ်ရာ ရှိသောအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ရွှေငွေသည် ရဟန်းတို့အား အပ်၏ဟု ဟောပြောကုန်၏။

ထိုအခါ ကာကဏ္ဍကပုဏ္ဏားအား၏ သားဖြစ်သော အရှင်ယသသည် ဝဇ္ဇီတိုင်းသို့ ဒေသစာရီ လှည့်လည်လတ်သော် ဝေသာလီပြည်သို့ ရောက်၍ မဟာဝုန်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းအများတို့သည် ဥပုသ်နေ့၌ ကြေးခွက်ကို ရေဖြင့်ဖြည့်စေကာ ရဟန်းသံဃာအများ၏ အလယ်၌ထား၍ လာတိုင်းလာတိုင်းသော ဝေသာလီပြည်နေ ဒါယကာ ဒါယိကာမတို့ကို -

"ဒါယကာ ဒါယိကာမတို့ သံဃာတော်အား တစ်ကျပ်တတ်နိုင် တစ်ကျပ်၊ ငါးမူးတတ်နိုင် ငါးမူး၊ တစ်မတ်တတ်နိုင် တစ်မတ်၊ ဆယ်ပြားတတ်နိုင် ဆယ်ပြား၊ ငါးပြားတတ်နိုင် ငါးပြား လှူကြပါကုန်လော့၊ သံဃာတော်အား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာဖြင့် ပြုဖွယ်ကိစ္စ ဖြစ်ပါလိမ့်မည်"

ဟု ပြောဆိုအလှူခံကုန်၏။ ယင်းသို့ ပြောဆိုအလှူခံသည်ကို မြင်သော ကာကဏ္ဍကပုဏ္ဏား၏သား အရှင်ယသသည် ဝေသာလီပြည်နေ ဒါယကာ ဒါယိကာမအများတို့အား -

"ဒကာ ဒကာမအပေါင်းတို့ သံဃာတော်အား တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ ဆယ်ပြား၊ ငါးပြား စသော ရွှေငွေတို့ကို မလှူကြပါကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်ကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏"

ဟု ဟောပြောလေ၏။ ယင်းသို့ အရှင်ယသက ပြောဟောသော်လည်း ဝေသာလီပြည်နေ ဒါယကာ ဒါယိကာမတို့သည် သံဃာတော်အား တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ ဆယ်ပြား၊ ငါးပြားကို လှူကြကုန်သည်သာတည်း။

ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းအများတို့သည် ထိုညဥ့်လွန်သောအခါ၌ ဝေသာလီပြည်နေ ဒါယကာ ဒါယိကာမ အများတို့ လှူသော ရွှေငွေကို ရဟန်းအရေအတွက်ဖြင့် အဖို့ထား၍ ခွဲဝေကြကုန်၏။ ယင်းသို့ ခွဲဝေသောအခါ အရှင်ယသအတွက်လည်း ထည့်၍ခွဲဝေကာ ငါ့ရှင်ယသ၊ ဤကား သင်၏အဖို့ အစုငွေတည်းဟု ပြောဆို၍ ဝေစုပေးကြကုန်၏။

ထိုအခါ အရှင်ယသက -

"ငါ့ရှင်တို့ ငါ၏ အဖို့အစုငွေ မရှိပါ၊ ငါသည် ငွေကို မသာယာပါ"

ဟု ပြောဆိုလေ၏။ ယင်းသို့ ပြောဆိုသောအခါ ဝဇ္ဇီတိုင်းသား ငွေခံသော ရဟန်းအများတို့သည် -

"ငါ့ရှင်တို့ ကာကဏ္ဍကပုဏ္ဏား၏သား ဤယသသည် သဒ္ဓါရှိသော၊ ကြည်ညိုသော ဒကာ ဒကာမတို့ကို ဆဲရေး၏၊ ရေရွတ်၏၊ မကြည်ညိုမှုကို ပြု၏၊ ယခု ဤယသအား ငါတို့သည် ပဋိသာရဏီယကံကို ပြုကုန်အံ့"

ဟု ပြောဆိုတိုင်ပင်ကာ အရှင်ယသအား ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းများက ပဋိသာရဏီယကံ ပြုကြကုန်၏။ ယင်းသို့ ကံပြုသောအခါ အရှင်ယသက ဝဇ္ဇီတိုင်းသား ရဟန်းအများကို -

"ငါ့ရှင်တို့၊ ပဋိသာရဏီယကံ ပြုခံရသော ရဟန်းအား နောက်လိုက် တပည့်ရဟန်းကို ပေးရမည်"ဟု မြတ်စွာဘုရား ပညတ်တော်မူ၏၊ ငါ့ရှင်တို့ ငါ့အား နောက်လိုက် တပည့်ရဟန်းကို ပေးကုန်လော့"

ဟု ပြောဆိုလေ၏။ ယင်းသို့ ပြောသောအခါ ဝဇ္ဇီတိုင်းသား ရဟန်းအများတို့သည် ရဟန်းတစ်ပါးကို သမုတ်၍ အရှင်ယသအား နောက်လိုက်တပည့် ရဟန်းကို ပေးကြလေကုန်၏။

## လ,နေ တို့၏ အညစ်အကြေး ၄ - ပါး

အရှင်ယသသည် နောက်လိုက်တမန် ရဟန်းတစ်ပါး ရသောအခါ ယင်းကိုယ်စား တမန်နောက်လိုက် ရဟန်းနှင့် အတူတကွ ဝေသာလီပြည်ကို ဝင်ရောက်ကာ ဝေသာလီပြည်သား ဒကာ ဒကာမတို့အား -

"ဒကာ ဒကာမတို့ . . . ငါသည် သဒ္ဓါရှိသော၊ ကြည်ညိုသော ဒကာ ဒကာမတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုသတတ်။ ငါသည် တရားကို တရားဟု ပြော၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြော၏။ ဝိနည်းကို ဝိနည်းဟု ပြော၏"

ဒါယကာ ဒါယိကာမတို့ အခါတစ်ပါးဝယ် ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူပါသည်။ ဒကာ ဒကာမတို့၊ အဲဒီအချိန်အခါမှာ ဘုရားရှင်သည် ရဟန်းတော်တို့ကို -

"ရဟန်းတော်များ အို . . . ချစ်သားတို့၊ လ,နေတို့၏ အညစ်အကြေးတို့သည် လေးမျိုးတို့ ရှိကုန်၏။ ယင်း လေးမျိုးသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် လ,နေတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတော်များ အို . . . ချစ်သားတို့၊ လ,နေတို့၏ အညစ်အကြေးလေးမျိုးတို့သည်ကား အဘယ်သည်တို့နည်း

(၁) ရဟန်းတို့၊ တိမ်တိုက်သည် လ,နေတို့၏ အညစ်အကြေးတည်း။

(၂) ရဟန်းတို့၊ ဆီးနှင်းသည် လ,နေတို့၏ အညစ်အကြေးတည်း။

(၃) ရဟန်းတို့၊ မြူခိုးသည် လ,နေတို့၏ အညစ်အကြေးတည်း။

(၄) ရဟန်းတို့၊ ရာဟုအသူရိန်သည် လ,နေတို့၏ အညစ်အကြေးတည်း။

ရဟန်းတော်များ အို . . . ချစ်သားတို့၊ ဤလေးမျိုးတို့ကား လ.နေတို့၏ အညစ်အကြေးတို့တည်း။ ယင်းလေးမျိုးသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် လ.နေတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

## ရဟန်းတို့၏ အညစ်အကြေး ၄ - ပါး

ရဟန်းတော်များ အို . . . ချစ်သားတို့၊ လ.နေတို့၏ အညစ်အကြေး လေးမျိုးရှိသည့်အတိုင်းပင် ရသေ့၊ ရဟန်းတို့၏ အညစ်အကြေးတို့သည် လေးမျိုးရှိကုန်၏။ ယင်းလေးမျိုးသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော ရသေ့၊ ရဟန်းတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတော်များ အို . . . ချစ်သားတို့၊ ရသေ့ ရဟန်းတို့၏ အညစ်အကြေး လေးမျိုးတို့သည်ကား အဘယ်တို့နည်း -

(၁) ရဟန်းတို့၊ အချို့သော ရသေ့ ရဟန်းတို့သည် သေရည်ကို သောက်ကုန်၏။ အရက်ကို သောက်ကုန်၏။ သေရည်အရက်ကို သောက်ခြင်းမှ မရှောင်ကြဉ်ကုန်။

(၂) ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော ရသေ့ ရဟန်းတို့သည် မေထုန်အကျင့်ကို မှီဝဲကုန်၏။ မေထုန်အကျင့်မှ မရှောင်ကြဉ်ကုန်။

(၃) ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော ရသေ့ ရဟန်းတို့သည် မှားသောအသက်မွေးမှုဖြင့် အသက်မွေးကုန်၏။ မှားသော အသက်မွေးမှုမှ မရှောင်ကြဉ်ကုန်။

(၄) ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော ရသေ့ ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏။ ရွှေငွေကို ခံယူခြင်းမှ မရှောင်ကြဉ်ကုန်။

ရဟန်းတော်များ အိုချစ်သားတို့ ဤလေးမျိုးသော အညစ်အကြေးတို့သည်ကား ရသေ့ ရဟန်းတို့၏ အညစ်အကြေးတို့တည်း။ ယင်းလေးမျိုးသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော ရသေ့ ရဟန်းတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်။

ဒါယကာ ဒါယိကာမတို့၊ ရှင်တော်ဘုရားသည် ဤစကားကို ဟောတော်မူပြီးနောက် ဤဂါထာစကားကို ဆက်၍ တစ်ဖန်ဟောတော်မူပြန်ပါတယ်။

"ရဟန်းတော်များအိုချစ်သားတို့၊ ရာဂ ဒေါသဖြင့် ညစ်နွမ်းသော အဝိဇ္ဇာဖုံးလွှမ်းသော ပိယရုပ်၊ သာတရုပ်ကို နှစ်သက်သော ပေါ်သမည်သော အချို့သော ရသေ့ ရဟန်းတို့သည် သေရည်အရက်ကို သောက်ကုန်၏။ မေထုန်မှီဝဲကုန်၏။ ရွှေငွေကို သာယာကုန်၏။ မှားသော အသက်မွေးမှုဖြင့် အသက်မွေးကုန်၏။

"ရဟန်းတော်များအိုချစ်သားတို့၊ ယင်းအညစ်အကြေးတို့ဖြင့် ညစ်နွမ်းသော အချို့သော ရသေ့ ရဟန်းတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မစင်ကြယ်သော ကိလေသာမြူရှိသော သားကောင်နှင့်တူသော အမိုက်တိုက်ဖြင့် ဖုံးလွှမ်းအပ်သော တဏှာ၏ ကျွန်ဖြစ်သော တဏှာနှင့်တကွဖြစ်သော အချို့သော ရသေ့ ရဟန်းတို့သည် ကြမ်းတမ်းသော သချိုင်းမြေကို တိုးပွားစေကုန်၏။ ဘဝသစ်ကို ယူကုန်၏။

ဒါယကာ ဒါယိကာမတို့ နေမင်း၏အဆွေ ဖြစ်တော်မူသော ရှင်တော်ဘုရားသည် ဤတရားစကားတို့ကို ကောင်းစွာ ဟောကြားတော်မူခဲ့၏။

ဤသို့ အယူရှိသော ငါသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ဒါယကာ ဒါယကာမတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်။

ငါသည် မတရားသည်ကို မတရားဟု ပြော၏။ တရားကို တရားဟု ပြော၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြော၏။ ဝိနည်းကို ဝိနည်းဟု ပြော၏။

## ရွှေငွေအပ်က ကာမဂုဏ်အပ်

ဒါယကာ ဒါယိကာမတို့၊ အခါတစ်ပါးဝယ် ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ နန်းတော်တွင်း မင်းပရိသတ်နှင့် ပေါင်းစုဝေး နေထိုင်ကုန်သော မင်းပရိသတ်တို့အား ဤစကားသည် ထင်ရှားဖြစ်လာ၏။

သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် အပ်၏။

သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏။

သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို ခံယူကုန်၏။

ယင်းသို့ စကားထင်ရှား ဖြစ်ပေါ်လာသောအခါ မဏိစူဠက ရွာသူကြီးသည် ယင်းပရိသတ်တွင် ထိုင်နေ၏။ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်အား ဤသို့ ပြောကြား၏။

"အရှင်တို့ ဤသို့ မပြောပါကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြား ရွှေငွေကို စွန့်ပစ်ချထားကုန်၏။ ရွှေငွေမှ ကင်းကုန်၏"

မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်ကို နားလည်စေခြင်းငှာ မတတ်နိုင်ပါ။ ဒါယကာ ဒါယိကာမတို့၊ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ရှင်တော်ဘုရားထံပါးသို့ အရောက်သွားကာ အကြောင်းစုံကို လျှောက်ထား၏။ ပြီးသော် ဤသို့ ဆက်၍ လျှောက်ထား၏။

"မြတ်စွာဘုရား၊ အဘယ်သို့ပါနည်း၊ ပြောသော တပည့်တော်သည် မြတ်စွာဘုရား ပြောဟောသောစကားကို ပြောသူ ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲခြင်း မည်ပါ၏လော၊ တရားတော်အား လျော်သော တရားကိုလည်း ပြောခြင်းမည်ပါ၏လော၊ ဝါဒတော် အားလျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက်ရှိပါ၏လော"

ယင်းသို့ မဏိစူဠက ရွာသူကြီးက ရှင်တော်ဘုရားအား လျှောက်ထားသည် ရှိသော် ရှင်တော်ဘုရားက ရွာသူကြီးအား ဤစကားကို မိန့်ကြားတော်မူပါတယ်။

"ရွာသူကြီး၊ သင်သည် ဤသို့ပြောမှု အမှန်ပင် ငါပြောဟောသော စကားကို ပြောသူတည်း၊ မဟုတ်မမှန်သော စကားဖြင့် ငါ့ကိုလည်း စွပ်စွဲသည် မမည်၊ တရားတော်အား လျောက်ပတ်သော စကားကိုလည်း ပြောခြင်း မည်၏။ ဝါဒတော်အားလျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက် –

ရွာသူကြီး၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်

ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏။

ရွာသူကြီး၊ ရွှေငွေအပ်သူအား ကာမဂုဏ် ငါးပါးတို့လည်း အပ်ကုန်၏။ ရွာသူကြီး၊ ကာမဂုဏ်ငါးပါး အပ်သူကို "ရဟန်းတရား မရှိသူ သာကီဝင်မင်းသား ဘုရားအနွယ်တော်တို့၏ တရားမရှိသူ" ဟု စေကန်မှတ်လော့။

ရွာသူကြီး၊ စင်စစ်ကား ငါသည် ဤသို့ ဟော၏ "မြက်ကို အလိုရှိသူသည် မြက်ကို ရှာအပ်၏။ သစ်သားကို အလိုရှိသူသည် သစ်သားကို ရှာအပ်၏။ လှည်းကို အလိုရှိသူသည် လှည်းကို ရှာအပ်၏။ အမှုလုပ် ယောကျ်ားကို အလိုရှိသူသည် အမှုလုပ်ယောကျ်ားကို ရှာအပ်၏။

ရွာသူကြီး၊ မည်သည့်အကြောင်းနှင့်မျှ ရွှေငွေကို "သာယာအပ်၏၊ ရှာမှီးအပ်၏" ဟု ငါ မဟော။

## အကြောင်းရင်း

အို . . . စာရှုသူ၊ ယခုဆိုလျှင် စာရှုသူ ဖတ်ရှုလာသော အကြောင်းအရာကား ရှည်လျားခဲ့ချေပြီ။ စာရှုသူအနေဖြင့် ဤမျှ ရှည်လျားသော စာသားများကို ဖတ်ရှုလိုက်ရသဖြင့် မိမိ၏ ရေးလိုရင်း အကြောင်းရင်းကို သိလောက်ပြီဟု ထင်ပါသည်။

မိမိ ရေးလိုရင်း အကြောင်းရင်းမှာ ရဟန်းတော်တို့သည် ကိုယ်တိုင် ရွှေငွေကို မခံယူအပ်၊ မသာယာအပ်ဟု သိစေလိုရင်း ဖြစ်ပါသည်။ စာရှုသူသည် သိလောက်ပါပြီ။ မိမိသည် ယင်းသို့ သိစေလိုရင်း အကြောင်းရင်း၏ အကြောင်းလည်း ရှိပါသည်၊ ယင်းအကြောင်းကား အဘယ်သို့ပါနည်း။

မိမိသည် တစ်ရွာမှ တစ်ရွာ၊ တစ်မြို့မှ တစ်မြို့သို့ ဓမ္မဒေသနာခရီးသည် အဖြစ်ဖြင့် လှည့်လည်စဉ် တစ်ချိန်သော နွေကာလ မြို့နယ်တစ်နယ်တွင် ဆယ်ရက်စခန်း တရားပြခိုက် ဖြစ်၏။ မိမိနှင့် မသိသော ဒါယကာ သုံးလေးယောက် ရောက်လာကာ ရှိခိုးဦးချ ထိုင်နေကြပြီး လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်တို့ဟာ အရှင်ဘုရားရဲ့စာဖတ်ပရိသတ်တွေပါ ဘုရား"

"အင်း . . ."

"အရှင်ဘုရား စာအုပ်တွေဖတ်ရတော့ တပည့်တော်တို့ များစွာ အသိဉာဏ်တိုးတက်ပါတယ် ဘုရား"

"အင်း . . ."

"အထူးသဖြင့် ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်တွေဟာ တပည့်တော်အတွက် အထူးသဖြင့် မရှင်းလင်းတဲ့ ပြဿနာတွေ ရှင်းလင်းသွားစေပါတယ်ဘုရား"

"အင်း . . ."

"ယခု တပည့်တော်တို့ လာရခြင်း အကြောင်းရင်းကတော့ တပည့်တော်တို့ တွေ့ကြုံရတဲ့ ပြဿနာတစ်ရပ်ကို တင်ပြလျှောက်ထားလိုလို့ လာပါတယ် အရှင်ဘုရား"

"ဘာလဲ၊ ဘာပြဿနာထဲက ပြဿနာပေါ်လို့လား"

"ပြဿနာထဲက ပြဿနာပေါ်လို့ မဟုတ်ပါဘုရား၊ ရဟန္တာကနေ ပြဿနာပေါ်လို့ပါ ဘုရား"

"ဟ - ဘယ်ကလာ ကတ်သီးကတ်သတ် ရဟန္တာကနေ ပြဿနာပေါ်ရလဲ၊ ရဟန္တာဆိုတာ ကိလေသာ ငြိမ်းနေပြီးဖြစ်တဲ့အတွက် ပြဿနာလည်း သိမ်းပြီး ရဟန္တာကနေ ပြဿနာ မပေါ်နိုင်တော့ဘူး"

"တင်ပါ့၊ တပည့်တော်တို့လည်း အဲဒီသဘောကို ရိပ်မိသိရှိပါတယ်ဘုရား၊ ဒါကြောင့် ဒီပြဿနာ ပေါ်ရတာပါဘုရား"

"အင်း . . . ဒါဖြင့် ဒကာကြီးတို့ ပြဿနာက အဆန်းသားပဲ၊ ဘုန်းကြီးတောင် စိတ်ဝင်စားလာပြီ၊ ကဲ . . . ဒါဖြင့် မြန်မြန်ပြောစမ်းပါ"

"ဒီလိုပါဘုရား၊ တစ်ခါက တပည့်တော်တို့ မြို့သို့ ရဟန္တာတစ်ပါး ကြွလာတယ်ဆိုလို့ တပည့်တော်တို့လည်း ဖူးချင်တာနဲ့ အားခဲပြီး မြို့တက်လာပြီး ရဟန္တာ ဖူးပါတယ်ဘုရား"

"အင်း . . ."

"လူတွေကလည်း တိုးမပေါက်ပါ ဘုရား၊ ရဟန္တာဆိုပြီး ဝိုင်းဖူးနေကြ၊ လှူနေကြတာ"

"အင်း . . ."

"တပည့်တော်တို့လည်းရဟန္တာဖူးချင်လို့တောကတောင် တက်လာရတာဆိုတော့တောသားပီပီပရိသတ်ထဲ အတင်းတိုးဝင်ပြီး ဖူးတာပေါ့ဘုရား"

"အင်း . . ."

"ဖူးတော့ဘုရား၊ ရဟန္တာက ငွေတွေ အလှူခံနေတယ်ဘုရား"

"သူ့လက်နဲ့ အလှူခံတာလား"

"မှန်ပါဘုရား၊ သူ့လက်နဲ့ဘုရား၊ သူကိုယ်တိုင်ပဲ အလှူခံပါတယ်ဘုရား"

"အဲဒီလို ရဟန္တာဆိုပြီး ငွေအလှူခံနေတာတွေ့တော့ ဒကာကြီးတို့က ဘယ်လိုဆုံးဖြတ်လဲ"

"တို့ရွာက ဘုန်းကြီး ငွေအလှူခံသလို ဒီရဟန္တာလည်း ငွေအလှူခံတာပဲ၊ တို့ရွာက ဘုန်းကြီးနဲ့ ဘာထူးသလဲ ဆိုပြီး ပြန်လာခဲ့ပါတယ်ဘုရား"

"ဒကာကြီးတို့လည်း ငွေမလှူခဲ့ဘူးလား"

"တပည့်တော်တို့ ငွေလည်း မလှူခဲ့ပါဘုရား၊ ရှိလည်း မရှိခိုးခဲ့ပါဘုရား"

"အင်း . . . ကောင်းတယ်၊ ကောင်းတယ်၊ ဒါ ဒကာကြီးတို့လိုသာ အသိဉာဏ်ရှိတဲ့ လူတွေများရင် ဒီလို ရဟန္တာအတုတွေ မပေါ်နိုင်ဘူး"

"အဲဒါ အရှင်ဘုရားကို တပည့်တော်တို့ တစ်ခုတော့ လျှောက်ထားပါရစေဘုရား"

"ဘာလျှောက်ထားချင်လဲ"

"ငွေကို ရဟန္တာဆိုတာ မပြောနဲ့ ပုထုဇဉ်ရဟန်းအများပင် ကိုယ်တိုင် မကိုင်ခံသင့်ကြောင်း၊ ကိုယ်တိုင် မကိုင်ခံအပ်ကြောင်းကို ဒါယကာ ဒါယိကာမ အများသိအောင် ဗုဒ္ဓဓမ္မ ပြဿနာများ စာအုပ်ထဲမှာ ရေးထည့်ပါဘုရား"

"အင်း...ရေးဆိုတာ လွယ်တာမဟုတ်ဘူး ဒကာကြီးတို့ရဲ့ အကြောင်းပေါ်မှ၊ ပြဿနာပေါ်မှ ရေးလို့ဖြစ်တာ၊ ပြဿနာ မပေါ်ဘဲနဲ့ ရေးလို့ မဖြစ်ဘူး"

"ယခု ပြဿနာ ပေါ်နေပြီပဲဘုရား"

"ပြဿနာပေါ်ပေမဲ့ ဘယ်လိုက ဘယ်လိုရေးရမှန်း မသိသေးဘူး ဒကာကြီးတို့ရဲ့"

"ငွေကို ဘယ်လိုခံယူရင် မအပ်ကြောင်း၊ ဘယ်လိုခံယူရင် အပ်ကြောင်း ခွဲခြားပြီးရေးရင် ဖြစ်ပါတယ်ဘုရား၊ အဲဒီလို ရေးပါဘုရား"

"ဝိနည်းရေး ဖြစ်နေတော့ စိတ်ဝင်စားအောင် မနည်းဘဲ ကြိုးစားရေးရမယ်"

"ကြိုးစားရေးပါဘုရား၊ ဒါမှလည်း သာသနာတော်မှာ အတုတွေပျောက်ပြီး အစစ်တွေ အရောင်တောက်လာပါလိမ့်မယ်ဘုရား"

## ငွေလှူနည်း

"ကဲ ... ဒါဖြင့် ဒကာကြီးတို့ပဲ တစ်ခါတည်း ပြဿနာရှင်လုပ်ပြီးတော့ အပြောနဲ့ ရေးကြည့်ရအောင် ပြီးတော့ စာရေးချိန်ရောက်မှ စာအုပ်ထဲ ထည့်ရေးတာပေါ့နော်"

"မှန်ပါ ဘုရား"

"ငွေကို ရဟန်းတစ်ပါးပါးထံသို့ တိုက်ရိုက်လှူလို့ ဘယ်လိုနည်းနဲ့မှ မလှူကောင်းပါဘူး၊ ဒီတော့ ငွေလှူချင်တဲ့ ဒါယကာက အဲဒီရဟန်းတော်ရဲ့ ကပ္ပိယကို သိထားရင် ကပ္ပိယကို မေးစရာမလို၊ ကပ္ပိယ ညွှန်းပါလို့ ပြောစရာ မလိုပါဘူး၊ အဲဒီရဟန်းရဲ့ ကပ္ပိယထံ သွားပြီး ငွေတစ်ရာ အပ်လိုက်ပါ၊ ပြီးတော့ ရဟန်းတော်ထံ သွားပြီးတော့"

"အရှင်ဘုရား၊ အရှင်ဘုရား၏ ကပ္ပိယဦးဖြူထံတွင် တစ်ရာတန်အပ်သော ပစ္စည်းကို တောင်းခံတော်မူပါဘုရား"

လို့ ငွေလှူတဲ့ ဒါယကာက ရဟန်းတော်ထံသို့ လာပြီးတော့ လျှောက်ထားရမယ်၊ အဲဒီလို လျှောက်တော့ လှူတာဟာ ငွေဖြစ်သော်လည်း ငွေအလှူ မဟုတ်တော့ဘူး၊ ပစ္စည်းအလှူဖြစ်သွားတယ်၊ ဟိုကပ္ပိယထံကငွေကို အလှူမခံရဘူး၊ အပ်သော ပစ္စည်းသာ အလှူခံရမှာနော်။

အဲဒီမှာ မှတ်ထားရမှာ ရှိသေးတယ်၊ ငွေလှူသူ ဒါယကာက မလျှောက်ထားတတ်၍ မလျှောက်ထားဘဲ ကပ္ပိယအား ဘုန်းကြီးလိုတာ ဝယ်လှူပါလို့ ပြောပြီး လှူသွားရင် အဲဒီကပ္ပိယက ဘုန်းကြီးအား -

"အရှင်ဘုရား၊ ဘုရားတပည့်တော်ထံ ဒါယကာမောင်နီက တစ်ရာတန်ပစ္စည်း အပ်နှံထားခဲ့ပါသည်၊ အရှင်ဘုရား အလိုရှိသောအခါ တပည့်တော်ထံ တစ်ရာတန်ပစ္စည်း အလှူခံတော်မူပါဘုရား"

လို့ လျှောက်ထားရမယ်၊ အဲဒီလို လျှောက်ထားရင်လည်း ကပ္ပိယထံ တစ်ရာတန်အပ်သောပစ္စည်း အလှူခံကောင်းပါတယ်။

"အဲ လှူသူဒကာက ကပ္ပိယထံ တစ်ရာလှူသွားတယ်၊ လျှောက်ထားမှု မတတ်လို့ မလျှောက်ထားဘူး၊ ကပ္ပိယလည်း မလျှောက်ထားဘူးဆိုရင် အဲဒီကပ္ပိယထံ အဲဒီငွေနှင့် ပတ်သက်၍ ပစ္စည်းမတောင်းခံကောင်းပါဘူး"

"ငွေအပ်ထားမှန်း သိနေရင် ဒကာမောင်နီ၊ ဒကာ့ငွေတစ်ရာ ဒကာ့ဘာသာ ပြန်တောင်းယူလို့ ပြောရမယ်"

## အထူးမှတ်ရန်

ဒီနေရာမှာ အထူးမှတ်ရန်တစ်ချက် ပြောချင်ပါတယ်၊ ကပ္ပိယ သိနေရင် ဘုန်းကြီးထံသွားပြီး "ကပ္ပိယ ညွှန်းပါဘုရား" လို့ မလျှောက်ထားတော့ပါ၊ မိမိလှူချင်သော ငွေတစ်ရာကို ကပ္ပိယထံအပ်ပြီး ခုနကလို လျှောက်ထားရင် "ဒကာညွှန်းကပ္ပိယ" ဖြစ်၍ အဲဒီ ကပ္ပိယထံမှာ အကြိမ်ကြိမ် တောင်းကောင်းတယ်တဲ့နော်"

"မှန်ပါ့ ဘုရား"

"အဲဒီလို မဟုတ်ဘဲ ငွေတစ်ရာလှူချင်တဲ့ ဒကာမောင်နီက ဘုန်းကြီးထံလာပြီး "အရှင်ဘုရား ကပ္ပိယ ညွှန်းတော်မူပါဘုရား" လို့ လျှောက်လို့ ဘုန်းကြီးက "ဦးဖြူဟာ ဘုန်းကြီးရဲ့ ကပ္ပိယပဲ" လို့ ညွှန်းလိုက်တယ်၊ အဲဒီ ရဟန်းညွှန်းကပ္ပိယ ဖြစ်သွားတယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီ ရဟန်းညွှန်းကပ္ပိယအထံတွင် အပ်ပြီး စနစ်တကျ လျှောက်ထားပြီးသော်လည်း (၆)ကြိမ်သာ အဲဒီကပ္ပိယထံ တောင်းခံကောင်းပါတယ်၊ (၆)ကြိမ်တောင်းလို့ ငွေကျန်သေးရင် ကျန်ငွေများကို သင်တို့ ပြန်တောင်းယူကြ"လို့ အလှူဒကာအား ပြောရမယ်နော်"

"မှန်ပါဘုရား"

## မအပ်သော ကပ္ပိယ

"အေး ..ခုနက ပြောခဲ့သလို ရဟန်းကလည်း မညွှန်း၊ ဒကာကလည်း မညွှန်းဘဲ မည်သူမျှ မညွှန်းဘဲ ခေါ်ပေးသော ငွေကို လက်ခံထားသော ကပ္ပိယထံ၌ကား တစ်ကြိမ်မျှ မတောင်းခံကောင်း၊ မတောင်းခံအပ်ဘူးတဲ့"

"မှန်ပါ့ဘုရား"

## ကပ္ပိယလိမ္မာ

အင်း...လှူသူဒကာဆိုတာကတော့ လှူချင်တာသာ သိ၍ လှူတတ်ဖို့တော့ သိချင်မှ သိမယ်၊ ဘယ်သူ အရေးကြီးလဲဆိုတော့ ဘုန်းကြီး ကပ္ပိယ အရေးကြီးပါတယ်၊ ဘုန်းကြီး ကပ္ပိယ အလှူဒါယကာအား သင်ပေးရင် ပေး၊ မပေးရင်လည်း ကပ္ပိယကိုယ်တိုင် -

"အရှင်ဘုရား၊ ဘုရားတပည့်တော်ထံသို့ မောင်နီက တစ်ရာတန်ပစ္စည်းများ အပ်နှံသွားပါသည်၊ အရှင်ဘုရား အလိုရှိသောအခါ ဘုရားတပည့်တော်ထံ တစ်ရာတန်အပ်သော ပစ္စည်းများ အလှူခံတော်မူပါ"

လို့ လျှောက်ထားရပါတယ်၊ အဲဒါက ကပ္ပိယက တိုက်ရိုက်လျှောက်ထားနည်းလို့ ခေါ်တယ်၊ အဲဒီလို ကပ္ပိယက တိုက်ရိုက်လျှောက်ထားလည်း အပ်တယ်နော်"

"မှန်ပါဘုရား"

## လျှောက်ထားပုံအမျိုးမျိုး

"ဒီနေရာမှာ လျှောက်ထားပုံအမျိုးမျိုးကို အကျဉ်းချုပ်ပြီးတော့ ပြောပြချင်ပါတယ်၊ အဲဒါတွေလည်း သိသင့်ပါတယ်၊ တချို့လျှောက်ကြတယ်။

"တပည့်တော်တို့ အိမ်သားအားလုံးအထံ၌ အပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

"တပည့်တော်တို့ ဇနီးမောင်နှံ အထံ၌၌ အပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

"တပည့်တော်တို့၏ သားအထံတွင် အပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

"တပည့်တော်တို့၏ သမီးအထံတွင် အပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

အဲဒီလို လျှောက်ထားတာကတော့ သူ့စေတနာအလျောက် ပစ္စည်းအကန့်အသတ် မထားဘဲ လျှောက်ထားတာပါ၊ ဆွေမျိုးမတော်သူများထံ အဲဒီလို မလျှောက်ထားက အလှူမခံကောင်းပါဘူး။

အများအားဖြင့်တော့ ရင်းနှီးရင် ဒကာရင်း၊ ဒကာမရင်းဆိုပြီး အလှူခံတတ်ကြပါတယ်၊ ဘယ်လောက်ပဲ ရင်းနှီးရင်းနှီး ဆွေမျိုးမတော်က မဖိတ်ထားသူများထံတွင် ကွမ်းတစ်ရွက်မျှတောင် အလှူမခံကောင်းပါဘူး"

## ခရီးသွားဆဲ

"ပြီးတော့ သိစရာ တစ်ခုရှိပါသေးတယ်၊ တချို့ ကပ္ပိယလုပ်ပြီးတော့ ဘုန်းကြီးနောက် လိုက်သွားတယ်၊ ထည့်လိုက်လို့ လိုက်သွားတယ်၊ ကပ္ပိယထံသို့ ဒါယကာ ဒါယကာမများ လမ်းစရိတ်ငွေ အပြည့်အစုံ ပေးလိုက်တယ်၊ အဲဒီအခါ ကပ္ပိယက -

"အရှင်ဘုရား ၊ ယခု ခရီးသွားဆဲ အတွင်းရှိ ဘုရားတပည့်တော်ထံ အပ်စပ်သော ပစ္စည်းများကို အလှူခံတော်မူပါ ဘုရားလို့ လျှောက်ထားရတယ်၊ ကပ္ပိယတော့ ထည့်လိုက်တယ်၊ အဲဒီ ထည့်လိုက်သူကလည်း အပ်စပ်အောင် မလျှောက်ထားရင် ထည့်လိုက်တဲ့ ကပ္ပိယကလည်း ခုနကလို အပ်စပ်အောင် မလျှောက်ထားရင် အဲဒါ ဘုန်းကြီး အခက်တွေ့ရော"

"အင်း... ဒီလိုဆိုတော့ တပည့်တော်တို့ ဒါယကာတွေ လိမ္မာဖို့ အများကြီးလိုတာပေါ့ ဘုရား"

"တပည့်လိမ္မာ ဆရာအာပတ်လွတ်" ဆိုတာ အဲဒါမျိုး ပြောတာ၊ ယခုတော့ ဒီလိုမဟုတ်ပါဘူး၊ ညချမ်းသုပ်ဆိုပြီး ပဲမှုန့်တွေ အချိုမှုန့်တွေ ထည့်သုပ်ကပ်တယ်၊ ဒါမျိုးက တပည့်လိမ္မာတာ မဟုတ်ဘူး၊ တပည့်မိုက်တာနော်"

"မှန်ပါဘုရား"

## ကျောင်းအမှတ် သီတင်းသုံးပါ

ပြီးတော့ ရှိသေးတယ်၊ မြို့ရွာတိုင်းမှာလိုပဲ ရှိတယ်၊ တွေ့ရတယ်၊ အိမ်သို့ သံဃာတော်များ ဆွမ်းစားပင့်ပြီး ဆွမ်းကပ်တဲ့အခါမှာ ချမ်းသာစွာ နေခွင့်ရစေလိုသောသဘောဖြင့် သင်္ကန်းမရှုံဘဲ နေစေလိုတဲ့ စေတနာဖြင့် -

"အရှင်ဘုရားတို့၊ ဒီအိမ်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါဘုရား"

"သို့မဟုတ် အရှင်ဘုရား သီတင်းသုံးသမျှ ဒီအိမ်၊ ဒီမဏ္ဍပ်ကို လှူပါ၏။ ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါဘုရားလို့ လျှောက်ထားတဲ့ အလေ့ရှိပါတယ်၊ အဲဒီလို လျှောက်ထားရုံမျှဖြင့် ကျောင်းလည်း မဖြစ်၊ အလှူလည်း မမြောက်ရကားရဟန်း၊ သံဃာတော်တွေမှာ ထူးပြီးတော့ လွတ်လပ်စွာ နေနိုင်ခွင့် မရပါဘူး"

"ယခုခေတ်တော့ အဲဒီလိုပဲ လုပ်နေကြပါတယ်ဘုရား"

"အေး... ရှေးက မသိလို့ လုပ်ကြတာ ယခုသိတော့ ရှေ့ဆက်ပြီး မလုပ်ကြပါနဲ့တော့ပေါ့"

"မှန်ပါဘုရား"

## ဒါယကာ့ကောင်းမှ သံဃာကောင်း့ရ

"ဘုန်းကြီးနောက်ဆုံးအနေနဲ့ ပြောချင်တာက ဒါယကာကောင်းမှ သံဃာကောင်းရမယ်၊ ဒါယကာ မကောင်းရင် သံဃာကောင်းမရနိုင်ဘူး၊ သံဃာကောင်းနိုင်အောင် ဒါယကာက ကောင်းပေးရတယ်၊ အပ်စပ်အောင် လျှောက်တတ် ဆောင်ရွက်ပေးတတ်ရတယ်၊ ဆောင်ရွက်ပေးရတယ်၊ အဲဒီလို ဆောင်ရွက်ပေးတော့မှ သံဃာကလည်း ကောင်းသည်ထက် ကောင်းလို့ရတယ်"

ယခုခေတ် ဘုန်းကြီးအမြင်နဲ့ ပြောရရင် ဒါယကာကလည်း ကောင်း၊ သံဃာကလည်း ကောင်း နှစ်ဖက်ကောင်းဟာရှားပါတယ်၊ ဒါယကာ ကောင်းပြီး သံဃာဘက်က မကောင်းတာလည်း တွေ့ရတယ်၊ သံဃာကောင်းပြီး ဒါယကာ မကောင်းတာလည်း တွေ့ရပါတယ်၊ နှစ်ဖက်စလုံး မကောင်းတာလည်း တွေ့ရပါတယ်။

အရေးကြီးတာက ဒါယကာဟာ ဒါယကာအရာမှာ လိမ္မာကျွမ်းကျင်ပြီး ဒါယကာဝတ် ကျေဖို့၊ ဂရုစိုက်ဖို့၊ ဒါယကာက ဝင်ပြီး ကျောင်းကိစ္စမှာ ဆရာမလုပ်နဲ့၊ အဲဒီလို ဆရာလုပ်ရင် ဒါယကာ ဆရာ၊ ဒါယကာက ဆရာဖြစ်သွားတယ်၊ ဘယ်တော့မှ မကောင်းဘူး။

ပြီးတော့ ဆရာသည်ပင်လျှင် ဒါယကာ၊ ဒါယကာသည်ပင်လျှင် ဆရာ၊ ဆရာဒါယကာ၊ ဒါယကာဆရာ။ အဲဒါလည်း မကောင်းဘူး။ ဘာအကျိုးမှ မရဘူး၊ ခုခေတ် အဲဒါတွေ များတယ်။

အကောင်းဆုံးက ဒါယကာရဲ့ ဆရာမှ အကောင်းဆုံး၊ ဒါယကာကလည်း ဒါယကာအရာ တည်၊ တပည့်ခံ၊ ဆရာက လည်းဆရာအရာ တည်၊ ဒါယကာကို နည်းလမ်းကောင်း ညွှန်ပြပေါ့၊ ဘုန်းကြီးတို့တော့ အဲဒါပဲ ဖြစ်စေချင်တယ်၊ ကဲ ... တော် ရောပေါ့။

"ဦးတင်ပါတယ်ဘုရား"

✦ ဒါယကာလည်း ကောင်း ဆရာကောင်း အကောင်းညီမျှပါ။

✦ ဒါယကာဆိုတာ အရာရာ ဘယ်ခါ မဝင်ရာ။

✦ ဆရာဆိုတာ ဒါယကာ ဘယ်ခါ မဝင်ရာ။

✦ ဒါယကာမကောင်း၊ ဆရာကောင်း အကောင်းမဖြစ်ပါ။

✦ ဆရာကောင်းကိုး၊ ဒါယကာဆိုး အဆိုးပျောက်တော့တာ။

# ဘာမှ မသိတော့တဲ့ နေရာဟာ
# နိဗ္ဗာန်ပဲလား ဘုရား

(၂၁၀)

အို…စာရှုသူ၊ လူအမျိုးမျိုး နတ်အထွေထွေ ရှိသည်မဟုတ်ပါလား။ အမျိုးမျိုးသော လူနတ်တို့သည် အမျိုးမျိုး ကြံတွေးကြကာ အမျိုးမျိုး ပြဿနာတက်နေကြသည် မဟုတ်ပါလား။

လူနတ်အမျိုးမျိုးမှ တက်လာသော ပြဿနာအမျိုးမျိုးကို ခွဲဝေလိုက်က လောကရေးဆိုင်ရာ ပြဿနာများ ဓမ္မရေးဆိုင်ရာ ပြဿနာများ ဟူ၍ နှစ်မျိုးခွဲနိုင်ပါသည်။

ယင်းဓမ္မရေးသည်လည်း ဗုဒ္ဓဓမ္မရေးနှင့် အခြားဓမ္မရေး ဟူ၍ ရှိပြန်ပါသည်။ မိမိသည် ဗုဒ္ဓရေးနှင့် ပတ်သက်သော ပြဿနာများကို အများနားလည်အောင် အတတ်နိုင်ဆုံး ဖြေရှင်းကာ ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်ကို ရေးသားပါသည်။

ထိုသို့ ရေးသားဖြေရှင်းရာ၌ စာရှုသူတို့ ဖတ်ရှုရာ၌ မငြီးငွေ့ရန် နားလည်လွယ်ရန် ပြဿနာ တစ်ခုနှင့်တစ်ခု မတူ ထူးခြားဖြေကြား ရေးသားလေ့ ရှိပါသည်။ ယခု "ဘာမှမသိတော့တဲ့ နေရာဟာ နိဗ္ဗာန်ပဲလား ဘုရား" ဆိုတဲ့ ပြဿနာမှာ ယင်းတစ်ခုတည်း မဟုတ်ပါ၊ ပေးစာတစ်စောင်မှ တစ်ခုမျှသာ ဖြစ်ပါသည်။

"ယခု ယင်းပေးစာကို ဖြေကြားရာတွင် ပေးစာများမှ ဖြေကြားနည်းစနစ် မသုံးဘဲ အမေးရောက်က အဖြေကို အောက်မှ လက်သည်းကွင်းကာ ဖြေထားပါသည်။ စာရှုသူ ဖတ်ရှုလို့ တစ်မျိုးတော့ ဖြစ်ကောင်း ဖြစ်ပါမည်။ ဖတ်ရှုကြည့်စမ်းပါဘိ"

၅-၂-၈၂

ကျေးဇူးရှင်ဆရာတော်

တပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊ အခုရက်တွင် စာမေးပွဲကိစ္စနှင့် တပည့်တော် သိလိုသော အချက်များကို လျှောက်ထားရန် ရေးသားနေရသဖြင့် အချိန်လုကာ အလုပ်လုပ်နေရပါသည်ဘုရား။

ဒါကြောင့် တပည့်တော် တရားအားထုတ်ချိန် မရတော့ပါဘုရား၊ ဘုရားရှိခိုးပြီး အိပ်တော့မယ်လို့ ဘုရားရှိခိုးရန် ဘုရားစင်ရှေ့မှာထိုင်ကာ လက်အုပ်ချီမိုး ရှိခိုးမည် ပြုသောအခါ ဘုရားရှိခိုးကို ဆိုလို့မရဘဲ လက်အုပ်ချီလျက်အတိုင်း ခန္ဓာကိုယ်က ဖောက်ပြန်မှုတွေ ဖြစ်ပျက်နေတော့ ခန္ဓာဉာဏ်ရောက် တရားပါ ရှုပွားအားထုတ်လိုက်ရပါတယ်ဘုရား။

ဘုရားရှိခိုးမယ်လို့ ဘုရားစင်ရှေ့မှာ ထိုင်လိုက်တာနဲ့ တစ်ပြိုင်နက် တပည့်တော်ရဲ့အသိတွေက ဖရဏာပီတိ ဝွမ်းဆီထိထားတဲ့အတိုင်းပါဘုရား၊ ဒါကို တပည့်တော် သိပ်မပြောလိုတော့ပါဘုရား။

တပည့်တော် ပေါင်ပေါ်မှ တစ်ဆင့် တပည့်တော်ရဲ့ဘယ်ဘက်လက်ဟာ လျှင်မြန်ညင်သာစွာဖြင့် ရွေ့သွားပြီး ကြမ်းပြင်ပေါ်ကို ကျသွားပါတယ်ဘုရား၊ ဘယ်ဘက်လက်က ကြမ်းပြင်ပေါ်မှာ ညာလက်က ပေါင်ပေါ်မှာ ရှိတဲ့အတိုင်းပဲ တပည့်တော် ရှုပွားအားထုတ်ပါတယ်ဘုရား။

အဲဒီလို ရှုပွားအားထုတ်နေတဲ့ အချိန်အခါမှာ ခန္ဓာကိုယ်ကြီးဟာ ဓာတ်လေးပါးနဲ့ ဖွဲ့စည်းထားမှန်း သိသာထင်ရှားလှပါတယ်ဘုရား။

တပည့်တော် လက်အုပ်ချီထားရာမှ တဖြည်းဖြည်းပေါင်ပေါ်သို့ ကျလာတာဟာ ဝါယောရုပ်၊ ဝါယောဓာတ်ရဲ့ဖောက်ပြန်မှုကြောင့် မဟုတ်လားဘုရား။

(ဟုတ်ပါတယ်၊ ဝါယောဓာတ် ဝါယောရုပ်ဟာ ရွေ့ပေးတဲ့သဘော မြှောက်ပင့်ပေးတဲ့ သဘော၊ အောက်သို့ ဖိချ၊ တွန်းကန်ချတဲ့သဘော ဆွဲတဲ့သဘော စသည်ဖြင့် လှုပ်ရှားမှုဆိုင်ရာ များစွာသော သဘောတရားတို့ဟာ ဝါယောဓာတ်ရဲ့ဖောက်ပြန်မှုတို့ ဖြစ်ပါတယ်။)

အဲဒီလို လက်တဖြည်းဖြည်း အောက်ကျလာတဲ့အချိန်မှာ တပည့်တော်ရဲ့လက်ကို သတိကပ်ကြည့်ရှုနေတဲ့ အေးတဲ့အသိအာရုံကို ခံစားရပါတယ်ဘုရား၊ အဲဒီ အေးတဲ့သဘောဟာ တေဇောရုပ် မဟုတ်လားဘုရား။

(အေးသဘောသည် တေဇောရုပ်ပါ၊ သူ့ကို သီတ တေဇောလို့ ခေါ်ပါတယ်၊ ပူသဘောလဲ တေဇောပဲ၊ သူ့ကို ဥဏှ တေဇောလို့ ခေါ်ပါတယ်။ တေဇောရုပ်၊ တေဇောဓာတ်ဟာ ပူသဘော အေးသဘော စူးရှတဲ့သဘော၊ လောင်ကျွမ်းတဲ့သဘော ရင့်ကျက်တဲ့သဘော စသည်ဖြင့် များစွာသော သဘောတရား ရှိပါတယ်။)

"တပည့်တော် ထိုင်ပြီးတော့ ရှုမှတ်ပွားများနေတဲ့အခါ ထိတွေ့မှုဟာ သိမ်မွေ့နူးညံ့နေပါတယ်ဘုရား၊ အဲဒီသဘောဟာ ပထဝီရုပ် မဟုတ်လားဘုရား"

(ဟုတ်ပါတယ်၊ ပထဝီဟာ မာသဘော၊ ပျော့သဘော၊ နူးညံ့သဘော၊ လေးသဘော၊ ကြမ်းသဘော၊ သိမ်မွေ့သဘော၊ ခက်ထန်သဘော၊ သက်သျှောသဘော၊ ထိုင်းမှိုင်းသဘော၊ ငိုက်သဘော စသည်ဖြင့် များစွာသော တရားရှိပါတယ်)

"အဲဒီလို ရှုမှတ်နေစဉ် ပါးစပ်တွင်းမှ အရည်တွေ ယိုစီးကျလာလို့ သုံးလေးကြိမ်မျှ မျိုချလိုက်ရပါတယ်။ အဲဒီယိုစီးပြီး ထွက်လာတဲ့အရည်တွေဟာ အာပေါဓာတ် ယိုစီးမှုကို ပြနေတာ မဟုတ်လားဘုရား"

(ဟုတ်ပါတယ်၊ အာပေါရုပ်၊ အာပေါဓာတ်ဟာ ထက်လျှင် ယိုစီးတဲ့သဘောရှိပါတယ်၊ နှံ့လျှင်နလျှင် ဖွဲ့စည်းတဲ့သဘော ရှိပါတယ်)

"စင်စစ်တော့ တပည့်တော်ရဲ့ခန္ဓာကိုယ်ကြီးဟာ ချုပ်လိုက်တော့ ဓာတ်လေးပါးအစု ဖောက်ပြန်ပျက်စီးနေတဲ့ ရုပ်တရားနဲ့ အဲဒီရုပ်တရားတွေ ဖောက်ပြန်နေတာကို လိုက်ပြီး သိသိနေတဲ့ နာမ်တရားဟူ၍ ရုပ်နာမ်နှစ်ပါးသာ ရှိတယ်မဟုတ်လားဘုရား"

(ဟုတ်ပါတယ်၊ ခန္ဓာကိုယ်မှာ ရုပ်နာမ်နှစ်ပါးပဲ ရှိပါတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောက်ျား မိန်းမ ဆိုတာ အခေါ် ရှိသာ ရှိတာပါ။ တကယ်ရှိ အဟုတ်ရှိ မရှိပါဘူး၊ တကယ်ရှိ အဟုတ်ရှိ အမှန်ရှိတာကတော့ ရုပ်နာမ်နှစ်ပါးပဲ ရှိပါတယ်)

"အဲဒီ ရုပ်နာမ်နှစ်ပါးဟာလည်း ရုပ်တရားက တစ်ချက် ဖောက်ပြန်လိုက် နာမ်တရားက သိလိုက်၊ နောက်တစ်ချက် ရုပ်တရားက ဖောက်ပြန်လိုက်၊ နောက် နာမ်တရားက သိလိုက်နဲ့ ရုပ်နဲ့နာမ်နှစ်ပါးဟာလည်း ဖြစ်လိုက်ပျက်လိုက်နဲ့ တပည့်တော်အသိမှာ ရုပ်နာမ်တွေ လျှင်မြန်စွာဖြစ်ပြီး လျှင်မြန်စွာ ပျက်နေတာပဲ သိနေရပါတယ်ဘုရား။

ဆရာတော်ဘုရား၊ ရုပ်နာမ်တရားတွေ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတာကို လိုက်လိုက်သိနေပြီး နောက်ဆုံး ရုပ်တရား နာမ်တရားတွေ ဖြစ်ပျက်မှု ဆုံးသွားလို့ ဘာမျှ မသိတော့ရင် အဲဒီ ဘာမျှ မသိတော့တဲ့ နေရာဟာ နိဗ္ဗာန်ပဲလားဘုရား"

(မဟုတ်ပါ၊ ဘာမျှ မသိတော့တဲ့နေရာဟာ နိဗ္ဗာန်မဟုတ်ပါ၊ နိဗ္ဗာန်ဟာ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ အရှိ ပရမတ်တရားပါ၊ မရှိ မဟုတ်ပါ၊ ဘာမျှမရှိရင် အဘာဝ ပညတ်ဖြစ်မှာပေါ့၊ နိဗ္ဗာန်ဟာ အဘာဝပညတ် မရှိပညတ်မဟုတ်ပါ။

ပရမတ္ထတရား လေးပါး အဟုတ်ရှိ အမှန်ရှိ ထင်ရှားရှိတဲ့ တရားလေးပါး ရှိပါတယ်။ စိတ်ပရမတ်၊ စေတသိက် ပရမတ်၊ ရုပ် ပရမတ်၊ နိဗ္ဗာန် ပရမတ် ဟူ၍ အရှိတရား လေးပါး ရှိပါတယ်။

အားထုတ်တဲ့ ယောဂီဟာ အရှိနိဗ္ဗာန် ပရမတ်ကို လိုချင်လို့ ရချင်လို့ အားထုတ်နေတာပါ၊ အဲဒီ အရှိနိဗ္ဗာန်ကို လိုချင်လို့ အားထုတ်နေတဲ့ ယောဂီဟာ အရှိနိဗ္ဗာန်ရရေးအတွက် အရှိစိတ်စေတသိက် ရုပ်လို့ ခေါ်တဲ့ ပရမတ်သုံးပါး အရှိတရားများကို ရှုကြည့်ရပါတယ်။

အဲဒီ စိတ်စေတသိက် ရုပ်ပရမတ်သုံးပါးကို အကျဉ်းချုပ်လိုက်ရင် စိတ်စေတသိက်က နာမ်၊ ရုပ်က ရုပ်ဟူ၍ နာမ်ရုပ် နှစ်ပါး အထင်အရှား ရှိပါတယ်။ မရှိမဟုတ်ပါ။

အဲဒီ အရှိရုပ်နာမ်ကို ရှုပွားနေတာက ဉာဏ်ပါ၊ ဉာဏ်ဆိုတာလည်း နာမ်တရားပါ၊ အရှိတရားပါ၊ အသိတရားပါ၊ အဲဒီ ဉာဏ်အသိနဲ့ ပရိယာယ်ကို လယ်တီဆရာတော်ဘုရားကြီးက "အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ အမောဟ" ဟူ၍ လင်္ကာသီခဲ့ပါတယ်။

သို့ဖြစ်၍ ရှုဉာဏ်ဟာ ဘယ်အခါမှ မသိတယ်လို့ မရှိရပါဘူး၊ အမြဲသိနေရပါမယ်၊ အသိမရှိရင် မေ့တဲ့သဘော၊ လစ်တဲ့သဘော မောဟသဘော ဖြစ်သွားပါမယ်။

ရုပ်တရား၊ နာမ်တရားတွေ ဖြစ်ပျက်ဆုံးသွားလို့ဆိုတဲ့ နေရာမှာ ရုပ်တရား၊ နာမ်တရားတွေ ရှိနေသေးရင် ဖြစ်ပျက်ကလည်း ရှိနေပါသေးတယ်၊ ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တွေမှာလည်း ရုပ်နာမ်တွေ ရှိနေသေးတော့ ရုပ်နာမ်ဖြစ်ပျက်တွေ ရှိနေပါတယ်၊ မဆုံးသေးပါ။

ဘုရား၊ ရဟန္တာများသည် ရုပ်နာမ်ဖြစ်ပျက်တွေ မြင်သဖြင့် အဲဒီရုပ်နာမ် ဖြစ်ပျက်တွေကို ငြီးငွေ့ပြီး ရုပ်နာမ်ဖြစ်ပျက်တွေအပေါ်မှာ တပ်မက်မှု ကင်းချုပ်ပြီး ကိလေသာ အာသဝေါသံယောဇဉ်တွေ ကုန်ဆုံးသွားပါတယ်။ ရုပ်နာမ် ဖြစ်ပျက်တွေက ဖြစ်ပျက်အတိုင်းပဲ ရုပ်နာမ်ရှိသမျှ ဖြစ်ပျက်နေပါတယ်။

ရုပ်နာမ်ဖြစ်ပျက်ကို အာရုံပြုပြီး သိနေတဲ့အသိဟာ ဝိပဿနာဉာဏ်သိပါ၊ အဲဒီ ရုပ်နာမ်ဖြစ်ပျက်တွေ အပေါ် ငြီးငွေ့ပြီး တပ်မက်မှုကင်းတဲ့အခါ ဝိပဿနာဉာဏ် သိမှ မဂ်ဉာဏ်သိ ပေါ်လာပါတယ်။

- အဲဒီလို မဂ်ဉာဏ်သိ ပေါ်လာတဲ့အခါ မဂ်ဉာဏ်ရဲ့အာရုံက နိဗ္ဗာန်အာရုံဖြစ်တော့ နိဗ္ဗာန်ပေါ်ပါတယ်။ အဲဒီ ပေါ်လာတဲ့ နိဗ္ဗာန်အာရုံကို မဂ်ဉာဏ်က အာရုံပြုပါတယ်။

အဲဒီမှာ သတိသေသေချာချာ ထားပါ။ ပထမရှုပွားစဉ် အသိဝိပဿနာဉာဏ် အသိပါ။ အသိရှိနေပါတယ်၊ အာရုံက ရုပ်နာမ်ဖြစ်ပျက် အာရုံပါ။

ရှုပွားပါများတော့ ဝိပဿနာဉာဏ်ဟာ ရုပ်နာမ်ဖြစ်ပျက် အာရုံပေါ်မှာ ငြီးငွေ့စိတ်ပျက် တပ်မက်မှု ကင်းလာပါတယ်၊ ရုပ်နာမ်ကို အာရုံမပြုချင်တော့ပါ။ အဲဒီအခါမှာ နိဗ္ဗာန်အာရုံ ပေါ်လာပါတယ်။ ဒီက ဝိပဿနာဉာဏ်ကလည်း ရင့်ကျက်ပြီး မဂ်ဉာဏ်သို့ ကျေးဇူးပြုပြီး မဂ်ဉာဏ်သို့ ကူးသွားပါတယ်။

ဒီတော့ အာရုံက အရှိနိဗ္ဗာန်၊ ဉာဏ်က အသိမဂ်ဉာဏ် မဟုတ်လား၊ အသိရှိပါတယ်၊ မသိတော့ မဟုတ်ပါ၊ ဝိပဿနာဉာဏ်သိမှ မဂ်ဉာဏ်သို့ ပြောင်းသွားခြင်းပါ။ မသိတော့ မဟုတ်ပါ။ မသိတော့ရင် ဘာမှမဟုတ်တော့ပါလို့ မှတ်ပါ။

ဘာမျှ မသိတော့ရင် အဲဒီ ဘာမျှမသိတော့တဲ့ နေရာဟာ နိဗ္ဗာန်လားဆိုတဲ့ ပတ်သက်လို့ "မသိတော့" တာက မရှိလို့ "မသိတာ" လား၊ ရှိလျက်နဲ့ မသိတာလားဆိုတာ ပြန်ကြည့်ပါ၊ သတိပြုပါ။

နိဗ္ဗာန်ဟာ အရှိဖြစ်၍ မရှိမဟုတ်ပါ။ အရှိဖြစ်၍ မသိလျှင် သတိလစ်ခြင်း၊ မေ့ခြင်း၊ တွေဝေခြင်းသာ ဖြစ်ပါသည်။

ဟုတ်ပါသည်။ အာရုံတစ်ခုခုသည် အမြဲရှိပါသည်။ အသိတစ်ခုခုကလည်း အမြဲရှိပါသည်။ အာရုံနှင့် အသိစိတ်မှာ ကင်း၍မရပါ။

ကိလေသာ၏ အာရုံသည် ပညတ်ဖြစ်ပါသည်။ ဝိပဿနာ၏ အာရုံသည် ရုပ်နာမ် ဖြစ်ပါသည်။ မဂ်ဖိုလ်၏ အာရုံသည် နိဗ္ဗာန်ဖြစ်ပါသည်။

အာရုံပညတ်ဖြစ်က ကိလေသာစိတ် ကိလေသာသိအနေနှင့် သိပါမည်။

အာရုံက ရုပ်နာမ်ဖြစ်လျှင် ဝိပဿနာသိအနေနှင့် သိပါမည်။ အာရုံက နိဗ္ဗာန်ဖြစ်လျှင် မဂ်ဉာဏ်သိအနေ သိရပါမည်။ တရားနယ်မှာ မသိတော့တဲ့နေရာဟူ၍ မရှိပါ။ မသိခြင်းသည် မေ့ခြင်း၊ လစ်ခြင်း၊ အိပ်ပျော်ခြင်း တစ်မျိုးမျိုးကြောင့် ဖြစ်ပါသည်။

မသိတော့တဲ့ နေရာဟာ နိဗ္ဗာန်မဟုတ်ပါ။ နိဗ္ဗာန်သည် အရှိပရမတ်ဖြစ်၍ အသိပရမတ်နှင့် အာရုံပြုနိုင်ကောင်းသော အာရုံပြုရသော တရားဖြစ်ပါသည်။ အာရုံလွတ် အသိလွတ် မဟုတ်ပါ)

"အဲဒီလို စတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်သဘောတွေကို ရှုမှတ်ပွားများနေရင်း တပည့်တော်ရဲ့ ရင်တွင်းမှာ အလိုလိုပေါ်လာတဲ့ အသိလေးတစ်ခုကို တပည့်တော် လျှောက်တင်ပါရစေဘုရား။

"မမြဲတဲ့ဒါန၊ မမြဲတဲ့သီလ၊ မမြဲတဲ့ ဘာဝနာတရားတွေ လုပ်ခဲ့လို့ မမြဲတဲ့ ရုပ်နာမ်ကို ရတာ၊ မြဲတဲ့ဒါန၊ မြဲတဲ့ သီလ၊ မြဲတဲ့ဘာဝနာ အလုပ်ကို လုပ်ရင် မြဲတဲ့ နိဗ္ဗာန်ကိုရမယ်"

တဲ့ ဘုရား၊ အဲ့ဒီအတိုင်းပဲ ရင်ထဲက စာတန်းထိုးသလို အသိတရားလေး ပေါ်လာပါတယ်ဘုရား၊ ဒီပေါ်လာတဲ့ အချက်ကို တပည့်တော် စဉ်းစားကြည့်တဲ့အခါ အတိတ်က ဒါန၊ သီလ၊ ဘာဝနာအလုပ်တွေကို မိမိရရ စွဲစွဲမြဲမြဲ မလုပ်ခဲ့လို့ ဒီဘဝမှာ မမြဲတဲ့ ရုပ်နဲ့ နာမ်ခန္ဓာသာပါတဲ့ ဒီကိုယ်ကြီးကို ရလာတယ်။

အခု ပစ္စုပ္ပန်မှာ စွဲစွဲမြဲမြဲ သတိရှေ့ထား ဝီရိယတင်ထားကာ စွဲစွဲမြဲမြဲ ဒါနပြု၊ သီလဆောက်တည် ဘာဝနာပွားများမယ် ဆိုရင်ဖြင့် တပည့်တော်လိုချင်သော နိဗ္ဗာန်ကို ရောက်မယ်လို့ တပည့်တော် ယူဆမိပါတယ်ဘုရား။ တပည့်တော်ရဲ့ယူဆချက်တွေးခေါ်ချက် မှန်.မမှန်ကို ဆရာတော်ဘုရား အဆုံးအဖြတ် ပေးတော်မူပါဘုရား"

(မမှန်ပါ၊ ဒါန သီလ ဘာဝနာတရားတွေဟာ ဘယ်မှာ မြဲတဲ့ဒါန သီလ ဘာဝနာရယ်လို့ ရှိမလဲ။ မမြဲတဲ့ ဒါန သီလ ဘာဝနာတရားတွေ ချည်းပါပဲ။ မမြဲတဲ့ ဒါန သီလ ဘာဝနာတရားတွေကြောင့် မမြဲတဲ့ ရုပ်နာမ်ရတာ မဟုတ်ပါ၊ ရုပ်နာမ် ခန္ဓာ

ကို ချမ်းသာသုခထင်ပြီးခင်မင်ကာ လိုချင်စွဲလမ်းပြီး ရချင်တဲ့အတွက် ဒါန သီလ ဘာဝနာတရားတွေ ပြုလုပ်ပြီး ဆုတောင်းယူတဲ့အတွက် မမြဲတဲ့ ရုပ်နာမ်ခန္ဓာ ရတာပါ။

ယခုဘဝမှာလို ရုပ်နာမ်ခန္ဓာတွေရဲ့ ဖြစ်ပျက် ဒုက္ခတွေမြင်ပြီး ရုပ်နာမ်ဖြစ်ပျက်တွေ ဒုက္ခတွေကို ကြောက်ကာ ရုပ်နာမ် ဒုက္ခတွေ ချုပ်ဆုံးရာ နိဗ္ဗာန်ကို မျှော်မှန်းပြီး ဒါန သီလ ဘာဝနာတွေပြုက မြဲတဲ့နိဗ္ဗာန် ရပါတယ်။ အဲဒီနိဗ္ဗာန်ရည်မှန်းပြုတဲ့ ဒါန သီလ ဘာဝနာဟာလည်း မမြဲတဲ့ ဒါန သီလ ဘာဝနာပါပဲ။

ပြုလုပ်တဲ့ ဒါန သီလ ဘာဝနာကတော့ မမြဲတာချင်း အတူတူပါပဲ။ ဒီဒါန သီလ ဘာဝနာကြောင့် ရုပ်နာမ်ဒုက္ခကို သုခထင်ပြီး လိုချင်လို့ ပြုလုပ်တော့ ရုပ်နာမ်ဒုက္ခမမြဲ ပျက်စီးတာတွေ့ရပါတယ်၊

ဒီ ဒါန သီလ ဘာဝနာကြောင့် ရုပ်နာမ်ဒုက္ခကို ဒုက္ခထင်ပြီး မလိုချင်လို့ နိဗ္ဗာန်လိုချင်လို့ ပြုလုပ်တော့ ရုပ်နာမ် ဒုက္ခဆုံးရာ နိဗ္ဗာန်ရောက်ပါတယ်။ မမြဲတဲ့ ဒါန သီလ ဘာဝနာပြုလုပ်တဲ့ နေရာမှာ ရည်ရွယ်ချက် မျှော်မှန်းချက် ကွာခြားသွားလို့ အရကွာခြားသွားတယ်လို့ မှတ်ပါ)

"တပည့်တော် အဲဒီလို အသိလေးပေါ်ပြီး တရားဆက်လက်ရှုပွားရာ တပည့်တော်တစ်ကိုယ်လုံး လင်းထိန်နေတယ်လို့ ထင်ရပါတယ်ဘုရား။ ဒီအလင်းကို တပည့်တော် အာရုံမပြုဘဲ ခန္ဓာရဲ့အဖြစ်အပျက်ကိုသာ စောင့်ပြီး ကြည့်ရှုနေတော့ ခန္ဓာရဲ့အဖြစ်တရားတွေဟာ ဖြစ်ပြီးရင် ပျက်၊ ပျက်သွားတာ မြန်လွန်းလို့ တပည့်တော် တုန်လှုပ်သွားမိပါသေးတယ်ဘုရား။

ခန္ဓာကြီးမှာ ရုပ်တရားက ဖောက်ပြန်လိုက်၊ နာမ်တရားလေးက သိလိုက်နဲ့၊ ရုပ်တရား ပျက်စီးမှုမြန်လေလေ အသိစိတ် သိမှုက မြန်လေလေဆိုတော့ တပည့်တော်ရဲ့စိတ်ထဲမှာ -

"ဒါကြောင့် တို့သုံးလောကထွတ်ထား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက လက်ဖျစ်တတွက်

အချိန်လေးမှာ နာမ်တရားတွေဟာ ကုဋေတစ်သိန်းမက ပျက်စီးနေတယ်လို့ ဟောထားတာ မှန်လိုက်တာပါလား"

လို့ အတွေးပေါ်လာမိပါတယ်။ ဘုရားတပည့်တော် ဘုရားရှိခိုးချင်လို့ ဘုရားရှင်ရှေ့မှာ ထိုင်ပြီး ဝတ်ပြုပါတယ်၊ သူ့သဘောက ခန္ဓာရဲ့ဖောက်ပြန်မှုကို ကြည့်ခိုင်းတယ်။

သူ့သဘော သူဆောင်တဲ့ အနတ္တတရားမှန်း သိသာအောင် တပည့်တော်ကို ခန္ဓာပြနေလိုက်တာ၊ တပည့်တော် အဖို့ ဘယ်လိုလုပ်ရမှန်းတောင် မသိပါ။ နောက်ဆုံး သူ့သဘော သူဆောင်နေတာ ဘာလုပ်ချင်သေးလို့လဲ ဆိုပြီး သူ့သဘော အတိုင်းပဲ မြင်အောင်သိအောင် တပည့်တော် စောင့်ကြည့်နေလိုက်ရပါတော့တယ်ဘုရား။

တပည့်တော်ခန္ဓာရဲ့ ရုပ်တရား ဖောက်ပြန်မှု အစုစုဟာ လျှင်မြန်လွန်းလို့ ဘယ်လို ဥပမာနဲ့ တင်စားရမှန်းတောင် တပည့်တော် မသိတော့ပါ။

တပည့်တော် ရုပ်နာမ်တွေကို စောင့်ကြည့်နေရင်း ၈ နာရီခွဲသံ ကြားလို့ ရှိခိုးဦးချတော့မယ် ဆိုပြီး ဘုရားရှင်ကို ရှိခိုးဦးချတဲ့အခါ ရှိခိုးဦးချလို့လည်း မရပါဘူး။

ရှိခိုးဦးချလို့ မရတော့ တပည့်တော်လည်း ဒီအတိုင်းပဲ သတိမှတ်နေရပါတယ်ဘုရား၊ နောက်အတန်ကြာတော့ ရှိခိုးဦးချကြည့်လိုက်တော့မှ ရှိခိုးဦးချလို့ ရသွားပါတယ်ဘုရား။

နာရီကြည့်လိုက်တော့ ၉ နာရီထိုးပြီး ၅ မိနစ် ရှိပါပြီဘုရား။ ဆရာတော်ဘုရားကိုလည်း အာရုံပြုကာ တပည့်တော်ရဲ့ သီလ သမာဓိ ပညာတည်းဟူသော သိက္ခာသုံးရပ် အကျင့်မြတ်နဲ့ ရှိခိုးပူဇော်ပြီး သတ္တဝါအားလုံးကို မေတ္တာပို့ အမျှဝေမယ်လို့ ပါးစပ်က မေတ္တာပို့ဆိုတဲ့အခါ ပါးစပ်ဖွင့်လို့ မရတော့ပါ။ နှစ်ကြိမ် သုံးကြိမ် ပါးစပ်ဖွင့်ကြည့်တယ်၊ ဖွင့်လို့ မရပါဘုရား။

ဒါနဲ့ပဲ တပည့်တော်စိတ်ထဲက ဆရာတော် ဆယ်ရက်စခန်းမှာ အမျှဝေသလိုပဲ အမျှပေးဝေလိုက်ရပါတယ်ဘုရား၊ နတ်လူသာဓုခေါ် ဂါထာကိုလည်း နှုတ်မှ ရွတ်ဆိုလို့ မရတော့ပါဘုရား။ ဒါနဲ့ တပည့်တော်လည်း အိပ်ရာဝင်လိုက်ရပါတယ်။

အိပ်ရာဝင်စောတော့ အိပ်ရာထလည်း စောပါတယ်ဘုရား၊ သုံးနာရီ အချိန်ကတည်းက နိုးနေပါတယ်ဘုရား၊ အိပ်ရာက နိုးလာတဲ့အခါ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွက်လက်လျက်ပါဘုရား -

ပေါ့ပါးသွက်လက်သော်လည်း တပည့်တော် သိပ်ပြီး စကားမပြောချင်ပါဘုရား၊ အဲဒီလို ဖြစ်တာ ဘာအကြောင်းလဲလို့ တပည့်တော် စဉ်းစားတွေးတောမိပါတယ်၊ ဘယ်လိုမှ စဉ်းစားတွေးတောလို့ အဖြေမပေါ်လာလို့ ဆရာတော်ဘုရားတို့ တပည့်တော် မေးလျှောက်ပါတယ်ဘုရား၊ တပည့်တော် အဲဒီအချက်တွေလည်း ဖြေရှင်းပေးပါဦးဘုရား။

ဘုရားရှိခိုးလို့ မရတဲ့အထိ ပါးစပ်က ပိတ်နေတော့ တပည့်တော်အတွက် အမှားများ ရှိနေပြီလားဘုရား၊ အမှန်ကန်ဆုံး အမိန့်ရှိပါဘုရား။

(အမှားများ ရှိနေပြီလားဘုရား ဆိုတော့ အမှားရှိလို့ နတ်ဖမ်းစားတဲ့သဘောထင်ပြီး ကြောက်နေသလား မသိပါ၊ အမှားမရှိပါ၊ နတ်ဖမ်းစားတဲ့သဘောမျိုး မဟုတ်ပါ။

ယောဂီဟာ ဘာဝနာပွားမှု အရှိန်က ကောင်းနေပါတယ်။ ဘာဝနာ လက်မလွှတ်ဘဲ သတိဦးစီးနေတယ်၊ ဘုရားရှိခိုးဖို့ ဘုရားစင်ရှေ့လာပေမဲ့ ဘာဝနာပွားမှု လက်မလွှတ်ဘဲ လာတော့ ဘုရားရှိခိုးချင်တဲ့ စိတ်ထက် ဘာဝနာပွားချင်စိတ်က အားကောင်းနေတော့ အဲဒီ ဘာဝနာပွားချင်စိတ်ကြောင့် ဖြစ်တဲ့ စိတ္တဇဝါယောဓာတ် စိတ်ကြောင့်ဖြစ်တဲ့လေကား ချုပ်ထိန်းမှု အားကောင်းလို့ ပါးစပ် ဖွင့်လို့မရတာပါ။ အမှားရှိလို့ မဟုတ်ပါ။

အဲဒီသဘောမျိုးဟာ ယောဂီအတော်များများမှာ ဖြစ်ပေါ်တတ်ပါတယ်။ အချို့ယောဂီတွေဟာ ထိုင်ပြီး ရှုပွား အားထုတ်နေရာမှ ထတဲ့အခါ ထလို့ မရတော့တာ၊ လှုပ်လို့ မရတော့တာ၊ လက်မ,လို့ မရတာ စသည်တွေ ဖြစ်တတ်ကြပါတယ်။

ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရားတို့ကြောင့် ဖြစ်တဲ့ တရားပါ၊ အဲဒီ အကြောင်းလေးပါးမှာ တရားအားထုတ်တဲ့အခါ စိတ်အကြောင်းကို အထူးသတိရှိပါ။ စိတ်အကြောင်းများစွာ ချယ်လှယ်ပါဝင်နေတာကို တွေ့ရရင် တအံ့တဩဖြစ်လာပါလိမ့်မယ်)

ဆရာတော်ဘုရား၊ တပည့်တော်ရဲ့ရှုမှတ်ပွားများမှု အားလုံးဟာ အနိစ္စမမြဲတဲ့တရားနဲ့ အနတ္တအလိုမလိုက် အကြိုက်မပါတဲ့ တရားသာ ပိုင်နိုင်စွာမြင်တွေ့ရပြီး ဒုက္ခတရားကျတော့ မထင်ရှားလှပါ။ အနိစ္စနှင့် အနတ္တသာထင်ပြီး ဒုက္ခကို ပိုင်းခြားပြီး မသိရတော့ တပည့်တော်ရဲ့ရှုမှတ်ပွားများမှုဟာ ပြည့်စုံမှု ရှိပါ့မလားဘုရား။

ဆရာတော်ဘုရား၊ တပည့်တော်၏ အထက်ပါ လျှောက်တင်ချက်များကို မှန်,မမှန်၊ ဟုတ်,မဟုတ် တိတိကျကျ ရှင်းလင်းစွာ ပြန်ကြားဖြေရှင်းပေးပါရန် လျှောက်ထားပန်ကြားအပ်ပါသည်ဘုရား။

(......)

၅-၂-၈၂

# သာသနာ့အမွေ ခံထိုက်သူ ဖြစ်နိုင်,မဖြစ်နိုင် ဖြေကြားပေးတော်မူပါဘုရား

(၂၁၁)

## သာသနာ့အမွေ

ရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံကို အဆီညှစ်၍အနှစ်အရသာကို ထုတ်ယူသည် ရှိသော် ဗောဓိပက္ခိယတရား (၃၇)ပါး ရ၏။ ဗောဓိပက္ခိယတရား (၃၇)ပါးသည် ပိဋကတ်သုံးပုံ၏ အဆီအနှစ်တည်း။ ဤ ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် ဘုရားအမွေတော် မည်ကုန်၏။ သာသနာ့အမွေတော် မည်ကုန်၏။

တဖန် ဗောဓိပက္ခိယတရား (၃၇)ပါးကို အကျဉ်းချုံးပြန်သော် ဝိသုဒ္ဓိ (၇)ပါး ဖြစ်၏။ ဝိသုဒ္ဓိ (၇)ပါးကို အကျဉ်းချုံးပြန်သော် သီလ, သမာဓိ, ပညာ သုံးပါး ဖြစ်၏။ အဓိသီလ, အဓိစိတ္တ၊ အဓိပညာ သာသနာတော်ကြီး သုံးပါးခေါ်၏။ သိက္ခာ သုံးပါး လည်း ခေါ်၏။

## နိစ္စသီလမျိုး

သီလဆိုသော်လည်း လူတို့မှာ နိစ္စသီလမျိုးကိုသာ ပဓာနအားဖြင့် လိုအပ်၏။ နိစ္စသီလမျိုးနှင့် ပြည့်စုံသောသူတို့ အား ယခုဘဝ၌ မဂ်ဖိုလ်ကို ရနိုင်ရန် ဝိဇ္ဇာစရဏတရားစုတွင် သီလဟူသော စရဏတရား ပြည့်စုံပါတော့သည်၊ ထိုနိစ္စသီလ မျိုး အပေါ်၌ ဥပုသ်သီလမျိုး အမှန်းတင်နိုင်ပါလျှင် သာ၍ ကောင်းမြတ်ပါတော့သည်။

နိစ္စသီလမျိုးဆိုသည်ကား လူတို့၌ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလမျိုးတို့ ဖြစ်ပါသည်။ ထိုသီလမျိုးတို့ကို ကောင်းစွာ စောင့်ထိန်းကြရာ၏။ ပုထုဇဉ်ဂုဏ်ဖြစ်၍ လွန်ကျူးမိပြန်လျှင် "ဤအမှုကို နောင်ရှောင်ကြဉ်အံ့" ဟု ဆောက်တည်က ခဏချင်း တည်ပြန်၏။ နောင် လွန်ကျူးမိပြန်လျှင်လည်း ထိုနည်းအတူ ဆေးကြောလျှင် စင်မြဲ စင်ပြန်တော့သည်၊ ဆေးကြော၍ စင်ပြန် လျှင်လည်း သီလနှင့် ပြည့်စုံသူ ဖြစ်ပြန်၏။ မခဲယဉ်းပါ။

နိစ္စသီလမျိုးဖြစ်ခဲ့၍ လွန်ကျူးမိလို့ရှိရင် ဘယ်အခါမျိုးမဆို ခဏချင်း သုတ်သင်ဆေးကြောမှု အသစ်ဆောက်တည်မှုကို ပြုရသည်။ ယခုကာလ၌ သီလနှင့် ပြည့်စုံသူတို့ကား သမာဓိ၊ ပညာသမားတို့နှင့် နှိုင်းဆသော် ပေါများကုန်၏။

ကသိုဏ်း၊ အသုဘ အစရှိသော အာရုံတို့ မနေ့ဒွါရအတွင်း၌ ကွက်ကွက်ကွင်းကွင်း ထင်မြင်မှုရှိသော သမာဓိလို ပေါက်ရောက်ဖူးသောသူ ရုပ်နာမ်ဓမ္မတို့၏ အနိစ္စလက္ခဏာတို့ ဉာဏ်ပညာ ပေါက်ရောက်ဖူးသော သူတို့သည်ကား အလွန်ရှားပါးလှကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော် သမထ၊ ဝိပဿနာ၏ ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မတို့ အလွန်ထကြွသောင်းကျန်းသောအခါ ဖြစ်သောကြောင့် ဖြစ်ပါသည်။

## ဓမ္မန္တရာယ်

ဓမ္မန္တရာယ်ကိုပြုတတ်သောမိစ္ဆာဓမ္မဆိုသည်ကား သံသရာဘေးကိုကောင်းစွာမမြင်နိုင်ခြင်း၊ မဂ်ဖိုလ်ကို ရထိုက်သော ခေတ်ကာလ ရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု အလိုဆန္ဒ လုံ့လကို စွန့်ထားခြင်း စသည်တို့ဖြစ်ပါသည်။ ကုသိုလ်မှုတို့ မည်သည် အဆုံးတိုင် မရောက်သော်လည်း အချည်းနှီးဖြစ်ကုန်သော အမှုမျိုးတို့ မဟုတ်ကြပါ -

၁။ ပါရမီ မရှိသေးသူ အားထုတ်လျှင် ပါရမီ ဖြစ်၏။

၂။ ပါရမီ မရှိသေးသူ အားမထုတ်လျှင် ပါရမီဖြစ်ခွင့်ကိုမျှ မရပြီ။

၃။ ပါရမီမရင့်သေးသောသူ အားထုတ်လျှင် ပါရမီရင့်ရာ နောက်ဘဝမှာ ဤသာသနာ၌ပင် မဂ်ဖိုလ်ကို ရနိုင်၏။

၄။ ပါရမီ မရင့်သေးသူ အားမထုတ်လျှင် ပါရမီ ရင့်ခွင့်ကိုမှ မရပြီ။

၅။ ပါရမီ ရင့်ပြီးသူ အားထုတ်လျှင် ယခုဘဝ၌ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်၏။

၆။ ပါရမီ ရင့်ပြီးသူ အားမထုတ်လျှင် ယခုဘဝ မရပြီ။

၇။ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သူ အားထုတ်လျှင် နောက်ဘဝ၌ တိဟိတ်ပုဂ္ဂိုလ် ဖြစ်နိုင်ပါသည်။

၈။ ဒွိဟိတ်ပုဂ္ဂိုလ် အားမထုတ်ပါလျှင် ဘဝအဆက်ဆက်ပင် ဒွိဟိတ်က တက်ခွင့်မရနိုင်သည့်ပြင် အဟိတ်သို့ပင် လျှော့၍သွားဖို့သာ ရှိပါတော့သည်။

လောက၌ တစ်စုံတစ်ယောက်သောသူသည် ရဟန်းပြုမည်၊ သီလရှင်ပြုမည်ဟု ကြံစည်အားသစ်လျက် ရှိ၏။ ယင်းကို သိမြင်သော တစ်စုံတစ်ယောက်သောသူက "တစ်သက်လုံး နေနိုင်မှ ကြံနော်၊ မနေနိုင်လျှင် မကြံနှင့်၊ တော်တော်ကြာ ခေါင်းတုံး အဖတ်တင်နေမယ်" ဟု ပြောဆိုမိတတ်ပါသည်။

ယင်းသို့ မပြောဆိုကောင်း၊ မပိတ်ပင်ကောင်းပါ။ ပြောဆိုပိတ်ပင်လျှင် တရား၏ အနှောင့်အယှက် ဓမ္မန္တရာယ်ကို ပြုသည် မည်ပါသည်။ ရှင်တော်ဘုရားက -

> "ကောင်းမှုကုသိုလ် တစ်မျိုးတို့၌ စိတ်အကြံဖြစ်ကာမျှကိုလည်း ကျေးဇူးဥပကာရ များလှ၏ ဟူ၍ ငါဘုရား ဟောတော်မူ၏"

ဟူ၍ ဟောတော်မူခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် မည်သည့်ကုသိုလ်ကို ဖြစ်ဖြစ် မတားမြစ် မပိတ်ပင်ရပါ။ ဒါနကုသိုလ်ကိုလည်းကောင်း၊ ဒါနကုသိုလ်ပြုသူကိုလည်းကောင်း တားမြစ်ပိတ်ပင် ရှုတ်ချလျှင် ကုသိုလ်၏ အနှောင့်အယှက် ပုညန္တရာယ် ပြုတတ်ပါသည်။

"သီလ သမာဓိ ပညာကုသိုလ်ကိုလည်းကောင်း၊ ယင်းကုသိုလ်ကို အားထုတ်သူကိုလည်းကောင်း တားမြစ်ပိတ်ပင်ရှုတ်ချလျှင် ဓမ္မန္တရာယ် ငြိတတ်ပါသည်။

ပုည န္တရာယ် ငြိခဲ့လျှင် နောက်နောင်ဘဝတို့၌ တန်ခိုးအရှိန်အဝါ ဥစ္စာဓနကင်း၍ ဆင်းရဲအတိ ဖြစ်တတ်ပါသည်။ ဓမ္မန္တရာယ် ငြိခဲ့လျှင် နောက်နောင်ဘဝတို့၌ သီလသိက္ခာ အလိမ္မာကင်းရှင်း၍ ယုတ်ညံ့ခြင်းအတိ ဖြစ်သည်။

## လူဖြစ်ကျိုး နပ်မည်

ယခုအခါ သာသနာတွင်းသို့ ကြုံကြိုက်ကြကုန်သော သူအပေါင်းတို့အား မိစ္ဆာဓမ္မတို့ကို ပယ်ရှင်း၍ ယခုဘဝ၌ပင် အပါယ်သံသရာမှ ကျွတ်ထိုက်လျှင်လည်း ကျွတ်စေရမည်၊ မကျွတ်ထိုက်လျှင်လည်း နောင်ဘဝ၌လည်းကောင်း၊ နောက်ဘုရားသာသနာ၌လည်းကောင်း ကျွတ်လွတ်နိုင်ရန် သမထဝိပဿနာ ပါရမီမျိုးစေ့ကို အောင်မြင်စွာ ရစေ၍ သာသနာ့အမွေ ခံယူရမည်ဟု ထက်သန်သောဆန္ဒ၊ ဝီရိယဖြင့် သမထအလုပ်၊ ဝိပဿနာအလုပ်များကို ယောကျ်ား မိန်းမ အားထုတ်ကြမှသာ ဘဝအခြေအနေနှင့် လူဖြစ်ကျိုး နပ်ပါလိမ့်မည်။

## မသိသူ့များ သိသူ့ရှား

လူ့ဘဝ ရခိုက် လူဖြစ်ကျိုးနပ်ရန် သာသနာ့အမွေခံ အလုပ်ကို လူတိုင်း လုပ်သင့်လုပ်ထိုက် လုပ်နိုင်ပါသည်။ သို့သော် ယင်းသာသနာ့အမွေနှင့် ပတ်သက်၍ မသိသူ့များ သိသူ့ရှားပါးနေသည်ကို အောက်ပါ ပေးစာတစ်စောင်ကို ဖတ်ရှုသောအားဖြင့် သိနိုင်ပါသည်။

၁၃-၁-၈၃

ကျေးဇူးရှင် ဆရာတော်ဘုရား -

တပည့်တော် ရိုသေစွာ စာရေးလျှောက်ထားအပ်ပါသည် ဘုရား၊ ဆရာတော်ဘုရားအနေနဲ့ တရားဟော၊ တရားပြ စာရေးစာချ အစရှိသည့် သာသနာ့လုပ်ငန်းများကို တာဝန်သိစွာ မရပ်မနား ထမ်းဆောင်နေရသဖြင့် အားချိန် မရှိသလောက် နည်းပါးနေသည်ကို တပည့်တော် သိပါတယ်ဘုရား။

သို့သော်လည်း တပည့်များ၏ မသိနားမလည်သော ပြဿနာများကို နားလည်သဘောပေါက်စေရန် သွန်သင်ညွှန်ပြ ပေးရမည်မှာ ဆရာသမားများ၏ ဝတ္တရားပင် ဖြစ်တယ်မဟုတ်ပါလားဘုရား။

ဒါကြောင့် တပည့်တော် ရင်တွင်းဝယ် ရှိနေသော မရှင်းလင်းသည့် ပြဿနာတစ်ရပ်ကို တပည့်တော် နားလည်သဘောပေါက်စေရန် မေတ္တာရှေ့ထားကာ ရှင်းလင်းဖြေကြားပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

၁။ တပည့်တော် ဒုက္ခများမြောင်လှတဲ့ အိမ်ထောင်တာဝန် ဝတ္တရားတွေကို ကြောက်ရွံ့လှသဖြင့် ဘဝ အဖော် မရှာဘဲ မိမိဘဝလမ်းမှာ မိမိတစ်ယောက်တည်း လျှောက်လှမ်းနေပါတယ်ဘုရား။

ဒီလိုတပည့်တော် ဘဝလမ်းမှာတစ်ယောက်တည်းလျှောက်လှမ်းနေတာကိုတပည့်တော်ရဲ့အပေါင်းအသင်း သူငယ်ချင်းတွေက "နင်တို့လို တစ်ကိုယ်တည်းသမားတွေဟာ သာသနာ့အမွေကို မခံနိုင်ဘူးတဲ့၊ ငါတို့လို သားရတနာတွေကို ရှင်ပြုရဟန်းခံပေးမှ သာသနာ့အမွေကို ခံနိုင်မယ်တဲ့ဘုရား။

ဒီအချက်နှင့် ပတ်သက်၍ တပည့်တော် မရှင်းလင်းတာကို မေးမြန်းလျှောက်ထားပါရစေဘုရား။

တပည့်တော် အပေါင်းအသင်း သူငယ်ချင်းတွေ ပြောဆိုချက်အရ တပည့်တော်တို့လို တစ်ကိုယ်တည်းသမားတွေ အဖို့ သာသနာ့အမွေအနှစ်ကို မခံရတော့ဘူးလား ဘုရား။

၂။ ကြုံတောင့်ကြုံခဲ သာသနာတော်အတွင်းမှာ ခဲယဉ်းလှတဲ့ လူ့ဘဝ ရရှိလာတဲ့ တပည့်တော်အဖို့ သာသနာ့အမွေကို ခံယူချင်ပါတယ်ဘုရား၊ သာသနာ့အမွေ ခံနိုင်ရန် မိမိမှာ ရင်နှစ်သည်းချာ သားရတနာ မရှိသော်လည်း နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ သားများကို ရှင်ရဟန်း ပြုပေးခြင်းအားဖြင့် သာသနာ့အမွေ ခံနိုင်ပါသလားဘုရား။

၃။ တပည့်တော် နာကြားမှတ်သားသော ဆရာတော်ဘုရားရဲ့ဩဝါဒစကားများအရ သာသနာဆိုတာ အဆုံးအမဖြစ်ပြီး ဘုရားသာသနာဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒတရားကို ခေါ်တယ်လို့ နားလည်သဘောပေါက်ပါတယ် ဘုရား။

ဒါကြောင့် သာသနာ့အမွေခံတယ်ဆိုတာ မြတ်စွာဘုရားရဲ့ဩဝါဒတရား ဆိုဆုံးမတရားတွေကိုမပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့သူ၊ ပြန့်ပွားအောင် ကြိုးစားအားထုတ်နေတဲ့သူကို သာသနာ့အမွေ ခံတဲ့သူလို့ ခေါ်မယ်မဟုတ်လား ဘုရား၊ ဒါဟာ တပည့်တော်ရဲ့ထင်မြင်ယူဆချက်ပါဘုရား။

၄။ အဲဒီလိုယူဆထားသည့်အတိုင်း တပည့်တော်ဟာ မြတ်စွာဘုရား ဆိုဆုံးမဩဝါဒခြွေထားတဲ့အတိုင်း ဒါန. သီလ. ဘာဝနာ အလုပ်တွေကိုရတဲ့အချိန်မှာဖြစ်တဲ့နည်းနဲ့ ကိုယ်အားဉာဏ်အားစွမ်းအားရှိသလောက် ပေးကမ်းလှူဒါန်း သီလဆောက်တည်ကာ တရားဘာဝနာများ ပွားများလျက် ရုပ်နာမ်ခန္ဓာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်စခန်းသို့ အရောက်လှမ်းနိုင်ရေးအတွက် ကြိုးစားနေပါတယ်ဘုရား။

တပည့်တော် ယူဆချက်အတိုင်း ကြိုးစား ဆောင်ရွက်နေခြင်းဖြင့် တပည့်တော်ဟာ သာသနာ့အမွေ ခံထိုက်သူ ဖြစ်နိုင်.မဖြစ်နိုင် ဖြေကြားပေးတော်မူပါဘုရား။

၅။ တပည့်တော်ရဲ့ထင်မြင်ယူဆချက်များ မှားယွင်းနေပါက အမှန်တရားဘက်သို့ ရောက်ရှိရန် "သာသနာ့အမွေခံယူခြင်း" ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းလင်းအောင် ဖြေကြားပေးတော်မူပါလို့ လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့စွာနှင့် သာသနာ့အကျိုး သယ်ပိုးထမ်းရွက်နိုင်ပါစေလို့ ဆန္ဒပြုဆုမွန်တောင်းလျက် –

တပည့် (......)

၁၄-၂-၈၃

## ပြန်ကြားသိစေသည်

အမေးပုစ္ဆာ ပြဿနာစာက တိုပေမဲ့ အဖြေကတော့ ရှည်ပါမည်။ အမေးမှာ ၁ မှ ၅ အထိ ရှိသော်လည်း အဖြေကို တစ်ခုစီ မဖြေဘဲ ပေါင်း၍ ဖြေလိုက်ပါမည်။ ပေါင်း၍ဖြေခြင်းဖြင့်ပင် အမေး (၅)ခုလည်း ပါဝင်ပြီး ဖြေရှင်းပြီးသား ဖြစ်သွားပါမည်။

### သာသနာ့အမွေ

ယခုအခါ ဘုရားသာသနာတော်၌ လူဖြစ်ကျိုး နပ်ကြရအောင် သမထ၊ ဝိပဿနာတရားများကို အားထုတ်လိုကြသောသူတို့အား မဖြစ်လျှင် မနေရ ထမြောက်အောင် ထူထောင်အားသစ်ရာဖြစ်သော သာသနာ့အမွေ ဓာမိပက္ခိယတရား (၃၇)ပါး တို့ကား –

၁။ သတိပဋ္ဌာန် ၄ ပါး
၂။ သမ္မပ္ပဓာန် ၄ ပါး
၃။ ဣဒ္ဓိပါဒ် ၄ ပါး
၄။ ဣန္ဒြေ ၅ ပါး
၅။ ဗိုလ် ၅ ပါး
၆။ ဗောဇ္ဈင် ၇ ပါး
၇။ မဂ္ဂင် ၈ ပါး

ဟူ၍ အကျဉ်းအားဖြင့် ၇ ပါး၊ အရေအတွက်အားဖြင့် ၃၇ ပါးတို့ ရှိကုန်၏။

## အသီးသီးအမည်

မဂ်ဉာဏ်၏ အပင်းအသင်းတွင် ပါဝင်သော တရားစုဖြစ်၍ "ဗောဓိပက္ခိယ" မည်ကြပါသည်။ မဂ်ဉာဏ်၏ နီးစွာသော အကြောင်း၊ မဂ်ဉာဏ်၏အဆောက်အဦး၊ မဂ်ဉာဏ်၏အားကြီးသော မှီရာတရားများကို "ဗောဓိပက္ခိယ" တရားဟု ခေါ်ပါသည်။

လွန်စွာတည်သော သတိ၊ ခိုင်မြဲစွာတည်သော သတိကို သတိပဋ္ဌာန်ဟု ခေါ်ပါသည်။ တွန့်တိုခြင်း မရှိသော ဝီရိယကို သမ္မပ္ပဓာန် ဆိုပါသည်။ အားထုတ်မှုအရာ၌ လွန်စွာ အပူအပန် အပင်အပန်းခံနိုင်သော ဝီရိယကို ခေါ်ပါသည်။ ဝီရိယကို အားထုတ်နိုင်လျှင် ရထိုက်သောတရားမျိုးသာ မှန်ပါစေ၊ မရသမျှငါမနေ၊ မပေါက်သမျှငါမနေ၊ မရောက်သမျှငါမနေ ဝီရိယကိုမလျှော့ပြီဟု မြင့်သော ဝီရိယမျိုးကို သမ္မပ္ပဓာန်ဝီရိယ ခေါ်ဆိုပါသည်။

ပြီးစီးပေါက်ရောက် ထမြောက် အောင်မြင်ခြင်းကို "ဣဒ္ဓိ" ဟု ခေါ်ဆိုပါသည်။ ပြီးစီးပေါက်ရောက် ထမြောက်အောင်မြင်ပြည့်စုံခြင်းအမျိုးမျိုး၏ အခြေအမြစ်သည် "ဣဒ္ဓိပါဒ်" မည်ပါသည်။

အစိုးရမင်း၏ အစိုးရမှုသည် "ဣန္ဒြေ" မည်ပါသည်။ အစိုးရမင်း၏ အစိုးရမှုဆိုသည်ကား မိမိ အုပ်ချုပ်ရာဌာန၌ မိမိအလိုကို တစ်စုံတစ်ယောက်သောသူကမျှ မလှန်မပြန်နိုင်မှုကို အစိုးရမှု ခေါ်ပါသည်။ ဤဣန္ဒြေအရာ၌ကား စိတ်ကို အစိုးရမှုကို ခေါ်ပါသည်။ ဆန့်ကျင်ဘက်တရားတို့ကို အားတိုက်ဖိစီးတတ်သောကြောင့် "ဗိုလ်" တို့ မည်ပါသည်။ တစ်နည်းဆိုသော် ဆန့်ကျင်ဘက်ဖြစ်သော ရန်သူတို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်ဘဲ အခြေမြဲသော အနက်ကြောင့် "ဗိုလ်" တို့ မည်ပါသည်။

သစ္စာလေးပါးတရားတို့ကို ကောင်းစွာ သိမြင်တတ်သောကြောင့် "သမ္ဗောဓိ" မည်ပါသည်။ သမ္ဗောဓိဟူသော လောကုတ္တရာမဂ်ဉာဏ်ရဲ့ အတောင်အလက်သည် သမ္ဗောဇ္ဈင် မည်ပါသည်။ မဂ်ဉာဏ်ရဲ့ အတောင်အလက်ကို ဗောဇ္ဈင် ခေါ်ပါသည်။

ကိလေသာတို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားစုကို မဂ်လို့ ခေါ်ဆိုပါတယ်။ အဲဒီမဂ်ရဲ့ အစိတ်အပိုင်း အင်္ဂါတို့ကို မဂ္ဂင်လို့ ခေါ်ပါတယ်။

## အမွေဥစ္စာ

ဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် ဘုရားအမွေတော်၊ သာသနာ့အမွေတော်၊ သာသနာတော်မြတ်ကြီးရဲ့ အသချေ်ယျ - အနန္တအဖိုးထိုက်သော အမြိုက်ဥစ္စာ ရတနာတို့ မည်ပါတယ်။ အဲဒီလောက် ဖြေလိုက်ကတည်းက မေးထားတဲ့ အမေး ၅ ထွေလုံးရဲ့ အဖြေငါးချက်ဟာ ပြေလည်လောက်ပါပြီ။ ဒါပေမဲ့ ဆက်ပြီးတော့ ဖြေပါဦးမယ်။

## အမွေခံမှု

ပါဠိလို "သာသနာဒါယဇ္ဇ"မြန်မာလို "သာသနာ့ အမွေအနှစ်ကို ခံယူမှု"ဖြစ်ပါတယ်။ မိဘဖြစ်သူတို့က သားသမီးဖြစ်သူတို့အား စင်စစ်ပေးခြင်းငှာ ထိုက်သော အမွေဥစ္စာဒါယကာလို့ ခေါ်ပါတယ်။ အဲဒီ အမွေဥစ္စာကို ခံယူထိုက်သော သားသမီးကို "ဒါယာဒ" လို့ခေါ်ပါတယ်။ အမွေဥစ္စာကို ခံယူထိုက်သောသူ၏အမွေခံယူမှုကို "ဒါယဇ္ဇ" လို့ခေါ်ပါတယ်။ သာသနာတော်၏ အမွေခံယူမှုကို "သာသနာ့ဒါယဇ္ဇ" လို့ခေါ်ပါတယ်။ "ဗုဒ္ဓဒါယဇ္ဇ" ဘုရားအမွေခံလို့လည်း ခေါ်ပါတယ်။

## အမွေနှစ်ပါး

အဲဒီ သာသနာတော်ရဲ့အမွေသည် အာမိသအမွေ၊ ဓမ္မအမွေဟူ၍ နှစ်ပါး ရှိပါတယ်။

၁။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးသည် အာမိသအမွေ ဖြစ်ပါတယ်။

၂။ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါး၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိ (၇)ပါး၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် လေးပါး အစရှိသော ဗောဓိပက္ခိယတရား (၃၇)ပါးသည် "ဓမ္မအမွေ"ဖြစ်ပါတယ်။

## ဓမ္မအမွေ ၂-ပါး

အဲဒီ ဓမ္မအမွေသည် လောကီဓမ္မအမွေ၊ လောကုတ္တရာဓမ္မအမွေ ဟူ၍ နှစ်ပါး ရှိပြန်ပါတယ်။

၁။ လောကီဖြစ်သော သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးပါး လောကီဝိသုဒ္ဓိ ၆ - ပါး၊ ထိုလောကီသိက္ခာ လောကီဝိသုဒ္ဓိတို့၌ အကျုံးဝင်သော ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် "လောကီဓမ္မအမွေ" တို့ ဖြစ်ပါတယ်။

၂။ လောကုတ္တရာမဂ်ဖိုလ်တို့၌ အကျုံးဝင်သော သိက္ခာသုံးပါး၊ လောကုတ္တရာဉာဏဒဿန ဝိသုဒ္ဓိတစ်ပါး၊ လောကုတ္တရာ ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် "လောကုတ္တရာဓမ္မအမွေ" တို့ဖြစ်ပါတယ်။

## လောကီဓမ္မအမွေ နှစ်ပါး

လောကီဓမ္မ အမွေသည်လည်း ဝဋ်ဘက်၌ စိတ်ညွတ်ခြင်းရှိသော ဝဋ္ဋနိဿိတ ဓမ္မအမွေ၊ ဝဋ်ဘက်၌ စိတ်ညွတ်ခြင်းကင်းသော ဝိဝဋ္ဋ၌ စိတ်ညွတ်ခြင်း အားကြီးသော ဝိဝဋ္ဋနိဿိတ ဓမ္မအမွေ ဟူ၍ လည်းကောင်း မြဲသော နိယတ အမွေ၊ မမြဲသော အနိယတအမွေ ဟူ၍ လည်းကောင်း နှစ်ပါးရှိ၏။

၁။ ဤသာသနာ၌ပင်လျှင် မင်းဆရာ၊ စိုးဆရာဖြစ်ရန်၊ ဘုန်းတန်ခိုး အရှိန်အဝါ ကြီးရန်၊ အခြံအရံ များရန်၊ ပစ္စည်း လေးပါး များရန် ကျင့်ကြံအားထုတ်သော သီလသမာဓိ ပညာမျိုးသည်လည်းကောင်း၊ သံသရာ၌ လူကောင်းနတ်ကောင်း ဖြစ်ရန် ကျင့်ကြံအားထုတ်အပ်သော သီလ၊ သမာဓိ၊ ပညာမျိုးသည်လည်းကောင်း "ဝဋ္ဋနိဿိတ" မည်ပါတယ်။

၂။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူသော ဝဋ်သုံးပါး၏ ကုန်ငြိမ်းမှုဟူသော နိဗ္ဗာန်သည် "ဝိဝဋ္ဋ" မည်ပါတယ်။ ယခုဘဝ၌ပင်လျှင် အလုံးစုံအားဖြင့်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်လည်းကောင်း

ဝဋ်သုံးပါး ကုန်ငြိမ်းရန် ကျင့်ကြံအားထုတ်အပ်သော သီလ သမာဓိ ပညာမျိုးသည် "ဝိဝဋ္ဋနိဿိတ" မည်ပါတယ်။

၃။ မိမိပြုသော ကုသိုလ်အတွက် နောင်သောအခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုလည်း ရောက်လို၏။ ယခုဘဝ၌ လောကဂုဏ်ကိုလည်း အလိုရှိ၏။ နိဗ္ဗာန်သို့ မရောက်မီ နောက်ဘဝတို့၌ လူကောင်း နတ်ကောင်း အဖြစ်ကိုလည်း အလိုရှိ၏ဟု ဖြစ်သော သီလ သမာဓိ ပညာမျိုးသည်ကား ဝိဝဋ္ဋ နှစ်ပါးကို မှီသော "ဥဘယနိဿိတ" ကုသိုလ်မျိုး မည်ပါတယ်။

နိယတ၊ အနိယတ နှစ်ပါးနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ရှိနေသော သမ္မာဒိဋ္ဌိ အနုသယနိုင်ငံကြီးသည် အလွန်တရာ နက်ကျယ်စွာသော ရှားမီးကျီ၊ ပင်လယ်ကြီးနှင့် တူပါတယ်။

ပုထုဇဉ်ပုဂ္ဂိုလ် တစ်ရံတစ်ခါဖြစ်သော သီလ သမာဓိ ပညာတို့သည် ထိုရှားမီးကျီ ပင်လယ်ပြင်သို့ ကျရောက်သော မိုးရေ၊ မိုးပေါက်စုများနှင့် တူကြပါတယ်။

ငါ ကြည့်သည်၊ ငါ သီလရှိသည်၊ သမာဓိကို ငါ ပွားများသည်၊ သမာဓိရာန်ကို ငါရသည်၊ ငါ သမာဓိရှိသည်၊ ငါ တတ်သည်၊ ငါ သိသည်၊ ငါ ပညာရှိသည်၊ ငါ လိမ္မာသည်၊ ရုပ်နာမ်ကို ငါ ရှုသည်၊ ငါမြင်သည် ဟူ၍ ဖြစ်သမျှသော သီလ သမာဓိ ပညာတို့သည် ငါ - ငါ ဟူသော သက္ကာယဒိဋ္ဌိပေါ်မှာချည်းဖြစ်ကြကုန်သည်ဖြစ်၍ ရှားမီးကျီပင်လယ်ပြင်မှာ ကျရောက်သော မိုးရေမိုးပေါက်တို့နှင့် တူကြပါတယ်။

သက္ကာယဒိဋ္ဌိ နိုင်ငံကြီးသည် ထို သီလ သမာဓိ ပညာကို လွန်စွာ ကွယ်ပျောက်၊ ပျက်ဆုံးစေနိုင်သောကြောင့် ပုထုဇဉ်တို့၌ ဖြစ်ရသော လောကီ သီလ သမာဓိ ပညာတို့သည် "အနိယတ" မျိုးတို့သာ ဖြစ်ပါတယ်။ ပုထုဇဉ်တို့၌ သီလရှိသည်၊ သမာဓိရှိသည်၊ ပညာရှိသည်ဆိုသော်လည်း တဒင်္ဂ၊ တစ်ခဏသာ ဖြစ်ပါတယ်။

သောတာပန်တို့၌ ဖြစ်ကုန်သော အာဇီဝဋ္ဌမက လောကီသီလသည်လည်းကောင်း၊ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် သီလဂုဏ် စသည်တို့၌ တည်ကြ၍သာ လောကီသမာဓိတို့သည်လည်းကောင်း "နိယတ" မျိုးတို့သာတည်း။

အနောတတ္တအိုင်ကြီးအပြင်၌ ကျရောက်သော မိုးရေမိုးပေါက်ကဲ့သို့ ထိုလောကီ သီလ သမာဓိ ပညာတို့သည် သောတာပန်ပုဂ္ဂိုလ်တို့အား ဘဝများစွာ ကမ္ဘာအဆက်ဆက်ကွယ်ပျောက် ပျက်ဆုံးသည်ဟူ၍ မရှိကြပါ။

## လောကုတ္တရာ ဓမ္မအမွေ

လောကုတ္တရာစိတ် ရှစ်ခု၌ယှဉ်သော သီလ သမာဓိ ပညာ ဉာဏဒဿနဝိသုဒ္ဓိ ဗောဓိပက္ခိယတရား (၃၇)ပါးဟု ဆိုအပ်သော လောကုတ္တရာ ဓမ္မအမွေသည်ကား "ဝိဝဋ္ဋနိဿိတ" မျိုးသာ ဖြစ်ပါတယ်။ နိယတ မျိုးသာ ဖြစ်ပါတယ်။

နိယတဖြစ်သော လောကုတ္တရာ သီလ သမာဓိ ပညာသို့ ပေါက်ရောက်ကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့မှာ ဖြစ်ကြလေကုန်သော လောကီ သီလ သမာဓိ ပညာတို့သည်လည်း "နိယတ" အဖြစ်သို့ ရောက်ကြပါတယ်။

အဲဒီ နိယတပုဂ္ဂိုလ်တို့အား သီလမရှိသော ဒုဿီလအဖြစ်သို့ တဖန်ရောက်ခြင်း၊ မတည်ကြည်ခြင်း၊ အသမာဟိတ အဖြစ်သို့ တဖန်ရောက်ခြင်း၊ ပညာ မရှိခြင်း ဒုပ္ပညဉာဏ်ပညာ ကန်းသော တုံးသော လူမိုက်အန္ဓဗာလအဖြစ်သို့ တဖန်ရောက်ခြင်း မရှိကြတော့ပါ။

## အမြွခံပုဂ္ဂိုလ် ၇ ပါး

အမြွေတို့ကို လောကီ၊ လောကုတ္တရာဟူ၍ ခွဲခြား၍ပြခဲ့ပြီးပါပြီ။ ယခုအခါ သာသနာ့အမြွေခံ ပုဂ္ဂိုလ်တို့ကို ဖော်ပြပါမည်။ သာသနာ့အမြွေခံ ပုဂ္ဂိုလ်တို့သည် -

၁။ ရဟန်း ယောကျ်ား

၂။ ရဟန်း မိန်းမ

၃။ လူ ယောကျ်ား

၄။ လူ မိန်းမ

၅။ သာမဏေ ယောကျ်ား

၆။ သာမဏေ မိန်းမ

၇။ သိက္ခာမာန် မိန်းမ

ဟူ၍ ၇ မျိုး ရှိကြပါတယ်။ အဲဒီ ၇ မျိုး သိလျှင်လည်း အမေး ၅ ချက်ဟာ ပြေလည်ပါတယ်။ အဲဒီ ၇ မျိုးမှာ -

သိက္ခာမာန် မိန်းမဆိုတာ ရဟန်းလောင်းမ၊ ပဉ္စင်းလောင်းမကို ခေါ်ဆိုပါတယ်။ ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမ၊ သာမဏေ ယောကျ်ား၊ သာမဏေ မိန်းမ၊ သိက္ခာမာန် မိန်းမ ငါးဦးတို့ကို သီတင်းသုံးဖော် ငါးယောက်လို့ ခေါ်ဆိုပါတယ်။ သီတင်းသုံးဖော်ငါးယောက်တို့မှ တစ်ပါးကုန်သော သရဏဂုံ၌ ကောင်းစွာတည်ကုန်သော လူ နတ် ဗြဟ္မာတို့သည် လူယောကျ်ား၊ လူမိန်းမအတွင်း၌ ဝင်ကြပါတယ်။

အမြွခံပုဂ္ဂိုလ် ၇ ယောက်တို့တွင် ပစ္စည်းလေးပါးတည်းဟူသော အာမိသအမြွေကို သီတင်းသုံးဖော် ငါးဦးတို့သာ ခံကြရကုန်၏။ ကျန်နှစ်ဦးသားတို့ မခံကြရကုန်။ လောကီ လောကုတ္တရာ ဓမ္မအမြွေနှစ်ပါးကိုမူကား ၇ ဦးသားတို့ပင် ခံကြရကုန်၏။

ဤသို့ ခံကြရကုန်ရာ လောကီသီလအမြွေ၌ အထူးရှိကြကုန်၏။ လောကုတ္တရာသီလအမြွေ၌လည်းကောင်း၊ လောကီ လောကုတ္တရာ၊ သမာဓိ၊ ပညာ အမြွေတို့၌လည်းကောင်း အထူးမရှိကြပါ။

## လောကီသီလအမြွေ

လောကီသီလအမြွေ၌ အဘယ်သို့လျှင် အထူးရှိကြကုန်သနည်းဆိုသော် သီတင်းသုံးဖော် ငါးဦးတို့သည် ဝိနည်းသီလ အမြွေ၊ သုတ္တန်သီလအမြွေ နှစ်ပါးတို့ကို ခံကြရကုန်တယ်။ လူ ယောကျ်ား၊ လူ မိန်းမတို့သည် သုတ္တန်သီလအမြွေကိုသာ ခံကြရပါတယ်။ ဝိနည်းသီလအမြွေကို မခံကြရပါ။ အဲဒီလို လောကီသီလအမြွေ၌ အထူးရှိကြပါတယ်။

သုတ္တန်သီလဆိုတာ သီတင်းသုံးဖော်ငါးဦးတို့မှာ ဗြဟ္မဇာလ သုတ္တန်၌လာသော သီလအစုကို ခေါ်ပါတယ်။ လူ ယောကျ်ား၊ လူ မိန်းမတို့မှာ ထိုထိုသုတ္တန်တို့၌ လာသော အာဇီဝဋ္ဌမက သီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ အစုတို့ ဖြစ်ပါတယ်။ ဓုတင်သီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ အစုဟာလည်း သုတ္တန်သီလ အစုပင် ဖြစ်ပါတယ်။

## လောကုတ္တရာ သီလ၊ သမာဓိ၊ ပညာအမြွေ

လောကုတ္တရာသီလ၊ သမာဓိ ပညာအမြွေ၌ အဘယ်သို့ အထူးမရှိကုန်သနည်းဆိုသော် လောကုတ္တရာ မဂ္ဂင် ရှစ်ပါးကို လောကုတ္တရာ သီလ၊ သမာဓိ ပညာအမြွေလို့ ခေါ်ပါတယ်။ အဲဒီ လောကုတ္တရာ သီလ၊ သမာဓိ ပညာအမြွေကိုမူကား အမြွခံ ၇ ဦး လုံးပင် ရထိုက်သော သူတို့မှပင် ရကြပါတယ်။ ရထိုက်ဖို့ဆိုတာ ရအောင် အားထုတ်သူတို့ကို ဆိုပါတယ်။

## အမွေထိန်း အမွေခံ

ဝိသုဒ္ဓိ ၇ - ပါး၊ ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် သီလ သမာဓိ ပညာ သုံးပါးတို့၌ အတွင်းဝင်ကြပါတယ်။ အမွေခံ (၇) ယောက်တို့တွင် သာသနာတော်ထမ်း ဖြစ်ကြတဲ့ သီတင်းသုံးဖော် (၅) ယောက်တို့သည်ကား မိမိတို့အဖို့အရာ သာသနာ့အမွေလည်း ဖြစ်ကြပါတယ်။

"ပိဋကတ် သုံးပုံနှင့်တကွ အလုံးစုံသော သာသနာတော်ကို အနှစ်ငါးထောင် တည်လေအောင် ဆောင်ရွက် စောင့်ရှောက်ထိန်းသိမ်းကြကုန်သည်ဖြစ်၍ သာသနာ့အမွေထိန်းလည်း ဖြစ်ကြပါတယ်။

လူ ယောက်ျား၊ လူ မိန်းမတို့သည်ကား အမွေခံသက်သက်သာ ဖြစ်ကြပါတယ်။ အမွေထိန်း မဖြစ်ကြပါ။

အမွေခံဌာနထက် အသွင်အပြင်ကို ဆောင်မှုနှင့်တကွ အမွေထိန်းဌာနသည် အလွန်ကြီးမြတ်သောကြောင့် အရိယာဖြစ်၍ အနှစ် ၆၀ ရှိပြီးသောလူသည် ယနေ့တွင် ရှင်ပြုသော ပုထုဇဉ် ၇ နှစ်အရွယ် သာမဏေငယ်ကို ရှိခိုးရပါတယ်။ ရဟန္တာဖြစ်ပြီးသော ရဟန်းသည် မိမိထက် တစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီမျှ ကြီးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရပါတယ်။

## အမွေဆိုး၊ အမွေကောင်း

အမွေသည်လည်း ကောင်းမွေ ဆိုးမွေဟူ၍ နှစ်မျိုးရှိပြန်သလို အမွေခံပုဂ္ဂိုလ်သည်လည်း ကောင်းမွေခံ ဆိုးမွေခံဟူ၍ နှစ်မျိုးရှိပြန်ပါတယ်။ ဒီနေရာမှာ ဓမ္မဒါယာဒသုတ္တန်အရ လိုရင်းမျှ ထုတ်ပြလိုပါတယ်။

"ရဟန်းတို့၊ သင်တို့သည် ငါဘုရားရဲ့ ဗောဓိ ပက္ခိယ ဓမ္မအမွေကို ခံစံကြသည်ဖြစ်ရစ်ကြကုန်လော၊ အာမိသအမွေကို ခံစံရစ်ကြသည် မဖြစ်ကြကုန်လင့်။

"သင်ချစ်သားတို့၌ ငါဘုရားရဲ့ သနားသမှု ကြောင့်ကြပြုခြင်းသည် ရှိနေ၏။ အဘယ်သို့ ရှိနေသနည်းဟူမူကား ငါဘုရားရဲ့ တပည့်တပန်း ရဟန်းရှင်လူတို့သည် အဘယ်သို့လျှင် ဓမ္မအမွေကိုသာ ခံယူကြသည် ဖြစ်ပါကုန်အံ့နည်း၊ အာမိသအမွေကို ခံယူကြသည် မဖြစ်ပါကုန်အံ့နည်း"

ဤသို့ သနားသမှု ကြောင့်ကြပြုခြင်းသည် ငါဘုရားအား ရှိနေ၏။ အဲဒီလိုရင်းစကားကို ရှင်းပြပါ့မယ်၊ ဘုရားရှင်ရဲ့ အမွေတော်သည် အာမိသအမွေ၊ ဓမ္မအမွေဟူ၍ နှစ်ပါးရှိပါတယ်။ အဲဒီနှစ်ပါးတွင် အာမိသအမွေသည် ပစ္စယာမိသအမွေ၊ လောကာမိသအမွေ၊ ဝဋ္ဋာမိသအမွေရယ်လို့ သုံးပါး ရှိပြန်ပါတယ်။ ထိုတွင် -

၁။ ဆွမ်း. သင်္ကန်း. ကျောင်း. ဆေး. ပစ္စည်း. ပရိက္ခရာ လာဘသက္ကာရမျိုးသည် "ပစ္စယာမိသ" မည်ပါတယ်။

၂။ လောက၌ ထင်ပေါ်သော ဂုဏ်အရှိန်အဝါ မင်းဆရာ၊ စိုးဆရာ၊ သူဌေးဆရာ၊ သူကြွယ်ဆရာ၊ တပည့်ဒကာ ပရိသတ်ပေါ်များမှု အလုံးစုံသည် "လောကာမိသ" မည်ပါတယ်။

၃။ နောက်နောင်ဘဝ၌ ရယူခံစံရန် ဘဝကောင်းနှင့် ပြည့်စုံခြင်း၊ စည်းစိမ်ချမ်းသာ ရာထူးဂုဏ်ထူးနှင့် ပြည့်စုံခြင်း အလုံးစုံသည် "ဝဋ္ဋာမိသ" မည်ပါတယ်။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ကျွန်းအပြင်မှာ သုံးကြောင်းသုံးသွယ် ပင်လယ်ရေပြင်ကြီးလွှမ်း၍ သွားဘိသကဲ့သို့ ဗုဒ္ဓသာသနာတော်မြတ်ကြီးမှာ အဲဒီအာမိသအမွေကြီး သုံးကြောင်းသုံးသွယ် လွှမ်း၍ အလွန်ထက် အလွန်ဖြစ်ပွား၍ သွားလိမ့်မည်ကို မြင်တော်မူ၊ ကြောင့်ကြတော်မူပါတယ်။

ပင်လယ်ကြီး သုံးခုဆုံဝရာကျွန်းနေလူတို့ကိုပင်လယ်ကြီးလွှမ်း၍သွားသကဲ့သို့ဘုရားဘုန်းတန်ခိုးတော်နှင့်အာမိသအမွေကြီး ပွားစည်းကြီးကျယ်၍ သွားရာ ဗုဒ္ဓသာသနာဝင် ရှင်လူအပေါင်းတို့ကို အဲဒီ အာမိသအမွေ ပင်လယ်ကြီးလွှမ်း၍

အဲဒီအာမိသအမွေ ပင်လယ်ရေဝဲကြီး၌ နစ်မွန်းမျောပါ၍ ဓမ္မအမွေ အထွတ်အမြတ်တို့မှ အပဖြစ်၍ နေရစ်ကြမည်ကို ကြောင့်ကြတော်မူပါတယ်။

အဲဒီလို ဘုရားရှင်သည် ကြောင့်ကြတမည် မကြည်မဖြူ ပယ်မြစ်တော်မူသော အမွေမျိုးဖြစ်၍ အာမိသအမွေ သုံးပါးဟာ "အမွေဆိုး" မည်ပါတယ်။

ဘုရားရှင်သည် အကြည်အဖြူ ဆောင်နှင်းတော်မူခဲ့သော သတိပဋ္ဌာန် သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယ ဓမ္မအမွေတော်သည် "အမွေကောင်း" မည်ပါတယ်။

အဲဒီကဲ့သို့လျှင် သာသနာ့အမွေတော်သည် ဆိုးမွေ၊ ကောင်းမွေလို့ နှစ်ပါးရှိပါတယ်။ ဆိုးမွေ ကောင်းမွေ နှစ်ပါးကို ပြဆိုလိုက်သဖြင့် ဆိုးမွေခံ၊ ကောင်းမွေစံ ဆိုတဲ့ အမွေခံ နှစ်ပါးသည်လည်း ထင်ရှားပါပြီ။

## အကြည်အဖြူပေးတော်မူ

အာမိသအမွေမှာလည်း ဘုရားရှင် အကြည်အဖြူ ပေးတော်မူခဲ့သော သ,လုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ရသော ဆွမ်း၊ ပုံသုကူ သင်္ကန်း၊ သစ်ပင်ရင်းကျောင်း၊ နွားကျင်ငယ်ပုပ်ဖြင့် စိမ်ထားသော ဆေး လေးပါးတို့သည် ဘုရားအမွေတော်ကြီး ဖြစ်ပါတယ်၊ အကြည်အဖြူပေးတော်မူခဲ့သော အမွေတော်ကြီးဖြစ်ပါတယ်။

အဲဒီလိုဆိုရင် ဘုရားရှင်သည် ဒါယကာတို့ လှူဒါန်းသော အပိုအလွန်ဖြစ်သော လာဘ်ဟူသော အာမိသအမွေတို့ကို အဘယ့်ကြောင့် ခွင့်ပြုတော်မူသနည်းဆိုသော် ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိသာသနာတော်ကြီးသည် ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော် နှစ်ပါး၏ အမြစ်အရင်း မူလကြီး ဖြစ်ပါတယ်။

အဲဒီ ပရိယတ္တိ သာသနာတော် တည်ရှိမှသာ ပဋိပတ္တိ - ပဋိဝေဓ သာသနာတော်နှစ်ပါး တည်တံ့နိုင်ပါတယ်။ ပရိယတ္တိ သာသနာတော်ကြီးကို သာသနာ ငါးထောင် ဆောင်ရွက်မှုသည် အလွန်တရာ ဝန်ကြီးလှပါတယ်။

ဆုတ်ကပ်ကာလဖြစ်၍ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် ကိုယ်အား၊ ဉာဏ်အား လျော့ပါးကြပါတယ်။ အပိုအလွန်ဖြစ်သော လာဘ်ကိုလွှတ်၍ သစ်ပင်ရင်းစသည်၌ တည်ကာ ပရိယတ္တိ သာသနာတော်ကြီးကို ရွက်ဆောင်ခြင်းငှာ မတတ်နိုင်ရှိကြမည်ကို မြင်တော်မူ၍ ခွင့်ပြုတော်မူပါသည်။

ထို့ပြင် ပါရမီနည်းပါးကြသော သူတို့မှာ ပရိယတ္တိမှု၊ ဒါနမှု၊ သီလမှု ပစ္စည်းဖြင့် ထောက်ပံ့မှုတို့ကို ပြန့်ပြောစွာ ပြုကြသဖြင့် အပါယ်ဆင်းရဲမှ လွတ်မြောက်၍ နောက်ဘုရားသာသနာတော်၌ ကျွတ်လွတ်ကြရန် အခွင့်ကို မျှော်လင့်တော်မူသောကြောင့် အပိုအလွန်ဖြစ်သော လာဘ်ကို ခွင့်ပြုတော်မူပါတယ်။

## နစ်မွန်း မျောပါရန်

အဲဒီကဲ့သို့ ခွင့်ပြုတော်မူခဲ့သည်ဖြစ်သော် အာမိသ အမွေ၌ နစ်မွန်းမျောပါကြရန်အမှုကို ဘုရားရှင်ပင် ပြုခဲ့ရာ မကျပြီလောဟု ဆိုသော်ပရိယတ္တိသာသနာတော်ကြီးအတွက် ပစ္စယာမိသ၊ လောကာမိသ နှစ်ချက်နှင့် ဆက်ဆံကြကုန်သော ပရိယတ်ဆောင် ပုဂ္ဂိုလ်တို့မှာ အာမိသတဏှာ လွှမ်းမိုးမှု၊ အာမိသအမွေ၌ နစ်မွန်းမျောပါမှုတို့မှ ကင်းလွတ်စေခြင်းငှာ "ပဋိသင်္ခါယောနိသော" အစရှိသော "ပစ္စဝေက္ခဏာ ဝိသုဒ္ဓိ - ဆင်ခြင်ခြင်းဖြင့် စင်ကြယ်မှု" အစီအရင်ကို ထားတော်မူပါသည်။

ထို့ကြောင့် အာမိသ နှစ်ချက်နှင့် ရောယှက် ဆက်ဆံကာ နေရသော်လည်း "ပစ္စဝေက္ခဏာဝိသုဒ္ဓိ" အစီအရင်အတိုင်း အာမိသနှစ်ရပ်၌ ငြိကပ်ခင်တွယ်ခြင်း မရှိသော ပစ္စယသန္နိဿိတသီလသည် စေတနာဉာဏ်ပညာတည်းဟူသော သင်္ဘော ကြီးကို တက်စီး၍ နေကြပေမူကား အာမိသအမြေ ပင်လယ်ဇရာ၌ နစ်မွန်းမျောပါဖွယ် မရှိကြပါ။

## နစ်မွန်းမျောပါ

ပစ္စယာမိသ၊ လောကာမိသ၊ ဝဋ္ဋာမိသ ဟူသော အာမိသ သုံးချက်တို့၌ "အပြစ်မြင်သော အာဒီနဝဉာဏ်" ဖြစ်ပေါ်မှု မရှိသည်ကို "နစ်မွန်းမှု" ဆိုပါသည်။ အဲဒီ နစ်မွန်းမှုအတိုင်းပင် နစ်ရှည်လများ အရှယ်သုံးပါး လိုက်စားသာယာ၍ နေမှုကို မျော ပါမှုဟု ဆိုပါသည်။

## သန်းပြိတ္တာကြီး

ဘုရားရှင် ထင်ရှားရှိစဉ်အခါ ဇေတဝန်ကျောင်းတိုက်အတွင်းမှာ ရှင်တိဿရဟန်းတော် ပျံလွန်တော်မူရာ သင်္ကန်း တစ်ထည်၌ သာယာသည့်အတွက် အဲဒီသင်္ကန်းမှာပင် သန်းပြိတ္တာ ဖြစ်ပါတယ်။

သင်္ကန်းတစ်ထည်၌ ဖြစ်ပွားသော တဏှာသည်ပင်လျှင် အပါယ်သို့ ချနိုင်ပါလျှင် ထို့ထက်ပိုရာ၌ ဆိုဖွယ်ရာ မရှိတော့ ပါ။ အဲဒီသင်္ကန်းသည် သံဃိကအဖို့မှ ဝေစုရသော သင်္ကန်းဖြစ်၍ တရားသဖြင့်ရသော သင်္ကန်းဖြစ်ပါတယ်။

ရဟန်းတော်သည်လည်း (၂၂၇)သွယ်သော သိက္ခာပုဒ်ကို ထိန်းသော သီလရှင်ရဟန်းဖြစ်ပါတယ်။ တရားသဖြင့် ရသော သင်္ကန်းတစ်ထည်သည်ပင်လျှင် (၂၂၇)သွယ်သော သိက္ခာ သီလရှိသော ရဟန်းတော်ကို အပါယ်သို့ ချနိုင်ပါသည်။

လောဘပယောဂတွေ များစွာနှင့် ရှာကြံ၍ လုပ်ဆောင်ရသော လူတို့၏ ပစ္စည်းဉစ္စာမှာ ငါးပါးမျှသော သိက္ခာပုဒ်သီလ ရှင် ဖြစ်သူ လူတို့၌ အဘယ်ဆိုဖွယ်ရှိအံ့နည်းဟု သံဝေဂသတိ ရှိကြရပါတယ်။

## အပျက်များ

သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလဟု ဆိုအပ်သော နိစ္စသီလ မလုံခြုံကြသော လူမိန်းမ လူ ယောကျ်ားတို့သည် သာသနာ့အမြွေခံ ဥပါသကာ၊ ဥပါသိကာအင်္ဂါတို့မှ လွတ်ကျွတ်၍ ဥပါသကာပျက်၊ ဥပါသိကာပျက်အဖြစ် ၌ တည်ကြပါတယ်။

ပါရာဇိက ကျသော ရဟန်း၊ လိင် ကျသော သာမဏေတို့သည် ဘုရားအမြွေခံ ရဟန်းကောင်း၊ သာမဏေကောင်း အင်္ဂါ တို့မှ လွတ်ကျွတ်၍ ရဟန်းပျက် သာမဏေပျက်အဖြစ်၌သာ တည်ကြပါတယ်။

ထိုအပျက်နှစ်မျိုးတွင် လူတို့မှာ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလတို့ကို ယနေ့မှစ၍ စောင့်ထိန်းပါတော့မည်ဟု ဆောက် တည်လျှင် ယနေ့စ၍ သာသနာ့အမြွေခံ ဥပါသကာ ဥပါသိကာအဖြစ်သို့ ရောက်နိုင်ကြပါတယ်။

## အနိယတ - နိယတအမြွေခံ

အမြွေခံတို့ကို တစ်နည်းပြောရသော် အနိယတအမြွေခံ၊ နိယတအမြွေခံအားဖြင့် နှစ်ပါး ပြောနိုင်ပါသေးတယ်။ မိမိတို့ အတွင်း ရုပ်နာမ်ခန္ဓာ၌ ကောင်းကောင်းကြီး ထင်မြင်သော အနိစ္စဉာဏ်၊ အနတ္တဉာဏ်ကို တစ်ရံတစ်ဆစ်မျှ မရဖူးကြသော သူတို့ သည် "အနိယတအမြွေခံ" တို့ မည်ပါတယ်။

"အနိယတ" ဆိုတာ ယခုခေတ်၌ သဗ္ဗညုဘုရားရှင် တပည့်သား၊ သဗ္ဗညုဘုရားရှင် အမွေခံ၊ နက်ဖြန်၌ တစ်ပါးသော ဘုရားတပည့်သား၊ တစ်ပါးသော ဘုရားအမွေခံဖြစ်မှုကို ဆိုလိုပါတယ်။

မိမိတို့အတွင်း ရုပ်နာမ်ခန္ဓာ၌ အနိစ္စအချက်၊ အနတ္တအချက်ကို ကောင်းစွာမြင်ဖူးကြ၊ သက္ကာယဒိဋ္ဌိနိုင်ငံကြီးမှ ကျွတ်လွတ်ကြသော သူတို့သည် "နိယတအမွေခံ" တို့ မည်ပါတယ်။

"နိယတ" ဆိုတာ နောင်အနမတဂ္ဂသံသရာ၌ ကိုးကွယ်ရာဘုရား မြောက်မြားမှုမှ ကျွတ်လွတ်ကြပါတယ်။ သဗ္ဗညု ဘုရားရှင်၏ သားတော်စစ်၊ ဘဝဆက်တိုင်း ဖြစ်သော သူတို့ကို ဆိုလိုပါတယ်။

## အဖြေပြီးနေပါပြီ

ယခုလောက်ဆိုရင် (......)ရဲ့အမေး ငါးချက် အဖြေဟာ ပြီးနေပါပြီ။ ရှင်းသထက် ရှင်းအောင် ထပ်ပြီးတော့ ဖြေပေး ပါဦးဆိုရင် အချုပ်ကို ဖြေပြပါဦးမယ်။

၁။ တစ်ကိုယ်တည်းသမားတွေအဖို့ သီလ သမာဓိ ပညာရှိအောင် ကြိုးစားကာ သာသနာ့အမွေကို ခံရ ပါတယ်။

၂။ နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ သားများကို ရှင်ရဟန်းပြုပေးခြင်းအားဖြင့် သာသနာ့အမွေ ခံနိုင်ပါ သလားဆိုတဲ့ အမေးနှင့် ပတ်သက်၍ -

(က) ရှင်ဒါယကာ ရဟန်းဒါယကာသာ ဖြစ်၍ သာသနာ့အမွေ မခံရသူ

(ခ) သာသနာ့အမွေသာ ခံရ၍ ရှင့်ဒါယကာ ရဟန်းဒါယကာ မဖြစ်သူ

(ဂ) ရှင့်ဒါယကာ ရဟန်းဒါယကာလည်း မဖြစ် သာသနာ့အမွေလည်း မခံရသူ

(ဃ) ရှင့်ဒါယကာ ရဟန်းဒါယကာလည်း ဖြစ်၊ သာသနာ့အမွေလည်း ခံရသူ

ဟူ၍ လူလေးမျိုး ရှိပါတယ်။ အဲဒီလေးမျိုးကို ရှင်းပြလျှင် ပြဿနာ အတော့ပြေလည်သွားပါမည်။

(က) ရှင်ရဟန်းတော့ ပြုပေးပြီး ရှင့်ဒါယကာ ရဟန်းဒါယကာ သီလ သမာဓိ ပညာမရှိက ရှင့်ဒါယကာ ရဟန်းဒါယကာ သာဖြစ်၍ သာသနာ့အမွေ မခံရသူဖြစ်ပါတယ်။

(ခ) ရှင်, ရဟန်း မပြုပေးသော်လည်း မိမိမှာ သီလ သမာဓိ ပညာ ရှိက သာသနာ့အမွေသာ ခံရ၍ ရှင့်ဒါယကာ ရဟန်းဒါယကာ မဖြစ်သူ ဖြစ်ပါတယ်။

(ဂ) ရှင်, ရဟန်းလည်း မပြုပေး၊ မိမိမှာ သီလ သမာဓိ ပညာလည်း မရှိမှု ရှင့်ဒါယကာလည်း မဖြစ် သာသနာ့ အမွေလည်း မခံရသူ ဖြစ်ပါတယ်။

(ဃ) ရှင် ရဟန်းလည်း ပြုပေး၊ မိမိမှာ သီလ သမာဓိ ပညာလည်း ရှိမှု ရှင့်ဒါယကာ ရဟန်းဒါယကာလည်း ဖြစ် သာသနာ့အမွေလည်း ခံရသူ ဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ်လေးမျိုးအရ ကြည့်ရင် ရှင်ရဟန်းပြုပေးရုံ သက်သက်နဲ့ သာသနာ့အမွေကို မခံနိုင်၊ အမွေခံ မဖြစ်နိုင်ပါ။

ရှင်, ရဟန်းပြုပေးခြင်းမှာ ရှင့်ဒါယကာ ရဟန်းဒါယကာတွေအတွက် သာသနာ့အမွေ ခံယူဖို့ မဟုတ်ပါ။ အဲဒီ ရှင်တွေ ရဟန်းတွေအဖို့ သာသနာ့အမွေကို ခံယူစေခြင်း ဖြစ်ပါတယ်။

ရှင့်ဒါယကာ ရဟန်းဒါယကာတွေမှာ အဲဒီရှင်တွေ ရဟန်းတွေနှင့် ဆက်နွယ်ပြီး သီလ သမာဓိ ပညာ ဖြစ်ပါမှ သာသနာ့ အမွေ ခံယူပါတယ်၊ မဖြစ်က မခံယူရပါ။

၃။ ဘုရားရဲ့အဆုံးအမ ဩဝါဒတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့သူ၊ ပြန့်ပွားအောင် ကြိုးစားအားထုတ်နေတဲ့သူကို သာသနာ့အမွေခံလို့ ခေါ်နိုင်ဖို့ရာ သူမှာ သီလ သမာဓိ ပညာလည်း ရှိပါမှ ခေါ်နိုင်ပါတယ်၊ မရှိက မခေါ်နိုင်သေးပါ။

၄။ ဒါန သီလ သမာဓိ ပညာ ဘာဝနာ အလုပ်တွေကို ကြိုးစားအားထုတ်နေက သာသနာ့အမွေကို ခံထိုက်သူ ဖြစ်နိုင်ပါတယ်။

၅။ "သာသနာ့အမွေ ခံယူခြင်း" ဆိုတဲ့ အဓိပ္ပာယ်က သာသနာ့အမွေဆိုတာ "သီလ သမာဓိ ပညာ" မို့ သီလ သမာဓိ ပညာရှိက သာသနာ့အမွေကို ခံယူနိုင်ပါပြီလို့ပဲ ရှင်းလင်း ဖြေကြားလိုက်ပါသည်။

သူများရဲ့ပါးစပ်ဖျားမှာ လမ်းမဆုံးဘဲ ယခုလို သိချင်တာကို မေးလျှောက်သဖြင့် မိမိအတွက်လည်း သံသယရှင်း အများအတွက်လည်း ကျေးဇူးများပါသည်။ သို့ပါ၍ နောင်လည်း မရှင်းလင်းတာ ရှိက မေးနိုင်ပါတယ်။ တတ်သမျှ မှတ်သမျှ ဖြေကြားပါမည်။

"သာသနာ့အမွေနှင့် ပတ်သက်၍ အသိရှင်းပြီး သာသနာ့အမွေခံ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန် ဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်"

ဓမ္မဒူတအရှင်ပညာဇောတ

✦ အမွေဆိုတာ ဘယ်လိုဟာ သေချာသိသင့်တယ်။

✦ အမွေမသိ မွေခံ၏ မသိအဓိပ္ပာယ်။

✦ သီလ သမာဓိ ပညာ သုံးဖြာအမွေကွယ်။

✦ အမွေလိုက ဖြည့်သီလ တည်ကြသမာရယ်။

✦ မဂ်ဖိုလ်ပညာ ရမှသာ မွေဟာဆုံးပါတယ်။

📖

# ဘုရားရှင့်မအားတာ

# ဘာကိစ္စတွေ များနေလို့ပါလဲဘုရား

## (၂၀၂)

### ဆရာစစ်

ဘုရားရှင်၏ အဆုံးအမ ခံရ၍ ယဉ်ကျေးလာသော နတ်ပြဟ္မာတို့က တို့ဆရာပဲဟု အသည်းစွဲ မြတ်နိုးဂုဏ်ပြု အသိအမှတ်ပြုရာမှ "နတ်လူပြဟ္မာ သတ္တဝါတို့၏ဆရာ" ဟူသော ဂုဏ်တော်ကြီးမှာ ကမ္ဘာလောကတွင် ပဲ့တင်ခတ် ကျော်စောလာရခြင်း ဖြစ်၏။

လောကီဆရာတို့ထံမှ ရသော ပညာမှာ တစ်ဘဝစာအတွက်သာ ဖြစ်ပါသည်။ သံသရာဝဋ္ဋဒုက္ခမှ လွတ်စေနိုင်သည် လည်း မဟုတ်ပါ။ ကမ္ဘာများစွာ ဖန်ခါခါ ရလာခဲ့ဖူးသော ပညာမျိုးဖြစ်၍ ထူးဆန်းလှသည် မဟုတ်ပါ။

"ရှင်တော်ဘုရား ပေးသနားသော ပညာမှာ သံသရာဒုက္ခတွေ သိမ်းဖို့အငြိမ်းဓာတ်သုခကို ရကြောင်းသိကြောင်းပညာ ဖြစ်ရာ ဘဝများစွာက တစ်ခါမျှ မကြုံခဲ့ဖူးသော ထိုအငြိမ်းဓာတ်ကို တွေ့ရသောအခါ ဘယ်ဆရာအပေါ်မှ မဖြစ်စဖူး ထူးကဲသော မြတ်နိုးမှုမျိုးဖြင့် ဆရာအစစ်အဖြစ် ကိုးကွယ်ဆည်းကပ်ကြ၏"

### လည်မော့ကာ ဝင့်ကြွားနိုင်၏

"လောက၌ မိမိဆရာက တော်သလို လျော်သလို ဖြစ်ခဲ့လျှင် "ငါ့ဆရာ" ဟု ညွှန်ပြရန် ဝန်လေးတတ်ကြ၏။ ဆရာက အသင်အပြကောင်း၍ အကျင့်ကောင်း ဂုဏ်ကောင်းရှိလျှင် မိမိဆရာအဖြစ် ရဲဝံ့စွာ ထုတ်ဖော်နိုင်ကြ၏"

"ဘုရားရှင်ကား အတုမရှိသော နည်းညွှန်လမ်းပြဖြစ်သည့်ပြင် သူမတူသော အကျင့်များ ဂုဏ်များဖြင့် ထင်ရှားခဲ့ပြန်ရာ ထိုခေတ်က တပည့်သာဝကများမှာ မျက်နှာကို မော့၊ ရင်ကို ကော့ကာ မိမိတို့ဆရာအဖြစ် ရဲဝံ့စွာ တင်ပြနိုင်ကြ၏"

"အဘယ်ကြောင့်နည်း၊ မိဘတို့မေတ္တာ ကရုဏာမျိုးကိုလည်း ရရှိ၏။ ဥစ္စာအမွေထက် ထူးမြတ်သော ပညာအမွေကို လည်း ခံရ၏။ လောက၏ ဆရာဖြစ်သော ဘုရားမြတ်ကား သတ္တဝါတို့၏ ဆင်းရဲကြောင်း ဆင်းရဲပုံ အစုံစုံကို ဉာဏ်ဝင်စား ဆင်ခြင်

သောမဟာကရုဏာသမာပတ်ကို အထပ်ထပ် အခါခါ မကြာမကြာ ဝင်စားသနားတော်မူလျက်ရှိရာ ဘယ်ဆရာမိဘကမျှ မထား နိုင်သော မေတ္တာကရုဏာတော်ကိုလည်း ထားတော်မူ၏"

ဘယ်ကာလက ဘယ်သူမျှ မပေးနိုင်ခဲ့သော ထူးမြတ်သော လောကုတ္တရာ အမွေကိုလည်း အပ်နှင်းခဲ့၏။ ထို့ကြောင့် ပင် ဘုရားရှင်၏တပည့်များစွာ အရိယာတို့မှာ "ငါဘုရားသားတော် ပေ့၊ ငါဘုရားသမီးတော် ပေ့" ဟု လည်မော့ဝင့်ကြွားကြွား မြွက်ကြားနိုင်ခဲ့ကြပေသည်။

## တရားကိုသာ အလေးပေး၏

ထို့ပြင် ဘုရားရှင်၏ ဆရာအဖြစ်ကား လေးနက်လှပါ၏။ လောက ဆရာများသည် လာဘ်ပူဇော် သက္ကာရ အကျော် အစောကို လိုလားတတ်ကြ၏။ ကိုယ်ကျိုးကို ငဲ့ကြသေး၏။ ဘုရားရှင်ကား အလောင်းတော်ဘဝ ပါရမီတွေဖြည့်စဉ်ကပင် လာဘ် စသည်ကို မလိုလားပါ။ တရားတော်ကိုသာ အလေးပေးခဲ့ပါသည်။

"ထီးနန်း စည်းစိမ်တွေကိုစွန့်ကာ တောထွက်တော်မူလာသည့် အခါကစ၍ မည်သည့်လာဘ်သပ်ပကာ ကျော်စော ထင်ရှားမှုကိုမျှ အရေးမထားခဲ့ပါ။ ဘုရားဖြစ်သောအခါ၌ကား ဆိုဖွယ်ရာ မရှိပြီ။ ကိုယ်ကျိုးအတွက် လုံးဝ မရှိတော့ပါ"

"သတ္တဝါများအတွက်သာ တသန်တည်းထားခဲ့ရာ နေ့မအား ညမအား ကြိုးစားနည်းပြခြင်းဖြင့်သာ အချိန်ကုန် လွန်တော်မူခဲ့ပါ၏။ လောကဆရာများကား မိမိထံသို့ ရောက်လာသော တပည့်များကိုသာသင်ကြားကြ၏"

"ဘုရားရှင်ကား မိမိထံရောက်လာသော တပည့်များသာမက အပြည်ပြည် အရွာရွာသို့ အရောက်ကြွကာ ဟောပြ တော်မူခဲ့၏။ နေ့စဉ် ကျွတ်ထိုက်သော သတ္တဝါတွေကို ဂရုစိုက်၍ ကြွတော်မူလေ့ ရှိ၏"

"ကျွတ်ထိုက်သော သတ္တဝါတွေလျှင် ဘယ်လောက်ပင် ဝေးဝေး၊ ဘယ်နေရာမဆို ယုတ်စွအဆုံး အညစ်အကြေး စွန့်ပစ်ရာ လူသူမသွားချင်သော အရပ်များပင် ဖြစ်ဖြစ် ကြွတော်မူ၏"

"ဘုရားရှင်သည် တစ်ခါတရံ တန်ခိုးဖြင့် ကြွတော်မူ၍ တစ်ရံတခါ ခြေလျင်ပင် လျှောက်တော်မူ၏။ အချို့ကျွတ်ထိုက် ဖို့ရာ နီးသော သတ္တဝါဆိုလျှင် နီးနီးကပ်ကပ် တယုတယပင် စောင့်ရှောက် နည်းပေးတော်မူ၏"

"အချို့အဝေးမှပင် ရောင်ခြည်တော်လွှတ်၍ အားပေးတော်မူ၏။ အဝေးမှပင် လမ်းပြတော်မူ၏။ မိုးလင်းကာနီး ခဏ ကလေးမျှ လျောင်းစက်တော်မူ၏"

"ဘုရားရှင်သည် နေ့ရောညပါ အအားမယူ အနားမထားဘဲ သတ္တဝါများကို လမ်းညွှန်ပြ ဆုံးမခြင်းဖြင့် (၄၅) ဝါကာလ ပတ်လုံး ကြိုးစားတော်မူခဲ့သော ရှင်တော်ဗုဒ္ဓ၏ အဖြစ်မှာ အဘယ်မျှ အားရကြည်ညို ရှိသေလေးစားဖွယ် ကောင်းလှပါ သနည်း"

## ဗုဒ္ဓ၏ ကိစ္စများ

ဗုဒ္ဓ၏ကိစ္စများကို မသိသူများက ဗုဒ္ဓသည် အား နေသည်။ အလကား နေသည်ဟု ထင်နေကြသည်။ ဗုဒ္ဓ မအားသည် မှာလည်း ဗုဒ္ဓ၏ အတွက်တာ ကြောင့်ကြများ ကိစ္စများ၍ မအားတာ မဟုတ်ပါ။ သတ္တဝါများ၏ အတွက်သာ မအားတာ ဖြစ်ပါ၏။ ယင်းကို မသိသူတစ်ယောက်က မိမိကို မေးလျှောက်၏။

"အရှင်ဘုရား၊ ဘုရားရှင် မအားတာ ဘာကိစ္စတွေ များနေလို့ပါလဲဘုရား"

"အား . . . ဒကာကြီးရဲ့အမေးက သံသယသံလေးနဲ့ပါလား၊ ဘုရားရှင် မအားတာ အလကားမနေတာ မယုံဘူးနဲ့ တူတယ်"

"ဘုရားဖြစ်သွားပြီဆိုတော့ ကိစ္စမရှိတော့ဘူးလို့ ထင်လို့ပါဘုရား"

"ဟုတ်တယ် ဘုရားဖြစ်သွားပြီဆိုတော့ ဘုရားဖြစ်ရန် လုပ်ရမယ့်ကိစ္စတွေတော့ မရှိတော့ဘူးပေါ့"

"ဒါဖြင့် ဘာကိစ္စတွေ ရှိနေပါသေးသလဲဘုရား"

"ဘုရားဖြစ်အောင် ကျင့်တာဟာ လူ နတ် ဗြဟ္မာ သတ္တဝါတွေကို ချေချွတ်ဖို့ ကျင့်တာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါကြောင့် ဘုရားဖြစ်တဲ့အခါ သတ္တဝါတွေကို ချေချွတ်တဲ့ကိစ္စတွေနဲ့ မအားတာပေါ့ ဒကာကြီးရဲ့"

"ဒါဖြင့် ဘုရားရှင်ရဲ့အဲဒီ မအားတဲ့ ကိစ္စတွေ ရှင်းပြပါဘုရား"

"ဘုရားရှင်ရဲ့မအားတဲ့ ဗုဒ္ဓကိစ္စနှင့် စပ်၍ အချို့အဋ္ဌကထာတို့၌ ဗုဒ္ဓကိစ္စ ငါးပါး ဖွင့်ပြကြပါတယ်။ အချို့အဋ္ဌကထာများက နောက်ပိုင်း ဗုဒ္ဓကိစ္စ လေးပါးကို တစ်ပေါင်းတည်းပြုကာ ဗုဒ္ဓကိစ္စ နှစ်ပါးပဲ ပြဆိုပါတယ်။

"အဲဒါကြောင့် သုတ္တနိပါတ် အဋ္ဌကထာအရ ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ ပုရိမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမ ကိစ္စဟူ၍ ဗုဒ္ဓရဲ့နေ့စဉ်မအားတဲ့ ကိစ္စလုပ်ငန်း ငါးမျိုးပြတယ်"

"အဲဒီ ငါးမျိုး အဓိပ္ပာယ် ရှင်းပြပါဘုရား"

## နံနက်ခင်း ဗုဒ္ဓလုပ်ငန်း

"လာ လာသေးတော့တယ်၊ ဒါယကာနယ်၊ မအားတဲ့ကိစ္စတွေ ရှင်းပြပါဆိုလို့ ရှင်းပြတော့ အဓိပ္ပာယ်တဲ့၊ ကဲ . . . နားထောင်၊ နားထောင်၊ ရှင်းပြမယ်၊ ဘုရားရှင်သည် စောစောစီးစီး ထတော်မူ၍ အလုပ်အကျွေး ရဟန်းတော်အား ချီးမြှောက်ရန် ရုပကာယကိုယ်တော်ချမ်းသာရန်အတွက် မျက်နှာတော် သစ်ခြင်း အစရှိသော ကိုယ်လက်သုတ်သင်မှုကို ပြုတော်မူတယ်"

"ဒီလိုဆိုတော့ ဘုရားရှင် ကျိန်းစက်တော်မူတယ်ပေါ့ ဘုရား"

"ဩော် . . ဒါယကာက အမေး တယ်စောတာပဲ၊ နားထောင်ပါဦး၊ တော်တော်ကြာတော့ ပေါ်လာမှာပေါ့"

"တပည့်တော်က မပေါ်လာခင် သိချင်လို့ပါဘုရား၊ သည်းခံတော်မူပါဘုရား"

"ကဲ . . . ကဲ . . . ဆက်နားထောင်ပါ၊ အဲဒီအချိန်ပြီးတော့ ဆွမ်းခံဝင်ချိန် ရောက်သည့်တိုင်အောင် ဆိတ်ငြိမ်ရာအရပ်၌ ဖလသမာပတ်ဖြင့် အချိန်ကို လွန်စေတော်မူပါတယ်"

"ဆွမ်းခံချိန် ကြွရောက်တဲ့အခါ သပိတ် သင်္ကန်းတို့ကို ပြင်ဆင်တော်မူကာ တစ်ရံတစ်ခါ တစ်ပါးတည်း၊ တစ်ရံတစ်ခါ ရဟန်းအပေါင်း ခြံရံလျက် ရွာနိဂုံးအတွင်းသို့ ဆွမ်းခံကြွဝင်တော်မူပါတယ်"

"အဲဒီလို ကြွဝင်တော်မူရာမှာလည်း တစ်ခါတစ်ရံ ပကတိသော ကြွဝင်ခြင်းဖြင့် ကြွဝင်တော်မူ၍ တစ်ခါတစ်ရံ များစွာသော တန်ခိုးပြာဋိဟာတို့ဖြင့် ကြွဝင်တော်မူပါတယ်"

"ပကတိသော ကြွဝင်ခြင်းကတော့ ရှင်းပါတယ်ဘုရား၊ တန်ခိုးပြာဋိဟာတို့ဖြင့် ကြွဝင်တော်မူပုံကို ရှင်းပြပါဦးဘုရား"

"ဘုရားရှင် ဆွမ်းခံဝင်တော်မူသည်ရှိသော် ရှေ့တော်မှ လေပြည်လေညင်းတို့ တိုက်ခတ်ကြကာ မြေအပြင်ကို စင်ကြယ်စေပါတယ်"

"ကောင်းကင်မှာ ရှိကြတဲ့ မိုးသား တိမ်တိုက်တွေကလည်း ရေပေါက်တို့ကို တဖွားဖွားလွှတ်ကုန်လျက် လမ်းခရီး တစ်လျှောက်ရှိ မြူမှုန်များကို သိပ်စေကြ၍ ရှင်တော်ဘုရား အထက်၌ မျက်နှာကြက်ပမာ လိုက်ပါကြပါတယ်။

အခြားသော လေတို့ကလည်း ထိုထိုအရပ်၌ ပွင့်သော ပန်းများကို ယူဆောင်တိုက်ခိုက်ခဲ့ကြ၍ ကြွသွားတော်မူရာ လမ်းတစ်လျှောက်၌ ပန်းမွေ့ရာ ကြဲဖြန့်ခင်းကြပါတယ်။

"ပင်ကိုယ်က မြင့်မောက်နေသော မြေအရပ်တို့သည် အလိုလိုနိမ့်ကျကာ တစ်ညီတစ်ညွတ်တည်း ဖြစ်ကြပါတယ်"

"ပင်ကိုယ်က နိမ့်ဝှမ်းသော မြေအရပ်တို့သည် အလိုလိုမြင့်တက်ကာ တစ်ညီတစ်ညွတ်တည်း ဖြစ်ကြပါတယ်"

"ကျောက်တုံးကျောက်ခဲ ကျောက်စရစ်များ အိုးခြမ်းကွဲများ သစ်ငုတ်ဆူးပြောင့်များသည် သူတို့အလိုလို ဖယ်နင့်ရှား နင့် ကြပါတယ်"

"တယ်အံ့သြစရာကောင်းလှပါလားဘုရား"

"ဒါ ဘာဟုတ်သေးလဲ၊ ရှေ့မှာ အများကြီးရှိသေးတယ်၊ ဆက်ပြီး နားထောင်ပါဦး"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ဘုရားရှင်ရဲ့ခြေတော်ကို မြေပေါ်သို့ ချနင်းတဲ့အခါ မြေအပြင်သည် ညီညွတ်ပြီးသား ဖြစ်နေပါတယ်။

"သို့မဟုတ်ကလည်း ပျော့ပြောင်းနူးညံ့တဲ့ ရထား လှည်းဘီးပမာဏရှိတဲ့ ပဒုမ္မာကြာပန်းကြီးများကသော်မှလည်း ခြေတော်အောက်က အသင့်ခံလင့်ကြပါတယ်။

"ထိုထိုမြို့ရွာအဝင်ဝ တံခါးခုံအတွင်း လက်ယာခြေတော်ကို ချထားမိလျှင်ပင် ကိုယ်တော်မှ ရောင်ခြည်တော်ခြောက် သွယ်တို့ ကွန့်မြူးထွက်ကြကြပါတယ်။

"လေးထောင့်ပြာသာဒ် အထွတ်တပ်သော တိုက်အိမ်အစရှိသည်တို့ကို အဆောက်အအုံများကို ရွှေရည်ဖြင့် သွန်း လောင်းအပ်ကုန်သကဲ့သို့လည်းကောင်း၊ ဆန်းကြယ်သော အဝတ်တို့ဖြင့် ရစ်ပတ်ဖုံးလွှမ်း အပ်ကုန်သကဲ့သို့လည်းကောင်း၊ အရောင်ပြိုးပြက် တလက်လက်ထွက်အောင် ပြုလုပ်ကြ၍ ဤမှ ထိုမှ ပြေးသွားကြပါတယ်။

"ဆင်မြင်း ကျေးငှက် အစရှိသော တိရစ္ဆာန်သတ္တဝါတို့သည် မိမိတို့၏ နေရာဌာန၌ တည်နေကြရင်းကပင် ချိုမြ သာယာတို့ဖြင့် အသံတွန်ကြ မြည်ကြ ဟည်းကြပါတယ်။

"အဲဒီအတူပဲ၊ စည်စောင်းအစရှိသော တူရိယာမျိုးစုံတို့သည်လည်း လူတို့က မတီးခတ်ဘဲ သာယာသောအသံကို မြည်ကြပါတယ်။

"လူတို့ကိုယ်ဝယ် ဝတ်ဆင်ထားအပ်သည့် ပုတီး၊ နားဆွဲင်း၊ လက်ကောက်၊ လက်ကျပ် စသော အဆင်တန်ဆာတို့ ကလည်း အလိုလို သာယာသောအသံကို မြည်ကြပါတယ်။

အဲဒီ အမှတ်သညာတဖြင့် လူတို့သည် "ယနေ့ မြတ်စွာဘုရားသခင်သည် ငါတို့မြို့ရွာသို့ ဆွမ်းခံကြွဝင်တော်မူလာ ပြီ" ဟု သိရှိကြပါတယ်။

"အဲဒီလို သိရှိတဲ့လူတို့သည် အဝတ်အရုံအခြုံကောင်းတို့ ဝတ်ရုံကြ ခြုံကြကုန်လျက် နံ့သာပန်း စသည်တို့ကို လက်စွဲ ကြကာ မိမိတို့၏အိမ်မှ အသီးသီး ထွက်ကြ၍ မြို့လယ်လမ်းမသို့ တစ်စုတရုံး သွားရောက်ကြလျက် ဘုရားရှင်ကို နံ့သာပန်း စသည်တို့ဖြင့် ရိုသေစွာ ရှိခိုးပူဇော်ကြပြီးလျှင် -

"မြတ်စွာဘုရား...တပည့်တော်တို့အား ရဟန်းတော် ဆယ်ပါး ပေးကြကုန်၊ တပည့်တော်တို့အား ရဟန်း တော် နှစ်ကျိပ် ပေးကြကုန်၊ တပည့်တော်တို့အား ရဟန်းတော် တစ်ရာ ပေးကြကုန်"

စသည်ဖြင့် မိမိတို့ တတ်နိုင်ကြသလောက် တောင်းယူကြပြီးလျှင် ဘုရားရှင်၏ သပိတ်တော်ကိုလည်း ယူဆောင်ကြ၍ နေရာတော်ခင်းကြပြီး ရှိသေစွာ ဆွမ်းပြုစု လုပ်ကျွေးကြပါတယ်။ ဘုရားရှင် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြုပြီးလတ်သော် ထိုလူများရဲ့အတွင်းအလိုဆန္ဒနှင့် လိုက်လျောအောင် ကြည့်ရှုတော်မူပြီးလျှင် -

၁။ အချို့သရဏဂုံ သုံးပါး၌ တည်အောင်

၂။ အချို့ငါးပါးသီလတို့၌ တည်အောင်

၃။ အချို့သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ် တို့တွင် တစ်ပါးပါး၌ တည်အောင်

၄။ အချို့ရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်ကြအောင် တရားဟောတော်မူပါတယ်။ အဲဒီနည်းဖြင့် လူအပေါင်းကို အကျိုးရအောင် ချီးမြှောက်တော်မူပြီးမှ ကျောင်းတော်သို့ ပြန်ကြွတော်မူပါတယ်။

"ကျောင်းတော်သို့ရောက်တော်မူသောအခါ နံ့သာတန်ဆောင်းခန်းအတွင်း၌ အသင့်ခင်းထားအပ်သော နေရာတော် ဝယ် ရဟန်းတော်တို့၏ ဆွမ်းကိစ္စပြီးချိန်ကို ငံ့လင့်တော်မူကာ ထိုင်နေတော်မူပါတယ်။

"အဲဒီနောက် ရဟန်းတို့ရဲ့ ဆွမ်းကိစ္စ ပြီးဆုံးတဲ့အခါ၌ အလုပ်အကျွေး ရဟန်းသည် ဘုရားရှင်အား ရဟန်းတို့ရဲ့ ဆွမ်းကိစ္စ ပြီးစီးပါကြောင်း လျှောက်ထားပါတယ်။

"အဲဒီအခါမှာ ဘုရားရှင်သည် ဂန္ဓကုဋီ ကျောင်းတော်သို့ ဝင်ကြွတော်မူပါတယ်။

"အဲဒါဟာ နံနက်ခင်း ဗုဒ္ဓလုပ်ငန်းစဉ် "ပုရေဘတ္တဗုဒ္ဓကိစ္စ" ဖြစ်ပါတယ် ဒကာကြီး၊ အဲဒီကိစ္စများအပြင် အခြားအသေး စိတ် လုပ်ငန်းစဉ်များလည်း ရှိပါသေးတယ် ဒကာကြီး"

## ဆွမ်းစားပြီးနောက် ဗုဒ္ဓလုပ်ငန်းစဉ်

"အဲဒီနောက်မှာ ရှင်တော်ဘုရားသည် နံနက်ခင်း ဆွမ်းကိစ္စ ပြုပြီးသည်ဖြစ်၍ ဂန္ဓကုဋီကျောင်းတော်ရဲ့အနီး အလုပ် အကျွေးရဟန်း ခင်းထားအပ်သော ရဟန်းတော်တို့ စည်းဝေးရာ ဆည်းကပ်ရာနေရာ၌ ထိုင်တော်မူကာ ခြေတော်တို့ကို ဆေး ကြောတော်မူပါတယ်။ ခြေဆေးအင်ပျဉ် ရပ်တော်မူရင်းကပင် ရဟန်းတော်တို့ကို -

"ရဟန်းတော်များ အိုချစ်သားတို့၊ မမေ့မလျော့သော အပ္ပမာဒ သတိတရားဖြင့် သီလ သမာဓိ ပညာတည်း ဟူသော သိက္ခာသုံးပါး အကျင့်တရားကို ပြည့်စုံအောင် ကြိုးကုတ်အားထုတ်ကြကုန်လော့"

"လောက၌ ဘုရားရှင် ပွင့်တော်မူရာ အခါကာလကို ရခဲလှ၏။ လူ့အဖြစ်ကိုလည်း ရခဲလှ၏။ သဒ္ဓါတရား နှင့် ပြည့်စုံခြင်းကိုလည်း ရခဲလှ၏။ ရှင်ရဟန်းအဖြစ်လည်း ရခဲလှ၏။ သူတော်ကောင်းတရား နာကြားရန် အခွင့်ကို လည်း ရခဲလှ၏"

ဟု အပ္ပမာဒ ဒေသနာတော်ဖြင့် ဆုံးမတော်မူပါတယ်။

"အဲဒီ အစည်းအဝေး၌ အချို့ရဟန်းတော်တို့က ဘုရားရှင်ကို ကမ္မဋ္ဌာန်းတရား လျှောက်ထားမေးမြန်းကြပါတယ်။ ဘုရားရှင်ကလည်း အဲဒီ ရဟန်းတော်တို့အား စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူပါတယ်။

"အဲဒီနောက်မှ ရဟန်းတော်အားလုံးပင် ဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးကြပြီးနောက် မိမိတို့ရဲ့ နေ့သန့်ရာဌာန ညဉ့် သန့်ရာဌာနတို့ကို အသီးသီး ဖဲသွားကြပါတယ်။

"အချို့က တောအရပ်သို့၊ အချို့က သစ်ပင်ရင်းသို့၊ အချို့က တောင် စသည်တို့တွင် တစ်ပါးပါးသော အရပ်သို့၊ အချို့က စတုမဟာရာဇ်နတ်ပြည်သို့၊ အချို့က တာဝတိံသာနတ်ပြည်၊ ယာမာနတ်ပြည်၊ တုသိတာနတ်ပြည်၊ နိမ္မာနရတိ နတ်ပြည်၊ ပရ နိမ္မိတဝသဝတ္တိနတ်ပြည်သို့ ဖဲသွားကြပါတယ်။

"အဲဒီနောက် ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်သို့ ဝင်၍ အလိုတော်ရှိလျှင် လက်ယာနံစောင်းဖြင့် သတိပညာ လက်မလွှတ် တစ်ခဏမျှ မြတ်သောလျောင်းစက်မှု ပြုတော်မူပါတယ်။

"အဲဒီနောက် သက်သာစေအပ်ပြီးသော ကိုယ်တော်ရှိကာ လျောင်းစက်တော်မူရာမှ ထပြီးလျှင် နေ့ရဲ့ဒုတိယပိုင်း၌ သတ္တလောကကို ကြည့်ရှုဆင်ခြင်တော်မူပါတယ်။

"နေ့ရဲ့တတိယပိုင်း၌မူ ဂေါစရဂါမ် (ဆွမ်းခံရွာ)ကို အမှီပြု၍နေရာ ထိုထိုမြို့ရွာ၌ နေထိုင်ကြသူ လူအပေါင်းတို့သည် နံနက်ခင်း အလှူပေးကြပြီးနောက် မွန်းလွဲသောအခါ အဝတ်ကောင်း အရုံကောင်း ဝတ်ရုံကြလျက် နံ့သာပန်း စသည်တို့ကို လက်စွဲကြကာ ကျောင်းတိုက်တော်အတွင်း၌ တရားနာ လာရောက်စည်းဝေးကြပါတယ်။

"အဲဒီအခါ ဘုရားရှင်သည် ဆိုက်ရောက်လာသော ပရိသတ်အား သင့်လျော်လျောက်ပတ်သော တန်ခိုးပြာဋိဟာဖြင့် ကြွတော်မူကာ တရားသဘင်မဏ္ဍပ်ဝယ် ခင်းထားအပ်တဲ့ မြတ်တဲ့ ဘုရားရှင်ရဲ့နေရာတော်၌ ထိုင်တော်မူကာ အချိန်ကာလအတိုင်းအရှည်ပမာဏနှင့် သင့်လျော်လျောက်ပတ်သော တရားစကား ဟောတော်မူပြီးနောက် အခါကာလကို သိတော်မူကာ ပရိသတ်ကို လွှတ်လိုက်ပါတယ်။

"လူအပေါင်းတို့သည်လည်း ဘုရားရှင်ကို ရှိခိုးကာ ဖဲသွားကြပါတယ်။ အဲဒါဟာ "ဆွမ်းစားပြီးနောက် နေ့တိုင်း ဗုဒ္ဓလုပ်ငန်းစဉ်" "ပစ္ဆာဘတ္တဗုဒ္ဓကိစ္စ" ဖြစ်ပါတယ်။

"ဒါယကာကြီး၊ ညနေခင်း ရောက်သွားပြီ၊ ဘုရားရှင်မှာအားချိန်နားချိန် ရှိလား"

"မရှိပါ ဘုရား"

## ညဉ့်ဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်

"ကဲ . . . နားထောင်ပါဦး၊ နောက်လည်း မအားသေးပါဘူး၊ ဘုရားရှင်သည် အဲဒီကဲ့သို့ ဆွမ်းစားပြီးနောက် နေ့ပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်ကို ရွက်ဆောင်ပြီးသည်ရှိသော် ကိုယ်တော်ကို ရေချိုးတော်မူလိုလျှင် "ဘုရားရှင်နေရာတော် ဗုဒ္ဓါသန" မှ ထခဲ့၍ အလုပ်အကျွေးရဟန်း ချိုးရေတော်စီမံရာဌာနသို့ကြွရောက်တော်မူပြီးလျှင် အလုပ်အကျွေးရဟန်းရဲ့လက်မှ ရေသနုပ်တော်ကို ယူတော်မူ၍ ရေချိုးအိမ်သို့ ဝင်တော်မူပါတယ်။

"အဲဒီကဲ့သို့ ဘုရားရှင် ရေသုံးသပ်တော်မူချိန်မှာပင် အလုပ်အကျွေးရဟန်းသည်လည်း ဘုရားနေရာတော်ကို ယူဆောင်ခဲ့၍ ဂန္ဓကုဋီပရိဝုဏ်အတွင်း၌ ခင်းထားပါတယ်။

"ဘုရားရှင် ရေချိုးတော်မူပြီးလျှင် နှစ်ထပ်သင်္ကန်းကို ဝတ်တော်မူ၍ ကိုယ်ဝတ်စံပယ် တင်တော်မူလျက် တစ်ပါးတည်းပင် အဲဒီ ဂန္ဓကုဋီပရိဝုဏ်အတွင်း ခင်းထားအပ်တဲ့ ဘုရားနေရာတော်၌ တစ်ခဏမျှ အပန်းဖြေကာ ထိုင်နေတော်မူပါတယ်။

"ခဏကြာသောအခါ ရဟန်းတော်တို့သည် ထိုထို နေ့သန့်ရာ ညဉ့်သန့်ရာ အရပ်တို့မှ အသီးသီး လာရောက်ကြကာ ဘုရားရှင်အား ဆည်းကပ်ခစား ကြပါတယ်။ အဲဒီ အစည်းအဝေး၌ -

၁။ အချို့သော ရဟန်းတို့က ပြဿနာ မေးလျှောက်ကြ၍

၂။ အချို့သော ရဟန်းတို့က ကမ္မဋ္ဌာန်းတရား မေးလျှောက်ကြပါတယ်။

၃။ အချို့သော ရဟန်းတို့က တရားဟောပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြပါတယ်။

ဘုရားရှင်သည် အဲဒီရဟန်း အားလုံးတို့၏ လိုလားတောင့်တချက်ကို ပြည့်စုံအောင် ချီးမြှောက်တော်မူလျက် ညဉ့်ဦးယံ အချိန်ပိုင်းကို ကုန်လွန်စေတော်မူပါတယ်။

"အဲဒါဟာ ညဉ့်ဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပုရိမယာမ ဗုဒ္ဓကိစ္စ ဖြစ်ပါတယ် ဒကာကြီး၊ ကဲ ... ဘုရားရှင်မှာ အားချိန် နားချိန် ရပြီလား"

"မရသေးပါဘုရား"

## သန်းခေါင်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်

ညဉ့်ဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပြီးဆုံးသဖြင့် ရဟန်းတော်များ ဘုရားရှင်ကို ရှိခိုးဝတ်ပြု၍ ဖဲသွားကြလေသော် ဇာတိခေတ် စကြာဝဠာပေါင်း တိုက်တစ်သောင်း၌ နေထိုင်ကြသော နတ် ဗြဟ္မာတို့သည် အခွင့်ရကြသဖြင့် ဘုရားရှင်အထံတော်သို့ ဆည်းကပ်ကြပြီးလျှင် မိမိတို့ စီရင်ဆင်ခြင် စဉ်းစားခဲ့ကြသည့် အမေးပုစ္ဆာ ပြဿနာများကို အဟုတ်သဖြင့် အက္ခရာ လေးလုံးမျှ ရှိသည့် ပြဿနာကိုသော်လည်း မေးမြန်းလျှောက်ထားကြပါတယ်။

"ဘုရားရှင်သည် ထိုထို နတ်ဗြဟ္မာတို့ မေးလျှောက်အပ်သမျှသော ပြဿနာများကို တစ်ခုမကျန် ဖြေရှင်းတော်မူကာ "သန်းခေါင်ယံ မဇ္ဈိမယာမ" အချိန်ကို ကုန်လွန်စေတော်မူပါတယ်။

"အဲဒါဟာ "သန်းခေါင်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် မဇ္ဈိမယာမ ဗုဒ္ဓကိစ္စ" ဖြစ်ပါတယ် ဒကာကြီး၊ ကဲ ... ဘုရားရှင်မှာ အားချိန် နားချိန် ရပြီလား"

"မရသေးပါဘုရား"

## မိုးသောက်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်

သန်းခေါင်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပြီးတော့ "မိုးသောက်ယံ ပစ္ဆိမယံအချိန်ပိုင်းကို သုံးပိုင်း ပိုင်း၍ နံနက်အချိန်မှ အစ ပြုကာ နေခြင်း ဣရိယာပုထ်ဖြင့် နှိပ်စက်အပ်သည့် ရုပကာယ ကိုယ်တော်မြတ် အပင်ပန်း အနွမ်းနယ် ပြေပျောက်စေရန် -

၁။ တစ်ပိုင်းတစ်ပုံအချိန်ကို စင်္ကြံကြွသွားခြင်းဖြင့် ကုန်လွန်စေတော်မူပါတယ်။

၂။ ဒုတိယပိုင်းအချိန်၌ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်၍ လက်ယာနံပါးဖြင့် သတိ ပညာ လက်မလွတ်ဘဲ မြတ်သောလျောင်းတော်စက်မူကို ပြုတော်မူပါတယ်။

၃။ တတိယပိုင်းအချိန်၌ လျောင်းတော်မူရာမှ ထပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ ရှေးရှေးဘုရားရှင်တို့ရဲ့ အထံ၌ ဒါန, သီလ အစရှိသော အထိကရ ကုသိုလ်ထူးပြုခဲ့ဖူးသော ပုဂ္ဂိုလ်များကို ပိုင်းခြားထင်ထင် ရှင်းရှင်းလင်းလင်း မြင်ရန် အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိဉာဏ်တည်းဟူသော ဘုရားရှင် မျက်လုံးတော်အစုံဖြင့် သတ္တလောကကို ကြည့်ရှုတော်မူပါတယ်။

အဲဒါက သံယုတ်အဋ္ဌကထာ သီလက္ခန် အဋ္ဌကထာ စသည်တို့၌ ဖွင့်ပြချက် ဖြစ်ပါတယ်။ သုတ္တနိပါတ် အဋ္ဌကထာ၌ ဖွင့်ပြပုံမှာ မိုးသောက်ယံ အချိန်ပိုင်းကို လေးပိုင်း ပိုင်း၍ -

၁။ ပထမအချိန်၌ စင်္ကြံကြွတော်မူပါတယ်။

၂။ ဒုတိယအချိန်ပိုင်း၌ ဂန္ဓကုဋီကျောင်းတော်သို့ ဝင်၍ လက်ယာနံစောင်းဖြင့် သတိ ပညာ လက်မလွတ်ပါဘဲ မြတ်သော လျောင်းစက်မူကို ပြုတော်မူတယ်။

၃။ တတိယအချိန်ပိုင်း၌ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားတော်မူပြီးတယ်။

၄။ စတုတ္ထအချိန်ပိုင်း၌ မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူပြီးလျှင် ပညာမျက်စိ၌ ကိလေသာမြူမှုန်နည်းသော သတ္တဝါ၊ ပညာမျက်စိ၌ ကိလေသာမြူမှုန်များသော သတ္တဝါစသည်တို့ကို လင်းလင်းထင်ထင် မြင်နိုင်ဖို့ရန် ဘုရားမျက်လုံးတော်အစုံဖြင့် သတ္တလောကကို ကြည့်ရှုတော်မူပါတယ်။

အဲဒါဟာ "မိုးသောက်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပစ္ဆိမယာမ ဗုဒ္ဓကိစ္စ" ပဲ ဒကာကြီး၊ ကဲ...အဲဒီအထိ ဘုရားရှင်မှာ အားချိန်နားချိန် ရှိရဲ့လား"

"မရှိပါဘုရား"

"အဲဒီကဲ့သို့ ဘုရားရှင်သည် မိမိ သီတင်းသုံးတော်မူရာ ထိုထိုအရပ်ဌာနတို့၌ နေ့စဉ်ပင် ဗုဒ္ဓကိစ္စ၊ ဗုဒ္ဓလင်း[illegible]ငါးပါးတို့ကို ရွက်ဆောင်ကြိုးကုတ် ပြုလုပ်နေရတဲ့အတွက် မအားတာပါ ဒကာကြီး သိပြီလား"

"မှန်ပါ သိပါပြီဘုရား"

"ဘုရားရှင် မအားတာ သတ္တဝါတွေ ကျွတ်တမ်းဝင်ရေးအတွက် မအားတာပါ၊ ဒကာကြီးတို့လို ကိုယ်ရေးကိုယ်တာအတွက် မအားတာ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ကဲ...တော်ရောပေါ့"

"ဦးတင်ပါတယ်ဘုရား"

✦ ရှင်တော်ဘုရား နေ့မအား မအားညဘက်ပါ။

✦ သတ္တဝါများ ကျိုးစီးပွား ဆောင်ပြားချိန်တိုင်းသာ။

✦ သူငါများစွာ သတ္တဝါ သိပါထိုခြင်းရာ။

✦ ခြင်းရာသိပြား မြတ်ဘုရား စကားနားထောင်ပါ။

✦ စကားနာကာ ကျင့်ကြံပါ ရောက်မှာနိဗ္ဗာန်သာ။

# မေတ္တာ ရောင်ပြန်ဟပ်တယ်
# မေတ္တာ စူးရှတယ် ဆိုတာ ဘယ်လိုပါလဲဘုရား

(၂၁၃)

## မေတ္တာရေစင်

လောက၌ ရေမည်သည်မှာ သူတော်ကောင်း သူယုတ်မာဟု မျက်နှာမရွေး သုံးချိုးသမျှသော သူတို့ကို အအေးဓာတ်ဖြင့် ပြန့်နှံ့စေ၍ မြူအညစ်အကြေးကို ကင်းဝေးသုတ်သင် စင်ကြယ်စေသကဲ့သို့ ဤအတူ မိမိအပေါ်၌ အစီးအပွား မလိုလားသူ ရန်သူ၊ အစီးအပွား လိုလားသူ မိတ်ဆွေ ဤနှစ်ထွေသော သူတို့ကို အညီအမျှ မေတ္တာရေစင် သွန်းဖြန်းပါလော့၊ မေတ္တာရေစင် သွန်းဖြန်း၍ မေတ္တာတရား အထွတ်အထိပ်သို့ ရောက်သည်ရှိသော် မိမိလည်း အထွတ်အထိပ်သို့ ရောက်ပါလိမ့်မည်။

အို . . . စာရှုသူ၊ ဤမျှဆိုပါက "မေတ္တာ ရောင်ပြန်ဟပ်တယ်၊ မေတ္တာ စူးရှတယ်" ဆိုတာ ဘယ်လိုပါလဲ ဘုရား ဆိုတဲ့ အမေးရဲ့အဖြေဟာ ပြည့်စုံကုံလုံလောက်ပါပြီ။ သို့သော် အမေးအမြန်းထူသော ပြဿနာရှင်က ဤမျှနှင့် မကျေနပ်ပါ၊ ထပ်ဆင့် မေးခွန်း လာပြန်ပါသည်။ မေးမြန်းပြန်ပါသည်။

အရှင်ဘုရား၊ ဘယ်လို မေတ္တာ၊ ရောင်ပြန်ဟပ်တယ်၊ ဘယ်လို စူးရှတယ်ဆိုတာ အကိုးသာဓကနှင့် ပြနိုင်ရင် ပြပါ ဘုရား။

ဤအမေးကို ဖြေဆိုပါက ကျမ်းတစ်စောင်ပင် ဖြစ်နိုင်ပါသည်။ သို့သော် လိုရင်းကို ချုပ်၍ ဖြေဆိုပါမည်။

## သာမာဝတီ

မာဂဏ္ဍီမိဖုရား၏ ကုန်းတိုက်မှုကြောင့် ဥတေနမင်း အမျက်ဒေါသ ပြင်းစွာထွက်နေကြောင်းကို သိရသော သာမာဝတီက ငါးရာကုန်သော မောင်းမတို့အား -

"မိခင်တို့၊ ငါတို့အား တစ်ပါးသော ကိုးကွယ်ရာသည် မရှိပြီ၊ လူတို့ကို အစိုးရတော်မူသော ဘုရင်မင်းမြတ်၌လည်းကောင်း၊ မာဂဏ္ဍီမိဖုရား၌လည်းကောင်း၊ မိမိ၏ ကိုယ်၌လည်းကောင်း ထပ်တူထပ်မျှသာလျှင် မေတ္တာစိတ်ကို ဖြစ်စေကြကုန်လော့၊ တစ်စုံတစ်ယောက်သောသူအား အမျက်ထွက်ခြင်းကို မပြုကြကုန်လင့်။

ဟု အဆုံးအမ ဩဝါဒကို ပေး၏။ ဥတေနမင်းကြီးသည် ဗိုလ်ခြေတစ်ထောင်အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကို ယူ၍ လေးညှို့ကို ဖြန့်ပြီးလျှင် အဆိပ်ဖြင့် လူးသောမြားကို တင်၍ သာမာဝတီမိဖုရားကို ရှေးဦးတင်ပြီးလျှင် မောင်းမအားလုံးတို့ကို အစဉ်အတိုင်း ထားစေ၍ သမာဝတီ မိဖုရားရင်ခွင်၌ မြားကို ပစ်လွှတ်၏။

ထိုပစ်လွှတ်အပ်သော မြားသည် သာမာဝတီ မိဖုရား၏ မေတ္တာအာနုဘော်၏ အစွမ်းဖြင့် ဆုတ်နစ် ပြန်လည်၍လာသော လမ်းခရီးသို့ ရှေးရှုသည်ဖြစ်၍သာလျှင် မင်းကြီး၏ နလုံးသို့ စူးဝင်မည်ကဲ့သို့ တည်၏။ မင်းကြီး ကြံဆင်ခြင်မိသည်မှာ -

“ငါ ပစ်လွှတ်သော မြားသည်ကား ကျောက်ခဲကိုသော်လည်း ဖောက်ထွင်း၍ သွား၏။ ယခု ဟင်းလင်းအပြင် ကောင်းကင်၌ တားမြစ်အံ့သော အရာဌာနသည် အနည်းငယ်မျှ မရှိပါ၊ ထိုသို့ မရှိပါဘဲလျက် ဤမြားသည်ပြန်လည်၍ လာပြီးသောအခါ ငါ၏ နလုံးသို့ ရှေးရှုသည် ဖြစ်ဘိ၏”

ဟု ထိတ်လန့်တုန်လှုပ်သောစိတ် ရှိသည်ဖြစ်၍ “သတ္တဝါ မဟုတ်သော အသက်မရှိသော ဤသို့ သဘောရှိသော မြားပင်သော်လည်း ထို သာမာဝတီ၏ ဂုဏ်ကျေးဇူးကို သိတုံဘိသေး၏။ ငါသည် လူစင်စစ်ဖြစ်ပါလျက် သာမာဝတီ၏ ဂုဏ်ကျေးဇူး အထူးကို မသိလေ” ဟု ကြံဆင်ခြင်ပြီးလျှင် လေးကို စွန့်ပစ်၍ လက်အုပ်ချီပြီးသော် သာမာဝတီမိဖုရား၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်နေ၍ -

“သာမာဝတီ သည်ီထင်ရှား ရှင်မိဖုရား၊ ငါသည် အသိဉာဏ်ကင်း မိုက်အဖျင်းဖြင့် ပြင်းစွာတွေဝေမိပါ၏။ ခပ်သိမ်းအပြား မထားသတိ ငါ မိုက်မိပေ၏။ ငါ့အား အလုံးစုံကုန်သော အတွင်းအပြင်အားဖြင့် သန္တာန် နှစ်ပါးတို့သည် ပြင်းထန်နက်နဲ မိုက်မဲတွေဝေကုန်၏။

“သာမာဝတီ သည်ီ ထင်ရှားရှင်မိဖုရား၊ ရှေးက ပြုဖူးသော ကျေးဇူး ငို မျှော်ငင်သောအားဖြင့် ငါ့ကို ကယ်တင်ပါလော့၊ နမသက်ထား ရှင်မိဖုရားသည်သာလျှင် ငါမင်းမြတ်၏ မှီခို ညွှတ်လျိုး ကိုးကွယ် ဆည်းကပ်မှီခိုရာ ဖြစ်ပါလော့”

ဟု ဆို၏။ ထိုအခါ သာမာဝတီမိဖုရားက -

“မြတ်သောမင်းကြီး၊ အရှင်မင်းကြီးသည် အကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ မရောက်ပါလင့်၊ အကျွန်ုပ်သည် သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာအဖြစ်သို့ ရောက်ပါ၏။ အရှင်မင်းကြီး အကျွန်ုပ် ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်းဆရာကင်း၍ သိခြင်းသို့ ရောက်တော်မူပါ၏။

“သစ္စာလေးပါး မြတ်တရားကို သူတစ်ပါးတို့အား သိစေတော်မူအပ်ပေ၏။ ဗြဟ္မာ နတ် လူ သုံးဘုံသူတွင် တစ်စုံတစ်ယောက်သော တူသောသူ ရှိတော်မမူ၊ ပြောပြ၍ မဆုံးနိုင်သော ဂုဏ်တော်တို့ဖြင့် ထင်ပေါ်ကျော်ကြား ထိုမြတ်စွာဘုရားကို အရှင်မင်းမြတ် ကိုးကွယ်ဆည်းကပ်တော်မူပါလော့၊ အရှင်မင်းမြတ်သည်လည်း အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့”

ဟု လျှောက်တင်၏။ ဥတေနမင်းကြီးလည်း ယခုအခါ ငါသည် အလွန်အကဲ ဆင်းရဲဒုက္ခ တွေ့ ကြုံရမည် ဖြစ်၍ ကြောက်ရွံ့လှပါသည်ဟု ဆို၍ -

“ရှင်မိဖုရား၊ ငါသည် အသိဉာဏ်ကင်း အမိုက်ဖျင်းဖြင့် ပြင်းစွာတွေဝေမိပါ၏။ ခပ်သိမ်းအပြား မထား သတိ မိုက်မဲမိပေ၏။ ငါ့အား အလုံးစုံကုန်သော အရပ်မျက်နှာတို့သည် မထင်အတူ တွေဝေမိုက်မဲကုန်၏။ ရှင်မိဖုရား၊ ငါ့ကို ကျေးဇူးမျှော်ငင် ကယ်တင်ပါလော့၊ ရှင်မိဖုရားသည်သာလျှင် ငါ၏ ကိုးကွယ်ရာ ဖြစ်ပါလော့”

ဟု ဆိုပြန်၏။ ထိုအခါ သာမာဝတီမိဖုရားက -

"မင်းကြီး၊ အရှင်မင်းကြီးသည် အကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ မရောက်ပါလင့်၊ အကျွန်ုပ်သည် သုံးလောကထွတ်ထား မြတ်ဘုရားကို ကိုးကွယ်ရာအဖြစ်သို့ ရောက်ပါ၏။

"မင်းကြီး၊ အကျွန်ုပ် ကိုးကွယ်သော ဤမြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ထိုးထွင်း၍ သိမြင်တော်မူပါ၏၊ ဤမြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို သူတစ်ပါးတို့အား ပိုင်းခြားထင် ထင် သိမြင်တော်မူစေ၏။

ထိုမြတ်စွာဘုရားသည် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူပါ၏။ ထိုမြတ်စွာဘုရားကို အရှင်မင်းမြတ် ကိုးကွယ်ပါ လော့၊ အရှင်မင်းမြတ်သည်သာလျှင် အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့"

ဟု ဆိုပြန်၏။ ထိုအခါ ဥတေနမင်းကြီးက -

"ရှင်မိဖုရား၊ အသင့်ကိုလည်း ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ပါအံ့၊ ရှင်မိဖုရား ကိုးကွယ်ဆည်းကပ် သော မြတ်စွာဘုရားကိုလည်း ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ပါတော့အံ့၊ ရှင်မိဖုရား အလိုရှိအပ်သော ဆုမြတ် ကို ပေးပါ၏"

ဟု ဆို၏။ ထိုအခါ သာမာဝတီမိဖုရားက -

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် ပေးသနားတော်မူအပ်သော ဆုမြတ်ကို ယူအပ်သည် ဖြစ်ပါစေတော့"

ဟု တင်လျှောက်၏။

"အို ... စာရှုသူ၊ ဤသည်ကား သာမာဝတီမိဖုရား၏ မေတ္တာစူးရှသဖြင့် သာမာဝတီမိဖုရားအပေါ်ပြန်လည်၍ မေတ္တာ ရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော"

## မယလုလင်

မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်း တစ်ထုံးရှိပါသေးသည်။ မယလုလင်နှင့်အဖွဲ့ ဖြစ်၏။ သူတို့ကား ပြည်သူ့ ကောင်းကျိုးကို ဆောင်နေသူများဖြစ်၏။ သူတို့ကို မနာလိုသော ရွာစားက မင်းကြီးကို တိုင်တန်း၍ မင်းကြီးက မစူးစမ်း မဆင်ခြင် မူ၍သာလျှင် ဆင်ဖြင့် နင်းစေကုန်လော့ ဟု စေခိုင်း၏။ ထိုအခါ မယလုလင်သည် သူ၏ အဖော်များကို -

"အို ... အချင်းတို့၊ အလုံးစုံသော သတ္တဝါတို့၌ ချစ်ခြင်းဟု ဆိုအပ်သော မေတ္တာကိုထား၍ ငါတို့အား တစ်ပါး သော ကိုးကွယ်မှီခိုရာမည်သည် မရှိတော့ပါ။ အသင်တို့သည် တစ်စုံတစ်ယောက်သောသူ၌ အမျက်ဒေါသကို မပြု မူ၍ ပြည့်ရှင်မင်းကြီး၌လည်းကောင်း၊ ရွာစား၌လည်းကောင်း၊ နင်းနယ်အံ့သော ဆင်၌လည်းကောင်း၊ မိမိကိုယ်၌ လည်းကောင်း မေတ္တာစိတ်ဖြင့် တူမျှသော စိတ်နှလုံးကို ကျင့်သုံးဆောက်တည်ကြပါကုန်လော့"

ဟု အဆုံးအမဩဝါဒကို ပေး၏။ ထိုလူတို့သည် မယလုလင် ပေးအပ်သော အဆုံးအမ ဩဝါဒအတိုင်း ပြုကြကုန်၏။ သူတို့ ၏ မေတ္တာအာနုဘော်ကြောင့် ဆင်သည် အနီးသို့ ချဉ်းကပ်ခြင်းငှာ မဝံ့ပါလေ။

ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်းကို များစွာသောလူတို့ကို မြင်ခြင်းကြောင့်သာ ဆင်သည် နင်းနယ်ခြင်းငှာ မဝံ့ဘဲ ရှိချေလိမ့်မည်၊ သွားတဲ့ချေ၊ ထိုသူတို့ကို ဖျာတို့ဖြင့် ဖုံးလွှမ်း၍ နင်းနယ်စေကုန်လော့ ဟု ဆို၏။

ထိုသူတို့ကို ဖျာဖြင့် ဖုံးလွှမ်း၍ နင်းနယ်ခြင်းငှာ စေလွှတ်ပါသော်လည်း ဆင်သည် အဝေးမှသာလျှင် ဖယ်ရှောင်ပြေး လွဲလေ၏။ ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်းကို ကြားသိ၍ အကြောင်းကို မေးသော် အကြောင်းစုံ တင်လျှောက်ကြသည်။ ထိုအခါ -

"အမောင်တို့ တိရစ္ဆာန်ဖြစ်သော ဤဆင်သည် အမောင်တို့၏ ကျေးဇူးကို သိတုံဘိသေး၏။ ငါသည် လူဖြစ်၍ နေပါလျက် သင်တို့၏ ဂုဏ်ကျေးဇူးကို သိခြင်းငှာ မစွမ်းနိုင်၊ အမောင်တို့ ငါ့အား သည်းခံကြပါကုန်လော့"

ဟု ဆို၍ သားမယားနှင့်တကွသော ရွာစားကို မယုလင် အမှုးရှိကုန်သော ၃၃ ယောက်ကုန်သော ထိုလူတို့အား ကျွန်အလို့ငှာ ပေးလေ၏။ ထိုရွာကိုလည်း အလိုရှိတိုင်း ချမ်းသာစွာ သုံးဆောင်စံစားစိမ့်သောငှာ ရွာစားပြု၍ ပေးလေ၏။

"အို ... စာရှုသူ၊ ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော့"

## အလောင်းတော်တို့၏ မေတ္တာ

ဘုရားအလောင်းတော်များ မေတ္တာတရား ပွားများပုံ၊ မေတ္တာပါရမီတော် ဖြည့်ကျင့်တော်မူကြပုံကို ပါဠိတော်များမှာ သုဝဏ္ဏသာမဇာတ်တော်ကို ညွှန်ပြဟောကြားတော်မူပါ၏။ ဤ၌ စရိယာပိဋကပါဠိတော်၌ အကျဉ်းချုပ်မျှ လာရှိပုံကား -

"ချစ်သား သာရိပုတ္တ၊ ငါဘုရားသည် သုဝဏ္ဏသာမ ဖြစ်စဉ် သိကြားဖန်ဆင်းပေးသော ကျောင်း၌ နေကာ တောထဲမှာခြင်္သေ့နှင့်ကျားတို့ကိုမေတ္တာပွားများ၍နေ၏။ခြင်္သေ့၊ကျားတို့နှင့်လည်းကောင်း၊ သစ်တို့နှင့်လည်းကောင်း၊ ဝံတို့နှင့်လည်းကောင်း၊ ကျွဲတို့နှင့်လည်းကောင်း၊ သမင်၊ မျောက်၊ ဝက်တို့နှင့်လည်းကောင်း ခြံရံလျက် တောထဲမှာ နေခဲ့သည့် တစ်ကောင်သော တိရစ္ဆာန်မျှ ငါ့ကို မကြောက်လန့်ပေ၊ ငါသည်လည်း မည်သည့်တိရစ္ဆာန်ကိုမျှ မကြောက်လန့်၊ မေတ္တာစွမ်းအား ထောက်ပံ့ထားသည် ဖြစ်၍ ထိုအခါ တောထဲမှာ ငါမွေ့လျော်သည်"

ဟူ၍ ဟောကြားတော်မူသည်။ ဤပါဠိတော်အရ သုဝဏ္ဏသာမ၏ မျိုးရိုးဇာတိ စသော အကြောင်းအရာတို့ကို တစ်စုံတစ်ရာမျှ အထူးမသိရ၊ တောထဲမှာသာ သားကောင်များနှင့် အချင်းချင်း မကြောက်မလန့် မေတ္တာစွမ်းအား ထောက်ပံ့ကာ မြင့်မြတ်မွေ့လျော်စွာ နေကြကြောင်းကို သိရပါသည်။ မဟာနိပါတ် သုဝဏ္ဏသာမဇာတ်တော်၌ကား မြားပစ်ခံရပြီးနောက် အလောင်းတော် သုဝဏ္ဏသာမက -

"အဘယ့်ကြောင့် အကျွန်ုပ်ကို မြားဖြင့် ပစ်သနည်း"

ဟု မေးရာ ပီဠိယက္ခမင်းက -

"ငါ သမင်ကို ပစ်ခတ်ရန် ချောင်းမြောင်းနေစဉ် မြားဦးဆီသို့ လာသော သမင်သည် သင့်ကိုမြင်၍ ထိတ်လန့်ထွက်ပြေးသွားသည့်အတွက် အမျက်ထွက်သောကြောင့် သင့်ကို ပစ်မိပေသည်"

ဟု ပြောဆိုရာ သုဝဏ္ဏသာမက ပြန်၍ပြောဆိုသော စကားရပ်တွင် -

"ငါ့ကို သမင်များမြင်၍ မလန့်ကြပါ၊ သမင်သာ မဟုတ်ပါ၊ တောထဲရှိ တိရစ္ဆာန်တို့လည်း မလန့်ကြပါ၊ မင်းကြီး၊ ဂန္ဓမာဒနတောင်၌ နေကာ လွန်စွာကြောက်ရွံ့တတ်သော ကိန္နရာများပင် ဝမ်းမြောက်ဝမ်းသာ အကျွန်ုပ်ထံသို့ လာကြ၍ တောတောင်အရပ်တို့သို့ သွားလာနေကြပါသည်"

ဟူ၍ ပါရှိ၏။ ဤပါဠိတော်ကို ထောက်ဆ၍ အလောင်းတော် သုဝဏ္ဏသာမသည် တောတွင်း၌ နေကာ တောနေ တိရစ္ဆာန်များအပေါ် ကိန္နရာပါမကျန်အောင် မေတ္တာတရား ပွားများထားသည့်အတွက် တောတွင်းရှိ သတ္တဝါများ အားလုံးတို့ သုဝဏ္ဏသာမအပေါ်မှာ မေတ္တာရှိကြကြောင်း ထင်ရှားသိသာပါသည်။

– "အို ... စာရှုသူ၊ ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော"

## ဝိသာခထေရ်

ပါဋလိပုတ်ပြည်သား ဝိသာခအမည်ရှိသော သူကြွယ်သည် သီဟိုဠ်ကျွန်းအကြောင်းကို သတင်းကြားရသဖြင့် သီဟိုဠ်ကျွန်းသို့ သွားရောက်ကာ တရားအားထုတ်လိုသောကြောင့် မိမိ စည်းစိမ်ဥစ္စာကို သားမယားများအား လွှဲအပ်ခဲ့ပြီးလျှင် သီဟိုဠ်ကျွန်းသို့ ကူးသွားကာ မဟာဝိဟာရ ကျောင်းတိုက်သို့ ရောက်၍ ရဟန်းပြုလေ၏။

ရဟန်းပြုပြီးနောက် ငါးလပတ်လုံး ဝိနည်းအကျဉ်းချုပ် နှစ်စောင်ကို သင်ကြားပြီးလျှင် မဟာဝိဟာရ ကျောင်းတိုက်မှ ထွက်ခွာခဲ့၍ ကမ္မဋ္ဌာန်းတရား ပွားများရန် သင့်လျော်မည့် ကျောင်းတိုက်စုကို ရှာပြီးလျှင် တစ်ကျောင်း တစ်ကျောင်းလျှင် လေးလစီမျှ သီတင်းသုံး နေတော်မူလေ့ရှိ၏။

ထိုထေရ်သည် စိတ္တလတောင်ကျောင်းသို့ ကြွသွားရာ လမ်းခရီးနှစ်ခွ ရှိနေသည်ကို တွေ့ရသဖြင့် မည်သည့်လမ်းကို လိုက်ရပါမည်နည်းဟု စဉ်းစားနေခိုက် တောင်စောင့်နတ်က လက်ညှိုးညွှန်ပြလိုက်သဖြင့် စိတ္တလတောင်ကျောင်းသို့ ရောက်ကာလေးလပတ်လုံး သီတင်းသုံးနေတော်မူ၍ နက်ဖြန်တွင် အခြားကျောင်းတိုက် တစ်တိုက်သို့ကြွသွားမည်ဟု ကြံစည်လျက် ကျိန်းစက်တော်မူသောအခါ စင်္ကြံအစွန်းရှိ မြစိမ်းပင်စောင့်နတ်က စောင်းတန်းဦး ပျဉ်ချပ်ပေါ်မှာ ထိုင်၍ ငိုနေ၏။ ထိုအခါ အရှင်မြတ်က မေး၍ ဖြေ၏။

"ယခု ငိုနေတာ မည်သူနည်း"

"တပည့်တော် မြစိမ်းပင်စောင့်နတ် ဖြစ်ပါတယ်ဘုရား"

"အဘယ်ကြောင့် ငိုနေသနည်း"

"အရှင်ဘုရား ကြွတော်မူမည့်အတွက်ကြောင့် ဖြစ်ပါတယ်ဘုရား"

"ငါ ဒီအရပ်မှာ နေသဖြင့် အသင့်အား မည်ကဲ့သို့ အကျိုးရှိသနည်း"

"အရှင်ဘုရားတို့သည် ဤအရပ်၌ နေတော်မူကုန်သည်ရှိသော် ဤအရပ်၌ နတ်ဘီလူး စသည်တို့သည် အချင်းချင်းမေတ္တာတရားကို ရကြပါကုန်သည်။ အချင်းချင်း ချစ်ခင်ကြပါကုန်သည်။ ယခု အရှင်ဘုရားတို့ ကြွသွားတော်မူကုန်သည်ရှိသော်ထို နတ်ဘီလူး စသည်တို့သည် မသင့်မတင့် ငြင်းခုံခိုက်ရန်မှု ပြုကြလျက် ကြမ်းကြုတ်သော စကားတို့ကို ဆိုကြပါလိမ့်မည်ဘုရား"

"ငါ ဒီအရပ်နေသဖြင့် သင်ပြောသည့်အတိုင်း သင်တို့ ချမ်းသာစွာနေရခြင်း ဖြစ်သည်ဆိုလျှင် ကောင်းပြီ ဒီအရပ်မှာပင် နောက်ထပ် လေးလ နေဦးမည်"

အရှင်မြတ်သည် ယင်းသို့ မိန့်ဆိုကာ နေတော်မူပြန်ပါသည်။ လေးလပြည့်၍ အရှင်မြတ် ကြွသွားတော့မည်ဟု ကြံစည်ပြန်လျှင် မြစိမ်းပင်စောင့်နတ်က ငို၍ တားမြဲ တားပြန်၏။

ဤသို့လျှင် လေးလစေ့၍ အရှင်မြတ် ကြွသွားတော့မည်ဟု ကြံတိုင်းကြံတိုင်း နတ်က ငို၍ငို၍ တားသောကြောင့် အရှင်မြတ်သည် အခြားအရပ်သို့ မကြွဖြစ်ဘဲ စိတ္တလတောင်ကျောင်းမှာပင် ပရိနိဗ္ဗာန် စံတော်မူပါသည်။

ဤဝတ္ထုကို ထောက်၍ ဝိသာခထေရ်၏ မေတ္တာသည် မေတ္တာရှင် ဖြစ်တော်မူသော အရှင်မြတ်ပေါ်မှာသာ မေတ္တာခံသော သူတို့က ချစ်ခင်ကြသည် မဟုတ်ပါ။ မေတ္တာခံအချင်းချင်းလည်း အရှင်မြတ်၏ မေတ္တာကို အကြောင်းပြုကာ ချစ်ခြင်းမေတ္တာကို ရရှိကြပါသည်။

အို … စာရှုသူ၊ ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။

## ပြဟ္မဒတ်မင်း၏ မေတ္တာ

တာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းကျင့်တရားနှင့်အညီ မင်းပြု၍ ဒါနမှုကိုလည်း ပြု၏။ ငါးပါးသီလကိုလည်း စောင့်သုံး၏။ ဥပုသ်စောင့်သုံးခြင်းကိုလည်း ပြု၏။ မင်းကြီး၏ အမတ်တစ်ယောက်သည် နန်းတော်တွင်း၌ မသင့်မလျော်သော အပြစ်ကို ကျူးလွန်သည့်အတွက် မင်းကြီးက တိုင်းပြည်မှ နှင်ထုတ်လိုက်၏။

အမတ်သည် တိုင်းနီးဘုရင်ထံ ဝင်ရောက်ခစားပြီးလျှင် တာရာဏသီပြည်ကို တိုက်ခိုက်သိမ်းပိုက်ယူပါလျှင် အလွယ်တကူနှင့်ပင် ရရှိမည့်အကြောင်းကို တိုက်တွန်းလေ၏။

တိုင်းနီးဘုရင်သည် တာရာဏသီပြည်ကို လာရောက် ဝိုင်းဝန်းတိုက်ခိုက်ပြီးလျှင် ခုခံတိုက်ခိုက်ခြင်းအလျဉ်းမရှိသော ပြဟ္မဒတ်မင်းကို မှူးမတ်များနှင့်တကွ ဖမ်းဆီး၍ သံခြေကျင်းခတ်ပြီးလျှင် ထောင်သွင်းအကျဉ်းချထားလေ၏။

ပြဟ္မဒတ်မင်းသည် ထောင်တွင်း၌နေလျက်ပင် တိုင်းနီးမင်းကို မေတ္တာပွားသဖြင့် မေတ္တာဈာန်ကို ရရှိတော်မူ၏။ ထိုမေတ္တာတရား၏ အာနုဘော်ကြောင့် တိုင်းနီးမင်းမှာ ကိုယ်မှာ ပူလောင်ခြင်းဖြစ်၏။ တစ်ကိုယ်လုံးမှာ မီးရှူးအစုတို့ဖြင့် ရှို့မြိုက်အပ်သကဲ့သို့ ဖြစ်၏။

တိုင်းနီးမင်းသည် ကြီးစွာသောဒုက္ခဖြင့် အထူးနာကျင်လှသည့်အတွက် မှူးမတ်တို့ကို "ငါ့မှာ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း" ဟု မေး၏။ မှူးမတ်တို့က "အရှင်မင်းကြီးသည် သီလနှင့်ပြည့်စုံသော ပြဟ္မဒတ်မင်းကို ထောင်သွင်းအကျဉ်းချထားသည့်အတွက် ဤသို့ဆင်းရဲကြီးစွာ ရောက်ရပါသည်" ဟု လျှောက်ထားကြ၏။

ထိုအခါ တိုင်းနီးမင်းသည် လျင်စွာသွား၍ ဘုရားလောင်းပြဟ္မဒတ်မင်းကို သည်းခံစေပြီး ကန်တော့ပြီးလျှင် အရှင်၏ တိုင်းပြည်သည် အရှင့်ပြည်ပင် ဖြစ်ပါစေဟူ၍ ပြန်လည်အပ်နှင်းလေသည်။

ဤသည်လည်း ပြဟ္မဒတ်မင်း၏ မေတ္တာစွမ်းရှသဖြင့် မေတ္တာဈာန်ရကာ မေတ္တာရောင်ပြန်ဟပ်၍ မတိုက်ခိုက်ရဘဲ တိုင်းပြည် ပြန်ရခြင်းပင် မဟုတ်ပါလော။

## မေတ္တာဈာန်ရ ကောင်းကင်ပြန်ကြွ

တာရာဏသီပြည်၌ ပြဟ္မဒတ်မင်းထံ ခစားသောအမတ်တစ်ယောက်သည် နန်းတော်တွင်း၌ မသင့်မလျော်သောအမှုကို ကျူးလွန်သဖြင့် နှင်ထုတ်ခြင်း ခံရ၏။ သူသည် ကောသလမင်းထံ ခစားပြီး တာရာဏသီပြည်ကို တိုက်ခိုက်ရန် အကြံပြု၏။

ကောသလမင်းသည် အမတ်ယုတ်၏ စကားဖြင့် တာရာဏသီပြည်ကို တိုက်ခိုက်ကာ နန်းရင်ပြင်မှာ အမတ်များ၏ အလယ်၌ တင့်တယ်စွာစံနေသော တာရာဏသီမင်းကို နောင်ဖွဲ့ကာ ဆိုင်းတွင် ထည့်စေပြီးလျှင် နန်းတော်တံခါးအထက်၌ တွဲလျားဇောက်ထိုး ဆွဲထားစေ၏။

ပြဟ္မဒတ်မင်းသည် ကောသလမင်းကို အာရုံပြုကာ မေတ္တာတရားပွားများသဖြင့် ဈာန်အဘိညာဉ်ကို ရပြီးလျှင် တွဲလျားဇောက်ထိုး ဖွဲ့နှောင်ထားသည့် ကြိုးကိုဖြတ်ကာ ကောင်းကင်၌ တင်ပျဉ်ခွေ၍ နေတော်မူ၏။

ကောသလမင်း၏ ကိုယ်မှာလည်း ပူလောင်ခြင်း ပြင်းထန်လှသဖြင့် "ပူလှချည်ရဲ့ - ပူလှချည်ရဲ့" ဟု ညည်းညူကာ မြေအပြင်၌ အပြန်ပြန် လူးလိမ့်၍နေပြီးမှ "အဘယ်ကြောင့် ငါ ဤသို့ဖြစ်ရသနည်း" ဟု မှူးမတ်တို့ကို မေး၏။

မှူးမတ်တို့က "အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် တရားစောင့်၍ အပြစ်မရှိသည့် မင်းကို မတရားဖမ်းယူကာ ဇောက်ထိုးတွဲလျား ဆွဲထားစေသည့်အတွက် ဤသို့ ဆင်းရဲဒုက္ခကြီးစွာ ရောက်ရပေသည်" ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ကောသလမင်းက "ဤသို့ဖြစ်လျှင် လျင်မြန်စွာသွား၍ လွှတ်ကြပါကုန်" ဟု စေခိုင်းသဖြင့် မင်းချင်းယောကျ်ားတို့ လျင်မြန်စွာသွား၍ ကြည့်ကြသည်တွင် ကောင်းကင်၌ တင်ပျဉ်ခွေ ထိုင်နေသော ဖြူဟွဒတ်မင်းကို မြင်ကြသဖြင့် ပြန်လှည့်ကာ ကောသလမင်းအား အကြောင်းကို ပြန်ကြားလျှောက်ဆိုကြကုန်၏။

ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။

## ဘုရားရှင်၏ မေတ္တာ

ဘုရားရှင်လက်ထက်တော်အခါက ဘုရားအမှူးရှိသော သံဃာတော်တို့ ကုသိနာရုံပြည်သို့ ခရီးဒေသစာရီ ကြွချီဆိုက်ရောက်တော်မူရာ မလ္လမင်းတို့ အချင်းချင်း "ဘုရားအမှူးရှိသော သံဃာကို မကြိုဆိုလျှင် ဤရွှေ ဤမျှ ဒဏ်ထားစတမ်း" ဟု ကတိကဝတ် ထားချက်အရ အရှင်အာနန္ဒာ၏ လူဖြစ်စဉ်အခါက သူငယ်ချင်းဖြစ်သော ရောဇမလ္လမင်းသည်လည်း ဘုရားအမှူးရှိသော သံဃာတော်ကို အခြားမလ္လမင်းတို့နှင့်အတူ ကြိုဆိုဝတ်ပြုလေသည်။

ထိုအခါ အရှင်အာနန္ဒာက ရောဇမလ္လမင်းကို ဤကဲ့သို့ ဘုရားအမှူးပြုသော သံဃာတော်ကို ကြိုဆိုဝတ်ပြုရခြင်းသည် အရတော်ကြောင်း စသည်ဖြင့် မိန့်တော်မူ၏။

ထိုအခါ ရောဇမလ္လမင်းက မိမိသည် ရတနာသုံးပါးကို ကြည်ညို၍ ဤကဲ့သို့ ကြိုဆိုခြင်းမဟုတ်၊ မလ္လမင်းတို့ အချင်းချင်း သဘောတူ ဆုံးဖြတ်ကြသည့် ကတိကဝတ်ကြောင့်သာ ကြိုဆိုခြင်း ဖြစ်ကြောင်း စိတ်ရင်းအတိုင်း လျှောက်ထားပြောဆိုလေ၏။

ယင်းစကားကို ကြားသော် အရှင်အာနန္ဒာသည် စိတ်ချမ်းသာတော်မမူဘဲ ဘုရားရှင်ထံတော်မှောက် သွားရောက်၍ အကြောင်းအကျိုး လျှောက်ထားပြီးလျှင် ရောဇ၏စိတ်နှလုံး နူးညံ့အောင်ပြုတော်မူပါရန် တောင်းပန်လျှောက်ထားသဖြင့် ဘုရားရှင်သည် ရောဇမလ္လမင်းကို သီးသန့်အာရုံပြုကာ မေတ္တာဖြန့်ဝေတော်မူ၏။

ရောဇမလ္လမင်းသည် ဘုရားရှင်၏ မေတ္တာဖြင့်ဖွဲ့မိကာ အမိနှင့်ကွဲနေသော နွားငယ်ပမာ မိမိ၏ နန်းအိမ်၌ တည်ငြိမ်စွာ မနေနိုင်ဘဲ ဘုရားရှင် သီတင်းသုံးရာ ကျောင်းတော်သို့ လာရောက်၍ သဒ္ဓါတရားစစ်စစ် သက်ဝင်ကာ ဘုရားရှင်ကို ဖူးမြော်ရာ တရားတော် နာကြားရသဖြင့် သောတာပန် တည်လေ၏။

ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။

တစ်ချိန်ကလည်း ဘုရားအမှူးရှိသော သံဃာတော်တို့ ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံကြွတော်မူသောအခါ ဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ အလွန်မုန်ယစ်နေသော နာဠာဂီရိဆင်ကို ဘုရားရှင်သို့ ရှေးရှု တိုက်လွှတ်လိုက်လေ၏။ ဘုရားရှင်သည် နာဠာဂီရိဆင်ကို မေတ္တာရေချမ်း သွန်းဖျန်းတော်မူခြင်းဖြင့် အောင်မြင်တော်မူလေသည်။ ထိုအခါ ရာဇဂြိုဟ်ပြည်သူပြည်သားတို့က -

> "အချို့သော နွားဆရာ, ဆင်ဆရာ၊ မြင်းဆရာတို့သည် တုတ်, လှင်ကန်, တံပြာဖြင့်လည်းကောင်း၊ ချွန်းတို့ဖြင့်လည်းကောင်း၊ ကြိမ်လုံးတို့ဖြင့်လည်းကောင်း ရိုက်နှက်ထိုးဆွ ဆုံးမကြကုန်၏။ ဘုရားရှင်သည်ကား တုတ်, လှင်ကန် မပါရှိဘဲ တစ်စုံတစ်ရာလက်နက် မပါရှိဘဲ နာဠာဂီရိအမည်ရှိသော ဆင်ကြမ်းကြီးကို မေတ္တာရေအေး ဖျန်းပက်ပေး၍ ယဉ်ကျေးအောင် ဆုံးမတော်မူအပ်ပေပြီ"

ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဤစကားကို ပြောကြားကြလေကုန်၏။ ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။

## မေတ္တာအယောင်ဆောင် ရာဂ

အို ... စာရှုသူ၊ မိမိသည် မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းများကို သာဓက အနည်းငယ်ပြ၍ ဖြေရှင်းခဲ့ပါပြီ။ သာဓက များစွာကျန်ရှိပါသေးသည်။ ဤမျှဖြင့် အမေး၏ အဖြေမှာ ပြေလည်ပြီဟု ယူဆ၍ ဤမျှနှင့် အပြီးသတ်လိုက်ပါသည်။

အို ... စာရှုသူ၊ မေတ္တာနှင့်စပ်၍ သိမှတ်ဖွယ်ကောင်းသည်ကား "ရာဂတရားသည် မေတ္တာယောင်ဆောင်ကာ လှည့်ပတ်တတ်သည်" ဟူ၍ နေတ္တိအဋ္ဌကထာ၌ မိန့်ဆိုထားချက်အရ သတ္တဝါများအပေါ်မှာ တကယ့်မေတ္တာစစ် မေတ္တာမှန် ပွားလိုသော သူသည် မေတ္တာယောင်ဆောင်သည့် ရာဂတရားကို မပွားမိကြကုန်ရန် အထူးသတိပြုသင့်ပါသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပြဟ္မဝိဟာရနိဒ္ဒေသ၌လည်း "အမျက်ဒေါသ၏ ငြိမ်းခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်း ဖြစ်၍ တပ်စွန်းချစ်ခင်သော ရာဂ ဖြစ်ပေါ်လာခြင်းသည် မေတ္တာ၏ ပျက်စီးခြင်း ဖြစ်သည်" ဟု ဖွင့်ပြထား၏။

အမိပွာယ်မှာ မုန်းနေသော သူတစ်ယောက်ကို မေတ္တာပွားလိုက်လျှင် မုန်းခြင်းတည်းဟူသော အမျက်ဒေါသစိတ် ပျောက်၍ အကျိုးလိုလားသည့် မေတ္တာတရား သက်ဝင်လာ၏။ ဤသို့ မုန်းခြင်းတည်းဟူသော အမျက်ဒေါသ ပျောက်ငြိမ်းသွားခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်း ဖြစ်ပေ၏။

ဤသို့မေတ္တာစစ်စစ်ဖြစ်ပွားနေရာမှ ထိုသူအပေါ်မှာ တွယ်တာ ချစ်ခင်သောစိတ်ဖြစ်လာလျှင် မေတ္တာအစစ် ပျက်သွားပြီး ရာဂက မေတ္တာယောင်ဆောင်၍ အလှည့်ပတ်ခံရလေပြီဟု ဆိုလိုပါသည်။

ဤ မေတ္တာသည် ပါရမီဆယ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည့်အတိုင်း ဘုရားအလောင်း သုဝဏ္ဏသာမတို့ကဲ့သို့ မိမိတို့နှင့် တွေ့ကြုံသမျှ သတ္တဝါတိုင်း မိမိအပေါ်မှာ ချစ်ခင်၍ လာသည့်တိုင်အောင် မေတ္တာပါရမီတရား ပွားများအားထုတ်ရာ၏။

ဤ မေတ္တာတရားသည် ပါရမီဆယ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ရုံမျှမက ဈာန်အဘိညာဉ်ရကြောင်း သမထ ကမ္မဋ္ဌာန်းပေါင်း ၄၀ တို့တွင်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။

ထို့ကြောင့် ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့သည် မေတ္တာ ပွားများလျက် ထက်မြက် စူးစိုက်ကာ "အပ္ပနာ" ဟု ခေါ်သော ဈာန်အဘိညာဉ်သို့ပင် ပေါက်ရောက်ကြသည်။ မေတ္တာကို အခြေခံကာ ဝိပဿနာပွားက အရဟတ္တဖိုလ်သို့ပင် ရောက်ပါသည်။

ယင်းတို့ကား မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။ မေတ္တာရောင်ပြန်ဟပ်ခြင်း၊ မေတ္တာစူးရှခြင်း အကြောင်းတို့ကား များစွာရှိပါသေးသည်။ သို့သော် ဤမျှဖြင့် လုံလောက်ပါပြီ ဖြစ်၍ နိဂုံးချုပ်ပါရစေတော့။

- ✦ မေတ္တာသည်ကား သူတစ်ပါး ကျိုးများလိုလားတည်း။
- ✦ မေတ္တာရှိခဲ့ သူများရဲ့ ကျိုးမဲ့ပယ်ရှားတည်း။
- ✦ မေတ္တာပို့မှာ နည်းများစွာ ရှိပါလေသတည်း။
- ✦ မရည်မှန်းတာ ရည်မှန်းတာ နှစ်ဖြာရှိသတည်း။
- ✦ အရပ်မျက်နှာ မမှတ်တာ မှတ်တာရှိသတည်း။
- ✦ နည်းစုံများစွာ ကြိုက်နည်းသာ ပို့တာကျိုးရှိတည်း။

# ဘာကြောင့် သိမ်ကျောင်းဟာ မြင့်မြတ်ပါသလဲဘုရား

(၂၁၄)

## ဝိနည်းမှာ သိမ်

ဗုဒ္ဓသာသနာတော်၌ သိမ်ကျောင်းမှာ အရေးကြီးလှသော အဆောက်အအုံတစ်ခု ဖြစ်ပါသည်။ အရာလည်း ကျယ်လှပါသည်၊ အသိလည်း ခက်လှပါသည်။ ယင်းသိမ်အတူပင် အရာကျယ်၍ အသိခက်သော အရာတစ်ခုကို သိမ်နှင့်တွဲ၍ ဆိုရိုးပြုကြသည်ကား "သဒ္ဒါမှာလိင်" ဟူ၍ ဖြစ်ပါသည်။

မှန်ပါသည်။ ဝိနည်းအရာမှာ သိမ်သည် အသိခက်သလို အရာကျယ်သလို သဒ္ဒါအရာမှာလည်း လိင်မှာ အသိခက်လှပါသည်၊ အရာကျယ်လှပါသည်။ ဝိနည်းအရာမှာ သိမ်အကြောင်း နားလည်ပါလျှင် အခြားအကြောင်းအရာတွေမှာ မခက်တော့ပါ။ ထို့အတူပင် သဒ္ဒါအရာမှာလည်း လိင်အကြောင်း နားလည်ပါလျှင် တခြားအခက်ဆိုတာ မရှိတော့ပါ။

## ကျောင်းမှာ သိမ်

ဝိနည်းမှာ သိမ်၊ သဒ္ဒါမှာ လိင်ဆိုသော စကားမှာ အခက်နှင့်ပတ်သက်၍ ဆိုသောစကားတစ်ရပ် ဖြစ်ပါသည်။ အကျိုးနှင့်ပတ်သက်၍ ဆိုသော စကားတစ်ရပ် ရှိပါသေးသည်။ ယင်းမှာ "ကျောင်းမှာ သိမ်" ဟူ၍ဖြစ်ပါသည်။ ယင်း "ကျောင်းမှာ သိမ်" ဟူသော စကားနှင့် ဆက်နွယ်၍ ဆိုရိုးပြုသောစကားမှာ "ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်၊ ဆွမ်းမှာ ပိဏ်" ဟူ၍ဖြစ်ပါသည်။

ကျောင်းအမျိုးမျိုး ရှိသည့်တွင် သိမ်ကျောင်းသည် အကျိုးအကြီးဆုံးဟူ၍ ဆိုလိုပါသည်။ ဘာ့ကြောင့် သိမ်ကျောင်းသည် မြင့်မြတ်ပါသလဲ၊ အကျိုးကြီးပါသလဲ ဟူ၍ အမေး ဖြစ်၏။

သိမ်ကျောင်းသည်သာသနာတော်၏အသက်ဖြစ်ပါသည်။ယခုသာသနာတော်ရှိရဟန်းသံဃာများသည်သိမ်ကျောင်းမှဖွားမြင်ထွက်ပေါ်လာရပါသည်။ တဖန် သိမ်ကျောင်းမှဖွားမြင်ထွက်ပေါ်လာရသော ရဟန်းတော်တို့၏အပြစ်များကိုဆေးကျော်ရာဌာနမှာလည်း သိမ်ကျောင်းပင် ဖြစ်ပါသည်။

ထို့ပြင် လူအများနှင့် မဆက်ဆံ သီးခြားအမှုများကိုလည်း ယင်းသိမ်ကျောင်းမှာပင် ပြုရပါသည်။ သို့အတွက် သိမ်ကျောင်းသည် မြင့်မြတ်ပါသည်၊ အကျိုးကြီးပါသည်။ သင်္ကန်းအမျိုးမျိုး ရှိသည့်တွင် ကထိန်သင်္ကန်းသည် အကျိုးအကြီး

ဆုံး ဖြစ်ပါသည်။ ကထိန်သင်္ကန်း အလှူခံရသော ရဟန်းတော်တို့အဖို့ရာ အာပတ်အပြစ်များ အများကြီးလျော့နည်းသွားကြပါသည်။

တခြားလှူဖွယ်ပစ္စည်းတွေ တောင်လိုပုံအောင် ရပါစေ၊ ကထိန်သင်္ကန်း တစ်ထည်လောက် အပြစ်ပျောက်အောင် ပြုနိုင်စွမ်း မရှိပါပေ။ ကထိန်သင်္ကန်းမှာ အာပတ်အပြစ် ပျောက်ကင်းအောင် ပြုနိုင်စွမ်းရှိ၍ အကျိုးကြီးလှပါသည်။

## ဆွမ်းမှာ ပိဏ္ဍ

ဆွမ်းအမျိုးမျိုး လှူသည်တွင် ပိဏ္ဍပါတ် အလှူသည် အကျိုးအကြီးဆုံး ဖြစ်ပါသည်။ မှန်ပါသည်။ သာသနာတော်ကြီး ယနေ့အထိ ရှည်မြင့်စွာ တည်ရှိနေသည်မှာ တခြားအမျိုးမျိုးသော အလှူကြီး ဆွမ်းများကို ရရှိ၍မဟုတ်ပါ။ ပိဏ္ဍပါတ်ဆွမ်းကြောင့်တည်နေခြင်း ဖြစ်ပါသည်။

ပိဏ္ဍပါတ်ဆွမ်းဟူသည် ဆွမ်းခံစားသော ရဟန်းများအား တစ်ဖွန်း တစ်ယောက်မ လောင်းလှူသောဆွမ်းကို ခေါ်ပါသည်၊ တာဝန်လည်း မကြီး၊ ကုသိုလ်အရလည်း များသော ဆွမ်းအလှူ ဖြစ်ပါသည်။ ဆွမ်းလောင်းလှူသော အလှူစေတနာမှာလည်း နေ့စဉ်မပြတ် ဆက်စပ်နေ၍ အလှူခံပုဂ္ဂိုလ်မှာ အမြတ်စားတွေချည်းဖြစ်၍ မြင်တွေ့နေရသည်မှာလည်း အမြတ်စားတွေချည်း ဖြစ်ပါသည်။ တဖန် ပြုစုလုပ်ကျွေးရသည်မှာလည်း အမြတ်စားတွေချည်းပင် ဖြစ်ပါသည်၊ အောက်မေ့ရသည်မှာလည်း အမြတ်စားတွေချည်း မဟုတ်ပါလော။

ယင်းသို့ စေတနာဆက်စပ်ခြင်း၊ အလှူခံမြတ်ခြင်း၊ အမြင်ပြတ်ခြင်း၊ လုပ်ကျွေးရမှု မြတ်ခြင်း၊ အောက်မေ့ရမှု မြတ်ခြင်း၊ သာသနာ့အသက် ဆက်ခြင်း စသော အကြောင်းကြောင်းတွေကြောင့် ပိဏ္ဍပါတ်ဆွမ်းသည် မြင့်မြတ်ခြင်း ဖြစ်ပါသည်။

## မိမိနှင့် သိမ်

မိမိသည် ပရိယတ်ကိစ္စများ ပြီးသည့် နောက်ပိုင်းမှစ၍ ပဋိပတ်နယ်တွင်းသို့ ချဉ်းနင်းဝင်ရောက်ကာ နေရာအတည်တကျဟူ၍ မရှိဘဲ "ခြေသလုံးကျောင်းထိုင် အနေနှင့် တစ်တောထွက်ဝင် တစ်တောင်တက်ဆင်း" ဆိုသလို နေခဲ့ရာမှ မိမိကို မှီခိုလိုသော ရှင်ရဟန်းများမှာ တစ်စထက် တစ်စ များပြားလာပါသည်။

ယင်းသို့ မိမိကို မှီခိုလိုသောသူများနှင့် တစ်တောထွက်ဝင် တစ်တောင်တက်ဆင်းပြုရသည်မှာ အခါခပ်သိမ်း သပ္ပါယ မမျှတပါ။ တစ်ခါတလေ နေရာအခက်အခဲ ရှိ၍ တစ်ခါတစ်ခါ ဆွမ်းအခက်အခဲ ရှိပါသည်။ တဖန်မူ ယင်းမှီခိုသူများအတွက် ဆေးဝါးအခက်အခဲ၊ သင်ကြားပို့ချရေး အခက်အခဲ စသည်ဖြင့် အခက်အခဲများစွာ တွေ့လာပါသည်။ ယင်းကို သိမြင်သူ ဒါယကာ ဒါယိကာမ အချို့က မိမိ အလိုတစ်နေရာမှာ ကျောင်းလက်ခံ၍ ပဋိပတ် ပရိယတ်နှစ်ရပ် သာသနာပြုပါရန် လျှောက်ထားကြပါသည်။

မိမိသည် ပရိသတ်နှင့် အတူနေပါက ကိစ္စများမည်၊ စိတ်ဆင်းရဲမည်ကို ကြောက်၍ လက်မခံခဲ့ပါ။ နောက်ဆုံးတော့ တစ်တောထွက်ဝင် တစ်တောင်တက်ဆင်းနှင့် မိမိပရိသတ်နှင့် ဘယ်လိုမှ သပ္ပါယ မမျှတဖြစ်လာပါသည်။ သို့နှင့် ၁၃၄၀ ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း၌ "ဓမ္မဒူတတောရ" ဟု အမည်မှည့်ကာ တောရသစ် တစ်ခုကို လက်ခံလိုက်ပါသည်။

ပထမနှစ်၌ ရှင်ရဟန်း ၁၁ ပါး၊ ဒုတိယနှစ်၌ ၂၇ ပါး၊ တတိယနှစ်၌ ၃၂ ပါး၊ စတုတ္ထနှစ်၌ ၄၀ ပါး ရှိပါသည်။ တောရစတင်တည်ထောင်ပြီးကတည်းက သာသနာမြေနှင့် သိမ်အတွက် ကြိုးပမ်းခဲ့ပါသည်၊ သာသနာတော်အတွက် အရေးကြီးလှသောသိမ် မရှိ၍ မိမိတို့မှာ လေးနှစ်တိုင်တိုင် သိမ်နှင့်ပတ်သက်တဲ့ ကိစ္စများအတွက် အခက်တွေ့ရပါသည်၊

## သိမ် ဟူသည်

အခက်အခဲ မတွေ့သင့်ဘဲ အခက်အခဲ တွေ့ရသော သိမ်ဟူသည်မှာ တစ်ညီတညွတ်တည်း တစ်စုတဝေးတည်း စုပေါင်း၍ ကံကြီး ကံငယ် ပြုနိုင်ဖို့ရာ နယ်တစ်ခုအဖြစ် သီးခြားသတ်မှတ်ထားသော အရပ်တစ်ခု နေရာတစ်ခုပင် ဖြစ်ပါသည်။

သိမ်ထဲ၌ ရဟန်းတော်တို့ ချည်းသာ ပြုရသော ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ပရိဝါသ်ပေးခြင်း၊ အဗ္ဘာန် သွင်းခြင်း စသော ကိစ္စများ ကံကြီး ကံငယ်ဟူ၍ ခေါ်ပါသည်။

## သိမ် နှစ်မျိုး

ယင်းသို့ ကံကြီးကံငယ် ပြုရန် နယ်တစ်ခုအဖြစ် သတ်မှတ်ထားသော ဌာနတစ်ခုဖြစ်သော သိမ်သည် ဘယ်နှစ်မျိုး ရှိသနည်းဆိုသော် နှစ်မျိုး ရှိပါသည်။ ယင်းနှစ်မျိုးမှာ -

၁။ ဗဒ္ဓသိမ်

၂။ အဗဒ္ဓသိမ်

တို့ ဖြစ်ပါသည်။ ယင်းတွင် ဗဒ္ဓသိမ်ဟူသည် အဘယ်နည်း၊ အဗဒ္ဓသိမ်ဟူသည် အဘယ်နည်းဆိုသော် လေးပါး. လေးပါးထက် များသော ရဟန်းတော်တို့သည် စုပေါင်း၍ ဉတ်ကမ္မဝါစာ ရွတ်ဖတ်၍ သမုတ်အပ်သော သိမ်ကို "ဗဒ္ဓသိမ်" ဟူ၍ ခေါ်ပါသည်။

ဉတ်ကမ္မဝါစာ ရွတ်ဖတ်ပြီး မသမုတ်ဘဲ အလိုလို သိမ်ဖြစ်သော သိမ်ကို "အဗဒ္ဓသိမ်" ဟူ၍ ခေါ်ပါသည်။ ထိုနှစ်မျိုးတို့တွင် "ဗဒ္ဓသိမ်" သည် -

၁။ ခဏ္ဍသိမ်

၂။ သမာနသံဝါသကသိမ်

၃။ အဝိပ္ပဝါသသိမ်

ဟု သုံးမျိုးပြား၍ အဗဒ္ဓသိမ်သည် -

၁။ ဂါမသိမ်

၂။ ဥဒကုက္ခေပသိမ်

၃။ သတ္တဗ္ဘန္တရသိမ်

ဟု သုံးမျိုး ပြားပြန်ပါသည်။ ထိုတွင် -

၁။ "ခဏ္ဍသိမ်" ဟူသည်မှာ မဟာသိမ်အတွင်း၌ သမုတ်အပ်သော သိမ်ငယ်ကို ခေါ်ပါသည်။ မဟာသိမ်ကို ပိုင်းဖြတ်သကဲ့သို့ ဖြစ်သောကြောင့် "ခဏ္ဍသိမ်" ဟု ခေါ်ပါသည်။ သို့သော် ယင်းခဏ္ဍသိမ်မှာ မဟာသိမ်သမုတ်ပြီးမှ ယင်းမဟာသိမ်ကို ပိုင်းဖြတ်ထားသည်ကား မဟုတ်ပါ။ မူလကပင် မဟာသိမ် ခဏ္ဍသိမ် အပိုင်းအခြားကို သတ်မှတ်၍ နိမိတ်များ အသီးသီးကြားပြီး တစ်ခြားစီ သမုတ်ရပါသည်။

ခဏ္ဍာသိမ် မဟာသိမ် နှစ်မျိုးသမုတ်သောအခါ ယင်းသိမ် နှစ်မျိုးတို့အကြား၌ "သီမန္တရိက်" ကို ထားရသည်။ မထားဘဲ မနေရပါ။ "သီမန္တရိက်" ဟူသည်မှာ သိမ်တို့အကြား အရပ်ဟု ဆိုလိုပါသည်။ ဗဒ္ဓသိမ်နှစ်ခုတို့၏ ထိစပ်မှု မရှိရအောင် ခြားထားသော အရပ်ပင် ဖြစ်ပါသည်။

ယခုခေတ်အခါမှာ ကျောင်းတိုက်အသီးသီးတို့၌ သမုတ်လေ့ရှိသော သိမ်ငယ်တို့ကို "ခဏ္ဍာသိမ်" ဟု ခေါ်ဝေါ်ကြခြင်းကား မှုချအခေါ်အဝေါ် မဟုတ်ပါ။ အခေါ်အဝေါ်လွယ်အောင် ခေါ်ဝေါ်ခြင်းမျှသာ ဖြစ်ပါသည်။ စင်စစ်မှာ "ဗဒ္ဓသိမ်" တို့သာ ဖြစ်ကြပါသည်။

ခဏ္ဍာသိမ် မဟာသိမ် နှစ်မျိုး သမုတ်သောအခါ ယင်းသိမ် နှစ်မျိုးလုံးအတွက် အကြား၌ သီမန္တရိက်ကို ထားရပါသည်။ သီမန္တရိက်၏ ပမာဏကို တစ်တောင်၊ တစ်ထွာ၊ လက်လေးသစ် စသည်ဖြင့် ကြိုက်သလို ထားနိုင်ပါသည်။

၂။ သမာနသံဝါသသိမ် ဟူသည်မှာ ရဟန်းတို့အဖို့ တူသော ကံကြီးကံငယ် ပြုခြင်းရှိရာဖြစ်သော သိမ်ကို ခေါ်ပါသည်။ သိမ်မှန်လျှင် ဗဒ္ဓသိမ် ဖြစ်စေ၊ အဗဒ္ဓသိမ် ဖြစ်စေ သမာနသံဝါသသိမ် ဖြစ်သည်ချည်းပင် ဖြစ်ပါသည်။

၃။ အဝိပ္ပဝါသသိမ် ဟူသည်မှာ ဗဒ္ဓသိမ်ဖြစ်သော သမာနသံဝါသက သိမ်ပေါ်၌ ထပ်၍ သမုတ်သော သိမ်ဖြစ်ပါသည်။ သိမ်သမုတ်သောအခါ သမာနသံဝါသကသိမ်ကို အရင်သမုတ်ရပါသည်။ ထိုနောက်မှ ထိုသမာနသံဝါသကသိမ်ကိုပင် ထပ်၍ အဝိပ္ပဝါသသိမ် သမုတ်ရပါသည်။

## မဟာသိမ်

အဋ္ဌကထာတို့၌ ရံခါမှ မဟာသိမ်ကိုပင် အဝိပ္ပဝါသသိမ်ဟု ဆိုပါသည်။ မဟာသိမ်ဟူသည်မှာ ကမ္မဝါစာဖြင့် ရွတ်ဖတ်သမုတ်အပ်သော သိမ်ကြီးပင် ဖြစ်ပါသည်။ ယင်း မဟာသိမ်သည် အကြီးဆုံး သုံးယူဇနာအထိ ကျယ်နိုင်ပါသည်။

သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒထေရ်မြတ်သည် အနုရာဓမြို့ ကြီး တစ်ခုလုံးကို ခြုံ၍ "မဟာသိမ်ကြီး" သမုတ်ထားပါသည်။ ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးကို ခံသောရေတိုင်အောင် သိမ်ဖြစ်နေပါသည်။

## ဂါမ သိမ်

(၁) ဂါမသိမ်ဟူသည်မှာ အစိုးရမင်းတို့ မြေပုံ၌ ရွာနယ်တစ်ခုဟု သတ်မှတ်ထားသော အရပ်ကိုပင် ခေါ်ပါသည်။ ဤဂါမသိမ်၌ လူတို့နေရာ ရွာ၊ ထိုရွာသားတို့ လုပ်ကိုင်စားသောက်ရာ လယ်ယာ၊ တော၊ တောင် တစ်ဖက်ဆည်၊ ကန်၊ မြောင်း၊ သုသာန် စသည်တို့ ပါဝင်ပါသည်။

ရွာနယ်အတွင်းရှိ မြစ်ချောင်း၊ ဇာတသဿရအိုင်တို့ကိုကား "ဂါမသိမ်" မခေါ်ရပါ။ ယင်းတို့ကား ဂါမသိမ်နှင့် အလားတူသော "အဗဒ္ဓသိမ်" တို့သာတည်း။ ယင်း ဂါမသိမ်ကိုပင် "ဂါမခေတ်" ဟု ခေါ်ပါသေးသည်။

## ဂါမ ဂါမူပစာရ

ဤ၌ "ဂါမ ဂါမူပစာရ" တို့ကိုလည်း သိသင့်၍ ဆက်၍ ရှင်းပါမည်။ ဂါမဟူသည်မှာ ဂါမသိမ်၊ ဂါမခေတ်တို့ကိုပင် အတိုနည်းဖြင့် ခေါ်ဝေါ်သောအမည် ဖြစ်ပါသည်။ အရံရှိသောရွာ နိဂုံးမြို့တို့၌ အိမ်နှင့် အိမ်စည်ရိုးအရပ်၊ အရံမရှိသော ရွာ နိဂုံးမြို့တို့၌ အရံထိုက်ရာ၏ အတွင်းအရပ်သည် ဂါမ.မည်ပါသည်။ ဤဂါမကို "အဝိပ္ပဝါသ" သိမ်အရာ၌ သုံးပါသည်။

"ဂါမူပစာရ" ဟူသည် အရံရှိသော ရွာ နိဂုံး မြို့၌ အရံအရပ် အရံမရှိသော ရွာနိဂုံးမြို့တို့၌ အရံထိုက်ရာအရပ် ဂါမူပစာရ မည်ပါသည်။ "ရွာဥပစာ" ဟူ၍ ဆိုလိုပါသည်။ ဤဂါမူပစာရကိုလည်း "အဝိပ္ပဝါသသိမ်" အရာမှာ သုံးပါသည်။

## ဥဒကုက္ခေပသိမ်

(၂) ဥဒကုက္ခေပသိမ် ဟူသည်မှာ ယခုအခါမှာ လူအများ သိနေသော "ရေသိမ်" သည် ဥဒကုက္ခေပသိမ် ဖြစ်ပါသည်။ ထိုရေသိမ်ကို မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ရှိနိုင်ပါသည်။

မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ကမ္မဝါစာဖြင့် သိမ်သမုတ်၍ မရပါ။ ကမ္မဝါစာဖြင့် သိမ်သမုတ်ဖွယ်လည်း မလိုပါ။ ကမ္မဝါစာဖြင့် မသမုတ်ရဘဲ အလိုလိုဖြစ်နေသော သိမ်ဖြစ်ပါသည်။

ယင်းသို့ အလိုလိုသိမ်ဖြစ်နေက ယင်းတို့၌ ကံပြုသည့်အခါ မြစ်တစ်ခုလုံး သမုဒ္ဒရာတစ်ခုလုံး ဇာတဿရအိုင် တစ်ခုလုံးကို သုတ်သင်ရမည်လောဟူမူ ယင်းသို့ကား မဟုတ်ပါ။ ဘုရားရှင်က -

"ရဟန်းတို့ မြစ်၌ဖြစ်စေ၊ သမုဒ္ဒရာ၌ဖြစ်စေ၊ ဇာတဿရအိုင်တို့၌ ဖြစ်စေ အားအလယ်အလတ်ရှိသော ယောကျ်ား၏ ထက်ဝန်းကျင်မှ ရေတကျသည် တူသော ကံကြီးကံငယ်ရှိရာ တူသောဥပုသ်ရှိရာ သိမ်ဖြစ်သည်"

ဟု ဟောတော်မူပါသည်။ သို့ဖြစ်၍ မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ရေတကျပမာဏရှိသော အရပ်သည် သိမ်ဖြစ်ပါသည်။ ထိုရေတကျအတွင်းသာ သုတ်သင်ရတော့သည်။ မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင် တစ်ခုလုံးကို မသုတ်သင်ရပါ။

## သတ္တဗ္ဘန္တရသိမ်

(၃) သတ္တဗ္ဘန္တရသိမ်ဟူသည် ရွာမရှိရာဖြစ်သော တောအရပ်၌ ကမ္မဝါစာဖြင့် မသမုတ်ရဘဲ အလိုလိုဖြစ်သော သိမ်မျိုးဖြစ်ပါသည်။ ဤနေရာ၌ "တော" အရဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်တို့ဖြင့် မပိုင်းခြားအပ်သော တောသာမန်ဖြစ်စေ၊ တောကြီးဖြစ်စေ၊ တံငါသည်တို့ နေ့ချင်းပြန် မသွားရောက်နိုင်အောင် သမုဒ္ဒရာအလယ်ရှိ ကျွန်းတို့ဖြစ်စေ ဖြစ်နိုင်ပါသည်။

ထိုဆိုခဲ့ပြီးသော တောတို့နှင့် သမုဒ္ဒရာအလယ်ရှိ ကျွန်းတို့၌ ရဟန်း၏ပတ်ဝန်းကျင်မှ တစ်အဗ္ဘန္တရလျှင် ၂၈ တောင် ရှိ ခုနစ်အဗ္ဘန္တရ အရပ်သည် "သတ္တဗ္ဘန္တရသိမ်" မည်ပါသည်။ သတ္တဗ္ဘန္တရ ဟူသည် ခုနစ်အဗ္ဘန္တရ ဟု ဆိုလိုပါသည်။

ယင်း ခုနစ်အဗ္ဘန္တရ တိုင်းသောအခါ ပရိသတ် အစွန်းမှ တိုင်းရသောကြောင့် ဤ သတ္တဗ္ဘန္တရသိမ်သည် ပရိသတ်များ လျှင် များသလောက် ကျယ်သွားပါသည်။

## အထူးအခွင့်အရေး

ဤ သတ္တဗ္ဘန္တရသိမ်၌ ထူးခြားချက်တစ်ခု ရှိ၏။ ယင်းကား တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော ရဟန်းသည် တိစီဝရိက် နှင့် ညဉ့်ကင်း၍ နေခွင့်ရခြင်း ဖြစ်သည်။ အဓိဋ္ဌာန်တင်ထားသော တိစီဝရိက်သက်နှင့် ကင်း၍ အရုဏ်တက်သော်လည်း နိဿဂ္ဂိပါစိတ် အာပတ်မသင့်ပါ၊ ဂါမသိမ် ဝိသုံဂါမသိမ်တို့၌ကား ယင်းအခွင့်အရေးမျိုးကား မရနိုင်ပါ။

## ဝိသုံဂါမသိမ်

ယခုပြဆိုခဲ့သော သိမ်များအပြင် ဝိသုံဂါမသိမ်ဟူ၍ ရှိသေး၏။ ဝိသုံဂါမသိမ်ဟူသည် ဂါမသိမ်၏ တစ်စိတ်တစ်ပိုင်းကို ပိုင်းဖြတ်၍ သီးခြားရွာဖြစ်စေဟု အစိုးရတို့က သီမှတ်အပ်သော အရပ်ကို " ဝိသုံဂါမသိမ်" ဟု ခေါ်ပါသည်။ ထိုသို့ အစိုးရတို့က

သတ်မှတ်ပေးလျှင် ထိုသတ်မှတ်ပေးသော အရပ်သည် " ဝိသုံဂါမ" ဟူသော သီးခြားရွာ ဖြစ်တော့သည်။ ထိုသီးခြားရွာကိုပင် ပါဠိလို " ဝိသုံဂါမသီမာ" ဝိသုံဂါမသိမ် = သီးခြားရွာ အပိုင်းအခြားဟု ခေါ်ပါသည်။

အစိုးရတို့က " ဝိသုံဂါမ" ဖြစ်စေဟု သတ်မှတ်ပြီးသည်နှင့် တစ်ပြိုင်နက် သတ်မှတ်အပ်သော အရပ်သည် " ဝိသုံဂါမ သိမ်" ဖြစ်သည်။ ယင်း ဝိသုံဂါမသိမ်၌ " ဗဒ္ဓသိမ်" မသမုတ်သော်လည်း ရဟန်းခံခြင်း စသော ကံကြီးကံငယ် ပြုနိုင်ပါသည်။

## ဝိသုံဂါမအမိန့်နှင့် နေရာဌာန

ပကတိဂါမ ပကတိရွာမှ ဝိသုံဂါမ သီးခြားရွာ ပေးရခြင်းမှာ ကံကြီးကံငယ်ပြုရာ၌ ပကတိဂါမ ပကတိရွာနယ်မြေက ကျယ်လွန်း၍ ကံပြုလိုသော် တစ်သိမ်တည်း ဖြစ်နေသဖြင့် -

၁။ ဆန္ဒ လိုက်တောင်းဖို့လည်း မလွယ်ကူ

၂။ သံဃာ့ဘောင်သို့ နှစ်တောင့်ထွာ ဟတ္ထပါသ်စပ်ဖို့လည်း မလွယ်ကူ

၃။ ရွာနယ်မြေ အပြင်ဘက်သို့ ထွက်နေဖို့လည်း မစွမ်းနိုင်

၄။ ဗဒ္ဓသိမ်တစ်ခုခု၌ ဝင်နေဖို့လည်း အသင့်မရှိ

ယင်းသို့ ဖြစ်လျက် အကယ်၍ ကံပြုလျှင် ထိုပြုအပ်သော ကံသည် ဝဂ်တစ်ခုဖြစ်နေ၍ အချည်းနှီးဖြစ်ဖို့သာ ရှိပါတော့ သည်။

" ဝိသုံဂါမသိမ်" ဟူသည်မှာ နယ်သိမ်းဖို့ လွယ်ကူစေရန် အစိုးရတို့က ပြုလုပ်ပေးသော ဝိနည်းပရိယာယ်တစ်ခု သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းသို့ ဂါမတို့ ဂါမခေတ် ရွာနယ်မြေအတွင်းဖြစ်က သာသနာ့မြေဖြစ်သည်ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ ကျောင်းတွင်းဖြစ်သည်ဖြစ်စေ၊ ကျောင်းဖြစ်သည်ဖြစ်စေ၊ အယုတ်ဆုံး လယ်ကွက်ထဲမှာပင်ဖြစ်စေ မည်သည့်နေရာ၌ မဆို ဝိသုံဂါမ ရွာသီးခြားပေးနိုင်ပါသည်။

ယင်းသို့ ဝိသုံဂါမပေးရာ၌ မြေကွက်ကို အပိုင်ပေးမှု မပေးမှုမှာ ပမာဏမဟုတ်ပါ။ သီးခြားရွာဟု သတ်မှတ်ပေးခြင်းသာ ပမာဏဖြစ်ပါသည်။ ဝိသုံဂါမ ရွာသီးခြားဖြစ်ပါသည်။

## ဗဒ္ဓသိမ် ပျက်ကြောင်း

ယင်း ဝိသုံဂါမ ရွာသီးခြားပေါ်တွင် ဗဒ္ဓသိမ် သမုတ်ထားလျှင် ဝိသုံဂါမအမိန့်ကို ရုပ်သိမ်းလိုက်သော်လည်း ဝိသုံဂါမ ရွာသီးခြားသာ ပျက်သည်။ သမုတ်ထားသော ဗဒ္ဓသိမ်ကား မပျက်ပါ။ ဗဒ္ဓသိမ် သမုတ်ထားပြီး ပျက်နိုင်သော အကြောင်းတရားတို့ သည် -

၁။ သိမ်နုတ်ကမ္မဝါစာဖြင့် ရွတ်ဖတ်ပြီး နုတ်လျှင်လည်းကောင်း

၂။ ဘုရားသာသနာတော် ကွယ်သွားလျှင်လည်းကောင်း

ဤအကြောင်းနှစ်ကြောင်းကြောင့်သာ ဗဒ္ဓသိမ် ပျက်ပါသည်။ အခြားအကြောင်းကြောင့် မပျက်နိုင်ပါ။

## နယ်သိမ်းသိမ်

ထိုမှတစ်ပါး နယ်သိမ်းသိမ်ဟုလည်း ရှိသေး၏။ နယ်သိမ်းသိမ်ဟူသည်မှာ ဂါမခေတ်တစ်ခုလုံးရှိ ရဟန်းများကို ကံပြု ရာအရပ်သို့ စုဝေးစေခြင်းနှင့် ကံပြုရာသို့ မလာရောက်နိုင်သော ရဟန်းတို့၏ ဆန္ဒကို တောင်းခြင်း၊ သို့မဟုတ် ထိုရဟန်းတို့

မိမိတို့ကျောင်း၊ ကျောင်းတိုက်အသီးသီး၌ရှိသော ဗဒ္ဓသိမ်တို့၌ ဝင်၍ နေစေခြင်း၊ သို့မဟုတ် ကံပြုရာ ဂါမခေတ်၏ အပြင်ဘက်သို့ ထွက်၍နေစေခြင်း၊ တခြား ဂါမခေတ်မှ ရဟန်းများ ဝင်မလာနိုင်စေရန် လမ်း၊ မြစ် စသည်တို့၌ အစောင့်များချထားခြင်းကို "နယ်သိမ်း"သည်ဟု ခေါ်ပါသည်။

နယ်သိမ်းသည်နှင့် သံဃာသိမ်းဟူသည်မှာ အတူတူပင် ဖြစ်ပါသည်။ စင်စစ် နယ်အတွင်းရှိ သံဃာကိုသာ သိမ်းခြင်းဖြစ်၍ သံဃာသိမ်းဟုလည်း ခေါ်နိုင်ပါသည်။ ယင်းသို့ နယ်သိမ်းပြီး သမုတ်သောသိမ်ကို နယ်သိမ်းသိမ်ဟု ခေါ်ပါသည်။

## ဘာကြောင့် နယ်သိမ်းရသနည်း

ဘာ့ကြောင့် နယ်သိမ်းရသနည်း ဟူသော အမေးကို ဖြေသော် အနည်းငယ်ကျယ်မည်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သိမ်သမုတ်နည်းသည် -

၁။ ဝိသုံဂါမ တောင်း၍ သမုတ်နည်း

၂။ ရွာနယ်သိမ်း၍ သမုတ်နည်း

ဟူ၍ နှစ်နည်းရှိပါသည်။ ယင်းနှစ်နည်းရှိရာ "ဝိသုံဂါမ"ဟူသည် ကမ္မဝါစာဖြင့် သမုတ်အပ်သော သိမ်မဟုတ်ပါ။ အစိုးရတို့က ပကတိရွာမှ ဝိသုံဂါမ သီးခြားရွာအဖြစ် သတ်မှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အလိုလို သိမ်အဖြစ်သို့ ရောက်လာသော သိမ်သာ ဖြစ်ပါသည်။ ယင်း ဝိသုံဂါမမှာ တစ်မျိုးမဟုတ်ပါ။

ယင်းသို့ သိမ်ဖြစ်သော် အဘယ်ကြောင့် သမုတ်ရသနည်း။ ဝိသုံဂါမ တောင်းသူက ပြန်အပ်သော်လည်းကောင်း၊ အစိုးရတို့က အမိန့်ပြန်ရုပ်သိမ်းသော်လည်းကောင်း ပျက်သွားပါသည်။ ထို့ကြောင့် ဝိသုံဂါမ ပျက်သွားသော်လည်း သိမ်မပျက်ရန် ဝိသုံဂါမသိမ်ပေါ်၌ "ဗဒ္ဓသိမ်" သမုတ်ရပါသည်။

ဝိသုံဂါမသည် ပကတိဂါမလောက် မကျယ်ဝန်းပါ။ သိမ်ဆောက်လောက်ရုံမျှသာ ဖြစ်ပါသည်။ ယင်းသို့ ဝိသုံဂါမ တောင်းရခြင်းမှာ မိမိတို့ ဂါမခေတ်ရွာနယ်မြေ ကျယ်လွန်း၍ နယ်မသိမ်းနိုင်သောကြောင့် လည်းကောင်း၊ မီးရထား မော်တော်ကား စသည် အလွန်များသဖြင့် နယ်သိမ်းရန် ခက်ခဲလွန်းသောကြောင့်လည်းကောင်း ဝိသုံဂါမ တောင်းရခြင်း ဖြစ်ပါသည်။

အကယ်၍သာ ဂါမခေတ် နယ်မြေကျဉ်းသော်လည်းကောင်း၊ နယ်သိမ်းရန် လွယ်ကူသော်လည်းကောင်း ယင်း ဝိသုံဂါမ အမိန့်မတောင်းဘဲ နယ်သိမ်း၍ "နယ်သိမ်းသိမ်" သမုတ်လိုက်ရုံပင် ဖြစ်ပါသည်။

နယ်သိမ်းရခြင်း အကြောင်းရင်းမှာ ဝိသုံဂါမ တောင်းရသည်မှာ ခက်ခဲလွန်းသောကြောင့်လည်းကောင်း၊ ကံပြုရေး အခက်တွေ့သောကြောင့်လည်းကောင်း ဝိသုံဂါမ မတောင်းဘဲ နယ်သိမ်းရခြင်း ဖြစ်ပါသည်။

## ဘာ့ကြောင့် သိမ်နုတ်ရသနည်း

သိမ်သမုတ်ရန်သာ လိုသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် သိမ်နုတ်ရပါသနည်း၊ သိမ်သမုတ်လိုသည့် နေရာ၌ သိမ်သမုတ်လျှင် မပြီးလောဟူ၍ အမေးပုစ္ဆာ ပြဿနာများ ရှိလာပါသည်၊ ယင်းပြဿနာများ ပြေလည်ရန် သိမ်ပျက် (၁၁) လုံးတွင် -

၁။ သိမ်ချင်းစပ်၍ သမုတ်သော သမ္ဘေဒသိမ်

၂။ သိမ်တစ်ခုကို လွှမ်းမိုး၍ သမုတ်အပ်သော အဇ္ဈောတ္ထရဏသိမ်

ဟူ၍ဤသိမ်ပျက် နှစ်မျိုးကို အရေးတကြီး သိဖို့လိုပါသည်။ မိမိတို့ သိမ်သမုတ်မည့် နေရာ၌ သိမ်ဟောင်း ရှိနေလျှင် ယခု အသစ် သမုတ်သော သိမ်သည် မအောင်မြင်ပါ။

ယခု အသစ်သမုတ်သော သိမ်သစ်နေရာ၌ သိမ်ဟောင်းမှ မြေအားသော်လည်းကောင်း၊ အနည်းဆုံး ရဟန်းလေးပါး ကံပြုလောက်သော အရပ်ဖြစ်သော်လည်းကောင်း တကယ်လို့ ပါနေပါက လွှမ်းမိုး၍ သမုတ်သော သိမ်ပျက်မည်ပါသည်။

ရဟန်းလေးပါး နေလောက်ရုံအရပ်မှ အနည်းငယ် လျော့သောနေရာ ဖြစ်ခဲ့ပါလျှင် စပ်၍ သမုတ်သော သိမ်ပျက်မည်ပါသည်။

ယင်းသိမ်နှစ်မျိုးစလုံး မအောင်မြင်ပါ၊ ယင်းကဲ့သို့ စပ်၍ဖြစ်စေ၊ လွှမ်းမိုး၍ ဖြစ်စေ ထပ်ပြီးတော့ သမုတ်လိုက်လျှင် ယင်းသို့ ထပ်ပြီးတော့ သမုတ်ခြင်းကြောင့် မူလက ရှိရင်းစွဲ သိမ်ဟောင်းမှာ ပျက်မသွားပါပေ။

ဤယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီး၏ အဆုံးအထိ သိမ်အဖြစ်ဖြင့် တည်နေပါသည်။ သိမ်အသစ်သာ မအောင်မြင်ပါ၊ သို့အတွက်ကြောင့် သိမ်သစ် အောင်မြင်စေခြင်းငှာ အသစ်ထပ်ပြီးတော့ သိမ်နုတ်ရပါသည်။

## သိမ်ဟောင်း မရှိလျှင်

သိမ်အသစ် သမုတ်မည့် နေရာ၌ သိမ်အဟောင်း မရှိဟု အတိအကျ သိပါလျှင်မူ သိမ်နုတ်ရန် မလိုပါပေ။ တစ်ခါတည်း အသစ်သမုတ်လိုက်ရုံသာ ဖြစ်ပါသည်။ သို့သော် ယခု ဂေါတမဘုရားရှင်၏ သာသနာတော်အတွင်း၌ ဤနေရာတွင် သိမ်မသမုတ်ဘူးဟု ယင်းနေရာအတွက် မည်သူမျှ အတိအကျ မပြောနိုင်ပါပေ။

ထို့ကြောင့် အကယ်၍ သိမ်ဟောင်းရှိခဲ့ပါလျှင် သိမ်ဟောင်း ကျွတ်သွားမည်၊ သိမ်ဟောင်း မရှိခဲ့ပါလျှင် ပို၍ စင်ကြယ်သွားမည်၊ ဝိနည်းအတွက် သံသယကင်းရှင်းသွားပါမည်။

သို့ဖြစ်၍ တစ်ကြိမ်တစ်ခါမျှ နုတ်သည်မဟုတ်ဘဲ သိမ်သမုတ်သည့် နေရာအနှံ့ အထပ်ထပ် နုတ်သင့်ပါသည်။ မည်သည့်နေရာမှာ သိမ်ဟောင်းရှိသည်ဟု ဧကန်အမှန် မသိနိုင်ပါ။ စိတ်ချလက်ချ ဖြစ်ရအောင် နေရာအနှံ့အပြား အထပ်ထပ်နုတ်ရပါသည်။ ယင်းသို့ နုတ်မှသာလျှင် ဧကန်အမှန် သိမ်ဟောင်းကျွတ်ပြီး ရှင်းပြီး စိတ်ချလက်ချ အများသံသယ ကင်းရှင်းပြီး လက်ခံနိုင်ပါသည်။

## ပို၍ နုတ်ရမည်

ယင်းသို့ သိမ်နုတ်သည့်အခါမှာ အရပ်လေးမျက်နှာ ပိုပြီးတော့ နုတ်ရပါသည်။ ညောင်စောင်းတစ်ခုစာ၊ နှစ်ခုစာမျှ တိုးချဲ့၍ နုတ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် မိမိသမုတ်မည့် သိမ်သစ်နေရာတွင် ပါဝင်နေသော သိမ်ဟောင်း၏ တည်နေရာအရပ်မှာ ရဟန်းလေးပါး ထိုင်လောက်သော အရပ်မဟုတ်ဘဲ အနည်းငယ်မျှသာ ပါဝင်အံ့။

ယင်းနေရာ၌ နုတ်သော်လည်း ယင်းအနည်းငယ်မျှသော သိမ်ဟောင်း ကျွတ်သွားမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းသိမ်ဟောင်းပေါ်၌ ရဟန်းလေးပါး နေထိုင်လျက် ကမ္မဝါစာဖတ်သည် မဟုတ်သောကြောင့် ဖြစ်ပါသည်။ ရဟန်းလေးပါးဟူသော သံဃာပြည့်မှ ကမ္မဝါစာ ရွတ်ဖတ်ရသည်ကိုလည်း သေသေချာချာ မှတ်သင့်ပါသည်။

## သိမ်နုတ်ရာ၌ အင်္ဂါ နှစ်ပါး

သိမ်နုတ်သည့်အခါ အရေးတကြီး လိုအပ်သည့်အင်္ဂါ သိရမည့်အင်္ဂါ နှစ်ချက်ရှိပါသည်။ ထိုနှစ်ချက်မှာ -

၁။ မိမိနုတ်ရမည့် သိမ်ပေါ်၌ အနည်းဆုံး ရဟန်းလေးပါး ရှိခြင်း

၂။ သိမ်နုတ်မည်ဟု နှလုံးသွင်း၍ ကမ္မဝါစာဖတ်ခြင်း

ဟူ၍ အင်္ဂါနှစ်ချက် ရှိပါသည်။

## သိမ်နုတ်ရာ၌ နှလုံးသွင်း

သိမ်နုတ်အင်္ဂါကိုပြရာ၌ "သိမ်နုတ်အံ့" ဟူသော နှလုံးသွင်းခြင်းဖြင့် ဖတ်မှသာ သိမ်ပောင်းကျွတ်ပါသည်။ ဆေးစီရင်ခြင်း စသည်အကျိုးငှာ သိမ်နုတ်ကမ္မဝါစာကို ဖတ်သော်လည်း သိမ်ပောင်း မကျွတ်ပါ။ အဘယ်ကြောင့်ဆိုသော် "သိမ်နုတ်အံ့" ဟု နှလုံးသွင်း မရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် သိမ်နုတ်စဉ်ဝယ် "သိမ်နုတ်အံ့" ဟု နှလုံးသွင်း ရှိရမည် ဖြစ်ပါသည်။

စိတ်၏ အပြောင်းအလဲများ အလွန်လျင်မြန်သောကြောင့် အထူးသတိထားရမည် ဖြစ်ပါသည်။ ဗဒ္ဓသိမ်၌ သိမ်နုတ်ရန်မှတစ်ပါး အခြားအကြောင်းများကြောင့် သိမ်နုတ်ကမ္မဝါစာ မဖတ်သင့်ပါ။

မှန်ပါသည်။ "သိမ်နုတ်သည်" ဟု နှလုံးသွင်းရာမှ "ဆေးစီရင်သည်" ဟု နှလုံးသွင်းမိသွားလျှင် များစွာ ခက်ခဲနစ်နာလျက် သိမ်ပျက်သွားပါလိမ့်မည်။

## အရေးကြီးသည်

သိမ်နုတ်သည့်အခါ မြေနေရာ အမျိုးမျိုးရှိနေ၍ အထပ်ထပ် နုတ်ရသည်။ သို့မှသာ သိမ်အသစ်သမုတ်သည့်အခါ စိတ်ချလက်ချ ဖြစ်သည်။ သိမ် မအောင်မြင်ပါက အကျိုးမရှိယုံမျှ မက အပြစ်များစွာ ဖြစ်နိုင်ပါသည်။

အဘယ်ကြောင့် ဖြစ်သနည်းဆိုသော် မအောင်မြင်သော သိမ်ပျက်၍ ကံပြုသော် ယင်းကံသည် မအောင်မြင်ပါ။ ရဟန်းခံလျှင်လည်း ယင်းရဟန်းလောင်းသည် ရဟန်းအဖြစ် မရောက်တော့ပါ။

## ရှေးဦးနုတ်၊ နောက်နုတ်

သိမ်နုတ်သောအခါ အဝိပ္ပဝါသသိမ်ကို ရှေးဦးစွာ နုတ်ပြီးမှ သမာနသံဝါသကသိမ်ကို နုတ်ရပါသည်။ အဘယ်ကြောင့်ဆိုသော် သိမ်သမုတ်ထားခဲ့စဉ်က သမာနသံဝါသကသိမ်ကို ရှေးဦးစွာသမုတ်၍ နောက်မှ အဝိပ္ပဝါသသိမ်ကို သမုတ်ခဲ့သောကြောင့် ဖြစ်ပါသည်။

## သိမ်နုတ်ရာဝယ်

သိမ်နုတ်ရာဝယ် ခဏ္ဍသိမ်၌ တည်၍ အဝိပ္ပဝါသခေါ် မဟာသိမ်ကို မနုတ်ရပါ။ ယင်းအတူပင် မဟာသိမ်၌ တည်၍ ခဏ္ဍသိမ်ကို မနုတ်ရပါ။ ခဏ္ဍသိမ်၌ တည်၍ ခဏ္ဍသိမ်ကိုသာ နုတ်ရပါသည်။ မဟာသိမ်၌တည်၍ မဟာသိမ်ကို နုတ်ရပါသည်။ သိမ်နုတ်သောအခါ -

၁။ အကွက်ချနုတ်နည်းနှင့်

၂။ အကွက်မချဘဲ နုတ်နည်း

နှစ်မျိုး ရှိသည်။ ယင်းနှစ်မျိုးတွင် အကွက်ချနတ်နည်းမှာ -

၁။ ရှေးဟောင်းနည်း ဖြစ်၍လည်းကောင်း

၂။ လက်တွေ့နတ်ရာ၌ လွယ်ကူ၍လည်းကောင်း

အကွက်ချ၍ နတ်နည်းကား ပို၍ကောင်းပါသည်။ အကွက်မချဘဲ မလွဲအောင် မှတ်သားထားခြင်းငှာ စွမ်းနိုင်ပါလျှင်လည်း အကွက်မချဘဲ နတ်ကောင်းပါသည်၊ နတ်အပ်ပါသည်။

## များးစွာထိခိုက်

သိမ်နတ်ရာဝယ် ဘယ်လိုပင်နတ်နတ် သိမ်ဟောင်းကျွတ်ရေးပင် အဓိကဖြစ်ပါသည်။ အနည်းငယ်မျှသာ သိမ်ဟောင်းပါဝင်နေလျှင် ရဟန်းလေးပါး ထိုင်လောက်သည် မဟုတ်သောကြောင့် ယင်းသိမ်ဟောင်း ကျွတ်သည်မဟုတ်ပါ။

အကယ်၍ သိမ်ဟောင်းမကျွတ်ဘဲ အပေါ်ကထပ်၍ သိမ်သမုတ်လျှင် ယင်းသိမ်သစ်မှာ ဘယ်လိုမှ မအောင်မြင်နိုင်ကြောင်း ယင်းသိမ်သစ်ထဲ၌ ပြုသော သံဃာကံအားလုံးတို့သည်လည်း မအောင်မြင်ကြတော့ပါ။ များးစွာ ထိခိုက်ပါသည်။

## သိမ်နတ်နည်း

သိမ်နတ်သည့် နည်းတို့သည် ကိုးနည်းတို့ ရှိကုန်၏။ ယင်းတို့ကို အကုန်နတ်သည်လည်း ရှိ၏။ မနတ်သည်လည်း ရှိ၏။ ယင်းကိုးနည်းတို့မှာ -

၁။ ကလျာဏီကျောက်စာလာ နတ်နည်း။

၂။ ဝိနယာလင်္ကာရ နတ်နည်း။

၃။ မိုင်းခိုင်းသိမ်ပုံကျမ်းလာ နတ်နည်း။

၄။ ရင်ဘောင်တန်း နတ်နည်း။

၅။ ခရုပတ် နတ်နည်း။

၆။ လှူးလာတဲ့ခေါက် နတ်နည်း။

၇။ ပျားကြီးစွဲ နတ်နည်း။

၈။ ကြက်ခြေခတ် နတ်နည်း။

၉။ ထောင့်တန်း နတ်နည်း။

ဟူ၍ ကိုးနည်းတို့ ဖြစ်ပါသည်။

## သိမ်ကမ္မဝါစာ

သိမ်နတ်ရာ၌ အချို့ကမ္မဝါစာများလေ ကောင်းလေဟု ဆို၏။ သို့ဖြစ်၍ တစ်ပါးကြား နှစ်ပါးကြားဖြစ်စေ၊ သံဃာကုန်ဖြစ်စေ၊ သံဃာအများ ရွတ်ဖတ်နတ်နိုင်၏။ နတ်အပ်၏ဟု ဆို၏။ ရှေးကမူ ကမ္မဝါစာ ရွတ်ဖတ်ရာ၌ တစ်ပါးတည်းသာ ရွတ်ဖတ်ပါသည်။

နောက်၌မူ "လက်ကလွတ် ခြေကမြဲ၊ ခြေကလွတ် လက်ကမြဲ၊ မြဲရာသံပတ် သဘောမျိုး" ဖြင့် နှစ်ပါး၊ သုံးပါး စသည် အတူ ပေါင်း၍ ရွတ်ဖတ်ကြပါသည်။

များများဖတ်လေ နိုင်မြဲလေဖြစ်သောကြောင့် လေးပါး၊ လေးပါးထက် အလွန်ဖတ်ခြင်းမှာ အပြစ်မရှိပါ။ ပို၍ နိုင်မြဲခြင်းနှင့် သက်သာခြင်း အကျိုးရှိ၏ဟု ဆို၏။

## သိမ်နိမိတ်

သိမ်သမုတ်သောအခါ သိမ်နိမိတ်မှာလည်း များစွာအရေးကြီးပါသည်။ နိမိတ်ကျိုးသော သိမ်သည် နှစ်မျိုး ရှိပါသည်။ ယင်း နှစ်မျိုးမှာ -

၁။ နိမိတ်ခြင်း စပ်အောင်မကြားဘဲ သမုတ်အပ်သော သိမ်

၂။ လောက်သောနိမိတ်များအကြား၌ မလောက်သော နိမိတ်ကိုဖြစ်စေ၊ နိမိတ်မလုပ်ကောင်းသော ဝတ္ထုဖြစ်စေ နိမိတ်ကြား၍ သမုတ်သောသိမ်

ဟူ၍ နှစ်မျိုးရှိပါသည်။ ယင်း နှစ်မျိုးတွင် -

၁။ အမှတ် (၁) သိမ်မှာ အရှေ့အရပ်က စ၍ကြားလျှင် အစဉ်အတိုင်း အရှေ့အရပ်အထိ ကြားရမည်။ အရှေ့အရပ်ကို ထပ်၍ကြားရဦးမည် ဖြစ်သည်။

၂။ အမှတ်(၂)သိမ်မှာ နိမိတ် မလုပ်ကောင်းသော သဲပုံ စသည်နှင့် နိမိတ်မလောက်သော သစ်ပင် စသည်ကို နိမိတ်လုပ်၍ သမုတ်သောသိမ်ဖြစ်က ထိုသိမ်နှစ်မျိုးလုံး နိမိတ်ကျိုးသော သိမ်မည်ပါသည်။

သိမ်နိမိတ်သည် အနည်းဆုံး သုံးခုရှိလျှင် အပ်၏ဟု အဋ္ဌကထာ ဆိုပါသည်။ ယင်းသို့ နိမိတ် သုံးခုဖြင့် သမုတ်ရာ၌ နိမိတ်တစ်ခုပျက်လျှင် ထိုသိမ် ပျက်မည်မှာ သေချာ၏။ သို့မဟုတ်ဘဲ နိမိတ်လေးငါးခု စသည်ဖြင့် သမုတ်ရာ၌ နိမိတ်တစ်ခု ပျက်ခဲ့သော်လည်း နိမိတ် သုံးခု စသည် ကျန်သေးသောကြောင့် နိမိတ်ကျိုးသည် မမည်နိုင်ပါ။

## သိမ်ပဋ္ဌတည်၍ သမုတ်ခြင်း

သိမ်ပဋ္ဌတည်၍ သမုတ်သောသိမ် ဆိုသည်မှာ နိမိတ်တို့ကို ကြားပြီးနောက် ယင်းသိမ် နိမိတ်တို့၏ အပြင်ဘက်၌ ကမ္မဝါစာ ရွတ်ဖတ်သော ရဟန်းတို့နေ၍ ရွတ်ဖတ်သမုတ်သောသိမ် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းတိုက်တစ်ခု၌ ခဏ္ဍသိမ်၊ မဟာသိမ် သုံးမျိုး သမုတ်သောအခါ ခဏ္ဍသိမ်၌နေ၍ မဟာသိမ်ကို မသမုတ်ရပါ။ မဟာသိမ်၌နေ၍ ခဏ္ဍသိမ်ကို မသမုတ်ရပါ။

## အလွန်ကြီး.ငယ် သိမ်

သိမ်ကြောင့် ကံပျက်နိုင်သည်ဟု ဘုရားရှင် အထပ်ထပ် ဟောတော်မူ၏။ သိမ်၏ ပမာဏသည် သံឃာ ၂၁ ပါးထိုင်လောက်သော အလွန်ငယ်သော "အတိခုဒ္ဒကသိမ်" နှင့် သုံးယူဇနာထက် ဆံပင်တစ်ဖျားကြီးသော "အတိမဟတီသိမ်" နေရာသည်လည်း သိမ်ပျက် မည်ပါသည်။

## အောင်မြင်သော ဗဒ္ဓသိမ်

သိမ်သမုတ်သောအခါ အောင်မြင်သော သိမ်ဖြစ်စေရန် များစွာအရေးကြီးလေသည်။ သိမ် မအောင်မြင်ဘဲ သိမ်ပျက်ခဲ့သော် ထိုသိမ်ပျက်၌ ကံကြီးကံငယ် ပြုခဲ့သော ထိုကံများ အောင်မြင်တော့မည် မဟုတ်ပါ။ ထိုသိမ်ပျက်၌ ရဟန်းခံသော ပုဂ္ဂိုလ်

များလည်း ရဟန်းဖြစ်တော့မည် မဟုတ်ပါ။ သို့ဖြစ်၍ အောင်မြင်သော ဗဒ္ဓသိမ်၏ လက္ခဏာကို သိသင့်ပါသည်။ အောင်မြင်သော ဗဒ္ဓသိမ်၏ လက္ခဏာမှာ -

"ကြီး ငယ် ကျိုး ရိပ်၊ အနိမိတ် ဗဟိဒ်တည်သမုတ်၊

အိုင်သမုဒ်မြစ်၊ စပ်လွှမ်းလစ် ဆယ့်တစ်သိမ် ပျက်ထုတ်" ဟူ၍ ဝိနယသံခိပ်အရ -

၁။ ကြီးလွန်းသော သိမ်

၂။ ငယ်လွန်းသော သိမ်

၃။ နိမိတ်ကျိုးသော သိမ်

၄။ အရိပ်ကို နိမိတ်လုပ်သော သိမ်

၅။ နိမိတ် မရှိသော သိမ်

၆။ သိမ်ပဉ္စတည်၍ သမုတ်သော သိမ်

၇။ ဇာတဿရအိုင်၌ သမုတ်သော သိမ်

၈။ သမုဒ္ဒရာ၌ သမုတ်သော သိမ်

၉။ မြစ်၌ သမုတ်သော သိမ်

၁၀။ မိမိသိမ်ဖြင့် သူတစ်ပါးသိမ်ကို စပ်၍ သမုတ်သော သိမ်

၁၁။ မိမိသိမ်ဖြင့် သူတစ်ပါးသိမ်ကို လွှမ်း၍ သမုတ်သော သိမ်

တို့ ဖြစ်ပါသည်။ ဤ သိမ်ပျက် ၁၁ ပါးမှ ကင်းလွတ်စေရခြင်း ဟူသော အင်္ဂါ ၁ - ပါး။

"သမ္ပတ္တိသုံးပါးနှင့် ပြည့်စုံအောင်မြင်ရမည်" ဟူသည်နှင့်အညီ "တောင်. ကျောက်. တော. သစ်. မဂ်. ရေ. မြစ်. တောင်၊ ရှစ် - နိမိတ်လာ" ဟူသော ဝိနယသံခိပ်နှင့်အညီ -

၁။ တောင်နိမိတ်

၂။ ကျောက်နိမိတ်

၃။ တောနိမိတ်

၄။ သစ်ပင်နိမိတ်

၅။ လမ်းနိမိတ်

၆။ ရေနိမိတ်

၇။ မြစ်နိမိတ်

၈။ တောင်ပို့နိမိတ်

ဟူသော ရှစ်မျိုးသော နိမိတ်တို့နှင့် ပြည့်စုံရခြင်း၊ သိမ်သမုတ်သောအခါ ၎င်းနိမိတ် ရှစ်မျိုးတို့တွင် တစ်မျိုးမျိုးတည်းဖြင့်လည်း ကြား၍ သမုတ်နိုင်ပါသည်။ နှစ်မျိုး၊ သုံးမျိုးရော စသည်ဖြင့်လည်း ကြား၍ သမုတ်နိုင်သည်။

အရပ်ရှစ်မျက်နှာ၌ နိမိတ်ရှစ်ခုထား၍ သမုတ်ရာ၌ ရှစ်ခုစလုံး ကျောက်နိမိတ်ချည်း ထားလိုက ထားနိုင်ပါသည်။ သို့မဟုတ် သစ်နိမိတ်၊ ကျောက်နိမိတ် စသည်ဖြင့် ကြိုက်သလို မည်သည့်နည်းဖြင့် ဖြစ်စေ အရောရော အနှောနှောလည်း ထား၍ သမုတ်နိုင်ပါသည်။

ပရိသတ်နှင့် ပြည့်စုံခြင်းအရ သိမ်သမုတ်ရာ၌ အနည်းဆုံး ရဟန်းကောင်း လေးပါး ရှိကြခြင်းဟူသော ပရိသတ်နှင့် ပြည့်စုံရခြင်း။

ကမ္မဝါစာသမ္ပတ္တိအရ ကမ္မဝါစာ၏ ပြည့်စုံခြင်းဆိုသည်မှာ သမာနသံဝါသက သီမသမ္မုတိကမ္မဝါစာ၊ အဝိပ္ပဝါသသီမ သမ္မုတိကမ္မဝါစာ တို့ကို ဉ တ်ကမ္မဝါစာအပြစ် ဒေါသတို့မှ ကင်းစေလျက် ရွတ်ဖတ်သမုတ်ခြင်း။

ဆိုခဲ့ပြီး နိမိတ်တစ်ခုကို မှတ်၍ သမုတ်ခြင်းဟူသော လက္ခဏာသုံးချက်နှင့် ပြည့်စုံစွာသမုတ်က ဗဒ္ဓသိမ် အောင်မြင်ပါသည်။

## နိမိတ်ကြားခြင်း

သိမ်သမုတ်ခြင်း၏ အစသည် နိမိတ်ကြားခြင်းမှ စပါသည်။ နိမိတ်ကြားရာ၌ နိမိတ်ကြားသော ပုဂ္ဂိုလ်၊ နိမိတ်ဖြေသော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုတွင် နိမိတ်ကြားသော ပုဂ္ဂိုလ်မှာ ရဟန်းသာ ဖြစ်ရပါမည်။ နိမိတ်ဖြေသော ပုဂ္ဂိုလ်မှာမူ လူ.ရှင်.ရဟန်း ဟူ၍ မည်သူမဆို လုပ်ကောင်းပါသည်။

နိမိတ်ကြားရာ၌ နိမိတ်ဖြေသောပုဂ္ဂိုလ်က အသီးသီးဆိုင်ရာ နိမိတ်၏ အနီးအပြင်ဘက်မှ နေ၍ နိမိတ်ကြားပုဂ္ဂိုလ်က နိမိတ်ရှိရာသို့ သွား၍ အတွင်းမှ နေပြီး မေးဖြေကာ ကြားရပါသည်။ ၎င်းကို အနီးကြားဟု ခေါ်ပါသည်။

မိမိတို့ ဓမ္မဒူတတောရ သိမ်သမုတ်စဉ်က ယင်းအနီးကြားကို ရဟန်းတော်များနှင့် တစ်ကြိမ်၊ လူများနှင့် သုံးကြိမ်ဟူ၍ လေးကြိမ် ကြားပါသည်။

နိမိတ်ကြား ပုဂ္ဂိုလ်က သံဃာ့အလယ်မှနေ၍ မေးဖြေကြားသည်ကို အဝေးကြားဟု ခေါ်ပါသည်။ ဖြေကြားသူမှာ တစ်ဦးသော်လည်းကောင်း၊ အများသော်လည်းကောင်း အပ်ပါသည်။

မိမိတို့ ဓမ္မဒူတတောရ သိမ်သမုတ်စဉ်က ယင်းအဝေးကြားကို တစ်ကြိမ်ကြားပါသည်။

နိမိတ် တစ်ကြိမ်ကြားပြီးလျှင် ပြီးပါသည်။ သို့သော် မြဲရာ သံပတ်အရ သုံးကြိမ်၊ လေးကြိမ်၊ ခုနစ်ကြိမ်၊ ရှစ်ကြိမ် ကြားက ခိုင်မြဲအောင် လုပ်ခြင်းဖြစ်၍ အပြစ်မရှိပါ။ သို့ဖြစ်၍ မိမိ၏ ဓမ္မဒူတတောရ သိမ်သမုတ်စဉ်က နိမိတ်ကို အနီးကြား လေးကြိမ်၊ အဝေးကြား တစ်ကြိမ်အားဖြင့် ငါးကြိမ် ကြားပါသည်။

## ဓမ္မဒူတသိမ်နုတ်ခြင်း

မိမိ၏ဓမ္မဒူတသိမ်သမုတ်ရန်အတွက် သာသနာတော်နှစ် ၂၅၂၅ ခု၊ ကောဇာသက္ကရာဇ်၁၃၄၃ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်နေ့ နေလုလင်တက်စ တောက်ထွန်းပသည့် အချိန်ဝယ် အရပ်ရပ် ပုဗ္ဗပရိကံ စီမံပြုလုပ်ပြီး ဖြစ်သော ကြေးမုံပြင်ကဲ့သို့ ကောင်းစွာညီညွတ်အောင် ပြုလုပ်ထားသည့် ဝိသုံဂါမသိမ် မြေကွက်ကို ၂၁ ပါးသော အရှင်မြတ်တို့သည် စစ်ကိုင်းတောင်ရိုး၊ နန်းဦး တိုက်သစ် သက်တော် ၈၉၊ သိက္ခာတော် ၆၉ ဝါရှိ သက်တော်ရှည် ဆရာတော်ဘုရားကြီးကို ပဓာနဦးစီး အကြီးအမှူးပြု တော်မူကြ၍ သီမင်္ဂလာလင် မြေအပြင်၌ ကြည်ရွှင်သော မျက်နှာတော်ဖြင့် စုရုံးတော်မူကြသော ကြိုတင်၍ အပြေအပြစ် ညှိနှိုင်းတော်မူကြပြီး ဖြစ်သည့်အတိုင်း သီမသမူဟနနကံကို ဆောင်ရွက်တော်မူကြပါသည်။

ယင်းသို့ သိမ်နုတ်ရာဝယ် တစ်ပါးတည်း၊ တစ်ပါးတည်းစီ ရွတ်ဖတ်၍လည်းကောင်း၊ သုံးပါးတစ်တွဲစီ တွဲကာ ရွတ်ဖတ်၍လည်းကောင်း ဝိနယကုက္ကုစ္စကင်းရှင်း ရဟန်းငယ်များ နည်းရစေခြင်းကို အရင်းမူ၍ လပြည့်ကျော် (၁)ရက်နေ့ တိုင်အောင် နုတ်နည်းစုံ နုတ်ကြပါသည်။

## နိမိတ်ကြားခြင်း

ယင်းသို့ လေးရက်တိုင်တိုင် သိမ်နုတ်ကံကို ဆောက်ရွက်တော်မူကြပြီးနောက် နတ်တော်လပြည့်ကျော် ၂ ရက်နေ့သို့ ရောက်သောအခါ ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ထောင့်အရပ်နှင့်တကွ အရပ်ရှစ်မျက်နှာတို့၌ နိမိတ်လောက်သော ပကတိကျောက်တုံးများကို နေရာတကျ ချထားပြီးလျှင် ရဟန်းတော်များချည်းသက်သက် နိမိတ်စောင့်စေ၍ ရှေးဦးစွာ သက်တော်ရှည်နန်းဦးဆရာတော်ဘုရားကြီးက နိမိတ်ရှိရာသို့ သွားပြီး နိမိတ်ကြားပါသည်။

ထို့နောက် လူဒါယကာ တို့ကို နိမိတ်စောင့်စေ၍ မော်လမြိုင်မြို့ ရွှေပရိယတ္တိစာသင်တိုက် ဆရာတော်က နိမိတ်ကြားတော်မူပြန်ပါသည်။ ထို့ဇနာက် လူဒါယကာတို့ကိုပင် နိမိတ်စောင့်စေ၍ ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရမှ အရှင်ဝဏ္ဏိတဆရာတော်က နိမိတ်ကြားတော်မူပြန်ပါသည်။

ထို့နောက် လူဒါယကာတို့ကိုပင် နိမိတ်စောင့်စေ၍ မိမိက တစ်ကြိမ်ကြားပါသည်။ ဤသို့ အနီးကြား လေးကြိမ် ကြားပြီးနောက် လူဒါယကာတို့ကိုပင် အစောင့်ထား၍ သက်တော်ရှည် ဆရာတော်ဘုရားကြီးက သံဃာ့အလယ်မှ နေ၍အဝေးကြား တစ်ကြိမ် ကြားပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ရဟန်းတော်များကို နိမိတ်စောင့်စေ၍ နိမိတ်တစ်ကြိမ်ကြားခြင်း၊ လူဒါယကာများကို နိမိတ်စောင့်စေ၍ နိမိတ် လေးကြိမ်ကြားခြင်းအားဖြင့် ငါးကြိမ်တိုင်တိုင် နိမိတ်များ မကျိုးမပေါက် ထပ်မိစေအောင် ကြားတော်မူပါသည်။

## ဓမ္မဒူတသိမ်သမုတ်ခြင်း

ဤသို့ နိမိတ်ကြားခြင်း ပြုဖွယ်များ လုံးဝပြီးပြေလတ်သော် သမာနသံဝါသက သီမသမ္မုတိကမ္မဝါစာကို စစ်ကိုင်းတောင်ရိုး နန်းဦးတိုက်သစ် သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါရှိ သက်တော်ရှည် ဆရာတော်ဘုရားကြီး တစ်ပါးတည်း ပထမအကြိမ်ဖတ်တော်မူပါသည်။

ထို့နောက် မော်လမြိုင်မြို့၊ ရွှေပရိယတ္တိစာသင်တိုက်၊ ဘဒ္ဒန္တကုမာရ၊ သီရိပဝရဓမ္မာစရိယ၊ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ၊ ဗဟိုဝန်ဆောင် ဆရာတော်က ဒုတိယအကြိမ် ဖတ်တော်မူပါသည်။

ထို့နောက် အင်္ဂပူမြို့နယ်၊ ခြောက်ရွာ၊ မြစေတီတောရ ဘဒ္ဒန္တနန္ဒိယ၊ သီရိပဝရဓမ္မာစရိယ၊ မြို့နယ်ဝိနည်းဓိုရ် ဆရာတော်က တတိယအကြိမ်။

ထို့နောက် ဓမ္မဒူတတောရ ဘဒ္ဒန္တပညာစာရ၊ ဂဏဝါစက ဆရာတော်က စတုတ္ထအကြိမ်။

ထို့နောက် ရေးမြို့နယ်၊ အစင်ရွာ - မွန်စိန်တောရ ဘဒ္ဒန္တဝဏ္ဏိတ၊ ဝိသိဋ္ဌဒီယဘာဏက၊ သီရိပဝရ ဓမ္မာစရိယ၊ အရည ဝါသီ ဆရာတော်က ပဥ္စမအကြိမ်။

ထို့နောက် မုဒုံမြို့နယ်၊ ဖားအောက်ရွာ၊ သစ်သီးကျောင်း (ဒူးရင်းမြောင်တောရ) ဘဒ္ဒန္တအာစိဏ္ဏ၊ သီရိပဝရဓမ္မာစရိယ၊ အရညဝါသီ ဆရာတော်က ဆဋ္ဌမအကြိမ်။

ထို့နောက် ဓမ္မဒူတတောရ ဘဒ္ဒန္တအရှင်ပညာဇောတ၊ ဝိသိဋ္ဌဒီယဘာဏက၊ သီရိပဝရ ဓမ္မာစရိယ၊ မြို့နယ် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သတ္တမအကြိမ်။

ထို့နောက် ပေါက်တောရွာ တောရစာသင်တိုက် ဘဒ္ဒန္တသောဘဏ သီရိပဝရဓမ္မာစရိယ၊ ပြည်နယ်ဝန်ဆောင် ဆရာတော်က အဋ္ဌမအကြိမ်။

ထို့နောက် အုတ်ဖိုမြို့ သုံးထပ်ကျောင်း အရှင်စန္ဒောဘာသ သိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ မြို့နယ်ဝိနည်းဓိုရ်ဆရာတော်က နဝမအကြိမ်။

ထို့နောက် ကျိုက်ထိုမြို့ ဘုရားကြီးတိုက်၊ အရှင်ကုန္ဒာစာရ၊ သိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ မြို့နယ်ဝိနည်းဓိုရ်ဆရာတော်က ဒသမအကြိမ်။

ထို့နောက် ပေါက်တောရွာ စမ်းအေးမြိုင်စာသင်တိုက်၊ အရှင် နန္ဒဝံသ သိရီပဝရဓမ္မာစရိယ၊ မြို့နယ်သံဃနာယက အဖွဲ့ အကျိုးတော်ဆောင် ဆရာတော်က ဧကာဒသမအကြိမ် ဖတ်တော်မူပါသည်။

ထို့နောက် သမာနသံဝါသက သီမသမ္မုတိ ကမ္မဝါစာကိုပင် သက်တော်ရှည်ဆရာတော်ဘုရားကြီး၊ ရွှေပရိယတ္တိဆရာတော်၊ မြစေတီ ဆရာတော်၊ သုံးပါးက ဒွါဒသမအကြိမ်။

ထို့နောက် မွန်စိန်တောရ ဘဒ္ဒန္တဝဏ္ဏိတ၊ ဖားအောက်ရွာသစ်သီးကျောင်း ဘဒ္ဒန္တအာစိဏ္ဏ၊ ဓမ္မဒူတတောရ ဘဒ္ဒန္တပညာဇောတတို့က တေရသမအကြိမ်။

ထို့နောက် ဓမ္မဒူတတောရ အရှင်ပညာစာရ၊ အုတ်ဖိုမြို့ သုံးထပ်ကျောင်း အရှင်စန္ဒောဘာသ၊ ကျိုက်ထိုမြို့ ဘုရားကြီးတိုက် အရှင်ကုန္ဒာစာရတို့က စုဒ္ဒသမအကြိမ် ဖတ်တော်မူပါသည်။

ထို့နောက် အဝိပ္ပဝါသသီမသမ္မုတိ ကမ္မဝါစာကို သက်တော်ရှည် နန်းဦးဆရာတော်ဘုရားကြီးက ပဌမအကြိမ် ရွတ်ဖတ်တော်မူ၍ ရွှေပရိယတ္တိ ဆရာတော်က ဒုတိယအကြိမ်၊ မြစေတီဆရာတော်က တတိယအကြိမ် ရွတ်ဖတ်သမုတ်တော်မူပါသည်။

ထို့နောက် မွန်စိန်တောရ ဘဒ္ဒန္တဝဏ္ဏိတ၊ ဓမ္မဒူတောရဘဒ္ဒန္တပညာစာရ၊ သစ်သီးကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော် (၃)ပါးတို့က စတုတ္ထအကြိမ် ဖတ်တော်မူပါသည်။

ထို့နောက် ဓမ္မဒူတတောရ ဘဒ္ဒန္တ ပညာဇောတ၊ ပေါက်တောရွာ တောရစာသင်တိုက် ဘဒ္ဒန္တသောဘဏ၊ ကျိုက်ထိုမြို့ ဘုရားကြီးတိုက် ဘဒ္ဒန္တကုန္ဒာစာရတို့က (၃)ပါးတွဲကာ ပဉ္စမအကြိမ် ဖတ်တော်မူပါသည်။

## အောင်မြင်သည်

ဤသို့လျှင် ဓမ္မဒူတတောရ သိမ်တော်ကြီးကို လဇ္ဇီသုမွန်၊ သီလဝန်၊ ဂုဏဝန်၊ ပညဝန် အရှင်ကောင်းတို့သည် သမာနသံဝါသကသီမသမ္မုတိကမ္မဝါစာကို (၁၄)ကြိမ်၊ အဝိပ္ပဝါသသီမသမ္မုတိ ကမ္မဝါစာကို (၅)ကြိမ်အားဖြင့် ပီပြင်ကျနစွာ ကရဏနှင့်ဌာနပယတ်၊ မဇ္ဈတ်စေရ၊ ဝိနယဝိဒူ ဝိညူပဏ္ဍိတတို့၏ သံသယတို့ကို ကင်းဝေးစင်ကြယ်စေလျက် ဖတ်ရုံ၊ ရွတ်ရုံ၊ သာမန်မဟုတ်ဘဲ သမုဟနနကာံ ဆောင်ရွက်ကြစဉ် သမုဟနာပေက္ခစိတ်ဖြင့်သာ ရွတ်ဖတ်တော်မူကြပါသည်။

သမ္မုတိအရာ၌လည်း သမ္မတာပေက္ခစိတ်ဖြင့် သာ ရွတ်ဖတ်တော်မူကြသည်၏အဆုံး၌ ဤဓမ္မဒူတမည်သော သိမ်တော်ကြီးသည် (၁၁)ပါးသော ဝိပတ္တိသိမ်ပျက်တို့မှ လွတ်ထွက်ကျော်လွန်၍ "နိမိတ် – ပရိသာ၊ ကမ္မဝါ၊ သုံးဖြာသမ္ပတ္တိ" ဟူသော သမ္ပတ္တိသုံးပါးနှင့်ယှဉ်လျက် ကောင်းစွာ သမုတ်အပ်သော သိမ်မြတ်၊ သိမ်မှန်အဖြစ်ဖြင့် ၁၃၄၃ – ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁)ရက်နေ့၊ နံနက် (၈)နာရီ (၂၀)တွင် ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ပံသု၊ သီလာ (၂)ဖြာသော မြေပထဗျာကို ထွင်းဖောက်လျက် ယူဇနာ လေးသိန်းရှစ်သောင်း၊ အတိုင်းအရှည်ရှိသော ရေထုသို့ ရောက်အောင် သက်ဝင်၍ အောင်မြင်ပြီးစီးပါသတည်း။

# နံနက်(၄)နာရီထိုးလျှင် အရုဏ်တက်တယ် မဟုတ်လားဘုရား

(၂၁၅)

## အရုဏ်အရေးကြီးပုံ

လူအတော်များများတို့သည် နံနက်(၄) နာရီထိုးလျှင် အရုဏ်တက်တယ်ဟု အယူရှိကြ၏။ သိထားကြ၏။ တချို့မှာ ညဥ့် ၁၂ နာရီကျော်လျှင် နောက်တစ်နေ့သို့ ကူးပြီးဖြစ်၍ အရုဏ်တက်ပြီဟု အယူရှိကြ၏။ သိထားကြ၏။ တချို့မှာ ငှက်ကလေးများ အိပ်တန်းမှ ထ၍ ငှက်ကလေးများ မြည်ချိန်သည် အရုဏ်တက်ပြီဟု အယူရှိကြ၏။

အချို့က နေဝန်းမထွက်မီ ရှေးဦးတက်သော နေရောင်သည်ပင် နီသော အဆင်းရှိသောကြောင့်လည်းကောင်း၊ နီသောအဆင်းအားဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း အရုဏ်မည်၏ဟု ဆိုပါသည်။

ယင်းအရုဏ်သည် ဦးသစ်သော ရွှေစင်ကဲ့သို့ နီသောအဆင်းဖြင့် ထင်၏။ နှံ့၍ထင်သော အရှေ့အရပ်မျက်နှာသဏ္ဍာန်ရှိသည်။ နံနက်ကာလ၌ အရှေ့အရပ်မျက်နှာမှ တက်သည်။ မျက်မြင်ဆတ်ဆတ် သိအပ်သည်။ မှန်းဆ၍ သိအပ်သည်မဟုတ်ဟု ဆို၏။

ထို့ကြောင့် နေဝန်းထွက်လုနီးနီးတွင် ရှေးဦးတက်သော နီသော အဆင်းရှိသော နေ၏ အရောင်ကိုသာ အရုဏ်ဖြစ်သည်ဟု မှတ်ယူရမည်ဟု ဆုံးဖြတ်တော်မူကြသည်။ ယင်းသို့ဖြင့် အရုဏ်တက်ချိန်ကို အတိအကျ မဆုံးဖြတ်နိုင်ဘဲ ဝါဒတွေ အမျိုးမျိုး ရှိနေပါသည်။ အချို့က အရုဏ်တက်ချိန်ကို အလေးဂရု မပြုကြပါ။ အချို့က အလေးဂရု ပြုကြပါသည်။

ဥပုသ်စောင့်ကြသော ဥပုသ်သည်တို့သည် အရုဏ်တက်ချိန်ကို မှန်ကန်စွာ မသိကြကုန်၍ အရုဏ်မတက်သေးမီ၌ "အရုဏ်တက်လေပြီ" ဟူသော အမှတ်ဖြင့် ခဲဖွယ်ဘောဇဉ်တို့ကို စားကြကုန်၏။ ပန်းနံ့သာ စသည်တို့ကိုလည်း ဆောင်ကြကုန်၏။ ယင်းသို့ဖြင့် ဥပုသ်သည်တို့၏ သီလသည် ပျက်စီးရတော့၏။

ရဟန်းသာမဏေတို့သည် အရုဏ်မတက်သေးမီ ဆွမ်းခံထွက်၍ ဆွမ်းခံသဖြင့်လည်းကောင်း၊ အရုဏ်မတက်မီ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို သုံးဆောင်ကြ၍လည်းကောင်း အာပတ်သင့်ခြင်း၊ သီလပျက်စီးခြင်းသို့ ရောက်ကြပါသည်။

လောင်းလှူဆက်ကပ်သော ဒကာ ဒကာမတို့မှာလည်း အခါကာလမဟုတ်ဘဲ လောင်းလှူဆက်ကပ်တဲ့အတွက် သူတော်ကောင်းအလှူ မဖြစ်ဘဲ မသူတော်အလှူ ဖြစ်ပါသည်။ နိဿရည်းမလွတ်၊ ဥပဇ္ဈာယ်မလွတ်သေး၍ နိဿရည်းယူ၊

ဥပဇ္ဈာယ်ယူ၍ကျင့်ကြံအားထုတ်နေကြကုန်သော ရဟန်းတော်တို့သည် နိဿရည်းဆရာ၊ ဥပဇ္ဈာယ်ဆရာတို့နှင့် ကင်း၍ဥပစာရသိမ်ခေါ် ကျောင်းဝင်းအရာမ်ပြင်ပသို့ သွားကြကုန်သည့်အတွက် နိဿရည်း ငြိမ်းခြင်း၊ ပျက်ခြင်းသို့ ရောက်ကြပါသည်။

ဝါတွင်းကာလ၌ ဝါဆိုဝါကပ်ကြကုန်သော ရဟန်းတော်တို့သည် အရုဏ်မတက်မီ ကျောင်းဝင်းတွင်းပြင်ပသို့ သွားကြကုန်သည်ဖြစ်၍ ဝါကျိုး ဝါပြတ်ခြင်းသို့ ရောက်၍ ကထိန်ခင်းသောအခါ ကထိန်မဖြောက်၊ ကထိန်အာနိသင် မရနိုင်တော့ပါ။

တိစီဝရိက်ဆောင် ရဟန်းတော်တို့သည် အဗဒ္ဓသိမ်အတွင်း၌ သင်္ကန်းနှင့် ကင်းလျက် နေကုန်သည်ဖြစ်၍ နိဿဂ္ဂိပါစိတ် အာပတ်သင့်ကြပါသည်။ ထို့အတူ သတ္တဗ္ဘန္တရ သိမ်မှာလည်း နိဿဂ္ဂိပါစိတ်အာပတ် သင့်ကြပါသည်။

သဟသေယျလောက်သော တစ်မိုးတရံတည်းသော အိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း စသည် လူ၊ သာမဏေ၊ မာတုဂါမတို့နှင့် အတူတကွ အိပ်ကြခြင်းကြောင့် သုဒ္ဓပါစိတ်အာပတ် သင့်ကြပါသည်။ အရုဏ်မတက်မီ ယာဝကာလိက ခဲဘွယ်ဘောဇဉ်တို့ကို စားသောက်သော ရဟန်းတော်တို့သည် သုဒ္ဓပါစိတ်အာပတ် သင့်ကြပါသည်။ ပရိဝါသ်မာနတ် ကျင့်ကြကုန်သော ရဟန်းတော်တို့သည် အရုဏ်မတက်မီ ပရိဝါသ်မာနတ်ကို ချကုန်သည့်အတွက် ညဉ့်ပြတ်ခြင်းသို့ ရောက်ကြပါသည်။

ဤသို့ စသည်ဖြင့် များစွာသော အပြစ်တို့ကို ဖြစ်စေတတ်သောကြောင့် အာပတ်အပြစ်မှ ရှက်ကြောက်တတ်သော ရဟန်း၊ သီလကို ချစ်မြတ်နိုးသော ရဟန်း၊ သူတော်ကောင်းအလှူကို လှူလိုသော ဒါယကာ ဒါယိကာမတို့အား မှန်ကန်သော အရုဏ်တက်ချိန်နာရီကို သိလိုသူ၊ သိစေလိုသူ တစ်ယောက်က မိမိကို မေးလျှောက်၏။

"အရှင်ဘုရား၊ နံနက် ၄ နာရီထိုးလျှင် အရုဏ်တက်တယ် မဟုတ်လားဘုရား"

"ဒကာကြီး၊ နံနက် ၄ နာရီ အရုဏ်မတက်သေးပါဘူး"

"ဒါဖြင့် အဘယ်အချိန် အရုဏ်တက်ပါသလဲဘုရား"

" အရုဏ်တက်ချိန်က သူ့လနှင့်သူ အပြောင်းအလဲရှိတယ် ဒကာကြီး၊ ပုံသေမှတ်ထားလို့ မဖြစ်ဘူး"

"ဒါဖြင့် အဲဒီ အရုဏ်တက်ချိန်ကို ရှင်းပြပါလားဘုရား"

"အမယ်လေး၊ ရှင်းပြရရင် အတော်ရှည်မယ်၊ ရှုပ်လည်း အတော်ရှုပ်သား ဒကာကြီးရဲ့"

"ရှင်းပြပါဘုရား၊ ဒါယကာ ဒါယိကာမများအတွက်၊ ရှင်ရဟန်းတွေအတွက် အရေးကြီးလှပါတယ်ဘုရား"

"အရေးကြီးလို့ အရုဏ်တက်ချိန်နဲ့ ပတ်သက်တဲ့ ကျမ်းတွေ ရေးထားတာ အများကြီး ရှိသားပဲ၊ အဲဒါတွေ ဖတ်ကြည့်ရင် ပြီးတာပဲ၊ ဘုန်းကြီး လာမေးနေရသေးလား"

"အဲဒီကျမ်းတွေ တခမ်းတနားကြီးပဲဘုရား၊ များလွန်းတော့လည်း မဖတ်နိုင်ကြပါဘုရား"

"အင်း . . . ခက်သားပဲ၊ တိုကျဉ်းနဲ့ လိုရင်းပဲရေးပါ၊ ရှင်းပါ၊ ဒီလိုလား"

"မှန်ပါ ဘုရား"

"ကဲ . . . ဒါဖြင့် ဘုန်းကြီးအာဘော်နဲ့ မဖြေဘဲ မန္တလေးမြို့ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ပဋ္ဌာန်ပြဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥက္ကံသာဘိဝံသ မဟာထေရ် စီရင်ရေးသားတဲ့ အရုဏ်တက်ချိန် အဆုံးအဖြတ်စာအုပ်ကို ကြည့်ပြီး ဖြေမယ်နော်"

"မှန်ပါ၊ ဖြေပါဘုရား"

## လေးပိုင်း.လေးခန်း

အရုဏ်တက်ချိန်နှင့် ပတ်သက်၍ လေးပိုင်း လေးခန်း အကျဉ်းပြပါ့မယ်။ လေးပိုင်း လေးခန်းက ဘာတွေလဲဆိုတော့ -

၁။ အရုဏ်တက်ချိန်

၂။ မိုးသောက်ယံ

၃။ နေထွက်ချိန်

၄။ ထိုထိုဒေသ နေထွက်နာရီ

ရယ်လို့ အဲဒီ လေးပိုင်း လေးခန်းကို သတိပြုထားပါ။ ဆက်ပြီး ရှင်းပြပါမယ်၊ အရုဏ်တက်ချိန် မရှင်းပြမီ အရုဏ်ကို ဦးစွာ ရှင်းပြပါ့မယ်။

အဲဒီ အရုဏ်ဆိုတာ အဘယ်သဘော တရားမျိုးလဲလို့မေးရင် အရုဏ်ဆိုတာ ထွက်ပေါ်လတ္တံ့သော နေမင်းရဲ့အရောင် အထူးပင် ဖြစ်ပါတယ်လို့ ဆိုရပါမယ်။

ဆိုလိုတာက နေထွက်သည်မှ ရှေ့နား၊ နေမထွက်သေးမီ၌ တက်လာသော အရောင်သည် အရုဏ်မည်တယ်လို့ ဆိုလိုပါတယ်။

ထပ်ပြီး တစ်မျိုးရှင်းပြရရင် အရုဏ်ဆိုတာ ထွက်ပေါ်လုဆဲဆဲသော နေ၏ ရှေ့ပြေးဖြစ်တဲ့ အနီရောင်အထပ်ထပ် တိုးပွားလာခြင်းကြောင့် တစ်ခဲနက် နီမြန်းနေသော အရောင်အထူး၊ အနီရောင်အပြင်ကြီးသဖွယ် ဖြစ်ပေါ်နေသော အရောင်အထူးပင် ဖြစ်ပါတယ်။

အဲဒါကြောင့် နေ၏အရောင်သည်သာလျှင် အရုဏ်မည်ပါတယ်၊ တစ်ပါးသော အရောင်သည် အရုဏ်မမည်ပါ။

အဘယ်သို့သော အနက်သဘောကြောင့် အရုဏ်မည်ပါသနည်း ဆိုသော် စဉ်းငယ်နီသော၊ အနည်းငယ်နီသော အဆင်းအရောင်နှင့်ပြည့်စုံသော အနက်သဘောကြောင့်အရုဏ်မည်ပါတယ်။ တစ်နည်းပြောရရင် အနည်းငယ်နီသောအရောင် အဖြစ်ဖြင့် ဖြစ်တတ်သောအနက်သဘောကြောင့် အရုဏ်မည်ပါတယ်။

အဲဒီ အရုဏ်ရဲ့ အဆင်းအရောင်ဟာ အဘယ်အရောင် ရှိပါသနည်းဆိုသော် မထင်မရှား နီသော အဆင်းအရောင်၊ တစ်နည်းဆိုသော် အနည်းငယ်နီသော အဆင်းအရောင်သည် အဲဒီ အရုဏ်ရဲ့ အဆင်းအရောင် ဖြစ်ပါတယ်။

အဲဒါကြောင့် နေရဲ့နီသောအရောင်သည်သာလျှင် အရုဏ်ရောင်မည်တယ်၊ ဖြူသောအရောင် အစရှိသည်ဟာ အရုဏ်ရောင် မမည်လို့ မှတ်ပါ။

## အနီ အဖြူ

အရုဏ်တက်ချိန်၌ အရှေ့အရပ် မျက်နှာရဲ့ အနီရောင်ရှိသည်၏ အဖြစ်ကို ဆိုအပ်ပါတယ်။ အဲဒါကြောင့် အဲဒီ အရုဏ်တက်ချိန်၌ အရုဏ်ရောင်တက်သည်၏ အဖြစ်ကြောင့် အရှေ့အရပ်မျက်နှာ နီသည်၏ အဖြစ်ကိုလည်းကောင်း၊ နေရောင်ပျံ့နှံ့သည်၏ အဖြစ်ကြောင့် ကြွင်းကျန်သော အရပ်မျက်နှာတို့ရဲ့ ဖြူသည်၏အဖြစ်ကိုလည်းကောင်း သိအပ်ပါတယ်။

ဒီမှာ မှတ်ချက်ချဖို့က အရုဏ်တက်ချိန်မှာ အရုဏ်ရောင်ကြောင့်ဖြူသော အရပ်မျက်နှာ ရှိတယ်။ အရုဏ်ရောင်က နီတယ်လို့ မှတ်ချက်ချပါ။

အဲဒီအရုဏ်ဟာ ဘယ်လိုပုံသဏ္ဍာန် ရှိပါသလဲဆိုသော် အရုဏ်ဟာ အရောင်မျှသာ ဖြစ်သောကြောင့် အသီးအခြား ပုံသဏ္ဍာန် မရှိပါ။ အရုဏ်ရောင် ပျံ့နှံ့သလောက် အရပ်သည် အဲဒီ အရုဏ်ရဲ့ပုံသဏ္ဍာန်လို့ မှတ်ပါ။ တစ်နည်းဆိုသော် အဲဒီ အရုဏ်ဟာ အရှေ့အရပ်မျက်နှာ ပုံသဏ္ဍာန်ရှိတယ်လို့ မှတ်ပါ။

## အရုဏ်တက်ချိန်

အဲဒီ အရုဏ်ဟာ အဘယ်အချိန်အခါ အဘယ်အရပ်၌ တက်ပါသနည်းဆိုသော် အရုဏ်ဟာ ထိုထိုနေ့ရဲ့မိနစ်၊ စက္ကန့်၊ အချိန်ကာလရဲ့ ရှေ့ ဖြစ်တဲ့ စက်နာရီ ၄၈ မိနစ် အခါ၌ အရှေ့အရပ် မျက်နှာ၌ တက်ပါတယ်။ တစ်နည်းဆိုသော် အဲဒီအရုဏ်ဟာ နေမထွက်သေးမီ စက်နာရီ ၄၈ မိနစ်အခါ အရှေ့အရပ် မျက်နှာ၌ တက်ပါတယ်။

ဒါကြောင့် အချုပ်ကို ပြောရလျှင် အရုဏ်ဆိုတာ အရှေ့အရပ်မျက်နှာ၌ နေထွက်လာသည်မှ ရှေးဦးစွာ နေမထွက်သေးမီ စက်နာရီ ၄၈ မိနစ်အချိန် တက်လာတဲ့အရောင်၊ နေမထွက်မီ ၄၈ မိနစ် အရုဏ်တက်တယ်လို့ မှတ်ပါ။

## မိုးသောက်ယံ

အရုဏ်တက်ချိန် ပြီးသွားတော့ မိုးသောက်ယံအကြောင်း ရှင်းဖို့ လိုလာပါသည်။ မိုးသောက်ယံဆိုတာ အဘယ်သဘောတရားများ ပါနည်းဆိုသော် လွန်ခဲ့ပြီးသောညဉ့်၏ နောက်ဆုံးယံမှာ အမိုက်မှောင်ကို စ၍ ဖျက်ဆီးတတ်သော နေ၏ အရောင်အထူးကို မိုးသောက်ယံဟူ၍ ခေါ်ပါသည်။

ထို့ကြောင့် နေ၏အမိုက်အမှောင်ကို ပယ်ဖျောက်၊ အလင်းရောက်စ အရောင်သည်သာလျှင် "မိုးသောက်ယံ" မည်ပါတယ်။ တစ်ပါးသောအရောင်သည် "မိုးသောက်ယံ" မမည်လို့ မှတ်ပါ။

အဘယ်အနက်သဘောအားဖြင့် အဘယ်အနက်သဘောကြောင့် မိုးသောက်ယံ မည်ပါသနည်းဆိုသော် အမိုက်မှောင်ကို ပယ်ဖျောက်၊ အလင်းရောက်စ နေရောင်အထူးသည် "မိုးသောက်ယံ" မည်ပါတယ်။

ထို မိုးသောက်ယံ၏ အဆင်းအရောင်သည် အဘယ်အဆင်းအရောင် ရှိပါသနည်းဆိုသော် ထို မိုးသောက်ယံ၏ အဆင်းအရောင်သည် အဖြူနုရောင်၊ အဖြူရင့်ရောင် ဖြစ်ပါတယ်။ ရှေးဦးစွာသော အဖြူနုရောင် နစ်ခုမြောက်သော အဖြူရင့်၊ ဇလပ်ပန်းရောင်တို့သည် "မိုးသောက်ယံ" မည်ပါတယ်။

ထို မိုးသောက်ယံကား အရောင်မျှသာ ဖြစ်သောကြောင့် အသီးအခြား ပုံသဏ္ဍာန် မရှိပါ။ အကြင်မျှလောက် အရပ်တိုင်အောင် ပျံ့နှံ့၏။ ထိုမျှလောက် အရပ်သည် ထို မိုးသောက်ယံ၏ ပုံသဏ္ဍာန်ဟူ၍ မှတ်ပါ။ ထို မိုးသောက်ယံသည် အရုဏ်မတက်မီ ၄၈ မိနစ်ကာလ၌ အရှေ့အရပ် မျက်နှာ၌ တက်ပါသည်။

မှတ်ချက် - တစ်နေ့၌ မြန်မာဗဟိုရ် နာရီ ၆၀ ဖြစ်၍ စက်နာရီ ၂၄ နာရီ၊ မုဟုတ် ၃၀ ရှိပါသည်။ တမုဟုတ်၌ မြန်မာ ၂ နာရီ၊ စက်နာရီအားဖြင့် ၄၈ မိနစ် ရှိပါသည်။

မိုးသောက်ယံသည် မျက်မြင်ဖြင့် သိအပ်သော ပစ္စုပ္ပန်ရူပါရုံတရားလည်း ဟုတ်ပါသည်။ ဤသို့ဖြစ်သည်ရှိသော် "ဤသို့ဖြစ်ရာ၏" ဟု မှန်းဆ၍ အဖန်ဖန်ကြံဆ၍ သိအပ်သော တရားလည်း ဟုတ်ပါ၏။

စက္ခုဝိညာဉ်၏အာရုံဖြစ်သော အဆင်းအရောင် ရူပါရုံဖြစ်သောကြောင့် မျက်မြင်ဖြင့် သိအပ်သော ပစ္စုပ္ပန်ရူပါရုံတရားလည်း ဟုတ်ပါသည်။

အကယ်၍ တောတောင်စသည် မဖုံးကွယ်မူ မိုးသောက်ယံသည် ထင်ရှားပါ၏။ ဖုံးကွယ်ရာအရပ် ဖြစ်ခဲ့သော် နေဝန်းကို မြင်သောအခါမှ တစ်နာရီမျှဖြင့်သော်လည်းကောင်း၊ နှစ်နာရီမျှဖြင့်သော်လည်းကောင်း မိုးသောက်ယံကို မှတ်သား၍ "ဤအခါသည် မိုးသောက်အခါ ဖြစ်ရာ၏" ဟု ကြံဆ၍ သိအပ်သောကြောင့် မှန်းဆ၍ သိအပ်သောတရားမျိုးလည်း ဟုတ်၏။

## အရုဏ်တက်ချိန်

ဤသို့ဖြင့် ပညာရှိသည် အရုဏ်မတက်မီ ၄၈ မိနစ်ကာလ အရှေ့အရပ်၌ လွန်ခဲ့ပြီးညဥ့်၏ နောက်ဆုံးယံ၌ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော နေမင်း၏ အဖြူနရောင် အဖြူရင့်ရောင်သာ မိုးသောက်ယံဟူ၍ ယုံကြည်အပ်၊ ကောင်းစွာ မှတ်အပ်ပါသည်။

ဝိနည်းတော် အလိုအားဖြင့် ဒီကနေ့သို့ မကူးသေး၊ ထိုနေ့ နောက်ဆုံးယံသာ ရှိသေး၏။ အရုဏ်လည်း မဟုတ်သေး၊ ယင်းမိုးသောက်ယံ၏ နောက် နီသောအရောင်သို့ ရောက်သောအခါမှ အရုဏ်တက်သောအခါမှ နောက်ဆုံးယံ ကုန်ဆုံး၍ ဒီကနေ့သို့ ကူးပြောင်းသည် မည်ပါသည်။

## နေထွက်ချိန်

နေ မည်သည် အဘယ်သဘောတရားမျိုးပါနည်း မေးသော် နေ မည်သည် နေ့ညဥ့် လဆန်းပက္ခ၊ လဆုတ်ပက္ခ လနှစ်စသော ကာလကို ပြုတတ်သော အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀ ရှိ၍ အတွင်းကား ရွှေ၊ အပကား ဖန်အတိပြီးသော အရောင်အဝါ အတောက်ပဆုံးသော နေ့စဥ်တွေ့နေကြရသော နေကြီးပင် ဖြစ်ပါသည်။

အရုဏ်တက်ချိန်က နေဝင်ချိန်အထိကို "နေ့" ဟု ခေါ်၍ နေဝင်ချိန်က အရုဏ်တက်ချိန်ကို "ညဥ့်" ဟု ခေါ်သောကြောင့် "နေ" မည်သည်၊ နေ့ညဥ့် စသည်ကို ပြုတတ်သော နေ့စဥ်မြင်တွေ့နေကြရသည့် "နေ" ကြီးပင် ဖြစ်ပါသည်။

ရဲရင့်သည်၏ အဖြစ်ကို ဖြစ်စေတတ်သောကြောင့် "နေ" မည်ပါတယ်။ ထိုနေ၏ အဆင်းအရောင်သည် -

၁။ အဖြူန အဆင်းအရောင်

၂။ အဖြူရင့် ဖလပ်ပန်းအဆင်းအရောင်

၃။ ကြေးနီ အဆင်းအရောင်

၄။ မြည်း၏ခံတွင်း အဆင်းအရောင်

ဟူ၍ နေ၏ အဆင်းအရောင်သည် လေးမျိုးရှိပါသည်။ ထိုနေ၏ ပုံသဏ္ဌာန်သည် လူတို့ကစားသော ဘောလုံးပုံသဏ္ဌာန် ရှိပါသည်။

ထိုနေသည် နံနက်အခါ နီသဒ္ဒနာရီကို ၂ - ခု မြှောက်၊ ၅ - ခု စား၍ ရသောလဒ်၊ နာရီ၊ မိနစ်၊ စက္ကန့်အချိန်၌ အရှေ့အရပ် မျက်နှာ၌ တက်ပါထွက်ပါသည်။

ဤသို့ရိယခေါ်သော နေသည် အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀ ရှိ၍ အတွင်းကား ရွှေဖြင့်ပြီးသော အပကား ဖန်ဖြင့်ရံအပ်သော နေ့စဥ်မြင်တွေ့နေရသော နေဟူသော ဝတ္ထုဒြပ်ဖြစ်သောကြောင့် ပစ္စက္ခတရား ဖြစ်ပါသည်။

အကယ်၍ တောတောင်စသည်ဖြင့် ဖုံးကွယ်ရာအရပ် ဖြစ်အံ့၊ နေထွက်ချိန်ကို မှတ်သား၍ "ဤအချိန်အခါ၌ နေထွက်သည်ဖြစ်ရာ" ဟု မှန်းဆခြင်းဖြင့် သိအပ်သော တရားမျိုးလည်း ဖြစ်ပါသည်။

## အချုပ်ဆိုသော်

အရုဏ်သည် နေမထွက်မီ စက်နာရီ ၄၈ မိနစ်၌ တက်သည်။ မိုးသောက်ယံသည် နေမထွက်မီ စက်နာရီ ၁ နာရီ၊ ၃၆ မိနစ်၌ဖြစ်သည်။ နေသည် ထိုနေ့ နိသဒ္ဒ နာရီမိနစ်စက္ကန့်၌ ထွက်သည်ဟု မှတ်ပါ။

"ကဲ ... ဒကာကြီး၊ ယခုဆိုရင် ဒကာကြီးသိချင်တဲ့ အရုဏ်တက်ချိန်ကို ရှင်းပြပြီးပြီ၊ အရုဏ်ဟာ ဘယ်လမှာမှ ၄ နာရီ အရုဏ်တက်တယ်ဆိုတာ မရှိဘူးလို့ အသေအချာ မှတ်ထားပါ"

"မှန်ပါ ဘုရား"

"ကဲ ... ဒီလောက်ဆိုရင် ရှင်းပါပြီ၊ တော်လောက်ပါပြီ"

"မှန်ပါ ဘုရား"

✦ အရုဏ်ဆိုတာ သိဖို့ရာ လွန်စွာလိုပါသည်။

✦ သာသနာမှာ အရုဏ်ဟာ လွန်စွာအရေးကြီးသည်။

✦ အရုဏ်ပျက်က ပြစ်ကြီးလှ ယုတ်ရကျိုးလီလီ။

✦ အရုဏ်သိက ကျိုးကြီးရ ယုတ်ရပြစ်လီလီ။

✦ ကျိုးရှိ ကျိုးယုတ် နှစ်ခုထုတ် အဟုတ်သိသင့်သည်။

✦ အရုဏ်ချိန်မှန် သိသူမှန် ကောင်းကျိုးရှိသည်။

# ကျိုး,မနိုးမီ အနေကဇာ,တင်ရမယ်ဆို ဘုရား

(၂၁၆)

## ဘုရားလောင်းစိတ်ဓာတ်

ဗုဒ္ဓဓမ္မပြဿနာများကို ရေးသားနေသည့် မိမိအထံသို့ အဝိုအရှည် ပြဿနာများစွာ ရောက်လာပါသည်။ အချို့ကို ပြဿနာများ စာအုပ်တွင် တစ်ပုဒ်တစ်ကဏ္ဍအနေနှင့် အဖြေပေးနိုင်သော်လည်း တချို့ကို ထိုတစ်ပုဒ်တစ်ကဏ္ဍထဲတွင် ရော ထည့်ကာ ဖြေလိုက်ရပါသည်။

ယခုလည်း အနေကဇာတင် ပြဿနာနှင့် ဆက်နွယ်၍ ဘုရားအလောင်းတို့၏ စိတ်ဓာတ်ကို ဖော်ပြလိုပါသည်။ သတ္တဝါအားလုံးကို သံသရာဝဋ်မှ လွတ်မြောက်ရေးအတွက် ဘုရားတစ်ဆူ ဖြစ်လိုသူသည် အဘယ်သို့လျှင် စိတ်ထားတည် ကြည်နိုင်ကြည်စေရမည်နည်း။

အလောင်းတော်သည် ဘဝကိုတွေ့ကြုံရသမျှ အရာအထောင်မကသော ဆင်းရဲဒုက္ခများကို ကျော်နင်းလွတ်မြောက် လိုသော် -

"ငါသည် အားလုံးသော သတ္တဝါများ၏ ဆင်းရဲဒုက္ခဟူသရွေ့ကို တစ်ယောက်တည်း သိမ်း၍ယူမည်"ဟု သန္နိဋ္ဌာန် ခိုင်မြဲစွာ ချထားရာ၏။

"ငါသည် သတ္တဝါအများ၏ ဆင်းရဲဒုက္ခဟူသမျှကို ကြံ့ကြံ့ခံအံ့။ ငါသည် ကိုယ်တိုင် တစ်ယောက်ထီး တည်း၏လွတ်မြောက်ရေးနှင့်သာ ပတ်သက်သည်မဟုတ်၊ သဗ္ဗညုတဉာဏ်တော်အတွက် သန္နိဋ္ဌာန်ချပြီးသော လှေ သဘော်ဖြင့် သံသရာတည်းဟူသော ရေအလျဉ်မှ သတ္တဝါအားလုံးကို ငါ ကယ်တင်မည်"

"သတ္တဝါအားလုံး ဆင်းရဲဒုက္ခအတွင်း၌ နစ်မြုပ်ပျက်စီးခြင်းထက် ငါ တစ်ယောက်ထီးတည်း ဒုက္ခခံလိုက် ရခြင်းက မြတ်သေး၏"

"ငါသည် သတ္တဝါအားလုံးအတွက် ငါ့ကိုယ်ကို ရွှေငွေအဖြစ် ပေးလိုက်မည်။ သတ္တဝါအားလုံးကို နိဗ္ဗာန်ရွှေ မြို့တော်သို့ ဦးဆောင် သယ်ပို့နိုင်သည့်ကိုယ် ဖြစ်ရပါလို၏"

ဟု ဘုရားအလောင်းတော်များသည် စိတ်ကောင်း၊ စေတနာကောင်း ထားပါသည်၊ သို့ပါ၍ ဘုရားအဖြစ်နှင့် နိဗ္ဗာန်ရောက်လိုသော ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်ကြောင့် မဂိုဟ်မသုန် မဂေ့နမလှုပ် ခြေကုတ်မြဲမြဲ အဓိဋ္ဌာန်မြဲစွာဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် စိတ်ပြဋ္ဌာန်းထားလိုက်ရာ၏။

ဘုရားအလောင်းတော် ဟူသမျှသည် မိမိ၏ ခန္ဓာကိုယ်နှင့် အသက်ကို စွန့်တန်လျှင် စွန့်၏။ သူတော်ကောင်းတရားကိုကား မည်သည့်အခါမျှ မစွန့်၊ ဘုရားအလောင်းတော် ဟူသမျှသည် လူတို့ ရှေ့မှောက်၌ ဦးညွတ်အရိုအသေ ပြု၏။ မည်သည့်အခါမှ မာနတက်ကြွခွင့် မပြု။

ဘုရားအလောင်းတော် ဟူသမျှသည် လူတို့အပေါ်၌ သည်းခံတတ်၍ မည်သည့်အခါမှ အနှောင့်အယှက် မပေး။

ဘုရားအလောင်းတော် ဟူသမျှသည် ဝေမျှတတ်ခြင်းဖြင့် အလွန်တရာ ဆင်းရဲနေသူအား အကောင်းမွန်ဆုံး အစာကို ပေးကျွေးတတ်၏။

ဘုရားအလောင်းတော် ဟူသမျှသည် ကြောက်ရွံ့စိုးရိမ်နေသူများအား လုံခြုံစိတ်ချရအောင် စောင့်ရှောက်ပေးတတ်၏။ နာဖျား မကျန်း ရှိနေသူများအား လုံး၀ ပပျောက်အောင် ကုသပေးလိုစိတ် ရှိ၏။

ဘုရားအလောင်းတော် ဟူသမျှသည် သူဆင်းရဲများ ကြွယ်ဝချမ်းသာမှုကို နှစ်သက်၏။ ဆင်းရဲနေသူများ ကံဆိုးမိုးမှောင် ကျနေသူများအား မိမိရှိ ပစ္စည်းများကို ခွဲခြမ်းဝေဖန်ပေးတတ်၏။ ခရီးပန်း၍ နွမ်းနယ်နေသူများ၏ ဝန်ထုပ်ဝန်ပိုးများကို သယ်ဆောင်ပေးတတ်၏။

ဘုရားအလောင်းတော် ဟူသမျှသည် ဒါန၊ သီလ စသော ကုသိုလ်များကို ပြုတိုင်းပြုတိုင်း ပါရမီဖြည့်ခွင့်ရသော လူ့ဘ၀ကိုသာ ဆုတောင်း၍ ပြုတော်မူခဲ့သည်။ လူ့ဘ၀တွင်လည်း ပါရမီမြောက်သော ကုသိုလ်ကိုသာ ပြုတတ်တော်မူခဲ့သည်။

## ဘုရားအလောင်းလုပ်ငန်း

ရတနာကို အလိုရှိရုံမျှဖြင့် အလုပ်မလုပ်ဘဲ ရတနာကို မရနိုင်ပါ။ ကြိုးစားအားထုတ်အလုပ်ကို လုပ်မှသာ အလိုရှိရာ ရတနာကို ရရှိနိုင်သကဲ့သို့ ဗောဓိဉာဏ်ကို အလိုရှိတော်မူသော ဘုရားအလောင်းအလျာသည် တောင့်တအပ်သော ဗောဓိဉာဏ်ကို ရရာရကြောင်း ပါရမီ၊ စာဂ၊ စရိယတို့ကို ပွားများအားထုတ်မှသာ အလိုရှိအပ်သော ဗောဓိဉာဏ်ကို ရတော်မူပါသည်။

## သမုဒ္ဒရာ မကသာ

ပကတိသမုဒ္ဒရာမှာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ခေါင်လှ၏ဟု ပမာဏရှိသေး၏။ အောက်အပြင် အထက်အပြင်ရှိ၍ အစွန်းအနားမှ စကြ၀ဠာတောင်ဖြင့် ပိုင်းခြား၍ ရစကောင်းသော်လည်း ဘုရားအလောင်းတော်များ၏ ဖြည့်ကျင့် ပွားများအပ်သည့် ဒါနပါရမီတည်းဟူသော သမုဒ္ဒရာမှာကား အောက်ထက်အပြင် အစွန်းအနား ပိုင်းခြား၍ မရစကောင်းပါ။

"မှန်ပါသည်။ ဘုရားအလောင်းတော်များ၏ ဒါနပါရမီတော်နှင့်စပ်၍ ပြင်ပဥစ္စာကို စွန့်လှူခဲ့သည်ကား ဤမျှတည်းဟူ၍ မပိုင်းခြားနိုင်။ အသားကိုလှူရာဌာနကား ဤမျှတည်း၊ အသွေးကိုလှူရာဌာနကား ဤမျှတည်း၊ မျက်လုံးတော်ကိုလှူရာဌာနကား ဤမျှတည်းဟူ၍ မပိုင်းခြားနိုင်"

ထို့အတူ သီလပါရမီတော် စသည်နှင့်စပ်၍လည်း မပိုင်းခြားနိုင်သည်သာ ဖြစ်ရကား၊ ဘုရားအလောင်းတော်များ၏ ပါရမီတော်တို့ကို မဟာသမုဒ္ဒရာနှင့် နှိုင်းခိုင်းရလေသည်။

## ဒုက္ခကို ဒုက္ခမထင်

ဥပမာအားဖြင့် တစ်စုံတစ်ယောက်သောသူသည် နွေရာသီအချိန် မွန်းတည့်ရှိန်ရှိန်၌ ရေပြည့်သောကန်အတွင်း သက်ဆင်းငုပ်လျှိုး ရေချိုးနေစဉ် ကောင်းကင်အထက်မှ နေကျက်ကျက်ပူသည်ကို ရှိသည်ဟူ၍မျှ အသိအမှတ် မပြုသကဲ့သို့ ထိုအတူ ဘုရားအလောင်းတော်များသည် မဟာကရုဏာတော်ဖြင့် အေးမြချမ်းကြည်သော စိတ်နှလုံး ရှိတော်မူကြ၍ သတ္တဝါတို့၏ အစီးအပွားကိုသာ ရှာမှီးတော်မူကြလျက် ပါရမီတော်တည်းဟူသော သမုဒ္ဒရာ၌ အမြဲသက်ဆင်း ငုပ်လျှိုးတော်မူကြကုန်၏။

သို့ဖြစ်၍ ပါရမီတော် သမုဒ္ဒရာအတွင်း မဟာကရုဏာတော်ဖြင့် ချမ်းအေးသောကိုယ် ရှိတော်မူသောကြောင့် ယုတ်မာသော သတ္တဝါတို့ မညှာမတာ မငဲ့မကွက် ရက်ရက်စက်စက် လက်ခြေတို့ကို ဖြတ်ခြင်း စသည်ကြောင့်ဖြစ်သော အလွန်ကြီးလှသည့် ဆင်းရဲဒုက္ခကိုပင်သော်လည်း ဒုက္ခကဲ့သို့ မှတ်ယူတော်မမူကြကုန်။

## သမုဒ္ဒရာရေပေါက်ထက်များ

ဘုရားအလောင်းတော်များမှာ ဘုရားဆုပန် ဗျာဒိတ်ခံသည်မှ ပါရမီပြည့်စုံအောင်မြောက် အထွတ်အထိပ်သို့ ရောက်သည့် နောက်ဆုံးဘဝတိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပါရမီဖြည့်ခဲ့ရသော ဘဝတို့ကို ရေတွက်လျှင်မဟာသမုဒ္ဒရာ ရေပေါက်ထက်ပင် များလှသေး၏။ ထိုမျှ များလှသော ဘဝတို့အနက် ပါရမီကို မဖြည့်ဘဲ အချည်းအနှီးလွန်သွားသော ဘဝတစ်ခုဟူ၍ မရှိပါ။

## ရေတစ်ဖလားမျှသာ

ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သိမြင် နာကြား မှတ်သားရသည့် ငါးရာ့ငါးဆယ် စရိယပိဋကတ် ပါဠိတော် စသည်တို့၌လာသော အလောင်းတော်မြတ်၏ ကျင့်စဉ်များကား မဟာသမုဒ္ဒရာ ရေအထုမှ ဆားငန်အရသာကို သိသာစေရန် ထုတ်ဆောင်၍ပြအပ်သော တစ်ဖလားမျှသော ရေကဲ့သို့ မဟာသမုဒ္ဒရာ ရေပေါက်မက ဘဝများစွာ ဖြည့်ကျင့်အပ်သော ပါရမီကျင့်စဉ်များမှ အကြောင်းဝတ္ထုအားလျော်စွာ အနည်းငယ်မျှ ဟောကြားအပ်သော ကျင့်စဉ်များသာ ဖြစ်ပါသည်။

အကြောင်းဝတ္ထု မဖြစ်ပေါ်သဖြင့် ဟောကြားတော်မမူအပ်သော ကျင့်စဉ်များနှင့် နှိုင်းယှဉ်လျှင် ဟောကြားတော်မူအပ်သော ကျင့်စဉ်များမှာ ဖလားတစ်ခု၌ ထည့်ထားအပ်သော ရေမျှသာရှိ၍ ဟောကြားတော်မမူအပ်သော ကျင့်စဉ်များမှာ ကျန်ရှိသော မဟာသမုဒ္ဒရာရေထုမျှမက များပြားလှပေ၏။

## သမ္မာသမ္ဗုဒ္ဓခေါ်

ဤမျှ များပြားသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍ ပါရမီတော် အထွတ်အထိပ်သို့ ရောက်တော်မူသော ကာလဝယ် ဆရာမရှိ မိမိကိုယ်တိုင် ထိုးထွင်း၍ သစ္စာလေးပါးတရားတို့ကို သိသော မဂ်ဉာဏ် ဉေ‌ယျတရားတို့ကို ကြွင်းမဲ့ကုန်စင် သိမြင်တတ်သော သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော သမ္မာသမ္ဗောဓိဉာဏ်ကို အနန္တအပရိမေယျဖြစ်သော ဘုရားကျေးဇူး ဂုဏ်အထူးတို့နှင့်တကွ ရတော်မူ ရောက်တော်မူပါသည်။

ယင်းသို့ သမ္ဗောဓိဉာဏ်သို့ရောက်တော်မူ၊ ရတော်မူသော လောကသုံးပါး၌ နှစ်ယောက်မြောက်သူ အတုမရှိ အဒုတိယ ပုဂ္ဂိုလ်သူမြတ်ကို သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတမြတ်စွာဘုရားဟု ခေါ်ဆိုပါသည်။

"အို ... စာရှသူ၊ အကျွန်ုပ်တို့၏ ဘုရားအလောင်းတော် အရှင်သူမြတ်သည်လည်း ဤသို့သော သဘောရှိတော်မူသည်ဖြစ်ရကား သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား အတုမရှိသော မြတ်စွာဘုရား ဖြစ်တော်မူလေသည်။

## အံ့ဖွယ်တို့ ဖြစ်ခြင်း

အလောင်းတော်သူမြတ် သဗ္ဗညုတဉာဏ်တော်ကို ရ၍ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူသောအခါ လောကဓာတ်စကြဝဠာတိုက်ပေါင်း တစ်သောင်းလုံး အလှဆုံး တန်ဆာဆင်ပြီးသား ဖြစ်နေပုံမှာ -

"အရှေ့ဖျား စကြဝဠာ အနားအရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် အနောက်ဖျား စကြဝဠာ အနားရေး၌ စိုက်လျက်တည်ကုန်၏။

အနောက်ဖျား စကြဝဠာ အနားအရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် အရှေ့ဖျား စကြဝဠာ အနားရေး၌ စိုက်လျက်တည်ကုန်၏။

တောင်ဖျားစကြဝဠာ အနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် မြောက်အရပ်ဖျား စကြဝဠာ အနားအရေး၌ စိုက်လျက်တည်ကုန်၏။

မြောက်အရပ်ဖျား စကြဝဠာ အနားအရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် တောင်အရပ်ဖျား စကြဝဠာ အနားအရေး၌ စိုက်လျက်တည်ကုန်၏။

မြေအပြင်၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် ဗြဟ္မာ့ပြည်ကို စိုက်လျက်တည်ကုန်၏။

ဗြဟ္မာ့ပြည်၌ ဖွဲ့ယှက်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည်လည်း မြေအပြင်သို့ စိုက်လျက်တည်ကုန်၏။ စကြဝဠာအပေါင်း တိုက်တစ်သောင်းတို့၌ အပွင့်ပွင့်သော သစ်ပင်အမျိုးမျိုးတို့သည်လည်း ရာသီမလင့် တစ်ပြိုင်နက်တည်း ပွင့်ကြကုန်၏။ အသီးသီးသော သစ်ပင်အမျိုးမျိုးတို့သည်လည်း ရာသီမလင့် တစ်ပြိုင်နက်တည်း အခိုင်လိုက် အပြွတ်လိုက် သီးကြကုန်၏။ ပင်စည်ပန်း၊ အခက်ပန်း၊ နွယ်ပန်း တို့သည်လည်း အဆန်းတကြယ် တစ်ပြိုင်နက်တည်း ပွင့်ကြကုန်၏။ ကောင်းကင်မှလည်း အပင်ကို မမြင်ရဘဲ ပန်းခိုင်များ တွဲလျားကျလျက် ရှိကုန်၏။

အောက်မြေအလွှာ ကျောက်ဖျာကြီးများကို ဖောက်ခွဲ၍ အဆင့်ဆင့် ခုနစ်ထပ်စီ - ခုနစ်ထပ်စီ အရွက်မပါ၊ အရိုးနှင့် ပဒုမာကြာပန်းတို့လည်း အဆန်းတကြယ် ပွင့်ပေါ်လာကြကုန်၏။

ဇာတိခေတ် လောကဓာတ် စကြဝဠာအပေါင်း တိုက်တစ်သောင်းတို့သည် ထိုအချိန်၌ မြေတသိမ့်သိမ့် တငြိမ့်ငြိမ့် တုန်လှုပ်လျက်ရှိသဖြင့် အလုံးပြုကာ ပစ်လွှင့်အပ်သော ပန်းလုံးကြီးကဲ့သို့လည်းကောင်း၊ အစီအလျဉ် အစဉ်သင့်စွာ ခင်းထားအပ်သည့် ပန်းမွေ့ရာ အခင်းကြီးကဲ့သို့လည်းကောင်း ဖြစ်၍နေလေ၏။ ထိုမှတစ်ပါးလည်း ၃၂ ပါးသော နိမိတ်ကြီးတို့လည်း ထင်ရှားဖြစ်ပေါ်ကြကုန်၏။

## ဥဒါန်းကျူးရင့်

ဤသို့ သဗ္ဗညုတ ရွှေဉာဏ်တော်နှင့်တကွ ဘုရားရှင်တို့၏ ဘုန်းဂုဏ်အလုံးစုံတို့ကို ပြည့်စုံစွာ ရရှိတော်မူပြီးသော ရှင်တော်မြတ်ဘုရားသည် -

"ငါသည် ကြီးစွာသော သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ရလေပြီတကား"

"ငါသည် အလွန်မြတ်လှစွာသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်ကို ရအပ်လေပြီ တကား၊ ကြီးစွာသော အောင်ပွဲသဘင်ကို ဆင်ယင်ကျင်းပအပ်ခဲ့လေပြီတကား"

"ငါသည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို တရားဟော၍ ဘဝသုံးပါးတည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေခြင်းငှာလည်း စွမ်းနိုင်သူ ဖြစ်၏"

ဟူ၍ စဉ်းစားတော်မူလေသည်။ ထိုသို့ စဉ်းစားဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ သန္တာန်တော်၌ လွန်စွာ လွန်စွာ နှစ်သက်အားရ ဝမ်းမြောက်ခြင်း ပီတိတရားတို့ ထပ်တလဲလဲ ဖြစ်ပေါ်လာလေသည်။

ရှင်တော်မြတ်ဘုရားသည် ထိုသို့ ထပ်တလဲလဲ ဖြစ်ပေါ်လာသော ပီတိအဟုန်ဖြင့် အလုံးစုံသော သဗ္ဗညုဘုရားရှင်တို့ ဘုရားဖြစ်ပြီးလျှင် ကျူးရင့်တော်မူကြမြဲ ဓမ္မတာဖြစ်သည့် ဥဒါန်း နှစ်ဂါထာကို ကျူးရင့်တော်မူလေသည်။

**၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊**
**ဂဟကာရံ ဂဝေသန္တော ဒုက္ခာဇာတိ ပုနပ္ပုနံ။**

**၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ န ကာဟသိ၊**
**သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။**

အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ တဏှာလက်သမားကို ရှာသော ငါသည် ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ် မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရလေပြီ။

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် - တဏှာ လက်သမား၊ ငါသည် သင့်ကို ပညာမျက်စိဖြင့် ယခု မြင်အပ်ပြီ၊ ခန္ဓာအိမ်ကို နောက်တစ်ဖန် သင် ဆောက်လုပ်ရတော့မည် မဟုတ်၊ သင်၏ ကိလေသာတည်းဟူသော အခြင်ရနယ် အားလုံးတို့ကို ငါ ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ၊ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာ ကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ရပြီ။

ဤသို့ မြတ်စွာဘုရားသည် ဝမ်းမြောက်ရွှင်လန်း ဥဒါန်းကျူးရင့်တော်မူ၍ အပရာဇိတပလ္လင်တော်၌ တင်ပလ္လင်ခွေ ထိုင်နေတော်မူစဉ် -

"ငါသည် ဤအပရာဇိတပလ္လင်ကို ရရှိဖို့ရန် ပါရမီ ဆယ်ပါး တရားတို့ကို မြောက်မြားစွာ သူ မတူတန်အောင် ဖြည့်ကျင့် ဆည်းပူးလျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ကာလပတ်လုံး ကျင်လည်ခဲ့ရလေပြီ။

ဤမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ကာလပတ်လုံး ဤအပရာဇိတပလ္လင်ကို ရရှိဖို့ရန် တန်ဆာဆင်အပ်ပြီးသော ဦးခေါင်းတော်ကို ဖြတ်၍ ငါ လှူခဲ့ရပေါင်း များလှပြီ။ မျက်လုံးတော် အစုံတို့ကိုလည်းကောင်း၊ နှလုံးသားတို့ကိုလည်းကောင်း ထုတ်၍ ငါ လှူခဲ့ရပေါင်း များလှပြီ။ ဇာလီမင်းသားကဲ့သို့သော သားတော်များကိုလည်းကောင်း၊ ကဏှာဇိန်မင်းသမီးကဲ့သို့ သမီးတော်များကိုလည်းကောင်း၊ မဒ္ဒီဒေဝီကဲ့သို့ ဇနီးများကိုလည်းကောင်း အလှူခံပုဂ္ဂိုလ်အား ကျွန်ပြုလုပ်ခိုင်းကြရန် ငါ လှူခဲ့ပေါင်း များလှပြီ။

ဤပလ္လင်သည် ငါဘုရား၏ မာရ်ငါးပါးကို တစ်စမကြွင်း ပယ်ရှင်းအောင်မြင်ရာ ပလ္လင်လည်း ဖြစ်ပေ၏။ ဘုန်းကျက်သရေ မင်္ဂလာရှိကာ လွန်စွာ မြင့်မြတ်သော ပလ္လင်လည်း ဖြစ်ပေ၏။

ဤအပရာဇိတပလ္လင်တော်၌ ထိုင်နေစဉ်ပင် ငါ၏ ဘုရားဖြစ်ရန် ကြံစည်တောင့်တ လိုလားအပ်သမျှတို့

ပြည့်စုံခဲ့ကုန်ပြီ။ ဤမျှ ကျေးဇူးအထူးများလှသော ပလ္လင်တော်မှ ငါ မထသေး။

ဟု ကြံစည်ပြီးလျှင် ကုဋေအသိန်းမက များလှစွာသော အရဟတ္တဖိုလ် စတုတ္ထဈာန် သမာပတ်တို့ကို ဝင်စားလျက် ထိုအပရာဇိတပလ္လင်တော်မှာပင် ခုနစ်ရက်ကြာ သီတင်းသုံးနေထိုင်တော်မူလေသည်။

## ပဋိစ္စသမုပ္ပါဒ်ဆင်ခြင် ဥဒါန်းကျူး

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် (၁)ရက်နေ့ တစ်နေ့ပတ်လုံး ကုဋေအသိန်းမက များလှစွာသော အရဟတ္တဖိုလ်ကိုစတုတ္ထဈာန်သမာပတ်တို့ကို ခံစားသုံးဆောင်တော်မူ၍ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ ညဉ့်ဦးယံ၌ အကြောင်းအကျိုးတို့ကို ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ် တရားတို့ကို အနုလုံပဋိလုံအားဖြင့် နှလုံးသွင်း ဆင်ခြင်တော်မူလေသည်။

ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ အဝိဇ္ဇာ အစရှိသော အကြောင်းတရားကြောင့် သင်္ခါရ အစရှိသော အကျိုးတရားတို့ကို မရပ်မနား ဖြစ်ပွားမှုတည်းဟူသော သံသရာဝဋ်ဒုက္ခ၏ ဖြစ်စဉ်အနုလုံ အနက်သဘောနှင့် အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့ မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ခြင်းကြောင့် သင်္ခါရ အစရှိသော အကျိုးတရားတို့ မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းမှုတည်းဟူသော သံသရာဝဋ်ဒုက္ခ၏ ချုပ်စဉ် ပဋိလုံအနက်သဘောတို့ တိုး၍တိုး၍ ထင်လင်း သိသာသဖြင့် မြတ်စွာဘုရား၏ နှလုံးသား ဟဒယဝတ္ထုပေါ်ဝယ် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရား ဦးဆောင်သည့် မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဇောအစဉ်တို့သည် တသွင်သွင် ဖြစ်၍နေလေသည်၊

အိုးခွက်အတွင်းသို့ ထောပတ်ကိုဖြစ်စေ၊ ဆီကိုဖြစ်စေ လောင်း၍ထည့်သောအခါ ထိုအိုးခွက်တို့ ပြည့်၍ ပိုလျှံသော ထောပတ်၊ ဆီသည် အပြင်သို့ လျှံ၍ ထွက်လာသကဲ့သို့ မြတ်စွာဘုရား၏ နှလုံးအိမ် ဟဒယဝတ္ထုတည်းဟူသော အိုးခွက်၌ တရားသဘောတို့ကို တိုး၍တိုး၍ ထင်လင်းသိမြင်မှုကို အကြောင်းပြုကာ ဖြစ်ပေါ်လာသော ပညာဉာဏ်ရွှေသွားရှိသည့် ပီတိတရားတည်းဟူသော ထောပတ်တို့သည် နှလုံးအိမ် ဟဒယဝတ္ထုတည်းဟူသော အိုးခွက်တို့ပြည့်လျှင် ဝမ်းတွင်း၌မဆံ့ အပြင်သို့လျှံ၍ ထွက်လာသည့်ပမာ ထိုပညာဉာဏ်ရွှေသွားရှိသော ပီတိကို အကြောင်းပြု၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူလေသည်။

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**

**အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**

**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊**

**ယတော ပဇာနာတိ သဟေတုဓမ္မံ။**

အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုမှအပ ပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇ ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ အကြောင်းနှင့်တကွ ပဋိစ္စသမုပ္ပါဒ် တရားကို အပြားအားဖြင့် သိသောကြောင့် ထိုမကောင်းမှုမှအပ ပြုပြီးသော ရဟန္တာအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏။

ထို့နောက် ညဉ့်၏ အလယ်ပိုင်းသို့ ရောက်သောအခါ မြတ်စွာဘုရားသည် ထိုညဉ့်အလယ်ပိုင်းကာလပတ်လုံး အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ်တရားကိုပင် အနုလုံပဋိလုံအားဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူလေသည်။

ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ အကြောင်းတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်တရား တိုး၍တိုး၍ ထင်လင်းသိသာသဖြင့် ပညာတရား ပီတိတရားတို့ ရွှေသွားဦးဆောင်သည့် မဟာကြိယာ သောမနဿ

သဟာဂုတ် ဉာဏာသမ္ပယုတ် အသင်္ခါရိက ဇောစိတ္တုပ္ပါဒ် အစဉ်တို့သည် တသွင်သွင် ဖြစ်ပွားပြီးလျှင် ထိုပီတိအဟုန်ကို ငုံ၍မထားနိုင်ဘဲ ဝမ်းတွင်းမဆံ့ အပြင်သို့ပြန့်၍ လျှံ၍ထွက်လာသည့်ပမာ ထိုပညာဉာဏ်ရွှေသွားရှိသော ပီတိကို အကြောင်းပြု၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြန်လေသည်။

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**

**အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊**

**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊**

**ယတော ခယံ ပစ္စယာနံ အဝေဒိ။**

အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှု့မြိုက်တတ်သော မကောင်းမှုမှအပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇ ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ကုန်ရာနိဗ္ဗာန်ကို သိသောကြောင့် ထိုမကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏။

ထို့နောက် ညဉ့်၏ နောက်ပိုင်းအချိန်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် ထိုညဉ့်၏ နောက်ပိုင်းအချိန် ကာလ ပတ်လုံးလည်း အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ်တရားတို့ကို အနုလုံပဋိလုံအားဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူပြန်လေသည်။

ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ မပြတ်လည်ပုံ ချုပ်ပြတ်ပုံတို့ကို တင်လင်း သိမြင်သော အရိယမဂ်တရားတို့သည် တိုး၍တိုး၍ ထင်လင်းသိသာသဖြင့် ပညာတရား ပီတိတရားတို့ ရွှေသွားဦးဆောင်သည့် မဟာကြိယာ သောမနဿ သဟာဂုတ် ဉာဏာသမ္ပယုတ် အသင်္ခါရိက ဇောစိတ္တုပ္ပါဒ်အစဉ်တို့သည် တသွင်သွင်ဖြစ်ပွားပြီးလျှင် ထိုပီတိအဟုန်ကို ငုံ၍မထားဘဲ ဝမ်းတွင်းမဆံ့ အပြင်သို့ ပြန့်၍ လျှံ၍ ထွက်လာသည့်ပမာ ထိုပညာဉာဏ် ရွှေသွားရှိသော ပီတိကို အကြောင်းပြု၍ သုံးကြိမ်မြောက် ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြန်လေသည်။

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**

**အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊**

**ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊**

**သူရိယောဝ ဩဘာသယ မန္တလိက္ခံ။**

အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှု့ မြိုက်တတ်သော မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇ ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏၊ ထိုအခါ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်၏။

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် (၁) ရက်နေ့ ညဉ့်သုံးယံကာလပတ်လုံး ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူ၍ "ယဒါဟဝေ" အစရှိသော ဥဒါန်း ၃ ဂါထာတို့ကို ကျူးရင့်တော်မူပြီးလျှင် ကဆုန်လပြည့်ကျော် (၇) ရက်နေ့တိုင်အောင် ထိုအပရာဇိတ ပလ္လင်တော်မှာပင် သီတင်းသုံး စံတော်မူကာ အရဟတ္တဖိုလ်ချမ်းသာကို ဝင်စားသုံးဆောင်တော်မူလေသည်။

## အကြောင်းရင်း

အို ... စာရှုသူ၊ မိမိသည် ဘုရားအလောင်းစိတ်ဓာတ်၊ ဘုရားအလောင်း လုပ်ငန်းနှင့် သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်တော်မူပြီး ဥဒါန်းကျူးရင့်သည်အထိ အကျဉ်းချုပ် ရေးပြခဲ့ပါသည်။

ရေးသားရသည့် အကြောင်းရင်းမှာ အနေကဇာတင် ပြဿနာကြောင့်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် အိမ်တိုင်း၌ ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ကြ၏။

ထိုရုပ်ပွားဆင်းတုတော် ကိုးကွယ်သည့်အခါ အနေကဇာတင်ကြ၏။ သို့သော် အနေကဇာတင်၏ အဓိပ္ပာယ်ကို သိသူကား အလွန်တရာမှ နည်းပါးပါသည်။

တစ်ချိန်က မြင်ခဲ့၏။ အချိန်ကို မမှတ်မိတော့ပါ။ ဒကာတစ်ယောက်သည် မိမိနေထိုင်ရာ ကျောင်းသို့ ရောက်လာပြီး ရှိခိုးဦးချကာ မေးလျှောက်၏။

"အရှင်ဘုရား၊ ကျိုး.မန်းမီ အနေကဇာတင်ရမယ်ဆို ဘုရား"

"ဒကာကြီးကို ဘယ်သူက ပြောသလဲ"

"အဲဒီလိုပဲ၊ ဟိုသူပြော ဒီသူပြောနဲ့ အရပ်ထဲမှာ ပြောနေကြတာပဲဘုရား"

"ဟိုသူပြော၊ ဒီသူပြော အရပ်ထဲမှာ ပြောနေကြတာနဲ့ပဲ ယုံရမှာလား"

"မယုံလို့ အရှင်ဘုရားထံ လာမေးတာပါဘုရား"

"လူတွေဟာ အများအားဖြင့် ဘာမှ မသိဘဲနဲ့ ရမ်းပြောနေကြတာ များပါတယ်၊ ကျိုးမန်းမီ အနေကဇာတင်ရမယ်လို့ ရမ်းပြောတာက ဘာအကြောင်းပြုပြီး ရမ်းပြောတာလဲဆိုရင် ဘုရားရှင် ဘုရားဖြစ်တော်မူတာဟာ မိုးသောက်ယံဖြစ်တာကို အကြောင်းပြုပြီး ပြောတာနဲ့ တူပါတယ်"

"မှန်ပါ ဘုရား"

"အမှန်က မိမိတို့ ယခုကိုးကွယ်တဲ့ ဘုရားက သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ရုပ်ပွားတော်ပဲ၊ သက်တော်ထင်ရှား ဘုရားက မိုးသောက်ယံမှာ ဘုရားဖြစ်တယ်၊ မိမိတို့ ကိုးကွယ်တဲ့ ဘုရားက ဘုရားစောင်းတန်းက ပူဇော်လာပြီး မိမိတို့အိမ် ရောက်လာတဲ့ အချိန်ဟာ ဘုရားပွင့်ချိန်လို့ပဲ မှတ်ပါ"

"မှန်ပါ ဘုရား"

"အနေကဇာတင်ချင်ရင် အဲဒီဘုရား အိမ်ပေါ်ရောက်လျှင် ရောက်ချင်း တင်တာ အကောင်းဆုံးပဲ၊ ဘုရားရောက်လို့ သုံးလေးနှစ်ကြာကာမှ အနေကဇာတင်ပြီး ကျိုးမန်းမီ ဘာတွေ လုပ်မနေနဲ့ အဓိပ္ပာယ် မရှိပါဘူး"

"တချို့က အနေကဇာတင်မှ ဘုရားဖြစ်တယ်ဆို ဘုရား"

"ဩော် ... ဒကာကြီးကလည်း ဘုရားက ဖြစ်ပြီးလို့ ပရိနိဗ္ဗာန်ပဲ စံသွားပြီ၊ ယခု မိမိတို့ ကိုးကွယ်တဲ့ဘုရားက အဲဒီ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ရုပ်ပွားတော်ပဲ၊ ရုပ်ပွားထုပြီးကတည်းက ဘုရားဖြစ်ပြီပေါ့၊ အနေကဇာတင်တင်၊ မတင်တင် ရုပ်ပွားဖြစ်တယ်ဆိုရင် ဘုရားဖြစ်ပြီပေါ့"

"နို့ ... ဘာဖြစ်လို့ အနေကဇာတင်ရတာလဲဘုရား"

"ဘုရားရှင် ဘုရားဖြစ်တော်မူပြီးတော့ "အနေကဇာတိသံသာရံ" အစရှိတဲ့ ဥဒါန်းဂါထာတွေကို ကျူးရင့်ပါတယ်၊ ဘုရားဖြစ်ပြီးမှ ကျူးရင့်တာနော်"

"မှန်ပါ ဘုရား"

"အဲ . . . ယခု မိမိတို့အိမ်မှာ ရုပ်ပွားဆင်းတု ကိုးကွယ်တော့ ကိုးကွယ်တဲ့နေ့ဟာ ဘုရားပွင့်တဲ့နေ့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီ ပွင့်လာတဲ့ဘုရားက "အနေကဇာတိသံသာရံ" အစရှိတဲ့ ဥဒါန်းဂါထာတွေ ကျူးရင့်နိုင်ရဲ့လား"

"သက်တော်ထင်ရှား ဘုရားမှ မဟုတ်တာ ဘယ်ကျူးရင့်နိုင်ပါ့မလဲဘုရား"

"အင်း . . . ဘုရားရှင်က မကျူးရင့်နိုင်တဲ့အတွက် သံဃာတော်အရှင်မြတ်တွေကို ပင့်ပြီး ဘုရားရှင်၏ကိုယ်စား "အနေကဇာတိသံသာရံ" အစရှိသော ဥဒါန်းများ ကျူးရင့်ပေးတာကို အနေကဇာတင်တယ်လို့ ခေါ်ပါတယ်"

"ဩော် . . . ဒါဖြင့် "အနေကဇာတိသံသာရံ" အစရှိတဲ့ ဥဒါန်းကျူးရင့်တာကို အနေကဇာတင် ခေါ်တာပေါ့ ဘုရား"

"အင်းပေါ့"

"ဒါဖြင့် အဲဒီ အနေကဇာတိသံသာရံ အစရှိတဲ့ ဥဒါန်းတွေ နေ့တိုင်းကျူးရင့်လို့ မရဘူးလားဘုရား"

"ဟာ . . . ရတာပေါ့၊ ဘုန်းကြီးတို့ကျောင်းမှာ ဘုရားမရှိခိုးမီ "အနေကဇာတိသံသာရံ" အစရှိတဲ့ ဥဒါန်းတွေ ကျူးရင့်ပြီးမှ ဘုရားရှိခိုးတယ်"

"အရှင်ဘုရားကျောင်းက ဘုရားလည်း အနေကဇာတင်သေးလား ဘုရား"

"ဘုန်းကြီးကတော့ ဘုရားရှင် ကြွလာတာနဲ့ တစ်ပြိုင်နက် ဗောဓိပင်အောက် ပလ္လင်အထက် ပင့်တင်ပြီး ပန်း ဆီမီးများနဲ့ ပူဇော်တယ်၊ နောက် ကျောင်းရှိ သံဃာအားလုံး စုရုံးပြီး "အနေကဇာတိသံသာရံ" အစရှိတဲ့ ဥဒါန်းများ ကျူးရင့်ကာ ဘုရားရှိခိုးလိုက်ပါတယ်။ အဲဒီဘုရားရှင်ကြွတဲ့ အချိန်ကစပြီး ယနေ့အထိပဲ နေ့စဉ် ဘုရားဝတ်တက်တိုင်း "အနေကဇာတိသံသာရံ" အစရှိတဲ့ ဥဒါန်းဂါထာများနဲ့ ကျူးရင့်ပြီးမှ ဘုရားဝတ်တက်ပါတယ်"

"အနေကဇာတင်မှ ဘုရားရှိခိုးကောင်းပါသလား ဘုရား"

"အနေကဇာတင်တင်၊ မတင်တင် ဘုရားရှိခိုးကောင်းပါတယ်"

"နို့ ... ဘာဖြစ်လို့ အရှင်ဘုရားက အနေကဇာတင်ပြီးမှ ဘုရားရှိခိုးတာလဲ"

"ဘုရားရှင် ဥဒါန်းကျူးရင့်တဲ့ "အနေကဇာတိသံသာရံ" အစရှိတဲ့ ဂါထာတွေက သိပ်လေးနက်တယ်၊ အဓိပ္ပာယ် ပြည့်ဝတယ်၊ ဘုရားက ဥဒါန်းကျူးရင့်နိုင်ပြီ၊ ဘုရားဖြစ်သွားပြီ၊ တို့က ဘာမှ မဟုတ်သေးပါလားလို့ သတိရပြီး ဘုရားရှင်ကို ပိုပြီးကြည်ညိုကာ ဘုရားခိုင်းတာ ကြိုးစားလုပ်နိုင်အောင် ရွတ်တာပါ၊ အနေကဇာတင်တာပါ"

"မှန်ပါ၊ သဘောပေါက်ပါပြီဘုရား"

"ဒါကြောင့် ဘုန်းကြီးက အနေကဇာတင်မှ ဘုရားဖြစ်တယ်ထင်ရင်၊ အနေကဇာတင်ပြီးမှ ရှိခိုးကောင်းတယ် ထင်ရင် ဘုရားပင့်လာလို့ ပူဇော်ရာ၊ သီတင်းသုံးရာဌာန ရောက်ရောက်ချင်း အနေကဇာတင်ထိုက်တယ်လို့ ပြောတာပေါ့"

"မှန်ပါ၊ အဲဒါမှ သဘာဝကျပါတယ်"

"အနေကဇာတင်ခြင်းဖြင့် ဘယ်လို အကျိုးထူးပါသလဲဘုရား"

"အနေကဇာတင်လိုက်တော့ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတွေ ပိုပြီးတော့ ပေါ်လွင်တာပေါ့၊ ဒါကြောင့် အနေကဇာတင်တဲ့အခါ ပါဠိတွေချည်းပဲ မရွတ်ဘဲနဲ့ အဓိပ္ပာယ်ရှင်းပြရင် ပိုပြီးတော့ ကောင်းပါတယ်"

"တချို့ကတော့ ပြောကြပါတယ်၊ အနေကဇာတင်ရင် ဘုရားတန်ခိုးကြီးလာတယ်တဲ့၊ အနေကဇာတင်မှ ဘုရားတန်ခိုးကြီးတယ်တဲ့၊ အမျိုးမျိုးပြောကြပါတယ်"

"အမှန်က မိမိတို့ ကိုးကွယ်တဲ့ ဘုရားရှင်ဟာ တန်ခိုးကြီးပြီးသား၊ သက်တော်ထင်ရှားဘုရားရှင်ရဲ့ရုပ်ပွားမျှသာပါ၊ အဲဒီ ရုပ်ပွားဆင်းတုတော်တွင်းသို့ သက်တော်ထင်ရှားဘုရားရှင်ရဲ့ဂုဏ်တော်တွေ နှလုံးသွင်းပြီး ကိုးကွယ်နိုင်ရင် တန်ခိုး မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"အင်း ... အဲဒါကြောင့် ပုံတော်မှာပဲ ရပ်မနေပါနဲ့၊ ပုံတော်အတွင်း ဂုဏ်တော်သွင်းပြီး ပူဇော်ပါ"

"တချို့လည်း ဒီဘုရားက ဘုရင်အဆက်ဆက် ကိုးကွယ်တဲ့ဘုရား၊ ပန်းပေါင်းဘုရား၊ ဂမုန်းပေါင်းဘုရား၊ သက်န်း နက်ဘုရားနဲ့ ဘုရားအမျိုးမျိုး ရှိနေပါတယ်ဘုရား၊ အဲဒါ ဘယ်လိုထူးပါသလဲဘုရား"

"ဘုရားက အမျိုးမျိုးမရှိပါဘူး၊ တစ်ဆူတည်းပါ၊ ပန်းပေါင်းတွေထုတော့ ပန်းပေါင်းဘုရား၊ ဂမုန်းပေါင်းတွေ ထုတော့ ဂမုန်းပေါင်းဘုရားပေါ့၊ ဘုရားက အတူတူပါပဲ"

"ဘုရားဆီ စိတ်ရောက်မှ အကျိုးကြီးမှာပေါ့၊ ပန်းပေါင်းဂမုန်းပေါင်းလောက်ပဲ စိတ်ရောက်ရင် အကျိုးမကြီးပါဘူး၊ မင်းအဆက်ဆက် ကိုးကွယ်တယ်ဆိုတဲ့အပေါ် စိတ်ရောက်ရုံနဲ့ အကျိုးမကြီးပါဘူး၊ ဂုဏ်တော်ပေါ် စိတ်ရောက်ပြီး လေးစား ကြည်ညိုမှ အကျိုးရမှာပါ၊ အဲဒါကို သဘောပေါက်လား"

"မှန်ပါ၊ ပေါက်ပါတယ်ဘုရား"

"အနေကဇာတင်ပြီး ဘုရားကို ပစ်ထားရင် အဲဒီဘုရားရှင်က အကျိုးပေးမှာလား"

"မပေးပါဘူးဘုရား"

"အနေကဇာမတင်သော်လည်း ဘုရားအိမ်ကြွလာတာနဲ့ ဘုရားစင်ပေါ်တင်ပြီး အရှိအသေပြု ပန်းဆီမီး စသည်တို့ ဖြင့် ပူဇော်ရင် ဂုဏ်တော်တွေ ရွတ်ပွားကာ ပူဇော်ရင် အကျိုးပေးပါတယ်"

"အဲဒီလို ပူဇော်တာထက် ဘုရားခိုင်းတဲ့အတိုင်း လိုက်နာကျင့်ကြံရင် ပိုပြီးတော့ အကျိုးရှိပါတယ်"

"ဘုရားရှင်က ဘယ်လိုလုပ် ခိုင်းနိုင်မှာလဲ ဘုရား"

"ဩော် ... သက်တော်ထင်ရှား ဘုရားရှင် ဟောကြားခဲ့တဲ့ တရားတော်က လာတဲ့အတိုင်း ကျင့်တာဟာ ခိုင်းတဲ့ အတိုင်းလုပ်တာ ကျင့်တာပေါ့"

"အိမ်မှာ ဘုရားကိုးကွယ်တယ်ဆိုတာ အဲဒီ သက်တော်ထင်ရှား ဘုရားဆီ စိတ်ရောက်ပြီး မကောင်းတာတွေ ရှောင် နိုင်အောင်၊ ကောင်းတာတွေ ကျင့်နိုင်အောင် ကိုးကွယ်တာ၊ အလကား အလှကိုးကွယ်တာ မဟုတ်ဘူး"

"ပြီးတော့ အဝေးမသွားရဘဲ အမြဲတမ်း ဘုရားနဲ့အတူ နေရသလိုဖြစ်ပြီး ဘုရားအမြဲသတိရပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဖြစ်နေအောင် ကိုးကွယ်တာ၊ အနေကဇာတင်ပြီး ပစ်ထားဖို့ မဟုတ်ဘူး"

"နေပါဦးဘုရား၊ အနေကဇာတင်တဲ့အခါ ဘာတွေလိုပါသေးသလဲဘုရား"

"အနေကဇာတင်တဲ့အခါ "အနေကဇာတိသံသာရံ" အစရှိတဲ့ ဂါထာတွေ ရွတ်ပေးဖို့ လိုတာပေါ့"

"တချို့အနေကဇာတင်တဲ့အခါ ကြေးပြားတွေ ရှာရတယ်ဘုရား၊ ကိုးပြားတဲ့"

"ဟာ ... ဒါတွေက အဓိပ္ပာယ် မရှိပါဘူး၊ ရှာမယ့်ရှာရင် ကြေးပြားတော့ မရှာနဲ့၊ အသုံးတည့်တဲ့ ငွေဒင်္ဂါးပြား၊ ရွှေဒင်္ဂါးပြား ပဲရှာ"

"မသိပါဘူးဘုရား"

"ကဲ ... အချုပ်ပြောပြမယ်၊ အနေကဇာဟာ တင်ချင်တဲ့အချိန်မှာ တင်နိုင်တယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အကောင်းဆုံးကတော့ ဘုရားကြွလျှင် ကြွချင်း တင်တာ အကောင်းဆုံးပဲ၊ အဓိပ္ပာယ်ရှိတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အနေကဇာမတင်လည်း သက်တော်ထင်ရှား ဘုရားကို အာရုံပြု ပူဇော်တာမို့ အကျိုးရှိတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အနေကဇာတင်က ဘုရားရှင်ရဲ့စိတ်ထား၊ ဂုဏ်တော်များ ပေါ်လွင်သဖြင့် ပိုပြီးတော့ အကျိုးကြီးတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အနေကဇာတင်တဲ့အခါ ကြေးပြားတစ်ပြားမှ မပါဘဲနဲ့ အနေကဇာတင်လည်း ဖြစ်တယ်လို့မှတ်၊ ကြေးပြားနဲ့ အနေကဇာတင်တာနဲ့ မဆိုင်ဘူးလို့ မှတ်နော်"

"မှန်ပါဘုရား"

"ကဲ ... တော်သေးပြီ"

✦ အနေကဇာ တင်ပွဲဟာ သူငါလုပ်ကြတာ၊

✦ သူငါလုပ်လည်း လုပ်ပုံလည်း သိပဲ မသိပါ၊

✦ ကျိုးပြစ်ဆိုတာ သိဖို့ရာ ဝေးကွာလေတော့တာ၊

✦ မိမိလုပ်သည့် အလုပ်၏ ကျိုးသိသင့်သည်သာ၊

✦ ကျိုးမသိလုပ် အကျိုးယုတ် သိလုပ်ကျိုးရှိတာ၊

✦ အကျိုးရှိဖို့ သိအောင်သာ လေ့လာလုပ်ကြပါ။

# ဒီလောက်စိတ်ညစ်ရတာ ငါ့ကို ဘာဖြစ်လို့ အဒေါ်က ရိပ်သာပို့ရတာလဲ

(၂၁၇)

အို ... စာရှုသူ၊ ခေါင်းစဉ်ကြည့်ကာမျှနှင့် ဒီပြဿနာသည် ရိပ်သာပြန်ယောဂီတစ်ယောက်ရဲ့ပြဿနာဟု စာရှုသူ သိပါလိမ့်မည်။ မှန်းဆနိုင်ပါလိမ့်မည်။

မိမိသည် "ဗုဒ္ဓဓမ္မပြဿနာများ" အမည်ဖြင့် စာအုပ်ရေးခဲ့သည်။ အတွဲ(၉)သို့ ရောက်ခဲ့ပြီ။ ပြဿနာများ ရေးနေသူ မို့လား မသိပါ။ ပြဿနာများလည်း များစွာတွေ့ခဲ့ပါသည်။ အချို့က မိမိကို "ပြဿနာဆရာတော်" ဟု ခေါ်ကြပါသည်။

အချို့ကလည်း ဗုဒ္ဓဓမ္မမှာ ပြဿနာ မရှိပါ၊ ဘယ်က ဗုဒ္ဓဓမ္မပြဿနာလဲတဲ့၊ ပြဿနာမဟုတ် ပြဿနာ ရှာတဲ့ ကိုယ်တော်တဲ့၊ ပြဿနာမဟုတ် ပြဿနာလုပ်တဲ့ ကိုယ်တော်တဲ့၊ ရှုထောင့်အသီးသီးမှ အနည်းနည်း အဖုံဖုံ ဝေဖန်ကြပါသည်။

မည်သို့ဝေဖန်ပါစေ၊ မိမိအနေနှင့် သည်းခံနိုင်ပါသည်။ လူတစ်ယောက်၏ ရည်ရွယ်ချက် မျှော်မှန်းချက်ကို အတိအကျ မသိပါ။ ဤသို့ အမျိုးမျိုး ကိုယ့်ထင်မြင်ချက်နှင့် ကိုယ် ဝေဖန်ကြမည်မှာ ဓမ္မတာပါ။

ယင်းဓမ္မတာ သဘောကို မိမိအနေနှင့် မည်သို့ တော်လှန်ပါအံ့နည်း။ သည်းခံရမည် မဟုတ်ပါလော။ သည်းခံကာ ရေးသားရန် ဖြစ်ပေါ်လာသော ပြဿနာများကို ရေးသား၍ ဖတ်ရှုရသဖြင့် အကျိုးကျေးဇူး များသူ များကား တစ်နေ့တခြား များပြားလာပါသည်။

သို့နှင့် မိမိလည်း ရေးအားပိုရှိလာပါသည်။ အို ... စာရှုသူ၊ အောက်ပါစာကို ဖတ်ရှုပါဘိ။ ဗုဒ္ဓဓမ္မရဲ့အကျိုးကျေးဇူး မပေါ်သေးခင် ဗုဒ္ဓရဲ့ဓမ္မအပေါ်ပြဿနာတက်ခဲ့သော စာပင် ဖြစ်ပါသည်။

ဗုဒ္ဓရဲ့ဓမ္မမှာပြဿနာ မရှိပါ။ သို့သော် ဗုဒ္ဓရဲ့ဓမ္မအပေါ်မှာ အမြင်မရှင်းသူတို့က ပြဿနာလုပ်၍ပြဿနာဖြစ်ရပါသည်။ အောက်ပါစာမှာ သူ့ပြဿနာ သူရှင်းသွားသော စာဖြစ်ပါသည်။ ဖတ်ရှုကြည့်စမ်းပါ စာရှုသူ -

ကျေးဇူးရှင်ဆရာတော်ဘုရား

၁၃၄၄ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

ဆရာတော်ဘုရား၊ တပည့်တော် တောင်စွန်းဓမ္မဒူတတောရ ဆယ်ရက်စခန်းကို ဝင်ရောက်အားထုတ်မိခဲ့တဲ့အတွက် စိတ်အေးချမ်းသာယာမှုများစွာ ရခဲ့ပါသည်ဘုရား။

ဆရာတော်ဘုရား၏ ဟောကြားပြသပေးမှုကြောင့် တရားနဲ့ပတ်သက်ပြီး မသိဖူးတာတွေ သိခဲ့ရ၊ မကြားဖူးမနာဖူးတဲ့ တရားတော်တွေလည်း နာခဲ့ရပါသည် ဘုရား၊ တရားတော်ရဲ့ လေးနက်တဲ့ သဘောကိုလည်း သိခဲ့ရပါသည်ဘုရား၊ ဒီလို သိခဲ့ရ၊ နားလည်ခဲ့ရတာတွေဟာ ကျေးဇူးရှင် ဆရာတော်ဘုရားနှင့် တပည့်တော်၏ အဒေါ်တို့ကြောင့်ပါ ဘုရား။

တပည့်တော်ကိုယ်တိုင်ကလည်း တရားနာတာ တရားအားထုတ်တာကို ဝါသနာပါ.ပါသည်ဘုရား၊ စိတ်လည်းဝင်စားပါသည်ဘုရား။ ဒါပေမဲ့ တရားအားထုတ်ဖို့ရာ သွားကာနီးပြီဆိုရင် သူများတွေက "ရူးတတ်တယ်၊ ပေါက်တတ်တယ်" စသည်ဖြင့် ပြောကြပါသည်ဘုရား။ မိဘတွေကလည်း လိုက်လိုက်လဲ့လဲ့နဲ့ သွားပါလို့ မပြောတဲ့အတွက် မတိုက်တွန်းတဲ့အတွက်ကြောင့် တရားအားထုတ်ဖို့ အစီအစဉ်တွေဟာ အကြိမ်ကြိမ် ပျက်ခဲ့ရပါသည်ဘုရား။

ဒီတစ်ကြိမ်တော့ တပည့်တော်က ရန်ကုန်က ပြန်အရောက် အဒေါ်က တပည့်တော်ရဲ့ဇာတိရပ်ရွာကို မပေးပြန်တော့ဘဲ ဆရာတော်ဘုရားရဲ့ တောင်စွန်းဓမ္မဒူတတောရရိပ်သာကို အတင်းလွှတ်လိုက်လို့ ရောက်လာခြင်းပါဘုရား။

တရား စတင်ပြီး အားထုတ်တဲ့ ပထမ သုံးရက်လောက်မှာ တပည့်တော် တော်တော်လေး စိတ်ဆင်းရဲပြီး ပင်ပန်းခဲ့ပါသည်ဘုရား။ ခြေထောက်က.ကျင်လိုက် ဒူးက.နာလိုက် စသည်ဖြင့် အမျိုးမျိုး ဖြစ်ခဲ့ပါသည်ဘုရား။

အဲဒီလို နာကျင်ကိုက်ခဲမှုစတဲ့ ဒုက္ခအမျိုးမျိုးတွေ တွေ့တော့ တပည့်တော်ကို တရားရိပ်သာသို့ လွှတ်လိုက်တဲ့ အဒေါ်ကို ပိုပြီး စိတ်ဆိုးလေပါပဲ ဘုရာ။

ဆရာတော်ဘုရားကလည်း "တရားအားထုတ်တယ်ဆိုတာ လွယ်ပါတယ်၊ ဘာမှမခက်ပါဘူး၊ ငှက်ပျောသီးအခွံခွာစားရတာမှ ဟိုကပ်ဒီကပ်နဲ့ ခက်သေးတယ်၊ တရားအားထုတ်ရတာ ဘာမှလည်း မပင်ပန်းဘူး၊ သဘောတရားတစ်ခုနဲ့ သဘောတရားတစ်ခုတို့ တည့်အောင် ထိုင်ကြည့်နေရတာ ဘာပင်ပန်းစရာ ရှိလဲ" လို့ ဟောလေ တပည့်တော်မှာ ခက်လေ၊ စိတ်ညစ်လေပါပဲဘုရား။

တရားတစ်ထိုင် မြန်မြန်အချိန်ပြည့်ပါစေလို့ပဲ ဆုတောင်းနေမိပါသည်ဘုရား၊ တစ်ထိုင်တည်း အချိန်ပြည့်မှ ချမ်းသာမှာမို့ တစ်ထိုင် မြန်မြန်အချိန်ပြည့်စေချင်ခြင်းပါဘုရား။

ကြေးမောင်းထိုးသံကြားရင် "ငါတော့ ဝဋ်ခံရဦးမယ်၊ စိတ်ဆင်းရဲရဦးမယ်" ဆိုပြီး ကသိကအောက်နဲ့ပဲ တရားအားထုတ်ခဲ့ရပါသည်ဘုရား။ ဒီလောက် စိတ်ညစ်ရတာ ငါ့ကို ဘာဖြစ်လို့ အဒေါ်က ရိပ်သာပို့ရတာလဲ ဆိုပြီး အဒေါ်ကိုဒေါပွခဲ့မိပါတယ်၊ စိတ်ဆိုးခဲ့မိပါတယ်ဘုရား။

တရားအားထုတ်လို့ သုံးရက်ရတဲ့ နောက်ပိုင်းမှာတော့ တရားသဘောကို နည်းနည်းသိလာတော့ သိပ်မပင်ပန်းမှန်း သိလာခဲ့ပါတယ်ဘုရား။ ခြောက်ရက်မြောက်တဲ့နေ့မှာ ဆရာတော်ဘုရားဟောတဲ့ "ဣန္ဒြေညှိနည်း" တရားတော်ကို နာရတော့မှ တရားအားထုတ်နည်း ရှုနည်း ပွားနည်းတွေ ပိုပြီးသဘောပေါက်ခဲ့ပါသည်ဘုရား။

ဣန္ဒြေညှိနည်း တရားတော်ကို ကြားနာပြီးတဲ့ အချိန်ကစပြီး တရားအားထုတ်ရတာ ချမ်းသာမှန်း သိခဲ့ရပါသည်ဘုရား။ အဲဒီလို တရားအားထုတ်လို့ ကိုယ်တိုင်ချမ်းသာမှန်း သိလာတော့ အဖေနဲ့ အမေတို့ကို ပြေးပြီး သတိရခဲ့မိပါသည်ဘုရား၊ အဖေနဲ့ အမေတို့ကို တရားနာစေချင်၊ တရားအားထုတ်စေချင်တဲ့ စိတ်တွေ ဖြစ်လာခဲ့မိပါသည်ဘုရား။

အားထုတ်လို့ ခြောက်ရက်မြောက်တဲ့နေ့ ညနေပိုင်းမှာ တပည့်တော် ရှုရင်းရှုရင်းနဲ့ ခါးတစ်ဖက်က စူးပြီး အောင့်လာပါသည်ဘုရား။ တပည့်တော်လည်း မူလကမ္မဋ္ဌာန်းကို လွှတ်ပြီး အဲဒီ စူးတဲ့သဘော အောင့်တဲ့သဘောကို သတိကပ်ပြီး "ရုပ် - ရုပ်" နဲ့ ရှုနေပါတယ်ဘုရား။

မပျောက်မပျက် အခံရခက်သည်နှင့် သည်းမခံနိုင်တဲ့အဆုံး ဒေါသအဖြစ်မခံတော့ဘဲ ပြောင်းရွှေ့ထိုင်လိုက်ရင် ပျောက်သွားမယ်အထင်နဲ့ အဲဒီ စူးတဲ့သဘော၊ အောင့်တဲ့သဘောကို "ရုပ် - ရုပ်" နဲ့ ရှုရင်း ခြေထောက်တစ်ဖက်ကို ဖြည်းဖြည်းကြွရင်းနဲ့ ချလိုက်ပါသည်ဘုရား။

တပည့်တော်ရဲ့ ခြေထောက်ဟာ တဖြည်းဖြည်း ရွှေ့လို့ တစ်ဝက်လောက်ပဲ ရောက်ပါသေးတယ်၊ တပည့်တော်ရဲ့ကိုယ်ဟာ ပေါ့ပြီး အပေါ်ကို ကြွတက်သွားသလိုပါပဲဘုရား။

ဒီတော့မှ ဆရာတော်ဘုရား တရားချိန် ပြည့်တိုင်း ပြည့်တိုင်း တစ်ထိုင်အချိန်ပြည့်သွားပါပြီ၊ ရှုရင်း ပွားရင်းနဲ့ ဖြည်းဖြည်း ပြောင်းကြ ပြင်ကြ ရွှေ့ ကြပါ ဆိုတာကို လေးလေးနက်နက် သဘောပေါက် လက်ခံမိပါတယ်ဘုရား၊ ဆရာတော် ဟောပြောနေတာတွေဟာ တကယ်မှန်ပါလားဆိုပြီး ယုံကြည်လာခဲ့ပါသည်ဘုရား။

ဟိုရှေးယခင်ကတော့ ဆရာတော်ဘုရား ရှုရင်းပွားရင်းနဲ့ ဖြည်းဖြည်း ပြောင်းပါပြင်ပါလို့ သတိပေး ပြောဆိုနေပေမဲ့ တပည့်တော်ကတော့ ပြင်ချင်ဇောနဲ့ ဒီအတိုင်းပဲ မရှုမပွားဘဲနဲ့ ပြောင်းလိုက် ပြင်လိုက်တာပါပဲဘုရား။

အဲဒီအချိန်ကစပြီး ဘုရားကိုလည်း ခါတိုင်းနှင့်မတူဘဲ ကြည်ကြည်ညိုညို လေးလေးစားစား ဖြစ်ခဲ့ပါသည်ဘုရား။ ဘယ်လောက်ထိ ကြည်ညိုမှုတွေ တိုးတက်လာသလဲဆိုရင် တပည့်တော်ရဲ့နဖူးနဲ့ ထိထားတဲ့ လက်အုပ်ဟာ ဘုရားရှင်ကို အာရုံယူပြီး ရှိခိုးရင်း အောက်မေ့ရာ အာရုံယူ၍ မဝနိုင်သဖြင့် လက်အုပ်ဟာ ကြမ်းပြင်နဲ့ မထိနိုင်ဘဲ နဖူးပါ ကြမ်းနဲ့ တော်တော်နဲ့ မထိနိုင်လောက်အောင် ဖြစ်ခဲ့ပါသည်ဘုရား၊ အဲဒါတွေ အားလုံးကို တပည့်တော် သိပ်လျှောက်ချင်ပါသည်ဘုရား။

လျှောက်ချင်လွန်းလို့ လျှောက်ရအောင် ဆရာတော်ဘုရားဆီ အဖော်ခေါ်တော့ ဘယ်သူမှ အဖော်ခေါ်လို့ မရပါဘုရား၊ ယောဂီတွေဟာ အများအားဖြင့် ဆရာတော်ဘုရားကို သိပ်ကြောက်ကြပါတယ်ဘုရား၊ ဒါကြောင့် မလျှောက်ခဲ့ရပါဘုရား။

ရိပ်သာမှာ ရှိစဉ်က ညနေတရားစစ်ချိန် မရောက်ခင်တော့ "ငါဖြစ်တာတွေ တွေ့တာမြင်တာတွေ အကုန်လျှောက်လိုက်မယ်" လို့ အားယူတွေးထားပါသည်ဘုရား၊ ဆရာတော်ဘုရားရဲ့ ရှေ့မှောက်ရောက်ရင် ပြောချင်တာတွေ အကုန်ပျောက်ပြီး စဉ်းစားလို့ မရတော့ပါဘုရား၊ ရင်တွေတုန် လက်တွေတုန် လက်ဖျားခြေဖျားတွေလည်း အေးကုန်ပါတော့သည်ဘုရား၊

အဲဒါနဲ့ တစ်နေ့တစ်နေ့ ဖြစ်သမျှ တွေ့ မြင်သိရှိသမျှတွေ အကုန်လုံး မလျှောက်နိုင်ခဲ့ဘဲ ဖြစ်ခဲ့ တွေ့ခဲ့တာလောက်ပဲ လျှောက်ခဲ့ရတာ များပါတယ်ဘုရား။ တပည့်တော်ရဲ့အဒေါ် လာမှပဲ အဒေါ်ကို အဖော်ခေါ်ပြီး လျှောက်မယ်

လို့ ဖြေသိမ့်ကာ နေခဲ့ရပါသည်ဘုရား။ နောက်ဆုံး အခေါ်ရောက်မလာတော့ လျှောက်ချင်တာတွေ မလျှောက်ခဲ့ရပါဘုရား။

အဲဒီ ခြောက်ရက်နေ့ကစပြီး နောက်ပိုင်းရက်တွေမှာတော့ တရားအားထုတ်ရတာ ဆရာတော်ပြောသလို လွယ်လွယ်လေးနဲ့ မပင်ပန်းမှုန်း သိခဲ့ရ အားထုတ်ခဲ့ရပါသည်ဘုရား။

အဲဒီလို သိခဲ့ရအားထုတ်ခဲ့ရတော့လည်း မပြန်ချင်လောက်အောင်ပဲ တရားနဲ့ ပျော်သွားခဲ့ရပါသည်ဘုရား။ ဆယ်ရက်စခန်း တရားပွဲပြီးလို့ ပြန်ခဲ့ရတဲ့ နေ့ကဆိုရင် ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရပါတယ်ဘုရား။

ဝမ်းသာတာက ဆရာတော်ဘုရား ဟောပြောပြသ ဆိုဆုံးမခဲ့တဲ့ တရားတော်တွေကို သဘောပေါက် နားလည်ခဲ့ရ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခဲ့ရ၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ခါတိုင်းနဲ့မတူဘဲ အကြည် ညိုတိုးခဲ့ရ၊ လေးစားခဲ့ရလို့ပါဘုရား။

တပည့်တော် ရှေးယခင်က ဘုရားရှိခိုးတာ ဘုရားကြည်ညိုတာနဲ့ ယခု တရားအားထုတ်ပြီးတဲ့ နောက်ပိုင်း ဘုရားရှိခိုးတာ ကြည်ညိုတာကို နှိုင်းယှဉ်ကြည့်မိပါတယ်ဘုရား၊ ဘယ်လိုမှ မတူတော့ပါဘုရား၊ ဒီတော့မှ အား မထုတ်ခင် ပထမပိုင်းကုန်လွန်ခဲ့တဲ့ ခြောက်ရက်အချိန်ကို နမြောမိပါတယ်ဘုရား။

ဝမ်းနည်းတာကတော့ အေးငြိမ်းချမ်းသာလှတဲ့ ဓမ္မဒူတတောရ တရားရိပ်သာက ပူပန်စရာတွေ များပြား လှတဲ့ မြို့ ပြည်ရွာ အိမ်ဂေဟာဆီသို့ ပြန်ရမယ်ဆိုတော့ စိတ်မကောင်း ဖြစ်မိပါတယ်ဘုရား။ ပူပန်စရာတွေ များဦး မယ်ဆိုတာ တွေးတောမိပြီး ဝမ်းနည်းတာပါဘုရား။

ဓမ္မဒူတ တရားရိပ်သာက ပြန်လာတော့ တပည့်တော်နေတဲ့ ဇာတိရပ်ရွာကို ပြန်ရမှာ ကြောက်နေပါတယ် ဘုရား၊ အဲဒါကြောင့် အဒေါ်အိမ်မှာ သုံးရက်လောက်နေပြီးမှ ရွာသို့ ပြန်ခဲ့ပါတယ်ဘုရား။

တပည့်တော်လည်း ဒီနှစ် ဆယ်တန်းအောင်လို့ အလုပ်လုပ်ဖို့ ဆုံးဖြတ်ထားပါတယ်ဘုရား။ တပည့်တော် တရားရိပ်သာဝင်လို့ နှစ်ရက်အကြာမှာ တပည့်တော်တို့ မြို့နယ်က ဆွဲခန့် ဆရာတွေ ခေါ်ခဲ့ပါတယ်ဘုရား။

တပည့်တော် တရားရိပ်သာက ပြန်လာတော့ လျှောက်လွှာတွေ ပိတ်ခဲ့ပါပြီဘုရား၊ တပည့်တော် ဆရာမ အလုပ် မရလို့ ဝမ်းမနည်းပါဘူးဘုရား။ ဘယ်လိုမှလည်း မနေပါဘူး၊ ဝမ်းမနည်းတဲ့အပြင် တရားရိပ်သာ ဝင်မိတဲ့ အတွက် တပည့်တော်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတွေ ရခဲ့တာမို့ ဝမ်းသာမဆုံး တပြုံးပြုံးပင် ဖြစ်နေပါတယ် ဘုရား။

တပည့်တော်က ကိုယ့်တရားနဲ့ကိုယ် ဝမ်းသာနေသော်လည်း တပည့်တော်ရဲ့အမေကတော့ "နင် ရိပ်သာ ဝင်နေလို့အလုပ်မရတာ" ဆိုပြီး တဖျစ်တောက်တောက်နဲ့ ဖျစ်တောက်မဆုံး ပြောဆိုနေပါတယ်ဘုရား၊ တပည့်တော် ကတော့ အမေ့ကိုလည်း ဘယ်လိုမှ စိတ်ထဲ မဖြစ်ပါဘုရား။

ယခု ဆရာတော်ဘုရားထံ ဒီစာရေးလိုက်တာ အဒေါ်အိမ်ကပါဘုရား၊ တပည့်တော် အဒေါ်အိမ်ကနေ ဇာတိ ရွာပြန်ရမှာ ကြောက်နေပါတယ်ဘုရား၊ ဘာဖြစ်လို့လဲဆိုတော့ အဒေါ်အိမ်မှာ နံနက် ညဥ့် နှစ်ကြိမ် တရားအားထုတ် ခွင့် ရပါတယ်ဘုရား။

အဒေါ်အိမ်မှာ တရားအားထုတ်တဲ့အခါ တပည့်တော်ရဲ့ကိုယ်ဟာ ပေါ့ပြီး လေထဲမှာနေရသလိုပါပဲဘုရား၊ ဂွမ်းစလေးကို မှုတ်လိုက်လို့ လေထဲမှာ လွင့်တက်သွားနေသလိုပါပဲဘုရား၊ ရှူမှားရင်း ကြက်သီးမွေးညင်းတွေလည်း ထလာပါတယ်ဘုရား၊ တပည့်တော် မကြောက်မရွံ့ နောက်မတွန့်ဘဲ ဆက်လက်ရှူမှား အားထုတ်ပါတယ်ဘုရား။

တပည့်တော် တရားသဘောပေါက်အောင် ဟောပြောပြသ ဆုံးမသင်ကြားပေးခဲ့တဲ့ ဆရာတော်ဘုရားနဲ့ တရားရိပ်သာသို့အရောက် အတင်းလွှတ်ခဲ့တဲ့ အဒေါ်တို့သည်လည်း တပည့်တော်ရဲ့တစ်သက်တာမှာ မမေ့နိုင်တဲ့ ကျေးဇူးရှင်တွေပါ၊ ဘယ်လိုကျေးဇူးတင်ရမှန်း မသိအောင်ပါဘုရား။

တရားရိပ်သာက ပြန်လာပြီးကတည်းက တပည့်တော် နေ့တိုင်း သရဏဂုံသုံးပါးနဲ့ ငါးပါးသီလမြဲအောင် ဆောက်တည်ခဲ့ပါတယ်ဘုရား။ ဥပုသ်နေ့ဆိုရင် ရှစ်ပါးသီလ ဆောက်တည်ပါတယ်ဘုရား၊ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ ဆောက်တည်နိုင်အောင် ကြိုးစားမယ်လို့ စဉ်းစားထားပါတယ်၊ ယခုအထိတော့ ဝါတွင်းမို့လား မသိပါ၊ ဥပုသ်သီလ မြဲလျက်ရှိပါတယ်ဘုရား။

နောင်ကိုလည်း တပည့်တော်မသည် တရားထူး တရားမြတ်များကို ဆက်လက်ပြီး ကျင့်ကြံပွားများ အားထုတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်ဘုရား။ ဆရာတော်ဘုရား တပည့်တော်မကို ဆုံးမပါဘုရား၊ တပည့်တော်မဟာ ဆရာတော်ဘုရား ဆုံးမဟောကြားလို့ ယဉ်ကျေးလာသူတစ်ယောက်ပါဘုရား၊ ဆရာတော်ဘုရား အသက်ရာကျော်ရှည်စွာနဲ့ သာသနာပြုနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်နှင့် -

တပည့်မ

(......)

အို ...စာရှုသူ၊ စာရှုသူကို ဖတ်ခိုင်းတဲ့စာဟာ ယခုအခါ ဆုံးသွားပါပြီ။ စာရှုသူတွင် ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ အဘယ်သို့သော ပြဿနာများ တက်လာပါသနည်း။ စာရှုသူ ဖတ်ခဲ့သောစာတွင် စာပေးသူက သူ့ပြဿနာပင် ရှင်းသွားပြီမို့ မိမိအနေနှင့် ရှင်းစရာ မလိုတော့ပါ။

တပည့်တော်မကို ဆုံးမပါဘုရားဆိုတဲ့ နောက်ဆုံးစာပိုဒ်အရ ဆုံးမစာရှည်ကြီးရေးရန် အချိန်မရပါ။

✦ တရားမသိခင် စိတ်အစဉ် မယဉ်ကျေးကြပါ။

✦ တရားသိလျှင် စိတ်အစဉ် မှန်ပင်ယဉ်ကျေးပါ။

✦ စိတ်ယဉ်ကျေးလာ၊ ကိုယ်နှုတ်ပါ၊ ယဉ်လာကြလေပါ။

✦ ကိုယ်နှုတ်စိတ်ယဉ် ရှာပြည်တွင် ရန်စင်အေးတော့တာ။

# ကံကောင်း,မကောင်း ပါရမီ ရှိ,မရှိ
# လုပ်ကြည့်မှ သိနိုင်ပါမည်

(၂၁၈)

## ပါရမီ

ပါရမီဟူသည် မိမိအကျိုးအတွက် ငဲ့ကွက်လိုလားခြင်း မရှိဘဲ အများကောင်းကျိုးအတွက်လည်းကောင်း၊ သံသရာမှ လွတ်မြောက်ရေးအတွက်လည်းကောင်း ပြုအပ်သော ဒါန.သီလ အစရှိသော ကောင်းမှုများပင် ဖြစ်ပါသည်။

ထိုကောင်းမှုများဖြင့် "မြင့်မြတ်သူ" ဟု သိရသည်ဖြစ်ရာ "ပါရမီ" ကို မြင့်မြတ်သူတို့၏ ဖြစ်ကြောင်းဖြစ်ရာဟု အနက်ဖွင့်ဆိုကြပါသည်။

လူညံ့များမှာ ကောင်းမှုပင်ဖြစ်စေ၊ အကျိုးရှိမှ ပြုလုပ်လိုကြ၏။ သံသရာမှ လွတ်မြောက်ရေးထက် ဘဝကောင်းစားရေး၊ ထင်ပေါ်ကျော်ကြားရေးကိုသာ အလေးပေးထားတတ်၏။

ထို့ကြောင့် ပါရမီမြောက် အလုပ်များမှာ ထိုလူညံ့တို့အရာ မဟုတ် ဖြစ်ရာ၏။ ထိုအလုပ်များမှာ ဘဝအပြစ်မြင်၍ အများအပေါ်မှာ ကရုဏာမေတ္တာ ကြီးမားသော သူတော်ကောင်းပုဂ္ဂိုလ်တို့၏ လုပ်ငန်းများသာ ဖြစ်ကြ၍ ပါရမီ၏ အနက်ကို မြင့်မြတ်သူတို့၏ အလုပ်ဟု ဖွင့်ဆိုကြပါသည်။

ထိုပါရမီတို့ကား ဒါန. သီလ. နေက္ခမ္မ. ပညာ. ဝီရိယ. ခန္တီ. သစ္စာ. အဓိဋ္ဌာန်. မေတ္တာ. ဥပေက္ခာ အားဖြင့် ဆယ်ပါး ရှိပါသည်။ ထိုတွင် -

၁။ ပြင်ပဥစ္စာပစ္စည်းတို့ကို လှူခြင်းကား ပါရမီတည်း။

၂။ မျက်လုံး၊ လက်ခြေ စသော ကိုယ်အင်္ဂါလှူခြင်းကို ဥပပါရမီဟု ဆိုပါသည်။

၃။ အသက်ကို စွန့်လှူခြင်းသည် ပရမတ္ထပါရမီတည်း။

ဒါနပါရမီ၌ သုံးမျိုးပြားသလို -

၁။ အပပစ္စည်းကို စွန့်၍ သီလစောင့်ခြင်းသည် သီလပါရမီ ဖြစ်ပါသည်။

၂။ ကိုယ်အင်္ဂါ နစ်နာပျက်စီးခံ၍ သီလစောင့်ခြင်းသည် သီလဥပ ပါရမီတည်း။

၃။ အသက်အသေခံ၍ သီလစောင့်ခြင်းသည် သီလပရမတ္ထ ပါရမီတည်း။

ဤသို့ စသည်ဖြင့် ကျန်သောပါရမီတို့၌လည်း ပါရမီ. ဥပပါရမီ. ပရမတ္ထ ပါရမီတို့ကို ခွဲကြည့်ပါလေ။

## ပါရမီမြောက် ကျင့်ကြံပါ

ယင်းသို့ ပါရမီဆယ်ပါးတို့ကို လေ့လာခွဲ၍ ကြည့်ပြီးလျှင် သိရှိနားလည်သောအခါ ဒါန. သီလ အစရှိသော တရားတို့ကို ပါရမီမြောက် ကျင့်ကြံအားထုတ်ကြရန် အထူးလိုအပ်ပါသည်။ သို့မှသာ မိမိတို့ လိုချင်သော နိဗ္ဗာန်ခရီး ဖြောင့်ဖြူးပါမည်။ ဒါန. သီလ အစရှိသော ကုသိုလ်တို့ကို ပြုလုပ်အားထုတ်စဉ် ပါရမီမြောက်သော ကုသိုလ်တွေ မဖြစ်ဘဲ ဟိုတင်ဒီတင်၊ ဟိုကပ်ဒီကပ်၊ ဟိုအပြစ်မြင်၊ ဒီအပြစ်မြင်၊ ဟိုရစ်ပတ်၊ ဒီရစ်ပတ် ဖြစ်တတ်ပါသည်။

ဖြောင့်ဖြူးစင်မှန်သော ကုသိုလ်များ ပါရမီမြောက် ကုသိုလ်များဖြစ်ဖို့ရာ အလွန်တရာ အရေးကြီးလှပါသည်။ အထူးသဖြင့် ဆယ်ရက်စခန်းများတွင် ပို၍ အရေးကြီးပါသည်။ လူအများနှင့် အားထုတ်နေရ၍ အမြင်အမျိုးမျိုး ရှိပါသည်။ တရားဌာနကြီးများ အဖွဲ့အစည်းများ၌လည်း ထိုနည်းအတူပင် ဖြစ်ပါသည်။

## တင်ပြချက်

ပါရမီမြောက် ကုသိုလ်ပြုရင်း ငြိကပ်မှုစသည်နှင့် တွေ့ဆုံတတ်ပုံကို သိမြင်ခဲ့သော ဆယ်ရက်စခန်းပြန် ယောဂီတစ်ယောက်က မိမိထံသို့ ဤသို့ တင်ပြပါသည်။

(၁-၂-၈၂ ည ၇း၄၀ နာရီ)

ကြည်ညိုလေးစားမြတ်နိုးယုံကြည် ကိုးကွယ်ဆည်းကပ် အားထားရာဖြစ်တော်မူသော ဆရာသခင် ကျေးဇူးရှင်ဆရာတော်ဘုရား။

တပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။ တပည့်တော် ဆယ်ရက်စခန်းက အပြန်တွင် ရင်တွင်းခံစားမှုတစ်ရပ် ဖြစ်ခဲ့ပါသည်ဘုရား။ တပည့်တော်၏ ခံစားချက်ကို ဆရာတော်ဘုရားအား ဦးတင်ကာ လျှောက်ထားလိုပါသည်ဘုရား။

တပည့်တော်ရင်တွင်းဝယ် ဤခံစားချက်မျိုးဖြစ်ပေါ်လာရခြင်းမှာ အတိတ်အဝိဇ္ဇာအမိုက်မှောင်ရဲ့ပြုပြင်မှုသင်္ခါရကြောင့် လွန်စွာနိမ့်ကျလှတဲ့ အမျိုးသမီးဘဝအဖြစ် ရောက်ခဲ့ရတဲ့ တပည့်တော်တို့လို မိန်းမသားဘဝကို နာကျည်းခံပြင်းမှုကြောင့်တစ်ကြောင်း၊ တကယ်တရားလိုလားသော တပည့်တော်လို ဘဝတူအမျိုးသမီးများ တရားထူး၊ အသိအလိမ္မာထူး၊ ပညာထူးများ ရရှိစေလိုသော မုန်ကန်သည့် စေတနာမေတ္တာ အပြည့်အဝကြောင့်တစ်ကြောင်း ဤသို့ ခံစားမှုဖြစ်ပေါ်လာပါသည်ဟု ဦးစွာပထမ ဂါရဝပြု လျှောက်တင်အပ်ပါသည်ဘုရား။

တရားကို နှစ်သက်မြတ်နိုး အားကိုးလိုလားကြသဖြင့် တရားဝင်ရန် ရောက်ရှိလာကြတဲ့ ဓမ္မမိတ်ဆွေ ယောဂီအပေါင်းတို့ရှင့် - ယောဂီတို့သည် တရားရှုပွားစဉ် ရက်များအတွင်း မွန်မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် သီလကို စောင့်ထိန်းကြရပါမည် ဖြစ်ပါသဖြင့် သီလရှင် တစ်နည်းအားဖြင့် သီလရဲ့အရှင်သခင်များ ဖြစ်နေကြပါပြီ။

## ရှောင်ရား - ဆောင်ထား

တရားကို အထူးလိုလား နှစ်သက်သဖြင့် ကြိုးစားကျင့်ကြံ အားထုတ်ကြမည့် သပ္ပုရိသနွယ်ဝင် ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့ရှင့်၊ တရားမဝင်မီ၊ အားထုတ်မီ ယောဂီများအနေနှင့် ရှောင်ရား ဆောင်ထားသင့်သော အချက်များကို ကျွန်မ၏ကိုယ်တွေ့ကျင့်ကြံပွားများမှုများမှ စေတနာရှေ့ထားကာ တင်ပြ သိစေအပ်ပါသည်။

ကျွန်မတို့ ကိုးကွယ်ဆည်းကပ် အားထားရာအမှန်ဖြစ်သော သုံးလောကထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တရားတော်သည် ခက်ခဲနက်နဲသလို နှိုင်းယှဉ်ဖော်ပြခြင်းငှာ မတတ်စွမ်းနိုင်အောင်လည်း သိမ်မွေ့နူးညံ့လှပါသည်။

ဒီလို ခက်ခဲနက်နဲ သိမ်မွေ့နူးညံ့လှတဲ့ တရားအရသာ ခံစားနိုင်စေရန်အတွက် ကျွန်မ၏ တင်ပြချက်များကို ဂရုပြုဖတ်ရှုစေချင်ပါသည်ရှင့်။

## ဆည်းကပ်သူ နည်းပါး

ကျွန်မတို့သည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်ကြသည့်အတိုင်း ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ကိုးကွယ်ပူဇော်ကာ ရှိခိုးကန်တော့ကြပါသည်။

ဒါပေမဲ့ ကျွန်မတို့၏ ကိုးကွယ်ယုံကြည်မှုသည် မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်သာ တည်ရှိကြပါသေးတယ်။ သစ္စာပွင့်လင်း တရားမင်းအရှင် မြတ်စွာဘုရားသခင်သည် ကိုးကွယ်ရာအမှန် တန်ဖိုးမဖြတ်နိုင်သော ရတနာတည်းဟူ၍လည်းကောင်း၊သစ္စာလင်းထိန် မြတ်မုနိန်၏ တရားဒေသနာတော်အပေါင်းသည်လည်း ကိုးကွယ်ရာအမှန် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်သည်ဟူ၍လည်းကောင်း၊ သစ္စာလင်းပြောင် မြတ်ဘုန်းခေါင် တပည့်သားသံဃာတော် အရှင်မြတ်များသည်လည်း ကိုးကွယ်ရာအမှန် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်သည်ဟူ၍လည်းကောင်း အမှန်တကယ်သက်ဝင်ယုံကြည်သူ နည်းသည့်အားလျော်စွာ လောကတွင် အစစ်အမှန် ရတနာသုံးပါးဖြစ်သော ဘုရား၊ တရား၊ သံဃာရတနာများကို မိမိရရ လက်ဝယ်ပိုင်ဆိုင်ထားပြီး ကိုးကွယ်ဆည်းကပ်သူမှာ နည်းပါးလှပါသည်။

## ဝီရိယထား ကြိုးစား

စစ်မှန်သော ရတနာသုံးပါးကို လက်ကိုင်ဆောင်ထားလိုသော ကိုးကွယ်ဆည်းကပ် မြတ်နိုးပူဇော်ကြလိုသော သပ္ပုရိသနွယ်ဝင် သူတော်စင် ယောဂီအပေါင်းတို့ရှင့်၊ ကျွန်မတို့ဟာ ကြုံရန် ရရန် ခဲယဉ်းလှသည့် တရားများအနက်မှ လူ့ဘဝ ရခဲခြင်း၊ အသက်ရှည်ခဲခြင်း၊ သာသနာတော်နှင့်ကြုံတွေ့ရန် ခဲယဉ်းခြင်းဆိုတဲ့ ခဲယဉ်းခြင်းတရားသုံးပါးနဲ့ ယခုအချိန်မှာ လွတ်ကင်းနေပါပြီ။

- လူ့ဘဝလည်း ရ၊ ဘုရားသာသနာတော်တွင်းမှာလည်း ကြုံဆုံရောက်ရှိနေကြပြီ ဖြစ်ပါတယ်။ သာသနာတော်တွင်း ရောက်ရှိနေကြသည့် အားလျော်စွာ သာသနာကျိုးအတွက် ကိုယ်ကျိုးမဖက် အများအကျိုးအတွက် အသက်စွန့်ကာ စေတနာ

မေတ္တာ ရှေ့ထားပြီး သွန်သင်ညွှန်ပြ ဆိုဆုံးမတဲ့ ဘုရားရှင်၏ သားတော် သံဃာတော်များနဲ့လည်း တွေ့ကြုံရကာ ထိုသံဃာတော် ဆရာတော်များ၏ ဟောပြောပြသ ဆိုဆုံးမသော တရားစကားများကို နာကြားကြရပြီဖြစ်တော့ တရားနာခဲ ဆိုတဲ့ ခဲတစ်ပါး လည်း လွတ်သွားပြန်ပြီလေ။

တရားစကားကြားနာရပြီဆိုကတည်းက တစ်ခါဖူးမှ တရားစကား မကြားနာဖူးသူများနှင့် ထောက်ဆကြည့်ရင် ကျွန်မ တို့အဖို့ အသိတရားဟာ ကိုယ်တွေ့မှပတ်ပေမဲ့ အကြားသိဆိုတဲ့ အသိတရားလေးတော့ ရရှိပြီ ဖြစ်ပါတယ်။

ဒီလို အသိရှိလို့လည်း အခုလို ဆယ်ရက်စခန်းမှာ ကျင့်ကြံရှုပွားဖို့ ရောက်ရှိလာတာ ဖြစ်ပါတယ်။ ဒီတော့ ခဲငယ်းတရား တွေနဲ့ လွတ်နေတဲ့ ဒီ ဆယ်ရက်စခန်းထိ ယောဂီတို့မှာ ဝီရိယရှေ့ထားပြီး ကြိုးစားသွားမယ်ဆိုရင်တော့ ကျွန်မ တင်ပြထားခဲ့ သည့်အတိုင်း ရတနာသုံးပါးသည် မိမိတို့ လက်တွင်းသို့ ပိုင်ပိုင်နိုင်နိုင် ရောက်ရှိလာမှာ မြေကြီးလက်ခတ် မလွဲပါဘူးရှင်။

သူတော်စင် ယောဂီများရှင်၊ အမြတ်ဆုံး ဘုရား ရတနာဆိုသည့် သုံးလောကထွတ်ထား တရားမင်းဘုရင် ဘုရားရှင် သည် ပရိနိဗ္ဗာန်စံဝင်သွားပြီ ဖြစ်သည့်အတွက် သက်တော်ထင်ရှား မရှိတြာသော်လည်း ဘုရားရှင်၏ သားတော်များဖြစ်ကြ သည့် သံဃာတော်အရှင်မြတ်များ ရှိနေကြပေရာ ထိုသံဃာတော်အရှင်မြတ်များ၏ ရင်တွင်းအစုံဝယ် ရှိကြသော တရား ဒေသနာအပေါင်းကို ပူဇော်ကာ ဆရာတော် သံဃာတော်များ၏ ဟောကြားသော တရားဒေသနာများကို နာကြားမှတ်သား ခြင်း၊ လိုက်နာကျင့်ကြံခြင်း၊ ကြိုးစားအားထုတ် ပွားများခြင်းအားဖြင့် မြတ်စွာဘုရား၏ အဆုံးအမကို ခံယူရာရောက်ပါတယ်၊ ပူဇော်ရာလည်းရောက်ပါတယ်။

## ကိုးကွယ်သမှု ပြုပြီဆိုရင်

ဘုရားသားတော် အစစ်အမှန် ဖြစ်တော်မူသော သံဃာတော် ဆရာတော်များ၏ တရားဒေသနာတော်များကို နာကြားမှတ်သားတဲ့ နေရာမှာ ယောဂီများအနေနှင့် ဆောင်ထားသင့်တာကတော့ တရားပြသ ဆိုဆုံးမသော သံဃာတော် များသည် -

၁။ အပြောကောင်း အဟောကောင်းသော ဆရာတော်လား။

၂။ တရားစကားများကို အကွက်ကျကျနှင့် ပရိသတ် မပျင်းရအောင် ရယ်စရာအတိ ဟောသော ဆရာ တော်လား။

၃။ ပရိသတ်အကြိုက် အလိုက်ဆောင်၍ ဟောသော ဆရာတော်လား။

၄။ ဘုရားဟောသော ဒေသနာတော်နှင့်အညီ ရယ်စရာ လုံးဝ.မပါ အချွဲအပြစ်.မရော တရားသက်သက် ဟောသော ဆရာတော်လား။

အစရှိသည်ဖြင့် မိမိတို့ကို တရားပြသ ဆိုဆုံးမသော ဆရာတော်၏ အသံ ဆိုဆုံးမသော ဘုရားစကားတို့ကို ချင့်ချိန်ပြီး မိမိတို့ ဆရာတော်သည် တကယ့်ကို ဘုရားရှင်ရဲ့သားတော်စစ် ဖြစ်ပါပေတယ်၊ ကိုးကွယ်ရာလည်း အစစ်ဖြစ်ပါပေတယ်လို့ ယုံကြည် လေးစား အားကိုးသမှု ပြုပြီဆိုရင် မိမိဆရာတော်ရဲ့ဆိုဆုံးမသည့်စကား ဟောညွှန်ပြသည့် တရားတော်များကို -

၁။ ဆရာတော်၏ မျက်မှောက်၌သော်လည်းကောင်း

၂။ ဆရာတော်၏ မျက်ကွယ်၌သော်လည်းကောင်း

မြေဝယ်မကျ တစ်လုံးမကျန်အောင် နာယူမှတ်သား လေ့လာကျင့်ကြံ ကြိုးကုတ် အားထုတ်ပွားများရန် အထူးလိုအပ်လှပါ သည်။

## မသိလျှင် မေး

ဓမ္မမိတ်ဆွေ သူတော်စင် ယောဂီအပေါင်းတို့ရှင်၊ "မသိလျှင် မေး. မစင်လျှင် ဆေး" ဆိုသည့် စကားအတိုင်း ကိုယ်ကျင့်ကြံရှုပွားတဲ့ တရားသဘောကို မသိနားမလည် မရှင်းလင်းပါက ရင်ထဲဝယ် မြှုံမထားဘဲ ကိုယ်လေးစားကိုးကွယ်သော ကိုယ့်ကို တရားပြသပေးသော ကိုယ့်ရဲ့ဆရာတော်အပါးသို့ ချဉ်းကပ်၍ နည်းနာနိဿယများကို မေးမြန်းကာ ရင်တွင်း သံသယများကို ရှင်းလင်းရန် လိုပါတယ်။

သို့မှသာ တရားရှေ့တက်ရန် ရှိပါမည်။ ရင်တွင်းဝယ် သံသယတရားအပြည့်ရှိနေပါက မည်သို့မျှ ရှေ့သို့စခန်းအရောက် လှမ်းနိုင်ရန် အကြောင်းရှိမည် မဟုတ်ပါ။

ဒီနေရာမှာ အမျိုးသမီးယောဂီများကို အထူးသတိပေးလိုတာက မိမိသည် တကယ်အမှန် ခန္ဓာဉာဏ်ရောက် တရားသိချင်တယ် ခန္ဓာသိ ဖြစ်ချင်တယ်ဆိုရင်ဖြင့် ပတ်ဝန်းကျင်ရဲ့ကဲ့ရဲ့ပြစ်တင်မှုကို ကြောက်ပြီး မိမိတို့ရဲ့ဆရာသမားထံပါးကို မချဉ်းကပ်ဘဲ မနေကြပါနဲ့၊ ရှောင်ခွာ ရှောင်ခွာ လုပ်မနေကြပါနဲ့။

မိမိရဲ့ခံယူချက် ဆုံးဖြတ်ချက်အတိုင်း ရဲရဲဝံ့ဝံ့ကြီး ကိုယ့်ဆရာသမားထံ ချဉ်းကပ်ပြီး နည်းနာနိဿယကို မေးမြန်းခံယူကာ ကြိုးစားပွားများ စေလိုပါတယ်။ ဒါမှလည်း ခံယူချက်မှန် အသိမှန်ပြီး လိုရာပန်းတိုင်သို့ ရောက်မှာ ဖြစ်ပါတယ်။

## မှန်လိုက်လေခြင်း

ရင်တွင်းသံသယများ ပျောက်ရှင်းသွားပြီဆိုပါက မိမိ ဆရာသမား ညွှန်ကြားပြသထားသည့်အတိုင်း ဝင်လေရဲ့တိုးသဘော၊ ထွက်လေရဲ့တိုးသဘောကို အရှုခံထားပြီး အသိဉာဏ်တရားနှင့် အရှုခံ ရှုဉာဏ် တည့်အောင် သတိထား ဝီရိယတရားနဲ့ ရှုပွားနေပါက ကိုယ်ရှုပွားနေတဲ့ တရားသဘောတွေကို မလိုချင်တော့ပါဘူး၊ သိပါပြီ၊ တော်ပါပြီဆိုတာတောင် တားမရနိုင်လောက်အောင် ကိုယ့်အသိမှာ ထင်ရှားစွာ ဉာဏ်တွေ ပွင့်လင်းလာပါလိမ့်မယ်။

သုံးလောကထွတ်တင် တရားမင်းဘုရင် ဘုရားရှင်က ခန္ဓာငါးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ် အတ္တဘောကြီးကို အနှစ်ချုပ်လိုက်ရင် တစ်နည်းအားဖြင့် ပင်ကိုယ်သဘောအတိုင်း မဖောက်မပြန် မှန်ကန်တည့်မတ် အမြတ်သဘော ပရမတ္ထသစ္စာနဲ့ ကြည့်လိုက်ရင် ရုပ်နှင့်နာမ်သာ ရှိပါတယ်တဲ့။

ဒီ ပရမတ်ရုပ်နာမ် နှစ်ပါးသည်ပင်လျှင် မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ ကိုယ့်သဘောမဟုတ်တဲ့ အနတ္တအတိုင်း၊ မမြဲဆင်းရဲ အစိုးမရဖြစ်နေပါတယ်တဲ့။ အဲဒီသဘောတွေကို မြင်လာပါလိမ့်မယ်။

ဒီလို တရားမင်းဘုရင် ဘုရားရှင် ဟောထားတဲ့ တရားသဘောတွေကို ကျွန်မ ရှေ့တွင်တင်ပြထားသည့် နည်းအတိုင်း ရှုမှတ်ပွားများပြီး လက်ဝယ်ပိုင်ပိုင် ရရှိသွားပြီဆိုပါက တရားတော်သည် မှန်လိုက်လေခြင်း အချိန်အခါမလင့် အကျိုးပေးခြင်း အစရှိသည်ဖြင့် တရားဂုဏ်တော် ခြောက်ပါးတို့၏ အနက်သဘောတွေကို ကိုယ်တိုင်ခံစား သိရှိလာပါလိမ့်မယ်။

## ရတနာအစစ်

ဒီလို ခံစားသိရှိပြီဆိုတာနဲ့ မြတ်စွာဘုရားရဲ့အရဟံ အစ ဘဂဝါအဆုံး ရှိတဲ့ ဂုဏ်တော်ကိုးပါးဟာလည်း မိမိတို့ရဲ့ ဟဒယနလုံးအိမ်အတွင်းမှာ ဝင်ရောက်လာကာ -

> "ဘုရားသည်သာလျှင် ကိုးကွယ်ရာ ရတနာအစစ်ပါပဲလား၊ တရားတော်မြတ်သည်လည်း အဓိုးမဖြတ်နိုင်တဲ့ ရတနာအစစ်ပါပဲလား၊ မြတ်ဘုရားရဲ့သားတော်များဖြစ်ကြတဲ့ သံဃာတော်များသည်လည်း တကယ့်ကိုးကွယ်ရာအစစ် အမှန်ကြီးတွေပါပဲလား"

ဆိုတဲ့ အမြတ်ဆုံးရတနာသုံးပါးဟာ မိမိတို့လက်ဝယ် အပြီးအပိုင် ရောက်လာပါလိမ့်မယ်။ အမြတ်ဆုံးရတနာသုံးပါးသာ လက်ဝယ်အပိုင် ရထားပြီဆိုမှတော့ ငရဲပြည်ကို တစ်ခါတစ်ခေါက်လောက် အလည်သွားချင်ပါတယ်၊ ယမမင်းကြီးရယ် အခေါ်လွှတ်စမ်းပါဆိုတာတောင် သီလ. သမာဓိ. ပညာနဲ့ ပြည့်စုံနေတဲ့ ယောဂီသူတော်စင် ပုဂ္ဂိုလ်ရဲ့အနားကို လားလားမျှ လာရဲမှာတောင် မဟုတ်ဘူး။

ဒီတော့ ငရဲဆိုတာ ဝေလာဝေး နေသာသေးလို့ ပျော်စရာအရေးတွေနှင့်သာ ကြုံဆုံရမှာမို့ ကျွန်မ တင်ပြခဲ့တဲ့ ဆောင်စရာအချက်များကို လက်ဝယ်အရ ဆွဲကိုင်နိုင်အောင် မှတ်သား ဆောင်ထားကြပါ။

## ရှောင်ရန်

ဆောင်စရာကို ဆောင်ထားပြီးပြန်တော့ ရှောင်စရာကိုလည်း ရှောင်ရှားရန် လိုအပ်ပါသေးတယ်။ မဆောင်ထားနိုင်လို့ မဆောင်ထားနိုင်သော်လည်း ရှောင်စရာရှိတာကိုတော့ ရှောင်မှပဲ ကောင်းပါတယ်။ မဆောင်တာထက် ရှောင်တာက ပိုပြီးတော့ မြတ်ပါသေးတယ်။

ရှောင်စရာအချက်များကို ဦးစွာပထမ တင်ပြရရင်ဖြင့် သပ္ပုရိသနွယ်ဝင် ယောဂီသူတော်စင်သည် မိမိကိုယ်ကို ဦးစွာ ဆန်းစစ်ရန် လိုပါသည်။ မည်သည့်အချက်များကို ဆန်းစစ်ရမည်နည်း ဆိုသော် -

၁။ ယောဂီများသည် မိမိတို့ကိုယ်ကို မိမိသည် တကယ်ခန္ဓာဉာဏ်ရောက် တရားရှုပွားအားထုတ် လိုလားသောသူ ဖြစ်ပါသလား၊ သို့တည်းမဟုတ် ဝိပဿနာတရား ခေတ်စားလာတဲ့အခါ အများအထင်ကြီးခံရအောင်၊ ချီးမွမ်းခံရအောင် တရားရှုပွား အားထုတ်လိုလားသောသူ ဖြစ်ပါသလား။ သို့မဟုတ် စီးပွားရေး၊ လူမှုရေးအတွက် မိတ်ဆက်လာတာလား အစရှိသည်ဖြင့် မိမိရဲ့စိတ်အစဉ်ကို ဦးစွာ ဆန်းစစ်ပြီး သိထားရပေမည်။

ဒီအချက်ကို ကျွန်မအနည်းငယ် ရှင်းလင်းပေးပါရစေ။ ဘယ်လိုနည်းနဲ့ပဲ တရားစခန်းသို့ရောက်လာရောက်လာ တရားစခန်းသို့ တစ်ကြိမ်မှ မရောက်လာဖူးတဲ့ သာမန်လူတွေနဲ့ နှိုင်းယှဉ်လျှင်တော့ ကိုယ်ဟာ ရှေ့ကို ခြေတစ်လှမ်း ကြောနေပါပြီ။

ခြေတစ်လှမ်း ကြောနေပြီဆိုလို့တော့ တရားစခန်း ရောက်လာတဲ့အခါ စားလိုက် သောက်လိုက် အိပ်လိုက် တစ်နာရီလောက် ရှုပွားလိုက်၊ တစ်နာရီလောက် ရှုပွားတဲ့အချိန်မှာ ခန္ဓာထဲက စိတ်ကနည်းနည်း အပြင်အာရုံလိုက်စားတဲ့ စိတ်က များများတော့ မဖြစ်ကြပါနဲ့။

မိမိတို့ အချိန်ပြည့် ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ တရားဘာဝနာရှုပွားပြီး နိဗ္ဗာန်စခန်း အရောက်လှမ်းနိုင်ရန် ဆောင်ရွက်ပေးကြတဲ့မိမိတို့ရဲ့ကျေးဇူးရှင် ဆရာတော်ဘုရားကိုကြည်ညိုလေးစားသောအားဖြင့်လည်းကောင်း၊ မိမိတို့အတွက်ဝေယျာဝစ္စ လုပ်ဆောင်ပေးသူများ အကျိုးတရား ပွားများအောင်လည်းကောင်း မိမိက အထူးကြိုးစား ရှုပွားအားထုတ်ရန် လိုပါသည်။

ဒါမှလည်း မိမိဟာ ခန္ဓာဉာဏ်ရောက် တရားအားထုတ်ရာရောက်တဲ့ ပုဂ္ဂိုလ်ဖြစ်မှာပေါ့၊ သူများအထင်ကြီးအောင် သို့မဟုတ် အချီးမွမ်းခံရအောင် သို့မဟုတ် လူမှုရေး မိတ်ဆက်လိုသော ယောဂီများအနေနဲ့ကတော့ ဒီလို ဆယ်ရက်စခန်းမျိုးသို့ လာပြီး ရှုမှတ်နေမယ့်အစား အခြားလောကီရေးရာ အဖြာဖြာကိုသာ လုပ်ဆောင်နေရန် သင့်ပါတယ်။

၂။ မိမိသည် ရုပ်နာမ် ခန္ဓာရဲ့ အဖြစ်အပျက်သဘောတွေကို မျက်မြင်ကိုယ်တွေ့ ဉာဏ်သဘောသက်ဝင်ပြီး သိချင်လို့ တရားကျင့်ကြံကြိုးကုတ် အားထုတ်ပါတယ် ဆိုရင်ဖြင့် "တရားရှာ ကိုယ်မှာတွေ့၊ တရားပျောက်

ကိုယ်မှာ ရှာ" ဆိုတဲ့အတိုင်း မိမိရဲ့ရုပ်နာမ်ခန္ဓာကိုသာ အမြဲမပြတ် သတိကပ်ပြီး စောင့်ကြည့်ရန် လိုအပ်ပြီး သူတစ်ပါးရဲ့ခန္ဓာကိုယ်ကို အပြစ်ရှာတဲ့သဘောနဲ့ မကြည့်မိစေရန် အထူးရှောင်ရှားရန် လိုပါတယ်။

မိမိရဲ့ရုပ်နာမ်ခန္ဓာကို မကြည့်ဘဲ သူများရဲ့ခန္ဓာကိုယ်ကို အပြစ်ရှာလိုသောအားဖြင့် ကြည့်နေမှုဖြင့် ဒီယောဂီပုဂ္ဂိုလ်မျိုးအဖို့ တရားရဖို့အရေး အဝေးကြီးဝေးပြီး အာသဝေါတရားတွေသာ တိုးပွားပြီး ပြန်သွားရပါလိမ့်မယ်။

အကြောင်းကတော့ ကျွန်မတို့ရဲ့ ကျေးဇူးရှင်အစစ် ကိုးကွယ်ရာအမှန် ဖြစ်တော်မူသော သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားကြီးရဲ့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အမျိုးမျိုးသော ပါရမီ စာဂ စရိယတွေ ဖြည့်ဆည်းပူးပြီးမှ ရရှိလာတဲ့ ခန္ဓာဉာဏ်ရောက် တရားတော်ဟာ မိမိရဲ့ကိုယ်ခန္ဓာထဲမှာပဲ ဖြစ်ပျက်၊ ပျောက်ချုပ်မှုအပြည့် ဖြစ်နေသောကြောင့် ဖြစ်ပါတယ်။

ထို့ပြင် ရုပ်နာမ်ခန္ဓာ တရားတော်၏ သဘောအမှန်သည် အလွန်တရာ နက်နဲခက်ခဲ သိမ်မွေ့နူးညံ့မှုအပြည့် ရှိနေသောကြောင့်လည်း ဖြစ်ပါတယ်။

ပြီးတော့ ဒီလောက်တောင် ခက်ခဲနက်နဲ နူးညံ့သိမ်မွေ့လှပါတယ်ဆိုတဲ့ တရားသဘောကိုတော့ တို့ သိနိုင်မှာ မဟုတ်ပါဘူး၊ တို့ အားထုတ်လည်း ရမှာမဟုတ်ပါဘူး၊ တို့မှာ အတိတ်က ပါရမီ မရှိ၊ မပါခဲ့ပါဘူးဆိုတော့ ရမှာ မဟုတ်ပါဘူးဆိုပြီး စိတ်အားလျှော့ကာ မနေသင့်ပါဘူး။

တရားတော်ကို တကယ်လိုလားပါတယ်၊ တရားအရသာကို မြည်းစမ်းချင်ပါတယ်ဆိုရင်ဖြင့် မိမိ ရုပ်နာမ်ခန္ဓာရဲ့ ထင်ရှားစွာပြနေတဲ့ နေရာမှာ ဖြစ်မှုပျက်မှု သဘောတရားတွေကို အရှုခံနှင့် ရှုဉာဏ်ကိုက်အောင် သတိတရား လက်မလွှတ်ဘဲ အသိတရား ဝီရိယတရားနဲ့သာ စောင့်ကြည့်ပါ။

အဲဒီလို စောင့်ကြည့်နိုင်ရင် ဒီဆယ်ရက်စခန်းအတွင်းမှာပဲ ရုပ်နာမ်ဓမ္မ သင်္ခါရတွေရဲ့ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ ဒုက္ခ၊ အစိုးမရတဲ့ အနတ္တ သဘောတရားတွေကို ပိုင်ပိုင်နိုင်နိုင် ထင်မြင်သိရှိလာပါလိမ့်မယ်။

ကိုယ့်ရဲ့အတိတ်ကံ ပါရမီ ပါ.မပါကို ရှင်တော်ဘုရားမှ လွဲလို့ မည်သည့်ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မှ သိနိုင်ခြင်းငှာ မစွမ်းနိုင်သဖြင့် မိမိတို့ရဲ့အတိတ်ကံ ကောင်း.မကောင်း ပါရမီ ရှိ.မရှိ ကို သိချင်ရင်ဖြင့် မိမိတို့ရဲ့ရုပ်နာမ်ခန္ဓာမှာ ပစ္စုပ္ပန်ကျကျ စောင့်ကြည့်ပြီး ပွားများအားထုတ်ကြည့်ပါ။

ရှုပွားအားထုတ်ကြည့်တာနဲ့ ရှုပွားအားထုတ်မှု ကောင်းရင် အကျိုးကောင်းပြီး ရှုပွားအားထုတ်မှု မကောင်းရင်တော့ အကျိုးမကောင်း ဖြစ်ပါမယ်။

မည်သို့ဖြစ်စေ အလုပ်လုပ်သူတိုင်းသည် မိမိတို့ရဲ့လုပ်အားအချိုးအတိုင်း ကောင်းကျိုးဆိုးကျိုးကို ခံစားရမည်မှာ မုချပင် ဖြစ်ပါသည်။

ဒါ့ကြောင့် ယောဂီများ တကယ်တရားရချင်ပါတယ် ဆိုရင်ဖြင့် တကယ်ကြိုးစားအားထုတ်ပါ။ တကယ်လည်း တရားအရသာကို ခံစားရမှာကို ထိပ်မှာ သံမှိုစွဲသလို ခိုင်မြဲစွာ ယုံကြည်မှုတရား ရှိထားစေချင်ပါတယ် သူတော်စင် ယောဂီအပေါင်းတို့ရှင့်။

၃။ ဒီလို တရားအလုပ် လာရောက်အားထုတ်ကြတဲ့ ယောဂီများဟာ ကုသိုလ်တရား အစုစုတို့ကို လိုချင်တောင့်တ၍သာ ဆယ်ရက်စခန်းအတွင်း ရောက်လာခြင်း ဖြစ်တယ်ဆိုတာ အထူးပြောဖွယ် မရှိပါဘူး။

ကုသိုလ်လုပ်တယ်ဆိုတဲ့ နေရာမှာ ကုသိုလ်တရား အပြည့်အဝရဖို့ဆိုတာ လွယ်မယောင်နဲ့ ခက်၊ တိမ်မယောင်နဲ့

ဆရာတော်ဘုရားလည်း သာသနာတော်အကျိုးကို ကောင်းသောစေတနာ အပြည့်နှင့် မေတ္တာရှေ့ထားကာ ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်သော သာသနာ့အာဇာနည် ဖြစ်တော်မူပါစေဟု ဆုတောင်း ပတ္ထနာပြုပါသည် ဘုရား။

**(ဆရာတော်ဘုရား၏ တပည့်)**

(......)

(၂-၂-၈၂)

အို . . . စာရှုသူ၊ အထက်တွင် ဖော်ပြခဲ့သော စာကို တစ်ဖန်ပြန်၍ ဖတ်ရှုကြည့်ပါဦး။ ယင်းယောဂီသည် တစ်ကြိမ်သာ ဆယ်ရက်စခန်း တရားအားထုတ်ဖူးသူ ဖြစ်ပါသည်။

တစ်ကြိမ်တရားအားထုတ်ရာ၌ အသိအမြင် မည်သို့ထူး၍ မည်သို့ ပြောင်းလဲသွား၍ မည်မျှ အကျိုးများသွားသည်ကို သူ၏ တင်ပြချက်၌ပင် ထင်ရှားနေပါပြီ။

အကြိမ်ကြိမ်ပင် တရားအားထုတ်သော်လည်း မထူးခြား မပြောင်းလဲဘဲ အကုသိုလ်တရားများကိုပင် ယူ၍ ပြန်လာသော ယောဂီများကိုလည်း သူ တွေ့မြင်ခဲ့ရသည်။ သို့ဖြစ်၍ ယင်းတို့ကို သိစေချင်သည်။

မည်သို့ဆိုစေ တရားအားထုတ်ရာ၌ အကြိမ်များတာ မများတာ၊ အချိန်ကြာတာ မကြာတာ ပဓာနမဟုတ်ပါ၊ တရားသိမြင်ခြင်းသည်သာလျှင် ပဓာနပါ။

တရားသိမြင်သူသည် အပြု၊ အပြော၊ အကြံများ ပြောင်းလဲသွားပါသည်။ စိတ်ဓာတ်ကောင်းများ ဝင်ကာ အယူအစွဲများ ကျွတ်သွားပါသည်။

တရားမသိမြင်သူမှာ အပြု၊ အပြော၊ အကြံများ မပြောင်းလဲပါ။ စိတ်ဓာတ်ကောင်းလည်း မဝင်ပါ။ အယူအစွဲလည်း မကျွတ်ပါ။

သို့ဖြစ်၍ ဆယ်ရက်စခန်း တရားဝင်လိုသူသည်လည်းကောင်း၊ ရက်ရှည်ရိပ်သာဝင်လိုသူသည်လည်းကောင်း အထက်ပါ ယောဂီ၏ တင်ပြချက်ကို ရှုကြည့်၍ လိုက်နာဆောင်၍ ရှောင်ရှားအားထုတ်နိုင်ပါစေသတည်း။

- ✦ တရားသိသူ မသိသူ အမူကွာခြားသည်။
- ✦ တရားသိသူ ယောဂီဖြူ အမူယဉ်ကျေးသည်။
- ✦ တရားမသိသူ အကန်းမူ အမူရိုင်းပြသည်။
- ✦ တရားကိုသိ တရားရှိ မူကြည့်သိနိုင်သည်။
- ✦ တရားသိတာ မသိတာ ပြပါမူနှင့်သာ။
- ✦ တရားမသိ ဝါကြွား၏ ပြောဘိဂုဏ်များစွာ။
- ✦ တရားသိမှာ မကြွားဝါ ပြောရှာတန်ရုံသာ။

# သာမှ ခေါ်လိုက်တဲ့အချိန်မှာ ကြက်သီးမွေးညင်းများ ထ တာ ဘာကြောင့်များပါလဲဘုရား

(၂၁၉)

၁၇-၇-၈၂

**ကျေးဇူးရှင် ဆရာတော်ဘုရား -**

ဂါရဝတရား ရှေ့မှာထားလျက် လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိသေလေးစားစွာဖြင့် တပည့်တော် လျှောက်ထားအပ်ပါသည် ဘုရား။

ဆရာတော်ဘုရားရဲ့ညွှန်ကြားပြသမှု ဩဝါဒတရားများကို ခံယူလျက် တပည့်တော်ရဲ့ကိုယ်တွေ့အားထုတ်မှုမှ လက်တွေ့ခံစားရသော အတွေ့အကြုံထူးကလေးများနှင့် ပတ်သက်၍ ဆရာတော်ဘုရားအား ရှိသေလေးစားစွာဖြင့် လျှောက်ထားမေးမြန်းအပ်ပါသည် ဘုရား။ တပည့်တော်အား ကရုဏာတရား ရှေ့ထား၍ ဖြေကြားပေးပါရန် ပန်ကြားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရား မြတ်စွာဘုရားရှင်ရဲ့ သတိပဋ္ဌာန်တရားတော်ဟာ ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံအားထုတ်ကြည့်တဲ့အခါမှာ အင်မတန်မှ သိမ်မွေ့နူးညံ့ နက်နဲလှတာကို တွေ့ရပါတယ်ဘုရား။

ဆရာတော်ဘုရား တရားတော်ရဲ့အရသာကို ကိုယ်တိုင်ကိုယ်ကျ ခံစားသိရှိလာတဲ့အခါမှာ အိမ်ပြန်ချင်စိတ်တောင် မရှိတော့ပါဘုရား။

တပည့်တော် တရားအားထုတ်တဲ့အခါမှာ ဣရိယာပုထ် လေးပါးဖြစ်တဲ့ လျောင်း၊ ထိုင်၊ ရပ်၊ သွား တစ်ပါးညောင်းတစ်ပါးပြောင်းပြီး အားထုတ်ပါသည်ဘုရား။

တပည့်တော်မှာ နာကျင်ကိုက်ခဲ အောင့်အညီး ညောင်းညာမှု ကာယိကဒုက္ခ မဖြစ်စေဘဲ သက်သက်သာသာနှင့် တရားတက်ပါတယ်ဘုရား၊ တပည့်တော် တရားရှုပွားအားထုတ်နေစဉ် ကာယိကဒုက္ခကို မခံစားရပါဘူးဘုရား။

တပည့်တော် ရှုပွားတာကတော့ ဝင်လေ ဝါယောရုပ်ရဲ့တိုးသဘော၊ ထွက်လေ ဝါယောရုပ်ရဲ့တိုးသဘောကို တိုးတိုးပြီး သွားတိုင်း "ရုပ် - ရုပ်" လို့ ရှုပါတယ်ဘုရား။

စိတ်မတည်ကြည်၊ သမာဓိအား မကောင်းသေးခင် ဝါယောရုပ်ရဲ့တိုးသဘောလေးတွေ ရှုပွားနေရင်းနဲ့ စိတ်အစဉ်ဟာ သူကျင်လည် ကျက်စားနေကျ နေရာတွေကို ရောက်ရောက်သွားတတ်ပါတယ်ဘုရား။ တစ်ခါတစ်ခါ ပျင်းသလိုလို၊ တစ်ခါတစ်ခါ ပျော်သလိုလို ခံစားရပါတယ်ဘုရား။

အဲဒီစိတ်ရဲ့သွားရာ ရောက်ရာ ရုပ်အာရုံတွေကို "ရုပ်" လို့ ရှုပါတယ်ဘုရား။ သွားရောက်တဲ့ စိတ်ကိုတော့ "နာမ်" လို့ ရှုပါတယ်ဘုရား။

တစ်ခါတစ်ခါလည်း တပည့်တော်ရဲ့လက်မှ သွေးခုန်တာလေးများကို လက်မလေးနဲ့ ဖိထားပြီး တစ်ခါခုန်ရင် ရုပ်လို့ ရှုမှတ်ပါတယ်ဘုရား၊ အဲဒီလို သွေးခုန်တာလေးတွေကို ရှုမှတ်နေရတာလေးကိုပဲ တပည့်တော်အနေနဲ့ ပိုပြီး စိတ်တည်ငြိမ်မှုကို ရလွယ်တယ်လို့ ထင်ပါတယ်ဘုရား။ အဲဒီ ရှုမှတ်ရတာကို တပည့်တော် ပိုပြီး အားသန်ပါတယ်ဘုရား။

အားသန်သန်နဲ့ အဲဒီ ခုန်သဘောလေးများကို တစ်ကြိမ်ခုန်ရင် တစ်ခါ ရုပ်လို့ ရှုမှတ်နေရင်းနဲ့ ရှုမှတ်ချက်ကလေးတွေဟာ ပိုပြီး စိတ်လာပါတယ်ဘုရား။ လစ်လပ်ခြင်းမရှိဘဲ ကျန်ရစ်ခဲ့ခြင်းမရှိဘဲ ရှုမှတ်တဲ့ အသိဉာဏ်ကလေးနဲ့ ခုန်သဘော အရှုခံကလေးတွေဟာ တစ်သားတည်း ထင်နေပါတယ်ဘုရား။ ရှုပွားရတာ စီးနေပါတယ်ဘုရား။

အဲဒီလို အရှုခံအာရုံ ခုန်သဘောကလေးများနဲ့ ရှုမှတ်စိတ်ကလေးတွေနဲ့ တည့်နေတဲ့အချိန်မှာ မျက်စိနှစ်လုံးဟာ မှိတ်ထားပေမဲ့ အမြင်အာရုံမှာ ကြည်လင်ပြီး ရှင်းနေပါတယ်ဘုရား။ တစ်ခြားအာရုံတွေလည်း ကျဉ်းသွားပါတယ်ဘုရား။

စိတ်အစဉ်ဟာလည်း တည်ငြိမ်လာပါတယ်ဘုရား။ နူးညံ့လာပါတယ်ဘုရား။ တပည့်တော်တို့ တရားအားထုတ်တဲ့ ဇရပ်ပေါ်သို့ သစ်ရွက်ကလေးတွေ ကြွေကျသံဟာ ခါတိုင်းဆိုရင် သိပ်ပြီး မကျယ်လှပေမဲ့ တပည့်တော် တရားရှုပွား အားထုတ်တဲ့ အချိန်မှာ ကျောက်မိုင်းက မိုင်းခွဲသံတမျှ ကျယ်တယ်လို့ တပည့်တော် ထင်ပါတယ်ဘုရား။

တစ်ချိန်မှာ တပည့်တော် ထိုင်ပြီး နလုံးခုန်သံကို ရှုမှတ်နေပါတယ်ဘုရား။ တစ်ခါခုန်လျှင် တစ်ခါ "ရုပ်" လို့ ရှုမှတ်နေပါတယ်ဘုရား။ ရှုမှတ်နေရင်း စိတ် တစ်ခြားရောက်သွားရင် အဲဒီစိတ်ကို "နာမ်" လို့ ရှုမှတ်ပါတယ်ဘုရား။ ရှုမှတ်လို့ အတော်ကြာလာတော့ တခြားသော အာရုံတွေဟာ ကျဉ်းကျဉ်းသွားပါတယ်ဘုရား။

အဲဒီအချိန်မှာ မျက်စိမှိတ်ထားပေမဲ့ အလင်းရောင်တွေ လျှပ်လက်သည့်အလား ဖျပ်ကနဲဖျပ်ကနဲ လက်လက်နေပါတယ်ဘုရား။ စိတ်အစဉ်ဟာလည်း ရေထဲမှာ မျောနေသလို ပေါ့နေသလိုလို ဖြစ်နေပါတယ်ဘုရား။

နလုံးခုန်သံကိုလည်း တစ်ချက်ချင်း တစ်ချက်ချင်း မှန်မှန်ပဲ ရှုမှတ်နေနိုင်ပါတယ်ဘုရား။ အမှတ်ကလေးတွေဟာ အင်မတန်မှ ညင်သာပါတယ်ဘုရား။

အဲဒီအချိန်မှာ မှတ်နေရင်းနဲ့ ဘုရားတပည့်တော်ရဲ့ ညာဘက်ပခုံးစွန်းမှ အေးသော အခိုးအငွေ့တန်းကြီးသဖွယ် ဝူးခနဲ ထွက်လာပြီး ဦးခေါင်းကို ဖြတ်ကျော်၍ ဘယ်ဘက်ပခုံးစွန်းကို စက်ဝိုင်းခြမ်းကြီးသဖွယ် ဝန်းရံထားတာကို ထင်ရှားစွာ တွေ့ရပါတယ်ဘုရား။

အဲဒီလို တဒင်္ဂ ထင်ပြီးတာနဲ့ ခန္ဓာကိုယ်မှ ကြက်သီးမွေးညင်းများ သုံးကြိမ် ထ,ပါသည်ဘုရား။ တပည့်တော် သိပ်ပြီး ပီတိဖြစ်ရပါသည်ဘုရား။ ဝမ်းလည်း ဝမ်းသာမိပါသည်ဘုရား၊ အဲဒီလို စိတ်နလုံး ရွှင်လန်းမှု၊ စိတ်ချမ်းသာမှု၊ စေတသိက သုခဝေဒနာကိုလည်း ငါ ရွှင်လန်းတာမဟုတ်၊ စေတသိကသုခ ဝေဒနာမျှသာ ဖြစ်တယ်လို့ ရှုလိုက်ပါတယ်ဘုရား။

အဲဒီ အေးသော အခိုးအငွေ့တန်းကြီး ထွက်ပေါ်လာတာ ဘာကြောင့်များပါလဲဘုရား၊ တပည့်တော် သိချင်ပါတယ်ဘုရား။

ဆရာတော်ဘုရား၊ တစ်ချိန်မှာလည်း တပည့်တော် နှလုံးခုန်သံကိုပင် မှတ်နေပါတယ်ဘုရား၊ တပည့်တော်ရဲ့ နှလုံးလေးဟာ အင်မတန်မှ နူးညံ့ပျော့ပျောင်းသွားပါတယ်ဘုရား။ ရှုမှတ်ဉာဏ်နဲ့ အရှုခံနဲ့လည်း တစ်ထပ်တည်းကျလာပါတယ်ဘုရား။ ရှုမှတ်ရတာ သိပ်ပြီးကောင်းနေပါတယ်ဘုရား။

အဲဒီလို ရှုမှတ်နေစဉ် နှလုံး တစ်ချက်ခုန်တာနဲ့ ရုပ်လို့ ရှုမှတ်လိုက်တဲ့ အမှတ်ကလေး တစ်မှတ်ဟာ နှလုံးထဲကို ထုတ်ချင်းပေါက် ဝင်သွားတာ ထင်ထင်ရှားရှားမြင်ရပါတယ်ဘုရား။ နှလုံးအိမ်ကိုမြားစိုက်သလို ထုတ်ချင်းပေါက် ဝင်သွားပြီးသည်နှင့် တစ်ပြိုင်နက် တပည့်တော်မှာ မိုက်ခနဲ ဖြစ်သွားပါတယ်ဘုရား။

အဲဒီအချိန်မှာ တပည့်တော်ဟာ ဝူးခနဲ အအေးဓာတ်နဲ့အတူ အပေါ်မှာ သွားပြီး တည်နေပါတယ်ဘုရား။ စိတ်ဟာလည်း သန့်ရှင်းကြည်လင်ပြီး မျက်စိထဲမှာလည်း ရှင်းလင်းကြည်လင်နေပါတယ်ဘုရား။ စိတ်ရော ကိုယ်ပါ ချမ်းသာနေပါတယ်ဘုရား။

အဲဒီချမ်းသာသုခ အရသာဟာ လောကမှာရှိနေတဲ့ ဘယ်အရသာနဲ့မှ မတူပါဘူးဘုရား၊ တပည့်တော် တစ်ကိုယ်လုံးဟာလည်း အေးပြီး ပေါ့နေပါတယ်ဘုရား၊ လေတိုက်၍ အေးသော အအေးမျိုး၊ ရေခဲအေးသော အအေးမျိုးနှင့်လည်း မတူပါဘုရား၊ အင်မတန်မှ ချမ်းသာခြင်းကို ဆောင်တဲ့ အအေးဓာတ်ပါဘုရား။ တပည့်တော် လူ့လောကမှာ ခံစားဖူးတဲ့ ချမ်းသာမျိုးစုံထက် သာလွန်ထူးကဲလှပါတယ်ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် သိချင်တာက ယခု တပည့်တော် ခံစားရတဲ့ တရားအရသာဟာ နိဗ္ဗာန်ကို တဒင်္ဂ မျက်မှောက်ပြုတာလားဆိုတာကို သိပ်ပြီး သိချင်နေပါတယ်ဘုရား၊ ဖြေကြားပေးတော်မူပါဘုရား။

ဆရာတော်ဘုရား၊ တစ်ချိန်မှာလည်း အရှုခံအာရုံနဲ့ ရှုတဲ့ဉာဏ်နဲ့ တည့်နေခိုက် ရှုပွားနေရင်း မိုက်ခနဲ တစ်ချက်ဖြစ်ပြီး တစ်နေရာသို့ တွန်းပို့လိုက်သလို ဖြစ်သွားပါတယ်ဘုရား။

ရောက်သွားပုံကို ဥပမာပြရရင် အလုံပိတ်ထားတဲ့ အခန်းကျဉ်းတစ်ခုထဲမှ အကာအမိုးကင်းတဲ့ အာကာသပြင်ကျယ်ထဲကို တွန်းထုတ်လိုက်သလို အေးချမ်းသော အအေးဓာတ်ကလေးနဲ့အတူ ကြည်လင်ခြင်း၊ ချမ်းသာခြင်းကို ခံစားကာ ကောင်းကင်အလယ်၌ လွင့်ပျံနေသည့် ဝါဂွမ်းလေးသဖွယ် ပေါ့ပါးနေပါသည်ဘုရား။

တပည့်တော်ဝမ်းမြောက်လွန်း၍ကြက်သီးမွေးညင်းများပင် ထပါသည်ဘုရား။ မြတ်စွာဘုရားနှင့် တရား သံဃာတော်များအပေါ်မှာလည်း ပို၍ပို၍ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာပါတယ်ဘုရား။

အဲဒီလို သဒ္ဓါတရားဖြစ်ပေါ်လာတဲ့အခါမှာ နှလုံးသား ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်းများ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာပါတယ်ဘုရား။

ဆရာတော်ဘုရား၊ တစ်ချိန်မှာလည်း ထိုင်ပြီးတော့ ရှုပွားအားထုတ်နေရာ လောကီချမ်းသာမျိုးနှင့် မတူတဲ့ မတုနိုင်သော အအေးဓာတ်ပါသော ပကတိအေးချမ်းတဲ့ အရသာကို ခံစားရပါတယ်ဘုရား။ နာရီ အချိန်ပြည့်သွားတာတောင် မဖြုတ်နိုင် ဖြစ်ခဲ့ရပါတယ်ဘုရား။

တပည့်တော်လည်း ဆက်လက်ပြီး အားထုတ်ခဲ့ပါတယ်ဘုရား။ တစ်ထိုင်အချိန်ပြည့်တိုင်း အမျှဝေလေ့ရှိတဲ့ ဆရာတော်ဘုရားနှင့် ယောဂီများရဲ့အမျှပေးဝေတာကို စိတ်ထဲမှ လိုက်ဆိုရင်း စိတ်ထဲမှ အမျှဝေပြီး ဆရာတော်ဘုရားနှင့် ယောဂီများဝေတဲ့ အမျှကိုလည်း စိတ်ထဲမှ သာဓုခေါ်ပါတယ်ဘုရား။

အဲဒီလို အမျှဝေ သာဓုခေါ်နေတဲ့အချိန်မှာ အေးချမ်းတဲ့ အရသာထူးကို အခြားအချိန်တွေထက် ထူးထူးကဲကဲ ခံစားလိုက်ရပါတယ်ဘုရား။

မိမိပြုထားသမျှ ကောင်းမှုကုသိုလ် အစုစုတို့ကို "အမျှ - အမျှ - အမျှ" ယူတော်မူကြပါကုန်လော့လို့ အမျှဝေလိုက်တာနဲ့ တစ်ပြိုင်နက် တပည့်တော်ရဲ့ကိုယ်မှာ အလိုအလျောက် အအေးဓာတ်များ အကြိမ်ကြိမ် ဖြာပြီး အေးဆင်းသွားပါတယ် ဘုရား။

အအေးဓာတ်များဖြာဆင်းသွားတာကို ဥပမာပြရရင် လျှပ်စစ်မီးပန်းကလေးများသဖွယ် ဖြာပြီး အေးသွားတဲ့ အအေးဓာတ်ဟာ တပည့်တော်ရဲ့စိတ်နှလုံးကို ကြည်လင်အေးချမ်းစေပြီး အင်မတန်မှ ချမ်းသာခြင်းကိုဆောင်တဲ့ အအေးဓာတ် ပါဘုရား။

သာဓုခေါ်တဲ့အချိန်မှာလည်း ကြက်သီးမွေးညင်းများ သုံးကြိမ်၊ သုံးခါ ထပါတယ်ဘုရား၊ တပည့်တော်ရဲ့မျက်စိအစုံဟာလည်း မိုတ်ထားတဲ့ကြားက ဖျတ်ခနဲဖျတ်ခနဲ ပွင့်ပွင့်သွားပါတယ်ဘုရား၊ ဘုရားတပည့်တော်လည်း အံ့ဩရပါတယ် ဘုရား။

မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန်တရားတော်ဟာ သိမ်မွေ့နက်နဲပြီး ကြီးကျယ်မြင့်မြတ် ဆန်းကျယ်လှပါတယ်ဘုရား။ ဆရာတော်ဘုရားအား တပည့်တော် သိချင်တာလေးများကို မေးလျှောက်ပါရစေဘုရား။

တပည့်တော် အမျှဝေ သာဓုခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် လျှပ်စစ်မီးပန်းများနှင့်အတူ ဖြာပြီးအေးချမ်းသွားတဲ့ အအေးဓာတ်၊ ပေါ့ပါးကြည်လင်ပြီး ချမ်းသာခံစားမှုကို ခံစားပြီး ကြက်သီးမွေးညင်းများ ထ,တာ ဘာကြောင့်များပါလဲ ဘုရား။

နောက်တစ်ချက်က မိုတ်ထားတဲ့ မျက်လုံးများ မိမိ အလိုဆန္ဒမပါဘဲ ဖျတ်ခနဲဖျတ်ခနဲ အကြိမ်ကြိမ်ပွင့်သွားတာ ဘာ့ကြောင့်ပါလဲ ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် အဲဒီလိုဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ လျောင်းပြီးမှတ်တဲ့အခါ ပေါ့ပါးကြည်လင်ပြီး အေးနေတဲ့ အရသာထူးဟာ ရင်ဝမှာ တည်နေပါတယ်ဘုရား။ ထိုင်ပြီး မှတ်တဲ့အခါမှာတော့ အပေါ်မှာ တည်နေပါတယ်ဘုရား။

အဲဒီ တရားအရသာကို ပထမတော့ တဒင်္ဂလေး ခံစားရပေမဲ့ နောက်ပိုင်းမှာတော့ အချိန်တော်တော်ကြာကြာ ခံစားရပါတယ်ဘုရား။ အဲဒီချမ်းသာကို ခံစားနေရတဲ့အချိန်မှာ ပတ်ဝန်းကျင်မှ အသံများ ဘာမျှ မကြားရတော့ပါဘုရား၊ တခြားသော အာရုံတွေဆီလည်း စိတ်မပျံ့လွင့်တော့ပါဘုရား။ အရှုခံအာရုံအပေါ်မှာသာ တည်နေပါတယ်ဘုရား။

အဲဒီတရားအရသာတွေကို တွေ့ရှိခံစားပြီးတဲ့ နောက်ပိုင်းမှာ တပည့်တော်ရဲ့ခြေတွေ လက်တွေ လှုပ်ရှားတိုင်း ပုတီးစေ့ ကလေးများသဖွယ် တစ်ခုချင်းတစ်ခုချင်း ဖြစ်ပေါ်ပြီးနောက် ပျက်ချုပ် ပျောက်သွားတာများကို မျက်စိနှင့် မြင်ရသည့်အလား ဉာဏ်မျက်စိမှာ ထင်ရှားစွာ မြင်လာပါတယ်ဘုရား။

အဲဒီအချိန်မှာ တပည့်တော်ရဲ့ခန္ဓာကိုယ်ဟာ အင်မတန်မှ ပေါ့ပါးနေပါတယ်ဘုရား၊ လမ်းသွားတဲ့အခါမှာလည်း လေထဲမှာ သွားနေရသလိုပါပဲဘုရား၊ ခြေလှမ်းတိုင်းကို ရုပ် - ရုပ်လို့ တစ်ချက်ချင်း မှတ်ရှုနေပေမဲ့ ခန္ဓာကိုယ်ကြီးဟာ ပေါ့နေတော့ တပည့်တော်ကိုယ်ကို တပည့်တော် မထိန်းနိုင်ဘဲ ယိုင်ပြီး ငြိမ့်ခနဲငြိမ့်ခနဲ ဖြစ်နေပါတယ်ဘုရား။ ထိုင်တဲ့အခါမှာလည်း သူများတကာတွေထက် မြင့်တက်နေတယ်လို့ ထင်ရပါတယ်ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် သိချင်တာက အင်မတန်မှ လေးလံတဲ့ ခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီးဟာ ဘာကြောင့်များ မိမိကိုယ်ကို မထိန်းနိုင်လောက်အောင် ပေါ့ပါးသွားရပါသလဲဘုရား။

နိဗ္ဗာန်ကို တဒင်္ဂ မျက်မှောက်ပြုရင် အပါယ်တံခါးပိတ်တယ် ဆိုတာ ဟုတ်ပါသလားဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် ခံစားရတဲ့ တရားအရသာဟာ နိဗ္ဗာန်ကို တဒင် မျက်မှောက်ပြုတာဆိုရင် တပည့်တော် အဘယ်ဝမ်းသာခြင်းမျိုးနှင့်မျှ မတူနိုင်သော ဝမ်းသာခြင်းဖြင့် ဝမ်းသာရမှာပါဘုရား။ မဟုတ်သေးဘူးဆိုရင် တပည့်တော် ဆက်လက်ပြီး ကြိုးစားပါ့မယ်ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် ရှုပွားအားထုတ်ရသော ဤဘာဝနာကုသိုလ်ကောင်းမှုနှင့်တကွ ပြုပြုခဲ့သမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် တပည့်တော် လိုလားပန်ဆင်အပ်သော သာဝကဗောဓိဆုဖြင့် နိဗ္ဗာန်ကို ဘဝတိုတိုနှင့် လျင်မြန်စွာ ရောက်ရပါလို၏ ဘုရား။

ဆရာတော်ဘုရား၊ အားလပ်၍ အနားယူတဲ့အခါမှ ဖြေကြားပေးပါဘုရား။

ဆရာတော်ဘုရားအား ရိုသေလေးစားစွာ ရှိခိုးဦးတင်လျက် -

(……)

သို့

(……)

ပေးစာနဲ့ ပြန်စာရက် ရက်တွေကွာခြားမှုကတော့ ကြာလှပါတယ်။ ဘုန်းဘုန်းအားမှ ဖြေကြားပါဆိုလို့ ကြာသွားလားတော့ မသိပါ၊ အတော်ကြာသွားပါတယ်၊ အဲဒီအမေးထက် ကြာတဲ့ အမေးတွေလည်း ရှိပါသေးတယ်။ စိတ်ဝင်စားမှု မရှိသေး၍ မဖြေရသေးပါ။

စာရေးတယ်ဆိုတာလည်း အခက်သားပဲ။ အတင်းအဓမ္မ အမိန့်နဲ့ အာဏာနဲ့ ရိုက်ပုတ်ပြီး ရေးခိုင်းလို့ ရတာမျိုးမှ မဟုတ်ဘဲနဲ့။ စိတ်ရွှင်လန်းမှ၊ စိတ်ပါမှ ရေးလို့ရတာမဟုတ်လား။ (……)ရဲ့စာရတော့ စိတ်ဝင်စားပါတယ်။ အလုပ်များ မအားတာကြောင့်ပါ၊ အဖြေအနေကတော့ လိုရင်းတွေပဲ ကွက်ပြီးတော့ ဖြေပါ့မယ်။ အမေးနဲ့ ပြန်တိုက်ပြီး ဖတ်ရှုပါ။

(……)ရဲ့ အားထုတ်မှု အတွေ့အကြုံဟာ ရက်အနည်းငယ်နဲ့ ဒီလောက်တွေ့ ကြုံတာ ကောင်းတယ်လို့ ဆိုရပါမယ်၊ ကောင်းတယ်ဆိုလို့ ဘဝင်လည်း မြင့်မသွားနဲ့ ဦးနော်။

အေးသော အခိုးအငွေ့တန်းကြီး ထွက်ပေါ်လာတာ ဘာကြောင့်များပါလဲဘုရား၊ တပည့်တော် သိချင်ပါတယ်ဆိုတဲ့ အမေးကို ဖြေရရင် တေဇော၊ ဝါယော ဖောက်ပြန်မှုလို့ ဆိုနိုင်ပါတယ်။ တရားအားထုတ်လို့ စိတ်ဓာတ်တွေ အေးမြနေတဲ့ အခါမို့လို့ စိတ်အကြောင်းခံတဲ့ စိတ္တဇ၊ ဥတုဇ၊ တေဇော၊ ဝါယောလို့ ဆိုနိုင်ပါတယ်။

ရှင်းရှင်းဖြေရသော် အပူအအေး၊ ဥတုမျှတမှု၊ ဣရိယာပထ မျှတမှု၊ စိတ်အေးချမ်းမှု အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ တေဇော၊ ဝါယော၊ ရုပ်ဓာတ် ဖောက်ပြန်မှုပါပဲ၊ တခြား ကြောက်စရာ လန့်စရာ မဟုတ်ပါ။ အထူးအဆန်းလည်း မဟုတ်ပါ။ မတွေ့ဖူးသေးတဲ့ ယောဂီအတွက်တော့ အထူးပေါ့။

နောက်အမေးတစ်ခုကို ဖြေရမယ်ဆိုရင် ရှုမှတ်မှုကစပြီး ဖြေမှ ဖြစ်ပါမယ်။ (……) ရှုမှတ်နေစဉ် နလုံးတစ်ချက်ခုန်တာနဲ့ "ရုပ်" လို့ ရှုမှတ်လိုက်တဲ့ အမှတ်ကလေး တစ်မှတ်ဟာ နလုံးထဲကို ထုတ်ချင်းပေါက် ဝင်သွားတာ ထင်ထင်ရှားရှား မြင်ရပါတယ်ဘုရားဆိုတာနဲ့ ပတ်သက်လို့ (……)ရဲ့ရှုမှတ်မှုဟာ ပညတ်ဆန်သွားပြီ။ ရှုမှတ်စိတ်ဟာ သဘောမျှသာပါ။ သဏ္ဌာန်၊ အထည်၊ ကိုယ်ဟန် မရှိပါ။ ယခု "အမှတ်ကလေးတစ်မှတ်ဟာ နလုံးထဲကို ထုတ်ချင်းပေါက် ဝင်သွားတာ ဆိုကတည်းက" ရှုမှတ်စိတ်ပရမတ်ပေါ် ပညတ်လွှမ်းပါပြီ။

နှလုံးအိမ်ကို မြားစိုက်သလို ထုတ်ချင်းပေါက် ဝင်သွားပြီးသည်နှင့် တစ်ပြိုင်နက် တပည့်တော် မိုက်ခနဲ ဖြစ်သွားပါတယ် ဘုရား ဆိုတာလည်း "အမှတ်ကလေး တစ်မှတ်ဟာ နှလုံးထဲကို ထုတ်ချင်းပေါက်ဝင်သွားတယ်" ဆိုတဲ့ အသိများ၊ အယူများ၊ အမြင်များကြောင့် မိုက်ခနဲ ဖြစ်သွားတာပါ။

တကယ်လို့သာ မိုက်ခနဲ မဖြစ်ဘဲ သတိရှိရှိ ကြည်ကြည်လင်လင်နဲ့ ရှုနိုင်ရင် အာရုံဟာ ဒီထက်ကောင်းပြီး ဒီထက်ခွင်း ဖို့ပါပဲ။

အဲဒီ ချမ်းသာသုခအရသာဟာ လောကမှာရှိနေတဲ့ ဘယ်အရသာနဲ့မှ မတူပါဘူးဘုရား ဆိုတာနဲ့ ပတ်သက်လို့ မတူပုံ ကို ရှင်းပြပါဦးမယ်။ ဒီလောကထဲမှာ ချမ်းသာသုခတွေက -

၁။ လူတို့ရဲ့ ကာမချမ်းသာ

၂။ နတ်တို့ရဲ့ ကာမချမ်းသာ

၃။ ဗြဟ္မာတို့ရဲ့ ဈာန်ချမ်းသာ

၄။ ဝိပဿနာ ချမ်းသာ

၅။ မဂ် ချမ်းသာ

၆။ ဖိုလ် ချမ်းသာ

၇။ နိဗ္ဗာန် ချမ်းသာ

ရယ်လို့ ချမ်းသာသုခ (၇)မျိုး ရှိပါတယ်။ (......) ယခု ခံစားရတဲ့ ချမ်းသာသုခဟာ (၇)မျိုးအနက် တဒင်္ဂတစ်ခဏ ကိလေသာငြိမ်းအေးမှု အကြောင်းပြုပြီး ခံစားရတဲ့ ဝိပဿနာ ချမ်းသာပါပဲ။ ဝိပဿနာချမ်းသာဟာ ချမ်းသာ (၇)မျိုးအနက် ၄ - ဆင့်မြောက် ချမ်းသာဖြစ်ပြီး လူ၊ နတ်၊ ဗြဟ္မာတို့ရဲ့ ကာမချမ်းသာ၊ ဈာန်ချမ်းသာတို့ထက် မြတ်တယ်ဆိုတော့ လူ့လောကမှာ မခံစားဖူးတဲ့ ချမ်းသာမျိုးစုံထက် သာလွန်ထူးကဲတယ်ဆိုတာ မှန်ပါတယ်။ ဟုတ်ပါတယ်။

တပည့်တော်သိချင်တာက ယခု တပည့်တော် ခံစားရတဲ့ တရားအရသာဟာ နိဗ္ဗာန်ကို တဒင်္ဂ မျက်မှောက်ပြုတာလား ဆိုတာကို သိပ်ပြီး သိချင်နေပါတယ်ဘုရား။ ဖြေကြားပေးတော်မူပါ ဆိုတာနဲ့ပတ်သက်လို့ ကိလေသာ တဒင်္ဂတခဏ ချုပ်မှုကို "တဒင်္ဂနိရောဓ" လို့ဆိုတော့ (......) ခံစားရတဲ့ တရားအရသာဟာ တဒင်္ဂနိဗ္ဗာန်လို့တော့ တင်စားနိုင်ပါတယ်။ နိဗ္ဗာန်ကို တဒင်္ဂ မျက်မှောက်ပြုတာလို့တော့ မဆိုနိုင်သေးပါ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရင် အာရုံက နိဗ္ဗာန်ဖြစ်သွားပြီး ဉာဏ်ကလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်ရမှာပါ။ ယခု (.....) ရဲ့တရားအရသာဟာ အာရုံက ရုပ်နာမ်ပဲ ရှိသေးတော့ ဉာဏ်ကလည်း ဝိပဿနာဉာဏ်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ဝိပဿနာ ချမ်းသာလို့ပဲ ဆိုရမှာပေါ့။

လုံ့လတော့ မလျှော့ပါနဲ့၊ ဝိပဿနာချမ်းသာတောင် ဒီလောက်ချမ်းသာရင် မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဆိုရင် ဘယ်လောက် ချမ်းသာမလဲလို့ မျှော်ပြီး ဆက်ကြိုးစားပါ။

အမျှဝေ၊ သာဓုခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် လျှပ်စစ်မီးပန်းများနှင့်အတူ ဖြာပြီး အေးချမ်းသွားတဲ့ အအေးဓာတ်၊ ပေါ့ပါးကြည်လင်ပြီး ချမ်းသာခံစားမှုကို ခံစားရပြီး ကြက်သီးမွေးညင်းများထတာ ဘာကြောင့်များပါလဲဘုရား ဆိုတာနှင့်ပတ်သက် လို့ ဖြေရရင် ပီတိကြောင့်လို့ပဲ အတိုချုပ် ဖြေရပါမယ်။

တရားရှုမှားအားထုတ်လို့ အရှုခံအာရုံနဲ့ ရှုတဲ့ဉာဏ်နဲ့ တည့်လာတဲ့အချိန်မှာ အနည်းငယ် ကြက်သီးမွေးညင်း ထတတ် ပါတယ်။ အဲဒါဟာ ပီတိသဘောပေါ့။ အနည်းငယ်ဖြစ်တဲ့အတွက် ခုဒ္ဒိကာပီတိလို့ ခေါ်ပါတယ်။

ကြက်သီးမွေးညင်း ခဏခဏ ဆက်ကာဆက်ကာ ဖြစ်ပြီး ချမ်းသာသုခဖြစ်နေရင် ခဏိကာပီတိသဘောလို့ မှတ်ပါ။ အဓိကအကြောင်းကတော့ စိတ်ရွှင်လန်း ချမ်းမြေ့မှုကြောင့်လည်း ကြက်သီးမွေးညင်းထခြင်းလို့ပဲ မှတ်ပါ။

စိတ်ရွှင်လန်း ချမ်းမြေ့မှု ဝမ်းသာမှုကြောင့် ကြက်သီးမွေးညင်း ထတတ်သလို ကြောက်မှုကြောင့်လည်း ကြက်သီးမွေးညင်း ထတတ်ပါတယ်။ နောက်တစ်ခါ အဲဒီအကြောင်းတွေ ကိုယ်တိုင်သိလာပါလိမ့်မယ်။

မှိတ်ထားတဲ့ မျက်လုံးများ မိမိအလိုဆန္ဒမပါဘဲ ဖျတ်ခနဲ ဖျတ်ခနဲ အကြိမ်ကြိမ်ပွင့်သွားတာ ဘာကြောင့်ပါလဲဘုရား ဆိုတာနဲ့ ပတ်သက်လို့ ဖြေရရင် မျက်စိကို ပွင့်အောင် ပိတ်အောင် ပြုစွမ်းနိုင်တာ ဝါယောရုပ်ပဲ ရှိတယ်။ မိမိတို့ မျက်စိ ဖွင့်ချည် မှိတ်ချည်ဖြစ်အောင် ဝါယောရုပ်က ပြုပြင်ပါတယ်။ စိတ်မပါဘဲနဲ့ မိမိအလိုဆန္ဒ မပါဘဲနဲ့ ပွင့်သွားပါတယ်ဆိုရင် ဥတုဇဝါယောပေါ့၊ ဥတုကြောင့်ဖြစ်တဲ ဝါယောပေါ့။

အဲဒီ ဥတုဇဝါယောလည်း တကယ်တော့ စိတ်အကြောင်း မကင်းပါဘူး၊ စိတ်အကြောင်းခံတဲ့ "စိတ္တပစ္စယဥတုဇဝါယောကြောင့်ပဲ" လို့ ဆိုနိုင်ပါတယ်။

ဟုတ်တယ်လေ။ (......)ရဲ့စိတ်ကို ပြန်ပြီးသတိထားကြည့်ပါလား။ (......)ရဲ့စိတ်တွေဟာ အေးငြိမ်းပေ့ါပါးကြည်လင် ချမ်းသာမှုတွေဖြစ်နေတယ်၊ အဲဒီလိုဖြစ်နေတော့ ကိုယ့်ဟာကိုယ် အားရကျေနပ်ပြီး ပီတိတွေဖြာဝေကာ "ငါ ကံထူးတယ်၊ ငါ အရတော်တယ်" စသည်ဖြင့် ဖြစ်တတ်ကာ ခုန်ချင်သလို၊ ပေါက်ချင်သလို၊ မိတ်ဆွေ သူငယ်ချင်းတွေ ပြေးပြောချင်သလို စိတ်များ ဖြစ်လာတတ်ပါတယ်။ အဲဒီစိတ်တို့ရဲ့ စိတ်စွမ်း၊ အဲဒီစိတ်စွမ်းကြောင့်ဖြစ်တဲ့ စိတ္တဇ ဝါယောဓာတ်စွမ်းကြောင့်လို့ပဲ မှတ်ပါ။

အကြောင်းက တိုက်ရိုက်အကြောင်းမဟုတ်ဘဲ သွယ်ဝိုက်တဲ့အကြောင်းပေါ့။ သို့မဟုတ် အထောက်အပံ့အကြောင်း ပေါ့။ နောက်တစ်ခါ သတိထားရှုကြည့်ရင် အကြောင်းစစ်အကြောင်းမှန် ကိုယ်တိုင်သိလာပါလိမ့်မယ်။ ကိုယ်တိုင်သိလာအောင် ရှုပါ။

အင်မတန်မှ လေးလံတဲ့ ခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီးဟာ ဘာကြောင့် မိမိကိုယ်ကို မထိန်းနိုင်လောက်အောင် ပေ့ါပါး သွားရပါသလဲဘုရားဆိုတာနဲ့ ပတ်သက်လို့ ဖြေရရင် အကုသိုလ်တရားတွေရဲ့သဘောဟာ အောက်သို့ဆွဲတဲ့ သဘောရှိတယ်၊ လေးလံထိုင်းမှိုင်းတဲ့သဘောရှိတယ်၊ ကုသိုလ်တရားတွေရဲ့သဘောဟာ အထက်သို့ဆွဲတဲ့သဘော ရှိတယ်၊ ပေ့ါပါးလျှင်မြန်တဲ့ သဘောရှိတယ်။

ပေ့ါပါးသွားရတာဟာ အဆင့်အနေနဲ့ ဖြေရရင် ပီတိအဆင့်ထက်မြင့်တဲ့ ပဿဒ္ဓိအဆင့်ပေ့ါ၊ ပဿဒ္ဓိကို အငြိမ်းလို့ပြန် ဆိုနိုင်ပါတယ်။

အခု (......)ရဲ့ ပဿဒ္ဓိဟာ ပေ့ါပါးတဲ့ ပဿဒ္ဓိလို့ပဲ ပြောရမှာပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ "ကိုယ်ငြိမ်း၊ စိတ်ငြိမ်း၊ ကိုယ်ပေ့ါ၊ စိတ်ပေ့ါ၊ ကိုယ်နူးညံ့၊ စိတ်နူးညံ့၊ ကိုယ်အမှု၌ ခန့်၊ စိတ်အမှု၌ ခန့်၊ ကိုယ်ဖြောင့် စိတ်ဖြောင့်" ဆိုတဲ့ သဘောတွေဟာ တစ်တွဲပါ။

အဲဒီလို ပေ့ါပါးပြီဆိုတော့ ကိုယ်မှာ နာကျင်ကိုက်ခဲမှုတွေလည်း မဖြစ်တော့ဘဲ အားထုတ်ချိန်တိုင်း ချမ်းသာလာ တတ်ပါတယ်။ ချမ်းသာတော့ အရှုခံနဲ့ ရှုဉာဏ်လည်း အမြဲတည့်နေပါတယ်၊ သမာဓိဖြစ်တယ်ပေ့ါ၊ အဲဒီအခါမှာ ဉာဏ်လာဖို့ အရေးကြီးပါတယ်၊ ကြိုးစားပါ။

"နိမ္မာန်ကို တဒင်္ဂ မျက်မှောက်ပြုရင် အပါယ်တံခါး ပိတ်တယ်ဆိုတာ ဟုတ်ပါသလား" ဆိုတာနဲ့ ပတ်သက်လို့ ဖြေရရင် ဟုတ်တယ်လို့ ဖြေရပါမယ်။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ သောတာပတ္တိမဂ်ဖိုလ်ရမှ ပြုနိုင်ပါတယ်။ မရသေးရင် အနုမာနအားဖြင့် မှန်းဆ ရှိသာ အာရုံပြုနိုင်ပါတယ်။ သောတာပန်ဖြစ်ပြီဆိုရင် အပါယ်တံခါး ပိတ်ပြီပေါ့။

အပါယ်တံခါးပိတ်တာက တစ်ဘဝ နှစ်ဘဝ ပိတ်၊ အပြီးပိတ်လို့ နှစ်မျိုးရှိပါတယ်။ တစ်ဘဝ နှစ်ဘဝလောက်တော့ ကုသိုလ်တစ်ခုခုနဲ့ ပိတ်ပါတယ်။ အဲဒီ တစ်ဘဝ နှစ်ဘဝလွန်တော့ အပါယ်ပြန်ကျတတ်ပါတယ်။

အပြီးပိတ်တာကတော့ သောတာပတ္တိမဂ်ဖိုလ်ရမှ ပိတ်ပါတယ်။ အဲဒါကတော့ နောက်ထပ်ပြန်ပြီး အပါယ်ကျလမ်း မရှိတော့ပါ။

ဘာပဲဖြစ်ဖြစ်လေ (……)ရဲ့ယခုလောက် အခြေအနေရောက်တဲ့ အားထုတ်မှုဟာ အချည်းနှီး မဖြစ်ပါ။ အပါယ် တံခါး ပိတ်ရေးအတွက် များစွာ အထောက်အပံ့ ဖြစ်နေပါပြီ။

အဲဒါကိုပဲ ပြန်ပြီး အာရုံပြုကာအဘယ်ဝမ်းသာခြင်းမျိုးနှင့်မျှ မတူနိုင်သော ဝမ်းသာခြင်းဖြင့် ဝမ်းသာကာ ဆက်လက် ပြီးတော့ အဲဒီအခြေအနေထက် မြင့်တက်အောင် ကြိုးစားပါ။

အထူးသဖြင့် ရပြီးသား အခြေအနေထက် မတိုးတက်တောင်မှ ရပြီးသားအခြေအနေ အောက်သို့ မကျသွားအောင် ကြိုးစားဖို့က ပိုအရေးကြီးပါတယ်။

တရားအားထုတ်တဲ့နယ်မှာ ရိပ်သာမှာတုန်းက တစ်မျိုး၊ အပြင်ကျတော့ တစ်မျိုး ဖြစ်သွားလို့ တရားတွေ နာမည် ပျက်နေပါတယ်။ (……)တော့ အဲဒီလို မဖြစ်ပါစေနဲ့၊ ရိပ်သာက အခြေအနေထက် မတိုးတက်တောင်မှ မကျသွားအောင် ကြိုး စားပါ။

အဲဒီလို ကြိုးစားနေပါက သပ္ပာယမျှတမှုကို အကြောင်းပြုပြီး မိမိလိုချင် ရချင် ဖြစ်ချင် ရောက်ချင်တဲ့ အခြေအနေသို့ တစ်ခဏချင်း ရောက်သွားနိုင်ပါတယ်။ ရောက်သွားတဲ့ပုဂ္ဂိုလ်တွေဟာ တစ်ပါးမက အများကြီးပါ။ (……)လည်း ရောက်အောင် ကြိုးစားနိုင်ပါစေသတည်း။

✦ လောကထဲမှာ သိစရာ များစွာရှိလေသည်။

✦ ကိုယ်မသိတာ သိသူမှာ သေချာမေးရသည်။

✦ မေးမြန်းလိုက်က အဖြေရ ရှောင်ရပြုရသည်။

✦ မမေးမြန်းက ဖြေမရ ဘာမှ မဖြစ်ပြီ။

✦ ထို့ကြောင့် သူငါ သိစရာ ဖွေရှာပေးရမည်။

📖

# ရဟန်းတိုင်း ကထိန်ခံထိုက်ပါသလား

## (၂၂၀)

ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓသာသနာဝင် ဒါယကာ ဒါယိကာမများတို့သည် ကထိန်အလှူကို သဒ္ဓါဖွေးဖြူ အရေးတယူ အမြတ်တနိုး ပေးလှူကြကုန်၏။ ကထိန်ခေတ်တွင် မြို့ရွာ ရပ်ကွက်တွေမှာ ကထိန်အလှူပွဲအတွက် အားခဲကြသည်။

ကထိန်အလှူသည် သာသနာတော်ထမ်း ရဟန်းတော်တို့အတွက် အလွန်တရာ အကျိုးကြီးသော အလှူဖြစ်ပါသည်။ ဤသို့ဖြစ်၍ ဒါယကာ ဒါယိကာမများက ကထိန်အလှူကို အားထားကာ အရေးတယူ ပေးလှူကြပါသည်။

ယင်းသို့ ကထိန်အလှူကို ပေးလှူကြသော်လည်း အလှူခံရဟန်းတော်မှာ ကထိန်အင်္ဂါနှင့် မညီသော် ကထိန်အလှူ မဖြစ်နိုင်ပါ။ ကထိန်အကျိုး မရနိုင်ပါ။

မှန်ပါသည်။ တခြားတခြားသော အလှူတွေမှာ အလှူပေးသူ၊ အလှူခံသူ နှစ်ဦးနှစ်ဝ ကြည်ဖြူကျေနပ်၍ အလှူပေး အလှူခံက အထမြောက်၍ အလှူအကျိုး ရပါသည်။

ကထိန်အလှူမှာ ယင်းသို့ အလှူပေးသူ၊ အလှူခံသူ နှစ်ဦးနှစ်ဝ ကြည်ဖြူကျေနပ်၍ အလှူပေးအလှူခံရုံမျှနှင့် ကထိန်အလှူမဖြစ်နိုင်သေးပါ။

ယင်းသို့ဖြစ်၍ ကထိန်အကြောင်းကို ကထိန်အလှူ လှူလိုသူ၊ လှူနေသူ ဒါယကာ ဒါယိကာမများလည်း သိသင့်ပါသည်။ ကထိန်အလှူခံမည့်ရဟန်းတော်များလည်း သိသင့်ပါသည်။ ယင်းသို့ သိကောင်း သိထိုက်သည့် ပြဿနာကို မိမိအား ရဟန်းတစ်ပါးက မေးပါသည်။

"အရှင်ဘုရား၊ ရဟန်းတိုင်း ကထိန်ခံထိုက်ပါသလား"

"အို…အရှင်ဘုရားကလည်း ဒီပြဿနာက ရိုးနေပါပြီ၊ အရှင်ဘုရားလည်း သိပြီးသားပါ။ ပြီးတော့ ကထိန်အမေးအဖြေတွေလည်း အရှိသားပဲ၊ တပည့်တော် မဖြေကြားပါရစေနဲ့"

"သြော် … အရှင်ဘုရားကလည်း တပည့်တော် သိပေမဲ့ အများသိအောင် စာဖတ်ပရိသတ် သိဖြစ်အောင် သိစေချင်လို့ မေးတာပါ"

"အမယ်လေး လွယ်လွယ်လေးပါဘုရား။ သိချင်ရင် သိချင်တဲ့သူက အဲဒီ ကထိန်အမေးအဖြေတွေ ဝယ်ဖတ်ရုံပဲပေါ့ ဘုရား"

"ဩော်...အရှင်ဘုရားကလည်း ပြောတော့သာ လွယ်တာ၊ အဲဒီ ကထိန်အမေးအဖြေစာအုပ်တွေက ပါဠိတွေနဲ့ ရေးထားတော့ လူတွေက သိချင်လို့ ဖတ်ပေမဲ့ နားမလည်ကြဘူး၊ ပြီးတော့လည်း ဖတ်လည်း မဖတ်ကြလို့ နားမလည်ကြဘူး"

"အရှင်ဘုရားရေးသလို မြန်မာစကားပြေနဲ့ အမေးအဖြေနဲ့ရေးရင် လူအများ နားလည်မယ်၊ ဖတ်ကြမယ်၊ ဖတ်ကြတော့ လှူတတ်၊ အလှူခံတတ် ဖြစ်မယ်၊ အဲဒီလိုဆိုရင် လှူသူရော အလှူခံသူပါ နှစ်ဦးနှစ်ဝ အကျိုးရှိတာပေါ့"

"ဒါဖြင့် အရှင်ဘုရားက ဟို ရှင်သာရိပုတ္တနှင့် ရှင်မဟာကောဋ္ဌိကတို့ မေးကြ ဖြေကြသလို အရှင်ဘုရား မသိလို့မဟုတ်ဘဲ နောင်လာနောက်သား အလှူရှင်များ၊ အလှူခံသူများ အတွက်ပေါ့ဘုရား"

"ဟုတ်ပါတယ်၊ အလှူရှင် အလှူခံ နှစ်ဦးစလုံး သိပြီး သဘောပေါက်ပြီး အကျိုးများစေချင်တဲ့ သဘောနှင့် မေးတာပါ။ ဖြေပေးပါဘုရား၊ အများသဘောပေါက်အောင် ရေးစမ်းပါဘုရား"

"အင်း၊ စွမ်းအားရှိသလောက်တော့ ဖြေပါ့မယ်၊ ရေးပါ့မယ်၊ အများ သဘောပေါက်.မပေါက်တော့ မသိပါဘူးဘုရား"

## ကထိန်ခွင့်ပြု

အဲဒီ ကထိန်ကို ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ရွှေကျောင်းတွင် ကိန်းအောင်းတော်မူတဲ့အခိုက် ကောသလမင်းနှင့် အဖသားချင်း ညီနောင်ရင်း ဖြစ်ကြတဲ့ ဓုတင်ပဋိပတ်အကျင့်မြတ်ကို ကျင့်ကြတဲ့ ပုထုဇဉ်မပါ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေချည်းသာ ဖြစ်ကြတဲ့ ပါဝေယျကတိုင်းသား ညီနောင်သုံးကျိပ်တို့ကို အကြောင်းပြုပြီးတော့ ခွင့်ပြုပါတယ်။

အကြောင်းရင်းက အဲဒီညီနောင်သုံးကျိပ်သော ရဟန်းတော်တို့သည် ပါဝါပြည်မှ သာဝတ္ထိပြည်သို့ အလာတွင် အချိန်မီ မရောက်ဘဲ သာကေတတွင် ဝါကပ်ပြီး ဝါကျွတ်လျှင်ကျွတ်ချင်း သာဝတ္ထိသို့အလာ ခရီးအကြား မိုးများစွာ ရွာပါသည်။

ဝတ်ရုံလာသော သုံးထည်သော တိစီဝရိတ်သင်္ကန်းတို့မှာ ရွှံ့နှစ်ညွန်စေး ညစ်ကြေးစွဲကပ်သဖြင့် အလွန်တရာ ပင်ပန်းသော သဘောရှိသော ထိုရဟန်းတို့ကို မြင်တော်မူလျှင် အလွန်ပင် သနားတော်မူ၍ အကျိုးစီးပွား များစေခြင်းငှာ ကထိန်ခွင့်ပြုတော်မူပါသည်။

## ကထိန်ခေတ်

အဲဒီမှာ သတိပြုဖို့က စတင်ပြီးတော့ ကထိန်ပညတ်စဉ်က သင်္ကန်းနွမ်းပါးတဲ့ တောကျောင်းနေ ဓုတင်ဆောင် ရဟန်းတော်တွေကို အကြောင်းပြုပြီးတော့ ပညတ်တာပါ။

အဲဒီ ကထိန်အလှူတော်မင်္ဂလာကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ သင်္ကန်းလ၊ သင်္ကန်းကာလ တစ်လအတွင်း၌သာ ခင်းအပ်ပါသည်။

အဲဒီ တစ်လအတွင်းမှာလည်း ခင်းရမည့်ရက်ဟာ တစ်ရက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ကထိန်အလှူကို "တစ်နှစ်မှ တစ်ခေတ်၊ တစ်ခေတ်မှ တစ်ကြိမ်သာ လှူရတဲ့ အလှူ" လို့ အမွန်အမြတ် ထားကြပါတယ်။ မွန်လည်း မွန်မြတ်တဲ့အလှူ ဖြစ်ပါတယ်။ အဲဒီအလှူကို -

၁။ ပုဗ္ဗကရဏကို သိခြင်း

၂။ ပစ္စုဒ္ဓါရကို သိခြင်း

၃။ အဓိဋ္ဌာန်ကို သိခြင်း
၄။ ခင်းခြင်းကို သိခြင်း
၅။ မာတိကာကို သိခြင်း
၆။ ပလိဗောဓကို သိခြင်း
၇။ နုတ်ခြင်းကို သိခြင်း
၈။ အာနိသင်ကို သိခြင်း

ရယ်လို့ "ရှေးဦးပြုလုပ်၊ ပစ္စုဒ္ဒြ – မိဋ္ဌာန်၊ ခင်းရန်တဖြာ၊ မာတိကာ – ကြောင့်ကြ၊ ဥဒ္ဓါရ – အာနိသင်" အဲဒီ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းတော်မှသာ ကထိန်ခင်းထိုက်ပါသည်။

"ဒါဖြင့် ဒီအင်္ဂါရှစ်ပါးမှာ တစ်ပါးပါး ချွတ်ယွင်းရင် ကထိန်မထိုက်ဘူးပေါ့၊ ကထိန်ခင်းလည်း ကထိန်မဖြစ်ဘူးပေါ့"

"တင်ပါ့ဘုရား၊ အဲဒီအင်္ဂါအရ အဲဒီအတိုင်းပဲ ဖြစ်နေတာပေါ့"

"ဒီလိုဆိုရင် ကထိန်ခံချင်တဲ့ ရဟန်းတော်ဟာ အဲဒီအင်္ဂါတွေ ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ထားရမယ်ပေါ့"

"မှန်ပါ၊ ကြိုတင်ပြင်ဆင်ထားရပါမယ်"

"ဒီအင်္ဂါတွေ ကထိန်ခံတဲ့ ရဟန်းတော်တိုင်း ပြည့်စုံမယ်၊ သိမယ်လို့ အရှင်ဘုရား ထင်ပါသလား"

"မထင်ပါဘုရား၊ တပည့်တော် လက်တွေ့ တွေ့ပါတယ်၊ တပည့်တော်က တရားဟောတော့ ကထိန်ချိန်မှာ ကထိန်ခင်းတဲ့အခါမှာ အဲဒီအင်္ဂါတွေ မပြည့်တဲ့ မသိတဲ့ ကထိန်ခံသူတွေ တွေ့ရပါတယ်၊ စိတ်မကောင်း ဖြစ်မိပါတယ်"

"တပည့်တော် ဒီလို မဖြစ်စေချင်လို့ ဒီပြဿနာကို အရှင်ဘုရားအား လျှောက်တာပါ"

"တင်ပါ့၊ တပည့်တော်လည်း သိပါပြီ၊ ဖြေပါ့မယ်၊ အဲဒီကထိန်ရဲ့ မူလဘူတက သံဃာပါပဲ၊ သံဃာသည် ကထိန်၏ မူလဘူတပါပဲ"

## သင်္ကန်း သုံးထည်

"သင်း – ကိုယ် – ဒု – အိပ် – မျက် – ပရိတ် – နိသိဒ် – မိုး – အမာ" ဆိုတဲ့ ကိုးထည်သော သင်္ကန်းတို့တွင် ကထိန်ခင်းထိုက်သော သင်္ကန်းကတော့ သုံးထည်ပဲ ဖြစ်ပါတယ်။

၁။ နှစ်ထပ်သင်္ကန်း (ဒုကုဋ်)
၂။ ကိုယ်ဝတ် (အပေါ်ရုံ – ကောသီ)
၃။ သင်းပိုင် (ခါးဝတ်)

အားဖြင့်သုံးထည်သော သင်္ကန်းသာ ကထိန်၏ ဝတ္ထုဖြစ်ပါတယ်။ ကထိန်သင်္ကန်း ဖြစ်ပါတယ်။

အဲဒီ သုံးထည်သော သင်္ကန်းကိုတော့ ခေါမ မည်တဲ့ လျှော်၊ ဝါချည်၊ ပိုးချည်၊ သက္ကလပ်၊ ပိုက်ဆံလျှော်ချည်၊ ငါးပါးစုံ ရောယှက်၍ ယက်အပ်သော သင်္ကန်းဟူ၍ ကထိန်သင်္ကန်းချည် အမျိုးဇာတ်အားဖြင့် ခြောက်မျိုး ပြားပါသည်။ ဆိုလိုတာက အဲဒီ ချည်ခြောက်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ယက်ထားတဲ့ သင်္ကန်းသုံးထည်နဲ့ ခင်းနိုင်တယ်လို့ ဆိုလိုပါတယ်နော်"

"မှန်ပါ့ဘုရား"

## စ. လယ်. ဆုံး

အဲဒီကထိန်ရဲ့အစ. အလယ်. အဆုံးက ဘယ်လိုလဲဆိုတော့ "လျှော်ဖွပ်၊ စီရင်၊ ဖြတ်ယှဉ် ချုပ် – ဆိုး၊ ဗိန္ဒုထိုးခြင်း"ဟု ဆိုအပ်သော ခုနစ်ပါးသည် အစ၊ ပစ္စုဒ္ဓိရုပ်ပြုခြင်း၊ အဓိဋ္ဌာန်တင်ခြင်းသည် အလယ်၊ နှုတ်မြွက်၍ ခင်းခြင်းသည် ကထိန်၏အဆုံး ဖြစ်ပါသည်။

အဲဒီ ကထိန်ခင်းခြင်းကြောင့် ဖြစ်တဲ့အကျိုး ဂုဏ်အင်အာနိသင်တို့ကို အဘယ်သူတွေ ရထိုက်ပါသလဲဆိုတော့ -

၁။ ဥပစာရ အတွင်းကျ၍ အပြင်၌ မတည်သောရဟန်း

၂။ နှုတ်မြွက်ကျူးရင့်အသံပြု၍ အနုမောဒနာပြုသောရဟန်း

၃။ နှုတ်မြွက်သောအား သူတစ်ပါးကို ကြားသိစေသောရဟန်း

ရယ်လို့ အဲဒီရဟန်းသုံးပါးတို့သည် ကထိန်ခင်းခြင်းကြောင့် ဖြစ်သော အကျိုးဂုဏ်အင်အာနိသင်တို့ကို ရထိုက်ပါတယ်။

## သံဃာအရေအတွက်

"အဲဒီ ကထိန်ခင်းတာဟာ အယုတ်ဆုံးအားဖြင့် အောက်ထစ်ဆုံးအားဖြင့် သံဃာငါးပါးရှိလျှင် ခင်းလို့ ဖြစ်ပါတယ်၊ ငါးပါးထက်များရင်တော့ ဆိုဖွယ်ရာ မရှိပါဘူး၊ ပိုပြီးတော့ ဖြစ်တာပေါ့"

"အဲဒါလည်း လူသိနည်းပါတယ်၊ လူအများစု ထင်နေတာက ကထိန်ခင်းတယ်ဆိုတာ သံဃာတွေ အများကြီး ပင့်နိုင်မှ အများကြီးလှူနိုင်မှ ခင်းရတယ် ထင်နေတာ"

"တင်ပါ၊ ဟုတ်ပါတယ်၊ အဲဒီလို ထင်နေတော့ ငါးပါးလောက်တော့ တတ်နိုင်ပါလျက်ကနဲ့ အများကြီးမှ ဖြစ်တယ် ထင်ပြီး မတတ်နိုင်တော့ ကထိန်မခင်းတော့ အလှူရှင်ရော ရဟန်းတော်ပါ အကျိုးယုတ်ပါတယ်"

"အေး၊ အဲဒါတွေကို လူအများသိစေချင်လို့ အရှင်ဘုရားကို မေးတာပါ"

## ကထိန်ခင်းထိုက်သော ရဟန်း

အများအားဖြင့် ယခုခေတ်တွင် ဝါကျွတ်လျှင် ကထိန်ခင်းရမည်၊ မိမိတို့ကျောင်းကို ကထိန်ခင်းရမည်၊ ကျောင်းထိုင်ဘုန်းကြီးကလည်း ဝါကျွတ်လျှင် ကထိန်ခံရမည်ဟု သိသည်။ ကထိန်ကို မျှော်သည်၊ သို့သော် ပြည့်စုံရမည့် အရေးကြီးသော အင်္ဂါကိုမူ သတိမပြုဖြစ်တတ်ပါသည်။ ယင်းအင်္ဂါကား -

"ပုရိမဝါ (ပထမဝါ)ကပ်၍ ဝါကျိုးဝါပြတ် မရှိ၊ ဝါမကျိုး ဝါမပြတ်သဖြင့် သီတင်းကျွတ်လပြည့် ပထမ ပဝါရဏာနေ့၌ ချမ်းမြေ့သာယာ ပဝါရဏာပြုပြီးသော ရဟန်းတို့သည်သာ ကထိန်ခင်းထိုက်ပါသည်"

"အင်း... အင်း... အဲဒီအင်္ဂါ သိပ်အရေးကြီးတာပေါ့"

"အမိန့်ရှိပါဦး၊ အရေးကြီးပုံကို"

"ဝါကျိုး ဝါပြတ်ပေါ့၊ ခုခေတ်မှာ တချို့ရဟန်းတော်တွေဟာ ဝါတွင်းမှာ အရက်မတက်ခင် ကျောင်းကထွက်လာ ဆွမ်းခံကြတယ်၊ တွေ့ဖူးတယ်မဟုတ်လား"

"မှန်ပါ၊ တွေ့ဖူးပါတယ်ဘုရား"

"ဝါကျိုး ဝါပြတ် မဖြစ်ဘူးလား"

"ဝါကျိုး ဝါပြတ် ဖြစ်တာပေါ့ဘုရား"

"အရုဏ်မတက်ခင် ဆွမ်းခံတော့ ဆွမ်းအကပ်ခံတော့ အာပတ် မသင့်ဘူးလား"

"အာပတ် သင့်ပါတယ်ဘုရား"

"အဲဒီဆွမ်းကို စားတော့ကော အာပတ်မသင့်ဘူးလား"

"အာပတ် သင့်ပါတယ်ဘုရား"

"အဲဒီ ဝါကျိုး ဝါပြတ်တဲ့ ရဟန်း ကထိန်ခံထိုက်ပါဦးမလား"

"မခံထိုက်တော့ပါ ဘုရား"

"အေး…အေး…၊ အဲဒါကို ဒါယကာ ဒါယိကာမတွေက မသိကြဘူး၊ ကထိန်ခံတဲ့ ရဟန်းတော်ကလည်း သတိမထား မိဘူး၊ ဝါကျွတ်ရင် ကထိန်ခင်းရမယ်၊ ကထိန်ခံရမယ်လောက်သာ သိကြတာ"

## အရုဏ်တက်ခြင်း လေးမျိုး

"အင်း… အင်း… ဟုတ်ပါပြီ၊ ဒါဖြင့် ဒီနေရာမှာ ဒါယကာ ဒါယိကာမတွေကော ရဟန်းတွေပါ အထူးသတိပြုရမှာ က အရုဏ်ပဲ၊ အရုဏ်ကို လူအများ ရဟန်းအများက လေးနာရီထိုးလျှင် အရုဏ်တက်တယ် ထင်နေကြတယ်၊ အမှန်က လေး နာရီအရုဏ်မတက်ပါဘူး၊ ဝိနည်းလေးစားတဲ့ ပုဂ္ဂိုလ်တွေဟာ အရုဏ်ကို အထူးသတိပြုပါတယ်၊ အဲဒီ အရုဏ်ဟာ -

၁။ ပထမ အရုဏ်သည် ဖြူသောအဆင်းရှိ၏။

၂။ ဒုတိယ အရုဏ်သည် မြည်းမျက်နှာအဆင်းရှိ၏။

၃။ တတိယ အရုဏ်သည် နီသောအဆင်းရှိ၏။

၄။ စတုတ္ထ အရုဏ်သည် ဖလပ်ပွင့်အဆင်းရှိ၏

လို့ အရုဏ်ဟာ လေးမျိုးကွဲပြားပါတယ်။ အဲဒီလေးမျိုးမှာ ဆွမ်းခံခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းစားခြင်းအတွက် -

၁။ ပထမ အရုဏ်သည် အလွန်နုသေးသည်ဖြစ်၍ မအပ်။

၂။ ဒုတိယ အရုဏ်သည် မိုက်မှောင်သေးသည်ဖြစ်၍ မလျော်၊

၃။ တတိယ အရုဏ်မှ ဆွမ်းခံခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းစားခြင်း ပြုအပ်ပါတယ်။

၄။ စတုတ္ထ အရုဏ်ကား ပြောဖွယ်မရှိ၊ လင်းလွန်းနေပြီး ပြုအပ်ပြီတဲ့။

"အဲဒီ အရုဏ်လေးပါးကို ဒါယကာ ဒါယိကာမတွေကော ရဟန်းသံဃာတွေပါ သတိထားပြီး အရုဏ်တက်နှင့် ကိုက် ညီအောင် လှူသင့်၊ အလှူခံသင့်ပါတယ်"

## ကထိန်သင်္ကန်း လှူဒါန်းနိုင်သူ

"ကဲ…ဝါမကျိုး ဝါမပြတ်၍ ကထိန်ခံထိုက်ပြီ ဆိုပါတော့၊ အဲဒီ ကထိန်လျာသင်္ကန်းကို ဘယ်ပုဂ္ဂိုလ်တွေက လှူမှ အလှူ ခံပြီး ကထိန်ခင်းထိုက်ပါသလဲဆိုတော့ -

၁။ နတ်ဖြစ်ဟ္ဟာ ဖြစ်စေ

၂။ လူ ဖြစ်စေ

၃။ ရဟာန်းယောက်ျား၊ ရဟာန်းမိန်းမ၊ သာမဏေယောက်ျား၊ သာမဏေမိန်းမ၊ သိက္ခမာန်ဆိုတဲ့ သီတင်းသုံးဖော်ငါးယောက်တို့တွင် တစ်ယောက်ယောက်ပင်ဖြစ်စေ လှူနိုင်ပါတယ်။ လှူတဲ့ကထိန်သင်္ကန်းနဲ့ ခင်းထိုက်ပါတယ်။

"အဲဒီမှာ အရေးကြီးတာက ကထိန်ခံမယ့် ဘုန်းကြီးက ကထိန်သင်္ကန်း ရရှိရေးကို ပရိယာယ်မသုံးရဘူး၊ နိမိတ်အရိပ်မပြရဘူး၊ မပင့်မြှောက်ရဘူး၊ မဆွယ်ရဘူး"

"အေး . . . အေး . . . ၊ အဲဒါတွေလည်း လူအများက မသိဘူး၊ တချို့နေရာတွေမှာ ကထိန်ဖြစ်ဖို့အတွက် ဘုန်းကြီးကကို ဦးဆောင်ပြီး စုဆောင်းနေတာတွေ တွေ့ရတယ်"

"ဒီလိုဆိုရင်တော့ ကထိန်သင်္ကန်း ဘယ်ဖြစ်တော့မလဲ၊ သာမန် သင်္ကန်းအလှူပဲဖြစ်တော့မှာပေါ့၊ ကထိန်မဖြစ်တော့ ကထိန်အကျိုးလည်း ဘယ်ရတော့မလဲ၊ သာမန်သင်္ကန်းအလှူ အကျိုးလောက်ပဲ ရတော့မှာပေါ့"

## ကထိန်သင်္ကန်း လှူဒါန်းပုံ

"ပြီးတော့ အဲဒီကထိန်သင်္ကန်း လှူဒါန်းပုံလည်း အမျိုးမျိုးရှိပါတယ်။ တချို့နေရာမှာ "ကထိနစီဝရံဒေမ = ကထိန်သင်္ကန်းကို လှူဒါန်းပါကုန်၏" ဟု လာပါတယ်။ တချို့နေရာမှာ "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ = ဤကထိန်သင်္ကန်းကို သံဃာတော်အား လှူဒါန်းပါကုန်၏" ဟု လာပါတယ်"

"အဲဒီ အဆိုရပ် သုံးရပ်ကို ပေါင်းစပ်ပြီးတော့ ယခုအခါ ဆရာမြတ်တို့ကား "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ = ဤကထိန်သင်္ကန်းကို သံဃာတော်အား ပေးလှူပါကုန်၏။ ဤကထိန်သင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါကုန်" လို့ လျှောက်ထားပြီး လှူဒါန်းတဲ့ သင်္ကန်းနဲ့မှ ကထိန်ခင်းအပ်ပါတယ်။

"ဒီနေရာမှာ ဝါဒကွဲရှိပါသေးတယ်၊ ဝိနယာလင်္ကာရ ဆရာက ဒကာက အသိအလိမ္မာနည်းပါး၍ သံဃာက လှူရန်ဟောသော်လည်း ပုဂ္ဂလိကသာလှူအံ့၊ ဤသို့လည်း သံဃိကဖြစ်၍ ကထိန်ခင်းခြင်းငှာ အပ်၏တဲ့။

"ဒကာသည် ပုဂ္ဂလိက လှူလိုသော်လည်း "ဣမံကထိနစီဝရံ သံဃဿဒေမ = ဤကထိန်သင်္ကန်းကို သံဃာတော်အား လှူဒါန်းပါကုန်၏" ဟု ဆို၍လည်းကောင်း၊ ကြံ၍လည်းကောင်း လှူဒါန်းက သံဃိကဖြစ်၍ ကထိန်ခင်းထိုက်တယ်လို့ ဆိုပါတယ်"

## ကထိန်ခင်းထိုက်သူ

"အဲဒီလို ကထိန်သင်္ကန်းကို သံဃာအားလှူရပါတယ်၊ သံဃာက ကထိန်သင်္ကန်းပေးသူသည် ကထိန်ခင်းအပ်ပါတယ်၊ သံဃာက အဘယ်ရဟာန်းအား ကထိန်သင်္ကန်းပေးထိုက်ပါသလဲဆိုတော့ သင်္ကန်းဟောင်းနွမ်းရှိဆွေးသူအား ပေးအပ်ပါတယ်"

"ဟောင်းနွမ်း ရှိဆွေးသော သင်္ကန်းမရှိမူ သီတင်းကြီးထေရ်ကြီးအား ပေးလှူအပ်ပါသည်"

## ပြည့်စုံရမည့် အင်္ဂါများ

"ထေရ်ကြီးအား ပေးလှူရမည်ဆိုသော်လည်း အဲဒီထေရ်ကြီးတွင် ပြည့်စုံရမည့်အင်္ဂါတွေက အများကြီးပါပဲ၊ အဲဒီအင်္ဂါတွေနှင့် ပြည့်စုံမှ ထေရ်ကြီးကလည်း ကထိန်ခင်းထိုက်မှာပါ၊ အဲဒီအင်္ဂါတွေ မပြည့်စုံရင် မခင်းထိုက်ပါဘူး"

"အင်း...အင်း...၊ ရဟန်းတိုင်းက ကထိန်ခင်းထိုက်ပါသလားဆိုတဲ့ အမေးဟာ အဲဒီအင်္ဂါတွေကို ရည်ရွယ်ပြီးတော့ မေးတာပါ၊ အဲဒီအင်္ဂါတွေကို ပြောစမ်းပါ"

"အမယ်လေး၊ အဲဒီအင်္ဂါတွေ ပြောရမယ်ဆိုရင်တော့ အများကြီးပါ၊ ခုနကတော့ အချုပ်ပြောခဲ့ပြီမို့ ယခု အကုန်ဖော်ပြရမယ်ဆိုရင် (၁)က ပုဗ္ဗကရဏ ခုနစ်ပါးလို့ သိရမယ်၊ ပုဗ္ဗကရဏ ခုနစ်ပါးကား ဘာတွေလဲဆိုတော့ -

၁။ သင်္ကန်းလျာအဝတ်ကို ဖွပ်လျှော်ခြင်း

၂။ ငါးခန်း၊ ခုနစ်ခန်း စသည့်စီရင်ခြင်း

၃။ ဖြတ်ခြင်း

၄။ ယှဉ်တွဲခြင်း၊ ဖွဲ့ခြင်း

၅။ ချုပ်ခြင်း

၆။ ဆိုးရည် ဆိုးခြင်း

၇။ ဝိန္နုထိုးခြင်း

လျှော် - ဖွပ် - စီရင်၊ ဖြတ် - ယှဉ် - ချုပ် - ဆိုး - ဝိန္နုထိုး၊ ခေါ်ရိုး ခွန်ပုဗ္ဗ တဲ့။

"အဲဒီ ခုနစ်ပါးတို့ပါပဲ၊ အဲဒါလည်း နားလည်ရမယ်တဲ့၊ အဲဒါကတော့ မလွယ်ဘူး၊ သင်္ကန်းချုပ်တတ်မှ ကထိန်သင်္ကန်း အလှူရမယ့် အဓိပ္ပာယ်ပဲ"

"အင်း - ဟုတ်တယ်၊ အဲဒီအတွက် ခက်နေတာပေါ့"

"ခုခေတ်အနေနဲ့ကတော့ ချုပ်ပြီးသား သင်္ကန်းတွေဆိုတော့ ဒီချုပ်တတ်ဖို့ အင်္ဂါအတွက် အခက်မတွေ့နိုင်ဘူး ဆိုရမှာပဲ၊ လွယ်တယ်လို့ ဆိုရမှာပဲ၊ နို့မဟုတ်ရင် ဘယ်ကထိန်ခံလို့ ဖြစ်တော့မလဲ၊ သင်္ကန်းမှ မချုပ်တတ်တာ"

"ဟုတ်တယ်၊ အဲဒီအတွက် ဝိနည်းလေးစားတဲ့ အချို့ပုဂ္ဂိုလ်တွေက ကထိန်မခံဘူး"

## ပစ္စုဒ္ဓါရ

"ကဲ...ဒီလောက်ပဲ၊ ပုဗ္ဗကရဏအကြောင်း နားကြပါစို့၊ ပစ္စုဒ္ဓါရအကြောင်း သွားကြပါစို့၊ ပုဗ္ဗကရဏသိပြီးရင် ပစ္စုဒ္ဓါရ သိရမယ်တဲ့"

"ကထိန်ခင်းမယ့် ရဟန်းတော်ဟာ မိမိသင်္ကန်းများကို မူလက ပရိက္ခာရစောဠ တင်ထားတယ်၊ ရှေး၌ ရအပ်သော သံဃာဋိစသော အမည်မရှိသောကြောင့် "ဣမံပစ္စုဒ္ဓရာမိ၊ ဤသင်္ကန်းကို ပစ္စုဒ္ဓါရပြုပါ၏" ဟု သာမညအားဖြင့်သာ ပစ္စုဒ္ဓါရ ပြုရမယ်တဲ့"

"တကယ်လို့ မိမိသင်္ကန်းများကို တိစီဝရိက် အဓိဋ္ဌာန်တင်ထားမှု ရှေး၌ ရအပ်သော အမည်ရှိသောကြောင့် နှစ်ထပ်သင်္ကန်းကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"၊ အပေါ်ရုံကို "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ"၊ ခါးဝတ်ကို "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟု ဝိသေသအားဖြင့် ပစ္စုဒ္ဓါရ ပြုအပ်ပါတယ်တဲ့"

"ဒီနေရာမှာ ဆိုဖွယ်အထူး ရှိပါသေးတယ်၊ ဒီကထိန်အရာမှာ ရှေးအဖို့က တိစီဝရိက်အဓိဋ္ဌာန်သာ တင်အပ်သောကြောင့် "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ၊ ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ၊ ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟု ဝိသေသအားဖြင့်သာ ပစ္စုဒ္ဓါရ ပြုအပ်ပါတယ်တဲ့"

"ရှေးက တိစီဝရိက်အဓိဋ္ဌာန် မဆောင်ထားမူ အခိုက်အတန့်မျှသော်လည်းကောင်း၊ ကထိန်ခင်းကာနီးကာလ၌ ပရိက္ခာရစောဠတင်ထားသော မူလသင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြု၍ တိစီဝရိက်အဓိဋ္ဌာန် တင်သော်လည်း ကထိန်ခင်းအပ်ပါသည်။

သို့သော် သင်္ကန်းနွမ်းရှိသူမှာ အဓိဋ္ဌာန်မလောက်အောင် နွမ်းရှိလျှင် ပစ္စုဒ္ဓိုရ်ပြုဖွယ်ပင် မရှိသည်ကိုထောက်က တိစီဝရိက်အဓိဋ္ဌာန် မူလက မတင်ထားသော်လည်း ကထိန်သင်္ကန်းကိုသာ တိစီဝရိက်အဓိဋ္ဌာန်တင်၍ ခင်းအပ်ပါတယ်တဲ့။

"အင်း . . . ဒီအခန်းကလည်း ခက်ခက်ပါပဲ၊ ဟုတ်တာပေါ့၊ မူလက ကထိန်ခွင့်ပြုစဉ်က ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ဟာ အားလုံး တိစီဝရိက် ဓုတင်ဆောင်တွေချည်းကိုး"

## အဓိဋ္ဌာန်

အခုတော့ အလျှော့တွက်နဲ့ပဲ တွက်မှာပေါ့ဘုရား၊ ကဲ . . . ပစ္စုဒ္ဓိုရ် တစ်ခန်းရပ်ပြီး အဓိဋ္ဌာန်သွားကြစို့၊ ကထိန်ခင်းမည့် နှစ်ထပ်သင်္ကန်းကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"၊ ဧကသီကို "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"၊ သင်းပိုင်ကို "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" လို့ အမည်အားလျော်စွာ အဓိဋ္ဌာန်တင်ရပါတယ်၊ အဲဒီအဓိဋ္ဌာန်ကိုလည်း နားလည်ရပါမယ်။

## ခင်းခြင်း

ပြီးတော့ ကထိန်ခင်းပုံ ခင်းနည်းကိုလည်း နားလည်ရပါမယ်၊ ခင်းပုံက ကထိန်ခင်းမည့် သင်္ကန်းအားလျော်စွာ နှစ်ထပ်သင်္ကန်းနှင့် ခင်းက "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"၊ ဧကသီနှင့် ခင်းလျှင် "ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ"၊ သင်းပိုင်နှင့် ခင်းလျှင် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" ဟု ခင်းရမည်။

"ပြီးတဲ့အခါ၊ အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" လို့ တိုက်တွန်းခြင်း ပြုရပါမယ်၊ အဲဒီလို တိုက်တွန်းတဲ့အခါ "အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" ဟု အနုမောဒနာ ပြုရပါမယ်။

"ဒီနေရာမှာတော့ ခင်းသူအကြီးအငယ် အနုမောဒနာပြုသူ အကြီးအငယ်အလိုက် "အတ္ထတံ ဘန္တေ၊ အတ္ထတံ အာဝုသော" စသည် ပြောင်းတာလည်း သတိထားရပါမယ်။

"အဲဒီလို အနုမောဒနာပြုရာ၌ တစ်ပါးစီဆိုငြားသော်လည်း "အနုမောဒါမ" ဟု ဗဟုဝုစ်ဖြင့် မိမိကိုယ်ကို အလေးပြု၍ ဆိုရမယ်တဲ့"

## မာတိကာ ၈ - ပါး

အဲဒါတွေသိပြီးတော့ မပြီးသေးပါဘူး၊ မာတိကာ ရှစ်ပါးကို သိရပါဦးမယ်၊ အဲဒီ မာတိကာ ရှစ်ပါးကလည်း ဘယ်တော့မှ မလွယ်ဘူး၊ ဘာတွေလဲဆိုတော့ -

(၁) "ကထိန်ခင်းပြီးသော ရဟန်းသည် ချုပ်ပြီးသော ကထိန်သင်္ကန်းကိုယူ၍ ဤကျောင်းသို့ မလာတော့အံ့" ဟု ဖဲသွား၏။ ထိုရဟန်း ဥပစာရသိမ်ကို လွန်သော် ကထိန်နုတ်ခြင်း ဖြစ်၏။ ဤကား ဖဲသွားခြင်း အဆုံးရှိသော "ပက္ကမနန္တိက" ကထိန်နုတ်ခြင်း မည်၏။

(၂) ကထိန်ခင်းပြီးသော ရဟန်းသည် မပြီးသေးသော သင်္ကန်းကိုယူ၍ တစ်ပါးသောကျောင်းသို့ သွား၏။ ရောက်သောအခါ "ဤကျောင်း၌ပင် ဤသင်္ကန်းကို ချုပ်အံ့၊ ကျောင်းသို့ မပြန်တော့အံ့" ဟု ဆုံးဖြတ်၍ ချုပ်အံ့၊ ချုပ်ပြီးသော် ပြီးချင်း အဆုံးရှိသော "နိဋ္ဌာနန္တိက" နုတ်ခြင်း မည်၏။

(၃) ကထိန်ခင်းသောရဟန်းသည်မပြီးသေးသော သင်္ကန်းကိုယူ၍ဖဲသွား၏။ တစ်ပါးသောကျောင်းသို့ရောက်သောအခါ သင်္ကန်းကိုလည်း မချုပ်အံ့၊ ကျောင်းသို့လည်း မပြန်အံ့ဟု ဆုံးဖြတ်၏။ ဆုံးဖြတ်ခြင်း အဆုံးရှိသော "သန္နိဋ္ဌာနန္တိက" နုတ်ခြင်း မည်၏။

(၄) ကထိန်ခင်းပြီးသောရဟန်းသည် သင်္ကန်းကိုယူ၍ ဖဲသွား၏။ တစ်ပါးသောကျောင်းသို့ရောက်မှ "ဤကျောင်း၌ ချုပ်အံ့၊ ကျောင်းသို့ မပြန်တော့အံ့" ဟု အကြံပြုစဉ် သူခိုးခိုးချင်း မီးလောင်ခြင်းဖြင့် ပျက်စီးခဲ့သော် ပျောက်ခြင်းအဆုံးရှိသော "နာသနန္တိက" နုတ်ခြင်း မည်၏။

(၅) ကထိန်ခင်းပြီးသော ရဟန်းသည် သင်္ကန်းကိုယူ၍ ကျောင်းသို့ပြန်အံ့ဟု ကြံ၍ ကျောင်းတစ်ပါးသို့ သွားစဉ် သိမ်ပ၌ ချုပ်၏၊ ပြီးသော် မိမိကျောင်း၌ ကထိန်နုတ်၏ဟု ကြား၏။ ကြားခြင်းအဆုံးရှိသော "သဝနန္တိက" နုတ်ခြင်း မည်၏။

(၆) ကထိန်ခင်းပြီးသောရဟန်းသည် သင်္ကန်းကိုယူ၍ ဤကျောင်းသို့ ပြန်လာအံ့ဟု ဖဲသွား၏။ သိမ်ပ၌ချုပ်၏၊ ပြီးသော်ပြန်အံ့ဟုကြံ၍နေစဉ်ခရီးအကြား၌ကထိန်ကာလကိုလွန်စေ၏။ အပိုင်းအခြားကိုလွန်ခြင်းအဆုံးရှိသော "သီမာတိက္ကမန္တိက" နုတ်ခြင်း မည်၏။

(၇) ကထိန်ခင်းပြီးသော ရဟန်းသည် ဤကျောင်းသို့ပြန်လာအံ့ဟု သင်္ကန်းကိုယူ၍ဖဲသွား၏။ သိမ်ပ၌ ချုပ်၏။ ပြီးသော် ပြန်လာ၍ ရဟန်းတို့နှင့်တကွ ကထိန်နုတ်၏။ ရဟန်းတို့နှင့်အတူ "သဟုဗ္ဘာရ" ကထိန်နုတ်ခြင်း မည်၏။

(၈) ကထိန်ခင်းပြီးသောရဟန်းသည်ဤကျောင်းသို့မပြန်တော့အံ့ဟု သင်္ကန်းရမည်ထင်သောအရပ်သို့ဖဲသွား၏။ ဒကာက မလှူနိုင်တော့ဟု ကြား၍ အာသာပြတ်သော် အာသာပြတ်ခြင်း အဆုံးရှိသော "အာသာဝစ္ဆေဒိက" နုတ်ခြင်း မည်၏။

"အဲဒါ ရှစ်ပါးသော ကထိန်နုတ်ခြင်း မာတိကာရှစ်ပါးပါပဲ၊ အဲဒီ ရှစ်ပါးထဲကို ဘိက္ခုနီဝိဘင်း၌လာတဲ့ "အန္တရုဗ္ဘာရ" ကို ထည့်ကာ ကိုးပါးဖြစ်ပါတယ်။ အဲဒါကို အလွယ်မှတ်မိအောင် လင်္ကာနဲ့ မှတ်ထားပါ"

"ပက် - နိဋ် - သန်နာ၊ သ - သီမာ၊ သဟာ - အာသာရှစ်၊

အန္တရုဗ္ဘာရ ထည့်သွင်းက ကိုးဝသရုပ် ဖြစ်" တဲ့။

## ပလိဗောဓ နှစ်ပါး

ပြီးတော့ ပလိဗောဓခေါ်တဲ့ ကြောင့်ကျမှု နှစ်ပါးလည်း သိရမယ်တဲ့၊ အဲဒါက ဘာလဲဆိုတော့ အာဝါသပလိဗောဓ စီဝရပလိဗောဓ နှစ်ပါးပါပဲ၊ အဓိပ္ပာယ်က ဘယ်လိုလဲဆိုတော့ -

(၁) ကထိန်ခင်းသောကျောင်း၌ နေအံ့ဟု နှလုံးသွင်း၍ တစ်ပါးသော ကျောင်းကို သွားသော်လည်း တစ်ဖန် ကထိန်ခင်းသောကျောင်းသို့ ပြန်လာအံ့ဟု ငဲ့ကွက်ခြင်းသည် "အာဝါသ ပလိဗောဓ" မည်၏။

(၂) ထိုရဟန်းအား သင်္ကန်းမချုပ်အပ်သေးသော်လည်းကောင်း၊ မပြီးသေးသော်လည်းကောင်း၊ တစ်ပါးသောအရပ်မှသော်လည်းကောင်း သင်္ကန်းရအံ့ဟု သင်္ကန်း၌ အာသာမပြတ်ခြင်းသည် "စီဝရပလိဗောဓ" မည်၏။

## ကထိန်နုတ်ခြင်း

ပလိဗောဓပြီးတော့ ကထိန်နုတ်ခြင်းကို သိရမယ်တဲ့။ ကထိန်နုတ်ခြင်းဆိုတာ ခုနကပြောခဲ့တဲ့ မာတိကာရှစ်ပါး၊ ကိုးပါးဖြင့် ကထိန်နုတ်ခြင်းကို ဆိုပါတယ်။

ကထိန်နုတ်ဆိုတာ ကထိန်ခင်း၍ ရထားသော အာနိသင်တို့ကို ရုပ်သိမ်းခြင်း ဖြစ်သဖြင့် ကထိန်အာနိသင် ပျက်ခြင်းကို ဆိုပါတယ်။ ကထိန်နုတ်ပြီး နောက်ထပ် ပြန်ပြီးတော့ မခင်းကောင်းသည်ကို အထူးသတိပြုရပါမယ်တဲ့။

## ကထိန်အာနိသင် ငါးပါး

ကထိန်အာနိသင်ငါးပါးမှာ ကထိန်ခင်းသောရဟန်း၊ အနုမောဒနာပြုသော ရဟန်းတို့အား ကထိန်ခင်းပြီး အနုမောဒနာပြုပြီးသောအခါမှ စ၍ ကထိန်အာနိသင်ငါးပါးကို တပေါင်းလပြည့်နေ့တိုင်အောင် ရကြပါတယ်။ အဲဒီအာနိသင်ငါးပါးလည်း သိရပါမယ်၊ အာနိသင်ငါးပါးက ဘာတွေလဲဆိုတော့ -

(၁) ငါးပါးသော ဘောဇဉ်တို့တွင် တစ်ပါးပါးသော ဘောဇဉ်ဖြင့် ဖိတ်အပ်သော သတိရှိသော ရဟန်းအားထင်ရှားရှိသော ရဟန်းတို့ကို မပန်ကြားမူ၍ ဒါယကာတို့၏ အိမ်သို့ သွားလာနိုင်ခြင်း "အနာမန္တစာရ" အဲဒီအကျိုးရတော့ စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းအကျိုး ရပါတယ်။

(၂) အမည်အားဖြင့် အဓိဋ္ဌာန်တင်အပ်သော တိစီဝရိက်သင်္ကန်းကို မယူမူ၍ ဟတ္ထပါသ်ကင်း၍ သွားလာနိုင်ခြင်း "အသမာဒါနစာရ" အဲဒီအကျိုးရတော့ ဥဒေါသိတသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း အကျိုးရပါတယ်။

(၃) အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ အလိုရှိတိုင်း သင်္ကန်းကိုထားနိုင်ခြင်း "ယာဝဒတ္ထစီဝရ" အဲဒီအကျိုးရတော့ ဆယ်ရက်ကုန်အောင် ထားသော်လည်း ပထမကထိန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း အကျိုးရပါတယ်။

(၄) လေးပါး လေးပါးထက်အလွန်ရှိသော ရဟန်းတို့၏ ဝိညတ်ကြောင့်လည်းကောင်း၊ မအပ်သော အခေါ်အဝေါ် အသုံးအနှုန်းဖြင့် ပင့်ဖိတ်ခြင်းကြောင့်လည်းကောင်း ရအပ်သော ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးကို ခံယူခြင်း "ဂဏဘောဇန" အဲဒီအကျိုးကိုရတော့ ဂဏဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း အကျိုးကို ရပါတယ်။

(၅) ကထိန်ခင်းသော ကျောင်းတိုက်၌ အမှတ်မရှိ တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့် သံဃိကသင်္ကန်း ဖြစ်ပေါ်လာသော် ကထိန်အာနိသင်ရသော ရဟန်းတို့အားသာ ဖြစ်ခြင်း၊ ဆိုင်ခြင်း၊ ရထိုက်ခြင်း "ယောစ တတ္ထစီဝရုပ္ပါဒ" ဟူ၍ ငါးပါးရှိပါတယ်။

သင်္ကန်းမှတစ်ပါးသော သပိတ် စသည်တို့ကား အလုံးစုံသော ရဟန်းတို့အား ရောက်ပါတယ်၊ ရပါတယ်။

ကထိန် မခင်း၊ ကထိန်အာနိသင် မရသော ရဟန်းတို့သည် ငါးပါးသော အာနိသင်တို့တွင် "အသမာဒါနစာရ" ကို ဖယ်ထား၍ ကျန်လေးပါးသော အာနိသင်တို့ကို သင်္ကန်းကာလ၌ ရအပ် ရထိုက်ပါတယ်တဲ့၊ အဲဒီအာနိသင်ငါးပါးကို မှတ်မိအောင် လင်္ကာနဲ့မှတ်ထားပါ။

* အနာမန္တာ၊ အသမာနှင့်၊ ယာဝ - ဂဏ၊ ယောတတ္ထ၊ ပဉ္စအာနိသင်။

## အလှူရှင်ရကျိုး ငါးဝ

ကထိန်ခံရတဲ့ ရဟန်းတော်တွေမှာ အကျိုးငါးပါးရတာဟာ အင်မတန် တန်ဖိုးရှိပါတယ်၊ ရဟန်းတော်တွေမှာ အာပတ်မသင့်အောင် လှူနိုင်တဲ့ အလှူဟာ ကထိန်အလှူ ဖြစ်ပါတယ်။ အဲဒါကြောင့် အကျိုးကြီးပါတယ်။ လူများမှာလည်း "တူသော အကျိုး ပေးတယ်" ဆိုတဲ့အတိုင်း အကျိုးငါးပါး ပြန်ရပါတယ်။ ငါးပါးက ဘာတွေလဲဆိုတော့ -

(၁) ဖြစ်လေရာရာ သံသရာဝယ် သွားလိုရာ အရပ်မျက်နှာတို့ကို မည်သူကိုမှ မပန် မကြားရဘဲ အနှောင့်အယှက် မရှိ အန္တရာယ်ကင်းစွာ သွားလာရခြင်းအကျိုး။

(၂) ဖြစ်လေရာ သံသရာဝယ် မိမိပိုင်ပစ္စည်းတို့ကို ရန်သူမျိုးငါးပါးတို့ မနှောင့်ယှက် မဖျက်ဆီးနိုင်ခြင်း၊ ကျောက်တိုင် ကျောက်သားပမာ အမြဲတည်ခြင်းအကျိုး။

(၃) ဖြစ်လေရာရာ သံသရာဝယ် အစားအသောက် အထူးပေါများ၍ အစားအသောက်အတွက် ဘေးဥပါဒ်မဖြစ်နိုင်ခြင်း၊ အဆိပ်မသင့်နိုင်ခြင်းအကျိုး။

(၄) ဖြစ်လေရာရာ သံသရာဝယ် မိမိပိုင်ပစ္စည်းတို့ကို တောတောင် နေရာ ထားလိုရာထား၍ ကာလရှည်စွာ မေ့၍နေသော်လည်း မဆုံးပါးနိုင်ခြင်း၊ သူများလက်တွင်း သက်ဆင်းနေသော်လည်း လိုချင်တဲ့အချိန်တွင် ပြန်ရနိုင်ခြင်းအကျိုး။

(၅) ဖြစ်လေရာရာ သံသရာဝယ် အများနည်းတူ ပစ္စည်းရလျှင် မိမိက သူတစ်ပါးတွေထက် များစွာသာ၍ များစွာ ထူး၍ ပစ္စည်းရခြင်း အကျိုး။

အဲဒီအကျိုးငါးပါးကို ကထိန်ဒါယကာ ဒါယိကာမတွေ ကထိန်အလှူရှင်တွေမှာ မလွဲမသွေရမယ့် အကျိုးတွေ ဖြစ်ပါတယ်။ အဲဒီအကျိုးတွေဟာ ဘယ်အလှူနဲ့မှ မတူတဲ့ ထူးကဲတဲ့ အကျိုးတွေပါပဲ။

## အချုပ်ပြပါမယ်

ကဲ...ဒီနေရာမှာ အားလုံးကို အလွယ်တကူ မှတ်မိအောင် ပုဗ္ဗကရဏနှင့် ကထိန်ခင်းသူ၏ အင်္ဂါရပ်များကို လင်္ကာနှင့် အချုပ်ပြပါမယ်။

- ＊ ဇလျှော် - ဖွပ် - စီရင် - ဖြတ် - ယှဉ် - ချုပ် - ဆိုး - ဗိန္ဒုထိုး ခေါ်ရိုး ခွန်ပုဗ္ဗ
- ＊ ပုဗ္ဗကရဏ် ပစ္စုဒ္ဓါ၊ မိဋ္ဌာန် - အတ္ထာရ
- ＊ မာတိ - ဇောခံ၊ ဥဒ္ဓါရံ နိသံအင်ရှစ်ဝ
- ＊ ပြည့်စုံလေက ကထိန ကျနအောင်မြင်ပ တဲ့။

## အခင်းမမြောက်ပုံ ၂၄ - ပါး

အဲဒီယခုပြဆိုခဲ့ပြီးတဲ့အတိုင်း ကထိန်ခင်းသည်ရှိသော် ကထိန်ခင်းသည် မည်၏။ ယခုပြလတ္တံ့သောအတိုင်း ခင်းသည် ရှိသော် ကထိန်ခင်းသည် မမည်ဘူးတဲ့။ အဲဒါတွေက ဘာတွေလဲဆိုတော့ -

၁။ အလျား အနံ အတိုင်း အရှည်ကို ယူကာမျှဖြင့် ကထိန်ခင်းသည် မမည်။

၂။ ကထိန်လျာသင်္ကန်းကို ဖွပ်လျှော်ကာမျှဖြင့်

၃။ သင်္ကန်း၌ ငါးခန်း ခုနစ်ခန်း စသည်ကို စီရင်ကာမျှဖြင့်

၄။ စီရင်တိုင်း အဝတ်ကို ဖြတ်ကာမျှဖြင့်
၅။ သီကာမျှဖြင့်
၆။ သီကြောင်းကို အစဉ်လိုက်လျက် အလျားကို ချုပ်ကာမျှဖြင့်
၇။ တလုပ်အုပ်ကာမျှဖြင့်
၈။ နှစ်လွှာစပ်ကာမျှဖြင့်
၉။ အလျား အနား ပတ်တင်ကာမျှဖြင့်
၁၀။ အနံ အနား ပတ်တင်ကာမျှဖြင့်
၁၁။ သလင်း ထောင့်ထည့်ကာမျှဖြင့်
၁၂။ ဆင်စွယ်ရောင်ကဲ့သို့ တစ်ကြိမ်သာ ဆိုးကာမျှဖြင့်
၁၃။ ဤပုဆိုးဖြင့် ခင်းမည်ဟု နိမိတ်ပြုသဖြင့်
၁၄။ ပရိယာယ်ဆို၍ရသော သင်္ကန်းဖြင့်
၁၅။ ငှားသောသင်္ကန်းဖြင့်
၁၆။ ရောက်သောနေ့မှာပင် ခင်းတတ်သောပုဂ္ဂိုလ်ကို မပေးမချုပ် သိုမှီးထားသော ပုဆိုးဖြင့်
၁၇။ ညဉ့်လွန်သဖြင့်
၁၈။ ကပ္ပဗိန္ဒုမထိုးသောသင်္ကန်းဖြင့်
၁၉။ ဒုကုဋ်ကို ကြဉ်ထား၍
၂၀။ ကိုယ်ဝတ်ကို ကြဉ်ထား၍
၂၁။ သင်းပိုင်ကို ကြဉ်ထား၍
၂၂။ ထိုရောက်သောနေ့မှာပင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါးခန်းသင်္ကန်းကိုလည်းကောင်း၊ ငါးခန်းထက်အလွန် သင်္ကန်းကိုလည်းကောင်း ကြဉ်ထား၍
၂၃။ ပုဂ္ဂိုလ်၏ ခင်းခြင်းကို ကြဉ်ထား၍
၂၄။ အလယ်၌ ကောင်းစွာ ကထိန်ခင်းသည်ဖြစ်အံ့၊ ထိုကောင်းစွာခင်းသော ကထိန်ကို အကယ်၍ သိမ်ပ၌ တည်သောရဟန်းသည် အနုမောဒနာပြုငြားအံ့၊ ဤသို့ပြုသည်ရှိသော် ကထိန်ခင်းသည် မမည်။

## ကထိန်ခင်းခြင်း ရောက်.မရောက်ပုဂ္ဂိုလ်

ဒီနေရာမှာ ကထိန်ခင်းခြင်း ရောက်သောပုဂ္ဂိုလ် မရောက်သောပုဂ္ဂိုလ်လည်း သိဖို့ကောင်းပါတယ်။ သိမ်ပ၌ တည်လျက် အနုမောဒနာ ပြု၏။ အနုမောဒနာ ပြုသည်ရှိသော် နှုတ်မမြွက်၊ နှုတ်မြွက်သည်ရှိသော် သူတစ်ပါးကို မကြားသိစေ၊ ဤသုံးပါးသောပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။

"သိမ်အတွင်း၌တည်လျက် အနုမောဒနာပြု၏။ အနုမောဒနာပြုသည်ရှိသော် နှုတ်မြွက်၏၊ နှုတ်မြွက်သည်ရှိသော် သူတစ်ပါးကို ကြားသိစေ၏။ ဤသုံးပါးသောပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

## ရောက်ကထိန် မရောက်ကထိန်

ဒီနေရာမှာ တစ်ခါ ရောက်သော ကထိန်ခင်းခြင်း၊ မရောက်သော ကထိန်ခင်းခြင်းဟူ၍ နှစ်မျိုး တစ်ဖန် သိသင့်ပြန်ပါတယ်။ ကထိန်သင်္ကန်းလည်း ပျက်၏။ ကာလလည်း ပျက်၏။ အပြုလည်း ပျက်၏။ ဤသုံးပါးသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။

"ကထိန်သင်္ကန်းလည်းပြည့်စုံ၏။ ကာလလည်းပြည့်စုံ၏။ အပြုလည်းပြည့်စုံ၏။ ဤသုံးပါးသောကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

## ကထိန်အခင်း မြောက်ပုံ ၁၇ - ပါး

ကထိန်နဲ့ပတ်သက်လို့ သိစရာတွေ အတော်ပဲများပါတယ်။ ဒီနေရာမှာ ကထိန်အခင်းမြောက်ပုံ ၁၇ - ပါးကို ဖော်ပြပါဦးမယ်။

၁။ အသစ်ဖြစ်သော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

၂။ ပုဆိုးသစ်နှင့်တူသော တစ်ကြိမ် နှစ်ကြိမ်သာ လျှော်ဖွပ်သောပုဆိုးဖြင့်

၃။ ပုဆိုးကြမ်းဖြင့်

၄။ ပံ့သုကူပုဆိုးဖြင့်

၅။ အိမ်ဈေးက ရသော ပုဆိုးဖြင့်

၆။ နိမိတ်မပြုသော ရသော ပုဆိုးဖြင့်

၇။ ပရိယာယ်မဆိုဘဲ ရသော ပုဆိုးဖြင့်

၈။ မငှားသော ပုဆိုးဖြင့်

၉။ မသိုးသော ပုဆိုးဖြင့်

၁၀။ ညဥ့်မလွန်သော ပုဆိုးဖြင့်

၁၁။ ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့်

၁၂။ ဒုကုဋ်ဖြင့်

၁၃။ ကိုယ်ဝတ်ဖြင့်

၁၄။ သင်းပိုင်ဖြင့်

၁၅။ ထိုရောက်သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီးအိမ်ငယ်နှင့်တကွသော ငါးခန်းသင်္ကန်းဖြင့်ဖြစ်စေ၊ ငါးခန်းထက်လွန်သော ခုနစ်ခန်း၊ ကိုးခန်းသင်္ကန်း စသည်ဖြင့်ဖြစ်စေ ခင်းသော် ကထိန်ခင်းသည် မည်၏။

၁၆။ ပုဂ္ဂိုလ်၏ ခင်းခြင်းဖြင့် ခင်းသော်

၁၇။ အကယ်၍ ကောင်းစွာ ကထိန်ခင်းသည်ဖြစ်အံ့၊ ထိုကောင်းစွာခင်းသော ကထိန်ကို အကယ်၍ သိမ်တွင်း၌ တည်သောရဟန်းသည် အနုမောဒနာပြုငြားအံ့၊ ဤသို့ပြုသည်ရှိသော် ကထိန်ခင်းသည် မည်၏။

## အနုမောဒနာ ပြု.မပြု

ကထိန်ခင်းပြီး အနုမောဒနာ ပြု.မပြု ရှင်းချင်ပါတယ်။ ကထိန်ခင်းတဲ့အခါ လေးပါး၊ လေးပါးထက်လွန်သော သံဃာရယ် သမ္မုတိလ ဘိက္ခု သုံးပါးရယ်၊ နှစ်ပါးရယ်၊ တစ်ပါးရယ်လို့ လေးမျိုး ရှိပါတယ်။ အဲဒီ လေးမျိုးမှာ -

၁။ သံဃာဖြစ်မှု ကထိန်ခင်းသောရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" လို့ တိုက်တွန်းတဲ့အခါ "အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" လို့ အနုမောဒနာ ပြုရပါတယ်။

၂။ သမ္မဟုလဘိက္ခုဖြစ်မှု ကထိန်ခင်းသောရဟန်းသည် သမ္မဟုလဘိက္ခု နှစ်ပါးထံသို့ ချဉ်းကပ်၍ "အတ္ထတံ ဘန္တေသံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" လို့ တိုက်တွန်းပြီး "အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" လို့ အနုမောဒနာ ပြုရပါတယ်။

၃။ နှစ်ပါးဖြစ်မှု တစ်ပါးထံသို့ ချဉ်းကပ်ပြီး "အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါဟိ" လို့ တိုက်တွန်းပြီး "အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမိ" လို့ အနုမောဒနာ ပြုရပါတယ်။

၄။ တစ်ပါးတည်းဖြစ်မှု ကထိန်ခင်းပြီးလျှင် တိုက်တွန်းရန် မလိုတော့ပါ။ အနုမောဒနာပြုမည့်ရဟန်း မရှိ၍ဖြစ်ပါတယ်။ တစ်ပါးတည်းဖြစ်က ခင်းပြီးလျှင် ပြီးပါတယ်။

"ဒါက ကျောင်းရှိသံဃာကို ဆိုလိုတာပေါ့နော်"

"မှန်ပါဘုရား၊ ကထိန်ကံကတော့ ငါးပါး ဖြစ်ရပါတယ်။ ကျောင်းရှိ ကထိန်ခင်းသံဃာ၊ သမ္မဟုလဘိက္ခု၊ ဒွေဘိက္ခု၊ ဧကဘိက္ခုကို ဆိုလိုပါတယ်ဘုရား"

## အချုပ်မှတ်ဖွယ်

"ကဲ…ဒီလောက်ဆိုရင် အရှင်ဘုရားမေးတဲ့ အမေးထက် များစွာပိုလွန်တောင် နေပါပြီ။ ပြောမယ်ဆိုရင်တော့ အများကြီး ကျန်ပါသေးတယ်။ အချုပ်မှတ်ဖွယ်ပဲ ပြောပါတော့မယ်။

၁။ ကထိန်အင်္ဂါများနှင့် မပြည့်စုံသော ရဟန်းသည် ကထိန်သင်္ကန်း မခံယူထိုက်၊ ကထိန် မခင်းထိုက်။

၂။ မခံယူထိုက်၊ မခင်းထိုက်ဘဲ ခံယူသော် ခင်းသော် ခင်းသောကထိန် မဖြစ်၍ ရဟန်းများ ကထိန်အာနိသင် မရ၊ လှူများလည်း ကထိန်အလှူ အကျိုးမရ။

၃။ ရဟန်းတော်များသည် ရိုးရိုးသင်္ကန်း အကျိုးမျှသာ ရ၍ လှူသူ ဒကာများလည်း ရိုးရိုးသင်္ကန်းအလှူ အကျိုးမျှသာ ရပါသည်။

၄။ သို့ဖြစ်၍ ရဟန်းသံဃာများ အာနိသင်ငါး၀ ရကြစေရန်၊ လှူသူ ဒါယကာ ဒါယိကာမများ ယုံကြည်ချက်ပြည့်ဝ အကျိုးများကြစေရန် ကထိန်ခံယူမည့်ရဟန်းတော်များသည်ဝိနည်းဗဟုသုတကထိန်နှင့်ပတ်သက်သည့် အသိဉာဏ် ပြည့်ဝအောင် ကြိုးစားသင့်ပါသည်။

✦ ကထိန်လှူကား ရဟန်းများ ကြီးမားကျိုးဖလာ။
✦ ကထိန်အင်္ဂါ မညီညာ ဘယ်ခါကထိန်မဖြစ်ပါ။
✦ ကထိန်အင်္ဂါ ရဟန်းမှာ သေချာလိုအပ်တာ။
✦ လိုတာဖြစ်လစ် ကထိန်စစ် စင်စစ်ဖြစ်တော့တာ။
✦ ကထိန်ဖြစ်မှ ကျိုးဖလ ရကြမှန်ကန်စွာ။
✦ ကထိန်မစစ် ကျိုးမဖြစ် အပြစ်တင်တော့တာ။

# အကျွန်ုပ်၏ နှုတ်ကို ထိန်းကွပ်စောင့်မ,တော်မူပါစေသတည်း

## (၂၂၁)

### ဝီရိယ

ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ကို ကျောထောက်နောက်ခံထား၍ အရှေ့အရပ်သို့ မျက်နှာရှေ့ရှု ပြု တော်မူလျက် မြဲမြံသောစိတ် ရှိတော်မူကာ -

၁။ အရေမျှ ကျန်လိုလျှင် ကျန်စေ

၂။ အကြောမျှ ကျန်လိုလျှင် ကျန်စေ

၃။ အရိုးမျှ ကျန်လိုလျှင် ကျန်စေ

၄။ ငါ၏ တစ်ကိုယ်လုံး အသားအသွေးအားလုံးတို့ ခန်းခြောက်၍သွားလျှင် သွားစေ၊ ငါ ဘုရားမဖြစ်သမျှ ဤ ယခုဖွဲ့ခွေထားသော တင်ပျဉ်ကို အဘယ်နည်းနှင့်မျှ မဖျက် -

ဟူ၍ အင်္ဂါလေးပါးရှိသော ဝီရိယဖြင့် ဆောက်တည်တော်မူကာ အရာသော မိုးကြိုးစက်တို့ စုပေါင်းကျရောက်ခြင်းဖြင့်လည်း ပျက်စီးခြင်းသဘော မရှိသော ရန်သူတို့ကို မရှုံးဘဲ ကိုယ်တော်သာ အောင်ပွဲခံယူမည့် "အပရာဇိတတင်ပျဉ်" ဖွဲ့ခွေခြင်းမျိုး ကို ဖွဲ့ခွေတော်မူကာ ရတနာပလ္လင်၌ ထိုင်နေတော်မူ၏။

### နတ်များ ပူဇော်ခြင်း

ထိုသို့ ထိုင်နေတော်မူသောအခါ သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကို မှုတ်၍ ပူဇော်ရပ်တည်လာ၏။ ပဉ္စသိခ် နတ်သားသည် ဗေလုဝစောင်းကို တီးလျက် ပူဇော်ရပ်တည်လာ၏။

သုယာမနတ်မင်းသည် သားမြီးယပ်ကို ခတ်လျက် သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို ခတ်လျက် သဟမ္ပတိဗြဟ္မာမင်းသည် ထီးဖြူကိုဆောင်းလျက် ပူဇော်ရပ်တည်လာ၏။

ကာဠနဂါးမင်းသည် နဂါးမ ကခြေသည်အပေါင်းခြံရံလျက် ထောမနာဂါထာ ရာပေါင်းများစွာ ရွတ်ဆိုလျက် အလောင်း တော်သူမြတ်ကို ရှိခိုးပူဇော် ရပ်တည်လာ၏။

စကြဝဠာတိုက်တစ်သောင်းရှိ နတ်ပြဟ္မာအပေါင်းတို့သည် အလွန်မွှေးကြိုင်သော ပန်းဆိုင်းနံ့သာ၊ နံ့သာမှုန့်၊ အထုံအခိုး၊ အမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ကြကာ ကောင်းချီးအထောင်ကို ဖြစ်စေကြလျက် ပူဇော်ရပ်တည်လာကုန်ကြ၏။

## မာရ်နတ် လာပြီ

ထိုအခါ ဝသဝတ္တိနတ်ပြည်သား မာရ်နတ်သည် မိမိ၏နတ်စည်းစိမ်ကို စွန့်ပယ်သော အလောင်းတော်သူမြတ် ဒုက္ကရစရိယာ ကျင့်သုံးနေသည့် ခြောက်နှစ်ကြာကာလပတ်လုံး အလောင်းတော်နောက်မှ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါပြီးလျှင် အလောင်းတော်သူမြတ်၏ ဗျာပါဒဝိတက် ကာမဝိတက် အစရှိသော မိစ္ဆာဝိတက်တို့ကို ကြံစည်သည့်စိတ် ဖြစ်ပေါ်သည့်အချိန်ကို ငံ့မျှော်စုံစမ်းပါသော်လည်း တစိုးတစိမျှ အလောင်းတော်သူမြတ်၏ ချွတ်ချော်တိမ်းပါးမှု မိစ္ဆာဝိတက် ကြံမှားချက်ကို မတွေ့မြင်ဘဲ ရှိရာမှ -

> "ယခုသော်မူ သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်ဖို့ရန် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်လေပြီ၊ ယခုအခါ ဤသိဒ္ဓတ္ထမင်းသားသည် ငါ၏ နယ်ပယ်ဖြစ်သော ဘုံသုံးပါးကို လွန်မြောက်ရန် ကြိုးကုတ်အားထုတ်နေလေပြီ၊ ငါသည် ယခုပင် ထိုသိဒ္ဓတ္ထမင်းသားအား ဘုံသုံးပါးတည်းဟူသော ငါ၏နယ်ပယ်မှ လွန်မြောက်ရန် အခွင့်အရေး ဘယ်နည်းနှင့်မျှ မပေးနိုင်"

ဟု ကြံစည်ကာ ဝသဝတ္တိပြည်သို့ သွား၍ မိမိ၏ မာရ်စစ်သည် ဗိုလ်ပါတို့ကို စည်းဝေးစေပြီးလျှင် -

> "အချင်းတို့ အထူးထူးဖောက်ပြန်၍ ကြောက်မက်ဖွယ်ကောင်းသော အဆင်းတို့ကို ဖန်ဆင်းကြပြီးလျှင် လက်နက်တစ်မျိုးစီ တစ်မျိုးစီ ကိုင်ဆောင်ကြကာ ရေအလျဉ်ကြီး ဖိစီးလွှမ်းမိုးလာသည့်ပမာ သိဒ္ဓတ္ထမင်းသားရှိရာသို့ လျင်လျင်မြန်မြန် သွားကြကုန်လော့"

ဟု စေခိုင်း အမိန့်ပေးပြီးလျှင် မိမိကိုယ်တိုင်လည်း ယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်ကို စီး၍ လက်ရုံးပေါင်း တစ်ထောင် ဖန်ဆင်းကာ လက်ရုံးတစ်ခုလျှင် လက်နက်တစ်မျိုးစီအားဖြင့် လက်နက်အမျိုးပေါင်း တစ်ထောင်ကို ကိုင်ဆောင်လျက် လိုက်ပါလာခဲ့လေသည်။

## မာရ်နတ်အင်အား

အလောင်းတော်ထံမှောက်သို့ ချီတက်လာသော မာရ်နတ်၏စစ်တပ်ကြီးကား မာရ်နတ်အရှေ့မှ ၁၂ ယူဇနာ၊ လက်ျာဘက်မှ ၁၂ ယူဇနာ၊ လက်ဝဲဘက်မှ ၁၂ ယူဇနာ၊ အထက်ဦးမှ ၉ ယူဇနာ အမြင့်အစောက်ထုထည်ရှိ၍ နောက်မျက်နှာကမူ စကြဝဠာတိုက်အလုံးအစွန်းတိုင်အောင် များပြားလှလေသည်။

ယင်းသည် မာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းဟစ်အော် ကြွေးကြော်သောအသံကို ယူဇနာတစ်ထောင် ဝေးကွာသောအရပ်မှာ စစ်မြေပြိုသော အသံကဲ့သို့ ကြောက်မက်ဖွယ်ရာ ကြားရလေသည်။

မာရ်နတ်သည် မိမိကိုယ်တိုင်က လက်ရုံးတစ်ထောင် ဖန်ဆင်း၍ လက်နက်မျိုးတစ်ထောင် ကိုင်ဆောင်လျက်လည်းကောင်း၊ ထိုမှ များပြားသော မာရ်နတ်၏စစ်သားတို့သည်လည်း တစ်ဦးလျှင် လက်နက်တစ်မျိုးစီ ကိုင်ဆောင်ကာ ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဍာန် မျက်နှာအမျိုးမျိုးကို ဖန်ဆင်းကြလျက်လည်းကောင်း ဘုရားအလောင်းတော်ကို လွှမ်းမိုးနိုပ်စက် တိုက်ဖျက်ရန်အတွက် ချီတက်၍ လာကြလေကုန်၏။

## နတ်ပြဟ္မာများ ပြေးကြပြီ

ဤသို့ မာရ်နတ်၏ စစ်တပ်ကြီးသည် ဗောဓိမဏ္ဍိုင်သို့ ရှေ့ရှုချီတက်လာသောအခါ စောစောက အလောင်းတော်အား ပူဇော်လျက် ရှိနေကြသော သိကြားမင်း စသည်တို့အနက် တစ်ဦးတစ်ယောက်မျှကြံ့ကြံ့ရပ်တည် မနေနိုင်ကြပေ။ ဦးတည်ရာ မျက်နှာမူရာအရပ်သို့ ပြေးလွှားကြလေ၏။

သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကြီးကို ကျောဖြင့်ပိုး၍ ထွက်ပြေးလွှားကာ စကြာဝဠာတိုက် အနားရေး၌ ရပ်နေလေ၏။

မဟာပြဟ္မာမင်းသည်လည်း ထီးဖြူကို စကြာဝဠာတိုက် အစွန်း၌ စွန့်ပစ်ချထားခဲ့ကာ ပြဟ္မာ့ပြည်သို့သာ သွားလေတော့၏။

ကာဠနဂါးမင်းသည်လည်း နဂါးမ ကခြေသည်အပေါင်းကို စွန့်ပစ်၍ မြေ၌ငုပ်လျှိုးပြီးလျှင် ယူဇနာငါးရာရှိသော နဂါးဘုံဗိမာန်သို့ သွားရောက်ကာ လက်ဖြင့် မျက်နှာကိုပိတ်လျက် အိပ်နေလေ၏။

တစ်ဦးသော နတ်ပြဟ္မာမျှ မြတ်စွာဘုရားအလောင်းတော်နှင့် မဟာဗောဓိပင်၏ အနီးအပါး၌ ရပ်နေဝံ့သူ မရှိတော့ပြီ။

ထိုအချိန်၌ အလောင်းတော်သူမြတ်၏ ဆိတ်ငြိမ်သော ဗိမာန်အတွင်း၌ ပြဟ္မာမင်းကြီး တစ်ဦးတည်းသာ နေသကဲ့သို့ တစ်ပါးတည်းသာလျှင် ထိုင်နေတော်မူ၏။

## မာရ်နတ် မကပ်ဝံ့

ဘုရားအလောင်းတော်မူကား ငှက်တကာတို့ အလယ်၌ ဂဠုန်ငှက်မင်းကဲ့သို့လည်းကောင်း၊ သားကောင်တကာတို့ အလယ်၌ ကေသရာဇာခြင်္သေ့မင်းကဲ့သို့လည်းကောင်း ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ ရဲရင့်စွာ ထိုင်နေတော်မူ၏။

မာရ်နတ်သားသည် မဟာဗောဓိမဏ္ဍိုင်အဝန်းသို့ ဝင်ရောက်ခြင်းငှာ မစွမ်းနိုင်ဘဲ ရပ်၍နေလေသည်။ မာရ်နတ်စစ်တပ်ကြီးသည်လည်း အနီးသို့ မကပ်ဝံ့ဘဲ အလောင်းတော်သူမြတ်ကို ထက်ဝန်းကျင်မှ ဝန်းရံလျက် ထားကြလေကုန်၏။

မာရ်နတ်သည် မိမိ၏ စစ်တပ်ကို ကြည့်ရှုကာ "လာကြကုန်၊ ဖမ်းကြကုန်" စသည်ဖြင့် အမိန့်ပေးစကား ပြောရုံသာ ပြောကြားနိုင်ပြီး ရဲရဲပူသော သံတွေခဲအနီးသို့ ယင်ကောင် မကပ်နိုင်သည့်ပမာ မဟာဗောဓိပင်အနီးသို့ ချဉ်းနင်းဝင်ရောက်ခြင်းငှာ မစွမ်းနိုင်ဘဲ မိမိ၏ စစ်တပ်ပရိသတ်ကို တစ်ဖန်ထပ်၍ -

"အချင်းတို့၊ သုဒ္ဓေါဒနမင်းကြီး၏သား ဤသိဒ္ဓတ္ထမင်းသားနှင့် တူသောသူ တစ်ဦးတလေမျှ မရှိချေ။ ငါတို့သည် မျက်နှာချင်းဆိုင် စစ်ပြိုင်ခြင်းငှာ မတတ်နိုင်ကြကုန်။ ထိုသိဒ္ဓတ္ထမင်းသားအား နောက်ကျောဘက်မှနေကာ စစ်ထိုးကြကုန်အံ့" ဟု ပြောကြားလေသည်။

## ပါရမီရဲမက်

ဘုရားအလောင်းတော်သည်လည်း ရှေ့နှင့်ဝဲယာ သုံးမျက်နှာတို့ကို ကြည့်ရှုတော်မူလတ်သည်တွင် ခပ်သိမ်းသော နတ်ပြဟ္မာတို့ ဝေးရာရှောင်ရှား ပြေးသွားကြပြီ ဖြစ်ရကား တစ်စုံတရာ မတွေ့မြင်ဘဲ ဆိတ်သုဉ်း၍ နေသည်ကိုသာ မြင်တော်မူလေ၏။ တစ်ဖန် မြောက်အရပ်နံပါးမှ မာရ်နတ်စစ်သည်ဗိုလ်ပါများ ချီတက်လွှမ်းမိုး၍ လာသည်ကို မြင်တော်မူ၍ -

"ဤမျှများပြားသော မာရ်နတ်စစ်သည်တို့သည် ငါတစ်ဦးတည်းကို ရည်စူးကာ ကြီးစွာသောလုံ့လ ပြုလာကြ၏။ ဤအရပ်၌ ငါ၏ အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း၊ ညီအစ်ကိုသော်လည်းကောင်း၊ အခြားတစ်ဦးတစ်ယောက်သော ဆွေမျိုးသော်လည်းကောင်း မရှိချေ။ ငါဆည်းပူးခဲ့သော ပါရမီဆယ်ပါး တရားတို့သည်သာလျှင် ရှည်ကြာလေးမြင့် ငါမွေးမြူအပ်သော ငါ့ပရိသတ် အခြံအရံနှင့် တူကုန်၏။ သို့ဖြစ်ရကား ပါရမီဆယ်ပါး၏ ရဲမက်များကိုသာ အမှီသဟဲပြုကာ ဤပါရမီလက်နက်ဖြင့်ပင် ထိုးခုတ်ပုတ်ခတ်၍ ဤမာရ်နတ်၏ စစ်သည်မိုလ်ပါတို့ကိုငါ ဖျက်ဆီးမှ သင့်လျော်ချေမည်"

ဟု နှလုံးပိုက်ကာ ကိုယ်တော်၏ ပါရမီဆယ်ပါး ကုသိုလ်တရားတို့ကိုသာ စဉ်းစားဆင်ခြင်၍ နေတော်မူလေ၏။

ထိုသို့ အလောင်းတော်သူမြတ်သည် ပါရမီကုသိုလ်တို့ကို စဉ်းစားဆင်ခြင်၍ နေတော်မူသောအခါ မာရ်နတ်သားသည် -

"ဤသိဒ္ဓတ္ထမင်းသားကို ငါ၏ လက်နက်ကြီးကိုးပါးဖြင့် ပစ်လွှတ်ကာ ပြေးစေမည်"

ဟု ကြံစည်စဉ်းစား၍ လက်နက်ကြီး ကိုးပါးတို့ဖြင့် ပစ်လွှတ်ကာ တိုက်ဖျက်လေ၏။ သို့သော် အရာမရောက်ပါချေ။ ထို့နောက် ဥက္ကာကျအောင် ပြုလေ၏။ ထို့နောက် စက်လက်နက်ကို လွှတ်လေ၏။ မာရ်နတ်၏ စစ်သည်ပရိသတ်များလည်း များစွာသော ကြောက်မက်ဖွယ်တို့ကို ပြကုန်၏။

ဘုရားအလောင်းတော်သည် မာရ်နတ်နှင့်တကွ မာရ်စစ်သည်တို့ ပြုလုပ်သမျှသော ဖောက်ပြန်မှု၊ ပြစ်မှု အလုံးစုံကို မေတ္တာအစွမ်းဖြင့် ပယ်ရှားဟန့်တားတော်မူ၏။

## ကိုယ့်အား ကိုယ်ကိုး

အို … စာရှုသူ၊ မိမိသည် ဘုရားအလောင်းတော်၏ ဘုရားအဖြစ်သို့အရောက် ကျင့်စဉ်အမြွက်မျှကို ရေးပြနေသည်မှာ ကိုယ့်အား ကိုယ်ကိုးပုံကို ပေါ်လွင်စေလို၍ ဖြစ်ပါသည်။

အများအားဖြင့် သူသူငါငါ များစွာသော လူတို့သည် ကိုယ့်အားကို ကိုယ်မကိုးဘဲ သူတစ်ပါးကို အားကိုးတစ်ခုပြုကာ ရေသာခိုနေကျဖြစ်၍ ရေသာခိုမှ လုံလောက်သည်။ မခိုရပါက မလုံလောက် ဖြစ်နေသည်။

မိမိတို့မှာရှိသော သတ္တိစွမ်းပကားများလည်း မထွက်လာတော့။ သို့ဖြစ်ရကား အကျိုးယုတ်သည်။ ယင်းကို အချို့က မြင်သည်၊ အချို့က မမြင်၊ မြင်ကြသူများက မိမိတို့ထံသို့ မေးကြသည်။ ယင်းတွင် တရားရေးနှင့်ပတ်သက်သော မှတ်ဖွယ်ရာ အမေးတစ်ခုကို ဖော်ပြချင်ပါသည်။

၁၃၄၂ ခု၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

တေဒဂ်ဆရာတော် -

လေးစားစွာ စာရေးလျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား -

၁။ ဘုရား၊ သံဃာ၊ ပစ္စေကဗုဒ္ဓါတို့၏ ခန္ဓာကိုယ်၌ တည်ရှိသော ဓာတ်တို့သည် တပည့်တော်တို့ထံ ကူးယူက်၍ အမွေအနှစ် ပေးတော်မူ၍ ဓာတ်ရောက်ကူးစက်ပြီးလျှင် တစ်ဖန် အမိန့်တော်ပြန်ရာ၌ ဘုရားအားလုံးရဲ့အမိန့်၊ တရားအားလုံးရဲ့အမိန့်၊ သံဃာအားလုံးရဲ့အမိန့်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အားလုံးရဲ့အမိန့်တော်ကြောင့် -

၂။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်သည် တရားပွဲကြီးသို့ ကြွရောက်တော်မူလာပြီးလျှင် ကျွန်တော်ရဲ့နှုတ်ဝစီကို ထိန်းသိမ်းစောင့်ရှောက်ပေးပါလို့ အထက်ပါအသုံးအနှုန်းစကားများမှာ ဝိပဿနာ တရားပြ တရားဟောပုဂ္ဂိုလ်အချို့ရဲ့အသုံးအနှုန်းများ ဖြစ်ရာ "တန္တရယာန" သို့မဟုတ် "မဟာယာန" ဆန် နေသည်ဟု တပည့်တော် ထင်မိပါသည်။

ဤသို့သော စကားအသုံးမျိုး သုံးသင့်မသင့် ဖြေကြားတော်မူပါ ဆရာတော်ဘုရား။

ဗုဒ္ဓသာသနာအကျိုး သယ်ပိုးနိုင်ပါစေ

ဦးခိုက်လျက်

(......)

သို့

(......)

၁၃၄၃ ခု၊ ပြာသိုလဆုတ် ၁၀ ရက်

ပြန်ကြားသိစေပါသည်။ ပေးစာနှင့် ပြန်စာကတော့ တစ်နှစ်ကျော်ကျော် ကွာပါသည်။ ကိုယ့်အမေးများ ကိုယ်မေ့နေလားတောင် မသိပါ။ စာပေးသမားတစ်ယောက်ဆိုလျှင်တော့ ဘုန်းကြီးရဲ့ ပြန်စာ နောက်ကျတာကို ခွင့်လွှတ်နိုင်ပါလိမ့်မည်။

ဒကာကြီးရဲ့စာရဲ့အချုပ်ကို ဖြေရရင် "တန္တရယာန၊ မဟာယာန" ဆန်နေပါသည်။ ယင်းအသုံးအနှုန်းများ မသုံးနှုန်းသင့်ပါ။

မှန်ပါသည်။ ဘုရားရှင်၏ ဝါဒသည် ကိုယ့်အားကိုယ်ကိုး ဝါဒပါ။ ၎င်းအသုံးအနှုန်းမျိုး သုံးသော် ကိုယ့်အားကိုယ်ကိုးမှုနည်းပါးသွားပါသည်။ ကိုယ့်အားကိုယ်ကိုးမှု နည်းပါးသွားပါက ကိုယ်လိုရာကို မရနိုင်ပါ။ ကိုယ်ဖြစ်ချင်ရာ မဖြစ်နိုင်ပါ။ ကိုယ်ရောက်ချင်တာလည်း မရောက်နိုင်ပါ။

## ကြမ်းတမ်းသောရောဂါ ကပ်လာခြင်း

အဲဒီအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းအောင် အကျယ်တဝင့် ရှင်းပြပါမည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံကာနီး အခြေ အနေနှင့် ရှင်းပြပါမည်။ သေသေချာချာကြည့်၍ စဉ်းစားဆုံးဖြတ်ပါ။

ဘုရားရှင်သည် ဝေဠုဝရွာငယ်၌ နောက်ဆုံးဝါကပ်တော်မူပြီးလျှင် ဘုရားရှင်၏ကိုယ်တော်၌ကြမ်းတမ်းသော ရောဂါ ကပ်ရောက်လျက် ပရိနိဗ္ဗာန်စံတော်မူလောက်အောင် ပြင်းထန်သော ဝေဒနာသည် ဖြစ်ပေါ်လာလေ၏။

ထိုအခါ ဘုရားရှင်သည် ထိုရောဂါဝေဒနာကို သတိသမ္ပဇဉ် ကိုယ်တော်ယှဉ်လျက် ပင်ပန်းသည်ဟု မတွက်ဘဲ၊ သည်းခံတော်မူပါသည်။

ဤ၌ ရောဂါဝေဒနာ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားရှုမြင် ဆင်ခြင် တော်မူခြင်းဖြင့် ထိုရောဂါဝေဒနာကို သည်းခံတော်မူသည်။ ထိုအခါ ဘုရားရှင်၏ စိတ်သန္တာန်ဝယ် -

"ငါသည် အလုပ်အကျွေးတို့ကို အသိမပေးဘဲ၊ ရဟန်းသံဃာတို့ကို မပန်ကြားဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှာ မလျောက်ပတ်ချေ"

"ငါသည် ဤယခုစွဲကပ်နေသော ရောဂါဝေဒနာကို အရဟတ္တဖလသမာပတ်၏အခြေခံရှေ့ပိုင်း ဝိပဿနာ ဝီရိယ၊ ဖလသမာပတ္တိ ဝီရိယဖြင့် ပယ်ခွာတွန်းလှန်၍ အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စားလျက် နေရမူ ကောင်းလေစွ"

ဟု အကြံဖြစ်တော်မူ၏။ ထို့နောက် ဘုရားရှင်သည် ကြံစည်တော်မူသည့်အတိုင်း ထိုစွဲကပ်သော ရောဂါဝေဒနာကို အခြေခံ ရှေ့ပိုင်း ဝိပဿနာ ဝီရိယ ဖလသမာပတ္တိ ဝီရိယနှစ်ပါးတို့ဖြင့် ဖယ်ခွာတွန်းလှန်၍ အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စားလျက် နေတော်မူ၏။ ထိုအခါ ဘုရားရှင်၏ ကိုယ်တော်၌ စွဲကပ်သော ထိုရောဂါဝေဒနာသည် ငြိမ်းလေ၏။

ဤ၌ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ သန္တာန်အစဉ်ကိုလည်း "ဇီဝိတသင်္ခါရ = ကံသည် ပြုပြင်အပ်သော ဇီဝိတ" ဟု ခေါ်၏။

ထိုဇီဝိတမည်သော ရုပ်သက် နာမ်သက်ကို ကာလ ဆက်လက်ရှည်နိုင်သော ဖလသမာပတ်ကိုလည်း "ဇီဝိတသင်္ခါရ" ဟု ခေါ်၏။ ထိုဇီဝိတသင်္ခါရကိုပင် "အာယုသင်္ခါရ" ဟူ၍လည်း ခေါ်၏။

## သမာပတ် ရှင်းချက်

ဤ၌ ဘုရားရှင်၏ အရဟတ္တဖလသမာပတ်ကို ရှင်းပြရန် လိုပါသည်။ သို့ဖြစ်၍ သမာပတ်အမျိုးအစားကို သေချာစွာ မှတ်သားသင့်ပါသည်။ ဘုရားရှင်၏ အရဟတ္တသမာပတ်ကို -

၁။ မဂ္ဂါနန္တရဖလသမာပတ်

၂။ ဝဠဉ္ဇနဖလသမာပတ်

၃။ အာယုသင်္ခါရဖလသမာပတ်၊ တစ်နည်းဆိုသော် အာယုပါလက ဖလသမာပတ်

ဟူ၍ သုံးမျိုးသုံးစား ခွဲခြား၍ မှတ်သားထားသင့်ပါသည်။ ထိုသုံးမျိုးတို့တွင် -

(၁) ဘုရားရှင်၏ အရဟတ္တမဂ္ဂဝီထိဝယ် အရဟတ္တမဂ်၏ အခြားမဲ့၌ (မဂ်ဇော၏ အခါမလင့် အကျိုးပေးခြင်း တည်းဟူသော အကာလိက ဂုဏ်ကျေးဇူးသတ္တိကြောင့်) ဖြစ်သော ဖိုလ်ဇောသုံးကြိမ်ကို "မဂ္ဂါနန္တရ ဖလသမာပတ်" ဟူ၍ ခေါ်ဆိုအပ်ပါသည်။

(၂) နောက်အခါ အလိုတော်ရှိသည့်အချိန်၌ အချိန်မရွေး ဝင်စားအပ်သော ဘုရားရှင်၏ အရဟတ္တဖလသမာပတ်ကို "ဝဠဉ္ဇနဖလသမာပတ်" ဟု ခေါ်ဆိုအပ်ပါသည်။ နိဗ္ဗာန်ချမ်းသာကို အသုံးအစွဲပြုသော ဖလသမာပတ်ကို ဆိုလိုပါသည်။ ဘုရားရှင်သည် ဤ ဝဠဉ္ဇနဖလသမာပတ်ကို တရားဒေသနာ ဟောတော်မူသော အခါ၌လည်း တရားနာပရိသတ်တို့ သာဓုအနုမောဒနာ ခေါ်ဆိုနေခိုက် အားလပ်သည့် အချိန်ကာလ ကလေးမှာပင် စိတ္တိဿရိယ ဘုန်းတော်ရှင် ဖြစ်တော်မူသောကြောင့်ဝင်စားတော်မူကာ နိဗ္ဗာန်ချမ်းသာကို သုံးစွဲခံစားတော်မူလေသည်။ အခြားတစ်ပါး အားလပ်ခွင့်ရသောအချိန်၌ကား ဆိုဖွယ်ရာ မရှိပြီ။

(၃) ဘုရားရှင်သည် ဝေဠုဝရွာငယ်၌ နောက်ဆုံး ဝါကပ်တော်မူပြီးနောက် အသက်ကို ဖြတ်တောက်ခြွေနိုင်လောက်အောင် ပြင်းထန်ကြမ်းတမ်းသော ရောဂါဝေဒနာတို့ ကပ်ရောက်လာသောအခါ ဘုရားရှင်သည် မဟာဗောဓိပင်၌ ဘုရားဖြစ်တော်မူကာနီး အခါကဲ့သို့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောများကို "ရူပသတ္တက၊ နာမသတ္တကနည်း" တို့ဖြင့် လက္ခဏာယာဉ် သုံးချက်တင်၍ အခြေခံ ဝိပဿနာတရား ပွားများတော်မူပြီးမှ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားလတ်သော် -

"ဤမှ နောက် ကဆုန်လပြည့်နေ့တိုင်အောင် ဆယ်လကာလပတ်လုံး ရောဂါဝေဒနာတို့သည် မဖြစ်ပါစေ ကုန်သား"

ဟု အဓိဋ္ဌာန်တော်မူပြီးမှ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားတော်မူလေသည်။ ထိုအရဟတ္တဖိုလ်သမာပတ်၏ တန်ခိုးသတ္တိကြောင့် ဘုရားရှင်၏ သန္တာန်တော်၌ ထိုပရိနိဗ္ဗာန်စံလောက်သည့် ရောဂါဝေဒနာများ ဆယ်လတိုင်တိုင် မဖြစ်ပွားတော့ဘဲ ငြိမ်းစဲနေကြလေသည်။

သို့ဖြစ်ရကား "ရူပသတ္တက နာမသတ္တကနည်း"ဖြင့် ပွားများအပ်သော ဝိပဿနာအခြေခံပြု၍ ယခုကဲ့သို့ ဝင်စားအပ်သောဖလသမာပတ်ကို (အသက်ရှည်အောင်ပြုပြင်နိုင်စွမ်းရှိသောကြောင့်) "ဇီဝိတသင်္ခါရဖလသမာပတ်"၊ "အာယုပါလကဖလသမာပတ်"၊ "အာယုသင်္ခါရဖလသမာပတ်"ဟူ၍ ခေါ်ဆိုအပ်ပါသည်။ ထို ဖလသမာပတ်သုံးမျိုးတို့တွင် မဂ္ဂါနန္တရဖလသမာပတ်နှင့် ဝဠဉ္ဇန ဖလသမာပတ် နှစ်ပါးတို့ကို အဋ္ဌကထာဋီကာတို့၌ "ခဏိက ဖလသမာပတ်"ဟု ခေါ်ဆိုသုံးနှုန်းကြလေသည်။

ဇီဝိတသင်္ခါရ ဖလသမာပတ်ကိုကား ၎င်းအတိုင်းပင် ဇီဝိတသင်္ခါရ ဖလသမာပတ်၊ အာယုပါလက ဖလသမာပတ်၊ အာယုသင်္ခါရ ဖလသမာပတ်ဟူ၍ခေါ်ဆိုအပ်ပါသည်။

## သမာပတ်စွမ်းအား

ဘုရားရှင်သည် ဝေဠုဝရွာငယ်၌ နောက်ဆုံး ဝါကပ်တော်မူပြီးနောက် အသက်တော်ကို ဖြတ်တောက်နိုင်လောက်အောင် ပေါ်ပေါက်ဖြစ်ပွားလာသော ရောဂါဝေဒနာကို ဇီဝိတသင်္ခါရ ဖလသမာပတ်၊ အာယုပါလက အရဟတ္တဖိုလ် ဖလသမာပတ်ဖြင့် ဟန့်တားပယ်ရှားတော်မူလေသည်။

ထို့ကြောင့် ထိုရောဂါဝေဒနာသည် ကဆုန်လပြည့်နေ့တိုင်အောင် မပေါ်ပေါက်တော့ဘဲ ငြိမ်းစဲ၍သွားလေသည်ဟု ဆိုလိုပါသည်။

ဤနေရာ၌မေးဖွယ်အထူးရှိပါသည်။ မြတ်စွာဘုရားရှင်သည် ဤအခါမှ ရှေးကာလက ဖလသမာပတ်ကို မဝင်စားဘူးလား။ မဝင်စားသည်မဟုတ် ဝင်စားတော်မူပါသည်။ ထိုဝင်စားအပ်သောဖလသမာပတ်ကားဝင်စားလိုသောခဏမှာပင်ဝိပဿနာသာမန်အခြေခံ၍ ဝင်စားအပ်သော "ခဏိက ဖလသမာပတ်"သာ ဖြစ်လေသည်။

ဆက်ဦးအံ့။ ခဏိက ဖလသမာပတ်သည် သမာပတ်၏ အတွင်း၌သာလျှင် ရောဂါဝေဒနာကို ဖယ်ခွာတွန်းလှန်နိုင်၏။ မှော်ရှိသော ရေအိုင်အတွင်း၌ ကျောက်ခဲ အုတ်ခဲကို ပစ်ချလိုက်လျှင် ထိုကျောက်ခဲ အုတ်ခဲ ကျရောက်သည့် ခဏတာကလေးလောက်သာ မှော်ရှဲသွား၏။

ထိုကျောက်ခဲ အုတ်ခဲတို့ ရေထဲသို့ ငုပ်လျှိုးကျရောက်သွားသောအခါ မှော်များသည် တစ်ဖန်လွှမ်းမိုးမြဲ လွှမ်းမိုးသကဲ့သို့ ထို ခဏိက ဖလသမာပတ်ကို ဝင်စားသောအခါမှာလည်း သမာပတ် ဝင်စားချိန်၌သာ ရောဂါဝေဒနာကို ခွာရှဲ၍ သမာပတ်မှ ထသောအခါ ရောဂါဝေဒနာများ တစ်ဖန်ပြန်၍ လွှမ်းမိုးမြဲ လွှမ်းမိုးလေ၏။

ယခု ဝေဠုဝရွာငယ်၌အသက်တော်ကို ခြွေနိုင်လောက်သည့် ရောဂါဝေဒနာ စွဲကပ်ရောက်သောအခါ ဝင်စားတော်မူအပ်သော ဖလသမာပတ်ကား "ရူပသတ္တက၊ နာမသတ္တကနည်း"များဖြင့် ကြီးစွာသော မဟာဝိပဿနာကို အခြေခံ၍ ဝင်စားအပ်သော ဖလသမာပတ် ဖြစ်လေသည်။ ထို ဖလသမာပတ်ဖြင့် ရောဂါဝေဒနာကို အချိန်ကြာမြင့်စွာ ဖယ်ရှားဟန့်တားထားနိုင်လေသည်။

ဥပမာအားဖြင့် အားကောင်းသော ယောက်ျားသည် ရေကန်အတွင်းသို့ သက်ဆင်း၍ လက်ခြေတို့ဖြင့် တအားကုန် ဖယ်ရှားအပ်သော မှော်အစုသည် အချိန်အလွန်ကြာမြင့်မှ ရေပြင်ကို တစ်ဖန်ပြန်၍ ဖုံးလွှမ်းသကဲ့သို့ ဤအတူပင် မဟာဝိပဿနာ အခြေခံ၍ ဝင်စားအပ်သော အာယုပါလက ဖလသမာပတ်မှထသော ဘုရားရှင်၏ ကိုယ်ခန္ဓာတော်မှ ထိုပရိနိဗ္ဗာန်စံလောက် သည့် ရောဂါဝေဒနာများ ဆယ်လအချိန်ကြာမြင့်စွာ ငြိမ်းစဲ၍သွားလေသည်။

ဤသို့လျှင် ဘုရားရှင်သည် ထိုသေလောက်သော ရောဂါစွဲကပ်သောနေ့၌ မဟာဗောဓိပလ္လင်ဝယ် ဘုရားဖြစ်ကာနီး တုန်းက မဟာဝိပဿနာကို ပွားများတော်မူသကဲ့သို့ "ရူကသတ္တက၊ အရူပသတ္တကနည်း" တို့ဖြင့် မဟာဝိပဿနာကို ပွားများ၍ ထိုမဟာဝိပဿနာဖြင့် ရောဂါဝေဒနာကို ခွာရှဲတော်မူပြီးလျှင် "ဆယ်လတိုင်တိုင် ဤရောဂါဝေဒနာများ မဖြစ်စေသား" ဟု အဓိဋ္ဌာန်တော်မူပြီးမှ အရဟတ္တ ဖလသမာပတ်ကို ဝင်စားတော်မူလေသည်။

ထိုဇီဝိတသင်္ခါရဟုခေါ်သည့် အာယုပါလက ဖလသမာပတ်ဖြင့် ပယ်ခွာအပ်သော ရောဂါဝေဒနာတို့သည် ဆယ်လ တိုင်တိုင် မဖြစ်ပွားတော့ဘဲ ငြိမ်းစဲ၍နေလေကုန်၏။

## အရှင်အာနန္ဒာ လျှောက်ထား

ထို့နောက် အနာရောဂါမှ ထမြောက်ပြီးသော ဘုရားရှင်သည် နာလန်ထ၍ မကြာမီပင် ကျောင်းမှ ထွက်တော်မူ၍ ကျောင်းအရိပ်တွင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်အထံတော်သို့ ချဉ်း ကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးနောက် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေပြီးသော် ဘုရားရှင်ကို -

"မြတ်စွာဘုရား၊ တပည့်တော်သည် ဘုရားရှင်၏ ချမ်းသာတော်မူခြင်းကို တွေ့မြင်ရပါပြီ၊ မြတ်စွာဘုရား တပည့်တော်သည် ဘုရားရှင်၏ ကျန်းမာတော်မူခြင်းကို တွေ့မြင်ရပါပြီ။

မြတ်စွာဘုရား၊ ယခု ဤသို့တွေ့မြင်ရသော်လည်း မြတ်စွာဘုရား မကျန်းမာခြင်းကြောင့် တပည့်တော်၏ ခန္ဓာကိုယ်သည် လေးလံတောင့်တင်းနေသကဲ့သို့ ဖြစ်ပါသည်။

တပည့်တော်အဖို့ရာ အရပ်မျက်နှာတို့လည်း မကွဲပြားပါကုန်၊ သတိပဋ္ဌာန် အစရှိသော တရားတို့သည် လည်း တပည့်တော်၏ ဉာဏ်၌ မထင်လင်းပါကုန်။

မြတ်စွာဘုရား၊ ထိုသို့ဖြစ်သော်လည်း မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ မှာထားချက်ကို မြွက်ထားတော် မမူရသေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူလိမ့် မည်မဟုတ်ဟု အောက်မေ့နေသောကြောင့်သာ တပည့်တော်၏အဖို့ရာ အနည်းငယ်သက်သာခွင့်ရပါတော့ သည်ဘုရား"

ဟူ၍ လျှောက်ထားလေသည်။

## တရားသာလျှင် ကိုးကွယ်ရာ

ယင်းသို့ အရှင်အာနန္ဒာက လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာထေရ်ကို ဤသို့ ဆိုလတ္တံ့ အတိုင်းသော တရားစကားဖြင့် ဖြေရှင်းဟောကြားတော်မူလေ၏။

"ချစ်သားအာနန္ဒ၊ ရဟန်းသံဃာသည် ငါဘုရားအထံမှ အဘယ်အရာကို မျှော်လင့်နေသေးသနည်း။

"ချစ်သားအာနန္ဒ၊ ငါဘုရားသည် အတွင်းအပြင် မထားဘဲ တရားတော်ကို ဟောကြားခဲ့လေပြီ။

"ချစ်သားအာနန္ဒ၊ ငါဘုရား၏ အဖို့ရာ တရားအရာတို့၌ ဆရာ့လက်ဆုပ် ပြုလုပ်ထားသော လျှို့ဝှက်ချက် မရှိချေ။

"ချစ်သားအာနန္ဒ၊ ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့ဟူ၍လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့ကိုသာလျှင် အားကိုးရာရှိ၍ နေ၏ဟူ၍လည်းကောင်း၊ အကြင်သူမှာ ဤကဲ့သို့ လိုလားခြင်း ရှိရာ၏။ ထိုသူသည်သာလျှင် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ မှာထားချက်ကို မြွက်ဆိုရာ၏။

"ချစ်သားအာနန္ဒ၊ ငါဘုရားမှာမူကား ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့ ဟူ၍လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့ကိုသာ အားကိုးရာရှိ၍နေ၏ဟူ၍လည်းကောင်း ဤသို့သော လိုလားချက်သည် လုံးဝ မရှိချေ။

"ချစ်သားအာနန္ဒ၊ ထိုသို့ လုံးဝ လိုလားချက်မရှိသော ငါဘုရားသည် ရဟန်းသံဃာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ မှာထားချက်ကို အဘယ်မှာ မြွက်ဆိုတော့အံ့နည်း။

"ချစ်သားအာနန္ဒ၊ ယခုအခါ ငါဘုရားသည် ဒိုမင်းကြီးရင့်လှလေပြီ၊ အရွယ်လွန်၍အဆုံးပိုင်းသို့ ရောက်နေချေပြီ။ ယခု ငါဘုရား၏ အသက်မှာ အနှစ်ရှစ်ဆယ် ရှိနေပြီ။

"ချစ်သားအာနန္ဒ၊ လှည်းအိုကြီးသည် ဖွဲ့စည်းတုပ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ ဤအတူပင် ငါဘုရား၏ ခန္ဓာကိုယ်သည်လည်း ဖွဲ့စည်းတုပ်နှောင်ခြင်းနှင့်တူသော အာယုပါလက သမာပတ်ဖြင့် တည်တံ့လျက်ရှိ၏။

"ချစ်သားအာနန္ဒ၊ အကြင်အခါ ငါဘုရားသည် အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ သင်္ခါရနိမိတ်ကို အာရုံမပြု၊ သင်္ခါရဆိတ်သည့် နိဗ္ဗာန်ကိုသာ အာရုံပြုသော အရဟတ္တဖိုလ် သမာဓိသို့ ရောက်၍နေ၏။

"ချစ်သားအာနန္ဒ၊ ထိုအခါ၌ ငါဘုရား၏ ခန္ဓာကိုယ်သည် သာလွန်၍ ချမ်းသာ၏။

"ချစ်သားအာနန္ဒ၊ ထိုသို့ဖြစ်ရကား သင်ချစ်သားတို့သည် မိမိကိုယ်သာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြကုန်လော့။ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြကုန်လော့။

"ချစ်သားအာနန္ဒ၊ အဘယ်သို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေသနည်း။ တရားကိုသာလျှင် မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ တရားသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေသနည်း။

"ချစ်သားအာနန္ဒ၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက်, ဆင်ခြင်လျက်, သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။

"ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက်၊ သတိရှိလျက် ခံစားမှုဝေဒနာတို့၌ ခံစားမှုဝေဒနာဟု၊ မှတ်သားမှုသညာ၌ မှတ်သားမှုသညာ၊ ပြုပြင်မှုသင်္ခါရတို့၌ ပြုပြင်မှုသင်္ခါရ၊ သိမှုစိတ်၌ စိတ်ဟူ၍ အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်း နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍ နေ၏။

"အဆင်းတို့၌ အဆင်း၊ အသံတို့၌ အသံ၊ အနံ့တို့၌ အနံ့၊ အရသာတို့၌ အရသာ၊ အတွေ့အထိတို့၌ အတွေ့အထိ၊ သဘောတရားတို့၌ သဘောတရားဟူ၍ အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍ နေ၏။

"ချစ်သားအာနန္ဒ၊ ဤသို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေ၏။ တရားကိုသာ မှီခိုပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားကိုသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေ၏။

"ချစ်သားအာနန္ဒ၊ အကြင်ရဟန်းတို့သည် ယခုအခါ၌ဖြစ်စေ၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်သောအခါ၌ဖြစ်စေ မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားကိုသာ မှီခိုပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြမည်ဆိုလျှင် ထိုအလုံးစုံသောရဟန်းတို့သည် သိက္ခာသုံးပါး လိုလားကြသည့် ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံး ရဟန္တာပုဂ္ဂိုလ်စစ်စစ် ဖြစ်လိမ့်မည်။

ဟု အရဟတ္တဖိုလ် အထွတ်တပ်၍ ဓမ္မဒေသနာတရား ဖြေရှင်းဟောကြားတော်မူပါသည်။

ယင်းဟောကြားချက်ကို ထောက်ထား၍ "ဘုရားအားလုံးရဲ့ အမိန့်၊ တရားအားလုံးရဲ့ အမိန့်" စသည်ဖြင့် အမိန့်တော်ပြန်တမ်း ထုတ်ခြင်းသည် ပရိယတ်စည်းကမ်း၊ နည်းလမ်း မကျပါ။ အထက်ပါ ဒေသနာနှင့် ဆန့်ကျင်ပါသည်။

မိမိကိုယ်ကို အားမကိုးစေဘဲ အားကိုးလွဲမှားစေပါသည်။ အယူမှားစေပါသည်။ ယင်းအသုံးမျိုးမှာလည်း ပယောဂဂိုဏ်းဆရာတို့၏ အသုံးအနှုန်းဖြစ်၍ တရားအားထုတ်မှုနှင့် စပ်လျဉ်း၍ လုံးဝ မသုံးသင့်ပါ။

"ကျေးဇူးရှင် ဆရာတော်ကြီးကိုယ်တိုင် သည်တရားပွဲကြီးသို့ ကြွရောက်တော်မူလာပြီး ကျွန်တော်တို့ရဲ့ နှုတ်ဝစီကို ထိန်းသိမ်းစောင့်ရှောက်ပေးပါလို့" လုံးဝ မသုံးသင့်ပါ။

ယင်းသို့ သုံးသော် ကျေးဇူးရှင် ဆရာတော်ကြီးကို ကယ်တင်ရှင်၊ မ.စရှင် သာမန်နတ်တစ်ယောက်လောက်အနေ ယူဆသူအဖြစ်သို့ ရောက်သွားပါသည်။ နှုတ်ဝစီ စီးတယ်ဆိုတာ နတ်မှ စီးတယ်မဟုတ်လား၊ နတ်တွင်လည်း အထက်နတ်မဟုတ်ပါ၊ နှုတ်ဝစီစီးသောနတ်မှာ အောက်နတ် အညံ့စားနတ်မျှသာ ဖြစ်ပါသည်။

သို့ဖြစ်၍ ဒကာကြီးရဲ့စာတွင် ဖော်ပြပါ အသုံးအနှုန်း အားလုံးဟာ မသုံးသင့်သော အသုံးအနှုန်းများသာ ဖြစ်ပါသည်။ သုံးသူများသည် နားမလည်သူများသာ ဖြစ်ပါသည်။

ကျန်းမာပါစေ

✦ မိမိကိုသာ မိမိဟာ မှန်စွာကိုးစားရပေမည်။

✦ သူတစ်ပါးအား လွန်ကိုးစား တရားလွဲပေမည်။

✦ အမိန့်ပြန်တမ်း အထွင်ဆန်း မှန်လမ်းလွဲချော်ပြီ။

✦ နှုတ်ဝစီကို စီးရန်ဆို နတ်လိုထင်လွဲ လမ်းချော်သည်။

✦ မသုံးသင့်အား သုံးပယ်ရှား လွဲမှားပယ်သင့်သည်။

# အနာပေါ်တုတ်ကျတော့ နာပါတယ်ဘုရား

(၂၂၂)

နေ့ရောညဥ့်ပါ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို အာရုံပြုပြီးဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့တပည့်သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါသည်။

နေ့ရောညဥ့်ပါ တရားတော်ရဲ့ဂုဏ်တော်တွေကို အာရုံပြုပြီးဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါသည်။

နေ့ရောညဥ့်ပါ သံဃာတော်ရဲ့ဂုဏ်တော်တွေကို အာရုံပြုပြီးဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါသည်။

နေ့ရောညဥ့်ပါ ဆံပင်အမွေး အစရှိသော ၃၂ ကောဋ္ဌာသကို အာရုံပြုပြီးဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့တပည့်သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါသည်။

နေ့ရောညဥ့်ပါ မညှဉ်းဆဲမှု ကရုဏာဘာဝနာ တရားမှာ မွေ့လျော်စိတ်ရှိသူ ဘုရားရှင်ရဲ့တပည့်သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါသည်။

နေ့ရောညဥ့်ပါ အခါခပ်သိမ်း မေတ္တာဘာဝနာတရားမှာ မွေ့လျော်စိတ်ရှိသူ ဘုရားရှင်ရဲ့တပည့်သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားရပါသည်။

သူရောကိုယ်ပါ များစွာသောလူတို့သည် ချမ်းချမ်းသာသာ နေထိုင်လိုကြပါသည်။ ချမ်းချမ်းသာသာ အိပ်စက်လိုကြပါသည်။ ချမ်းချမ်းသာသာ အိပ်ရာမှ နိုးကြားလိုကြပါသည်။

သို့သော် မိမိတို့ ဖြစ်လိုတိုင်း မိမိတို့ အလိုဆန္ဒအတိုင်း ဖြစ်ကြပါ၏လော။ အလိုဆန္ဒ ပြည့်ဝပါ၏လော။ မပြည့်ဝကြ၊ မဖြစ်ကြပါ။

အဘယ်ကြောင့် မပြည့်ဝကြ၊ မဖြစ်ကြသနည်းဟူ၍ မေးသော် အကြောင်းမညီညွတ်၍လို့ ဖြေနိုင်ပါသည်။ မှန်ပါသည်။ ချမ်းသာစွာ နေရ အိပ်ရ နိုးကြားရသည်မှာ ကောင်းကျိုးများ ဖြစ်ပါသည်။

ကောင်းကျိုးဟူသမျှ ကောင်းကျိုးရကြောင်း ကောင်းသောအကြောင်းတရားနှင့် ကင်း၍ မဖြစ်နိုင်ပါ။ အကြောင်းကောင်းမှ အကျိုးကောင်းပါသည်။ အကြောင်းမကောင်းက အကျိုးမကောင်းနိုင်ပါ။

လူတိုင်းသည် မကောင်းကျိုးကို ကြောက်ကြပါသည်။ မလိုချင်ကြပါ။ သို့သော် မကောင်းကြောင်းကိုတော့ မရှောင်ကြဉ်ကြပါ။ ပြုလုပ်ကြပါသည်။

လူတိုင်းသည် ကောင်းကျိုးကိုလိုလားကြပါသည်။ ရှာဖွေကြပါသည်။ သို့သော် ကောင်းကြောင်းကိုတော့ မပြုလုပ်ကြပါ။

ဘုရားရှင်ရဲ့တရားတော်တွေကို ခြုံ၍ကြည့်ရှုပါက "မလုပ်နဲ့" ဟု တားမြစ်ချက်နှင့် "ပြုလုပ်" ဟုတိုက်တွန်းချက် နှစ်မျိုးကိုသာ တွေ့နိုင်ပါသည်။

"မလုပ်နဲ့" တားမြစ်ချက်ကို မလုပ်ဘဲ ရှောင်ကြဉ်က ဆင်းရဲဒုက္ခ မရောက်ရတော့ပါ။ "ပြုလုပ်" ဟု တိုက်တွန်းချက်ကို လိုက်နာပြုလုပ်က ချမ်းသာသုခ ရပါမည်။

မလုပ်သင့်တာကို မလုပ်ဘဲ ရှောင်က မျက်မှောက်ဘဝမှာပင် ချမ်းသာခြင်းနှင့် ပြည့်ဝပါသည်။

ဘုရားရှင်ရဲ့တရားတော်တွေသည် မျက်မှောက်ချမ်းသာရေး တရားတော်တွေ ဖြစ်ပါသည်။ မျက်မှောက်ချမ်းသာရပါလျှင် တမလွန်ချမ်းသာ အဘယ်မှာ မရဘဲ ရှိပါအံ့နည်း။ ရမည်အမှန်ပင် ဖြစ်ပါသည်။

"မလုပ်နဲ့" တားမြစ်ချက်ကို "ပြုလုပ်" နေစဉ်က ဆင်းရဲဒုက္ခရောက်၍ "ပြုလုပ်" ဟု တိုက်တွန်းချက်ကို လိုက်နာပြုမှု ချမ်းသာသုခကို ရ၍ ဝမ်းသာရသူအများမှ တစ်ဦးက မိမိထံသို့ စာရေးလျှောက်ထား၏။

## လူတွဲ၍တက်ရ

ဆရာတော်အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော် ရှိသေမြတ်နိုး လက်အုပ်ချီမိုး ရှိခိုးကန်တော့ကာ လျှောက်ထားအပ်ပါသည် အရှင်သူမြတ်ဘုရား။

ဘုရားတပည့်တော်သည် ရှေးယခင်က တရားတော်ကို မပစ်ပယ်သော်လည်း ယုံကြည်လှသူတစ်ယောက် မဟုတ်ပါဘုရား။ သူများတွေ တရားအားထုတ်တာကို မြင်တွေ့တဲ့အခါ အားမကျဘဲ အရူးဆေး ဖော်သူများဟုပဲ ထင်မှတ်ကာ အနားမကပ်ဘဲ ရှောင်လွှဲခဲ့ပါတယ်ဘုရား။

ရှောင်လွှဲခြင်းအကြောင်းကလည်း တခြားမဟုတ်ပါ။ တရားအားထုတ်မှု မြင်ကွင်းက ကြည်လင်အေးချမ်းမှု မရ၊ ညွန်ကြားမှုကလည်း နားမချမ်းသာ၍ ရှောင်လွှဲခဲ့ရခြင်းပါဘုရား။

၁၉၇၇ ခုနှစ်က ဆရာတော်ဘုရား တပည့်တော်တို့မြို့မှာ စတင်၍တရားပြတော့ တပည့်တော် အဝေးမှ စူးစမ်းပါတယ်ဘုရား။ နောက် အနီးကပ်စူးစမ်းပါတယ် ဘုရား၊ နောက် အချိန်ပိုင်း ဝင်ရောက်အားထုတ် စူးစမ်းပါတယ်ဘုရား။

အဲဒီနှစ်မှာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် စူးစမ်းရင်း အချိန်ကုန်သွားပါတယ်ဘုရား။ အကျိုးမထူးခဲ့ပါဘုရား။ အကျိုးမထူးပေမဲ့ တပည့်တော် ကြောက်သော အပြစ်တစ်စုံတစ်ရာ မဖြစ်လာ၍ တရားတော်အပေါ်မှာ ယုံကြည်မှုတော့ တက်ခဲ့ပါတယ်ဘုရား။

နောက် ၁၉၇၈ ခုနှစ် တပည့်တော်တို့မြို့မှာ ဆယ်ရက်စခန်း တရားပြပြန်တော့ တပည့်တော် အချိန်ပိုင်းပဲ ဝင်ရောက်အားထုတ်ပါတယ်ဘုရား။

တစ်နေ့ ထူးခြားမှုရှိ၍ ဆရာတော်ဘုရားကို တပည့်တော် လျှောက်ကြားပါသေးတယ်ဘုရား၊ ဆရာတော်ဘုရားက အချိန်ပိုင်း ယောဂီက အချိန်ပြည့် ယောဂီထက်တောင် တော်ပါသေးလားလို့ ပြောပါသေးတယ်ဘုရား။

အဲဒီနှစ်မှာပဲ တပည့်တော် တရားတော်အပေါ်မှာ ယုံကြည်မှုအပြည့်ရသွားပါတယ်ဘုရား။ ဒါပေမဲ့ အမှုထမ်းဖြစ်နေ၍ (၁၀)ရက် အပြည့် တရားအားထုတ်နိုင်ခွင့် မရသေးဘဲ အချိန်ပိုင်းနဲ့ပဲ အပြီးသတ်နေရပါတယ်ဘုရား။

၁၉၈၂-ခုနှစ်မှာတော့ ခွင့်ယူကာ (၁၀)ရက်စခန်း တရားရက်ပြည့် ဝင်နိုင်ခဲ့ပါတယ်ဘုရား။ တရားလည်း တိုးတက်မှု များစွာ ရရှိပါသည်ဘုရား။

ဆရာတော်ဘုရား၊ ဆရာတော်ညွှန်ကြားပြသသော ရှင်တော်ဗုဒ္ဓရဲ့တရားတော်သည် တပည့်တော်အဖို့ရာ သံသရာဘဝအတွက်သာမက ယခု မျက်မှောက်ဘဝမှာပင် တိုးတက်ရရှိပါတယ်ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော်၏ ကိုယ်တွေ့တွေ့ ကြုံခဲ့ရသော တရားအတွေ့အကြုံများမှ ထင်ရှားလွန်းသော ကိုယ်တွေ့ဖြစ်ရပ်နှစ်ခုကို ဦးတင်လျှောက်ထားလိုပါတယ်ဘုရား။

ဆရာတော်ဘုရား (၁၉-၁-၈၂)နေ့က အိမ်ပြင်ရန်အတွက် သစ်များဝယ်ယူပြီး သယ်ယူပါတယ်ဘုရား။ (၃×၂=၁၈)ပေရှိ သစ်တစ်ချောင်းကို အလယ်မှကိုင်ပြီး သယ်ဆောင်ရာ အဖျားဘက်မှ ခြံတိုင်နှင့် တိုက်မိပြီး လက်မှလွတ်ကျပြီး ခြေဖျား ပေါ်ကို ၁၈ ပေ သစ်အလယ်မှ ကျသွားပါတယ်ဘုရား။

လေးလံလှသော သစ်မာတစ်ချောင်းလုံး ခြေဖျားပေါ်သို့ ကျသွားတဲ့အတွက် နာလိုက်သည့်ဖြစ်ခြင်းမှာ ပြောမပြနိုင်လောက်အောင်ပင် ဖြစ်ပါသည်ဘုရား။

နာလွန်းအားကြီး၍ အိမ်ပေါ်တက်ချင်သော်လည်း ချက်ချင်းအိမ်ပေါ် မတက်နိုင်ခဲ့ပါဘုရား။ အိမ်ပေါ်တက်လို့ မရနိုင်လောက်အောင် နာနေတဲ့အတွက် လူတွဲ၍ အိမ်ပေါ်တက်ခဲ့ပါတယ်ဘုရား။

## စိတ်မကောင်းကြ

တပည့်တော်နှင့်တကွ မိသားစုတစ်စုလုံးမှာ ဒီအနာအတွက် တစ်လ၊ နှစ်လတော့ အလူးအလဲခံရမည်၊ ကျောက်ပတ်တီးစည်းရမည်၊ ဒုက္ခတော့များပြီလို့ ပြောကြ ထင်ကြပါတယ်ဘုရား။ အများက တပည့်တော်ကို ကြည့်ပြီး စိတ်မကောင်းကြပါဘုရား။

တပည့်တော်ကတော့ တရားမှတစ်ပါး အားကိုးရာမရှိ၊ တရားသာလျှင် ငါ့ရဲ့အားကိုးရာလို့ ယုံကြည်မှု ရှိထားသူပီပီ မျက်နှာမပျက်ဘဲ လုပ်သင့်လုပ်ထိုက်သော ဆေးလူးခြင်း၊ ပတ်တီးစည်းခြင်းများကို သတိရှိစွာနှင့် ပြုလုပ်စေပါသည်ဘုရား။

ဖြစ်တာက ညနေ ၅ နာရီလောက် ဖြစ်သဖြင့် ညစာ စားချိန်ဖြစ်သောကြောင့်ဖြစ်ပြီး မကြာမီ အားလုံးထမင်းစားကြသော်လည်း တပည့်တော်မှာ ရက်ရှည်ခံရမည့် ဒုက္ခအတွက် စဉ်းစားချက်ထုတ်နေရပါသည်ဘုရား။

အနာမှာ နာလွန်းတဲ့အတွက် အခံရခက်လှပါတယ်ဘုရား။ စိတ်ထဲမှာတော့ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲလို့ ဖြေသိမ့်နိုင်သော်လည်း နာလွန်း၍ ထမင်းမစားနိုင်တော့ပါဘုရား။

တဖြည်းဖြည်းနဲ့ အအေးပိုင်း ညဉ့်ဦးပိုင်းသို့ ချဉ်းနင်းဝင်ရောက်လာသဖြင့် အနာကလည်း ဖြစ်စကထက် ကိုက်ခဲလာပါတယ်ဘုရား။ လမ်းလည်း မလျှောက်နိုင်တော့သဖြင့် အနာဖြစ်သော ခြေထောက်ကို မ.ကာ ဖင်ရွှေ့ပဲ သွားနိုင်ပါတယ်ဘုရား။

## တရားအားကိုး

"တရားမှတစ်ပါး အားကိုးရာမရှိ၊ တရားသာလျှင် ငါ့ရဲ့အားကိုးရာလို့" နှလုံးသွင်းပြီး အိမ်ဦးခန်း ဘုရားဆောင်ရှေ့သို့ ဖင်ရွှေ့သွားပြီး ဆရာတော်ဘုရား ညွှန်ကြားထားသည့်အတိုင်း သီလခံယူ၊ ဘုရားပင့်၊ ဘုရားရှိခိုး၊ ခန္ဓာကိုယ်စွန့်လှူ၊ တရား တောင်းပြီး နေသာသလို နေကာ ရှုမှတ်ပွားများပါတယ်ဘုရား။

နာကျင်ကိုက်ခဲမှုကလည်း ပိုမိုပြင်းထန်လာပါတယ်ဘုရား။ နာကျင်တဲ့ ခြေထောက်ကလည်း အထိုင်ခက်ပါသဖြင့် သမီးတစ်ယောက်ကို ဘုရားဆောင်ရှေ့မှာပဲ အိပ်ရာခင်းခိုင်းကာ လျောင်းပြီး ရှုမှတ်ပါတယ်ဘုရား။

ဆရာတော်ဘုရား အမိန့်ရှိထားတဲ့အတိုင်းပဲ နာကျင်မှု၊ ကိုက်ခဲမှုတွေဟာ တစ်ခုတည်းမဟုတ်ဘဲ တစ်နာချုပ်ပြီးမှ တစ်နာဖြစ်၊ တစ်ကျင်ချုပ်ပြီးမှ တစ်ကျင်ဖြစ်၊ တစ်ကိုက်ချုပ်ပြီးမှ တစ်ကိုက်ဖြစ်လို့ အဟောင်း.အဟောင်း နာကျင်မှု၊ ကိုက်ခဲမှု တွေကို တွေ့မြင်ရှုပွားနေရတော့ စိတ်မဆင်းရဲဘဲ စိတ်အေးချမ်းသာစွာနဲ့ ရှုနိုင်ပါတယ်ဘုရား။

စိတ်ထဲမှာလည်း ဒီနာကျင်ကိုက်ခဲမှုတွေဟာ မကြာမီ အပြီးတိုင် ချုပ်ငြိမ်းသွားလိမ့်မယ်လို့ ယုံကြည်ပြီး စိတ်ဆင်းရဲမှု မဖြစ်ပါဘုရား။

အဲဒီလိုပဲ နေသာသလိုနေကာ ဆက်လက်ရှုပွားရာ ၁၂ နာရီထိုးလောက်မှာ နာကျင်ကိုက်ခဲမှုတွေ သက်သာသွားပြီး အိပ်ပျော်သွားပါတယ်ဘုရား။

ရှေးကဆိုလျှင် သာမန်ခေါင်းကိုက်တာပင် အိပ်ဆေး၊ အကိုက်အခဲပျောက်ဆေး မသောက်ဘဲ အိပ်မရပါဘုရား။ ယခု ဘာအိပ်ဆေး၊ ဘာအကိုက်အခဲပျောက်ဆေးမှ မသောက်ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားရာ နံနက် ၅ နာရီထိုးမှ နိုးပါ တယ်ဘုရား။

နာကျင်ကိုက်ခဲမှု မရှိတော့ ပျောက်သွားပြီအထင်နှင့် ထလိုက်တဲ့အခါ ခြေထောက် မထောက်နိုင်မှန်း သိလိုက်ပါ တယ်ဘုရား။

## အံ့ဩမိပါတယ်

မထောက်နိုင်မှန်း သိရတော့မှ ခြေထောက်ကို သတိထားပြီး ကြည့်ရှုမိတဲ့အခါ ခြေဖဝါးရော ခြေခုံပါ ဖူးဖူးရောင်နေ တာကို မြင်တွေ့ရပါတယ်ဘုရား၊ သို့သော် စိတ်ထဲမှာ မတုန်လှုပ်ပါဘုရား။

မတုန်လှုပ်ဘဲနဲ့ ဒါလောက် ရောင်နေပါလျက်နဲ့ နာကျင်ကိုက်ခဲမှု မရှိတာကို အံ့ဩဝမ်းသာပြီး ဘာဆေးမှ မထိုး၊ မသောက်ဘဲ ဘာကြောင့် မနာကျင် မကိုက်ခဲဘဲ အိပ်နိုင်သလဲလို့ အကြောင်းရှာပါတယ်ဘုရား။

အကြောင်းရှာတော့ ရှုမှတ်မှန်ကန်စွာနဲ့ တစ်နာချုပ်ပြီးမှ တစ်နာဖြစ်၊ တစ်ကျင်ချုပ်ပြီး တစ်ကျင်ဖြစ်၊ တစ်ကိုက်ချုပ် ပြီး တစ်ကိုက်ဖြစ်တဲ့ ပရမတ်ရုပ်ရဲ့ဖောက်ပြန်မှုကို မြင်ရလို့ ငါ နာတယ်၊ ငါ ကျင်တယ်၊ ငါ ကိုက်တယ်ဆိုတဲ့ အတ္တဒိဋ္ဌိချုပ်ကာ သမ္မာဒိဋ္ဌိအမြင်မှန်နဲ့ ရုပ်ဖြစ်ပျက်ကို ရှုနိုင်လို့.လို့ တွေ့ရပါတယ်ဘုရား။

သို့သော် မိသားစုလည်း ကျေနပ်စိတ်ချမ်းသာအောင်ဆိုတဲ့ သဘောနဲ့ ဆရာဝန်ထံ သွားပြပါတယ်ဘုရား၊ ဆရာဝန် က အခြေအနေကို စမ်းသပ်အကဲခတ်ပြီး ဆေးထိုးဖို့ ပြင်ပါတယ်ဘုရား။

သူနာပြုဆရာမ ဖြစ်တဲ့ တပည့်တော်ဟာ သူများကို ဆေးထိုးဖို့ရာ ရဲ.သော်လည်း မိမိ ဆေးထိုးခံရမှာတော့ မရဲဘဲ ကြောက်သဖြင့် ဆေးမထိုးရန် ငြင်းဆန်တဲ့အတွက် ဆရာဝန်က သောက်ဆေးညွှန်ပါတယ်ဘုရား။

လူနာများကို ချော့မော့ပြီး ဆေးတိုက်နိုင်သော်လည်း တပည့်တော်ကိုယ်တိုင်မှာတော့ ဆေးကြောက်သူ ဖြစ်သဖြင့် ဘာဆေးမှ မသောက်ဘဲ လူးဆေးသာလျှင် တစ်နေ့တစ်ကြိမ်လောက် လူးပါတယ်ဘုရား။

တပည့်တော်အဖို့ရာ သောက်သုံးဖို့ရာ လွယ်ကူတဲ့ ဘုရားရှင်ရဲ့တရားဆေးကို သောက်သုံးသောအားဖြင့် ဆက်လက်ရှုပွားရာ သုံးလေးရက်လောက်ကြာတော့ ကောင်းကောင်းလမ်းလျှောက်နိုင်ပါတယ်ဘုရား။

## ဘာဆေးသောက်လို့

လမ်းလျှောက်နိုင်သော်လည်း ခြေညှိုးနှင့် ခြေခလယ်နှစ်ချောင်းဟာ တောင့်တောင့်ကြီး ဖြစ်နေပြီး အဆစ်များ ပူလာပါသဖြင့် ဆရာဝန်ကို ပြသကြည့်ရာ ဆရာဝန်က အရိုးအက်ကွဲတဲ့ လက္ခဏာဖြစ်ကြောင်း ပြောပြပါတယ်ဘုရား။

ဆရာဝန်က အဲဒီလိုပြောသော်လည်း တပည့်တော်ရဲ့စိတ်ဟာ ပူပန်ခြင်း၊ တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ ငြိမ်းချမ်းစွာဖြင့် ဘာမှ မဖြစ်သလိုပဲ နေနိုင်ပါတယ်ဘုရား။

အဲဒီလို အေးငြိမ်းချမ်းသာစွာနဲ့ နေနိုင်တာကို တွေ့မြင်ကြတဲ့ မိတ်ဆွေအပေါင်းအသင်း အားလုံးက ဘာဆေးတွေနဲ့ ကုသလို့ ဒီလောက်ပျောက်လွယ်တာလဲလို့ မေးကြပါတယ်ဘုရား။

တပည့်တော်ဟာ သာမန်လိမ်းတယ်ဆိုရုံမျှပဲ ဆေးလိမ်းပြီး သောက်ဆေး၊ ထိုးဆေး မသုံးဘဲ တရားသာလျှင် အချိန်ပြည့် ရှုမှတ်ပွားများတဲ့အတွက် မိတ်ဆွေတွေကို ဘာဆေးမှ မသောက်ပါ၊ မထိုးပါ၊ တရားပဲ ကြိုးစားပြီး ရှုမှတ်ပွားများကြောင်း ပြောပြပါတယ်ဘုရား။

အဲဒီလို ပြောတဲ့အခါ နီးစပ်တဲ့ ယောဂီများနှင့် တပည့်တော်နဲ့အတူနေ မိသားစုများ၊ အနီးနေ မိတ်ဆွေများမှလွဲ၍ အခြားလူများက မယုံကြည်ကြပါဘုရား။

ဖြစ်စက ခြေထောက်မှာ တအားယောင်နေပြီး ကိုက်လည်း ကိုက်နေပါလျက် ဒီလို ဆေးမထိုး ဆေးမသောက်ဘဲ နေရင်တော့ ဒီခြေထောက်ဟာ ဖြတ်ပစ်ရမှာ သေချာပါတယ်လို့ သမီးတစ်ယောက်က ဝေဖန်ပါတယ်ဘုရား။

## အနာပေါ် တုတ်ကျ

ဆရာတော်ဘုရား "ကံဆိုးမ သွားလေရာ မိုးလိုက်ရွာ" ဆိုတဲ့ စကားပုံကို စောစောက တပည့်တော် သဘောမပေါက်ခဲ့ပါ ဘုရား။ ယခုတော့ ကိုယ်တွေ့မို့ သဘောပေါက်ပါပြီဘုရား။

အဲဒီခြေထောက် အနာဖြစ်ပြီး မပျောက်သေးမီ တစ်ပတ်လောက်ကြာတော့ ခေါက်ကုလားထိုင် အလုံး (၂၀) လောက် ခုံရှည်ပေါ်တင်ထားရာမှ တပည့်တော်လည်း အနားရောက်ရော နာသောခြေထောက်ပေါ်သို့ ပြိုလဲကျပြန်ပါတယ်ဘုရား၊ အနာပေါ် တုတ်ကျတော့ နာပါတယ်ဘုရား၊ နာလွန်းအားကြီးတော့ ပုံရက်သား လဲကျသွားပါတယ်ဘုရား။

အနာပေါ် တုတ်ကျလို့ နာတယ်ဆိုတာ ကိုယ်တွေ့မို့ ဘယ်လောက်နာတယ်၊ ဒါကြောင့် ဒီစကားပုံ ပေါ်လာတယ်ဆိုတာလည်း သဘောပေါက်သွားပါတယ်ဘုရား။

တပည့်တော် ဖြစ်ရာဌာနသည် အလုပ်ဌာနအတွင်း ဖြစ်ပါသဖြင့် အောင့်အည်းပြီး သည်းခံပါသော်လည်း အနာပေါ် တုတ်တစ်ချောင်းသာ ကျတာမဟုတ်ဘဲ ကုလားထိုင်အလုံး ၂၀ လောက် ပြိုကျတာဆိုတော့ မငိုဘဲ မျက်ရည်သွယ်သွယ်ကျပါတယ်ဘုရား။

တပည့်တော်လည်း တရားကိုပဲ အားကိုး၊ တရားကိုပဲ သတိရတော့ ပုံလျက်သား လဲရာကနေပြီး အိမ်ပြန်ပို့ပေးပါလို့ ပြောတဲ့အခါ "ဒါလောက် နာနေတာ မပြန်နဲ့ဦး၊ ဒီမှာက ဆရာဝန်နဲ့ ဆေးနဲ့ အဆင်သင့်၊ အိမ်ပြန်တော့ အိမ်က ဘာလုပ်ပေး တတ်ကြမှာလဲ" ပြောပြီး တားကြပါတယ်ဘုရား။

တပည့်တော်က တရားရှုမှတ်မှသာ ခံနိုင်ရည်ရှိမည်၊ မရှုမှတ်က ခံနိုင်ရည်မရှိ ဆိုတာ သိထားတော့ အတင်းပဲ ပြန်ပို့ဖို့ ပူဆာတော့ သူတို့ ဘာဆေးမှ ထိုးခြင်း လိမ်းခြင်း တိုက်ခြင်း မပြုဘဲ အိမ်ပြန်ပို့ကြပါတယ်ဘုရား။

## တရားအားကိုး

ဆရာတော်ဘုရား တရားပေါ်အားကိုး၊ တရားပေါ် ယုံကြည်မှုရှိထားတဲ့ တပည့်တော်ဟာ အိမ်လည်းရောက်ရော အဝတ်တောင်မလဲဘဲ အိပ်ရာပေါ် လှဲချပြီး သက်သာသလိုနေကာ ဒဏ်ရာကို အာရုံပြုပြီး တစ်နာပြီး တစ်နာ ဖြစ်ချုပ်နေတာကို မြင်အောင် အာရုံပြုပြီး ရှုမှတ်ပါတယ်ဘုရား။

ရှုမှတ်တော့ တစ်နာပြီး တစ်နာ ချုပ်နေတာကို သေသေချာချာ မြင်နေရတော့ မခံသာတဲ့သဘော မဖြစ်ဘဲ အဲဒီလို သဘောအမှန်ကို တွေ့နေရတဲ့အတွက် ဘုရားရှင်အပေါ် ယုံကြည်ကိုးစား အားထားစိတ်တွေ ပိုလာပြီး တရားပေါ်လည်း ပိုပြီးတော့ ကိုးစားပါတယ်ဘုရား။

နာမှုတွေ ဖြစ်ချုပ်တာတွေ တွေ့နေရတော့ ဒီနာမှုဟာလည်း မြဲမှ မမြဲဘဲ မကြာမီ ကုန်ဆုံးပျောက်ပျက်သွားမှာပဲလို့ ယုံကြည်ကာ ရှုမှတ်နေတော့ တဖြည်းဖြည်းနဲ့ နာမှုတွေ သက်သာလာတာ တွေ့ရပါတယ်ဘုရား။

နာမှုတွေ သက်သာတာတွေ ဝမ်းသာအားရနဲ့ ကြိုးစားပြီး ရှုပွားရာ ဘယ်လောက်ကြာတယ်ဆိုတာ မသိတော့ပါဘုရား၊ အိပ်ပျော်သွားပါတယ်။

ဖြစ်တဲ့နေ့ဟာ (၃-၁-၈၃)နေ့ ဖြစ်သဖြင့် နံနက်လင်းတော့ လွတ်လပ်ရေးနေ့ ဖြစ်တယ်ဘုရား၊ ဒီနေ့မှာ တပည့်တော်တို့အမှုထမ်းတွေ အလေးပြုသွားရမှာပါဘုရား။

ဖြစ်စက တပည့်တော်ကိုယ်လည်း တပည့်တော် သွားနိုင်မယ် မထင်ပါ၊ အများကလည်း တပည့်တော်တော့ အလေးပြု မသွားနိုင်တော့ ဒုက္ခရောက်ပြီလို့ ထင်နေကြပါတယ်ဘုရား၊ ထင်လည်း ထင်စရာဖြစ်ပါတယ်ဘုရား၊ အနာပေါ် တုတ်ကျတော့နာလှပါတယ်ဘုရား။

ဒါပေမဲ့ တရားမြတ်နိုး တရားအားကိုးတဲ့ တပည့်တော်ဟာ တရားအားကိုးသမှုနဲ့ ရှုပွားတော့ နံနက်လည်းမိုးလင်းရော မနာမကျင်ဘဲ ကောင်းစွာ နိုးကြားရပါတယ်ဘုရား။

တပည့်တော်လည်း အတော်ပဲ အံ့ဩမိပါတယ်ဘုရား၊ ဟုတ်မှ ဟုတ်ရဲ့လားလို့ အစမ်းထပြီး လမ်းလျှောက်ကျင့်စမ်းတော့ တကယ့်ကို မနာဘဲ လမ်းလျှောက်နိုင်သဖြင့် တပည့်တော်လည်း အလေးပြုသွားပါတယ်ဘုရား။

တပည့်တော် အလေးပြုသွားတော့ လုပ်ဖော်ကိုင်ဖက် အားလုံးက အံ့အားသင့်ကြပါတယ်ဘုရား၊ ဒီလောက်တောင် ပြင်းထန်တဲ့ ခံရချက်ကို အပြုံးမပျက်ဘဲနဲ့ အလေးပြုထွက်နိုင်တာ ဘာဆေးနဲ့ ကုလို့လဲလို့ မေးကြပါတယ်ဘုရား။

တပည့်တော်ကလည်း ရင်ကိုကော့၊ ခေါင်းကိုမော့ပြီး ဘုရားညွှန်ကြားတဲ့ တရားဆေး သောက်လို့ တရားရှုပွားပျောက်တဲ့အကြောင်း ဒုက္ခ မခံရကြောင်း အိပ်ပျော်ကြောင်း ပြောပြပါတယ်ဘုရား။

အဲဒီလိုပြောတော့ သူတို့က မယုံကြည်တဲ့ သံသယမျက်နှာများနဲ့ တပည့်တော်ကို ဝိုင်းကြည့်ကြပါတယ်ဘုရား၊ ဆရာတော်ဘုရား သူတို့က မယုံကြည်သော်လည်း တပည့်တော်မှာတော့ ကိုယ်တွေ့မို့ အပြုံးမပျက်ပါဘုရား။

နောက်တစ်နေ့ လွတ်လပ်ရေးနေ့ အပြီးမှ အလုပ်တက်မြဲ တက်နိုင်ပါတယ်ဘုရား၊ တပည့်တော် ခွင့်ယူမယ်ဆိုရင် အများသိမို့ ရနိုင်ပါတယ်ဘုရား၊ ဒါပေမဲ့ ခွင့်မယူဘဲ အလုပ်တက်ပါတယ်ဘုရား။

အနာပေါ် ကုလားထိုင် ပြိုကျထားတဲ့ ခြေထောက်က မနာသော်လည်း ရောင်မြဲ ရောင်နေပါသေးတယ်ဘုရား၊ သွားလာလှုပ်ရှား လမ်းလျှောက်ပါများတော့ ပြန်ကိုက်လာပါတယ်ဘုရား။

## မှတ်လေမှတ်ပေါ့

အဲဒီလို ပြန်ကိုက်လာလိုက် သတိထားပြီး အသိတရား ရှုပွားလိုက်နဲ့ နေလာခဲ့ရာ တစ်နေ့ အလုပ်ခွင်မှာ တော်တော်လေး ကိုက်လာပါတယ်ဘုရား၊ အဲဒီအခါ တပည့်တော်က ဆရာဝန်ကို "ကိုက်လိုက်တာ ဆရာရယ်" လို့ ညည်းပြီးတော့ ပြောမိတော့ တပည့်တော်ရဲ့လုပ်ဖော်တစ်ဦးနဲ့ ဆရာဝန်ကပါ "မှတ်လေ. မှတ်ပေါ့" လို့ ပြောင်သလို ငေါ့သလို ဆော့သလိုနဲ့ ပြောလိုက်ကြပါတယ်။

တပည့်တော်လည်း သူတို့ သတိပေးခါမှ တရားကို သတိထားပြီး အသိတရားနဲ့ ရှုပွားရာ တစ်နာဖြစ်ပြီး တစ်နာချုပ်ကို သေသေချာချာ မြင်ရပြီး မကြာမီ ၂၅ မိနစ်လောက်အတွင်းမှာ နာမှု ကိုက်မှုတွေ ချုပ်ပျောက်သွားပါတယ်၊ ကိုယ်နှင့်စိတ်ပါ ပေါ့ပါးပြီး ရွှင်လန်းချမ်းမြေ့စွာနဲ့ အလုပ်ကို တာဝန်ကျေစွာ တစ်နေကုန် လုပ်နိုင်ခဲ့ပါတယ်ဘုရား။

## လူ့မမာသက်သက်

ဆရာတော်ဘုရား၊ တပည့်တော်သည် တရားဆိုတာ ဘာမှန်းမှ မသိသေးခင် ဟိုရှေးယခင်ကဆိုရင် အလွန်တရာ အပူအပင် အကြောင့်အကြ ကြီးမားပါတယ်ဘုရား၊ "လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ" ဆိုတာ တပည့်တော်ပါဘုရား။

စိတ်ဆိုး ဒေါသတစ်ခုဖြစ်မိလျှင်လည်း လေးငါးရက် ဆက်ပြီးတော့ ဖြစ်ပါတယ်ဘုရား၊ မအိပ်နိုင် မစားနိုင်ဘဲ စိတ်ဆိုးနေတတ်ပါတယ်ဘုရား။

ဆွေမျိုးသားချင်းများ၊ သားသမီးများ၊ အပေါင်းအသင်းများအပေါ် အမှတ်ကြီး၊ ရန်ငြိုးကြီးပါတယ်ဘုရား၊ အဲဒီလို အမှတ်ကြီး ရန်ငြိုးကြီးတဲ့အတွက် တပည့်တော်မှာ အမြဲတမ်း စိတ်ညစ်စိတ်တိုကာ ရင်ပူရင်ဆာ ဖြစ်နေပါတယ်ဘုရား။

လူမှာလည်း အရိုးနှင့် အရေပဲရှိတော့ကာ ပေါင်ချိန်မှာ ၈၈ ပေါင်သာ ရှိပါတယ်၊ သွေးတိုးအားမှာလည်း အပေါ်သွေး ၁၀၀၊ အောက်သွေး ၆၀ ရှိပါတယ်၊ လူလည်းပဲ လူ့မမာသည် အမြဲဖြစ်နေရပါတော့တယ်ဘုရား၊ စိတ်ကလည်း ရူးခါနီး ဖြစ်နေပါတယ်ဘုရား။

## တရားအားထုတ်မှု

ဆရာတော်ဘုရား၊ လူ့မမာဘဝ ရူးခါနီး အခြေအနေမှာ ဆရာတော်ဘုရားနှင့် တွေ့ပြီး ဆရာတော်ဘုရား၏ ဆုံးမသွန်သင်မှု သင်ကြားပြသမှုကို ခံယူကာ ကျင့်ကြံအားထုတ်သည့်နေ့မှ စ၍ အပူအပင် နည်းလာပါတယ်ဘုရား၊ အမျက်ဒေါသလည်း နည်းလာပါတယ်ဘုရား။

အမျက်ဒေါသ ရံခါဖြစ်သော်လည်း ဖြစ်ကြောမရှည်တော့ဘဲ ခဏနဲ့ သတိရကာ အမျက်ဒေါသ ငြိမ်းအေးပါတယ်ဘုရား၊ အားလုံးအပေါ် ရန်ငြိုးထားခြင်းလည်း မရှိတော့ စိတ်ချမ်းသာမှု အပြည့်အဝ ရရှိပါတယ်ဘုရား။

ဟိုရှေးယခင်က အပြင်းဆုံးအိပ်ဆေးကို သောက်ပြီး အိပ်ပါသော်လည်း မအိပ်နိုင်ခြင်းများလည်း ယခုအခါ ဘာအိပ်ဆေးမှ မသောက်ရဘဲ ခေါင်းချတယ်ဆို အိပ်ပျော်တဲ့ဘဝ ရောက်သွားပါပြီဘုရား၊ အဆီစားသော်လည်း အသားမဖြစ်ဘဲ ပေါင် ၈၈ မှ ပေါင် ၁၀၀ ကျော်အထိ အသားဖြစ်သွားပါပြီဘုရား။

အပေါ်သွေး အောက်သွေးများလည်း ရှိသင့်သည့်နှုန်းထားအတိုင်း အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀ ရှိပါပြီဘုရား၊ ကျန်းမာချမ်းသာစွာရှိပြီး သားသမီးများ၏ ချစ်ခင်လေးစားမှုကို ခံယူနေပါပြီဘုရား။

## ဖွဲပျော့သူပီပီ

ဆရာတော်ဘုရား၊ တပည့်တော်ဟာ ဖွဲပျော့သူပီပီ နည်းနည်းလောက် ခေါင်းကိုက်လျှင်လည်း ညည်းညူတတ်ပါတယ်ဘုရား၊ ဖျားလျှင်လည်း ညည်းညူတတ်ပါတယ်ဘုရား၊ ဆောင်းအေးတာလည်း ညည်းညူတတ်ပါသည်ဘုရား၊ အစစကို ခိုညည်းသလို ညည်းတတ်သောသူတစ်ယောက်က ယခုလောက်ပြင်းထန်တဲ့ ဒဏ်ရာကြီး ရတာတောင် ညည်းညူးသံမကြား၊ မျက်နှာမကွက် အပြုံးမပျက်ဘဲ နေနိုင်တာကို တွေ့ မြင်ကြရတော့ တစ်အိမ်သားလုံးက ဝမ်းသာကြောင်း၊ စိတ်ချမ်းသာကြောင်း၊ သူတို့ပါ တရားတော်အပေါ် ယုံကြည်အားကိုးလာကြောင်း ပြောကြပါတယ်ဘုရား။

တရားတော်မြတ်တွေ ရှိပင်ရှိနေငြားသော်လည်း ဆရာတော်ဘုရား၏ သင်ကြားပြသမှုကို စနစ်တကျ မခံယူ မကျင့်သုံးရပါလျှင် ယခုလို ကောင်းကျိုးများကို ခံစားရမည် မဟုတ်ပါသဖြင့် ဆရာတော်ဘုရား၏ ကျေးဇူးတော် အနန္တကို မမေ့မလျော့ ရှိသေလေးမြတ်စွာ ဦးတင်လျှောက်ထားပါသည်ဘုရား။

## ကြီးတဲ့အမှု ငယ်

ဆရာတော်ဘုရား၊ ဟိုရှေးယခင်က တပည့်တော် ကြားဖူးခဲ့သော တရားအားထုတ် ကြိုးစားအားထုတ်ကာ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို စွဲမြဲစွာ ယုံကြည်နေသောသူတို့မှာ ဖြစ်ပေါ်လာသော "ကြီးတဲ့အမှု ငယ်၊ ငယ်တဲ့အမှု ပပျောက်" ဆိုတဲ့ စကားဟာ ယခုအခါ တကယ်ပဲ လက်တွေ့မှန်ပါတယ်ဘုရား။

တပည့်တော်ကို လက္ခဏာဗေဒင်ဆရာတွေက ယခု အသက်အပိုင်းအခြားအတွင်းမှာ အင်္ဂါခြေလက် ပျက်ကိန်းကြုံရမယ်လို့ ဟောထားပါတယ်ဘုရား။

ယခုတပည့်တော်ရဲ့ဖြစ်ရပ်နစ်ရပ်စလုံးဟာ အင်္ဂါခြေလက် ပျက်နိုင်သော်လည်း ဆေးမထိုး၊ ဆေးမသောက်ဘဲ သာမန်လိမ်းဆေးမျှ လိမ်းကာ သက်သာပျောက်ကင်းတဲ့ အဖြစ်သို့ ရောက်သွားသဖြင့် "ကြီးတဲ့အမှု ငယ်ဆိုတာ လက်တွေ့ပါဘုရား"

အဲဒီလို လက်တွေ့တွေ့ရလေ တရားတော်အပေါ်မှာ ပိုပြီးတော့ ယုံကြည်လေ၊ ဘုရားရှင်ရဲ့ကျေးဇူး၊ ဆရာတော်ဘုရားရဲ့ ကျေးဇူးကို မမေ့လေပါပဲဘုရား။

တပည့်တော် ဆိုးကျိုးကင်းပျောက် ကောင်းကျိုးရောက်သလို အများတွေလည်း ရောက်စေချင်ပါတယ်ဘုရား၊ အဲဒါကြောင့် တပည့်တော်ရဲ့အဖြစ်သနစ်တွေကို ဆရာတော်ဘုရားထံ တင်ပြလျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။

ဆရာတော်ဘုရား သတ္တဝါအများကို သနားကယ်ချွတ်နိုင်ပါစေ၊ သတ္တဝါအများလည်း တရားတွေ၍ အေးမြချမ်းသာပါစေဟု ဆုမွန်ကောင်း တောင်းရင်း တပည့်တော်ရဲ့ ဖြစ်ရပ်စာရှည်ကြီးကို နိဂုံးသတ်လိုက်ပါတယ်ဘုရား။

- ✦ ဘုရားဖယ်ကာ ကိုးစားရာ ရှာပါဘယ်မရှိ။
- ✦ တရားဖယ်ကာ ကိုးစားရာ ရှာပါဘယ်မရှိ။
- ✦ သံဃာဖယ်ကာ ကိုးစားရာ ရှာပါဘယ်မရှိ။
- ✦ ဘုရားကိုးစား အကျိုးများ တိုးပွားပြည့်စုံ၏။
- ✦ တရားကိုးစား အကျိုးများ တိုးပွားပြည့်စုံ၏။
- ✦ သံဃာကိုးစား အကျိုးများ တိုးပွားပြည့်စုံ၏။

# မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလားဘုရား

(၂၂၃)

တကယ့်ဖြစ်ရပ်တို့သည် ဒဏ္ဍာရီဇာတ်လမ်းတို့ထက် ဆန်းကြယ်ကုန်၏။ အထူးသဖြင့် လက်ဖျစ်တီးပြီး အံ့ဩဖွယ်ဖြစ်ကုန်၏။ ယင်းတို့ကို ကိုယ်တွေ့ မတွေ့ မမြင်ရသော တကယ့်အဖြစ်အပျက်ဟု မထင်၊ ဒဏ္ဍာရီပဲဟု ထင်ကြမည်ဖြစ်သည်။ တကယ်ဆိုသော် တကယ့်ဖြစ်ရပ်တို့သည် ဒဏ္ဍာရီတို့ထက် ဆန်းကြယ်ပါဘိကုန်၏။

ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုကို တွေ့ရ၏။ သို့သော် ယင်းဖြစ်ရပ်ကို အဘယ်သို့ စာပေအဖြစ် တင်ပြရမည်ကို မိမိမသိခဲ့၊ စာပေအဖြစ် တင်ပြဖို့လည်း မစဉ်းစားခဲ့၊ ပြဿနာတစ်ရပ် အနေနှင့်လည်း မဖြစ်ခဲ့။

ယခုမူကား စာပေအဖြစ် ရောက်လာ၏။ ပြဿနာအဖြစ် ရောက်လာ၏။ အဘယ်သို့ ရောက်လာသနည်း။ ဆယ်ရက်စခန်းတစ်ခုဝယ် တရားဟော တရားပြနေစဉ် တစ်နေ့ဝယ် ဒကာတစ်ယောက် ရောက်လာပြီး ရှိခိုးဦးချကာ လျှောက်ထားပါသည်။

"အရှင်ဘုရား . . . မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလားဘုရား"

"ကာကွယ်နိုင်ပါတယ်"

"ကာကွယ်နိုင်ကြောင်း အရှင်ဘုရား လက်တွေ့သာဓက ပြနိုင်ပါသလားဘုရား"

"ပြနိုင်ပါတယ်"

"ပြနိုင်ရင် ယခုပြပါဘုရား"

"ဒကာ့ဥစ္စာကလည်း မြန်လွန်းလှချည်လား၊ ယခု ချက်ချင်းဆိုတော့ အခက်သားပဲ"

"မြန်ဆို သိပ္ပံခေတ်ကိုးဘုရား"

"ဩော် . . . သတိရပြီ၊ ဘုန်းကြီးသိမ်းထားတဲ့ စာတစ်စောင် ရှိတယ်၊ အဲဒီစာကို ဖတ်ကြည့်ရင် ဒကာကြီးရဲ့ ပြဿနာအဖြေဟာ ရှင်းသွားပါလိမ့်မယ်၊ ကဲ . . . ရော့ . . . ဖတ်ကြည့်"

၇-၇-၈၇

သို့

နှောင်တော်

နှောင်တော်အရှင်သူမြတ် ကျန်းမာရွှင်လန်းပါစေ၊ ညီမောင် မေတ္တာရဲ့အကျိုးအာနိသင်တစ်ခုကို ညီမောင့်ကိုယ်တွေ့ဖြစ်ရပ်တစ်ခုအဖြစ် ရိုသေလေးစားစွာ လျှောက်ထားတင်ပြအပ်ပါသည်ဘုရား။

ညီမောင်တို့ စာရင်းစစ် ထွက်တော့မယ်ဆိုရင် ထွက်ရမယ့်မြို့တွေကို ကြိုတင်သိထားပြီးသား ဖြစ်လေတော့ မထွက်ခင်ကတည်းက သွားရမယ့်ခရီးကို ကြိုပြီးတော့ မေတ္တာပို့ထားတဲ့ အလေ့အကျင့်လည်း အမြဲလုပ်ထားပါတယ်။

ယခု ညီမောင်တို့ လွိုင်ကော်ဘဏ်ခွဲနဲ့ လက်အောက်ခံ ငွေတိုက်ခွဲဖြစ်တဲ့ ဖားဆောင်းငွေတိုက်ခွဲကို စစ်ဆေးရေး သွားခဲ့ပါတယ်။

ညီမောင်တို့ စာရင်းစစ်အဖွဲ့ မော်လမြိုင်ဘဏ်ကို စစ်စဉ် မုဒုံမြို့မှာ နှောင်တော်ရဲ့ ဆယ်ရက်စခန်းနှင့် ကြုံခဲ့စဉ်က ညီမောင်ဟာ နှောင်တော်ရဲ့ မေတ္တာပို့ အကျဉ်းချုပ်ကို စွဲစွဲလမ်းလမ်း ကြည်ကြည်နူးနူး မေတ္တာပို့မှု ဖြစ်လာခဲ့ပါတယ်။

ယခင်တုန်းကတော့ အဲဒီမေတ္တာပို့ကို အမှုမဲ့ အမှတ်မဲ့ပါပဲ၊ မုဒုံက ပြန်လာမှ အဲဒီမေတ္တာပို့ အကျဉ်းချုပ်ကို ညီမောင့် ပါးစပ်ဖျားမှာ သီချင်းလို ဖြစ်နေပါတယ်။

ညီမောင်ဟာ ယခုအချိန်အထိ သီချင်းတစ်ပုဒ်မှ မရလေတော့ သူများတွေ သီချင်းညည်းသလို ညီမောင်ကတော့ မေတ္တာပို့နဲ့ အခြားညီမောင်ရတဲ့ ဂါထာတွေပဲ ညည်းလေ့ရှိပါတယ်။

အဲဒီ မေတ္တာပို့အကျဉ်းချုပ် အဖြစ်အပျက်ကတော့ ၁၃၄၉ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်နေ့က ရန်ကုန်မှ လွိုင်ကော်သို့ ခရီးထွက်ခဲ့ပါတယ်၊ လွိုင်ကော်၌ ခြောက်ရက်ရပ်နားပြီး စစ်ဆေးပြီးသောအခါ ဖားဆောင်းငွေတိုက်ခွဲသို့ ခရီးဆက်ရမှာဖြစ်ပါတယ်။

လွိုင်ကော်မှဖားဆောင်းကတော့ (၇၅) မိုင်ဝေးတဲ့အန္တရာယ်ထူပြောတဲ့ ရှေ့တန်းစစ်မြေပြင် ခရီးစဉ်ဖြစ်ပါတယ်။ ယခင် ယခင် စာရင်းစစ် အဖွဲ့တွေတုန်းက အန္တရာယ်များလို့ မသွားခဲ့ကြပါဘူး။

စစ်တပ်အင်အား အပြည့်အစုံပါတဲ့ ယာဉ်တန်းရှိမှ ခရီးထွက်လို့ ရပါတယ်။ ညီမောင်တို့ လွိုင်ကော်ရောက်ပြီး ငါးရက်အကြာမှာ လွိုင်ကော်မှ ဖားဆောင်းထွက်မယ့် ယာဉ်တန်းနဲ့ ကြုံတာနဲ့ ညီမောင်တို့အဖွဲ့ လိုက်ဖို့စီစဉ်ပါတယ်။

လွိုင်ကော်က လူတွေကတော့ အန္တရာယ်များတဲ့ ခရီးဖြစ်လို့ မသွားဖြစ်အောင် တားကြပါတယ်။ ဒါပေမဲ့ ညီမောင်လည်း ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်တာက တစ်ကြောင်း၊ အတွေ့အကြုံရအောင် တစ်ကြောင်းကြောင့် သွားဖို့ဆုံးဖြတ်ပြီး ယာဉ်တန်းနဲ့ လိုက်ခဲ့ပါတယ်။

ယာဉ်တန်းက ကားစုစုပေါင်း (၂၁) စီး ပါ‌ပါတယ်။ စစ်သားတွေ လက်နက်အပြည့်အစုံနဲ့ ကားတစ်စီး ပွိုင့်ကားပေါ့၊ ကျန်ကားအစီး (၂၀) မှာ တစ်စီးလျှင် လက်နက်အပြည့်အစုံနဲ့ စစ်သားငါးယောက် ပါ‌ပါတယ်။

ညီမောင်တို့ခရီးထွက်မယ့်နံနက် ယာဉ်တန်းကားတွေ တန်းစီနေတုန်း အကြမ်းဖက်သောင်းကျန်းသူတွေက ညီမောင်တို့ ယာဉ်တန်းကို လမ်းကဖြတ်တိုက်မယ်လို့ သတင်းရရှိခဲ့ပါတယ်။

ဒါပေမဲ့ စစ်တပ်ကလည်း ချက်ချင်းအစည်းအဝေးထိုင်ပြီး အစီအစဉ်လုပ်ပြီး ခရီးစဉ်မဖျက်ဘဲ ထွက်ခဲ့ပါတယ်။ ညီမောင်တို့အဖွဲ့လည်း မနေခဲ့ဘဲ လိုက်လာခဲ့ပါတယ်။

အဲဒီ ခရီးစဉ်မထွက်ခင် ညကတည်းကရော နံနက် ခရီးမထွက်ခင်မှာရော သွားလမ်းခရီးတစ်လျှောက်ကို မှန်းဆအာရုံပြုပြီး ညီမောင် ကြိုတင်မေတ္တာပို့ထားခဲ့ပါတယ်။

"ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား . . . အကျွန်ုပ်နှင့်တကွ ခရီးသွားအပေါင်း သတ္တဝါအပေါင်းတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

ကားပေါ်မှာလည်း မေတ္တာပို့ပြီးတော့ လိုက်ပါခဲ့ပါတယ်။ နံနက် ၉ း ၃၀ နာရီက ထွက်ခဲ့တာ ၁၂ း ၃၀ နာရီမှာ ဖရွှေဆိုးမြို့အလွန် မော်ကရော်ရှစ်ဆိုတဲ့ တောရွာကလေးအနီးမှာ အကြမ်းဖက်သောင်းကျန်းသူတွေ ထောင်ထားတဲ့မိုင်းကို ညီမောင်တို့ကားက နင်းမိပါတယ်။

မိုင်းဗုံးက ညီမောင်ထိုင်တဲ့အောက်တည့်တည့်မှာ ပေါက်ပါတယ်။ ရှေ့က ကားရှစ်စီးကျော်သွားပြီး ညီမောင်တို့ ကိုးစီးမြောက်ကားမှာ လာပြီးပေါက်ပါတယ်။

ညီမောင်တို့ အားလုံးရဲ့ စိတ်ထဲမှာ မိုင်းပေါက်တဲ့အသံလို့ မထင်ဘဲ ကားဘီးပေါက်သွားပြီး ရပ်သွားတယ်ပဲ ထင်ကြတော့ တုန်လှုပ်သူလည်း မရှိပါ။ ကြောက်လန့်ရမှန်းလည်း မသိပါ။ မီးခိုးတွေ ထွက် မှောင်သွားတော့မှ ကားပေါ်ကလူတွေက ကားမီးလောင်တယ်ဆိုပြီး ခုန်ဆင်းကြပါတယ်။

အောက်ရောက်မှ မိုင်းဗုံးထိမှန်းသိပြီး လူတွေ လန့်ကြပါတယ်။ မိုင်းဗုံးကပြင်းထန်သလားဆိုတာ မပြောပါနဲ့၊ လေးပေပတ်လည်လောက် တွင်းကြီးဖြစ်သွားပြီး ကုန်တင်ကားကြီး နောက်ဘီးနှစ်ဘီးတွဲမှာ တစ်ဘီးက တာယာတွေ လုံးဝရှာမတွေ့တော့ပါ။ ကျန်ဘီးက တာယာတစ်ဝက် ကျန်တယ်၊ သံဝွေတွေလည်း လိမ်သွားတယ်၊ ဝင်ရိုးလည်း ကွဲသွားတယ်၊ ဘော်ဒီအိမ်ဘာမှ မဖြစ်ဘဲ ညီမောင်တို့အားလုံး အန္တရာယ်ကင်းပါတယ်။

ညီမောင်တို့ ကျန်တဲ့ကားတွေမှာ ပြောင်းစီးပြီး ခရီးထွက်ခဲ့ပါတယ်။ အဲဒီကားကတော့ ထွက်မရတော့ပါ။

ရန်ကုန်ရုံးချုပ်ပြန်ရောက်တော့ ရုံးချုပ်က လူကြီးတွေက သိနှင့်နေပြီးပါရဲ့သားနဲ့ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲလို့ ပြောကြပါတယ်။ အချို့လူကြီးတွေက သူပါလို့ ဒီလောက်သက်သာတာပေါ့လို့ ပြောကြပါတယ်၊ သူငယ်ချင်းအချို့ကလည်း နောက်ကြပါတယ်၊ မင်းကို ခုံရုံးတင်ပြီး စစ်ဆေးမယ်၊ မင်းဒီလောက် ပုတီးစိပ် မေတ္တာပို့နေရဲ့သားနဲ့ မိုင်းထိခံရတာ မင်းဘာတွေ မဟုတ်တာလုပ်သလဲ၊ မင်း တစ်ခုခု ချွတ်ယွင်းလို့ ဖြစ်ရတာပဲတဲ့။

ညီမောင်ကပြန်ပြောလိုက်တယ်။ တို့ရှေ့ကားရှစ်စီးမှာ ဘယ်အစီးထိထိ အားလုံးသေကြမှာပဲ၊ တို့ကားကျော်ပြီးနောက်ကား ၁၂ စီးလည်း ဘယ်အစီးထိထိ အားလုံးသေကြမှာပဲ၊ ငါသာ မေတ္တာပို့လိုက်လို့ ငါတို့ကားထိလို့ အားလုံးမသေတာလို့ ပြောလိုက်တော့မှ ငြိမ်သွားကြပါတယ်။

အဲဒီ မိုင်းဒဏ်က လွတ်ခဲ့တာ မေတ္တာစွမ်းအင်ကြောင့်လို့ ဘာ့ကြောင့်ပြောနိုင်ပါသလဲဆိုရင် ညီမောင်တို့ မပြန်ခင် တစ်ရက်မှာ ရုံးချုပ်က ညီမောင့်သူငယ်ချင်းရဲ့ ကလေးမလေး လှလှခင်တဲ့၊ သူက ညဘက်မှာ အိပ်မက်.မက်တယ်။

ညီမောင်က သူ့အနားမှာလာပြီး သူ့ကို လက်ညှိုးနဲ့ ထိုးပြီးတော့ လှလှခင် နင် ငါပေးတဲ့ ပုတီးစိပ်နဲ့ မေတ္တာပို့ကို ဘာဖြစ်လို့ မစိပ်လဲ၊ ဘာဖြစ်လို့ မေတ္တာမပို့လဲ။

ငါ့ကို သေသေချာချာကြည့်စမ်း၊ ငါဟာ မိုင်းဗုံး နင်းမိတာတောင် မသေဘူး၊ ငါ ခုပြန်လာတာ နင်မြင်တယ်မဟုတ်လား၊ အဲဒါ မေတ္တာစွမ်းအင်ပေါ့၊ နင် ယုံယုံကြည်ကြည်နဲ့ မေတ္တာပို့ပါလို့ ပြောလည်းပြီးရော လန့်နိုးသွားပါတယ်လို့ ပြောပါတယ် နောင်တော်။

ညီမောင် အဲဒီမနက် ရုံးရောက်တော့ လှလှခင်က ဝမ်းသာအားရနဲ့ ပြောပြပါတယ်၊ အဲဒီမေတ္တာပို့ကိုလည်း အလေးအနက် ယုံကြည်ပြီး ပို့နေကြပါတယ် နောင်တော်။

ညီမောင်

"ကဲ . . . ဒကာကြီးရဲ့မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလားဘုရား ဆိုတဲ့ အမေးဟာ ပြေလည်သွားပြီလား"

"ကိုယ်တွေ့ဆိုတော့ ပြေလည်ရတာပေါ့ဘုရား"

"မေတ္တာစွမ်းအင်ဟာ လက်နက်ဘေးကိုသာမက အကျိုး (၁၁)ပါးတောင် ရပါတယ်၊ များစွာသော လူတွေဟာ အမှတ်မဲ့သာ နေကြပါတယ်၊ မေတ္တာပွားမှုဆိုတာ သမထပါ၊ ပုတီးစိပ်တယ်ဆိုတာလည်း သမထပါ၊ အဲဒီ သမထမျှအောင် မပွားကြလျှင် ဝိပဿနာဆိုတော့ ပိုပြီး ဝေးကြတာပေါ့နော်"

"မှန်ပါဘုရား၊ အရှင်ဘုရား အမိန့်ရှိတဲ့ မေတ္တာအကျိုး (၁၁)ပါး ရှင်းပြပါဦးဘုရား"

"အင်း . . . အင်း . . . ရှင်းပြမယ်၊ မှတ်ထားပါ၊ ရေထဲမှာ ရေးတဲ့ အရေးအသားလိုတော့ မဖြစ်ပါစေနဲ့၊ သေသေချာချာ မှတ်ပါ၊ ကျက်ထားပါ၊ မေတ္တာလည်း ပို့ပါ"

(၁) အိပ်ရချမ်းသာ

(၂) ချမ်းသာစွာနိုး

(၃) အိပ်မက်ဆိုးပျောက်

(၄) စောင့်ရှောက်နတ်များ ရင်ဝယ်သားသို့

(၅) လူများလည်းခင်

(၆) နတ်လည်းခင်၏

(၇) မီးလျှင်မပူ၊ အဆိပ်ဟူလည်း၊ ထို့တူပြေပျောက်၊ လက်နက်ရောက်လည်း၊ မပေါက်မဝင်၊ ပြီးသည်လျှင်တည်း

(၈) အစဉ်စိတ်တည်

(၉) မျက်နှာကြည်၍

(၁၀) သေသည်ကာလ၊ မတွေ့ရရှင့်

(၁၁) သေကပြဟ္မာ၊ ပြည်သို့သာလျှင်၊ လားရာဆယ့်တစ်မျိုး၊ ဤအကျိုးသည် တန်ခိုးမေတ္တာ ပွားမှုတည်းတဲ့"

"အဲဒီ အကျိုး (၁၁)မျိုးထဲမှာ ခုနက မိုင်းဗုံးပေါက်သော်လည်း မထိရောက်ဘူးဆိုတာ (၇)နံပါတ် အကျိုး မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"မေတ္တာဖြင့်လက်နက်ဘေးကိုကာကွယ်နိုင်တယ်ဆိုတာ မေတ္တာအကျိုးထဲမှာကိုတိုက်ရိုက်ပါနေတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

" မေတ္တာပို့ဆိုတာ သေသေချာချာစဉ်းစား သူတစ်ပါးကို စောင့်ရှောက်တာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"သူတစ်ပါးစောင့်ရှောက်တဲ့ မေတ္တာပို့ဟာ မိမိကိုယ်လည်း စောင့်ရှောက်ရာ မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"ဥပမာ ပြောပြမယ်၊ ဥပမာနဲ့ပြောပြရင် ဤလောကရှိ အချို့ပညာရှိတွေ နားလည်ကြပါတယ်၊ မင်းစိုးရာဇာ အရာရှိကြီးတွေရဲ့နေရာအရပ်တွေမှာ အစောင့်တွေ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အဲဒီအစောင့်တွေဟာ ဘယ်သူ့ကို စောင့်တာလဲ"

"မင်းစိုးရာဇာ အရာရှိကြီးတွေကို စောင့်တာပါဘုရား"

"မင်းစိုးရာဇာ အရာရှိကြီးတွေကို စောင့်ရင်းနဲ့ သူတို့ကိုယ်လည်း စောင့်ရာ မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"အဲဒီအတူပဲ မေတ္တာဆိုတာ ကိုယ်မှတစ်ပါး အများကို စောင့်ရှောင့်တာပါ၊ အများနဲ့အတူ မိမိလည်း ဘေးကင်းရန်ကင်း အန္တရာယ်ကင်းပါတယ်၊ ဒါကြောင့် မေတ္တာ မပို့ထိုက်ဘူးလား"

"ပို့ထိုက်ပါတယ်ဘုရား"

"အဲဒီ မေတ္တာအကျိုး (၁၁) မျိုး ဆိုတာ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တဲ့ ဧကာဒသက နိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်မှာ တိုက်ရိုက်လာပါတယ်"

"ပြီးတော့ အဲဒီ မေတ္တာရဲ့စွမ်းအင်ဖြင့် လက်နက်ဘေးကို ကာကွယ်ပုံကို တစ်နည်း သာဓကပြဦးမယ်၊ သေသေချာချာ မှတ်ထားပါ"

"မှန်ပါ့ဘုရား"

"ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူခိုက်မှာပေါ့၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီးက ဘုရားရှင်ကို လျှောက်ထားမေးမြန်းတယ်"

"မြတ်စွာဘုရား၊ ဗုဒ္ဓါနုဿတိသည်သာလျှင် အကာအကွယ် အစောင့်အရှောက်ကို ဖြစ်စေနိုင်ပါသလား၊ သို့မဟုတ် မေတ္တာနုဿတိ စသည်တို့သည်လည်း အကာအကွယ် အစောင့်အရှောက်ကို ဖြစ်စေနိုင်ပါသလားလို့ မေးလျှောက်ပါတယ်"

"အဲဒီမှာ ဗုဒ္ဓါနုဿတိဆိုတာ အများနားလည်အောင် ပြောရင် အရဟံဂုဏ်တော် ပုတီးစိပ်တာတို့၊ ဣတိပိသော ပုတီးစိပ်တာမျိုး စတဲ့ ဘုရားရှင်ရဲ့ဂုဏ်တော်နဲ့ စပ်သွယ်ပြီး ရွတ်ပွားတာမျိုးကို ခေါ်တယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို လျှောက်တဲ့အခါ ဘုရားရှင်က -

"မြတ်သောမင်းကြီး၊ သက်သက်သော ဗုဒ္ဓါနုဿတိသည်သာလျှင် အကာအကွယ် အစောင့်အရှောက်ကို ဖြစ်စေနိုင်တာ မဟုတ်ပါ၊ အကြင်သူတို့သည် ...

(၁) နေ့ညဉ့်မပြတ် ဗုဒ္ဓါနုဿတိ ပွားကြတယ်

(၂) နေ့ညဉ့်မပြတ် မေတ္တာနုဿတိ ပွားကြတယ်

(၃) နေ့ညဉ့်မပြတ် သံဃာနုဿတိ ပွားကြတယ်

(၄) နေ့ညဉ့်မပြတ် ကာယဂတာသတိ ပွားကြတယ်

(၅) နေ့ညဉ့်မပြတ် ကရုဏာဘာဝနာ ပွားကြတယ်

(၆) နေ့ညဉ့်မပြတ် မေတ္တာဘာဝနာ ပွားကြတယ်

အဲဒီသူတွေမှာ အခြားသော အစောင့်အရှောက် မန္တန်ဆေးဝါးတို့ဖြင့် ကာကွယ်စောင့်ရှောက်ဖွယ်ကိစ္စ မရှိတော့ပါ" လို့ မိန့်ပါတယ်၊ ကဲ ... အဲဒီခြောက်ပါးထဲမှာလည်း မေတ္တာ မပါဘူးလား"

"ပါ.ပါတယ် အရှင်ဘုရား"

"ကဲ...ဒါဖြင့် အရှင်ဘုရား မေတ္တာဖြင့် လက်နက်ဘေးကို ကာကွယ်နိုင်ပါသလားဘုရား ဆိုတဲ့ ပြဿနာ ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

✦ ဘုရားဂုဏ်မြတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ။

✦ နေ့ရောညဉ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။

✦ တရားဂုဏ်မြတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ။

✦ နေ့ရောညဉ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။

✦ သံဃာ့ဂုဏ်မြတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ။

✦ နေ့ရောညဉ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။

✦ ကာယဂတာသတိဓာတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ။

✦ နေ့ရောညဉ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။

✦ ကရုဏာဓာတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ။

✦ နေ့ရောညဉ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။

✦ အေးမေတ္တာဓာတ် အာရုံကပ် မပြတ်အောက်မေ့နေသူမှာ။

✦ နေ့ရောညဉ့်ပါ ခါခပ်သိမ်း ရန်ဘေးကင်းငြိမ်းနေရမှာ။

# ဒက္ခိဏသာခါဘုရား
# အဘယ်ကြောင့် အရုပ်ဆိုးပါသလဲဘုရား

(၂၂၄)

အိမ်ထောင်မှု ဘုရားတည်
ဆေးမင်ရည် စုတ်ထိုး။
ဤသုံးခု ချက်မပိုင်လျှင်
နောင်ပြင်နိုင် ခက်တဲ့အမျိုး။

ဟူသော အချိုးကို ဗုဒ္ဓသာသနာတော် ထွန်းကားသော မြန်မာပြည်သူပြည်သား လူအများတို့ နှုတ်ဖျားတွင် အရများကြ၊ အရွတ်အဖတ် များကြ၏။

ယင်းအချိုးကို အထူးလိုက်နာပြီး၊ အထူးစဉ်းစားပြီး ဆောင်ရွက်သူများ ရှိကြသလို၊ ဘာမှ မစဉ်းစားဘဲ အမှတ်မဲ့ ပြုမူဆောင်ရွက်သူများလည်း ရှိကြပါသည်။

မှန်ပါသည်။ ဤလောကကြီးသည် အထူးထူးသော အလိုဆန္ဒရှိသော လောကကြီး မဟုတ်ပါလား။ အထူးထူးသော အလိုဆန္ဒရှိသည့် အားလျော်စွာ မိမိတို့ အလိုဆန္ဒရှိသလိုသာ မိမိတို့အလိုဆန္ဒအတိုင်းသာ ပြုမူဆောင်ရွက်ကြသည် မဟုတ်ပါလား။

"ထိုတွင် လူဦးရေအများစုမှာ ဘာကိုမျှ စဉ်းစားတွေးခေါ်လေ့ မရှိဘဲ အမှတ်မဲ့သာ ပြုမူလေ့ရှိသည် မဟုတ်ပါလား"

အိမ်ထောင်မှုမှာ မစဉ်းစားလို့ မှားလျှင် တစ်ဘဝသာ မှားနိုင်ပါသည်။ ဆေးမင်ရည်စုတ်ထိုး မှားလျှင်လည်း တစ်ဘဝသာ မှားနိုင်သည်။ ဘုရားတည်မှားလျှင်တော့ ဘဝများစွာ မှားတော့သည်။

သို့ဖြစ်၍ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး သုံးမျိုးတို့တွင် ဘုရားတည်အတွက် အထူးသတိပြု စဉ်းစားသင့်သည်။

ယင်းသို့ စဉ်းစားသင့်သည်ကို မစဉ်းမစား ဘုရားတည်တတ်၍ နိုင်ငံတော်သံဃမဟာနာယကမှ ညွှန်ကြားလွှာများ ထုတ်၍ပင် ညွှန်ကြားပေးနေရသည်။

ယင်းသည့်အကြားမှပင် လစ်လျှင်လစ်သလို၊ ချောင်ရင် ချောင်သလို အခွင့်ကောင်းယူကာ ဘုရားများ တည်ကြတုန်းပင် ရှိသေးသည်။

စဉ်းစားသူက နည်းပါးလှ၏။ အလွန်တရာမှပင် နည်းပါးလှ၏။ တွေးခေါ်မြော်မြင်သူကား ရှားပါးလှ၏။ အလွန်တရာမှပင် ရှားပါးလှ၏။ ထိုမျှ နည်းပါး ရှားပါးလှသူ တစ်ယောက်နှင့် မိမိမှာလည်း ကြုံကြုံဖန်ဖန် ဆုံဆည်းမိခဲ့ဖူး၏။

ထိုသည့်ဒကာသည် လူမှုရေး၊ ဘာသာ၊ သာသနာရေး ဆောင်ရွက်ရာတွင် မှန်ကန်၏။ တိကျပြတ်သား၏။ သာသနာရေးယုံကြည်ချက်၊ ကိုးကွယ်မှု ယုံကြည်ချက် လေးနက်၏။

ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ လူပြော သူပြော အများပြောကို ယုံကြည်ပြီး ကိုးကွယ်ဆည်းကပ်လေ့ မရှိ။ ယုံကြည်လေ့ မရှိ။

မကိုးကွယ် မဆည်းကပ်မီ အလေးအနက် တွေးတွေးတောတော ဆင်ဆင်ခြင်ခြင် တွေးတောစဉ်းစား ဆင်ခြင်ပြီး ကိုးကွယ်ဆည်းကပ်ထိုက်ပါမှ ကိုးကွယ်ဆည်းကပ်လေ့ ရှိသူ ဖြစ်၏။

ကိုးကွယ်ဆည်းကပ်ထိုက်မှန်း သိ၍ ကိုးကွယ်ဆည်းကပ်ပြန်လျှင်လည်း အပေါ်ယံမျှသာ မဟုတ်ချေ။ လေးနက်လှ၏။ သူသည် မိမိထံသို့ တစ်နေ့ ရောက်လာ၏။ ပထမဆုံးအကြိမ် ရောက်လာခြင်း ဖြစ်သည်။

ရောက်လာပြီးလျှင် အရှိအသေ အလေးအမြတ် ရှိခိုးဦးတင်ပြီး ထိုင်ကာ လျှောက်ထား၏။

"အရှင်ဘုရား၊ ဒက္ခိဏသာခါဘုရား အဘယ်ကြောင့် အရုပ်ဆိုးပါသလဲဘုရား"

အို . . . စာရှုသူ၊ အမေးကို စဉ်းစားကြည့်စမ်းပါ၊ မိမိအနေနှင့် ဒီလိုအမေးမျိုးကို မေးဖို့ရာ စဉ်းစားကြံစည်မိခဲ့မှုမျိုး ဖြစ်ခဲ့ပါသလားလို့ ပြန်လည်ဆန်းစစ်ကြည့်စမ်းပါဘိ။ စဉ်းစားမိဦးတော့ ယခုလို နှုတ်မြွက်၍ မေးသည်အထိ ရောက်မှာ မဟုတ်ချေ။ အရေးမကြီးသည့် ပြဿနာသဖွယ် ထားလိုက်မည် ဖြစ်သည်။

ယခု သည်ဒကာမှာမူ ယင်းသို့မဟုတ်ဘဲ ပြဿနာကို အလေးအနက် စဉ်းစားသည်၊ အရေးကြီးသည်ဟု ခံယူသည်။ ခံယူချက်ကို အကောင်အထည်ဖော်ပြီး မေးလျှောက်သည်။

"အင်း . . . ဒကာကြီးလို အမေးမျိုး ဒီတစ်ခါပဲ ကြုံဖူးပါတယ်၊ အမေးကလည်း ဆန်းလိုက်တာ"

"ဟုတ်လားဘုရား"

"ဟုတ်တယ်၊ ဒကာကြီးပဲ အဆန်းတကြယ် အံ့ဩဖွယ်လို့ ဆိုရလောက်အောင် မေးဖူးပါတယ်၊ မေးလည်း မေးထိုက်ပါတယ်၊ ဘုရားဆိုတာ အဆင်းတော်ကလည်း အတုမရှိ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ယခုတော့ အတုမဲ့ အဆင်းတော်ရှိတဲ့ ဘုရားကို အတုမဲ့ အဆင်းလှအောင် ထုလုပ်ရမှာ မထုဘဲ အရုပ်ဆိုးဆိုးကြီး ထုထားတယ်ဆိုတော့ စဉ်းစားစရာ ဖြစ်နေတာပေါ့၊ တွေးတောစရာ ဖြစ်နေတာပေါ့၊ မေးမြန်းစရာ ဖြစ်နေတာပေါ့"

"အေး . . . ဖြေရတာပေါ့၊ အဖြေကတော့ နည်းနည်းရှည်မယ်နော်၊ နားထောင်နိုင်ပါ့မလား"

"မှန်ပါ့ဘုရား၊ သိလိုလို့ သက်သက်မယ့် လာရောက်ပြီး လျှောက်ထားတာပါဘုရား၊ အမိန့်ရှိပါဘုရား၊ နားထောင်နိုင်ပါတယ်ဘုရား"

"ဘုန်းကြီးတို့ မြန်မာပြည်မှာ ကြေး၊ ကျောက်၊ ရွှေ၊ ငွေ၊ သစ်သား၊ သတ္တု စသည်များဖြင့် ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်လေ့ရှိကြပါတယ်၊ အဲဒီရုပ်ပွားတော်တွေထဲမှာ ဒက္ခိဏသာခါရုပ်ပွားတော်ကို ဗုဒ္ဓသာသနာတော်ဝင်တွေ အထူးကြည်ညိုလေးစား ကိုးကွယ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီလို ဒက္ခိဏသာခါ ရုပ်ပွားတော်ကို အမြတ်တနိုး ကိုးကွယ်ကြပေမဲ့ အဲဒီ ဒက္ခိဏသာခါဆိုတဲ့ ဘွဲ့မည်ကိုမျှ အတိအကျ မသိသူတွေ များတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကိုးကွယ်ကြသူများရဲ့ယုံကြည်ချက်က ဒီဒက္ခိဏသာခါ ရုပ်ပွားတော်ကို ကိုးကွယ်ရခြင်းဖြင့် လောကီ လောကုတ္တရာ အကျိုးစီးပွားများ ဒီမျက်မှောက်ဘဝမှာပဲ တိုးတက်ဖြစ်ထွန်းနိုင်တယ်၊ ဘေးအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကို ကာကွယ်နိုင်တယ်လို့ ယုံကြည်ပြီး ကိုးကွယ်ကြတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အများအားဖြင့် စုဋ္ဌဂန္ဓာရီ ထွက်ရပ်ဂိုဏ်း ဆရာများရဲ့အစီအရင်နဲ့ ထုလုပ်တဲ့ ဒက္ခိဏသာခါ ရုပ်ပွားတော်ကို ယခုအများက ဒက္ခိဏသာခါဘုရား ခေါ်နေကြတာပါ၊ တကယ်အစစ် ဒက္ခိဏသာခါဆိုတာ ဗောဓိပင်ရဲ့တောင်ကိုင်းကို ခေါ်တာပါ"

"ဟုတ်လားဘုရား"

"ဟုတ်တယ်၊ ဘုန်းကြီးတို့ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာတော်နှစ် ၂၁၈ ခုနှစ်၊ မင်းအဖြစ်ရောက်တဲ့ သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်နှစ် ၂၃၆ ခုနှစ်၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ညနေချမ်းအချိန်တွင် မဟာဗောဓိပင်မြတ်သို့ ရောက်ပြီး ကြည်ညိုတော်မူရင်းနှင့် ဒီလို သစ္စာအဓိဋ္ဌာန်ပြုပါတယ်"

"ဤမဟာဗောဓိပင်သည် သီဟိုဠ်ကျွန်း၌ အကယ်၍ တည်တော်မူသည်ဖြစ်အံ့၊ ဘုရားတပည့်တော်သည်လည်း မြတ်စွာဘုရား၏ သာသနာတော်၌ အကယ်၍ ယုံမှားကင်းသည် ဖြစ်ငြားအံ့၊ ဤမဟာဗောဓိပင်သည် ဤရွှေဖျဉ်းအိုး၌ တည်တော်မူပါစေသတည်း"

ဟု သစ္စာအဓိဋ္ဌာန်ပြုပြီးလျှင် မဟာဗောဓိပင်၏ တောင်ဘက်ကိုင်းကို ဆေးဒန်းမြင်းသီလာဖြင့် ပိုင်းခြား၍ အရေးအကြောင်းပြုလုပ်ပါတယ်"

"အဲဒီလို ပြုလုပ်တဲ့ ခဏမှာပင် (၁၀)တောင်မျှ အမြင့်ရှိတဲ့ ကိုင်းမကြီးတွင် (၄)တောင်စီရှိတဲ့ ခက်မကြီး ငါးခက်နှင့်တကွ တစ်ခက် တစ်ခက်လျှင် အသီးငါးလုံးစီ ပါဝင်သော မဟာဗောဓိပင်ရဲ့တောင်ကိုင်းဟာ အလိုအလျောက် ရွှေဖျဉ်းအိုး၌ တည်လာပါတယ်"

"အရှင်ဘုရား အံ့ဖွယ်ကြီးပါလားဘုရား"

"အံ့ဩဖွယ်ပေါ့၊ အဲဒါ ဘုန်းကြီးတို့ သာသနာဝင်ကျမ်း ပါရာဇိကဏ် အဋ္ဌကထာမှာကို လာပါတယ်"

"ဆက်အမိန့်ရှိပါဦးဘုရား"

"အဲဒီအချိန်မှ အစပြုပြီး သာသနာတော်နှစ် ၂၃၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့တွင် သီရိဓမ္မာသောကမင်းကြီးသည် သီဟိုဠ်ကျွန်း တိဿမင်းထံသို့ သာသနာတော်ပြန့်ပွားရေးကို ရည်သန်တောင့်တပြီး ပါဋလိပုတ်ပြည်မှ တာမလိတ္တိ ပင်လယ်သင်္ဘောဆိပ်သို့ ပို့ဆောင်ပါတယ်"

"အဲဒီနှစ် နတ်တော်လဆန်း (၁)ရက်နေ့တွင် သီရိဓမ္မာသောကမင်းကြီးရဲ့သမီးတော် သင်္ဃမိတ္တာထေရီသည် သီဟိုဠ်ကျွန်းသို့ သင်္ဘောဖြင့် ပင့်ဆောင်တော်မူခဲ့ပါတယ်"

"နတ်တော်လဆန်း (၇)ရက်နေ့တွင် သီဟိုဠ်ကျွန်း ဇမ္ဗုကောလ သင်္ဘောဆိပ်သို့ ရောက်ခဲ့ပါတယ်၊ အဲဒီမှ နတ်တော်လဆန်း (၁၀)နေ့တွင် ကြီးကျယ်သော ပူဇော်ပွဲကြီး ပြုလုပ်ပြီး အနုရာဓမြို့သို့ ပင့်ဆောင်ခဲ့ပါတယ်"

"နတ်တော်လဆန်း (၁၄)ရက်နေ့တွင် မြို့တော်သို့ရောက်၍ မြို့မြောက်ဘက်တံခါးမှ ဝင်ပြီးလျှင် မြို့တောင်ဘက်တံခါးမှ တစ်ဖန်ထွက်၍ ကုလလေးတာ အပြန်ငါးရာ ကွာဝေးသော မဟာမေဃဝန် မင်းဥယျာဉ်သို့ ပင့်ဆောင်တော်မူပါတယ်"

"အဲဒီဥယျာဉ်အရပ်ဟာ ကကုသန်မြတ်စွာဘုရား စသည်တို့ရဲ့ ရေသဖန်း ဇောဓိပင်ဒက္ခိဏသာခါ (တောင်ကိုင်း) နှင့် ကဿပဘုရားရှင်၏ ပညောင်ပင် ဇောဓိပင် ဒက္ခိဏသာခါ (တောင်ကိုင်း)တို့ရဲ့တည်ရာဌာန ဖြစ်ပါတယ်"

"အဲဒီ တောင်ကိုင်း (ဒက္ခိဏသာခါ)ပင်မကြီး၌ ပါလာခဲ့သော ဇောဓိသီးများအနက် တစ်ကိုင်း တစ်လုံးကျစီ ကြွေကြသဖြင့် ဇောဓိသီးငါးလုံးမှ တစ်လုံးလျှင် လေးပင်ကျစီ ပေါက်၍ ၅ × ၄ = ၂၀ ပင် ပေါက်လာပါတယ်"

"အဲဒီ ဇောဓိပင်များကို အနုရာဓမြို့၌စိုက်ပျိုးထားပါတယ်၊ အဲဒီ သီဟိုဠ်ရောက် မဟာဇောဓိပင်၏ တောင်ဘက်ကိုင်းမှ အဆင့်ဆင့်ပေါက်ပွားသော ဇောဓိပင်များကို တောင်ကိုင်း (ဒက္ခိဏသာခါ)လို့ ခေါ်ဝေါ်သမုတ်ကြပါတယ်"

"ဩော် . . . ဒါဖြင့် အရှင်ဘုရား၊ ဒက္ခိဏသာခါ ဆိုတာ တောင်ကိုင်းပဲ ဘုရား၊ ဘယ်မှာ အရုပ်ဆိုးဘုရား ဟုတ်လို့လဲ ဘုရား"

"နေဦးလေ ဒကာကြီးကလည်း၊ စကားမှ မဆုံးသေးတာပဲ၊ ဆက်ပြီးတော့ နားထောင်ပါဦး"

"မှန်ပါဘုရား၊ ဆက်အမိန့်ရှိပါဘုရား"

"အဲဒီ ဇောဓိပင်များဟာ ကြီးရင့်အိုမင်းပြီး ဆွေးမြည့်လာကြတယ်၊ ဇောဓိပင်ဆိုတာ ပရိဘောဂစေတီ မဟုတ်လား"

"မှန်ပါဘုရား"

"အေး...ပရိဘောဂစေတီထိုက်တဲ့ဆွေးမြည့်နေတဲ့ဇောဓိသားတွေကိုဥဒ္ဒိဿစေတီအဖြစ် ရုပ်ပွားစေတီများထုလုပ်ကြတယ်၊ အဲဒီ ရုပ်ပွားစေတီတော်ကိုပဲ ဒက္ခိဏသာခါလို့ ခေါ်ဝေါ်သမုတ်ကြတာပါ၊ အရုပ်ဆိုးဘုရား မဟုတ်ပါဘူး၊ ဒက္ခိဏသာခါ ဘုရား အရုပ်မဆိုးပါဘူး"

"တပည့်တော်တွေဖူးတဲ့ ဒက္ခိဏသာခါဘုရားတွေဟာ အရုပ်ဆိုးတွေချည်းပါပဲ ဘုရား"

"နေဦး . . . နေဦး၊ ဆက်ပြောဦးမယ်၊ အဲဒီ ဒက္ခိဏသာခါ ရုပ်ပွားတော် ရုပ်တုတော်တွေကို သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်း လက်ထက်တော်တွင် ရှင်ဗုဒ္ဓရက္ခိတထေရ် ပင့်ဆောင်မူဇော်တယ်လို့ သီဟိုဠ်မှတ်တမ်းများအရ သိရပါတယ်"

"အဲဒီမှ နောက် ဘုန်းကြီးတို့ မြန်မာပြည် သထုံပြည်၊ သရေခေတ္တရာပြည်နဲ့ ပေါက္ကံပြည် အနော်ရထာမင်းကြီးထံသို့ ရှင်အရဟံ ပင့်ဆောင်ခဲ့ပါတယ်"

"အဲဒီနောက် ကျန်စစ်မင်း၊ မဏိစည်သူမင်းတို့လက်ထက်တွင် ကရဝိတ်ဖောင်တော်ဦးမှာတင်၍ အမြဲမပြတ် ကိုးကွယ်တော်မူကြတယ်လို့ ဆိုပါတယ်"

"အဲဒီနောက် သက္ကရာဇ် ၇၈၈ ခုနှစ်တွင် အင်းဝမိုးညှင်းဘုရင်ထံသို့ ဒက္ခိဏသာခါ ရုပ်ပွားတော် အကြီးအငယ် ဆူရေ (၃၀၀)ကျော် ရောက်လာတယ်လို့ သမန္တစက္ခုကျမ်းမှာ တွေ့ရပါတယ်"

"အဲဒီမှ နောက် သားတော် မင်းရဲကျော်စွာ၊ ညီတော် ထူပါရုံ ဒါယကာကြီး နရပတိကြီး၊ သားတော် မင်းကြီး မဟာသီဟသူရတို့ လက်ထက်တိုင် အဆက်မပြတ် သီဟိုဠ်မှ ရဟန်းတော်များ ရောက်ရှိလာကြသဖြင့် ဒက္ခိဏသာခါ ရုပ်ပွားတော်များကို အနန္တပြား ပူဇော်တာကို တွေ့ရပါတယ်"

"အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်းဆိုရင် ဒက္ခိဏသာခါဆိုတာ ဇောဓိပင်ရဲ့တောင်ကိုင်းကို ခေါ်တယ်ပေါ့နော်"

"အင်းပေါ့"

"အဲဒီဇောဓိပင်ရဲ့တောင်ကိုင်းကို ထုတဲ့ ရုပ်ပွားတော်ကိုလည်း ဒက္ခိဏသာခါ ရုပ်ပွားတော် ဆင်းတုတော် ခေါ်တယ် ပေါ့နော်"

"အင်းပေါ့"

"ဒါဖြင့် ရုပ်ပွားတော်အနေနဲ့ ကျောင်းတော်မှ ရုပ်တော်မှ စသည့် ပုံအမျိုးမျိုးလည်း ထုလုပ်နိုင်တာပေါ့နော်"

"ထုလုပ်နိုင်တာပေါ့"

"ဒါဖြင့် ယခု အများကိုးကွယ်နေတဲ့ ဒက္ခိဏသာခါပုံတော်နဲ့ ပတ်သက်ပြီး အရှင်ဘုရား သိသမျှ ရာဇဝင်ခင်းပြီး ရှင်းပြပါဦးဘုရား"

"အမယ်လေး... ရာဇဝင်ခင်းပြီး ရှင်းရမယ်ဆိုရင် အရှည်ကြီးပါပဲ"

"ရှည်ချင်ရှည်ပါစေဘုရား၊ တပည့်တော်နဲ့ ဗုဒ္ဓသာသနာဝင် အားလုံးတို့အတွက် အကျိုးများလှပါတယ်ဘုရား"

"ကဲ... ဒါဖြင့် နားထောင်၊ အဲဒီ သီဟိုဠ်မှ ဒက္ခိဏသာခါ ရုပ်ပွားတော်များကို မိုးညှင်း မင်းတရား၊ ထို့နောက် ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရမှ မန္တလေးမြို့တော်အထိ ဘုရင်အဆက်ဆက် ကိုးကွယ်ခဲ့ရာမှ မြို့ရွာလူထုအများ ကိုးကွယ်ခဲ့ကြပါတယ်"

"အဲဒီပုံတော်တွေကိုကြည့်ရင်ကြာဖက်ဆောင်းထားတာ တွေ့ရပါတယ်၊ အဲဒါက ဘုရားရှင် မုစ္စလိန္ဒာအိုင်ဝယ် သီတင်းသုံးတော်မူခိုက် နတ်များက အပူရှိန်ကို ကာကွယ်ပေးသောအားဖြင့် ကြာဖက်မိုးပေးခြင်းကို အကြောင်းပြုပြီး ကြာဖက်ဆောင်း သဏ္ဌာန် ထုလုပ်တယ်လို့ ဆိုနိုင်ပါတယ်"

"ဒါဖြင့် အရှင်ဘုရား၊ နဂါးမိုးပေးလို့ နဂါးမိုးဒက္ခိဏသာခါ ထုလုပ်ရင် မရနိုင်ဘူးလားဘုရား"

"ရနိုင်တာပေါ့"

"ဆက်ရှင်းပါဦးဘုရား"

"တင်ပျဉ်ခွေတော်မူတဲ့ပုံက ဘုရားရှင်ရဲ့ ခြေဖဝါးတော်မှာရှိတဲ့ စက်လက္ခဏာကို စုံစမ်းတဲ့သူတို့အား သံသယကင်း ရှင်းအောင် ထင်ရှားပြသတဲ့အနေနဲ့ ခွေတဲ့ပုံပါပဲ၊ အဲဒီပုံကတော့ အများပုံတွေနဲ့ တူပါတယ်နော်"

"မှန်ပါဘုရား"

"သူ့ကျမ်းတွေမှာ ဖောမိသားကို ဆေးဒန်း မြင်းသီလာနှင့်ဖြတ်၍ ညာဏ်တော် (၆) သစ်ခန့် ထုလုပ်ရန် ဖောမိသားကို စီရင်ရာ၏လို့ ဆိုပါတယ်၊ ဒါကတော့ အသား အနေအထား ကြည့်ပြောတာနဲ့ တူပါတယ်နော်"

"မှန်ပါဘုရား"

"ထုလုပ်သောအခါ မဇ္ဈိမတိုင်းသား ကျေးကုလားပုံဟန် မျက်နှာသွင်ပြင် ကြည်လင်သော ဣန္ဒြေတော် ရှိစေရမည်တဲ့"

"ဟာ... ဒါဖြင့် အရုပ်မဆိုးစေရဘူးပေါ့နော် ဘုရား"

"ဘုရားပါဆိုမှ ဘယ်မှာ အရုပ်ဆိုးရမှာလဲ၊ အဆင်းတော်ကလည်း လှလွန်းလို့ အတုမဲ့အဆင်းတော်ပဲ"

"မှန်ပါဘုရား၊ ဆက်ရှင်းပါဦးဘုရား"

"ဆက်ရှင်းမနေနဲ့တော့၊ ဒါလောက်ဆိုရင် ဒကာကြီးရဲ့အမေးဟာ ပြေလည်ပြီ၊ ဆက်ရှင်းရင် လောကီ အစီအစဉ်တွေ ဖြစ်ပြီး ရှုပ်ကုန်လိမ့်မယ်"

"ဘာဖြစ်လို့လဲဘုရား"

"ရုပ်တုတော် ထုလုပ်ပြီး သစ်စေးသုံးထပ်၊ ရွှေသုံးထပ် ချရမည်တဲ့၊ ပြီးတော့ ဂါထာရှိသေးတယ်၊ အဲဒီဂါထာနဲ့ ခုနစ်အုပ် သို့မဟုတ် (၁၇)အုပ် စုပ်ရမည်တဲ့"

"ဒီလိုဆိုတော့ လောကီဆန်သွားပြီပေါ့ဘုရား"

"အင်းပေါ့၊ အဲဒါကြောင့် မရှင်းချင်တာပေါ့၊ ပြီးတော့ သစ္စာရ၊ ရွှေရင်ကပ်၊ အနော်မဒဿီ၊ မဟာစေတီ၊ ဈေးတော်ဦး၊ တုဘောဂ၊ မဟာဒိန်ရယ်လို့ နေ့စဉ်အလိုက် ဘွဲ့တော်မှည့်ပြီး ကိုးကွယ်ရမယ်တဲ့"

"ပြီးတော့ မိမိတို့ရဲ့မူလ၊ ပရိဝါရအရပ်၊ အာယုအရပ်၊ တေဇအရပ်၊ သီရိအရပ် တို့၌ တည်ထားကိုးကွယ်ရမယ်တဲ့"

"အမယ်လေး...မလွယ်ပါလားဘုရား"

"မလွယ်ဘူး၊ အဲဒီလို ကိုးကွယ်ရင် လောကီအကျိုးတရားမှာ ပယောဂဘက်တွင် အထူးအသုံးဝင်တယ်တဲ့၊ စုန်းရူး၊ နတ်ရူး၊ မှော်ရူးတို့ကို ကြာ၊ ငါးကြင်း မြုပ်ရုံလောက် ရေသပ္ပာယ်၍ လူနာကိုတိုက်လျှင် ချက်ချင်းပျောက်တယ်တဲ့"

"ပြီးတော့ ဦးခေါင်းတော်ဘက်မှ ရေသပ္ပာယ်၍ အဲဒီရေကို နံ့သာရေဆွတ်ပြီး သောက်သုံးသော်၊ နားကြပ်ပေးသော် အကြားပေါက်တယ်တဲ့၊ နတ်ကဲ့သို့ဟောပြောနိုင်တယ်တဲ့၊ အဲဒီရေကို မျက်နှာသစ်သော် လူနတ်ချစ်ခင် အမြင်ပေါက်တယ်တဲ့"

"အမယ်လေး...တယ်ဆိုပါလားဘုရား"

"ဒါတွင် မကသေးဘူး၊ ဉာဏ်ယှဉ်၍သုံးနိုင်သည်...တဲ့၊ အဲဒါ လောကီနည်းတွေပါ၊ လောကုတ္တရာအနေနဲ့ကတော့ ဇောမိသားရရင် ကြိုက်တဲ့ပုံ ထုပြီး အနေကဇာတင်ပြီး ကိုးကွယ်ရုံပဲပေါ့နော်"

"မှန်ပါဘုရား"

"နောက်ရှင်းရရင် လောကီနည်းတွေ အများကြီးရှိသေးတယ်၊ ထွက်ရပ်ပေါက်ဆရာတို့ ဒက္ခိဏသာခါ စီရင်နည်း အင်းများ၊ စမများကို (၁၀)ဌာန၌ သွင်းရတယ်၊ ပြီးတော့ ပွဲခုနစ်ပွဲ တင်ပြီး ထုရတဲ့နည်းလည်း ရှိသေးတယ်"

"ကျေနပ်ပါပြီဘုရား၊ ရှင်းပါပြီဘုရား၊ သိပ်ပြီးတော့ လောကီဆန်သွားတော့ မကောင်းတော့ပါဘုရား"

"အေး...အချုပ်ပြောရရင် ဇောမိပင်ရဲ့တောင်ကိုင်း (ဒက္ခိဏသာခါ)ရရင် ကြိုက်တဲ့ပုံ ထု၊ အနေကဇာတင် ကိုးကွယ်ရင် မိမိလိုချင်တဲ့ လောကီ လောကုတ္တရာအကျိုးတွေ ပြီးပါတယ်၊ ယုံကြည်စွာ ကိုးကွယ်ပါနော်"

"မှန်ပါဘုရား"

"အခြားအခြား ကြေး၊ ကျောက်၊ ရွှေ၊ ငွေ၊ သတ္တု၊ သစ်သား စသည်များဖြင့် ထုလုပ်ရာမှာလည်း အဲဒီသဘောပါပဲနော်"

"မှန်ပါဘုရား"

"ကိုးကွယ်သူရဲ့ယုံကြည်မှုအပေါ်မှာ မူတည်ပါတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

✦ မြတ်စွာဘုရား ရုပ်ပွားအား ခေါ်ငြား ဥဒ္ဒိဿစေတီသာ။
✦ မြတ်စွာဘုရား ဓာတ်တော်အား ခေါ်ငြား ဓာတုစေတီသာ။
✦ မြတ်စွာဘုရား ဟောတရား ခေါ်ငြား ဓမ္မစေတီသာ။
✦ မြတ်စွာဘုရား သုံးဆောင်အား ခေါ်ငြား ပရိဘောဂစေတီသာ။
✦ စေတီလေးဖြာ လောကမှာ ရှိပါထင်ရှားစွာ။
✦ စေတီတွင်းဝယ် ဂုဏ်တော်ခြယ် ကိုးကွယ်ပူဇော်ပါ။
✦ လောကုတ် လောကီ ကျိုးနှစ်လီ အောင်မည်သေချာပါ။
✦ ဘုရားတည်ထား ပစ်၍ထား ကျိုးကားမများပါ။

# ပါဠိပါဌ်ဆင့် ဖတ်နည်း ပုံသေနည်း ရှိပါသလားဘုရား

(၂၂၅)

မြန်မာတို့၏ မြန်မာစာပေသည် ပါဠိစာပေနှင့် မကင်းပါ၊ မှန်ပါသည်။ မြန်မာစာ၊ မြန်မာစကားထဲ၌ ပါဠိစာပေ၊ ပါဠိ စကားများ အများအပြား ပါဝင်နေပါသည်။ ယင်းပါဠိစာပေ၊ ပါဠိစကားတို့ကို မြန်မာစာပေ၊ မြန်မာစကားဟု ထင်မြင်ယူစွဲပြီး ကျွမ်းကျင်စွာ အသုံးပြုနေကြပါသည်။

ယင်းသို့ မြန်မာစာပေ၊ မြန်မာစကားသည် ပါဠိစာပေ၊ ပါဠိစကားနှင့် မကင်းရကား မြန်မာစာပေ၊ မြန်မာစကား ကျွမ်း ကျွမ်းကျင်ကျင် ပါဠိစာပေ၊ ပါဠိစကားကို မသိချင်ယောင်ဆောင်ထား၍ မရပါ။ အနည်းဆုံး ပါဠိကို ကျွမ်းကျင်စွာ ဖတ်နိုင်သည့် တိုင်အောင် လေ့လာရမည်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပါဠိစာပေ၊ ပါဠိစကားတို့သည် မြန်မာစကား၊ မြန်မာ အရေးအသား၊ အခေါ်အဝေါ်၊ အသုံးအနှုန်းများ ကြားညှပ်ကာ အမြဲပါလျက်ရှိသောကြောင့် ဖြစ်ပါသည်။

တစ်နည်းဆိုသော် မြန်မာတို့ ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်၍ ဗုဒ္ဓဘာသာအကြောင်းကို ကောင်း ကောင်းနားလည်လိုပါလျှင် ပါဠိကျွမ်းကျင်မှ ဖြစ်ပါမည်။ မကျွမ်းကျင်သော်လည်း မှန်မှန်ဖတ်တတ်ရုံလောက်မျှကတော့ တတ် မှဖြစ်ပါမည်။

ပါဠိမဖတ်တတ်၍ မြန်မာ မကျွမ်းကျင်ဘဲ ဗုဒ္ဓဘာသာနှင့် ဝေးနေသူများလည်း အများကြီးရှိသည်။ အမှန်တကယ် တော့ ပါဠိဖတ်နည်းမှာ ပုံသေနည်းရှိ၍ မခက်ပါ။ ပုံသေနည်းကို မိနစ်ပိုင်းမျှ လေ့လာဖတ်ရှုပြီး ပါဠိကို ဖတ်ကြည့်လျှင် ကျွမ်းကျင် စွာ ဖတ်နိုင်ပါလိမ့်မည်။

ပါဠိဖတ်နည်းကို သင်္ကေတနည်းဟု ထင်နေကြသည်။ ပါဠိဖတ်နည်းသည် ပုံသေနည်းရှိပါသည်၊ ပုံသေနည်းဖြစ်ပါ သည်။ သင်္ကေတနည်း မဟုတ်ပါ။ ယင်းအကြောင်းနှင့် ပတ်သက်၍ ခေတ်ပညာတတ်လူငယ်တစ်ယောက်က မိမိကို မေးလျှောက်၏။

"အရှင်ဘုရား၊ ပါဠိဖတ်နည်း ပုံသေနည်း ရှိပါသလားဘုရား"

"ဟာ ... ရှိတာပေါ့"

"တပည့်တော် တွေ့ဖူးတာကတော့ ပုံသေနည်း မတွေ့ဖူးဘဲ သင်္ချေတနည်းတွေနဲ့ ပြတာတွေပဲ တွေ့ဖူးပါတယ် ဘုရား၊ ပုံသေနည်းရှိလျှင် ရှင်းပြပေးပါဘုရား၊ တပည့်တော် တတ်ချင်ပါတယ်"

"အေး … ဘုန်းကြီးကလည်း ရှင်းပြချင်နေတာကြာပြီ၊ မေးမည့်သူမရှိလို့ မရှင်းပြရဘူး၊ အခုတော့ အတော်ပဲ၊ ကဲ … ရှင်းပြပါဆိုရင် အက္ခရာ(၃၃)လုံးကို ဦးစွာ ဒီလို အစီအစဉ်အတိုင်းရေးချပါ။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

အဲဒီလို အက္ခရာ (၃၃)လုံးကို ရေးပြီး အဲဒီလို အမှတ်အသား မျဉ်းခွဲထားပြီး -

(၁) က အတန်းကို က အုပ်စုလို့ မှတ်ထားပါ။

(၂) စ အတန်းကို စ အုပ်စုလို့ မှတ်ထားပါ။

(၃) ဋ အတန်းကို ဋ အုပ်စုလို့ မှတ်ထားပါ။

(၄) တ အတန်းကို တ အုပ်စုလို့ မှတ်ထားပါ။

(၅) ပ အတန်းကို ပ အုပ်စုလို့ မှတ်ထားပါ။

အဲဒီလို အုပ်စုငါးစု ခွဲမှတ်ပြီးတော့ မျဉ်းသားထားတဲ့ အောက်က (ယ - ရ - လ - ဝ - သ - ဟ - ဠ - အ) ရှစ်လုံးတို့ကို အုပ်စုလွတ် အက္ခရာများလို့ မှတ်ထားပါ။

ပြီးတော့ အုပ်စုငါးစုရဲ့နောက်ဆုံး မျဉ်းသားထားတဲ့ (င - ည - ဏ - န - မ) ငါးလုံးတို့ကို အုပ်စုအဆုံး အက္ခရာတွေလို့ မှတ်ထားပါ။

ပြန်ပြောပြမယ်၊ အုပ်စုက ငါးအုပ်စုရှိတယ်၊ အက္ခရာက (၂၀)ရှိတယ်၊ အုပ်စုလွတ်အက္ခရာက ရှစ်လုံးရှိတယ်၊ အုပ်စုအဆုံး အက္ခရာက ငါးလုံးရှိတယ်၊ ပြန်ပေါင်းလိုက်တော့ အက္ခရာ(၃၃)လုံး ရှိတယ်၊ ပါဠိပါဌ်ဆင့်ဖတ်နည်း ပုံသေနည်းကို ရှင်းပြရမယ်ဆိုရင် …

(၁) နှစ်လုံးဆင့်ထားသော အက္ခရာတွင် အပေါ်အက္ခရာသည် အမြဲတမ်း အသတ်ဖြစ်၍ အောက်အက္ခရာသည် ပင်ကိုယ်အသံထွက်သည်၊ လုံးကြီးတင်၊ ချောင်းငင်၊ ရေးချ၊ သဝေထိုး၊ သေးသေးတင်တို့သည် အောက်ကအက္ခရာနှင့်ဆိုင်၍ အောက်က အက္ခရာ မူလအသံအတိုင်း ထွက်တယ်လို့ မှတ်ထားပါ။

(၂) ရှေ့က အက္ခရာ တစ်လုံးနေ၍ ၎င်းအက္ခရာ၌လည်း လုံးကြီးတင်၊ ချောင်းငင် တစ်ခုခုမပါဘဲ အုပ်စုငါးစုမှ မည်သည့်အက္ခရာချင်းဆင့်ဆင့် အုပ်စုခေါင်းဆောင်တို့၏ အသတ်သံအတိုင်း ထွက်တယ်လို့ မှတ်ပါ၊ ရှင်းပြရသော် -

(၃) ရှေ့၌ တစ်လုံးအက္ခရာနေ၍ နောက်မှ (က) အုပ်စု အချင်းချင်း ဆင့်ချင်တာနဲ့ဆင့် အုပ်စုခေါင်းဆောင် "က - သတ်သံထွက်တယ်" လို့ မှတ်ပါ။

ဥပမာ- အ+က္ကာ = အက္ကာ (အက်ကာ)လို့ ဖတ်ပါ။

အ+က္ခု = အက္ခု (အက်ခု)လို့ ဖတ်ပါ။

အ+ဂ္ဂံ = အဂ္ဂံ (အက်ဂံ) လို့ ဖတ်ပါ။

အ+ဂ္ဃော = အဂ္ဃော (အဂ်ဃော)လို့ ဖတ်ပါ။

(၄) ရှေ့၌ တစ်လုံးအက္ခရာနေ၍ နောက်မှ (စ)အုပ်စု အချင်းချင်း ဆင့်ချင်တာနဲ့ဆင့် အုပ်စုခေါင်းဆောင် "စ-သတ်သံထွက်တယ်" လို့ မှတ်ပါ။

ဥပမာ- က+စ္စ = ကစ္စ (ကစ်စ)လို့ ဖတ်ပါ။

အ+စ္ဆု = အစ္ဆု (အစ်ဆု)လို့ ဖတ်ပါ။

အ+ဇ္ဇု = အဇ္ဇု (အစ်ဇု)လို့ ဖတ်ပါ။

အ+ဇ္ဈော = အဇ္ဈော (အစ်ဈော)လို့ ဖတ်ပါ။

(၄-၅) ရှေ့၌တစ်လုံးအက္ခရာနေ၍နောက်မှ (ဋ)အုပ်စု (တ)အုပ်စုအချင်းချင်းဆင့်ချင်တာနဲ့ဆင့်အုပ်စုခေါင်းဆောင် "ဋ-သတ်၊ တ-သတ်သံ ထွက်တယ်လို့ မှတ်ပါ။ ဋ-သတ်သံမှာ တ-သတ်သံနဲ့ အတူတူပင် ဖြစ်ပါတယ်။

ဥပမာ အ+ဋ္ဋ = အဋ္ဋ (အဋ်တ = အတ်တ)လို့ ဖတ်ပါ။

အ+တ္တ = အတ္တ (အတ်တ)လို့ ဖတ်ပါ။

အ+ဋ္ဌ = အဋ္ဌ (အတ်ဋ္ဌ = အတ်ထ)လို့ ဖတ်ပါ။

အ+တ္ထ = အတ္ထ (အတ်ထ) လို့ ဖတ်ပါ။

အ+ဍ္ဍ = အဍ္ဍ (အဍ်ဍ = အတ်ဍ)လို့ ဖတ်ပါ။

က+ဒ္ဒ = ကဒ္ဒ (ကဒ်ဒ = ကတ်ဒ) လို့ ဖတ်ပါ။

အ+ဍ္ဎ = အဍ္ဎ (အဍ်ဎ = အတ်ဎ) လို့ ဖတ်ပါ။

အ+ဒ္ဓါ = အဒ္ဓါ (အဒ်ဓါ = အတ်ဓာ)လို့ ဖတ်ပါ။

(၆) ရှေ့၌ ၁-လုံး အက္ခရာနေ၍ နောက်မှ (ပ)အုပ်စု အချင်းချင်း ဆင့်ချင်တာနဲ့ ဆင့် အုပ်စုခေါင်းဆောင် "ပ-သတ်သံထွက်တယ်" လို့ မှတ်ပါ။

ဥပမာ- က+ပ္ပံ = ကပ္ပံ (ကပ်ပံ)လို့ ဖတ်ပါ။

က+ပ္ဖော = ကပ္ဖော (ကပ်ဖော)လို့ ဖတ်ပါ။

အ+ဗ္ဗာ = အဗ္ဗာ (အဗ်ဗာ)လို့ ဖတ်ပါ။

အ+ဗ္ဘာ = အဗ္ဘာ (အဗ်ဘာ) လို့ ဖတ်ပါ။

အဲ... ယခုပြောခဲ့တာဟာ ရှေ့၌ ၁-လုံးအက္ခရာနေ၍ လုံးကြီးတင်၊ ချောင်းငင်မပါဘဲနှင့် အုပ်စုငါးခုမှ ဆင့်ချင်တာနှင့် ဆင့် ဆင့်ရာ၌ ပုံသေနည်း စည်းမျဉ်းပါ။

ယခု မှတ်သားရမှာက ရှေ့၁-လုံးအက္ခရာ၌ လုံးကြီးတင်၊ ချောင်းငင် တစ်ခုခုပါ၍ နောက်မှ အုပ်စုငါးစု အချင်းချင်း ဆင့်ချင်တာနှင့်ဆင့် ငါးအုပ်စုလုံး၏ အပေါ်လုံး အသတ်လုံးများသည် (တ-သတ်သံ၊ ပ-သတ်သံ) သို့ အားလုံးပြောင်းလဲသွားတယ်လို့ မှတ်ပါ။

ပုံသေနည်းကို မပြောမီ ဦးစွာ မှတ်သားရမည်မှာ (အိနှင့်ဣ)(အုနှင့်ဥ)ညီမျှသည်၊ တူညီသည်ဟု မှတ်ပါ။ ပါဠိစာပေ၌ ဣနှင့် ဥကိုသာ အသုံးများပါသည်။

(၇) ရှေ့၌ ၁ - လုံးအက္ခရာတွင် လုံးကြီးတင်၊ ချောင်းငင် တစ်ခုခုပါ၍ (က)အုပ်စု အချင်းချင်း မည်သည့်အက္ခရာနှင့် ဆင့်ဆင့် (တ - သတ်သံ၊ ပ - သတ်သံ) ထွက်တယ်လို့ မှတ်ပါ။

ဥပမာ - ဣ+က္က = ဣက္က (အိတ်က = ဣက်က)
ဘိ+က္ခု = ဘိက္ခု (ဘိတ်ခု = ဘိတ်ခု)
ဥ+က္ကံ = ဥက္ကံ (အုတ်ကံ = ဥက်ကံ)
ဣ+က္ခါ = ဣက္ခါ (အိတ်ခါ = ဣခါ)
ဣ+ဂ္ဂေါ = ဣဂ္ဂေါ (အိတ်ဂေါ = ဣဂ်ဂေါ)
ဥ+ဂ္ဂေါ = ဥဂ္ဂေါ (အုတ်ဂေါ = ဥဂ်ဂေါ)
ဣ+ဂ္ဃံ = ဣဂ္ဃံ (အိတ်ဃံ = ဣဂ်ဃံ)
ဥ+ဂ္ဃော = ဥဂ္ဃော (အုတ်ဃော = ဥဂ်ဃော)

(၈) ရှေ့၌ ၁ - လုံးအက္ခရာတွင် လုံးတင်၊ ချောင်းငင် တစ်ခုခုပါ၍ (စ)အုပ်စုမှ အချင်းချင်း ဆင့်ချင်တာနှင့်ဆင့် "က - သတ်သံ၊ ပ - သတ်သံ" ထွက်တယ်လို့ မှတ်ပါ။

ဥပမာ ဣ+စ္စ = ဣစ္စ (အိတ်စ = ဣစ်စ)
ဣ+စ္ဆာ = ဣစ္ဆာ (အိတ်ဆာ = ဣစ်ဆာ)
ဥ+စ္စ = ဥစ္စ (အုတ်စ = ဥစ်စ)
ဥ+စ္ဆာ = ဥစ္ဆာ (အုတ်ဆာ = ဥစ်ဆာ)
ဣ+ဇ္ဇာ = ဣဇ္ဇာ (အိတ်ဇာ = ဣဇ်ဇာ)
ဥ+ဇ္ဇော = ဥဇ္ဇော (အုတ်ဇော = ဥဇ်ဇော)
ဣ+ဇ္ဈာ = ဣဇ္ဈာ (အိတ်ဈာ - ဣဇ်ဈာ)
ဥ+ဇ္ဈာ = ဥဇ္ဈာ (အုတ်ဈာ = ဥဇ်ဈာ)

(၉) ရှေ့၌ ၁ - လုံးအက္ခရာတွင် လုံးတင်၊ ချောင်းငင် တစ်ခုခုပါ၍ (ဋ - တ)အုပ်စု အချင်းချင်း ဆင့်ချင်တာနှင့် ဆင့် "တ - သတ်သံ၊ ပ - သတ်သံ" ထွက်တယ်လို့ မှတ်ပါ။

ဥပမာ - ဣ+ဋ္ဋ ဣ+တ္တ (အိတ်ဋ = ဣတ်တ)
ဥ+ဋ္ဋ ဥ+တ္တ (အုတ်ဋ = ဥတ်တ)
ဣ+ဋ္ဌ ဣ+တ္ထ (အိတ်ဌ = ဣတ်ထ)
ဥ+ဋ္ဌ ဥ+တ္ထ (အုတ်ဌ = ဥတ်ထ)
ဣ+ဍ္ဍ ဣ+ဒ္ဒ (အိတ်ဍ = ဣဒ်ဒ)
ဥ+ဍ္ဍ ဥ+ဒ္ဒ (အုတ်ဍ = ဥဒ်ဒ)
ဣ+ဍ္ဎ ဣ+ဒ္ဓ (အိတ်ဎ = ဣဍ်ဎ = ဣဒ်ဒ)
ဥ+ဍ္ဎ ဥ+ဒ္ဓ (အုတ်ဎ = ဥဒ်ဓ)

(၁၀) ရှေ့၌ ၁ - လုံးအက္ခရာတွင် လုံးတင်၊ ချောင်းငင် တစ်ခုခုပါ၍ (ပ)အုပ်စု အချင်းချင်း ဆင့်ချင်တာနှင့်ဆင့်၊ အုပ်စုခေါင်းဆောင် "ပ - သတ်သံထွက်တယ်" လို့ မှတ်ပါ။

ဥပမာ - သိ + ပ္ပ = သိပ္ပ (သိပ်ပ)

ဣ + ပ္ပ = ဣပ္ပ (ဣပ်ပ)

ဥ + ပ္ပ = ဥပ္ပ (အုတ်ပ = ဥပ်ပ)

ဣ + ပ္ဖ = ဣပ္ဖ (အိတ်ဖ = ဣပ်ဖ)

ဥ + ပ္ဖ = ဥပ္ဖ (အုတ်ဖ = ဥပ်ဖ)

ဣ + ဗ္ဗ = ဣဗ္ဗ (အိတ်ဗ = ဣဗ်ဗ)

ဥ + ဗ္ဗ = ဥဗ္ဗ (အုတ်ဗ = ဥဗ်ဗ)

ဣ + ဗ္ဘ = ဣဗ္ဘ (အိတ်ဘ = ဣဗ်ဘ)

ဥ + ဗ္ဘ = ဥဗ္ဘ (အုတ်ဘ = ဥဗ်ဘ)

(၁၁) အုပ်စုငါးစုတို့၏ အဆုံးအက္ခရာ ငါးလုံးတို့သည် တစ်လုံးစီ သီးခြားမူလ အသတ်သံများအတိုင်း အသံထွက်ပါသည်။ "င" အသတ်နှင့် ပတ်သက်၍

ဥပမာ - အ + င် = အင် (အင်)

က + င်္ခါ = ကင်္ခါ (ကင်ခါ)

အ + င်္ဂါ = အင်္ဂါ (အင်ဂါ)

မ + င်္ဂလာ = မင်္ဂလာ (မင်ဂလာ)

စသည်ဖြင့် "င" သတ်၍ ထွက်နေကျ အသံအတိုင်း ထွက်ပါသည်။

"ည" အသတ်နှင့် ပတ်သက်၍မူ ထူးခြားချက် ရှိပါသည်၊ "ည" အစစ်မှာ "ဉ" ဖြစ်ပါသည်။ ၎င်းမှာ တစ်လုံးတည်းနေသော "ဉ" ဖြစ်ပါသည်၊ "ည" နှင့် "ဉ" မှာ မှားတတ်ပါသည်။ ဒီလို "ည" မှာ နှစ်လုံးဆင့် "ည" ဖြစ်ပါသည်။

ရှေ့အက္ခရာ လုံးတင် ချောင်းငင် မပါမူ၍ တစ်လုံးတည်းဖြစ်မူ နောက်မှ "ည" နှစ်လုံးဆင့်ရာ၌ တစ်လုံးသည် "င" သံထွက်၍ တစ်လုံးသည် ပင်ကိုယ် "ဉ" သံ ထွက်ပါသည်။

ဥပမာ - က + ည = ကည (ကင်ဉ = ကဉ်ဉ)

အ + ည + မ + ည = အညမည (အဉ်ဉ = မဉ်ဉ)

ပ + ည = ပည (ပဉ်ဉ)

စသည်တို့ ဖြစ်ပါသည်။

ရှေ့အက္ခရာတွင် လုံးတင်၊ ချောင်းငင် တစ်ခုခုပါသော် နောက်မှ "ည" နှစ်လုံးဆင့်တွင် တစ်လုံးသည် န - သတ်သံ၊ မ - သတ်သံ ထွက်၍ တစ်လုံးမှာ ပင်ကိုယ် "ဉ" သံ ထွက်ပါသည်။

ဥပမာ - အဘိ + ညာ = အဘိညာ (အဘိန်ဉာ = အဘိဉ်ဉာ)

ဝိ + ညာ = ဝိညာ (ဝိန်ဉာ = ဝိဉ်ဉာ)

ကိ + ဉ္စာ = ကဉ္စာ (ကိန်စာ = ကိဉ်စာ)

ကိ + ဥ္စိ = ကိဥ္စိ (ကိန်စိ = ကိဉ်စိ)

ပု + ည = ပုည (ပုန်ဉ = ပုဉ်ဉ)

စသည်တို့ဖြစ်ပါသည်။

"ဏ၊ န၊ အ" အသတ်သံတို့မှာ ရှေ့အက္ခရာတွင် တစ်လုံးတည်းဖြစ်စေ၊ လုံးတင်၊ ချောင်းငင် ပါသည်ဖြစ်စေ၊ မူလအသံ မပြောင်းသွားဘဲ မူလအသတ်သံတိုင်း ထွက်ပါသည်၊

ဥပမာ - အ + ဏ္ဏဝ = အဏ္ဏဝ (အဏ်ဏဝ)

ပိ + ဏ္ဍ = ပိဏ္ဍ (ပိဏ်ဍ)

က + ဏှက = ကဏှက (ကဏ်ဍှက)

ကု + ဏ္ဍလ = ကုဏ္ဍလ (ကုဏ်ဍလ)

ကု + ဏ္ဍ = ကုဏ္ဍ (ကုဏ်ဍ)

အ + န္န = အန္န (အန်န)

ကိ + န္နရာ = ကိန္နရာ (ကိန်နရာ)

ဓ + မ္မ = ဓမ္မ (ဓမ်မ)

ဥ + မ္မာ = ဥမ္မာ (ဥမ်မာ)

စသည်တို့ဖြစ်ပါသည်၊

ကဲ . . . အဲဒါလောက်ဆိုရင် အုပ်စုငါးစု အက္ခရာများနဲ့ အုပ်စုငါးစုရဲ့အဆုံးအက္ခရာများရဲ့ ပါဠိပါဌ်ဆင့်ပုံများ သဘော ပေါက်လောက်ပါပြီ၊ ယခုဆက်လက်ပြီး အုပ်စုလွတ် အက္ခရာရှစ်လုံးတို့ရဲ့ ပါဠိပါဌ်ဆင့် ဖတ်နည်းကို ရှင်းပြပါမယ်။

အုပ်စုလွတ် အက္ခရာများဟာ တစ်လုံးစီ သီးခြားအသတ်၊ သီးခြားအသံ ထွက်ပါတယ်၊ အုပ်စုလွတ် အက္ခရာများမှ -

"ယ" နှစ်လုံးဆင့်ရင် "ယျ" လို့ ဆင့်ပါတယ်၊ ယ - တစ်လုံးသည် န - သတ်သံ၊ မ - သတ်သံ ထွက်၍ ယ - တစ်လုံးသည် မူလသံ ထွက်ပါတယ်၊

ဥပမာ - ဟိ + ယျော = ဟိယျော (ဟိယ်ယော ဟိန်ယော)

ဘိ + ယျော = ဘိယျော (ဘိယ်ယော ဘိန်ယော)

စသည်တို့ဖြစ်ပါတယ်၊

"ရ" နှင့် "ရ" အချင်းချင်း မဆင့်ဘဲ "ရ" နှင့် "တ" ဆင့်ရာ၌ "တြ" လို့ ဆင့်ပါသည်၊

ဥပမာ - အ + တြ = အတြ (အတ်တရ)

တ + တြ = တတြ (တတ်တရ)

စသည်တို့ဖြစ်ပါတယ်၊

"လ" နှင့် "လ" အချင်းချင်း ဆင့်ရာ၌ "လ" တစ်လုံးသည် န - သတ်သံ၊ မ - သတ်သံ ထွက်၍ လ - တစ်လုံးသည် မူလ အသံ ထွက်ပါသည်။

ဥပမာ - ကောသ + လ္လ = ကောသလ္လ (ကောသလ်လ ကောသန်လ)

ဝေပု + လ္လ = ဝေပုလ္လ (ဝေပုလ်လ ဝေပုန်လ)

ဘာဟု + လ္လ = ဘာဟုလ္လ (ဘာဟုလ်လ ဘာဟုန်လ)

စသည်တို့ဖြစ်ပါတယ်။

"ဝ" နှင့် "ဝ" အချင်းချင်း မဆင့်ဘဲ "သ" နှင့် "သ" အချင်းချင်း ဆင့်ရာ၌ "သ" လို့ မဆင့်ဘဲ "ဿ" လို့ ဆင့်ပါသည်။ သ - တစ်လုံးသည် တ - သတ်သံ၊ ပ - သတ်သံ ထွက်၍ သ - တစ်လုံးသည် မူလအသံ ထွက်ပါသည်။

ဥပမာ - ယ + ဿ = ယဿ (ယသ်သ ယတ်သ)

တ + ဿ = တဿ (တသ်သ တတ်သ)

အ + ဿ = အဿ (အသ်သ အတ်သ)

စသည်တို့ ဖြစ်ပါတယ်။

အဲဒီလောက်ဆိုလျှင် အုပ်စုလွတ် အက္ခရာများရဲ့ ပါဠိပါဋ်ဆင့်ပုံကို သိလောက်ပါပြီ။ ယခု ဆက်လက်ပြီး ကျန်ရှိနေတဲ့ ရောပြွမ်း ပါဋ်ဆင့်များအကြောင်းကို ရှင်းပြပါမယ်။

(၁) ရှေ့မှ သဝေထိုးနေ၍ အက္ခရာတစ်လုံးလုံးနေပြီး ၎င်းနောက်၌ အက္ခရာတစ်လုံးလုံး နေအံ့၊ စ - သတ်သံ ထွက်ပါသည်။

ဥပမာ - ခေ + တ္တ = ခေတ္တ (ခေတ်တ ခစ်တ)

မေ + တ္တာ = မေတ္တာ (မေတ်တာ မစ်တာ)

သေ + ဋ္ဌ = သေဋ္ဌ (သေဋ်ဌ သစ်ဌ)

စေ + တ္ထ = စေတ္ထ (စေတ်ထ စစ်ထ)

(၂) ရှေ့မှ သဝေထိုးနေ၍ အလယ်၌ ရေးချပါသော အက္ခရာတစ်လုံးလုံးနေပြီး ၎င်းနောက်၌ "န" နှင့် "တ" ဆင့်၍ လုံးတင်ပါအံ့။ ဝ - ဆွဲ န - သတ်သံ၊ မ - သတ်သံ ထွက်ပါတယ်။

ဥပမာ - ဟော + န္တိ = ဟောန္တိ (ဟောန်တိ ဟွန်တိ)

သက္ကော + န္တိ = သက္ကောန္တိ (သက္ကောန်တိ သက်ကွန်တိ)

စသည်တို့ ဖြစ်ပါတယ်။

(၃) ရှေ့မှ သဝေထိုးနေ၍ အလယ်၌ ရေးချမပါသော အက္ခရာတစ်လုံးလုံးနေပြီး ၎င်းနောက်၌ "န" နှင့် "တ" ဆင့်၍ လုံးတင်ပါအံ့၊ "င - သတ်သံ" ထွက်ပါတယ်။

ဥပမာ - သေ + န္တိ = သေန္တိ (သေန်တိ သင်တိ)

ဒသေ + န္တိ = ဒသေန္တိ (ဒသ်သေန်တိ ဒသ်သင်တိ)

အာနေ + ဋ္ဌ = အာနေဋ္ဌ (အာနေဉ်ဇ အာနင်ဇ)

စသည်တို့ ဖြစ်ပါတယ်။

(၄) အက္ခရာတစ်လုံးလုံးကို လုံးတင်၍ ၎င်းအပေါ်သေးသေးတင်အံ့၊ လုံးတင် န - သတ်သံ၊ မ - သတ်သံ ထွက်ပါတယ်။

ဥပမာ - တာဝတိံသာ (တာဝတိန်သာ တာဝတိမ်သာ)

သကိံမတာ (သကိန်မတာ သကိမ်မတာ)

စသည်တို့ ဖြစ်ပါတယ်။

(၅) ရှေ့မှ အက္ခရာတစ်လုံးလုံးနေ၍ နောက်၌ "တ" ကို ဝဆွဲရေးချသော် တ - သတ်သံ ထွက်ပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ - | ဒ + တွာ | = | ဒတွာ | (ဒတ်တဝါ) |
| | က + တွာ | = | ကတွာ | (ကတ်တဝါ) |
| | ဟု + တွာ | = | ဟုတွာ | (ဟုတ်တဝါ) |
| | ဘု + တွာ | = | ဘုတွာ | (ဘုတ်တဝါ) |

စသည်တို့ ဖြစ်ပါတယ်။

(၆) ရှေ့မှ အက္ခရာတစ်လုံးလုံးနေ၍ နောက်၌ "မ" နှင့် "ယ" ကို "ဟ" ထိုးထားသော် မ - သတ်သံ၊ န - သတ်သံ ထွက်ပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ - | တု + မှ | = | တုမှ | (တုမ်မှ) |
| | အ + မှ | = | အမှ | (အမ်မှ) |
| | တု + ယှ | = | တုယှ | (တုမ်ယှ) |

စသည်တို့ ဖြစ်ပါတယ်။

(၇) ရှေ့မှ အက္ခရာတစ်လုံးလုံးနေ၍ နောက်၌ "သ" နှင့် "မ" ကို ဆင့်ရာ၌ တ - သတ်သံ၊ ပ - သတ်သံ ထွက်ပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ - | က + သ္မာ | = | ကသ္မာ | (ကသ်သမာ = ကတ်သမာ) |
| | က + သ္မိံ | = | ကသ္မိံ | (ကသ်သမိံ = ကတ်သမိန်) |
| | အ + သ္မိံ | = | အသ္မိံ | (အသ်မိံ = အတ်သမိန်) |
| | ယ + သ္မာ | = | ယသ္မာ | (ယသ်သမာ = ယတ်သမာ) |

စသည်တို့ ဖြစ်ပါတယ်။

ကဲ ... ဒီလောက်ဆိုရင် အတွေ့အကြုံများတဲ့ ပါဠိပါဌ်ဆင့်တွေ အတော်စုံသွားပြီ၊ ပရိတ်ကြီးစာအုပ်ကို ဖတ်ကြည့်ပါ။ ဖတ်တတ်သွားပြီး ကျန်တဲ့ ပါဌ်ဆင့်တွေလည်း ဖတ်နိုင်ပါလိမ့်မည်။

✦ ပါဠိဖတ်နည်း ပုံသေနည်း အပြီးလေ့လာပါ။
✦ လေ့လာပြီးကာ ပါဠိစာ သေချာ ဖတ်ကြည့်ပါ။
✦ ပါဠိကျွမ်းလာ မြန်မာစာ ကျွမ်းကာ လာလေမှာ။
✦ ပါဠိကင်းကွာ မြန်မာစာ ဘယ်ခါ မကျွမ်းပါ။
✦ မြန်မာစာသာ မကျွမ်းလာ မြန်မာ မပီသလေပါ။
✦ ထို့ကြောင့်ပါဠိ ဖတ်နည်းကြည့် ဖတ်ဘိပါဠိစာ။

# သရဏဂုံ ပျက်တတ်ပါသလားဘုရား

## (၂၂၆)

"ဗုဒ္ဓဘာသာအစ သရဏဂုံက" ဟူ၍ ဆိုရိုးရှိသည့်အတိုင်း သရဏဂုံသည် ဗုဒ္ဓဘာသာဝင်တွေအတွက် မည်မျှ အရေးကြီးသည်ကို ဖော်ပြဖွယ်ရာပင် မလိုတော့ပါပြီ။

သို့သော် သရဏဂုံနှင့်စပ်၍ သေသေချာချာသိသူကား နည်းပါးလှပါသည်။ မသိသူများသည် အမှတ်မဲ့သာ နေတတ်၍ သိချင်သူများသည် အမှတ်မဲ့ မနေတတ်ပေ။ အမှတ်မဲ့ မနေတတ်သည့် အားလျော်စွာ သိချင်သူတစ်ယောက်က မေးလျှောက်၏။

"အရှင်ဘုရား . . . သရဏဂုံ ပျက်တတ်ပါသလားဘုရား"

"ပျက်တတ်ပါတယ်"

"ပျက်တတ်ပုံကို ရှင်းပြပါဦးဘုရား"

"ရှင်းရမယ်ဆိုရင် ဘုန်းကြီးက အစအဆုံးရှင်းရမှ ရှင်းချင်တယ်၊ မှတ်သားနိုင်ပါ့မလား"

"သိချင်တော့ မှတ်သားရတာပေါ့ဘုရား"

"ကဲ . . . မှတ်ရင် ရှုတ်ပြမယ်၊ သေသေချာချာ မှတ်ပါ၊ ဘုရား. တရား. သံဃာ ရတနာမြတ်သုံးပါး အပေါင်းတို့သည် ကိုးကွယ်ဆည်းကပ် သရဏဂုံတည်သူ ဟူသမျှတို့၏ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်စိတ် ဆင်းရဲခြင်း၊ အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိ၌ ညစ်နွမ်း ပင်ပန်း ဆင်းရဲခြင်း အမျိုးမျိုးကို ပယ်ဖျောက်တတ်သောကြောင့် သရဏ မည်ပါတယ်"

"အရှင်ဘုရားကလည်း သရဏဂုံ မေးပါတယ်၊ သရဏ လာပြောနေတယ်"

"ဩော် . . . ပြောတဲ့စကားကို ဆုံးအောင်နားထောင်ပါဦး၊ သရဏ နားလည်မှ သရဏဂုံ နားလည်မှာမို့ သရဏကို စပြော ရတာပါ"

"မှန်ပါ၊ ဒီလိုဆိုရင် ဆက်အမိန့်ရှိပါဘုရား"

"ကဲ . . . နားထောင်၊ ဒီတစ်ခါ ကြားဝင်မပြောနဲ့နော်"

"မှန်ပါ၊ မပြောတော့ပါဘုရား"

"မြတ်စွာဘုရားရှင်သည် အစီးအပွား ချမ်းသာကြောင်း တရား၌ ဖြစ်စေခြင်းဖြင့်လည်းကောင်း၊ အစီးအပွားမဲ့ ဆင်းရဲကြောင်းတရားမှ တားမြစ်ခြင်းဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တတ်ပါတယ်"

တရားတော်သည် ဘဝခရီးခဲမှ လွတ်မြောက်စေသောအားဖြင့်လည်းကောင်း၊ သက်သာရာကို ပေးသောအားဖြင့်လည်းကောင်း သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တတ်ပါတယ်။

သံဃာတော်သည် အနည်းငယ်မျှသော ကောင်းမှုများ၏သော်မှလည်း ပြန့်ပြောကြီးကျယ်သော အကျိုးကို ရအောင် ပြုတတ်သောအားဖြင့် သတ္တဝါတို့၏ ဘေးအမျိုးမျိုးကို ပယ်ဖျောက်တတ်တော်မူတတ်ပါတယ်။

အဲဒါကြောင့် ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသည် သရဏ မည်ပါတယ်၊ သတ္တဝါတို့၏ ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမှန် သုံးပါးကို "သရဏ" လို့ ဆိုပါတယ်။

အဲဒီ သရဏ လို့ခေါ်တဲ့ ရတနာသုံးပါး၌ ကြည်ညိုခြင်း၊ အဲဒီရတနာသုံးပါး၌ အလေးပြုခြင်းတို့ဖြင့် ညစ်ညူးကြောင်း အကုသိုလ်တရားတို့ကို ပယ်ရှားလျက် အဲဒီ ရတနာသုံးပါး၌ညွတ်ကိုင်းရှိုင်းသော အခြင်းအရာဖြင့်ဖြစ်သော မဟာကုသိုလ်စိတ်၊ စေတသိက်၊ ရဟန္တာတို့ အဖို့ရာ မဟာကြိယာစိတ်၊ စေတသိက်၊ မဂ်၌တည်သော အရိယာတို့အဖို့ရာ မဂ်စိတ်စေတသိက် အဲဒီ တရားအစုသည် သရဏဂုံ မည်ပါတယ်။

အချုပ်ပြောရရင် ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဘုရား, တရား, သံဃာ ဝတ္ထုမှန်သုံးပါး ဟူ၍ သိကြောင်း ဆည်းကပ်ကြောင်း ဖြစ်သော စိတ်စေတသိက် တရားအစုသည် သရဏဂုံ မည်ပါတယ်။

ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဘုရား, တရား, သံဃာ ဝတ္ထုမှန်သုံးပါး ဟူ၍ သိတတ်သော သူ, သိသော စိတ်စေတသိက် တရားအစုနှင့် ပြည့်စုံသောသူကို သရဏဂုံတည်သူလို့ ခေါ်ပါတယ်။

အဲဒီ သရဏဂုံသည် -

(၁) လောကုတ္တရာ သရဏဂုံ

(၂) လောကီ သရဏဂုံ

ဟူ၍ နှစ်ပါးအပြား ရှိပါတယ်။

ထိုနှစ်ပါးတို့တွင် -

(၁) လောကုတ္တရာ သရဏဂုံသည် သစ္စာလေးပါး တရားသိမြင် အရိယာအရှင်တို့၏ သန္တာန်၌ ဆိုင်ရာဆိုင်ရာ မဂ် ခဏဝယ် သရဏဂုံညစ်ညူးကြောင်း ဥပက္ကိလေသ အကုသိုလ်တရားတို့ကို အကြွင်းမထား ပယ်ဖြတ်သောအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် ကိစ္စသိဒ္ဓိအားဖြင့် ရတနာသုံးပါး၌ပင် စိတ္တက္ခဏ တစ်ချက်တည်း၌ ပြည့်စုံပါတယ်။

(၂) လောကီသရဏဂုံသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ သရဏဂုံညစ်ညူးကြောင်းဥပက္ကိလေသအကုသိုလ် တရားတို့ကို ပယ်ခွာသောအားဖြင့် ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်ကို အာရုံပြု၍ ဖြစ်၍ ပြည့်စုံပါတယ်။

အဲဒီ လောကီသရဏဂုံသည် -

(၁) ဉာဏသမ္ပယုတ် သရဏဂုံ

(၂) ဉာဏဝိပ္ပယုတ် သရဏဂုံ

ဟူ၍ နှစ်ပါးအပြား ရှိပါတယ်။

ထိုနှစ်ပါးတို့တွင် -

(၁) အမိအဖ အစရှိသောသူတို့ တိုက်တွန်းသဖြင့် ကလေးသူငယ် အစရှိသောသူတို့၏ ခံယူနှုတ်မြွက်ဆောက်တည်အပ်သော သရဏဂုံသည် ဉာဏဝိပ္ပယုတ်သရဏဂုံ ဖြစ်ပါတယ်။ ဒီသရဏဂုံမှာ သဒ္ဓါစေတသိက်ကို အရကောက်ယူရပါတယ်

(၂) ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို သိရှိ၍ နှုတ်မြွက်ဆောက်တည် ခံယူအပ်သော သရဏဂုံသည် ဉာဏသမ္ပယုတ်သရဏဂုံ ဖြစ်ပါတယ်။ ဒီသရဏဂုံမှာ သဒ္ဓါ ပညာ နှစ်ပါးကို အရကောက်ယူရပါတယ်။

ထို လောကီသရဏဂုံသည် -

(၁) မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းသော အခြင်းအရာအားဖြင့် ဖြစ်သော "အတ္တသန္နိယျာတန သရဏဂုံ"

(၂) ရတနာသုံးပါး၌ လဲလျောင်းညွတ်ကိုင်းရှိုင်းသော အခြင်းအရာအားဖြင့် ဖြစ်သော "တပ္ပရာယဏ သရဏဂုံ"

(၃) တပည့်အဖြစ်သို့ ကပ်ရောက်သော အခြင်းအရာအားဖြင့် ဖြစ်သော "သိဿဘာဝူပဂမန သရဏဂုံ"

(၄) ရတနာသုံးပါး၌ အလွန်အမင်း အရိုအသေပြုသော အခြင်းအရာအားဖြင့် ဖြစ်သော "ပဏိပါတ သရဏဂုံ" ဟူ၍ လေးပါး ပြားပြန်ပါသည်။

ထိုလေးပါးတို့တွင် -

(၁) "ငါသည် ယနေ့မှစ၍ မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းပေးလှူပါ၏၊ တရားတော်အား အပ်နှင်းပေးလှူပါ၏။ သံဃာတော်အား အပ်နှင်းပေးလှူပါ၏" လို့ မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းလှူဒါန်းသော အခြင်းအရာအားဖြင့် ဖြစ်သော သရဏဂုံသည် "အတ္တသန္နိယျာတန သရဏဂုံ" မည်ပါတယ်။

(၂) "ငါသည် ယနေ့မှစ၍ မြတ်စွာဘုရား, တရားတော်, သံဃာတော်သာလျှင် လဲလျောင်းကိုင်းညွတ်ရာ ရှိသူဖြစ်၏ ဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့" လို့ ရတနာသုံးပါး၌ လဲလျောင်းကိုင်းညွတ်သော အခြင်းအရာအားဖြင့် ဖြစ်သော သရဏဂုံသည် "တပ္ပရာယဏ သရဏဂုံ" မည်ပါတယ်။

(၃) "ငါသည် ယနေ့မှစ၍ မြတ်စွာဘုရား, တရားတော်, သံဃာတော်၏ အန္တေဝါသိက တပည့်ရင်းဖြစ်သူ ဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့" လို့ ရတနာသုံးပါး၏ တပည့်အဖြစ်ကို ခံယူသောအားဖြင့် ဖြစ်သော သရဏဂုံသည် "သိဿဘာဝူပဂမန သရဏဂုံ" မည်ပါတယ်။

(၄) "အကျွန်ုပ်သည် ယနေ့မှစ၍ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့အား သာလျှင် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း အမှုကို ပြုလုပ်သောသူဟူ၍ အကျွန်ုပ်ကို မှတ်ပါကုန်လော့" လို့ ဘုရားအစရှိသော ရတနာသုံးပါးတို့၌ အလွန်အမင်း အရိုအသေပြုသော အခြင်းအရာအားဖြင့် ဖြစ်သော သရဏဂုံသည် "ပဏိပါတ သရဏဂုံ" မည်ပါတယ်။

အဲဒီ အခြင်းအရာလေးပါးတို့တွင် တစ်ပါးပါးသော အခြင်းအရာကို ပြုလုပ်သူသည် "သရဏဂုံ ခံယူအပ်သူ" မည်ပါတယ်။ အဲဒီ ပဏိပါတခေါ်သော အရိုအသေပြုမှု ရှိခိုးမှုသည် -

(၁) ဆွေမျိုးဖြစ်၍ ရှိခိုးခြင်း

(၂) ကြောက်သဖြင့် အရိုအသေပြုခြင်း, ရှိခိုးခြင်း

(၃) ဆရာဖြစ်၍အရိုအသေပြုခြင်း

(၄) မြတ်သောအလှူကို ခံယူထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှန်အနေဖြင့် အရိုအသေပြုခြင်း၊ ရှိခိုးခြင်း

ဟူ၍ လေးမျိုး ပြားပြန်သည်။ ထိုလေးမျိုးတို့တွင် (၄)အမှတ်ပြ မြတ်သောအလှူကို ခံထိုက်သည့် ရတနာသုံးတန် ဝတ္ထုမှန်အနေဖြင့် အရိုအသေပြုမှု, ရှိခိုးမှုသာလျှင် ပဏိပါတသရဏဂုံ မြောက်ပါတယ်။ ကျန်သုံးမျိုးဖြင့် ရိုသေရှိခိုးမှုကား သရဏဂုံ မမြောက်ပါ။

မှန်ပါတယ်၊ ချီးမွမ်းအပ် မြတ်သော ရတနာမှန်အနေဖြင့် ရိုသေမြတ်နိုး ရှိခိုးမှုသာ သရဏဂုံ မြောက်ပါသည်။

စစ်မှန်သော ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို စွန့်ပယ်၍ အခြား မစစ်မှန်သည့် ဘုရား, တရား, သံဃာ အမည်ခံများကို စစ်မှန်သော ဘုရား, တရား, သံဃာ ရတနာအနေဖြင့် ရိုသေမြတ်နိုး ရှိခိုးကိုးကွယ်မှသာ သရဏဂုံ ပျက်ပါတယ်။

ဆိုပါတော့ မင်းသား၊ မင်းသမီးတွေ အနေနဲ့ "မြတ်စွာဘုရားသည် ငါတို့၏ မဟာဆွေတော်မျိုးတော် ဖြစ်သည်" လို့ အောက်မေ့ကာ ရှိခိုးလျှင် သရဏဂုံ ခံယူအပ်သည် မမည်ပါ။

အမှတ်မထင် အကြောင်းသူ့အနေနှင့် "ရဟန်းဂေါတမသည် မင်းအပူဇော်ခံ ပုဂ္ဂိုလ်၊ တန်ခိုးအာနုဘော်ကြီးသော ပုဂ္ဂိုလ် ဖြစ်လေသည်။ သူ့ကို ရှိခိုးမှု ငါမပြုခဲ့လျှင် ငါ၏ အကျိုးမဲ့ကိုသော်လည်း ပြုလေရာ၏" လို့ အောက်မေ့ကြောက်ရွံ့သဖြင့် ရှိခိုးလျှင် သရဏဂုံ ခံယူအပ်သည် မမည်ပါ။

အမှတ်မထင် အကြောင်းသူ့အနေနှင့် "ဤမြတ်စွာဘုရားသည် လောက၌ နောက်နောက်ဘဝ အကျိုးပေးရအောင် ပျိုးချတုံလတ် မြတ်သောအလှူကို ခံယူတော်မူထိုက်သော ရတနာစစ် ရတနာမှန် ဖြစ်တော်မူ၏" လို့ အောက်မေ့ကာ ရှိခိုးမှသာလျှင် " သရဏဂုံ " ခံယူသည် မည်ပါတယ်။

အဲဒီလို သရဏဂုံ ခံယူပြီးသောသူသည် သာသနာပြင်ပ တိတ္ထိတို့၌ "ဤသူကား ငါ၏ ဆွေမျိုးဖြစ်တယ်" လို့ အောက်မေ့ကာ ရှိခိုးသော်လည်း သရဏဂုံ မပျက်ပါ။

အဲဒီလို သရဏဂုံ ခံယူပြီးသောသူသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူကို ရှိမခိုးခဲ့လျှင် အကျိုးမဲ့ကို ပြုမည်စိုးသဖြင့် ရှိခိုးသော်လည်း သရဏဂုံ မပျက်ပါ။

"ဒီလိုဆိုရင် နတ်တွေကို ရှိမခိုးရင် ဖမ်းဆီးမှာကြောက်လို့ ရှိခိုးရင် သရဏဂုံ မပျက်ဘူးပေါ့နော်ဘုရား"

"အင်း...မပျက်ဘူးပေါ့"

"နေဦး...ပြောဦးမယ်၊ အတတ်ပညာ တစ်စုံတရာ သင်ကြားပြသပေးသော ဆရာဖြစ်ဖူးသည့် တိတ္ထိကိုသော်လည်း ဤသူသည် ငါ၏ဆရာ ဖြစ်ခဲ့ဖူးတယ်လို့ အမှတ်ရကာ ရှိခိုးရင် သရဏဂုံ မပျက်ပါဘူး"

သရဏဂုံနှစ်ပါးတို့တွင် လောကုတ္တရာ သရဏဂုံမှာ ဘယ်သောအခါမှာမှ ပျက်စီးတယ်လို့ မရှိပါဘူး၊ လောကီသရဏဂုံမှာသာ ပျက်စီးခြင်း ရှိပါတယ်။ ထိုလောကီ သရဏဂုံ ပျက်စီးခြင်းသည် -

(၁) အပြစ်ရှိသော ပျက်စီးခြင်း

(၂) အပြစ်မရှိသော ပျက်စီးခြင်း

ဟူ၍ နှစ်မျိုးရှိပါတယ်။

ထိုနှစ်မျိုးတို့တွင် -

(၁) ရတနာသုံးပါးမှ အခြားတိတ္ထိဆရာ စသည်တို့၌ သရဏဂုံလေးပါးတို့အနက် တစ်ပါးပါးသော အခြင်းအရာအားဖြင့် ဆည်းကပ်ကိုးကွယ်လျှင် သရဏဂုံလည်း ပျက်၍ တဏှာဒိဋ္ဌိ အစရှိသော အကုသိုလ်အပြစ်တို့နှင့်လည်းတကွဖြစ်သောကြောင့် မကောင်းသော ဆင်းရဲဒုက္ခ အကျိုးပေးပါတယ်။

"ဒါဖြင့် သရဏဂုံပျက်မှုဟာ ကိုးကွယ်ဆည်းကပ်ပုံအပေါ်မှာ မူတည်နေတယ်ဖြစ်ပါမနော် ဘုရား

"အင်းပေါ့…နေဦး၊ ပြောဦးမယ်"

(၂) ဒီဘဝ ကိုယ်စန္ဒာ ပြတ်ကြွေစုတေသောအခါ စံယူပြီး လောကီ သရဏဂုံ ပျက်သွားပါတယ်၊ သို့သော်လည်း သရဏဂုံ ပျက်ရုံသာဖြစ်၍ တစ်စုံတစ်ခု အကုသိုလ် မဟုတ်သောကြောင့် အပြစ်မရှိပါဘူး။

"ကဲ…ဒီလောက်ဆိုရင် သရဏဂုံ ပျက်,မပျက် သိလောက်ပြီပေါ့နော်"

"မှန်ပါ၊ သိပါပြီဘုရား"

"ဒါဖြင့် သရဏဂုံတော့ မပျက်ပါဘူး၊ သရဏဂုံ ညစ်နွမ်းခြင်းကို ပြောဦးမယ်၊ အဲဒီ သရဏဂုံ နှစ်ပါးတို့ကွင် လောကီ သရဏဂုံသည် -

(၁) ရတနာသုံးပါးတို့၌ ဂုဏ်ကျေးဇူးကို မသိခြင်း

(၂) ယုံမှားခြင်း

(၃) အလွဲလွဲ အမှားမှား စွဲယူမှတ်ထင်ခြင်း

စသည်တို့ကြောင့် ညစ်နွမ်းပါတယ်၊ အရောင်မလက် မပြန့်ပြူး မကြီးကျယ်ပါဘူး။

လောကုတ္တရာသရဏဂုံမှာကား ညစ်နွမ်းမှုဟူ၍ မရှိပါ။ အမြဲတစေ သန့်ရှင်းစင်ကြယ်လျက် ရှိပါတယ်။

အဲဒီလို ပြောဆိုခဲ့တဲ့ လောကီ, လောကုတ္တရာ သရဏဂုံနှစ်မျိုးတို့တွင် အရိယမဂ်လေးပါးတို့ဟာ လောကုတ္တရာ သရဏဂုံ မဂ်စိတ္တုပ္ပါဒ်၏ အကျိုးရင်းတို့ ဖြစ်ပါတယ်။ သံသရာဝဋ်ဒုက္ခ၏ ကုန်ခန်းချုပ်ငြိမ်းခြင်းသည် အကျိုးဆက်, အကျိုးဖျား အာနိသံသ မည်ပါတယ်။

တစ်နည်းပြောရရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်သော ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့ကို ဘယ်သောအခါမှာမှ နိစ္စ၊ သုခ၊ အတ္တဟူ၍ မစွဲယူခြင်း စသည်ဟာ လောကုတ္တရာ သရဏဂုံရဲ့အကျိုးဆက်, အကျိုးဖျား, အာနိသံသ မည်ပါတယ်။

သုဂတိဘဝသို့ ကပ်ရောက်ရခြင်း၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရခြင်း စသည်တို့ဟာ လောကီ သရဏဂုံရဲ့အကျိုးမည်ပါတယ်။

" သရဏဂုံ အကျိုးတွေကလည်း အစုံပါပဲလားဘုရား"

"အဲဒီလောက်စုံတဲ့ အကျိုးတွေကို လိုချင် ရချင်လျှင် သရဏဂုံ ကိုယ်လုံးခြုံအောင် ထိန်းပေါ့နော်"

"မှန်ပါဘုရား"

✦ သရဏဂုံ, ကိုယ်လုံးခြုံ, လုံအောင်စောင့်ထိန်းပါ။

✦ သရဏဂုံ, ကိုယ်လုံးခြုံ, လူ့ဘုံ နတ်ရွာမခဲပါ။

✦ သရဏဂုံ, ပျက်လေကုန်, ပါယ်ဘုံ ရောက်လေမှာ။

✦ သက်ရှိစဉ်ပျက်, သေကပျက်, အပျက်နှစ်မျိုး ရှိလေရာ။

✦ သက်ရှိစဉ်ပျက်, အပြစ်တက်, သေပျက် ပြစ်ကင်းကွာ။

# အရှင်ဘုရား အဘယ့်ကြောင့် ဘုရားပွင့်ဖို့ရာ ခဲယဉ်းပါသလဲဘုရား

(၂၂၇)

လောက၌ မြတ်စွာဘုရား၊ မြတ်စွာဘုရားဟူသော အသံကိုမျှ ကြားရဖို့ရန် အလွန်တရာ ခဲယဉ်းလှပါ၏။ မြတ်စွာဘုရား၊ မြတ်စွာဘုရားရှင်တို့ ဖြစ်တော်မူ ပွင့်တော်မူဖို့ရန်မှာမူ ဆိုဖွယ်ရာမရှိ အလွန်ထက် အလွန် ခဲယဉ်းပါပေ၏။

ယင်းအကြောင်းကို ဗုဒ္ဓသာသနာဝင်တို့ နား၌ အထပ်ထပ် ကြားဖူးနေကြလေပြီ၊ ယင်းသို့ ကြားဖူးနေကြသော်လည်း ယင်းအကြောင်း စပ်စုသူ ဦးရေမှာ သိပ်ပြီးများလှမည် မဟုတ်ပါပေ။ မများသူများမှ တစ်ယောက်နှင့် မိမိ တွေ့ရ၏။ သူက မေးလျှောက်၏။

"အရှင်ဘုရား၊ အဘယ့်ကြောင့် ဘုရားပွင့်ဖို့ရာ ခဲယဉ်းပါသလဲဘုရား"

"ဒကာကြီး ဘုရားဆိုတာ ပွင့်ချင်တိုင်း ပွင့်လို့ရတာမှ မဟုတ်တာဘဲ၊ ပါရမီပြည့်မှ ပွင့်ပေါ်ရတာဖြစ်လို့ ဘုရားပွင့်ဖို့ရာ ခဲယဉ်းရတာပါ"

"အရှင်ဘုရား . . . နေပါဦးဘုရား၊ အဲဒီ ပါရမီဆိုတာလည်း ပြောဆိုသာ နေပါတယ်ဘုရား၊ အနက်အဓိပ္ပာယ်ကတော့ မသိပါဘုရား၊ ပါရမီအဓိပ္ပာယ် ရှင်းပြပါဦးဘုရား"

"အင်း . . . မေးစဉ်က ဘုရားပွင့်ဖို့ ခဲယဉ်းတာ၊ ယခုရောက်သွားတော့ ပါရမီ"

"ဩော် . . . အရှင်ဘုရားကလည်း ဆက်စပ်လို့ ရောက်သွားတာပါဘုရား၊ သည်းခံပါဘုရား"

"သည်းခံပါတယ်၊ ကဲ . . . ကဲ . . . နားထောင်ပါ၊ ဘုရားအလောင်းတော်တို့၏ ဥစ္စာဖြစ်သော အကျင့်ကို ပါရမီလို့ ခေါ်ပါတယ်"

"ဒီလိုဆိုရင် အရှင်ဘုရား ပါရမီဆိုတာ ကျင့်ရမည့် အကျင့်တစ်မျိုးလို့ အဓိပ္ပာယ်ပေါက်တာပေါ့နော်"

"အင်းပေါ့၊ ကဲ . . . နားထောင်ဦး၊ အဲဒီပါရမီကို တစ်နည်းပြောရရင် ဘုရားအလောင်းတော်တို့၏ ပြုလုပ်အပ်သော အမှုကိစ္စမျိုးကို ပါရမီလို့ ခေါ်ပါတယ်"

တစ်နည်းပြောရရင် ဘုရားအလောင်းတော်ဟူ၍ အသိဉာဏ်ဖြစ်ကြောင်း အလုပ်ကိစ္စများကို ပါရမီဟူ၍ ခေါ်ပါတယ်။

အဲဒီအဓိပ္ပာယ်ကို ထင်လင်းအောင် ထပ်ပြီး ဖော်ပြရပါလျှင် ဘုရားအလောင်းတော်များ ကျင့်ကြံပြုလုပ် အားထုတ်အပ်သော ဒါန အစရှိသော တရားအစုကို ပါရမီလို့ ခေါ်ပါတယ်။

အဲဒီအကြောင်းကို ထပ်ပြီးရှင်းရရင် သံသရာ၏ တစ်ဖက်ကမ်းဖြစ်ပေ့ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဒါနစေတနာ၊ သီလစေတနာ စသည်တို့ကို ပါရမီလို့ ခေါ်ပါတယ်၊ ကဲ … ပါရမီအဓိပ္ပာယ်ကို သဘောပေါက်ပြီးလား”

“မှန်ပါ၊ သဘောပေါက်ပါတယ်ဘုရား”

“ကဲ … ဘယ်လိုသဘောပေါက်ပါသလဲ၊ ပြောစမ်းပါဦး”

“မှန်ပါ၊ ပြောရမယ်ဆိုရင် နိဗ္ဗာန်ကို လိုလားတဲ့ အမျိုးကောင်းသား၊ အမျိုးသမီးကောင်းတို့သည် နိဗ္ဗာန်ကို ရည်မှန်းပြီး ဒါန, သီလ အစရှိသော ကုသိုလ်တွေကို ပြုလုပ်နေလျှင် ပါရမီဖြစ်နေပြီ၊ ရှိနေပြီလို့ သဘောပေါက်ပါတယ်ဘုရား”

“အဲဒီလို ပါရမီကုသိုလ်တွေ ဆည်းပူးတဲ့နေရာမှာ ဘုရားအလောင်းတော်တို့၏ ပါရမီတော် ဖြည့်တဲ့နေရာမှာ ဇနီးမယားကို စွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း ဆိုတာတွေ ပါနေတော့ ဖြည့်ဖို့ရာ အတော်ခက်တယ်၊ ခက်ပုံကို ဘုန်းကြီး လက်တွေ့သာဓကတစ်ခုနှင့် ပြောပြမယ်”

“မြို့တစ်မြို့မှာ ဘုန်းကြီးနဲ့ အလွန်တရာ ရင်းနှီးတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်၊ သူတို့ ဇနီးမောင်နှံဟာ သာသနာရေးကို အသက်ပေးပြီး ကြိုးစားဆောင်ရွက်နေကြသူတွေပါ၊ အရွယ်နဲ့ မလိုက်အောင် ကုသိုလ်ကောင်းမှုကို ဆည်းပူးနေသူတွေပါ၊ ပြောရမယ်ဆိုရင် ရှာမှရှားထဲက ဇနီးမောင်နှံ နှစ်ယောက်ပါ”

“အမယ်လေး…အရှင်ဘုရားကလည်း ချီးမွမ်းလိုက်တာ၊ တပည့်တော် နီးသာနီးရင် ခုတောင် သွားကြည့်ချင်တယ်”

“အင်း … ချီးမွမ်းထိုက်ရင် စိစစ်ပြီး ချီးမွမ်းရပါမယ်၊ ကဲ … ကဲ … နားထောင်၊ အဲဒီ ဇနီးမောင်နှံ နှစ်ယောက်ဟာ အဲဒီ သူတို့မြို့မှာ ဘုန်းကြီး တရားပြနေတဲ့အခိုက် နှစ်ယောက်စလုံး ရောက်လာပြီး ရှိခိုးဦးချကာ သက်န်းနှင့် စာရေးကိရိယာများ လာလှူကြပါတယ်”

“အဲဒီလို ကပ်လှူပြီးတဲ့အခါ ဘုန်းကြီးက မ( …… )ရေ၊ မောင်( …… )ကို ဘုန်းကြီးအား လှူလိုက်ပါလားလို့ ဇနီးမောင်နှံ နှစ်ယောက်အနက် ဇနီးကို ပြောလိုက်ပါတယ်။

“အဲဒီလို ပြောတဲ့အခါ ဇနီးဖြစ်သူ ( …… )က ဆရာတော်ဘုရား တပည့်တော်က လှူပါတယ်ဘုရား၊ လှူဖွယ်ပစ္စည်းက ငြင်းဆန်နေလို့ပါဘုရားလို့ … လျှောက်ထားတယ်။

“အဲဒီလို လျှောက်ထားတဲ့အခါ မောင်( …… )က ရယ်တယ်၊ ဘုန်းကြီးကတော့ အတော်ထိတ်လန့်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးက ဘုရားဆုပန်ထားသူပါ၊ ဩော် …မြတ်စွာဘုရား ပွင့်ဖို့ရာ အဘယ့်ကြောင့် ခဲယဉ်းရပါသလဲ ဆိုတာနှင့်ပတ်သက်လို့ ပြောရရင် ကိုယ်တစ်ဦးတည်း ပြီးတဲ့ကိစ္စ မဟုတ်ပါလား၊ ဇနီးမယား၊ သမီးသားတွေ စွန့်ရတဲ့ကိစ္စတွေ ပါနေပါလား၊ လှူဖွယ်ပစ္စည်းဖြစ်တဲ့ သူတို့က ငြင်းဆန်နေရင် မခက်ပါလား၊ မခဲယဉ်းပါလားလို့ … သဘောပေါက်သွားတယ်”

“ဟုတ်တယ်လေ၊ ကိုယ်ပိုင်ဆိုင်တဲ့ သက်မဲ့ပစ္စည်းတွေ လှူချင်သလောက် အဲဒီ လှူဖွယ်ပစ္စည်းတွေက အကျွန်ပ် အလှူခံပုဂ္ဂိုလ်နောက် လိုက်မသွားနိုင်ပါဘူးလို့ ငြင်းဆန်နေဦးမလား”

“မငြင်းဆန်ပါဘုရား”

"ကဲ…သက်ရှိ ဇနီးမယားနဲ့ သမီးသားတို့ကို စွန့်လှူမယ်ဆိုရင် သူတို့က မငြင်းဆန်ဘူးလား"

"ငြင်းဆန်နိုင်ပါတယ်ဘုရား"

"အဲဒီလို ငြင်းဆန်တော့ ငါးပါးကိုစွန့်မှ ဖြစ်နိုင်တဲ့ ဘုရားအဖြစ်ဆိုတာ ကိုယ်တစ်ဦးတည်း ပါရမီဖြည့်လို့ မရဘဲ ဇနီးမယား၊ သမီးသားတွေနဲ့လည်း ပတ်သက်နေတော့ ဘုရားတစ်ဆူ တစ်ဆူ ပွင့်ထွန်းပေါ်ပေါက်ဖို့ရာ မခဲယဉ်းဘူးလား"

"ခဲယဉ်းပါတယ်ဘုရား"

"အေး… ပြောရမယ်ဆိုရင် သုံးလ. လေးလ. ငါးလလွန်မှ ရင့်ရိုး မှည့်ရိုးရှိသော ကောက်စပါးမျိုးသည် အဲဒီ (၃,၄,၅) လ အချိန်သို့ မရောက်သေးဘဲ နေ့စဉ် နေ့စဉ် အကြိမ်ပေါင်း ရာထောင် ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးခြင်း စသည်ဖြင့် ပြုပြင်စေကာမူ ကောက်သားမဝင်နိုင်ခြင်း၊ အခက်အရွက်တွေ စိတ်ရှိသလောက် မကြီးပွား၊ မပြန့်ပြောနိုင်ခြင်း၊ မရင့်ကျက်နိုင်ခြင်း ဟူသော အကြောင်းကြောင့် (၁၅)ရက်၊ တစ်လအတွင်း မည်သည့်နည်းနှင့်မျှ စပါးအသီး မပြီးစီးနိုင်ပါဘူး"

"အဲဒီအတူပါပဲ၊ ဘုရားအလောင်းတော်တို့မှာလည်း ဗျာဒိတ်ရပြီးသည့် နောက်ပိုင်းမှာ နေ့စဉ် နေ့စဉ် ဝေဿန္တရာမင်းကြီး၏အလှူနဲ့တူသော အလှူကြီးမျိုးကို ပေးလှူတော်မူကြစေကာမူ အဲဒီအလှူဒါနအား လျော်ပတ်တဲ့ သီလစတဲ့ ပါရမီတော်တို့ကို ဖြည့်ကျင့်စေကာမူ သဗ္ဗညုတဉာဏ်ပညာ အသားမဝင်နိုင်ခြင်း၊ မပြန့်ပြောခြင်း၊ မရင့်ကျက်နိုင်ခြင်းတို့ကြောင့် ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးအသင်္ချေ၊ ရှစ်အသင်္ချေ၊ (၁၆)အသင်္ချေ မပြည့်မီအတွင်း အဘယ်နည်းနှင့်မျှ သဗ္ဗညုတဉာဏ်ပညာတော်အသီး ပြီးစီးအောင်မြောက် ရင့်ကျက်ပြည့်စုံခြင်းတည်းဟူသော ဘုရားအဖြစ်သို့ မရောက်နိုင်လို့ ဘုရားပွင့်ဖို့ ခဲယဉ်းပါတယ်လို့ မှတ်ပါ"

"နိယတဗျာဒိတ် ရပြီးတဲ့နောက် ဖြည့်ရတဲ့ အပိုင်းအခြားတောင် အဲဒီလိုပါ ဆိုရင် နိယတဗျာ[illegible]မရမီ ဖြည့်ရတဲ့ အပိုင်းအခြားကတော့ ဘယ်ရွေ့ဘယ်မျှလို့ ပိုင်းခြားလို့မရနိုင်လောက်အောင်ကို များပြားလှပါတယ်၊ အဲဒါကြောင့်မို့လို့ ဘုရားပွင့်ဖို့ရာ ခဲယဉ်းပါတယ်လို့ မှတ်ပါ"

✦ ဗုဒ္ဓမြတ်စွာ ပွင့်ဖို့ရာ လွန်စွာခဲယဉ်းသည်၊

✦ ခဲယဉ်းလှစွာ မြတ်ဗုဒ္ဓါ ခုခါပွင့်နေပြီ၊

✦ ဘုရားပွင့်ခိုက် တရားကြိုက် အမြိုက်ရသင့်သည်၊

🕮

# မပုပ်,မသိုးလျှင် ရဟန္တာပါလားဘုရား

## (၂၂၈)

ဗုဒ္ဓသာသနာဝင်တို့သည် ရဟန္တာအရှင်မြတ်တို့ကို အလွန်တရာမှပင် ကြည်ညိုမြတ်နိုးကြကုန်၏။ ရဟန္တာဟူ၍ ကျော်ကြားလာလျှင် ပရိသတ်မှာ ဝင်လာမစဲ တသဲသဲပင် ဖြစ်လေသလို အလှူမှာလည်း မစဲ. တသဲသဲပင် ဖြစ်တော့သည်။

ရဟန္တာတစ်ပါးကို ရဟန္တာဟူ၍ သိဖို့ရာ မလွယ်ကူလှပါ။ အဘယ့်ကြောင့်ဆိုသော် ရဟန္တာအရှင်သူမြတ်တို့သည် မိမိတို့ကိုယ်ကို ရဟန္တာဟူ၍ အများမသိအောင် အလွန်လျှို့ဝှက်တော်မူကြကုန်၏။ ရဟန္တာဟူ၍ အကျော်ကြားမခံပါ။ အသိမခံပါ။ ထို့ကြောင့် ရဟန္တာအရှင်မြတ် တစ်ပါးကို ရဟန္တာဟူ၍ သိဖို့ရာ မလွယ်ကူပါ။

ရဟန္တာအရှင်မြတ်တို့သည် မိမိတို့ သိထားသော သစ္စာလေးပါး တရားတော်ကို သတ္တဝါအများတို့အား အထူးအားဖြင့် သိစေလိုကြကုန်၏။ မိမိတို့ကိုမူ ရဟန္တာဟူ၍ မသိစေလိုကုန်။

ရဟန္တာဟူ၍ ကျော်ကြားအောင် အရိပ်အယောင်လည်း မပြကုန်။ အကျော်ကြားလည်း မခံကုန်ရကား ရဟန္တာတစ်ပါးကို ရဟန္တာဟူ၍ သိဖို့ရာ မလွယ်ကူပါ။

အချို့သောသူတို့က ပျံလွန်တော်မူတဲ့အခါ မပုပ်မသိုးလျှင် ရဟန္တာဟူ၍ ယူစွဲကြပြန်ကုန်၏။ ယင်းသည်မှာလည်း မမှန်ကန်နိုင်ပါ။ ယင်း မပုပ်မသိုး ကိစ္စနှင့် ပတ်သက်၍ မိမိကို ပြဿနာမေးဖူး၏။

*ဆရာတော်ဘုရား...*

*ရှိသေစွာ လျှောက်ထားအပ်ပါသည်၊ (.....)မြို့နယ်၊ (.....) ဆရာတော်ဘုရား (.....)သည် ပျံလွန်တော်မူသွားပါသည်ဘုရား။*

*ဆရာတော်ဘုရားရဲ့သပိတ်အိုင်တောရ ဆယ်ရက်စခန်း တရားကျင့်သုံးပွဲတွင် တရားကျင့်နေသော ကိုကြီး (.....) သည် ထိုဆရာတော်ကြီး၏ တပည့်ဖြစ်ပါသည်ဘုရား။*

*သူ့ကိုအမြန်ပြန်လာဖို့မှာခိုင်းသူက မှာခိုင်းပါသည်၊ ကိုကြီး (.....)သည် ဆရာတော်ကြီး၏တပည့်အရင်းတစ်ယောက်ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဝေယျာဝစ္စကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်သူ ဖြစ်ပါသည်။*

*ဆရာတော်ကြီး၏ ကျေးဇူးကြောင့်ပင် မကောင်းမှု အတော်များများကို စွန့်ခွာကာ လူကောင်းသူကောင်း စာရင်းဝင်လာသူ ဖြစ်ပါသည်။*

*ဆရာတော်ကြီး၏ နောက်ဆုံး ဈာပန ပြာကျသည်ကို မြင်စေချင်သည်ဟု မှာခိုင်းသူတို့က ပြောကြပါသည်ဘုရား။*

*တပည့်တော်မှန်းစားသည်မှာ ကိုကြီး (.....) သည် တရားကျင့်သုံးနေသော ယောဂီဖြစ်ပါသည်။ သူ့ကို သွားခေါ်လိုက်ပါက သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် ဖြစ်နိုင်ပါသည်။*

*မိစ္ဆာဒိဋ္ဌိစာရင်း ဝင်သွားမည်၊ မနောဒုစရိုက်သုံးပါးတွင် ပါဝင်သော မိစ္ဆာဒိဋ္ဌိသည် ဒုစရိုက်ဆယ်ပါးတို့တွင် အပြစ်အကြီးဆုံးဖြစ်သည်။ သို့ပါ၍ ယနေ့တိုင် မခေါ်ခြင်း ဖြစ်ပါသည်ဘုရား။*

*တပည့်တော်အတွေးသည် မှန်ပါသလားဘုရား၊ ခေါ်သင့်ပါသလားဘုရား၊ အဆုံးအဖြတ် ပေးတော်မူပါဘုရား။*

*ကိုကြီး (.....) ၏ ဇနီးမယား သမီးသားတို့ တပည့်တော်ကို အမြန်ဆုံးခေါ်ပေးရန် တောင်းဆိုကြပါသည်ဘုရား။ မခေါ်ပေးပါက နောင်အခါ အပြစ်တင်စရာ ဖြစ်လာပါမည်ဘုရား။*

*အစွန်းနှစ်ဖက်မှ လွတ်ရန် အသိပေးရုံမျှဆိုလျှင် သင့်သည်ဟု တပည့်တော် ယူဆစဉ်းစားမိပါသည်ဘုရား။*

*ကိုကြီး (.....) ကို အသိပေးရန်စာကို ဒီစာနှင့်အတူ ဆရာတော်ထံ ထည့်ပေးလိုက်ပါသည်ဘုရား။ အသိပေးရုံမျှ အပြစ်မရှိဟုဆိုလျှင် ယင်းစာကို ဆရာတော်က ကိုကြီး (.....) ကို ပေးတော်မူပါဘုရား။*

*မောင် (.....)*

သို့...

မောင် (.....)

မောင်ရဲ့ပေးစာကို မောင် (.....) ရဲ့ကိုကြီး (.....) ကို ပေးလိုက်ပါတယ်။ စာဖတ်ပြီးတော့ တပည့်တော် မပြန်တော့ပါဘုရား၊ တပည့်တော် ဆရာတော်ကြီးကို အသက်ရှိထင်ရှားရှိစဉ် ဝတ္တရားကျေပွန်စွာ ပြုလုပ်ကျွေးခဲ့ပါပြီဘုရား။

ယခု ပျံလွန်တော်မူမှ ပြန်သွားလျှင် တပည့်တော် အားထုတ်ဆဲတရားလည်း ပျက်သွားပါမည်။ ဟိုရောက်တော့လည်းဆရာတော်ကြီးကို ပြုစုရတော့မှာ မဟုတ်ဘဲ ဆရာတော်ရဲ့ဈာပနသို့ လာသူတွေကိုသာ ပြုစုရမှာပါဘုရားလို့ လျှောက်ထားတယ်။

ဘုန်းကြီးကလည်း ကောင်းတယ်. ကောင်းတယ်လို့ ပြောလိုက်တယ်။ သူလည်း ယခု စိတ်ကြည်လင်အေးချမ်းစွာနဲ့ ဆက်လက်ပြီး တရားအားထုတ်နေတယ်။

မောင် (.....) ရဲ့စာထဲမှာ သူ့ကို သွားခေါ်လိုက်ပါက သဂ္ဂန္တရာယ်. မဂ္ဂန္တရာယ် ဖြစ်နိုင်သည် ဆိုတာနှင့်ပတ်သက်၍ မောင် (.....) ရဲ့အတွေးအခေါ်သည် မမှန်ပါ။ ခေါ်သင့်ပါသည်။ ခေါ်သင့်လို့ ဘုန်းကြီးလည်း စာပေးလိုက်ပါသည်။

သဂ္ဂန္တရာယ်ဆိုတာ နတ်ပြည်ရဲ့အန္တရာယ်လို့ အဓိပ္ပာယ်ရှိပါသည်။ နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှုလုပ်နေသူကို မလုပ်ဖြစ်အောင် တားမြစ်မယ်၊ နှောင့်ယှက်ပေးမယ်၊ မပြုချင်အောင်၊ ပြုနေတာ ပျက်သွားအောင် အပြစ်ပြောမယ် တားမြစ်နှောင့်ယှက်ပါမှ သဂ္ဂန္တရာယ် ဖြစ်ပေါ်တယ်။

မဂ္ဂန္တရာယ်ဆိုတာ မဂ်ရဲ့အန္တရာယ်ကို ခေါ်ပါတယ်။ မဂ်ကို ရရာရကြောင်း တရားအလုပ် ကြိုးစားအားထုတ်နေသူကို အားမထုတ်ဖြစ်အောင် တားမြစ်နှောင့်ယှက် ဖျက်ဆီးမယ်ဆိုရင် မဂ္ဂန္တရာယ် ဖြစ်ပါတယ်။

မဂ်ရအောင် အားထုတ်လိုသူကို အားမထုတ်ဖြစ်အောင် အပြစ်ပြောမယ်၊ တားမြစ်မယ်၊ နှောင့်ယှက်မယ်ဆိုရင် မဂ္ဂန္တရာယ် ဖြစ်ပါတယ်။

ယခု သူ့ရဲ့သက်ဆိုင်ရာ ပုဂ္ဂိုလ်များက အကြောင်းကြားနိုင်းလို့ အကြောင်းကြားစာပေးတာက အပြစ်ပြောတဲ့ သဘော မပါလို့ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ် မထိုက်ပါဘူး။

ပြီးတော့ မိစ္ဆာဒိဋ္ဌိ စာရင်းဝင်လည်း ဖြစ်မသွားပါဘူး။ မိစ္ဆာဒိဋ္ဌိဆိုတာ မှား.မှား.ယွင်း.ယွင်း နှလုံးသွင်းမှ မိစ္ဆာဒိဋ္ဌိ ဖြစ်တာပါ။ ယခုက ဝတ္တရားအရ တစ်ဆင့်အကြောင်းကြားစာ ပေးတာပဲဟာ မိစ္ဆာဒိဋ္ဌိစာရင်းဝင မဖြစ်နိုင်ပါဘူး။

အဲဒီအကြောင်းနဲ့ပတ်သက်တဲ့ သာဓကတစ်ခု ပြောပြပါမယ်။ ဘုန်းကြီးတို့ ဘုရားရှင် ဝေသာလီပြည်မှာ သီတင်းသုံး စဉ်ကပေါ့။

"ရဟန်းတို့ ... ငါဘုရားသည် ဤလမှ နောက်လေးလကြာလျှင် ပရိနိဗ္ဗာန်စံတော့မယ်"

လို့ အမိန့်ရှိလိုက်ပါတယ်။ အဲဒီလို အမိန့်ရှိတဲ့အခါ ဘုရားရှင်ရဲ့အနီးအပါးရှိ ရဟန်းတော် (၇၀၀)တို့ဟာ ထိတ်လန့်ခြင်းသို့ ရောက်ကြပါတယ်။ ရဟန္တာအရှင်မြတ်တို့ဟာ ဓမ္မသံဝေဂ ဖြစ်ကြပါတယ်။ ပုထုဇဉ်ရဟန်းတို့ဟာ မျက်ရည် [illegible]ည်နိုင်ကြပါ။ ရဟန်းတို့သည် ဟိုတစ်စု သည်တစ်စုနှင့် အစုလိုက် အစုလိုက်ဖြစ်ပြီး -

"ငါ့ရှင်တို့ ဘယ်လိုလုပ်ကြကုန်အံ့နည်း"

လို့ တိုင်ပင်ကြကုန်လျက် လှည့်လည်ကြတယ်။

အဲဒီရ[illegible]န်းတော်တွေ အများထဲမှ တိဿရဟန်းတော်တစ်ပါးက မြတ်စွာဘုရားသည် လေးလလွန်သဖြင့် ပရိနိဗ္ဗာန် စံတော့မည်တဲ့၊ ငါ့မှာလည်း ရာဂ မကင်းသေး၊ မြတ်စွာဘုရား ထင်ရှားရှိစဉ်ပင်လျှင် ငါသည် အရဟတ္တဖိုလ်ကို ရယူသင့်တယ်" လို့ စဉ်းစားဆုံးဖြတ်ပြီး တစ်ပါးတည်း လျောင်း, ထိုင်, ရပ်, သွား ကြိုးစားအားထုတ်နေတယ်၊ ဘယ်သူနှင့်မျှ စကားမပြောဘူး။

အခြားရဟန်းတော်တွေက အဲဒီ ရှင်တိဿရဟန်းတော်ကို -

"ငါ့ရှင်တိဿ၊ အဘယ့်ကြောင့် ဤသို့ပြုရသနည်း"

ဟု မေးကြတယ်။ ရှင်တိဿဟာ အဲဒီရဟန်းတော်တွေကို ဘာမျှ ပြန်မပြောပါဘူး။

အဲဒီအခါမှာ အဲဒီရဟန်းတော်တွေက ရှင်တိဿရဲ့ဖြစ်ပုံ, နေထိုင်ပုံကို မြတ်စွာဘုရားထံ သွားပြီးတော့ -

"မြတ်စွာဘုရား ... ရှင်တော်မြတ်ဘုရားတို့၌ ရှင်တိဿသည် ချစ်ကြည်ညိုခြင်း မရှိပါဘုရား"

လို့ လျှောက်ထားပါတယ်။

အဲဒီလို လျှောက်တဲ့အခါ ဘုရားရှင်သည် ရှင်တိဿကို ခေါ်ပြီး -

"တိဿ အဘယ့်ကြောင့် ဤသို့ပြုသနည်း"

လို့ မေးတဲ့အခါ သူ့ရဲ့ရည်ရွယ်ချက်ကို လျှောက်ထားပါတယ်။ အဲဒီလို လျှောက်ထားတဲ့အခါ ဘုရားရှင်က -

"ကောင်းတယ် ကောင်းတယ် တိဿ"

လို့ ကောင်းချီးပေးပြီးတော့ -

"ရဟန်းတော်များ အိုချစ်သားတို့ ... ငါဘုရားရှင်၌ ချစ်ကြည်ညိုသောသူသည် တိဿရဟန်းနှင့် တူ သည်သာလျှင်ဖြစ်လော့၊ နံ့သာပန်း စသည်တို့ဖြင့် ပူဇော်ကြကုန်သော်လည်း ငါဘုရားရှင်ကို ပူဇော်ရာ မရောက် ကြကုန်ဘူး၊ လောကုတ္တရာတရား ကိုးပါးအားလျော်စွာ ကျင့်ကြသောသူတို့သည်သာလျှင် ငါဘုရားရှင်ကို ပူဇော် သည် မည်ကုန်၏"

လို့ အမိန့်ရှိပါတယ်။ ကဲ ... အဲဒီမှာကြည့်၊ အဲဒီ ရှင်တိဿကို သွားလျှောက်တဲ့ ရဟန်းတော်တွေကို သင်တို့ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ဖြစ်ပြီလို့ မမိန့်ပါဘူး။

ပြီးတော့ အသက်ထင်ရှားရှိစဉ် ပြုစုတာဟာ အကျိုးရှိပါတယ်။ အဲဒီအကျိုးထက် တရားအားထုတ်ပြီး ပူဇော်တဲ့ အကျိုးက သာ၍ကြီးတော့ မြတ်စွာဘုရား သာဓုခေါ်တယ်မဟုတ်လား။

မောင်ရဲ့(......)ရဲ့(......)ဟာ အသက်ရှိထင်ရှားရှိစဉ်က ပြုစုပြီးပြီတဲ့၊ သူက နောက်စခန်းတစ်ခုလည်း ဆက်လိုက်ဦးမယ်တဲ့၊ အဓိပ္ပာယ်က သူ့ဆရာတော်ကြီးကို ရှင်တိဿလို တရားနဲ့ ပူဇော်မယ်ဆိုတဲ့ သဘောပေါ့။ ဒါပေမဲ့ နောက်စခန်းရောက်တော့ သူ့ဆရာတော်ကြီး မီးသဂြိုဟ်ချိန်မှာ မပုပ်ဘူးလို့ ကြားတော့ သူက ပြဿနာမေးတယ်။

"အရှင်ဘုရား ... ပဉ္စပညာတော် ဆရာတော်ကြီး မပုပ်မသိုးဘူးတဲ့ဘုရား၊ ဆရာတော်. သံဃာတော်များ ပျံလွန်တော်မူလို့ မပုပ်မသိုးရင် ရဟန္တာပါလားဘုရား"

လို့ မေးလျှောက်တယ်။ ဘုန်းကြီးက -

"မပုပ်မသိုးတိုင်း ရဟန္တာ မဟုတ်ဘူး"

လို့ ပြောလိုက်တယ်။ သူ သိပ်ပြီး ဘဝင်မကျဘူး၊ ဒီတော့ သူက -

"ရှင်းပြပါဦးဘုရား" တဲ့။ ဒါနဲ့ ဘုန်းကြီးက -

"ကဲ ... ရှင်းပြမယ် နားထောင်" လို့ ပြောပြီး -

"ဘုန်းကြီးတို့ ယခု ဝိပဿနာတရားကို ကြိုးစားအားထုတ်လို့ တရားကောင်းတဲ့ ယောဂီတွေမှာ အကျိုးထူးတရား ခြောက်ပါးရကြောင်းကို ရှေးဆရာတော်ဘုရားကြီးများ မိန့်ကြားခဲ့တဲ့ လင်္ကာကို ဘုန်းကြီး ချချပေးတာ သားဘိသားမိလား" ဆိုတော့ - "ပြန်မိန့်ရှိပါဦးဘုရား" တဲ့။

"ကဲ ... ဒီလိုဆိုရင် ဒီတစ်ခါတော့ မှတ်မှတ်သားသား ထောင်နားစိုက်ပါ၊ ဝိပဿနာတရားကောင်းလာတဲ့ယောဂီဟာ

(၁) ရောဂါကြီးမှု၊ ညည်းညူမရှိ

(၂) သတိမမေ့

(၃) သေနေ့သိပြန်

(၄) မျက်လှန်ကြောဆွဲ၊ မရှိဘဲနှင့်

(၅) သေလည်းမကင်း

(၆) သုံးရက်တွင်း၌၊ ပုပ်ခြင်းကင်းသည်၊ ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း ... တဲ့။

အဲဒီ လင်္ကာ (၆)နံပါတ်အကျိုး ကြည့်ပါ။ သုံးရက်၊ ခုနစ်ရက်၊ ဆယ်ရက် စသည် မပုပ်တာဟာ ဝိပဿနာအကျိုးမှာလည်း ပါပါတယ်၊ အဲဒီလို ဝိပဿနာပွားလို့ မပုပ်တာတွေလည်း လက်တွေ့ မျက်တွေ့အများကြီး တွေ့ရပါတယ်" လို့ ပြောတော့ -

"ဟုတ်ရဲ့လား ဘုရား" တဲ့။

ဒီတော့ ဘုန်းကြီးလည်း -

"ဟုတ်တယ်၊ ဘုန်းကြီးတို့တောင်စွန်း၊ မေ့ဒွတတောရမှာ သီတင်းသုံးသွားတဲ့ ဆရာတော်ကြီးဟာ (၉၂)နှစ်မှာ ပျံလွန်တော်မူတာ မပုပ်ရုံတင် မဟုတ်ပါ၊ မီးသဂြိုဟ်တော့ လုံးဝ မညှော်တောင် မညှော်ပါဘူး"

လို့ ပြောတော့ သူ အတော်အံ့ဩသွားတယ်။ ဒါနဲ့ ဘုန်းကြီးက -

"ဘုရားရှင်ဟောထားတဲ့ မဟာသမယသုတ်. ဓမ္မစကြာ. မင်္ဂလသုတ် စတဲ့ ပရိတ်တော် တစ်ပုဒ်ပုဒ်ကို နှစ်ရှည်လများ အမြဲမပြတ် ရွတ်သူဟာလည်း သေရင် မပုပ်ပါဘူး"

ဆိုတော့ -

"ဟုတ်လားဘုရား" တဲ့။

အဲဒီတော့ ဘုန်းကြီးက -

"သေလို့ မပုပ်ခါမှ ရဟန္တာလုပ်ပြီး အလောင်းကြီး ဒီအတိုင်းထားတာထက် အဲဒီပုဂ္ဂိုလ် မသေခင်က ဟောထားတဲ့ တရားတော်တွေကို ကြိုးစားကျင့်ကြံခြင်းဟာ ခုနက ရှင်တိဿတို့နဲ့ လျော်လို့ အကောင်းဆုံးပါ၊ ဘုရားရှင်ရဲ့အလောင်းတော်ကို တောင် တေဇောဓာတ် လောင်မြိုက်ရသေးတာ၊ ယခု ရဟန်းတော်တစ်ပါးပါး ပျံလွန်တော်မူလို့ မပုပ်မသိုးရုံနဲ့ အလောင်းကို ရဟန္တာလုပ်ပြီး ကိုးကွယ်ထားတာဟာ အစွဲအလမ်းကြီးရာ မရောက်ဘူးလား" ဆိုတော့ -

"စဉ်းစားစရာပါပဲဘုရား" တဲ့။

"အေး . . . တို့ ဗုဒ္ဓဘာသာဝင်တွေ တော်တော်များများဟာ ပျံလွန်တော်မူကာမှ အရေးပါကြသူတွေ၊ ဂရုစိုက်ကြသူ တွေ များပါတယ်။ အသက်ထင်ရှား ရှိစဉ်ကတော့ ဂရုမစိုက်ဘူး၊ စကားလည်း နားမထောင်ဘူး၊ တရားလည်း အားမထုတ်ဘူး၊ ပျံလွန်တော်မူကာမှ အကြီးအကျယ် အကုန်အကျခံပြီး ဈာပနပြုရတယ်။

အချို့လည်း အလောင်းအတိုင်း ပြထားတယ်၊ အချို့လည်း ဂူသွင်းထားတယ်၊ နောက် အဲဒီဒကာ ဒကာမတွေလည်း ကျောင်းတောင် လာဖော်မရတော့ပါဘူး။

အဲဒီလိုတော့ မဖြစ်သင့်ဘူး၊ ယခု မောင် (......) ရဲ့ကိုကြီး (......) ဟာ သူ့ဆရာတော်ကြီးကို အသက်ရှင်စဉ် ကိုယ် ဖိ ရင်ဖိ ပြုစုခဲ့တယ်။ ယခုလည်း တရားနဲ့ ပူဇော်သောအားဖြင့် အားထုတ်နေတယ်၊ အဲဒါဟာ အကောင်းဆုံး ပူဇော်ခြင်း၊ အမြတ် ဆုံး ပူဇော်ခြင်းပါပဲ၊ မောင် (......) လည်း အဲဒါကို အတုယူပါလို့ . . .။

✦ မသေခင်ချစ်၊ သေလျှင်ပစ်၊ အနှစ်မပါ၊ ငါ့ခန္ဓာ။

✦ မသေခင်ချစ်၊ သေလျှင်ပစ်၊ အနှစ်မပါ၊ သူ့ခန္ဓာ၊

✦ ဆရာသမား၊ ပြောစကား၊ လေးစားလိုက်နာပါ၊

✦ သက်ရှိစဉ်မှာ၊ ဆရာဆုံးမ၊ မြေမကျ၊ တိကျလိုက်နာပါ။

✦ သေသောအခါလည်း၊ အမြဲပဲ၊ လိုက်မြဲလိုက်နာပါ။

✦ မသေခင်မှာ၊ ဆရာ့အနား၊ မကပ်ခြားဘဲ၊ ဖဲခွာသေရ၊ အလောင်းမှ၊ ပူဇော်ကျိုးဟာ မများပါ။

📖

# လှူချင်သူက လှူလိုတိုင်း အလှူခံသင့်ပါသလားဘုရား

(၂၂၉)

အလှူဆိုသည်မှာ ကိုယ့်မှာရှိသော ပစ္စည်းကို ကြည်ညိုသော အလှူခံပုဂ္ဂိုလ်လက်ထဲသို့ စွန့်လွှတ် လှူဒါန်းလိုက်ခြင်းကို အလှူဟု ခေါ်ပါသည်။

အလှူရှင်, စေတနာရှင်တို့သည် စိတ်စေတနာ, သဒ္ဓါတရား ထက်သန်ကြီးမားစွာနှင့် ကိုယ့်ပစ္စည်းပေါ်မှာ နမြောစုံမက်နှစ်သက်ခြင်းကို ပယ်စွန့်ကာ လှူဒါန်းကြပါ၏။

အချို့မှာ မိမိတို့ မစားရ, မဝတ်ရ, မနေရလျှင် ရှိစေတော့ လှူရလျှင် ဝမ်းသာအားရ ရှိလှ၍ လှူကြသည်။ အငတ်ခံ၍ လှူကြ၏။ အချို့မှာ ကိုယ့်အသားကိုပင် ဖြတ်လှီးပြီး လှူဒါန်းကြ၏။ ယင်းသို့ အလှူရှင်, စေတနာရှင်တို့က လှူလိုကြသော်လည်း လှူကြသော်လည်း အလှူခံတို့က အတိုင်းအရှည်ပမာဏကို သိသင့်၏။ ယင်းအလှူနှင့် ပတ်သက်၍ မိမိကို ဒကာတစ်ယောက်က လျှောက်ထားမေးမြန်း၏။

"အရှင်ဘုရား၊ လှူချင်သူက လှူလိုတိုင်း အလှူခံသင့်ပါသလား ဘုရား"

"အင်း . . . ဒကာက ဘယ်လို အလှူခံပုဂ္ဂိုလ်နဲ့များ တွေ့လို့ ဘယ်လို မကျေနပ်ချက်ကြောင့် မေးမြန်းနေတာလဲ မသိပါဘူး"

"တွေ့တာတော့ အမျိုးမျိုး တွေ့ပါတယ်ဘုရား၊ မကျေနပ်ချက်ရယ်တော့ မရှိပါဘူး၊ ဘုရားရှင်ရဲ့ညွှန်ကြားချက်, သတ်မှတ်ချက်များ ရှိသလားလို့ သိချင်လို့ပါဘုရား"

"အင်း . . . အင်း . . . ကောင်းတာပေါ့၊ မိမိလည်း သိရ၊ အများလည်း သိနားလည်ရတာပေါ့၊ အဲဒီလို အလှူပေး အလှူခံနဲ့ ပတ်သက်ပြီးတော့ သတိထားစရာတွေ ရှိပါတယ်"

"အမိန့်ရှိပါဘုရား"

"အလှူခံဖြစ်တဲ့ ရဟန်း၊ သာမဏေများဟာ ဆွေမျိုးမတော်တဲ့ အလှူရှင်၊ သို့မဟုတ် အလိုရှိရာ အလှူခံတော်မူပါလို့ ဖိတ်မံလျှောက်ထားခြင်း မရှိဖူးတဲ့ အလှူရှင်အား ဘာပစ္စည်းကိုမျှ အလှူခံခြင်းငှာ မအပ်ပါဘူး"

"ဟုတ်လား"

"ဟုတ်တယ်၊ အယုတ်သဖြင့် ရေကိုမျှတောင် အလှူခံပြီး မသောက်ကောင်းဘူး"

"ဩော် ... ဒီလောက်တောင်ပဲလား ဘုရား"

"အင်း ... အဲဒီလောက်ပဲ၊ ဘုန်းကြီးတို့ သာသနာတော်မှာ ဘုရားရှင်မိန့်ကြားချက် အတိုင်းသာ လိုက်နာပြီး သီတင်းသုံး နေထိုင်မယ်ဆိုရင် မကြည်ညိုသေးသူတွေဟာ ကြည်ညိုလာပါတယ်၊ ကြည်ညိုပြီးသားလူတွေဟာ အတိုင်းထက်အလွန်ကြည်ညိုပါတယ်"

"ဆက်ပြီး အမိန့်ရှိပါဦးဘုရား"

"ဒီလို အလှူပေး အလှူခံနဲ့ ပတ်သက်ပြီးတော့ ဒီနေရာမှာ သိထားဖို့ရာက -

(၁) အလှူခံကောင်းတဲ့ ဆွေမျိုးဉာတိ

(၂) ဖိတ်ထားတဲ့ ပဝါရိတ ပုဂ္ဂိုလ်

(၃) ဆွမ်းခံသလို ရပ်၍အလှူခံရတဲ့ အလှူရှင်ရယ်လို့ အလှူရှင်သုံးမျိုး ရှိပါတယ်။ အဲဒီ အလှူရှင်သုံးမျိုးအပေါ်မှာ အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ရဟန်း . သာမဏေတွေ အလိုက်သိရမယ့် အချက်သုံးချက်တို့တွင် -

(၁) အလှူရှင်ရဲ့အလိုဆန္ဒ

(၂) ပစ္စည်းရဲ့အနည်းအများ

(၃) မိမိမှာ အသုံးလိုသလောက်

အဲဒီသုံးချက်ဟာ အလိုက်သိရမယ့် အချက်သုံးချက်ပါပဲ၊ အဲဒီ အချက်သုံးချက်တို့တွင် -

(၁) အလှူရှင်မှာ ပစ္စည်းဥစ္စာ မည်မျှပင် ပေါများပါသော်လည်း မိမိမှာလည်း မည်မျှပင် အသုံးလိုနေပါသော်လည်း အလှူရှင်ရဲ့အလိုဆန္ဒက နည်းနည်းသာ လှူချင်ပါလျှင်၊ လှူလိုပါလျှင် အလှူရှင်ရဲ့အလိုဆန္ဒ. အလှူရှင်ရဲ့သဒ္ဓါတရားကို လိုက်ပြီးတော့ နည်းနည်းသာ အလှူခံရမယ်တဲ့။

"ကဲ ... အလှူရှင်လှူလိုတာက နည်းနည်း၊ ကိုယ်လိုချင်တာက များများဖြစ်နေလျှင် အလှူရှင်ရဲ့အလိုဆန္ဒ.သဒ္ဓါတရားနဲ့ မကိုက်ညီ၍ အလိုက်မသိရာ ရောက်မသွားဘူးလား"

"ရောက်သွားပါတယ်ဘုရား"

(၂) အလှူရှင်သည် သဒ္ဓါတရားအလွန်ကောင်းလှ၏။ မိမိအတွက်ဆိုရင် ကုန်ချင်သလောက်ကုန်ပါစေ၊ လှူဒါန်းမည်သာ ဖြစ်၏။ သို့သော် ယင်းအလှူရှင်မှာ ပစ္စည်းဥစ္စာ ပေါများလှသည် မဟုတ်ပါ။

အဲဒီလို လှူလိုတဲ့အချိန်မှာ လှူစရာ ပစ္စည်းဥစ္စာက နည်းနည်းသာ ရှိပါတယ်၊ အဲဒီကဲ့သို့သော အလှူရှင်မျိုးထံမှာ သူ့ရဲ့ သဒ္ဓါတရား ဘယ်လောက်ပင် ကောင်းကောင်း. မိမိမှာလည်း မည်မျှပင် အသုံးလိုလို အလှူရှင်ရဲ့ပစ္စည်းအခြေအနေကို ထောက်ထားပြီး နည်းနည်းသာ အလှူခံရမယ်တဲ့။

"အဲဒီအလှူရှင်မျိုးကို များများအလှူခံရင် သူ့မှာရှိတဲ့ပစ္စည်းနဲ့ မကိုက်ညီ၍ သူ့မှာ အင်မတန်ပင်ပန်းပါလိမ့်မယ်၊အလှူခံသူ မိမိလည်း အလိုက်မသိရာ မရောက်ဘူးလား"

"ရောက်ပါတယ်ဘုရား"

"ပြီးတော့မှ ဆက်ပြီးတော့ ပြောပြဦးမယ်၊ ဘုန်းကြီးတို့သာသနာတော်မှာ သေက္ခမျိုးလို့ သမုတ်ထားရတာ အဲဒီလို အလှူရှင်မျိုးကို ဉာတတာထောက်ထားလို့ ဖြစ်ပါတယ်"

(၃) အလှူရှင်ကလည်း သဒ္ဓါတရား ကောင်းလှပါတယ်၊ ပစ္စည်းဥစ္စာလည်း ပေါများလှပါတယ်၊ သူကလည်း များများလှူနိုင်တယ်၊ လှူချင်တယ်။ သို့သော် မိမိမှာ အနည်းငယ်သာ အသုံးလိုပါရင် မိမိလိုသလောက် အနည်းငယ်သာအလှူခံပါတဲ့။

"အေး…အလှူရှင်က ပစ္စည်းပေါများသလောက်၊ သဒ္ဓါတရားကောင်းသလောက် လှူလိုသမျှအလှူခံနေရင် မိမိသုံးလို့ ပိုနေရင် အချည်းနှီး ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

"ဒီအလှူခံပုဂ္ဂိုလ်တွေဟာ အလိုက်မသိတတ်ဘူးလို့ ဘေးလူများရဲ့အကဲ့ရဲ့ဒဏ်ကို မခံရတတ်ဘူးလား"

"ခံရတတ်ပါတယ်ဘုရား"

"အဲဒါကြောင့် အလှူခံပုဂ္ဂိုလ်တို့မှာ အဘက်ဘက်က အလိုက်သိတတ်မှသာ လူအများနဲ့ ဆက်ဆံရာဝယ် ပြေပြေပြစ်ပြစ် ရှိမယ်နော်"

"မှန်ပါဘုရား"

"အေး… ပြောဦးမယ်၊ ခုနက ချန်ထားခဲ့တဲ့ သေက္ခမျိုးလို့ သမုတ်ထားရတဲ့ အလှူရှင်အကြောင်းကို"

"အမိန့်ရှိပါဘုရား"

"ဘုန်းကြီးတို့ သာသနာတော်မှာ သောတာပန်, သကဒါဂါမ်, အနာဂါမ် အရိယာဖြစ်ပြီး သူများကို သေက္ခလို့ ခေါ်ပါတယ်၊ အဲဒီ သောတာပန် စသူတို့ဟာ အစစ်အမှန် သေက္ခဖြစ်သူများ ဖြစ်ပါတယ်"

"အဲဒီကဲ့သို့ သောတာပန်စသည့် အရိယာဖြစ်ပြီးသူတွေဟာ အလှူဒါန ပေးလှူရာ၌ လွန်စွာမှ မွေ့လျော်ကြပါတယ်၊ အစစ်အမှန် အလှူခံပုဂ္ဂိုလ်က သူတို့နဲ့ ထိုက်တန်တဲ့ပစ္စည်းကို အလှူခံလာရင် မိမိမှာရှိတဲ့ ပစ္စည်းကို မပေးမလှူဘဲ မနေနိုင်ကြပါဘူး၊ အဲဒီသဘောဟာ သောတာပန်စသည့် သေက္ခပုဂ္ဂိုလ်တို့ရဲ့ထုံးစံသဘောပါ"

"ဒီလိုဆိုရင် သောတာပန်စတဲ့ သေက္ခပုဂ္ဂိုလ်တွေဟာ အလှူရက်ရောတဲ့ သဘောရှိတယ်ပေါ့နော်ဘုရား"

"အင်းပေါ့"

"ဒါဖြင့် ပစ္စည်း နမြောတွန့်တိုရင် သောတာပန် မဟုတ်သေးဘူးလို့ ပြောရမှာပေါ့နော်ဘုရား"

"အင်းပေါ့၊ ကဲ… ဆက်နားထောင်၊ ပြောဦးမယ်၊ ဘုရားရှင်လက်ထက်က အိမ်တစ်အိမ်မှာ ဇနီးမောင်နှံ နှစ်ယောက်စလုံးပင် သောတာပန်စသူ သေက္ခအရိယာ မဖြစ်သေးသော်လည်း သဒ္ဓါတရားကတော့ သေက္ခအရိယာတို့ကဲ့သို့ပင် ထက်သန်ကြပါတယ်၊ ပစ္စည်းဥစ္စာကမူ ရှားပါးတယ်၊ အဲဒီလို အိမ်သူအိမ်သားများကို သံဃာအများစုက စုဝေးကာ ဉာတ်ကမ္မဝါစာဖြင့် သေက္ခမဟုတ်သော်လည်း သေက္ခလို့ သမုတ်စေရပါတယ်"

"သာကေသွင်း၍ ရှင်းပါဦးဘုရား"

"သာကေ အတိအကျသွင်းပြီး ရှင်းရမယ်ဆိုရင် ဘုရားရှင်လက်ထက်အခါက သာဝတ္ထိပြည်မှာ ဇနီးမောင်နှံ နှစ်ယောက်လုံး သဒ္ဓါတရား အလွန်ထက်သန် ကောင်းမွန်လှပါတယ်၊ သို့သော် သူတို့မှာ ပစ္စည်းဥစ္စာကတော့ ရှားပါးလှပါတယ်"

သူတို့အိမ်မှာ သူတို့စားဖို့ နံနက်စာအဖြစ်ဖြင့် ချက်ပြုတ်ထားတဲ့ စားသုံးဖွယ် ခဲဖွယ်များကို နေ့စဉ် ဆွမ်းခံကြွလာကြတဲ့ ရဟန်းတော်တို့အား တစ်ပါးပြီးတစ်ပါး လောင်းလှူနေရာ တစ်ခါတရံမှာမူ သူတို့စားဖို့ပင် မကျန်အောင် ကုန်သွားတတ်ပါတယ်။

သူတို့မှာနောက်ထပ် ချက်ပြုတ်ဖို့ရာလည်း မဝယ်နိုင်ရကားအဲဒီနေ့နံနက်စာအဖို့ မစားသုံးရဘဲသာ သူတို့ သက်ဆိုင်ရာအလုပ်ကို လုပ်ကိုင်ကြရပါတယ်။

အဲဒီအကြောင်းကိုသိတဲ့ အိမ်နီးချင်းတို့က ရဟန်းတော်များကို ဒီရဟန်းတော်တွေဟာ အလိုက်မသိ အလှူခံကြတယ်လို့ ကဲ့ရဲ့ ကြလေရာ တစ်ဆင့်စကား ဘုရားရှင်ကြားတော်မူ၍ အဲဒီ အိမ်သူအိမ်သားများကို သေက္ခလို့ သမုတ်ထားဖို့ရာ ပညတ်တော်မူပါတယ်၊ ကမ္မဝါစာနဲ့ သမုတ်ပုံတော့ မပြောတော့ဘူးနော်"

"မှန်ပါဘုရား"

"အဲဒီလို ပညတ်တော်မူပြီးနောက် သာဝတ္ထိပြည်၌ ဘုန်းကြီးတို့ မြန်မာပြည်က သကြံန်ပွဲ စတဲ့ပွဲမျိုးလို ပွဲသဘင်ဖြစ်တဲ့အခါ များစွာသော ပြည်သူပြည်သားတွေဟာ ရဟန်းတော်များကို ပင့်ဖိတ်၍ ဆွမ်းကျွေးကြပါတယ်။

အဲဒီလို အများက ကျွေးတော့ သေက္ခလို့ သမုတ်ထားတဲ့ ထိုအိမ်ကလည်း ရဟန်းတော်များကို ပင့်ဖိတ်ပါတယ်၊ ရဟန်းတော်များက အဲဒီအိမ်မှ ခဲဖွယ်ဘောဇဉ်ကို မစားကောင်းလို့ အယူရှိကြသောကြောင့် အဲဒီအိမ်မှ ပင့်ဖိတ်သည်ကို လက်မခံကြပါ။ အဲဒီကဲ့သို့ ဆွမ်းစားပင့်၍ မရတဲ့အခါ "ငါတို့ရဲ့ ဆွမ်းကို ရဟန်းတော်များက မခံယူရင် ငါတို့မှာ အသက်ရှင်နေလို့ အဘယ်အကျိုးရှိတော့မှာလဲ" လို့ စိတ်ဆင်းရဲခြင်းဖြစ်ကာ ရဟန်းတော်များအပေါ်မှာ မကျေနပ်တဲ့စကား ပြောရှာကြပါတယ်။

အဲဒီစကားကို ဘုရားရှင် တစ်ဆင့်ကြားတော်မူတဲ့အတွက် "တမင်တကာ ပင့်ဖိတ်လျှင် ထိုသေက္ခလို့ သမုတ်ထားတဲ့ အိမ်မှ ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ခံယူ၍ သုံးဆောင်ကောင်းတယ်" လို့ အနုပညတ် ထပ်ဆင့်ပြီးတော့ ပညတ်တော်မူပါတယ်။

အဲဒီလို ပညတ်ပြီးနောက် ရဟန်းတော်တစ်ပါးဟာ မကျန်းမမာ ဖျားနာပါတယ်၊ သေက္ခလို့ သမုတ်ထားတဲ့ အိမ်ကလည်း အဲဒီရဟန်းနဲ့ ရင်းနှီးပြီး အဲဒီရဟန်းတော် ဝင်ထွက်နေကျအိမ် ဖြစ်နေတယ်၊

အဲဒါကြောင့် ဆွမ်းခံဝင်ချိန်မှာ အဲဒီအိမ်သို့ ဝင်သွားတဲ့အခါ အိမ်ရှင်များက ဆွမ်းကပ်ကြပါတယ်၊ အဲဒီရဟန်းတော်က ပညတ်ထားတဲ့ သိက္ခာပုဒ်တော်ကို ရှိသေသောအားဖြင့် အဲဒီသေက္ခလို့ သမုတ်ထားသူတို့ ကပ်လှူတဲ့ဆွမ်းကို လက်မခံဘဲ နေလိုက်ပါတယ်။

အဲဒီ ရဟန်းတော်မှာလည်း မကျန်းမမာ ဖျားနာနေသောကြောင့် အခြားအိမ်တို့သို့လည်း လှည့်လည်၍ ဆွမ်းခံမကြွနိုင်ရကား အဲဒီနေ့အဖို့ ဆွမ်းမစားရရှာတော့ပါ"

"ဩော် . . . သိက္ခာပုဒ်တော်ကို အတော်လေးစားတယ်နော်"

"အဲဒါ ပုထုဇဉ်ပဲ ရှိသေးတယ်၊ အရိယာတွေဆိုရင်တော့ ဆိုဖွယ်ရာ မရှိတော့ပါဘူး၊ ကဲ . . . ထားတော့၊ အဲဒီအကြောင်းကို သိကြသူ ရဟန်းများက ဘုရားရှင်အား လျှောက်ထားတဲ့အတွက် ဘုရားရှင်က ဂိလာန ဖြစ်ရင် သေက္ခဟု သမုတ်ထားတဲ့ အိမ်မှ ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ခံယူ၍ သုံးဆောင်ကောင်း၏လို့ အနုပညတ် ခွင့်ပြုတော်မူရပြန်ပါတယ်။ အဲဒီသိက္ခာပုဒ်ကို အပြည့်အစုံ ဘာသာပြန်ရင် -

> သေက္ခဟု သမုတ်အပ်သော အကြင်အမျိုးတို့သည် ရှိကုန်၏။ အကြင်ရဟန်းသည် ထိုသို့ သဘောရှိကုန်သော သေက္ခဟု သမုတ်အပ်ကုန်သော အမျိုးတို့၌ အိမ်ဥပစာ မရောက်မီ ရှေးအဖို့က ပင့်လည်း မပင့်အပ်၊ ဂိလာနလည်း မဟုတ်ဘဲ ခဲဖွယ်ကိုဖြစ်စေ၊ ဘောဇဉ်ကိုဖြစ်စေ၊ မိမိကိုယ်တိုင် ခံယူ၍ ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ထိုရဟန်းသည် "ငါ့ရှင် တပည့်တော်သည် ကဲ့ရဲ့ထိုက်သော နတ်ပြည်နိဗ္ဗာန်အားမလျှောက်ပတ်သော ပါဋိဒေသနီယ မည်သော အာပတ်သို့ ရောက်ပါပြီ၊ ထိုပါဋိဒေသနီယ အာပတ်ကို သီးခြားဒေသနာ ပြောကြားပါ၏" ဟု သီးခြားဒေသနာ ပြောရမည်လို့ အဲဒီလို ဘာသာပြန်နိုင်ပါတယ်။

ကဲ . . . ဒီနေရာမှာ သဘောပေါက်ရမှာက သေကွလို့ သမုတ်ရလောက်အောင် သဒ္ဓါတရားကောင်းပြီး ပစ္စည်းဥစ္စာ ရှားပါးနေတဲ့အတွက် အလှူခံ. ဆွမ်းခံ လာသမျှကို လှူနေရင် အဲဒီလူတွေ သာ၍ ပင်ပန်းသွားမှာစိုးလို့ ရှေးဦးစွာ သမုတ်ရတာ နော်"

"မှန်ပါဘုရား"

"သူတို့က သမုတ်ခိုင်းတာ မဟုတ်ပါ၊ သူတို့ကတော့ အလှူခံလာရင် လှူမှာပဲ၊ ငတ်ငတ်ဆိုတဲ့ သဘောပဲ၊ အဲဒီအိမ်၌ ဆွမ်းခံခြင်း စတဲ့ အလှူခံမှု မပြုရလို့ ပညတ်တော်မူပြီး သူတို့ တတ်နိုင်သမျှ ပင့်ဖိတ်တဲ့အခါမှာတော့ သူတို့ သဒ္ဓါတရား မပျက် အောင် အလှူခံတော့လို့ ခွင့်ပြုတော်မူခြင်းပဲနော်"

"မှန်ပါဘုရား"

"အေး . . . ဒီသိက္ခာပုဒ်တော်၌ ဘုရားရှင်ရဲ့ မဟာကရုဏာတော်. မေတ္တာတော်နဲ့ မြော်မြင်တော်မူပုံများကို စဉ်းစား ကြည်ညိုပြီးလျှင် သဒ္ဓါတရား ကောင်းလွန်း၍ ပစ္စည်းရှားပါးသူတို့ကို သူတို့ လှူလိုတိုင်း အလှူမခံသင့်ဘဲ အရာရာမှာ အလို တော်ကို နားလည်ကြည်ညိုကြပါစေလို့ ပြောရင်း အဆုံးသတ်ကြပါစို့"

"ကျေးဇူးကြီးလှပါတယ်ဘုရား"

✦ သဒ္ဓါများပြား၊ သူတို့ကား၊ မစားမသောက် လှူလေသည်။

✦ လှူခံသူမှာ၊ ချင့်ချိန်ကာ၊ တိုင်းတာသိ၍ ခံရမည်။

✦ ဘုရားဆုံးမ၊ ဩဝါဒ၊ တိကျ လိုက်နာရပေမည်။

✦ ဆုံးမလိုက်နာ၊ ထိုသူဟာ၊ လွယ်စွာ နိဗ္ဗာန်ရပေမည်။

✦ နိဗ္ဗာန်ရောက်မှ၊ ဘေးဒုက္ခ၊ လုံးဝ အကုန်အေးလိမ့်မည်။

# အိမ်မှာ ဘုန်းကြီး ဝါဆို့ကောင်းပါသလားဘုရား

(၂၃၀)

"ဘုန်းဘုန်းဘုရား၊ တပည့်တော်ကို မှတ်မိပါသလားဘုရား"

ဥပါသိကာတစ်ဦးမှ တစ်ယောက်က ရောက်ရောက်ချင်း ရှိခိုးပြီး လျှောက်ထားခြင်း ဖြစ်သည်။

"အေး...မှတ်မိပါတယ်"

"တပည့်တော်က ဘုန်းဘုန်းကို ဖူးလည်း ဖူးချင်၊ မေးလည်း မေးလျှောက်ချင်လို့ လာခဲ့တာပါဘုရား"

"အေး..,ဒါဖြင့် အခု ဖူးပြီးပြီပဲ၊ မေးချင်တာက ဘာမေးလျှောက်ချင်တာလဲ"

"မေးလျှောက်ချင်တာက အိမ်မှာ ဘုန်းကြီး ဝါဆို့ကောင်းပါသလားဘုရား လို့ မေးလျှောက်ချင်တာပါဘုရား"

"အမယ်လေး...ဘယ်ကဘုန်းကြီးကများ ဘယ်သူ့အိမ်မှာ ဝါဆိုနေတာကို မြင်တွေ့လို့ မေးနေတာလဲ မသိပါဘူး"

"အခြားအိမ်မှာ မဟုတ်ပါဘုရား၊ တပည့်တော်တို့အိမ်မှာ တပည့်တော်အစ်ကိုက ပင့်လာတဲ့ ဘုန်းကြီးတစ်ပါး ဝါဆို နေလို့ပါဘုရား၊ တပည့်တော်ကတော့ အဲဒီဘုန်းကြီးကို မကြည်ညိုလို့ ရှိခိုးဦးချခြင်း မပြုပါဘူးဘုရား"

"အိမ်က အလွတ်သတ်သတ်လား၊ အိမ်သူအိမ်သားတွေနဲ့ တစ်အိမ်တည်း ရောနေတာလား"

"တစ်အိမ်တည်း ရောနေတာပါဘုရား"

"အဲဒါဆို ဘယ်ဝါဆိုကောင်းမလဲ"

"အဲဒါကြောင့် တပည့်တော် အစ်ကို့ကိုပြောတာ၊ အစ်ကိုကလည်း သူ့ဘုန်းကြီးကို အတော်အထင်ကြီးတယ်၊ တပည့် တော်ကတော့ အထင်လည်း မကြီးဘူး၊ ကြည်လည်း မကြည်ညိုဘူး၊ ရှိလည်း မခိုးဘူး"

"ဘုန်းဘုန်းဘုရား၊ အိမ်မှာ ဘုန်းကြီး ဝါမဆိုကောင်းတဲ့အကြောင်းကို ရှင်းပြပါဘုရား၊ တပည့်တော်တို့ အစ်ကို့ကို ပြန်ပြောချင်လို့ပါဘုရား"

"တို့ ဘုရားရှင်လက်ထက်တော်အခါက အာဠဝီမြို့၌ ဥပါသကာတို့သည် ညဉ့်အခါ တရားနာဖို့ရာ ကျောင်းသို့ လာကြ ပါတယ်၊ တရားတော် နာပြီးတဲ့အခါ ထေရ်ကြီးဖြစ်တဲ့ ရဟန်းတော်တွေဟာ မိမိတို့ဆိုင်ရာ ကျောင်းသို့ ကြွရောက်တော်မူကြပါ တယ်၊

"ရဟန်းငယ်များကတော့ တရားဟောရာ ဓမ္မာရုံမှာတင် သတိလွတ်ကင်းပြီး ညာဏ်အဆင်ခြင်လည်း မရှိကြဘဲ ဥပါသကာတို့နဲ့အတူ အိပ်ကြတယ်။

အချို့ရဟန်းငယ်များ ကိုယ်မှာ သင်းပိုင်.မကပ်ကြဘူး၊ အချို့ရဟန်းငယ်များကား ယောင်ယမ်းပြောဆိုနေကြတယ်၊ အချို့ရဟန်းငယ်များက ဟောက်နေကြတယ်။

နံနက်စောစော၌ ရှေးဦးစွာနိုးတဲ့ ဥပါသကာတို့က အဲဒီအခြင်းအရာကို မြင်၍ ကဲ့ရဲ့သဖြင့် ဘုရားရှင်က "အကြင်ရဟန်းသည် လူသာမဏေနှင့်အတူ အမိုးအကာ တူသောနေရာ၌ အိပ်ငြားအံ့၊ ထိုရဟန်းသည် ပါစိတ်အာပတ် သင့်တယ်" လို့ ပညတ်လိုက်ပါတယ်။

အဲ . . . ဘုရားရှင်သည် အဲဒီလို သိက္ခာပုဒ် ပညတ်ပြီး အာဠဝီမြို့မှ ဝေသာလီမြို့သို့ ကြွတော်မူပြီး ဆီးတောကျောင်းတိုက်၌ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအခါမှာ ရဟန်းတော်များက ဘုရားရှင်ရဲ့သားတော် ကိုရင်ရာဟုလာကို "ငါ့ရှင် ရာဟုလာ လူသာမဏေနှင့် အတူ မအိပ်ရဟု ဘုရားရှင် သိက္ခာပုဒ် ပညတ်တော်မူထားတယ်၊ ကိုရင် အိပ်ဖို့နေရာ ရှာပါ" လို့ မိန့်တော်မူကြတယ်။

ကိုရင် ရာဟုလာဟာ ဘုရားရှင်အထံတော်သို့ ဖြစ်စေ၊ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာ အထံတော်သို့ ဖြစ်စေ သွားပြီးတော့ နေရာတောင်းရင် ရလောက်သော်လည်း သွားမတောင်းဘဲ မြတ်စွာဘုရားအတွက် သီးခြားထားတဲ့ ကုဋီအိမ်မှာ သွားပြီးအိပ်ရှာပါတယ်"

"ဘုရားရှင်ရဲ့သားတော် ကိုရင် ရာဟုလာလေး မတော်ဘူးလား၊ မလိမ္မာဘူးလား"

"တော်ပါတယ်၊ လိမ္မာပါတယ်ဘုရား"

"အေး . . . တပည့်တော်က ကလေးပဲ၊ ဘုရားသားတော်ပဲ၊ နေရာရှာမယ့်ရှာရင် အရှင်ဘုရားတို့ ရှာပါ၊ တပည့်တော် ဒီမှာပဲ အိပ်မယ်လို့ မပြောဘဲ ကုဋီထဲသွားအိပ်တာ ချီးမွမ်းဖွယ် ကောင်းလိုက်တာနော်"

"မှန်ပါဘုရား"

"အေး . . . နောက်နေ့ နံနက်စောစော၌ အဲဒီကုဋီသို့ ဘုရားရှင် ကြွတော်မူတဲ့အခါ "အဟမ်း" လို့ ချောင်းဟန့်တော်မူလိုက်တယ်၊ အဲဒီလို ကုဋီဝင်ကာနီး ချောင်းဟန့်တယ်ဆိုတာ ဘုန်းကြီးတို့ ရဟန်းသာမဏေတို့ရဲ့ဝတ္တရားပဲလို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"အဲဒီလို အပြင်ဘက်က မြတ်စွာဘုရားက ချောင်းဟန့်တော့ အတွင်းက ရှင်ရာဟုလာကလည်း ပြန်ပြီးတော့ ချောင်းဟန့်တယ်။

ဒီတော့ မြတ်စွာဘုရားက သင် ဘယ်သူလဲလို့ မေးပါတယ်၊ ဒီအခါ ရာဟုလာက "တပည့်တော် ရာဟုလာပါဘုရား" လို့ လျှောက်ထားတယ်။

"အဲဒီလို ကွယ်ရာကနေ သင် ဘယ်သူလဲလို့ မေးတဲ့အခါ "တပည့်တော်ပါဘုရား" လို့ ကိုယ်နာမည်မပါဘဲ ဖြေရင် မလိမ္မာတဲ့သူ၊ အခု ရှင်ရာဟုလာ ဖြေသလို တပည့်တော် ရာဟုလာပါဘုရားလို့ ဖြေမှ လိမ္မာတဲ့သူနော်"

"မှန်ပါဘုရား"

"အဲဒီလို ရှင်ရာဟုလာက ပြန်ဖြေတော့ ဘုရားရှင်က ဘာကြောင့် ဒီမှာနေရသလဲလို့ မေးမြန်းတဲ့အခါ ရဟန်းတော်များနှင့်အတူ အိပ်ခွင့်မရ၍ အိပ်စရာနေရာ မရှိသောကြောင့် ကုဋီထဲမှာ အိပ်ရပါတယ်ဘုရားလို့ လျှောက်ထားလိုက်တယ်။

အဲဒီလို တစ်ညဥ့်ကလေးမျှ ရဟန်းတော်များနှင့် အတူမအိပ်ရရင် သာမဏေများ ဒုက္ခရောက်ဖွယ်ရှိသောကြောင့် ဘုရားရှင်က "အကြင်ရဟန်းသည် လူသာမဏေနှင့်အတူ နှစ်ညဥ့်ယံ သုံးညဥ့်ယံထက်ပို၍ အိပ်အံ့၊ ထိုရဟန်းသည် ပါစိတ် အာပတ် သင့်တယ်" လို့ သိက္ခာပုဒ် ထပ်ပြီး ပညတ်လိုက်ပါတယ်။

ကဲ... အဲဒီသိက္ခာပုဒ်အရ ကျောင်းမှာတောင် လူသာမဏေနဲ့ အတူ နှစ်ညဥ့် သုံးညဥ့်ထက်ပိုပြီး မအိပ်ကောင်းပါဘူး ဆိုတာ အိမ်မှာလာပြီး ရဟန်းကောင်းတစ်ပါးအနေနဲ့ ဝါဆိုနေပါ့မလား"

"ဘယ်ဆိုမှာလဲဘုရား"

"အေး... အဲဒီသိက္ခာပုဒ်အရ သုံးညဥ့်အထိသာ လူသာမဏေနဲ့ ရဟန်း အတူတူအိပ်ကောင်းတယ်၊ အတူတူအိပ် ဆိုရာမှာလည်း အမိုးတူ၊ အကာတူသော နေရာတွင် အိပ်ခြင်းကို ဆိုလိုတယ်၊ အိပ်ဆိုရာမှာလည်း ဦးခေါင်းချပြီးအိပ်မှ အိပ်ရာ ရောက်တယ်၊ ထိုင်ပြီး အိပ်နေရင် အိပ်ရာ မရောက်လို့ အာပတ်မသင့်ဘူးလို့ မှတ်နော်"

"မှန်ပါဘုရား"

"အေး... ရဟန်းဟာ သုံးညဥ့်အထိ လူသာမဏေနဲ့ အတူအိပ်ပြီး လေးညဥ့်မြောက် နေဝင်ရင် လူဝတ်ကြောင်ဖြစ်စေ၊ လူသာမဏေဖြစ်စေ ရှိသောနေရာ၌ ခေါင်းမချမိစေရပါဘူး၊ ဦးခေါင်းချမိသည်နှင့် တစ်ပြိုင်နက် အာပတ်သင့်ပါတယ်"

"ဘုန်းကြီးတို့ကျောင်းတွေမှာ နံနက်လေးနာရီမထိုးခင် အိပ်ရာမှထရတဲ့ အလေ့ဟာ အဲဒီသာမဏေတွေ ရှိနေတဲ့ အတွက်ပေါ့၊ အဲဒါက လူသာမဏေတို့နဲ့ ရဟန်း အတူတူ မအိပ်ကောင်းတာနော်"

"မှန်ပါဘုရား"

"ပြောဦးမယ်၊ ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက အရှင်အနုရုဒ္ဓါဆိုတာ သာမန်ပုဂ္ဂိုလ် မဟုတ် ဘူး၊ လူ့ဘဝမှာ နေစဉ်က ထမင်းဆိုတာ ပွဲတော်အုပ်ထဲ၌သာ ဖြစ်တယ်လို့ မှတ်ထင်လောက်အောင် လုပ်ငန်းဆောင်တာတွေကို မသိခဲ့ရတဲ့ အလွန်ချမ်းသာစွာ ကြီးပြင်းလာခဲ့ရသော သာကီဝင်မင်းသား ဖြစ်ပါသည်၊

ရဟန်းပြုတဲ့အခါ ဒိဗ္ဗစက္ခုအဘိညာဉ်အရာဝယ် ဧတဒဂ်ရသော ရဟန္တာတစ်ပါးလည်း ဖြစ်တယ်၊ ထိုအရှင်မြတ်သည် အခါတစ်ပါး၌ သာဝတ္ထိမြို့ကို ကြွတော်မူလာစဉ် လမ်းခရီးအကြား၌ ရွာတစ်ရွာဝယ် အများတည်းခိုရာ ဧည့်ရိပ်သာ၌ ညဥ့်အိပ် ဖို့ရန် သီတင်းသုံးတော်မူရရှာပါတယ်။

အဲဒီဧည့်ရိပ်သာဟာ ပစ္စည်းရှိတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ကောင်းမှုကို လိုလားသဖြင့် သူ့အိမ်နဲ့ကပ်လျက် အများ တည်းခိုဖို့ရာ ဆောက်လုပ်ထားအပ်တဲ့ ဧည့်ရိပ်သာပါ။

အရှင်အနုရုဒ္ဓါအရှင်မြတ် ရောက်ပြီးနောက် အခြားခရီးသွားတို့လည်း အဲဒီတည်းခိုရိပ်သာ၌ တည်းခိုဖို့ရန် ထိုဧည့်ရိပ် သာပိုင်ရှင်မထံ ခွင့်တောင်းကြတဲ့အခါ "ရဟန်းတော်တစ်ပါး ပထမရောက်နေပြီ၊ ထိုအရှင်က ခွင့်ပြုရင် နေကြတာပေါ့"ဟု ဧည့် ရိပ်သာပိုင်ရှင်မက ပြောသဖြင့် အရှင်အနုရုဒ္ဓါထံ ခွင့်ပန်၍ တည်းခိုကြပါတယ်။

အဲဒီ တည်းခိုရိပ်သာပိုင်ရှင်မကား အရှင်အနုရုဒ္ဓါကို မြင်လျှင်မြင်ချင်း ချစ်ခင်စွဲလမ်းစိတ် ဖြစ်ခဲ့ပြီး ဖြစ်တဲ့အတွက် ကြောင့် အရှင်အနုရုဒ္ဓါထံ လာ၍ "အရှင်ဘုရားမှာ ဒီလူတွေနဲ့ ရောနေထိုင်လို့ ချမ်းသာလိမ့်မယ် မထင်ပါ၊ အရှင်ဘုရားအဖို့ရာ ခုတင်ကို အိမ်အတွင်းမှာ ခင်းလိုက်ပါရစေဘုရား" လို့ လျှောက်ထားတယ်။

-အရှင်အနုရုဒ္ဓါကလည်း ခွင့်ပြုသည့်လက္ခဏာဖြင့် တိတ်ဆိတ်နေလိုက်သောကြောင့် အိမ်အတွင်း၌ ခုတင်ပြင်ဆင် ခင်းပါတယ်၊ အရှင်သူမြတ်လည်း ပြောင်းနေပါတယ်။

ညော့ရိပ်သာပိုင်ရှင်မဟာ တံခါးများ အလုံပိတ်ပြီးနောက် သူ့ကိုယ်သူ အစွမ်းကုန်ပြင်ဆင်ကာ နံ့သာမျိုးစုံ လိမ်းကျံလျက် ခုတင်ပေါ်၌ သီတင်းသုံးနေသော အရှင်အနုရုဒ္ဓါထံ လာပြီးလျှင် "အရှင်ဘုရားလည်း အလွန်လှ၍ ရှုချင်စဖွယ် တင့်တယ်ပါတယ်၊ တပည့်တော်မလည်း အလွန်လှ၍ ရှုချင်စဖွယ် တင့်တယ်ပါတယ်၊ တပည့်တော်မသည် အရှင်ဘုရားရဲ့ ဇနီးဖြစ်ပါရစေ" လို့ လျှောက်ထားပါတယ်။

"အမယ်လေး ... အဲဒီလိုတောင် လျှောက်ထားသလားဘုရား"

"အေး ... အဲဒီလို လျှောက်ထားတဲ့အခါ အရှင်မြတ်ဟာ ဘာစကားမှ ပြန်မပြောဘဲ ငါတော့ မှားပြီပေါ့ဆိုပြီး ဆိတ်ဆိတ်နေနေရပါတယ်။

ညော့ရိပ်သာပိုင်ရှင်မဟာ အလျှော့မပေးဘဲ သုံးကြိမ်တိုင်တိုင် ဇနီးဖြစ်ဖို့ရာ တောင်းပန်ပါတယ်၊ မရတဲ့အဆုံး မိန်းမတို့မာယာ အမျိုးမျိုးပြပြီး ဖြားယောင်းပါတယ်၊ အရှင်မြတ်လည်း စက္ခုန္ဒြေချကာ သူမကို လုံးလုံးမကြည့်ဘဲ နေပါတယ်"

"အတော်အံ့ဩစရာ အမျိုးသမီးပဲနော်ဘုရား"

"အေး ... အံ့ဩစရာပဲ၊ ယောက်ျားကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်ရတာ ဆိုတဲ့စကားဟာ ဒီနေရာမှာ မှားတာပဲ"

အဲဒီလို အမျိုးမျိုး ဖြားယောင်းလို့ မရတဲ့အခါ ညော့ရိပ်သာပိုင်ရှင်မဟာ -

"သိပ်ပြီး အံ့ဩစရာကောင်းတာပဲ၊ ငါ့ကို လူပေါင်းများစွာက သူတို့ကို နှစ်သက်ဖို့ရန် လက်ဆောင်ပို့ကြရတယ်၊ ဒီအရှင်မြတ်မှာတော့ ငါကိုယ်တိုင်က ခယယ တောင်းပန်ပါလျက် ငါနဲ့ ငါ့ဥစ္စာတွေ လက်မခံဘဲ ငြင်းဆန်နေတယ်" လို့ ကြံပြီးလျှင် ဣန္ဒြေကို ပြင်ဆင်စောင့်စည်းပြီး အရှင်မြတ်ရဲ့ ခြေပေါ်၌ ဦးခေါင်းတင်ပြီး လွန်သမျှအပြစ်ကို သည်းခံပါရန် တောင်းပန်ရှာတယ်။

အဲဒီအခါ အရှင်မြတ်က -

"ယခုလို တောင်းပန်ခြင်းသည် နောင်အခါ ကြီးပွားကြောင်း ဖြစ်ပေတယ်၊ နှမရဲ့အပြစ်များကို သည်းခံပါတယ်"

လို့ အမိန့်ရှိလိုက်ပါတယ်။

နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ညော့ရိပ်သာပိုင်ရှင်မဟာ ကောင်းမွန်စွာ ချက်ပြုတ်ပြီး ရိုသေစွာ ဆွမ်းကပ်ပါတယ်။

အရှင်မြတ်လည်း ဆွမ်းစားပြီး ညော့ရိပ်သာပိုင်ရှင်မအား တရားဟောပြ ဆုံးမတော်မူရာ လွန်စွာကြည်ညိုပြီး ရတနာသုံးပါးကို လေးစားတဲ့ ဥပါသိကာမတစ်ယောက်အဖြစ်ဖြင့် မိမိကိုယ်ကို အသိအမှတ်ပြုဖို့ရန် လျှောက်ထားလိုက်ပါတယ်"

"ဒီလိုဆိုတော့လည်း အတော်သားပဲနော်ဘုရား"

"အေး ... တော်သေးတာပေါ့၊ ဒါနဲ့ အရှင်သူမြတ်လည်း အဲဒီညော့ရိပ်သာမှ ဖဲခွာခဲ့ပြီးနောက် သာဝတ္ထိပြည်သို့ ရောက်သောအခါ ရဟန်းတို့အား မိမိတွေ့ကြုံခဲ့ရပုံကို ပြောပြလေလျှင် "အရှင်အနုရုဒ္ဓါသည် အမိုးအကာ တူသောနေရာ၌ အမျိုးသမီးနှင့်အတူ ဘာကြောင့် အိပ်ရသလဲ" ဟု အချို့က ကဲ့ရဲ့ကြ၍ ဘုရားရှင်ထံ လျှောက်ကြသဖြင့် -

"အကြင်ရဟန်းသည် အမျိုးသမီးနှင့်အတူ အမိုးအကာ တူသောနေရာ၌ အိပ်ခြင်းကို ပြုအံ့၊ ထိုရဟန်း ပါစိတ်အာပတ်သင့်၏"

လို့ ဘုရားရှင်က အဲဒီသိက္ခာပုဒ်ကို ပညတ်တော်မူလိုက်ပါတယ်။ အဲဒီ သိက္ခာပုဒ်အရ ရဟန်းတော်များဟာ အမျိုးသမီးများ ရှိတဲ့ အမိုးတူ အကာတူတဲ့ နေရာ၌ တစ်ညဉ့်မျှတောင် မအိပ်ရပါဘူး၊ အဲဒါကြောင့် ဘုန်းကြီး အိမ်မှာ ဝါမဆိုကောင်းဘူးလို့ မှတ်ထားနော်"

"မှန်ပါဘုရား"

"လူအမျိုးသမီး မပြောနဲ့၊ ရဟန်းတော်တွေဟာ ဘီလူးမ၊ ပြိတ္တာမ၊ ပဏ္ဍုက်မ၊ ခွေးမ စတဲ့ သတ္တဝါများနဲ့တောင် အမိုး အကာတူတဲ့နေရာမှာ မအိပ်ကောင်းပါဘူး၊ အိပ်ရင် ဒုက္ကဋ်အာပတ် သင့်ပါတယ်"

"အဲဒီသိက္ခာပုဒ်ဟာ အတော်ပြင်းထန်ပါတယ်၊ ရဟန်းအိပ်ပျော်နေခိုက် အမျိုးသမီး၊ ဘီလူးမ၊ ပြိတ္တာမ၊ ခွေးမ စသည် တို့ ဝင်လာပြီးအိပ်ရင် ရဟန်းမသိသော်လည်း ပါစိတ်အာပတ်၊ ဒုက္ကဋ်အာပတ် သင့်ပါတယ်"

"အမယ်လေး...မလွယ်ပါလားဘုရား"

"မလွယ်ဘူး၊ အမိုးရှိသော်လည်း အကာလုံးလုံး မရှိလျှင်လည်းကောင်း၊ အကာရှိသော်လည်း လေးဘက်တွင် နှစ်ဘက်သာသာ အမိုးမရှိလျှင်သော်လည်းကောင်း အာပတ်မသင့်ပါဘူး"

"အကာလေးဘက်ရှိသော်လည်း အမိုးလုံးလုံး မရှိလျှင်လည်းကောင်း၊ လေးပုံနှစ်ပုံသာသာ အကာမရှိလျှင်လည်း ကောင်း အာပတ်မသင့်ပါဘူး၊ အဲဒါက ညဉ့်အိပ်တာနဲ့ ပတ်သက်ပြီး ပြောတာနော်"

"မှန်ပါဘုရား"

"ရဟန်းတို့၊ နေ့အခါ၌ အိပ်တဲ့ရဟန်းသည် တံခါးပိတ်၍ ကိန်းအောင်းခြင်းငှာ ခွင့်ပြုတော်မူတယ်" လို့ ဘုရားရှင် ပညတ် ခဲ့တာလည်း ရှိပါသေးတယ်။

"အဲဒီ ပညတ်ချက်အရ နေ့အခါ တံခါးရှိတဲ့ ကျောင်းရဲ့အတွင်းခန်း၌ အိပ်ရတဲ့ရဟန်းဟာ မိမိနဲ့သက်ဆိုင်ရာ ထွက် ပေါက်ဝင်ပေါက်တံခါးကို ပိတ်ရမယ်။

အခန်းတွင်းအိပ်ရင် အခန်းတံခါး ပိတ်ရမယ်၊ တစ်ပါးနေ ကမ္ဘဋ္ဌာန်းကျောင်း စသည်၌အိပ်ရင် ကျောင်းတံခါးပိတ်ပြီး အိပ်ရမယ်၊ မပိတ်ဘဲအိပ်ရင် ဒုက္ကဋ်အာပတ် သင့်ပါတယ်"

"အမယ်လေး...နေ့အိပ်တာတောင် ဒီလိုပညတ်ချက် ရှိနေပါသေးရင် ဘယ်မှာ ရဟန်းတော်များ အိမ်မှာ ဝါဆိုကောင်း ပါ့မလဲ ဘုရား"

"အေး...ဟိုရောက်ရင် မ(......)ရဲ့အစ်ကိုကို ပြန်ပြီးဟောပြ၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

- ✦ ရဟန်းဆိုတာ ဝါတွင်းမှာ ဝါဟာဆိုရမည်၊
- ✦ ဝါဆိုသောအခါ သင့်လျော်ရာ ကျောင်းမှာဆိုရမည်၊
- ✦ မိန်းမယောက်ျား ရောပြွမ်းငြား အိမ်များ ဝါဆိုရှောင်ရမည်၊
- ✦ မသင့်လျော်ရာ ဝါဆိုရှာ ဘယ်ခါသီလ မစင်ပြီ၊
- ✦ သီလမစင် သေပါလျှင် ပါယ်ခွင်ဆင်းလိမ့်မည်၊

# ဘုရားအလောင်းနှင့် ဘုရားအလောင်း အမျိုးအစား ရှင်းပြပေးပါဘုရား

(၂၃၁)

ဗုဒ္ဓသာသနာဝင်တို့သည် ဘုရားရှင်ကို အမြတ်တနိုး ကိုးကွယ်ကြ၏။ ဘုရားရှင်တို့၏ ပါရမီတော် ဖြည့်ကျင့်ခဲ့စဉ် ဘုရားအလောင်းတော်များကိုလည်း မြတ်နိုးကြည်ညိုကြ၏။ ယင်းသို့ ကြည်ညိုမြတ်နိုးသည့် အားလျော်စွာ ဘုရားအလောင်း တော်များနှင့် ဘုရားရှင်များ၏ နောက်သို့ အတုလိုက်ကာ အချို့မှာ ဘုရားဆုကို ပန်ဆင်ကြ၏။ အချို့မှာ ပန်ဆင်လိုကြ၏။

သို့သော် ဘုရားအလောင်းဆိုတာ ဘယ်လို ဘယ်နှစ်မျိုးရှိတယ် စသည်ဖြင့် မသိကြ။ သိလိုကြ၏။ သိလိုသူ ဒကာ တစ်ယောက်က မိမိအား လျှောက်ထား၏။

"အရှင်ဘုရား... ဘုရားအလောင်းနှင့် ဘုရားအလောင်း အမျိုးအစား ရှင်းပြပေးပါဘုရား"

"ဘယ်လိုလဲ၊ ဒကာကြီးက ဘုရားဆု ပန်မလို့လား"

"ဒီလိုတော့လည်း မဟုတ်ပါဘုရား၊ သိချင်. ကြည်ညိုချင်လို့ပါဘုရား"

"ကဲ... ကဲ... ရှင်းပြမယ်၊ နားထောင်ပါ။ မင်္ဂလာလေးပါး သဗ္ဗညုတဉာဏ်တော်တို့ကို ဗောဓိလို့ ခေါ်ပါတယ်။

ဆရာမကူ မိမိကိုယ်တိုင် သစ္စာလေးပါးကို သိသော ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်စွမ်းနိုင်သည့် သတ္တိထူး ရှိသော မဂ်ဉာဏ်လေးပါး၊ ခပ်သိမ်းသော ဉေယျတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တို့ကို သမ္မာသမ္ဗောဓိ ဉာဏ်လို့ ခေါ်ပါတယ်"

"အရှင်ဘုရားကလည်း ဘုရားအလောင်းနဲ့ ဘုရားလောင်းအမျိုးအစား ရှင်းပြပေးခိုင်းပါတယ်၊ ဗောဓိတွေ. သမ္မာ သမ္ဗောဓိဉာဏ်တွေ ရှင်းပြနေတယ်"

"အို... ဒကာကြီးကလည်း နားထောင်မယ်မှ မကြဲသေးဘူး၊ ဆင်ခြေတက်တာက စောလှတယ်"

"ကဲ... ဒီလိုဆို ဆက်ပြီး ရှင်းပြပါဘုရား"

"အဲ...ခုနကပြောခဲ့တဲ့ သမ္မာသမ္ဗောဓိဉာဏ်၌ လိုလားတောင့်တသော ကုသိုလ်ဆန္ဒပြင်းထန်လှသည့် ပုဂ္ဂိုလ်သူမြတ်များကို သမ္မာသမ္ဗောဓိသတ္တ = သဗ္ဗညု ဘုရားအလောင်းတော်လို့ ခေါ်ဆိုပါတယ်၊ အဲဒီ သမ္မာသမ္ဗောဓိသတ္တဖြစ်သော သဗ္ဗညု ဘုရားအလောင်းတော် သူမြတ်ကြီးများကား -

(၁) ပညာဓိက ဘုရားအလောင်း

(၂) သဒ္ဓါဓိက ဘုရားအလောင်း

(၃) ဝီရိယာဓိက ဘုရားအလောင်း

ရယ်လို့ သုံးမျိုး ရှိပါတယ်။

ဘုရားအဖြစ်ဆိုတာ သဗ္ဗညုတဉာဏ်တော်ကြီးကို ရခြင်းပင် ဖြစ်ပါတယ်။ အဲဒီဉာဏ်တော်ကြီးကို ရဖို့ရန်မှာ ရှာမှီးသူတို့၏ စိတ်သန္တာန်တွင် ပညာဓာတ်ခံ လွန်ကဲစွာရှိခြင်း ဖြစ်ပါတယ်။

ပညာဓာတ်ခံ လွန်ကဲစွာရှိခြင်း ဆိုတာဟာလည်း အရာရာတိုင်း ပြုသမျှ, ပြောသမျှ, ကြံစည်သမျှတို့၌ ဝေဖန်ဆင်ခြင် စဉ်းစားမှု ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။

အဲဒီကဲ့သို့ ပြုလုပ်သဖြင့် တစ်ဘဝထက် တစ်ဘဝ ပညာဓာတ်ခံ ရင့်သန်ကာ ပညာတကာတို့ထက် အထွတ်အထိပ်ဖြစ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးသို့ ပေါက်ရောက်လွယ်ပါတယ်။

လောက၌ ငွေဖြင့် ရင်းနှီး၍ရှာမှ ငွေကို ရလွယ်သကဲ့သို့ ပညာဖြင့် ရင်းနှီး၍ရှာမှ သဗ္ဗညုတဉာဏ်ပညာကြီးကို ရလွယ်ပါတယ်၊

အဲဒီကဲ့သို့ ဖြစ်၍ ပညာဓိကခေါ်တဲ့ ဉာဏ်ပညာ လွန်ကဲသည့် ဘုရားအလောင်းတော်များသည် ပါရမီဖြည့်ရာ၌ အမြဲပင် ပညာဉာဏ်ပါရှိပြီး ဖြစ်သည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လျှင် ဘုရားဖြစ်တော်မူကြပါသည်။

အချို့သော အလောင်းတော်တို့ကား "ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်" ဟူ၍ ယုံကြည်ကြပါတယ်။ အဲဒီဘုရားအလောင်းတို့၏ စိတ်၌ ယုံကြည်ခြင်း သဒ္ဓါတရား လွန်ကဲ၍နေပါတယ်။ ပညာကား သဒ္ဓါတရားအောက် နည်းပါးပါတယ်။

အဲဒီလို ဘုရားအလောင်းတော်ကြီးများကို သဒ္ဓါဓိက ဘုရားအလောင်းတော် သဒ္ဓါတရားသာလျှင် လွန်ကဲခြင်းရှိသော ဘုရားအလောင်းတော်လို့ ခေါ်ပါတယ်။

အဲဒီ သဒ္ဓါဓိက ဘုရားအလောင်းတော်များမှာ ပညာက ရှေ့ဆောင်နိုင်ပါ။ သဒ္ဓါတရားကသာ ရှေ့ဆောင်ကာ ပါရမီဖြည့်ရတဲ့အတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ဘုရား မဖြစ်နိုင်သေးဘဲ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လျှင် ဘုရား ဖြစ်တော်မူကြပါတယ်။

အချို့သော အလောင်းတော်တို့သည်ကား ဝီရိယကိုသာ အားကိုးအားထား ပြုကြပါတယ်။ မြော်မြင်ဆင်ခြင်မှု ပညာကိုကား အဓိကအားဖြင့် အသုံးမပြုနိုင်ကြပါ။

ပါရမီဖြည့်နိုင်ရင် ဘုရားဖြစ်နိုင်တယ်ဆိုတဲ့ ယုံကြည်ခြင်း သဒ္ဓါတရားကိုလည်း ဂရုမထားပါ။ ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်ဆိုတဲ့ ဝီရိယကိုသာ ရှေ့ထားပြီး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူသည့်အတွက် (၁၆)သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမှ ဘုရားဖြစ်တော်မူကြသည့် ဘုရားအလောင်းတော်ကြီးများကို ဝီရိယာဓိက ဘုရားအလောင်းတော်. ဝီရိယသာလျှင် လွန်ကဲခြင်းရှိသော ဘုရားအလောင်းတော်လို့ ခေါ်ဆိုပါတယ်။

အဲဒီကဲ့သို့လျှင် ပညာဓိက. သဒ္ဓါဓိက. ဝီရိယာဓိကဆိုတဲ့ အမည်သုံးပါးဟာ ဘုရားအလောင်းတော်တို့ရဲ့ အမည်လို့ သတိပြုရပါတယ်။

အလောင်းတော်ဘဝ၌ ပညာဓိက. သဒ္ဓါဓိက. ဝီရိယာဓိကရယ်လို့ အမည်သုံးပါးကွဲပြားကြသော်လည်း ဘုရားအဖြစ်သို့ ရောက်သွားကြတဲ့အခါ အလုံးစုံ တူညီကြပါတယ်၊ မည်သည့်ဘုရားက ဂုဏ်ကျေးဇူး ပိုတယ်.လိုတယ်ရယ်လို့ မရှိတော့ပါဘူး။

အထူးမှတ်ရန်မှာတော့ ပညာဓိက ဘုရားအလောင်းတော်တို့မှာ သဒ္ဓါနန့်၍ ပညာထက်ပါတယ်၊ သဒ္ဓါဓိက ဘုရားအလောင်းတော်တို့မှာ သဒ္ဓါအားကြီး၍ ပညာ အလယ်အလတ် ဖြစ်ပါတယ်၊ ဝီရိယာဓိက ဘုရားအလောင်းတော်တို့မှာ ဝီရိယအားကြီး၍ သဒ္ဓါ ပညာ နှစ်ပါးနန့်ပါတယ်။

အဲဒီ ဘုရားအလောင်းတော်တို့ ပါရမီဖြည့်ရခြင်းသည် မိမိတို့၏ ဆုတောင်းသို့ လိုက်ပြီး အစဉ်အတိုင်း ပညာဓိက. သဒ္ဓါဓိက၊ ဝီရိယာဓိကရယ်လို့ မည်သုံးပါး ကွဲပြားလျက် ကျွတ်ရာ ဘုရားဖြစ်ရာ အချိန်ကာလလည်း သုံးမျိုးပင် ကွဲပြားပါတယ်။

ပါရမီဖြည့်စဉ် "ပညာဓိကဘုရား ဖြစ်ရပါလို၏" လို့ ဆုတောင်းက ပညာဓိကဘုရားဖြစ်ပါတယ်၊ လေးသင်္ချေနှင့်ကမ္ဘာ တစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။

ပါရမီဖြည့်စဉ် "သဒ္ဓါဓိကဘုရား ဖြစ်ရပါလို၏" လို့ ဆုတောင်းက သဒ္ဓါဓိကဘုရား ဖြစ်ပါတယ်။ ရှစ်သင်္ချေနှင့်ကမ္ဘာ တစ်သိန်း ကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။

ပါရမီဖြည့်စဉ်က "ဝီရိယာဓိကဘုရား ဖြစ်ရပါလို၏" လို့ ဆုတောင်းက ဝီရိယာဓိကဘုရား ဖြစ်ပါတယ်။ (၁၆)သင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။ ဘုရားဆုပန် နိယတဗျာဒိတ် ခံစဉ်ကပင် အလောင်းတော်ကြီးများသည် -

(၁) ဥဃ္ဃဋိတညူ အလောင်းတော်
(၂) ဝိပဉ္စိတညူ အလောင်းတော်
(၃) နေယျ အလောင်းတော်

ရယ်လို့ သုံးမျိုး ပြားကြပါတယ်။ အဲဒီသုံးမျိုးတွင် -

(၁) ဥဃ္ဃဋိတညူ ဘုရားအလောင်းတော်မှာ အကယ်၍ သာဝက ဇောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရားအထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် တတိယပါဒ မဆုံးမီပင် အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း. ရခြင်းငှာ စွမ်းနိုင်တဲ့ ဥပနိဿယ အကြောင်း ရှိသူ ဖြစ်ပါတယ်။

(၂) ဝိပဉ္စိတညူ ဘုရားအလောင်းတော်မှာ အကယ်၍ သာဝက ဇောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရားအထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် စတုတ္ထပါဒ မဆုံးမီ၊ ဂါထာမဆုံးမီပင် အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း. ရခြင်းငှာ စွမ်းနိုင်သော ဥပနိဿယ အကြောင်းရှိသူ ဖြစ်ပါတယ်။

(၃) နေယျဘုရားအလောင်းတော်မှာ အကယ်၍ သာဝက ဇောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရားအထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာ၍ ထိုဂါထာဆုံးလျှင်ပင် အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း. ရခြင်းငှာ စွမ်းနိုင်သော ဥပနိဿယ အကြောင်းရှိသူ ဖြစ်ပါတယ်။

အဲ…ယခု ပြောဆိုအပ်ပြီးသောအတိုင်း ဥဠုံ ငြိတည်၍ဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိ ပါစနီယတရားများ ထက်သန်လှသဖြင့် ဗျာဒိတ်ရပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာအောင်သာ ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။

ဝိပဉ္စိတည်၍ ဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိပါစနီယတရားများ အလယ်အလတ်ရှိသဖြင့် ဗျာဒိတ်ရပြီးနောက် ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရပါတယ်။

နေယျ ဘုရားအလောင်းတော်မှာ ဝိမုတ္တိ ပရိပါစနီယတရားများ နန့်သည်[illegible]၍ ဗျာဒိတ်ရပြီးနောက် (၁၆)အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ရပါတယ်။

ဥဠုံ ငြိတည်၍ဘုရားအလောင်းတော်နှင့် ပညာဓိက ဘုရားအလောင်းတော် အတူတူပင် ဖြစ်ပါတယ်။ ဝိပဉ္စိတည်၍ ဘုရားအလောင်းတော်နှင့် သဒ္ဓါဓိက ဘုရားအလောင်းတော် အတူတူပင်ဖြစ်ပါတယ်။ နေယျ ဘုရားအလောင်းတော်နှင့် ဝီရိယာဓိက ဘုရားအလောင်းတော် အတူတူပင် ဖြစ်ပါတယ်၊ ကဲ…ရှင်းပြီလား"

"ရှင်းပါပြီ ဘုရား"

✦ ဘုရားအလောင်း သူတော်ကောင်း အကောင်းတို့ချည်းသာ။

✦ အလောင်းအလျာ အကောင်းသာ ဖြစ်ဖို့ကြိုးစားပါ။

✦ အကောင်းကိုရှယ် ကြိုးစားကွယ် လွဲဖယ်သော်လည်း မယုတ်ပါ။

✦ ကြိုးစားသမျှ အကျိုးရ ရသမျှ အမြတ်သာ။

# ဆရာကောင်း, ဒကာကောင်း ဆိုတာ ဘယ်လိုဆရာ, ဒကာကို ခေါ်ပါသလဲဘုရား

(၂၇၂)

ဆရာ,ဒကာဟူသော အသုံးအနှုန်းသည် ဗုဒ္ဓသာသနာတော်၏ အသုံးအနှုန်း ဖြစ်ပါသည်။ မှန်ပါသည်။ ဗုဒ္ဓသာသနာ့နယ်ပယ်တွင် ကျောင်းနေ ဆရာတော်များ, ရွာနေ ဒကာ ဒကာမများဟူ၍ နှစ်မျိုးနှစ်စား ရှိကြပါသည်။

ကျောင်းနေ ဆရာတော်တို့သည် ရွာနေ ဒကာ ဒကာမတို့အတွက် အရေးကြီးသလို ရွာနေ ဒကာ ဒကာမတို့သည်လည်း ကျောင်းနေ ဆရာတော်တို့အတွက် အရေးကြီးလှပါသည်။ မှန်ပါသည်။ ကျောင်းနေ ဆရာတော်တို့ အပြစ်ကင်းသော ပစ္စည်းလေးဖြာကို သုံးဆောင်ပြီး နတ်ရွာနိဗ္ဗာန် ရောက်ရေးသည် ရွာနေ ဒကာ ဒကာမတွေအပေါ် မှီနေပါသည်။ ရွာနေ ဒကာ ဒကာမတွေ၏ မှန်ကန်သော အယူဝါဒနှင့် ကောင်းမြတ်သော ဒါန, သီလ, ဘာဝနာတရားများကို ကြိုးစားအားထုတ်ကာ နတ်ရွာနိဗ္ဗာန်ရောက်ရေးသည် ကျောင်းနေ ဆရာတော်များအပေါ် မှီနေပါသည်။

ယင်းသို့ဖြင့် ရွာနေ ဒကာနှင့် ကျောင်းနေ ဆရာတော်တို့သည် ကိုင်းကို ကျွန်းမှီ, ကျွန်းကို ကိုင်းမှီသို့ အချင်းချင်း တရားနှင့် ပစ္စည်း အပြန်အလှန် မှီတင်းနေကြပါသည်။ သို့ဖြစ်၍ ဆရာအတွက် ဒကာကောင်း လို,သလို၊ ဒကာအတွက်လည်း ဆရာကောင်းလိုပါသည်။ ယင်းသို့လိုသော်လည်း ဆရာကောင်းဆိုတာ အဘယ်လို,ဒကာကောင်းဆိုတာ အဘယ်နည်းဟု သိသူကား နည်းပါးလှပါသည်။ နည်းပါးလှသည့်အထဲမှ တစ်ယောက်နှင့် တွေ့ရ၏။

"အရှင်ဘုရား... ဆရာကောင်း ဒကာကောင်းဆိုတာ ဘယ်လို ဆရာ,ဒကာကို ခေါ်ပါသလဲဘုရား"

"အမယ်လေး...ဒါများ ခက်ခက်ချည်းလုပ်လို့ မေးနေရသေးလား၊ ဆရာဝတ္တရားနဲ့ ညီညွတ်ရင် ဆရာကောင်း,ဒကာဝတ္တရားနဲ့ ညီညွတ်ရင် ဒကာကောင်းပေါ့"

"ဩော်...အရှင်ဘုရားကလည်း ပြောတော့လွယ်လိုက်တာ၊ အခုခေတ်မှာက ဆရာဝတ္တရားကို ဆရာကလည်း မသိ၊ ဒကာကလည်း မသိသလို၊ ဒကာဝတ္တရားကို ဒကာကလည်း မသိ၊ ဆရာကလည်း မသိသူက များပါတယ်ဘုရား"

"အင်း...အဲဒီလို မသိတာ ဘုန်းကြီးက ဘာလုပ်ပေးရမှာလဲ"

"ဩော်...အရှင်ဘုရားကလည်း မသိတာ သိအောင် ရှင်းပြပေးပါဘုရား"

"အင်း . . . အင်း . . . ကောင်းတယ် ကောင်းတယ်၊ ဒကာကြီးတို့ ဝတ္တရားမကျေတာ ဘုန်းကြီးအတာ လာချတယ်၊ ကောင်းတယ်"

"ဩော် . . . အရှင်ဘုရားက ဟောပြတတ်. ရေးပြတတ်လို့ မေးရတာ၊ သည်းခံပါဘုရား"

"ကဲ . . . ကဲ . . . ကောင်းပါပြီ၊ ဘုန်းကြီးမှာ ဆရာဝတ် ရှိနေပါတယ်၊ ပြောပြပါမယ်၊ သေသေချာချာမှတ်ထားပါ"

မကောင်းအမှု၊ တားမြစ်ပြ၍၊ ကောင်းမှုကိုကား၊ ညွှန်းပြထား၏၊ ရွာသားနယ်သူ၊ အားလုံးလူကို၊ ကြည်ဖြူမေတ္တာ၊ စောင့်ရှောက်ကာဖြင့်၊ ဒေသနာအထူး၊ မကြားဖူးလည်း၊ ကြားဖူးအောင်ပြ၊ ကြားပြီးကမူ၊ ကျနသေချာ၊ ကျင့်စေကာဖြင့်၊ နောင်လာအကြောင်း၊ ဂတိကောင်းဖို့၊ ထပ်လောင်းဟောဖွယ်၊ ဤခြောက်သွယ်သည်၊ ကျောင်းဝယ်ဘုန်းတို့၊ ကျင့်ဝတ်တည်း . . . တဲ့။

အဲဒီခြောက်ပါးဟာ ဆရာကောင်း ကျင့်ဝတ်ပဲ၊ အဲဒီခြောက်ပါးနဲ့ ပြည့်စုံရင် ဆရာကောင်းပဲ"

"အဲဒီခြောက်ပါး အဓိပ္ပာယ် ရှင်းပြပါဦးဘုရား"

"အမယ်လေး . . . လာလာသေးတော့တယ်၊ ကဲ . . . ကဲ . . . မှတ်ထားပါ"

"(၁) ကျောင်းနေဆရာတော်တို့သည် မိမိ နေထိုင်သီတင်းသုံးရာ ကျေးရွာရပ်ကွက်ရှိ ဒကာ ဒကာမ. လူငယ်လူလတ်. လူကြီးအားလုံးတို့ သူ့အသက် သတ်ခြင်း၊ သူ့. ဥစ္စာခိုးခြင်း စသော မကောင်းမှုများ ပြုနေလျှင်သော်လည်းကောင်း၊ အသောက်အစား၊ လောင်းကစားနှင့် အပျော်အပါး လိုက်စားမှုများ ပြုနေလျှင်သော်လည်းကောင်း တရားသဖြင့် ဟောပြောပြသဆိုဆုံးမ တားမြစ်ရမည်တဲ့"

"ဒါဖြင့် ကျောင်းနေဆရာကောင်းဆိုတာ မိမိ ဒကာ ဒကာမများကို ဟောပြောပြသ ဆိုဆုံးမတတ်ရမယ်ပေါ့"

"အင်းပေါ့၊ အဲဒီလို မကောင်းအမှု တားမြစ်ဟောပြ ဆိုဆုံးမရုံနဲ့ မပြီးသေးဘူး"

"(၂) ဒါန. သီလ. ဘာဝနာ စသော ကုသိုလ်ကောင်းမှုများ၌လည်းကောင်း၊ တရားသဖြင့် စီးပွားဥစ္စာကို ကြိုးစားရှာဖွေမှုများ၌လည်းကောင်း၊ ကုသိုလ်ကောင်းမှုလည်း ဖြစ်. လောကအကျိုးစီးပွားလည်း ရှိသော ရေတွင်း. ရေကန်တူးမှု၊ လမ်းများကို ပြုပြင်မှု၌လည်းကောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သော အခြားကုသိုလ်များ၌လည်းကောင်း စွဲမြဲစွာ လုပ်ကိုင်နိုင်စေရန် ဟောကြားညွှန်ပြ တည်စေရမည်။

(၃) ပြီးတော့ မိမိ သီတင်းသုံးနေထိုင်ရာ ကျေးရွာရပ်ကွက်ရှိ လူငယ်. လူလတ်. လူကြီး ဟူသော ဒကာ ဒကာမ အသီးသီးတို့ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေရန် မေတ္တာရေချမ်း သွန်းဖျန်းပေးရမယ်။

မေတ္တာကာယကံ. မေတ္တာဝစီကံ. မေတ္တာမနောကံ ရှေ့ထားပြီး မိမိနေထိုင်ရာ ရွာသူ ရွာသား. ရပ်ကွက်သူ ရပ်ကွက်သား. ကလေးသူငယ်များကို သူတို့နှင့် လျော်စွာ ပညာများ သင်ကြားပေးရမယ်၊ လိမ္မာယဉ်ကျေးအောင် ပြောဆိုဆုံးမရမယ်။

ခေတ်အလိုက် အတွေ့အကြုံများအောင် နည်းပေးလမ်းပြခြင်း စသည်ဖြင့် ရွာသူ ရွာသား. ရပ်ကွက်သူ ရပ်ကွက်သား. နယ်သူ နယ်သား အားလုံးတို့၏ အကျိုးစီးပွားကို ကောင်းသောစိတ်ထားဖြင့် တိုးတက်စေရန် စောင့်ရှောက်ရပါမယ်"

"အရှင်ဘုရား . . . ဆရာကောင်းရရင် အဘက်ဘက်က ပြည့်စုံတာပေါ့ဘုရား"

"အင်းပေါ့၊ ပြီးတော့ . . .

(၄) ရှစ်သောင်းလေးထောင် များမြောင်လှစွာသော ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ ဒေသနာအထူးမိမိ ဒကာ ဒကာမများ မကြားဘူး၊ မနာဘူးသေးတဲ့ တရားဓမ္မများကို ကြားနာဖူးအောင် အခါအားလျော်စွာ ဟောပြောပြသဆုံးမရမယ်။

(၅) ပြီးတော့ မိမိဒကာဒကာမများကြားနာဖူးပြီးသောတရားဓမ္မများကို ရှင်းလင်းပြတ်သားစွာ နားလည်အောင် ထပ်မံပြီး ဟောပြောပြသ ဆိုဆုံးမကာ အဲဒီတရားတော်အတိုင်း လိုက်နာကျင့်ကြံစေရမယ်။

(၆) ပြီးတော့ တမလွန်ဘဝ,နောက်လောက၌ မိမိဒကာဒကာမများလူ့,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာများ ရစေရန် သဒ္ဓါ,သီလ,စာဂ,ပညာ ဆိုတဲ့ အဲဒီလေးဖြာသော တရားတို့ကို လက်တွေ့ကျင့်ကြံစေရမယ်၊ အဲဒီဝတ္တရား ခြောက်ပါးနဲ့ ပြည့်စုံရင် ဆရာကောင်းပဲ"

"အရှင်ဘုရား . . . ဆရာကောင်းတစ်ပါးနဲ့ တွေ့ဆုံကြုံကြိုက်ရပါရင် အလုံးစုံ အကုန်ပြည့်စုံနိုင်ပါတယ်လို့ ယုံကြည်ပါတယ်ဘုရား၊ ဆရာကောင်းတစ်ပါး ရဖို့လည်း မလွယ်ဘူးလို့ ထင်ပါတယ်ဘုရား"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဆရာကောင်းနဲ့ ဆုံရရင် အလုံးစုံ အကုန်ပြည့်စုံတယ်၊ ဆရာကောင်းရဖို့လည်း မလွယ်ပါဘူး၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်တိုင် ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်ပညာရဖို့ ဆရာကောင်းကို ရှာလို့ အခါခါ မှာကြားခဲ့ပါတယ်"

"အရှင်ဘုရား၊ ဆရာကောင်းအကြောင်းတော့ သိရပါပြီဘုရား၊ ဒကာကောင်းအကြောင်းကို ဆက်ပြီး ရှင်းပြပါဦး ဘုရား"

"အတိုချုပ်ပြောရရင် ဒကာဝတ္တရားငါးပါးနဲ့ ညီညွတ်ပြည့်စုံတဲ့ ဒကာဟာ ဒကာကောင်းပေါ့၊ အဲဒီ ဒကာ့ဝတ္တရား ငါးပါး က ဘာလဲဆိုတော့ -

ရဟန်းသံဃာ၊ မြတ်ဆရာကို၊ မေတ္တာမကင်း၊ ပြု,ပြောခြင်းနှင့်၊ စိတ်တွင်းမေတ္တာ၊ ပို့လျက်သာတည်း၊ တစ်ဖြာလှူဖွယ်၊ ခံယူလွယ်အောင်၊ အိမ်ဝယ်တံခါး၊ ဖွင့်၍ထားသို့၊ ဖိတ်ကြားလိုရာ၊ နံနက်ခါသော်၊ ကြွလာဆွမ်းလှူ၊ ဤငါးဆူသည်၊ မှတ်ယူ ဒါယကာ့ ကျင့်ဝတ်တည်း . . . တဲ့။

အဲဒီ ငါးပါးဟာ ဒကာ့ကျင့်ဝတ်ပဲ၊ အဲဒီ ကျင့်ဝတ်ငါးပါးနဲ့ ပြည့်စုံရင် ဒကာကောင်းပဲ၊ အကျယ်ရှင်းပြရမယ်ဆိုရင် -

(၁) ရွာနေ ဒကာ ဒကာမများသည် ကျောင်းနေ ဆရာရဟန်းများအတွက် ကိုယ်ဖြင့် ပြုလုပ်ပေးရမည့် ကိစ္စတိုင်း ဝယ် မေတ္တာကာယကံ ရှေ့သွားပြုကာ ဂရုစိုက်သော အသွင်အပြင် ပါရှိသောအားဖြင့် ပြုရပါမယ်၊

(၂) ရွာနေ ဒကာ ဒကာမများသည် ကျောင်းနေ ဆရာရဟန်းများအတွက် နှုတ်ဖြင့် ပြောရမည့် အမှုကိစ္စတိုင်း ဝယ် ချိုချိုသာသာဖြင့် မေတ္တာဝစီကံ ရှေ့သွားပြုကာ မေတ္တာပါရှိသောစကားကို ပြောဆိုရပါမယ်၊

(၃) ရွာနေ ဒကာ ဒကာမများသည် ကျောင်းနေ ဆရာရဟန်းများ၏ ပစ္စည်းလေးပါး ပြည့်စုံရေးကို တွေးတောကြံစည်ခြင်း ကျန်းမာပါစေ၊ ချမ်းသာပါစေ စသည်ဖြင့် မနောကံမေတ္တာ ပို့သရပါမယ်၊

(၄) ပြီးတော့ ဒကာ ဒကာမများသည် ကျောင်းနေ ရဟန်းများအတွက် အလှူခံစရာရှိလျှင် ကြွလာနိုင်အောင် "အရှင်မြတ်ဘုရား . . . အလိုရှိတဲ့ ပစ္စည်းလေးပါးကို အလှူခံတော်မူပါဘုရား" လို့ ပစ္စည်းလေးပါး ဖိတ်မံထားခြင်းကို အိမ်တံခါး ဖွင့်ထားသလို ဖြစ်ခြင်းလို့ ဆိုပါတယ်၊

"အရှင်မြတ်ဘုရား . . . အလိုရှိတဲ့ ပစ္စည်းလေးပါးကို အလှူခံတော်မူပါဘုရား" လို့ ပစ္စည်းလေးပါး ဖိတ်မံမထားရင် ကျောင်းနေ ရဟန်းတော်များက ဆွေမတော်,မျိုးမတော်သူ၊ သူစိမ်းပြင်ပရွာနေ ဒကာ ဒကာမများကို မည်သည့်ပစ္စည်းမျှ မတောင်းကောင်း, အလှူမခံကောင်းပါဘူး၊ ယုတ်စွအဆုံး ရေကိုမျှ မသောက်ကောင်းပါဘူး၊ အဲဒါကြောင့်မို့ ရွာနေ ဒကာ ဒကာမများသည် မိမိတို့ ကြည်ညိုသော ဆရာ ရဟန်းများကို ပစ္စည်းလေးပါးဖိတ်ထားရပါမယ်၊

(၅) ပြီးတော့ ရှာနေ ဒကာ ဒကာမများသည် ကျောင်းနေ ဆရာရဟန်းများအား ဆွမ်းလောင်းလှူချိန်မှာ လောင်းခြင်း၊ လှူခြင်း၊ ဆွမ်းပို့ချိန်မှာ ပို့ခြင်းသည် စားဖွယ်လှူခြင်း၊ ကြွလာ ဆွမ်းလှူခြင်း ဖြစ်ပါတယ်၊ အဲဒီအမှု ပြုရပါမယ်၊ အဲဒီ ဝတ္တရားငါးပါးနဲ့ ပြည့်စုံညီညွတ်ရင် ဒကာကောင်းပါပဲ"

"အရှင်ဘုရား ... ဒကာကောင်းတစ်ယောက် ဖြစ်ဖို့လည်း မလွယ်ပါလားဘုရား"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျောင်းတစ်ကျောင်းမှာ ကိုးကွယ်သူဦးရေ များပေမဲ့ ဒကာကောင်းဆိုတာ သုံး၊လေးငါးယောက်လောက်တောင် ရှိချင်မှ ရှိတယ် ဒကာကြီး၊ အဲဒီလောက် ဒကာကောင်း ရှားပါတယ်"

"ဒကာမကောင်းရင် ကျောင်းနေ ဆရာကောင်းများမှာ ပစ္စည်းလေးပါး ချို့တဲ့ဆင်းရဲပါတယ်၊ သာသနာ့တာဝန် အားသွန်ပြီး မထမ်းဆောင်နိုင်ပါဘူး၊ အဲဒီတော့ သာသနာတော် မစည်ပင် မပြန့်ပွား မထွန်းကား မတည်တံ့ဘူးပေါ့"

"မှန်ပါ၊ ဘုရားတပည့်တော် ဒကာကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား"

"ကောင်းပြီ ... ကောင်းပြီ"

✦ ဆရာကောင်းဟူက လောကမှာ များစွာရှားပါးသည်။

✦ ဒကာကောင်း ထို့အတူ ရှာမှ ရှားလေ၏။

✦ ဆရာအကောင်း ဒကာကောင်း အကောင်းနှစ်ခု တွဲရမည်။

✦ အကောင်းနှစ်ဖြာ တွဲမှသာ သာသနာစည်ပင်မည်။

✦ သာသနာစည်ကား လူနတ်များ ကျိုးများကြီးပေမည်။

# သာသနာကွယ်ကြောင်း တရားပေါင်းကို ရှင်းပြပါဘုရား

## (၂၃၃)

ဤကမ္ဘာလောကကြီး၌ မီးရထားခေါင်းတွဲပမာ ရှေ့ကနေ လှုပ်ရှားဆွဲဆောင်နိုင်သူ ဦးရေမှာ အနည်းငယ်မျှသာ ရှိပါသည်။ မီးရထားနောက်တွဲများပမာ သူတစ်ပါးဆွဲရာ ပါသူ လူဦးရေသာ များပါသည်။

ယနေ့ ဤကမ္ဘာလောကကြီး တင့်တောင့်တင့်တယ် ဖြစ်နေသည်မှာ သူတစ်ပါးဆွဲရာပါ လူတွေကြောင့် မဟုတ်ပါ၊ မီးရထားခေါင်းတွဲပမာ လှုပ်ရှားဆွဲဆောင်နေသူတွေကြောင့်သာ ဖြစ်ပါသည်။

အသိဉာဏ်ပညာအရေးနှင့် ပတ်သက်၍လည်း သိရလည်း အရေးမကြီး၊ မသိရလည်း အရေးမကြီး သူတို့အတွက် အသိဉာဏ်ပညာသည် တန်ဖိုးမရှိပါ။ သိရမှ ဖြစ်မည်၊ မသိရလျှင် မဖြစ်ပါ ဆိုသူတို့အတွက်မူ အသိဉာဏ်ပညာ တန်ဖိုးကြီးလှပါသည်။ တန်ဖိုးကြီးသလောက် သိစရာများကို ရှာကြံကြသည်။ တစ်နေ့ အသိဉာဏ်ပညာ တန်ဖိုးသိ၍ ရှာနေသူတစ်ယောက် မိမိထံမှောက် ရောက်လာပြီး ရှိခိုးဦးချကာ မေးလျှောက်၏။

"အရှင်ဘုရား . . . သာသနာကွယ်ကြောင်း တရားပေါင်း ဘယ်လောက်ရှိပါသလဲဘုရား၊ သိချင်ပါတယ်ဘုရား၊ သိပါရင် ရှင်းပြပေးပါ ဘုရား"

"အင်း . . . ရှင်းပြတာတော့ ဟုတ်ပါပြီ၊ ရှင်းပြပြီး မှတ်မထားဘဲ ဖျောက်ပစ်လိုက်ရင် အလကားပဲ၊ ရှင်းပြရကျိုး နပ်အောင် မှတ်ထားပါ"

အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း . . . တဲ့။

အဲဒါ အင်္ဂုတ္တရနိကာယ်. ပဉ္စကနိပါတ်. ပထမသဒ္ဓမ္မ သမ္မောသသုတ်ကို လင်္ကာစီထားတာပါ၊ ရှေးဦးစွာ သူတော်ကောင်း တရားကွယ်ကြောင်း. သာသနာကွယ်ကြောင်း ငါးပါးပဲပေါ့။

(၁) အဲဒီလက်ကကို ရှင်းပြရရင် ရှင်တော်မြတ်ဘုရား၏ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့သည် ရှင်တော်မြတ်ဘုရား ဟောကြားသည့် တရားဒေသနာတော်တို့ကို ဟောကြားတော်မူသည့်အခါ နာယူမှု မပြုခြင်းဟာ သာသနာကွယ်ကြောင်းပဲ"

"ဟင်...ဒီလိုဆိုရင် ခက်ပြီပေါ့၊ တရားပွဲမှာ ရှင်ရဟန်းတွေ နာကြားတာ အတော်နည်းပါးပါတယ်ဘုရား"

"အင်းပေါ့၊ မြတ်စွာဘုရားလက်ထက်တော်အခါက တရားပွဲဆိုရင် ရှင်ရဟန်းတော်တွေက ရှေ့ဆုံးကပါ၊ အဲဒါကြောင့် ဘုရားရှင် ခေါ်တဲ့အသံ, မေးတဲ့အသံကို ကြည့်ပါလား ဘိက္ခဝေ, ဘိက္ခဝေနဲ့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ရှင်သာရိပုတ္တရာတို့, ရှင်မောဂ္ဂလာန်တို့ တရားပွဲမှာလည်း ဝါရှင်တို့ ... ဝါရှင်တို့နဲ့ ရဟန်းတော်တွေကိုပဲ မေးပါတယ်"

"ယခု ဘုန်းကြီးတို့ဟောတဲ့ တရားပွဲတွေကျ "အို ...ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့"လို့ပဲ မေးရတယ်၊ ခေါ်ရတယ်။

တရားတော် မနာတော့ ကိုယ်က ပြန်ပြီး မဟောတတ်ပါ၊ မဟောတတ်လို့ မဟောတော့ ဒကာ ဒကာမတွေ မသိပါ၊ မသိတော့ သာသနာတော်ကို မကြည်ညိုတတ်တော့ပါ၊ သာသနာတော် မကြည်ညိုတတ်တော့ သာသနာတော် ကွယ်တာပေါ့"

"အင်း... ခက်ပြီ...ခက်ပြီ"

"ခက်မနေနဲ့၊ ပြီးတော့...

(၂) ရဟန်းတော်များ ပရိယတ်စာပေများကို သင်ကြားမှု မပြုခြင်းတဲ့။

ပရိယတ်သာသနာတည်မှ ပဋိပတ်သာသနာ တည်မှာ၊ ပဋိပတ်တည်မှ ပဋိဝေဓ တည်မှာ၊ ယခု ပရိယတ်သာသနာ အားပျော့လာပြီဆိုတော့ -

"အင်း...ခက်ပြီ...ခက်ပြီ"

"ခက်မနေနဲ့၊ ပြီးတော့...

(၃) ဘုရားဟောကြားခဲ့တဲ့ ပရိယတ်စာပေများကို စွမ်းနိုင်သလောက် နှုတ်တက်ရအောင် ကျက်မှတ်ဆောင်ထားမှု မပြုခြင်းတဲ့။

"သြော်...တိပိဋကဓရ စာမေးပွဲတို့လို အာဂုံပြန် စာမေးပွဲတွေ ကျင်းပရတာ ဒါ့ကြောင့်ကိုး"

"အမယ်လေး...ခုမှ သိတယ်ပေါ့၊ ကဲ...နားထောင်ဦး"

(၄) ဆောင်ထားကျက်မှတ်ထားသော ပရိယတ်စာမေးပွဲ၏အနက်အဓိပ္ပာယ်ကို သိအောင် မစူးစမ်း၊ မလေ့လာခြင်းတဲ့"

"သြော်...ဒါ့ကြောင့် ရေးဖြေစာမေးပွဲတွေ ကျင်းပရတာကိုး"

"အမယ်လေး...ဒီဒကာကြီးမှာ အခုမှ အသစ်အဆန်းတွေ ဖြစ်နေလိုက်တာ၊ နားထောင်ပါဦး၊ ပြီးတော့...

(၅) ရဟန်းတော်များဟာ မင်္ဂဖိုလ်နိဗ္ဗာန် ရရာရကြောင်း အကျင့်ပဋိပတ်ကို မကျင့်ခြင်းတဲ့"

"ဩော်...ဒါကြောင့် ဆယ်ရက်စခန်း တရားပွဲတွေ ကျင်းပပြီး တရားတွေပြ၊ ရိပ်သာတွေ တည်ထောင်ပြီး တရားကျင့်ကြံရတာကိုး"

"ကဲ...ကဲ...နားထောင်ဦး၊ နောက်တစ်မျိုး ရှိသေးတယ်၊ ရှင်းပြဦးမယ်။

ထဝိ - ထို့ပြင်၊ စာသင်ပယ်လျော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွမအံ၊ မကြံမစည်၊ ဤငါးမည်တည်း ...တဲ့။

အဲဒါက အင်္ဂုတ္တရနိကာယ်. ပဉ္စကနိပါတ်. ဒုတိယ သဒ္ဓမ္မသမ္မောသသုတ်ကို လင်္ကာစီထားတာပါ၊ ဒုတိယ သူတော်ကောင်းတရားကွယ်ကြောင်း၊ သာသနာကွယ်ကြောင်း ငါးပါးပဲပေါ့။

အဲဒီလင်္ကာကို ရှင်းပြရရင် -

(၁) မြတ်စွာဘုရား၏ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်များသည် ရှင်တော်မြတ်ဘုရား ဟောကြားသည့် စာပေပရိယတ် သင်ကြားမှုကို လုံးဝ ဖယ်ရှားထားခြင်း။

(၂) ရှင်တော်မြတ်ဘုရား ဟောကြားမြတ်တရားတော်များကို ကျယ်ကျယ်ပြန့်ပြန့် မဟောကြားခြင်း။

(၃) စာပေပရိယတ် ပို့ချ သင်ကြားပြသသောအခါ သဒ္ဒာ. သဘာဝ ကုန်စင်အောင် မပို့ချ မသင်ပြခြင်း။

(၄) စာပေပရိယတ်ကို ရွတ်ဖတ် ပြန်အံသောအခါ အကျယ်တဝင့်ဖွင့်ကာ စာကုန်အောင် မရွတ်အံ မပြန်ခြင်း။

(၅) စာပေပရိယတ်၏ အနက်အဓိပ္ပာယ်ကို မကြံမစည်ခြင်း။

ဆိုတဲ့ ငါးပါးဟာ ဒုတိယ သာသနာကွယ်ကြောင်း ပဲပေါ့၊ အဲဒါ ပရိယတ်သာသနာ အရေးကြီးတယ် မဟုတ်လား"

"မှန်ပါဘုရား၊ တပည့်တော်တို့က ပရိယတ်သာသနာ အရေးကြီးမှန်း မသိပါဘုရား၊ အခု သာသနာကွယ်ကြောင်းတွေ သိရတော့မှ ပရိယတ်သာသနာတော် အလွန်အရေးကြီးမှန်း သိရပါတယ်ဘုရား"

"ကဲ...ကဲ...နားထောင်ပါဦး၊ နောက်တစ်မျိုး ရှိသေးတယ်၊ ပြောပြဦးမယ်"

ဝါ - တစ်နည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဒုဗ္ဗစမူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊ နိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း ...တဲ့။

အဲဒါက အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ တတိယ သဒ္ဓမ္မသမ္မောသသုတ်ကို လင်္ကာစီထားတာပါ၊ တတိယ သူတော်ကောင်းတရားကွယ်ကြောင်း သာသနာကွယ်ကြောင်း ငါးပါးပဲပေါ့။

အဲဒီ လင်္ကာကို ရှင်းပြရရင် -

(၁) ရှင်တော်မြတ်ဘုရား၏ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်တို့သည် အက္ခရာပုဒ်. ပါဠိ မမှန်ကန်သော ပရိယတ်စာပေကို လေ့ကျက်သင်ကြားကြခြင်း။

(၂) ထေရ်ဝါကြီးမား. ဆရာသမား. လေးစားအပ်သူများက ဆိုဆုံးမသောအခါ အဆုံးအမကို မနာခံဘဲ နှုတ်လှန်ထိုးလျက် ဆိုဆုံးမ ခက်ခြင်း။

(၃) ဘုရားရှင်ဟောကြား ပရိယတ်စာပေများကို ပို့ချသော စာချဆရာ ရှားခြင်း။

(၄) ပရိယတ်စာပေ ပို့ချရေးနှင့် ပဋိပတ် အကျင့်မြတ် ကျင့်ကြံရေးကို အလေးဂရုမထားဘဲ လာဘ်သပ်ပကာ ပေါ်များအောင် ပစ္စည်းလေးပါး ရလိုမှုကိုသာ ကြိုးစားနေခြင်း။

(၅) ရှင်တော်မြတ်ဘုရား သားတော် ရှင်ရဟန်းတော်တို့ အချင်းချင်း ငြင်းခုန်နိုက်ရန် ဖြစ်၍ ကွဲပြားနေခြင်း။

ဆိုတဲ့ အဲဒီငါးပါးဟာလည်း သာသနာကွယ်ခြင်းပါပဲ"

"အမယ်လေးဘုရား … သာသနာအတွက် ရတက်မအေးဖွယ်ပါလား ဘုရား"

"ဘာဖြစ်လို့လဲ"

"အဲဒီ (၁၅)ပါးဟာ ယခုအခါ (၁၅)ပါးလုံးလို အထင်အရှား မျက်ဝါးထင်ထင် တွေ့မြင်နေရလို့ပါဘုရား"

"အဲဒါကြောင့် အမြင်ကျယ်ကြတဲ့ ဆရာတော်များနဲ့ ဒကာ ဒကာမများက ပရိယတ်သာသနာတော်ကို အားပေးနေကြတာပေါ့"

"ဘုန်းကြီးတို့လည်း ပရိယတ်သာသနာတော်ကို အားပေးသောအားဖြင့် စာသင်တိုက်တည်ထောင်ပြီး စာချ, စာရေး, တရားဟော, တရားပြနေတာပေါ့၊ အခု ဘုန်းကြီးရဲ့ဓမ္မဒူတတောရမှာ သံဃာတော် ခြောက်ဆယ်ကျော် ရှိပါတယ်"

"သာဓုပါဘုရား၊ သာဓုပါ"

✦ ပရိယတ်သာသနာ တည်တံ့ဖို့ လွန်စွာရေးကြီးသည်၊

✦ ပရိယတ်သာသနာ ပြန့်ပွားဖို့ လွန်စွာရေးကြီးသည်၊

✦ ပရိယတ်တည်လတ် ပဋိပတ် တည်လတ်ပေလိမ့်မည်၊

✦ ပရိယတ်ကွယ်လတ် ပဋိပတ် ကွယ်လတ်မတည်ပြီ၊

# ဘာ့ကြောင့် ကပ္ပိပြီးမှ ဘုဦးပေးရပါသလဲဘုရား

(၂၃၄)

မိခင် ဖခင်တို့ သွန်သင်ဆုံးမသည့်အတိုင်း မဝတ်မဆင်မူ၍ ထဘီကို ပြောင်းပြန်ဖောက်ထိုးဝတ်သော အရူးမသည် ပွဲကြည့်ပရိသတ် လေးပါးတို့၏ အလယ်၌ ပြက်ရယ်ပြုဖွယ် ဖြစ်သကဲ့သို့ ရှင်တော်မြတ်ဘုရား ဟောကြားသွန်သင်တော်မူခဲ့သည့်အတိုင်း မဝတ်.မရုံ မသုံးဆောင်သော ရဟန်း သာမဏေသည် သီလဝန်. ပညာဝန် ပုဂ္ဂိုလ်တို့၏ အလယ်၌ အလွန်အမင်း ပြစ်တင်ကဲ့ရဲ့ဖွယ် ဖြစ်၏။

ထို့ကြောင့် ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော ရှင်တော်မြတ်ဘုရားသည် အသဇ္ဈေလေးထပ် တစ်သိန်းကပ်ပတ်လုံး ဆင်းရဲပြိုပြင်စွာဖြင့် ဆည်းပူးရှာမှီး၍ ရအပ်သော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် မဖောက်မပြန် ဝေဖန်ပိုင်းခြား၍ ဟောကြားပြသ ဆုံးမတော်မူခဲ့သည့်အတိုင်း ဝတ်ရုံတတ်. သုံးဆောင်တတ်အောင် အလွန်ကြိုးကုတ် အားထုတ်သင့်လှပါသည်။

သံသရာဘေးကို ရှုသဖြင့် ရဟန်းသာမဏေ ပြုတော်မူကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် နိဝရဏတည်းဟူသော ကိလေသာရန်သူသည် နှိပ်စက်ဖျက်ဆီးအပ်သည်၏ အဖြစ်ကြောင့် ဟုတ်မှန်လေတိုင်းသော သူတော်ကောင်းအကျင့်ကို လိုက်နာ၍ မကျင့်နိုင်ကုန်၊ ပုထုဇဉ်ဗာလတို့၏ သဘောသည် ပေါ့ပေါ့လျော့လျော့ဖြင့်သာ ဝတ်ရုံစားသုံး၍ နေချင်တတ်၏။

တစ်နေ့ တစ်ရက် တစ်နံနက်မျှ အားထုတ်ပြုကျင့်သဖြင့် ဘဝအဆက်ဆက် နိဗ္ဗာန်ထုတ်ချောက် ရောက်သည့်တိုင်အောင် သုခချမ်းသာကို ပြီးစေတတ်သော သူတော်ကောင်းတို့၏ သူတော်ကောင်းတရားကိုကား အဘယ်သို့လျှင် ငါ အားမထုတ်ဘဲ ရှိအံ့နည်းဟု မိမိကိုယ်ကို မိမိ သွန်သင်သဖြင့် ဆုံးမသဖြင့် အမြတ်တရား အမြတ်အကျင့်များကို အားထုတ်ကျင့်ကြံသင့်ပါ၏။

ကျင့်ကြံသင့်၍ ကျင့်ကြံနေကြပါ၏။ အထူးသဖြင့် ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ ကျင့်ကြံနေကြသူ ရဟန်းတော်တို့အနေနှင့် "တပည့်လိမ္မာ ဆရာအာပတ်လွတ်" ဆိုသည့်အတိုင်း တပည့်လိမ္မာများ လိုအပ်ပါ၏။

မြို့ထဲ ရွာထဲ ဆွမ်းစားကြွသည့်အခါ ကပ္ပိပြီးမှ သုံးဆောင်သင့်သော အစာအာဟာရများ ပါလာသည့်အခါ ကပ္ပိနိုင်းလျှင် မကပ္ပိတတ်သူတွေသာ များ၍ ယင်း အစာအာဟာရများကို ဝိနည်းလေးစားသူ အရှင်မြတ်များသည် မစားသုံးဘဲ နေကြကုန်၏။

အလှူရှင် ဒကာ ဒကာမတို့သည် လှူချင်ကြလွန်း၍ အဝေးနိုင်ငံ မြို့ရွာများမှပင် အမြတ်တနိုး မှာယူလှူဒါန်းကြ၏။ အရှင်မြတ်တို့ကို ဘုဉ်းပေး သုံးဆောင်စေလိုကြ၏။ မဘုဉ်းပေး မသုံးဆောင်သော် စိတ်မကောင်း ဖြစ်ကြ၏။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်ကို ကြည်ညို၍ လှူလိုသော ဒကာ ဒကာမတို့သည် ရဟန်းတော်များနှင့် အပ်စပ်အောင် ကပ္ပိသင့်သော သုံးဆောင်ဖွယ်များကို ကပ္ပိနိုင်းနေစဉ် ဗဟုသုတရှာတတ်သူ ဒကာက -

"အရှင်ဘုရား ... အဲဒီအသီးကို ဘာကြောင့် ကပ္ပိပြီးမှ ဘုဉ်းပေး သုံးဆောင်ရပါသလဲ ဘုရား"

"အေး ... ဒကာမေးတော့ သိပ်ကောင်းတယ်၊ ဘုန်းကြီးလည်း အဲဒီအမေးမျိုးကို သိပ်ပြီးတော့ ဖြေချင်တယ်၊ ခုတော့ ဆွမ်းစားတော့မှာမို့ ဖြေချိန်မရသေးဘူး၊ ဒကာလည်း ထမင်းစားပြီး ဘုန်းကြီးလည်း ဆွမ်းစားပြီးတဲ့အခါ အချိန်ရပါတယ်၊ အဲဒီအခါမှာ လာခဲ့ပါနော်"

"မှန်ပါဘုရား"

ဆွမ်းစားပြီး၍ မိမိနားနေရာသို့ ပြန်ရောက်၍မှ မကြာမြင့်မီ အမေးပုစ္ဆာ ပြဿနာဒကာ ရောက်လာသည်။

"ဩော် ... ဒကာ ရောက်လာသကိုး၊ ဘုန်းကြီးက မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီလားလို့ ထင်နေတာ"

"ဘယ်မေ့ပါ့မလဲ အရှင်ဘုရား၊ တပည့်တော် အဲဒီအကြောင်းကို သိချင်နေတာ အတော်ကြာပါပြီ၊ မေးခွင့် မကြုံလို့ပါ ဘုရား"

"အေး ... အခုတော့ ကြုံပြီပေါ့လေ၊ ကြုံတုန်းမှာ ဘုန်းကြီးကလည်း ကျယ်ကျယ်ဝန်းဝန်း သိသင့်တာတွေကို အစုံဖြေချင်တယ်၊ မှတ်နိုင်ပါ့မလား"

"လိုချင်တော့ မှတ်ရတာပေါ့ဘုရား"

"ဒီလိုဒကာရဲ့ ဘုရားရှင်လက်ထက်တော်အခါက အာဠဝီပြည်သား ရဟန်းအများတို့ဟာ နဝကမ္မခေါ်တဲ့ အမှုသစ်ကို ပြုလုပ်ကြစဉ် သစ်ပင်တွေကို ကိုယ်တိုင်လည်း ခုတ်ဖြတ်ကြပါတယ်၊ လူ့ သာမဏေတို့ကိုလည်း "ခုတ်စမ်း၊ ဖြတ်စမ်း" လို့ နိုင်းကြပါတယ်။

အဲ ... ရဟန်းတော်တစ်ပါးဟာ သစ်ပင်တစ်ပင်ကို ခုတ်ဖြတ်နေစဉ် အဲဒီသစ်ပင်မှာ ရှိတဲ့ ရုက္ခစိုးမ.က "အရှင်ဘုရား... အရှင်ဘုရားရဲ့ကျောင်းဗိမာန်ကို ပြုလုပ်ဖို့ရန်အတွက် တပည့်တော်ရဲ့ဗိမာန်ဖြစ်တဲ့ ဒီသစ်ပင်ကို မဖြတ်ပါနဲ့" လို့ တားပါတယ်။

အဲဒီရဟန်းတော်က နားမထောင်ဘဲ ဖြတ်မြဲ ဖြတ်ပါတယ်၊ အဲဒီအခါမှာ ရုက္ခစိုးမ.က "ကလေးကို မြင်ရင် သနားသောအားဖြင့် မဖြတ်ဘဲ နေတန်ကောင်းရဲ့" လို့ ကြံစည်ပြီး သူ့ရဲ့ကလေးကို အဲဒီဖြတ်နေတဲ့ ရဟန်းရဲ့ရှေ့သို့ တိုး၍ပြလိုက်ပါတယ်။

ဟိုရဟန်းတော်ကလည်း အရှိန်နဲ့ ရွယ်ချိန်ဖြစ်နေတဲ့ ဓားကို မရုပ်သိမ်းနိုင်တဲ့အတွက် အားလွန်ပြီး အဲဒီ ရုက္ခစိုးကလေးရဲ့လက်မောင်းကို ဖြတ်မိပါတော့တယ်။

အဲဒီအခါမှာ ရုက္ခစိုးနတ်မ.က ကလဲ့စားချေလိုသောအားဖြင့် "အဲဒီရဟန်းကို သတ်မယ်" လို့ ကြံပါတယ်၊ အဲဒီလို ကြံပြီးနောက် ဘုရားရှင်ရဲ့ မျက်နှာတော်ကို မြင်ယောင်လာလို့ ဘုရားရှင်ထံသွားပြီး အကျိုးအကြောင်း လျှောက်ထားပါတယ်။

အဲဒီအခါမှာ ဘုရားရှင်က "အဲဒီလို အမျက်ဒေါသကို အောင်နိုင်သူမှ အောင်နိုင်ခဲသော စစ်ပွဲကို အောင်သူ.မည်တယ်"

လို့ ချီးမွမ်းသာဓုခေါ်ပြီး ဇေတဝန်ကျောင်းတိုက်၌ နတ်တစ်ယောက် စုတေပြီးစ ဖြစ်၍ ပိုင်ရှင်မရှိတဲ့ သစ်ပင်တစ်ပင်ကို နေရာပေးလိုက်ပြီး ဖြစ်ဆဲ. ကြီးပွားဆဲ. ဖြစ်ပြီး. ကြီးပွားပြီး ဖြစ်သော မြက်. သစ်ပင်အပေါင်း "ဘူတဂါမ်" ကို ဖျက်ဆီးခြင်းကြောင့် ပါစိတ်အာပတ်သင့်၏ လို့ အဲဒီသိက္ခာပုဒ်ကို ဘုရားရှင်က ပညတ်တော်မူလိုက်ပါတယ်။ အဲဒီမှာ ရှင်းပြစရာတွေရှိပါသေးတယ်၊ ရှင်းပြပါဦးမယ်။

ငယ်သေးသည်ဖြစ်၍ ကြီးပွားခြင်းကိစ္စ မကုန်သေးတဲ့ သစ်ပင်ကို "ဖြစ်ဆဲ. ကြီးပွားဆဲ" လို့ ခေါ်ပါတယ်၊ အဲဒီသစ်ပင်နှစ်မျိုးလုံးကို "ဘူတဂါမ်" လို့ ခေါ်ပါတယ်။

အစွမ်းကုန် ကြီးပွား၍ အဲဒီထက်တိုးပွားဖွယ်မရှိတဲ့ သစ်ပင်ကို "ဖြစ်ပြီး၊ ကြီးပွားပြီး" လို့ ခေါ်ပါတယ်။ အဲဒီသစ်ပင်နှစ်မျိုးလုံးကို "ဘူတဂါမ်" လို့ ခေါ်ပါတယ်။

အဲဒီ "ဘူတဂါမ်" ကိုဖြတ်မှု. ခွဲမှု. ခြစ်မှု. မီးတိုက်မှုစသောအားဖြင့် တစ်နည်းနည်းနဲ့ ဖျက်ဆီးမှုကြောင့် ရဟန်းမှာ ပါစိတ်အာပတ် သင့်ပါတယ်။

အဲဒါကြောင့် အဲဒီသစ်ပင်၌ တည်ရှိတဲ့ အသီး. အပွင့်. အရွက်. အခက် များကိုလည်း မချိုးရ. မဆိတ်ရပါ။

သစ်ပင်မှ ဆွတ်ခူးပြီး၍ နောက်နောင်အခါ သစ်ပင်ပေါက်နိုင်တဲ့ မျိုးစေ့ဟူသမျှကို "ဗီဇဂါမ = ဗီဇဂါမ်" လို့ ခေါ်ပါတယ်။

ကဲ ... ဒီနေရာမှာ နှစ်ခု ပြန်ပြီးခွဲပြောမယ်၊ သေသေချာချာ မှတ်ထားပါ၊ မျိုးစေ့အပေါင်းကို "ဗီဇဂါမ်" ခေါ်ပါတယ်။

အဲဒီ ဗီဇဂါမ်. ဘူတဂါမ် နှစ်ပါးတို့တွင် မူလ = အမြစ်၊ ခန္ဓာ = ပင်စည်၊ ဖလု = အဆစ်၊ အဂ္ဂ = အညွန့်၊ ဗီဇ = အစေ့အားဖြင့် "ဗီဇဂါမ်" ငါးမျိုး ပြားပါတယ်၊ အဲဒီ မျိုးစေ့အဖြစ်၌ တည်ရှိတဲ့ "ဗီဇဂါမ်" ကို ဖျက်ဆီးရင် ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်ပါတယ်။

အဲဒီမျိုးစေ့ကို စိုက်ပျိုးလိုက်တဲ့အခါ အမြစ်သာ ထွက်ပြီး အညွန့်မတက်သေးလျှင်လည်းကောင်း၊ အညွန့်သာထွက်၍ အမြစ်မထွက်သေးလျှင်သော်လည်းကောင်း "ဗီဇဂါမ်" ပဲ ခေါ်ပါတယ်၊ အမြစ်. အညွန့် နှစ်မျိုးလုံး ထွက်လာရင်တော့ "ဘူတဂါမ်" လို့ ခေါ်ပါတယ်။

ရဟန်းတော်တွေမှာ "ဒီသစ်ပင်ကို ဖြတ်စမ်း၊ ခုတ်စမ်း၊ လှဲစမ်း၊ ချိုင်စမ်း၊ ဒီသစ်သီးကို ဆွတ်စမ်း၊ ဒီငရုတ်သီးမှည့်ကို ထောင်းစမ်း၊ ချက်စမ်း၊ အပင်ပေါက်မည့် ကြံ စသည်ကို ဖြတ်စမ်း" စသော ခိုင်းခြင်းမျိုး ဖြစ်၍ အာပတ်သင့်ပါတယ်။

အဲဒီမှာ သစ်ပင်ကတော့ ဘူတဂါမ်ပါ၊ ငရုတ်သီး စတဲ့အပင်မှ လွတ်ပြီး မျိုးစေ့ကတော့ ဗီဇဂါမ်ပါ။

ဒီသစ်ပင်ကို သိစမ်း၊ ကပ္ပိစမ်း၊ ဒီငရုတ်သီးကို ကပ္ပိစမ်း စတဲ့ခိုင်းနည်းဟာ အပ်စပ်တဲ့ ခိုင်းနည်းပါ။

ဖျက်ဆီးလိုတဲ့စိတ် မရှိဘဲ သစ်တုံးလှိမ့်ရာ. တောင်ဝှေးထောက်၍ စင်္ကြံသွားရာအခါ စသည်တို့၌ မြက်သစ်ပင်တို့ပျက်စီးသော်လည်း အာပတ်မသင့်ပါဘူး။

အပ်သောနည်းဖြင့် သစ်ပင်၊ သစ်သီး၊ ကြံ စသည်များကို ဆွတ်၍ ခူး၍ ပြီးတဲ့အခါ ဘူတဂါမ် အဖြစ်မှတော့ ကင်းသွားပါပြီ။

သို့သော်လည်း နောက်ထပ် အပင်ပေါက်ဦးမယ်ဆိုရင် ဗီဇဂါမ်ဖြစ်နေပါသေးတယ်။ အဲဒီ ဗီဇဂါမ်၊ နံနံ. ပူစီနံ. မာလကာသီး. ကြံ စသည်များကို ရဟန်းတော်များ သုံးဆောင်ကောင်းလောက်အောင် ဗီဇဂါမ်ကို ဖျက်ဆီးရာ မရောက်အောင် ကပ္ပိခြင်းခေါ်တဲ့ ဝိနည်းကံတစ်မျိုးကို ပြုရပါတယ်။

"အမယ်လေး…အခုမှ ကပ္ပိခြင်း ရောက်တော့တယ်"

"အမယ်လေး…မတ.နဲ့၊ အဲဒီလိုမှ မပြောရင် သဘောပေါက်မှာ မဟုတ်လို့ ပြောနေရတာပါ၊ အချိန်ကုန်ခံပြီး အကျိုး မရှိရင် ဘယ်ပြောမလဲ"

"မှန်ပါ၊ ဆက်အမိန့်ရှိပါဘုရား"

" ကပ္ပိဆိုတဲ့ ပါဠိ၌ "ကပ္ပ" သဒ္ဒါဟာ ဒီနေရာမှာ ရဟန်းတို့ရဲ့ အပ်အောင်ပြုကြောင်း ဖြစ်တဲ့ အသုံးအနှုန်းအနက်ကို ဟောပါတယ်။

အဲဒီ အသုံးအနှုန်းအနက်ဟာ -

(၁) မီးဖြင့်တိုက်ခြင်း

(၂) ဓားဖြင့်ခုတ်ခြင်း

(၃) လက်သည်းဖြင့် ဆိတ်ဖြတ်ထိုးဖောက်ခြင်း

(၄) နဂိုအစေ့နှ၍ အပင်မပေါက်နိုင်ခြင်း

(၅) သရက်သီးမှည့် စသည်ကဲ့သို့ အစေ့ကို ထုတ်ပစ်ခြင်းများ ဖြစ်ပါတယ်။

အဲဒီငါးမျိုးလုံးပင် ရဟန်းတော်တို့အား အပ်စပ်တဲ့ အသုံးအနှုန်းများဖြစ်လို့ "ကပ္ပ" လို့ ခေါ်ပါတယ်။ အဲဒီမှာ အစေ့နနှင့် အစေ့ထုတ်တို့မှာ ကပ္ပိဖွယ်မလိုပါ၊ နဂိုအတိုင်း ကပ္ပ ဖြစ်နေပါတယ်၊ အပ်စပ်နေပါတယ်။

သူ့ရဲ့မျိုးစေ့မှ အပင်ပေါက်တဲ့ သစ်သီး.ကြံ စသည်တို့ကို စားသုံးလိုရင် ရဟန်းတော်က "ကပ္ပိယံ ကရောဟိ" လို့ ဆိုပြီး နောက် လူ သာမဏေ တစ်ဦးဦးက " ကပ္ပိယံ ဘန္တေ" လို့ ဆိုလျက် (ဆိုတုန်းဖြစ်စေ. ဆိုပြီး ချက်ချင်းဖြစ်စေ) မီးဖြင့်သော်လည်း ကောင်း ထိုး. ဓားငယ်ဖြင့်သော်လည်းကောင်း ခုတ်လိုက်၊ ထိုးလိုက်၊ လက်သည်းဖြင့်သော်လည်း ဆိတ်လိုက်ရမယ်။

ဓား၊ လက်သည်းဖြင့် ထိုး. ခုတ်. ဆိတ်. ဖြတ်ရာ၌ ထက်ပိုင်းမပြတ်ဘဲ ဓားရာ. လက်သည်းရာ. အပေါက်အပြတ် ထင် ရှားရင် ကပ္ပိခြင်းကိစ္စ ပြီးသွား၍ စားသုံးကောင်းပါတော့တယ်၊ ထက်ပိုင်းပြတ်သွားရင်တော့ ဆိုဖွယ်ရာမရှိ အပ်ပါတယ်။

အဲဒီလို ကပ္ပိရာ၌ သစ်သီးစတဲ့ ဝတ္ထုက ရဟန်းရဲ့လက်ထဲ၌ ရှိနေမှ မဟုတ်ပါဘူး၊ တောင်းပုံ ယာပုံ ပုံထားတဲ့ အကပ်မခံ ရသေးတဲ့ သစ်သီးပုံ၊ ကြံပုံ စသည်တို့ကိုလည်း ရဟန်းတစ်ပါးက မထိမကိုင်ဘဲ " ကပ္ပိယံ ကရောဟိ" လို့ ဆိုလိုက်ရင် လူ သာမဏေ တစ်ဦးဦးက တစ်စပ်တည်းစပ်နေတဲ့ သစ်သီးတစ်လုံးကို " ကပ္ပိယံ ဘန္တေ" လို့ဆိုပြီး မီးဖြင့်တို့. ထိုး. ဓားဖြင့် လှီးဖြတ်ထိုး၊ လက်သည်းဖြင့် ဆိတ်လိုက်တဲ့အခါ အားလုံးပင် ကပ္ပိပြီး ဖြစ်ပါတော့တယ်။

တစ်ကြိမ် ကပ္ပိပြီးဖြစ်တဲ့ အဲဒီ သစ်သီး. ကြံ စသည်များကို အကပ်မခံရသေးရင် နောက်နောက်ရက်များ၌ပင် ထပ်၍ မကပ္ပိဘဲ အကပ်ခံ၍ စားသုံးနိုင်ပါတယ်"

"အရှင်ဘုရား…အဲဒီလောက်ကလေး ကပ္ပိလိုက်တာနဲ့ အသီးကြံ စသည်တို့မှာ ဘာမှလည်း သိပ်မပျက်စီးသွားဘဲနဲ့ ကပ္ပိရတာ အရာထင်. အကျိုးရှိပါသလားဘုရား"

"ဟာ…အရာထင်တာပေါ့၊ သိပ်အကျိုးကြီးတာပေါ့၊ ဘုရားရှင် အာဏာဒေသနာတော်ပဲဟာ၊ အရာထင် အကျိုးကြီး တာပေါ့"

"အရာထင် အကျိုးကြီးပုံကို အမိန့်ရှိပါဦးဘုရား"

"အဲဒီလို ကပ္ပိပြီးဖြစ်တဲ့ အစေ့. အမြစ်. အပင် စသည်တို့ကို ပြန်ပြီးတော့ စိုက်ကြည့်ပါ၊ အပင်မပေါက်တော့ဘူး"

"အရှင်ဘုရား...အံ့ဩစရာပါလားဘုရား"

"အမယ်လေး...အဲဒီမျှ မကသေးပါဘူး၊ အချို့အဲဒီ " ကပ္ပိယံ ကရောဟိ. ကပ္ပိယံ ဘန္တေ" ကို ဂါထာလုပ်ပြီး ထုံး. နနွင်းနဲ့ အကြိတ်အဖု ကုကြတဲ့အခါ ပျောက်တယ်၊ အချို့က ထုံး.နနွင်း ရွတ်ပြီးစားတဲ့အခါ တစ်ပွဲပြန် ပြီးတယ်...တဲ့"

"ဟုတ်လားဘုရား၊ အံ့ဩစရာပဲ၊ ဒါနဲ့ အဲဒီ ကပ္ပိယံ ကရောဟိ. ကပ္ပိယံ ဘန္တေရဲ့အနက်အဓိပ္ပာယ်ကို ရှင်းပြပါဦးဘုရား"

"အင်း...အင်း...ပြောမယ်၊ ရှင်းမယ်၊ နားထောင်ပါ၊ ကပ္ပိယံ - ရဟန်းတို့အား အပ်ကြောင်းဖြစ်သော အသုံးအနှုန်းအားလျော်သောအမှုကို၊ ဝါ - အပ်သည်ကို၊ ဝါ - ကပ္ပိခြင်းကို၊ ကရောဟိ - ပြုလေ၊ ဝါ - ပြုလော့။ ဘန္တေ - အရှင်ဘုရား၊ ကပ္ပိယံ - အပ်သည်ကို(ကရောမိ၊ ပြုပါ၏)လို့ အနက်ပေးရပါတယ်"

"အရှင်ဘုရား...ကပ္ပိခိုင်းသူကလည်း ပါဠိမတတ်. ကပ္ပိမယ့် လူ သာမဏေကလည်း ပါဠိမတတ်ရင် ဘယ့်နယ်လုပ်မလဲဘုရား"

"အင်း...အင်း...မေးလည်း မေးစရာပါပဲ၊ ကောင်းပါပြီ၊ ပါဠိလို မတတ်ရင် မြန်မာလိုပဲ ကပ္ပိခိုင်းသူက " ကပ္ပိစမ်း" သို့မဟုတ် "အပ်အောင်ပြုစမ်း" လို့ ခိုင်းရပါတယ်၊ ကပ္ပိမယ့်သူက " ကပ္ပိပါ၏ဘုရား" သို့မဟုတ် "အပ်စပ်အောင် ပြုပြီးပါပြီဘုရား" လို့ ဆိုပြီး ဓား. စသည်ဖြင့် ထိုးခုတ်ဆိတ်ဆွရင် အပ်စပ်ပါတယ်"

"အရှင်ဘုရား...အပ်စပ်ပါတယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်ပါလဲဘုရား"

"သြော်...ဟုတ်ပြီ၊ ရဟန်းသံဃာတော်များ သုံးစွဲကောင်းခြင်း၊ သုံးစွဲမှုကြောင့် အာပတ်အပြစ် မရှိခြင်းကို "အပ်စပ်" တယ်လို့ ဝိနည်းတော်မှာ သုံးပါတယ်"

"ပြီးပြည့်စုံပါပြီဘုရား"

✦ ကပ္ပိယံ ကရောဟိ ဆိုလို့ရှိ. ကပ္ပိယံ ဘန္တေ. ဆိုဆိတ်လေ။

✦ ဤသို့ ဆိုလေ. ဆို - ဆိတ်လေက. လျှဒါန်းသမျှ. အာဟာရ. အပ်စပ်ပါတော့လေ။

✦ အပ်စပ်ဖွယ်လျှ. စားသုံးသူမှာ. နှစ်ဖြာနှစ်ဝ. အကျိုးရ. လျှတတ် သုံးတတ်စေ။

# အစာလည်းဆေး, ဆေးလည်းအစာ ဆိုတာ ရှင်းပြပါဘုရား

(၂၃၅)

လူတိုင်း လူတိုင်း မတတ်မနေ တတ်သင့်တတ်ထိုက်သော ပညာမှာ ဆေးပညာ ဖြစ်သည်ဟု မိမိအနေနှင့် ယူဆပါသည်။

အဘယ့်ကြောင့်ဆိုသော် လူတိုင်းမှာ ဇာတိ ပဋိသန္ဓေနေပြီးသည်မှ အိုခြင်းဇရာဆီသို့၊ နာခြင်းဗျာဓိမှသည် သေခြင်းမရဏဆီသို့ အမြဲမပြတ် တရစပ် သွားနေကြရသောကြောင့် ဖြစ်ပါသည်။

ဇာတိ ပဋိသန္ဓေ နေလာသူမှန်သမျှ သေကြရမှာ မလွဲမသွေ ဖြစ်ပါသည်။ ယင်းသေခြင်းဘေးကို ပစ္စည်းရှိ၊ ပစ္စည်းမဲ့၊ ရာထူးရှိ၊ ရာထူးမဲ့၊ တန်ခိုးရှိ၊ တန်ခိုးမဲ့၊ အခြွေအရံ ရှိ၊ အခြွေအရံ မဲ့ မည်သူမဆို မရှောင်မလွှဲသာ တွေ့ရမည်မှာ မလွဲပါ။

တစ်ဖန် ပဋိသန္ဓေနေခြင်းနှင့် သေခြင်း၊ သို့မဟုတ် မွေးခြင်းနှင့် သေခြင်းအကြားတွင် အိုခြင်း, နာခြင်း နှစ်မျိုးရှိသေးသည်။

ယင်းနှစ်မျိုးတို့တွင်လည်း အိုခြင်းဘေးကို ဘယ်လိုမှ မရှောင်လွှဲနိုင်ပါ။ မွေးပြီးလျှင် အိုရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

သို့သော် ယင်းအိုခြင်းမှာ ထင်ရှားသော အိုခြင်း ပါကဋဇရာနှင့် မထင်ရှားသော အိုခြင်း အပါကဋဇရာဟူ၍ နှစ်မျိုးရှိရာ ရသာယနဆေးဖြင့် အိုခြင်း မဖြစ်၊ မထင်ရှားသော အိုခြင်းဖြစ်အောင် ကာကွယ်နိုင်ပါသည်။ မှန်ပါသည်။ ရသာယနဆေးသည် အိုခြင်းကို ကာကွယ်နိုင်ပါသည်။ သေခြင်းကိုတော့ မကာကွယ်နိုင်ပါ။

ပကတိ ဝဋ္ဋနာကံနာ မဟုတ်သော် နာခြင်းကို သင့်လျော်သော ဆေးဝါးဓာတ်စာတို့ဖြင့် ကာကွယ်နိုင်ပါသည်။ ယင်းအကြောင်းကို မေးလျှောက်သူ တစ်ယောက်ကို ရှင်းပြရင်းနှင့် ရှင်းပြပါမည်။ မေးလျှောက်သူက –

"အရှင်ဘုရား…အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုတာ ရှင်းပြပါဘုရား တဲ့"

"အေး…ဒကာ့ဥစ္စာက ရှင်းရမှာတောင် ခပ်ခက်ခက်"

"ဘာဖြစ်လို့ ခက်တာလဲဘုရား၊ အရှင်ဘုရားပဲ ခဏခဏပြောနေတဲ့ စကားပဲ၊ အစာလည်းဆေး၊ ဆေးလည်း အစာတဲ့"

"ခက်တာက ခက်လို့မဟုတ်ဘူး၊ ဒကာ့ဥစ္စာက တောက်တဲ့…တောက်တဲ့ အော်နေတာ ဘာကောင်လဲမေးသလို ဖြစ်နေလို့ပါ"

"တောက်တဲ့… တောက်တဲ့ အော်တဲ့အကောင်ကိုတော့ တောက်တဲ့အော်လို့ တောက်တဲ့ကောင်လို့ ပြောလိုက်ရင် အလွယ်တကူ သိနိုင်ပေမဲ့ အစာလည်းဆေး. ဆေးလည်းအစာ ဆိုတဲ့ စကားမှာတော့ အစာက ဘယ်လိုဆေးဖြစ်လဲ၊ ဆေးက ဘယ်လိုအစာဖြစ်လဲလို့ မသိလို့ပါဘုရား"

"အင်း…ဒီလိုဆိုရင် ဒကာ့အဖြစ်က ဘုန်းကြီးငယ်ငယ်တုန်းကအဖြစ်နဲ့ တူနေပြီ"

"အရှင်ဘုရားငယ်ငယ်တုန်းကနဲ့ တူနေပြီဆိုတော့ တပည့်တော် အတော် အားရှိသွားပါတယ်ဘုရား၊ တပည့်တော်က အရှင်ဘုရားနဲ့ ဘယ်လိုတူပါသလဲဘုရား"

"ငယ်ငယ်ဆိုပေမဲ့ အသက် (၂၃)နှစ်ကပါ"

"မှန်ပါ့ဘုရား"

"ဘုန်းကြီးမှာ မတ်တတ်နာပေါ့၊ ပြီးတော့ တစ်နှစ်မှာ သုံးကြိမ်လည်း အမြဲဖျားတယ်၊ အဲဒီလို ဖျားတာကတော့ (၁၃)နှစ်သားလောက်ကနေ (၂၃)နှစ်သားအထိ ကျန်းမာတယ်လို့ကို မရှိပါဘူး၊ ဆေးနဲ့လူနဲ့ စပ်ကြည့်ရင် ဆေးကများမယ်၊ ဆေးစားနေတဲ့ကြားထဲက တစ်နှစ်လျှင် သုံးကြိမ် အကြီးအကျယ် ဖျားပါတယ်။

ဆရာတစ်ယောက်နဲ့ဆို ရင်းနီးပြီး ဆေးကုခတောင် မယူတော့ပါဘူး၊ နောက်ဆရာတစ်ယောက်ရဲ့ကုသချက်ကို သဘောကျပြီး ဆေးကုခံလိုက်တယ်။

နှစ်ပါးကုတာ၊ ရောဂါချင်း မတူဘူး၊ ဆေးချင်းတူတယ်၊ ဓာတ်စာတူတယ်၊ မကုခင်က သဘောကျပေမဲ့ တကယ်ကုတော့ သိပ်သဘောမကျချင်ဘူး"

"ဘာဖြစ်လို့ပါလဲဘုရား"

"ရောဂါမတူသူ နှစ်ဦးကို ဆေးနဲ့ဓာတ်စာ အတူတူပေးထားလို့ သဘောမကျတာဘဲ၊ နောက် ဆရာက ပြောလိုက်သေးတယ်၊ တပည့်တော်က အရှင်ဘုရားတို့ ရောဂါကို တစ်ခါကုတာ မဟုတ်ပါဘူး၊ တစ်သက်လုံးအတွက် ကုတာပါတဲ့"

"တယ်ဆိုတဲ့ ဆရာပါလားဘုရား"

"အေး… ဘုန်းကြီးကလည်း မကျေနပ်တော့ ဟို ဦးပဉ္ဇင်းနဲ့ အတူတူစားပေမဲ့ သူနိုင်းတဲ့အတိုင်း အကုန်တိတိကျကျ မလိုက်နာဘူး၊ ဒီတော့ ရောဂါကလည်း မထူးခြားဘူး၊ ဟို ဦးပဉ္ဇင်းကတော့ နဂိုထဲက ဘုန်းကြီးထက်လည်း ရောဂါကြီးတယ်၊ ဆေးဆရာအပေါ်မှာလည်း ယုံကြည်ချက်က အပြည့်ရှိပြီးသားဆိုတော့ တိတိကျကျ လိုက်နာကုသတာ ခုနစ်ရက်နဲ့ ထူးထူးခြားခြားဖြစ်လာတယ်။

အဲ…တစ်နေ့ အတူတူ ဆွမ်းစားနေစဉ် ဘုန်းကြီးက အဲဒီဦးပဉ္ဇင်းကို "ဦးပဉ္ဇင်းရာ အစားတွေ ရှောင်မနေပါနဲ့၊ သူ့ဆေးစွမ်းရင် စားချင်တာစား ပျောက်မှာပေါ့" လို့ ပြောလိုက်တယ်။

အဲဒီလိုပြောတော့ အဲဒီ ဦးပဥ္စင်းက " ဦးပဥ္စင်း တပည့်တော်ကို ကြည့်၊ တပည့်တော် နဂိုက ရေလည်း မချိုးရဲဘူး၊ အစားလည်း မစားရဲဘူး၊ အခု ရေလည်း ချိုးနိုင်၊ အစားလည်း စားနိုင်ပြီ၊ ဝလာပြီ၊ အားရှိလာပြီ အစာလည်း ဆေး. ဆေးလည်း အစာ ဆိုတာ အရှိသားပဲ မဟုတ်လား " လို့ ဘုန်းကြီးကို ပြောလိုက်တယ်။

စားနေစဉ် အဲဒီလို ပြောလိုက်တော့ ဘုန်းကြီးလည်း ချက်ချင်း သဘောပေါက်သွားတယ်၊ သြော် . . . ဟုတ်သားပဲ၊ တည့်တဲ့အစာတွေ အများကြီးစားရင် ကိုယ်နဲ့ သင့်တင့်လျောက်ပတ်တဲ့ အစာတွေ အများကြီးစားရင် ဆေးစားစရာ ဘယ်မှာ လိုတော့မှာလဲ။

ဆေးဆိုတာ သင့်တင့်တဲ့ အမြစ်. အခု. အသီးအရွက်တွေကို ထုထောင်း အမှုန့်ပြု အလုံးပြုပြီးတော့ အနည်းငယ် ကလေးစားရတာ၊ အဲဒါတောင် ရောဂါပျောက်ရင် တည့်တဲ့ အသီးအရွက်. အပွင့်. အမြစ်. အခုတွေကို အစာအဖြစ် များများစားရင် ဘာဆေးစားစရာ လိုသေးလဲ၊ မလိုတော့ပါဘူး။

ပြီးတော့ -

မတည့်တဲ့အစာတွေ အများကြီး စားထားပြီးမှ သင့်တင့်တဲ့ ဆေးကလေး အနည်းငယ်စားတော့ အစာဖျက်နေရတာနဲ့ ရောဂါဆီတောင် ဆေးက ရောက်မှာမဟုတ်တော့ဘူးလို့ သဘောပေါက်သွားတယ်။

အဲဒီလိုလည်း သဘောပေါက်သွားရော နောက်နေ့ကစပြီး တည့်တဲ့အစာပဲ စားပြီး ဆရာညွှန်ကြားချက်အတိုင်း လိုက် နာလိုက်တာ ရောဂါလည်း ရှင်းရှင်းပျောက်သွားတယ်။

နောက်တော့ ဆေးမစားဘဲ တည့်တဲ့အစာတွေပဲ စားနေရာက တစ်နှစ်မှာ တစ်ခါမှ မဖျားတော့ဘူး။

ဒါ့ကြောင့် ဒကာ မှတ်ထားရမှာက အစာဆိုတဲ့နေရာမှာ မိမိနဲ့ သင့်မြတ်မယ့်အစာဟာ မိမိအတွက် ဆေးပဲ၊ ဆေးဆို တာလည်း ဆေးတိုင်း မဟုတ်ဘူး၊ မိမိနဲ့ သင့်မြတ်တဲ့ဆေးဟာ မိမိအတွက် စားရတဲ့ အစာပဲလို့မှတ်ပြီး ကြိုးစားပြီး စားရမယ်လို့ မှတ်ထား၊ ဟုတ်လား "

" မှန်ပါဘုရား "

" အဲဒီလို ကျန်းမာနေရာမှ အောက်ပိုင်း ချွေးမထွက်ဘဲ အပေါ်ပိုင်း ချွေးအထွက် များနေတာနဲ့ ဆေးဆရာတစ်ယောက် ကို အကျိုးအကြောင်း ပြောပြတော့ ဆေးဆရာက သူ့ဆေးနဲ့ အဲဒီကုသချက် အညွှန်းကို ပေးတယ်၊ အဲဒီ အညွှန်း ဒကာကပဲ ဖတ်ကြည့်ပေတော့ . . .

ဆရာတော်ဘုရား . . .

၂၄ - ၃ - ၈၅

ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။ အနည်းငယ် လေ့လာထားသော ဒေသနာနယ ဆေးပညာကို အခြေခံ၍ ဆရာတော်ဘုရား၏ ကျန်းမာရေးကို ဘုရားတပည့်တော် လျှောက်ထားပါရစေဘုရား။

ဆရာတော်ဘုရား၏ မူလဘူတရုပ်ခံမှာ သင်္ဂဟိတ. ဝါ အကြောင်း သီတတေဇော. အဖ္ဖုတ္တ ပထဝီလွန်. စားကောင်း ခြင်း၊ အိပ်ပျော်ခြင်း. ဓာတ်မှန်ခြင်း ဖြစ်၍ ဗဟိဒ္ဓ အာပေါလွန်သော ရုပ် ဖြစ်ပါသည်။

အဖ္ဖုတ္တ ပထဝီလွန်ကဲမှုကြောင့် အားအင်လျော့ပါးခြင်း မရှိဘဲ လုပ်မြဲတိုင်း အလုပ်တို့ကို လုပ်နိုင်ပါသည်။ ပထဝီ ဓာတ်တွင် အသားပထဝီတို့မှာ နူးညံ့ပါ၍ ပထဝီဓာတ်၌ တည်သော ဝါယောဓာတ်သည်လည်း နူးညံ့ပါသည်။

ဥပမာ - မြေပျော့တွင် အထက်သို့ ခုန်ခြင်းက မြေမာတွင် အထက်သို့ ခုန်ခြင်းလောက် အမြင့်မတက်နိုင်သလို ဝါဂွမ်းချင်း ရိုက်ပါက သံ.သံချင်း ရိုက်သလောက် အသံမပြည်နိုင်ပါ။

ဗဟိဒ္ဓ အာပေါ လွှန်ကဲသည့်အတွက် နာစေးခြင်း၊ အသံမာမာစူးစူး မထွက်ခြင်း စသည်တို့ ဖြစ်ရပါသည်။ ခန္ဓာကိုယ်ထဲတွင် လွှန်ကဲနေသော အရသာများမှာ အေး. ချို. ဆိမ့်. ဖန်တို့ ဖြစ်ပါသည်။

ခန္ဓာကိုယ်အတွင်း၌ အေး. ချို. ဆိမ့်. ဖန် အရသာ လွှန်ကဲ၍ အရေထူ အရေပါးကြားတွင် ဖန်သောအရသာ လွှန်ကဲပါသည်။ ယခုဖြစ်ပွားနေသော အနာရောဂါမှာလည်း ပြုဟန အာပေါဓာတ် လွှန်ကဲ၍ ဖြစ်ပွားပါသည်။

ပုဂ္ဂိုလ်တစ်ယောက် ကျန်းမာစေရန် စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဓာတ်မှန်ခြင်းတည်း ဟူသော ပထဝီဓာတ်၏ အင်္ဂါရပ်များ လိုအပ်သလို အာကာသဓာတ်လည်း လိုအပ်ပါသည်။

အာကာသဓာတ် ရှိသူသည် ညောင်းညာခြင်း၊ ကိုက်ခဲခြင်း၊ ထုံကျဉ်ခြင်း၊ တင်းခြင်း၊ တောင့်ခြင်း၊ ခေါင်းအုံခြင်း၊ နာစေးခြင်း၊ ဇက်လေးခြင်း၊ နားလေထွက်ခြင်း စသည်တို့ မဖြစ်နိုင်ပါ။

ဥတုရဲ့အထောက်အပံ့ယူသော နွေဥတုတွင် ဓာတ်အနည်းငယ် ချုပ်ခြင်း၊ ပွင့်ကန်နေခြင်းကို နှစ်သက်ခြင်း၊ အသားအရေ အေးနေ၍ ချွေးတစိုစို ထွက်နေခြင်းကို နှစ်သက်ခြင်း၊ ဆီးဝါခြင်း၊ သွားသည့်အကြိမ် နည်းခြင်း၊ သွားသည့် အရည်ပမာဏ နည်းခြင်းကို ဥတုက နှစ်သက်ခြင်း၊ စားမကောင်းခြင်း (ဆောင်းဥတုလောက် စားမကောင်းခြင်း) စသော အချက်များသည် နွေဥတုတွင် ဖြစ်ရမည့် အချက်များဖြစ်၍ ၎င်းနှင့်ဆန့်ကျင်ပါက ထိုပုဂ္ဂိုလ်၏ ကျန်းမာရေးချို့ယွင်းမည်မှာ သေချာပါသည်။

ထို့ကြောင့် ယခုအခါ အခိုးပွင့်ခြင်းကို နှစ်သက်ပါ၍ အခိုးပွင့် လေကြေသောဆေးကို ပေးရပါသည်။ ဆေးတစ်ခွက်စာမှာ မန်ကျည်းစေ့ သုံးစေ့ခန့် ဖြစ်ပါသည်။ ဆေးကို နံနက်၊ နေ့လယ် ညဉ့် သုံးကြိမ်သောက်ရပါမည်။ ဆေးသောက်ပြီးတိုင်း ရေနွေးအဖြူ ပူပူသောက်ပေးရပါမည်။

ဤဆေးသည် ဆေးပူ မဟုတ်ပါ။ ဓာတ်မျှသော အခိုးအာကာသကို ရစေသော ဆေးဖြစ်ပါသည်။ အဖျား ၁၀၄ F ၁၀၅ F ဒုဟဖျားများကို တိုက်၍ လက်တွေ့ပျောက်ကင်းစေသော ရှေးသမားတော်ကြီးများ၏ လက်စွဲဆေးကောင်းတစ်လက် ဖြစ်ပါသည်။ အနည်းဆုံး ယခု တစ်ပုလင်းကုန်အောင် သုံးဆောင်တော်မူပါ။

နပ်ချိုပါသောဆေးကို ဓာတ်အလွှန်ချုပ်၍ ခေါင်းအုံ ဇက်လေးသည့် အခါတွင်သာ စားသုံးပေးပါ။ နေ့တိုင်းစားသုံးလိုက မိုးဥတုတွင် ဆားလျော့ထည့်၍ စားသင့်ပါသည်။

ကုထုံးတွင် အောက်ပိုင်း ချွေးမထွက်သည့်နေရာကို လိမ်းဆေး လိမ်းသင့်သော်လည်း ဆရာတော်၏ ခြေထောက်တွင် အသားအရေ ကြည်လင်ခြင်း၊ အက်ကွဲနေခြင်းကို မတွေ့ရသည့်အတွက် အခိုးအာကာသရှိသဖြင့် လိမ်းဆေးပေးရန် မလိုဟု ယူဆပါသည်။

ဆေးသောက်ပြီး တစ်နာရီအတွင်း၌ ရေမချိုးပါနှင့်။ ဆရာတော်အနေနှင့် ရှာသက်ပန် ရှောင်သင့်သော အစာများမှာ အုန်းသီး၊ အုန်းနို့၊ မြေပဲ၊ ကောက်ညှင်း၊ ထောပတ်၊ နွားနို့၊ ဝက်သား၊ ဘဲသား စသော အေးချိုဆိမ့်သော အရသာရှိသည့် သီတပထဝီစာများ၊ လက်ဖက်စို၊ လက်ဖက်ရည်ချို၊ မန်ကျည်းသီးစိမ်း စသော ဖန်သော အရသာရှိသည့် သီတအာပေါစာများ ဖြစ်ပါသည်။

နွေဥတုတွင် အဖွဲ့ဓာတ်၊ အဖိဓာတ်များသော သဘော်သီးမှည့်ကို ရှောင်သင့်ပါသည်။ ခန္ဓာကိုယ်အောက်ပိုင်း တင်းခြင်း၊ တောင့်တင်းများပါက ပြုဟနအာပေါဓာတ်များသော ငှက်ပျောသီးကို ရှောင်သင့်ပါသည်။

နေ့ဥတုနှင့် အလိုက်ဆုံးအစာမှာ ဒူးရင်းသီးကို ဆား.သင့်ရုံ စားကောင်းရုံ ထည့်၍ သုံးဆောင်သင့်ပါသည်။ ဆားသည် အစာကြေ၊ လေကျ၍ ဒူးရင်းသီးသည် ဥက္ကာ့ပထဝီ အာကာသဓာတ် လွန်ကဲသောကြောင့် အာကာသ ရစေပါသည်။ ယခုအတိုင်း ဒူးရင်းသီးနှင့် ဆားကို သုံးဆောင်ပေးပါက ၎င်းတစ်မျိုးတည်းနှင့်ပင် ဆရာတော်၌ ဖြစ်ပွားနေသော ကာယိကဒုက္ခဝေဒနာ ပျောက်ကင်းနိုင်ပါသည်။

သရက်သီးမှည့်နှင့် နာနတ်သီးတို့သည်လည်း အလွန်သင့်သော အစာများ ဖြစ်ပါသည်။ ဟင်းလျာအနေဖြင့် ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ကြာဟင်း၊ ကန်စွန်း၊ မုန်လာ၊ မုန်ညင်း၊ ဆိတ်ဖူး၊ သရက်ကင်းဥ၊ ရှောက်သီး၊ ရှောက်ရွက်၊ သံပုရာ၊ ချဉ်ရည်ဟင်း စသည်တို့ ဖြစ်ပါသည်။ မန်ကျည်းဖျော်ရည်သင့်ပါသည်။

သို့ပါသော်လည်း အတ္တနော သဘာဝ ဓာရေတီတိဓာတုဟူသော စကားအရ ဓာတ်လက္ခဏာတို့သည် ဣရိယာပုတ်၊ အစာအာဟာရ၊ ဥတု၊ ရာသီတို့သည် နံနက်နှင့် နေ့လယ်၊ ညနေ သို့မဟုတ် ညနှင့် နေ့တို့ကို လိုက်၍ ပြောင်းလဲကြပါသည်။ သို့ပါ၍ သဗ္ဗကာလေ လက္ခဏာမေဝ ဣစ္ဆိတဗ္ဗံပါဘုရား။

ဆွမ်းစားနေစဉ် နာရည်ယိုစီးခြင်းမှာ ပထဝီဓာတ်ဝင်သဖြင့် ပထဝီဓာတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝါယောဓာတ်တို့သည် ပြေးလွှားကြလေရာ သဘာဝအတိုင်း အထက်သို့ ဆောင်တက်ရာ အာဗန္ဓန အာပေါဓာတ်၏ သတ္တိကြောင့် အကျဉ်းမိကာ အထက်ကိုယ်တွင် နာရည်ယိုခြင်း အကျိုးထင်ရပါသည်ဘုရား။

"အခု အရှင်ဘုရား ဘယ်လိုနေပါသလဲဘုရား"

"အဲဒီလို အစာကို သတိပြုလိုက်တော့ မဖျားတော့ဘဲ အစာစားတိုင်း နာရည်ယိုတာ တစ်ခုပဲ ကျန်တယ်၊ အဲဒါတော့ ဘယ်ဆရာနဲ့မှ အဆင်မပြေပါဘူး၊ သေမှ ပျောက်မယ်နဲ့တူပါတယ်"

"တပည့်တော် အစာလည်း ဆေး၊ ဆေးလည်း အစာကို သဘောပေါက်ပါပြီဘုရား"

✦ အစာလည်း ဆေး၊ ဆေးလည်း အစာ၊ ဤနှစ်ဖြာ သေချာမှတ်သားပါ။

✦ တည့်သည့်အစာ၊ ဆေးကိုသာ၊ သေချာမှတ်ကာ၊ စားလေပါ။

✦ မတည့်သည့်အစာ၊ ဆေးတို့မှာ၊ ဝေးစွာရှောင်ရှား၊ နေလေပါ။

✦ မတည့်လျှင် ဘေး၊ တည့်လျှင် ဆေး၊ ဘေး.ဆေး နှစ်ဖြာ ခွဲသိပါ။

✦ တန်ဆေး.လွန်ဘေး၊ ဆေးနှင့်ဘေး၊ မြင်တွေး ခွဲသိနိုင်ရမှာ။

# အုန်း,ငှက်ပျော,ကန်တော့ပွဲများ ဘုရားမှာ အမြဲတင်ထားသင့်ပါသလား ဘုရား

(၂၃၆)

အလှူသည် အမျိုးမျိုးရှိ၏။ ယင်းအမျိုးမျိုးသော အလှူကို လှူရာ၌ အပြစ်မဖြစ်၊ အကျိုးများအောင် လှူတတ်ဖို့ရာ အလှူနှင့် ပတ်သက်၍ ကျွမ်းကျင်သူ၊ နားလည်သူနှင့် မလှူမီ တိုင်ပင်နှီးနှောပြီးမှ လှူပါလျှင် ပို၍ကောင်းပါ၏။

အလှူဆိုသည်မှာ ဦးစွာပထမ လှူသူက အကုန်အကျခံပြီး၊ အပင်ပန်းခံပြီး၊ အလုပ်ပျက်ခံပြီး မိမိရှိတာကို ခြိုးခြံပြီး လှူရတာဖြစ်၍ အကျိုးရှိအောင် လှူတတ်ဖို့ အကျိုးများအောင် လှူတတ်ဖို့ရာ အရေးကြီးလှပါသည်၊

အလှူသည် အကြမ်းဖျင်းအားဖြင့် သူတော်ကောင်းအလှူ၊ မသူတော်အလှူဟူ၍ နှစ်မျိုးရှိပါသည်။ အများအားဖြင့် လူတို့သည် လှူလျှင် သူတော်ကောင်းဖြစ်သည်။ သူတော်ကောင်းမို့လို့ လှူသည်ဟုပဲ ထင်မြင်ယူဆကြသည်။ ယင်းသို့ ယူဆပြီး အမှတ်မဲ့ လှူသူတွေကသာ များသည်။

"နိူင်းနိူင်းချိန်ချိန် သုခမိန်" ဆိုသလို သုခမိန်အနေနှင့် နိူင်းချိန်စဉ်းစား၍ လှူသူတို့မှာ အတော်ပင် ရှားပါးပါသည်။ မရှားပါးသူ တစ်ယောက်နှင့် မိမိ တစ်ခါက တွေ့ခဲ့၏။

"ဆရာတော်ဘုရား . . . ဘုရားတပည့်တော်၏ အခက်အခဲ ရင်ဆိုင်ရသည်များကို ဆရာတော်ဘုရားထံ လျှောက်ထားလိုပါတယ်ဘုရား။

ဘုရားတပည့်တော်ရဲ့ အခက်အခဲကို ဆရာတော်ဘုရားက ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ ယူဆယုံကြည်ပါတယ်ဘုရား၊ ဘုရားတပည့်တော်မှာ တရားအားထုတ်ရန် များစွာလိုသေးတယ်လို့ သဘောပေါက်ပါတယ်ဘုရား၊

ယခု လျှောက်ထားလိုသည်မှာ တရားအားထုတ်ရေးနဲ့ မပတ်သက်ပါဘုရား၊ ကိုးကွယ်မှုနှင့် ပတ်သက်ပါတယ်ဘုရား။

အဲဒီ ကိုးကွယ်မှုကလည်း ဘုရားတပည့်တော်အတွက် မဟုတ်ဘဲ ကို(......)နဲ့ မ(......)တို့အတွက် ဖြစ်ပါတယ်ဘုရား။

အုန်းသီး၊ ငှက်ပျောသီး ကန်တော့ပွဲတို့ဖြင့် ဘုရားရှေ့မှာ အမြဲတင်ထားသင့်ပါသလား ဘုရား၊

"မတင်ထားသင့်ဘူး"

"မတင်ထားသင့်ကြောင်း ရှင်းပြပါဘုရား"

"ရှင်းပြရမယ်ဆိုရင် နည်းနည်းတော့ ရှည်မယ်နော်၊ ဒကာ နားထောင်နိုင်ပါ့မလား"

"မှန်ပါ၊ ရှင်းပါဘုရား၊ နားထောင်လို၍ သက်သက်လာခြင်းပါဘုရား"

"ဘုန်းကြီးတို့ သာသနာတော် အလိုအားဖြင့် အစာအာဟာရအကျိုးငှာ နံ့စေတတ်တဲ့ အလုံးစုံသော ခဲဖွယ်၊ ဘောဇဉ်တို့ကို ယာဝကာလိက လို့ ခေါ်တယ်၊ နေမလွဲမီ. မွန်းမတည့်မီအတွင်းမှာ စားသုံးကောင်းတယ်။

သပြေ၊ သရက်၊ မုဒရက်၊ ဇက်သက်၊ သစ်မည်စည်၊

တော၊ အိမ်ငှက်ပျော၊ ကြာစွယ်နော၊ မှတ်လော ရှစ်ဖျော်ရည်၊

ဆိုတဲ့အတိုင်း သပြေသီး၊ သရက်သီး၊ တောငှက်ပျောသီး၊ အိမ်ငှက်ပျောသီး စသည်တို့ကို ရေအေးဖြင့် နယ်၍စစ်၍ ပြုအပ်တဲ့ အဖျော်ရည်ရှစ်မျိုးကို ယာမကာလိက လို့ခေါ်တယ်၊ နေလွဲပြီးကနေ အရုဏ်တက်သည့် အတွင်းမှာသာ သောက်ကောင်းတယ်၊ အဲဒါတောင် ဆာလောင်မွတ်သိပ်ခြင်းအကြောင်း ရှိမှတဲ့၊ မဆာမမွတ်ရင် မသောက်ကောင်းဘူးတဲ့။

ထောပတ်၊ ဆီ၊ ဆီဦး၊ ပျား၊ တင်လဲ တို့ကို သတ္တာဟကာလိက လို့ ခေါ်တယ်၊ ဖျားနာခြင်းအကြောင်း ရှိသော် ခုနစ်ရက် အတွင်း သုံးဆောင်အပ်တယ်၊ ခုနစ်ရက်ကျော်လျှင် မသုံးဆောင်အပ်ဘူး။

အာဟာရကိစ္စကို မပြီးစေတတ်တဲ့ သစ်ဥ၊ သစ်မြစ်၊ သစ်ပွင့်၊ သစ်သီး စသည်တို့ကို ယာဝဇီဝက လို့ ခေါ်တယ်၊ အကပ် ခံပြီးရင် ဖျားနာခြင်းအကြောင်း ရှိသော် အသက်ထက်ဆုံး သုံးဆောင်အပ်ပါတယ်။

ဒီနေ့ အကပ်ခံတဲ့ ယာဝကာလိက၊ ယာမကာလိက တို့ကို နောက်နေ့မှစ၍ သုံးဆောင်ရင် "သန္နိဓိ ပါစိတ်အာပတ်" သင့်တယ်။

ကဲ . . . ဒီမှာကြည့်၊ အုန်းသီး၊ ငှက်ပျောသီးဆိုတာ ယာဝကာလိက ခေါ်တယ်၊ တစ်နံနက်သာ အပ်တယ်၊ အကပ်ခံ ပြီးရင် မွန်းမလွဲမီ တစ်နံနက်သာ အပ်တယ်၊ နောက်နေ့၊ နောက်နေ့ထားရင် "သိန္နိဓိ(သိုမှီး)မှု"ဖြစ်သွားပြီး သိုမှီးစားရင်"သန္နိဓိ ပါစိတ်အာပတ်"သင့်တယ်။

ဒါကြောင့် အဲဒီ အကပ်ခံပြီး ဘုရားကပ်ပြီး တစ်နံနက်သာ စားအပ်တဲ့ အုန်းသီး၊ ငှက်ပျောသီးလို ကန်တော့ပွဲမျိုး တွေဟာ ဘုရားရှေ့မှာ ခုနစ်ရက်၊ ခုနစ်လီ စသည်ဖြင့် တင်ထားသင့်သလား၊ မသင့်လားဆိုတာ ဒကာ့ဉာဏ်နဲ့ပဲ ဆုံးဖြတ် တော့"

"မတင်ထားသင့်ပါဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတို့ ဘုရားကို သိုမှီးသိမ်းဆည်းထားပြီး စားသုံးခိုင်းရာ မရောက်ဘူးလား"

"ရောက်နေပါတယ်ဘုရား"

"အသက်ထင်ရှား ဘုရားဆိုရင် ထားခွင့်ပြုမှာလား၊ မပြုဘူးလား"

"မပြုပါဘုရား"

"အေး . . . အဲဒီ သိုမှီးစားသုံးမှု အကြောင်းအရာကို အတ္ထုပ္ပတ္တိနဲ့တကွ ဘုန်းကြီးပြောပြမယ်၊ ဘုရားရှင်လက်ထက်က ပေါ့၊ ရသေ့ညီနောင် ရှင်တစ်ထောင်ထဲမှာ ပါတဲ့ အရှင်ဗေလဋ္ဌသီသ ဆိုတာ ရှိတယ်၊ သာမည မဟုတ်ပါဘူး၊ အရှင်အာနန္ဒာရဲ့ ဥပဇ္ဈာယ်ဆရာကြီးပါ။

အဲဒီ အရှင်မြတ်ဟာ ဇေတဝန်ကျောင်းတိုက်ရဲ့ အနီးဖြစ်တဲ့ ကမ္ဗဋ္ဌာန်းကျောင်း၌ သီတင်းသုံးတော်မူကာ ဖလသမာ ပတ်ကို ဝင်စားတော်မူလေ့ ရှိပါတယ်။

အဲဒါကြောင့် အရှင်မြတ်သည် ဆွမ်းများ ရလာပြီဆိုရင်ဟင်းမပါတဲ့ ပိုနေတဲ့ဆွမ်းကို အခြောက်လှမ်းပြီးရင် သိမ်းထားတယ်၊ သမာပတ်မှ ထတဲ့အခါ ဆွမ်းခံမထွက်တော့ဘဲ အဲဒီဆွမ်းခြောက်ကို ရေဖြင့်နှူးပြီး ဘုဉ်းပေးကာ သမာပတ် ပြန်ဝင်စားနေတယ်။

အဲဒီနည်းအတိုင်း ဆွမ်းခြောက်ကို ဘုဉ်းပေးကာ ရက်သတ္တပတ် အတော်များများကြာမှ ဆွမ်းခြောက်ကုန်မှပေ့ါ၊ ဆွမ်းခံဝင်လေ့ ရှိတယ်။

အခြားရဟန်းတော်များက "ကြာလှမှ တစ်ခါ၊ တစ်ခါ ဆွမ်းခံဝင်ခြင်းရဲ့အကြောင်း" ကို မေးလျှောက်ကြတဲ့အခါ ဆွမ်းခြောက်ကို သိုမှီးပြီး သုံးဆောင်စားနေကြောင်းကို ရိုးသားစွာ အမိန့်ရှိလိုက်ပါတယ်။

အဲဒီလို အမိန့်ရှိလိုက်တဲ့အခါမှာ အချို့သော ရဟန်းတော်တွေက ကဲ့ရဲ့ ပြီး ဘုရားရှင်အား လျှောက်ထားကြတယ်၊ ဘုရားရှင်က ဒီကိစ္စသည် ရသမျှနှင့် မျှတရောင့်ရဲသော၊ မြိုးခြံသော အကျင့်ဖြစ်၍ အပြစ်မရှိသော်လည်း လူများသိလျှင် အပြစ်တင်စရာ ဖြစ်၍ -

"အကြင်ရဟန်းသည် သိုမှီးသိမ်းဆည်းမှုကိုပြုခြင်းရှိသော ခဲဖွယ်ကိုသော်လည်းကောင်း၊ ဘောဇဉ်ကိုသော်လည်းကောင်း ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့ ပါစိတ်အာပတ် သင့်၏"

လို့ သိက္ခာပုဒ်ကို ပညတ်တော် မူလိုက်ပါတယ်။

အဲဒီ သိက္ခာပုဒ်ကြောင့် ဘုရားရှင်နဲ့ ရဟန်းသံဃာတော်တို့ဟာ နံနက်ပိုင်းမှာ အကပ်ခံပြီးတဲ့ ခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်လို့ ပိုလျှံရင် လူ့.သာမဏေတို့အား အာလယပြတ် စွန့်ပစ်ရပါတယ်။ အဲဒီလို အာလယပြတ် စွန့်ပစ်တာကို လူ့.သာမဏေတို့က နောက်နေ့မှာ ပြန်ကပ်ရင်တော့ စားသုံးကောင်းပါတယ်။

အာလယပြတ် မစွန့်ဘဲနဲ့ နောက်အတွက်ဆိုပြီး အာလယနဲ့ သိမ်းထားမယ်၊ သိမ်းထားခိုင်းမယ်ဆိုရင် သိုမှီးခြင်း ဖြစ်သွား၍ မစားထိုက်တော့ပါ။ စားသုံးရင် သန္နိဓိပါစိတ် အာပတ်သင့်ပါတယ်။

အဲဒီလို သိမ်းထားတာ မပြောပါနဲ့ သပိတ်၊ ခွက်၊ ပန်းကန်၊ လက်ဖက်ရည်ကရား စသည်များ၌ ထည့်၍ စားသောက်ပြီးနောက် အဲဒီ သပိတ် စသည်နဲ့တကွ အကြွင်းအကျန်ကို လူ့.သာမဏေတို့အား မပေးစွန့်ဘဲ သပိတ် စသည်တို့ကို ကိုယ်တိုင်ဆေးကြောရာဝယ် မစင်ကြယ်၍ အာမိသ ကပ်ကျန်နေရင် နက်ဖြန်နံနက်၌ အခြား အာမိသနဲ့ ရောနော၍ ဝမ်းတွင်းသို့ ဝင်သွားပါက သန္နိဓိပါစိတ် အာပတ်သင့်ပါတယ်၊ ကဲ ... ဒီတော့ သိုမှီးမှုဟာ အပြစ်မကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

"အေး ... သိုမှီးမှုအပြစ်ဟာ ကြီးပါတယ်၊ အဲဒီအတွက် ရှေးပညာရှိအကျော် ဆရာတော်တို့က သိုမှီးမှု မဖြစ်စေရန် ဒီလို ဆုံးမခဲ့ကြတယ်။

မိခင် ဖခင်တို့သည် အဆိပ်သီးကို စားဆဲ၊ စားလတ္တံ့. ဖြစ်သော သားငယ်၊ သမီးငယ်၊ မလိမ္မာသူတို့ကို မြင်လျှင် အလွန်စိုးရိမ်ကြောင့်ကြခြင်း ဖြစ်သကဲ့သို့ မဟာကရုဏာတော်ရှင် ဘုရားရှင်သည် မအပ်မရာ သုံးဆောင်စားသောက်ကုန်သော တပည့်သားတော်တို့ကို အလွန် ကြောင့်ကြတော်မူပါတယ်။

အဲဒါကြောင့် ရှင်တော်မြတ်ဘုရား၏ရွှေမျက်နှာတော်ကို ရှုမြော်ထောက်ထားသောအားဖြင့်လည်းကောင်း၊ သံသရာဝဋ်ဆင်းရဲကို အဖန်တလဲလဲ ရှုမြင်သဖြင့်လည်းကောင်း ရှင်တော်မြတ်၏ ရွှေနှလုံးတော်ကို ချမ်းမြေ့စေတတ်သော လူ့. နတ်. နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပြီးစေတတ်သော သူတော်ကောင်းတို့၏ သူတော်ကောင်းအကျင့်ကို ဖြောင့်မတ်စွာ ကျင့်တော်မူနိုင်ကြစေသတည်းလို့ ဆုံးမခဲ့ကြတယ်။

ပြီးတော့ တရားသဖြင့် ရအပ်တဲ့ ပစ္စည်းဖြစ်လျက် သိုမှီးမှုကို ဖြစ်စေ၍ သုံးဆောင်မိသဖြင့် အာပတ်သင့်ခြင်းသို့ ရောက်သော ငါသည် မှန်မြတ်လှစွာသော ဝက်သားကို အဆိပ်နှင့် ရော၍ သုံးဆောင်မှားသော ယောက်ျားနှင့် တူလေစွတကား။

ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ဘုရားသားတော် ဖြစ်ထပြီးလျက် သိက္ခာ၊ သီလဥ္စ ရှိသေလေးစားမှု မပြုခြင်းကြောင့် အပါယ်ဆင်းရဲကို တွေ့ရချေက အလွန် မသင့်လွန်းပါတကားလို့ မိမိကိုယ်ကို သွန်သင်ဆုံးမ၍ သိုမှီးသိမ်းဆည်း စားသုံးခြင်းမှ လွတ်အောင် ကြိုးစားအားထုတ်တော် မူနိုင်ကြပါစေကုန်သတည်းလို့ ဆုံးမခဲ့ကြတယ်၊

အဲဒီလောက် ဘုရားရှင်လည်း စက်ဆုပ်၊ ဘုရားတပည့်ကြီးဖြစ်တဲ့ အကျော်အမော် ဆရာတော်ကြီးများလည်း စက်ဆုပ်တဲ့ သိုမှီးမှုကို ဘုရားရှင်အား ပြုခိုင်းသည့်ပမာ ဘုရားရှေ့မှာ အုန်းပွဲ၊ ငှက်ပျောပွဲများ၊ အခြား သစ်သီးပွဲများကို နေမွန်းလွဲသည့်တိုင်အောင် မကပ်ထားသင့်ဘူးဆိုတာ ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

"အေး...အများကြီး မတတ်နိုင်ရင်လည်း တစ်နေ့ သုံးလုံး သုံးလုံးတင်၊ သို့မဟုတ် ငါးလုံး ငါးလုံးတင်၊ စွန့်လိုက်လည်း မရဘူးလား"

"ရပါတယ်ဘုရား"

"အများကြီးပဲ တင်ထားပေမဲ့ တစ်ခါလှူပဲဖြစ်၍ အကျိုးက တစ်ခါပဲ ရပြီးသားပါ၊ နောက်နေ့တွေအတွက် အကျိုးထူး ရဦးမှာလား"

"မရတော့ပါဘုရား"

"အေး...အဲဒီလို ကန်တော့ပွဲ နည်းနည်း များများ နံနက်ပိုင်းတင်၊ မွန်းမလွဲမီ ပြန်ချ ဟုတ်လား"

"မှန်ပါဘုရား"

✦ ဘုရားလှူရာ သေချာစွာ သိကာ လှူရမည်၊

✦ မအပ်မရာ ပေးလှူတာ သေချာရှောင်ရမည်၊

✦ အပ်ရာလှူလည်း ချိန်မလွဲ စွန့်ဖဲပစ်ရမည်၊

✦ ချိန်လွန်လေက အပ်ရာက ဖြစ်စွမအပ်မည်၊

✦ မအပ်မရာ စားသုံးကာ ပမာအဆိပ် တူလေသည်၊

✦ မအပ်မရာ စားသုံးကာ ပါယ်ရွာလားလေမည်၊

✦ ထို့ကြောင့် သူငါ များသတ္တာ အပ်တာမအပ်သိသင့်သည်၊

# မပြုကောင်းတဲ့ ကုသိုလ် ရှိပါသလားဘုရား

## (၂၃၇)

အမေးပုစ္ဆာ ပြဿနာတို့သည် များပြားလှကုန်၏။ အဆုံးကို မမြင်နိုင်အောင် များပြားလှကုန်၏။ အမေးပုစ္ဆာပြဿနာ မေးသူတို့သည်လည်း အမျိုးမျိုး ရှိကြကုန်၏။

အချို့မှာ မိမိအတွက် မရှင်းလင်း၍ သိချင်သည့်အတွက် မေးကြသည်။ အချို့မှာ မိမိအနေနှင့် ရှင်းလင်းသော်လည်း အများသိစေလို၍ မေးကြသည်။

ဤသို့ စသည်ဖြင့် မေးမြန်းသူတို့၏ နှလုံးသွင်း အာဘော်တို့သည် အမျိုးမျိုး ရှိသလို အမေးပုစ္ဆာ ပြဿနာများလည်း အမျိုးမျိုးပင် ရှိကြပါသည်။ မဆုံးနိုင်အောင် များပါကုန်၏။

ထိုအမေးပုစ္ဆာ ပြဿနာများမှာ ဗုဒ္ဓဓမ္မနှင့် ဆိုင်ရာပြဿနာများကို မိမိသည် အများအတွက် ရေးသားခဲ့ရာ ယခု ဗုဒ္ဓဓမ္မပြဿနာများ (၁၀) သို့ပင် ရောက်ခဲ့ပါပြီ။ ယခုလည်း အမေးများကို မေးဆဲပင် ဖြစ်ပါသည်။

တစ်နေ့ မိမိ၏ မိတ်ဟောင်းဆွေဟောင်း အရှင်ကောင်းတစ်ပါးနှင့် ဆုံမိ၏။ သူက တွေ့လျှင်တွေ့ချင်း -

"ဘာစာတွေ ရေးနေသလဲ"

ဟု နှုတ်ခွန်းဆက်လေ၏။

မိမိအကြောင်းကို သိသူအတော်များများက မိမိကို တွေ့လျှင် "ယခု ဘာစာတွေ ရေးနေသလဲ" ဟုသာ စတင်မေးလေ့ ရှိပါသည်။ ယခုလည်း မိမိ မိတ်ဆွေဟောင်းက ယင်းအတိုင်းပင် မေးခြင်းဖြစ်ပါသည်။

"ယခုတော့ ဘာစာမှ မရေးအားပါဘူး"

"ရေးစမ်းပါ၊ ပြဿနာ မေးချင်လို့ပါ"

"ပြဿနာ မေးချင်ရင်တော့ မေးပေါ့၊ ဖြေပြီး မှတ်ထားမှာပေါ့၊ နောက်ရေးတော့ ထည့်ရေးလိုက်တာပေါ့"

"ကဲ ... မေးမယ်၊ ဒါဖြင့် ဖြေပေတော့၊ မပြုကောင်းတဲ့ကုသိုလ် ရှိပါသလား"

"အပြစ်ကင်း၍ ကောင်းသောအကျိုးပေးခြင်း လက္ခဏာရှိတဲ့ ကုသိုလ်ဆိုရင် မပြကောင်းတဲ့ ကုသိုလ်ရယ်လို့ ဘယ်ရှိပါ့မလဲဘုရား၊ ကုသိုလ်ဆိုရင် ပြကောင်းတာချည်းပဲပေါ့"

"ပြဿနာဆရာကြီး သတိထားပြောနော်၊ ကဲ ... အရှင်ဘုရားတို့ တရားပွဲကြွတဲ့အခါ လမ်းမှာ အမျိုးသမီးများ ဝပ်ပြီး ဆံပင်ဖြန့်ခင်းတဲ့ ကုသိုလ်လုပ်တာ ကြုံဖူးပါသလား"

"ဟာ ... ကြုံဖူးတာပေါ့"

"ကဲ ... အရှင်ဘုရား နင်းကြွသလား၊ ရှောင်ကြွသလား၊ ကျော်ကြွသလား"

"ဟာ ... ဘယ်နင်းကြွမလဲ၊ ဘေးမှာလည်း ပရိသတ်တွေ ရှိနေတော့ ရှောင်ကြွလို့လည်း မဖြစ်ဘူး၊ ဒီတော့ သူ့ဆံပင်ကို မထိမိအောင် ကျော်ကြွရတာပေါ့"

"ကဲ ... အဲဒီကုသိုလ် ပြကောင်းသလား"

"ဟာ ... ဒါက ကုသိုလ်မှ မဟုတ်ဘဲ၊ မအပ်မရာလှူလို့ မသူတော်အလှူပဲ၊ လှူသူလည်း မလှူကောင်းဘူး၊ အလှူခံသူလည်း အလှူခံခြင်းငှာ မအပ်ဘူး"

"ကဲ ... ဒါဖြင့် အဲဒီအကြောင်းကို အများပရိသတ် နားလည်အောင် အရှင်ဘုရား ရှင်းပြပါ"

"ပြောရမယ်ဆိုရင် သိက္ခာပုဒ်နဲ့ ပြောပြပါမယ်ဘုရား၊ ဘုရားရှင် လက်ထက်တော်အခါက အရှင်ဥဒါယီသည် တောကျောင်း၌ နေပါတယ်၊ သူ၏တောကျောင်းကား အလွန်လှပပါတယ်၊ သူ့တောရကျောင်းကလေးဟာ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် သားသားနားနား ပြင်ဆင်ထားပါတယ်။

အဲဒီလိုပြင်ဆင်ထားတော့ အလွန်သာယာသော တောရကျောင်းကလေးဖြစ်၍ လူအများပင် တမင်တကာ ကျောင်းကြည့် လာကြရပါတယ်။

အခါတစ်ပါး ပုဏ္ဏားဇနီးမောင်နှံ နှစ်ဦးတို့ ကျောင်းကြည့် လာပါတယ်၊ ပထမတော့ အရှင်ဥဒါယီက ရှေ့၊ ပုဏ္ဏားက အလယ်၊ ဇနီးက နောက်ပေါ့။ နောက်တော့ ပုဏ္ဏားက ရှေ့၊ ဇနီးက အလယ်၊ ဥဒါယီက နောက်ဖြစ်ပြီး ပုဏ္ဏေးမကလေးရဲ့ကိုယ်အင်္ဂါကို အရှင်ဥဒါယီက ဆွဲငင်သုံးသပ်ပါတယ်။

အဲဒီအကြောင်းကို ပုဏ္ဏေးမကလေးက သူ့ယောက်ျားကို "အရှင်ဥဒါယီဟာ ကျွန်မရဲ့ကိုယ်အင်္ဂါတွေကို ရှင်ကိုင်သလိုဟိုကိုင်, ဒီကိုင် ဆွဲကိုင်သုံးသပ်တယ်" လို့ ပြောပြပါတယ်။

အဲဒီလို ပြောတဲ့အခါ ပုဏ္ဏားက "ဘုန်းကြီးတွေ မကောင်းကြောင်း၊ အမျိုးသမီးများနဲ့အတူ ကျောင်းသွားဖို့ မတော်ကြောင်း" ကဲ့ရဲ့သဖြင့် ဘုရားရှင် ကြားသိတော်မူလို့ အရှင်ဥဒါယီကို များစွာပြစ်တင် ရှုတ်ချတော်မူ၍ -

"အကြင်ရဟန်းသည် အမျိုးသမီးကို သုံးသပ်ဆွဲကိုင်လိုသော ရာဂသည် ဘီလူးအသွင် ပူးဝင်နေသဖြင့် မရိုးမသား စိတ်ဖောက်ပြားပြီးလျှင် အမျိုးသမီးနှင့်အတူ ကိုယ်လက်နီးနှောအံ့၊ လက်ကို ဆွဲအံ့၊ ဆံထုံး၊ ဆံပင် တစ်ခုခုကို ကိုင်အံ့၊ အင်္ဂါကြီးငယ် တစ်ခုခုကို သုံးသပ်ကိုင်ဆွဲအံ့၊ ထိုရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်၏"

လို့ သိက္ခာပုဒ်ကို ဘုရားရှင်က ပညတ်တော်မူလိုက်ပါတယ်။ အဲဒီ သိက္ခာပုဒ်အရ ရဟန်းတော်တစ်ပါးဟာ အမျိုးသမီးတစ်ယောက်အား ကိုင်တဲ့အခါ -

(၁) လူမိန်းမ ဖြစ်ခြင်း

(၂) မိန်းမ မှန်း သိခြင်း

(၃) ကိုယ်လက် နှီးနှောလိုမှု ရှိခြင်း

(၄) နှီးနှောမိ၊ ထိမိအောင် လုံ့လပြုခြင်း

(၅) လက် စသည်ကို ကိုင်မိခြင်း

ဆိုတဲ့ အင်္ဂါငါးချက်နဲ့ညီရင် "သံဃာဒိသေသ် အာပတ်" သင့်ပါတယ်"

"ကဲ… အဲဒီမှာ ရဟန်းဟာ အမျိုးသမီးရဲ့ဆံထုံး၊ ဆံပင်ကို မကိုင်ရဘူးလို့ ပညတ်ချက် မပါဘူးလားဘုရား"

"ပါပါတယ်"

"အဲဒီလို ပါတဲ့အတွက် ဖြန့်ခင်းတဲ့ ဆံပင်ကို နင်းရင် ရဟန်းတွေမှာ ဒုတိယအပြစ်အကြီးဆုံး သံဃာ့ဒိသေသ် အာပတ် သင့်ပါတယ်၊ အဲဒါကြောင့် အဲဒီကုသိုလ်မျိုးကို အမျိုးသမီးများကလည်း မပြုသင့် မပြုကောင်းပါဘူး၊ ရဟန်းတော်များကလည်း အလှူမခံကောင်းပါဘူး"

"ကဲ… ဆက်ရှင်းပါဦး၊ ပြဿနာ ဆရာကြီးရဲ့"

"ရှင်းဆိုရင် အမျိုးသမီး ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ် စသည်ကို ကိုင်ရင် ရဟန်းတော်မှာ ထုလ္လစ္စဉ်း အာပတ်သင့်ပါတယ်။

အမျိုးသမီးတွေ ဝတ်ဖို့ထားတဲ့အဝတ်တန်ဆာများကို ကိုင်ရင် ဒုက္ကဋ်အာပတ် သင့်ပါတယ်။

ရိုးသားသောစိတ်ဖြင့် အမိ. နှမ. အစ်မ စသူတို့ရဲ့ကိုယ်အင်္ဂါတွေကို ကိုင်ရင်တောင် ဒုက္ကဋ်အာပတ် သင့်ပါတယ်။

စာရွက်. သစ်သား စသည်တို့၌ ရေးဆွဲထားတဲ့ ထုလုပ်ထားတဲ့ မိန်းမရုပ်များကိုလည်း မကိုင်ကောင်းပါဘူး၊ ကိုင်ရင် ဒုက္ကဋ်အာပတ် သင့်ပါတယ်။

အဲဒီ မိန်းမရုပ် စသည်များကို မကိုင်ရင် မဖြစ်. ကိုင်မှ ဖြစ်တော့မယ်ဆိုရင် အဲဒီမိန်းမရုပ်ကို မထိစေဘဲ ဓားငယ်၊ ခဲတံ စသည်ဖြင့် ခြစ်၍ အနည်းငယ်မျှ ဖျက်ပြီးမှ ကိုင်ကောင်းပါတယ်။

"နေပါဦး ပြဿနာဆရာကြီးရဲ့ အမျိုးသမီးများက ရဟန်းတော်တွေကို ခြေသုတ်ပေးကောင်းပါသလား"

"ဒါကတော့ ပြေနေပါပြီ အရှင်ဘုရား၊ ဘယ်ကလာပြီး သုတ်ပေးကောင်းပါ့မလဲ၊ ထိမိမှာလည်း သေချာပါတယ်၊ အမြင်လည်း မလျော်မလျောက်ပတ်ပါဘူး၊ ဒါ့ကြောင့် အဲဒီကုသိုလ်မျိုးဟာလည်း အမျိုးသမီးများ မပြုသင့်၊ မပြုကောင်းတဲ့ ကုသိုလ် ပါဘုရား"

"အဲဒီ အမျိုးသမီးမှတစ်ပါး ရဟန်းတော်များ မထိမကိုင်ကောင်းတာတွေ ရှိပါသေးလား၊ ရှိသေးရင် ပြောပြပါဦး"

"အမယ်လေး… အရှင်ဘုရားအမေးကလည်း မီးခိုးမဆုံး၊ မိုးမဆုံးကြီးပါလား"

"သည်းခံဖြေပါ ဆရာကြီးရယ်၊ လောက သာသနာ နှစ်ဖြာအကျိုး ပွားတိုးပါတယ်"

"ကဲ…ပြောပြပါမယ်၊ ရဟန်းတော်များသည် စပါးအမျိုးမျိုးကို မထိရ၊ မကိုင်ရပါ၊ အခြားနေရာ၌လည်း လမ်းမရှိ၊ လယ်ခင်း၌သာ လမ်းရှိ၍ သွားခွင့်ကြုံရင် စပါးအသီးများကို မထိ. မကိုင်မိအောင် သတိထားပြီး သွားရပါတယ်။

အိမ်ဝင်ပေါက် စသည်၌ စပါး ဖြန့်လှမ်းထားရာဝယ် နင်း၍သွားမှ ဖြစ်မယ်ဆိုရင် "လမ်း" ဟု သဘောထားပြီးတော့ နင်းသွားနိုင်ပါတယ်၊ စပါးပုံပေါ်မှာ နေရာခင်းပေးရင်လည်း နေရာအနေနဲ့ ထိုင်ကောင်းပါတယ်။

ပြီးတော့ အပင်မှာသီးနေတဲ့ ပဲအမျိုးမျိုး၊ ထန်း၊ အုန်း၊ ငှက်ပျော စတဲ့ အသီးအမျိုးမျိုးကိုလည်း လက်ဆော့သောအားဖြင့် မထိရ မကိုင်ရပါ။

ရဟန်းတော်များ ပိုင်ဆိုင်တဲ့ သစ်သီးကိုလည်း အကပ်မခံဘဲ မကိုင်ရပါ၊ ကိုင်မိရုံမျှဖြင့် အဲဒီရဟန်း မစားကောင်းပါ၊ နေရာရွှေ့အောင် ကိုင်မိရင် အဲဒီသစ်သီးကို အခြားရဟန်းများလည်း မစားကောင်းပါ။

ပုလဲ, ပတ္တမြား မှစ၍ ရွှေ၊ ငွေ၊ ပိုက်ဆံ၊ ငွေစက္ကူနဲ့ ရတနာအမျိုးမျိုးကိုလည်း ရဟန်းတော်များ မထိ မကိုင်ရပါ။

ရွှေ၊ ငွေဖြင့် ပြုလုပ်ထားတဲ့ စေတီ, ဆင်းတုတော်, ရွှေငွေကြုတ်များကို မထိ မကိုင်ရပါ။ ဒါပေမဲ့ ဆင်းတုတော်, စေတီတော်ပေါ်မှာ တင်နေတဲ့ အညစ်အကြေးကိုတော့ ရှင်းလင်းသုတ်သင်ကောင်းပါတယ်။

ပြီးတော့ စေတီတော်အတွက် လှူဒါန်းထားတဲ့ ရွှေ၊ ငွေကြုတ်များကိုမူ အဲဒီစေတီတော်စောင့် ရဟန်းတော်ဟာ ကိုင်ပြီးတော့ ဟိုဟိုဒီဒီ ရွှေ့ကောင်းပါတယ်။

ရွှေကျောင်းနဲ့ ကျောင်းသံဃာပိုင် သံဃိက ရွှေ၊ ငွေလုပ် ပစ္စည်းများကိုလည်း မထိ.မဖြစ်၍ ထိကောင်း ကိုင်ကောင်းပါတယ်။

လက်နက်အမျိုးမျိုးဖြစ်တဲ့ ဓား, လှံ, သေနတ် စသည်တို့ကိုလည်း မထိ မကိုင်ရပါ။ လက်နက်အဖြစ် အသုံးပြုနေသမျှ နွားရိုက်တဲ့ ကြိမ်လုံး၊ နှင်တံကိုမျှ မထိရ မကိုင်ရပါ။

လက်နက်အနေ မဟုတ်ရင်တော့ လက်သည်းလှီးဓား၊ ထင်းခုတ်၊ ထင်းဖြတ်ဓား ထင်းခွဲဓား စသည်တို့ကို ကိုင်ဆောင်ကောင်းပါတယ်။

ပြီးတော့ ပိုက်ကွန်တို့ မြှူးတို့ကိုလည်း မထိ မကိုင်ကောင်းပါ။ အဲဒီပစ္စည်းများကို လှူလာရင်တော့ လက်နက်အဖြစ်, ပိုက်ကွန်အဖြစ်ကို ဖျက်ဆီးပြီး သင့်တော်တဲ့ နေရာမှာသုံးစွဲကောင်းပါတယ်။

တီးခြင်း၊ မှုတ်ခြင်းနဲ့ စပ်ဆိုင်တဲ့ တူရိယာအမျိုးမျိုးကိုလည်း မထိ မကိုင်ကောင်းပါ၊ လှူလာရင်တော့ တူရိယာအဖြစ်ကို ဖျက်၍ သင့်တော်တဲ့နေရာမှာ သုံးစွဲကောင်းပါတယ်၊ ကဲ . . . ကျေနပ်ပြီလား၊ ဘာမေးဦးမလဲ"

"တော်ပါပြီ ဆရာကြီးရယ်၊ ကျေနပ်ပါပြီ"

✦ အလှူဆိုတာ အပ်စပ်တာ သေချာရွေးချယ် လှူဒါန်းပါ။

✦ အပ်စပ်ပစ္စယ လှူဒါန်းမှ ကျိုးကကြီးလေမှာ။

✦ မအပ်မရာ လှူဒါန်းလာ ကျိုးဟာမကြီးပါ။

✦ မအပ်မရာ လှူဖွယ်ရာ ပမာအဆိပ် တူလေပါ။

✦ အဆိပ်စားက တစ်ဘဝ သေကြရလေမှာ။

✦ မအပ်ရာသုံး တစ်သံသရာလုံး လုံးလုံး မကောင်းစားတော့ပါ။

✦ ထို့ကြောင့် သူငါ မအပ်ရာ လှူတာရှောင်လေပါ။

# မြွေနိုင်ဂါထာ ရှိပါသလားဘုရား

(၂၃၈)

မြန်မာနိုင်ငံသည် မြွေပေါများ၍ မြွေကိုက်ခံရပြီး သေသောဦးရေ များသော နိုင်ငံများတွင် တစ်နိုင်ငံအနေနှင့် ပါဝင်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ကောက်စပါးသိမ်းချိန်တွင် မြွေကိုက်ခံရ၍ သေသောသူများအကြောင်းကို အမြဲတမ်း ကြားရပါ၏။

ထိုသို့ ကြားရသောအခါ မိမိအနေနှင့် အထူးပင် နှလုံးစိတ်ဝမ်း မချမ်းမြေ့ ဖြစ်ခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင် ဟောကြားခဲ့သော ခန္ဓပရိတ်တရားတော်ဆိုတဲ့ တကယ့် မြွေနိုင်ပရိတ်, မြွေနိုင်ဆေး ရှိပါလျက် မြွေကိုက်ခံရသေးသည်မှာ ဝမ်းနည်းစရာပဲဟု တွေးကာ နှလုံးစိတ်ဝမ်း မချမ်းမြေ့ခဲ့ပါ။

ခန္ဓသုတ် ပရိတ်တရားတော်တည်းဟူသော မြွေနိုင်ပရိတ်, မြွေနိုင်ဆေးကို ဖယ်ထား၍ အခြားသော ဤပရိတ်ထက် သာသော မြွေနိုင်ဆေးကို ရှာပါ၊ အဘယ်မှာမှ မတွေ့နိုင်ပါ။

ခန္ဓသုတ် ပရိတ်တရားတော်သည် အထက်မြက်ဆုံးသော မြွေနိုင်ပရိတ်, မြွေနိုင်ဆေး ဖြစ်ပါသည်။ ယင်းအကြောင်းကို သိသူ အလွန်နည်း၍ ယင်းပရိတ်ကို ဖယ်ထားပြီး အခြားဆေးနည်းများကို ရှာနေကြ၏။ ယင်းသို့ ရှာနေသူတစ်ယောက်နှင့် မိမိ တွေ့ရ၏။

"အရှင်ဘုရား၊ အစွမ်းထက်မြက်တဲ့ မြွေနိုင်ဂါထာ ရှိပါသလားဘုရား"

ဒကာက မေးမြန်းသည်။ သူ့ကြည့်ရသည်မှာ မြွေနိုင်ဂါထာကို အတော်လိုချင်နေဟန် ရှိပါသည်။

"မြွေနိုင်ဂါထာဆိုတော့ သမ္ဗုဒ္ဓေဂါထာ စသည်တို့လို ဂါထာမျိုး ပြောတာလား"

"မှန်ပါဘုရား"

"ဩော်. . .အဲဒီလို တစ်ပုဒ် တစ်ဂါထာ အနေနဲ့တော့ ဘုန်းကြီး မတွေ့ဘူးသေးပါ၊ မရဘူးသေးပါ၊ ပရိတ်အနေနဲ့တော့ ရှိပါတယ်"

"အမိန့်ရှိပါဘုရား"

"ပရိတ်ကြီး (၁၁)သုတ်မှာ ပါတဲ့ ခန္ဓသုတ်ပရိတ်ဟာ မြွေမှစ၍ အဆိပ်ရှိတဲ့ သတ္တဝါတွေ ကိုက်သမျှ အဆိပ်ကို ပယ်သတ်နိုင်တဲ့ ပရိတ်ပဲ"

"အရှင်ဘုရား လက်တွေ့ပါလားဘုရား"

"အမယ်လေး . . . လာလာသေးတယ် ဒကာကလည်း၊ လက်တွေ့လားတဲ့၊ လက်တွေ့မှ တစ်ခါမက အခါခါ တွေ့ခဲ့ပါတယ်"

"ရွတ်ပုံ၊ အသုံးချပုံကို အမိန့်ရှိပါဦးဘုရား"

"ဘုန်းကြီးက (၄၉)ရက်တိုင်တိုင် စားသမျှ သောက်သမျှ အစားအသောက်အားလုံးကို ခန္ဓပရိတ် သုံးခေါက်ရွတ်ပြီး စားခဲ့တယ်၊ အမြဲလည်းပဲ ခန္ဓသုတ်ပရိတ် ရွတ်တယ်၊ အဲ . . . အဆိပ်ရှိတဲ့ သတ္တဝါကိုက်ရင် ဆင်းဆင်းဆိုပြီး အသားတောင် မထိဘဲ လက်နဲ့ အပေါ်ကနေ ဆင်းခိုင်းကာ သပ်ချရင် ပျောက်သွားတာပါပဲ"

"ဖြစ်နိုင်ပါ့မလားဘုရား"

"ဖြစ်နိုင်. မဖြစ်နိုင် ကျက်မှတ်ပြီး (၄၉)ရက် ဘာကြာမှာလဲ၊ ရွတ်စားပြီး စမ်းကြည့်ရင် ကိုယ်တွေ့သိပါလိမ့်မယ်"

"တပည့်တော် စမ်းကြည့်ချင်တယ်ဘုရား၊ အဲဒီ ခန္ဓသုတ်ကို အနက်အဓိပ္ပာယ်နဲ့တကွ ရှင်းပြပါဘုရား"

"ဒကာက အမှန်တကယ် ကျက်မှတ်ပြီး စမ်းသပ်ကြည့်မယ်ဆိုရင် ရှင်းပြပါ့မယ်၊ ကဲ . . . မှတ်ထားပါ။

(၁) သဗ္ဗာသီဝိသ ဇာတီနံ၊
ဒိဗ္ဗ မန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊
သေသဉ္စာပိ ပရိဿယံ။

(၂) အာဏာခေတ္တမှိ သဗ္ဗတ္ထ၊
သဗ္ဗဒါ သဗ္ဗပါဏိနံ၊
သဗ္ဗသောပိ နိဝါရေတိ၊
ပရိတ္တံ တံ ဘဏာမဟေ။

ဟေ . . . အို . . . သူတော်ကောင်းတို့။ ဒိဗ္ဗမန္တာဂဒံ - နတ်မန္တာန်ဆေးဝါးသည်၊ သဗ္ဗာသီဝိသ ဇာတီနံ - လျင်သော အဆိပ်ရှိသော မြွေမျိုးမှန်သမျှတို့၏၊ ဃောရံ - ပြင်းထန်လှစွာသော၊ ဝိသံ - အဆိပ်ကို၊ နာသေတိဝိယ - အလျှင်းပျောက်ပြေပျက်စီးစေတတ်သကဲ့သို့၊ တထာ - ထို့အတူ၊ ယံ ပရိတ္တံ - အကြင် ခန္ဓသုတ် ပရိတ်တော်သည်၊ သဗ္ဗတ္ထ - အလုံးစုံသော၊ အာဏာခေတ္တမှိ - အာဏာခေတ်အတွင်း၌၊ သဗ္ဗပါဏိနံ - အလုံးစုံသော သတ္တဝါတို့၏၊ ဃောရံ - ပြင်းထန်လှစွာသော၊ ဝိသံစ - အဆိပ်ကိုလည်းကောင်း၊ သေသံ - အဆိပ်မှကြွင်းသော၊ ပရိဿယဉ္စာပိ - ဘေးရန်အမျိုးမျိုးကိုလည်းကောင်း၊ သဗ္ဗဒါ - အခါခပ်သိမ်း၊ သဗ္ဗသောပိ - အကြွင်းမထင် အကုန်ပင်၊ နိဝါရေတိ - မြစ်တားပယ်ရှင်းနိုင်ပေ၏၊ တံ ပရိတ္တံ - ထို ခန္ဓသုတ် ပရိတ်တော်ကို၊ မယံ - ငါတို့သည်၊ ဘဏာမ - ရွတ်ကြကုန်စို့။

အဲဒီ ဂါထာနှစ်ပုဒ်က ဘုရားရှင်ဟောကြားတဲ့ ဂါထာ မဟုတ်သေးပါဘူး၊ ရှေးဆရာတော်များက ခန္ဓသုတ် ပရိတ်တော်၏ အာနုဘော် အစွမ်းသတ္တိ အဘယ်မျှရှိသည်ကို ပြလိုလို့ ထည့်သွင်းထားတာပါ။

အဲဒီမှာ ကြည့်ပါ။ အလွန်ထက်မြက် ပြင်းထန် လျင်မြန်သော အဆိပ်ရှိသော မြွေတို့၏ အဆိပ်ကိုပင် ပယ်နိုင်တယ်ဆိုတော့ သာမန် အဆိပ်ရှိတဲ့မြွေတို့ရဲ့အဆိပ်ဆိုရင် ဆိုဖွယ်ရာ မရှိနိုင်တော့ပါ။

ပြီးတော့ နတ်တို့၏ ဆေးဝါးမန္တာန်များဟာ လူသားတို့ရဲ့ ဆေးဝါးမန္တာန်များထက် အစွမ်းအာနိသင် ရှိပါတယ်။ အခု ဒီ ခန္ဓသုတ် ပရိတ်တော်က အဲဒီ နတ်မန္တာန် ဆေးဝါးအတူ အစွမ်းထက်တယ်ဆိုတာ ဒကာကိုယ်တိုင် စမ်းကြည့်ပြီးရင် သိပါလိမ့်မယ်။

ပြီးတော့ ဒီပရိတ်တော်၏အရှိန်အဝါမှာ ဘုရားရှင်၏အာဏာစက်အတွင်း ပျံ့နှံ့မြဲဖြစ်လို့ ဘယ်အရပ်က ဘယ်မြွေမျိုး ကိုက်ရင် ဆေးမမီဘူးရယ်လို့ မရှိပါဘူး။ ဒီပရိတ်တော်ဖြင့် မပျောက်နိုင်တဲ့ ဒေသရယ်လို့ ချွင်းချက်မရှိပါဘူး။ ဘယ်အရပ်မှာမဆို ပျောက်ကင်းနိုင်ပါတယ်။

ဘယ်နေ့ ဘယ်အချိန်မှာ ကိုက်ကိုက် ကန့်သတ်ဖွယ် မရှိပါ။ ဘယ်အခါ၊ ဘယ်ကာလမှာမဆို ပျောက်ကင်းနိုင်ပါတယ်။ အခြားဆေးများမှာ ရှင်းရှင်းမပျောက်တတ်ပါ။ အပခေါ် ပယောဂမှီနေရင် ကုမရတတ်ပါ။

ဒီ ခန္ဓသုတ်ပရိတ်တော်ကား လုံးဝရှင်းရှင်း ပျောက်ပါတယ်။ အပခေါ်တဲ့ ပယောဂကိုလည်း ပယ်စွမ်းနိုင်ပါတယ်။

ဒီ ခန္ဓသုတ်ပရိတ်တော်ကား မေတ္တာပွားခြင်း၊ ဘုရားဂုဏ်တော် ပွားခြင်းများ အစီအရင်ကို ပြသတဲ့ ဗုဒ္ဓမန္တာန်တော်ကြီးပါ။

သတ္တဝါများအပေါ်၌ မေတ္တာအထူး ရောက်စေလျက် ဘုရားရှင်ကို လွန်စွာကြည်ညိုအားထားသူများအဖို့ ဒီ ခန္ဓသုတ်၏ အစွမ်းအာနုဘော်ကို ကိုယ်တွေ့ခံစားနေကြရပါတယ်။

အဲဒီ ပုဂ္ဂိုလ်များအဖို့ မြွေစတဲ့ သတ္တဝါများ ရန်မမူဘဲ ရှောင်ရှားကြတဲ့အပြင် မြွေကိုက်ခံရသူများကို ဒီ ခန္ဓသုတ်ကို ရွတ်ပြီး သပ်ချကုသပေးခြင်းဖြင့် ကယ်ဆယ်နေတာ ဘုန်းကြီးကိုယ်တိုင် လက်တွေ့ပါ။

မြွေကိုသာမကပါ၊ အားလုံး သတ္တဝါများအပေါ် မေတ္တာပို့ခြင်း၊ ရတနာသုံးပါးဂုဏ်ကို အာရုံပြုခြင်းတို့ကြောင့် အခြား ဘေးအန္တရာယ် အသွယ်သွယ်ကို စောင့်ရှောက်တတ်တာကို ဒကာ လက်တွေ့စမ်းသပ်ပြီးမှ ယုံကြည်ပါ၊ ဘုန်းကြီးပြောရင် အပြောပဲ ဖြစ်နေမယ်။

(၃) ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ၊
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ၊

ဝိရူပက္ခေဟိ - ဝိရူပက္ခ နဂါးမျိုးတို့နှင့်၊ သဒ္ဓိ - အတူတကွ၊ မေ - ငါ၏၊ မေတ္တံ - မိတ်ဆွေဖြစ်ကြောင်းကောင်းသောမေတ္တာသည်၊ ဟောတု - ဖြစ်ပါစေသတည်း၊ ဧရာပထေဟိ - ဧရာပထနဂါးမျိုးတို့နှင့်၊ သဒ္ဓိ - အတူတကွ၊ မေ - ငါ၏၊ မေတ္တံ - မိတ်ဆွေဖြစ်ကြောင်းကောင်းမြတ်သော မေတ္တာသည်၊ ဟောတု - ဖြစ်ပါစေသတည်း၊ ဆဗျာပုတ္တေဟိ - ဆဗျာပုတ္တ နဂါးမျိုးတို့နှင့်၊ သဒ္ဓိ - အတူတကွ၊ မေ - ငါ၏၊ မေတ္တံ - မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သောမေတ္တာသည်၊ ဟောတု - ဖြစ်ပါစေသတည်း၊ ကဏှာဂေါတမကေဟိစ - ကဏှာဂေါတမ နဂါးမျိုးတို့နှင့်လည်း၊ သဒ္ဓိ - အတူတကွ၊ မေ - ငါ၏၊ မေတ္တံ - မိတ်ဆွေဖြစ်ကြောင်း ကောင်းမြတ်သော မေတ္တာသည်၊ ဟောတု - ဖြစ်ပါစေသတည်း။

ဒီဂါထာက ဝိရူပက္ခစသော မြွေမင်းလေးမျိုးတို့၏ အမျိုးအဆွေတို့၌ မေတ္တာပွားပုံကို ပြခြင်းဖြစ်ပါတယ်။ အဲဒီ ဝိရူပက္ခ နဂါးမင်းတို့နဲ့ အမျိုးဇာတ်တူ မြွေနဂါးတို့သည် ဝိရူပက္ခ စသည် မည်ကြပါတယ်။ ဒီနေရာမှာ မြွေမျိုးတို့ကို ပြောရရင် -

(၁) ကဋ္ဌမုခ မြွေမျိုး အကိုက်ခံရသူမှာ တစ်ကိုယ်လုံး တောင့်တင်းခက်မာလာပါတယ်။

(၂) ပူတိမုခ မြွေမျိုး အကိုက်ခံရသူမှာ အသားများမှ အရေများ ယိုထွက်လာပါတယ်။

(၃) အင်္ဂမုခ မြွေမျိုး အကိုက်ခံရသူမှာ မီးမြိုက်ခံရသကဲ့သို့ တစ်ကိုယ်လုံး ပူလောင်လာပါတယ်။

(၄) သတ္ထမုခ မြွေမျိုး အကိုက်ခံရသူမှာ အပိုင်းပိုင်း ပြတ်သွားပါတယ်။

တစ်ဖန် အဲဒီ မြွေလေးမျိုးတို့တွင် တစ်မျိုးမျိုး၌ -

(၁) အကိုက်ခံရသဖြင့် အဆိပ်တက်လာသော ဒဋ္ဌဝိသမြွေ

(၂) မြင်ရုံမျှဖြင့် အဆိပ်တက်လာသော ဒိဋ္ဌဝိသမြွေ

(၃) မြွေထိခံရသောအခါ အဆိပ်တက်လာသော ဖုဋ္ဌဝိသမြွေ

(၄) လေထိသဖြင့် အဆိပ်တက်လာသော ဝါတဝိသမြွေ

ရယ်လို့ လေးမျိုးစီ ရှိပြန်ပါတယ်။

အဲဒီ မြွေလေးမျိုးတို့တွင် ဝိရူပက္ခ စသောမြွေလေးမျိုးမှာ ဒဋ္ဌဝိသမြွေမျိုးသာ ဖြစ်ပါတယ်။

မြင်ရုံမျှဖြင့်အဆိပ်တက်စေသော ဒိဋ္ဌဝိသမြွေ စသည်မှာ လွန်စွာ အဆိပ်ပြင်းထန်လှပါတယ်၊ အဲဒီမှာ ဒိဋ္ဌဝိသ, ဝါတဝိသမြွေတို့၏ အစွမ်းကို မသိရသော်လည်း ထိရုံမျှဖြင့် အဆိပ်တက်တဲ့ ဖုဋ္ဌဝိသမြွေရဲ့အစွမ်းကို တွေ့ရပါတယ်။

ရှင်သာရိပုတ္တရာထေရ်၏ ညီတော် အရှင်ဥပသေနထေရ်သည် သင်္ကန်းချုပ်နေစဉ် လိုဏ်ဂူအမိုးပေါ်တွင် ကစားနေကြသော မြွေငယ်နှစ်ကောင်မှ တစ်ကောင်သည် အရှင်မြတ်ပုခုံးပေါ် ကျလာပါတယ်။

အဲဒီမြွေဟာ ဖုဋ္ဌဝိသမြွေမျိုး ဖြစ်ရာ အဆိပ်တွေ ပြန့်ဆင်းလာသည်ကို တွေ့ရသောအရှင်မြတ်သည် တန်ခိုးဖြင့် မိမိကိုယ်ခန္ဓာ လိုဏ်ဂူအတွင်း မပျက်စီးရန် အဓိဋ္ဌာန်ပြုပြီးလျှင် ရဟန်းတို့အား မိမိကိုယ်ခန္ဓာ မပျက်စီးမီ ခုတင်ပေါ်တင်လျက် အပြင်ထုတ်ရန် မိန့်တော်မူပါသည်။ ရဟန်းများလည်း အပြင်ထုတ်ခဲ့ရာ အပြင်ရောက်သော် ခုတင်ပေါ်မှာပင် ဖွဲဆုပ်ပမာ ပြန့်ကျဲရှာတော်မူပါသည်။

**(၄) အပါဒကေဟိ မေ မေတ္တံ၊**
**မေတ္တံ ဒွိပါဒကေဟိ မေ။**
**စတုပ္ပဒေဟိ မေ မေတ္တံ၊**
**မေတ္တံ ဗဟုပ္ပဒေဟိ မေ။**

**အပါဒကေဟိ** - အခြေမရှိသော သတ္တဝါတို့နှင့်၊ **မေ** - ငါ၏၊ **မေတ္တံ** - မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်၊ **ဟောတု** - ဖြစ်ပါစေသတည်း။ **ဒွိပါဒကေဟိ** - အခြေနှစ်ချောင်းရှိသော သတ္တဝါတို့နှင့်၊ **မေ** - ငါ၏၊ **မေတ္တံ** - မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်၊ **ဟောတု** - ဖြစ်ပါစေသတည်း။ **စတုပ္ပဒေဟိ** - အခြေလေးချောင်းရှိသော သတ္တဝါတို့နှင့်၊ **မေ** - ငါ၏၊ **မေတ္တံ** - မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်၊ **ဟောတု** - ဖြစ်ပါစေသတည်း။ **ဗဟုပ္ပဒေဟိ** - များသောအခြေရှိသော သတ္တဝါတို့နှင့်၊ **မေ** - ငါ၏၊ **မေတ္တံ** - မိတ်ဆွေအဖြစ် ချစ်မေတ္တာသည်၊ **ဟောတု** - ဖြစ်ပါစေသတည်း။

ဒီဂါထာဖြင့် မြွေများသာမက သတ္တဝါအားလုံးကို လေးပုံ့ပုံပြီး မေတ္တာပွားပုံကို ပြပါတယ်။ သတ္တဝါအားလုံးကို မေတ္တာပို့တဲ့အတွက် မြွေမှတစ်ပါး အခြားဘေးရန်တွေလည်း နိုင်တာပါ။

**(၅) မာ မံ ဝိရူပက္ခော ဟိံသိ၊**
**မာ မံ ဟိံသိ ဧရာပထော။**
**မာ မံ ဆဗျာပုတ္တော ဟိံသိ၊**
**မာ မံ ဟိံသိ ကဏှာဂေါတမကော။**

ဝိရူပက္ခေဟိ – ဝိရူပက္ခ နဂါးမျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။ ဧရာပထေဟိ – ဧရာပထ နဂါးမျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။ ဆဗျာပုတ္တေဟိ – ဆဗျာပုတ္တ နဂါးမျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။ ကဏှာဂေါတမကေဟိ – ကဏှာဂေါတမ နဂါးမျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။

ဒီဂါထာဟာ ရှေးက ဆရာတော်ဦးဇုမ်ရဲ့ပရိတ်ကြီးပါဠိတော်မှာ ပါတဲ့ ဂါထာတဲ့၊ လက်ရှိမူတွေမှာ မပါပါဘူး။ အဲဒီဂါထာ ထည့်ရွတ်ပါ၊ ဒီဂါထာက မြွေလေးမျိုးကို တောင်းပန်ချက်ဖြင့် မေတ္တာပြုပုံ ပြနည်းကို ပြတဲ့ ဂါထာပါ။

(၆) မာ မံ အပါဒကော ဟိံသိ၊

မာ မံ ဟိံသိ ဒွိပါဒကော၊

မာ မံ စတုပ္ပဒေါ ဟိံသိ၊

မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

အပါဒကော – အခြေမရှိသော သတ္တဝါမျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။ ဒွိပါဒကော – အခြေ နှစ်ချောင်းရှိသော သတ္တဝါမျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။ စတုပ္ပဒေါ – အခြေလေးချောင်းရှိသော သတ္တဝါ မျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။ ဗဟုပ္ပဒေါ – များသော အခြေရှိသော သတ္တဝါမျိုးသည်၊ မံ – ငါ့ကို၊ မာဟိံသိ – မညှဉ်းဆဲပါစေလင့်။

ဒီဂါထာက မြွေလေးမျိုးမှတစ်ပါး အားလုံးသော သတ္တဝါတို့ကို လေးပုံ.ပုံပြီး တောင်းပန်ချက်ဖြင့် မေတ္တာပြုပုံ ပြနည်း ကို ပြတဲ့ဂါထာပါ။

(၅ + ၆) နှစ်ဂါထာလုံးဖြင့် "ငါ့ကို မညှဉ်းဆဲပါစေလင့်" ဆိုသည်မှာ တောင်းပန်သည်၏အစွမ်းဖြင့် မေတ္တာပွားပုံတစ်မျိုး ဖြစ်ပါတယ်။ သတ္တဝါများအပေါ်၌ စိတ်ထားကြမ်းသော သူတို့မှာ ထိုသတ္တဝါများနဲ့ ခုခံရန် ရိုက်နှက်ညှဉ်းဆဲရန်သာ လိုလားမည် ဖြစ်ရာ ထိုသူများကား ယခုကဲ့သို့ တောင်းပန်မှုမျိုးကို မပြုနိုင်ကြပါ။

"ငါ့ကို မညှဉ်းဆဲပါစေလင့်" ဆိုသည်မှာ အဲဒီသတ္တဝါများက မေတ္တာထားရန်၊ ကောင်းရန်လိုလားသော အာသီသပင် ဖြစ်ရာ သတ္တဝါများအပေါ် မေတ္တာသက်ရောက်တဲ့ သဘော. သတ္တဝါတို့၌ စိတ်ဓာတ်နူးညံ့လျက်ရှိတဲ့ သဘောပင်ဖြစ်ပါတယ်။ အဲဒါကြောင့် (၅ + ၆) နှစ်ဂါထာသည် မေတ္တာဘာဝနာတစ်မျိုး ဖြစ်ပါတယ်။

(၇) သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊

သဗ္ဗေ ဘူတာစ ကေဝလာ၊

သဗ္ဗေ ဘဒြာနိ ပဿန္တု၊

မာ ကဉ္စိ ပါပမာဂမာ။

သဗ္ဗေ – အလုံးစုံကုန်သော၊ သတ္တာ – ငါးခန္ဓာဝယ် တွယ်တာတတ်စွာ သတ္တဝါတို့သည်လည်းကောင်း၊ သဗ္ဗေ – အလုံးစုံ ကုန်သော၊ ပါဏာ – အသက်ရှူတတ်သော သတ္တဝါတို့သည်လည်းကောင်း၊ ကေဝလာ – အကြွင်းမရှိကုန်သော၊ သဗ္ဗေ – အလုံးစုံကုန်သော၊ ဘူတာ – ဖြစ်လာ.ပေါ်လာ သတ္တဝါတို့သည်လည်းကောင်း၊ သဗ္ဗေ – သတ္တဝါအကုန် အလုံးစုံတို့သည်၊ ဘဒြာနိ – ကောင်းမြတ်သော ဣဋ္ဌာရုံတို့ကို၊ ပဿန္တု – တွေ့ ကြုံကြရပါစေကုန်သတည်း။ ကဉ္စိ – ဘယ်သူတစ်ဦးတစ်ယောက် သို့ သော်မျှ၊ ပါပံ – ဆင်းရဲဒုက္ခသည်၊ မာ အာဂမာ – မကျ မလာ မရောက်ပါစေလင့်။

ဆိုခဲ့ပြီး (၃ + ၄) စတဲ့ ဂါထာတို့ဖြင့် ပုဂ္ဂိုလ်များကို ထုတ်ဖော်ရည်ညွှန်း၍ပြုအပ်သော မေတ္တာဖြစ်၍ "ရည်ညွှန်းခြင်းဖြင့် ဖြစ်သော = ဩဒိသသမေတ္တာ" ဖြစ်ပါတယ်။

အဲဒီလို ပုဂ္ဂိုလ်ကို သီးခြားဖော်ထုတ် ရည်ညွှန်းခြင်း မပြုဘဲ သတ္တဝါအားလုံး သာမန်အဖြစ် ပေါင်းကာ အဲဒီသတ္တဝါအားလုံး၌ပြုသော မေတ္တာကား "မရည်ညွှန်းဘဲဖြစ်သော = အနောဒိဿကမေတ္တာ" ဖြစ်ပါတယ်။ ယင်းအနောဒိဿက မေတ္တာဘာဝနာပြုပုံကို ဒီဂါထာဖြင့် ပြပါတယ်။

(၈) အပ္ပမာဏော ဗုဒ္ဓေါ, အပ္ပမာဏော ဓမ္မော၊
အပ္ပမာဏော သံဃော, ပမာဏဝန္တာနိ, သရီသပါနိ၊
အဟိဝိစ္ဆိကာ သတပဒီ, ဥဏ္ဏနာဘိ သရဗူ မူသိကာ။

ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၊ အပ္ပမာဏော - ဂုဏ်တော်အားဖြင့် ချင့်နိုင်းတိုင်းတာမရ ပမာဏ မရှိပါပေ၊ ဓမ္မော - လောကုတ္တရာ တရားကိုးပါးသည်၊ အပ္ပမာဏော - ဂုဏ်အရဖြင့် ဤမျှသာပြု တိုင်းတာမရ၍ ပမာဏမရှိပါပေ၊ သံဃော - အရိယာသံဃာတော်သည်၊ အပ္ပမာဏော - လောကုတ္တရာတရား ကိုးပါးစုံညီ ဂုဏ်ရည်အရ တိုင်းတာမရ၍ ပမာဏ မရှိပါပေ၊ အဟိ - မြွေလည်းကောင်း၊ ဝိစ္ဆိကာ - ကင်းမြီးကောက်လည်းကောင်း၊ သတပဒီ - ကင်းခြေများလည်းကောင်း၊ ဥဏ္ဏနာဘိ - ပင့်ကူလည်းကောင်း၊ သရဗူ - အိမ်မြှောင်လည်းကောင်း၊ မူသိကာ - ကြွက်သည်လည်းကောင်း၊ ဣတိဣမာနိ သရီသပါနိ - ရင်ဖြင့်တွား၍သွားတတ်သော ဤသတ္တဝါတို့ကား၊ ပမာဏဝန္တာနိ - ကိလေသာဟု တိုင်းတာမှုပြုရာ ပမာဏ ရှိကြပေကုန်၏။

(၃ + ၄)အစရှိတဲ့ ဂါထာတို့ဖြင့် မေတ္တာဘာဝနာပြုနည်းကို ပေးတော်မူပြီးနောက် ယခုတစ်ဖန် ရတနာသုံးပါးဂုဏ်ကို ရင့်ကျူးကာ အန္တရာယ်ပြုတတ်သော သတ္တဝါများမှ အကာအကွယ် အရံအတားပြုရမည့်ပုံကို ဒီဂါထာဖြင့် ပြပါတယ်။

ပမာဏပြုတတ်သော ကိလေသာများ မရှိသောကြောင့်လည်းကောင်း၊ ဂုဏ်တော်များ၏ ပမာဏ မရှိသောကြောင့်လည်းကောင်း၊ ဘုရားရတနာကို အပ္ပမာဏဟု ဆိုရပါတယ်။

မြတ်စွာဘုရား၌ လောကုတ္တရာ ဓမ္မဂုဏ်ရည်သည်ပင် မည်သို့မျှ တိုင်းတာကန့်သတ်၍ မရ၊ ပမာဏ မပြုနိုင်၊ လောကုတ္တရာဓမ္မကြောင့် ရလာသော အသချေ်ယျ၊ အပ္ပမေယျ ဂုဏ်တော်များမှာ အခြားဘုရားတစ်ဆူက တစ်သက်လုံး ဟောသော်လည်း မကုန်နိုင်ဟု ဆိုရာ အဘယ်မှာ ကန့်သတ်နိုင်ဖွယ် ရှိပါအံ့နည်း။

လောကုတ္တရာ တရားများကား "နက်နဲသည်၊ မြင်နိုင်ဖို့ ခက်သည်" စသည်ဖြင့် ချီးကျူးခံရသည်ဖြစ်ရာ အဘယ်မှာ လျှင်ပမာဏ ပြုနိုင်ပါအံ့နည်း။ ယင်းသို့ ပမာဏ မရှိသော လောကုတ္တရာဓမ္မနှင့် ပြည့်စုံသောကြောင့် သံဃာမှာလည်း "အပ္ပမာဏ" ဖြစ်ပါတော့တယ်။

မြွေစသော သတ္တဝါများကား ပမာဏပြုတတ်သော ကိလေသာများ ရှိသောကြောင့် "ပမာဏဝန္တာနိ = အတိုင်းအရှည် ပမာဏရှိကြသည်" ဟု ဆိုပါတယ်။ ဘုရား, တရား, သံဃာ သည် ပမာဏ မရှိပါ။

မြွေစသော သတ္တဝါများ ပမာဏ ရှိကြ၏ ဟူသော စကားဖြင့် ဘာကိုဆိုလိုပါသနည်း။ ဘုရား, တရား, သံဃာ၏ ဂုဏ်တော် တန်ခိုးတော်ကား အလွန်ကြီးမား၏။ ဤသတ္တဝါများကား အညံ့စား သတ္တဝါကလေးများသာ ဖြစ်ပါတယ်။

"အပ္ပမာဏော" စသည်ဖြင့် ဘုရား, တရား, သံဃာ ဂုဏ်တော်များကို အောက်မေ့သဖြင့် ယင်းရတနာသုံးပါး၏ အာနုဘော်အရ ထိုသတ္တဝါများ ဘာမျှ မလုပ်နိုင်၊ ယင်းသတ္တဝါများမှ အကွယ်အကာ ရနိုင်သည်ဟု ဆိုပါတယ်။

(၉) ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ၊

မေ - ငါသည်၊ ရက္ခာ - အကာအကွယ် အစောင့်အရှောက်ကို၊ ကတာ - ပြုအပ်ပြီးပေပြီ။ မေ - ငါသည်၊ ပရိတ္တံ - အရံအတားကို၊ ကတံ - ပြုခဲ့ပြီးပေပြီ၊ ဘူတာနိ - အန္တရာယ်ပြုတတ်သော သတ္တဝါတို့သည်၊ ပဋိက္ကမန္တု - ဖဲခွာရှောင်ရှားကြကုန်လော့၊ သောဟံ - ထိုငါသည်၊ ဘဂဝတော - ပရိနိဗ္ဗာန်စံဝင်ခဲ့ကြ ရှေးဘုရားရှင် မှန်သမျှအား၊ နမော - ရှိခိုးခြင်းကို၊ (ကရောမိ - ပြုလုပ်ပါ၏)၊ သတ္တန္နံ - ခုနစ်ဆူကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ - ဝိပဿီ အစရှိသော ဘုရားရှင်တို့အား၊ နမော - ရှိခိုးခြင်းကို (ကရောမိ - ပြုလုပ်ပါ၏)။

(၈)နံပါတ် ဂါထာဖြင့် အကာအကွယ် အရံအတားပြုခဲ့ပြီးနောက် ထိုအကာအကွယ်အရ သတ္တဝါများ ရှောင်ရှားရန်နှင့် ပြီးလျှင် "ပဏာမ မင်္ဂလာ"အကာအကွယ်တစ်ရပ်ကို ထပ်မံပြုလုပ်ရန် ညွှန်ပြတော်မူလို၍ (၉)နံပါတ် ဂါထာကို မိန့်တော်မူပါတယ်။

အကာအကွယ် ပြုပြီးဖြစ်၍ သင်တို့ ရှောင်ကြဟု ဆိုပြီးနောက် "သော ဟံ နမော ဘဂဝတော"စသည် ဆိုရပြန်သည်မှာ "မြဲရာသံပတ်၊ ကျပ်ရာ သပ်ပင်း" ဆိုသကဲ့သို့ အကာအကွယ် မြဲခိုင်ခံ့သည်ထက် ခိုင်ခံ့ရန် ထပ်မံ၍ ပဏာမ မင်္ဂလာဖြင့် နိဂုံးချုပ် ကာကွယ်မှု ပြုခြင်း ဖြစ်ပါတယ်။

ဒီခန္ဓသုတ်ပရိတ်တော်ကိုမြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ရဟန်းတော်တစ်ပါး မြွေကိုက်ခံရ၍ လျှောက်ထားတဲ့အခါ အဲဒီရဟန်းမှာ ဝိရူပက္ခစတဲ့ နဂါးမျိုးတို့၌ မေတ္တာမပို့၍ အကိုက်ခံရသည့်အကြောင်း၊ အကယ်၍မေတ္တာပို့ရင် အကိုက်ခံရမည် မဟုတ်ကြောင်းကို မိန့်တော်မူပြီး မိမိကိုယ်ကို စောင့်ရှောက်ဖို့၊ မိမိ၏ လုံခြုံရေး၊ မိမိ၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ရေးအတွက် ခွင့်ပြုတော်မူခဲ့တာပါ။

ဒီခန္ဓသုတ် ပရိတ်တော်ကို ဘုန်းကြီးတို့ ဘုရားအလောင်းတော်သည် ရသေ့ရဟန်းပြုကာ ရသေ့များစွာဖြင့် ဟိမဝန္တာတော၌ သီတင်းသုံးတော်မူစဉ် ရသေ့တစ်ဦး မြွေကိုက်ခံရ၍ လျှောက်ထားတဲ့အခါ အဲဒီရသေ့ မြွေကိုက်ခံရခြင်း၊ သေရခြင်းမှာ မြွေတို့၌ မေတ္တာ မပို့ခြင်းကြောင့် ဖြစ်ကြောင်းကို မိန့်ပြီးဟောခဲ့ပါတယ်။

အဲဒါကြောင့် ဒီ ခန္ဓသုတ်ပရိတ်တော်ဟာ မြွေသာမက အဆိပ်ရှိတဲ့ သတ္တဝါ ကိုက်သမျှနဲ့ အခြား ဘေးရန်များပါ နိုင်ကြောင်းကို များများရွတ်ပြီး စမ်းကြည့်ပါ"

"မှန်ပါ၊ တပည့်တော် စမ်းကြည့်ပါ့မယ်ဘုရား"

✦ ဘုရားဟောကြား. ပရိတ်ကား. စွမ်းအားထက်လှသည်။

✦ အဆိပ်မျိုးစုံ. အလုံးစုံ. အကုန်ပယ်နိုင်သည်။

✦ အဆိပ်ဖယ်ထား. ကြွင်းဘေးများ. ပယ်ရှားနိုင်လေသည်။

✦ ယုံကြည်သဒ္ဓါ. စိတ်ထားကာ. များစွာရွတ်ရမည်။

✦ များစွာရွတ်မှ. အထုံရ. စွမ်းကထက်မြက်မည်။

# နီးခွက်ဖြင့် ရေ့မသောက်ကောင်းဘူးဆို ဘုရား

(၂၃၉)

အသုံးအဆောင်တို့သည် အမျိုးမျိုး ရှိကြကုန်၏။ ယင်းအမျိုးမျိုးသော အသုံးအဆောင်တို့ကို တစ်ဖန်ခွဲသော် လူတို့ အသုံးအဆောင်၊ ရဟန်းတို့ အသုံးအဆောင်ဟု နှစ်မျိုးရှိကုန်၏။

လူတို့ အသုံးအဆောင်ကို လူတို့သည် ကြိုက်နှစ်သက်သလို သုံးဆောင်နိုင်ခွင့် ရှိ၏။ ကြိုက်နှစ်သက်သည့် အသုံးအဆောင်ကို သုံးဆောင်နိုင်ခွင့် ရှိ၏။

ရဟန်းတို့ အသုံးအဆောင်မှာကား မများလှပါချေ။ အကျဉ်းအားဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူ၍ လေးမျိုးတို့သာ ရှိပါ၏။

ယင်းတွင် ရဟန်းတော်တို့၏ စားသုံးခွက်မှာ သပိတ်သာ ဖြစ်ပါ၏။ ယင်းသပိတ်နှင့် စပ်၍ အပ်၊ မအပ်သော ခွက်များ ရှိပါ၏။ ယင်းခွက်အကြောင်းကို သိချင်သူ ဒကာတစ်ယောက်က မိမိအား မေးလျှောက်ပါ၏။

"အရှင်ဘုရား၊ နီးခွက်ဖြင့် ရေ့မသောက်ကောင်းဘူးဆို ဘုရား"

"ဒကာကြီး စကားကလည်း အရင်းမရှိ အဖျားမရှိ၊ နီးခွက်နဲ့ ဘယ်သူ ရေ့မသောက်ကောင်းတာလဲ"

"ဩော် . . . ဟုတ်ပါတယ်၊ တပည့်တော် အမေးနည်းနည်း လောကြီးသွားပါတယ်ဘုရား၊ အရှင်ဘုရားတို့ ရဟန်းသာမဏေတွေဟာ နီးခွက်နဲ့ ရေ့မသောက်ကောင်းဘူးဆိုဘုရား"

"အင်း . . . မသောက်ကောင်းဘူး"

"ဘာဖြစ်လို့ မသောက်ကောင်းတာလဲဘုရား၊ အကြောင်းကို အမိန့်ရှိပါဦးဘုရား"

"ဘုရားရှင်က အပ်၊ မအပ် ပညတ်ထားတဲ့ ခွက်တွေရှိတယ် ဒကာကြီးရဲ့၊ အဲဒီခွက်တွေထဲမှာ နီးခွက်ဟာ မအပ်တဲ့ ခွက်ထဲမှာ ပါနေလို့ နီးခွက်နဲ့ ရေ့မသောက်ကောင်းတာပါဘဲ"

"ဒါဖြင့် နီးခွက်အပြင် အခြားမအပ်တဲ့ ခွက်တွေလည်း ရှိသေးလားဘုရား"

"ရှိသေးတာပေါ့"

"ရှိသေးရင် အမိန့်ရှိပါဦးဘုရား"

"ကြေးနီ၊ သံ၊ မြေဖြင့် ပြုလုပ်ထားတဲ့ စားခွက် သောက်ခွက်တို့ဟာ ရဟန်းတော်တွေ စားသောက်ကောင်းတဲ့ ခွက်တွေပါ။

ရဟန်း. သာမဏေတွေ ကိုယ်ပိုင်ပုဂ္ဂလိက ပစ္စည်းအဖြစ်ဖြင့် ထည့်ပြီး စားသောက်ကောင်းတဲ့ခွက်ဟာ ကြေးနီခွက်. သံခွက်. မြေခွက်ပဲ။

သစ်သားခွက်. ရွှေခွက်. ငွေခွက်. ပတ္တမြားခွက်. ကြောင်မျက်ရွဲခွက်တွေဟာ မအပ်ပါဘူး၊ ရွှေခွက် စသည်တို့ဟာ ကိုင်ရုံထိရုံမျှတောင် မအပ်စပ်ပါဘူး၊ သစ်သားခွက်ကတော့ ကိုင်ရုံထိရုံမျှတော့ အပ်ပါတယ်၊ ထည့်ပြီးတော့ မစားသောက်ကောင်းပါဘူး။

ယခုကာလ ကွမ်းအစ် စသည်ထဲမှာ ငွေထုံးဘူး စသည်တို့ဟာ လူ့ဥစ္စာပင်ဖြစ်သော်လည်း ကိုင်ရုံထိရုံမျှပင် မအပ်လို့ ထည့်ပြီးတော့ မစားကောင်းပါဘူး။

နီးခွက်၊ နီးကွမ်းအစ်တို့ဟာ သစ်သားခွက်နဲ့ အလားတူလို့ သဘောထားပြီး လက်ဖက်. ကွမ်း စသည်ထည့်ပြီး စားသည်ကို ရှောင်ကြရပါတယ်၊

ဖန်ခွက်၊ ချက်ကျောက်ခွက်၊ စဥ့်ခွက်၊ ကြေးဖြူခွက်နဲ့ ကြေးဝါခွက်တို့ဟာ လူ့ ဥစ္စာ၊ သို့မဟုတ် သံဃာပိုင် သံဃိက ဆိုရင် အပ်ပါတယ်။ အေး . . . ချက်ဖန်ခွက်၊ ချက်ကျောက်ခွက်၊ စဥ့်ခွက်၊ ကြေးဖြူခွက်၊ ကြေးဝါခွက်တို့မှာ ကိုယ်ပိုင်ပုဂ္ဂလိက အဖြစ်ဖြင့် မသုံးစွဲအပ်။ သံဃာပိုင် သံဃိက သို့မဟုတ် လူ့ဥစ္စာဖြစ်မှ ထည့်ပြီး စားသောက်ကောင်းလို့ ယခုကာလ ကြေးဝါဇွန်းနဲ့ ဖန်ခွက်ဖန်ချိုင့် စသည်တို့မှာလည်း ကိုယ်ပိုင်ပုဂ္ဂလိက မအပ်ဘူးနော်"

"မှန်ပါဘုရား"

"ဘူးခွက်. အိုးခွက်တို့ကိုတော့ တစ်ခဏမျှ ထည့်၍ စားသောက်ကောင်းပါတယ်၊ သပိတ်ကဲ့သို့ သွားလေရာ ယူသွားပြီး အမြဲ မသုံးစွဲကောင်းပါဘူး၊ ခဏလောက် ထည့်စားပြီး စွန့်ပစ်ရမယ်၊ အဲဒီအတူပင် ဖက်ရွက်. သစ်ရွက်ဖြင့် ပြုလုပ်ထားတဲ့ ဖက်ခွက်များသည် တစ်ခဏမျှ ထည့်စားပြီး စွန့်ပစ်ရပါမယ်။

"ထည့်၍ မစားကောင်း" လို့ ဆိုခဲ့တဲ့ သစ်သားခွက်. နီးခွက် စသည်တို့၌ အချို့က ယာဝကာလိကဖြစ်တဲ့ ခဲဖွယ်ဘောဇဉ်ကိုသာ ထည့်၍ မစားကောင်း။ ယာမကာလိက အဖျော်ရည် စသည်တို့ကား ထည့်၍ သောက်ကောင်းတယ်လို့ ယူဆကြတယ်၊ဝိနယကောသလ္လ အလိုကတော့ မည်သည့်ကာလိကမဆို ထည့်၍ မစားသောက်ကောင်းလို့ ယူလိုပါတယ်။

ဟုတ်ပါတယ်။ သပိတ်တို့. ခွက်တို့ဆိုတာ စားသောက်ဖွယ်အားလုံးကို ထည့်ပြီး စားသောက်ဖို့ရာ ဖြစ်လို့ ထည့်၍ မစားကောင်းလို့ဖယ်ရှားအပ်တဲ့ ခွက်များ၌ မည်သည့်ကာလိကကိုမျှ ထည့်၍မစားခြင်းသာ သင့်လျော်မယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါကြောင့် ဝိနည်းမှိန်ပုဂ္ဂိုလ်များသည် နီးကွမ်းအစ်၌ ကွမ်းထည့်၍ မစားကြပါဘူး၊ နီးကွမ်းအစ်ဖြင့် ကပ်ရင် လက်ပေါ်တစ်ဆင့်ပြောင်းပြီး စားကြပါတယ်၊ နီးခွက်ဖြင့်လည်း အဖျော်ရည် စသည်ကို မသောက်ကြပါဘူး၊ ဒါကြောင့် နီးခွက်ဖြင့် ရဟန်းတော်များ ရေ့မသောက်ကောင်းဘူးလို့ မှတ်နော်"

"မှန်ပါ ဘုရား"

✦ မပြုလုပ်ရ. တားမြစ်က. ရှောင်ကြ ဗုဒ္ဓသားတော်တွေ။

✦ ပြုလုပ်လေကြ. တိုက်တွန်းက. ပြုကြ ဗုဒ္ဓသားတော်တွေ။

✦ ဗုဒ္ဓဆုံးမ. သြဝါဒ. လုံးဝနာကြ သားတော်တွေ။

✦ ဆုံးမနာမှ. ပါယ်မကျ. ရကြနိဗ္ဗာန်ပြည်။

✦ နိဗ္ဗာန်ရမှ. ဝဋ်ဒုက္ခ. လုံးဝလွတ်မြောက်ပေ။

# ဘုရားရှင်ပေးမှ တရားရနိုင်တယ် ဆိုတာ မှန်ပါသလားဘုရား

(၂၄၀)

ယနေ့ခေတ်၌ တရားအားထုတ်သူ ဦးရေသည် အတော်များပြားလှပါသည်။ တရားနည်းများလည်း အတော်များပြားပါသည်။ တရားပြသူ ဦးရေလည်း အတော်များပါသည်။

ယင်းသို့ အားထုတ်သူ, နည်းပြသူ ဦးရေများသည့်အလျောက် အပြောအဆို အမျိုးမျိုး ပြောသံကြားရ၏။ ဗုဒ္ဓဓမ္မအား လျော်သော အပြောအဆိုမျိုးများ ရှိသလို မလျော်သော အပြောအဆိုမျိုးများလည်း ရှိလာသည်။ ယင်းသို့ရှိသည့် အပြောအမျိုးမျိုးတို့မှ မိမိထံသို့ အပြောတစ်မျိုးကို လာပြီးမေးလျှောက်၏။

"အရှင်ဘုရား... ဘုရားရှင်ပေးမှ တရားရနိုင်တယ်ဆိုတာ မှန်ပါသလားဘုရား"

"ဒကာကြီး ဘယ်သူက ပြောသလဲ"

"ဒီလိုပဲ ပြောကြတာ ကြားလို့ပါဘုရား"

"ဘုန်းကြီးတို့ ဘုရားရှင်က နည်းပေးလမ်းညွှန် ဘုရားရှင်ပါ၊ အဲဒီနည်းလမ်းကို တရားဟောပြီး တရားနဲ့ နည်းပေးလမ်းညွှန်တာပါ၊ ဘုရားက တိုက်ရိုက်တရားရအောင် မပေးပါဘူး၊ မပေးနိုင်ပါဘူး၊ ဘုရားရှင် ဟောပြတာကို နားထောင်ပါ...

"သင် ချစ်သားတို့သည် ကိလေသာကို ပူပန်စေတတ်သော လုံ့လကို ပြုသင့်ပြုအပ်ပေ၏။ ဘုရားရှင်တို့သည် မဂ်ခရီးမှန်ကို ဟောကြားရုံမျှသာ ဖြစ်ကုန်၏။ ဟောကြားသည့်အတိုင်း မဆိုင်းမလင့် ကျင့်ကြံကြကုန်သည် ဖြစ်၍ ကိလေသာ အမိုက်တိုက်ကို တိုက်ထုတ်ရှုမြင်သော သူတို့သာလျှင် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကြကုန်၏"

လို့ ဟောခဲ့ပါတယ်။

ပြီးတော့ ဘုရားရှင်ရဲ့ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ဆွမ်းခံကြွရင်း လမ်းခရီးအကြား၌ ရပ်တော်မူရင်းပင် -

"ခမည်းတော်မင်းကြီး... ရဟန်းဖြစ်သောသူသည် ဒကာ ဒကာမတို့၏ အိမ်တံခါးဝ,ဝယ် သပ္ပာယ်စွာရပ်၍ ရအပ်သော ဆွမ်း၌ မမေ့မလျော့ရာ၊ မအပ်စပ်သော ရှာမှီးမှုနှင့် မဆက်စပ်၊ ကောင်းစွာကျင့်အပ်သော ဆွမ်းခံလှည့်

လည်ခြင်း အကျင့်ကို ကျင့်ရာ၏။ ယင်းသို့ ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌ လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေထိုင်ရလေ၏"

လို့ ဟောကြားတော်မူလေလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သောတာပတ္တိဖိုလ်၌ တည်ပါတယ်။ ရွှေနန်းတော်ရောက်လျှင် မြတ်စွာဘုရားသည် -

"ခမည်းတော်မင်းကြီး မအပ်စပ်သော ရှာမှီးမှုနှင့် မဖက်စပ်၊ ကောင်းစွာကျင့်အပ်သော ဆွမ်းခံအကျင့်ကို ကျင့်ရာ၏။ ထိုဆွမ်းခံအကျင့်ကို မကျက်စားသင့်ရာ ဌာန၌ လှည့်လည်သောအားဖြင့် မကောင်းသဖြင့် မကျင့်ရာ၊ ယင်းသို့ မအပ်စပ်သော ရှာမှီးမှုနှင့် မဖက်စပ်၊ ဖြူစင်သော ဆွမ်းခံကျင့်ဝတ်ကို မချွတ် ပြုကျင့်လေ့ရှိသော ရဟန်းသည် ယခုဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေထိုင်ရလေ၏"

လို့ ဟောကြားတော်မူပါတယ်။ အဲဒီဂါထာရဲ့အဆုံးမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သကဒါဂါမိဖိုလ်၌ တည်ပြီး မိထွေးတော် ဂေါတမီ သောတာပတ္တိဖိုလ်၌ တည်ပါတယ်။

ကဲ ... အဲဒါ ဘုရားပေးလို့ တရားရတာလား"

"မဟုတ်ပါဘုရား"

"အေး ... ပြောဦးမယ်၊ ပိုရှင်းသွားအောင်၊ အဲဒီနောက် ဘုရားရှင် နန်းတော်သို့ ဆွမ်းဘုဉ်းပေး ကြွလာတော်မူတဲ့အခါ ယသော်ဓရာက သားတော်ရာဟုလာကို လှပတင့်တယ်စွာ တန်ဆာဆင်ပြီး -

"ချစ်သား ရဟန်းတော် အရှင်မြတ်အပေါင်း နှစ်သောင်းခြံရံလျက် ရွှေအဆင်းကဲ့သို့သော အဆင်းရှိသည်ဖြစ်၍ ပြဟ္မာမင်းနှင့်အတူ ဖြောင့်စင်းသောကိုယ် ရှိတော်မူသော ထိုရဟန်းမြတ်ကြီးကို သင်ချစ်သား ရှုစမ်းပါလော့။

ဤအရှင်မြတ်သည်ကား သင်ချစ်သား၏ ခမည်းတော်ကြီး ဖြစ်ပေ၏။ ဤသားမောင့်ဖခင် အရှင်မြတ်ကြီးအား တောထွက်၍ ရဟန်းမပြုမီက ရွှေအိုးကြီးလေးလုံးတို့ ရှိကြသည်။

ထိုရွှေအိုးကြီး လေးလုံးတို့ကို သားမောင့်ဖခင် အရှင်မြတ်ဘုရား တောထွက်၍ ရဟန်းပြုသွားသော အခါမှစ၍ ယခုတိုင် မွေးမိခင်တို့ မတွေ့မမြင်ရတော့ကုန်။

ချစ်သား ... သားမောင့်ဖခင် အရှင်မြတ်ဘုရား ထံတော်ပါးသို့ သွားရောက်ချဉ်းကပ်ပြီးလျှင် ခမည်းတော်ဘုရား ... အကျွန်ုပ်ကား ပျိုမျစ်နုနယ် ငယ်ရွယ်သူ မင်းသားဖြစ်ပါသည်။

သားတော်သည် မုဒ္ဓါဘိသိက်သွန်း၍ လေးကျွန်းသနင်း စကြာမင်းဖြစ်ရပါလိမ့်မည်၊ သားတော်သည် မင်းတို့ဖွယ်ရာ ဥစ္စာရတနာကို အလိုရှိပါ၏။ အကျွန်ုပ်အား ခမည်းတော်၏ ဥစ္စာဖြစ်သော ရွှေအိုးကြီးလေးလုံးကို ပေးတော်မူပါလော့၊ မှန်ပါသည်၊ သားဖြစ်သူသည် ဖခင်၏အမွေကို ပိုင်ဆိုင်ခံယူရမြဲ ဓမ္မတာဖြစ်ပါသည်ဟု လျှောက်ထားပြောဆိုကာ အမွေဥစ္စာကို တောင်းခံပါချေလော့"

ဟူ၍ သင်ကြားပြီးလျှင် သားတော် ရာဟုလာကို မြတ်စွာဘုရားအထံတော်သို့ စေလွှတ်လိုက်တယ်၊ သားတော် ရာဟုလာလည်း သွားပါတယ်။ ဘုရားရှင်အနီးသို့ ရောက်တယ်ဆိုရင်ပဲ ဖခင်ဆိုတဲ့ ချစ်ခြင်းကို ရရှိကာ လွန်စွာရွှင်လန်း ဝမ်းမြောက်သော စိတ် ရှိလျက် -

"ခမည်းတော် ရဟန်းမြတ်ဘုရား ... အရှင်မြတ်ဘုရား၏ အရိပ်သည် လွန်စွာ အေးမြချမ်းသာလှပါပေ၏"

ဟု လျှောက်ထား၍ ထိုမှတစ်ပါး မိမိနှင့်လျောက်ပတ်သည့် တီတီတာတာ များစွာသောစကားကို ပြောဆိုလျက် မြတ်စွာဘုရား အနီး၌ ရပ်တည်နေပါတယ်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသော် ကျောင်းတော်သို့ ပြန်ကြွသွားပါတယ်။ သားတော်ရာဟုလာကလည်း -

"ဖခမည်းတော် ရဟန်းမြတ်ဘုရား… အကျွန်ုပ်အား အမွေဥစ္စာ ပေးတော်မူပါဘုရား"

ဟု အဖန်ဖန် အထပ်ထပ် လျှောက်ထားပြောဆို အမွေတောင်းခံရင်းပင် မြတ်စွာဘုရား နောက်တော်ပါးသို့ လိုက်သွားပါတယ်။ ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် -

"ဤသားတော် ရာဟုလာကား အဖေ၏ ဥစ္စာဖြစ်သော အမွေအနှစ်ကို ရယူလို၏။ ဤလောကီဥစ္စာ အမွေအနှစ်ဟူသည်မှာ ဝဋ်ဆင်းရဲ၌သာ စာရင်းအဝင်အပါဖြစ်၍ လွန်စွာ ဆင်းရဲဖို့သာ ဖြစ်ချေလေ၏။

သို့ဖြစ်၍ ငါဘုရားသည် သားတော် ရာဟုလာအား မဟာဗောဓိမဏ္ဍိုင်အပြင်ဝယ် ငါးအင်သောမာရ် တွင်းပရန်ကို တွန်းလှန်ပြိုင်ဆိုင် အနိုင်တိုက်ကာ ရယူခဲ့သည့် အရိယာတို့ ဥစ္စာရတနာခုနစ်ပါးကို ပေးတော့အံ့။

သားတော် ရာဟုလာကို လောကုတ္တရာ အမွေအနှစ်၏ ပိုင်ရှင်ဖြစ်အောင် ပြုပေတော့အံ့"

လို့ ကြံဆဆင်ခြင်တော်မူပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်ကို ခေါ်တော်မူပြီးလျှင် -

"ချစ်သား သာရိပုတ္တ … သားတော်ရာဟုလာက ငါဘုရားထံ အမွေတောင်းခံလာရကား သင်ချစ်သား သည် သားတော်ရာဟုလာကို ရှင်သာမဏေ ပြုပေးလိုက်လေလော့"

လို့ မိန့်တော်မူပါတယ်။ အဲဒီအခါ အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ် ဆရာပြု၊ အရှင်မောဂ္ဂလာန်ထေရ်က ပဗ္ဗဇ္ဇာစရိယ ပြု၊ အရှင်မဟာကဿပထေရ်က ဩဝါဒါစရိယပြုပြီး ရှင်သာမဏေ ပြုပေးတော်မူကြပါတယ်။

"ကဲ … အဲဒီမှာ သာသနာ့အမွေပေးဖို့ ရှင်ပြုပေးလိုက်တာ ခု ရှင်ပြုပြီးပြီ၊ တရားရပြီးပြီလား"

"မရသေးပါဘုရား"

"ကဲ … သားတော် ရာဟုလာက အမွေပေး သနားတော်မူပါလို့ အမွေတောင်းခံလို့ အမွေပေးဖို့ ရှင်ပြုခိုင်းပေးလိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ … ကဲ … ဆက်နားထောင်ပါ"

အဲဒီလို ရှင်ပြုပေးပြီးနောက် ဘုရားရှင်သည် -

"ကလေးသူငယ်တို့မည်သည် သင့်သောစကား၊ မသင့်သောစကား ထွေရာလေးပါး ပြောကြားတတ်ကုန် ၏။ သို့ဖြစ်၍ ရာဟုလာအား အဆုံးအမ ဩဝါဒပေးအံ့"

လို့ ဆင်ခြင်ဆုံးဖြတ်တော်မူပြီးလျှင် ရှင်ရာဟုလာကို ခေါ်တော်မူပြီး -

"ရာဟုလာ … သာမဏေမည်သည် မင်္ဂဖိုလ်အား ကျေးဇူးမပြုသည့် မင်းစကား. အမတ်စကား အစရှိသော တိရစ္ဆာနကထာစကားကို မပြောကြားသင့်၊ သင်ချစ်သားသည် စကားပြောဆိုလျှင် ဤသို့သဘောရှိသော တရား စကားကိုသာ ပြောကြားလော့"

လို့ မိန့်တော်မူပြီးလျှင် ခပ်သိမ်းသော ဘုရားရှင်တို့ မစွန့်အပ်သော ပုစ္ဆာ (၁၀) ချက် ရှိ၍ အဖြေပေါင်း (၅၅) ပါး ရှိ၍ "သာမဏေ ရပဉ္ဟာ" မည်တဲ့ တရားဒေသနာတော်ကို ဟောကြားပေးတော်မူပါတယ်။

အဲဒီနောက် မျက်စိဖြင့် ကြည့်၍လည်း မြင်လွယ်. သိလွယ်. မှတ်လွယ်ရန် အလို့ငှာ ရှေးဦးစွာ ရေခွက် ဥပမာ လေးပါး၊ ထို့နောက် စစ်ဆင်မြား ဥပမာ နှစ်ပါး၊ ကြေးမုံမှန် ဥပမာ တစ်ပါးအားဖြင့် ဥပမာ ခုနစ်ပါးကို အစဉ်အတိုင်း ဖော်ပြကာ "အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ္တန်" ကို ဟောကြားတော်မူပါတယ်။

ထို့နောက် ရောက်လေရာ ဌာနတိုင်းဝယ် ဘဝသုံးပါး၌ တပ်မက်နှစ်သက်သော တဏှာဆန္ဒကို မပြုရာလို့ ပြတော်မူခြင်းဌာ အလျဉ်းသင့်သလို ရာဟုလာသံယုတ်ကို ဟောတော်မူပါတယ်။ အဲဒီမှာ (၂၂) သုတ် ပါဝင်ပါတယ်။

ပြီးတော့ အဘိဏှ ရာဟုလောဝါဒသုတ်ကို ဤမည်သောအခါ၌ ဟောကြားတော်မူအပ်၏ဟု အချိန်ပိုင်းဖြတ်၍ သတ်မှတ်၍ မရနိုင်ဘဲ မပြတ်.မပြတ် ဆုံးမတော်မူသောအားဖြင့် ဟောကြားတော်မူပါတယ်။

"ငါသည် တင့်တယ်၏။ ငါ၏ ရုပ်အဆင်းသည် သန့်ရှင်းစင်ကြယ်လှ၏ ဟူ၍ ခန္ဓာကိုယ် အတ္တဘောကို အမှီပြု၍ ဂေဟာသိတ ဆန္ဒရာဂကို မပြုရာ" လို့ပြတော်မူခြင်းဌာ မဟာရာဟုလော ဝါဒသုတ်ကို ရှင်ရာဟုလာ (၁၈) နှစ်အရွယ်၌ ဟောကြားတော်မူပါတယ်။

ထို့နောက် မြတ်စွာဘုရားရှင် (၁၄) ဝါ အရ၊ ရှင်ရာဟုလာက ရဟန်းဖြစ်ပြီးစ ဝါမရမီအချိန်ဝယ် အရဟတ္တဖိုလ်ပေါက်ချေချွတ်ရန် စူဠရာဟုလော ဝါဒသုတ်ကို ဟောတော်မူပါတယ်။

ရှင်ရာဟုလာသည် အဲဒီသုတ္တန်အဆုံး၌ အရဟတ္တဖိုလ်မှာ တည်တော်မူပါတယ်။ ထောင်ပေါင်းများစွာသော နတ်.ဗြဟ္မာတို့ သည်လည်း အချို့သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ရဟန္တာ အသီးသီးဖြစ်ကြပါတယ်။

"ကဲ . . . ဘုရားရှင်ပေးမှ တရားရနိုင်တယ်ဆိုရင် သားတော်ရာဟုလာကို ဘုရားရှင် တရားပေးဖို့ ကိုရင်ဝတ်ပေးထားတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အခု သားတော်ရာဟုလာဟာ (၁၃) နှစ်ကြာမှ ရဟန္တာဖြစ်ပြီး တရားရပါတယ်၊ ဘုရားရှင်က တရားဟောပေး သားတော်ရာဟုလာဟာ သင်ကျင့်သောအားဖြင့် ကြိုးစားပြီး သင်ကျင့်ရာ (၁၃) နှစ်ကြာ ရဟန်းဖြစ်စအချိန်မှ တရားရပါတယ်၊ ဒါ့ကြောင့် ဘုရားရှင်ပေးမှ တရားရတယ်ဆိုပြီး ဘုရားထံသွားပြီး နားပူနားဆာနဲ့ မတောင်းပါနဲ့၊ သူများတွေနဲ့ ဓာတ်မကူးပါနဲ့၊ ဓာတ်မဆက်ပါနဲ့နော်"

"မှန်ပါဘုရား"

✧ ဗုဒ္ဓမြတ်စွာ. မြတ်ဓမ္မာ. ဟောကာပေးလေတာ။
✧ လူနတ်ဗြဟ္မာ. သတ္တဝါ. နာကာကြားပြီးကာ။
✧ ဆောင်ထား. စဉ်းစား. မြတ်တရား. ရှာဖွေများရမှာ။
✧ ရှာဖွေများမှ. တရားရ. ဒုက္ခဆုံးလေမှာ။
✧ မရှာဖွေက. တရားမရ. ဒုက္ခမဆုံးပါ။

# ကျောင်းအမှတ် သီတင်းသုံးပါလို့ လျှောက်ထားလျှင် သင်္ကန်းရုံ ဖျက်လို့ရတယ် မဟုတ်လားဘုရား

(၂၄၁)

လူအများတို့သည် ရှင်ရဟန်းများ အိမ်သို့ ဆွမ်းစားကြွသည့်အခါ မိမိတို့ ကျောင်းမှာလိုပဲ လွတ်လွတ်လပ်လပ် အားပါးတရ မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးစေလိုကြသည်။ သို့အတွက် အိမ်သို့ ရောက်လျှင်ရောက်ချင်း "ကျောင်းအမှတ် သီတင်းသုံးပါဘုရား" လို့ လျှောက်ထားလေ့ရှိကြ၏။

ယင်းသို့ လျှောက်ထားသည်နှင့် ပတ်သက်၍ မရှင်းလင်းသည့် ဒကာတစ်ယောက်က မိမိအား မေးလျှောက်၏။

"အရှင်ဘုရား...ရွာထဲ ဆွမ်းစားကြွတဲ့အခါ အိမ်ရှင်များက ကျောင်းအမှတ် သီတင်းသုံးပါလို့ လျှောက်ထားရင် သင်္ကန်းရုံ ဖျက်လို့ရတယ် မဟုတ်လားဘုရား"

"မရဘူး"

"ဘာဖြစ်လို့လဲဘုရား"

"အိမ်ကို ကျောင်းအမှတ် သီတင်းသုံးပါဘုရား ဆိုတာနဲ့ အိမ်က ကျောင်းဖြစ်မသွားပါဘူး၊ အိမ်ဟာ အိမ်ပဲ၊ ရွာတွင်းဟာ ရွာတွင်းပဲ၊ ရွာတွင်းကလည်း ကျောင်းတွင်း ဖြစ်မသွားပါဘူး"

"ဒီလိုဆိုရင် သင်္ကန်းရုံ မဖျက်ကောင်းဘူးပေါ့ဘုရား"

"မဖျက်ကောင်းပါဘူး၊ အဲဒီလို လျှောက်တာနဲ့စာရင် . . . "အရှင်ဘုရားများ သီတင်းသုံးသည့်အခိုက် ဤအိမ်ကို ကျောင်းအဖြစ် လှူဒါန်းပါ၏ဘုရား" လို့ လျှောက်တာကမှ နီးစပ်သေးတယ်"

"ဟင် . . . အရှင်ဘုရားဥစ္စာကလည်း နီးစပ်သေးတယ်ဆိုတော့ အဲဒီလို လျှောက်ထားလို့လည်း သင်္ကန်းရုံ မဖျက်ရသေးဘူးပေါ့ဘုရား"

"မဖျက်ရသေးဘူး"

"ဒါဖြင့် လျှောက်ထားပုံချင်း ဘာထူးလဲဘုရား"

"သြော် . . . ဇီးကွက် . . . ဇီးကွက် အော်နေပါတယ်၊ ဘာငှက်လဲ မေးနေသလို ဖြစ်နေပြီ၊ လျှောက်ထားတဲ့ အခြင်းအရာချင်းမှ မတူတာ ထူးတာပေါ့"

"ထူးပုံ အမိန့်ရှိပါဘုရား"

"ကျောင်းအမှတ် သီတင်းသုံးပါလို့ လျှောက်ထားတာက ကျောင်းအမှတ်ထားပြီး သီတင်းသုံးခိုင်းတာ ဒါနမမြောက်ဘူး၊ ကျောင်းလည်း ဖြစ်မသွားဘူး"

"ကျောင်းအဖြစ် လှူပါ၏ဆိုတာက ဒါနမြောက်သွားတယ်၊ ကျောင်းဖြစ်သွားတယ်၊ ကဲ . . . မထူးဘူးလား"

"ထူးပါတယ်ဘုရား"

"အေး . . . ရှင်ရဟန်းတွေမှာ လည်ပင်း, လက်ကောက်ဝတ်မှစ၍ ကောင်းစွာ ဖုံးလွှမ်းလျက် မြို့ရွာအတွင်း၌ သွားအံ့, နေထိုင်အံ့ ဟု သင်ခြင်း, ကျင့်ခြင်း, အားထုတ်ခြင်းကို ပြုအပ်ပြုထိုက်၏လို့ သိက္ခာပုဒ် ပညတ်ချက်ရှိပါတယ်။

အဲဒီ သိက္ခာပုဒ်အရ မြို့ရွာအတွင်း သွားလာတဲ့အခါ သင်္ကန်းရုံပြီး အနားပတ်သီး တပ်ကြရပါတယ်။

အဲဒီလို သင်္ကန်းရုံပြီး အနားပတ်သီး တပ်ထားရင် လည်မျို, စလုတ်, ဦးခေါင်းနဲ့ လက်ကောက်ဝတ်ပြင်ဘက် လက်, ခြေသလုံး အောက်ပိုင်းမှတစ်ပါး တစ်ကိုယ်လုံးကို ဖုံးပြီးဖြစ်ပါတယ်။ ထိုင်တဲ့အခါမှာလည်း အဲဒီကဲ့သို့ပင် ကောင်းစွာဖုံး၍ ထိုင်ရပါတယ်။

ဖုံးဆိုပေမဲ့ အသေအချာ သတိထားဦးနော်၊ လည်မျို, စလုတ်မှစ၍ ဦးခေါင်းကိုလည်းကောင်း၊ လက်ကောက်ဝတ်မှစ၍ လက်တို့ကိုလည်းကောင်း၊ ခြေသလုံး အသားစိုင်မှ စ၍ ခြေတို့ကိုလည်းကောင်း ဖွင့်ပြီးထိုင်ရမယ်နော်"

"ဟင် . . . တပည့်တော် တွေ့ဖူးပါတယ်၊ အချို့ထိုင်တာ ခြေဖျား၊ လက်ဖျားတို့ကိုပင် ဖုံးပြီး ထိုင်ကြပါတယ်၊ ဒါဆိုရင် အပြစ်ရှိပြန်တာပေါ့"

"သြော် . . . အဲဒီလို ထိုင်ခြင်းကို အပြစ်ရှိတယ်လို့ အခြားသိက္ခာပုဒ်အရ မတွေ့ရလို့ အပြစ်မရှိပါဘူး၊ အဲဒီလို ထိုင်လို့ ကြည်ညိုဖွယ် မဖြစ်ဘူးလို့လည်း မဆိုသာပါဘူး"

"ဦးခေါင်းကိုတော့ မခြုံထားရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဦးခေါင်းမခြုံရဆိုတဲ့ သိက္ခာပုဒ် ရှိနေလို့ပါ"

"ဒီလိုဆိုရင် ရွာတွင်းနေသမျှ အခါခပ်သိမ်း သင်္ကန်းရုံနေရမှာပေါ့ ဘုရား"

"ဒီလိုတော့လည်း မဟုတ်သေးပါဘူး"

"အမယ်လေး . . . အရှင်ဘုရားတို့ ကျင့်ရတဲ့ ဝိနည်းတရားကလည်း တယ်ပြီး အသိခက်, အရာကျယ်ပါလားဘုရား"

"အေး . . . အဲဒါကြောင့် ရှင်ရဟန်းတွေဟာ ရွာတွင်းမှာ စားသုံးရတဲ့ ဆွမ်းတစ်လုတ်အတွက် မသက်သာလှပါဘူး"

"ရွာတွင်းမှာ သင်္ကန်းမရုံဘဲ နေခွင့်ကို အမိန့်ရှိပါဦးဘုရား"

"အေး . . . ပြောမယ်၊ ရွာအတွင်း၌ ဆွမ်းခံ.ဆွမ်းစား တရားဟောခိုက် နေထိုင်ခြင်းမျိုး မဟုတ်ဘဲ တည်းခိုတဲ့အနေမျိုးဖြင့် နေတဲ့ ရဟန်းဟာ သင်္ကန်းမရုံဘဲ နေထိုင်နိုင်ပါတယ်"

"ဟာ . . . ဒီလိုဆိုရင် ဆွမ်းစားခိုက် ကျောင်းအမှတ် သီတင်းသုံးတော်မူပါလို့ လျှောက်ထားရုံနဲ့ သင်္ကန်းရုံ မဖျက်ကောင်းဘူးပေါ့နော်ဘုရား"

"အင်းပေါ့၊ ဘယ်ဖျက်ကောင်းမလဲ"

"ဆက်ရှင်းပါဦးဘုရား"

"ဆက်ရှင်းပါဦးဆိုရင် ခုနကပြောခဲ့တဲ့ တည်းခိုတဲ့ အနေမျိုးဆိုတာဟာ အဘယ်မျှလောက်ကြာမှ တည်းခိုခြင်း ဖြစ်ပါသလဲလို့ စဉ်းစားဖွယ် မရှိဘူးလား"

"ဟာ . . . ရှိတာပေါ့ဘုရား"

"ညဉ့်အိပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်းခိုမှ အတည်းခိုလို့ ဆိုလိုပါတယ်၊ အဲဒီလို တည်းခိုနေလိုတဲ့ ဆန္ဒရှိရင်တော့ ခေတ္တပင်ဖြစ်သော်လည်း အတည်းခိုပင် အမိပ္ပာယ်ရတယ်နော်"

"မှန်ပါဘုရား"

"ကဲ . . . ဒါဖြင့် ဒကာကြီးအမေးကို ပြန်ပြီး နိဂုံးချုပ်ကြစို့၊ ကျောင်းအမှတ် သီတင်းသုံးပါလို့ လျှောက်ရုံနဲ့ ကျောင်းဖြစ်မသွားလို့ သင်္ကန်းရုံ မဖျက်ရဘူးလို့ မှတ်နော်"

"မှန်ပါဘုရား"

"အဲဒီလို မလျှောက်ထားဘဲ အရှင်ဘုရားများ သီတင်းသုံးခိုက် ဤအိမ်ကို ကျောင်းအဖြစ် လှူဒါန်းပါ၏ လို့ လျှောက်ထားရင် ညဉ့်အိပ်ညဉ့်နေ အတည်းခိုဆိုရင်တော့ သိပ်ကောင်းသွားတယ်၊ သင်္ကန်းရုံ ဖျက်နေနိုင်တယ်"

"ဆွမ်းခံ.ဆွမ်းစား.တရားဟောခိုက် မျိုးတို့၌ ကျောင်းမှာနေသလို သင်္ကန်းမရုံဘဲ နေခွင့်ရှိတယ်လို့ ဝိနည်းအဆိုအမိန့် မရှိခြင်း၊ ခေတ္တလှူခြင်းဟာလည်း အာလယမပြတ်. အလှူမမြောက်. အငှားသာဖြစ်ခြင်း၊ အဲဒီလို လျှောက်ရုံမျှဖြင့် ကျောင်းလို့ မဆိုနိုင်ခြင်းကြောင့် သင်္ကန်းရုံ မဖျက်ရလို့ မှတ်နော်"

"မှန်ပါဘုရား"

✦ ရဟန်းတော်များ မြတ်ဘုရား စကားလိုက်နာရပေမည်။

✦ ဘုရားစကား လိုက်နာပြီး ဘုရားသားကောင်းမည်။

✦ သားကောင်းများသာ သာသနာ ကောင်းစွာပြုနိုင်သည်။

✦ မိမိကိုယ်မှာ သာသနာ ဦးစွာတည်ရမည်။

✦ ကိုယ့်တည်သာသနာ သူ့ကိုပါ ဖြန့်ကာပြုရမည်။

# အရှင်ဘုရား ဓာရဏာပရိတ်ကလည်း တပည့်တော်ရတဲ့ ဓာရဏာပရိတ်နှင့် မတူပါဘုရား

(၂၄၂)

ဗုဒ္ဓသာသနာဝင်တို့သည် ပရိတ်တော်ကို အထူးသဖြင့် အားထားယုံကြည်ကြကုန်၏။ အားထားယုံကြည်သည့်အလျောက် မိမိတို့ကိုယ်တိုင်လည်း ကျက်မှတ်၍ ရွတ်ဖတ်ကြကုန်၏။ သံဃာတော် အရှင်မြတ်များကိုလည်း ပင့်ဖိတ်၍ ရွတ်ဖတ်စေကြကုန်၏။

ထိုနှစ်မျိုးတို့တွင် မိမိတို့ကိုယ်တိုင် ကျက်မှတ်၍ အမြဲမပြတ် ရွတ်ဖတ်ခြင်းသည် သာ၍ အကျိုးကြီးမြတ်၏။ မိမိတို့လိုချင်သော အကျိုးကို ပြီးစေနိုင်၏။ ယင်းကို သိသော အချို့သူတို့သည် ပရိတ်တော်များကို ရနိုင်သလောက် ကျက်မှတ်၍ ရွတ်နိုင်သလောက် ရွတ်ဖတ်ကြ၏။

ယင်းသို့ ရွတ်ဖတ်သောသူများမှ တစ်ယောက်နှင့် တွေ့ရ၏။ သူကား စိစစ်တတ်သူ စဉ်းစားတတ်သူ တစ်ယောက်ဖြစ်၏။ သူသည် မိမိနှင့် တွေ့လျှင်တွေ့ချင်း မိမိအား လျှောက်မေးတော့၏။

"အရှင်ဘုရား ဓာရဏာပရိတ်ကလည်း တပည့်တော်ရတဲ့ ဓာရဏာပရိတ်နဲ့ မတူပါဘုရား"

"အေး...ဒကာရတဲ့ ဓာရဏာပရိတ်က ဘယ်လိုလဲ၊ ဘုန်းကြီးကို ရွတ်ပြစမ်းပါဦး"

"တပည့်တော်ရတဲ့ ဓာရဏာပရိတ်က ဘုရားဟောပါဘုရား"

"အေး...ဒကာ့ကို ဘုန်းကြီး အဲဒီအကြောင်း အရှည်မရှင်းချင်တော့ဘူး၊ ဘုန်းကြီးရေးတဲ့ ဗုဒ္ဓဓမ္မပြဿနာများ (၈) ကို ရှာပြီးဖတ်ကြည့်ရင် မင်းသိသွားလိမ့်မယ်"

"ဟင်...ဒါဖြင့် ဓာရဏာပရိတ်က ဘုရားဟော မဟုတ်ဘူးလားဘုရား"

"မဟုတ်ဘူး"

"အရှင်ဘုရားရဲ့ဓာရဏပရိတ်က တိုပါတယ်၊ တပည့်တော်ရတဲ့ ဓာရဏပရိတ်က ရှည်ပါတယ်ဘုရား"

"အေး... ဒကာက အရှည်အတိုသာ သိတာ၊ လိုရင်းမှ မသိတာ"

"လိုရင်း ရှင်းပြပါဘုရား"

"ဩော်... ဗုဒ္ဓမေ္မပြဿနာများ (၈)ကို ရှာပြီး ဖတ်ကြည့်ပါဆိုမှပဲ"

"အရှင်ဘုရားရဲ့ဓာရဏပရိတ်နဲ့ ပတ်သက်၍ ထူးခြားတဲ့ အကျိုးတရားတွေ တွေ့ဖူးပါသလားဘုရား"

"ဟာ... တွေ့ဖူးတာပေါ့၊ အများကြီး တွေ့ဖူးတာပေါ့"

"တစ်ခုလောက် အမိန့်ရှိပါဘုရား"

"အေး... အေး... နေဦး၊ ဘုန်းကြီးကိုယ်တိုင် အမိန့်ရှိတာထက် ဒီမှာ ဘုန်းကြီးသိမ်းထားတဲ့ စာတစ်စောင် ရှိတယ်၊ အဲဒီစာကို ဒကာဖတ်ကြည့်ရင် ဓာရဏပရိတ် အကျိုးတရားကို ဒကာ သိသွားလိမ့်မယ်၊ ရော့... ဖတ်ကြည့်စမ်း"

*သို့*

*မေ္မဒူတ ဆရာတော်*

*အရှင်ပညာဇောတ*

*၁၃၄၈ - ခု၊ နယုန်လဆန်း (၁၀) ရက်။*

*ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား၊ ဆရာတော်၏ ကျေးဇူးကြောင့် ဘုရားတပည့်တော်သည် ဆရာတော်၏ ဗုဒ္ဓမေ္မပြဿနာများ (၈)ကို ဖတ်ရပါသည်ဘုရား။*

*၎င်းစာအုပ်တွင် ဓာရဏပရိတ် ပါရှိနေသည်ကို တွေ့ရသဖြင့် အလွတ်ကျက်ကာ နေ့စဉ် နေ့စဉ် ပါဠိရော. အနက်ပါ တစ်ခေါက်ကျ ရွတ်ဆိုနေပါသည်ဘုရား။*

*နောက်ပြီး ဆရာတော် စီစဉ်ထားသော "လိုရာပြည့်ဝ ဓာရဏပရိတ်တော်" အိတ်ဆောင် စာအုပ်ငယ်ကလေးကိုလည်း ဘုရားတပည့်တော် တစ်ဆင့်ယူ၍ ဝါသနာပါရှိသူများကို ဝေငှလှူဒါန်းနေပါသည်ဘုရား။*

*ဘုရားတပည့်တော်၏ စိတ်ထဲမှာ ဓာရဏပရိတ်ကြောင့် ဘေးရန်အန္တရာယ်တွေ ကွယ်ပနိုင်တယ်ဆိုတာကို အမိက မရည်စူးပါ ဘုရား။*

*ဓာရဏပရိတ်ထဲမှာ ပါဝင်သည့် ဗုဒ္ဓ၏ အာဝေဏိကဂုဏ်တော် (၁၈) ပါးကို ကြည်ညိုလျက် ဝိပဿနာဉာဏ် ရင့်သန်နိုင်ရန်အတွက်သာ ရည်စူး၍ ဓာရဏပရိတ်တော်ကို သဘောကျနှစ်သက်ရခြင်း ဖြစ်ပါသည်ဘုရား။*

*ဓာရဏပရိတ်ကို ဗုဒ္ဓါနုဿတိ ဘာဝနာပွားသည့်အနေနှင့် ရွတ်ပွားပြီး -*

*ပဇာ သဗ္ဗာ သုဿယန္တု*
*ဝုဋ္ဌဟန္တု သုမင်္ဂလာ*
*ဒုသေန္တု ဒုဂ္ဂတိ ဂါမိ*
*ပူရေန္တု သဗ္ဗပါရမီ၊*

ပဇာသမ္ပာ - ကိုယ်စီကိုယ်ငှ ကိုယ်ဒေသ၌ ပျော်ကြစပ်ရာ သတ္တဝါမှန်သမျှတို့သည်၊ သုသာယန္တု - အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေသတည်း၊ သုမင်္ဂလာ - မင်္ဂလာ ကျက်သရေ ယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍၊ ဝုဋ္ဌဟန္တု - ကောင်းစွာမိုးသောက် အလင်းရောက်လျက် ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း၊ ဒုဂ္ဂတိဂါမိ - အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို၊ ဒူသေန္တု - သုတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေသတည်း၊ သဗ္ဗပါရမီ - အလောင်းအလျာ ဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို၊ ပူရေန္တု - တစ်ဆင့်ထက် တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်နိုင်ကြပါစေသတည်း။

ဆိုတဲ့ အဲဒီဂါထာကိုတော့ မေတ္တာဘာဝနာအနေနှင့် နေ့စဉ် ရွတ်ပွားပါသည်ဘုရား၊ အနီးအနားရှိ သစ်ပင်များမှ နတ်တွေကိုလည်း အမျှဝေလေ့ ရှိပါသည်ဘုရား။

ဘုရားတပည့်တော်၏ ခံယူချက်မှာ ယောဂီဟာ တရားအားထုတ်နေစဉ် တရားအမှတ်ဖြင့် အိပ်၍၊ အိပ်ရာမှ နိုးလျှင် နိုးခြင်း တရားအမှတ်နှင့် နိုးသင့်ကြပါသည်။

ထို့အတူ လူတွေအားလုံးဟာ အိပ်ရာဝင်စဉ် ဗုဒ္ဓါနုဿတိ. မေတ္တာ၊ အသုဘ. မရဏဿတိ ဤဘာဝနာလေးမျိုးမှ အနည်းဆုံး တစ်မျိုးမျိုးကို ဆင်ခြင်ပွားများပြီးမှ အိပ်သင့်ကြပါသည်။ အိပ်ရာမှ နိုးလျှင်နိုးခြင်း ဗုဒ္ဓါနုဿတိ. မေတ္တာ၊ အသုဘ၊ မရဏဿတိ တစ်ခုခုကို သတိရပြီးမှ နိုးသင့်ကြပါသည်။

ကုသိုလ်ကောင်းမှု. တွင်တွင်ပြု. ဆိုးမှုကြဲ့သူမှာ.

ကုသိုလ်ကံပေး၊ ကျိုးနှောင့်နှေး၊ တွေးရေးဆိုးမှုသာ

ဆိုတဲ့ အနာထပိဏ်သူဌေးကြီးအား ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ဆင်ခြင်ပြီး -

"ကောင်းမှုတွေကို ပြုနေစဉ် ကောင်းကျိုးတွေကိုသာ ရရှိနေသောအခါ ငါ၏ ကောင်းမှုကုသိုလ်တွေက ယခုဘဝမှာ ပင် အကျိုးပေးနေသည်" ဟု ဆင်ခြင်သင့်ကြပါသည်။

၈ - ၆ - ၈၆၊ တနင်္ဂနွေနေ့၊ ယနေ့ နံနက် (၆)နာရီက ဘုရားတပည့်တော် ဓာရဏပရိတ် ရွတ်ပြီး နာနေသူများကို ဓာရဏ ပရိတ် ကျေးဇူးပြောပြီး တကယ်ကျက်ပြီး၊ ရွတ်မည့်သူများကို ဓမ္မဒူတ အရှင်ပညာဇောတ၏ ဓာရဏပရိတ် အိတ်ဆောင်စာအုပ် ကို ပေးမယ်လို့ ပြောပါသည်။

အဲဒီပြောတဲ့နေ့ ညဉ့် (၁)နာရီတိတိအချိန် ဖြစ်ပါသည်။ အိမ်ခန်းတံခါးမကြီး၏ တံခါးရွက် ပတ္တာမြည်သံ တကျွီကျွီနှင့် ရွေ့လျားပြီး တံခါးရွက်ကြီးက နံရံကို ကပ်တိုက်သည့်အသံ ပြန်းဆိုသည့် အသံနှင့်အတူ အိပ်ရာမှ နိုးသွားပါသည်။

နိုးလျှင်နိုးခြင်း နှုတ်က ဟ,၍ "အဟမ်း ... ဘာဖြစ်နေတာလဲ၊ သေတော့မှာပဲ" ဟု ရွတ်ဆိုလိုက်မိပါသည်။ သူခိုးဝင်ပြီ ဟု သိလိုက်တာနှင့် ထ,ပြီး မီးချောင်း မီးခလုတ်ကို ဖွင့်ကာ သတိနှင့် လှေလာကြည့်ရှုလိုက်ပါသည်။

သူခိုးသည် အိမ်သာခန်းရှိ နောက်ဖေးပေါက်တံခါး၏ မင်းတုံးပတ္တာရွက်ကို ကလန့်ဖွင့်ပြီး အထဲကို ဝင်ရောက်လာ ပါသည်။ အိမ်သာခန်းမှ တစ်ဆင့်ဝင်ကာ အိပ်ခန်းသော့အိမ်ကို ဖွင့်ပြီး အဝင်မှာ တံခါးကပတ္တာသံ တကျွီကျွီနှင့်မြည်ကာ တံခါးရွက်ကြီးကလည်း နံရံကို ကပ်တိုက်သည့်အသံ ပြန်းခနဲ ပေါ်ရတော့တာပါပဲ။

ပတ္တာသံမမြည်အောင်လို့ဆိုပြီး ရေနံချေး ဆွတ်ဖျန်းထားလေ့ ရှိပါသည်။ ယခုလည်း ဖွင့်နေပိတ်နေသမျှ နေ့ရောညပါ ပတ္တာသံမြည်သံကို နားမှ တစ်ချက်မျှ မကြားရပါ။

*ဆန်းကြယ်လိုက်ပါဘိ၊ သူခိုး.ဖွင့်သည့်အချိန်နှင့် ပတ္တာမြည်သည့်အသံကလည်းဖြစ်မှဖြစ်ရတယ်၊ စဉ်းစားရင် ဓာရဏပရိတ်ကို သတိရသောအခါ ကြက်သီးထပြီး ခေါင်းကြီးသလို ဖြစ်သွားပါသည်။*

*ဘုရားတပည့်တော်၏ အိပ်ခန်းမှာ အဖိုးတန်ပစ္စည်းကား ခပ်များများဖြစ်လို့ သူခိုး တမြဲ့စာတော့ အားရပါးရဖြစ်ဖို့ပါပဲ။*

*သူခိုးအတွက်တော့ လက်တစ်ကမ်းကလေးမျှသာ လိုသောအချိန်မှာ အိပ်မောကျနေရာမှ မမြည်ဘူးသော တံခါးက တကျွိကျွိမြည်၍ နိုးလာရတာမို့ သူခိုးရင်မှ ဘဝင်ဆူ၍ ဘာမျှ မယူနိုင်ဘဲ ထွက်ပြေးသွားရပါသည်ဘုရား။*

*သူခိုးထွက်ပြေးမှ နံနက်ကအကြောင်းကို ပြန်ပြောင်းစဉ်းစားလိုက်မိပါသည်ဘုရား။ ငါ မနက်က ဓာရဏပရိတ်ကို ရွတ်သည်။ ကျက်မှတ်မည့်သူကို စာအုပ်ပေးမည်။ မကျက်မှတ်နိုင်လျှင် တစ်ကျပ် ပြန်လျော်ရမည်ဟု အရွှတ်အနောက် ပြောမိသည်။*

*ဒ့ါကြောင့် သူခိုးက အိပ်ခန်းဝအထိရောက်အောင် ဝင်နိုင်တာဖြစ်မည်ဟု စဉ်းစားမိပါသည်။ ဓာရဏပရိတ်၏ အာဝေဏိကဂုဏ်တော်အရ အကျိုးမဲ့စကား၊ အရွှတ်အနောက်စကားကို ပြောဆိုမိ.ပြုလုပ်မိသည့်အခါ –*

*(၁) သူတစ်ပါး မုန်းလွယ်တတ်သည်။*

*(၂) သတိလွတ်ကင်းလျက် အမှားအယွင်း များတတ်သည်။*

*(၃) မိမိ၏ သိက္ခာသုံးပါး အကျင့်များ ပျက်စီးတတ်သည်။*

*ဒါကြောင့် "အကျိုးမဖက် အပျက်အချော် အပျော်ပြုမှုသည်၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိချေတကား" ဟု မြတ်စွာဘုရားအား ကြည်ညိုလိုက်ရပါသည်ဘုရား။*

*ဓာရဏပရိတ်ကို ကြည်ညိုလှသဖြင့် ရွတ်ရင်း အကျိုးရ၍ ဝါသနာ မပါသေးသူများကိုလည်း ဝါသနာ ပါအောင် ပြောပြလျက် ဆရာတော်၏ "လိုရာပြည့်ဝ ဓာရဏပရိတ်တော်" ကို တပည့်တော်က ထပ်ဆင့် ဓမ္မဒါန ပြုလျက်ပါဘုရား။*

*ကံကောင်းခွင့်နှင့် ကြုံရသည့်*
*တပည့်တစ်ဦး (……)*

"ကဲ … ထူးခြားတဲ့ အကျိုးတရား တွေ့.ပြီလား"

"တွေ့ပါပြီဘုရား"

"အဲဒါက စာပေအဖြစ်နဲ့ တင်ပြလို့ မှတ်ထားတဲ့ သိမ်းထားတဲ့ ထူးခြားချက်ပါ၊ စာပေမတင် သိမ်းဆည်းမထားတဲ့ ထူးခြားချက်တွေ အများကြီး ရှိပါသေးတယ်"

"အရှင်ဘုရား အဲဒီ ဓာရဏပရိတ်ကို ဘယ်က ရပါသလဲဘုရား"

"ရှေးရှေးအကျော် ဆရာတော်ကြီးများ၏ မူနဲ့ မူရင်း အဌကထာနဲ့ တိုက်ဆိုင်ပြီး ရေးထားတာပဲ"

"ဒါဖြင့် အရှင်ဘုရားမူက အကောင်းဆုံးပေါ့"

"အေး … အစွဲမရှိလို့ ကြိုက်ရင် အကောင်းဆုံးပေါ့၊ အစွဲရှိလို့ မကြိုက်ရင် မကောင်းဘူးပေါ့"

"အရှင်ဘုရား ပြောကြားချက်ကလည်း တပည့်တော်အဖို့ အမှတ်ခက်လှပါတယ်ဘုရား"

"အမှတ်မခက်နဲ့၊ ဒကာကို ဘုန်းကြီးက အမှန်အတိုင်း ပြောတာ၊ အချို့က ဆရာစွဲ, ပုဂ္ဂိုလ်စွဲ, ဂိုဏ်းစွဲ သိပ်ကြီးတာ၊ ဘယ်သူက ဘယ်လိုအမှန်ပဲပြောပြော၊ နောက်ဆုံး ဘုရားဟောပါလို့ ပြောပြော သူ့ဆရာစွဲ, ဂိုဏ်းစွဲ, ပုဂ္ဂိုလ်စွဲကို ဖြုတ်ပြီး ဘုရားဟော အမှန်နောက်ကို မလိုက်နိုင်ဘူး"

"တပည့်တော်တော့ ဒီလိုအမျိုးအစားထဲက မဟုတ်ပါဘူးဘုရား"

"မဟုတ်ရင် ဒကာရတဲ့ ဓာရဏာပရိတ်ကို မေ့ပစ်လိုက်"

"ဘာဖြစ်လို့လဲဘုရား"

"အန္တရာယ် မပြုနိုင် ဂုဏ်လေးခိုင် မစုံခြင်း၊ အာဝေဏိကဂုဏ်တော် (၁၈)ပါး မမှန်ခြင်းကြောင့်ပဲ"

"မှန်ပါ့ဘုရား"

✦ အန္တရာယ်မပြုနိုင်. ဂုဏ်လေးခိုင်. ပိုင်နိုင်သိထားပါ။

✦ ပိုင်နိုင်သိကာ. နေ့စဉ်သာ. မှန်စွာရွတ်ပွားပါ။

✦ မိမိဥ္စဝယ်. အန္တရာယ်. တကယ်ကင်းပျောက်မှာ။

✦ အာဝေဏိက. ဆယ့်ရှစ်ဝ. ဂုဏ ဂုဏ်ကျက်ပါ။

✦ နေ့စဉ်မှန်စွာ. စိတ်စွဲကာ. ရွတ်ပါမှန်မှန်သာ။

✦ ဘေးရန်ကင်းကွာ. မြတ်ဥစ္စာ. များစွာကြွယ်ဝမှာ။

✦ လိုရင်းလည်းကျ. တိုကျဉ်းလှ. ညီပ ဋ္ဌကထာ။

✦ အာဂုံဆောင်ကာ. နေ့စဉ်သာ. မှန်မှန်ရွတ်ပွားပါ။

✦ ဘုရားရဲ့ဂုဏ်. တရားဂုဏ်. ပွားထုံမည်သည်ပါ။

# လမင်းပရိတ်,ဆိုတာ ရှိပါသလားဘုရား

(၂၄၃)

မိမိအကြောင်းကိုတော့ မိမိရဲ့စာဖတ်ပရိတ်သတ်ကို ပြောပြရန် မလိုတော့ပါ၊ မိမိသည် ဓမ္မဒူတ တောရကျောင်း၌ ရှိနေလျှင် အမိကအားဖြင့် စာပေပို့ချနေသည်။ အပြင်ရောက်နေလျှင် အမိကအားဖြင့် စာရေး. တရားဟော. တရားပြနေသည်။

တစ်နေ့ တစ်ခုသော တရားဆယ်ရက်စခန်း တရားပွဲဝယ် တရားဟောအပြီး လူငယ်တစ်ယောက် ရောက်လာ၍ ရှိသေစွာ ရှိခိုးဦးချထိုင်လျက် လျှောက်ထားမေးမြန်းသည်။

"ဆရာတော်ဘုရားကို ဖူးတွေ့ရတာ အလွန်တရာ ဝမ်းသာလှပါတယ်ဘုရား၊ ဘုရားတပည့်တော်ဟာ ဆရာတော်ဘုရားရဲ့စာတွေဖတ်ပြီး ယဉ်ကျေးလာသူ တစ်ယောက်ပါဘုရား၊ ဒါပေမဲ့ ဆရာတော်ဘုရားကို တစ်ခါမျှ မဖူးတွေ့ဘူးပါဘုရား၊ စာပေနဲ့ ရင်းနှီးနေတော့ ယခု ရင်းရင်းနှီးနှီးပဲ လျှောက်ထား မေးမြန်းခွင့် ပေးသနားတော်မူပါဘုရား"

"အေး… အေး…မေးမြန်းချင်တာ မေးပေါ့လေ၊ သိရင်လည်း ဖြေရတာပေါ့၊ မသိရင်တော့လည်း တေးထားပြီး နောက်တော့ ဖြေရတာပေါ့"

"မှန်ပါဘုရား၊ မေးမြန်းခွင့်ရလို့ ဝမ်းသာလှပါတယ်ဘုရား၊ ဘုရားတပည့်တော်ကို မိတ်ဆွေတစ်ယောက်က လမင်းပရိတ်ကို မင်းရွတ်၊ လမင်းပရိတ်ဆိုတာ သိပ်ပြီးတော့ စွမ်းတယ်ဆိုပြီး ဂါထာတစ်ပုဒ် ပေးပါတယ်ဘုရား၊ အရှင်ဘုရား လမင်းပရိတ်ဆိုတာ ရှိပါသလား ဘုရား၊ ရှိရင် အဲဒီ လမင်းပရိတ်ဆိုတာ ဘုရားဟောပါလားဘုရား"

"အေး…ဒကာပြောမှ လမင်းပရိတ်ဆိုတာ ဘုန်းကြီးလည်း ကြားဖူးတယ်၊ ဘုန်းကြီးတို့ ပိဋကတ်တော်မှာတော့ လမင်းပရိတ်ဆိုပြီးတော့ သီးခြားရယ်လို့ ဘုန်းကြီးတို့လည်း အမှတ်မထားမိဘူး၊ ကဲ…ဒကာရရင် ဘုန်းကြီးကို ရွတ်ပြစမ်းပါဦး၊ ဒကာရဲ့လမင်းပရိတ်က ဘယ်လိုလဲ"

**နမော တေ ဗုဒ္ဓ ဝီရတ္ထု၊**
**ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊**
**သမ္ဗာဓပဋိပန္နော သ္မိ၊**
**တဿ မေ သရဏံ ဘဝ။**

"ဩော်… ဒါလား၊ အဲဒါဆိုရင်တော့ လမင်းပရိတ်လည်း ခေါ်နိုင်တယ်၊ နေမင်းပရိတ်လည်း ခေါ်နိုင်တယ်"

"ဘာဖြစ်လို့ပါလဲဘုရား၊ အရှင်ဘုရားဆီ ရောက်မှပဲ အမည်တစ်မျိုးတောင် တိုးသွားပြန်ပါပြီ၊ တပည့်တော်ကို ရှင်းပြပါဘုရား"

"ရှင်းပြဆို ဒီလိုကွဲ့၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေတဲ့ အခိုက်ပေါ့၊ လဝိမာန်ရှိတဲ့ လဝိမာန်၌နေတဲ့ လနတ်သားကို ရာဟုအမည်ရှိတဲ့ အသူရိန်က ဖမ်းတယ်။

အဲဒီ ရာဟုအသူရိန်ဆိုတာ အသူရိန်အပေါင်းကို အစိုးရတယ်၊ လမင်းရဲ့တင့်တယ်ထူးထွေ ရောင်မြြတေကို စွန့်စေတတ်တယ်၊ အဲဒီ ရာဟု အသူရိန်က လမင်းကို ဖမ်းစားတယ်၊ ဖမ်းယူတယ်။

ခုခေတ် ဘုန်းကြီးတို့ခေါ်သလို ခေါ်ရင်တော့ လငပုပ်ဖမ်းတယ်လို့ ခေါ်ပါတယ်၊ အဲဒီလို လငပုပ်ဖမ်းရာ ထိုအခါမှာ လဝိမာန်၌နေတဲ့ လနတ်သားက ဘုန်းကြီးတို့ ဘုရားရှင်ကို အစဉ်လျှောက်၍ အောက်မေ့တယ်၊ အဖန်ဖန် အောက်မေ့တယ်၊ အဖန်ဖန် အမှတ်ရတယ်။

အဲဒီလို ဘုရားရှင်ကို အဖန်ဖန် အောက်မေ့အမှတ်ရတဲ့အခါမှာ အဲဒီ မင်း ခုနကရွတ်ပြတဲ့ ဂါထာကို ရွတ်ပါတယ်၊ အဲဒီ ဂါထာကို လနတ်သား ရွတ်လို့ လမင်းပရိတ်လို့ ခေါ်ပါတယ်"

"ကဲ… အရှင်ဘုရား လမင်းပရိတ်တော့ သိပါပြီ၊ နေမင်းပရိတ်ကို ရှင်းပါဦးဘုရား"

"နေမင်းပရိတ်ကို ရှင်းပြရင်လည်း ဒီသဘောပါပဲ၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူတဲ့အခိုက်မှာပေါ့၊ နေဝိမာန်ရှိတဲ့ နေဝိမာန်၌နေတဲ့ နေနတ်သားကို ရာဟုအမည်ရှိတဲ့ အသူရိန်က ဖမ်းတယ်၊ ရာဟုအသူရိန် အကြောင်းတော့ ခုနက ပြောပြီးလို့ သိပြီးပြီနော်"

"မှန်ပါ့ဘုရား"

"အေး… ခုခေတ် ပြောသလို ပြောရရင်တော့ နေကြတ်တယ်ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီအခါမှာ နေနတ်သားကလည်း လနတ်သားနည်းတူပဲ ဘုန်းကြီးတို့ ဘုရားရှင်ကို အမှတ်ရပြီး အဲဒီဂါထာကိုပဲ ရွတ်ပါတယ်၊ အဲဒီလို နေနတ်သားရွတ်လို့ နေမင်းပရိတ်လည်း ခေါ်နိုင်တာပေါ့"

"အရှင်ဘုရား… ဒါဖြင့် အဲဒီ လမင်းပရိတ်၊ နေမင်းပရိတ်ကို ဘုရားတပည့်တော် ပါဠိတော့ ရနေတာ ကြာပါပြီဘုရား၊ အနက်အဓိပ္ပာယ် မရပါ၊ အရှင်ဘုရားအတွက် အရေးမကြီးရင် ဘုရားတပည့်တော်အား အနက်အဓိပ္ပာယ် ပေးပြပါဘုရား"

"ဒကာ့ဥစ္စာကလည်း မေးရင်လည်း အေးအေးမေးတာ မဟုတ်ဘဲနဲ့၊ အရှင်ဘုရားအတွက် အရေးမကြီးရင်တဲ့၊ ဘုန်းကြီးအတွက် အင်မတန် အဖိုးတန်တဲ့အချိန်. အရေးတကြီး အသုံးချရမယ့်အချိန်တွေ ဒကာ လာခိုးနေတာပဲ"

"အရှင်ဘုရား သည်းခံခွင့်လွှတ်တော်မူပါဘုရား၊ အဲဒီဂါထာအနက်ကို ဖြစ်နိုင်ရင် အခုပဲ ရှင်းပြပေးပါဘုရား၊ ဘုရားတပည့်တော် မှတ်သား ကျက်မှတ်ချင်ပါတယ်ဘုရား"

"ကဲ… ကဲ… ဒါဖြင့် ဒကာ လိုက်ရေး"

"ဝီရ - ပြိုင်ဘက်မရ ကြီးမားလှသည့် လုံ့လရှိတော်မူသော (ဝါ) မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့သော လုံ့လရှိတော်မူသော၊ ဗုဒ္ဓ - သစ္စာလေးပါးတရားသိမြင် ရှင်တော်မြတ်ဘုရား၊ တေ - ရှင်တော်မြတ်ဘုရားအား၊ မေ - ဘုရားတပည့်တော်၏၊ နမော - ညွတ်ယိမ်းကိုင်းရှိုင်းခြင်းသည် (ဝါ) ရှိခိုးဦးချခြင်းသည်၊ အတ္ထု - ဖြစ်ပါစေသတည်း။ တွံ - ရှင်တော်မြတ်ဘုရားသည် သဗ္ဗဓိ - ခပ်သိမ်းဥဿုံ အလုံးစုံသော ခန္ဓာ. အာယတနဓာတ်တို့မှ၊ ဝိပ္ပ မုတ္တော - အထူးအားဖြင့် လွတ်တော်မူသည်၊ အသိ - ဖြစ်

တော်မူပါပေ၏၊ အဟံ - ဘုရားတပည့်တော်သည်၊ သမ္ဗာဓပဋိပန္နော - ကျပ်တည်း ကျဉ်းမြောင်းသော ရာဟု အသုရိန်၏ ခံတွင်းသို့ ရောက်နေသည်၊ အသ္မိ - ဖြစ်ပါ၏။ တွံ - ရှင်တော်မြတ်ဘုရားသည်၊ တဿ မေ - ထိုဘုရားတပည့်တော်၏၊ သရဏံ - ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာသည် (ဝါ) ဘေးကို ဖျက်ဆီးတတ်သည်၊ ဘဝ - ဖြစ်တော်မူပါလော့။

"အဲဒါ အနက်အဓိပ္ပာယ်ပဲပေါ့၊ ကဲ ... ဒကာ ရအောင် ကျက်မှတ်ပေတော့"

"မှန်ပါဘုရား၊ ဘုရားတပည့်တော် ရအောင် ကျက်မှတ်ပါ့မယ်ဘုရား၊ ဆက်လည်း မေးလျှောက်ပါရစေဦးဘုရား၊ မေးခွင့်ပေးပါဦးဘုရား"

"ဟင် ... ဒကာ့ဥစ္စာကလည်း မီးခိုးမဆုံး မိုးမဆုံးဆိုတာလို ဖြစ်နေပြီ"

"မှန်ပါ၊ သည်းခံတော်မူပါဘုရား၊ အရှင်ဘုရားနဲ့က ဆုံခဲလှပါတယ်ဘုရား၊ ဆုံတုန်း မေးပါရစေဘုရား"

"ကဲ ... ကဲ ... ရှိစေတော့၊ ရှိစေတော့"

"အဲဒီ လို နတ်သားက အဲဒီဂါထာရွတ်တော့ ဘယ်လိုဖြစ်ပါသလဲဘုရား"

"အဲဒီလို လနတ်သားက ဂါထာရွတ်တော့ ဘုရားရှင်က အဲဒီလနတ်သားကို အကြောင်းပြုပြီးတော့ ရာဟု အသုရိန်ကို ဒီလို ဂါထာရွတ်ပြောတယ် -

**တထာဂတံ အရဟန္တံ၊**

**စန္ဒိမာ သရဏံ ဂတော၊**

**ရာဟု စန္ဒံ ပမုဥ္စဿု၊**

**ဗုဒ္ဓါ လောကာနုကမ္ပကာ။**

ရာဟု - တင့်တယ်ထူးထွေ ရောင်မြူတေကို စွန့်စေတတ်သော ရာဟုအသုရိန်၊ စန္ဒိမာ - လဝိမာန်ရှိသော (ဝါ) လဝိမာန်၌ နေသော၊ ဒေဝပုတ္တော - နတ်သားသည်၊ အရဟန္တံ - တစ်ထောင့်ငါးရာ ကိလေသာတို့မှ၊ စက္ကဝါဠအနန္တထက် ဝေးကွာတော်မူသော၊ တထာဂတံ - ငါဘုရားကို၊ သရဏံ - ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍ (ဝါ) ဒုက္ခကိုဖျောက် သုခရောက်အောင် စောင့်ရှောက်ကယ်မတတ်ပေ၏ ဟူ၍ (ဝါ) ကိုယ်စိတ်နှစ်ဝ ရှိဒုက္ခကို မုချ ပယ်ဖျောက် သုခရောက်အောင် စောင့်ရှောက်ကယ်မ တတ်ပေ၏ ဟူ၍၊ ဂတော - သိတော်မူ၏ (ဝါ) မှီဝဲ၏။ တသ္မာ - ထို့ကြောင့်၊ ဗုဒ္ဓါ - သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့သည်၊ လောကာနုကမ္ပကာ - သတ္တလောကကို အစဉ်သနားစောင့်ရှောက် ချီးမြှောက်ထောက်ပံ့တော်မူတတ်ကုန်၏။ တသ္မာ - ထို့ကြောင့်၊ တွံ - သင် ရာဟု အသုရိန်သည်၊ စန္ဒံ - လနတ်သားကို၊ ပမုဥ္စဿု - လွှတ်လိုက်ပါလော့။

အဲဒီလို ဘုရားရှင်က ဂါထာရွတ်ပြောတော့ ရာဟုအသုရိန်ဟာ လနတ်သားကို လွှတ်ပြီးတော့ အဆောတလျင် ဝေပစိတ္တိ အသုရိန်ထံ ပြေးပါတယ်။ သူ့မှာလည်း ပြင်းစွာ ထိတ်လန့်နေပါတယ်၊ ကြက်သီးမွေးညင်းတွေလည်း ထ,နေပါတယ်၊ အဲဒါကို မြင်တဲ့ ဝေပစိတ္တိ အသုရိန်က ရာဟု အသုရိန်ကို ဂါထာရွတ်မေးတယ်။

**ကိံ နု သန္တရမာနောဝ**

**ရာဟု စန္ဒံ ပမုဥ္စသိ**

**သံဝိဂ္ဂ ရူပေါ အာဂမ္မ**

**ကိံ နု ဘီတောဝ တိဋ္ဌသိ။**

ရာဟု - တင့်တယ်ထူးထွေ ရောင်မြူတေကို စွန့်စေတတ်သော အိုချစ်ဆွေ ရာဟုအသုရိန်၊ ကိံ - အဘယ်ကြောင့်၊ တွံ - သင်သည်၊ သန္တရမာနောဝ - ဆောလျင်သကဲ့သို့ (ဝါ) ဆောလျင်သည်နှင့်တူသည်၊ ဟုတွာ - ဖြစ်၍၊ စန္ဒံ - လနတ်သားကို၊ ပမုဥ္စ

သီန - လွှတ်လိုက်ဘိသနည်း၊ ကိ - အဘယ်ကြောင့်၊ တွံ - သင်သည်၊ သံဝိဂ္ဂရူပေါ - ထိတ်လန့်သော သဘောရှိသည်၊ ဟုတွာ - ဖြစ်၍၊ အာဂမ္မ - လာလတ်၍၊ ဘီတောဝ - ကြောက်သည်သာလျှင်၊ ဟုတွာ - ဖြစ်၍၊ တိဋ္ဌသိန - တည်ဘိသနည်း။

အဲဒီလို ဂါထာရွတ်မေးတော့ ရာဟုအသူရိန်က ဒီလို ဂါထာရွတ်ပြီးတော့ ပြန်ဖြေပါတယ်။

သတ္တဓာ မေ ဖလေ မုဒ္ဓါ

ဇီဝန္တော န သုခံ လဘေ၊

ဗုဒ္ဓဂါထာဘိဂီတောမှိ

နော စေ မုဉ္စေယျ စန္ဒိမံ။

သမ္မဝေပစိတ္တိ - အရှယ်တူ ဝေပစိတ္တိ (ဝါ) အိုချစ်ဆွေ ဝေပစိတ္တိ၊ အဟံ - ငါသည်၊ စန္ဒိမံ - လနတ်သားကို၊ နော စေ မုဉ္စေယျ - အကယ်၍မလွှတ်လိုက်ငြားအံ့၊ ဇဝံ အမုဉ္စန္တေ - ဤသို့မလွှတ်လိုက်သည်ရှိသော်၊ မေ - ငါ၏၊ မုဒ္ဓါ - ဦးထိပ်သည်၊ သတ္တဓာ - ခုနစ်စိတ် ခုနစ်ဖြာ၊ ဖလေ - ကွဲခဲ့လေရာ၏၊ ဇီဝန္တော - အသက်ရှင်ပြန်သည်ရှိသော်၊ သုခံ - ချမ်းသာကို၊ နလဘေတေ - မရနိုင်ရာပါ။ အဟံ - ငါသည် (ဝါ) ငါ့ကို၊ ဗုဒ္ဓဂါထာဘိဂီတော - သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည် ဂါထာတို့ဖြင့် ရေရွှတ်ဆိုအပ်သည်၊ အမှိ - ဖြစ်ပါ၏။

လို့ ဂါထာရွတ်ပြီး ပြန်ပြောပါတယ်။

"အရှင်ဘုရား ယခုအခါမှာ ဘုရားရှင်မရှိတော့၊ ဒီလို ဂါထာရွတ်ပေးမယ့်သူလည်း မရှိတော့ ဒီနေမင်း,လမင်း ပရိတ်ရွတ်လို့ အကျိုးထူးပါဦးမလားဘုရား"

"အေး - မေးသင့်ပါတယ်၊ ဘုရားရှင်မရှိတော့ လူမသိဘူး၊ နတ်သိတယ်ဆိုတဲ့စကား ဒကာကြားဖူးတယ် မဟုတ်လား"

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား"

"အေး . . . အဲဒီစကားအတိုင်းပေါ့၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ် လောကစောင့်နတ် သာသနာတော်စောင့်နတ်တွေ ရှိပါသေးတယ်ကွာ၊ ဒကာ ယုံကြည်စွာသာ ရွတ်ပါ"

"မှန်ပါဘုရား၊ ဘုရားတပည့်တော် အနက်အဓိပ္ပာယ် မသိခင်ကတောင် ရွတ်ခဲ့သေးတာ၊ အခုလို အနက်အဓိပ္ပာယ်ရော အကြောင်းအတ္ထုပ္ပတ္တိရော သိရတော့ ပိုပြီး ရွတ်မှာပါဘုရား၊ ဒါနဲ့ အရှင်ဘုရား မေးလက်စနဲ့ မေးပါရစေဦး ဘုရား၊ နေနတ်သားက ဂါထာရွတ်တော့ ဘုရားရှင်က ဘယ်လိုပြန်အမိန့်ရှိပါသလဲဘုရား"

"အေး...အေး...ဒကာ တော်တော်မေးတတ်တယ်၊ နေနတ်သားက ဂါထာရွတ်တော့ ဘုရားရှင်က နှစ်ဂါထာ ရွတ်ပေးတယ်ကွဲ့၊ အဲဒါ ထူးခြားချက်ပဲ"

"အမိန့်ရှိတော်မူပါဘုရား"

တထာဂတံ အရဟန္တံ၊

သူရိယော သရဏံ ဂတော၊

ရာဟု သူရိယံ ပမုဉ္စဿု၊

ဗုဒ္ဓါ လောကာနုကမ္ပကာ၊

"အဲဒီဂါထာကို ပထမရွတ်ပါတယ်၊ အနက်ကတော့ သူရိယော. သူရိယ နှစ်ပုဒ်ပဲ ထူးပါတယ်၊ (သူရိယော - နေဗိမာန်ရှိသော၊ ဝါ - နေဗိမာန်၌နေသော၊ ဒေဝပုတ္တော - နတ်သားသည်)လို့ အနက်ပေးပါ၊ ပြီးတော့ (သူရိယံ - နေနတ်သားကို)လို့ပဲ ပေးပေါ့နော်"

"မှန်ပါဘုရား"

"နောက် တစ်ဂါထာက ခပ်ရှည်ရှည်ပဲ၊ အရွတ်အဖတ် နည်းနည်းခက်တယ်။

**ယော အန္ဓကာရေ တမသိ ပဘင်္ကရော၊**

**ဝေရောစနော မဏ္ဍလီ ဥဂ္ဂတေဇော။**

**မာ ရာဟု ဂိလီ စရမန္တလိက္ခေ၊**

**ပဇံ မမံ ရာဟု ပမုဉ္စ သူရိယံ။**

ရာဟု - တင့်တယ်ထူးထွေ ရောင်မြူတေကို စွန့်စေတတ်သော ရာဟုအသူရိန်၊ အန္ဓကာရေ - စကြ္ဝဠာဂ်ကန်းသည့်၏အဖြစ်ကို ပြုတတ်သော၊ တမသိ - အမိုက်တိုက်၌၊ ပဘင်္ကရော - အရောင်အလင်းကို ပြုတတ်သော၊ ဝေရောစနော - တင့်တယ်သော၊ မဏ္ဍလီ - ဝန်းဝိုင်းသော သဏ္ဌာန်ရှိသော၊ ဥဂ္ဂတေဇော - ထက်သော တန်ခိုးရှိသော၊ အန္တလိက္ခေ - ဆီးတားမထင် ကြားအပြင်ဖြင့် ရှုမြင်အပ်သော် အဇာ္ဈပြင် ထက်ကောင်းကင်၌၊ စရံ - လှည့်လည်ကျက်စား သွားလာနေထိုင်သော၊ ယော သူရိယော - အကြင် နေနတ်သားသည် - အတ္ထိ - ရှိ၏။ တံ သူရိယံ - ထိုနေနတ်သားကို၊ မာ ဂိလီ - မမျိုပါလင့်၊ ရာဟု - ရာဟုအသူရိန်၊ တွံ - သင်သည်၊ မမ - ငါဘုရား၏၊ ပဇံ - ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်သော၊ သူရိယံ - နေနတ်သားကို၊ ပမုဉ္စ - လွှတ်လိုက်ပါလော့။

လို့ ရွတ်ပါတယ်၊ သိပ်ကောင်းပါတယ်၊ အဲဒီလို ရွတ်တဲ့အခါ ရာဟုအသူရိန်ဟာ နေနတ်သားကို လွှတ်ပြီးတော့ အဆောတလျင် ဝေပစိတ္တိ အသူရိန်ထံ ပြေးပါတယ်၊ သူ့မှာလည်း ပြင်းထန်စွာ ထိတ်လန့်နေပါတယ်၊ ကြက်သီးမွေးညင်းတွေလည်း ထနေပါတယ်။

အဲဒါကိုမြင်တဲ့ ဝေပစိတ္တိ အသူရိန်က ရာဟုအသူရိန်ကို ဂါထာရွတ်မေးပါတယ်၊ အဲဒီအမေးနဲ့ အဖြေကတော့ လနတ်သားကို လွှတ်ပြီး ပြေးစဉ်ကနဲ့ တူပါတယ်"

"ရှင်းပါပြီဘုရား၊ လမင်းပရိတ်ကိုမေးရာက နေမင်းပရိတ်ကိုပါ သိရ၍လည်း အလွန်တရာမှ ဝမ်းသာလှပါတယ်ဘုရား၊ ဒါနဲ့ အရှင်ဘုရား အဲဒီပရိတ်ကို အဘယ်အချိန်အခါမျိုးမှာ ပိုပြီးတော့ ရွတ်သင့်ပါသလဲဘုရား"

"ဒကာ လနတ်သား, နေနတ်သားတို့ ရွတ်စဉ်ကို ပြန်သတိပြုပါလား၊ သမ္ဗာဓပဋိပန္နော = ကျပ်တည်း ကျဉ်းမြောင်းသော ရာဟု အသူရိန်၏ ခံတွင်းသို့ ရောက်နေသည်။ အသို့ = ဖြစ်၏" တဲ့။

ဒကာတို့လည်း အဲဒီလို အဖမ်းအဆီး အချုပ်အနှောင် အကျပ်အတည်း အခက်အခဲ ရှိတဲ့အခါမျိုးမှာ ပိုပြီးတော့ ရွတ်သင့်တာပေါ့။

သတ္တဝါတွေ အကျပ်အတည်းအမျိုးမျိုး ရှိတာပဲဟာ အမြဲရွတ်နေရင် သာ.ကောင်းတာပေါ့၊ ဘုရားရှိခိုးခြင်းနဲ့ ဘုရားရှင်အား တိုင်တည် အကူအညီတောင်းခြင်းဟာ သိပ်ကောင်းပါတယ်"

"မှန်ပါ၊ ကျေးဇူးကြီးလှပါတယ်ဘုရား၊ ခွင့်ပြုတော်မူပါဘုရား"

✦ ပရိတ်ဆိုတာ, သတ္တဝါအများ, ဘေးရန်များ, ပယ်ရှားဖျောက်ပေးတာ။

✦ ထို့ကြောင့် သူငါ, များသတ္တာတို့, ဘယာကင်းဝေး, ချမ်းသာရေး, ရွတ်ပေးပရိတ်သာ။

# ရဟန်းတော်များ အဘယ့်ကြောင့် အကပ်ခံ ဘုဉ်းပေးရပါသလဲဘုရား

(၂၄၄)

ဤလောကကြီး၌ သိချင်စရာတွေကား များပြားလှချေ၏။ သိချင်စရာတွေ များသော်လည်း ယင်းသိချင်စရာတွေကို သိလို၍ ရှာဖွေစူးစမ်းသူများသည် နည်းပါးလှချေ၏။ သိချင်စရာတွေကို သိလို၍ မေးမြန်းစုံစမ်းသူများမှာ သာလွန်၍ ရှားပါလှချေ၏။

သိလို၍ မေးသူတို့သည် သိချင်စရာတို့ကို မေးသည့်အခါ မှတ်တမ်းတင်လောက်သည့် အမေးများ ရှိသလောက် မှတ်တမ်းမတင်လောက်ဘဲ ပြီးပြီးပျောက်ပျောက် အမေးလည်း ရှိပါသည်။ ယခုအမေးမှာ မှတ်တမ်းတင်လောက်သည့် အမေးဖြစ်၏။

"ရဟန်းတော်များ အဘယ့်ကြောင့် အကပ်ခံ ဘုဉ်းပေးရပါသလဲဘုရား"

မေးသူမှာ လူငယ်တစ်ယောက်ဖြစ်၏။ မိမိထံသို့ လူငယ်သုံးလေးယောက် ရောက်လာပြီး ရှိခိုးဦးချကာ ထိုင်လျက် တစ်ယောက်က မေးခြင်းဖြစ်၏။

"အေး . . . ဒကာအမေးက တယ်ကောင်းပါလား၊ ဒါ သိသင့်သိထိုက်တဲ့ အမေးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒကာတို့ တစ်တွေဟာ ဗုဒ္ဓသာသနာကို ကိုးကွယ်တဲ့ ဗုဒ္ဓသာသနာဝင်တွေ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ရဟန်းသံဃာတွေကို ပစ္စည်းလေးပါး ကပ်လှူနေကြရတော့ သိသင့်တာပေါ့နော်"

"မှန်ပါဘုရား"

"ကဲ . . . နားထောင်၊ ဘုန်းကြီး ရှင်းပြမယ် ဘုရားရှင်လက်ထက်တော်အခါက ဝေသာလီမြို့၌ ရဟန်းတော်တစ်ပါးဟာ ပံ့သကူရတဲ့ ပစ္စည်းကိုသာ သုံးစွဲပါတယ်၊ သုသာန်၌ စွန့်ပစ်အပ်တဲ့ ခွက်ကို သပိတ်လုပ်ပြီး သုံးစွဲတယ်။

သူ့သာနိ၌ စွန့်ပစ်အပ်တဲ့ အဝတ်ကို သင်္ကန်းလုပ်ပြီး သုံးစွဲတယ်။ သူ့သာနိကရတဲ့ ကုတင်ကို သုံးစွဲတယ်၊ သုသာန်သစ်ပင်အောက်က တံခါးခုံ စသည်တို့၌ သေလွန်ပြီးသော မိဘဘိုးဘွားတို့ကို ရည်စူး၍ ထားအပ်တဲ့ အစားအသောက်ကို ကိုယ်တိုင်ယူပြီး စားသောက်တယ်။

အဲဒီလို စားသောက်တော့ အဲဒီကိုယ်တော်ကို လူတွေက -

"ဘိုးဘွားမိဘတို့ကို ရည်စူး၍ ထားအပ်တဲ့ စားဖွယ်တို့ကို အဘယ့်ကြောင့် သူများ လာမပေးဘဲ ကိုယ်တိုင်ယူပြီး စားရသလဲ၊ ဝ.လိုက်တာလည်း ဖီးလို့၊ အသားတွေလည်း ကျစ်ကျစ်လျစ်လျစ် ရှိတယ်၊ လူသားကို စားနေဟန် တူတယ်" လို့ လူတွေက ကဲ့ရဲ့ကြပါတယ်။

မည်သူကမျှ မိမိလက်ရောက်အောင် မပေးဘဲ စားခြင်းကို လူကြီး.လူကောင်းတို့ မပြုကြသောကြောင့် အဲဒီရဟန်းရဲ့ကိုယ်တိုင်ယူပြီး ဘုဉ်းပေးမှုကို ကဲ့ရဲ့ကြခြင်း ဖြစ်တာနော်"

"မှန်ပါဘုရား"

"အဲဒီအကြောင်းကို တခြားရဟန်းတော်များကြားလို့ အဲဒီရဟန်းများကလည်း အဘယ့်ကြောင့် မပေးအပ်. မကပ်တဲ့ အစာအာဟာရကို ခံတွင်းဝ.သို့ ဆောင်ရသလဲလို့ ကဲ့ရဲ့ကြပြီး ဘုရားရှင်အား လျှောက်ထားကြသောကြောင့် လူသာမကဘဲ တို့က မပေးအပ်. မကပ်အပ်တဲ့ အစာအာဟာရကို ခံတွင်းဝ.သို့ မဆောင်ရလို့ ဘုရားရှင်က သိက္ခာပုဒ် ပညတ်လိုက်ပါတယ်၊ အဲဒါကြောင့် ရဟန်းတော်တွေဟာ အကပ်ခံ ဘုဉ်းပေးရတာပါ။ သဘောကျပြီလား"

"ကျပါပြီဘုရား"

"အေး . . . အဲဒီနောက် အချို့ရဟန်းတော်တွေဟာ ရေနဲ့ ဒန်ပူတို့ကို သူတစ်ပါးတွေက မပေးရင်. မကပ်ရင် သောက်ကောင်း.မသောက်ကောင်း၊ ခဲကောင်း.မခဲကောင်း သံသယဖြစ်လာတယ်၊ ကဲ . . . မဖြစ်ထိုက်ဘူးလား"

"ဖြစ်ထိုက်ပါတယ်ဘုရား"

"အေး . . . အဲဒီလို ဖြစ်ထိုက်လို့ ဖြစ်တဲ့အတွက် ဘုရားရှင်က ရေဒန်ပူကို ဖယ်ထား၊ ရေဒန်ပူမှတစ်ပါး၊ သူတစ်ပါးမှ ပေးအပ်တဲ့ အစာအာဟာရကို ခံတွင်းဝ.သို့ မဆောင်ရလို့ ထပ်ပြီး ပညတ်ရပါတယ်၊ အဲဒါကြောင့် ရဟန်းတော်တွေဟာ အကပ်ခံပြီးဘုဉ်းပေးရပါတယ်"

"ဒါဖြင့် မေးပါရစေဦးဘုရား၊ အကပ်ခံတိုင်း အကပ်မြောက်ပါသလား၊ ဘယ်လိုကပ်မှ အကပ်မြောက်ပါသလဲဘုရား"

"အေး . . . မင်းက တယ်ပြီး မေးတတ်ပါလား၊ ဒါလည်း မေးထိုက်တယ်. သိထိုက်တယ်၊ ဘုန်းကြီးလည်း ဖြေရတာ အကျိုးရှိပါတယ်၊ ဖြေရရင် အကပ်ခံတိုင်း အကပ်မမြောက်ပါဘူး၊ ဘယ်လိုကပ်မှ မြောက်သလဲဆိုရင် -

(၁) ကပ်မည့်သူက ရှေ့ရှုဆောင်ခြင်း

(၂) အကပ်ခံမည့် ရဟန်းရဲ့နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရောက်ခြင်း

(၃) အားအလတ်စားရှိသူရဲ့ မြောက်ချီနိုင်တဲ့ ဝတ္ထုဖြစ်ခြင်း

(၄) ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်နေသော ကိုင်ထားသောခွက် စသည်ဖြင့်ဖြစ်စေ၊ ပစ်၍ဖြစ်စေ အဲဒီသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ကပ်သူက ပေးခြင်း

(၅) ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော ကိုင်ထားသောခွက်.တုတ် စသည်ဖြင့် ခံ၍ တို့၍ ထိ၍ ဖြစ်စေ ဤနှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အကပ်ခံရသော ရဟန်းက ခံယူခြင်း

ရယ်လို့ အဲဒီအင်္ဂါငါးပါးနှင့် ပြည့်စုံမှ အကပ်မြောက်ပါတယ်။ ကပ်တိုင်း မမြောက်ပါဘူး၊ မှတ်မိလွယ်အောင် ဒီလို လင်္ကာလေးကို ကျက်ချင်ရင်လည်း ကျက်ထား -

ရှေ့ရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်း နှစ်လျောက်၊ ကပ်ခံမြောက်၊ မှတ်လောက် အင်္ဂါငါးပါးတည်း ...တဲ့။

အဲဒီမှာနည်းနည်းရှင်းဦးမယ်၊ ရှင်းမယ့်ရှင်းမှ အားလုံးရှင်းအောင် ရှင်းတာပဲ ကောင်းတယ်နော်"

"မှန်ပါဘုရား"

"ရှေ့ရှုဆောင်ဆိုတာ ကပ်မည့်သူက လက်ဖြင့် ရှေ့တိုးပေးမှ ရှေ့ရှုဆောင်ရာ ရောက်တာမဟုတ်ပါဘူး၊ ဦးခေါင်းပေါ်မှာ ရွက်ထားတဲ့ စားဖွယ်ကို လှူလိုလို့ ဦးခေါင်းကို အနည်းငယ် စောင်းငဲ့ညွှတ်ပေးလိုက်ရင် ရှေ့ရှုဆောင်ရာ ရောက်တဲ့အတွက် ရဟန်းတော်က အဲဒီစားဖွယ်ကို လက်ဖြင့်ထိကာ အလိုရှိရာယူပြီး ဘုဉ်းပေးနိုင်ပါတယ်"

"ဒီလိုဆိုရင် ကပ်တယ်ဆိုတာ အကပ်ခံမယ့် ပုဂ္ဂိုလ်ဆီသို့ ရွှေ့ပေးလိုက်. ထိုးပေးလိုက်. လက်ထဲ ထည့်ပေးလိုက်တဲ့ သဘောပေါ့ဘုရား"

"အေးပေါ့၊ သဘောပေါက်အောင် ပြောဦးမယ်၊ ကပ်မယ့်ပစ္စည်းက အားအလယ်အလတ်ရှိသူ ကြွမြောက်နိုင်တဲ့ ဆွမ်းအိုးကြီး ဆိုပါတော့၊ ရှင်သာမဏေငယ်လေးက မ.မနိုင် မကြွနိုင်လို့ မြေပေါ်၌ပင်လိမ့်လျက် ကပ်ရာ၌လည်း အကပ်ခံရမယ့် ရဟန်းက လက်ထိုးပေးကာ ထိရုံထိ၍ အကပ်ခံနိုင်ပါတယ်"

"ဒီလိုဆိုတော့လည်း အလွယ်သားပဲဘုရား၊ တပည့်တော်တို့က နတ်မြောက်သလို နှစ်ခါ သုံးခါလောက် မြောက်ပြီးမှ ကပ်ရမလားလို့"

"အေး ... အခုတော့ ရှင်းသွားပြီပေါ့၊ အဲဒီ မြောက်နိုင်တဲ့ ဝတ္ထုကို ကသိုလ်ရအောင် မဖိတ်မစင်အောင် နှစ်ယောက်သုံးယောက် ဝိုင်းကိုင်ကပ်လည်း ကပ်ကောင်းတယ်၊ အကပ်မြောက်တယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ အားအလယ်အလတ်ရှိသူ ကြွမြောက်နိုင်တဲ့ဝတ္ထု သို့မဟုတ် ဆွမ်းပွဲ. ဆွမ်းပွဲအခင်းတို့ဟာ ကြမ်းပြင်မှာ ထိနေလျက် ကပ်လည်း အကပ်မြောက်ပါတယ်၊ မြောက်နိုင်တဲ့ ဝတ္ထုဖြစ်လို့နော်"

"မှန်ပါဘုရား"

"ရှင်းရှင်းပြောရရင် အားအလယ်အလတ်ရှိသူ မြောက်နိုင်တဲ့ဝတ္ထုပစ္စည်းကိုကပ်မည့်သူကရှေ့ရှုဆောင်ပြီး နှစ်တောင့်ထွာအတွင်း ရောက်ရှိနေသော ဝတ္ထုပစ္စည်းကို အကပ်ခံမည့်သူက လက်မြောက်လှမ်းယူ၍ အကပ်ခံခြင်းများဟာ အကပ်မြောက်ပါတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"အဲဒီမှာ နှစ်တောင့်ထွာ ဟတ္ထပါသ် တိုင်းတာကို ပြောပြပါဦးမယ်၊ ရှေ့ကလာ၍ ကပ်ရင် ရဟန်းက ထိုင်နေပါက အဲဒီရဟန်းရဲ့တင်ပါးနောက်ဘက် အစွန်းဖြင့် တိုင်းရမယ်၊ ရပ်နေရင် ဖနောင့်စွန်းဖြင့် တိုင်းရမယ်၊ စောင်းလျက်လှဲနေရင် စောင်းသော နံပါးရဲ့ပြင်ဘက်စွန်းဖြင့် တိုင်းရမယ်၊ ဝမ်းလျားမှောက်၍နေရာ ဦးခေါင်းနားလာ၍ကပ်ရင် ဦးခေါင်းစွန်းရဲ့အနီးဆုံးဖြစ်သော လည်ပင်းဖြင့် တိုင်းရမယ်နော်"

"မှန်ပါဘုရား"

"အေး…အချုပ်ပြောရရင်တော့ အကပ်ခံသော ရဟန်းတော်ရဲ့လှမ်းယူသောလက်မှ တစ်ပါး၊ အနီးဆုံး ကိုယ်အင်္ဂါရဲ့နောက်ဘက်စွန်းဖြင့် တိုင်းရမယ်လို့မှတ်နော်"

"မှန်ပါဘုရား"

"ကပ်သူအတွက်ကလည်း လှမ်း၍ ကပ်တဲ့လက်မှတစ်ပါး အခြားသော အနီးဆုံးကိုယ်အင်္ဂါ၏ ဒီဘက်စွန်းဖြင့် တိုင်းရမယ်လို့ မှတ်ပါ"

"မှန်ပါဘုရား"

"ဆွမ်းစား.စားပွဲကြီး အလယ်ခြား၍ အကပ်ခံကြရာ. ကပ်ကြရာ၌ အနီးဆုံး အင်္ဂါချင်း နှစ်တောင့်ထွာ ဟတ္ထပါသ်ကို သတိထားပါနော်"

"မှန်ပါဘုရား"

"ပြီးတော့ ရှင်းစရာရှိသေးတယ်၊ ခံတွင်းအဝဆိုတာ ဒီပါးစပ်ပေါက်ကို ခေါ်တာမဟုတ်ဘူး၊ အောက်ပိုင်း အဝဖြစ်တဲ့ လည်ချောင်းပေါက်ကို ခေါ်တာ။

အဲဒါကြောင့် အစာအာဟာရကို ပါးစပ်က ဖြစ်စေ၊ နှာခေါင်းက ဖြစ်စေ သွင်းတဲ့အခါ လည်ချောင်းပေါက်ရဲ့အတွင်း ရောက်ရင် မျိုရာရောက်တယ်။

လည်ချောင်းမရောက်ခင် ပါးစပ်အတွင်း၌ ငုံ.ငုံပြီး အရည်တစ်စက်မျှ လည်ချေ. င်းထဲ မဝင်စေဘဲ ထွေးပစ်နိုင်ရင် အကပ်မခံသော်လည်း အပြစ်မရှိဘူးလို့ မှတ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ပြောဦးမယ်၊ အစာအာဟာရကို အကပ်ခံတဲ့အခါ ရထရေဏုမြူဟာ အကပ်ခံနိုင်တဲ့ အသေးဆုံးသော အစာအာဟာရပဲ၊ အကပ်ခံပြီးတဲ့ အစာအာဟာရထဲ၌ အဲဒီ ရထရေဏုမြူကျသွားရင် အကပ်ပျက်တယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"ရထရေဏုမြူဆိုတာ လှည်းတို့. ရထားတို့. ကားတို့ သွားတဲ့အခါ ထတဲ့မြူမှုန်ကို ရထရေဏုမြူလို့ ခေါ်တယ်၊ တံမြက်လှည်းလို့. လေတိုက်လို့ ထတဲ့မြူမှုန်များလည်း ရထရေဏုမြူပဲ၊ ဆွမ်းကပ်ပြီး အဲဒီမြူမှုန်မျိုး ကျရင်လည်း အကပ်ပျက်တယ်၊ စားနေစဉ် ကျလည်း အကပ်ပျက်တယ်၊ ပြန်ပြီးကပ်ရတယ်၊ ဒါ့ကြောင့် ဆွမ်းပွဲတွေနားမှာ တံမြက်လှည်းတာ သတိထားရမယ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ပြောဦးမယ်၊ ရေကို အကပ်မခံဘဲ သုံးဆောင်နိုင်တယ်လို့ ဆိုပေမဲ့ ခုနကပြောတဲ့ ရထရေဏုမြူ ပမာဏရှိတဲ့ မြူမှုန်မပါတဲ့ သန့်ရှင်းတဲ့ရေကိုသာ ပြောတာနော်"

"မှန်ပါဘုရား"

"အဲဒီ သန့်ရှင်းတဲ့ရေဟာ ကာလိက လေးပါးမှ အလွတ်ဖြစ်၍ အကပ်မခံဘဲ သောက်ကောင်းတယ်၊ ကိုယ်တိုင်လည်း ကျိုကောင်း. ချက်ကောင်းတယ်၊ ရထရေဏုမြူပါတဲ့ ရေဆိုရင်တော့ မြူပါတဲ့အတွက် အကပ်မခံဘဲ မသောက်ရဘူးလို့ မှတ်နော်"

"မှန်ပါဘုရား"

"ပြီးတော့ ပြောဦးမယ်၊ ဆွမ်းတို့ အချိုပွဲတို့ သုံးဆောင်တဲ့အခါ လက်မဆေးဘဲ သုံးဆောင်ရင် အဲဒီလက်မှာ ရထရေကျု မြူမှုလောက် ဖြစ်တဲ့ မြူမှုန်များ ကပ်နေခဲ့ရင် အဲဒီမြူမှုန်များအတွက် လက်ဖြင့်ထိရာ ခဲဖွယ်ဘောဇဉ်တို့ပါ အကပ်ပျက်ပါတော့တယ်"

"မလွယ်ပါလားဘုရား"

"မလွယ်ဘူး၊ ပြောဦးမယ်၊ ဆွမ်းစားပြီးတော့ လက်ဆေးရော၊ လက်ဆေးပြီး လက်သုတ်ပဝါ သုတ်ပြီးရင် အဲဒီလက်နဲ့ အချိုပွဲကို နှိုက်စားရင် လက်သုတ်ပဝါ၌ ရထရေကျုမြူ ပါနေရင် အဲဒီစားဖွယ်တွေပါ အကပ်ပျက်သွားပြီနော်"

"တော်တော့်ကို မလွယ်ပါလားဘုရား"

"လက်သုတ်ပဝါ မပြောနဲ့၊ အဲဒီ လက်ဆေးပြီးသား လက်နဲ့ ကိုယ့်သင်္ကန်းကို သိမ်းလိုက်ရင် အဲဒီသင်္ကန်းမှာ ရထရေကျုမြူကို ကိုင်မိရင် လက်မဆေးဘဲ စားတာနဲ့ အတူတူပဲ၊ အကပ်ပျက်တယ်လို့မှတ်"

"မှန်ပါဘုရား"

"ပြီးတော့ အကပ်ခံပြီးနောက် အကပ်ပျက်ကြောင်း ခြောက်ပါးရှိသေးတယ်၊ အဲဒါလည်း မှတ်ထားပါ။

(၁) အကပ်ခံပြီးတဲ့ အစာအာဟာရကို မစားတော့အံ့လို့ အလယပြတ် ငဲ့ကွက်မှု မရှိဘဲ စွန့်ပစ်လိုက်ခြင်းကြောင့်လည်း အကပ်ပျက်တယ်၊ အဲဒီလို စွန့်တဲ့အခါ စွန့်သူလက်က လွတ်မှ အကပ်ပျက်တယ်၊ ကပ်ပြီး မစွန့်ဘဲနဲ့ကိုင်မိရုံနဲ့ အကပ်မပျက်ပါ။ (စွန့်)

(၂) အကပ်ခံသူ သိက္ခာချခြင်းကြောင့်လည်း အကပ်ပျက်ပါတယ်။ (ချ)

(၃) သူတစ်ပါးကို ပေးခြင်းကြောင့်လည်း အကပ်ပျက်ပါတယ်၊ အဲဒီလို ပေးတဲ့အခါမှာ လက်ကလွတ်သွားမှ အကပ်ပျက်ပါတယ်၊ နှုတ်ကပေးသော်လည်း လက်က မလွတ်သေးရင် အကပ်မပျက်သေးပါဘူး။ (ပေး)

(၄) လူ စသူတို့က အတင်းလုယူသွားခြင်းကြောင့်လည်း အကပ်ပျက်ပါတယ်။ (လု)

(၅) အကပ်ခံသူ သေခြင်းကြောင့် အကပ်ပျက်ပါတယ်။ (မစ္စု)

(၆) အကပ်ခံသူ ရဟန်းအဖြစ်မှ ရဟန်းမိန်းမအဖြစ်သို့ လိင်ပြန်ခြင်းကြောင့်လည်း အကပ်ပျက်ပါတယ်။ (လိင်ပြန်)

အဲဒီ အကပ်ပျက်ကြောင်း ခြောက်ပါးကို မှတ်မိအောင် ဒီလို လင်္ကာလေးနှင့် မှတ်ထား။

စွန့်၊ ချ၊ ပေး၊ လု၊ မစ္စု၊ လိင်ပြန် ဤခြောက်တန် ကပ်ခံပျက်ကြောင်းတည်း...တဲ့။

အဲဒီ အကပ်ပျက်တယ် ဆိုရာမှာလည်း အစာအာဟာရကို တစ်ပါးတည်းပိုင်အဖြစ် ကပ်တာကို ခေါ်ပါတယ်၊ ပြောပါတယ်၊ အကယ်၍ လေးပါး. ငါးပါး ပိုင်ကပ်ရာ၌ တစ်ပါးက စွန့်ရုံမျှနဲ့ အကပ်မပျက်ပါဘူး။

ပြီးတော့ အထူးသတိပြုဖို့က စွန့်မှ အကပ်ပျက်တော့ ကပ်ပြီး၊ သို့မဟုတ် စားသုံးနေစဉ် ဟင်းပန်းကန်များကို လူ သာမဏေများက လာပြီး ကိုင်တွယ်ပြင်ဆင်ရာ၌ ရဟန်းက လက်ဖြင့် ထိမထား ကိုင်မထားသော်လည်း အကပ်မပျက်ဘူးလို့ မှတ်ပါနော်"

"မှန်ပါဘုရား၊ အခုမှ ရှင်းပါတယ်ဘုရား၊ တပည့်တော်တို့က ကပ်ပြီးရင် ပြန်ကိုင်မိရင် ပြန်ကပ်မှ၊ မကပ်ရင် အကပ်ပျက်တယ် ထင်နေပါတယ်ဘုရား"

"အေး … ဒါက မင်းတို့ ဝိနည်းတရားမှ မကျွမ်းကျင်တာကိုး၊ ကဲ … အပြီးသတ် ပြောဦးမယ်၊ အကပ်ခံပြီးတဲ့ သပိတ်. ဆွမ်း စသည်တို့ကို မစွန့်ဘဲနဲ့ လူတို့ သာမဏေတို့ကို တစ်နေရာသို့ အရွှေ့ခိုင်းမယ်၊ အထားခိုင်းမယ်ဆိုရင် အကပ်မပျက်ပါဘူးလို့ မှတ်ပါ"

"မှန်ပါဘုရား"

"ဒါပေမဲ့ အထူးမှတ်ရမှာက အဲဒီလို ယူသွားတဲ့သပိတ်မှာ လူ. သာမဏေ တို့ ကိုယ်မှ ရထရေကျော့မြူများ အစာအာဟာရထဲ ကျနေရစ်ရင်တော့ အဲဒီ မြူမှုန်အတွက် အကပ်ပျက်တယ်လို့ မှတ်ပါ"

"မှန်ပါဘုရား"

✦ ဆွမ်းကပ်သည့်အခါ သိစရာ ထွေရာများလှပါ။
✦ ကပ်သူ ဒကာ သိစရာ သေချာမှတ်ထားပါ။
✦ ကပ်ခံသူလည်း ထို့တူပဲ သဲကွဲသိရမှာ။
✦ တစ်ဦးမသိ တစ်ဦးသိ ကပ်ဘိလွဲနိုင်တာ။
✦ ကပ်သူ ခံသူ တူသိမှ ဘယ်မှုမလွဲပါ။
✦ မလွဲပါမှ နှစ်ဦးပ ကျိုးရနိုင်လေတာ။
✦ ကျိုးရနိုင်ဌာ ကပ်နည်းမှာ သေချာသင်ကပ်ပါ။

# လူများ ဝိနည်းတတ်လျှင်
# ရဟန်းတော်များ အနေခက်တယ်ဆိုဘုရား

## (၂၄၅)

လယ်ယာလုပ်ခြင်း, ကူးသန်းရောင်းဝယ်ခြင်း, ငွေကြွယ်လောက်အောင် နွားမွေးခြင်း စသော လူမှုကိစ္စအဝဝကို စွန့်ခွာ၍ ကျောင်းသင်္ခမ်းသို့ သွားရောက်နေထိုင်ခြင်းကို "ရဟန်း" ဟု ခေါ်ဆိုပါသည်။

ထိုရဟန်းသည် သာသနာတော်တွင်းသို့ မဝင်ဘဲ "ရသေ့" ပြုလုပ်ခြင်းနှင့်လည်း ဆိုင်ပါသည်။ သာသနာတော်တွင်းသို့ဝင်၍ "ရှင်ရဟန်း" ပြုလုပ်ခြင်းနှင့်လည်း ဆိုင်ပါသည်။ ဤ၌မူ သာသနာတော်တွင်းသို့ဝင်၍ "ရှင်ရဟန်း" ပြုလုပ်ခြင်းဖြင့် ဝိနည်းစည်းကမ်းနှင့်အညီ နေသော ရှင်ရဟန်းကိုသာ ဆိုလိုပါသည်။

ရှင်ရဟန်းအစစ်တို့မှာ လယ်ယာလုပ်ကိုင်ခြင်း, ကူးသန်းရောင်းဝယ်ခြင်း စသော စီးပွားရေးလုပ်ငန်းများကို စွန့်ခဲ့သူများ ဖြစ်၍ စီးပွားဥစ္စာ မရှိပါ။ ရှင်ရဟန်းတို့မှာ စီးပွားဥစ္စာ မရှိပါမှ ဂုဏ်ရှိပါသည်။

စီးပွားဥစ္စာမရှိသော ရှင်ရဟန်းတို့၏ပရိယတ်, ပဋိပတ် နှစ်ရပ်သာသနာတော် ထမ်းဆောင်နိုင်ရေးမှာ လူ ဒကာ ဒကာမများက လှူဒါန်းထောက်ပံ့နိုင်, ထောက်ပံ့တတ်ပါမှ သာသနာ့တာဝန် ထမ်းဆောင်နိုင်၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားပါမည်။

ယင်းသို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် လူ ဒကာ ဒကာမများ တတ်သင့်သောဝိနည်းကို တတ်ရမည် ဖြစ်ပါသည်။ သို့မှသာ ဝိနည်းတော်နှင့်အညီ နေထိုင်ကျင့်သုံးသော ရှင်ရဟန်းများ အနေချောင်၍ ချမ်းသာပါမည်။

ယင်း အနေချောင်, အနေခက်နှင့် ပတ်သက်၍ မိမိကို ဒကာတစ်ယောက်က မေးလျှောက်ဖူး၏။

"အရှင်ဘုရား လူများ ဝိနည်းတတ်ရင် ရဟန်းတော်များ အနေခက်တယ်ဆို ဘုရား"

"ခက်တဲ့ရဟန်း ခက်တယ်၊ ချောင်တဲ့ရဟန်း ချောင်ပါတယ်၊ ရဟန်းတော်တိုင်း မခက်ပါဘူး"

"ဘယ်လိုရဟန်း ခက်၍ ဘယ်လိုရဟန်း ချောင်ပါသလဲဘုရား"

"ဘုရား, တရား, အရိယာ သံဃာတော်များရဲ့ဂုဏ်သတင်းကို ကြားနာရ၍ ယုံကြည်မှုသဒ္ဓါတရား ဖြစ်ကာ အဲဒီသဒ္ဓါတရားကို အကြောင်းခံပြီး ရဟန်းပြုလာသူကို "သဒ္ဓါရဟန်း" လို့ ခေါ်ပါတယ်"

အဲဒီရဟန်းဟာ ရဟန်းပြုပြီးတဲ့အခါ ဝိနည်းသိက္ခာပုဒ်ကိုလည်း လေးစားတယ်၊ ဆရာသမား၊ သီတင်းသုံးဖော်များကိုလည်း ရှိသေလေးစားတယ်၊ စေတီတော်၊ ရုပ်ပွားဆင်းတုတော်ကိုလည်း အလွန်ရှိသေလေးစားတယ်။

ဘာဝနာကမ္မဋ္ဌာန်း အစားစားကိုလည်း ပွားများအားထုတ်တယ်၊ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ဟူသမျှ၌ အများပြည်သူတို့၏ကြည်ညိုဖွယ်ကို ဆောင်နိုင်တယ်။

အဲဒီလို သဒ္ဓါရဟန်းတော်များမှာ လူများ ဝိနည်းတတ်ရင် အနေချောင်ပါတယ်၊ အနေမခက်ပါ။

ပြီးတော့ ရှင်တော်မြတ်ဘုရား၏ တရားတော်မြတ်များကို ကျမ်းဂန်စာအုပ်တို့ ဖတ်ရှုရ၊ ပညာရှိသူတော်ကောင်းများ အထံ၌ ကြားနာရတဲ့အတွက် ရှင်တော်မြတ်ဘုရား၏ တရားတော်များကို တတ်သိနားလည်လိုသော ဆန္ဒဖြစ်ပေါ်လာကာ ထိုတတ်သိနားလည်လိုသော ဆန္ဒကို အကြောင်းခံ၍ ရဟန်းပြုသောသူကို "ပညာရဟန်း" လို့ ခေါ်ပါတယ်။

အဲဒီပညာရဟန်းဟာ ရဟန်းပြုပြီးသောအခါ စာပေကျမ်းဂန် သင်ယူမှုကိုသာ ဂရုစိုက်ပါတယ်၊ အခြားကိစ္စတို့၌ သဒ္ဓါရဟန်းကဲ့သို့ ကြည်ညိုဖွယ်ကောင်းအောင် ဂရုစိုက်လေ့မရှိပါ။ အများနဲ့ မဆန့်ကျင်ရုံ ဝတ်ကျေတမ်းကျေသာ ပြုလေ့ရှိပါတယ်။

သို့သော် အဲဒီ ပညာရဟန်းသည် အစစ်အမှန် ကျမ်းဂန်ပိဋကတ်ကို တတ်သိသောအခါ သဒ္ဓါတရားဆိုင်ရာကိုလည်း ပြုတတ်ရကား သဒ္ဓါ၊ပညာ နှစ်ပါးစုံသော ရဟန်းမြတ် ဖြစ်နိုင်ပါတယ်။ အဲဒီလို သဒ္ဓါ၊ပညာ ရဟန်းတော်တို့အတွက်လည်း လူများ ဝိနည်းတတ်လို့ အနေမခက်ပါ၊ အနေချောင်ပါတယ်။

ပြီးတော့ ရာဇဝတ်မှု မကင်းသော အပြစ်တစ်စုံတစ်ခု ပြုမိ၍ မင်းဘေးကို ရှောင်လိုသောကြောင့် ရဟန်းဘဝသို့ ဝင်ရောက် ပုန်းလျှိုးနေသူကိုလည်းကောင်း၊ စားရေး၊ ဝတ်ရေး၊ နေရေး မချောင်လည်၍ ငတ်မွတ်ခေါင်းပါးမည့်ဘေးကို ရှောင်လိုသောကြောင့် ရဟန်းဘောင်သို့ ဝင်ရောက်သောသူကိုလည်းကောင်း "ဘယာရဟန်း" လို့ ခေါ်ပါတယ်။

အဲဒီ ဘယာရဟန်းမျိုးကား ဆရာကောင်း၊ သမားကောင်းတို့ အထံ၌ မနေလိုသောကြောင့် ကြည်ညိုဖွယ်ဆောင်နိုင်သော ပုဂ္ဂိုလ်မဖြစ်ဘဲ သာသနာတော်၏ အသရေကို ဖျက်ဆီးနေသော ပုဂ္ဂိုလ်သာ ဖြစ်ပါတယ်။

အဲဒီလို ဘယာရဟန်းမျိုးတို့အတွက် လူများ ဝိနည်းတရားတတ်က အနေခက်ပါတယ်၊ အနေခက်၍ လူထွက်သွားရင် သူတို့အတွက်လည်း အကျိုးရှိပါတယ်၊ သာသနာတော်လည်း အသရေ မပျက်ပါ။

အနေခက်၍ အနေချောင်အောင်လုပ်လေ ဝိနည်းတတ်သူ လူ ဒကာ ဒကာမများက မကြည်ညိုလေ၊ သူတို့က ပိုဆိုးလေ၊ သာသနာတော် အသရေပျက်လေ၊ သူတို့ အနေခက်လေ၊ အပါယ်ကျလေ ဖြစ်ပါတယ်။

ပြီးတော့ ယခုခေတ်ဝယ် ကျောင်းသားဘဝမှ သာမဏေဘဝ ရောက်လာကာ သာမဏေဘဝ၌ အတော်ကြာအောင်နေပြီးမှ အသက် (၂၀)ပြည့်ရင် ရဟန်းပြုရိုးဖြစ်သော မိရိုးဖလာအတိုင်း ရဟန်းပြုလာသော ပုဂ္ဂိုလ်ကို "မိရိုးဖလာရဟန်း" လို့ ခေါ်ပါတယ်။

ယခုခေတ်မှာ အဲဒီလို ရဟန်းများသာ များပါတယ်၊ အဲဒီရဟန်းမျိုးသည် ဆရာကောင်း၊ သမားကောင်းနဲ့ အတူနေရ၍ ဆရာကောင်း သမားကောင်းတို့ရဲ့ ဩဝါဒအတိုင်း နေထိုင်ရင် ဆရာသမား ကောင်းသလောက် ပုဂ္ဂိုလ်ကောင်းဖြစ်နိုင်ပါတယ်။

ပညာတတ်လာတဲ့အခါ တတ်ထားတဲ့ ပညာအလျောက် သဒ္ဓါတရားလည်း ပေါ်ပေါက်လာတတ်သောကြောင့် သဒ္ဓါ၊ပညာ အစုံပါသော "သဒ္ဓါပညာရဟန်း" သာသနာ့ဝန်ဆောင် သူတော်ကောင်းလည်း ဖြစ်နိုင်ပါတယ်။

အဲဒီလို သဒ္ဓါပညာ ရဟန်းများအတွက်လည်း လူများ ဝိနည်းတတ်၍ အနေမခက်ပါ၊ အနေချောင်ပါတယ်။

သို့မဟုတ်ဘဲ ခုနက မိရိုးဖလာရဟန်းတော်ဟာ ဆရာသမားကောင်းတို့နှင့် အတူ မနေရရင်လည်းကောင်း၊ အတူနေရသော်လည်း ဆရာသမားကောင်းတို့၏ ဩဝါဒကို မနာယူလျှင်သော်လည်းကောင်း၊ ပိဋကတ်ပညာ တတ်ပါသော်လည်း ဝိနည်း

တရားတော်အတိုင်း မနေလျှင်သော်လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်သော ပုဂ္ဂိုလ်မဖြစ်တော့ဘဲ သာသနာ့တာဝန်ကြီးကို ဖိစီးသော သာသနာ့ဝန်စီး, သာသနာ့ဝန်ထုပ်ကြီးသာ ဖြစ်ပါတော့တယ်။

အဲဒီလို သာသနာ့ဝန်စီး, ဝန်ထုပ်ကြီးအတွက် ဝိနည်းတတ် ဒကာ ဒကာမများ မကြည်ညိုသဖြင့် ဖြစ်သလို အသက်မွေးရ၍ အနေခက်ပါတယ်။

ပြီးတော့ "ဒု" ခဲခဲယဉ်းယဉ်း၊ "လဘ" ရအပ်သောအရာ၊ လွယ်လွယ်ကူကူနဲ့ မရဘဲ အလွန်ခဲယဉ်းစွာ တွေ့ရ, ကြုံရသော အဖြစ်ကို "ဒုလ္လဘရဟန်း" လို့ ခေါ်ပါတယ်။

ယခုခေတ်ဝယ် သာသနာတော်၌ ကြာရှည်စွာ နေထိုင်ဖို့ မရည်ရွယ်ဘဲ ရခဲသော ရဟန်းအဖြစ်ကို ရအောင်ဟု ရည်မှန်းသော ဒုလ္လဘရဟန်းတစ်မျိုး ရှိပါတယ်။

အဲဒီ ဒုလ္လဘရဟန်းမျိုးသည်လည်း ဆရာကောင်း သမားကောင်းတို့နဲ့ အတူနေရ၍ ဆရာသမားကောင်းတို့၏ နည်းကို ခံယူကာ ကောင်းစွာကျင့်နိုင်ပါမှ ရဟန်းအဖြစ် ရကျိုးနပ်ပါတယ်။

ဆရာသမားကောင်းတို့အထံ နည်းခံ၍ မနေရဘဲ ထုံးစံအတိုင်း ရဟန်းပြုပြီးနောက် ထိုထိုဤဤ လှည့်လည်သွားလာ၍ နေသော ပုဂ္ဂိုလ်အတွက် အာပတ်အပြစ်တွေ အမျိုးမျိုးသင့်နေသည်သာ ဖြစ်သောကြောင့် "ဖွပ်သည့်အတွက် ညစ်" ဆိုသကဲ့သို့ အကျိုးကြီးရန် ဒုလ္လဘရဟန်းပြုသည့်အတွက် အာပတ်အပြစ်တွေ အညစ်အကြေးတွေ ညစ်ပေလာဖွယ် ရှိပါတယ်။

အဲဒီလို အာပတ်, အပြစ်, အညစ်အကြေးတွေ ညစ်ပေနေတဲ့ ရဟန်းတွေကို ဝိနည်းတတ် လူ ဒကာ ဒကာမများက မရိုသေ, မလေးစား, မဆည်းကပ်, မလှူဒါန်းတဲ့အတွက် အနေခက်ပါတယ်။

အာပတ်, အပြစ်, အညစ်အကြေး ကင်းရှင်းစွာ ဝိနည်းတရားနဲ့အညီ နေသော ဒုလ္လဘရဟန်းများအတွက် ဝိနည်းတတ် ဒကာ ဒကာမများက ကြည်ညိုတတ်၍ ကြည်ညိုဆည်းကပ် လှူဒါန်းသဖြင့် အနေမခက်ပါ၊ အနေချောင်ပါတယ်၊ ကဲ … ဒီလောက်ဆိုရင် ပြည့်စုံပါပြီ"

"မှန်ပါ၊ ဒီလိုဆိုတော့လည်း အနေခက်, အနေချောင်ဟာ အနေအထိုင်နဲ့သာ သက်ဆိုင်ပါတယ်လို့ ပြောရမယ်ပေါ့ဘုရား"

"အင်းပေါ့"

✧ လူဒကာများ, ဝိနည်းတရား, တတ်ထားရပေမည်။

✧ ဝိနည်းတတ်ငြား, လူအများ, ဘုရားသာသနာ ကြည်ညိုသည်။

✧ လူကြည်ညိုများ, သာသနာကား, ရှည်လျားတည် လေမည်။

✧ ထို့ကြောင့် လူများ ဝိနည်းတရား ကြိုးစားသင်ရမည်။

# ဒါယကာ လေးမျိုးကို သိပါရစေဘုရား

(၂၄၆)

ရဟန်းသံဃာတော်များအနေနှင့်လည်းအထူးသိသင့် သိထိုက်၍လူဒကာဒကာမများအနေနှင့်လည်းအထူးသိသင့် သိထိုက်သော ဒကာလေးမျိုး ရှိသည်။ ယင်း ဒကာလေးမျိုးကို ကြားသာကြားဖူး၍ ရှင်းလင်းစွာ မသိသူ ဒကာတစ်ယောက်က မိမိအား မေးလျှောက်၏။

"အရှင်ဘုရား ဒါယကာ လေးမျိုးကို သိပါရစေဘုရား"

"အင်း…ဒကာကြီးရဲ့အမေးမှ အဖြေရခက်တယ်၊ ဒါယကာလေးမျိုးက ပြောရရင် လေးမျိုးတွေ အမျိုးမျိုးပဲ၊ ဘယ်လို ဒါယကာမျိုးလဲ၊ အစကလေး ဖော်ပြဦးမှပေါ့"

"မှန်ပါဘုရား၊ တပည့်တော် သိချင်ဇောနဲ့ အမေး လောကြီးသွားပါတယ်ဘုရား၊ ဒါယကာလေးမျိုးက ပေးသာ ပေးကောင်း၍ မတောင်းကောင်းတဲ့ ဒကာ စသည်တို့ပါဘုရား"

"အင်း…အင်း…ဒါဆိုတော့ လွယ်ပါတယ်၊ ကဲ…ကဲ…မှတ်သားထားပါ"

(၁) ပေးသာ ပေးကောင်း၍ မတောင်းကောင်းတဲ့ ဒါယကာ။

(၂) တောင်းသာ တောင်းကောင်း၍ မပေးကောင်းတဲ့ ဒါယကာ။

(၃) ပေးလည်း မပေးကောင်း, တောင်းလည်း မတောင်းကောင်းတဲ့ ဒါယကာ။

(၄) ပေးလည်း ပေးကောင်း, တောင်းလည်း တောင်းကောင်းတဲ့ ဒါယကာ။

ရယ်လို့ သာသနာပြုချင်တဲ့ ဆရာရော၊ သာသနာကို အားပေးချီးမြှောက်ချင်တဲ့ ဒကာ, ဒကာမတွေပါ ဒီဒကာလေးမျိုးကို သိထားသင့်ပါတယ်"

"မှန်ပါဘုရား၊ တပည့်တော်လည်း အဲဒီလိုထင်လို့ မေးလျှောက်တာပါဘုရား၊ အကျယ်တဝင့် ဆက်ပြီး ရှင်းပြပါဦး ဘုရား"

"ကဲ…ရှင်းပြမယ် နားထောင်နော်"

(၁) အဲဒီလေးမျိုးတို့တွင် ရဟန်းတော်. သံဃာတော်များက ဆွမ်း. ဆေး စသည်တို့ကို ပေးသာ ပေးကောင်း၍ သူတို့ထံက ဒကာ ဒကာမတွေထံက မတောင်းကောင်းတဲ့ ဒကာ ဒကာမတစ်မျိုး ရှိပါတယ်။

ဘယ်လို ဒကာ ဒကာမတွေလည်းဆိုရင် ဖုန်းတောင်းယာစကာ အဖြစ်ဖြင့် တောင်းရမ်းလာသူမျိုးတွေပေါ့၊ သူတို့ကို ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်းကောင်းပါဘူး။

ပြီးတော့ ဆရာသမားထံ အပ်နှံထားတဲ့ ရှင်လောင်းကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူ့ထံက မတောင်းကောင်းပါဘူး၊ ပြီးတော့ မိမိထံ မှီခိုနေတဲ့ ကျောင်းသားများကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်းကောင်းပါဘူး။

ပြီးတော့ မိမိကျောင်. ယို့ ဧည့်သည် အာဂန္တုအဖြစ်ဖြင့် စားနပ်ရိက္ခာ ပြတ်လပ်ပြီး ရောက်လာသူ ဒကာ ဒကာမများကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်းကောင်းပါ။

ခါးပြ. အကြမ်းဖက် သောင်းကျန်းသူနဲ့ အစိုးရမင်းတို့ကိုလည်း ပေးသာ ပေးကောင်းပါတယ်၊ သူတို့ထံက မတောင်းကောင်းပါ။

အဲ . . . ယခုပြောခဲ့တဲ့ သူတောင်းစား. ရှင်လောင်း. မိမိကို မှီခိုနေတဲ့ ကျောင်းသား. ဧည့်သည် အာဂန္တု. ခါးပြ. အကြမ်းဖက်သောင်းကျန်းသူနဲ့ အစိုးရမင်းတို့အား မိမိကျောင်း ရောက်လာတဲ့အခါ မိမိပိုင် ဆွမ်း. ဆေး စသည်တို့ကို ပေးကောင်းပါတယ်။

ခါးပြနဲ့ အကြမ်းဖက် သောင်းကျန်းသူတို့မှာ ဘေးအန္တရာယ်ပြုတတ်သောကြောင့် သံဃာပိုင်. သံဃိကပစ္စည်းကိုပင် ပေးကောင်းပါတယ်။

အဲဒီလို ပေးတဲ့အခါမှာ "ငါက ဒီပစ္စည်းကို ပေးလိုက်ရင် သူက ပစ္စည်းပြန်ပေးလိမ့်မယ်" ဆိုတဲ့ မျှော်လင့်ချက်ထားပြီး မပေးရပါ။ သူတို့ထံမှ သူတို့ပိုင်ပစ္စည်းကို အယုတ်သဖြင့် ရေကိုမျှ တောင်းပြီး မသောက်ကောင်းပါ။

အဲဒီစကားကို ထောက်လျှင် အရပ်ထဲမှ. ခေတ္တခဏ ကျောင်းရောက်လာသူ ဒကာ ဒကာမတွေအား ဆွမ်း. သစ်သီး စသည် မပေးကောင်းဘူးလို့ မှတ်ပါ။

အချို့ဒကာ ဒကာမတွေဟာ ကျောင်းဝိုင်းထဲမှာ ရှိတဲ့ ငှက်ပျောသီး. အုန်းသီး စသည်ကို လာ၍ တောင်းတတ်ကြပါတယ်၊ အဲဒီလို တောင်းတဲ့အခါ လူမမာအတွက် ဓာတ်စာ.ဖြစ်ရင်သာ အနည်းငယ် ပေးကောင်းပါတယ်၊ ဓာတ်စာ.မဟုတ်ဘဲ စားချင်သောက်ချင်လို့ လာတောင်းရင် မပေးကောင်းပါဘူး။

အေး...တစ်နည်းတော့ရှိတယ်၊ လာတောင်းပါရက်ကနဲ့ မပေးရင် ကျောင်းကို ရန်ရှာမယ့်သူ ဆိုရင်တော့ သူ့ကို ခါးပြ. သူခိုးလို သဘောထားပြီး ပေးရပါတယ်။

ဝိနည်းလေးစားတဲ့ ဆရာတော်. သံဃာတော်တွေဟာ ကျောင်းအတွင်း၌ စားပင်၊ သီးပင်တွေ မစိုက်တာဟာ အဲဒီအကြောင်းကြောင့်ပဲလို့ မှတ်ပါ။

အဲဒီအကြောင်းကို မသိတဲ့ ဒကာ ဒကာမတွေက "ဘုန်းကြီးတွေ ယူပက္ခန္ဓာပဲတဲ့၊ ပေးပက္ခန္ဓာ မဟုတ်ဘူး" တဲ့ လို့ ပြောကြပါတယ်၊ အမှန်က ဘုန်းကြီးတွေဟာ နေရာတကာမှာ ယူပက္ခန္ဓာ မဟုတ်သလို နေရာတကာမှာ ပေးပက္ခန္ဓာ မဟုတ်ဘူးဆိုတာ ဒကာလေးမျိုးကို သိသွားရင် သိပါလိမ့်မယ်။

(၂) ရဟန်းတော်တွေက တောင်းသာ တောင်းကောင်း၍ မပေးကောင်းတဲ့ ဒကာ ဒကာမဆိုတာ ဆွေမျိုးတော်စပ်တဲ့ ဒကာ ဒကာမတွေပေါ့၊ အမိဘက်မှ ဖြစ်ဖြစ်၊ အဖဘက်မှ ဖြစ်ဖြစ် ဆွေမျိုးတော်စပ်တဲ့ ဒကာ ဒကာမတွေ အထံမှာ တောင်းသာ တောင်းကောင်းပါတယ်၊ သူတို့ကို မပေးကောင်းပါ။

အဲဒီ ဆွေမျိုးတော်တာလည်း သတိထားရသေးတယ်၊ ဥပမာ – ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်ဆိုပါတော့၊ ယောက်ျားကအမျိုး ဇနီးက အမျိုးမဟုတ်ရင် ယောက်ျားထံမှာသာ တောင်းကောင်းပါတယ်၊ ဇနီးထံမှာ မတောင်းကောင်းပါ။

ဆွေမျိုးမတော်စပ်တဲ့ သူစိမ်း ဒကာ ဒကာမတွေဖြစ်သော်လည်း "အလိုရှိတဲ့ ပစ္စည်းလေးပါးအလှူခံတော်မူပါဘုရား" လို့ ပစ္စည်းလေးပါး ဖိတ်မံထားသူတို့ အထံမှာလည်း ရဟန်းတော်တွေနဲ့ အပ်စပ်တဲ့ ဆွမ်း, ဆေး စတဲ့ ပစ္စည်းများကို အလှူခံကောင်းပါတယ်။

အဲဒီ ဆွေမျိုးတော်စပ်သူနဲ့ ပစ္စည်းလေးပါး ဖိတ်ထားသူတို့အား ရဟန်းတော်က ဆွမ်း, ဆေး စသည်တို့ကို မပေးကောင်းပါ။

ဆွေမျိုးတော်စပ်သူ ဒကာ ဒကာမတွေ မကျန်းမမာဖြစ်ရင် သူတို့မှာလည်း ဆေး,မရှိဘူးဆိုရင် မိမိမှာရှိတဲ့ ဆေးကို ပေးကောင်းပါတယ်။

ဆွေမျိုးမတော်စပ်ဘဲ ပစ္စည်းလေးပါး ဖိတ်မံထားသူ ဒကာ ဒကာမတို့ကိုကား ကျောင်းအနီးမှာ နေ၍ မိမိကို ပြုစုနေသူဖြစ်ရင်သာ ဝေယျာဝစ္စပြုသူဖြစ်လို့ ဆွမ်း, ဆေး စသည်ကို ပေးကောင်းပါတယ်။

အဲဒီ ဆွေမျိုးမတော်စပ်ဘဲ ဖိတ်မံထားသူတို့ ၊ သူတို့ အိမ်မှာရှိနေရင် ရဟန်းတော်က ဆွမ်း, ဆေး စသည် မပေးကောင်းပါ။ အိမ်မှာနေခိုက် မကျန်းမာသော်လည်း ဆေး,မပေးကောင်းပါ၊ ဆေးနည်းကိုတောင်မှ တိုက်ရိုက်မပြောကြားကောင်းပါ။

အဲဒီစကားကို ထောက်ကြည့်ရင် ဆွေမျိုးမတော်သော ဒကာ ဒကာမတို့အား ရင်းနှီးရုံမျှ ကျောင်းဒကာ ဒကာမ, ရဟန်းဒကာ ဒကာမ ဖြစ်နေရုံမျှဖြင့် ဆွမ်း, ဆေး စသည် မပေးကောင်းပါ။

အချို့ဒကာ ဒကာမတွေ လျှောက်ထားတတ်ကြပါတယ်၊ "တပည့်တော်ကို ဒကာရင်းလို သဘောထားပါဘုရား၊ ဒကာမရင်းလို သဘောထားပါဘုရား" တဲ့၊ ရင်းတာ, ရင်းတာပဲ ရှိတယ်၊ အဲဒီလို လျှောက်ထားရုံနဲ့ သူတို့ထံမှ ဘာမှ မတောင်းကောင်း၊ အလှူမခံကောင်းပါ။

တကယ်တော့ သာသနာတော်မှာ ရင်းတယ်ဆိုတာ ပစ္စည်းလေးပါး ဖိတ်ထားသူမှ ရင်းရာရောက်ပါတယ်၊ ပစ္စည်းလေးပါး မဖိတ်ထားရင် ရင်းရာမရောက်၍ မိမိအတွက် ကုသိုလ်ရေးနဲ့ ပတ်သက်၍ ဘာမျှ မတိုက်တွန်းကောင်း, အလှူမခံကောင်းပါ။

အေး . . . တစ်ခုတော့ရှိတယ်၊ မတောင်းဘဲလည်း ယူသည်ကို ကျေနပ်မယ့် ဒကာ ဒကာမ ဖြစ်ရင်တော့ "အကျွမ်းဝင်သော ယူနည်းဖြင့်" ကိုယ်တိုင်လည်း ယူကောင်းပါတယ်၊ အခြားသူ တစ်ယောက်ယောက်ကိုလည်း "ယူချေစမ်း" လို့ ခိုင်းကောင်းပါတယ်။

(၃) ပြီးတော့ ပေးလည်း ပေးကောင်း, တောင်းလည်း တောင်းကောင်းတဲ့သူကို ရှင်းကြပါစို့၊ မိမိတို့ ရှင်ရဟန်းအချင်းချင်းဟာ ပေးလည်း ပေးကောင်းပါတယ်၊ တောင်းလည်း တောင်းကောင်းပါတယ်။ ပြီးတော့ မိဘတွေဟာ သားဖြစ်တဲ့ ရှင်ရဟန်းတို့ အထံမှ သံဃာပိုင် သံဃိကပစ္စည်း မဟုတ်ဘဲ သားရှင်ရဟန်းပိုင် ဆိုရင် ဘာပစ္စည်းမဆို တောင်းကောင်းပါတယ်။ သားရှင်ရဟန်းတွေကလည်း သူတို့ပိုင်ပစ္စည်းကို ပေးကောင်းပါတယ်။ အဲဒီလို တောင်းကောင်းပေမဲ့ သာသနာတော်နဲ့ စပ်ဆိုင်ရာမှာ အလွန်ရင်းနှီးတဲ့ ဆွေမျိုးဖြစ်နေတဲ့ မယ်တော်, ခမည်းတော်တို့ဟာ မိမိတို့မှာ စားရေး, သောက်ရေးပြည့်စုံနေပါရင် မိမိတို့ကသာ လှူဒါန်းသင့်ပါတယ်။ အခြားသူတို့က သဒ္ဓါတရားဖြင့် လှူဒါန်းထားတဲ့ပစ္စည်းကို မတတ်သာမှ တောင်းယူသင့်ပါတယ်။

သားဖြစ်တဲ့ ရှင်ရဟန်းတွေကလည်း အခြားသူတို့က သဒ္ဓါတရားဖြင့် လှူဒါန်းထားတဲ့ ပစ္စည်းကို မိဘပင်ဖြစ်သော်လည်း စားရုံသောက်ရုံထက် ပို၍ စီးပွားဖြစ် မပေးသင့်ပါ။

မိဘမှတစ်ပါး ဆွေမျိုးတော်စပ်ရုံမျှနဲ့ မပေးကောင်းပါ။

(၄) ပြီးတော့ ပေးလည်း မပေးကောင်း, တောင်းလည်း မတောင်းကောင်းသူ ဒကာ ဒကာမဆိုတာ အမိဘက် အဖဘက် တစ်ဖက်ဖက်မှ ဆွေမျိုးမတော်သူ, ပစ္စည်းလေးပါး ဖိတ်မထားသူ သူစိမ်း, သူတောင်းစားမဟုတ်တဲ့ ဒကာ ဒကာမ၊ ရိက္ခာမပါဘဲ ကျောင်းသို့ရောက်လာတဲ့ ဧည့်သည်မဟုတ်သူ၊ ဓားပြ, အစိုးရမင်း မဟုတ်သူတွေပါပဲ။

အခုပြောခဲ့တဲ့ ဒကာ ဒကာမတွေအထံက ပစ္စည်းလိုချင်ရင် သူတို့ အနီးအပါးသို့ သို့မဟုတ် သူတို့အိမ်သို့ သွား၍ ရပ်ရမယ်၊ အဲဒီလို ရပ်တဲ့အခါ "ဘာကို အလိုရှိပါသလဲ" ဟု မေးလျှောက်မှ မိမိ အလိုရှိရာကို ပြောနိုင်ပါတယ်။

အဲဒီလို မိမိအလိုရှိရာပြောလို့ ဟိုက "မတတ်နိုင်သေးပါ" လို့ လျှောက်ထားရင် နောက်ထပ် တရားစကား ပြောဟောမနေရပါ၊ နောက်ထပ် တရားစကား ပြောဟောမှ ရလျှင် အဲဒီပစ္စည်းကို မသုံးဆောင်အပ်တော့ပါ။ အဲဒီရှင်ရဟန်းသာ မဟုတ်ပါ၊ အခြား ရှင်ရဟန်းတွေပါ မသုံးဆောင်အပ်တော့ပါ။

"အရှင်ဘုရား မလွယ်ပါလားဘုရား"

"အေး . . . မလွယ်တာကို လွယ်အောင်ဆိုတာ ဒကာ ဆရာ နှစ်ဦးနှစ်ဘက် သိအောင်လုပ်ပြီး သိတဲ့အတိုင်း ကျင့်ရင် လွယ်ပါတယ်၊ လွယ်အောင်ကျင့်ပါ"

"မှန်ပါဘုရား"

✦ ဆရာဆိုတာ, လှူဒကာ, အပ်တာ မအပ် သိရမည်။

✦ ဒကာမသိ, အာပတ်ထိ, ရောက်ဘိအပါယ်ပြည်။

✦ ဒကာဆိုတာ, ကိုယ့်ဆရာ, အပ်ဌာဖိတ်ရမည်။

✦ မဖိတ်လေက, မလှူရ, ကျိုးမှုနည်းလေမည်။

📖

# အပြစ်အတွက် ရတက်မအေး၍ မေးလျှောက်ပါသည်ဘုရား

## (၂၄၇)

"လိင်္ဂ" ဆိုတဲ့ ပါဠိကို "လိင်" ဟူ၍ ခေါ်ဆိုသုံးစွဲကြသည်။ "လိင်္ဂ = လိင်" ဆိုသည်မှာ "အသွင်အပြင်" ကို ခေါ်သည်။ ထို အသွင်အပြင် "လိင်္ဂ = လိင်" သည် -

(၁) ဂဟဋ္ဌ လိင်္ဂ = လူအသွင်

(၂) ပဗ္ဗဇ္ဇ လိင်္ဂ = ရှင်သာမဏေအသွင်

ဟူ၍ နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးတို့တွင် လူ့အသွင်မှတစ်ဆင့် ရှင်သာမဏေအသွင်သို့ ပြောင်းလာကြသည်။

ထိုရှင်သာမဏေအသွင်သို့ ပြောင်းလာသော ရှင်သာမဏေသည် သူ့အသက် သတ်ခြင်း စသော (၁၀)ပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်လျှင် ယင်းသာမဏေအား နောင် မစောင့်စည်းက သာမဏေအသွင်၌ မတည်နိုင်ဘဲ လူ့အသွင်သို့ လျှောကျသည်ကို "လိင်" ကျသည်ဟု ဆိုပါသည်။

ယင်းကဲ့သို့ လိင်မကျဘဲ သာသနာတော်၌ မပျော်မွေ့၍ လူထွက်သည့် သာမဏေများကို သာမဏေအသွင်မှ မူလ လူ့ အသွင်သို့ ပြန်ယူသဖြင့် "ရှင်လိင်ပြန်သည်" ဟု ခေါ်ဆိုကြပါသည်။

ယင်းသို့ လိင်ကျသည်. မကျသည်. ရှင်လိင်ပြန်သည် စသည်တို့ကို မသိနားမလည်သော ကိုရင်တစ်ပါးက မိမိထံသို့ အမေးပုစ္ဆာပြဿနာ မေးလာပါသည်။

သို့ ...

ဆရာတော်ဘုရား

ဘုရားတပည့်တော် စာအားဖြင့် ရိုသေစွာ လျှောက်ထားပါသည်ဘုရား၊ ဘုရားတပည့်တော်သည် ဆရာ တော်ဘုရားရေးသားတဲ့ ဗုဒ္ဓဓမ္မပြဿနာများစသော စာအုပ်များကို အခွင့်ရတိုင်း ဖတ်ရှုနေသည့် စာဖတ်ပရိတ်သတ် တစ်ဦးပါဘုရား။

စာသင်နေဆဲ ရှင်သာမဏေတစ်ပါးဖြစ်လို့ အလုံးစုံတော့ မလေ့လာနိုင်သေးပါဘုရား၊ မြို့တစ်မြို့မှာ အငယ်တန်းအောင်ပြီး ကျန်းမာရေး မကောင်းတာနဲ့ အလတ်တန်းကို ဆက်မဖြေသေးဘဲ မိမိနေရပ်ကျောင်းမှာ ပြန်ပြီး နားနေပါသည်ဘုရား။

ဘုရားတပည့်တော် အမိကလျှောက်ထားရန် အကြောင်းမှာ မိမိအရပ် ကျောင်းမှာ ပြန်နေခိုက် ကျောင်းခြံ စည်းရိုး ဝါးရုံ၌ ပြေးလွှားနေသော ရှဉ့်ကလေးတစ်ကောင်ကို လှောင်ပြောင်သလို လေးနဲ့ပစ်လိုက်ရာ တကယ် ထိမှန်ပြီး အောက်ကျလာခိုက် ခွေးကိုက်တာနဲ့ သေသွားပါတယ်ဘုရား။

တပည့်တော်၏ လုံ့လပယောဂ ပါတယ်လို့ သဘောပေါက်သော်လည်း သရဏဂုံပြန်ပြီးယူရန် ဆရာဘုန်းတော်ကြီး မရှိသဖြင့်လည်းကောင်း၊ ဦးပဥ္စင်းတစ်ပါး ရှိသော်လည်း သရဏဂုံ ကောင်းမွန်စွာ ပေးတတ်ဟန်မတူ တာနဲ့ မယူဘဲ ဦးပဥ္စင်း ကိုရင်များနဲ့ အတူနေခဲ့မိပါသည်ဘုရား၊ တစ်ပတ်လောက်ကြာမှ အာဂန္တုဘုန်းကြီးတစ်ပါးကြွ လာတာနဲ့ သရဏဂုံသီလ ပြန်ယူလိုက်ပါသည်ဘုရား။

ဘုရားတပည့်တော်၏ ပြုမှုမှုမှာ သူ့အသက်သတ်မှု ပါဏာတိပါတကံ မြောက်သွားပါသလားဘုရား၊ ကျောင်းရှိ ဦးပဥ္စင်း ကိုရင်များနှင့် အတူနေမိသည့်အတွက် ဘုရားတပည့်တော်မှာ ရှင့်အသွင် ခိုးရာ့ရောက်သွားပါ သလားဘုရား။

အဲဒီအကြောင်းများကို သိပ်ပြီး နားမလည်တာ အမှန်ပါဘုရား၊ ဘုရားတပည့်တော်မှ ပြုမိသည့် အပြစ် အတွက် ရတက်မအေး၍ မေးလျှောက်ရပါသည်ဘုရား။

ဖော်ပြပါအပြစ်များကို ကျောင်း၌ ဘုန်းတော်ကြီးကို မေးလျှောက်လိုပါသော်လည်း စာပေမကျွမ်းကျင်၍ မေးလျှောက်လျှင် ပညာစမ်းရာ ရောက်မှာစိုး၍ မမေးရဲဘဲ ဆရာတော်ဘုရားထံ မေးလျှောက်ရပါသည်ဘုရား။

ဘုရားတပည့်တော်အား အစဉ်သနားသောအားဖြင့် မေတ္တာရှေ့ထားပြီး အဲဒီအကြောင်းများကို ရှင်းလင်း စွာ အမိန့်ရှိပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်နှင့်တကွ ကျောင်းရှိ ရဟန်းအားလုံးတို့ ကျန်းမာချမ်းသာတော်မူကြပါစေ။

(……)

ငို့

(……)

ပြန်ကြားသိစေအပ်ပါသည်။

ကိုရင်ရဲ့စာကို ဖတ်ရတော့ ကိုရင်ရဲ့သူတော်ကောင်း စိတ်ဓာတ်ကို ကြည်ညိုဝမ်းသာမိပါသည်။ အပြစ်ပြု မိသူ အများသူတို့သည် အပြစ်ကို ဖုံးလွှမ်းတတ်ကြပါသည်။

ကိုရင်ကတော့ မိမိအပြစ်ကို မဖုံးလွှမ်းဘဲ အပြစ်ကို အပြစ်အားလျော်စွာ သိတယ်၊ ပူပန်တယ်၊ ကုစားချင် တယ်၊ ကုစားတယ်ဆိုတော့ သူတော်ကောင်းစိတ် ရှိတယ်လို့ ကြည်ညိုမိတာ အမှန်ပါ။

ဒါပေမဲ့ အပြစ်မဟုတ်သည်ကို အပြစ်ဟု ပူပန်ခြင်းဟာ မကောင်းသလို အပြစ်ဟုတ်သည်ကို အပြစ်မဟုတ် ဟု ယူဆပြီး မပူပန် မကုစားခြင်းလည်း မကောင်းပါ။ အပြစ်ကို အပြစ်အားလျော်စွာ သိပြီး ကုစားခြင်းဟာ သူတော် ကောင်းတို့၏ သူတော်ကောင်းစိတ်ဓာတ်ပါ။

ဒီနေရာမှာ ကိုရင့်အတွက် ဦးစွာ သိထားဖို့ရာ သူ့အသက်သတ်ခြင်း. ပါဏာတိပါတကံကို ရှင်းပြပါမယ်၊ သူ့. အသက်သတ်ခြင်း ပါဏာတိပါတကံ၌ ကိုရင့်အဖို့ လိုင်ကျနိုင်သည့် အင်္ဂါတို့မှာ -

(၁) သက်ရှိသတ္တဝါဖြစ်ခြင်း

(၂) သက်ရှိသတ္တဝါဟူသော အမှတ်ရှိခြင်း

(၃) သတ်လို. သေစေလိုသော စိတ် ရှိခြင်း

(၄) သတ်ခြင်းငှာ လုံ့လပြုခြင်း

(၅) ထိုလုံ့လဖြင့် သေခြင်း

အားဖြင့် အင်္ဂါငါးပါးလုံး ပြည့်စုံမှ သူ့အသက်သတ်ခြင်း ပါဏာတိပါတကံ မြောက်၍ ကိုရင် လိုင်ကျပါတယ်၊ ဥပမာ - သေအောင် ရိုက်လိုက်ရာ မသေလျှင် (၅) နံပါတ် ထိုလုံ့လဖြင့် သေခြင်းဆိုတဲ့ အင်္ဂါချို့တဲ့၍ လိုင်မကျပါ။

အခုလည်း ကိုရင့်မှာ သတ်လို သေစေလိုသော စိတ်ရှိခြင်းဆိုတဲ့ (၃) နံပါတ်အင်္ဂါ ချို့တဲ့၍ လိုင်မကျပါ၊ လိုင်မကျတဲ့အတွက် ကိုရင့်မှာ အသွင်ခိုးရာလည်း မကျရောက်ပါ။

အကယ်၍ သူ့အသက်သတ်ခြင်း စသည်ဖြင့် လိုင်ကျသွားတဲ့ ကိုရင်ဟာ လိုင်ကျသော ခဏ၌ သရဏဂုံ ယူခြင်း. ဥပဇ္ဈာယ်ယူခြင်း. ဝါတွင်းနေရန် ဝါစဉ်ဖြင့် ကျောင်းနေရာယူခြင်းတို့ကို ပျက်ကြပါတယ်။

သီတင်းကျွတ်သောအခါ သံဃိက ဝါဆိုသင်္ကန်း လာဘ်လာဘများ မရထိုက်ပါ၊ သာမဏေအသွင် တစ်ခုသာ ကျန်ပါတယ်၊ အပြစ်များ၍ မစောင့်စည်းမှ နှင်ထုတ်အပ်ပါတယ်။

စောင့်စည်းမှု အဝတ်မလဲဘဲ သရဏဂုံ. ဥပဇ္ဈာယ် ပြန်ပေးအပ်ပါတယ်၊ အဲဒါကြောင့် ကိုရင့်မှာ အကယ်၍ လိုင်ကျသွားဦးတော့ စောင့်စည်းမှု ရှိနေတဲ့အတွက် အသွင်ခိုး မဖြစ်နိုင်ပါ။

ယခု သရဏဂုံယူခြင်း. ဥပဇ္ဈာယ် ယူခြင်းများလည်း ပြုပြီးဖြစ်၍ နောက်ကို အဲဒီကဲ့သို့ မဖြစ်အောင် အတတ်နိုင်ဆုံး ကျင့်ကြံအားထုတ်နေပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဓမ္မဒူတ အရှင်ပညာဇောတ

✦ အပြစ်ဆိုက. နည်းငယ်မျှ. ရှိကကြောက်စရာ။

✦ အပြစ်ငယ်လည်း. ပါယ်ငရဲ. ချမြဲသေသေချာ။

✦ အပြစ်ဆိုလျှင်. ဝေးကပင် ရှောင်ကြဉ်မပြုရာ။

✦ အပြစ်ဖြစ်လျှင်. နောင်တဝင်. ပါယ်ခွင်ရောက်လေမှာ။

✦ ပါယ်ခွင်ကြောက်က. ပြစ်ကင်းပ. စောင့်ကြသေသေချာ။

# ပါရာဇိက,ကျသော ရဟန်းထံ၌
# ရှင်သာမဏေပြုလို့ ရှင်သာမဏေ ဖြစ်နိုင်ပါမည်လားဘုရား

(၂၄၈)

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံမှာ ကျယ်ဝန်းလှ၏။ များပြားလှ၏။ အားလုံးကို ခြုံမိ. ငုံမိအောင် သိနိုင်ဖို့ရာ မလွယ်ကူလှပါ။

ယင်းတရားတော်တို့ကို ဓမ္မက္ခန္ဓာဖြင့် ရေတွက်ပြရသော် ဝိနည်းပိဋကတ်၌ ဓမ္မက္ခန္ဓာ - ၂၁၀၀၀ ရှိပါသည်။ သုတ္တန်ပိဋကတ်၌ ဓမ္မက္ခန္ဓာ - ၄၂၀၀၀ ရှိပါသည်။ ဤသို့ ဗုဒ္ဓတရားတော်တို့သည် ကျယ်ဝန်းများပြားလှပါ၏။

ယင်းမျှ များပြားလှသော ဓမ္မက္ခန္ဓာတို့မှ သိစရာတို့ကို အကုန်အစင်သိရန်မှာ မလွယ်ကူလှပါ၊ သိစရာတွေကား များပြားလှပါ၏။ မသိလို့လည်း မဖြစ်ပါ၊ သိသင့်.သိထိုက်သည်တို့ကို သိရမည်သာ ဖြစ်ပါသည်။

မိမိသည် ယင်းဓမ္မက္ခန္ဓာတို့မှ သိသင့်.သိထိုက်သော ပြဿနာများကို မေးလာသူတို့အား သံသယရှင်းသွားအောင် အတတ်နိုင်ဆုံး ရှာဖွေဆည်းပူး၍ ဖြေကြားကာ ယင်းအမေးအဖြေများကို စာပေအဖြစ် မှတ်တမ်းတင်ကာ စာပေရေးသားလျက် ရှိသည်ကို သိသူများက တစ်ဖန် မေးကြပြန်သည်။

ယင်းသို့ မေးရာ၌ နှစ်မျိုးနှစ်စား ရှိပါသည်။ မိမိကိုယ်တိုင် မသိ၍ သိချင်သဖြင့် မေးသူတစ်ဦးနှင့် မိမိ သိပါလျက် အများအတွက် သိအောင် စာပေအဖြစ် မှတ်တမ်းတင်စေချင်၍ မေးသူတစ်ဦးဟူ၍ နှစ်မျိုးနှစ်စား ရှိပါသည်။

ယင်းနှစ်မျိုးနှစ်စားတွင် ယခုပြဿနာကို မေးလာသူမှာ ဒုတိယအမျိုးအစားထဲက ဖြစ်ပါသည်။ မိမိ တရားပြနေရာ တရားပြဌာနသို့ အသွင်အပြင် အချိုးအစား ကျသော ပြေပြစ်သိမ်မွေ့သော ရဟန်းတော်တစ်ပါး ကြွလာသည်။ ရှိခိုးဦးချကာ မိတ်ဆက်စကား ဝမ်းသာစကား လျှောက်ထားပြီး ပြဿနာကို စတင်လေ၏။

"အရှင်ဘုရား . . . တပည့်တော် သိပြီးသော်လည်း အများသိစေရန်အတွက် စာပေအဖြစ် မှတ်တမ်းတင်စေချင်လို့ မှတ်တမ်းတင်ထိုက်သော ဝိနည်းနဲ့ပတ်သက်တဲ့ အချက်တွေ မေးပါရစေဘုရား"

"အင်း . . . စာပေအဖြစ် မှတ်တမ်းတင်တာကတော့ လွယ်ပါတယ်၊ မေးဖြေပြီး မှတ်တမ်းတင်ရုံပေါ့"

"အရှင်ဘုရားအတွက် မလွယ်တာများ ရှိပါသေးသလားဘုရား"

"ဟာ . . . မလွယ်တာတွေ အများကြီး ရှိပါတယ်"

"ဘာတွေ မလွယ်ပါသလဲဘုရား"

"ဘာတွေ မလွယ်ပါသလဲဆိုရင် အရှင်ဘုရားမေးမယ့် ဝိနည်းနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့ အချက်တွေက မလွယ်ဘူးထင်တယ်၊ တပည့်တော် အကုန်ဖြေနိုင်ပါ့မလား"

"ဖြေနိုင်ပါတယ်ဘုရား"

"ကဲ . . . မေးစမ်းပါဦး၊ ဘယ်လိုအရေးကြီးတဲ့ အချက်ကစပြီး မေးလို့ ဘယ်လိုဖြေရမလဲ"

"အရှင်ဘုရား . . . အသက် (၂၀)မပြည့်သေးတဲ့ ရဟန်းလောင်းကို အသက် (၂၀)ပြည့်ပြီဟူသော အမှတ်သညာဖြင့် ရဟန်းခံပေးခဲ့မိပါရင် အဲဒီရဟန်းလောင်း ရဟန်း ဖြစ်ပါ့မလားဘုရား"

"အင်း . . . အသက် (၂၀)ပြည့်ပြီဟု အမှတ်သညာ ရှိပါသော်လည်း အသက် (၂၀)မပြည့်သေးသော ရဟန်းလောင်း ဖြစ်သောကြောင့် ရဟန်းမဖြစ်ဘူးလို့ ပါစိတ်အဋ္ဌကထာဦနဝီသတိဝဿ သိက္ခာပုဒ်အဖွင့်မှာ ဆိုထားပါတယ်ဘုရား"

"ဒါဖြင့် အရှင်ဘုရား အသက် (၂၀)မပြည့်သော ရဟန်းလောင်းကို ပဥ္စင်းခံပေးသော ဆရာတွေမှာ အာပတ်သင့်ပါသလားဘုရား"

"အင်း . . . ရဟန်းလောင်း ပဥ္စင်း.မဖြစ်ရုံဘဲ ရှိပါတယ်၊ ဆရာတွေမှာတော့ အာပတ်မသင့်ပါဘူး"

"ဒါဖြင့် အရှင်ဘုရား . . . အဲဒီ အသက်(၂၀)မပြည့်ဘဲနဲ့ အသက် (၂၀)ပြည့်တယ် အမှတ်သညာနဲ့ ရဟန်းခံလိုက်တဲ့ ရဟန်းလောင်းက ရဟန်းမဖြစ်ပါဘဲနဲ့ သူ့ကိုယ်သူ ရဟန်းဖြစ်တယ်ထင်ပြီး ရဟန်းဟူသော အမှတ်သညာနဲ့ ရဟန်းဘဝမှာ ဆက်လက်နေထိုင်ပါရင် အပြစ်ရှိမယ် မဟုတ်ပါလားဘုရား"

"အင်း . . . သူ့ကိုယ်သူ ရဟန်းခံ၍ ရဟန်းဖြစ်တယ်ဆိုတဲ့ အမှတ်သညာနဲ့ နေရင် အပြစ်မရှိပါဘူး"

"ဟုတ်ပါတယ်၊ အဲဒီ ပါစိတ်အဋ္ဌကထာမှာပဲ ပြပါတယ်၊ ဘယ်လိုပြသလဲဆိုတော့ အသက် (၂၀)မပြည့်သေးသော ရဟန်းလောင်းသည် အသက် (၂၀)ပြည့်ပြီဟူသော အမှတ်သညာဖြင့် ရဟန်းခံရာ မသိသေးသမျှ ကာလပတ်လုံး အဲဒီရဟန်းအား နတ်ပြည်ရောက်မည်ကို တားမြစ်မည့် သဂ္ဂန္တရာယ်နှင့် မဂ်ဖိုလ်ရမှာကို တားမြစ်မည့် မဂ္ဂန္တရာယ်မဖြစ်ဘူးလို့ ပြပါတယ်။ အဲ . . . အသက် (၂၀)မပြည့်ဘဲနဲ့ ရဟန်းခံမိပါလားလို့ သိရင်တော့ ပြန်ပြီး ရဟန်းခံရပါမယ်၊ ရဟန်းမခံရင် အပြစ်ရှိပါတယ်"

"ရှင်းပါပြီဘုရား၊ နောက်တစ်ခု ဆက်ပြီး မေးပါရစေဦးဘုရား၊ အဲဒီ အသက်(၂၀)မပြည့်ပါဘဲလျက် အသက်(၂၀) ပြည့်ပြီဟူသော အမှတ်သညာဖြင့် ရဟန်းခံ၍နေတဲ့ ရဟန်းတော်ဟာ (၁၀)ဝါ ရတဲ့အခါ တပည့်ရဟန်းလောင်းကို ဥပဇ္ဈာယ်ဆရာပြုပြီး ရဟန်းခံပေးရင် အဲဒီ တပည့်ရဟန်း ရဟန်းဖြစ်ပါ့မလားဘုရား"

"အင်း...အဲဒီရဟန်းမဖြစ်ဘဲ ရဟန်းဖြစ်တယ်လို့ထင်မှတ်နေတဲ့ ဥပဇ္ဈာယ်ဆရာ ရဟန်းတော်ကိုဖယ်ထားပြီး ရဟန်းခံတဲ့ သံဃာအရေအတွက် ပြည့်ရင် တပည့်ရဟန်းဟာ ရဟန်းဖြစ်ပါတယ်၊ ရဟန်းခံတဲ့ သံဃာအရေအတွက် မပြည့်ရင် တပည့်ရဟန်းဟာ ရဟန်းမဖြစ်ပါဘူး"

"ဒီလိုဆိုရင် ရဟန်းခံတဲ့အခါမှာ ကံပြည့်ရုံတင်မကဘဲ သံဃာပိုမို ပါဝင်စေခြင်းဟာ အပြစ်ကင်း၍ သန့်ရှင်းအောင်မြင်ခြင်း အကျိုးရှိတယ်ပေါ့ဘုရား"

"အင်းပေါ့"

"ရှင်းပါပြီဘုရား၊ နောက်တစ်မျိုး မေးပါရစေဦးဘုရား၊ အဲဒီ အသက်(၂၀)မပြည့်ဘဲ ရဟန်းခံပြီး ရဟန်းမဖြစ်ဘဲ မိမိကိုယ်မိမိ ရဟန်းဖြစ်တယ်အထင်နဲ့ ဥပဇ္ဈာယ်ပြုတဲ့ ဥပဇ္ဈာယ်ဆရာဟာ သူတစ်ပါးကို ကမ္မဝါစာ မဖတ်စေဘဲ မိမိသည်ပင် ကမ္မဝါဆရာ ပြုလုပ်၍ အဖန်တလဲလဲ ကမ္မဝါစာဖတ်ကာ ရဟန်းခံပေးရင် တပည့်ရဟန်းလောင်း ရဟန်းဖြစ်ပါ့မလားဘုရား"

"အင်း . . . ဒီအမေးကလည်း မေးထိုက်တဲ့ အမေးတစ်ခုပါပဲ၊ အဲဒီ ရဟန်းမဖြစ်ဘဲ မိမိကိုယ်ကို ရဟန်းလို့ ထင်မှတ်၍ နေတဲ့ ဆရာဟာ မိမိသည်ပင် ဥပဇ္ဈာယ်ဆရာ, မိမိသည်ပင် ကမ္မဝါစာဆရာ ပြုလုပ်၍ ရဟန်းခံပေးရာ ကမ္မဝါစာ ရွတ်ဖတ်မှုဒ္ဒ လိမ္မာကျွမ်းကျင်ပါမှု တစ်ပါးသော ရဟန်းတို့ကို ဖတ်ရွတ်မှု မပြုသော်လည်း ထိုဆရာကိုဖယ်ပြီး ရဟန်းခံသံဃာ့ ကံပြည့်ပါမှု တပည့်ရဟန်းလောင်း ရဟန်းဖြစ်ပါတယ်"

"မှန်ပါဘုရား၊ ဒီနေရာမှာလည်း ရဟန်းခံသံဃာ ကံပြည့်ပါမှုလို့ ပါနေတော့ ကံပြည့်သံဃာအပြင် အပိုအလျှံ သံဃာ ပါတာ စိတ်ချရတယ်ဆိုတာ ရှင်းပါတယ်ဘုရား၊ နောက်တစ်ခု အရေးကြီးတဲ့ အမေးတစ်ခု မေးပါရစေဦးဘုရား"

"ကဲ . . . မေးပါ၊ အရှင်ဘုရား အမေးတွေက သာသနာတော်အတွက် ကျေးဇူးများပါတယ်"

"ပါရာဇိက,ကျနေတဲ့ ရဟန်းက ကမ္မဝါစာဖတ်၍ ရဟန်းလောင်းကို ရဟန်းခံပေးရင် အဲဒီရဟန်းလောင်း ရဟန်းဖြစ်ပါ့မလားဘုရား"

"အင်း . . . အဲဒီအမေးဟာ ခုနကအမေးနဲ့ မတူသော်လည်း အဖြေကတော့ အတူတူပါပဲ၊ အမေးကလည်း တကယ်တော့ မတူလည်း မတူဘူး၊ တူလည်း တူတယ်လို့ ပြောရမှာပါပဲ"

"ဟုတ်ပါတယ် မတူတာက ရဟန်းမဖြစ်သူနဲ့ ပါရာဇိက,ကျသူလို့ မတူပါဘူး၊ တူတာက ပါရာဇိက,ကျသူလည်း ရဟန်းမဟုတ်ပါ၊ ရဟန်းမဖြစ်သူလည်း ရဟန်းမဟုတ်လို့ တူပါတယ်။

အဖြေက အဲဒီ ပါရာဇိက,ကျတဲ့ရဟန်း ကမ္မဝါစာရွတ်ဖတ်ပြီး တပည့်ရဟန်းလောင်းကို ရဟန်းခံပေးရာ၌ အဲဒီ ပါရာဇိက,ကျသော ရဟန်းကို ဖယ်ထားပြီး ရဟန်းခံ သံဃာ ကံပြည့်ပါရင် အဲဒီ ရဟန်းခံကံဟာ အောင်မြင်၍ ရဟန်းလောင်း ရဟန်းဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဟို . . . ဝဇိရဗုဒ္ဓိဋီကာ, ပထမ ပါရာဇိက အဖွင့်မှာ ရဟန်းမဖြစ်သူ, ရဟန်းမဟုတ်သူ ကမ္မဝါစာ ရွတ်ဖတ်သော်လည်း ကံမြောက်တယ်၊ ကံပျက်ခြင်း၏ မဖြစ်သင့်သောကြောင့်လို့ ဆိုထားသောကြောင့် ဖြစ်ပါတယ်"

"အရှင်ဘုရား . . . ဒီလိုဆိုရင် ပါရာဇိက,ကျနေတဲ့ ဒုဿီလရဟန်း ကမ္မဝါစာ ရွတ်ဖတ်ရဟန်းခံရာ ရဟန်းခံကံ အောင်မြင်တယ်လို့ ကောက်မှုချ ရမှာပေါ့ဘုရား"

"အင်း . . . အဲဒီလို မှတ်ရမှာပေါ့၊ အဲဒီ ပါရာဇိက,ကျနေတဲ့ ရဟန်းက ရဟန်းအသွင်လည်း ရှိနေတယ်၊ ကမ္မဝါစာလည်း ကျွမ်းကျင်တယ်၊ သူမှတစ်ပါးလည်း ကံပြည့်သံဃာရှိတယ်ဆိုရင် ရဟန်းလောင်း ရဟန်းဖြစ်တယ်လို့ မှတ်ရပါတယ်"

"ရှင်းပါပြီဘုရား၊ ဆက်ပြီး မေးပါရစေဦးဘုရား၊ ပါရာဇိက,ကျတဲ့ ရဟန်းဟာ လူဖြစ်နေပါပြီ၊ သို့သော်လည်း ရဟန်း အသွင်ဖြင့် ရဟန်းအများထဲဝင်ပြီး ကမ္မဝါစာဖတ်ရာ ကံမပျက်ဘဲ ရဟန်းခံ ကံအောင်တယ်လို့ ဆိုပါတယ်။

"ဒါဖြင့် အဲဒီ ပါရာဇိက.ကျတဲ့ ရဟန်းဟာ လူထွက်ပြီး လူအသွင်ဖြင့် ရဟန်းအများထဲဝင်ပြီး ကမ္မဝါစာ ရွတ်ဖတ်ရင်ရော ရဟန်းခံကံ အောင်မြင်မှာလားဘုရား"

"အင်း . . . အဲဒါကတော့ မအောင်မြင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟို . . . ဝဇိရဗုဒ္ဓိဋီကာ, ပထမ ပါရာဇိကအဖွင့်မှာ လူအသွင်ဖြင့် သံဃာအလယ်သို့ ဝင်ပြီး ကမ္မဝါစာ ရွတ်ဖတ်ပါမူ သံဃာဟု မထင်မှတ်နိုင်သောကြောင့် အဲဒီလူဖတ်တဲ့ ကမ္မဝါစာဖြင့် ရဟန်းခံကံ မအောင်မြင်ဘူးလို့ ဆိုပါတယ်"

"ရှင်းပါပြီဘုရား၊ မေးချင်တာတွေတော့ အများကြီး ရှိပါသေးတယ်ဘုရား၊ အရှင်ဘုရားကို အားနာ၍ ဒီမျှနဲ့ပဲ နားပါဦးမယ်ဘုရား"

✦ မေးစရာများ. အလွန်များ. မေးမြန်းကျိုးရှိရာ။

✦ မိမိကျိုးများ. သူတစ်ပါး. ကျိုးများမေးသင့်ပါ။

✦ မေးဖြေဖတ်ရာ. မသိတာ. သိကာရှင်း၍ သွားလေပါ။

✦ သိရှင်းလေမှ. ကျင့်ကြံရ. ကျိုးကများလေမှာ။

📖

# လူမိုက်နှင့် လူလိမ္မာ ကွဲပြားအောင် ခွဲပြပါဘုရား

(၂၄၉)

လူတို့ကို အတန်းအစား အမျိုးမျိုး ခွဲကြလေ၏။ လူမိုက်နှင့် လူလိမ္မာ၊ ပစ္စည်းမဲ့နှင့် ပစ္စည်းရှိ၊ ရာထူးမဲ့နှင့် ရာထူးရှိ၊ ဂုဏ်မဲ့နှင့် ဂုဏ်ရှိ၊ တန်ဖိုးမဲ့နှင့် တန်ဖိုးရှိ စသည်ဖြင့် အမျိုးမျိုး ခွဲကြ၏။

ယင်းသို့ အမျိုးမျိုး ခွဲကြရာ၌ ပစ္စည်းမဲ့ ပစ္စည်းရှိ စသည်ကွဲပြားမှုမှာ ထင်ရှားသော်လည်း လူမိုက်နှင့် လူလိမ္မာ မကွဲပြား၍ မေးသူတစ်ယောက်က မေးလေ၏။

"အရှင်ဘုရား ဘယ်လိုလူမျိုးကို လူမိုက်၊ ဘယ်လိုလူမျိုးကို လူလိမ္မာခေါ်ကြောင်း လူမိုက်နှင့် လူလိမ္မာ ကွဲပြားအောင် ခွဲပြပေးပါဘုရား"

"အင်း . . . အင်း . . . ဒကာကြီးရဲ့အမေးက တော်တော်ကောင်းတဲ့ အမေးပါပဲ၊ ဒါဟာ သိသင့်တဲ့ အမေးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဘုန်းကြီးတို့ မင်္ဂလသုတ္တန် တရားတော်အရဆိုရင် လူမိုက်ဟာ ရှောင်ရမယ့် လူ့ မပေါင်းရမယ့် လူ မဟုတ်လား"

"မှန်ပါဘုရား"

"လူလိမ္မာက မှီဝဲဆည်းကပ် ပေါင်းသင်းရမယ့်လူ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး . . . အဲဒီလို ရှောင်ရမယ့်လူ၊ ပေါင်းရမယ့်လူ နှစ်ဦးမကွဲပြားရင် မရှောင်နိုင်. မပေါင်းနိုင်ဘူးပေါ့၊ ဒါ့ကြောင့် ဒီပြဿနာဟာ အရေးကြီးတဲ့ ပြဿနာပဲ၊ ကဲ ဒါဖြင့် မှတ်ထားပါ၊ လူမိုက်မှာ လူမိုက်လို့ သိနိုင်တဲ့ အမှတ်အသားများက -

(၁) မကောင်းသောအကြံကို ကြံခြင်း

(၂) မကောင်းသောစကားကို ပြောဆိုခြင်း

(၃) မကောင်းသော အပြုအမူကို ပြုမူခြင်း

အဲဒီ အင်္ဂါလက္ခဏာ သုံးပါးရှိသူကို အမျိုးမြတ်သူပင် ဖြစ်ဖြစ်. ပစ္စည်းကြွယ်ဝချမ်းသာသူပင် ဖြစ်ဖြစ်. ရာထူး ဂုဏ်ထူးကြီးသူပင် ဖြစ်ဖြစ် မည်သူမဆို "လူမိုက်.ဗာလ" လို့ မှတ်သားလိုက်ပါ။

အဲ ... အခုပြောခဲ့တဲ့ အင်္ဂါလက္ခဏာ သုံးပါးရှိသော သူများကား ဒီမျက်မှောက်လောကဌ် -

(၁) ဘေးရန်ကင်းရှင်း အေးချမ်းခြင်း

(၂) ဂုဏ်သတင်း ကျော်စောခြင်း

(၃) အများချစ်ခင် လေးစားခံရခြင်း

(၄) ပရိတ်သတ်၌ ရွှင်ရှိုးကင်းခြင်း

(၅) ရဲရင့်ခြင်း

စသော ကောင်းကျိုးများ မရနိုင်တော့ပါ၊ တလန့်လန့် တထိတ်ထိတ်နှင့်ပင် နေရပါတယ်၊ ယခုဘဝ၌ အမျိုးမြတ်ခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ရာထူးကြီးခြင်းဖြင့် အထက်တန်းသို့ ရောက်နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ နောက်လောကမှာတော့ သုဂတိဘုံဘဝဝယ် ချမ်းသာခြင်းအကျိုးကို မခံစားရတော့ပါဘူး။

အဲဒါကြောင့် "ဒွေ အတ္တေ လုနတ္တိတိ ဗာလာ" အရ မျက်မှောက်ကောင်းကျိုး၊ တမလွန်ကောင်းကျိုး ဆိုတဲ့ ကောင်းကျိုး နှစ်မျိုးတို့ကို ဖြတ်တောက်တတ်သူကို ဗာလလူမိုက်လို့ ခေါ်တယ် မှတ်နော်"

"မှန်ပါဘုရား"

"အေး ... အခုပြောခဲ့တဲ့ မကောင်းကြံ, မကောင်းပြော, မကောင်းပြုအမှတ်အသားရှိသူ လူမိုက်များက ဒီမျက်မှောက် ဘဝဝယ် -

(၁) အပြစ်ဒဏ် ခံရခြင်း

(၂) ဘေးရန် များခြင်း

(၃) ဂုဏ်ကျက်သရေ မဲ့ခြင်း

(၄) လူကဲ့ရဲ့ခံရခြင်း

စသော မကောင်းကျိုး, အကျိုးမဲ့များကိုသာ ရတတ်ပါတယ်၊ တမလွန်ဘဝ နောက်နောက်လောက၌ လူမိုက်တို့ရဲ့သွားရာ လမ်း အပါယ်လေးဘုံ၊ တစ်ဘုံဘုံသို့သာ တန်းရောက်ရပါတော့တယ်။

အဲဒါကြောင့် "ဒွေ အနတ္တေ ဗလတ္တိတိ ဗာလ" အရ မျက်မှောက် တမလွန် အကျိုးမဲ့နှစ်မျိုးကို ရယူတတ်သူကို ဗာလ, လူမိုက်လို့ ခေါ်တယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အဲဒီလိုလူမျိုးမှာ ပညာတွေ မည်မျှလောက်ပင် တတ်သိစေကာမူ ပညာအရ သိထားကောင်း, မကောင်းကို လိုက်နာခြင်း, ရှောင်ကြဉ်ခြင်း မရှိဘဲ တလွဲတချော် ကျင့်နေသူဖြစ်လို့ ပညာဖြင့် အသက်မွေးသူ မဟုတ်ပါ၊ အသက်ရှူရုံမျှဖြင့် အသက်ရှင်နေသူဟုလည်း ဆိုရပြန်ပါတယ်။

အဲဒါကြောင့် "ဗလတ္တိတိ ဗာလာ" အရ ပညာမပါ အသက်ရှူရုံမျှ အသက်ရှင်နေကြရသူတို့ကို ဗာလ,လူမိုက်တို့လို့ ခေါ်တယ်လို့မှတ်နော်"

"မှန်ပါဘုရား"

"ကဲ ... ဒီလောက်ဆိုရင် လူမိုက်သဘောကွဲပြားပြီး ယခု လူလိမ္မာ ပညာရှိလက္ခဏာ အမှတ်အသားကို ပြောရအောင်၊ လူလိမ္မာမှာ လူလိမ္မာလို့ သိနိုင်တဲ့ အမှတ်အသားများက -

(၁) ကောင်းသောအကြံကို ကြံခြင်း

(၂) ကောင်းသောစကားကို ပြောဆိုခြင်း

(၃) ကောင်းသောအလုပ်ကို ပြုလုပ်ခြင်း

အဲဒီ အင်္ဂါလက္ခဏာသုံးပါးဟာ ပညာရှိသူလို့ သိနိုင်ရန် အမှတ်အသားပါပဲ။

အဲဒီ အင်္ဂါလက္ခဏာသုံးပါး ထင်ရှားရှိနေသူမှာကား မျက်မှောက်ကောင်းကျိုး၊ တမလွန်ဘဝ နောက်လောက ကောင်းကျိုး နှစ်မျိုးကို ရနိုင်သည်ဖြစ်ရာ ဘုရားရှင်က ဤမျက်မှောက်ဘဝအကျိုး.တမလွန်ဘဝ နောက်လောကအကျိုး နှစ်မျိုးတို့ကို ရခြင်းကြောင့် "ပဏ္ဍိတလူလိမ္မာ ပညာရှိ" လို့ ခေါ်ရကြောင်း ဟောတော်မူပါတယ်။

စာပေနှင့် အခြားသော အတတ်ပညာ အမျိုးမျိုးတို့ကို တတ်မြောက်သူကို ယခုခေတ်အခေါ်အရ ပဏ္ဍိတ လူလိမ္မာ. ပညာရှိ လို့ ခေါ်ဆိုကြသော်လည်း အဲဒီသူမှာ ကောင်းကြံ့. ကောင်းပြော. ကောင်းမှုသုံးမျိုး မရှိပါရင် ပဏ္ဍိတ. လူလိမ္မာ ပညာရှိလို့ မခေါ်နိုင်ဘူးလို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"လောကအနေနဲ့ စာပေအတတ်ပညာတွေ ထူးခြားစွာ မတတ်သော်လည်း ကောင်း.မကောင်း၊ မှား.မှန် သိနားလည် ၍ သိနားလည်သည့်အတိုင်း ကျင့်ကြံသော လူလိမ္မာ သူတော်ကောင်းကိုသာ "ပဏ္ဍိတလူလိမ္မာ ပညာရှိ" လို့ ခေါ်ပါတယ်။

အကယ်၍ အတတ်ပညာနဲ့လည်း ပြည့်စုံမယ်၊ အကျင့်သိက္ခာလည်း ကောင်းမယ်ဆိုပါရင် အဲဒီသူဟာ "ပဏ္ဍိတ လူလိမ္မာ" အရ အပြည့်ဝဆုံး အနက်သဘောကို ဆောင်လျက်ရှိရာ တကယ့်ကို အားကိုးအားထား မှီခိုထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

အဲဒါကြောင့် ကောင်းကြံ၊ ကောင်းပြော၊ ကောင်းပြု သဘာဝများအရ "ပဏ္ဍန္တီတိ ပဏ္ဍိတာ = မျက်မှောက် တမလွန် အကျိုးနှစ်ပါး၌ ဉာဏ်အသွားဖြင့် သွားတတ် ရောက်တတ်ကုန်သောကြောင့် ပဏ္ဍိတလို့ မည်ကုန်တယ်" လို့ မှတ်ပါ။

ပြီးတော့ "သဉ္ဇာတာ ပဏ္ဍာ ဧတေသန္တိ ပဏ္ဍိတာ" အရ မျက်မှောက် တမလွန် အကျိုးနှစ်ပါး သိနားလည်သော ဉာဏ် အစဉ် ရှိနေသူဖြစ်ရာ ကောင်းစွာဉာဏ်ရှိသူကို ပဏ္ဍိတ လူလိမ္မာ ပညာရှိလို့ ခေါ်တယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"ကဲ . . . ပြီးပြီပေါ့၊ လူမိုက်နဲ့ လူလိမ္မာ ကွဲပြားသွားပြီပဲ"

"မှန်ပါဘုရား၊ ကျေးဇူးကြီးမားလှပါတယ်ဘုရား၊ အဲဒီလို လူမိုက်နဲ့ ပညာရှိနဲ့ ပတ်သက်ပြီး မှတ်သင့်မှတ်ထိုက်တဲ့ သဘောအနည်းငယ်လောက် အမိန့်ရှိပါဦးဘုရား"

"အမယ်လေး . . . လာလာသေးတော့တယ်၊ မေးတာ ပြေလည်တော့လည်း နောက်တစ်မျိုးတဲ့"

"သည်းခံပါဘုရား၊ အချိန်ရရင် အမိန့်ရှိပါဘုရား"

"ကဲ . . . ကဲ . . . နားထောင်၊ လောက၌ ဘေးအန္တရာယ်များဟာ လူမိုက်ကြောင့်သာ ဖြစ်ရတယ်၊ ပညာရှိကြောင့် ဖြစ်ရတဲ့ဘေးရန်လို့မရှိဘူးလို့ ဘုရားရှင် ဟောတော်မူပါတယ်။ အဲဒါကြောင့် အများတကာ ဆင်းရဲရေး ဘေးအန္တရာယ်ကို ဖန်တီးတတ်သူ လူမိုက်ဟာ အလွန်တရာ ကြောက်မက်ဖွယ်ရာ ပုဂ္ဂိုလ်ဖြစ်၍ ရှောင်ရမည့်သူလို့ မှတ်ပါ။

အများ ချမ်းသာကောင်းစားရေးကိုသာ ပြုတတ်တဲ့ ပညာရှိ သူတော်ကောင်းများဟာ ချစ်မြတ်နိုးဖွယ်ရာ ပုဂ္ဂိုလ်များ ဖြစ်၍ ပေါင်းသင်းရမယ့်လူလို့ မှတ်ပါ။

ပတ္တမြားလည်ဆွဲ ဆင်ထားသော မြွေသည် အန္တရာယ်မပြုတတ်ဘဲ မရှိ၊ ပြုတတ်သည်သာ ဖြစ်သလို ပညာဖြင့် တန်ဆာဆင်ထားစေကာမူ အန္တရာယ်ပြုတတ်သူသာ ဖြစ်၍ လူမိုက်ကို အဝေးကပင် ရှောင်ရမည်လို့ မှတ်ပါ။

မီးလောင်သောအိမ်၌ မီးသည် အိမ်ကိုလည်းကောင်း၊ အိမ်၌ မှီနေသူ လူအများကိုလည်းကောင်း လောင်တတ်သကဲ့သို့ ဟာလဓါတ်တဲ့ လူမိုက်သည်လည်း မိမိရဲ့အယူမှား အပြုအပြော အကြံမှားတို့ဖြင့် မိမိကိုလည်း ဖျက်ဆီးပြီး မိမိစကားကို လိုက်နာသူတို့ကိုလည်း ပျက်စီးဆုံးရှုံးစေတတ်ပါတယ်၊ အဲဒါကြောင့် လူမိုက်ကို ရှောင်ရမယ်လို့ မှတ်ပါ။

ဘေးအန္တရာယ်ဖြစ်လာတဲ့အခါ အကာအကွယ် အစောင့်အရှောက်ကောင်းကဲ့သို့ လည်းကောင်း၊ အမိုက်မှောင်၌ အမြင်ကို ရစေတတ်သော ဆီမီးကဲ့သို့ လည်းကောင်း၊ မှန်ကန်သင့်မြတ်သော အပြုအမူ. အသူအဆရှိသူ. လူလိမ္မာ ပညာရှိများကား မိမိကိုယ်ကိုလည်းကောင်း. မိမိကိုယ်ကို မှီခိုကိုးစားအားထားနေသူများကိုလည်းကောင်း ဘေးရန်အန္တရာယ် ကင်းဝေးစေတတ်သောကြောင့် ပေါင်းသင်းထိုက်တဲ့သူလို့ မှတ်ပါ။

အဲဒါကြောင့် ဘုရားရှင်က မိမိထက် သာသောသူနှင့် မိမိနှင့် တန်းတူသူကို မရနိုင်လျှင် တစ်ယောက်တည်းသာ ကျင့်ရမည်၊ ဘာ့ကြောင့်နည်းဆိုသော် လူမိုက်၌ အပေါင်းအဖော်ဖြစ်ကြောင်း ကောင်းသောဂုဏ်ရည်များ မရှိသောကြောင့်လို့ ဟောပါတယ်။

"မှန်ပါ၊ ကျေးဇူးကြီးလှပါတယ်ဘုရား"

✦ လူမိုက်ဆိုက. အဝေးမှ. ရှောင်ကြ ရှားကြပါ။

✦ ပညာရှိသူ. လိမ္မာသူ. ရှာယူပေါင်းကြပါ။

✦ လူမိုက်ပေါင်းက. ဘေးဘယ. များလှလေတော့တာ။

✦ ဘေးကင်းလိုလား. ပညာရှိများ. ပေါင်းငြားမြဲမြဲသာ။

# ပုန်းမကြည်ရှင်မ,ဆိုတာ ရှိပါသလားဘုရား

## (၂၅၀)

ယနေ့ခေတ်သည် အရမ်းယုံသော ခေတ်မဟုတ်၊ ဝေဖန်ရေးခေတ် ဆိုသော်လည်း မဝေဖန်သင့်သည်၌ အရမ်းဝေဖန်နေပြီး ဝေဖန်သင့်သည်၌ မဝေဖန်ဘဲ အရမ်းယုံကြည်လက်ခံနေကြသည်။

ဝေဖန်သင့်သည်၌ ဝေဖန်သောအခါ ဝေဖန်သူကိုပင် အကန်းယုံ အရမ်းယုံသူများက မျက်စောင်းထိုးချင်ကြသည်၊ အပြစ်တင်ချင်ကြသည်။

အကန်း အရမ်းမယုံသူ လေ့လာစိစစ်သူများကလည်း လေ့လာစိစစ်ကြသည်။ မိမိထံသို့ ယင်းသို့ လေ့လာစိစစ်သူများ ရောက်လာလေ့ရှိသည်။

စခန်းတစ်ခု၌ တရားပြခိုက် အမေးရှင်တစ်ယောက် ရောက်လာသည်။ သူကား လူလတ်ပိုင်းဖြစ်၏။ ရိုသေစွာ ရှိခိုးဦးချပြီး မေးလျှောက်၏။

"အရှင်ဘုရား . . . ပုန်းမကြည်ရှင်မ ဆိုတာ ရှိပါသလားဘုရား"

"ဘယ်ဟာလဲ၊ ဟို . . . လယ်သမား,ယာသမားများ အထူးယုံကြည် တင်မြှောက်ပသနေကြတဲ့ ပုန်းမကြည် ရှင်မကို မေးတာလား"

"မှန်ပါဘုရား"

"လူတွေဟာ အတော်ခက်ပါတယ်၊ အဲဒါ ဘီလူးမပါ၊ အဲဒီဘီလူးမက ဆိတ်ငြိမ်သောနေရာမှာ ပုန်းအောင်းနေရမှ ကြည်လင်ခြင်းကြောင့် ပုန်းမ,ကြည်လို့ မူလအမည် တွင်ပါတယ်၊ အဲဒါ ကာလရွေ့လျား ကာလကြာလာတော့ ပုန်းမကြည်လို့ အမည်တွင်လာပါတယ်။

တချို့ကလည်း "ပုန်းမကျီ" လို့ ခေါ်ကြပါတယ်၊ တချို့ကလည်း "ပုပ္ပကြည်" လို့ ခေါ်ကြပါတယ်၊ အဲဒီအခေါ်တွေကတော့ နှုတ်အလိုက် ရမ်းခေါ်ကြတာပါ၊ အဓိပ္ပာယ်ကောက်လို့ မရပါဘူး"

အချို့ကလည်း "ပုဏ္ဏကြည်" လို့ ခေါ်ကြပါတယ်၊ စပါးကျီများကို ပြည့်စုံအောင် ဆောင်ရွက်ပေးသော နတ်သမီးလို့ ဆိုလိုပါတယ်၊ အဲဒီအဓိပ္ပာယ်ဆိုရင် "ပုဏ္ဏကြည်" မဟုတ်ပါ၊ "ပုဏ္ဏကျီ" သာ ဖြစ်ရပါမယ်၊

အဲဒီနတ်သမီးကို လယ်သမားများ တင်လေ့တင်ထ ရှိပါတယ်။

"အရှင်ဘုရား လယ်သမားများ ဘယ်လိုတင်ကြပါသလဲဘုရား"

"ကောက်လှိုင်းကြီးကို မိန်းမဝတ်စုံ ဆင်ယင်ထားပြီး ကောက်ညှင်းပေါင်း, အုန်း, ငှက်ပျော, ကန်တော့ပွဲ အစုံအလင်၊ မုန့်ဖြူ၊ မုန့်နီ၊ ကျောက်ပြင်၊ သနပ်ခါး၊ မှန်များကိုပါ လှည်းဦးမှာတင်ပြီး ကလေး, လူငယ်, လူရွယ်, ကာလသားများ အတိုင်အဖောက် သံချပ်ထိုး, လက်ခုပ်လက်ဝါးတီးကာ တလင်းထဲရှိ စပါးပုံကို လှည့်ပတ်ကြတယ်။

အချို့သော အရပ်ဒေသတို့တွင် အိုးစည်များပါ တီးပြီး ပျော်ရွှင်စွာ ကကြ ခုန်ကြတယ်၊ လှည့်ပတ်ကြတယ်။ အဲဒီလို တီးမှုတ်ကခုန် ပူဇော်ရင် စပါးပိုပြီး ထွက်တယ်လို့ ယုံကြည်ကြတယ်။

အချို့သော အရပ်ဒေသမှာ ကောက်မစိုက်ခင် ပူဇော်ကြတယ်၊ အချို့သော အရပ်ဒေသမှာတော့ ကောက်စိုက်မယ့်နေ့မှာ ပူဇော်ကြတယ်၊ အချို့သောအရပ်ဒေသမှာ တပေါင်းလဆန်း၌ ပူဇော်ကြတယ်၊ အဲဒီလို အချိန်ကာလ မတူကြသလို ပူဇော်ပသပုံလည်း မတူကြပါ"

"အရှင်ဘုရား . . . အဲဒီ ပုန်းမကြည် ရှင်မဆိုတာ ရှိတယ်လို့ ဆိုလိုပါသလားဘုရား၊ ရှိတယ်ဆိုရင် ရှင်းပြပါဘုရား"

"ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်မှာ အမေရယ်, သားရယ် မိသားစုနှစ်ယောက်ရှိတယ်၊ အမေက သားကို မိန်းမ ယူစေချင်တယ်၊ သားက မယူချင်ဘူး၊ အမေက အတင်းယူဖို့ရာ တိုက်တွန်းတော့ သူချစ်တဲ့ သတို့သမီးကို ယူလိုက်တယ်၊ အဲဒီ သတို့သမီးကို ယူတော့ သားသမီး မရဘူး၊ ဒီတော့ သူ့မိခင်က သူ့သားကို -

"ချစ်သား . . . သင်သည် မိမိနှစ်သက်သော သတို့သမီးကို ရာယူတယ်၊ သင့်ဇနီးမှာ သားသမီးမရဘဲ မြုံနေ တယ်၊ အမျိုးမဆက်နိုင်ဘူး၊ ဒါကြောင့် နောက်ထပ် အမျိုးသမီးတစ်ယောက် ဆောင်ပါအုံး"

လို့ ပြောတယ်၊ သားကလည်း အတန်တန် တားတယ်၊ သားအမိနှစ်ယောက်တို့ရဲ့စကားကို ကြားတဲ့ မိန်းမမြုံက -

"သားတို့မည်သည်ကား မိဘတို့ရဲ့စကားကို မလွန်ဆန်နိုင်ကုန်၊ ငါမှတစ်ပါး သားသမီးမွေးဖွားသော မိန်းမ ကို ဆောင်ယူ၍ ငါ့ကို ကျွန်မအဖြစ် သဘောထားအုံး၊ သတို့သမီးတစ်ယောက်ကို ငါကိုယ်တိုင် ရာပေးစားမယ်"

လို့ ကြံစည်ပြီး ရာပေးစားတယ်၊ ပေးစားပြီးနောက် အဲဒီမိန်းမမြုံက အကြံဖြစ်ပြန်တယ်။

"ဒီမိန်းမငယ်သည် သားသမီးရလျှင် သူသာလျှင် ဒီအိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာတို့ရဲ့ အရှင်သခင် ဖြစ်လိမ့် မယ်၊ ဒီမိန်းမငယ် သားသမီးမရအောင် ပြုအုံး"

လို့ ကြံပြီး မိန်းမငယ်ကိုယ်ဝန်တည်တဲ့အခါ အစာအာဟာရနဲ့ ရောနှောပြီး ကိုယ်ဝန်ပျက်ဆေး ကျွေးလိုက်ပါတယ်၊ ဒုတိယ အကြိမ် ကိုယ်ဝန်တည်တော့လည်း ကိုယ်ဝန်ပျက်ဆေးကျွေးပြီး ဖျက်ဆီးပစ်လိုက်ပါတယ်။ တတိယအကြိမ် ကိုယ်ဝန်ပျက် ဆေး ကျွေးတဲ့အခါမှာ ကိုယ်ဝန်က ရင့်နေခြင်းကြောင့် မလျောကျ မပျက်စီးဘဲ တွေဝေမိန်းမောကာ ပြင်းထန်သော ဒုက္ခဝေဒနာ ခံစားနေရစဉ် -

"သင်သည် ငါ့ကို ဆောင်ယူပြီးကာလ သင်သည်ပင် သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ကို ဖျက်ဆီးပစ်တယ်၊ ယခု အခါ ငါ့ကိုပါ ဖျက်ဆီးပစ်တယ်၊ ငါသည် ဒီဘဝမှာ သေသည်ရှိသော် ဘီလူးဖြစ်၍ သင့်ရဲ့သားသမီးတို့ကို စားနိုင်သည့် ကိုယ် ဖြစ်ရပါလို၏"

လို့ ဆုတောင်းလိုက်တယ်။

မကောင်းတဲ့ဆုတောင်းဟာ ပြည့်တတ်တဲ့အတိုင်း ဘီလူးမတော့ မဖြစ်ဘဲ ဒီအိမ်မှာ ကြောင်မ.လာဖြစ်တယ်၊ အမြုံမ ကို ယောက်ျားက ဒီအကြောင်းသိလို့ ရိုက်တဲ့ဒဏ်ရာကြောင့် သေပြီး ဒီအိမ်မှာ ကြက်မ.လာဖြစ်ပါတယ်။

အချိန်ကျတော့ ကြက်မက ကြက်ဥတွေ ဥတယ်၊ ကြောင်မက လာစားတယ်၊ နှစ်ကြိမ်မြောက်ဥလည်း လာစားတယ်၊ သုံးကြိမ်မြောက် လာစားတဲ့အခါ -

"ငါ့ဥတို့ကို စားပြီး၍ ယခုအခါ ငါ့ကိုပါ စားလို၏၊ ငါသည် ဒီဘဝမှာ သေရသည်ရှိသော် ဒီကြောင်မကို စားခြင်းငှာ စွမ်းနိုင်သည့်ကိုယ် ဖြစ်ရပါလို၏"

လို့ ဆုတောင်းပြီး သေတဲ့အခါ ကျားသစ်မ ဖြစ်ပါတယ်၊ ကြောင်မ သေတဲ့အခါ သမင်မ ဖြစ်ပါတယ်၊ သမင်မ သားဖွားတဲ့အခါ ကျားသစ်မက လာစားပါတယ်၊ သုံးကြိမ်မြောက် စားတဲ့အခါ -

"ဒီကျားသစ်မသည် သုံးကြိမ်မြောက်အောင် ငါရဲ့သားငယ်တို့ကို စားပြီး ယခုအခါ ငါ့ကိုလည်း စားလိမ့်မည်၊ ငါသည် ဒီဘဝမှ သေရသည်ရှိသော် ဒီကျားသစ်မကို သားနှင့်တကွ စားရပါလို၏"

လို့ သမင်မက ဆုတောင်းပြီး သေတဲ့အခါ ဘီလူးမ ဖြစ်ပါတယ်၊ ကျားသစ်မ သေတဲ့အခါ သာဝတ္ထိပြည်မှာ အမျိုးသမီး ဖြစ်လာပါတယ်။

အမျိုးသမီး အိမ်ထောင်ကျ၍ သားဖွားတဲ့အခါ ဘီလူးမသည် အမျိုးသမီး၏ အဆွေခင်ပွန်းအသွင် ဖန်တီးပြီးလျှင် လာစားလေ၏။ သုံးကြိမ်မြောက် ကိုယ်ဝန်တည်တဲ့အခါ -

"အရှင့်သား ဒီအရပ်ဌာန ဒီဒေသ၌ ဘီလူးမတစ်ယောက်သည် ကျွန်မရဲ့သားငယ်နှစ်ယောက်တို့ကို လာစားလေ၏၊ ယခု ဖွားမြင်လတ္တံ့သော သားငယ်ကိုမူကား အမျိုးတို့အိမ်သို့ သွား၍ ဖွားမြင်ပါအံ့"

လို့ မိမိယောကျ်ားအား တိုင်ပင်ပြီး အမျိုးတို့အိမ်သို့ သွားပြီး သားဖွားပါတယ်၊ အဲဒီအချိန်မှာ ဘီလူးမက ဝေဿဝဏ် နတ်မင်းကြီးအား ရေခပ်ဖို့ အလှည့်ကြုံ၍ အနောတတ္တအိုင်မှ ရေခပ်ပို့နေရပါတယ်။

ရေခပ်လှည့် ပြီးတဲ့အခါ အမျိုးသမီးကို ရှာပြီးတော့ လိုက်လာပါတယ်၊ အမျိုးသမီးကလည်း ဘီလူးမဘေးမှ လွတ်ပြီဟု ဝမ်းသာစွာနှင့် သားငယ်ကို ရေချိုးစေ၍ အမည်မှည့်ပြီး နေအိမ်သို့ပြန်လာတဲ့အခါ ဇေတဝန်ကျောင်းအနီး ရေကန်မှ ရေချိုးပြီး သားငယ်ကို နို့တိုက်နေစဉ် ဘီလူးမ ရောက်လာပါသည်။

အမျိုးသမီးက မှတ်မိတော့ လင်ယောကျ်ားကို လှမ်းခေါ်ရာ မရ၍ သားငယ်ကို ချီပြီး ဇေတဝန်ကျောင်းထဲ ဝင်ပြေးရာ ပရိသတ်အများအား တရားဟောနေတဲ့ ဘုရားရှင်ရဲ့ခြေတော်ရင်း၌ သားငယ်ကိုချထားပြီး -

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့အား ဒီသူငယ်ကို လှူဒါန်းပါတယ်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်မ၏ သားငယ်အား အသက်ကို ကယ်မပေးသနားတော်မူပါဘုရား"

လို့ လျှောက်ထားပါတယ်၊ ဘီလူးမက နောက်ကလိုက်လာတာ ကျောင်းစောင့်နတ်က ဝင်ခွင့်မပေးလို့ မဝင်ရပါ၊ ဘုရားရှင်က အခေါ်ခိုင်းပြီး ရောက်လာတဲ့အခါ -

"အဘယ်ကြောင့် ဒီလိုအမှုမျိုးကို ပြုမူရသနည်း၊ သင်တို့သည် ငါကဲ့သို့သော ဘုရားရှင်မျက်မှောက်သို့ အကယ်၍မရောက်ခဲ့သည်ဖြစ်အံ့၊ မြွေနှင့် မြွေပါတို့ကဲ့သို့လည်းကောင်း၊ ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့ကဲ့သို့လည်း ကောင်း၊ ကျီးငှက်နှင့် ခင်ပုပ်ငှက်တို့ကဲ့သို့လည်းကောင်း သင်တို့အား ကမ္ဘာပတ်လုံး မဆုံးမချင်း ရန်ငြိုးဖွဲ့ ခြင်းတို့ ဖြစ်ကုန်ရာ၏။

အဘယ်ကြောင့် ခိုက်ရန်ကို ရန်တုံ့မူခြင်း ပြုကြကုန်ဘိသနည်း၊ ရန်တုံ့မမူဖြင့်သာလျှင် ခိုက်ရန်တို့ ငြိမ်း ပျောက်ကုန်၏၊ ရန်တုံ့မူသဖြင့် ခိုက်ရန်တို့ မငြိမ်းမပျောက်နိုင်သည်သာလျှင်တည်း"

လို့ မိန့်တော်မူပြီးလျှင် -

"ဤလောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တစ်ရံတစ်ဆစ်မျှ မငြိမ်းပျောက်ကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ငြိမ်းပျောက်ကုန်၏၊ ဤသို့ ရန်ကို ရန်တုံ့မမူသဖြင့် ငြိမ်းခြင်းသည် ရှေးရှေး၌ဖြစ်သော သဘောတံထွာဓမ္မတာတည်း"

ဆိုတဲ့ တရားတော်ကို ဟောတော်မူခဲ့ရာ အဆုံး၌ ဘီလူးမ သောတာပန် တည်ပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က ကလေးငယ်ကို ဘီလူးမလက်ထဲ ထည့်ခိုင်းပါတယ်။ အမျိုးသမီးက ထည့်လိုက်တဲ့အခါ ကလေးငယ်ကို ပွေ့ချီနမ်းရှုံ့ပြီး အမျိုးသမီးအား ပြန်ပေးပါတယ်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုကြွေးပါတယ်။ အကြောင်းကို ဘုရားရှင်က မေးတဲ့အခါ -

"မြတ်စွာဘုရား တပည့်တော်မသည် ရှေးအခါ ကြံ့သလို အသက်မွေးပါသော်လည်း ဝမ်းပြည့်ရုံမျှကိုသော်လည်း မရပါ၊ ယခုအခါမူ အဘယ်ကဲ့သို့ အသက်မွေးရပါအံ့နည်း"

လို့ လျှောက်တဲ့အခါ ဘုရားရှင်က "သင် မစိုးရိမ်လင့်" လို့ အမိန့်ရှိပြီး အမျိုးသမီးကို -

"သင်သည် ဒီဘီလူးမကို ခေါ်သွားပြီး သင့်လျော်တဲ့နေရာ၌ နေစေပြီးလျှင် ယာဂုဦး. ထမင်းဦး စသည်တို့ကို ပေးလျက် လုပ်ကျွေးပါလေလော့"

လို့ မိန့်တော်မူတဲ့အခါ အမျိုးသမီးသည် ဘီလူးမကို ခေါ်သွားပြီး "ခေါင်လျှောက်" ရဲ့အထက်၌ထားပြီး ယာဂုဦး၊ ထမင်းဦးတို့ဖြင့် လုပ်ကျွေးပါတယ်။

အဲဒီခေါင်လျှောက်၌ ကျည်ပွေ့ဖြင့် ဦးထိပ်ကို ပုတ်ခတ်သကဲ့သို့ဖြစ်၍ စပါးထောင်းရာ တင်းကုပ်၌ ထားလေ၏။ စပါးထောင်းတဲ့အခါ ကျည်ပွေ့ ဖြင့် ဦးထိပ်ကို ခွဲဘိသကဲ့သို့ ထင်၍ ရေအိုးစရည်း၌ ထားလေ၏။ သူငယ်တို့ လုပ်ဆေးရေထွေး၍ စားဖို၌ ထားလေ၏။ ခွေးတို့ အိပ်လေ၍ တံစက်မြိတ်၌ ထားလေ၏။ သူငယ်တို့ မစင်စွန့်၍ တံမြက်ချေးစွန့်ရာ၌ ထားလေ၏။ အမှိုက်တို့ကို စွန့်လေ၍ ရွာတံခါး၌ ထားလေ၏။ ရွာသားသူငယ်တို့ ကျည်းသား.ရိုက်ကစား၍ ရွာရဲ့အပဖြစ်တဲ့ ဆိတ်ငြိမ်ရာ အရပ်၌ထားပြီး ယာဂုဦး. ထမင်းဦးတို့ဖြင့် လုပ်ကျွေးလေ၏။ အဲဒီအခါ -

"ငါ့ရဲ့ မိတ်ဆွေမသည် ငါ့အား ကျေးဇူးအထူးသဖြင့် များပါပေတယ်၊ ငါသည် သူ၏ ကျေးဇူးတို့ကို တစ်ဖန်ပြန်၍ပြုဦးအံ့"

ဟု ဘီလူးမက ကြံစည်ပြီး -

"ဒီနှစ် မိုးကောင်းမည်၊ ကုန်းလယ်လုပ်ပါ၊ ဒီနှစ် မိုးညံ့မည်၊ အနိမ့်ပိုင်းမှာ လယ်လုပ်ပါ"

လို့ ပြောပေးသဖြင့် အခြားသူများ လယ်ပျက်စီးသော်လည်း အမျိုးသမီးလယ်မှာ နှစ်တိုင်းကောင်းလေ၏။ ပျက်စီးသူများက အမျိုးသမီးကို မပျက်စီးကြောင်း မေးတဲ့အခါ အမျိုးသမီးက -

"အကျွန်ုပ်သည် မိတ်ဆွေဖြစ်သည့် ဘီလူးမကို ယာဂုဦး. ထမင်းဦး ပေးသလို အသင်တို့လည်း ပေးပါ၊ အသင်တို့ကိုလည်း ကြည့်ရှုပြောပါလိမ့်မယ်"

လို့ ပြောလိုက်တယ်။

အဲဒီအခါမှ စပြီး လယ်သမားအားလုံးတို့ဟာ ဘီလူးမအား ယာဂုဦး. ထမင်းဦး ပေးကြပါတယ်၊ ဘီလူးမလည်း လယ်သမား အားလုံးတို့ကို ပြောပေးသဖြင့် စီးပွားဖြစ်ကြပါတယ်။

အဲ ...အဲဒါ ဟိုနေရာမှာ မနေနိုင်. ဒီနေရာမှာ မနေနိုင်နဲ့ နောက်ဆုံး ပုန်းမှကြည်လို့ ပုန်းမကြည် ရှင်မအကြောင်းပဲ၊ မူလပေးတာက ယာဂုဦး. ထမင်းဦး ပါ၊ သူ့ကို လယ်သမားများက မ.လို့ သူကပြန်ပြီး မ.တာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"လူ မလုံ့လ နတ်မ.မဘူး၊ လူလည်းလုံ့လ နတ်လည်းမ.၏ ဆိုတာကို သတိထားပါနော်"

"မှန်ပါဘုရား"

✦ နတ်ဟုဆိုက ထင်ကြီးကြ. ကိုးကြ ကွယ်ကြသည်။

✦ ကောင်းဆိုနှစ်ဖြာ. သေသေချာ. ရေရာမသိပြီ။

✦ သူများကိုးကွယ်. ကိုယ်ကိုးကွယ်. အလွယ်ပြုကြသည်။

✦ ကိုးကွယ်လွယ်လည်း . ဖျက်ဖို့ခဲ. ကြောက်လည်း ကြောက်ကြသည်။

✦ လူနှင့်နတ်မှာ. လူကသာ. ဦးစွာမ.ရသည်။

✦ ကုသိုလ်ပြုကာ. မျှဝေပါ. ထိုခါ နတ်မမည်။

✦ အမျှဝေတော. နတ်တို့ဟာ. သေချာကြိုက်ကြသည်။

# အရှင်ဘုရား ဒိဋ္ဌိ (၆၂)ပါး ရှင်းပြပေးပါဘုရား

(၂၅၁)

ဗုဒ္ဓသာသနာဝင်တို့သည် မိမိတို့ကို အခြားသူ တစ်ယောက်ယောက်က "မင်းဟာ ဒိဋ္ဌိပဲ"ဟု ပြောလေလျှင် အလွန် အမင်းခံပြင်းလှသည်။ ဖြစ်နိုင်လျှင် ထပြီး ရိုက်သတ်ချင်သည်အထိ ဖြစ်သည်။

ယင်းသို့ ခံပြင်းသော်လည်း ဒိဋ္ဌိအကြောင်းကို သေသေချာချာ သိ၍လော ဟုမေးသော် မသိပါ။ ဒိဋ္ဌိအပြစ်ဟာ အင်မတန်ကြီးကြောင်း, ဒိဋ္ဌိဖြစ်လျှင် အကျိုးနည်းကြောင်း, ဒိဋ္ဌိဖြစ်နေလျှင် သာသနာနှင့် တွေ့ရကျိုး မနပ်ကြောင်း, လူဖြစ်ရှုံးကြောင်း,စသည်ဖြင့် ကြားဖူးထားသည့်အတွက် ဒိဋ္ဌိအဖြစ်မခံနိုင် ဒိဋ္ဌိအဆိုမခံနိုင်ခြင်း ဖြစ်ပါသည်။

ဒိဋ္ဌိအဆိုသာ မခံနိုင်, ဒိဋ္ဌိအဖြစ်သာ မခံနိုင်သော်လည်း ဒိဋ္ဌိဖြစ်နေသူများသည် အများအပြား ရှိ၏။ သို့ဖြစ်၍ ထိုဒိဋ္ဌိ အကြောင်းကို လူတိုင်းသိသင့်၏။ လူမျိုးတိုင်း ဘာသာဝင် အားလုံးတိုင်း သိသင့်၏။ သိသင့်သော်လည်း သိရန်ကြိုးစားသူ ကားနည်းပါးလှ၏။ နည်းပါးသူထဲမှ တစ်ယောက်က မေးလျှောက်၏။

"အရှင်ဘုရား ဒိဋ္ဌိအပြား (၆၂)ပါး ရှိတယ်လို့ ခဏခဏ ကြားဖူးနေပါတယ်ဘုရား၊ ဘာတွေလဲလို့ သရုပ်သကန်ကို မသိပါဘုရား၊ တပည့်တော် သိချင်ပါတယ်ဘုရား၊ အရှင်ဘုရား ဒိဋ္ဌိ (၆၂)ပါး ရှင်းပြပေးပါဘုရား"

"အင်း...ဒိဋ္ဌိ (၆၂)ပါးဆိုတာ ရှေ့အဖို့သို့ အစဥ်လိုက်တဲ့ ပုဗ္ဗန္တာနု ဒိဋ္ဌိက (၁၈)ပါး၊ နောက်အဖို့သို့ အစဥ်လိုက်တဲ့ အပရန္တာနု ဒိဋ္ဌိက (၄၄)ပါး အားဖြင့် (၆၂)ပါးပေါ့"

"ဟင်...အရှင်ဘုရားဥစ္စာကလည်း တိုလွန်းအားကြီးပါတယ်ဘုရား၊ အကျယ်ရှင်းပြပါဘုရား"

"ကဲ...ကဲ...ရှင်းပြမယ်၊ သေသေချာချာ မှတ်ထားပါ၊ ခုနကပြောခဲ့တဲ့ ဒိဋ္ဌိမျိုးမှ ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)ပါးဆိုတာ -

| | | |
|---|---|---|
| (၁) | သဿတဒိဋ္ဌိက | ၄-ပါး |
| (၂) | ဧကစ္စသဿတဒိဋ္ဌိက | ၄-ပါး |
| (၃) | အန္တာနန္တိကဒိဋ္ဌိက | ၄-ပါး |
| (၄) | အမရာဝိက္ခေပဒိဋ္ဌိက | ၄-ပါး |

(၅) အဓိစ္စသမုပ္ပန္နဒိဋ္ဌိက ၂-ပါး

အားဖြင့် (၁၈)ပါး ရှိတယ်ပေါ့။ အပရန္တာနု ဒိဋ္ဌိ (၄၄)ပါး ဆိုတာ -

(၁) ဥဒ္ဓမာဃာတနိက သညီဝါဒက ၁၆-ပါး

(၂) အသညီဝါဒက ၈-ပါး

(၃) နေဝသညီ နာသညီဝါဒက ၈-ပါး

(၄) ဥစ္ဆေဒဝါဒက ၇-ပါး

(၅) ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒက ၅-ပါး

အားဖြင့် (၄၄)ပါး၊ (၁၈ + ၄၄)ဆိုတော့ (၆၂)ပါးပေါ့။

"ကဲ ... ကျေနပ်ပြီလား"

"အရှင်ဘုရား မကျေနပ်သေးပါဘုရား၊ ထပ်ချဲ့ပြီး ရှင်းပြပါဦးဘုရား၊ ကျဉ်းပါသေးတယ်ဘုရား"

"ကဲ ... ကဲ ... မှတ်ထားပါ၊ ခန္ဓာငါးပါးကို အတ္တဟူ၍လည်းကောင်း, လောကဟူ၍လည်းကောင်း အမှားယူပြီး အမြဲတည်တယ်၊ သတ္တဝါတွေဟာ တစ်ဘဝမှသည် တစ်ဘဝသို့ ရွှေ့ကြတယ်၊ ပြောင်းကြတယ်လို့ ယူတဲ့အယူဟာ သဿတဒိဋ္ဌိအယူပါပဲ၊ အဲဒီ "သဿတဒိဋ္ဌိက (၄)ပါး ပြားပါတယ်၊

အဲဒီ (၄)ပါးက ဘာတွေလဲဆိုတော့ -

(၁) ဘဝတစ်သိန်းမျှသာမြင်သောအဘိညာဏ်လာဘီတိတ္ထိတွေဟာမိမိမြင်တိုင်းခန္ဓာကိုယ်ဟာမြဲတယ်လို့ယူဆတယ်။

(၂) ဆယ်ကမ္ဘာတိုင်အောင် မြင်တဲ့ တိတ္ထိသည် မိမိမြင်တိုင်းသာ ခန္ဓာကိုယ်ဟာ မြဲတယ်လို့ ယူဆတယ်။

(၃) ကမ္ဘာ (၄၀)တိုင်အောင် မြင်တဲ့ တိတ္ထိသည် မိမိမြင်တိုင်းသာ မြဲကယ်လိုပ ယူပါတယ်။

(၄) လုံတံ၊ တောင်ဝှေးဖြင့် ရေကိုစုံစမ်း၍ သက်ဆင်းသကဲ့သို့ ဆင်ခြင်တွေးဆ၍ မိစ္ဆာအယူကို ယူကုန်သော အနုဿုတိသိတက္ကီ,ဇာတိဿရတက္ကီ,ဈာနအဘိညာလာဘီတက္ကီ,သုဒ္ဓတက္ကီတို့၏တွေးဆ၍ယူတဲ့အယူရယ်" လို့သဿတဒိဋ္ဌိ (၄)ပါး ရှိပါတယ်။ အချို့သော သတ္တဝါ သခါရတွေဟာ မြဲတယ်၊ အချို့သော သတ္တဝါသခါရတွေဟာ မမြဲဘူးလို့ ယူတဲ့အယူကိုယူတဲ့ "ဧကစ္စသဿတဒိဋ္ဌိ က (၄)ပါး"ဖြစ်ပါတယ်။

အဲဒီလေးပါးက ဘာတွေလဲဆိုတော့ -

(၅) ကမ္ဘာပျက်သည်ရှိသော် သတ္တဝါတွေဟာ များသောအားဖြင့် အာဘဿရပြဟ္မာ့ဘုံ၌ ဖြစ်ကြပါတယ်၊ အဲဒီပြဟ္မာတွေဟာ ကမ္ဘာတည်ပြန်သော် အောက်ဘုံ၌ ရှေးဦးစွာဖြစ်လာတဲ့ ပြဟ္မာဟာ တစ်ယောက်တည်း ငြီးငွေ့သည်ဖြစ်၍ "ငါနှင့်အတူအဖော်တစ်ယောက် ဖြစ်လာစေချင်တယ်" လို့ တောင့်တတဲ့အခါ ပြဟ္မာတစ်ယောက် ဖြစ်လာပါတယ်။

နောက်မှဖြစ်လာတဲ့ ပြဟ္မာဟာ အဲဒီဘုံက စုတေခဲ့၍ လူ့ဘုံမှာ ဖြစ်ပါတယ်၊ လူ့ဘုံမှာ ဈာန်ရအောင် အားထုတ်လို့ ဈာန်ရတဲ့အခါ ဆင်ခြင်လိုက်သော် မိမိရဲ့အမြဲမတည်ခြင်း,ဟိုပြဟ္မာကြီးရဲ့တည်ရစ်ခြင်းကို မြင်ပြီး "အချို့ကား မမြဲ၊ အချို့ကား မြဲတယ်လို့ အယူမှားပါတယ်၊

(၆) မြူးတူးခြင်းလွန်၍စုတေတဲ့ ခိဍ္ဍာပဒေါသိကနတ်တို့လူ့ဘုံ၌ဖြစ်၍ဈာန်အဘိညာဉ်ရ၍ဆင်ခြင်သော် မိမိအမြဲမတည်ခြင်း၊ အဖော်ဖြစ်တဲ့ နတ်တို့ရဲ့အမြဲတည်ရစ်ခြင်းကို မြင်ပြီး "အချို့ကား မမြဲ၊ အချို့ကား မြဲတယ်" လို့ အယူမှားပါတယ်။

(၇) အချင်းချင်းအမျက်ထွက်၍ စုတေတဲ့ မနောပဒေါသိက နတ်တို့ လူ့ဘုံ၌ဖြစ်၍ ရှာန်အဘိညာဉ်ရ၍ ဆင်ခြင်သော် **မိမိ၏** အမြဲမတည်ခြင်း၊ အဖော်ဖြစ်တဲ့ နတ်တို့ရဲ့ အမြဲတည်ခြင်းကို မြင်ရ၍ "အချို့ကား မမြဲ၊ အချို့ကား မြဲတယ်" လို့ အယူမှားပြန်တယ်။

(၈) ရုပ်နာမ်တရားကို ဆင်ခြင်တဲ့ ရဟန်းပုဏ္ဏားတွေဟာ ရုပ်ရဲ့ပျက်ခြင်းကိုသာ မြင်ပြီး စိတ်စေတသိက်တို့ရဲ့ ပျက်ခြင်းကို မမြင်တဲ့အတွက် ငှက်တွေဟာ သစ်ပင်တစ်ပင်ကို စွန့်ပြီး သစ်ပင်တစ်ပင်၌ နားကုန်သကဲ့သို့ ရုပ်တရား ပျက်တဲ့ အခါ စိတ်စေတသိက်တရားတွေဟာ တစ်ပါးသို့ ပြောင်းကြတယ်၊ "ဒါကြောင့် ရုပ်ကား မမြဲ၊ နာမ်ကား မြဲတယ်" လို့ အယူမှားပါတယ်၊ ဤသို့အားဖြင့် "ဧကစ္စသဿတဒိဋ္ဌိ (၄)ပါး" ရှိပါတယ်။

အပိုင်းအခြား အဆုံးရှိသည်၊ မရှိသည်ကို စွဲ၍ယူတဲ့ "အန္တာနန္တိကဒိဋ္ဌိ (၄)ပါး" ရှိပါတယ်။ (၄)ပါးက ဘာတွေလဲ ဆိုတော့ -

(၉) ကသိုဏ်း၊ ပဋိဘာဂနိမိတ်ကို စကြာဝဠာအဆုံးတိုင်အောင် မပွားစေမူ၍ အပိုင်းအခြားအားဖြင့်သာလျှင် ပွားစေ၍ "ငါပွားစေအပ်သော ပဋိဘာဂနိမိတ်သည် အဆုံးရှိ၏" ဟု ယူသောဒိဋ္ဌိ။

(၁၀) စကြာဝဠာ အဆုံးတိုင်အောင် ပဋိဘာဂနိမိတ်ကို ပွားစေ၍ အပိုင်းအခြားမရှိသော ဘာဝနာဖြင့် "အတ္တလောကသည် အဆုံးမရှိ" ဟု ယူသောဒိဋ္ဌိ။

(၁၁) အထက်အောက်ကို အပိုင်းအခြားအားဖြင့် ပွားစေ၍ ဖီလာကား အပိုင်းအခြားမရှိ၊ ကြီးစွာသော ကသိုဏ်းဘာဝနာကိုသာ အားထုတ်၍ "အတ္တလောကသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ" ဟု ယူသောဒိဋ္ဌိ။

(၁၂) စုံစမ်းဆင်ခြင်သော နှလုံးဖြင့်သာ "အတ္တလောကသည် အဆုံးရှိသော်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်" ဟု ပညတ်သော "တက္ကီမံသဒိဋ္ဌိ" ဟူ၍ "အန္တာနန္တိကဒိဋ္ဌိက (၄)ပါး" ပြားပါတယ်။

ကုသိုလ်၊ အကုသိုလ်၊ သဿတ၊ ဥစ္ဆေဒတို့ကို မေးသည်ရှိသော် အတပ်မဆိုနိုင်ခြင်းကြောင့် အတပ်မဆိုဘဲ ပျံ့လွင့်တဲ့ ငါးကဲ့သို့ယူ၍ ဆိုတဲ့ "အမရာဝိက္ခေပဒိဋ္ဌိက (၄)ပါး" ပြားပါတယ်။

(၄)ပါးက ဘာတွေလဲဆိုတော့ -

(၁၃) ကုသိုလ်. အကုသိုလ်ကို အမှန်မသိဘဲလျက် ပြောချေသော် မုသာဝါဒဖြစ်၍ နတ်ရွာမင်္ဂဖိုလ်၏ အန္တရာယ် ဖြစ်စေ၏ဟု ထိတ်လန့်ခြင်းကြောင့် "ကုသိုလ်ဟူ၍လည်းကောင်း၊ အကုသိုလ်ဟူ၍လည်းကောင်း ငါမဆို" ဟု ပျံ့လွင့်သော စကားကို ဆိုခြင်းဟူသော ဒိဋ္ဌိ၊

(၁၄) ကုသိုလ်.အကုသိုလ်ကို မေးသော် ဟုတ်မှန်တိုင်း ဖြေဆိုမိက သူတစ်ပါးချီးမွမ်းသဖြင့် ဆန္ဒရာဂ ဖြစ်၏။ မဟုတ်သဖြင့် ကဲ့ရဲ့က ဒေါသပဋိဃာတ ငါ၌ဖြစ်၏ဟု စက်ဆုပ်၍ ပျံ့လွင့်သောစကားကို ဆိုခြင်းဟူသော ဒိဋ္ဌိ၊

(၁၅) ကုသိုလ်.အကုသိုလ် မေး၍ဖြေသည်ရှိသော် ပညာရှိတို့ စိစစ်၍ မေးလေက ငါမစွမ်းနိုင်ရာ၊ မစွမ်းနိုင်သဖြင့် နှလုံးမသာမယာဖြစ်က နတ်ရွာမင်္ဂဖိုလ်၏ အန္တရာယ်ဖြစ်၏ဟု စက်ဆုပ်၍ အတည်မရှိ ဆိုခြင်းဟူသော ဒိဋ္ဌိ၊

(၁၆) ပရလောက ရှိသလော. မရှိသလောဟု မေးသော် အတပ်မသိခြင်းကြောင့် "ရှိ၏ ဟူ၍လည်း ငါတို့မဆို၊ မရှိ ဟူ၍လည်း ငါတို့မဆို" ဟု ပျံ့လွင့်သော အလွန်မိုက်သော ဒိဋ္ဌိဟူ၍ "အမရာဝိက္ခေပဒိဋ္ဌိက (၄)ပါး" ဖြစ်ပါတယ်။

အတ္တလောကသည် အကြောင်းကုသိုလ် အကုသိုလ် မရှိဘဲပင် ဖြစ်၏ဟူသော "အဓိစ္စသမုပ္ပန္နဒိဋ္ဌိက နှစ်ပါး" ဖြစ်ပါတယ်။

နှစ်ပါးက ဘာတွေလဲဆိုတော့...

(၁၇) အသညသတ်ဘုံမှ စုတေ၍ လူ့ဘုံ၌ဖြစ်သော သမာပတ်ရစ်ပါးရသဖြင့် အောက်မေ့ဆင်ခြင်သော် အသညသတ်ဘုံ၌ ဖြစ်သည်ကိုလည်းကောင်း၊ ထို့ထက်အလွန်ရှေ့ကိုလည်းကောင်း မမြင်၍ အကြောင်းကင်းသဖြင့် အတ္တလောကသည်ဖြစ်၏ဟု ယူသော ဒိဋ္ဌိ။

(ဒိဋ္ဌိမှာ အသညသတ်ကိုသာ ဒေသနာသီသ ပဓာနဖြစ်၍ ဥပလက္ခဏာနည်းဖြင့် ဟောတော်မူသည်။ ရှေးဘဝ၌ ခန္ဓာအစဉ်ကို အောက်မေ့၍ မမြင်ကုန်သော သူတို့ကိုလည်း ယူအပ်ကုန်ပါတယ်)

(၁၈) စုံစမ်းဆင်ခြင်သော တက္ကီပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာသခါရတို့ကြောင့် ဖြစ်ခြင်းကို မသိ၍ "အတ္တလောကသည် အကြောင်းမရှိ၊ အလိုလိုပင် ဖြစ်၏" ဟု ယူသော ဒိဋ္ဌိအားဖြင့် "အဓိစ္စသမုပ္ပန္နဒိဋ္ဌိက နှစ်ပါး" ပြားပါတယ်။ ဤသို့အားဖြင့် "ပုဗ္ဗန္တာနု ဒိဋ္ဌိက (၁၈)ပါး" ပြားပါတယ်။

အပရန္တာနုဒိဋ္ဌိ (၄၄)ပါးတို့တွင် စုတေသည်မှ နောက်၌ဖြစ်တယ်. မသေဘူး. သညာရှိတယ်လို့ ယူခြင်းဖြစ်တဲ့ "ဥဒ္ဓမာဃာတနိကသညီဝါဒက (၁၆)ပါး" ရှိပါတယ်။ (၁၆)ပါးက ဘာတွေလည်းဆိုတော့ -

(၁၉) ဒိဗ္ဗစက္ခုနှင့် ရဟန်း ပုဏ္ဏားတွေဟာ ကသိုဏ်းရုပ်ကို အတ္တဟု ယူ၍ ကသိုဏ်းရုပ်၌ဖြစ်တဲ့ သညာကိုလည်း သညာဟုယူ၍ "အတ္တသညာ ရုပ်ရှိတယ်၊ စုတေသည်မှ အထက်၌ မြဲတယ်" လို့ အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ကြံဆ၍သာ မိမိအထင်မျှဖြင့် "သေသည်၏အထက်၌ မြဲတယ်၊ သညာရှိတယ်" လို့ ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း ရူပီသညီဝါဒ။

(၂၀) အရူပသမာပတ်ကို အတ္တဟုယူ၍ ထိုသမာပတ်၌ဖြစ်သော သညာကိုလည်း သညာဟုယူ၍ သေသည်၏ အထက်၌ အတ္တသည် မြဲတယ်၊ ရုပ်မရှိ၊ သညာရှိတယ်လို့ အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ကြံဆ၍သာ ထိုအတူ အတ္တကို ပညတ်ကုန်သော ပုဂ္ဂိုလ်တို့လည်းကောင်း အရူပီသညီဝါဒ။

(၂၁) အတ္တသည် ရုပ်လည်းမရှိ၊ သညာလည်း မရှိ၊ သေသည်မှ အထက်၌ဖြစ်တယ်လို့ ပညတ်သော ရူပီစ အရူပီစသညီဝါဒ။

(၂၂) ကြံဆ၍ ရုပ်ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ်၊ သေသည်မှ နောက်၌ မြဲတယ်လို့ ပညတ်ကုန်သော နေဝရူပီ နာရူပီသညီဝါဒ။

(၂၃) အောက် အန္တာနန္တိကဝါဒ၌ ဆိုအပ်ပြီးသောနည်းဖြင့် အဆုံးအပိုင်းအခြား ရှိတယ်၊ သေသည်မှ အထက်၌ မြဲတယ်လို့ ပညတ်ကုန်သောသူတို့၏ အန္တဝါသညီဝါဒ။

(၂၄) အဆုံးအပိုင်းအခြား မရှိ၊ သေသည်မှ အထက်၌ မြဲတယ်လို့ သညာရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ အနန္တဝါသညီဝါဒ။

(၂၅) အဆုံးအပိုင်းအခြားလည်း ရှိတယ်၊ အဆုံးအပိုင်းအခြားလည်း မရှိ၊ သေသည်လည်း မဟုတ်၊ မြဲတယ်၊ သညာလည်း ရှိတယ်ဟု ပညတ်ကုန်သောသူတို့၏ အန္တဝါ အနန္တဝါသညီဝါဒ။

(၂၆) အဆုံးအပိုင်းအခြားလည်း မရှိ၊ သေသည်လည်း မဟုတ်၊ မြဲတယ်၊ သညာလည်းရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ နေဝန္တဝါ နာနန္တဝါ သညီဝါဒ။

(၂၇) သမာပတ် ဝင်စားသောအားဖြင့် တစ်ခုတည်းသော သညာရှိသော အတ္တသည် ဖြစ်တယ်၊ သေသည်မှ အထက်၌ မြဲတယ်ဟု အတ္တကို ပညတ်ကုန်သော သူတို့၏ ဧကတ္တသညီဝါဒ။

(၂၈) သမာပတ် မဝင်စားသောအားဖြင့် အထူးထူးသော သညာရှိသော အတ္တသည် မြဲတယ်၊ သေသည်မှ နောက်၌ မြဲတယ်ဟု အတ္တကို ပညတ်ကုန်သော သူတို့၏ နာနတ္တသညီဝါဒ၊

(၂၉) ငယ်သောကသိုဏ်း၏ အစွမ်းအားဖြင့် ငယ်သော၊ နည်းသော၊ သညာရှိသော အတ္တသည် ဖြစ်တယ်လို့ ပညတ်ကုန်သောသူတို့၏ ပရိတ္တသညီဝါဒ၊

(၃၀) ကြီးသော ကသိုဏ်း၏ အစွမ်းအားဖြင့် ကြီးသော များသော သညာရှိသော အတ္တသည် ဖြစ်သည်ဟု ပညတ်ကုန်သောသူတို့၏ အပ္ပမာဏ သညီဝါဒ၊

(၃၁) ဒိဗ္ဗစက္ခုဖြင့် စတုတ္ထဈာန် အဆုံးရှိသော ဈာန်၌ သုခဟူသော အင်္ဂါရှိသောကြောင့် ထိုဘုံ၌ဖြစ်သော သတ္တဝါတို့ကိုမြင်၍ စင်စစ် ချမ်းသာသော အတ္တသည် ဖြစ်တယ်၊ သေသည်မှ အထက်၌ မြဲတယ်လို့ ပညတ်ကုန်သော သူတို့၏ ဧကန္တသုခီ သညီဝါဒ၊

(၃၂) ဒိဗ္ဗစက္ခုဖြင့် ငရဲဖြစ်သော သတ္တဝါတို့ကိုမြင်၍ စင်စစ်ဆင်းရဲသော အတ္တသည် ဖြစ်တယ်၊ သေသည်မှ အထက်၌ မြဲတယ်လို့ ပညတ်ကုန်သော သူတို့၏ ဧကန္တဒုက္ခီ သညီဝါဒ၊

(၃၃) ဒိဗ္ဗစက္ခုဖြင့် လူ့ဘုံ၌ဖြစ်သော သတ္တဝါတို့ကိုမြင်၍ စင်စစ် ချမ်းသာ ဆင်းရဲ နှစ်ပါးရှိသော အတ္တသည် ထင်တယ်၊ သေသည်၏ အထက်၌ မြဲတယ်၊ သညာရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ သုခဒုက္ခီ သညီဝါဒ၊

(၃၄) ဝေဟပ္ဖိုလ်ဘုံ၌ ဥပေက္ခာဖြင့် ပဋိသန္ဓေဖြစ်သောကြောင့် ထိုဘုံ၌ဖြစ်တဲ့ သတ္တဝါတို့ကို မြင်၍ ဆင်းရဲချမ်းသာမဟုတ်သော အတ္တသည် ထင်တယ်၊ သေသည်မှ အထက်၌ မြဲတယ်၊ သညာရှိတယ်လို့ ပညတ်ကုန်သော သူတို့၏ အဒုက္ခမသုခီသညီဝါဒအားဖြင့် "ဥဒ္ဓမာဃာတနိက သညီဝါဒက (၁၆)ပါး "ဖြစ်ပါတယ်။

သေသည်၏အထက်၌ "အတ္တသည်မြဲတယ် သညာမရှိ "ဟူသော ယူခြင်းဖြစ်သော " သညီဝါဒဟာ ရှစ်ပါး "ရှိပါတယ်။ ရှစ်ပါးက ဘာတွေလဲဆိုတော့ -

(၃၅) သေသည်မှ နောက်၌ အတ္တလောကသည် ရှိတယ်၊ သညာမရှိလို့ ပညတ်ကုန်သော သူတို့ရဲ့ရုပ်ရှိတယ်၊ သညာမရှိဟူသော ရူပီအသညီဝါဒ၊

(၃၆) အတ္တသည် ရုပ်မရှိ၊ နာမ်ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိ ဟူသော အရူပီ အသညီဝါဒ၊

(၃၇) ရုပ်ရှိသည်လည်းဖြစ်သော၊ ရုပ်မရှိသည်လည်း ဖြစ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိသော ရူပီစ အရူပီစ အသညီဝါဒ၊

(၃၈) ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိသော နေဝရူပီ နာရူပီ အသညီဝါဒ၊

(၃၉) အဆုံးအပိုင်းအခြားရှိသော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိဟူသော အန္တဝါအသညီဝါဒ၊

(၄၀) အပိုင်းအခြား အဆုံးမရှိသော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိဟူသော အနန္တဝါ အသညီဝါဒ၊

(၄၁) အဆုံးရှိသည်လည်းဖြစ်သော၊ အဆုံးမရှိသည်လည်းဖြစ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိဟူသော အန္တဝါ အနန္တဝါ အသညီဝါဒ၊

(၄၂) အဆုံးရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်သော အတ္တသည် ရှိတယ်၊ ထိုအတ္တသည် မြဲတယ်၊ သညာမရှိဟူသော နေဝန္တဝါ နာနန္တဝါ အသညီဝါဒ အားဖြင့် "အသညီဝါဒ ရှစ်ပါး" ရှိတယ်။

သေသည်မှ နောက်ကာလ၌ အတ္တလောကသည် ရှိတယ်၊ အတ္တလောက၏ သညာရှိသည်လည်း မဟုတ်၊ မရှိသည် လည်း မဟုတ်ဟု မှားသောအားဖြင့် ယူခြင်းတည်းဟူသော ဝါဒသည် "နေဝသညီ နာသညီဝါဒ" တည်း။

ထိုဝါဒသည် အသညီဝါဒ၌ ဆိုခဲ့ပြီးသောနည်းဖြင့် -

(၄၃) ရူပီအတ္တ နေဝသညီ နာသညီဝါဒ

(၄၄) အရူပီ နေဝသညီ နာသညီဝါဒ

(၄၅) ရူပီစ အရူပီစ နေဝသညီ နာသညီဝါဒ

(၄၆) နေဝရူပီ နာရူပီ နေဝသညီ နာသညီဝါဒ

(၄၇) အန္တဝါ နေဝသညီ နာသညီဝါဒ

(၄၈) အနန္တဝါ နေဝသညီ နာသညီဝါဒ

(၄၉) အန္တဝါစ အနန္တဝါစ နေဝသညီ နာသညီဝါဒ

(၅၀) နေဝန္တဝါ နာနန္တဝါ နေဝသညီ နာသညီဝါဒ

အားဖြင့် "နေဝသညီ နာသညီဝါဒ ရှစ်ပါး" ရှိပါတယ်။

ဒိဋ္ဌစက္ခုဖြင့် အတ္တဘောကို ကြည့်သည်ရှိသော် စုတိမျှကိုသာ မြင်၍ စုတိနောင် ပဋိသန္ဓေကို မြင်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ခန္ဓာပြောင်းသည်ရှိသော် သတ္တဝါတို့သည် ပြတ်သည်ဟူ၍လည်းကောင်း၊ ရုပ်နာမ်သဘောကို စုံစမ်းကြံစည်လေ့ရှိသော တက္ကိပုဂ္ဂိုလ်တို့သည် သစ်ပင်မှ ကြွေကျသော သစ်ရွက်တို့သည် တစ်ဖန် ပြန်၍ မရှင်ပြီ၊ ပျက်စီးသကဲ့သို့ သတ္တဝါတို့သည် သေသည်ရှိသော် နောက်၌ မဖြစ်ပြီ၊ ပြတ်လေကုန်၏ ဟူ၍လည်းကောင်း၊ ပြတ်ကြကုန်၏။ ထိုနှစ်ယောက်သော သူတို့၏ အယူသည် မှားသော "ဥစ္ဆေဒဒိဋ္ဌိ" အယူတည်း။

ထို ဥစ္ဆေဒဝါဒသည် -

(၅၁) လူ့ဘုံ၌ အမိအဖတို့၏ သုတ်သွေးကြောင့်ဖြစ်သော အတ္တဘောသည် စုတေသည်ရှိသော် ပျောက်တယ်၊ ပြတ်တယ်ဟူသော မာတာပေတ္တိက သမ္ဘဝရူပီ ဥစ္ဆေဒဝါဒ၊

(၅၂) နတ်ပြည်ခြောက်ထပ်၌ဖြစ်သော အာဟာရလျှင် အစာရှိသော အတ္တဘောသည်သာလျှင် ပြတ်တယ်ဟူသော ဒိဗ္ဗကာမဝစရကာရာဟာရ ဘက္ခရူပီ ဥစ္ဆေဒဝါဒ၊

(၅၃) ရူပဘုံ၌ ဈာန်စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော အတ္တဘောသည် သေသည်ရှိသော် ပြတ်တယ်ဟူသော မနောမယ အဟီနိန္ဒြိယရူပီ ဥစ္ဆေဒဝါဒ၊

(၅၄) အာကာသာနဉ္စာယတနဘုံ၌ ဈာန်စိတ်ဖြင့် ပြီးသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ရုပ်မရှိ၊ နာမ်မျှသာဖြစ်သော အတ္တဘောသည် သေသည်ရှိသော် ပြတ်သည်ဟူသော အာကာသာ နဉ္စာယတန ဥစ္ဆေဒဝါဒ၊

(၅၅) ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော အတ္တဘောသည် သေသော်ပြတ်တယ်ဟူသော ဝိညာဏဉ္စာယတန ဥစ္ဆေဒဝါဒ၊

(၅၆) အာကိဉ္စညာယတနဘုံ၌ဖြစ်သော အတ္တဘောသည် သေသော် ပြတ်တယ်ဟူသော အာကိဉ္စညာယတန ဥစ္ဆေဒဝါဒ၊

(၅၇) နေဝသညာ နာသညာယတနဘုံ၌ဖြစ်သော အတ္တဘောသည် သေသော်ပြတ်တယ်ဟူသော နေဝသညာ နာသညာယတန ဥစ္ဆေဒဝါဒအားဖြင့် " ဥစ္ဆေဒဒိဋ္ဌိက ခုနစ်ပါး" ပြားပါတယ်။

မျက်မှောက်၌ ဒုက္ခငြိမ်းခြင်းသည် နိဗ္ဗာန်ချမ်းသာ မည်တယ်ဟူသော မိစ္ဆာအယူသည် "ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ" မည်ပါတယ်၊ ထိုအယူဟာ -

(၅၈) ကာမဘုံ၌ ကာမဂုဏ် စည်းစိမ်ကို ခံစားလျက် ကိုယ်စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံတယ်၊ ထိုသူသည် မျက်မှောက်သော အတ္တဘော၌ နိဗ္ဗာန်သို့ ရောက်၏ဟူသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ၊

(၅၉) ထို့ထက် ပဌမဈာန်နှင့် ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ ရောက်တယ်ဟူသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ၊

(၆၀) ထို့ထက် ဒုတိယဈာန်နှင့် ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ ရောက်တယ်ဟူသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ၊

(၆၁) ထို့ထက် တတိယဈာန်နှင့် ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ ရောက်တယ်ဟူသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ၊

(၆၂) ထို့ထက် စတုတ္ထဈာန်နှင့် ပြည့်စုံသော အတ္တဘောသည် ဒုက္ခငြိမ်းသော နိဗ္ဗာန်သို့ ရောက်တယ်ဟူသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒအားဖြင့် "ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒက (၅)ပါး" ဟူ၍ အပရန္တာနုဒိဋ္ဌိ(၄၄)ပါး ဖြစ်ပါတယ်။

ဤသို့ ပုဗ္ဗန္တာနုဒိဋ္ဌိ (၁၈)ပါး၊ အပရန္တာနုဒိဋ္ဌိ (၄၄)ပါးအားဖြင့် (၆၂)ပါးသော ဒိဋ္ဌိအပြားကို ရှင်းပြပြီးပါပြီ။

ကဲ ... သေသေချာချာ မှတ်ထားပေတော့"

"အမယ်လေး ... မှတ်မိဖို့ ဘယ်လွယ်ပါ့မလဲဘုရား၊ ရှုပ်နေတာပဲ၊ ကိုယ်တောင် ဟိုဒိဋ္ဌိထဲပါ. ဒီဒိဋ္ဌိထဲပါနဲ့ ဒိဋ္ဌိ.မလွတ်သလိုလိုပါပဲဘုရား"

"အေး ... မသိတော့ ခက်တယ်၊ သိထားတော့ လွယ်တာပေါ့၊ ရှောင်သာ တိမ်းသာရှိတာပေါ့၊ အဲဒီဒိဋ္ဌိတွေ မှတ်ထားပြီး ဒိဋ္ဌိမဖြစ်အောင် နေပေါ့၊ ဒိဋ္ဌိပြုတ်အောင် အားထုတ်ပေါ့"

"မှန်ပါ့ဘုရား"

✦ ခြောက်ဆယ့်နှစ်ပါး. ဒိဋ္ဌိများ. မှတ်သားထားကြပါ၊

✦ ဒိဋ္ဌိဆိုတာ. သူယုတ်မာ. ကပ်ကာဖြစ်တတ်ပါ၊

✦ အများတရား. နာသူအား. ဖြစ်ပွားတတ်လေပါ၊

✦ သူယုတ်ရှောင်ရှား. မှားတရား. ရှောင်ရှားကြလေပါ၊

✦ အများစာများ. ဖတ်သူများ. ဖြစ်ပွားတတ်လေပါ၊

✦ ဒိဋ္ဌိဖြစ်မှ. ကျွတ်ဖို့က. လွန်စွခက်သနော်၊

# အဘယ်ကြောင့် ဘုန်းကြီးလို့ ခေါ်ပါသလဲဘုရား

(၂၅၂)

ဤလောက၌ သိချင်စရာများကား များပြားလှကုန်၏။ သိချင်လို့ ရှာဖွေစူးစမ်းလေ. သိချင်စရာ ပေါ်များလေ ဖြစ်၏။ သိချင်စရာတို့၏ အဆုံးကား မထင်နိုင်အောင်ပင် များပြားလှကုန်၏။

မှန်၏။ မသိချင်၍ မရှာဖွေ မစူးစမ်းသူတို့အဖို့ သိချင်စရာများ မရှိပါ။ သိချင်၍ သိချင်စရာများကို ရှာဖွေသူတို့အဖို့မူ ရှာဖွေလေ. သိချင်စရာတွေ တွေ့ရှိလေ ဖြစ်၍ သိချင်စရာ မဆုံးနိုင်ပါ။

သိချင်သူအဖို့ရာကား . . . အများတွေက ရိုးရိုးကလေးဟု မြင်သော အရာပေါ်မှာလည်း သူ့အဖို့အရာ မရိုးပါပေ။ အဆန်းဖြစ်နေသည်။ ဟုတ်ပါသည်။ တစ်နေ့ဖြစ်၏။ ယင်းတစ်နေ့ကိုတော့ မိမိ မမှတ်မိတော့ပါ။ မိမိထံသို့ ဒကာ ဒကာမတစ်စု ရောက်လာပြီး ရှိခိုးဦးချကာ ထိုင်ပြီးလျှင် သွက်လက်ချက်ချာသော ဒကာမတစ်ယောက်က မေးလျှောက်လေ၏။

"ဘုန်းဘုန်းဘုရား၊ ဘုန်းကြီးတွေကို အဘယ်ကြောင့် ဘုန်းကြီးလို့ ခေါ်ပါသလဲဘုရား"

"အမယ်လေး . . . ဒါများ အဆန်းမှတ်လို့ မေးနေရသေးလား၊ ဘုန်းကြီးလို့ ဘုန်းကြီးခေါ်တယ်ပေါ့"

"ဘုန်းဘုန်းကလည်း သိချင်လို့ မေးတာပါ၊ အမှန်ပြောပြစမ်းပါဘုရား"

"သြော် . . . အဲဒါ အမှန်ပဲ"

"မှန်ပေမဲ့ ဘုန်းဘုန်းအဖြေက တိုနေတော့ မရှင်းလို့ပါဘုရား၊ ရှင်းအောင် ဖြေပြပါဘုရား"

"ကဲ . . . ကဲ . . . ဒါဖြင့် နားထောင်၊ ရှင်တော်မြတ်ဘုရား ဟောကြားတဲ့ ဝိနည်းတရားတော်နဲ့အညီ နေထိုင်သီတင်းသုံး၍ ရှင်တော်မြတ်ဘုရား၏ အလိုတော်ကျအတိုင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်သိက္ခာများ. ဓမ္မတရားများကို ကျင့်ကြံအားထုတ်နေလို့၊ ဟောပြောပြသ ဆိုဆုံးမနေလို့ လာဘ်လာဘတွေ ပေါ်များ. အခြွေအရံ ပရိသတ်များ များပြား. ဘုန်းကံကြီးမားနေခြား ရဟန်းတော်များကို ဘုန်းကြီးလို့ခေါ်တယ်၊ ကဲ . . . ဘုန်းကြီးလို့ ဘုန်းကြီးခေါ်တာ ရှင်းပြီလား"

"ရှင်းပါပြီ၊ ဒါပေမဲ့ ဘုန်းဘုန်း ပြောတဲ့အတိုင်းဆိုရင် ဘုန်းကြီးလို့ ဘုန်းကြီးခေါ်ရင် ဘုန်းမကြီးတော့ ဘယ်လို ခေါ်ပါ့မလဲဘုရား"

"သြော် . . . အဲဒါလည်း သူ့အခေါ်နဲ့သူ ရှိပါတယ်၊ ရှင်တော်မြတ်ဘုရား ဟောကြားဝိနည်းသိက္ခာ ဗလချာနဲ့ ဒကာ ဒကာမများ အကြည်ညိုပျက်အောင် မကောင်းပြု, မကောင်းပြော, မကောင်းကြံဘဲ ကြံနေကြတဲ့ စာပေပရိယတ်မတတ်, ပဋိ အကျင့်မရှိ, စာပေချာ, အကျင့်ချာတဲ့ ရဟန်းများကို "ဘုန်းချာ" လို့ ခေါ်တယ်။

ကဲ . . . သူတို့မှာ စာပေချာ, အကျင့်ချာတဲ့အတွက် လာဘ်လာဘ ရှား၊ အခြွေအရံ ပရိသတ်လည်း မများပြားဘဲ၊ ဘုန်း ကံမကြီးမားဘဲ ဘုန်းချာလို့ ဘုန်းချာလို့ ခေါ်တယ်ပေါ့၊ သဘောပေါက်လား"

"ပေါက်ပါတယ်ဘုရား"

"ပြီးတော့ ရှိသေးတယ်၊ ဝိနည်းသိက္ခာပုဒ်ကို မထိန်းသိမ်း မစောင့်ရှောက်ဘဲ ကျောင်းလုခြင်း, ရောင်းဝယ်ခြင်း စသည့် ဒုစရိုက် အလွဲအမှားများကိုသာ ပြုလုပ်နေသောကြောင့် ဒကာ ဒကာမများက မကြည်ညိုလို့ မကိုးကွယ်, မဆည်းကပ်, မလှူ ဒါန်း၍ ဝမ်းပြည့်အောင် ဆွမ်းမပြေလည်, ခါးလုံအောင် သင်္ကန်းမပြေလည်, မိုးလုံအောင် ကျောင်းမပြေလည်သော ရဟန်းများ ကို "ဘုန်းဟာ" လို့ ခေါ်တယ်၊ အေး . . . ဘုန်းဟာတဲ့အတွက် ပြည့်အောင် ဝိနည်းနဲ့ မညီတာတွေ လုပ်လေ, ဟာလေ ပဲ"

"သြော် . . . တပည့်တော်တို့က အဲဒီ ဘုန်းချာ, ဘုန်းဟာတွေကို ဆင်းရဲပါတယ်, သနားပါတယ်ဆိုပြီး လှူမိပါတယ် ဘုရား"

"အေး . . . ဆင်းရဲလို့, သနားလို့ လှူတော့ ကိုယ်လည်း အကျိုးမများဘူး၊ သာသနာတော်အတွက်လည်း အကျိုး မများဘူးပေါ့။ ဆင်းရဲတယ်၊ သနားရုံနဲ့ မပြီးဘူး။ ဘာဖြစ်လို့ ဆင်းရဲရတာလဲ၊ ဆင်းရဲကြောင်း ရှာကြည့်၊ လှူသင့်ရင် လှူပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ ခုမှပဲ သိရပါတယ်"

"ကဲ . . . ဆက်ပြောဦးမယ်၊ နားထောင်ဦး၊ ရှင်တော်မြတ်ဘုရား ဟောကြားဝိနည်းသိက္ခာပုဒ်တော်များကို မထိန်းသိမ်း မစောင့်ရှောက်ပါဘဲ ပစ္စည်းပေါ်များရေးကိုသာ ရှေးရှုကာ လာလာသမျှ, တွေ့တွေ့သမျှ ဒကာ ဒကာမတွေကို အလှူခံတယ်၊ ရောက်ရာအရပ်မှာ အလှူခံတယ်။

အလှူခံ၍ ရရှိထားတဲ့ ပစ္စည်း, လာဘ်လာဘများကို မစားရက် မသောက်ရက် မဝတ်ရက် မစွန့်ရက် မလှူရက်ဘဲ ရောင့်ရဲတင်းတိမ်မှုလည်း မရှိဘဲ ဉာဏ်နီဉာဏ်နက်ဆင်ကာ၊ မအပ်မရာ အလှူခံ၍ ရရှိထားသော ပစ္စည်းများကို လုံခြုံအောင် သိုလှောင်သိမ်းဆည်းထားကာ "လျော့သွားပြီလား, ရှိသေးလား" စသည်ဖြင့် ပစ္စည်းအပေါ် သံယောဇဉ်များလျက်၊ ဖွင့်လိုက်, ပိတ်လိုက်၊ ဖုံးလိုက်, ဖိလိုက်၊ ရေတွက်လိုက်နဲ့ ခဏခဏ စစ်ဆေးကြည့်ရှုနေသော ရဟန်းကို "ဖုံးကြည့်" လို့ ခေါ်တယ်"

"အမယ်လေး . . . တပည့်တော် သိချင်တာက ဘုန်းကြီး၊ ဘုန်းဘုန်းပြောလိုက်တော့ ဘုန်းချာ, ဘုန်းဟာ, ဖုံးကြည့် လို့ သုံးမျိုးတောင်တိုးလို့ လေးမျိုးတောင် သိရပါတယ်ဘုရား"

"အေး . . . လေးမျိုးကို နှစ်မျိုးခွဲလိုက်ပါ၊ ဘုန်းကြီးရယ်, ဘုန်းချာ, ဘုန်းဟာ, ဖုံးကြည့်ရယ်၊ တကယ် အမြတ်တနိုး ကိုး ကွယ်ဆည်းကပ် လှူဒါန်းရမှာ ဘုန်းကြီးပဲနော်"

"မှန်ပါဘုရား"

"ပရိယတ် ပဋိပတ် နှစ်ရပ်သာသနာတော်ကြီး မကွယ်မပျောက်အောင် ထမ်းဆောင်နေတာ ဘုန်းကြီးတွေပါပဲ၊ ဘုန်း ချာ, ဘုန်းဟာ, ဖုံးကြည့်တွေ မဟုတ်ပါဘူး။

အေး...သာသနာတော်မှာနေပြီး သာသနာတော်ကွယ်အောင် သာသနာဖျက်နေသူများကတော့ ဘုန်းချာ့ ဘုန်းဟာ့ ဖုံးကြည့်တွေပဲ၊ ကွဲပြီလား"

"ကွဲပါပြီဘုရား"

"အေး...ဘုန်းချာ့ ဘုန်းဟာ့ ဖုံးကြည့် တွေကို ဆင်းရဲပါတယ်၊ သနားပါတယ်၊ သက်န်းဝါဝါ ငါ့ဆရာဆိုပြီး အကိုးကွယ် မှားရင်တော့ အဝီစိလားလိမ့်မယ်နော်"

"မှန်ပါဘုရား"

✦ မကိုးကွယ်သင့် ကိုးကွယ်သင့် နှိုင်းချင့်ရွေးရမည်။

✦ ကိုးကွယ်သင့်လျှင် အသက်ပင် ငဲ့ကြည် ကိုးကွယ်ရပေမည်။

✦ မကိုးကွယ်သင့်ဘဲ သနားလွဲ ကျိုးလည်း မများပြီ။

✦ အကိုးကွယ်မှန် သနားမှန် ဝေဖန်နှိုင်းယှဉ်ရပေမည်။

# တရားတော်သည် ဘာသာရွေးပါသလား

## (၂၅၃)

ယခုလက်ရှိမျက်မှောက် သတ္တလောက၌ရှိသော သတ္တဝါတွေကို ကြည့်ပါလျှင်၊ အထူးသဖြင့် လူသား သတ္တဝါတွေကို ကြည့်ပါလျှင် အမှတ်မဲ့နေသူနှင့် လေ့လာသူဟူ၍ နှစ်မျိုး နှစ်စားကို မြင်တွေ့နိုင်ပါသည်။ ယင်းနှစ်မျိုးနှစ်စားတို့တွင် အမှတ်မဲ့နေသူတို့သည် အများစု ဖြစ်ကြပါသည်။ လေ့လာသူတို့မှာ အနည်းစုတို့သာ ဖြစ်ကြပါသည်။

အမှတ်မဲ့နေသူတို့သည် နေရာတကာတွင် အမှတ်မဲ့သာ နေကြ၍ ယင်းတို့၌ ထူးခြားချက်ဟူ၍ ဘယ်အခါမျှ မရှိပါ။ လေ့လာသူတို့သည် နေရာတကာတွင် လေ့လာကြ၍ ထူးခြားချက် အမြဲရှိသည်။

မိမိသည် ဓမ္မဒေသနာခရီးသည်ဖြစ်၍ ယင်းနှစ်မျိုးကို နေရာတကာတွင် တွေ့ရသည်။ လေ့လာသူမှာ အနည်းစုသာဖြစ်၍ တစ်ခါတလေမှာသာ တွေ့ရပါသည်။ တွေ့ရလျှင်လည်း မှတ်မှတ်သားသားရှိသည်။

ရှိပုံကား တစ်ခုသော ဆယ်ရက်စခန်းတွင် ကြုံခဲ့၏။ ယင်းစခန်း ကျင်းပရာဌာနကား ဘာသာခြားများနှင့် ရောနှောနေရာဌာနတစ်ခု ဖြစ်ပါသည်။

ဘာသာခြားများလည်း လေ့လာသူ(ရေး)အနေနှင့် လာကြ၏။ တစ်နေ့ အမျိုးသမီးနှစ်ဦးတို့ လာကြ၏။ တစ်ဦးမှာ ဘာသာခြား ဖြစ်၏။ ရှိခိုးဦးချမှု မပြု၊ တစ်ဦးကား ဗုဒ္ဓသာသနာကို ကြည်ညိုမိုခိုသူ ဖြစ်၏။ တရိုတသေ ရှိခိုးဦးချကာ လျှောက်ထား၏။

“ဆရာတော်ဘုရား၊ ဗုဒ္ဓတရားတော်ဟာ ဘာသာရွေးပါသလားဘုရား”

“အင်း...အဲဒါ အဖြေရခက်ပါတယ်”

“ဘာဖြစ်လို့ အဖြေရခက်ပါသလဲဘုရား”

“ဗုဒ္ဓတရားတော်ဟာ ဘာသာရွေးပါသလား ဆိုတော့ ဘယ်လို ဘာသာရွေးတာတုံး”

“မှန်ပါတယ်ဘုရား၊ တပည့်တော် မမေးတတ်လို့ပါ၊ ဗုဒ္ဓတရားတော်တွေဟာ ဗုဒ္ဓသာသနာကို ကြည်ညိုယုံကြည်သူ ဗုဒ္ဓသာသနာဝင်ကိုမှ ရွေးပြီး အကျိုးပေးပါသလား၊ အခြားဘာသာဝင်တွေကိုလည်း အကျိုးပေးပါသလား၊ ဟိုဘာသာ ဒီဘာသာစသည်ဖြင့် ရွေးပြီးမှ အကျိုးပေးပါသလားဘုရား”

"အင်း - အင်း၊ အဲဒါဆိုရင် ဖြေတတ်ပါပြီ"

"မှန်ပါ၊ ဖြေပါဘုရား၊ ဒါက တပည့်တော်သူငယ်ချင်းပါ ဘုရား၊ သူက ဘာသာခြားပါဘုရား၊ သူက ဗုဒ္ဓသာသနာကို လေ့လာနေသူပါ ဘုရား"

"အင်း . . . ကောင်းတယ်၊ ကောင်းတယ်၊ လေ့လာတာဟာ ကိုယ့်အတွက်ပဲ၊ ယခု ဗုဒ္ဓတရားတော်နှင့် ပတ်သက်လို့ ပြောရလျှင် ရှင်းသွားလိမ့်မယ်"

"မှန်ပါ၊ သူရှင်းအောင် ပြောပေးပါဘုရား"

"တရားလို့ သာမန်ပြောလျှင် ကုသိုလ်တရားလည်း တရားပဲ၊ အကုသိုလ်တရားလည်း တရားပဲ၊ ကုသိုလ်တရားက ဘာသာမရွေး၊ မျက်နှာမရွေး ကောင်းကျိုးပေးသလို အကုသိုလ်တရားက မကောင်းကျိုးပေးရာ၌လည်း ဘာသာမရွေး၊ မျက်နှာမရွေး ပေးပါတယ်"

"ရှင်းပါဦးဘုရား၊ ကျဉ်းနေပါသေးတယ်"

"ဘုန်းကြီးတို့ ဗုဒ္ဓက အကုသိုလ်မှန်သမျှ ကြီးကြီးသေးသေး ဘာမှ မလုပ်နဲ့လို့ ဟောခဲ့ပါတယ်၊ အဲဒီလို ဟောတာဟာ ဗုဒ္ဓဘာသာဝင်တွေအတွက်သာ ဟောခဲ့တာ မဟုတ်ပါဘူး၊ ကမ္ဘာသူ ကမ္ဘာသား အားလုံးအတွက် ဟောခဲ့တာပါ၊ ဘာဖြစ်လို့ ဒီလို ဟောခဲ့တာလဲဆိုလျှင် အကုသိုလ်ကို ဘယ်ဘာသာဝင်ပဲ လုပ်လုပ် ဆင်းရဲဒုက္ခရောက်မှာကို ဗုဒ္ဓက သနားတော်မူပါတယ်၊ အဲဒါကြောင့် ဟောခဲ့ပါတယ်"

"ကုသိုလ်ကို စုံအောင်လုပ်လို့ ဗုဒ္ဓက ဟောခဲ့ပါတယ်၊ ဘယ်ဘာသာဝင်ပဲ ဖြစ်ဖြစ် ကုသိုလ်လုပ်မှ ကောင်းကျိုးချမ်းသာ ရမှာ၊ ကောင်းကျိုးချမ်းသာ စုံရမှာ ဖြစ်ခြင်းကြောင့် ကုသိုလ်ကို စုံအောင်လုပ်ခိုင်းပါတယ်၊ အကုသိုလ်နှင့် ပတ်သက်လို့ သာဓကပြရလျှင် ဘယ်ဘာသာဝင်ပဲ ဖြစ်ဖြစ် လူသတ်တဲ့အကုသိုလ် လုပ်မိပြီဆိုလျှင် ယခု မျက်မှောက်မှာပဲ ချက်ချင်း အဖမ်းအဆီး အချုပ်အနှောင် မခံရဘူးလား"

"ခံရပါတယ်ဘုရား"

"ကဲ - တစ်ယောက်ပြုတဲ့ အကုသိုလ်ကို အဘယ်တစ်ယောက်က ကိုယ်စားခံပေးလို့ရလဲ"

"မရပါဘုရား"

"ကိုယ်စားခံပေးခွင့်လည်း ရှိလား"

"မရှိပါဘုရား"

"အေး - အဲဒါကြောင့် ဗုဒ္ဓက အကုသိုလ်မှန်သမျှ ဘာမှ မလုပ်နဲ့ဆိုတာ ဗုဒ္ဓဘာသာဝင် တစ်ဘာသာအတွက်သာ ဟောခဲ့တာလား၊ ကမ္ဘာသူ ကမ္ဘာသား ဘာသာအားလုံးအတွက်လား"

"အားလုံးအတွက်ပါဘုရား"

"အဲဒီအကြောင်းနှင့် ပတ်သက်လို့ ပိုပြီးရှင်းသွားအောင် မျက်မှောက်ဝတ္ထုအကြောင်းတစ်ခုနဲ့ ရှင်းပြမယ်၊ တကယ့်အဖြစ်အပျက်ပါ"

"ဘုန်းကြီးတို့ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်ထဲမှာ ပေကုန်းဆိုတဲ့ ရွာကလေးတစ်ရွာ ရှိပါတယ်၊ အဲဒီရွာမှာ ကိုဂျိုင်းနှင့် ကိုသန်းရွှေ ဆိုတာ ရှိပါတယ်၊ သူတို့က သူငယ်ချင်းနှစ်ယောက်ပေါ့၊ အဲဒီ ပေကုန်းရွာမှာက ဘာသာခြားနှင့် ဗုဒ္ဓဘာသာတို့ ရောနှောနေကြပါတယ်၊ ကိုဂျိုင်းက ဘာသာခြား၊ ကိုသန်းရွှေက ဗုဒ္ဓဘာသာပါ။

အဲဒီ ကိုဇျိုင်းနှင့် ကိုသန်းရွှေတို့ သူငယ်ချင်းနှစ်ယောက်ဟာ လွှဆွဲပြီး စားကြပါတယ်၊ ကိုဇျိုင်းက အပေါ်ဆွဲသမား၊ ကိုသန်းရွှေက အောက်ဆွဲသမားပေါ့၊ သူတို့နှစ်ယောက်အတူ လွှဆွဲလို့ မောတဲ့အခါ နားပြီဆိုလျှင် ကိုသန်းရွှေကို ကိုဇျိုင်းက တရားဟောပါတယ်၊ ဘယ်လိုဟောသလဲဆိုတော့ -

"ဟေ့ကောင် သန်းရွှေ၊ မင်း ... တို့ဘာသာထဲ ဝင်ကွ၊ တို့ဘာသာက သိပ်ကောင်းတယ်၊ တို့ (၆)ရက် လုပ်ချင်တာ လုပ်၊ တစ်ရက် ဘုရားရှိခိုးလိုက်ရင် အပြစ်တွေ အကုန်ပျောက်တယ်၊ တို့ဘုရားက တို့အပြစ်တွေကို အကုန်ခံပေးတယ်၊ တို့ဘာသာက ဘယ်လောက်ကောင်းလဲ၊ ဒါကြောင့် မင်း ... တို့ဘာသာထဲ ဝင်၊ မင်းတို့ဘာသာက ဘာကောင်းလို့လဲကွ၊ ကိုယ်ပြု ကိုယ်ခံ၊ ကိုယ်ပြု ကိုယ်စံ တဲ့၊ တို့ဘာသာက ဒီလိုမဟုတ်ဘူး တို့ပြုသမျှ ဘုရားက ခံပေးတယ်"

စသည်ဖြင့် ကိုဇျိုင်းက ကိုသန်းရွှေကို ဟောတယ်၊ ကိုသန်းရွှေက မပြောတတ်တော့ ဘာမှ ပြန်မပြောဘဲ ပြုံးပြုံးနဲ့ နားထောင်နေတယ်။

ဒီလိုနေရာက တရားဟောဆရာ ကိုဇျိုင်း ဖျားနာပါရော၊ ဖျားတဲ့အခါ လူနီနီကြီးနှစ်ယောက်က သူ့လက်မောင်းနှစ်ဖက်ကို တစ်ယောက် တစ်ဖက်စီ ကိုင်ဆွဲခေါ်သွားပြီး ငရဲအိုးထဲ ပစ်ချတယ်လို့ မနောအာရုံမှာ နိမိတ်ထင်ပါသတဲ့။

"အဲဒါ ဘယ်သူက ပြောပါသလဲ ဘုရား"

"ကိုဇျိုင်းကိုယ်တိုင်က ပြောပြတာကို ပြန်ပြောနေတာပါ"

"ဒါဖြင့် ဆက်ပြီးအမိန့်ရှိပါဦးဘုရား"

"ကိုဇျိုင်းကို ငရဲအိုးထဲ ပစ်မချခင်တော့ ငရဲအိုးက ဟင်းလင်းပွင့်လို့၊ ငရဲသားတွေလည်း သူမြင်နေရပါသတဲ့၊ အဲ - သူ့လည်း ငရဲအိုးထဲ ပစ်ချလိုက်ရော ငရဲအိုးအပေါက်ဝကို ဒီအိမ်မိုးတဲ့ သက်ငယ် (၆)ပျစ်က ပိတ်လိုက်သတဲ့၊ သူက သက်ငယ် (၆) ပျစ်ပေါ် တင်နေတာပေါ့။

အဲ - သူ့လည်း ပြန်ဆွဲတင်ရော ငရဲအိုးလည်း ပွင့်သွားရော၊ သူ့ကို ပြန်ပစ်ချလိုက်ရင် သက်ငယ် (၆)ပျစ်က ပိတ်ပြန်ရော၊ သူ့ဆွဲတင်လိုက်ရင် ငရဲအိုးက ပွင့်သွား၊ သူ့ပစ်ချလိုက်ရင် ပိတ်သွားနှင့် ဘယ်လိုမှ ပစ်ချမရတော့ သူ့ကို ခေါ်သွားသူတွေက သူ့ကို လက်ဆွဲခေါ်လာပြီး လူဖြူဖြူကြီးထံ သွားပို့ပါသတဲ့။

"လူဖြူဖြူကြီးက ဘယ်သူပါလဲ ဘုရား"

"လူဖြူဖြူကြီးက ယမမင်း ဖြစ်ဟန်တူပါတယ်"

"ဆက်အမိန့်ရှိပါဘုရား"

လူဖြူဖြူကြီးထံ ရောက်တော့ -

"ဆရာကြီး ကျွန်တော်တို့ သူ့ကို ငရဲအိုးထဲ ပစ်ချလို့ မရပါဘူး၊ သူ့ကို ပစ်ချလိုက်ရင် ငရဲအိုးအဝကို သက်ငယ် (၆)ပျစ် လာပြီးပိတ်ထားပါတယ်၊ သူက သက်ငယ် (၆)ပျစ်ပေါ် တင်နေပါတယ်၊ သူ့ဆွဲတင်ရင် ပွင့်သွားပါတယ်၊ ပစ်ချရင် ပိတ်ထားပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ သူ့ကို ငရဲအိုးထဲ ပစ်ချလို့ မရပါဘူး"

လို့ ပြောပါသတဲ့။ အဲဒီလို ပြောတဲ့အခါ လူဖြူဖြူကြီးက -

"မင်း စဉ်းစားစမ်း၊ သက်ငယ် (၆)ပျစ်နဲ့ ဘာကုသိုလ် လုပ်ခဲ့သလဲ"

လို့ ပြောတဲ့အခါ အတော်ကြာကြာ စဉ်းစားပြီးမှ ပေါ်လာပါသတဲ့။ ပေါ်လာတော့ ကိုဇျိုင်းက -

"ဆရာကြီး ကျွန်တော်သိပြီ၊ ကျွန်တော်တို့ရွာက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း မိုးတဲ့အခါ သက်ငယ် (၆)ပျစ် လိုနေလို့ လိုက်ရှာရာမှာ ဘယ်မှာမှ မရပါဘူး၊ ကျွန်တော့်အိမ် ရောက်လာပြီး ကျွန်တော့်အိမ် မိုးလို့ ပိုနေတဲ့ သက်ငယ် (၆)ပျစ် ကို တောင်းဝယ်ပါတယ်"

"ကျွန်တော်က ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း မိုးဖို့ဆိုရင် မရောင်းဘူး၊ ပေးမယ်ဆိုပြီး ပေးလိုက်ပါတယ်" လို့ ပြောပြပါတယ်။ အဲဒီလို ပြောတဲ့အခါ လူဖြူဖြူကြီးက -

"ကဲ - မောင်ဖျိုင်း၊ မင်းပြန်တော့၊ မင်းကို သက်ငယ် (၆)ပျစ်က ကယ်လိုက်တယ်"

လို့ ပြောပြီး ငရဲက ပြန်လွှတ်လိုက်ပါသတဲ့။

အဲ - ကိုဖျိုင်းဟာ ငရဲက ပြန်လာတော့ သူတို့တရားဟောဆရာကို သွားပြီးမေးပါသတဲ့။

"ဆရာ၊ ကျွန်တော်တို့ဘုရားက တကယ် ကယ်သလား"

လို့ မေးပါသတဲ့။ အဲဒီလို မေးတဲ့အခါ တရားဟောဆရာက -

"တကယ် ကယ်တာပေါ့ကွ"

လို့ ပြောပါသတဲ့။ အဲဒီလို ပြောတဲ့အခါ ကိုဖျိုင်းက -

"ဆရာ၊ ကျွန်တော့်ကို ငရဲ ခေါ်သွားပြီး ပစ်ချတဲ့အခါ ကျွန်တော်လှူခဲ့တဲ့ သက်ငယ် (၆)ပျစ်က ကယ်တာပဲ တွေ့ခဲ့ရပါတယ်၊ သက်ငယ် (၆)ပျစ် ကုသိုလ်ကြောင့် ငရဲက လွတ်လာခဲ့ပါတယ်"

စသည်ဖြင့် သူတွေ့သမျှ အလုံးစုံကို အကုန်ပြောပြပါသတဲ့။

အဲဒီလို ပြောတဲ့အခါ တရားဟောဆရာက -

"ဒီအတိုင်းသာဆိုလျှင်တော့ ငါ ဗုဒ္ဓဘာသာထဲဝင်ပြီး ရဟန်းခံတော့မယ်"

ဆိုပြီး ရဟန်းခံသွားပါတယ်။ ကိုဖျိုင်းလည်း အဲဒီ ပေကုန်းရွာမှာ မနေတော့ဘဲ လှူပျိုတော်ကွင်းရွာသို့ ပြောင်းလာပြီး ဗုဒ္ဓဘာသာ ထဲ ဝင်လိုက်ပါတယ်။

"ဆရာတော်ဘုရား၊ အဲဒီ ပေကုန်းတို့၊ လှူပျိုတော်ကွင်းရွာတို့ကို ရောက်ဖူးပါသလား ဘုရား"

"ဘာလဲ၊ မယုံလို့ မေးတာလား"

"မဟုတ်ပါဘူး"

"ပေကုန်းရွာကို မရောက်ဖူးပါဘူး၊ ရွာနားက ဖြတ်သွားဖူးပါတယ်၊ လှူပျိုတော်ကွင်းရွာကိုတော့ အကြိမ်ကြိမ် ရောက်ခဲ့ဖူးပါတယ်"

"ကဲ - ထားပါတော့၊ ဒါနတရားဟာ ဘာသာရွေးပါသလား"

"မရွေးပါဘူး ဘုရား"

"ကိုဖျိုင်းဟာ ဘာသာခြားနော်"

"မှန်ပါဘုရား"

"ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း မိုးဖို့ရာ သက်ငယ် (၆)ပျစ် လှူလိုက်တဲ့အတွက် ငရဲက တက်လာခဲ့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး - အဲဒါကြောင့် ဗုဒ္ဓတရားတော်တွေဟာ ဘာသာမရွေး အကျိုးပေးပါတယ်၊ ဘယ်ဘာသာဝင်ပဲ ကုသိုလ်လုပ်လုပ် ကောင်းကျိုးရတယ်လို့ ဗုဒ္ဓက ဟောပါတယ်၊ ရတာလည်း ကိုဖျိုးဝဏ္ဏက လက်တွေ့မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဘယ်ဘာသာဝင်ပဲ ဖြစ်ဖြစ် မကောင်းမှု အကုသိုလ်လုပ်ရင် မကောင်းကျိုး ဆင်းရဲဒုက္ခ ပေးမယ်လို့ ဗုဒ္ဓက ဟောပါတယ်၊ အဲဒါလည်း လက်တွေ့မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် ဗုဒ္ဓတရားတော်ဟာ ဘာသာမရွေး အကျိုးပေးတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ၊ အတွဲ (၈)၊ အမှတ် (၁) မြတ်မင်္ဂလာစာစောင်

# အပျိုသီလ

## (၂၅၄)

ဗုဒ္ဓသာသနာတော်ကို လေ့လာပါလျှင် ဦးစွာပထမ သာသနာတော်သုံးရပ်ကို လေ့လာရပါမည်။ သို့မှသာ ပြည့်စုံပါမည်။ အချုပ်ကို လေ့လာရသော် -

(၁) ပိဋကတ်သုံးပုံဖြင့် ရေတွက်အပ်သော အလုံးစုံသော ဘုရားစကားတို့သည် "ပရိယတ်သာသနာတော်" မည်ပါ၏။

(၂) ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ ဓုတင်အကျင့်၊ ဝတ်အကျင့်နှင့် သမထဝိပဿနာ အကျင့်တို့သည် "ပဋိပတ်သာသနာ" မည်ပါ၏။

(၃) မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်သည် "ပဋိဝေဓသာသနာ" မည်ပါ၏

ယင်းသာသနာတော် သုံးရပ်တွင် ပရိယတ်သာသနာတော်သည် "သင်" သာသနာဖြစ်၏။ မိမိ၌ သင်ယူထားသော ဘုရားဟောကြား ပရိယတ်တရား တစ်ပုဒ် တစ်သုတ်မျှ မရထား၊ မဆောင်ထားနိုင်ပါလျှင် ပရိယတ်သာသနာပ ပုဂ္ဂိုလ်ဖြစ်နေသည်ကို အထူးသတိရှိပါ။

"ပဋိပတ်သာသနာ" ၌ ငါးပါးသီလသည် အောက်ထစ်ဆုံး ပဋိပတ် ဖြစ်၏။ မိမိ၌ ငါးပါးသီလလေးမျိုးမှ တစ်မျိုးမျိုးမျှ မရှိလျှင် ပဋိပတ်သာသနာပ ဖြစ်နေသည်ကို အထူးသတိရှိပါ။

ယင်းသို့ ပရိယတ်၊ ပဋိပတ် နှစ်ရပ်သာသနာ စပ်ခါကျင့်ပါမှ ပဋိဝေဓ သာသနာဆိုသည့် မဂ်. ဖိုလ်. နိဗ္ဗာန်တွေ ပေါ်လာမည် စသည်ဖြင့် မိမိသည် တရားတစ်ပွဲ၌ သီလအကြောင်းကို ဦးစားပေးပြီး ဟောပြောပြသလိုက်၏။ တရားပွဲပြီးသော် အမျိုးသမီးတစ်စု ရောက်လာပြီး ရှိခိုးဦးချကာ တစ်ယောက်က လျှောက်ထား၏။

"ဆရာတော်ဘုရား၊ ခုနက ဟောကြားတဲ့ တရားတော်ထဲမှာ ဘုရားတပည့်တော်တို့ မကြားဘူး၊ မနာဘူးတာတွေ အများကြီး ပါပါတယ်ဘုရား"

"ဘာတွေများ ပါလဲ"

"ဆရာတော်ဘုရားက ငါးပါးသီလ လေးမျိုးရှိတယ်တဲ့၊ အဲဒီလေးမျိုးက ဘာတွေပါလဲဘုရား"

"အမယ်လေး၊ မကြားဘူးလို့သာ မကြားဘူးရတယ်၊ အဲဒီလေးမျိုးကို ဘုန်းကြီး ခဏခဏ ဟောပြလေ့ရှိပါတယ်"

"ဘုရားတပည့်တော်တို့ ဒီတစ်ခါ ပထမဆုံး ကြားနာရခြင်းပါ ဘုရား"

"ကဲ - ဒါဖြင့် မှတ်ထား၊ ရှင်းပြမယ်၊ လူ့အိုသီလ၊ အပျိုသီလ၊ လူပျိုသီလ၊ အနာဂါမ်သီလ ရယ်လို့ ငါးပါးသီလ လေးမျိုး ရှိတယ်"

"အပြည့်အစုံ ရှင်းပြပါဦးဘုရား"

ယခု အများစု အမြဲတမ်း ဆောက်တည်နေကြတဲ့ ငါးပါးသီလကို "လူ့အိုသီလ" လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆို တော့ လူ့အိုတွေမှာ ဇနီး ခင်ပွန်း ရှိကြတယ်၊ အဲဒီ ဇနီး ခင်ပွန်း အချင်းချင်း ပေါင်းသင်းဆက်ဆံခွင့် ရှိတယ်။ မေထုန်ပြုကျင့်နိုင် တယ်၊ မိမိပိုင်ဆိုင်တဲ့ ဇနီး ခင်ပွန်းမှတစ်ပါး တခြားကာမတို့နှင့် ပေါင်းသင်းဆက်ဆံခွင့် မရှိဘူး၊ ဒါကြောင့် လူ့အိုတွေဟာ ပဥ္စ သီလဆောက်တည်ပြီး အိမ်ထောင်နဲ့ နေကြတာ။ ဒါကြောင့် ဆောက်တည်နေကျ ပဥ္စသီလကို "လူ့အိုသီလ" လို့ ခေါ်ပါတယ်။

"အပျိုသီလ"၊ "လူပျိုသီလ" ဟာ အခုခေတ်မှာ ဆောက်တည်သူ မရှိတဲ့အတွက် ကွယ်နေတယ်လို့ ပြောရမှာပဲ"

အပျို - လူပျိုတွေမှာ အိမ်ထောင် မရှိတာ၊ ဇနီးခင်ပွန်း မရှိတာ၊ "အဗြဟ္မစရိယသိက္ခာပုဒ်" ကို လုံခြုံအောင် စောင့်ထိန်း နိုင်တယ်။ အဲဒီ သိက္ခာပုဒ်က "ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်" ထက် အဆင့်အတန်းမြင့်တယ်။

ဟုတ်တယ်လေ၊ "ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်" ကို စောင့်ထိန်းထားသူ လူ့အိုတစ်ယောက်ဟာ မိမိတို့ ဇနီးမောင်နှံ အချင်းချင်း ပေါင်းသင်းဆက်ဆံခွင့် ရပါတယ်။ ပေါင်းသင်းဆက်ဆံခြင်းကြောင့် အပြစ်မရှိပါဘူး။ အဲ - သူများကာမကို ပေါင်းသင်း ဆက်ဆံလျှင်တော့ အပြစ် ဖြစ်၏။

"အပျိုသီလ" ကို "ကောမာရီဗြဟ္မစရိယသီလ" လို့ ခေါ်ပါတယ်။ "လူပျိုသီလ" ကို "ကောမာရဗြဟ္မစရိယသီလ" လို့ ခေါ်ပါကယ်။ အပျို - လူပျိုတွေမှာ ဇနီးမောင်နှံမရှိတော့ "ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်" နှင့် မသက်ဆိုင်ပါဘူး။ "အဗြဟ္မစရိယ သိက္ခာပုဒ်" ကို အပျို - လူပျိုတွေဟာ သဘာဝအားဖြင့် စောင့်ထိန်းထားပြီးသား ဖြစ်နေပါတယ်။

ဒါကြောင့် အပျို လူပျိုတွေ စောင့်ရမယ့် သီလဟာ "ကောမာရီဗြဟ္မစရိယသီလ" နှင့် "ကောမာရဗြဟ္မစရိယသီလ" တို့ ဖြစ်ပါတယ်။

"ဆရာတော်ဘုရား၊ ဆောက်တည်ပုံကို ရှင်းပြပေးပါဦးဘုရား"

အပျိုတွေက -

"အဟံ ဘန္တေ တိသရဏေန သဟ ကောမာရီဗြဟ္မစရိယသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ" လို့ သီလတောင်းပါ။ ဒုတိယမ္ပိ၊ တတိယမ္ပိ စသည် ဆက်ဆိုပါ။

အပျိုသီလနှင့် လူပျိုသီလမှာ "ရ" မှာ လုံးကြီးတင် ပါတာနှင့် မပါတာပဲ ထူးပါတယ်။

"ဆရာတော်ဘုရား၊ "ကောမာရီ - ကောမာရဗြဟ္မစရိယ" အဓိပ္ပာယ်က ဘယ်လိုပါလဲဘုရား"

"ဩော် - ကောမာရီဗြဟ္မစရိယသီလ (ဟာ) ငယ်မူဖြူစင်သူတို့၏ မြတ်သောအကျင့်သီလ ဟူသော ဓမ္မသိက္ခာပုဒ် အကျင့် (လို့) အနက်အဓိပ္ပာယ် ဖော်ရပါတယ်"

"ကောမာရီ" နှင့် "ကောမာရ" မှာ "ရ" မှာ လုံးကြီးတင် ပါတာ မပါတာ ထူးပေမဲ့ အနက်အဓိပ္ပာယ်ကတော့ အတူတူ ပါပဲ။

"ဆရာတော်ဘုရား၊ ပို့မယ့်ပို့လျှင် ကူးတို့ရောက်အောင် ပို့ပါဆိုတာလို အဲဒီ အပျိုသီလ၊ လူပျိုသီလကို အစအဆုံးပဲ ယူပုံယူနည်း ပြန်ပြောပြပေးပါဘုရား"

"အဟံ ဘန္တေ တိသရဏေန သဟ ကောမာရိပြဟ္မစရိယသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ"

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည်သရဏဂုံသုံးပါးနှင့်တကွ ငယ်သွေးငယ်မှုဖြူစင်သူတို့၏မြတ်သောအကျင့် သီလဟူသော သိက္ခာပုဒ်အကျင့်ကို တောင်းပန်ပါ၏ အရှင်ဘုရား၊ ဘုရားတပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ သီလကို ပေးတော်မူပါကုန်ဘုရား"

"ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း"

"တတိယမ္ပိ သုံးကြိမ်မြောက်လည်း" ဆိုပါ အတူတူပါပဲ။

"နမော တဿနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည်တို့ဟာ အတူတူပါပဲ။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာ ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - ပိုင်ရှင်မှ မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာ ဆောက်တည်ပါ၏။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ကြောင်း ဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာ ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာ ဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - မေ့လျော့ ပေါ့ဆခြင်း၏ အကြောင်းစင်စစ် မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်ထဲ၌ မြဲစွာ ဆောက်တည်ပါ၏။

ကဲ - ဒီလောက်ဆိုလျှင် သဘောပေါက်လောက်ပါပြီ၊ ရိုးရိုးပဉ္စသီလ လူ့အိုသီလထဲမှာ "ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်" ကို ဖြုတ်ပြီး "အဗြဟ္မစရိယသိက္ခာပုဒ်" ထည့်လိုက်ရင် ပြီးတာပါပဲ။

"ဆရာတော်ဘုရား၊ အဲဒီ အပျိုသီလကို ရှေးက ဘယ်အပျိုတွေ ဆောက်တည်ကြပါသလဲဘုရား"

"ရှေးက ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ကိကီမင်းကြီးရဲ့သမီးတော် ခုနစ်ဖော်တို့က ရဟန်းမိန်းမ ပြုဖို့ရာ ခွင့်တောင်းတာ မရလို့ အဲဒီ သီလကို အပျိုစင်ဘဝနဲ့ အနှစ်နှစ်သောင်းတိုင်တိုင် နေထိုင်သွားကြတယ်"

အဲဒီ ကိကီမင်းကြီးရဲ့သမီးတော် ခုနစ်ဖော်တို့ဟာ ဘုန်းကြီးတို့ ဘုရားရှင်လက်ထက်တော်အခါမှာ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ပဋာစာရီထေရီ၊ ကုဏ္ဍလကေသာထေရီ၊ ကိသာဂေါတမီထေရီ၊ ဓမ္မဒိန္နာထေရီနှင့် ဝိသာခါ ကျောင်းအမ ကြီးတို့ရယ်လို့ အကျော်အမော်တွေ ဖြစ်လာပါတယ်"

"ရှင်းပါပြီ ဆရာတော်ဘုရား၊ ငါးပါးသီလ နောက်တစ်မျိုးဖြစ်တဲ့ အနာဂါမ်သီလကို ရှင်းပြပါဦးဘုရား"

"ဩော် - အဲဒါက "ဗြဟ္မစရိယ ပဉ္စမသီလ" ကို "အနာဂါမ်သီလ" လို့ပဲ အလွယ်ခေါ်တာပါ၊ သီလတောင်းလျှင် -

"အဟံ ဘန္တေ တိသရဏေန သဟ ဗြဟ္မစရိယ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေ ဘန္တေ"

ဒုတိယမ္ပိ၊ တတိယမ္ပိ စသည် ဆိုပါ၊ အဓိပ္ပာယ်ကတော့ -

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ကောင်းမြတ်သော အကျင့်လျှင် ငါးခုမြောက်သော သီလဟူသော သိက္ခာပုဒ်အကျင့်ကို တောင်းပန်ပါ၏။ အရှင်ဘုရား၊ ဘုရားတပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ သီလကို ပေးတော်မူပါကုန်ဘုရား" ဒီလောက်ဆိုလျှင် သဘောပေါက်ပါပြီနော်"

"မှန်ပါဘုရား၊ အဲဒီသီလကို ရှေးက ဘယ်လိုပုဂ္ဂိုလ်တွေ ဆောက်တည်ခဲ့ပါသလဲ ဘုရား၊ အခုအခါမှာ ဘယ်သူတွေ ဆောက်တည်သင့်ပါသလဲ ဘုရား"

"အဲဒီ ဗြဟ္မစရိယ ပဉ္စမသီလ အနာဂါမ်သီလကို ရှေးက ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်နဲ့ ဝဇ္ဇီတိုင်းသား ဥဂ္ဂ သူကြွယ်တို့ဟာ အိမ်ရှိမယားတို့ကို စွန့်ပြီး တစ်သက်လုံး ဆောက်တည်ကြပါတယ်၊ သူတို့က အနာဂါမ်တွေမို့ ဒီသီလကို အနာဂါမ်သီလလို့ ခေါ်တာပါ။

အနာဂါမ် မဟုတ်သော်လည်း အိမ်ထောင်ရှင်များ၊ အိမ်ထောင်ပျက်နေကြတဲ့ အိမ်ထောင်ဘက် မရှိတဲ့ လူအိုများဟာ ဒီ ဗြဟ္မစရိယ ပဉ္စမသီလကို ဆောက်တည်သင့်ပါတယ်။

ဟုတ်တယ်လေ၊ သူတို့မှာ ပင်ကိုယ်အားဖြင့် အဗြဟ္မစရိယ သိက္ခာပုဒ်ဟာ လုံခြုံနေပြီပဲ၊

အပျို လူပျိုများကတော့ ကောမာရီဗြဟ္မစရိယသီလနှင့် ကောမာရဗြဟ္မစရိယသီလ ဆောက်တည်ရပါမယ်၊ သူတို့ ကလည်း ပင်ကိုယ်အားဖြင့် အဗြဟ္မစရိယသိက္ခာပုဒ် လုံခြုံနေပြီပဲ၊

အဲဒီလို ပင်ကိုယ်အားဖြင့် အဗြဟ္မစရိယသိက္ခာပုဒ် လုံခြုံနေသူ လူအိုများ၊ အပျို လူပျိုများဟာ ရိုးရိုးပဉ္စသီလ၊ လူတို့ ငါးပါးသီလကိုသာ စောင့်ထိန်းနေလျှင် မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

"အေး - ရှုံးတယ်၊ အဲဒီ သီလတွေဟာ ဆောက်တည်သူ မရှိလို့ ကွယ်နေတယ်၊ ယခုမေးလို့ သိသွားပြီဖြစ်တော့ မကွယ် အောင် ဆောက်တည်ကြပါနော်၊ ဘုန်းကြီးတပည့် တော်တော်များများဟာ အဲဒီ သီလတွေကို ဆောက်တည်ကြပါတယ်"

"တပည့်တော်တို့ကိုလည်း တပည့်ရင်း မှတ်ပါဘုရား၊ တပည့်တော်တို့လည်း ယနေ့စပြီး ဆောက်တည်ကြပါ မယ်ဘုရား"

"အေး - ကောင်းတယ်၊ ကောင်းတယ်"

၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ အမှတ် (၃၈)၊ မေ့ရုံသီမင်္ဂဇင်း။

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

🕮

# ဝါပန့်အကြောင်း သိဖို့ကောင်း

(၂၅၅)

ဗုဒ္ဓသာသနာတော်သည် "သင်သာသနာ" "ကျင့်သာသနာ" "ထိုးထွင်းသိသာသနာ" ဟူ၍ သာသနာသုံးရပ် ရှိပါသည်။ ယင်းကိုကြည့်ရှုလျှင် ဗုဒ္ဓသာသနာသည် အကိုးကွယ်ခံ သာသနာသက်သက် မဟုတ်ပါ။ ဗုဒ္ဓသာသနာဝင်တို့သည် သင်ရမည်၊ကျင့်ရမည်၊ သို့မှသာ ထိုးထွင်းသိမြင်နိုင်ပါမည်။

ယင်းသို့ သင်ရာ ကျင့်ရာ၌ အခြားကာလများထက် ဝါတွင်းကာလသည် ဗုဒ္ဓသာသနာဝင်တွေအတွက် အထူးအရေးကြီးပါသည်။ ရဟန်းတော်များအတွက်ဆိုလျှင် ဝါဆိုရာကျောင်းမှ အကြောင်းမရှိဘဲ အရပ်တစ်ပါးသို့ ခရီးမသွားရပါ။ သွားရန် အကြောင်းပေါ်ပါက ဝါပန်၍ သွားရပါသည်။

ဝါပန်ခြင်းနှင့် ပတ်သက်၍ လူ့ရှင့်ရဟန်း အားလုံး သိသင့်ပါသည်။ သို့မှသာ ဆရာဒကာ အပြစ်ကင်း၍ ကောင်းကျိုးရမည် ဖြစ်ပါသည်။ သိသင့်၍ သိချင်သူ ရဟန်းငယ်တစ်ပါးက မေးလျှောက်၏ -

"ဆရာတော်ဘုရား၊ ဝါပန်ကောင်းတဲ့ အကြောင်းအရာများ သိချင်ပါတယ်ဘုရား"

"မောင်ပဥ္စင်းက ဘာစိတ်ကူးပေါက်လို့ ဝါပန်ကောင်းတဲ့အကြောင်းတွေ သိချင်နေတာလဲ"

"အခြားတော့ မဟုတ်ပါဘုရား၊ ဝါတွင်းလည်း ဖြစ်နေလို့ အကြောင်းဆုံလို့ သိချင်တာနဲ့ မေးလျှောက်တာပါဘုရား"

"ဝါပန်ဖို့အကြောင်း စတင်ဖြစ်ပေါ်လာပုံက ဒီလို မောင်ပဥ္စင်းရဲ့၊ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတဲ့အခိုက်ပေါ့၊ ကောသလတိုင်း ဇနပုဒ်တစ်ခု၌ နေတဲ့ "ဥဒေန" အမည်ရှိတဲ့ ဒကာက သံဃာတော်များ သီတင်းသုံးဖို့ရန် ကျောင်းဆောက်လုပ်ပြီးတဲ့အခါ -

"အရှင်မြတ်တို့ဘုရား တပည့်တော်၏ ကျောင်းကို ရေစက်ချ၍ လှူဒါန်းလိုပါသည်၊ တရားတော်ကိုလည်း နာကြားလိုပါသည်၊ အရှင်ဘုရားတို့အားလည်း ဖူးမြင်လိုပါသည်" ဟု လူလွှတ်ပြီး ပင့်လျှောက်ခိုင်းပါတယ်၊ အဲဒီလို ပင့်တဲ့အခါ ရဟန်းတော်တွေက -

"ဝါတွင်းသုံးလအတွင်း၌ ဒေသစာရီ မလှည့်လည်ရဟု ပညတ်ထားတော်မူသောကြောင့် မကြွလာနိုင်ပါ၊ ဝါကျွတ် အောင် ဆိုင်းပါဦး၊ ဝါကျွတ်သောအခါမှ ကြွလာကြပါမည်၊ အကယ်၍အဆောတလျင် လှူလိုပါက ဒကာတို့အရပ်ဒေသ၌ သီတင်း သုံးနေထိုင်ကြသော ရဟန်းတော်များအား လှူဒါန်းလိုက်ပါ" လို့ အကြောင်းပြန်ကြားလိုက်ပါတယ်။

အဲဒီ အကြောင်းပြန်တဲ့ စကားကို ဥဒေန ဒကာ ကြားရတဲ့အခါ -

"ဘယ်လိုလဲ၊ ငါသည် သံဃာတော်များကို လုပ်ကျွေးနေသူ လှူဒါန်းနေသူ ဖြစ်ပါလျက် အဘယ့်ကြောင့် ငါပင့်တာ ကို သံဃာတော်များ မကြွနိုင်ကြပါလိမ့်မလဲ" လို့ ကဲ့ရဲ့ ပြစ်တင် ရှုတ်ချသော စကားကို ဘုရားရှင် ကြားတော်မူပါတယ်။

အဲဒီလို ကြားတဲ့အခါ ဘုရားရှင်က ရဟန်းတော်များကို ခေါ်တော်မူ၍ -

"ရဟန်းတော်များ အို - ချစ်သားတို့၊ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေယောက်ျား၊ သာမဏေ မိန်းမ၊ လူဒကာ၊ လူဒကာမ ခုနစ်ဦးတို့က ခုနစ်ရက်ပြဖွယ်ကိစ္စဖြင့် ပင့်လျှောက်သော် ဝါပန်၍ သွားအပ်၏၊ မပင့်လျှောက်သော် မသွားအပ်" လို့ ပညတ်တော်မူပါတယ်။

"ပင့်တော့ ဘယ်လိုပင့်ရပါ့မလဲ ဘုရား"

"အေး - ပင့်တာတော့ ပင့်တတ်ဖို့ အရေးကြီးပါတယ်၊ ပင့်တဲ့အခါ "လှူလိုပါတယ်၊ တရားတော်ကို နာလိုပါတယ်၊ ဖူးမြင်လိုပါတယ်" လို့ အကြောင်းပြချက် သုံးချက်နှင့် အဲဒီ (၇)ဦးမှာ တစ်ဦးဦးက ပင့်လျှင် ဝါပန်၍ သွားကောင်းပါတယ်"

အေး - အဲဒီလို ပညတ်ပြီးနောက် များမကြာမီ ရဟန်းတော်တစ်ပါး မကျန်းမမာလို့ တမန်လွှတ်ပြီး ရဟန်းတော်တို့ကို အပင့်ခိုင်းကြောင်း ဘုရားရှင် သိတဲ့အခါ -

"ရဟန်းတော်များ အို - ချစ်သားတို့၊ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေယောက်ျား၊ သာမဏေ မိန်းမ အားဖြင့် သီတင်းသုံးဖော် ငါးဦးတို့အထံသို့ မပင့်သော်လည်း ခုနစ်ရက်ပြဖွယ်ကိစ္စဖြင့် သွားထိုက်၏၊ ပင့်သော်ကား ဆိုဖွယ်ရာမရှိ သွားထိုက်၏" လို့ ပညတ်ပါတယ်။

အေး - သီတင်းသုံးဖော် ငါးဦးတို့အထံ မပင့်သော်လည်း ဝါပန်သွားကောင်းတယ် ဆိုပေမဲ့ အကြောင်းမဲ့မူကား မသွား ရပါ၊ သွားသင့်တဲ့အကြောင်းကို ပြောပြပါ့မယ်။

"နာဖျားနေသော သီတင်းသုံးဖော် ငါးဦးတို့၏ အလို့ငှာ ဂိလာနဆွမ်းရှာမှီးရန်၊ ဂိလာနဆေးရှာမှီးရန်၊ ဂိလာနပြုစုသူ အတွက် ဆွမ်းရှာမှီးရန်၊ ရောဂါမေးမြန်းရန်၊ လူနာကို ပြုစုစောင့်ရှောက်ရန်" ဆိုတဲ့ အကြောင်းတို့ဖြင့် သွားအပ်ပါတယ်။

ယခုအခါမှာ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေမိန်းမများ မရှိတော့၍ သူတို့ကို ချန်ပြီး အကျယ်ချဲ့၍ ပြောရလျှင် ရဟန်းယောက်ျားများအထံသို့ မပင့်ဖိတ်ဘဲ သွားအပ်တဲ့ အကြောင်းများမှာ ဆယ်ပါးတောင် ရှိပါတယ်။

အဲဒီ ဆယ်ပါးက -

"ဖျားနာနေသော ရဟန်း၊ သာသနာတော်၌ မမွေ့လျော်ဘဲ ဖြစ်နေသောရဟန်း၊ သိက္ခာပုဒ်၌ သို့လော သို့လော တွေး တောနေသော ရဟန်း၊ မှားသောအယူသို့ သက်ဝင်နေသော ရဟန်း၊ သံဃာဒိသေသ် အာပတ်သင့်နေသော ရဟန်း၊ ပရိဝါသ် ထိုက်နေသော ရဟန်း၊ မူလအရင်းသို့ ငင်ခြင်းငှာထိုက်နေသော ရဟန်း၊ မာနတ်ထိုက်သော ရဟန်း၊ အဗ္ဘာန်ထိုက်နေသော ရဟန်း၊ သံဃာသည် တဇ္ဇနီယကံပြုလိုသော ရဟန်း သို့မဟုတ် ပြုပြီးသော ရဟန်း" တို့ ဖြစ်ပါသည်။

သာမဏေယောက်ျား၏အထံသို့ မပင့်ဖိတ်ဘဲ သွားအပ်တဲ့ အကြောင်းများမှာ -

ဖျားနာနေသော သာမဏေ၊ သာသနာတော်၌ မမွေ့လျော်ဘဲ ဖြစ်နေသော သာမဏေ၊ သိက္ခာပုဒ်တို့၌ သို့လော သို့လော တွေးတောနေသော သာမဏေ၊ မှားသောအယူသို့ သက်ဝင်နေသော သာမဏေ၊ ယင်းသာမဏေ၏အသက်(၂၀)ပြည့် မပြည့် မေးလိုခြင်း၊ ရဟန်းခံလိုသော သာမဏေ" ရယ်လို့ (၆)ပါးသော အကြောင်းတို့ဖြင့် သွားအပ်ပါတယ်။

အေး - အဲဒီနောက် အကြောင်းတစ်ခု ပေါ်လာပြန်ပါတယ်။ ရဟန်းတော်တစ်ပါးရဲ့ မယ်တော် မကျန်းမမာ ဖျားနာနေရာက -

"ငါဖျားနေပါတယ်။ ငါ့သားလာလျှင် ကောင်းမှာပဲ"

လို့ သားရဟန်းထံသို့ သတင်းပို့ လျှောက်ကြားတဲ့အခါ သားရဟန်းက -

"ငါ ဘယ်ကဲ့သို့ သွားရပါအံ့နည်း။ မြတ်စွာဘုရားကလည်း သိက္ခာပုဒ်ပညတ်ထားတယ်။ ငါ၏ မယ်တော်သည်လည်း မကျန်းမမာဖြစ်နေသည်။ ထိုမယ်တော်သည်လည်း ရတနာသုံးပါးသို့ သက်ဝင်ဆည်းကပ်သော သီတင်းသည် ဒါယိကာမက မဟုတ်သေးပါ။ ငါဘယ်ကဲ့သို့ ပြုကျင့်ရပါမည်နည်း"

ဟု အကြံရခက်နေသဖြင့် ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က -

"ရဟန်းတော်များ အို - ချစ်သားတို့၊ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သိက္ခာမာန်၊ သာမဏေယောက်ျား၊ သာမဏေမိန်းမ၊ အမိအဖတို့ ခုနစ်ဦးထံသို့ မပင့်သော်လည်း သွားကောင်း၏။ ပင့်သော်ကား ဆိုဖွယ်ရာမရှိ သွားကောင်း၏"

လို့ ပညတ်တော်မူပါတယ်။

အဲဒါကြောင့် မိဘနှစ်ပါး နေမကောင်းတဲ့အခါ သူတို့ကိစ္စ ပြုလုပ်ပေးရန် မပင့်ဖိတ်သော်လည်း သွားအပ်ပါတယ်။ အဲဒီ ခုနစ်ဦးမှ ကြွင်းလျှင် -

"လှူခြင်းငှာ၊ တရားနာခြင်းငှာ၊ ဖူးမြင်ခြင်းငှာ"

ဆိုတဲ့ အချက်(၃)ချက် ပါဝင်ကာ ပင့်ဖိတ်မှသာလျှင် ဝါပန်၍ သွားကောင်းပါတယ်။

အဲဒီမှတစ်ပါး ရဟန်းတော်၏ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ၊ ဆွေမျိုးတော်သူ၊ ရဟန်းတော်နှင့် တစ်ကျောင်းတည်း အတူနေသော ကပ္ပိယဒကာများ ဖျားနာရာသို့မူ သံဃာ၏ပြုဖွယ်ကိစ္စဖြင့် ပင့်ဖိတ်ပါမှ သွားအပ်ပါတယ်။

"မှန်ပါ၊ ဒီလောက်ဆိုလျှင် လုံလောက်ပါပြီဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

📖

# လဆန်းကိုးရက် ဝါပန်ထွက်

(၂၅၆)

"လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ" ဆိုသော စကားကို လူ၊ ရှင်၊ ရဟန်း အားလုံးတို့ ကြားဖူးနေကြပါတယ်။ မိမိသည်လည်း ငယ်စဉ်ကာလ ကလေးဘဝကပင် ကြားဖူးနေ၍ ယခုတိုင် မမေ့မပျောက် ရနေပါသည်။

လူတိုင်းလိုလို ကြားဖူးနေ၍ ရနေကြသော ယင်းစကားနှင့် ပတ်သက်၍သံသယရှိ၍လည်းကောင်း၊ သိလို၍လည်းကောင်း မေးမြန်းသူ ရှားရှားပါးပါးထဲမှ တစ်ပါးက မေးလျှောက်လာ၏။

"ဆရာတော်ဘုရား၊ "လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ" ဆိုတဲ့ အဓိပ္ပာယ်ကို တပည့်တော်သိချင်ပါတယ်၊ ရှင်းပြပေးပါဘုရား"

မိမိစာကြည့်နေစဉ် ပဥ္စင်းငယ်တစ်ပါးက လာရောက်ရှိခိုးဦးချကာ လျှောက်ထားခြင်းဖြစ်၏။

"အဲဒီ အဓိပ္ပာယ်ကို ဘယ်လိုသိချင်တာလဲ"

"လဆန်းကိုးရက်၊ ဝါပန်ထွက်လျှင် ပြန်မလာက ဝါကျိုးတယ်။ ဝါကျွတ်သွားလို့ ပြန်ရက် မရှိတာ" စသည်ဖြင့် သိချင်လို့ပါဘုရား"

"ဒေအး - ဒေအး ၊သိချင်တာ ကောင်းပါတယ်။ သိလည်း သိထိုက်ပါတယ်။ ဝါပန်တယ်ဆိုရာမှာ ခုနစ်ရက် ပြုဖွယ်ကိစ္စရှိလို့ သွားရာ၌ ဝါဆိုသော ကျောင်းတိုက် ဥပစာရသိမ်အတွင်း၌ တည်သဖြင့်သာလျှင် "ခုနစ်ရက်အတွင်း ပြန်လာပါအံ့" လို့ နလုံးသွင်းပြီး သွားရမှာပါ"

"အကယ်၍ "ပြန်လာပါအံ့" လို့ နလုံးမသွင်းဘဲ သတိမေ့၍ သွားခဲ့သော် ဝါဆိုသော ကျောင်းတိုက် ဥပစာရသိမ်ကို လွန်သွားသည်နှင့် တစ်ပြိုင်နက် ဝါကျိုးပါတယ်"

"ဟင် - ဒီလိုဆိုရင် လဆန်းကိုးရက် ဝါပန်ထွက်ကတည်းက ပြန်မလာတော့ဘူး။ ဟိုမှာပဲ ဝါကျွတ်တော့မယ်ဆိုလျှင် ကျောင်းက ထွက်သွားကတည်းက ဝါကျိုးပြီပေါ့ဘုရား"

"အေး - အဲဒါ စဉ်းစားကြည့်ပေါ့"

ပြီးတော့ "ဝါကျွတ်" တာနှင့် ပတ်သက်၍လည်း စဉ်းစားကြည့်ဦး၊ ဝါဆိုတုန်းက ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှစ၍ ဝါဆို၍ သီတင်းကျွတ် လပြည့်နေ့၌ မဟာပဝါရဏာပြုပြီး အထွက်တစ်ရက်နေ့လို့ခေါ်တဲ့ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ အရက်တက်မှ "ဝါကျွတ်" ပါတယ်။

သီတင်းကျွတ်လပြည့်နေ့ မဟာပဝါရဏာနေ့၌ ပဝါရဏာ ပြုပြီးသည်ဖြစ်စေ၊ မပြုရသေးသည်ဖြစ်စေ ခုနစ်ရက် ပြဖွယ်အကြောင်းရှိမှသာလျှင် အရပ်တစ်ပါးသို့ ဝါပန်၍ပဲ သွားကောင်းပါတယ်။ အကြောင်းမရှိဘဲ ဝါပန်သွားလျှင် ဝါလည်း ကျိုးပါတယ်၊ အာပတ်လည်း သင့်ပါတယ်။

"ဘာကြောင့်ပါလဲဘုရား"

"အကြောင်းကတော့ ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့သည်လည်း ဝါတွင်းသုံးလ၌ အကျုံးဝင်သော ကြောင့်လို့ ဆိုပါတယ်"

"ဟင် - ဒီလိုဆိုရင် "ဝါကျွတ်သော ရဟန်းတို့အား ပဝါရဏာကို ခွင့်ပြုတယ်" ဆိုတဲ့ စကားအရ ပဝါရဏာပြုပြီးလျှင် ဝါကျွတ်တယ်ဆိုပြီး သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုပြီးလျှင် ခရီးထွက်ကြတဲ့အခါ ဝါကျိုးပြီပေါ့ဘုရား"

အေး - အဲဒီ ဝါကျွတ်တာနှင့် ပတ်သက်၍ ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာကံကို အစွဲပြု၍ ဥပစာရအားဖြင့် ဝါကျွတ်ပါတယ်။ မုချအားဖြင့် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ ဝါကျွတ်တယ်လို့ မှတ်ပါ။

ကထိန်နှင့် စပ်ပြီး ပြောရလျှင် -

"အကြင် အပိုင်းအခြားအားဖြင့် ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ် လပြည့်နေ့၌ ကထိန်မခင်းအပ်၊ ထိုအပိုင်းအခြား အားဖြင့် ရဟန်းတို့လည်း ဝါကျွတ်သည် မမည်ကုန်"

အကြောင်းကား -

"ပဝါရဏာနေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ကို ကထိန်ခင်းအပ်သောနေ့ အဖြစ် ဘုရားရှင် မဟောကြားအပ် သောကြောင့်" တဲ့။

မုချအားဖြင့် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့ အရက်တက်မှ ဝါကျွတ်ပါတယ်၊ ကထိန်ခင်းအပ်ပါတယ်။ ခုနစ်ရက် ပြဖွယ်ကိစ္စမရှိဘဲ သွားအပ်ပါတယ်။

"ဟင် - ဒီလိုဆိုလျှင် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဝါကျွတ်၍ ဘုရားရှင်သည် တာဝတိံသာနတ်ပြည် မှ လူ့ပြည်သို့ ကြွလာကာ ဝါကျွတ်လို့ဆိုပြီး ကျွတ်ကုန်ကြတာ ဘယ့်နယ်လုပ်ပါ့မလဲဘုရား"

"အေး - ပဝါရဏာနေ့ဖြစ်တဲ့ သီတင်းကျွတ်လပြည့်နေ့၌ အဲဒီ ပဝါရဏာကံကို အစွဲပြုပြီး ဥပစာရနည်းအားဖြင့် ဝါကျွတ်တယ်လို့ မှတ်ပါ။ တစ်စိတ်တစ်ဒေသ ဧကဒေသနည်းအားဖြင့် ဝါကျွတ်တယ်လို့ မှတ်ပြီးလျှင် သုတ္တန်ဒေသနာတော် သည် ပရိယာယဒေသနာဖြစ်၍ ဥပစာနည်းဖြင့် ဝါကျွတ်တယ်လို့ ဆိုတယ်မှတ်ပါ။

အေး - သိက္ခာပုဒ်ကို ပညတ်ရာ၌လည်း သာဝကတို့ကို ရည်ရွယ်ပြီး ပညတ်တော်မူတာပါ။ ဘုရားရှင်ကို ရည်ရွယ်ပြီး ပညတ်တာ မဟုတ်ပါ။

ပြီးတော့ သီတင်းကျွတ်လပြည့်နေ့ တာဝတိံသာမှ လူ့ပြည်သို့ ဘုရားရှင်ဆင်းရာမှာ ခုနစ်ဝါသာ ရှိသေးသဖြင့် ဝါဆို ရသော သိက္ခာပုဒ်ကို မပညတ်ရသေးပါဘူး။

"ဒီလိုဆိုလျှင် ရှင်းပါပြီဘုရား။ မရှင်းတာက ခုနစ်ရက်ကိစ္စ ကျန်ပါသေးတယ်ဘုရား၊ လဆန်းကိုးရက် ဝါပန်ထွက်တဲ့ အခါ ဘယ်ရက်မှာ ခုနစ်ရက်ပြည့်ပါသလဲဘုရား"

"အေး - အဲဒါ မေးစရာပဲ။ လဆန်းကိုးရက်နေ့ အရုဏ်မတက်မီသွားလျှင် အပြင်မှာ ငါးအရုဏ်တက်ပြီး ပြန်လာရပါမယ်။ လဆန်းကိုးရက်နေ့ အရုဏ်တက်ပြီးမှသွားလျှင် အပြင်မှာ ခြောက်အရုဏ်တက်ပြီး ပြန်လာရမယ်"

"အဲဒီစကားအရဆိုလျှင် လဆန်းကိုးရက်နေ့ အရုဏ်မတက်မီ ဝါပန်ထွက်လျှင် လဆန်း(၁၄)ရက်နေ့ ပြန်လာရပါမယ်။ လဆန်းကိုးရက် အရုဏ်တက်ပြီးမှ ဝါပန်ထွက်လျှင် လပြည့်နေ့ ပြန်လာရပါမယ်"

"ပြန်မလာက လပြည့်ကျော် တစ်ရက်နေ့ရောက်လျှင် တစ်ရက်တည်းနှင့် ကပ်ပြီး ဝါလည်းကျွတ်၊ ဝါလည်း ကျိုးပါတယ်။ ဒါကြောင့် ပြန်ရက်မရှိတာပါ"

"မှန်ပါ၊ ရှင်းပါပြီဘုရား၊ ဝါပန်တာနှင့် ပတ်သက်ပြီးတော့ မရှင်းတာက ပထမဝါဆိုတဲ့ ရဟန်းဟာ ခုနစ်ရက်ကိစ္စရှိပါမှ ပထမဝါဆိုနေ့ဖြစ်တဲ့ ဝါဆိုလပြည့်ကျော်(၁)ရက်နေ့၌ ဝါဆိုပြီးလျှင်ပြီးချင်း အဲဒီနေ့မှာပဲ ဝါပန်၍ သွားကောင်းပါသလားဘုရား"

"အင်း - သွားကောင်းတယ်လို့ ဆိုပါတယ်။ ခုနစ်ရက်ကိစ္စဖြင့် ဝါပန်၍ ထွက်သွားရာ ကျောင်းအာရာမ် ဥပစာကို လွန်ကာမှ ထီး၊ ဖိနပ် မေ့ကျန်လို့ ပြန်ယူပြီးမှ ပြန်သွားရာ၌ သွားလိုသောကိစ္စ၌ လုံ့လရှိနေ၍ ဝါမပျက်ဘူးလို့ ဆိုပါတယ်"

"မှန်ပါ၊ ဒီလောက်ဆိုလျှင် သဘောပေါက်ပါပြီ။ အန္တရာယ်ကြောင့် ဝါပျက်လျှင် အာပတ်မသင့်ဘူးလို့ ဆိုပါတယ်၊ အန္တရာယ်က ဘယ်လိုအန္တရာယ်တွေပါလဲဘုရား"

အန္တရာယ်က ဝါဆိုကပ်သော ရဟန်းတို့ကို သားရဲ၊ မြွေ၊ သူခိုး၊ မြေဘုတ်ဘီလူးတို့ နှိပ်စက်ကုန်အံ့၊ ဝါဆိုကျောင်းနှင့် ဆွမ်းခံရွာ ရေမျော၊ မီးလောင်ဖြစ်အံ့၊ နသော၊ ကြမ်းသော ဆွမ်းကို အလိုပြည့်ရုံမျှ မရအံ့၊ လျောက်ပတ်သော ဆွမ်းဆေးကို မရအံ့၊ လျောက်ပတ်သော အလုပ်အကျွေးကို မရအံ့ စတဲ့ အန္တရာယ်တွေပါပဲ"

"မှန်ပါ၊ ရှင်းပါပြီဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

# မုဆိုးဖိုနဲ့ ညားတတ်တယ်

## (၂၅၇)

ဤသည့်ကမ္ဘာလောကကြီးသည် ကျယ်ဝန်းသည်၊ လူအမျိုးမျိုး နတ်အထွေထွေဖြင့် သတ္တဝါတွေ များပြားသလောက် အယူဝါဒတွေလည်း များပြားလှပါသည်။

ယင်းသို့ပင် အယူဝါဒတွေ များပြားလှပါသော်လည်း အကျဉ်းချုံးလိုက်ပါမူ မှန်ကန်သောအယူဝါဒနှင့် မမှန်ကန်သော အယူဝါဒဟူသော အယူဝါဒနှစ်မျိုးအတွင်းသို့သာလျှင် သက်ဝင်သွားပါသည်။

ယင်းတွင် မမှန်ကန်သော အယူဝါဒသည် အမျိုးမျိုးရှိပါသည်။ ရေတွက်မရ များပြားလှပါသည်။ ယင်းအများထဲမှ တစ်ခုသည်မှ မိမိထံသို့ ရောက်လာသည်၊ ယင်းအယူဝါဒနှင့် ပတ်သက်၍ မိမိအံ့ဩသွားသလို စာရှုသူတို့လည်း အံ့ဩကောင်း အံ့ဩသွားပါမည်။

မှန်ပါသည်။ အယူဝါဒလည်း အံ့ဩစရာပင်ဖြစ်ပါသည်။ ယင်းအယူဝါဒကား အဘယ်နည်း။

(၂၂-၂-၉၁) ရက်နေ့က ဖြစ်၏။ ဓမ္မဒေသနာခရီးသည်အဖြစ် ခရီးသွားခိုက် မိမိတပည့်မ နန်းနွယ်နှင့် အဖော်တစ်စုနှင့် တစ်နေရာတွင် ဆုံမိ၏။ ထိုအခါ နန်းနွယ်က - "ဘုန်းဘုန်းဘုရား၊ ဒါ တပည့်တော် သူငယ်ချင်းတွေပါဘုရား၊ ဆုံတုန်းကြုံ တုန်း၊ ဟောဒီ သူငယ်ချင်းမက သူ မရှင်းတာကလေး မေးလိုပါသတဲ့ဘုရား"

"ဘာများ မေးချင်တာလဲ မေးပါ၊ မေးလို့ရပါတယ်"

"တခြားတော့ မဟုတ်ပါဘူးဘုရား၊ ဘုရားပန်းလဲတဲ့ အကြောင်းကို မေးချင်တာပါဘုရား"

"ဘုရားပန်းလဲတဲ့အကြောင်းကို ဘယ်လိုမေးချင်တာလဲ မေးပါ"

"ဘုရားပန်းလဲတာ ဘယ်အချိန် လဲသင့်ပါသလဲဘုရား"

"ဩော် - အမေးက ခက်ခက်လားလို့ ဒါပဲလား"

"ဆရာတော်ဘုရားမှာ မခက်ပေမဲ့လို့ တပည့်တော်မှာ အတော်ခက်နေလို့ပါဘုရား၊ ဖြေပေးပါဘုရား"

"ဘုရားပန်းလဲတာ အချိန်ကန့်သတ် မရှိပါဘူး။ လဲချင်တဲ့အချိန်လဲ၊ အဆင်ပြေတဲ့အချိန်လဲ၊ ပန်းညှိုးတဲ့အချိန် လဲပေါ့"

"အဲဒီလို လဲချင်တဲ့အချိန်လဲရင် အပြစ်မရှိဘူးလား"

"ဘုရားပန်းလဲကယ်ဆိုတာ ကုသိုလ်အလုပ်ပဲ၊ ဘာအပြစ်ရှိမှာလဲ၊ ကောင်းကျိုးရတာပေါ့။ ပန်းလှူရင် အဆင်းလှမယ်၊ ပန်းကဲ့သို့ မွှေးမယ်၊ လူနတ်ချမ်းသာ ရမယ်ပေါ့"

"တပည့်တော်ကြားဖူးတာကတော့ အဲဒီလို မဟုတ်ပါဘုရား၊ ကြောက်စရာကြီးပါပဲ"

"ဘယ်လိုကြောက်စရာကြီးများ ကြားဖူးထားပါသလဲ၊

"ညနေဘက် ဘုရားပန်းမလဲကောင်းဘူးတဲ့ ဘုရား"

"လဲရင် ဘာဖြစ်တတ်သလဲ၊ ကဲ - ကြားဖူးတာ ပြောစမ်းပါဦး"

"ညနေဘက် ဘုရားပန်းလဲရင် မုဆိုးဖိုနဲ့ ညားတတ်တယ်လို့ ကြားဖူးပါတယ်ဘုရား"

"ဖြစ်မှ ဖြစ်ရပလေ၊ ဘုန်းကြီးတော့ ဒီတစ်ခါပဲ ကြားဖူးပါတယ်။ အင်း - သူတို့အုပ်စုကလည်း အပျိုမတွေဆိုတော့ တော်တော်ကြောက်နေကြလား မသိပါ"

"ကြောက်ဆို ဘုန်းဘုန်းဘုရား၊ သူ့သူငယ်ချင်းမတစ်ယောက်ဟာ တကယ်လက်တွေ့ပဲ မုဆိုးဖိုနဲ့ ညားသွားပါတယ် တဲ့ဘုရား"

နန်းနွယ်က ဝင်ပြီး လျှောက်ထားလိုက်ခြင်းဖြစ်ပါသည်။

"ကဲ - ဘယ်လို လက်တွေ့လဲ ပြောစမ်းပါဦး"

"တပည့်တော် သူငယ်ချင်းမက ကျောင်းဆရာမ အပျိုကြီးပါ ဘုရား၊ သူက ညနေဘက်မှာမှ ဘုရားပန်း လဲလေ့ရှိပါ တယ်ဘုရား။ တပည့်တော်တို့က နင်ညနေဘက် ပန်းမလဲနဲ့၊ မုဆိုးဖိုနဲ့ ညားတတ်တယ်ပြောတော့ တကယ်ပဲ ညားလည်း ယူမှာ ပေါ့လို့ ပြောပါတယ်ဘုရား၊ နောက်ကျတော့ တကယ်ပဲ မုဆိုးဖိုနဲ့ ညားသွားပါတယ်ဘုရား"

"ဩော် - အဲဒါကတော့ ညနေဘက် ဘုရားပန်းလဲလို့ မုဆိုးဖိုနဲ့ ညားတာ မဟုတ်ပါဘူး။ သူက ညားချင်တာနဲ့ ညနေ ဘက် ဘုရားပန်းလဲပြီး ဆုတောင်းယူလို့ ညားတာပေါ့"

"ဟင် - ဘုန်းဘုန်းကလည်း မဖြစ်နိုင်တာ"

"ဘုရားမှာ ကောင်းမှုပြုပြီး ဆုတောင်းရင် ပြည့်နိုင်တယ်၊ ယခု သူက သူလိုချင်တဲ့မုဆိုးဖိုကို အာရုံပြုပြီး ဘုရားပန်းလဲ ဆုတောင်းယူလို့ ရတာပေါ့"

"အပျိုက မုဆိုးဖိုတော့ ဘယ်လိုချင်ပါ့မလဲဘုရား"

"ခုနက သူ့စကားထဲမှာ ရရင်ယူမှာပေါ့ဆိုတာ ပါနေသားပဲ"

"ဒီလိုဆို မုဆိုးဖိုနဲ့ ညားတာ ညနေဘက် ဘုရားပန်းလဲတာနဲ့ မဆိုင်ဘူးပေါ့ဘုရား"

"ဘယ်ဆိုင်မလဲ၊ ဘုရားပန်း လဲတယ်ဆိုတာ ကုသိုလ်လုပ်ငန်းပဲ၊ ကုသိုလ်ဆိုတာ ကိုယ်လိုချင်တဲ့ကောင်းကျိုး ပေး မှာပေါ့၊ ဘယ့်နှယ် မကောင်းကျိုးပေးရမှာလဲ"

"ပန်းလဲတယ်ဆိုတာကလည်း နံနက် ပန်းရရင် နံနက်လဲပေါ့၊ ညနေ ပန်းရရင် ညနေလဲပေါ့၊ သို့မဟုတ် နေ့နေ့ညည ပန်းညှိုးတဲ့အချိန်၊ ပန်းရတဲ့အချိန် လဲပေါ့၊ လဲရပါတယ်"

"ကဲ - အပျိုမတွေ ညနေဘက် ဘုရားပန်းလဲတော့ မုဆိုးဖိုနဲ့ ညားတယ်ဆိုရင် အအိုမတွေ ညနေဘက် ပန်းလဲတော့ ဘယ်သူနဲ့ ညားမလဲ"

"ဘုန်းကြီးတို့ကျောင်းမှာ ကိုရင်တွေ ညနေဘက် ပန်းလဲတော့ ဘယ်သူနဲ့ ညားမလဲ၊ အဲဒီ အယူဝါဒတွေဟာ အမှားပါ၊ ဘယ် မသိတဲ့လူက ပြောလိုက်တာကို ဘယ် မလိမ္မာတဲ့သူတွေက လိုက်ယူနေသလဲ မသိပါ"

"ဒါဖြင့် ဘုန်းဘုန်းဘုရား၊ ဒီအယူဝါဒဟာ မမှန်ဘူးပေါ့ ဘုရား"

တပည့်မ နန်းနွယ်က ဝင်လျှောက်ခြင်း ဖြစ်ပါသည်။

"အေး - မမှန်ဘူးလို့ ယတိပြတ် ဆုံးဖြတ်လိုက်ပါ၊ ဘုရားရှင်က ကုသိုလ်ကို မြန်မြန်လုပ်ရမယ်လို့ ဟောခဲ့ပါတယ်၊ မြန်မြန်မလုပ်ဘဲ နံနက်၊ နေ့ညဥ့် ရွှေ့နေတုန်း သေသွားရင် ဘယ့်နယ်လဲ မရှုံးဘူးလား"

"ရှုံးပါတယ်ဘုရား"

"မုဆိုးဖိုနဲ့ ညားတယ်ဆိုတာ ညနေဘက် ပန်းလဲတာနဲ့ မဆိုင်ပါ၊ ရှေးဘဝက အတူတကွ နေထိုင်ခဲ့ဖူးတဲ့ အကြောင်းနဲ့ ယခု မျက်မှောက်စီးပွားရေး၊ လူမှုရေးနီးစပ်မှုတို့ကြောင့် ဖြစ်တာပါ"

"မှန်ပါ၊ ဒီလိုဆိုရင် ရှင်းပါပြီ ဘုရား"

✧ အားလုံးသန္တာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

🕮

# ဗုဒ္ဓတရားတော်က ဘယ်လို ကယ်သလဲ

(၂၅၈)

ဓမ္မဒူတဖြစ်သော မိမိသည် ဓမ္မဒူတ၌ ရှိနေလျှင် ပရိယတ်စာပေများကို ပို့ချသည်၊ တရားဟောသည်၊ တရားပြသည်၊ ကျောင်း၌မူ စာရေးချိန်မရပါ။ အပြင်သို့ ဓမ္မဒေသနာခရီးသည်အဖြစ်နှင့် လှည့်လည်နိုက်၌မူ တရားဟောသည်၊ တရားပြသည်၊ စာရေးသည်။

မိမိအလုပ်သည် တရားဟော၊ တရားပြ၊ စာရေး၊ စာချဖြစ်၍ မိမိ၏ကလောင်အမည်ကို "ဓမ္မဒူတ အရှင်ပညာဇောတ" ဟူ၍ ပြောင်းလိုက်ပြီး မိမိ၏ ကျောင်းတိုက်ကိုလည်း "ဓမ္မဒူတတောရ" မှည့်ထားပါသည်။

အချို့က မိမိကို မေးကြသည်။

ဓမ္မဒူတဆိုတာ ဘယ်လို အဓိပ္ပာယ်ထွက်ပါသလဲတဲ့။

ဟုတ်ပါသည်၊ မေးသင့်ပါသည်၊ မသိလျှင် မေးရပါမည်၊ "မသိလျှင် မေး, မစင်လျှင် ဆေး" ဆိုသည့် စကားပုံလည်း ရှိခဲ့သည် မဟုတ်ပါလော။

အချို့မေးရမှာ ရှက်ကြ၊ ကြောက်ကြသည်၊ အမှန်မှာ မရှက်မကြောက်သင့်သည်ကို ရှက်ကြောက်ခြင်းဖြစ်၍ အရှက်အကြောက်ဟု မခေါ်ပါ။ မာယာဟုသာ ခေါ်ပါသည်။

မိမိသည် ကျောင်းကို လက်မခံမဖြစ်၍ လက်ခံရသည့်အခါ စဉ်းစားသည်။

"ငါ ဒီတောရကျောင်းမှာ နေပြီး ဘာလုပ်မှာလဲ" ဟူ၍။

ယင်းသို့ စဉ်းစားပြီး ပေါ်လာသည့်အဖြေ သို့မဟုတ် ဆုံးဖြတ်ချက်က -

"ငါ စာချမယ်" ဟူ၍ ဖြစ်၏။

စာချခြင်း ဆိုသည်မှာ တရားနှင့် စာသင်သားနှင့် ဆက်သွယ်ပေးခြင်း ဖြစ်၍ "ဓမ္မဒူတ" ပဲ။

"ငါ စာရေးမယ်" ဟူရာ၌ စာရေးခြင်း ဆိုသည်မှာလည်း တရားနှင့် စာဖတ်ပရိတ်သတ်နှင့် ဆက်သွယ်ပေးခြင်းပေပဲ၊ "ဓမ္မဒူတ" ပေပဲ။

"ငါတရားဟောမယ်"ဟူရာ၌ တရားတော်တွေ ဟောပြောပြသခြင်း ဆိုသည်မှာလည်း တရားနှင့် တရားနာပရိသတ်တို့ ဆက်သွယ်ပေးခြင်းပဲ။ "ဓမ္မဒူတ"ပဲ။

"ဓမ္မ" ဆိုတာ "တရား"၊ "ဒူတ" ဆိုတာ "ဆက်သွယ်ရေးတမန်"ပေါ့။ ဒါကြောင့် "ဓမ္မဒူတ" ဆိုတာ တိုက်ရိုက်ဘာသာပြန်လျှင် -

"တရားတမန်" "တရားဆက်သွယ်ရေး" လို့ ပြန်လို့ရပါတယ် စသည်ဖြင့် မိမိ၏ ဓမ္မဒူတအဖြစ်ကို ခဏခဏ ရှင်းပြပြောပြရပါသည်။

မိမိသည် ဓမ္မဒူတလုပ်ငန်းကို အအားမနေ၊ အနားမနေ အလုပ် လုပ်နေသည်။ နွေ. မိုး. ဆောင်း မိမိတွင် အမြဲအလုပ်ရှိနေသည်။ ရှိသည့်အလုပ်များကိုလည်း အမြဲလုပ်နေသည်။ မိမိသည် ဓမ္မလုပ်သားပေါ့။

မိမိသည် တောင်စွန်းရှိ " ဓမ္မဒူတတောရ"ကို လက်ခံတည်ထောင်ကာ မူလ. ငယ်. လတ်. ကြီး. စာချတန်း ရှင်ရဟန်းကိုးဆယ်ကျော်ကိုလည်းကောင်း၊ မဏိဇေယျသီလရှင်စာသင်တိုက်ကို လက်ခံတည်ထောင်ကာ မူလ.ငယ်.လတ်.ကြီး. စာချတန်း သီလရှင် ငါးဆယ်ကျော်ကိုလည်းကောင်း၊ ကျုံပျော်မြို့နယ် အင်းရဲ၌ ဓမ္မဒီပရိပ်သာကို လက်ခံတည်ထောင်ကာ မူလ.ငယ်.လတ်.ကြီး.ရှင်ရဟန်း သီလရှင်သုံးဆယ်ကျော်တို့ကိုလည်းကောင်း ပရိယတ်၊ ပဋိပတ် ဓမ္မတရားများကို ပို့ချ၊ ရေးပြ၊ ဟောပြပြသလျက်ရှိပါသည်။

မိမိသည် "ဓမ္မလုပ်သား"ဖြစ်သည့်အလျောက် အလုပ်နှင့် မိမိ မပြတ်ပါ။ မိမိတပည့်များလည်း အလုပ်နှင့် မပြတ်လပ်စေချင်ပါ။ ကျမ်းစာပေါင်း (၃၄)အုပ် ရှိခဲ့ပြီ။

မိမိသည် အလုပ်မလုပ်သူ၊ အပျင်းထူသူကို အလွန်မုန်းပါသည်။ မကြည့်ချင်ပါ။ ဆူပူပါသည်။ မိမိကျောင်း၌လည်း မထားချင်ပါ။ မထားလည်း မထားပါ။ မိမိလုပ်သလို မိမိတပည့်များလည်း အလုပ်လုပ်နေမှ ကျေနပ်ပါသည်။

တစ်ခုသော ဆောင်းလယ်က ကြုံခဲ့ပါသည်။ မိမိသည် တရားစခန်းတစ်ခု၌ တရားပြနေစဉ် မိမိတပည့်များ လာပြီးကန်တော့ကြသည်။

တပည့်အများစုမှာ တရားများ အားထုတ်ပြီးကြသော်လည်း တပည့်မ သီတာ တစ်ယောက်မှာ အသွားအလာများပြီး ယခုတိုင် တရားအားမထုတ်ရသေးပါ။ သို့နှင့် မိမိက မကျေနပ်၍ ဆူသည်။

"သီတာ ဒီလောက် အသွားအလာများနေတာ သံဝေဂလေး ဘာလေးဖြစ်ပြီး တရားအားမထုတ်သေးဘူးလား"

"ဘုန်းဘုန်းဘုရား၊ သံဝေဂတော့ ဖြစ်ပါတယ်၊ တရားတော့ ယခုတိုင် အားမထုတ်နိုင်သေးပါ ဘုရား"

မိမိသည် သီတာပြောပြချက် ထူးခြား၍ ဘာသံဝေဂများ ဖြစ်သလဲဟု သိချင်၍ ပြန်မေးလိုက်၏။

"သီတာ ဘာသံဝေဂများ ရခဲ့လဲ၊ ကဲ - ပြောစမ်းပါဦး၊ ရခဲ့တဲ့ သံဝေဂကို"

"ဘုန်းဘုန်းဘုရား၊ တပည့်တော်အလုပ်ကို ဘုန်းဘုန်းသိပြီးမို့ ပြောစရာ မလိုတော့ပါဘူး၊ တပည့်တော်ရခဲ့တဲ့ သံဝေဂကိုပဲ ပြောပြပါ့မယ်ဘုရား"

"အေး - အေး၊ ပြော - ပြော"

"တပည့်တော်တို့ အဖွဲ့နှင့် ခရီးထွက်ရာက "ဂယက်" ဆိုတဲ့ ရွာတစ်ရွာကို ရောက်သွားပါတယ်ဘုရား၊ အဲဒီရွာရောက်တော့ ကုလားအဘိုးကြီးတစ်ယောက်က နီဗွာန်ဆော်လုပ်နေတာ တွေ့ရပါတယ်ဘုရား၊ သူ နီဗွာန်ဆော် လုပ်နေတာကလည်း အဆန်းပဲ ဘုန်းဘုန်းဘုရား"

"အမယ်လေး၊ နီဗွာန်ဆော်လုပ်တာများ ဘယ်လိုဆန်းနေသလဲ ပြောစမ်းပါဦး"

"ဒါနပြုကြပါ၊ သီလဆောက်တည်ကြပါ၊ တရားနာကြပါ၊ တရားအားထုတ်ကြပါ၊ ဗုဒ္ဓဘာသာတရားက တကယ်ကယ်တယ်၊ ငရဲဆိုတာ ဂယက်ရှာနဲ့ မဝေးဘူးတဲ့ ဘုရား"

မိမိမှာ သီတာအကြောင်း သိနေ၍ -

"အင်း - အဲဒီလို ကုလားအဘိုးကြီးက နိဗ္ဗာန်ဆော် လုပ်နေသံကြားတော့ လျှာရှည်တဲ့ သီတာကဘယ်လိုမေးလိုက်လဲ"

"ဘုန်းဘုန်းက ပြောရောမယ်"

"ပြောမှာပေါ့ သီတာက လျှာရှည်တာနဲ့ပဲ အချိန်ကုန်ပြီး တရားမှ အားမထုတ်တာကိုး၊ ကဲ - ဆက်ပြောစမ်းပါဦး"

"တပည့်တော်က ဆန်းတာနဲ့ ကုလားအဘိုးကြီးနားကို သွားပြီး -

"အဘ၊ ဗုဒ္ဓဘာသာဘုရားက ဘယ်လိုကယ်လဲ၊ ဗုဒ္ဓဘာသာတရားက ဘယ်လိုကယ်လဲ၊ ငရဲက ဂယက်ရှာနှင့် ဘယ်လိုမဝေးတာလဲ"

လို့ မေးပါတယ်ဘုရား၊ အဲဒီလို မေးတော့ ကုလားအဘိုးကြီးက -

"ငါတို့ မိသားတစ်စုလုံး ကုလားဘာသာထဲကနေ ဗုဒ္ဓဘာသာထဲ ပြောင်းလာပြီး ငါက ရဟန်းခံတယ်၊ အရွယ်ရောက်တဲ့သားတွေ ရှင်ပြုပါတယ်၊ တရားအားထုတ်ပါတယ်၊ နောက် လူထွက်ပြီး တရားတော်နဲ့အညီ နေတယ်"

"တစ်နေ့ နေမကောင်းလို့ အိပ်နေတုန်း လူနီနီနှစ်ယောက် လာပြီး ငါ့ကို သူတို့ထမ်းလာတဲ့ ပုခက်ထဲ ကောက်ထည့်ပြီး ခေါ်သွားတယ်၊ အိပ်ပျော်နေတုန်းလား၊ နိုးနေတုန်းလားလို့ အတိအကျ မပြောနိုင်ပါဘူး"

"ခေါ်သွားလို့ တို့ရွာအပြင်လည်း ရောက်ရော ငရဲကို တွေ့တာပဲ၊ မြေကြီးက သံမြေပြင်ကြီး၊ မီးကျီခဲလို ရဲနေတာပဲ၊ သူတို့နှစ်ယောက်က ငါ့ကို အဲဒီသံမြေပြင်ပေါ် ဖြတ်ကျော်ပြီး ထမ်းခေါ်သွားတယ်"

"ငါ့မှာတော့ ပူလိုက်တာ၊ သူတို့ကတော့ လသာထဲ သွားနေရသလိုပဲ အေးအေးဆေးဆေးပဲ ထမ်းခေါ်သွားတယ်၊ အဲဒီ သံမြေပြင်ကွင်းလယ်ရောက်တော့ ဗိုလ်တဲလို တဲတစ်လုံးပေါ်ကို ထမ်းခေါ်သွားပြီး တဲအလယ်ခေါင်ရှိ စားပွဲနှင့် ကုလားထိုင်ဘေးနားမှာ ငါ့ကို ထမ်းပြီး ရပ်နေကြတယ်"

"တော်တော်ကြာတော့ အခန်းထဲက လောင်းကုတ်အဖြူဝတ်ထားတဲ့ လူကြီးတစ်ယောက် ထွက်လာပြီး စားပွဲနားက ကုလားထိုင်ပေါ် ထိုင်ပြီး စားပွဲပေါ်မှာရှိတဲ့ စာအုပ် တစ်အုပ်ကို တစ်ရွက်ချင်းလှန်ပြီး တစ်နေရာကျတော့ ရပ်ပြီး၊ ငါ့ကိုထမ်းလာတဲ့ လူနီနီကြီးနှစ်ယောက်ကို ကြည့်ပြီးတော့ -

"ဟော့ - မင်းတို့ လူမှားလာပြီ၊ သူ မဟုတ်ဘူး၊ သူ့အိမ်ခေါင်းရင်းက လူကွ" လို့ ပြောလိုက်တယ်။

"နောက်ထပ်လည်း ဘာမှ မပြောတော့ဘူး၊ ငါ့ကို ထမ်းလာတဲ့ လူနီနီကြီးနှစ်ယောက်ကလည်း ဘာမှပြန်မပြောဘဲ ငါ့ကို လာလမ်းအတိုင်း ပြန်ထမ်းပြီး အိမ်အရောက်ပို့ပေးတယ်"

"ငါလည်း အိမ်ရောက်ရော သတိရပြီး နိုးလာတဲ့အခါ ငါတို့အိမ်ခေါင်းရင်းက လူဟာ သေတာပဲ"

"ဟင် - ဒီလိုဆိုရင် အဘတို့ အိမ်ခေါင်းရင်းက လူကို ခေါ်ရမှာ၊ အဘကို မှားခေါ်သွားတာပေါ့"

"အေးပေါ့၊ ယခုတော့ ဒီလိုပဲ ပြောရမှာပဲ၊ ငါလည်း အဲဒီနေ့ကစပြီး ဘုရား. တရား. သံဃာ ရတနာသုံးပါးကို ရှေးကထက်ပိုပြီး ယုံကြည်အားကိုးမိတော့တာပဲ၊ သူများတွေလည်း ငါ့လို ဖြစ်စေချင်လို့ နိဗ္ဗာန်ဆော်လုပ်နေတာပဲ"

"ဘုန်းဘုန်းဘုရား၊ အဲဒီ ကုလားအဘိုးကြီးက အဲဒီလိုပြောတော့ တပည့်တော် သံဝေဂ ဖြစ်သွားပါတယ်ဘုရား"

"ဘုန်းဘုန်းဘုရား၊ အဲဒီ ကုလားအဘိုးကြီးကို ဘုရားက ကယ်တာလား၊ တရားတော်က ကယ်တာလား၊ ဂယက်ရွာနားပဲ ငရဲရှိပါသလား၊ တခြားမြို့ရွာတွေနားမှာတော့ ငရဲမရှိဘူးလား ဘုရား၊ တပည့်တော်ကို ရှင်းပြပေးပါဦး ဘုရား"

"အင်း - သီတာ လျှာရှည်ပြန်ပြီ၊ တောက်တဲ့ အော်နေတဲ့အသံ ကြားလျက်သားနဲ့ ဘာကောင်လဲ မေးသလို ဖြစ်နေပြီ၊ ကုလားအဘိုးကြီးရဲ့အဖြေထဲမှာ သီတာ သိချင်တာ ပါနေပြီ။

"အေး - မပါတာ တစ်ခုတော့ ရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ငရဲဆိုတာ ဂယက်ရွာနားမှာသာ ရှိတာမဟုတ်ဘူး၊ တခြားသော မြို့ရွာတွေနားမှာလည်း ရှိပါတယ်၊ မိမိတို့ ပကတိမျက်စိနှင့် မမြင်ရလို့သာပါ၊ မြင်ရရင် သီတာလည်း အကြီးအကျယ် ထိတ်လန့်မှုသံဝေဂ ဖြစ်မိမှာပဲ၊ ကုလားအဘိုးကြီးလို မိမိကိုယ်တိုင်လည်း ကုသိုလ်လုပ်၊ သူများတွေကိုလည်း ကုသိုလ်လုပ်ဖို့တိုက်တွန်းတဲ့ နိဗ္ဗာန်ဆော် လုပ်နေမှာပါ"

"ဘုန်းဘုန်းဘုရား၊ မေးပါရစေဦး၊ လျှာရှည်တယ်လို့တော့ မပြောပါနဲ့ဘုရား၊ စားပွဲပေါ်က စာအုပ်ကြီးက ဘာစာအုပ်ကြီးလဲ ဘုရား"

"ဪ - အဲဒါက တို့ကျမ်းဂန်မှာ ပါတယ်၊ "တစ်လ ရှစ်သီတင်း နတ်များဆင်း၊ စာရင်း ယူကြရာ" တဲ့၊ နတ်တွေယူသွားတဲ့ စာရင်းကို ခွဲဝေပြီး ရေးထားတာပေါ့"

"ကုသိုလ်ပြုတဲ့သူတွေရဲ့စာရင်းက လူ့ ပြည့်. နတ်ပြည်မှာ ရှိတယ်၊ အကုသိုလ်ပြုတဲ့ လူတွေရဲ့စာရင်းက အပါယ်လေးဘုံမှာ ရှိတယ်ပေါ့၊ ဒါကြောင့် စာရင်းကြည့်ပြီး ပြောတာပေါ့၊ သီတာ သတိထားနော်၊ လူ့ပြည်မှာလို စာရင်းဖျောက်လို့၊ စာရင်းလိမ်လို့ မရဘူး"

"ဘုန်းဘုန်းဘုရား၊ တပည့်တော် ကြောက်လိုက်တာ"

"အေး - ကြောက်ရင် ဆင်ခြေဆင်လက်တွေ ပေးမနေနဲ့၊ တရားကို အားထုတ်ဖြစ်အောင် အမြန်အားထုတ်ပါ၊ ကုလားအဘိုးကြီးကို အမှန်တကယ် ကယ်တာဟာ သူကြိုးစားပြုလုပ်ခဲ့တဲ့ ဒါန. သီလ. သမထ. ဝိပဿနာ တရားတော်တွေက ကယ်တာပါ"

"သီတာ၊ လူတွေဟာ အများအားဖြင့် ရေဆာမှ ရေတွင်းကို အရေးတကြီး တူးကြသလို သေခါမှ ကုသိုလ်တွေ အရေးကြီးနေကြပါတယ်၊ အဲဒီကုသိုလ်က သေသူအတွက် အကျိုးမပြီး၊ အချည်းအနှီးပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူပြုတဲ့ကုသိုလ် မဟုတ်လို့ သူ့အတွက် မသေချာပါဘူး၊ မသေမီ အရေးကြီးပါမှ ကိုယ်နှင့်အတူ ပါမှာပါ"

"အဲဒါကြောင့် သီတာဟာကုလားအဘိုးကြီးကို သာဓကယူပြီး ကိုယ်နှင့်အတူပါအောင် ဒါန. သီလ. သမထ. ဝိပဿနာ တရားတွေကို ကြိုးစားပါ"

"ဘုန်းဘုန်းလည်း ညောင်းရော့မယ်၊ ဦးတင်ပါတယ်ဘုရား"

"အေး - အေး"

✧ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

# ဝတ်ကြောင်နှင့် ဆယ်ပါးသီလ

## (၂၅၉)

“လူတို့စောင့်ရ ဆယ်သီလ”နှင့် စပ်၍ စောင့်ကောင်း၊ မစောင့်ကောင်း ဝါဒကွဲပြား၏။ အချို့က လူတို့သည် ဆယ်ပါးသီလ စောင့်လိုက သစ်ခေါက်ဆိုးဝတ်၍ အမြဲစောင့်နိုင်က စောင့်ကောင်းသည်ဟု ဆိုကြ၏။

အချို့ကလည်း မိမိ၌ရှိသော ရွှေ၊ ငွေ၊ ဥစ္စာများကို စွန့်ပစ်နိုင်မှ စောင့်ကောင်းသည်ဟု ဆိုကြ၏။

အချို့က ရွှေငွေများကို လုံးဝ မစွန့်ပစ်ဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှဖြင့် တစ်နေ့ တစ်ရက်ဖြစ်စေ ဆယ်ပါးသီလ စောင့်ကောင်းကြောင်းကို ဆုံးဖြတ်ကြပါသည်။

မှန်ပါသည်၊ အဘိဓမ္မာသဘောအားဖြင့် စဉ်းစားလျှင်လည်း ကုသိုလ်စိတ် ပို၍ဖြစ်ဖွယ်ရာ ရှိသဖြင့် ဆယ်ပါးသီလကို လူတို့ မစောင့်ကောင်းစရာ မမြင်ပါ။

သို့သော် လက်မှာ ရွှေလက်စွပ် စသည်ကို ဝတ်ဆင်ခြင်း၊ နားမှာလည်း ပန်ခြင်းသည် “မာလာဓာရဏပန်းဆောင်ခြင်း” တွင် ပါဝင်သောကြောင့် ဆယ်ပါးသီလကို မဆိုထားဘဲ ရှစ်ပါးသီလနှင့်ပင် မသင့်လျော်ပါချေ။

ယင်း ဆယ်ပါးသီလနှင့် ပတ်သက်၍ ရှေးကလည်း အမျိုးမျိုး ပြောကြသလို ယခုအခါ၌လည်း အမျိုးမျိုး ပြောကြ၏။ ဓမ္မဒေသနာ ခရီးသည်ဖြစ်သော မိမိသည် ဆယ်ရက်စခန်းတစ်ခု၌ ကြုံခဲ့၏။

“ဆရာတော်ဘုရား၊ ဒီနှစ် ဝါတွင်း တပည့်တော် ဆယ်ပါးသီလစောင့်မယ် ဆုံးဖြတ်ပြီး သီလတောင်းရာ မစောင့်ကောင်းဘူး ဆိုတာနဲ့ မစောင့်ရလို့ တစ်ဝါတွင်းလုံး စိတ်မချမ်းသာပါဘူး ဘုရား”

“ဆရာတော်ဘုရား၊ ဆယ်ရက်စခန်းတစ်ခုမှာ ဆယ်ပါးသီလနဲ့ပတ်သက်လို့ တစ်ခါနာဖူးတယ် အောက်မေ့တယ်၊ စောင့်ကောင်းတယ်လို့ တပည့်တော် မှတ်သားထားပါတယ်ဘုရား။

“ဆရာတော်ဘုရား၊ တပည့်တော်လည်း ရှင်းလင်း၊ အားလုံးလည်း ရှင်းလင်းအောင် တပည့်တော်တို့ လူဝတ်ကြောင်တွေ ဆယ်ပါးသီလ စောင့်ကောင်း၊မစောင့်ကောင်း ရှင်းပြပေးပါဘုရား”

မိမိ၏ ယောဂီဟောင်း အမျိုးသမီးတစ်ယောက်က မေးမြန်းခြင်း ဖြစ်၏။

“စောင့်ကောင်းတယ်လို့ ဘုန်းကြီးဟောခဲ့ပါတယ်”

"မှန်ပါ၊ တပည့်တော်လည်း ဒီလိုပဲ မှတ်သားထားမိပါတယ်၊ ဒါကြောင့် စောင့်ချင်လို့လျှောက်တော့ မစောင့်ကောင်းဘူးဆိုလို့ စိတ်ပျက်သွားပါတယ်ဘုရား၊ ဆရာတော်ဘုရား၊ စောင့်ကောင်းလျှင် စောင့်ပုံနှင့်တကွ ဝတ္တုသာဓကပြ၍ ရှင်းပြပေးပါဘုရား"

"အင်း - အင်း၊ ရှင်းပြမယ်၊ လူတို့စောင့်ရတဲ့ ဆယ်ပါးသီလနဲ့ ရှင်သာမဏေတို့ စောင့်ရတဲ့ ဆယ်ပါးသီလမှာ သီလတောင်းခြင်း ကွဲပါတယ်"

"ဟုတ်တယ်ဘုရား၊ တပည့်တော်က ဆယ်ပါးသီလ စောင့်ချင်ပါတယ်ဆိုတော့ ဆယ်ပါးသီလဆိုတာ လူတွေ မစောင့်ရဘူး၊ ကိုရင်တွေသာ စောင့်ရတယ်လို့လည်း ပြောပါသေးတယ်ဘုရား။ ဆရာတော်ဘုရား၊ လူတွေစောင့်ရတဲ့ ဆယ်ပါးသီလကို ရှင်းပြပေးပါဘုရား"

"အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ ဒသသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ"

"အရှင်ဘုရား ဘုရားတပည့်တော်တို့သည် သရဏဂုံ သုံးပါးနှင့်တကွ လူတို့၏ ဆယ်ပါးသီလဖြစ်သော သိက္ခာပုဒ်တရားတော်ကို တောင်းပါ၏၊ အရှင်ဘုရား၊ ဘုရားတပည့်တော်အား ချီးမြှောက်ခြင်းကို ပြု၍ သီလကို ပေးပါကုန်ဘုရား"

လို့ သီလတောင်းပါ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ စသည် ဆက်ဆိုပါ။ ဒီသီလက စောင့်သူနည်းတော့ ကိုယ့်ဟာကိုယ် ဆိုတတ်အောင် ဆိုပြီး တောင်းပါ။ ဆောက်တည်ပါ"

"မှန်ပါဘုရား"

"အဲဒီလို သီလတောင်းပြီး နမော တဿ စသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်တွေဟာ တူပါတယ်"

သိက္ခာပုဒ်တွေကလည်း -

၁။ ပါဏာတိပါတာ

၂။ အဒိန္နာဒါနာ

၃။ အဗြဟ္မစရိယာ

၄။ မုသာဝါဒါ

၅။ သုရာမေရယ

၆။ ဝိကာလ ဘောဇနာတိုင်အောင် ရှစ်ပါးသီလအတိုင်း ဆိုရပါတယ်။

မတူတာကတော့ -

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

"အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက် စို့တံကျင်ပမာ ဖီလာဖြစ်သော ကြည့်ရှု နားထောင်ခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏"

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

"ပန်းပန်ခြင်း၊ နံ့သာပြစ်ကို နိမ့်ရာအရပ်သို့ ဖို့သိပ်ခြင်း၊ နံ့သာရည် နံ့သာမှုန့်တို့ကို လိမ်းကျံခြယ်လှယ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော (ဝါ) ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏"

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"မြင့်သောနေရာ၊ မြတ်သောနေရာတွင် အိပ်ခြင်း၊ နေထိုင်ခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏"

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

"ရွှေ ငွေကို ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံခြင်းမှ ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သော သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏"

အဲဒါတွေဟာ ရှစ်ပါးသီလနှင့် မတူတာတွေပဲ။ ရှစ်ပါးသီလမှာ နစ္စ. ဂီတနှင့် မာလာဂန္ဓကို ပေါင်းထားတယ်။ ဒီ ဆယ်ပါးသီလမှာ ခွဲထားတယ်။

ဆယ်ပါးသီလမှာ အထူးပိုလာတာက "ဇာတရူပ" သိက္ခာပုဒ်ပဲ။ အဲဒီ သိက္ခာပုဒ်နှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ကို ဖော်ပြပါ့မယ်။

၁။ အရှင်မရှိသော ရွှေငွေရတနာတို့ကို တွေ့မြင်၍ ကိုယ်တိုင်ကိုင်ယူခြင်းသည်လည်းကောင်း၊ လက်ရောက်လှူသည်ကို ကိုယ်တိုင်ခံယူခြင်းသည်လည်းကောင်း ဥဂ္ဂဟ = ကိုယ်တိုင်ခံယူခြင်း မည်၏။ မအပ်ပါ။

၂။ အရှင်မရှိသော ရွှေငွေရတနာတို့ကို တွေ့မြင်၍ သို့မဟုတ် မိမိအဖို့ရာ သူတစ်ပါးကို အယူခိုင်းခြင်းသည်လည်းကောင်း၊ မိမိအဖို့ရာ သူတစ်ပါးကို အလှူခိုင်းခြင်းသည်လည်းကောင်း ဥဂ္ဂဟာပဏ = ခံယူစေခြင်း မည်၏။ မအပ်ပါ။

၃။ ဒါယကာက ရွှေငွေရတနာကို ယူဆောင်ခဲ့၍ ရဟန်း၏ရှေ့၌ ချထားပြီးလျှင် "ဤ ရွှေငွေကို အလိုရှိရာ သုံးဆောင်တော်မူပါ" ဟု လည်းကောင်း၊ "သင်္ကန်းဖိုးပါ၊ ဖိနပ်ဖိုးပါ၊ ရထားခပါ၊ သင်္ဘောခပါ" ဟု လည်းကောင်း လျှောက်၍ လှူသည်ကို ကိုယ့်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာ ခံယူခြင်းသည်လည်းကောင်း၊ ဒါယကာက မိမိအိမ်တွင်သော်လည်းကောင်း၊ တစ်ပါးသောဌာန၌သော်လည်းကောင်း ရှိနေသော ရွှေငွေကို "အရှင်ဘုရား အလိုရှိသောအခါ ယူပါ သုံးပါ" ဟူ၍ လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်းသည်လည်းကောင်း "ဥပနိက္ခိတ္တသာဒိယန" မည်၏။ မအပ်ပါ။

၄။ ကပ္ပိယနည်းလမ်းဖြင့် ရှိနေသော (ကပ္ပိယထံ ဝိနည်းတော်နှင့်အညီ အပ်နှံထားသော) ရွှေငွေကို ဤ "ရွှေငွေဖြင့် ဘယ်ဟာကို ဝယ်ချေလော့၊ ဘယ်လောက်ပေးလိုက်လော့၊ သေတ္တာထဲမှာ ထားလိုက်လော့၊ ထုတ်လိုက်လော့" အစရှိသည်ဖြင့် စီမံခြင်းသည် "ဒုဗ္ဗိစာရဏ = မကောင်းသော ဝိနည်းတော်နှင့် မလျော်သော စီမံခြင်း" မည်၏။ မအပ်ပါ။

၅။ သူတစ်ပါးဥစ္စာဖြစ်သော ရွှေငွေကိုပင် သာယာသောစိတ်ဖြင့် သုံးသပ်ကိုင်ခြင်းသည် "အာမသန = သုံးသပ် ထိပါးခြင်း" မည်၏။ မအပ်ပါ။

ရဟန်း၊ သာမဏေတို့မှာ ဤ(၅)ပါးစလုံးကို လွတ်ကင်းစေရမည်။ ရှေးလူဖြစ်စဉ်က ရှိနေသော ရွှေငွေရတနာ၊ ကပ္ပိယနည်းလမ်းဖြင့် ရဟန်းဖြစ်မှ ရသော ရွှေငွေရတနာတို့ကို ထို(၅)ချက်တို့မှ လွတ်ကင်းစေ၍ ကပ္ပိယနည်းလမ်းဖြင့် နေရာတကျပြုပြင်ပြီးလျှင် အသက်ထက်ဆုံး စိတ်ဖြင့်သာယာ၍ ထိုရွှေငွေမှ ဖြစ်သော ကပ္ပိယဘဏ္ဍာ = အပ်သောပစ္စည်းများကို သုံးဆောင်၍ နေငြားသော်လည်း ဝိနည်းတော်နှင့် အပြစ်ဆိုခွင့် မရှိပါပြီ။

ဆယ်ပါးသီလ စောင့်ထိန်းကြတဲ့ လူဝတ်ကြောင်တို့မှာလည်း အဲဒီ (၅) ပါးသော အမှုကို လွှတ်ကင်းစေပြီးလျှင် ဆယ်ပါးသီလ စောင့်နိုင်ပါတယ်။ ထိုအမှုများ လွှတ်ကင်းစေလျှင် ပြီးပါတယ်။

နဂိုက ရရှိထားသော ရွှေငွေတို့ကို စိတ်သက်သက်ဖြင့် အာရုံပြုကာ "ငါ့ရွှေ ငါ့ငွေ" ဟု သာယာသော်လည်း အပြစ်မဖြစ်ပါ။ အဲဒါ လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ပါ။

အဲဒီအချက်ကို ထောက်လျှင် ဆယ်ပါးသီလစောင့်သူ လူဝတ်ကြောင်တို့ဟာ မိမိ၌ရှိသော ရွှေငွေကို ယုံကြည်လောက်သောသူထံ အပ်နှံ၍ ထားရပါ့မယ်၊ ဆယ်ပါးသီလ စောင့်ထိန်းသည့် အတောအတွင်းမှာ ထိုရွှေငွေကို မကိုင်ရပါ။ ဘယ်မှာ ထားထားလိုက်ပါ၊ သိမ်းထားလိုက်ပါဟုလည်း မပြောရပါ။ ရွှေငွေဖြင့် ဘာဝယ်လိုက်ပါ စသည်ဖြင့်လည်း မပြောရပါ။ မိမိ အသုံးလိုနေသော ပစ္စည်းကိုသာ ဘာလိုချင်သည်၊ ဘာစားချင်သည် စသည်ဖြင့် ပြောရမယ်နော်"

"မှန်ပါဘုရား၊ ဆယ်ပါးသီလနှင့် ပတ်သက်၍ သိစရာအချက်တွေ အများကြီးပါပဲလား ဘုရား"

"များတယ်၊ တကယ်စောင့်ချင်လျှင် မှတ်ထားရပါမယ်"

"မှန်ပါ၊ မှတ်ထားပါ့မယ် ဘုရား"

"ကဲ - ဒီလောက်ဆိုလျှင် ဝတ်ကြောင်နှင့် ဆယ်ပါးသီလအကြောင်း ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်းအတွဲ (၅)၊ အမှတ် (၇)၊ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ။

🕮

# ဗုဒ္ဓသာသနာနှင့် ကြုံခဲခြင်း

(၂၆၀)

"ဗုဒ္ဓသာသနာ" ဟူသော စကားသည် ပါဠိဘာသာ၊ ပါဠိစကား ဖြစ်၏။ သို့သော် ယင်းစကားကို မြန်မာတို့က မြန်မာစကားသဖွယ် ပြောဆိုအသုံးပြုနေကြ၏။ ယင်းသို့ ပြောဆိုနေကြသော်လည်း အဓိပ္ပာယ် အတိအကျကိုမူ သိကြသူဦးရေနည်းပါးလှပါသည်။

သစ္စာလေးပါး မြတ်တရားကို ဆရာ့မကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင်သိသူကို "ဗုဒ္ဓ" ဟူ၍ ခေါ်ပြီး ယင်း "ဗုဒ္ဓ" တို့၏ အဆုံးအမကို "သာသနာ" ဟူ၍ ခေါ်ပါသည်။

"ဗုဒ္ဓသာသနာ" မှ "ဗုဒ္ဓ" ကို ဖြုတ်၍ "သာသနာ" ဟူသော စကားလုံးကို ယူကာ အခြားဘာသာများကလည်း လိုက်ပြီး သုံးစွဲနေကြသည်။ စင်စစ် "သာသနာ" ဟူသော စကားသည် ဗုဒ္ဓသာသနာ၏ ကိုယ်ပိုင်စကားသာ ဖြစ်သည်။

ဗုဒ္ဓသာသနာ၌ ဗုဒ္ဓသည် တစ်ဆူသာ မဟုတ်ပါ။ အဆူဆူ ပွင့်ခဲ့ပြီးပါပြီ။ ယင်းအဆူဆူသော ဗုဒ္ဓတို့၏ အဆုံးအမတို့ကို "ဗုဒ္ဓသာသနာ" ဟူ၍ ခေါ်ပါသည်။

အဆူဆူသော ဗုဒ္ဓတို့၏ အဆုံးအမများကား တူညီပါ၏။ အဘယ်သို့ တူညီပါသနည်း။ အဆူဆူသော ဗုဒ္ဓတိုင်းတို့သည် -

၁။ အကုသိုလ်မှန်သမျှ ဘာမှ မပြုကြပါနှင့်

၂။ ကုသိုလ်မှန်သမျှ စုံအောင်လုပ်

၃။ မိမိစိတ်ကို ဖြူစင်အောင်ထား

ဟူ၍ ဆုံးမကြသဖြင့် တူညီသော အဆုံးအမ ရကြ၏။ ယင်းအဆုံးအမ သုံးမျိုးကို အကျယ်ချဲ့သော် ပိဋကတ်သုံးပုံနှင့် နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ဖြစ်လာ၏။

\- ယင်းအဆုံးအမ ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ဖို့ရာမှာ အလွန်ခဲယဉ်းလှပါသည်။ မည်မျှလောက် ခဲယဉ်းလှသည်ကို အတိုင်းအတာ ပမာဏကိုသိသူ အလွန်တရာပင် နည်းပါးလှပါသည်။ သိချင်သူတစ်ယောက်က မေးလာ၏။

"အရှင်ဘုရား၊ ဗုဒ္ဓသာသနာတော်နှင့် ကြုံခဲ့တယ်၊ ကြုံခဲ့တယ်နှင့် ပြောဟောနေကြပါတယ်၊ အဘယ်မျှလောက် ကြုံခဲ့တယ်ဆိုတာကို ပမာဏကလေး ဘာလေး မပြနိုင်ဘူးလား ဘုရား"

"မေးမှ မေးတတ်ပလေ ဒကာကြီးနယ်၊ အဖြေတောင် အတော်ခက်တယ်၊ ဘယ်က ဘယ်လို ဖြေရမှန်းတောင် မသိဘူး"

"နားလည်လျှင် ပြီးတာပဲ ဘုရား၊ အရှင်ဘုရား သဘောပေါက်သလိုသာ ဖြေပါဘုရား"

"ကဲ - ကဲ ဒီလိုဆိုလျှင် နားထောင်ပါ၊ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် "ဒီပင်္ကရာ"မြတ်စွာဘုရားမှ စ၍ "ကဿပ"မြတ်စွာဘုရားတိုင်အောင် (၂၄)ဆူသော မြတ်စွာဘုရားတို့အထံ၌ ဗျာဒိတ်ခံယူတော်မူသည်ဖြစ်ရာ အဲဒီ ဗျာဒိတ်ခံယူတော်မူခဲ့သည့် ဘဝအထူးတို့နှင့် ဖြေလျှင် သဘောပေါက်ပါလိမ့်မယ်"

ဘုန်းကြီးတို့ ဂေါတမဘုရားအလောင်းတော်သည် -

၁။ ဒီပင်္ကရာ မြတ်စွာဘုရား အထံတော်မှာ သုမေဓာရှင်ရသေ့ အဖြစ်ဖြင့် ရှေးဦးစွာ နိယတဗျာဒိတ် ခံယူတော်မူပါတယ်။

၂။ နာရဒ မြတ်စွာဘုရား အထံတော်မှာ ဇဋိလရှင်ရသေ့ အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၃။ အတ္ထဒဿီ မြတ်စွာဘုရား အထံတော်မှာ သုသိမရှင်ရသေ့ အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၄။ သိဒ္ဓတ္ထ မြတ်စွာဘုရား အထံတော်မှာ မင်္ဂလရှင်ရသေ့ အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၅။ တိဿမြတ်စွာဘုရား အထံတော်မှာ သုဇာတရှင်ရသေ့ အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် "ရှင်ရသေ့"အဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ ငါးဘဝ ဖြစ်ပါတယ်။

၆။ ကောဏ္ဍည မြတ်စွာဘုရား အထံတော်မှာ ဝိဇိတာဝီ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၇။ မင်္ဂလ မြတ်စွာဘုရား အထံတော်မှာ သုရုစိပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၈။ သုမေဓ မြတ်စွာဘုရား အထံတော်မှာ ဥတ္တရပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၉။ သုဇာတ မြတ်စွာဘုရား အထံတော်မှာ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၁၀။ ဖုဿ မြတ်စွာဘုရား အထံတော်မှာ ဝိဇိတာဝီ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၁၁။ ဝေဿဘူ မြတ်စွာဘုရား အထံတော်မှာ သုဒဿန စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၁၂။ ကကုသန် မြတ်စွာဘုရား အထံတော်မှာ ခေမမင်း ဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၁၃။ ကောဏာဂုံ မြတ်စွာဘုရား အထံတော်မှာ ပဗ္ဗတမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

၁၄။ ကဿပ မြတ်စွာဘုရား အထံတော်မှာ ဇောတိပါလ ပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့ပါတယ်။

ဤသို့အားဖြင့် "ရဟန်း"အဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ ကိုးဘဝတို့သာ ဖြစ်လေ၏။

ကဲ - ဒကာကြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ အလောင်းတော်သုမြတ်ကြီးမှာ ရှင်ရဟန်းအဖြစ် ကိုးဘဝပဲ ရခဲ့ပါတယ်ဆိုတော့ ရှင်ရဟန်းအဖြစ်ကို ရခဲလှ၏ ဆိုတာ မမှန်ဘူးလား"

"မှန်ပါတယ်ဘုရား"

"ကဲ - ကဲ ဆက်နားထောင်ဦး"

၁၅။ ရေဝတ မြတ်စွာဘုရား အထံတော်မှာအဘိဒေဝပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၆။ သောဘိတ မြတ်စွာဘုရား အထံတော်မှာ အဇိတပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၇။ ပဒုမုတ္တရမြတ်စွာဘုရား အထံတော်မှာ ဇဋိလသူဌေးဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၈။ ဝိပဿီ မြတ်စွာဘုရား အထံတော်မှာ ကဿပပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၁၉။ သိခီ မြတ်စွာဘုရား အထံတော်မှာ အရိန္ဒမမင်းဖြစ်၍ လူ အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် "လူအဖြစ်"ဖြင့် ဗျာဒိတ်ခံယူသော ဘဝမှာ ငါးဘဝသာ ဖြစ်ပါတယ်။

၂၀။ သုမန မြတ်စွာဘုရား အထံတော်မှာ အတုလ နဂါးမင်းဖြစ်၍ နဂါး အဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

၂၁။ ဝိပဿီ မြတ်စွာဘုရား အထံတော်မှာ အတုလ နဂါးမင်းဖြစ်၍ နဂါးအဖြစ်ဖြင့် ဗျာဒိတ်ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် "နဂါး"အဖြစ်ဖြင့် ဗျာဒိတ်ခံယူသော ဘဝပေါင်းမှာ နှစ်ဘဝသာ ဖြစ်ပါတယ်။

၂၂။ ဓမ္မဒဿီ မြတ်စွာဘုရား အထံတော်မှာ သိကြားမင်းဖြစ်၍ ဗျာဒိတ် ခံယူတော်မူပါတယ်။

၂၃။ အနောမဒဿီ မြတ်စွာဘုရား အထံတော်မှာ ဘီလူးစစ်ဘုရင်ဖြစ်၍ ဗျာဒိတ်ခံယူတော်မူပါတယ်။

၂၄။ ပဒုမ မြတ်စွာဘုရား အထံတော်မှာ ခြင်္သေ့မင်းဖြစ်၍ ဗျာဒိတ် ခံယူတော်မူပါတယ်။

ဤသို့အားဖြင့် အဖြစ်တော် တစ်မျိုးစီဖြင့် ဗျာဒိတ်ခံယူသော ဘဝပေါင်းမှာ သုံးဘဝတို့ ဖြစ်ပါတယ်။

"ကဲ - ဒကာကြီး၊ ဘုန်းကြီးတို့ ဘုရားအလောင်းတော်ကြီးဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ ဒီပင်္ကရာ မြတ်စွာဘုရားမှ စ၍ ကဿပ မြတ်စွာဘုရားတိုင်အောင် (၂၄) ဘဝသာ ဗုဒ္ဓသာသနာတော်နှင့် တွေ့ဆုံရပါတယ်၊ အဲဒါကို ထောက်ဆလျှင် ဗုဒ္ဓသာသနာတော်နှင့် ကြုံခဲတယ်ဆိုတာကို သဘောကျပြီလား"

"မှန်ပါ၊ ကျပါပြီဘုရား"

"မကျလည်း မတတ်နိုင်တော့ဘူး ဒကာကြီး၊ ဘုရားအလောင်းတော်ကြီးပင် (၂၄) ဘဝသာ သာသနာတော်နှင့် ကြုံရတယ်ဆိုတော့ သာမန် သူလိုကိုယ်လို လူတွေအတွက်ဆိုလျှင် ဆိုဖွယ်ရာ မရှိတော့ပါဘူး၊ အဲဒါကြောင့် ကြုံခဲလှတဲ့ သာသနာတော်နှင့် ကြုံတုန်း သာသနာတွင်း တရားဖြစ်တဲ့ ဝိပဿနာတရား ဘာဝနာကို အားထုတ်ဖြစ်အောင် အားထုတ်ပါလို့ ဘုန်းကြီးက တိုက်တွန်းပါတယ်"

"သာသနာတော်တွင်း တရားဖြစ်တဲ့ ဝိပဿနာ ဘာဝနာတရားမှ အားမထုတ်ရသေးလျှင် သာသနာတော်နှင့် ကြုံဆုံရကျိုး မနပ်သေးပါဘူး၊ လူဖြစ်ရကျိုးကော နပ်ပြီလားဆိုလျှင် မနပ်သေးပါဘူး"

"သာသနာတော်နှင့် ကြုံဆုံရကျိုး၊ လူဖြစ်ရကျိုး နပ်လေအောင် သာသနာတွင်းတရား ဖြစ်တဲ့ ဝိပဿနာတရားကို ပွားများနိုင်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ကြပါစို့နော်"

"မှန်ပါဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

ဓမ္မရံသီ ဓမ္မမဂ္ဂဇင်း (၁၄၅၃ - ၅၄ တပေါင်း၊ တန်ခူး၊ အမှတ်စဉ် (၂၈)၊ ၁၉၉၂ ခု ဧပြီလ)

# သားဦးရက နတ်ကိုးကွယ်ရ

(၂၆၁)

"နတ်"ဆိုတာ ရှိပါသည်၊ မရှိ မဟုတ်ပါ၊ ယင်း နတ်တို့ဟူသည် ယခု မျက်မြင်လောက၌ လူမျိုးအသီးသီး ရှိသလို အမျိုးအစား တစ်မျိုးသာ ဖြစ်သည်၊

သို့ဖြစ်၍ နတ်တို့ဟူသည် သူတို့လောက၌ သူတို့အသိုင်းအဝိုင်းနှင့် သူတို့အလုပ်ကို သူတို့လုပ်နေသော အမျိုးအစားအုပ်စုတစ်မျိုးသာ ဖြစ်ပါသည်၊

ယင်းနတ်တို့ကို "မ"လိမ့်မည်ဟု အထင်ကြီးပြီး အားကိုးမျှော်လင့်နေရန် မဟုတ်ပါ၊ မိမိတို့ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းကိစ္စများကို မိမိတို့ဘာသာ ကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်သည်၊

ယင်းနတ်တို့ကို ဖမ်းစားလိမ့်မည်ဟူ၍ ကြောက်ရွံ့နေဖို့ မလိုပါ၊ ကြောက်လေ ခြောက်လေ ဖြစ်တတ်၏ ဟူ၍ စကားရှိပါသည်၊ မှန်ပါသည်၊ ကြောက်တတ်သူကိုမှ ခြောက်ချင်ကြပါသည်၊ မကြောက်တတ်သူကို မခြောက်ချင်ကြပါ၊

"လောက၌ ကြောက်စရာအကောင်းဆုံးသော အရာသည် ကြောက်ရွံ့ခြင်းပင် ဖြစ်သည်"

ဟူ၍ ဆိုသင့်ပါသည်၊ မှန်ပါသည်၊ ကြောက်အားကြီးလျှင် အသိ. အလိမ္မာ. ဉာဏ်ပညာ ကင်းလွတ်သွားတတ်ပါသည်၊ စိတ်အား ကိုယ်အားကို ဆုတ်ယုတ်သွားစေတတ်ပါသည်၊

ကြောက်ရွံ့ခြင်းသည် အသိ.အလိမ္မာ.ဉာဏ်ပညာကို ကင်းလွတ်စေလျှင် အသိ.အလိမ္မာ.ဉာဏ်ပညာ သတိကို တိုးတက်စေသော အရာကား အဘယ်နည်းဆိုသော် "ရဲရင့်ခြင်း"ပင် ဖြစ်ပါသည်၊ ရဲရင့်ခြင်းသည် အသိ. အလိမ္မာ. ဉာဏ်ပညာကို တိုးတက်စေပါသည်၊ ယင်း အသိ. အလိမ္မာ. ဉာဏ်ပညာဖြင့် အကြောက်ကို ကာကွယ်ရမည် ဖြစ်ပါသည်၊ ယင်းကို မသိသူတစ်ယောက်က မိမိထံသို့ စာဖြင့် လျှောက်ထားသည်၊

ဆရာတော်ဘုရား

တပည့်တော်မှာ အိမ်ထောင်ကျပြီးကတည်းက စိတ်ထင့်ရတဲ့အကြောင်းကလေး ရှိပါတယ်ဘုရား၊ တခြားတော့ မဟုတ်ပါ ဘုရား၊ တပည့်တော်တို့ရဲ့ အောက်မြို့ရွာ ဓလေ့က အိမ်ထောင်ပြုပြီး သားဦးရလျှင် အိမ်တွင်းနတ်ကို ကိုးကွယ် ရပါတယ်။

ယခု တပည့်တော်မှာ အညာဒေသမှာ အိမ်ထောင်ကျတာရယ်၊ တပည့်တော်ခင်ပွန်းကလည်း ဘုရား တရား သံဃာ ရတနာသုံးပါးမှ လွဲပြီး ဘာကိုမှ ကိုးကွယ်တာ မဟုတ်တော့ အိမ်တွင်းနတ် မရှိပါဘုရား။

ဆရာတော်ဘုရား -

အိမ်တွင်းနတ်သည် ဇနီးမောင်နှံ ကွဲအောင်များ ပြုနိုင်ပါသလားဘုရား၊ ငယ်ငယ်က ကြားဖူးတာကတော့ ချင်းဖဝေး ဇာတ်လမ်းမှာ နတ်ကို မေ့လို့ ကွဲခဲ့ရကြောင်း၊ နတ်ကို ပြန်သတိရမှ ပြန်ပေါင်းရကြောင်း ကြားဖူးပါတယ်ဘုရား။

ပြီးတော့ တပည့်တော်တို့ အသွားတွေကတော့ ကိုးကွယ်ကြပါတယ်၊ တပည့်တော်က ယခု အိမ်ထောင်ကျတာ (၁၁)နှစ် ရှိပါပြီ၊ လုံးလုံး မကိုးကွယ်ဘဲ ထားတော့ နောက်ကို တစ်ခုခုများ ဖြစ်လေမလားလို့ သံသယဖြစ်နေ၊ ကြောက်နေပါတယ် ဘုရား။

တစ်ခါတစ်ခါ လင်မယားချင်း စကားများစရာ မရှိဘဲ များရင် နတ်တွေကများ တိုက်သလားနဲ့ တွေးမိပြီး စိတ်ထင့်ခဲ့ရ ပါတယ်ဘုရား။

အဲဒီလို ဖြစ်တဲ့အခါ ဘုရားရှိခိုးပြီးတိုင်း အမျှပေးဝေပါတယ်ဘုရား၊ ဆရာတော်ဘုရားက နတ်တွေက အမျှပေးဝေ တာ ကြိုက်တယ်လို့ ဟောထားလို့ အမျှပေးဝေပါတယ်ဘုရား။

ဆရာတော်ဘုရား -

"တပည့်တော်ရဲ့အကြောင်းကို ဖျောက်ဖျက်ပေးတော်မူပါဘုရား"

တပည့်တော်မ

(......)

၉-၉-၉၂

သို့

(......)

၂၇-၁-၉၃

ပြန်စာနှင့် ပေးစာကတော့ ရက်မျှမက လ.ပင်ခြားခဲ့၍ ကြာလှချည်လားလို့ မထင်ပါနဲ့၊ အချို့စာများ နှစ်တွေတောင် ခြားတာ မပြန်အား၍ ချန်ထားခဲ့ရပါသည်၊ ယခု ဒီစာကို တရားပွဲတစ်ခုမှ အားချိန်တွင် ကောက်ရေးလိုက်တာပါ။

နတ်ကို ကြောက်နေတာနှင့် ပတ်သက်၍ ဘုန်းကြီးရဲ့ယောဂီတစ်ယောက်ရဲ့ အပြုအမူဟာ အတုယူစရာကောင်း၍ ဖော်ပြလိုက်ပါမယ်။

" ယောဂီတစ်ယောက်ဟာ တရားအားထုတ်၊ တရားနာပြီး နတ်ကို မကိုးကွယ်ချင်တော့ဘူး၊ အိမ်က မိန်းမကို နတ်မကိုး ကွယ်ဖို့ စည်းရုံးလို့လည်း မရတော့ လက်လျှော့ထားရတယ်။

နောက် အကြောင်းမသင့်တော့ သူတို့နေတဲ့ရပ်ကွက် မီးလောင်တော့ သူတို့အိမ်လည်း မီးထဲ ပါသွားပါတယ်။ အိမ်မီးလောင်လို့ တစ်ဖက်က ဝမ်းနည်းနေသော်လည်း တစ်ဖက်က အိမ်ပြန်ဆောက်ပြီးရင် နတ်မကိုးကွယ်ရတော့ဘူးလို့ တွေးပြီး ဝမ်းသာနေပါတယ်။

အိမ်ပြန်ဆောက်ပြီးတော့ မသိလိုက် မသိဘာသာ နေနေရာမှ ဇနီးလုပ်သူက ငှက်ပျောသီး၊ အုန်းသီးများ ဝယ်လာတဲ့အခါ မသိချင်ယောင်ဆောင်ပြီး -

"ဘာလုပ်ဖို့လဲ" မေးတဲ့အခါ -

"ရိုးရာပွဲ တင်ဖို့လေ" လို့ ပြောတယ်။ အကွက်ချောင်းနေတဲ့ နတ်မကိုးကွယ်ချင်သူ ယောကျ်ားက ပြောလိုက်တယ်။

"တော် - တော်၊ နင့်နတ် ငါ မကိုးကွယ်ဘူး၊ ယခု နင်နဲ့ ငါနဲ့ အိမ်ထောင်ကျပြီး အိမ်ခွဲကာ ကိုးကွယ်လာခဲ့တာ (၂၅) နှစ်ရှိပြီ၊ ငါတို့ ဝတ္တရားအားလုံးကျေတယ်။

အဲဒီလောက် ဝတ္တရားကျေတာ ယခု အိမ်မီးလောင်မယ်ဆိုတာ သူကြိုပြောပေးဖို့ ကောင်းတယ်၊ ဒါလေးတောင် ပြောဖော်မရတဲ့ နတ် ဘာကောင်းလဲ၊ ဘာကျေးဇူးသိတတ်လဲ။

ကဲ - အိမ်မီးလောင်မှာ ကြိုမပြောရင် ထားပါဦး၊ အိမ်မီးလောင်တဲ့အခါ သူ့တင်ထားတဲ့ ဒီငှက်ပျောသီး၊ အုန်းသီးကလေးလောက်တော့ ဆွဲပြေးဖို့ ကောင်းတယ်၊ ဒါလေးတောင် ဆွဲပြေးဖော်မရတဲ့နတ် ဘာအသုံးကျလဲ။

"တော်ပြီ - တော်ပြီ၊ နင့်နတ် ငါ မကိုးကွယ်တော့ဘူး၊ နင် ကိုးကွယ်ရင် နင်နဲ့ ငါနဲ့ အပြတ်ပဲ"

လို့ ပြောလိုက်တော့ ဇနီးမယားဟာ ငှက်ပျောသီး၊ အုန်းသီးတွေကို တော်ရာချထားလိုက်တယ်၊ အဲဒီနေ့ကစပြီး သူတို့ဇနီးမောင်နှံ နတ်မကိုးကွယ်တာ ယခုဆို (၁၀) နှစ်ကျော်သွားပြီ။

(......) အဖို့ အင်မတန် ကံကောင်းတယ် ခေါ်ရမှာ၊ ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်တဲ့ယောကျ်ား ရထားတာ အင်မတန် ကံကောင်းပါတယ်။

အမှန်တကယ် ကိုးကွယ်ရမှာက ရတနာသုံးပါးပါ။ ရတနာသုံးပါးမှတစ်ပါး အခြားအရာတွေဟာ ကိုးကွယ်ရာတွေ မဟုတ်ပါ။ ကျွေးစရာ ပေးစရာတွေသာ ဖြစ်ပါတယ်။

ကျွေးစရာ ပေးစရာဆိုတာက သူတို့မှာ စားစရာမရှိလို့ တောင်းလို့ရှိရင် ကျွေးပါ။ နေစရာမရှိလို့ တောင်းလျှင် ဆောက်ပေးပါ။ ဒါနကုသိုလ် ဖြစ်ပါတယ်။ ကျွေးပေးပြီး ကိုးကွယ်မထားရပါ။

သူတောင်းစားများ လာတဲ့အခါ ပေးလိုက်တယ်မဟုတ်လား၊ အိမ်ပေါ်တင် ကိုးကွယ်ထားသေးလား၊ အဲဒီသဘောပါပဲ။ နတ်လည်း ကျွေးနိုင် ပေးနိုင်ပါတယ်။ အိမ်ပေါ်တင် မကိုးကွယ်သင့်ပါ။

(......) မှာ ရတနာသုံးပါးမှ လွဲ၍ ဘာကိုမှ မကိုးကွယ်တဲ့ ယောကျ်ားရထားတာ ဘာမှ ကြောက်စရာမလိုပါ။ ကိုးကွယ်ပြီးသားလူက မကိုးကွယ်ချင်တော့လို့ မယုံကြည်တော့၍ ဖျက်ပစ်တာတောင်မှ ဘာမှ မဖြစ်တာ၊ မကိုးကွယ်တဲ့လူက မကိုးကွယ်တာ ဘာကြောက်စရာ ရှိမှာလဲ။

ကြောက်ရင် -

"ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ - ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မော မေ သရဏံ အညံ နတ္ထိ - ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃော မေ သရဏံ အညံ နတ္ထိ - သံဃံ သရဏံ ဂစ္ဆာမိ"

ကို အထပ်ထပ် ရွတ်ဆိုပါ။ သက်စေ့ ဆိုနိုင်ဆိုပါ။ သက်စေ့ထက် ပိုဆိုနိုင်လည်း ဆိုပါ။

"ဘုမ္မဋ္ဌဒေဝတာ၊ ရုက္ခဋ္ဌဒေဝတာ၊ အာကာသဋ္ဌဒေဝတာ၊ အာရက္ခဒေဝတာ၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊
အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု"

လို့ အကျဉ်းချုပ် အတိုချုပ် မေတ္တာလည်း အထပ်ထပ်ပို့ပါ။ သက်စေ့ပို့နိုင် ပို့ပါ။ သက်စေ့ထက် ပိုပို့နိုင်လည်း ပို့ပါ။

မေတ္တာအကျိုး ၁၁ ပါးမှာ –

"စောင့်ရှောက်နတ်များ၊ နတ်များလည်း ခင်" ဆိုတဲ့ အကျိုးနှစ်ပါး ပါပါတယ်။ နတ်ကို မကြောက်ပါနှင့်။ နတ်ဆိုတာ သတ္တဝါ အုပ်စုတစ်မျိုးပါ။ သူတို့ ဖမ်းချင်တိုင်း ဖမ်းလို့ မရပါ။

ငယ်ငယ်က ကြားဖူးတဲ့ ချင်းဖဝေးဇာတ်လမ်းဟာ နတ်သမား၊ ဇာတ်သမားတို့ရဲ့ စကားမျှသာ ဖြစ်ပါတယ်။ မမှန်ပါဘူး၊ ဒါကြောင့် ကြောက်စရာမလိုပါ။

အဘွားတို့ ကိုးကွယ်သော်လည်း (......)တို့မှာ အိမ်ထောင်ကျစကတည်းက မကိုးကွယ်တော့ မကိုးကွယ်ပါနဲ့။ နောက်က ကိုးကွယ်နေတာတောင် ဖျက်သေးတာ။ မကိုးကွယ်ဘဲနေတဲ့ ပုဂ္ဂိုလ်အတွက် မကိုးကွယ်ဘဲ ဆက်လက်နေခြင်းဟာ ကောင်းသောနေခြင်းပါ။

"လင်နှင့်မယား လျှာနှင့်သွား" ဆိုတဲ့ စကားပုံကို (......)ကြားဖူးသားပဲ။ နတ်တွေက တိုက်တယ်လို့ သံသယမရှိပါနဲ့။ သံသယဆိုတာ အကုသိုလ်ပါ။ အကုသိုလ်ကိုလည်း ထိုကုသိုလ်က နိုင်ပါတယ်။ ဒါကြောင့် ပြောတဲ့အတိုင်းသာလုပ်ပါ။ ဘာမှ မဖြစ်စေရပါဘူး၊ အာမခံပါတယ်။

✧ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

ရတနာမွန်မဂ္ဂဇင်း အတွဲ ၂၀၊ အမှတ် ၆၊ ၁၉၉၃ ခုနှစ်၊ ဇွန်လ။

# သီလ အခွဲနှင့်အတွဲ

## (၂၆၂)

ဗုဒ္ဓသာသနာတော်၏အချုပ် ပဓာနလုပ်ငန်းကြီးတို့သည် "ဒါန, သီလ, ဘာဝနာ" ဟူ၍ သုံးခုသာ ဖြစ်ကုန်၏။ ယင်းသုံးခုတို့တွင် ဒါနထက် သီလက မြတ်၏။ သီလထက် ဘာဝနာက မြတ်၏။

တစ်နည်းဆိုသော် ဒါနထက် သီလက အကျိုးကြီး၏။ သီလထက် ဘာဝနာက အကျိုးကြီး၏။

တစ်နည်းဆိုသော် ဒါန, သီလ, ဘာဝနာ သုံးမျိုးတို့သည် တစ်မျိုးနှင့်တစ်မျိုး အကျိုးအာနိသင်ချင်း မတူကြပါပေ။

မှန်ပါသည်။ "ဒါန" ၏အဓိကအကျိုးမှာ စားဝတ်နေရေးပြည့်စုံစေခြင်းကို ပေး၏။ "သီလ" ၏အဓိက အကျိုးမှာ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ အဆင်းလှခြင်း ကို ပေး၏။ "ဘာဝနာ" ၏ အဓိကအကျိုးမှာ အသိ, အလိမ္မာ, ဉာဏ်ပညာကြီးခြင်းကို ပေး၏။

ဘဝတစ်ခု၌ သတ္တဝါရယ်လို့ ဖြစ်လာကြရသော သူ ငါများစွာ သတ္တဝါဟူသမျှတို့သည် အဘက်ဘက်မှ လိုလေသေးမရှိ အကျိုးပေး ပြည့်စုံစေချင်ကြသည်။ ပြည့်စုံအောင်လည်း ကြိုးစားကြသည်။ သို့သော် ဒါန, သီလ, ဘာဝနာတည်းဟူသော အကြောင်းသုံးခု မစုံက အဘက်ဘက်မှ လိုလေသေးမရှိ အကျိုးပေးပြည့်စုံခြင်းကား မဖြစ်နိုင်ပါပေ။

ယင်း ဒါန, သီလ, ဘာဝနာ သုံးခုတို့ကို လှူဒါန်းဆောက်တည် ပွားများရာ၌ ဦးရေအများ, အနည်း, အနည်းဆုံးဟူ၍ အစဉ်အတိုင်း တွေ့ရပါ၏။

မှန်ပါသည်။ ဒါနပြုသူဦးရေမှာ အများဖြစ်သော်လည်း သီလဆောက်တည်သူဦးရေမှာ အနည်းစုသာ ဖြစ်ပါ၏။ ဘာဝနာပွားသူ ဦးရေမှာကား အနည်းဆုံး ဖြစ်ပါ၏။

ယင်းသို့ တစ်ဆင့်ထက်တစ်ဆင့် နည်းနည်းသွားခြင်းမှာ အကျိုးကျေးဇူးကို မသိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ အချိန်ကြာရှည်စွာ ပြုလုပ်ရခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ယင်းသည် အချိန်ကြာရှည်စွာ ပြုလုပ်ရခြင်းကို ခေတ္တထား၍ အကျိုးကျေးဇူးကို မသိခြင်းကြောင့် ဦးရေနည်းမှုနှင့် ပတ်သက်၍ သီလအကျိုးကျေးဇူးကို အမြွက်မျှဆိုချင်ပါသည်။

သီလ ဟူသည် ဂင်္ဂါ ယမုံနာရေ စသည် ရေစင်. ရေကောင်းတို့ဖြင့် ဆေးကြော၍ မရနိုင်သည့် ကိလေသာအပြစ် အညစ်အကြေးများတို့ကို ဆေးကြောသုတ်သင်နိုင်သည့် "ဓမ္မရေစင်ရေကောင်း"ဖြစ်ပေ၏။

သီလဟူသည် စန္ဒကူးရွှေ စသည်တို့ဖြင့် ပယ်ဖျောက်၍ မရနိုင်သော ရာဂ အစရှိသည့် ပူလောင်ခြင်းကို ပယ်ဖျောက်နိုင်ကြောင်း ဆေးကောင်းကြီး ဖြစ်၏။

သီလဟူသည် ပုလဲသွယ်. မကိုဋ် နားဆွဲ အစရှိသည့် ပကတိလူများ၏ အဆင်တန်ဆာများနှင့် လားလားမျှ မဆက်ဆံသည့် ပညာရှိတို့၏ အဆင်တန်ဆာလည်း ဖြစ်ပေ၏။

သီလဟူသည် အရပ်ဆယ်သိမ်း ကြိုင်လှိုင်သောကြောင့် ပင်ကိုယ်ကပင် သန့်စင်ပြုပြင်ရခြင်း မရှိသည့် အခါခပ်သိမ်း လိမ်းသပ်ဖို့ရန် လျော်ကန်သင့်မြတ်သော နံ့သာမျိုးလည်း ဖြစ်ပေ၏။

သီလဟူသည် မင်း. ပုဏ္ဏား. သူကြွယ် ဟူသော အမျိုးမြတ်သူ လူတို့နှင့်တကွ နတ်ဗြဟ္မာတို့ကပါ သဒ္ဓါကော်ရော် အပူဇော်ခံရခြင်း စသည့် အကျိုးကို ဆောင်ရွက်တတ်သောကြောင့် မြတ်သော "ဝသီကရဏမန္တန်"ကြီးလည်း ဖြစ်ပေ၏။

သီလဟူသည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ တက်ရောက်ကြောင်း စောင်းတန်းလှေကားကြီးလည်း ဖြစ်ပါပေ၏။ ဈာန်. အဘိညာဉ်တို့ကို ရကြောင်းလည်း ဖြစ်ပါပေ၏။ ဘောဓိဉာဏ် သုံးပါး၏ တည်ရာမူလ အခြေခံတရားကြီးလည်း ဖြစ်ပါပေ၏။

သီလဟူသည် အလိုရှိအပ် တောင့်တအပ်သမျှ ပြည့်စုံနိုင်ကြောင်း ဖြစ်သောကြောင့် စိန္တာမဏိ ကျောက်မျက် ရတနာပဒေသာပင်တို့ထက်လည်း သာလွန်တင့်တယ်ပေ၏ စသည်ဖြင့် သီလ၏ အကျိုးကျေးဇူးတို့ကို များစွာ ဖော်ပြထားပါသည်။ ယင်းသို့ အကျိုးကျေးဇူး များပြားရကား သီလကို စောင့်ထိန်းသင့်ကြ၏။ စောင့်ထိန်းသင့်၍ စောင့်ထိန်းသူအများမှ သီလနှင့် ပတ်သက်၍ မရှင်းသူတစ်ယောက်က မိမိကို မေးလျှောက်၏။

"အရှင်ဘုရား၊ ရှစ်ပါးသီလအရာတွင် "နစ္စ. ဂီတ. သိက္ခာပုဒ်" "မာလာဂန္ဓ သိက္ခာပုဒ်"ကို တွဲထား၍ တစ်ပါးတည်း ဆောက်တည်ပြီး ဆယ်ပါးသီလအရာတွင် အဘယ့်ကြောင့် ခွဲထားပါသလဲဘုရား"

"အင်း - အင်း ဒကာကြီးက စိတ်ကူးအကောင်းသားပဲ၊ ဘုန်းကြီး အမြို့ မြို့အနယ်နယ် လှည့်နေတာကြာပြီ၊ ဒီလို အမေးမျိုး ဒီတစ်ခါပဲ ကြုံဖူးသေးတယ်"

"ဆရာတော်က တပည့်တော်ကို မြှောက်ပြောနေပါသလားဘုရား"

"မမြှောက်ပါဘူး၊ အမှန်အတိုင်း ပြောတာပါ"

"ဒါဖြင့် အဓိပ္ပါယ်ရှိပါဦး ဘုရား"

"အဓိပ္ပါယ်ရှိပါဆိုလျှင် ဦးစွာပထမ အတိုချုပ် ဖြေရမှာက အကြောင်းထူး အနက်ထူးရှိ၍ ရှစ်ပါးသီလအရာ၌ တွဲခြင်းဖြစ်၍ ဆယ်ပါးသီလအရာ၌ ခွဲခြင်းဖြစ်ပါတယ်"

"အကြောင်းထူး အနက်ထူးရှိ၍ တွဲရ ခွဲရတယ်ဆိုရာ၌ ဘယ်အကြောင်းထူး အနက်ထူး ရှိပါသလဲဆိုက "နစ္စ ဂီတ သိက္ခာပုဒ်နှင့် မာလာဂန္ဓသိက္ခာပုဒ်"နှစ်ပုဒ်တို့သည် ကာမဂုဏ်၌ လျှပ်ပေါ်လော်လီသဖြင့် ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း အကြောင်းထူးရှိ၍ ရှစ်ပါးသီလအရာတွင် ပူးတွဲ၍ ထားရပါတယ်၊ သဘောကျလား"

"မကျသေးပါဘုရား၊ ရှင်းပါဦးဘုရား"

"ရှင်းပါဦးဆိုလျှင် အမျိုးသား အမျိုးသမီးတွေဟာ ကပွဲ သီဆိုပွဲ စသည်တို့သို့ သွားတဲ့အခါ ဖြီးလိမ်းပြင်ဆင်ပြီးတော့ သွားကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ရှစ်ပါးသီလ ဆောက်တည်သူ အမျိုးသား အမျိုးသမီးတို့သည် နစ္စ ဂီတ သိက္ခာပုဒ်နှင့် မာလာဂန္ဓသိက္ခာပုဒ် နှစ်ပုဒ်ပေါင်းကို တစ်ပြိုင်တည်း (နက်)ကျူးလွန်ကြပါတယ်။

"ဆယ်ပါးသီလ ဆောက်တည်သူ ရှင်သာမဏေတို့မှာ နစ္စ ဂီတ သိက္ခာပုဒ်ကို ကျူးလွန်နိုက် မာလာဂန္ဓ ပါခဲပါတယ်၊ အဲဒီလို အကြောင်းထူး၍ တွဲခြင်း၊ ခွဲခြင်း ဖြစ်ပါတယ်၊ သဘောကျလား"

"ကျပါတယ်ဘုရား"

"ထပ်ပြီး ရှင်းဦးမယ် -

အဲဒီလို အကြောင်းထူးရှိ၍ ပူးတွဲပြီးထားသော်လည်း နစ္စ ဂီတ သိက္ခပုဒ်သည်ကား မိမိကိုယ်တိုင် ကခြင်း၊ သူတစ်ပါးကို ကခိုင်းခြင်းဆိုတဲ့ "သာဟတ္ထိက၊ အာဏတ္တိက" ပယောဂနှစ်ပါးတို့ကြောင့် ပျက်စီးပါသည်။

မာလာဂန္ဓသိက္ခာပုဒ်သည်ကား သူတစ်ပါးကို စေခိုင်းခြင်း အာဏတ္တိက ပယောဂကြောင့် မပျက်စီးနိုင်ပါဘူး၊ မိမိကိုယ်တိုင် ကျူးလွန်ခြင်း "သာဟတ္ထိက" ပယောဂကြောင့်သာ ပျက်စီးပါသည်။

အဲဒီကဲ့သို့ ပယောဂ ကွဲပြားခြားနားခြင်းကို သိစေခြင်းငှာ ဆယ်ပါးသီလအရာတွင် ခွဲစေသည်လို့ အကြောင်းထူး အနက်ထူးကို မှတ်ပါ"

"ကဲ - ကျေနပ်ပြီလား"

"မှန်ပါ၊ ကျေနပ်ပါပြီဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း အတွဲ (၅)၊ အမှတ် (၅) ၁၉၉၂ ခုနှစ်၊ ဇွန်လ မဂ္ဂဇင်း။

# အစွဲကြောင့် ဒုက္ခဖြစ်

## (၂၆၃)

ထိုထိုဘုံဘဝ၌ ကြုံတွေ့ရသော ဆင်းရဲဒုက္ခ မျိုးစုံတို့၏ အကြောင်းရင်းကား "နှစ်သက်. ခင်မင်. လိုချင်. တောင့်တမှု = တဏှာ. လောဘ" သည် အကြောင်းမှန်ပင် ဖြစ်ပါသည်။

မှန်ပါသည်။ ဆင်းရဲဒုက္ခ ဟူသမျှသည် ဤလိုချင်တောင့်တမှု (တဏှာ.လောဘ)ကို အကြောင်းပြု၍ ဖြစ်ရပါ၏။ ယင်းလိုချင်တောင့်တမှုတဏှာလောဘကြောင့် တစ်ခါတစ်ရံမတရားပြုမိ၍ ဤမျက်မှောက်ကာလ၌ပင် မင်းပြစ်မင်းဒဏ် ခံကြရ၏။ နောင်သံသရာ၌မူ အပါယ်လေးပါးသို့ ကျရောက်လျက် အတိုင်းမသိ များပြားလှသော ဆင်းရဲဒုက္ခတွေကို ခံစားရသည်။

သံသရာဝဋ်ဆင်းရဲမှ မလွတ်ကင်းနိုင်ဘဲ တဝဲလည်လည် ကျင်လည်ရချက်သည် ထိုထိုဘဝ ခန္ဓာ သတ္တဝါ သခါရတွေကို တောင့်တလိုချင်သော တဏှာလောဘ၏ စနက်သာ ဖြစ်ပါသည်။

ပစ္စည်းဥစ္စာ သမီးသားနှင့် ဇနီးမယား လင်ယောက်ျားများအပေါ်၌ ချစ်ခင်ကြင်နာ စွဲလမ်းမှုများလည်း ယင်းတဏှာလောဘပင် ဖြစ်၏။ တဏှာလောဘ ကြီးမားသလောက် ဆင်းရဲဒုက္ခကြီးကြီးပင် ရောက်ကြရပါသည်။ ဆင်းရဲဒုက္ခ ရောက်သူတစ်ယောက်နှင့် ကြုံခဲ့ရ၏။

ဓမ္မဒေသနာခရီးသည်ဖြစ်သော မိမိသည် တစ်မြို့မှ တစ်မြို့၊ တစ်ရွာမှ တစ်ရွာ၊ တစ်တိုင်းမှ တစ်တိုင်းသို့ အဆက်မပြတ်လှည့်ပတ်သွားလာ ဟောပြောပြသနေရ၏။

ရာသီကား ဆောင်းနှောင်းရာသီဖြစ်၍ နံနက်ပိုင်း အေး၍ နေ့လည်ပိုင်းတွင် ပူနွေးသောအချိန် ဖြစ်၏။ မိမိသည် မြို့တစ်မြို့မှ မြို့တစ်မြို့သို့ ကူးခဲ့၏။ တည်းခိုရာဌာနမှာ တည်းခိုနေကျ ကျောင်းဖြစ်၏။ ကျောင်းထိုင်ဆရာတော်မှာ မိမိနှင့် ညီရင်းအစ်ကိုသဖွယ် ဖြစ်၏။ ကျောင်းရောက်လျှင် ဘုရားရှိခိုး၊ ဆရာတော်ကို ရှိခိုး ဦးချပြီး ဆရာတော်နံဘေး၌ပင် အပန်းဖြေ နားနေသောအားဖြင့် လျောင်းနေလေသည်။

မိမိလျောင်း၍မကြာမီပင် အသက်သုံးဆယ်ကျော်အရွယ်လောက်ရှိအမျိုးသားတစ်ယောက် တက်လာပြီး ဘုရားရှိခိုး ဆရာတော်ကို ဦးချပြီး ပင့်လျှောက်သည်။

"ဆရာတော်ဘုရား၊ မနက်ဖြန်နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးကြွရောက် ချီးမြှင့်တော်မူပါဘုရား"

"ဘာလဲ မောင်သန်း၊ မင်းရဲ့အဖေ ဆွမ်းသွတ် ဆွမ်းကျွေးလား"

ဆရာတော်က ပင့်လျှောက်လာသူ အမျိုးသားကို မေးခြင်း ဖြစ်ပါသည်။

"မှန်ပါဘုရား၊ တပည့်တော်အဖေ ဆွမ်းသွတ်ပါ"

"နေပါဦး မောင်သန်း၊ မင်းအဖေအဖြစ်က အဆန်းပါလား၊ ဘယ်လိုဖြစ်တာလဲဆိုတာ အကြောင်းစုံ ပြောပြစမ်းပါဦး"

"ဆရာတော်ဘုရား၊ တပည့်တော်အဖေ ဖြစ်ပုံကတော့ ပြောမယုံ ကြုံဖူးမှသိ ဆိုတာမျိုးလိုပါပဲ ဘုရား"

"အေး - ဘုန်းကြီးတို့လည်း သူပြော.လူပြော တစ်ဆင့်ပြောတော့ ကြားနေရတယ်၊ ယုံရခက်. မယုံရခက်ပဲ၊ ဒါကြောင့် မောင်သန်း မင်းကို မေးကြည့်တာပဲ"

"မှန်ပါဘုရား၊ တပည့်တို့အဖေဟာ နံနက်မှာ သေပါတယ်၊ နေ့လယ်ကျတော့ ညီမလေးကို ပူးပြီး အိမ်သူအိမ်သားတွေကို သူ့အလောင်းနားကို ခေါ်ပါတယ်၊ အားလုံး အလောင်းနားရောက်တော့ သူ့အလောင်းကိုသူ လက်ညှိုးထိုးပြီး ငိုပါတယ်"

"အဲဒါ ဘယ်သူလဲ သိလား၊ နင်တို့အဖေပဲ" ဆိုပြီး ငိုပြန်ပါတယ်၊ တပည့်တော်က မယုံဘူးဘုရား၊ မယုံတော့ ကဲ - အဖေ ဆိုလျှင် လက်မှတ်ထိုးပြစမ်းဆိုပြီး စာရေးကိရိယာတွေ ထုတ်ပေးလိုက်တယ်"

"တပည့်တော်တို့အဖေဟာ မူလတန်းကျောင်းအုပ်ဆိုတော့ သူကျောင်းအုပ်ဘဝက ထိုးဘဲ့ လက်မှတ်အတိုင်း ထိုးပြပါတယ် ဘုရား၊ အဲဒီတော့ တပည့်တော်တို့ ယုံရပါတယ်၊ သူ့အလောင်းကြည့်လိုက် ၊ ငိုလိုက်၊ မှာလိုက်နဲ့ တပည့်တော်တို့ ပါ ငိုရပါတယ်ဘုရား"

"ဘာတွေမှာသလဲ ပြောစမ်းပါဦး"

"နင်တို့အမေကို ဂရုစိုက်၊ နင်တို့အမေမှာ သွေးတိုးရောဂါရှိတယ်၊ အိမ်ကို မိုးမကျခင် စောစောမိုး၊ ဆယ်တန်းအောင်ပြီးတဲ့ သမီးကို အလုပ်ရအောင် ရှာပေးလိုက်၊ ဆယ်တန်းမအောင်သေးတဲ့ သားကို ဆယ်တန်းအောင်အောင်လုပ်ပေးလိုက်လို့ မှာပါတယ်ဘုရား"

"ဆွေမျိုးတွေ ရောက်လာပြန်တော့လည်း အဲဒီလိုပဲ မှာလိုက်. ပြောလိုက်. ငိုလိုက်ပါပဲ ဘုရား"

"အေး - ဘုန်းကြီးတို့ကြားတာလည်း ဒီအတိုင်းပါပဲ"

"မှန်ပါဘုရား၊ ခဏခဏ ပူးလိုက် ခွာလိုက်နဲ့ပါပဲ ဘုရား၊ သုံးရက်ထားပြီး အလောင်းချလိုက်တော့လည်း ပူးတုန်း ခွာတုန်းပါပဲဘုရား၊ တပည့်တော်ညီမလေး၊ ဒီနှစ် ကိုးတန်းဖြေရမှာ ဒီအတိုင်းဆိုလျှင် ဖြေနိုင်ပ့ါမလား မသိဘူး"

"ဘာဖြစ်လို့လဲ"

"ပူးပြီး ထွက်သွားလျှင် အားနည်းလို့ အားဆေးသွင်းယူရပါတယ် ဘုရား"

"မနက်ဖြန် ရက်လည်ဆိုတော့ အိမ်မှာ မထားရဲဘဲ ဘကြီးအိမ်မှာ ညီမလေးကို ထားရပါတယ် ဘုရား၊ ဆရာတော်ဘုရားတို့ မနက်ဖြန်ကြွလာလျှင် လိပ်ပြာလည်း ခွဲပေးပါ ဘုရား၊ ကမ္မဝါစာနှင့်လည်း နှင်ထုတ်ပေးပါ ဘုရား"

မိမိမှာ ကြားရသောစကားအတွက် စိတ်မချမ်းသာလှပါ။

ဩော် - သူတို့အဖေ သူတို့အတွက် မှာနေတယ်၊ သူ့ဇနီးအတွက် မှာနေတယ်၊ သူ့အိမ်အတွက် မှာနေတယ်၊ အခုတော့ ကောင်းကြသေးရဲ့လား၊ နှင်ထုတ်တော့မယ်တဲ့။

ဩော် - အစွဲ.အစွဲ၊ တယ်ကြောက်စရာကောင်းပါလား၊ သားသမီးနှင့် ဇနီး အိုးအိမ်စွဲကြောင့် ဒုက္ခဖြစ်ရတယ်၊ အခု နင်ထုတ်ခိုင်းနေပြီ၊ ဒုက္ခထပ်ပြီး ရောက်ရဦးတော့မယ်။

"အေး - အေး၊ မနက်ဖြန် ဘယ်နှစ်နာရီအချိန် ကြွရမှာလဲ"

"မနက်ဖြန် နံနက်အရုဏ်ဆွမ်းဆိုတော့ ငါးနာရီခွဲလောက် ကြွပါဘုရား၊ ကမ္ဗဝါစာလည်း ယူလာခဲ့ပါဘုရား"

"အေး - အေး"

မောင်သန်းမှာ ပင့်လျှောက်ပြီး ရှိခိုးဦးချကာ ပြန်သွားပြီ။ မိမိလည်း -

"အင်း - မနက်ဖြန် ဒီပင်စင်စား ကျောင်းအုပ်ဆရာတော့ ဒုက္ခထပ်ဖြစ်ဦးတော့မှာပဲ"

ဟု စဉ်းစားကျန်ရစ်ခဲ့သည်။ မိမိစဉ်းစားခန်းကို ဖျက်ဆီးလိုက်သော အသံကား -

"ပညာဇောတ၊ မနက်ဖြန် အဲဒီအိမ် ဆွမ်းစားလိုက်ခဲ့၊ ဟိုကျရင် လိပ်ပြာခွဲပေးလိုက်"

"ဘုန်းကြီးဥစ္စာကလည်း လိပ်ပြာမှ မရှိဘဲနှင့် ဘယ့်နှယ်လုပ် နှင်ထုတ်မလဲ၊ ထွက်ပြေးအောင်တော့ ကမ္ဗဝါစာနှင့် နှင်တာပဲ နှင်နိုင်ပါတယ်"

"လိပ်ပြာ ရှိတယ်၊ မရှိတယ်ကတော့ ဓမ္မကထိကရဲ့စွမ်းအင်ပဲဟာ၊ ကြည့်ဟောပြီး နှင်ထုတ်လိုက်ပေါ့"

မိမိမှာ ဘာမျှ မငြင်းသာတော့။ တိတ်တိတ်နေသောအားဖြင့် "လိုက်ပါမည်၊ နှင်ပေးမည်" ဟု ဝန်ခံလိုက်ရပါတော့၏။

မနက်ဖြန် နံနက်ရောက်သော် ဆရာတော် မိမိနှင့် အားလုံး သံဃာငါးပါး ကြွသွားကြ၏။ မိမိတို့ရောက်မှ အပူးခံရသူ လေးကို အိမ်သို့ ခေါ်လာ၏။ မျက်စိမဖွင့် မှိတ်လျက်သား နေ၏။ ယင်းကို ကြည့်ပြီး မိမိက အစိမ်းသရဲ သင်းကွဲပြိတ္တာဟု ကောက်ချက်ချမိ၏။

ဆွမ်းစားပြီးသော် ဦးစွာပထမ တရားဟောပြီး ရေစက်ချ အမျှဝေလိုက်၏။ ပရိတ်မရွတ် ကမ္ဗဝါစာ မဖတ်သေးပါ။ ယင်းသို့ ပြုရသည်မှာ သေသူ အမျှဝေရမည့်သူမှာ ပြိတ္တာဖြစ်နေ၍ တစ်နည်းဆိုသော် မကျွတ်မှန်းသိနေ၍ ဖြစ်၏။

ရေစက်ချ အမျှဝေပြီးမှ မိမိက ကမ္ဗဝါစာကို ကိုင်ပြီး ထိုင်ကာ -

"ဤအိမ်မှာ လူကို မူးအောင်၊ ဝေအောင်၊ နလုံးတုန်အောင်၊ ရင်ခုန်အောင်၊ အိပ်မပျော် စားမဝင်အောင် လုပ်တတ်တဲ့ တစ္ဆေသရဲသင်းကွဲပြိတ္တာ၊ နတ်ဘီလူး နတ်မိစ္ဆာများရှိတာကို အိမ်သူအိမ်သားများနှင့် တရားနာပရိသတ်များ နှစ်သက်ပါသလား"

ဟု သုံးကြိမ် သုံးခါ မေးလိုက်၏။ ပရိသတ်များက -

"မရှိတာ နှစ်သက်ပါသည်" ဟု ဖြေ၏။

အမိန့်ပြန်ပြီးသောအခါ ကမ္ဗဝါစာ ရွတ်ဖတ်လိုက်သည်။ ဆုံးသော် အပူးခံရသူကလေးမှာ ကောင်းသွားသည်။

ဩော် - သမုဒယတဏှာ လောဘစွဲဟာ တယ်ပြီး ကြောက်စရာပါလား၊ အစွဲကြောင့် ပြိတ္တာဖြစ်၊ ဒုက္ခဖြစ်၊ ထပ်ပြီး နှင်ထုတ်ခံရ၍ ဒုက္ခဖြစ်၊ သို့သော် သံဝေဂမဖြစ်သူကား ဖြစ်ကို မဖြစ်ပါသတည်း။

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ် ၆၊ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ။

-

# ဝသုန္ဒရီနတ်သမီး ဆံရေညှစ်၍ မာရ်စစ်သည်တွေ ရေမျော

(၂၆၄)

အများစကားနှင့် အမှန်စကား နှစ်မျိုးတို့တွင် အမှန်စကားသည် လူအများနားဝသို့ ရောက်ခဲသည်။ ရောက်ပြန်ပါကလည်း ကြာရှည်တည်ခဲပါသည်။ စွဲမြဲခဲပါသည်။

အများစကားမှာ လူအများနားဝသို့ ရောက်လွယ်ပါသည်။ ရောက်ပြန်ပါကလည်း ကြာရှည်တည်မြဲ စွဲနေတတ်ပါသည်။

အယူမှားနှင့် အယူမှန်လည်း ထို့အတူပင် ဖြစ်ပါသည်။ လူတစ်ယောက်သည် အယူမှန်သူဖြစ်ဖို့ ခဲယဉ်းသည်။ ခဲယဉ်းလှပါသည်။ ဖြစ်နေသော အယူမှန် ပျက်သွားဖို့မှာ လွယ်ကူပါသည်။ လျင်မြန်ပါသည်။

လူတစ်ယောက် အယူမှားဖြစ်ဖို့ မခဲယဉ်းပါ၊ လျင်မြန်လှပါသည်။ ဖြစ်နေသော အယူမှား ပျက်သွားဖို့ရာ ခဲယဉ်းလှပါသည်။

အယူမှားသည် အစွဲပြင်းလှပါသည်။ အမှတ်သညာ ကြီးလှပါသည်။ ယင်း အယူမှား အမှတ်များ ပြေပျောက်ဖို့ရန် ဘုရား တစ်သိန်းလောက် ဟောကြားချေချွတ်သော်လည်း ပြေမကျွတ်နိုင်ဘဲ သေသည်အထိ စွဲယူတတ်ပါသည်။

မည်သို့ဆိုစေ သူ့စကားနှင့် သူ့အယူ ကိုယ်နှင့်ဘာဆိုင်သလဲဟု အချို့က အလွယ်ပြောတတ်ကြပါသည်။ မဆိုင်တာ ရှိသလို ဆိုင်တာလည်း ရှိပါသည်။

ဗုဒ္ဓအတွက် သို့မဟုတ် ဗုဒ္ဓသာသနာအတွက် ဂုဏ်ယုတ်စေသော စကားအမှားကြီးတစ်ခု ရှိလေသည်။ ယင်းကိုမသိမြင်သူ အတော်များ၍ သိမြင်သူ အတော်နည်းပါးလှပါသည်။

သိမြင်သူ အနည်းအပါးမှ ကိုယ်နှင့်မဆိုင်ဟု လျစ်လျူရှု မထားနိုင်ဘဲ ကိုယ်နှင့်ဆိုင်သည်ဟု အယူရှိကာ မိမိထံမှောက်ရောက်လာပါသည်။ သူ့ကို မိမိရှေးက မသိ မမြင်ခဲ့ဘူးပါ။ သူသည် ရောက်လာဦးချပြီး ရှိသေစွာ ထိုင်ကာ လျှောက်ထားသည်။

"အရှင်ဘုရားရေးတဲ့ ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်တွေကို ဖတ်ရလို့ တပည့်တော်တို့မှာ မသိတာတွေ အသိရှင်းသွားပါတယ် ဘုရား၊ ယခုလည်း သိချင်တာတစ်ခု မေးလျှောက်ချင်ပါတယ် ဘုရား၊ မေးခွင့်ပေးပါဘုရား"

"ဘုရားတွေမှာ ဝသုန္ဒရီနတ်သမီး ဆံရေညှစ်တဲ့ပုံတွေ ထုလုပ်ထားတာ တွေ့ရပါတယ်ဘုရား၊ ဝသုန္ဒရီနတ်သမီး ဆံရေညှစ်၍ မာရ်နတ်စစ်သည်တွေ မျောတယ် ဆိုတာ ဖြစ်နိုင်ပါသလား ဘုရား"

"မဖြစ်နိုင်ပါ ဒကာကြီး"

"တပည့်တော်လည်း မဖြစ်နိုင်မှန်းတော့ သိပါတယ်ဘုရား၊ အများလည်း သိပြီး နောက်ထပ် ဒီအရုပ်မျိုးတွေ မတိုးပွားရအောင် ရှင်းပြပေးပါဘုရား"

"အေး - ဘုန်းကြီးတို့ ဘုရားအလောင်းတော်ဟာ သက္ကရာဇ် (၁၀၃)ခု၊ ကဆုန်လပြည့်နေ့မှာ အရာအထောင်သော မိုးကြိုးစက်တို့ စုပေါင်းကျရောက်ခြင်းဖြင့်လည်း မပျက်စီးနိုင်သော "အပရာဇိတပလ္လင်" ဝယ် ဖွဲ့ခွေထိုင်နေတော်မူပါတယ်။

အဲဒီအခါမှာ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေ၊ နဂါးတွေ ရာပေါင်းများစွာသော ထောမနာဂါထာတွေ ရွတ်ဆိုလျက် ပူဇော်ရပ်တည်လာပါတယ်။

စကြာဝဠာတိုက်တစ်သောင်းရှိနတ်ဗြဟ္မာအပေါင်းတို့ကလည်း အလွန်မွှေးကြိုင်တဲ့ ပန်းနံ့သာ အထုံအခိုး အမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ရပ်တည်လာကြပါတယ်။

အဲဒီအချိန်မှာ မာရ်နတ်က မိမိ၏ မာရ်စစ်သည်တွေကို စုဝေးစေပြီးလျှင် ဗောဓိမဏ္ဍိုင်သို့ ရှေ့ရှုချီတက်လာတဲ့အခါ စောစောက အလောင်းတော်အား ပူဇော်နေကြတဲ့ သိကြားမင်း အစရှိတဲ့ နတ်ဗြဟ္မာ အစရှိသည်တို့ဟာ ခြေဦးတည့်ရာ မျက်နှာမူရာ ထွက်ပြေးကြပါတယ်။ တစ်ယောက်မှ မကျန်ပါဘူး၊ ကဲ - ဒီလောက်နဲ့ပဲ ဝသုန္ဒရီနတ်သမီး မရှိကြောင်း မထင်ရှားဘူးလား"

"ထင်ရှားပါတယ်ဘုရား၊ ဒါပေမဲ့လို့ မာရ်နတ် မပြေးသေးတော့ ပြဿနာ မပြေလည်သေးပါဘုရား"

"အေး - မာရ်နတ်သား စစ်တပ်နှင့်ရောက်လာပြီး လက်နက်ကြီး ကိုးမျိုးဖြင့် အသီးသီးပစ်လွှတ်ပါသော်လည်း အရာမရောက် မအောင်မြင်လို့ ဥက္ကာကျအောင် ပြုပါတယ်။ စစ်လက်နက်ကို လွှတ်ပြန်ပါတယ်။ စစ်လက်နက်ဟာ ခြေသုတ်ကြိုးဝန်းပမာ ခွေလျက်သား ကျရောက်ပြီး ဘုရားရှင်ခြေရင်းမှာ တည်နေပါတယ်။

မာရ်နတ်ဟာ မည်သည့်အရာကို စွဲကိုင်ရမည်ဟု မသိမမြင်ဘဲ အလွန်လျှင် အမျက်ဒေါသ ထွက်ကာ စစ်တပ်ကို -

"အဘယ့်ကြောင့် ရပ်တည်နေကြသနည်း၊ ဖမ်းကြလော့၊ သတ်ကြလော့၊ ဖြတ်ကြလော့၊ ခွဲကြလော့ မလွတ်ကြစေကုန်လင့်"

စသည်ဖြင့် အမိန့်ပေးပါတယ်။ မာရ်နတ်ကိုယ်တိုင်လည်း မြားကို ကိုင်ဝင့်လျက် -

"အို - သိဒ္ဓတ္ထမင်းသား ယခုပင်လျှင် ရတနာပလ္လင်မှ အလျင်အမြန် ထသွားလော့"

လို့ အမိန့်ပေးပါတယ်။ မာရ်စစ်သည်တွေကလည်း ကြောက်မက်ဖွယ်တို့ကို ပြုကြပါတယ်။

အလောင်းတော်ဟာ မာရ်နတ်နှင့် မာရ်နတ်စစ်သည်တွေ ပြုလုပ်သမျှသော ဖောက်ပြန်ပြစ်မှားမှု အလုံးစုံကို "မေတ္တာအားအစွမ်း" ဖြင့် ပယ်ရှားဟန့်တားတော်မူပါတယ်။

ဥပမာပြောရရင် သနားကရုဏာ ပြင်းပြစွာသော မွေးသဖခင်ကျေးဇူးရှင်သည် မိမိခြေရင်း၌ ကစား၍နေတဲ့ သားငယ်ကို လက်ခြေတို့ဖြင့် ပုတ်ခတ်စေကာမူ အမျက်မထွက်သကဲ့သို့ပါ။

အေး - သားဟူသော ချစ်ခြင်းဖြင့် နှစ်သက်ကြည်ဖြူစွာ သားကို လည်ဖက်၍ မိမိရင်ခွင်ထက်၌ အိပ်စက်စေလျက် တစ်စုံတစ်ခု ရန်ငြိုးဖွဲ့ခြင်း အလျဉ်းမရှိသကဲ့သို့ပါ။

အလောင်းတော်ဟာ မာရ်နတ်ပြသမျှ ပြစ်မှားသမျှ အလုံးစုံကို သည်းခံတော်မူလျက် အနည်းငယ် နလုံးမသာမယာ မှုပြုတော်မမူဘဲ မေတ္တာ ကရုဏာမိုး စွေဖြိုးလျက် မာရ်နတ်သားကို ဒီလို မိန့်ကြားပါတယ်။

"အို - မာရ်နတ်၊ သင်သည် မိမိကိုယ်တိုင် "ငါ" ရဲ့ကျွန်ဖြစ်နေသည်ကို အလျဉ်းပင် မသိချေပါလား၊ မိမိသေလျှင် အပါယ်ကျမည့်ဘေးကိုကား မတွေးမိ မသိရာချေ။ ယင်းသို့ မသိသောကြောင့်ပင် ဤသို့ ပြစ်မှားမှုကို ပြုဝံ့ပေ၏"

"အို - မာရ်နတ်၊ ငါကား သတ္တဝါအပေါင်းအား အိုနာသေရေး သံသရာဒုက္ခဘေးကို ထင်ရှားဟောပြဖို့ရန် ဒီလူ့ပြည်လောက လူ့မိန်းမရဲ့ဝမ်းတိုက်၌ လာရောက်ဖြစ်ပွားရလေတယ်"

"အို - မာရ်နတ်၊ ငါကား လူ့ပြည်လောက၌ လာရောက်ဖြစ်ပွားသော်လည်း တစ်စုံတစ်ခုသော သတ္တဝါသခိုရနှင့်မျှ လိမ်းကျံကပ်ငြိခြင်း အလျဉ်းမရှိဘဲသာ ဖြစ်ခဲ့လေပြီ"

"အုံ - မာရ်နတ်၊ သင်သည် ငါ့ကို ဒီ "အပရာဇိတပလ္လင်" တော်ပေါ်မှ ဘယ်နည်းနှင့်မျှ ထစေနိုင်၊ ရွေ့စေနိုင်မည် မဟုတ်ချေ။ မရွေ့စေနိုင်အောင်ပင် ငါ ပြုလုပ်မည်"

"အို - မာရ်နတ်၊ ငါသည် ဒီ "အပရာဇိတပလ္လင်" ကို လိုလားတောင့်တသဖြင့် ဘဝများစွာ ကမ္ဘာဘာတို့၌ မလှူခဲ့ဘူးသော ဒါနဟူ၍ မရှိ၊ မစောင့်ထိန်းဘူးသော သီလဟူ၍ မရှိ"

"အို - မာရ်နတ်၊ ဘဝများစွာ ကမ္ဘာဘာက လှူဒါန်းခဲ့သည့် ဒါနပါရမီ စသည်ကို ထားလိုက်ပါဦး၊ ဝေဿန္တရာဘဝ တစ်ခုမှာပင် မဒ္ဒီမိဖုရားကို အထွတ်အထိပ်ရောက်၍ ခုနစ်ကြိမ်တိုင် အလှူကြီးများကို ပေးလှူအပ်ခဲ့စဉ်က မဟာပထဝီ ဤမြေကြီးသည် ခုနစ်ကြိမ်တိုင်တိုင် တုန်လှုပ်ခဲ့လေပြီ"

"အို - မာရ်နတ်၊ ဤမဟာပထဝီမြေကြီးသည် သင့်အားလည်းကောင်း၊ ငါ့အားလည်းကောင်း သမာသမတ် ညီမျှသော မြေကြီးဖြစ်ချေသည်။ စေတနာလည်း မရှိ၊ ထိုသို့ သင်နှင့် ငါတို့အဖို့ သမာသမတ် ညီမျှ၍ လုံးဝ စေတနာမရှိသော မဟာပထဝီ ဤမြေကြီးသည် အဘယ်ကြောင့် မတုန်မလှုပ် ဆိတ်ဆိတ်နေဘိသနည်း၊ ယခုပင်လျှင် ငါ၏သက်သေ ဖြစ်ပေလတ္တံ့"

အဲဒီလို မိန့်တော်မူကာ ဘုရားအလောင်းတော်သည် မိုးသားတိမ်ဝမှ လျှပ်နွယ်အတူ ကျက်သရေရှိလှသော လက်ျာလက်တော်ကို သင်္ကန်းအတွင်းမှ ထုတ်ကာ မဟာပထဝီမြေကြီးသို့ ရှေးရှုညွှန်ပြတော်မူပါတယ်။

အဲဒီခဏမှာပင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟီးပါတယ်။

မာရ်နတ်သားသည် အားထားကိုးကွယ်ရာမရှိ အလွန်အမင်း ကြောက်ရွံ့ရကား လက်နက်နှင့်တကွ ဆင်ကြီး၊ စစ်တပ်ပါ စွန့်လွှတ်၍ ဦးတည်ရာသို့ ရှေးရှုပြေးပါတယ်။ မာရ်နတ်ပြေးတော့ မာရ်နတ်စစ်တပ်လည်း ဖရိုဖရဲ ပြိုကွဲပြေးပါတယ်။

"ကဲ - အဲဒီမှာ ဝသုန္ဒရီနတ်သမီး ဆံရေညှစ်၍ ဆံကရေလျှောကာ မြစ်ကြီး မြစ်ငယ်ဖြစ်ကာ စီးသွားရာတွင် မာရ်နတ်စစ်သည်တွေ မျောပါပျက်စီးကြောင်း ပါလား"

"မပါပါဘုရား"

"အေး - မာရ်နတ်နှင့် သူ့စစ်တပ်ကြီး လာကတည်းက နတ်.ဗြဟ္မာ.နဂါးတွေ အားလုံး ဘုရားအလောင်းတော်ကို ထားခဲ့ပြီး ထွက်ပြေးလို့ ဘုရားအလောင်းတော် တစ်ပါးတည်း ကျန်ခဲ့လို့ မြေကြီးကို သက်သေထူရတာပါ။ ဘယ်က ဝသုန္ဒရီနတ်သမီးက ရောက်လာလဲ၊ ယုတ္တိမရှိတာလို့ မှတ်ပါ"

"မှန်ပါဘုရား"

# သစ္စာနှင့် မေတ္တာ

## (၂၆၅)

၉-၇-၉၂

နောင်တော် -

နောင်တော်အရှင်သူမြတ်ဘုရား၊ ညီမောင် မှန်ကန်သော သစ္စာစကား၏ အစွမ်းထက်မြက်ပုံဟု ဆိုရမည်လား၊ မေတ္တာစေတနာ ရောင်ပြန်ဟပ်သည်ဟု ဆိုရမည်လား မဆုံးဖြတ်နိုင်၍ နောင်တော်ထံ ညီမောင်ရဲ့ ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ရိုသေစွာတင်ပြလျှောက်ထားခြင်းဖြစ်ပါသည်။ အဖြေကို အမြန်သိချင်ပါသည် နောင်တော်။

ညီမောင် လျှောက်ထားမည့် ဖြစ်ရပ်ကလေး၏ နောက်ခံကားချပ်ကတော့ လွန်ခဲ့သည့် (၇)နှစ်လောက်ဆီက စခဲ့ပါတယ်။ ညီမောင် နောင်တော်ကြီးပေါက်စေတီကျောင်း ဆရာတော်ထံမှာ ဝတ်ကြီးဝတ်ငယ် ပြုနေစဉ်က ဖြစ်ပါတယ်။

တစ်နေ့မှာ သူငယ်ချင်း ဦးတင်ထွန်းနှင့်အတူ လှိုင်မြို့ ၁၃ ရပ်ကွက်၊ သီရိမြိုင် (၁)လမ်းမှ ဦးရဲမြင့် - ဒေါ်ခင်အုန်းမြင့်တို့ ဇနီးမောင်နှံ နှစ်ယောက်တို့ ပါလာပြီး ပေါက်စေတီဆရာတော်ကို လာဖူးတွေ့ကြပါတယ်။

ဦးတင်ထွန်းရဲ့ မိတ်ဆက်ပေးချက်အရ သူတို့ဇနီးမောင်နှံနှင့် အဲဒီကစပြီး သိကျွမ်းရင်းနှီးခဲ့ပါတယ်။ သူတို့ဇနီးမောင်နှံ နှစ်ယောက်လုံးဟာ စိတ်နှလုံး နူးညံ့ပျော့ပျောင်းပြီး ရတနာသုံးပါး အထူးကိုင်းရှိုင်းသူများ ဖြစ်ပါတယ်။

သူတို့ဇနီးမောင်နှံသည် စနေနေ့ သို့မဟုတ် တနင်္ဂနွေနေ့တိုင်း ပေါက်စေတီဆရာတော် သုံးဆောင်နေကျဖြစ်တဲ့ မြင်းခွာရွက်ဆေးအတွက် မြင်းခွာရွက် မပြတ်မလပ်အောင် လာကပ်နေကြသူများ ဖြစ်ပါတယ်။

ကျောင်းရောက်တိုင်းလည်း ကျောင်းဝေယျာဝစ္စများကို စိတ်ရောကိုယ်ပါ ထက်သန်စွာ ပြုလုပ်သွားကြသည့် ဇနီးမောင်နှံဖြစ်လို့ ညီမောင်နှင့် ငယ်သူငယ်ချင်းများလို တစ်မျိုး၊ ညီအစ်ကို မောင်နှမလိုတစ်သွယ် ဖြစ်နေကြပါတယ်။

_ သူတို့ဇနီးမောင်နှံ နှစ်ယောက်မှာ အိမ်ထောင်သက် (၁၄)နှစ် ရှိပြီဖြစ်သော်လည်း သားသမီး မရကြလို့ သားသမီး သိပ်လိုချင်နေတဲ့ ဇနီးမောင်နှံ ဖြစ်ပါတယ်။

ယခုတော့ သူတို့ဇနီးမောင်နှံမှာ ရတနာသုံးပါးနှင့် မိဘဆရာသမားမိတ်ဆွေကောင်းများရဲ့ကျေးဇူးကြောင့် (၂၁ - ၆ - ၉၂)ရက်နေ့ တနင်္ဂနွေနေ့မှာ သမီးဦးရတနာ "အေးမြတ်ခိုင်" ကလေးကို ရရှိခဲ့ပါတယ်။

ဘေးမသီ ရန်မခဘဲ ဆေးရုံမှာပဲ မွေးဖွားပါတယ်။ ညီမောင်ထံ သတင်းပို့သဖြင့် ဆေးရုံသို့ သွားတွေ့ခဲ့ပါတယ်။ မွေးဖွားစ သမီးကလေးရဲ့ ဥပဓိရုပ်ဟာ အလွန်ကြည်လင်သန့်ရှင်းတဲ့အတွက် ကလေးမိခင်ကို မင်္ဂလာစကား ပြောကြားခဲ့ပါတယ်။

"ခင်ဗျားတို့ဇနီးမောင်နှံ ဘာမှ မပူပါနဲ့၊ ဒီသမီးကလေးဟာ ကြီးပွားမည့် သမီးကလေး၊ မိဘနှစ်ပါးကို အကျိုးပြုမည့် သမီးကလေး ဖြစ်ပါတယ်၊ ကျွန်တော်လည်း ခင်ဗျားတို့နှင့် သမီးကလေးအတွက် မင်္ဂလာဆုတောင်းပေးမယ် ဆိုပြီး -

ခပ်သိမ်းသော ဘေးဥပါဒ်အန္တရာယ် ရောဂါဟူသမျှတို့သည် ဤသမီးကလေး မွေးဖွားသော (သည့်) မင်္ဂလာနေ့ရက် အချိန်အခါမှ စ၍ ပျောက်ပျက်ချုပ်ငြိမ်းကြပါစေသတည်း။

အလုံးစုံသော စည်းစိမ်ဥစ္စာ ရတနာအဖြာဖြာတို့သည် ဤသမီးကလေး မွေးဖွားသည့် မင်္ဂလာနေ့ရက် အချိန်အခါမှ စ၍ တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားပါစေသတည်း။

အလုံးစုံသော ကျက်သရေမင်္ဂလာ အဖြာဖြာတို့သည် ဤသမီးကလေး မွေးဖွားသည့် မင်္ဂလာနေ့ရက် အချိန်အခါမှ စ၍ ရောက်ရှိပါစေသတည်း"

လို့ဆိုပြီး သမီးကလေးကို လက်ဖြင့် သုံးကြိမ်သပ်ကာ ဆုတောင်းပေးခဲ့ပါတယ်။ အဲဒီက ပြန်လာပြီးကတည်းက -

"ငါ ဒီသမီးကလေးကို ဘယ်လိုအကျိုးပြုလျှင် ကောင်းမလဲ၊ ကလေးနှင့် မိဘနှစ်ပါးကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် စီးပွားလာဘ်လာဘတွေ တိုးတက်စေချင်တယ်၊ ဒါကြောင့် ဘယ်လိုကူညီရင် ကောင်းမလဲ"

လို့ စဉ်းစားရင်းနဲ့ ထီထိုးပေးရန် အကြံဖြစ်ပေါ်လာပါတယ်။ ဖြစ်ပြီး ၂၈ - ၆ - ၉၂ ရက် တနင်္ဂနွေနေ့ဟာ သမီးကလေးရဲ့ မွေးနေ့ ဖြစ်တယ်၊ အဲဒီနေ့ ၁၂ နာရီအတွင်း အနန္တော အနန္တငါးပါး ဦးထိပ်ထားပြီး (၅)အစ ရတနာသုံးပါးအလယ်ထားပြီး (၃)အလယ်၊ ဂုဏ်တော်ကိုးပါး ရည်စူးပြီး (၉)အဆုံး ထီတစ်စောင်နှင့် ဆက်လျက် လေးစောင်အားဖြင့် ငါးစောင် ထိုးပေးမယ်လို့ ဆုံးဖြတ်ပါတယ်။

ဆုံးဖြတ်ပြီး ထိုးနေကျ "ကန်ကော်လေး" ထီဆိုင် သွားတဲ့အခါ လိုချင်တဲ့ နံပါတ် မရပါ။ သို့အတွက် မင်္ဂလာစုံတွဲရတဲ့ နံပါတ်ပေးပါဆိုပြီး ညီမောင့်အတွက် မင်္ဂလာစုံတွဲ ကိုယ်ပိုင်ထိုးပြီး "ကန်တော်ကြီး" ထီဆိုင်မှာ ထပ်ပြီး ရှာပြန်ပါတယ်။ မရပါ။

လိုချင်တဲ့ နံပါတ်က မင်္ဂလာစုံတွဲမှာပဲ ရှိပါတယ်၊ နာရီကလည်း ၁၂ နာရီ ထိုးခါနီးပြီ။ နောက်တစ်ဆိုင်ကူးဖို့ကလည်း အချိန်မရပါ။ အဲဒါနှင့် မင်္ဂလာစုံတွဲပဲ ပေးပါဆိုပြီး ထီ (၁၀)စောင်ပါတဲ့ မင်္ဂလာစုံတွဲတစ်တွဲ ထိုးပေးခဲ့ပါတယ်။

အဲဒီမှာညီမောင့်အတွက် ပြဿနာ ပေါ်သွားပါပြီ။ သမီးကလေးအတွက် ရည်စူးတာက ငါးစောင်၊ ရလာတာက မင်္ဂလာစုံတွဲ (၁၀)စောင်၊ မင်္ဂလာစုံတွဲ ထီကိုလည်း ခွဲမထုတ်ချင်၊ ဘာလုပ်ရရင် ကောင်းမလဲ၊ သမီးကလေးနဲ့ ငါနဲ့ နှစ်ဦးစပ်ရင် ကောင်းမလား၊ နှစ်ဦးစပ်ရင်လည်း လက်ဆောင်ပေးတာ စေတနာ မပြတ်ဘူးဆိုပြီး အထင်လွဲခံရတော့မယ် ဆိုပြီး စိတ်ထဲမှာ မသိုးမသန့် ဖြစ်ပါတယ်။

နောက်တော့မှ ငါမှန်တာလုပ်တာပဲ၊ ဘာမှ စိတ်မသိုးမသန့် ဖြစ်စရာမလိုဘူး၊ ငါမှန်တာကို သစ္စာဆိုမယ် ဆိုပြီးတော့ အနန္တော အနန္တငါးပါး ဦးထိပ်ထားပြီး အောက်ပါအတိုင်း သစ္စာဆိုပါတယ်။

"ဘုရားတပည့်တော်သည် အနန္တော အနန္တငါးပါး ဦးထိပ်ထားပြီး (၅)အစ၊ ရတနာသုံးပါး (၃) အလယ်၊ ဂုဏ်တော်ကိုးပါး (၉)အဆုံးပါတဲ့ ထီတစ်စောင်နဲ့ တွဲလျက် လေးစောင်ပေါင်းပြီး ငါးစောင်ကို သမီးကလေး အေးမြတ်ခိုင်ကို ထီထိုးပေးဖို့ ရှာဖွေခဲ့ပါသည်။ မရပါ။

ငါးအစ၊ သုံးအလယ်၊ ကိုးအဆုံးပါတဲ့ (၁၀)စောင်တွဲ မင်္ဂလာစုံတွဲကိုသာ ရရှိခဲ့ပါသည်။ ဒါကြောင့် ကလေးနှင့် ဘုရားတပည့်တော် နှစ်ဦးစပ် ဖြစ်သွားပါသည်။ ဤမှန်ကန်သော သစ္စာကို ဆိုရခြင်းကြောင့် ဘုရားတပည့်တော် ယခုထိုးခဲ့သော ထီသည် ပေါက်ပါစေသား"

အဲဒီလို သစ္စာဆိုပြီး ကလေးရဲ့မိဘနှစ်ပါးထံကိုလည်း အကျိုးအကြောင်း ရှင်းပြတဲ့ စာတစ်စောင်ရေးကာ ထီလက်မှတ်များကို ပေးလိုက်ပါတယ်။ သူငယ်ချင်း ဦးတင်ထွန်းကိုလည်း အကျိုးအကြောင်း ရှင်းပြလိုက်ပါတယ်။ သူကလည်း "ကောင်းပါတယ်၊ ခင်ဗျား စိတ်သန့်သွားတာပေါ့" တဲ့။

အဲဒီနေ့ကစပြီး ညီမောင်လည်း ဘုရားရှိခိုး၊ ပုတီးစိတ်တိုင်းလည်း အဲဒီ သစ္စာစကားကို ထပ်ခါထပ်ခါ ဆိုခဲ့ပါတယ်။ ၆-၇-၉၂ ရက်နေ့ ၁၀ နာရီကျော်မှာ ကန်ကော်လေးထီဆိုင်မှ ဦးအုံးမောင် ၃ ၄၉၀၈၅၆ ဖြင့် ၃၀၀၀ ဆု ပေါက်ပါတယ်လို့ ဖုန်းဖြင့် မင်္ဂလာသတင်း ကြားပါတယ်။ ညီမောင်လည်း -

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်" လို့ပဲ ခပ်ပေါ့ပေါ့ပြန်ပြောလိုက်ပါတယ်။ ထီပေါက်လို့ ဝမ်းတော့သာပါတယ်။ ဒါပေမဲ့ ဆုငွေက နည်းတော့ ခပ်ပေါ့ပေါ့ နေလိုက်ပါတယ်။

ဒီလိုနဲ့ ရုံးလုပ်ငန်းကို ဆက်လုပ်နေရင်း ၆-၇-၉၂ ရက်နေ့ပဲ ညနေပိုင်းမှာ ဖုန်းတစ်ခါ လာပြန်တယ်။ ကန်တော်ကြီး ထီဆိုင်မှ ၃ ၅၃၃၃၆၉ ဖြင့် ၁၅၀၀ ဆု ပေါက်ပါတယ်လို့ ဒုတိယအကြိမ် မင်္ဂလာသတင်း ကြားရပြန်တယ်။

အဲဒီနံပါတ်က သမီးကလေး အေးမြခိုင်နှင့် ညီမောင်နှင့် နှစ်ဦးစပ်ထိုးထားတဲ့ သစ္စာဓိဋ္ဌာန်ပြုထားတဲ့ နံပါတ်ပါ။ နံနက်ပိုင်းမှာ ကိုယ်ပိုင်ထိုးလို့ ပေါက်တဲ့ ၃၀၀၀ သတင်း ကြားရတုန်းက သာမန်ပဲ ဝမ်းသာပါတယ်။ ညနေပိုင်းမှာ သမီးကလေးနှင့် စပ်တူပေါက်တဲ့ ၁၅၀၀ ဆု သတင်းကြားရတဲ့ အခါမှာတော့ အလွန်အမင်း ကြက်သီးမွေးညင်းထပြီးတော့ ဝမ်းသာမိပါတယ်။

ဝမ်းသာရတဲ့အကြောင်းကတော့ သမီးကလေး အေးမြခိုင်ရဲ့ကုသိုလ်ကံကောင်းကြောင်းကို သိရတာက တစ်ကြောင်းနှင့် ညီမောင်ရဲ့ သစ္စာစကားရဲ့ အောင်မြင်မှုရလာဒ်ကို သိရှိရလို့ ဖြစ်ပါတယ်။

အဲဒီမှာ ထူးခြားချက်ကတော့ တစ်နေ့တည်းမှာပဲ နံနက်ပိုင်း ကန်ကော်လေးထီဆိုင်မှ ညနေပိုင်း ကန်တော်ကြီး ထီဆိုင်မှ ဆက်တိုက်ထွက်လာပြီး ထီနှစ်စောင် (၄၁)ကြိမ်မြောက်မှာချည်းဖြစ်တာရယ်၊ ထီဆိုင်ချင်း ဆင်တူတာရယ် ထူးခြားပါတယ်ဘုရား။

အဲဒီဖြစ်ရပ်အားလုံးဟာ သမီးလေးအပေါ်မှာ ညီမောင်ထားတဲ့ စေတနာ မေတ္တာမှန်ကန်လို့ ရောင်ပြန်ဟပ်တာလား၊ သစ္စာစကား မှန်ကန်လို့ ထီပေါက်တာလားဆိုတာ ရှင်းပြပေးတော်မူပါဘုရား။

ညီမောင် အုံးမောင်

၂၇-၇-၉၂

မေးလို့သာ မေးပါတယ်။ အဖြေဟာ အမေးထဲမှာပဲ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီမို့ ဖြေစရာပင် မလိုတော့ပါ။ တစ်နည်းဆိုသော် "ငါးကြင်းဆီနှင့် ငါးကြင်းကြော်" ဆိုသကဲ့သို့ အမေးနှင့်ပင် အဖြေကို ပြန်ဖြေလိုက်ပါမယ်။

"သစ္စာနှင့် မေတ္တာ" တရားနှစ်ပါးလုံးတို့ဟာ အစွမ်းထက်သော တရားတို့ချည်း ဖြစ်ပါတယ်။ အဲဒီနှစ်ပါးတို့တွင် ယခုဆိုသော သစ္စာကို "ဝစီသစ္စာ" လို့ ခေါ်ပါတယ်။ ဝစီသစ္စာဆိုတာ အဖြစ်အပျက်မှန်ကို အမှန်အတိုင်း ဖြေဆိုရသော သဘာဝ တစ်မျိုးဖြစ်ပါတယ်။

အဲဒီသစ္စာရဲ့သဘာဝဓမ္မကား အဆိပ်ကို ပပျောက်နိုင်ခြင်း၊ မီးကို ငြိမ်းစေနိုင်ခြင်း၊ မိုးကို ရွာစေနိုင်ခြင်း၊ ကောင်းကင်၌ တည်စေနိုင်ခြင်း၊ ရေပြင်ကို မြေပြင်ပမာ ဖြတ်သွားနိုင်ခြင်း၊ ကိုယ်ဝန်သားကို လွယ်ကူစွာ မွေးဖွားနိုင်ခြင်း စတဲ့ အံ့ဖွယ်အကျိုးအမျိုးမျိုးကို ပေးနိုင်စွမ်းရှိပါတယ်။ အဲဒါကြောင့် ယခုအကျိုးလည်း ပြီးပါတယ်။

မေတ္တာနှင့်ပတ်သက်၍ ပြောရလျှင် မေတ္တာဘာဝနာ ပွားသူ၌ ဂုဏ်ကျက်သရေတက်လျက်ရှိပါတယ်။ ကျက်သရေရှိသူမှာ မကောင်းသော ဘေးအန္တရာယ်များ မကပ်လာနိုင်ဘဲ ကောင်းသောလာဘ်သပ်ပကာ ချမ်းသာစည်းစိမ်များသာ ဝင်လာလိမ့်မည်ဟု ယုံကြည်ပါလျှင် အဲဒီ ယုံကြည်ချက်ဟာ အမှန်တကယ်ဖြစ်နိုင်သော ယုံကြည်ချက်သာ ဖြစ်ပါတယ်။

အဲဒါကြောင့် ညီမောင်တွေ့ရတဲ့ ကိုယ်တွေ့သာဓကဟာ မှန်ကန်သော သစ္စာစကားနှင့် မေတ္တာစေတနာ ရောင်ပြန် ဟပ်ခြင်းလို့ပဲ သေသေချာချာ ဆုံးဖြတ်ချက်ချ မှတ်သားထားပါ။ နောက်နောင်အခါလည်း အဲဒီ သစ္စာမေတ္တာမျိုး ထားနိုင်ပါစေသတည်း။

✧ အားလုံးသန္တာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

သီလဝဘာသာရေးမဂ္ဂဇင်း အတွဲ(၃)၊ အမှတ်(၁၂)၊ ၁၉၉၂ - ခုနှစ်၊ ဒီဇင်ဘာလ။

# စေတီနှင့် ပုထိုး

(၂၆၆)

"သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကို မြင်" ဆိုသော စကားသည် အလွန်တရာ မှန်ကန်လှသည်။ လူတို့သည် အများအားဖြင့် သတိမူသင့်သည်ကို သတိမမူကြပါ။ သို့ဖြစ်၍ လွယ်လွယ်နှင့် သိသင့်ပါလျက် မသိကြပါ။ သို့မသိသော် မိမိတို့အတွက်အကျိုးဆုတ်ယုတ်လှပါ၏။

သို့ဖြစ်၍ သိသင့် သိထိုက်သည်တို့ကို သိအောင် လေ့လာထိုက်ပါသည်။ လေ့လာသူကား အလွန်တရာမှ နည်းပါးလှပါသည်။ နည်းပါးသည့်အထဲမှ တစ်ယောက်နှင့် ခရီးသွားလာရင်း ဆုံစည်းမိ၏။ ဆုံလျှင် ဆုံခြင်းပင် သိချင်သူက စကားစလာသည်။

"ဩော် - အရှင်ဘုရား၊ စာတွေ ဖတ်ပြီး အရှင်ဘုရားနှင့် တွေ့ချင်နေတာ ကြာပြီ။ ဘယ်လိုဆက်သွယ်ပြီး တွေ့ရမှန်း မသိလို့ပါ။ အခုလည်း တွေ့ဆုံတုန်း သိချင်တာလေး တစ်ခုလောက် မေးပါရစေဘုရား"

"အင်း - မေးတာက အရေးမကြီးပါဘူး။ သွားရင်း လာရင်း ဖြေဖို့က ခက်တယ်"

"ဘာဖြစ်လို့ ခက်ပါသလဲဘုရား"

"ဩော် - မေးတယ်ဆိုတာက လွယ်သယောင်၊ ဖြေတဲ့အခါ မသိလျှင် ခရီးသွားလာရင်းဆိုတော့ ဘယ်မှာ ရှာဖြေမလဲ"

"တပည့်တော် မေးမှာက အရှင်ဘုရား သိနိုင်လောက်ပါတယ်ဘုရား၊ မသိတော့လည်း နောက်မှ ဖြေပါ။ ဖြစ်ပါတယ်ဘုရား"

"ကဲ - ဒါဖြင့် မေးစမ်းပါဦး၊ ဘာများလဲ"

"စေတီတော် စေတီတော်နဲ့ ခေါ်ခေါ်နေကြပါတယ်ဘုရား၊ အဲဒီစေတီတော်ဆိုတာ ဘာကြောင့် စေတီတော်လို့ ခေါ်ပါသလဲဘုရား"

"အင်း - အင်း၊ ကောင်းတယ် - ကောင်းတယ်၊ စေတီတော်ဆိုတဲ့ စကားဟာ ပါဠိစကားပါ။ မြန်မာလိုဆိုတော့ "လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇော်အပ် ပူဇော်ရာဖြစ်သောကြောင့် စေတီတော်" လို့ ခေါ်ပါတယ်"

"ဟင် - ဒီလိုဆို အချွန်အတက်နှင့် မဆိုင်ဘူးပေါ့ဘုရား။ လူနတ်ပြဟ္မာ သတ္တဝါတို့ ပူဇော်အပ် ပူဇော်ရာ မှန်သမျှဟာ စေတီတော်ကြီးပဲပေါ့ဘုရား"

"အင်းပေါ့"

"ဒါဖြင့် အဲဒီစေတီတော် ဘယ်နှမျိုးရှိပါသလဲဘုရား"

"အင်း - ဒကာကြီးအမေးက မီးခိုးမဆုံး မိုးမဆုံးလား မသိဘူး"

"မဟုတ်ပါဘူးဘုရား၊ နည်းနည်းပါပဲ၊ သည်းခံပြီး ဖြေပေးပါဘုရား"

"ကဲ - ကဲ ဒါဖြင့် သေသေချာချာ မှတ်သားနားထောင်ပါ၊ ရှင်းပြမယ်"

၁။ ဘုရားရှင်တို့၏ အသုံးအဆောင်ဖြစ်သော ရေစစ်၊ ခါးပန်းကြိုး၊ သပိတ်၊ သင်္ကန်းစသည်တို့ကို ထည့်သွင်းဌာပနာပြီးတည်ထားကိုးကွယ်အပ်တဲ့ စေတီတော်ကို "ပရိဘောဂစေတီ" လို့ ခေါ်ပါတယ်။

၂။ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှဖြစ်သော သရီရဓာတ်တော်များကို ထည့်သွင်းဌာပနာပြီး တည်ထားကိုးကွယ်အပ်တဲ့ စေတီတော်ကို "ဓာတုစေတီတော်" လို့ ခေါ်ပါတယ်။

၃။ ဘုရားရှင် ဟောကြားတော်မူခဲ့သော ပဋိစ္စသမုပ္ပါဒ် စတဲ့ တရားတော်များ ရေးသားသည့် ပေစာ၊ ငွေစာ၊ ရွှေစာ စသည်တို့ကို ထည့်သွင်းဌာပနာပြီး တည်ထားကိုးကွယ်အပ်တဲ့ စေတီတော်ကို "ဓမ္မစေတီတော်" လို့ ခေါ်ပါတယ်။

၄။ သက်တော်ထင်ရှား ဘုရားရှင်တို့၏ ကိုယ်တော်စား ဘုရားရှင်ကို ရည်မှန်း၍ ထုလုပ်ထားတဲ့ ရုပ်ပွားတော်၊ ဆင်းတုတော်တို့ကို "ဥဒ္ဒိဿကစေတီတော်" လို့ ခေါ်ပါတယ်။

အဲဒီလေးမျိုးရှိပါတယ်။ ကဲ - ရှင်းပြီလား"

"ဟင် - ဒီလိုဆိုရင် ရုပ်ပွားတော်၊ ဆင်းတုတော်ဟာ ဥဒ္ဒိဿကစေတီတော်ဆိုတော့ ဘာသားပဲထုထု လူ၊ နတ်၊ ပြဟ္မာသတ္တဝါတွေ ပူဇော်ရာဖြစ်ပြီပေါ့ ဘုရား"

"အင်းပေါ့"

"အခုတော့ ဘုရား၊ ပန်းပေါင်းဘုရား၊ ဂမုန်းပေါင်းဘုရား၊ ပဥ္စလောဟာဘုရား စသည်နဲ့ ရှုပ်နေတာပဲဘုရား"

"အဲဒါတွေက လောကီလမ်းပဲ။ အဲဒီလမ်းလိုက်လျှင် လွဲမယ်၊ သံသရာရှည်မယ်၊ ဘုရားကိုးကွယ်တယ်ဆိုတာ ကုသိုလ်ရဖို့ပဲ။ ကုသိုလ်ရလျှင် အန္တရာယ်ကင်းပြီး ကုသိုလ်မရလျှင် အန္တရာယ်လည်း ကင်းချင်မှ ကင်းမယ်"

"မှန်ပါဘုရား၊ ပြီးတော့ ရှိပါသေးတယ်၊ စေတီတော်၊ ပုထိုးတော်လို့ ခေါ်ကြပါသေးတယ်။ အဲဒါ ဘယ်လိုထူးခြားပါသလဲဘုရား"

"ဩော် - ဒကာ့နယ် ကတ်သီးကတ်သပ် ရှာရှာကြံကြံ မေးတတ်ပလေ"

"ကတ်သီးကတ်သပ် ရှာရှာကြံကြံမေးတာ မဟုတ်ပါဘုရား။ ကြားဖူးလို့ မေးတာပါဘုရား၊ ရှင်းပြပေးပါဘုရား"

"ကဲ - ကဲ မှတ်ထား၊ လက်ာနှင့် ဖြေပေးမယ်"

"မှန်လိုက်မထုတ်၊ သမုတ်ဂူဠှိ၊ ပွတ်နွယ်ညီသား၊ စေတီဖြိုးဖြိုင်၊ အဆိုင်ဆိုင်နှင့်၊ မှန်လိုက်ရှိမဲ့၊ ထူးဘွဲ့သညာ၊ ဝေါဟာ ခေါ်ရိုး၊ ပုထိုးထူပ၊ များလှမည်ထူ၊ အဆူဆူဝယ်၊ ကြည်ဖြူကော်ရော်၊ ရှိပူဇော်ခဲ့"

လို့ ဆိုစပ်ထားတဲ့ မယဒေဝလင်္ကာအရ ပြောလျှင် -

မှန်လိုက် ရှိ မရှိ ထူးပါတယ်။

တစ်နည်းပြောရလျှင် စေတီတော်လည်း ပုထိုးတော်၊ ပုထိုးတော်လည်း စေတီတော် အတူတူပါပဲ။

"အဲဒီ စေတီတော်၊ ပုထိုးတော်နှင့် ပတ်သက်ပြီး အလှူရှင်ဘယ်သူ၊ လှူဖွယ်ဝတ္ထုက ဘယ်ဟာ၊ အလှူခံပုဂ္ဂိုလ်က ဘယ်သင်းဆိုတာ ရှင်းပြပါဦးဘုရား"

"ဩော် - ဒါလား၊ လွယ်ပါတယ်၊ ကဲ - ရှင်းပြမယ်၊ မှတ်ထား -

၁။ စေတီတော်၊ ပုထိုးတော် တည်ထားသူသည် အလှူဒကာပဲ။

၂။ အဲဒီ စေတီတော်၊ ပုထိုးတော်များကား လှူဖွယ်ဝတ္ထုများပါပဲ။

၃။ ရှိခိုးပူဇော် ဖူးမြော်သူ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေက အလှူခံပါပဲ။

ဒါဖြင့် တပည့်တော်တို့ အလှူရှင်တွေက အလှူရှင်လည်းဖြစ်၊ အလှူခံလည်း ဖြစ်တယ်ပေါ့ဘုရား"

"အင်းပေါ့"

"ကျေနပ်ပါပြီဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

ဓမ္မရံသီမဂ္ဂဇင်း၊ ၁၃၅၃ - ခုနှစ်၊ နတ်တော်၊ ပြာသို၊ အမှတ်စဉ်(၂၅)၊ ၁၉၉၂ - ခုနှစ်၊ ဇန်နဝါရီလ။

📖

# ဥပုသ်သည်နှင့် ကြေးစည်ခေါင်းလောင်း

(၂၆၇)

လောကကြီးထဲမှာ သိစရာတွေကား များလှချေ၏။ လောကကြီးထဲ၌နေပြီး အသက်ရှိသမျှ လေ့လာနေသော်လည်း အသက်သာ သေသွားမည်။ သိစရာတွေကား လေ့လာ၍ ကုန်မည်မဟုတ်ပေ။ သို့ကလောက် သိစရာများလှတာ ဘယ်လိုလုပ်ပြီး လေ့လာလို့ ကုန်နိုင်မှာလည်းဆိုပြီး မလေ့လာဘဲနေလျှင်လည်း ဘာမျှ သိမှာ မဟုတ်ပါပေ။

လေ့လာစရာတွေကို အကုန်အစင်လိုက်ပြီး လေ့လာရမည်ဟု မဆိုလိုပါ။ ကိုယ်နှင့်စပ်သမျှလောက်တော့ လေ့လာသင့်သည်၊ လေ့လာရမည် ဖြစ်သည်။

ကိုယ်နှင့် စပ်သမျှလောက်တော့ မလေ့လာထား၍ ကုသိုလ်ဖြစ်သင့်ပါလျက်ကနဲ့ ကုသိုလ် မဖြစ်၊ ကုသိုလ်ရသင့်ပါလျက်ကနဲ့ ကုသိုလ် မရ၊ ကုသိုလ်တိုးပွားသင့်ပါလျက်ကနဲ့ ကုသိုလ် မတိုးပွား ဖြစ်တတ်ပါသည်။

ဖြစ်တတ်သော ပြဿနာတစ်ခု မိမိထံသို့ ရောက်လာသည်။ ပြဿနာမှာ ဗုဒ္ဓဘာသာဝင် အားလုံးနှင့်ဆိုင်သည်၊ ဗုဒ္ဓသာသနာဝင် အားလုံးနှင့် သက်ဆိုင်သော ပြဿနာဖြစ်၏။ ပြဿနာသည် ရိုးလျက် ဆန်းနေသည် ဆိုရမလား၊ ဆန်းလျက် ရိုးနေသည်ဟု ဆိုရမလား မသိပေ။ ပြဿနာကား အသို့နည်း။

"အရှင်ဘုရား၊ မေးပါရစေဘုရား။ ဘုရားတပည့်တော်တို့ ဥပုသ်ဆောက်တည်ပြီး ညနေ အိမ်ပြန်ကာနီးမှာ ဘုရားတပည့်တော်တို့ ရရှိထားသည့် ကုသိုလ်အဖို့ဘာဂတို့ကို သတ္တဝါ အများတို့အား အမျှဝေသောအားဖြင့် ကြေးစည်ခေါင်းလောင်းထိုးကောင်းပါသလားဘုရား"

ဥပုသ်စောင့်သော ဥပုသ်သည်အများစုမှ တစ်ယောက်က မေးခြင်းဖြစ်၏။

"ဘယ်လို ထင်လို့ မေးတာလဲ"

"အချို့က ဥပုသ်သည် ကြေးစည်ခေါင်းလောင်း မထိုးကောင်းဘူး၊ နစ္စ ဂီတ သိက္ခာပုဒ် ပျက်တယ်လို့ ပြောကြပါတယ်ဘုရား၊ အချို့က ထိုးကောင်းတယ်၊ နစ္စ ဂီတ သိက္ခာပုဒ် မပျက်ဘူးလို့ ပြောကြပါတယ်ဘုရား၊ အဲဒါ တပည့်တော် မရှင်းလို့ မေးတာပါဘုရား"

"ကဲ – တိုတို အလျှင်ဖြေမယ်၊ ဥပုသ်သည် ကြေးစည်ခေါင်းလောင်း ထိုးကောင်းတယ်လို့ မှတ်ပါ"

"မှန်ပါဘုရား"

"အဲဒီ နစ္စ ဂီတ သိက္ခာပုဒ်၌ ပါရှိသော "ဝါဒိတ" ပုဒ်ကို ဟို ဘိက္ခုနီဝိဘင်းမှာ ဘယ်လို ဖွင့်ထားသလဲဆိုတော့ -

"ဝါဒိတ" ဟူသော ညှို့ ဖြင့်ဖွဲ့အပ်သော စောင်း၊ တယော မိကျောင်း" အစရှိကုန်သော တီးမှုတ်အပ်သော ဘဏ္ဍာတို့ကို တီးမှုတ်သည်မှုလည်းဖြစ်စေ၊ စည်ကောက်ကို တီးသည်မှုလည်းဖြစ်စေ ယုတ်သော အပိုင်းအခြားအားဖြင့် ရေဖောင်ဆွဲခြင်း၊ ရေစည်တီးခြင်း ဖြစ်စေ ဤအလုံးစုံသည် "ဝါဒိတ" မည်၏လို့ ဆိုပါတယ်" လို့ ဖွင့်ထားပါတယ်။

"အဲဒီ နိစ္စ ဂီတ သိက္ခာပုဒ်ဟာ အကုသိုလ်စိတ်ဖြင့်သာလျှင် သင့်ရောက်ခြင်းကြောင့် "လောကဝဇ္ဇ" သာလျှင် ဖြစ်ပါတယ်။ ကိုယ်ဖြင့် ပြုလုပ်အပ်သောကြောင့် "ကာယကံ" သာ ဖြစ်ပါတယ်။ အကုသိုလ်စိတ် ရှိတယ်လို့ ဆိုထားပါတယ်"

အဲဒါကြောင့် နိစ္စ ဂီတ သိက္ခာပုဒ်ဟာ အပျော်အပါး အပျင်းပြေသဘောမျိုး၊ ဖြေဖျော်တဲ့ သဘောမျိုးနှင့် တီးမှုတ်မှု အကုသိုလ်ဖြစ်ပါတယ်။ အဲဒီလို အပျော်အပါး၊ အပျင်းပြေ၊ ဖြေဖျော်တဲ့သဘောမျိုးနဲ့ တီးမှုတ်ရင် အပြစ်ရှိပါတယ်"

"ဥပုသ်သည်တို့ဟာ မိမိတို့ ရရှိထားသည့် ကုသိုလ်တို့ကို တစ်ပါးသောသူတို့အား အမျှဝေသောအားဖြင့် ကြေးစည်ခေါင်းလောင်းထိုးတာ ထိုးကောင်းပါတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"ဟို - စူဠဝဂ္ဂ အဋ္ဌကထာ၌လာတဲ့ အပ်စပ်ပုံ တစ်မျိုးကို ပြောပြပါဦးမယ်"

"တံတွေး ထွေးလိုသည် ဖြစ်၍လည်းကောင်း၊ မစင်ဘင်ပုပ်စက် ဆုပ်ဖွယ်ရှိသော အရပ်၌ တည်လျက်လည်းကောင်း၊ လက်ဖျောက်တီးခြင်း၊ လက်ခုပ်တီးခြင်းများဟာ အာပတ်မသင့်ဘူး၊ အဲဒါကြောင့်လည်း ဥပုသ်သည်တွေ အမျှဝေသောအားဖြင့် ကြေးစည်ခေါင်းလောင်း ထိုးကောင်းတယ်လို့ မှတ်ပါနော်"

"မှန်ပါဘုရား"

"ပြီးတော့ ဟို - ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ပြထားတာကို ပြောပြပါဦးမယ်၊ အဲဒီမှာ ဘယ်လိုဆိုထားလဲဆိုတော့ -

"ကိလေသဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့် ကုသိုလ်အဖို့ကို ဖျက်ဆီးသောအားဖြင့် သာသနာတော်၏ ပြောင့်တံကျင်သဖွယ်ဖြစ်၍ ဖြစ်ကုန်သော ကခြင်း. တီးခြင်း (သီခြင်း)၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းသည်သာလျှင် "ဝိသူကဒဿန" မည်ကြောင်း ဖွင့်ဆိုထားပါတယ်"

"အဲဒီလိုဆိုတာကို ထောက်ထားသဖြင့် ယခု ဥပုသ်သည်တွေ ကြေးစည်ခေါင်းလောင်း ထိုးခြင်းသည် ကိလေသာဖြစ်ခြင်း၏ အကြောင်းလည်း ဟုတ်လား"

"ကဲ - ဒါဖြင့် ကုသိုလ်၏ အဖို့ဘာဂကို ဖျက်ဆီးခြင်းလည်း ဟုတ်လား"

"မဟုတ်ပါဘုရား"

"စင်စစ်အားဖြင့် ကြေးစည်ခေါင်းလောင်း ထိုးခြင်းဟာ ကိလေသာ ကင်းဝေးခြင်း၏ အကြောင်းသာဖြစ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး - ဥပုသ်သည်များ အမျှဝေသောအားဖြင့် "ပတ္တိဒါန" ကြားရသူတွေ သာခုခေါ်သောအားဖြင့် "ပတ္တာနုမောဒနာ" ဟု ဆိုအပ်သော ကုသိုလ်ကံ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် သာသနာတော်အား လျော်သည်ဖြစ်ရကား နစ္စ ဂီတ သိက္ခာပုဒ်လည်း မပျက်၊ အကုသိုလ်အပြစ်လည်း မရှိလို့ ဥပုသ်သည်များ ကြေးစည်ခေါင်းလောင်း ထိုးကောင်းတယ်လို့ သေသေချာချာ မှတ်ထားပါနော်"

"မှန်ပါဘုရား

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

# ဝေယျာဝစ္စက မင်္ဂလာ မင်္ဂလ်တားပါသလား

(၂၆၈)

ယခုခေတ်သည် လွန်ခဲ့သောနှစ်များနှင့် နှိုင်းယှဉ်ပါလျှင် တရားဓမ္မ ကျင့်ကြံကြိုးကုတ်အားထုတ်သူ များသော ခေတ်ဟု ဆိုနိုင်ပါသည်။

ယင်းသို့ အားထုတ်ရာ၌ ဗုဒ္ဓနည်းကျ အားထုတ်သူများ ရှိသလို မိမိတို့၏ တစ်ဦးခေါင်းတစ်ပညာ သဘောမျိုးနှင့် အားထုတ်သူများကိုလည်း တွေ့ရပါသည်။

အားထုတ်ပုံ အားထုတ်နည်း မှုတည်ကတည်းက ဗုဒ္ဓနည်းကျ မဟုတ်ဘဲ တစ်ဦးခေါင်းတစ်ပညာ သဘောမျိုးနှင့် အားထုတ်ကြသူတွေ တွေ့ရသည့်အလျောက် အပြောအဆို လွဲမှားမှု၊ အယူအဆ လွဲမှားမှုများလည်း တွေ့ရကြားရပါသည်။

အပြောအဆို အယူအဆ လွဲမှားမှုသည် အားထုတ်မှု လွဲမှားမှုမှ လာခြင်းဖြစ်ပါသည်။ ဓမ္မဒေသနာ ခရီးသည်ဖြစ်သော မိမိသည် အမြို့မြို့အနယ်နယ်တို့၌ ယင်းတို့နှင့် ကြုံခဲ့ရပါသည်။

မြို့ကြီးတစ်မြို့၌ ဆယ်ရက်စခန်း တရားပြခိုက် ဖြစ်ပါသည်။ ယောဂီအမျိုးသမီးတစ်စု မိမိထံ ရောက်လာပြီး အရိုအသေ ရှိခိုးဦးချကာ ထိုင်ကြသည်။ ပြီးသော် တစ်ယောက်သောအမျိုးသမီးက လျှောက်ထားသည် -

"ဆရာတော်ဘုရား ဒီမှာရှိတယ်ဆိုတာ ဆိုင်းဘုတ်ကြည့်ပြီး သိလို့ ဝင်လာတာပါဘုရား၊ တပည့်တော်တို့ မရှင်းလင်းတာ တစ်ခုလောက် မေးလျှောက်ချင်လို့ပါဘုရား"

"လျှောက်ထားချင်တာက အခြားမဟုတ်ပါဘုရား၊ တရား အားထုတ်သူများဟာ သူများပြုစုတာ ခံယူပြီး အားထုတ်မှ၊ တရားအားထုတ်မှ ရနိုင်ပါသလား၊ မိမိတို့လုပ်နေကျ ဝေယျာဝစ္စတွေကို ပြုလုပ်ရင်းနှင့်ကော အားထုတ်လို့ ရနိုင်ပါသလား ဘုရား"

"ရနိုင်ပါတယ်"

"အချို့က ပြောကြပါတယ်ဘုရား၊ ဝေယျာဝစ္စက မင်္ဂလ်တားတယ်တဲ့၊ ဝေယျာဝစ္စက မင်္ဂလ်တားပါသလား ဘုရား"

"ကြံကြံဖန်ဖန် ဘယ်ကလာ ဝေယျာဝစ္စက မင်္ဂလ်တားရမှာလဲ၊ ဝေယျာဝစ္စကသာ မင်္ဂလ်တားလျှင် အနာထပိဏ်ကျောင်းဒကာကြီးရဲ့သမီးတွေ ဘယ်ကလာပြီး တရားရတော့မှာလဲ"

"အခမ်းမီရှိပါဦး ဘုရား၊ အဲဒီ အနာထပိဏ် ကျောင်းဒကာကြီးသမီးတွေ ဘယ်လို တရားရကြပါသလဲ ဘုရား"

"ကျောင်းဒကာကြီး အနာထပိဏ်ကို အားလုံး သိကြပါတယ်၊ သူ့အိမ်မှာ တစ်နေ့ သံဃာတော်နှစ်ထောင် ဆွမ်းဘုဉ်းပေးကြပါတယ်"

"နေ့တိုင်းလား ဘုရား"

"နေ့တိုင်းပေါ့"

"နေ့တိုင်းဆိုတော့ တော်တော်တာဝန်ကြီးလေးပြီး ဝေယျာဝစ္စများမှာပဲ ဘုရား"

"အေး - သံဃာတော် (၂၀၀၀)အတွက် ဆွမ်းစီမံရတယ်ဆိုတော့ ဝေယျာဝစ္စ များပါတယ်၊ များတဲ့အထဲမှာ တစ်မျိုးတည်းမဟုတ်ဘဲ အာဂန္တုဆွမ်းက ငါးရာစာ၊ ခရီးသွားဆွမ်းက ငါးရာစာ၊ ယာဂုဆွမ်းက ငါးရာစာ စသည်ဖြင့် အဲဒီလို ခွဲရပါသေးတယ်။

အဲဒီလောက်များတဲ့ ဝေယျာဝစ္စတွေကို ပထမတော့ အနာထပိဏ် ကျောင်းဒကာကြီးကိုယ်တိုင် ဦးစီးပြီး ဆောင်ရွက်ပါတယ်၊ နောက်ပိုင်းမှာ အနာထပိဏ် ကျောင်းဒကာကြီးကို သာဝတ္ထိပြည်ထဲမှာ အလှူများ အပင့်အဖိတ်များလာတော့ အိမ်က ဝေယျာဝစ္စတွေကို မလုပ်နိုင်တော့ပါဘူး။

ကျောင်းဒကာကြီးကိုယ်တိုင် မလုပ်နိုင်တော့ သမီးကြီး မဟာသုဘဒ္ဒါကို သူ့နေရာမှာထားပြီး ဝေယျာဝစ္စ အကြီးအမှူးပြုလုပ်စေပါတယ်၊ သမီးကြီး မဟာသုဘဒ္ဒါဟာ အဖေတူသမီးဖြစ်သည့်အလျောက် အဖေ့လက်ရာတွေ တစ်သွေမတိမ်း မိအောင်ကြိုးစားလုပ်ကိုင်ပါတယ်။

ဝေယျာဝစ္စလုပ်ရင်း သင့်တဲ့အချိန်မှာ တရားနာကြားပါတယ်၊ နာကြားပြီး ဝေယျာဝစ္စလုပ်ရင်း တရားရှုပွားအားထုတ်ပါတယ်။

"ဘယ်လိုရှုပွားအားထုတ်ပါသလဲ ဘုရား"

"ဩော် - အလွယ်လေးပါ၊ ဝေယျာဝစ္စလုပ်ချင်တာကို ရှုရင် "နာမ်" လို့ ရှုရပါမယ်၊ ဝေယျာဝစ္စလုပ်တာကို ရှုရင် "ရုပ်" လို့ ရှုရပါမယ်"

"ဒီလို ရှုရင်း လုပ်နေရင် ဝေယျာဝစ္စအလုပ်တွေ တွင်ကျယ်ပါဦးမလား ဘုရား"

"ဩော် - တရားရှုပွားတယ်ဆိုတာ မူလအခြေအနေမှ တစ်မျိုးတစ်ဖုံ ပြောင်းပြီး ပြုလုပ်ရတာမှ မဟုတ်တာ၊ ရှုရင်းပွားရင်း အလုပ်လုပ်၊ အလုပ်လုပ်ရင်း ရှုပွားပေါ့၊ လွယ်ပါတယ်။

မဟာသုဘဒ္ဒါဟာ အဲဒီလောက်များတဲ့ ဝေယျာဝစ္စတွေ ပြုလုပ်ရင်း နာကြား ရှုပွားအားထုတ်ရာ သောတာပန် ဖြစ်သွားပါတယ်၊ ကဲ - ဝေယျာဝစ္စက မဂ်ဖိုလ်တားတာဆိုရင် မဟာသုဘဒ္ဒါ တရားရပါ့မလား"

"မရပါဘုရား"

"ဝေယျာဝစ္စက မဂ်ဖိုလ် မတားပါ၊ မဟာသုဘဒ္ဒါဟာ အရွယ်ရောက်တော့ အိမ်ထောင်ကျသွားပါတယ်"

"ဟင် - သောတာပန်က အိမ်ထောင်ပြုပါသေးသလား ဘုရား"

"သောတာပန် အိမ်ထောင်ပြုလို့ အိမ်ထောင်ကျသွားတာပေါ့၊ သောတာပန်ဟာ "တဏှာ" မှ မပယ်သေးဘဲဟာ၊ ပြီးတော့ ဝဋ်နှင့်ပျော်တဲ့ သောတာပန်ပဲ၊ အိမ်ထောင်ပြုသေးတာပေါ့၊ ဝဋ္ဋာဘိရတသောတာပန် တဲ့၊ ဝဋ်နှင့် မပျော်တဲ့ သောတာပန်ဆိုရင် ဘယ်အိမ်ထောင်ပြုတော့မလဲ။

"အဲဒီ သောတာပန်ဖြစ်တဲ့ မဟာသုဘဒ္ဒါ အိမ်ထောင်ကျသွားတဲ့အခါ သူ့ရဲ့ ညီမ စူဠသုဘဒ္ဒါကို ဝေယျာဝစ္စအကြီးအမှူးနေရာမှာ ထားပြန်ပါတယ်။

အဲ - စူဠသုဘဒ္ဒါလည်း အစ်မကြီး မဟာသုဘဒ္ဒါနည်းတူပဲ ဝေယျာဝစ္စလုပ်ရင်း တရားနာရင်း၊ အားထုတ်ရင်းနဲ့ပဲ မကြာမီ သောတာပန်ဖြစ်သွားပါတယ်။

"ကဲ - ဝေယျာဝစ္စက မဂ်ဖိုလ် တားသေးလား"

"မတားပါဘုရား"

"စူဠသုဘဒ္ဒါလည်း အရွယ်ရောက်တော့ အိမ်ထောင်ကျသွားပြန်ပါတယ်"

"ဟင် - သူတို့ညီအစ်မတွေကလည်း သောတာပန်ဖြစ်ပြီးမှချည်း အိမ်ထောင်ကျကြတာလား ဘုရား"

"အင်းပေါ့"

"ဒါဖြင့် စူဠသုဘဒ္ဒါ မရှိတဲ့နောက် ဘယ်သူ ဝေယျာဝစ္စ အကြီးအမှူး လုပ်ပါသလဲဘုရား"

"စူဠသုဘဒ္ဒါအောက် ငယ်တဲ့ သုမနာဒေဝီက ဝေယျာဝစ္စ အကြီးအမှူး လုပ်ပါတယ်၊ သူမလည်းပဲ အစ်မကြီးတွေနည်းတူ ဝေယျာဝစ္စ လုပ်ရင်း၊ တရားနာရင်း၊ အားထုတ်ရင်းနဲ့ပဲ သောတာပန် ဖြစ်ပါတယ်၊ သူမကတော့ အိမ်ထောင်မပြုဘဲ ဝေယျာဝစ္စနဲ့ပဲ ပျော်နေပါတယ်၊ အဲဒီလို အိမ်ထောင်မပြုဘဲ ဝေယျာဝစ္စနဲ့ပျော်၊ အိမ်ထောင်သားမွေးနဲ့ မပျော်ဘဲနဲ့ နေခဲ့ရာ နောက်ပိုင်း ရောက်ခဲ့ရာ သကဒါဂါမ်အထိ ဖြစ်သွားပါတယ်။

"ကဲ - ဝေယျာဝစ္စက မဂ်ဖိုလ် တားသေးလား"

"မတားပါဘုရား"

"အဲဒီအကြောင်းထက် ထင်ရှားတာကို ပြရလျှင် ပိုပြီးသဘောပေါက်သွားပါလိမ့်မယ်"

"ပြပါဦး ဘုရား၊ တပည့်တော်တို့မှာ အဲဒီအတွက် အခက်တွေ့နေလို့ပါ"

"ဘာမှ အခက်တွေ့မနေပါနဲ့၊ ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်မှာရှိတဲ့ လူတွေကို (၇)ပုံ ပုံပါ၊ (၅)ပုံက အရိယာတွေပါတဲ့၊ အဲဒီ အရိယာတွေထဲမှာ သောတာပန် ပါတယ်၊သကဒါဂါမ် ပါတယ်၊ အနာဂါမ်အထိ ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဘယ်ရိပ်သာ၊ ဘယ်ဆယ်ရက်စခန်း၊ ခုနစ်ရက်စခန်းမျှ မရောက်ဖူးကြပါဘူး၊ ဟိုတုန်းက အခုလို ရိပ်သာတွေ၊ ဆယ်ရက်၊ ခုနစ်ရက်စခန်းတွေလည်း မရှိပါဘူး။

အားတဲ့အချိန် ကျောင်းသွားတရားနာပြီး အိမ်မှာ မိမိတို့ လုပ်နေကျ အလုပ်တွေကို ဆောင်ရွက်လုပ်ကိုင်ရင်းနဲ့ အားထုတ်ကြတာပါ၊ သူတို့ကို ဘယ်သူတွေ ချက်ပြုတ်ကျွေးလဲ"

"သူတို့ဘာသာသူတို့ ချက်စားကြပါတယ်ဘုရား"

"အေး - ချက်ရင်း နဲ့ အားထုတ်လို့ရပါတယ်၊ ထေရိကာထေရီ ဆိုတာဟာ ထမင်းချက်ရင်းနဲ့ အနာဂါမ် ဖြစ်သွားပါတယ်၊ အနာဂါမ်ဖြစ်မှ ရဟန်းပြု(ရဟန်းမ)ပြုပြီး နောက်ပိုင်း ရဟန္တာ ဖြစ်သွားပါတယ်။

အေး - ပြောဦးမယ်၊ အဲဒီ သာဝတ္ထိပြည်သူပြည်သား (၇)ပုံမှာ (၅)ပုံ အရိယာဖြစ်သွားတော့ (၂)ပုံ ကျန်ပါတယ်၊ အဲဒီ ကျန်တဲ့ (၂)ပုံကို (၃)ပုံ ပုံပါဦး၊ သုံးပုံ နှစ်ပုံဟာ ကလျာဏပုထုဇဉ်တွေပါတဲ့၊ အန္ဓပုထုဇဉ်ဟာ တစ်ပုံပဲ ကျန်ပါတယ်။

"ကဲ - ဝေယျာဝစ္စက မဂ်ဖိုလ်တားသေးလား"

"မတားပါဘုရား"

"အေး – ဘုရားရှင်ရဲ့တရားတော်တွေဟာ ဣရိယာပုတ်မရွေး အားထုတ်လို့ ရပါတယ်၊ အလုပ်မရွေး အားထုတ်လို့ရပါတယ်၊ နေရာမရွေး အားထုတ်လို့ ရပါတယ်၊ အချိန်မရွေး အားထုတ်လို့ ရပါတယ်၊ မရွေးဘယ်နှစ်ပါးလဲ မှတ်မိလား"

"မှတ်မိပါတယ်ဘုရား"

"အလုပ်မရွေး အားထုတ်လို့ရပါတယ်လို့ မရွေးလေးပါးထဲမှာ ပါနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဒါကြောင့် ဝေယျာဝစ္စက မင်္ဂဖိုလ်မတားပါဘူး၊ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနာဒေဝီနှင့် သာဝတ္ထိပြည်သူပြည်သားတွေဟာ ဝေယျာဝစ္စလုပ်ရင်း တရားရသွားကြတယ်လို့ မှတ်ပါ"

"မှန်ပါဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

ရတနာမွန် မဂ္ဂဇင်း အတွဲ (၂၀)၊ အမှတ် (၁)၊ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ။

# လူသေလျှင် မျှော့ ဖြစ်နိုင်ပါသလား

## (၂၆၉)

သတ္တဝါတို့မှာ အထူးထူးသော ဖြစ်ချင်ခြင်း၊ အထူးထူးသော အလိုအာသယ၊ အထူးထူးသော စွဲလမ်းမှု ရှိကြသည်။ ယင်းသို့ဖြစ်ရကား သတ္တဝါတစ်ယောက် ဖြစ်ရာ ဘုံဘဝမှ ကျွတ်တမ်းပေါက်၍ နိဗ္ဗာန်ရောက်ဖို့ရာမှာ မလွယ်ကူလှပါ။

နိဗ္ဗာန်ရောက်ဖို့ မလွယ်ကူသည်မှာ နိဗ္ဗာန်ရောက်ကြောင်းအလုပ်က ခက်ခဲ၍ မဟုတ်ပါ။ မှန်ပါသည်၊ နိဗ္ဗာန်သို့ ခုနစ်ရက်သားသမီးများမှ အစပြုပြီး အသက်ရှစ်ဆယ်ကျော် ကိုးဆယ်ကျော်သူများအထိ နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကို လုပ်နိုင်၍ နိဗ္ဗာန်ရောက်သွားကြသူများကို စာပေကျမ်းဂန်၌ အထင်အရှား တွေ့ရပါသည်။

သို့ဖြစ်ပါလျက် သူ. ငါများစွာ သတ္တဝါတို့သည် ဖြစ်ရာဘဝမှ ကျွတ်လွတ်၍ နိဗ္ဗာန်သို့ အဘယ့်ကြောင့် မရောက်ကြပါသနည်းဟု မေးသော် စွဲလမ်းမှုကြီးလို့ဟု ဖြေရပါမည်။

စွဲလမ်းမှုသည် အလွန်တရာ ကြောက်စရာကောင်းလှပါသည်။ သို့သော် သတ္တဝါတို့သည် မကြောက်ကြပါ။ ယင်းစွဲလမ်းမှုသည် သားစွဲ သမီးစွဲ ပစ္စည်းစွဲ စသည်ဖြင့် များစွာရှိပါသည်။

ယင်းစွဲလမ်းစရာများတို့တွင် တစ်ခုခု စွဲလမ်းသေသော် ကောင်းရာဘဝ မရောက်နိုင်ပါ။ ယင်းကိစ္စနှင့်ပတ်သက်၍ တစ်ယောက်က မေး၍ ဖြေခဲ့ရပါသည်။

"အရှင်ဘုရား၊ လူသေရင် မျှော့ ဖြစ်နိုင်ပါသလား"

"ဖြစ်နိုင်ပါတယ်"

"အရှင်ဘုရား မြင်ဖူး တွေ့ဖူးပါသလားဘုရား"

"ဘုန်းကြီးကိုယ်တိုင်တော့ မတွေ့မမြင်ဖူးပါဘူး၊ ဒါပေမဲ့လို့ ယုံကြည်လောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့အပြောနဲ့ ပြောရပါတယ်"

"ဒါဖြင့် အဲဒီအကြောင်းကို တပည့်တော် သိချင်ပါတယ်ဘုရား၊ ရှင်းပြပေးတော်မူပါ"

"အင်း - အင်း၊ အဲဒီအကြောင်းကို ရှင်းမပြမီ အဲဒီအကြောင်းနှင့် ထပ်တူတဲ့အကြောင်းကို ဦးစွာ ရှင်းပြပါဦးမယ်၊ အဲဒီလိုဆိုလျှင် အဲဒီအကြောင်းဟာ ခိုင်လုံသွားပါလိမ့်မယ်"

"မှန်ပါ၊ ရှင်းပြပါဘုရား"

"ဘုရားရှင် လက်ထက်တော်အခါကပေါ့ "ရှင်တိဿ" ဆိုတဲ့ ရဟန်းတော်တစ်ပါး ရှိပါတယ်၊ ဘုရားရှင်နှင့် ဇေတဝန်ကျောင်းတော်မှာပဲ အတူနေပါတယ်။

ရှင်တိဿဟာ သီလ သမာဓိ ပညာ ရှိပါတယ်၊ ပဋိပတ်လည်း ကျင့်ပါတယ်၊ ပရိယတ်စာပေတွေလည်း တတ်ပါတယ်၊ အကျင့်သိက္ခာ ကောင်းပါတယ်။

အဲ - တစ်နေ့မှာ သူ့နှမတော်က သူ့အတွက် သင်္ကန်းလျာပိတ် လှူဒါန်းပါတယ်၊ ဟိုတုန်းက ယခုခေတ်လို ချုပ်ပြီးဆိုးပြီးသင်္ကန်း မရပါဘူး၊ ပိတ်ပဲ ရပါတယ်၊ အဲဒီ သင်္ကန်းလျာပိတ်ကို တစ်နေ့ သူ့သူငယ်ချင်းရဟန်းများနှင့် အတူချုပ်ပါတယ်၊ ဆိုးပါတယ်၊ အဲဒီ သင်္ကန်းချုပ်.ဆိုးပွဲမှာ သင်္ကန်းလှူတဲ့ သူ့နှမတော်ကပဲ သူတို့ဘုဉ်းပေးဖို့ ဆွမ်း ဆက်ကပ်လှူဒါန်းပါတယ်။

အေး - ရှင်တိဿနှင့် အဖော်ရဟန်းတစ်စုဟာ ဆွမ်းခံမထွက်ဘဲ သူ့နှမတော် ဆက်ကပ်လှူဒါန်းတဲ့ ဆွမ်းကိုပဲ ဘုဉ်းပေးပြီး သင်္ကန်း ချုပ်.ဆိုးကြပါတယ်။

ညနေပိုင်း သင်္ကန်းချုပ်.ဆိုးတဲ့ကိစ္စ ပြီးသွားပါတယ်၊ သင်္ကန်းကို အချိုးကျစွာ ခေါက်ပြီးတော့ အိပ်ရာဘေးနားက ကြိုးတန်းမှာ -

"မနက်ဖြန်ခါ ဝတ်မယ်" လို့ နှလုံးသွင်းပြီး တင်ထားပါတယ်။

ရှင်တိဿဟာ သင်္ကန်းကို မဝတ်သွားရရှာပါ။ အဲဒီညမှာပဲ အစာမကျေတဲ့ရောဂါနဲ့ ပျံလွန်တော်မူပါတယ်။

ရှင်တိဿ ပျံလွန်တော်မူတာက ရုတ်တရက်ဆိုတော့ သူ့ပစ္စည်းတွေ ဘယ်သူ့မှ မပေးနိုင်ခဲ့တဲ့အတွက် "သံဃိက" ဖြစ်သွားပါတယ်။ သံဃာပိုင် ဖြစ်သွားတယ်ပေါ့။ သံဃာပိုင်ဖြစ်တော့ သံဃာတွေ ဝေပုံချရာ သင်္ကန်းကို သွားယူပါတယ်။

အဲဒီအခါ သင်္ကန်း၌စွဲပြီး "သန်း" ဖြစ်နေတဲ့ ရှင်တိဿက -

"ငါ့သင်္ကန်း မယူနဲ့" ဆိုတဲ့ သဘောနဲ့ အော်ပါသတဲ့။

အဲဒီ အော်တဲ့အသံကို ရဟန်းတော်တွေက မကြားပါဘူး၊ မြတ်စွာဘုရားက ဒိဗ္ဗသောတ အဘိညာဉ်နားနဲ့ ကြားလို့ ရဟန်းတော်တွေကို -

"ရဟန်းတို့၊ တိဿသင်္ကန်းကိုသင်တို့ကောက်ယူပြီး ဝေပုံမချနဲ့ဦး၊ ခုနစ်ရက်လွန်မှ ကောက်ယူပြီး ဝေပုံချ" လို့မိန့်တော်မူတယ်။

ရှင်တိဿဟာ မနက်ဖြန်ဝတ်မယ်ဆိုတဲ့ စွဲလမ်းမှုနဲ့ ပျံလွန်တော်မူသွားတဲ့အတွက် "သင်္ကန်းစွဲတယ်" လို့ခေါ်ပါတယ်၊ မိမိရဲ့ သီလ သမာဓိ ပညာတွေ မစွဲဘဲ သင်္ကန်းစွဲသွားလို့ "သန်း" ဖြစ်ရပါတယ်၊ ကဲ - ရဟန်းကတောင်မှ သန်း.ဖြစ်နိုင်ပါသေးလျှင် လူသေလျှင် "မျှော့" မဖြစ်နိုင်ဘူးလား"

"ဒီလိုဆိုတော့လည်း ဖြစ်နိုင်တယ်လို့ ပြောရမှာပေါ့ဘုရား၊ ဖြစ်နိုင်ပုံကို အရှင်ဘုရား အမိန့်ရှိပါဦး ဘုရား"

"ဖြစ်နိုင်ပုံကို ပြောရလျှင် ဘုန်းကြီးက ရဟန်းက "သန်း" ဖြစ်တဲ့အကြောင်း သင်္ကန်းစွဲလို့ သင်္ကန်းမှာ သန်းပြီတွာ ဖြစ်တဲ့အကြောင်း၊ မစွဲသင့်ကြောင်း၊ တရားဟောတဲ့အခါ တရားပွဲလည်း ပြီးသွားရော ဦးပဉ္ဇင်းကြီးတစ်ပါး ရောက်လာတယ်၊ ရှိခိုးဦးချပြီး လျှောက်ထားတယ်"

"ဆရာတော်ဘုရား၊ ရဟန်းက သန်းဖြစ်တာနှင့်စာလျှင် ကျောင်းအစ်မ.ရဟန်းအစ်မကြီး မျှော့ဖြစ်တာက တော်သေးတာပေါ့ ဘုရား" တဲ့။

"ဟ - ဘယ်က ကျောင်းအစ်မ၊ ရဟန်းအစ်မက မျှော့ဖြစ်သလဲ ပြောစမ်းပါဦး"

"အဲဒါ လျှောက်ထားချင်လို့ လာတာပါဘုရား"

"ကဲ - လျှောက်၊ လျှောက်"

"တပည့်တော်တို့ ဧရာဝတီတိုင်း (.....)မြို့နယ်က (.....)ရွာကို ဆရာတော် ရောက်ဖူးပါသလား"

"အင်း - အင်း၊ ရောက်ဖူးပါတယ်၊ တရားလည်း ဟောခဲ့ဖူးပါတယ်"

"အဲဒီရွာက ဒကာမကြီး (.....)ပေါ့ ဘုရား၊ အဲဒီရွာ ကျောင်းအစ်မကြီးပဲ၊ အဲဒီရွာကျောင်း ဘုန်းကြီးကိုလည်း သိမ်ထပ်ထားတဲ့ ရဟန်းအစ်မကြီးပါပဲဘုရား၊ ဒါပေမဲ့ သူလှူတာက နမြောလှူကြီး ဘုရား"

"ဘယ်လို နမြောလှူကြီးလဲ ဦးပဥ္စင်း"

"သူ့မှာ ရှိရက်သားနဲ့ မရှိဟန်ဆောင်ပြီး နည်းနည်းပဲ လှူပါတယ်ဘုရား"

"ဩော် - ရှိတဲ့ပစ္စည်း ကုန်သွားမှာ နမြောလို့ နည်းနည်းပဲ လှူတာကို နမြောလှူ ပြောတာလား"

"မှန်ပါဘုရား"

"ဘုန်းကြီးကတော့ အဲဒါမျိုးကို -

"သဒ္ဓါရှားပါး၊ ပစ္စည်းများ၊ များပြားမလှူနိုင်" လို့ ပြောပါတယ်။ သဒ္ဓါနည်းလို့ မိမိပစ္စည်း ဝန်တိုတဲ့ မစ္ဆရိယကြောင့် မလှူနိုင်တာပေါ့၊ ကဲ - ဦးပဥ္စင်းကြီးရဲ့ ဇာတ်ကြောင်းကို ဆက်စမ်းပါဦး"

"အဲဒီ နမြောလှူ ဒကာမကြီးမှာ ယောက်ျားက ဆုံးသွားတာ ကြာပါပြီဘုရား၊ သူကလည်း အသက်ခုနစ်ဆယ်ကျော်ပါပြီ၊ အဲဒီ အသက်ခုနစ်ဆယ်ကျော်မှာ သေပါတယ်"

"သေသွားတော့ သူ့သားအကြီးက ရှိသမျှသော့တွေ အကုန်သိမ်းထားပါတယ်"

"ဘာဖြစ်လို့ သိမ်းတာလဲ"

"ဩော် - ဆရာတော်ဘုရားကလည်း ရိုးလိုက်တာ၊ အဲဒီလို အမေ၊ အဖေ သေရင် သားသမီးတွေမှာ အမွေ မွှေတတ်ပါတယ်ဘုရား"

အချို့က အလောင်းတောင် မြေမကျသေးဘူး၊ ခိုးကြ ဝှက်ကြပါတယ် ဘုရား၊ အဲဒါကို အတွေ့အကြုံရှိတဲ့ သားကြီးက ခိုးမှာ ဝှက်မှာ စိုးလို့ ပစ္စည်းတွေ ပျောက်မှာစိုးလို့ တရားသဖြင့် ဝေနိုင်အောင် သော့တွေကို သိမ်းထားတာပါဘုရား"

"ဩော် - ဒီလိုလား"

"ဒီလိုပါဘုရား၊ နောက် အလောင်းချပြီး ရက်လည်ဆွမ်းကျွေးတဲ့အခါမှာ သားကြီးက လူကြီးစုံရာရှေ့မှာ သော့ဖွင့်ပါတယ် ဘုရား၊ ဖွင့်တော့ အခြားပစ္စည်းတွေမှာတော့ မထူးခြားပါဘုရား၊ မီးခံသေတ္တာလည်း ဖွင့်ရော ထူးပါတယ်ဘုရား"

"ဘယ်လို ထူးလဲ"

"အဘွားကြီးက မရှိဘူး မရှိဘူးနဲ့ ပြောပြီး၊ သူစုံနေတာက မီးခံသေတ္တာထဲက ပစ္စည်းကို ဘုရား"

"မီးခံသေတ္တာထဲက ဘာတွေတွေ့လဲ"

"ရွှေတွေကို မန်ကျည်းတောင့်လုပ်ပြီး အပေါ်က ကတ္တီပါအိတ် စွပ်ထားတယ်ဘုရား၊ အဲဒီ ကတ္တီပါအိတ်ပေါ်ကနေပြီး မြွေဟောက်ကြီးက ပတ်ထားတယ် ဘုရား"

"ဟင်"

"မဟင်နဲ့ ဆရာတော်ဘုရား၊ အဲဒါ သားကြီးကလည်း ခပ်ရမ်းရမ်းဆိုတော့ အမေမှန်း မသိဘဲ ဒီမြွေဟောက်ကြီး ကြုံကြုံဖန်ဖန် ဒီမီးခံသေတ္တာမှာဝင်ပြီး ဒီပစ္စည်းကို ပတ်ထားရသလားဆိုပြီး အတင်းဆွဲချပြီး မီးပုံထဲထည့်ပြီး မီးရှို့သတ်လိုက်ပါတယ်ဘုရား"

"ဟင်"

"အဲဒီသတင်းကျောင်းဆရာတော်က နောက်မှကြားတယ်၊ အဲဒါ အဘွားကြီး ပစ္စည်းစွဲသေလို့ မျှော့ပြိတ္တာဖြစ်တာတဲ့ ဘုရား၊ သူ့ခမျာ နစ်ခါသေရတယ်ဘုရား။

"ဆရာတော်ဘုရား၊ အဘွားကြီး ယခုဆို ဘယ်ရောက်နေပါ့မလဲ ဘုရား"

"အင်း – သူက ကုသိုလ်မစွဲဘဲ ပစ္စည်းစွဲတော့ ပြိတ္တာဖြစ်၊ မီးရှို့ခံရတော့ အခံရခက် ဒေါသဖြစ်တော့ ငရဲကျမှာပေါ့"

"နစ်နာလိုက်တာဘုရား"

"မနစ်နာနဲ့ အဲဒါ အစွဲ၊ အစွဲ၊ အစွဲကြောင့် ဒုက္ခဖြစ်တာ" လို့ ပြောလိုက်တယ်။

"ကဲ – လူသေလျှင် မျှော့ဖြစ်နိုင်ပါသလားဆိုတာ ရှင်းပြီလား"

"ရှင်းပါပြီဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

🕮

# သေမှ ဗုဒ္ဓဘာသာ ဖြစ်

## (၂၇၀)

ယခု လူတို့မြင်တွေ့နေရသော မျက်မြင်လောက၌ ကြုံတွေ့နေရသော အဖြစ်အပျက်တို့တွင် အချို့အဖြစ်အပျက်တို့သည် ဆန်းကြယ်ကုန်၏။ အလွန့်အလွန်ပင် ဆန်းကြယ်ကုန်၏။

ယင်းသို့ ဆန်းကြယ်သမျှတို့ကို သိကြရ၊ မြင်ကြရသူတို့မှာ စာပေအဖြစ် မှတ်တမ်းတင်တတ်သူတို့က မှတ်တမ်းတင်ပြသည်ကို ဖတ်ရှုရသည်မှာ အသိဉာဏ်တိုးပွား၍ ကျေးဇူးများလှပါ၏။

အဘယ့်ကြောင့် ကျေးဇူးများသည်ဟု ပြောရပါသနည်းဆိုသော် -

ရှင်တော်ဗုဒ္ဓက -

"ရဟန်းတော်များအို - ချစ်သားတို့၊ အကြား.အမြင်.ဗဟုသုတ တည်းဟူသော လက်နက်ကို ကိုင်ဆောင်ထားသူသည် အကုသိုလ်ကို ပယ်ဖျောက်နိုင်၏။ ကုသိုလ်တရားတွေကို တိုးပွားစေနိုင်၏။ မိမိကိုယ်ကို စင်ကြယ်အောင် ရွက်ဆောင်နိုင်၏"

ဟု ဤဗဟုသုတကို "လက်နက်" လို့ ဟောခဲ့ပြီး ယင်းလက်နက်၏ သတ္တိထက်မြက်ပုံကို ဟောထားသောကြောင့် ဖြစ်ပါသည်။

မှန်ပါသည်၊ ဗဟုသုတ အကြား.အမြင် အားနည်းသူသည် အမှားအမှန်ကို မစိစစ်နိုင်၊ အကောင်းအဆိုး အကြောင်းအကျိုးကို မဝေဖန် မပိုင်းခြားနိုင်၊ အစွဲအလမ်း အင်မတန် ကြီးတတ်ကြသည်၊ ဘာသာစွဲ လူမျိုးစွဲ စသည် ကြီးတတ်၏။

ဗဟုသုတ အကြားအမြင် ရှိသူတို့သည် အရာရာမှာ ဝေဖန်ထောက်ချင့်နိုင်စွမ်း ရှိ၍ စွဲသင့်မှ စွဲ၏။ ယူသင့်မှ ယူ၏။ မစွဲသင့်သည်ကို မစွဲဘဲ ပယ်နိုင်၏။ လိုက်နာသင့်သည်ကို လိုက်နာနိုင်၏။

ယင်းကို ထောက်ရှုလျှင် ဗဟုသုတလက်နက် ကိုင်ဆောင်ရေးသည် အဘယ်မျှ အရေးကြီးသည်မှာ သိသာထင်ရှားလာပါ၏။ သိသိသာသာကြီး ထင်ရှားပါ၏။

တစ်ဖန် ရှင်တော်ဗုဒ္ဓ ဟောကြားခဲ့သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတွင်လည်း "ဗာဟုသစ္စမင်္ဂလာ" ဆိုတာ တစ်ပါးပါဝင်နေသည် မဟုတ်ပါလော၊

မင်္ဂလာ ဟူသည်မှာ ကြီးကျယ်ချမ်းသာကြောင်း ဖြစ်၍ ဗဟုသုတရှိလျှင် မင်္ဂလာဖြစ်ပါပြီ။ ကြီးပွားချမ်းသာကြောင်း ဖြစ်ပါပြီ။ ယင်း ဗဟုသုတ လက်နက်ကို အသုံးချဖို့သာ လိုအပ်ပါသည်။

မှန်ပါသည်။ လူတစ်ယောက်တွင် အန္တရာယ် ကာကွယ်ရေးအတွက် လက်နက်ရှိပါလျက် အန္တရာယ်နှင့် ကြုံတွေ့သော အခါ လက်နက်ကို အသုံးမပြု၍ အရှုံးတွေ့ရလျှင်မည်သူ၏ တာဝန်နည်း၊ မည်သူ၏ ဝန်တာနည်း။

ဗဟုသုတ၏ ဝန်တာကား မဟုတ်ပါ။ လူ၏တာဝန်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဗဟုသုတရှာရမည်။ ရှာပြီး အသုံးချ တတ်ရမည်။ ယင်းသို့ အသုံးချရေးအတွက် စာပေပညာရှင်တို့က စာပေအဖြစ် မှတ်တမ်းတင်ပြနေခြင်း ဖြစ်၏။

ယခုတင်ပြမည့် အကြောင်းအရာမှာ မျက်မြင်အဖြစ်အပျက်၊ မျက်မြင်အကြောင်းအရာ မဟုတ်ပါ။ ဉာဏ်မြင်အဖြစ် အပျက်၊ ဉာဏ်မြင်အကြောင်းအရာ ဖြစ်ပါသည်။

ဉာဏ်မြင်အဖြစ်အပျက်မှာလည်း ဘယ်လိုမှ ငြင်းချက်မထုတ်နိုင်အောင် မျက်မှောက်အထောက်အထား အတိအကျ ရှိနေ၍ ဗဟုသုတလက်နက်အဖြစ် အသုံးချနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။

မျက်မြင်လောက၌ အဖြစ်အပျက်တွေသည်ပင်လျှင် ဆန်းကျယ်၊ အလွန်ဆန်းကြယ်ပါလျှင် ဉာဏ်မြင်အဖြစ်အပျက် တို့မှာ အလွန့်အလွန် ဆန်းကျယ်သည်မှာ ပြောဆိုဖွယ်ရာမရှိပါ။ အဖြစ်အပျက်ကား အသို့ပါနည်း -

ယောဂီရဟန်းတော်၏ မျက်နှာတော်မှာ ကြည်လင်အေးချမ်းနေ၏။

ကိုယ်နေငြိမ်သက် မျက်နှာကြည်လင် အေးချမ်းသည်တို့ ထောက်ရှုလျှင် ယောဂီ၏စိတ်သည် အလွန်တရာ အေးချမ်း မည်ဟု မှန်းဆနိုင်ပါ၏။

မှန်ပါသည်၊ သတ္တဝါတို့၏ မျက်နှာသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် အထင်ရှားဆုံးသော နေရာဖြစ်၏။ စိတ်ချမ်း သာလျှင် မျက်နှာကြည်သည်၊ စိတ်မချမ်းသာလျှင် မျက်နှာမကြည်လင်။

ယောဂီသည် လောကကြီးနှင့် အဆက်ပြတ်နေသည့်သဖွယ် အေးချမ်းစွာ တစ်နာရီကျော်ကျော် အားထုတ်ပြီးသော အခါ တရားအားထုတ်ရာမှ ထလာ၏။ အမျှအတန်းဝေပြီး တရားအားထုတ်ရာမှ ထလာသောအခါမူ အားထုတ်စဉ်က မျက်နှာ နှင့်မတူ တစ်မူထူးခြားနေ၏။

မျက်နှာမှာမူ ရောထွေးသော မျက်နှာဖြစ်နေ၏။ ရောထွေးသော မျက်နှာဟူသည် အေးချမ်းကြည်လင်မှု မရှိတော့ဘဲ၊ သံသယရှိခြင်း၊ အံ့ဩခြင်း၊ သိလိုခြင်း၊ မေးမြန်းလိုခြင်း စသည်တို့ဖြင့် ရောထွေးနေသော မျက်နှာကို ခေါ်ပါသည်။

ယောဂီသည် ရောထွေးသောမျက်နှာဖြင့် ဓမ္မရိပ်သာ အကြီးအကဲဆရာတော်ထံသို့ ကြွသွားပြီး ရှိခိုးဦးချကာ မေး လျှောက်၏။

"ဆရာတော်ဘုရား သေမှ ဗုဒ္ဓဘာသာ ဖြစ်နိုင်ပါသလား"

"ဩော် - ဗုဒ္ဓဘာသာ ဖြစ်တယ်ဆိုတာ သေမှလည်း ဖြစ်နိုင်တယ်၊ မသေခင်လည်း ဖြစ်နိုင်တယ်၊ အချိန်မရွေး ဖြစ်နိုင် တယ်"

"နေပါဦး၊ ယောဂီက ဒီအမေးကို အဆန်းတကျယ် ဘာဖြစ်လို့ မေးတာလဲ၊ အကြောင်းကို ပြောစမ်းပါဦး"

ဓမ္မရိပ်သာဆရာတော်က ယောဂီကို ပြန်လည်ပြောကြားရင်း အမေးထုတ်နေခြင်း ဖြစ်၏။

"အကြောင်းပြောပါဆိုလျှင် တပည့်တော်တို့ ဘုရားတန်ဆောင်း ဓမ္မာရုံထဲမှာ ခုနက တရားရှုပွားအားထုတ်စဉ်က ထူး ခြားမှုတစ်ခု တွေ့ခဲ့လို့ မေးလျှောက်တာပါ ဘုရား"

"ကဲ – ယောဂီရဲ့ထူးခြားမှုက ဘယ်လိုလဲ၊ ပြောစမ်းပါဦး"

"တပည့်တော် တရားအားထုတ်လို့ အာရုံကောင်းနေစဉ် ဆယ်ကျော်သက်အရွယ် ကုလားလေးတစ်ယောက်က လာပြီး ဦးချတာကို မြင်ရပါတယ်ဘုရား၊ တပည့်တော်က စိတ်ထဲကနေပြီး အင်း – ဒီကုလားကလေးက လူမျိုးခြား၊ ဘာသာခြားကလေးပဲ၊ ဘာဖြစ်လို့ ငါ့ကို လာပြီး ရှိခိုးဦးချရတာလဲ မသိဘူးလို့ စဉ်းစားပြီး သိချင်တာနဲ့ မေးလိုက်ပါတယ်"

"မင်းက ကုလားဆိုတော့ လူမျိုးခြား ဘာသာခြားပဲ ၊ ငါ့ကို ဘာဖြစ်လို့ လာပြီးရှိခိုးဦးချရတာလဲ"

အဲဒီလိုမေးတော့ ကုလားကလေးက သွက်လက်စွာနဲ့ –

"ကျွန်တော် လူ့ဘဝတုန်းက ကုလားလူမျိုးခြား ဘာသာခြားပဲ၊ အခုတော့ ဗုဒ္ဓဘာသာ ဖြစ်သွားပြီ"

"မင်းက လူ့ဘဝတုန်းက ကုလားလူမျိုးခြား၊ ဘာသာခြား၊ အခု ဗုဒ္ဓဘာသာ ဖြစ်သွားပြီဆိုတော့ လူ့ဘဝကနေ ဒီမှာ ဘယ်လိုလာပြီး ဘာဖြစ်နေတာလဲ"

"လူ့ဘဝတုန်းက ကျွန်တော်တို့ သူငယ်ချင်းတစ်စု ဟိုနားက ရေကန်ကြီးထဲမှာ လူကြီးတွေမသိအောင် ရေခိုးကူးရင်း ကျွန်တော် ရေနစ်သေကျန်ခဲ့ပြီး ဒီလိုဖြစ်နေတာလေ"

"ဒီလိုဖြစ်နေတာနဲ့ ဘယ်လို ဗုဒ္ဓဘာသာဖြစ်သွားလဲ"

"အခု ဒီဓမ္မရိပ်သာမှာက အလှူဒါန လှူကြ၊ ဥပုသ်သီတင်း စောင့်သုံးကြ၊ တရားဟောကြ၊ တရားနာကြ၊ ဘုရားရှိခိုးပြီးတဲ့အခါ အမျှဝေကြတဲ့ အသံတွေ ထပ်ခါထပ်ခါ ကြားနေရတော့ နားလည်ပြီး သဒ္ဓါကြည်ညိုဖြစ်ကာ သာဓုခေါ်ရာမှ ဗုဒ္ဓဘာသာဖြစ်သွားပါတယ်"

"ဆရာတော်ဘုရား၊ ကုလားကလေးက အဲဒီလိုဖြေပါတယ် ဘုရား၊ ဒီဓမ္မာရုံနားက ရေကန်မှာ ရေနစ်သေတဲ့ ကုလားကလေး ရှိဖူးပါသလား"

"ရှိဖူးတာပေါ့၊ နောက်နှစ်နှစ် သုံးနှစ်လောက်က ရေကူးလာကြတဲ့ ကလေးတွေထဲမှာ ကုလားလေးတစ်ယောက် ရေနစ်သေသွားတယ်"

"ဒါဖြင့် ယောဂီတွေ့တဲ့ ကုလားကလေးက ဒီမှာ ရေနစ်သေတဲ့ ကုလားကလေး ဟုတ်မှာပဲ၊ ကလေးတွေ ရေကူးရင်း ရေနစ်ကြတဲ့အခါ သူတို့အချင်းချင်း ဆယ်ကြရာမှ နှစ်ယောက် ရှင်ပြီး အဲဒီကုလားကလေး ဆယ်မရဘဲ သေသွားတယ်"

"ဒီလိုဆိုရင် ဆရာတော်ဘုရား သတ္တဝါတွေဟာ ဒီမှာသေရင် ဒီမှာပဲ ဖြစ်တယ်ပေါ့ဘုရား"

"ဒီလိုတော့ ကိန်းသေဘယ်ဟုတ်မှာလဲ၊ အချို့က နတ်ဖြစ်တယ်၊ အချို့က လူဖြစ်တယ်၊ အချို့က ငရဲကျတယ်၊ အချို့က တိရစ္ဆာန်ဖြစ်တယ်၊ အချို့က ပြိတ္တာဖြစ်တယ်၊ ကုသိုလ်ကံအားလျော်စွာ ဖြစ်တတ်တယ်၊ စွဲရာမှာ ဖြစ်တတ်တယ်"

"စွဲရာမှာ ဖြစ်တယ်ဆိုတာ ဘယ်လိုပါလဲ ဘုရား"

"စွဲရာဆိုတာ များလှပါတယ်၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ သားသမီးစွဲ၊ ဇနီးမယားစွဲ၊ လင်ယောကျ်ားစွဲ၊ ခန္ဓာစွဲ၊ ပစ္စည်းစွဲ စသည်ဖြင့် စွဲရာတွေ များလှပါတယ်"

"ဒါဖြင့် ဒီကုလားကလေးက သေရာဌာန စွဲသွားတာလား ဆရာတော်ဘုရား၊ သူဖြစ်နေတာ ဘယ်လိုဘဝ ခေါ်ပါသလဲ ဘုရား"

"ဒီကုလားကလေးကတော့ သေရာဌာနစွဲလို့ပဲ ခေါ်ရမှာပဲ၊ သူဖြစ်နေတာ ပြိတ္တာဘုံပေါ့"

"အခု သူက ဗုဒ္ဓဘာသာ ဖြစ်သွားပြီဆိုတော့ ပြိတ္တာဘုံက မလွတ်သေးဘူးလားဘုရား"

"ဘယ်လွတ်ဦးမလဲ၊ သူ့မှာ လူ့ဘဝတုန်းက ကုသိုလ်ကောင်းမှုမှ မရှိဘဲ၊ အခု သေပြီး ပြိတ္တာဖြစ်ကာမှ သူပြောတဲ့ အတိုင်း ဒီက တရားသံ စသည်တွေ ကြားရပြီး နားလည်ကာ ကြည်ညိုသဒ္ဓါဖြစ်ပြီး သာဓုခေါ်မှ ဗုဒ္ဓဘာသာပြိတ္တာ ဖြစ်တာ၊ ဆက် လက်ပြီး သာဓုများစွာ ခေါ်နိုင်မှ ကျွတ်မှာ"

"တပည့်တော် သိချင်တာ သိရ၍ သံသယရှင်းသွားပါပြီ ဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

ဓမ္မဂီရိမဂ္ဂဇင်း အတွဲ (၁)၊ အမှတ် (၆)၊ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ။

# မြေးကိုစွဲချစ် ပြိတ္တာဖြစ်

## (၂၇၁)

"ဟ – မင်းကျော်၊ ဘယ်လိုဘယ်လို ရဟန်းဖြစ်သွားတာလဲ၊ မနှစ်ကလည်း မတွေ့ပါလား"

မိမိသည် ဓမ္မဒေသနာ ခရီးသည်ဖြစ်သည့်အလျောက် ဆယ်ရက်စခန်း တရားတစ်ပွဲမှ တစ်ပွဲသို့အကူး ကြိုဆိုနေကြသူ လူ့ ရှင်. ရဟန်းများမှ ရဟန်းသစ်တစ်ပါးကို မေးလိုက်ခြင်း ဖြစ်ပါသည်။

မေးရခြင်းမှာ ယင်း ဦးပဥ္စင်းအသစ်သည် မိမိ၏ ငယ်တပည့်ဟောင်း ဖြစ်ပြီး မနှစ်က မတွေ့ရဘဲ ယခုနှစ်မှ တွေ့ရပြန်တော့ ပဥ္စင်းဝတ်နှင့် ဖြစ်နေ၍ ဘွဲ့မသိရသေးကား အမည်ကိုပဲ ခေါ်၍ မေးလိုက်ခြင်း ဖြစ်ပါသည်။

"တပည့်တော် မနှစ်က ဒီမှာ မရှိပါဘုရား၊ ရန်ကုန်ရောက်နေလို့ ဆရာတော်နှင့် မတွေ့ရတာပါ ဘုရား၊ ယခု ဒီစခန်း မတိုင်မီကလေးကမှ ရဟန်းဖြစ်တာပါ ဘုရား"

"ဘယ်လိုစိတ်ကူးနဲ့ ဝတ်တာလဲ၊ ရဟန်းဝတ်ကြောင်းကို ပြောပြစမ်းပါဦး"

မင်းကျော်မှာ မိဘများ၏ တစ်ဦးတည်းသောသား ဖြစ်သည်။ သာမန်အကြောင်းနှင့် ရဟန်းမဖြစ်နိုင်၊ သို့ဖြစ်၍ အကြောင်းထူးကို သိချင်သဖြင့် မေးမြန်းခြင်း ဖြစ်ပါသည်။

"မှန်ပါ ဆရာတော်ဘုရား၊ တပည့်တော် ရဟန်းဝတ်ရခြင်း အကြောင်းရင်းကို ပြောရရင် အရှည်ကြီးပါဘုရား၊ နောက်မှ တပည့်တော် အေးအေးဆေးဆေး လာရောက်လျှောက်ထားပါ့မယ်ဘုရား"

"အေး – အေး၊ ကောင်းပါတယ်"

တစ်နေ့ အားချိန် နားချိန် ဦးပဥ္စင်းမင်းကျော် ရောက်လာသည်။ ရောက်ရောက်ချင်း မိမိက မေးလိုက်ပါသည်။

"ဘာလဲ ရဟန်းဝတ်ကြောင်း ပြောမလို့လား"

"မှန်ပါဘုရား"

"ကဲ - ပြောစမ်းပါဦး"

"တပည့်တော်ရဲ့အဘိုး ဆုံးသွားတာ (၁၇)နှစ် ရှိပါပြီဘုရား၊ တပည့်တော်တို့က နှစ်တွေကြာပြီမို့ ကျွတ်လောက်ပြီ ထင်ပါတယ် ဘုရား၊ မကျွတ်မှန်း ဒီနှစ် သီတင်းကျွတ်မှ သိရပါတယ်ဘုရား"

"ဘယ်လိုလုပ် သိရတာလဲ"

"ဟို - စောစောကလည်း အမြင်အကြားရသူ နှစ်ယောက်သုံးယောက်က ဒီအိမ်မှာ အိမ်အကြီးအကဲတစ်ယောက် မကျွတ်ဘဲ ရှိနေတယ်လို့ ပြောပါတယ်ဘုရား၊ တပည့်တော်တို့က မယုံပါဘုရား"

"ယခုတော့ ဘယ်လိုယုံသွားသလဲ၊ ပြောစမ်းပါဦး"

"ယခုတော့ အမေ့ကို ဝင်ပူးပြောတော့ ယုံရပါတယ် ဘုရား"

"ဘယ်လို ဝင်ပူးပြောသလဲ၊ ပြောစမ်းပါဦး"

"အမေဟာ တစ်နေ့ညနေ တုန်တုန်ရီရီနှင့် ဖြစ်လာပြီး -

"ငါ မကျွတ်သေးဘူး၊ ငါ့အတွက် ငါ့မြေးမင်းကျော်ကို ရဟန်းခံပြီး ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေမှ ကျွတ်မယ်" လို့ ပြောတော့ ယုံရပါတယ် ဘုရား။

"ကဲ - တခြားတစ်ကောင်ကောင်က လာပူးပြီး အယောင်ဆောင်ပြောရင်ကော မဖြစ်နိုင်ဘူးလား"

"ဒါကတော့ မဖြစ်နိုင်ပါဘုရား"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"

"တပည့်တော်တို့က အသေအချာ စစ်ဆေးကြည့်လို့ပါ ဘုရား"

"ဘယ်လို စစ်ဆေးလဲ၊ စစ်ဆေးပုံကို ပြောစမ်းပါဦး"

"မြေး မင်းကျော်တော့ ဟုတ်ပါပြီ၊ သင်က ဘယ်သူရဲ့အဖေလဲ၊ အမေ့ရဲ့အဖေလား၊ အဖေ့ရဲ့အဖေလားလို့ မေးတဲ့ အခါ -

"နင်တို့က ငါ့ကို မယုံဘူးလား၊ ငါ မသိဘူးမှတ်နေလား၊ ငါ မင်းကျော်အဖေရဲ့အဖေ လူမင်းပါကွလို့ ပြောပါတယ် ဘုရား"

"ဒါနဲ့ တပည့်တော်အဖေက -

"အဖေ ဘာဖြစ်နေလဲ" လို့ မေးတဲ့အခါ -

"သေခါနီးမှာ မြေးမင်းကျော်ကို စွဲချစ်ပြီး သေသွားလို့ ဒီအိမ်မှာပဲ ပြိတ္တာဖြစ်နေတယ်လို့ ဖြေပါတယ်ဘုရား"

"သေခါနီးမှာ ဘယ်လို မင်းကျော်ကို စွဲချစ်သွားလဲ"

"အဖိုးသေခါနီးမှာ မင်းကျော်ကို ခေါ်ပေးစမ်းလို့ တပည့်တော်ကို ခေါ်ခိုင်းလို့ အနားသွားတဲ့အခါ တပည့်တော်လက် ကို ကိုင်ပြီး ဆုံးသွားပါတယ်ဘုရား"

"အေး - မင်းကျော်ကို ဒီအဖိုးက ဘာဖြစ်လို့ ဒီလောက်စွဲချစ်ရတာလဲ"

"တပည့်တော်က သူ့ရဲ့အဖေသေလို့ ဝင်စားတာတဲ့ ဘုရား"

"ဟ - မင်းကျော်တို့ ဇာတ်လမ်းကလည်း ခပ်ဆန်းဆန်းပါလား၊ ကဲ - မင်းကျော်ကို အဖိုးရဲ့အဖေလို့ ဘယ်လိုသိလဲ"

"တပည့်တော်မွေးတဲ့အခါ အဖိုးရဲ့အဖေမှာ အသက်ထင်ရှားရှိစဉ်က မြွေကိုက်ခံခဲ့ရတဲ့ ဒဏ်ရာရယ်၊ တံဇဉ်ထိတဲ့ ဒဏ်ရာရယ် ဒဏ်ရာနှစ်ခု ထင်ထင်ရှားရှား ပါလာပါတယ်ဘုရား"

"ဘယ်နေရာတွေမှာ ပါတာလဲ၊ ပြစမ်းပါဦး"

"ဒီခြေထောက်မှာ မြွေကိုက်တဲ့ ဒီဒဏ်ရာနဲ့ ဒီလက်မှာ တံဇဉ်ထိတဲ့ ဒဏ်ရာ နှစ်ခုပါဘုရား၊ အဲဒီဒဏ်ရာနှစ်ခုဟာ တပည့်တော်မွေးကတည်းက အထင်အရှား ပါလာပါတယ်ဘုရား"

"တပည့်တော်ရဲ့အဖိုးရဲ့အဖေရဲ့နာမည်က "ဘိုးဟန်" ပါတဲ့ဘုရား၊ တပည့်တော်ကို ယခုဝင်ပူးတဲ့ အဖိုးက ဟိုအသက်ထင်ရှားရှိစဉ်က ရိုက်မယ်လုပ်တဲ့အခါ တပည့်တော်က သူ့အဖေရဲ့နာမည်ကို "ငါ ဘိုးဟန်ကွ" လို့ အော်ပြောလိုက်ရင် အဖိုးဟာ တပည့်တော်ကို မရိုက်တော့ဘူးတဲ့ ဘုရား"

"ဒဏ်ရာနှစ်ခုကလည်း ပါတယ်၊ အထင်အရှားပါနေတယ်၊ တပည့်တော်ကလည်း ရိုက်မယ်လုပ်တိုင်း "ငါ ဘိုးဟန်ကွ" လို့ချည်း ပြောတယ်၊ သူ့အဖေဘိုးဟန် အမူအရာတွေလည်း အကုန်တူလို့ သူ့အဖေ ဝင်စားတယ်ဆိုပြီး အဘိုးဟာ တပည့်တော်ကို အသက်ထင်ရှားရှိစဉ်က သိပ်ပြီးစွဲချစ်ပါတယ်ဘုရား"

"အေး - အသက်ထင်ရှားရှိစဉ် စွဲချစ်တာတော့ ဟုတ်ပါပြီ၊ သေခါနီး စွဲချစ်တော့ ပြိတ္တာဖြစ်တာ ခက်တာပေါ့"

"မှန်ပါ၊ ခက်ပါတယ်ဘုရား"

"ကဲ - ဆက်ပြောစမ်းပါဦး၊ ပြိတ္တာဖြစ်တော့ ဘယ်လိုနေရ စားရလဲ၊ မေးကြည့်သေးလား"

"မှန်ပါ၊ မေးကြည့်ပါတယ်ဘုရား၊ တပည့်တော်အိပ်တဲ့ ခေါင်းရင်းနားမှာ နေပါတယ်တဲ့ ဘုရား၊ အိမ်ကို သံဃာတွေ ကြွလာရင် ရှောင်သွားပြီး သံဃာတွေ ပြန်ကြွသွားရင် သူပြန်လာပါတယ်တဲ့ ဘုရား"

"သူ့မှာ စားစရာ သောက်စရာ အတော်ရှားပါးနေပါတယ်၊ ဝတ်စရာ နေစရာလည်း ဆင်းရဲနေပါတယ်၊ မင်းကျော်ကို ရဟန်းပြုပြီး အမျှဝေပေးရင် စားရ. သောက်ရ. ဝတ်ရ နေရပါလိမ့်မယ်လို့ ပြောပါတယ်ဘုရား"

"အေး - မင်းကျော်အဖိုး ဆုံးသွားတာ ဘယ်နှစ်နှစ်ရှိပြီလဲ"

"တပည့်တော်အသက် (၁၁)နှစ်သားအရွယ်က သေသွားတာပါ၊ ယခု တပည့်တော်အသက် (၂၇)နှစ် ရှိပြီမို့ (၁၇) နှစ်ရှိပါပြီ ဘုရား၊ တပည့်တော်တို့က သေချိန်မှစပြီး ယခုအချိန်အထိ ခြောက်ခြင်း.လှန့်ခြင်း မရှိတော့ ကျွတ်သွားပြီလို့ ထင်နေကြပါတယ်ဘုရား"

"အေး - သတ္တဝါတစ်ယောက် နိဗ္ဗာန်ရောက်ဖို့ဆိုတာ အသာထားပါဦး၊ အပါယ်မကျဘဲနဲ့ လူ့ဘုံ နတ်ဘုံ တို့လို ကောင်းရာသုဂတိ ရောက်ဖို့တောင် အတော်ခဲယဉ်းလှပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားစွဲ၊ သမီးစွဲ၊ ဇနီးမယားစွဲ၊ လင်ယောက်ျားစွဲ၊ အိုးစွဲ၊ အိမ်စွဲ၊ ပစ္စည်းစွဲ၊ ခန္ဓာကိုယ်စွဲ စတဲ့ အစွဲတွေက သိပ်ပြီးတော့ များတဲ့အတွက်ကြောင့် စွဲရာမှာ ပြိတ္တာဖြစ်တတ်တယ်၊ သို့မဟုတ် တိရစ္ဆာန်လည်း ဖြစ်တတ်ပါတယ်၊ သို့မဟုတ် ငရဲလည်း ကျတတ်တယ်။

မိမိတို့ပြုထားတဲ့ ဒါန သီလ ဘာဝနာ စတဲ့ ကုသိုလ်တရားတွေကို စွဲရမှာ မစွဲဘဲ သားသမီး ပစ္စည်း စတဲ့ မစွဲသင့်တဲ့ အာရုံတွေကိုသာ အစွဲသန်တဲ့အတွက် အပါယ်ငရဲ ကျကြတာပါ။

မိမိတို့ပြုထားတဲ့ ဒါန သီလ ဘာဝနာ စတဲ့ ကုသိုလ်တွေကို အာရုံပြုပြီး စွဲလမ်းသေမှ လူနတ်ဆိုတဲ့ ကောင်းရာသုဂတိကို ရောက်မှာပါ၊ အဲဒါကြောင့်မို့ သေခါနီးမှာ အစွဲမမှားဖို့ အရေးကြီးပါတယ်။

ယခုမင်းကျော်အဖိုးက မင်းကျော်ကို ပဋ္ဌာန်းခံစေပြီး အမျှဝေခိုင်းတယ်၊ မင်းကျော်လည်း တရားကိုကြိုးစားအားထုတ်ပြီး အချိန်တိုင်း မိမိအဖိုးကို ဖိတ်ပြီး အမျှဝေပေးပါ။

တမလွန်ဘဝကို ပြောင်းသွားသူကို ကယ်နိုင်တာဟာ ကုသိုလ်ပြုပြီး အမျှဝေခြင်းသာလျှင် ဖြစ်တယ်။

"အဲဒီလို အမျှဝေတာလည်း တစ်ခါ နှစ်ခါလောက်နဲ့ မပြီးသေးပါ၊ အကြိမ်ကြိမ် ကုသိုလ်ပြုပြီး ဝေနိုင်ပါမှ အဆင့်ဆင့် မြင့်ပြီး ကျွတ်နိုင်ပါတယ်၊ ဒါကြောင့် မင်းကျော် ဒီဆယ်ရက်စခန်း ပြီးသွားသော်လည်း မထွက်သေးဘဲ နောက်ဆယ်ရက်စခန်းလည်း ဆက်လိုက်ဦးနော်"

"မှန်ပါဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း၊ အတွဲ (၆)၊ အမှတ် (၇)၊ ၁၉၉၃ ခုနှစ်၊ ဇွန်လ။

# ဘုရားက ကယ်တာလား

## (၂၇၂)

"ဒီနေ့ နန့်ဟီလားတို့မိသားစု ဆွမ်းကပ်မှာတဲ့"

ဟူ၍ ပြောဆိုသံများမှာ အခါခါ ကြားနေရပါသည်။ ဟုတ်ပါသည်။ ခါတိုင်းနေ့တွေမှာ ဆွမ်းဒကာကို ဆွမ်းကပ်ခါနီးမှသာ ကြေညာ၍ကြားလိုက်ရပါသော်လည်း ယနေ့မူ လူပြောသူပြော အများပြောနဲ့ အခါခါ ကြားနေပါသည်။

ဆွမ်းကပ်ချိန်တန်၍ မိမိ ဆွမ်းစားဝိုင်း ထိုင်သည်နှင့် ရွှေညောင်ပင်ရိပ်သာ ဂေါပကလူကြီးတစ်ယောက်က -

"ဆရာတော်ဘုရား၊ ဒါက ဒီကနေ့ဆွမ်းကပ်တဲ့ နန့်ဟီလားတို့ မိသားစုပါဘုရား"

ဟု နန့်ဟီလားကို လက်ညှိုးညွှန်ကာ လျှောက်ထားလေ၏။

မိမိလည်း ဆွမ်းစားခါနီးပြီမို့ အထူးအထွေ မမေးမပြောတော့ဘဲ -

"အင်း - အင်း" ဟု အင်း.ချကာ ဆွမ်းစားပါတော့သည်။ ဆွမ်းစားပြီးသောအခါ -

"အင်း - မိသားစုအများထဲမှာ ဒီနန့်ဟီလားကိုပဲ ခေါင်းတပ်ပြီး ပြောနေကြတာကို ထောက်ရှုရင် နန့်ဟီလားနှင့် ပတ်သက်၍ အကြောင်းထူးရှိရမယ်"

ဟု မိမိစဉ်းစားမိပါသည်။ သို့နှင့် နန့်ဟီလားအား ဂေါပကလူကြီးတစ်ယောက်ကို ခေါ်ခိုင်းလိုက်ပါသည်။

ရွှေညောင်ပင်ရိပ်သာမှာ ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် မြောက်ပိုင်း၌ တည်ရှိသော မိမိ၏ ဆယ်ရက်စခန်း ရိပ်သာအများမှ တစ်ခုဖြစ်ပါသည်။

ဓာတ်ညောင်ပင်ကြီးအောက်၌ ယာယီ အဆောက်အအုံများ ဆောက်လုပ်၍ ဆယ်ရက်စခန်း တရားကျင့်သုံးပွဲ ကျင်းပသည့် ဌာနကို မိမိကပင် "ရွှေညောင်ပင်ရိပ်သာ" ဟူ၍ အမည်ပေး ခေါ်တွင်ထားခြင်း ဖြစ်ပါသည်။

နန့်ဟီလားနှင့် အခေါ်လွှတ်လိုက်သော ဂေါပကလူကြီးတို့ ရောက်ရှိလာပြီး ရှိခိုးဦးချကာ ထိုင်နေကြသည်။

"အေး - နန့်ဟီလား၊ နန့်ဟီလားနှင့် သူများတွေထက်ထူးပြီး ပြောသံကြားနေလို့ ထူးခြားချက်တော့ ရှိမယ်လို့တွေးပြီး သိချင်တာနဲ့ ခေါ်ခိုင်းတာပါ"

ထိုအခါ ခေါ်လာခဲ့သော ဂေါပကလူကြီးက -

"သူက ဘာသာခြားပါဘုရား" ဟု လျှောက်ထားလေ၏။

"ဩော် - ဒီလိုလား၊ ဒါကြောင့် နန့်ဟီလား၊ နန့်ဟီလားနဲ့ ခဏခဏ ပြောသံကြားနေတာကိုး"

"မှန်ပါဘုရား"

"ကဲ - ဒါဖြင့် နန့်ဟီလားကို မေးစမ်းပါရစေ၊ ဘာသာခြားကနေပြီး ယခု ဆယ်ရက်စခန်းမှာ ဆွမ်းကပ်မယ့် အခြေအနေသို့ ဘယ်လိုပြောင်းလာတာလဲ"

"မှန်ပါဘုရား၊ တပည့်တော်တို့ မိသားစုအားလုံးဟာ ယခင်က ဘာသာခြားတွေပါ ဘုရား"

"တပည့်တော်ရဲ့အစ်ကို၊ အစ်မတွေ အိမ်ထောင်ကျကုန်ပါပြီ၊ အိမ်မှာ တပည့်တော်နဲ့ နန့်ဟီမျိုးနှစ်ယောက်ပဲ ရှိပါတော့တယ် ဘုရား"

"ယခင်ကတည်းက ဗုဒ္ဓတရားတော်တွေကို ကောင်းမှန်းသိပေမဲ့လို့ သိမ်မွေ့နူးညံ့လွန်းလို့ မလိုက်နာနိုင်တာနဲ့ ဗုဒ္ဓဘာသာတရားတော်ကို မစမ်းသပ်ကြည့်ဘဲ ရိုးရာဘာသာနဲ့ပဲ နေခဲ့ပါတယ်ဘုရား"

"နောက်ပိုင်းမှာ ဆရာမ သင်တန်းတက်တဲ့အခါ တပည့်တော်ရဲ့ဆရာမကြီးက သိပ်ပြီး သိမ်မွေ့နူးညံ့နေတာကို တွေ့ရတဲ့အတွက် ဆရာမကြီးကို အတော်အားရကျေနပ် ကြည်ညိုမိပါတယ် ဘုရား"

အဲဒီလို ကြည်ညိုနေရာမှ တစ်နေ့မှာ ဆရာမကြီးက -

"နန့်ဟီလား၊ ပုတီးစိပ်ကြည့်စမ်းပါလား"

လို့ ပြောဆိုပြီး ဂုဏ်တော်တစ်ပါးလျှင် ပုတီးသုံးပတ်စီ စိပ်ဖို့ ဂုဏ်တော်ပုတီးစိပ်နည်း သင်ပေးပါတယ်ဘုရား"

"တပည့်တော်လည်း ဆရာမကြီးကို ကြည်ညိုလေးစားတာနဲ့ ယုံကြည်စွာပဲ ကြိုးစားပြီး ပုတီးစိပ်ရာ အင်မတန် အေးငြိမ်းချမ်းသာမှုကို နှစ်ခါရပါတယ် ဘုရား"

"အေး - ဗုဒ္ဓတရားတော်တွေဟာ ကြားနာရုံပင် အပူစင်၍ ကျင့်လျှင် ချမ်းသာဆိုတာ ယခုလက်တွေ့ တွေ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"လက်တွေ့ ဖြစ်တဲ့အတွက် ဆရာမ ဖြစ်တော့လည်း ယုံကြည်စွာနဲ့ အရပ်မှာပြန်ပြီး ဆရာမ ဖြစ်ဖို့ အာရုံပြုပြီးစိတ်ရာ မကြာမီ အရပ်မှာပြန်ပြီး ဆရာမ ဖြစ်ပါတယ် ဘုရား"

"အရပ်ရောက်တော့လည်း ယုံကြည်စွာနဲ့ ပုတီးစိပ်ရာ တစ်ချိန်မှာ တပည့်တော်တို့ ဆရာမ(၃၂)ယောက်ကို စက်ဘီး (၇)စီး မဲချရောင်းပါတယ် ဘုရား"

"တပည့်တော် စက်ဘီးသိပ်လိုချင်နေတာနဲ့ -

"စက်ဘီးမဲပေါက်ရင် ဗုဒ္ဓဘာသာကို ယုံကြည်ပါပြီ၊ ဗုဒ္ဓဘာသာထဲ အပြီးပြောင်းတော့မယ်၊ မပေါက်ရင် ရိုးရာဘာသာထဲမှာပဲ နေမယ်"

လို့ အဓိဋ္ဌာန်ပြီး ပုတီးစိပ်ရာ စက်ဘီးမဲ ပေါက်ပါတယ်ဘုရား"

"ဘာသာတစ်ခုက ဘာသာတစ်ခုသို့ ကူးပြောင်းတယ်ဆိုတာ သာမန်ယုံကြည်မှုနဲ့ ဖြစ်နိုင်တာ မဟုတ်လို့ ဗုဒ္ဓဘာသာထဲ မပြောင်းသေးဘဲ ရိုးရာဘာသာနဲ့ပဲ နေနေပါသေးတယ် ဘုရား"

"တစ်နေ့တော့ အိပ်မက်လား၊ ဘယ်လိုလား မပြောတတ်အောင်ပါ ဘုရား၊ ဘုရားတပည့်တော် ချမ်းသာကင်းရာ စက်ဆုပ်ဖွယ်ရာ ကြောက်စရာအရပ်သို့ ရောက်သွားပါတယ် ဘုရား၊ အဲဒီအရပ်က ကျင်ကြီး ကျင်ငယ်တွေနဲ့ နံစော်ညှီပုပ်နေပါတယ် ဘုရား၊ သတ္တဝါတွေလည်း အများကြီးပါဘုရား"

"တပည့်တော် ရောက်သွားတဲ့ တစ်လံပတ်လည်လောက်မှာတော့ အနံ့အသက်ကင်းပြီး သန့်ရှင်းကြည်လင်နေပါတယ် ဘုရား"

"တပည့်တော် ရောက်သွားလို့ မကြာမီမှာပဲ ကြောက်စရာလည်း ကောင်း၊ အားခွန်ဗလလည်း ကောင်းတဲ့ ခါးတောင်းကျိုက်နဲ့ လူမည်းမည်းကြီး ရောက်လာပြီး -

"နင့်ကို ဆရာကြီးဆီ ပို့ရမယ်"

လို့ ပြောပြီး ခေါ်ပါတယ်ဘုရား။ အဲဒီအခါ တပည့်တော်က -

"ကျွန်မကို ဆရာကြီးဆီ ပို့စရာမလိုပါ၊ ကျွန်မကို ကျွန်မနေရာ ပြန်ပို့ပါ၊ ဒီနေရာဟာ ကျွန်မနေရာ မဟုတ်ပါ"

လို့ ပြောဆို ငြင်းဆန်စဉ် ဝင်းဝင်းလက်လက် ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေတဲ့ အရာဝတ္ထုတစ်ခု တပည့်တော်ဆီလာနေတာ တွေ့တော့ တပည့်တော်ဟာ အားကိုးစရာတစ်ခုပဲလို့ စဉ်းစားပြီး လက်နှစ်ဖက်နဲ့ လှမ်းဆုပ်လိုက်ပါတယ်ဘုရား"

"ဆုပ်လည်းဆုပ်၊ တအားကုန်လည်း ခုန်လိုက်ရာ အိမ်ပေါ် ပြန်ရောက်လာပါတယ်ဘုရား၊ အိမ်ပေါ်ရောက်တော့ လက်ထဲက အရာဝတ္ထုဟာ ပျောက်သွားပါတယ် ဘုရား"

"အဲဒီအရာဝတ္ထုဟာ ဘာလဲလို့ နန့်ဟီလား သိလိုက်လား"

"တပည့်တော်အထင်တော့ ရုပ်ပွားတော်၊ ဆင်းတုတော်လေးတစ်ဆူလို့ ထင်ပါတယ် ဘုရား"

"ဆရာတော်ဘုရား၊ တပည့်တော် ပြန်တွေးကြည့်တဲ့အခါ တပည့်တော်ရောက်ခဲ့တဲ့ ချမ်းသာကင်းရာ စက်ဆုပ်ဖွယ်ရာ ကြောက်စရာအရပ်နဲ့ တပည့်တော်တို့အိမ်ဟာ ဝါးတစ်ပြန် မဟုတ်ပါ၊ ကန့်လန့်ထားတဲ့ ဝါးတစ်လုံးလောက်ပဲ ဝေးပါ၊ ခြားပါတယ် ဘုရား၊ မမြင်ရ မတွေ့ရလို့သာ လူတွေက မယုံကြည်ကြတာပါ ဘုရား"

"တပည့်တော်ကတော့ မျက်မြင်ကိုယ်တွေ့မို့ ယုံကြည်ပါပြီ ဘုရား၊ ဆရာတော်ဘုရား၊ တပည့်တော်ကို အဲဒီ ချမ်းသာကင်းရာ အရပ်က လွတ်မြောက်အောင် ကယ်တင်တာဟာ ဘုရားက ကယ်တင်တာလား ဘုရား"

"အင်း - အင်း၊ နန့်ဟီလားက မေးတတ်တယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓက လမ်းညွှန်ဗုဒ္ဓပါ၊ ကယ်တင်ရှင်ဗုဒ္ဓ မဟုတ်ပါ၊ ဗုဒ္ဓက အမှားအမှန် အကောင်းအဆိုး အကြောင်းအကျိုး ကုသိုလ် အကုသိုလ် စသည် ခွဲခြားပြီး ဟောညွှန်တဲ့ လမ်းညွှန်ဗုဒ္ဓပါ၊ အဲဒီ ဗုဒ္ဓ ဟောညွှန်တဲ့ တရားတော်အတိုင်း လိုက်နာကျင့်ကြံသူကို တရားတော်က ကယ်တင်ပါတယ်၊ တရားကျင့်သူကို တရားက ပြန်စောင့်ပါတယ်ဆိုတဲ့အတိုင်း နန့်ဟီလားကို ဝေးရပ်မြေက ကိုယ့်ရပ်မြေ ပြန်ရောက်အောင်၊ စက်ဘီးလည်း ပေါက်အောင်၊ ချမ်းသာကင်းရာ အရပ်က အိမ်ပေါ်ပြန်ရောက်အောင် ကယ်တင်တာဟာ နန့်ဟီလား စိပ်နေတဲ့ "ဗုဒ္ဓနုဿတိဘာဝနာတရား" က ကယ်တင်တာပါ"

"မှန်ပါဘုရား၊ တပည့်တော်လည်း ချမ်းသာကင်းရာအရပ်က ပြန်ရောက်ပြီးကတည်းက ဗုဒ္ဓတရားတော်ကို အကြွင်းမဲ့ ယုံကြည်ပြီး ဒီရွှေညောင်ပင်ရိပ်သာသို့ ညီအစ်ကိုမောင်နမတွေကို စည်းရုံးကာ ဆွမ်းကပ်လှူတာပါဘုရား"

"ဩော် - ဒီလိုလား၊ ဒါကြောင့် နန့်ဟီလားကိုပဲ ခေါင်းတပ်ပြီး ပြောနေကြတာကိုး"

နန့်ဟီလားသည် ယခုအခါ သူ့အမိအဖ နှစ်ပါးနှင့် အတူနေပြီး အိမ်ကိုလည်း အသစ်ပြင်ဆင်ကာ ရုပ်ပွားတော်၊ ဆင်းတုတော် ကိုးကွယ်ခြင်း၊ အိမ်တက်ပရိတ်တရားနာကို ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်း လှူဒါန်းခြင်း၊ ကုသိုလ်မင်္ဂလာများကို ပြုလုပ်ဆည်းပူးပြီးသွားပေပြီ။ သဒ္ဓါစစ်မှန်သော ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဖြစ်သွားပေပြီ။

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

# ဖူးစာရေးနတ်.ဆိုတာ ရှိပါသလားဘုရား

(၂၇၃)

လူတို့သည် အများအားဖြင့် ပြောသံကြားမှုကိုသာ အယုံအကြည် အစွဲဥပါဒါန် ပြုကြလေသည်။ အကြောင်းရင်းကို အသေအချာ ရှာဖွေစိစစ်သူ အတော်ပင် နည်းပါးကြသည်။

ယင်းသို့ လူပြောသူပြော အများပြောစကားမှုကိုသာ အနိုင်အမာ စွဲမြဲယူဆ နေထိုင်ကြသူတို့မှာ မှားစရာရှိလျှင် အကြီးအကျယ် မှားတတ်ကြပါသည်။

"အများကြာတော့ အမှန်ဖြစ်၊ အမှန်စင်စစ် အများထင်၊ ဘုရားရှင်ပင် ဟောလို့ မကျွတ်"

ဆိုသည့်အတိုင်း အများကြာလျှင် အမှန်ဟုပင် အစွဲဝင်သွားတတ်ပါသည်။ ခိုင်မြဲသွားတတ်ပါသည်။

အမှားကို အမှန်ဟု အစွဲဥပါဒါန် ဝင်သွားသော် သူလို ငါလို ပုဂ္ဂိုလ်မျိုး မဆိုထားဘိ၊ ဘုရားရှင်ပင်လျှင် ဟောလို့ မကျွတ်နိုင်တော့ပါ။

ဘုရားရှင် ဟောမရမည်မှာ ဘုရားတစ်ဆူမျှ မဟုတ်ပါ၊ ဘုရားအသိန်းလောက်ပင် ဟောဖော်ညွှန်ပြ၍ မရကြောင်းကို "မဃဒေဝလင်္ကာ"၌ မာန်လည်ဆရာတော်ဘုရားကြီးက -

"ဒိဋ္ဌိတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြားချေချွတ်၊ ပြေမကျွတ်ဘူး"

ဟု ရေးသားခဲ့ပါသည်။ မှန်လည်း မှန်ကန်ပါသည်။ အယူမှားတစ်ယောက်ကို ကျွတ်ဖို့ရာ ဟော၍ မလွယ်ကူပါ။

သို့ဖြစ်၍ အယူတစ်ခု ကျင့်တော့မည်၊ ယူတော့မည်ဆိုလျှင် ယင်း အယူအကျင့်နှင့် ပတ်သက်၍ ဟုတ်.မဟုတ်၊ မှန်.မမှန်၊ သဘာဝ ကျ.မကျ၊ ယုတ္တိ ရှိ.မရှိ၊ ကြောင်းကျိုး တန်.မတန် ဦးစွာပထမ ဝေဖန်ဆန်းစစ်သင့်ပါသည်။

ဝေဖန်ဆန်းစစ်ပြီး သင့်မှသာ လိုက်နာကျင့်သုံးသင့်ပါသည်။ မသင့်သော် မလိုက်နာသင့်၊ မယူသင့်၊ မကျင့်သုံးသင့်ပါ။ လိုက်နာကျင့်သုံးပြီးမှ စွဲနေပြီးမှ ပြန်လည်ပယ်ပစ်ဖို့ရာ မလွယ်လှပါ၊ မလွယ်ကူလှပါ။

မလွယ်ကူလှသော အယူအစွဲတစ်ခုသည် မြန်မာတို့လောက၌ ဝင်ရောက်မြဲလျက် ရှိပါသည်။ ယင်းကား အဘယ်နည်း၊ ဖူးစာရေးနတ် အစွဲပင် ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ လူငယ်တစ်ယောက်က မေးလျှောက်လာပါသည်။

"ဆရာတော်ဘုရား၊ နတ်ဆိုတာ ရှိပါသလား ဘုရား"

"အေး - နတ်ဆိုတာ ရှိပါတယ်"

"အဲဒီနတ်ဆိုတာ ဘယ်နှစ်မျိုး ရှိသလဲ ဘုရား"

"နတ်ကို အကျဉ်းချုပ်ပြောရလျှင် ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်ရယ်လို့ သုံးမျိုး ရှိပါတယ်၊ အရေအတွက်တော့ အများကြီးပေါ့"

"အဲဒီနတ်တွေထဲမှာ ဖူးစာရေးနတ်ဆိုတာ ပါပါသလား ဘုရား၊ ဘယ်နတ်အမျိုးအစားထဲမှာ ပါပါသလဲဘုရား"

"ဘာလဲ၊ ဒကာလေးက ဖူးစာမရေးလို့ ဖူးစာရေးနတ်ကို အညှိုးထားမလို့ မေးနေတာလား"

"မဟုတ်ပါဘုရား၊ ဖူးစာရေးနတ်ဆိုတာ ရှိ,မရှိ အမှန်တကယ် သိချင်လို့ မေးတာပါဘုရား"

"အေး - အမှန်တကယ် သိချင်လို့ မေးတာ သိပ်ကောင်းပါတယ်၊ အဲဒီလို သိချင်သူဟာ အတော်ရှားပါတယ်၊ ဘုန်းကြီးလည်း သိချင်သူတွေအတွက် ဖြေပေးရတာ အကျိုးများပါတယ်"

"ဘုန်းကြီးတို့ မြန်မာလောကမှာ ယောက်ျားနှင့် မိန်းမ နှစ်ဦးသားတို့ ချစ်ရေးကြိုက်ရေးမှာ ဖူးစာရေးနတ်က ကြားဝင်စေ့စပ်ပေးတယ်လို့ ယူဆပြောဆိုနေကြပါတယ်၊ အဲဒီအကြောင်းကို ပြောရရင် ဘုန်းကြီးတို့ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် မရောက်မီ နတ်တွေ အရင်ရောက်လာပါတယ်"

"နတ်တွေက ဘယ်ကရောက်လာပါသလဲ"

"ဘုန်းကြီးတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက နတ်တွေ ရောက်လာပါတယ်၊ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် မရောက်မီ နတ်တွေရောက်လာပြီး နတ်တွေ ကိုးကွယ်နေတာ ယနေ့အထိ မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"ဘုန်းကြီးတို့ ဗုဒ္ဓဟောကြားတဲ့ ပရိယတ်တရားတော်လို့ ခေါ်တဲ့ ပိဋကတ်သုံးပုံထဲမှာ ဖူးစာရေးနတ်ဆိုတာ မပါ မရှိပါ၊ ယခုခေတ် လူအများ ကိုးကွယ်နေကြတဲ့ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်းထဲမှာလည်း ဖူးစာရေးနတ်ဆိုတာ မပါ မရှိပါ၊ ဒါကြောင့် ဖူးစာရေးနတ်ဆိုတာ ဗုဒ္ဓဘာသာယဉ်ကျေးမှုမှ ဆင်းသက်လာတဲ့နတ် မဟုတ်ဘူးလို့ မှတ်ပါ"

"သတ္တဘာဂ၊ ဒေဝရာဇာ၊ သူနှင့်ငါကို၊ ဖူးစာမရေးလေသလော" လို့တပည့်တော် ရဖူးထားပါတယ်ဘုရား၊ "သတ္တဘာဂ၊ ဒေဝရာဇာ" ဆိုတာ ဖူးစာရေးနတ် မဟုတ်ပါလား ဘုရား"

"ပရိယတ်ကျမ်းဂန်မှာ "သတ္တဘာဂ၊ ဒေဝရာဇာ" ဆိုတဲ့ စကားလုံး မပါပါဘူး၊ အဲဒါက ဟို "ဥမ္မာဒန္တီပျို့" အခက်သုံးပါးက ဆက်ပြတဲ့ ပျို့လင်္ကာစကားပါ"

"အခက်သုံးပါးက ဘာတွေလဲဘုရား၊ ဘယ်လို ဆက်ပြပါသလဲ ဘုရား"

(၁) "စစ်ရေးမက်ရေး၊ ရန်သူဘေးကြောင့်၊ အပြေးအလွှဲ၊ ဆွေမျိုးကွဲသား၊ ပြည်ထဲရေးရာ၊ ခက်သည်သာတည့်" ဆိုတာက တစ်ခက်။

(၂) "အစာအစား၊ ထွားထွားဖြည့်ကြေ၊ ရှားပါးလေ၍၊ သေကြေပျောက်စဲ၊ ငတ်မွတ်ကဲလျှင်၊ ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏" ဆိုတာက တစ်ခက်၊

(၃) "ထိုထက်မှာမူ၊ ချစ်ခင်သူနှင့်၊ အတူတကွ၊ မပေါင်းရဘဲ၊ လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏" ဆိုတာက တစ်ခက်အားဖြင့် သုံးခက်ပေါ့"

အဲဒီ အခက်သုံးပါးတွင် မပါဝင်တဲ့ အခက်ကို စာဆိုဆရာက -

"အဖက်မရ၊ ခက်သုံးစမူ၊ ဒုလ္လဘတွင်၊ မပါဝင်လျက်၊ သည်အခက်ကား၊ သူ့ထက်လွန်ကျူး၊ သာ၍ထူး၏၊ ရှေးဦးစွာစ၊ ငါ့ကို မထား၊ သတ္တဘာဂ၊ ဒေဝရာဇာ၊ သူနှင့်ငါကို၊ ဖူးစာမရေးလေသလော"

လို့ ကဗျာလှအောင် စာလှအောင် တင်စားပြီး ရေးထားတာပါ။ ဖူးစာရေးနတ် ရှိတယ်လို့ ရေးတာ မဟုတ်ပါ"

"အမှန်တကယ် ဖူးစာရေးနတ် ရှိတယ်ဆိုရင် အဲဒီနတ်ဟာ ရှေ့မီ နောက်မီ အသိအမြင်ကြွယ်တဲ့ နတ်မင်းကြီး တစ်ယောက် မဖြစ်သင့်ဘူးလား"

"မှန်ပါ၊ ဖြစ်သင့်ပါတယ်ဘုရား"

"အေး – ယခုတော့ ဖူးစာရေးနတ်ဆိုပြီး လေးနှင့်မြားကို ကိုင်ဆောင်ထားတဲ့ လူငယ်အရွယ်မျှသာရှိတဲ့ [illegible]လေး တစ်ယောက်ကို "မြားနတ်မောင်" လို့ ခေါ်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး – လေးနှင့်မြားကို ကိုင်ဆောင်လက်စွဲတဲ့ အတောင်နှစ်ဖက်ရှိတဲ့ နတ်ငယ်ကို ရောမလူမျိုးတို့က "ကျူးပစ်" လို့ ခေါ်ဝေါ်ပြီး ဂရိတ်လူမျိုးတို့က "အီရော့" လို့ ခေါ်ကြပါတယ်"

"အေး – သူတို့အယူအဆအရ အဲဒီနတ်ငယ်ကလေးဟာ မြားနှင့် လေးကို ကိုင်ဆောင်လျက် လူသားတို့အား ဦးတည်ရာရာ ပစ်ခွင်းတတ်တယ်၊ သူ၏ မြားချက်ထိသောသူတို့မှာ အချစ်စိတ် ဝင်လာတတ်တယ်၊ ချစ်သောကကိုလည်း အလူးအလဲ ခံရတတ်တယ်လို့ အယူအဆ ရှိကြပါတယ်"

"အဲဒီ အယူအဆအရ ပြောရလျှင် အဲဒီနတ်ဟာ လူသားတို့၏ အချစ်စိတ်ဓာတ်ကို သူ၏ မြားဒဏ်ချက်ဖြင့် နှိုးဆွကလိပေးတတ်ရုံသာ ဖြစ်ပါတယ်၊ နဖူး၌ စာရေးပေးပြီး အိမ်ထောင်ဖက် ရွေးပေးမှုမျိုး မပြုတတ်ပါ"

"အဲဒီနတ်ဟာ ဘုန်းကြီးတို့ မြန်မာနိုင်ငံသို့ ဘယ်အချိန်က ရောက်နေတာလို့ မပြောနိုင်ပါ၊ ဘုန်းကြီးတို့ ဗုဒ္ဓတရားတော်အရတော့ –

"ရှေးဘဝက အတူနေခဲ့ဖူးသောအကြောင်းနှင့် ယခုဘဝမှာ တစ်ဦးနှင့်တစ်ဦး အကျိုးသယ်ပိုးခြင်း ဟူသော အကြောင်းနှစ်ပါးကြောင့် ချစ်ကြ၊ ခင်ကြ၊ ကြင်နာကြတယ်လို့ ဆိုပါတယ်"

"အမှန်တကယ် ပြောရလျှင်တော့ ကိုယ့်ရဲ့ကြမ္မာကို ကိုယ်သာလျှင် ဖန်တီးပါတယ်၊ လူသားအားလုံးတို့၏ [illegible]ဟက်မှု၊ ဆုတ်ယုတ်မှုကိုလည်း လူသားတို့ကသာလျှင် ဖန်တီးပါတယ်၊ ဖန်ဆင်းရှင် တန်ခိုးရှင်တွေ ဖန်တီးလို့ မဟုတ်ပါ၊ ဖူးစာရေးနတ် ဆိုတာလည်း မရှိလို့ မှတ်ပါနော်"

"မှန်ပါ့ ဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

# ပရိတ်ဂါထာကြောင့် အနာ,မရောက်

(၂၇၄)

"ဆရာတော်ဘုရား လျှောက်ထားပါရစေ ဘုရား"

ဆယ်ရက်စခန်းတစ်ခု၌ တရားပြနေစဉ် ယောဂီတစ်စု ရောက်လာဦးချပြီး ထိုင်ကာ တစ်ယောက်က လျှောက်ထားခြင်းဖြစ်ပါသည်။

"ဘာလျှောက်ထားချင်သလဲ၊ ကဲ - ကဲ လျှောက်ထားစမ်းပါဦး။ အထူးအဆန်းလား"

"ဆရာတော်ဘုရားက စာလည်းရေးတော့ စာရေးဖို့လည်း ရအောင် လျှောက်ထားချင်တာပါဘုရား"

"အင်း - အဲဒါဆိုရင် သာပြီးကောင်းတာပေါ့။ ကဲ - ဒါဖြင့် မြန်မြန်သာ လျှောက်စမ်းပါ။ မှတ်သားထားရတာပေါ့"

"တပည့်တော်ရဲ့တူကလေးက မောင်လွင်မြင့် ခေါ်ပါတယ်ဘုရား။ သူ့ရဲ့ဇနီးက မခင်ယဉ်ပါတဲ့ ဘုရား။ အဲဒီ မခင်ယဉ်က ဘာသာခြားပါဘုရား"

"သူတို့မင်္ဂလာဆောင်တော့ တပည့်တော်တို့မှာ အတော့်ကိုပဲ မျက်နှာမလှ အရှက်ရကြပါတယ်ဘုရား"

"ဘာဖြစ်လို့လဲ"

"မင်္ဂလာဆောင်တဲ့အခါ သတို့သား၊ သတို့သမီးတို့က နှစ်ဖက်မိဘတွေကို ရှိခိုးကန်တော့ရတာဟာ တပည့်တော်တို့ ယဉ်ကျေးမှုပါဘုရား၊ မခင်ယဉ်က လုံးဝ ရှိခိုးဦးချမှု မပြုတော့ အရှက်ရကြပါတယ်ဘုရား"

ဆွေမျိုးတွေကလည်း မောင်လွင်မြင့်ကို -

"မိန်းမရှားသလား၊ ဒီလောက်ရိုင်းတဲ့ မိန်းမမှ ရှာယူရသလား စသည်ဖြင့် အပြစ်တင်ကြတော့ မောင်လွင်မြင့်လည်း အရှက်ရ၊ မျက်နှာမလှပါဘုရား"

"အားလုံးသော ဆွေမျိုးအသိုင်းအဝိုင်းတွေက ရတနာသုံးပါးကိုလေးစားကြည်ညိုသူတွေဆိုတော့ တကယ့်မင်္ဂလာပွဲကြီးမှာ အရှက်ရတာပါဘုရား"

"ယခုတော့ဘုရား၊ အဲဒီမခင်ယဉ်က တပည့်တော်တို့ထက်တောင် သာသွားပါပြီဘုရား"

"ဘာတွေသာသွားလဲ၊ ကဲ - ပြောစမ်းပါဦး"

"ပတ်ဝန်းကျင်က ရတနာသုံးပါးကို အထူးကြည်ညိုတဲ့ ပတ်ဝန်းကျင်ဖြစ်နေတော့ သူလည်း တဖြည်းဖြည်း ရတနာသုံးပါးကို ကြည်ညိုတတ်လာပြီး ပရိတ်ရွတ် ဂါထာတွေ ရွတ်လာပါတယ်ဘုရား"

"ပဋ္ဌာန်းနဲ့ သီရသွိ ဂါထာကို အထူးကြိုးစားပြီး ရွတ်လေ့ ရှိပါတယ်ဘုရား၊ အချိန်အကန့်အသတ်မရှိ အားတိုင်း ရွတ်ပါတယ်ဘုရား"

"သူ့ရဲ့ပရိတ်ဂါထာက ဘယ်လောက်စွမ်းသလဲ ဆိုရင်ဘုရား၊ သူ့သမီးလေးမျက်နှာမှာ ကျောက်ပေါက်တော့ -

"အမယ်လေး... ငါ့သမီးကလေးတော့ အလှပျက်တော့မှာပဲ"

လို့ တွေးပြီး ပဋ္ဌာန်းပရိတ်ရွတ် သီရသွိဂါထာကို ရွတ်ပြီး မျက်နှာကို လက်နဲ့ သတ်ချပေးပါတယ်ဘုရား၊ အဲဒါ သမီးလေးမျက်နှာမှာ ကျောက်တွေ ပျောက်တဲ့အပြင် ကျောက်ပေါက်အမာရွတ်လည်း မထင်ပါဘုရား"

"အဲဒါထက် ထူးခြားတာတစ်ခု ရှိပါသေးတယ်ဘုရား၊ သူ့ခေါင်းပေါ် ရေနွေးထည့်ပြီးကာစ ဓာတ်ဘူးကြီး မှောက်ကျတာ လုံးဝ အဖုမပေါက် အနာရွတ် မရောက်ပါဘုရား"

"ဘယ်လိုလုပ်လဲ"

"ဘယ်လိုလုပ်လဲဆိုရင် သူက -

"ငါ့မှာ ဘုရား. တရားမှတစ်ပါး အားကိုးရာ မရှိဘူး" လို့ တွေးပြီး ပဋ္ဌာန်းပရိတ်နဲ့ သီရသွိဂါထာကို တစ်ခေါက်ပြီး တစ်ခေါက် ရွတ်တာ ဘယ်နှစ်ခေါက်ရမှန်းကို မသိပါဘုရား၊ မော့လို့ကြည့်လိုက်တော့ ပူခြင်း လောင်ခြင်းလည်း မရှိ၊ ဘာအဖုမှ လည်း မပေါက်ဘဲ ဘာမှ မဖြစ်သလို အကောင်းပတိ ဖြစ်နေတာကို အံ့ဩစွာ တွေ့ရပါသတဲ့ဘုရား"

"သူက ဓာတ်ဘူးမှောက်ကျစဉ်က -

"အင်း - ငါ့ခေါင်းတော့ ဆံပင်ပြန့်ပေါက်မှာ မဟုတ်တော့ဘူး၊ ဆံပင်တွေ အကုန်ကျွတ်ကုန်တော့မှာ"

လို့ တစ်ချက်တွေးမိလိုက်ပါသတဲ့ ဘုရား"

"အင်း - သူက မျက်နှာအလှထက် ဆံပင်အလှကို ပိုပြီးမက်မောလားမှ မသိတာ"

"မှန်ပါဘုရား၊ ဆရာတော်ဘုရား အဲဒီလို ပရိတ်ဂါထာရွတ်တာနဲ့ ဘာဖြစ်လို့ အနာမရောက်ပါသလဲ ဘုရား"

"ဩော် - ဒါက ရှင်းရှင်းကလေးပါ"

"ရှင်းရှင်းကလေးပေမဲ့လို့ တပည့်တော်တို့ မသိလို့ပါဘုရား၊ ရှင်းပြပေးပါဘုရား"

"ဘုန်းကြီးတို့ ဘုရားရှင်က မကြံ့စည်အပ် မစည်အပ်၊ မကြံ့စည်နိုင်သလို အဲဒီ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကလည်း မကြံ့စည်အပ်၊ မကြံ့စည်နိုင်ပါ။ အဲဒီလို မကြံ့စည်အပ် မကြံ့စည်နိုင်တဲ့ ဘုရားရှင်နှင့် ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတွေကို ယုံကြည်စွာ ပွားများတဲ့ ပုဂ္ဂိုလ်မှာလည်း မကြံ့စည်အပ် မကြံ့စည်နိုင်တဲ့ ဂုဏ်ကျေးဇူးတွေ အကျိုးတွေ ပေးပါတယ်"

"တရားတော်ဟာ မကြံ့စည်အပ် မကြံ့စည်နိုင်သလို အဲဒီတရားတော်ရဲ့ဂုဏ်ကျေးဇူးတွေဟာလည်း မကြံ့စည်အပ် မကြံ့စည်နိုင်ပါ၊ အဲဒီလို မကြံ့စည်အပ်၊ မကြံ့စည်နိုင်တဲ့ တရားတော်နှင့် တရားတော်ရဲ့ဂုဏ်ကျေးဇူးတွေကို ယုံကြည်စွာ ပွားများတဲ့ ပုဂ္ဂိုလ်မှာလည်း မကြံ့စည်အပ်၊ မကြံ့စည်နိုင်တဲ့ အကျိုးတွေ ပေးပါတယ်"

"သံဃာတော်တွေဟာ မကြံ့စည်အပ်၊ မကြံ့စည်နိုင်ပါ၊ အဲဒီလို မကြံ့စည်အပ် မကြံ့စည်နိုင်သလို အဲဒီ သံဃာတော်တွေရဲ့ဂုဏ်ကျေးဇူးတွေဟာလည်း မကြံ့စည်အပ် မကြံ့စည်နိုင်တဲ့ သံဃာတော်တွေနှင့် သံဃာတော်ရဲ့ဂုဏ်ကျေးဇူးတွေကို ယုံကြည်စွာ ပွားများတဲ့ပုဂ္ဂိုလ်မှာလည်း မကြံ့စည်အပ် မကြံ့စည်နိုင်တဲ့ အကျိုးတွေပေးပါတယ်"

"ယခု မခင်ယဉ်ရွတ်တဲ့ ပဋ္ဌာန်းဆိုတာ ဘုရားရှင်ရဲ့တရားတော် မဟုတ်ပါလား"

"ဟုတ်ပါတယ်ဘုရား"

"အေး - အဲဒီ ပဋ္ဌာန်းတရားတော်ဆိုတာ သာမည မဟုတ်ပါ။ အဲဒီ ပဋ္ဌာန်းတရားတော်ကို မဆင်ခြင်မီ ဘုရားရှင်မှာ ရောင်ခြည်တော်ခြောက်သွယ် မထွက်သေးပါ။ ပဋ္ဌာန်းတရားကို ဆင်ခြင်မှ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပါတယ်၊ အဲဒီလောက် ကမ္ဘဋ္ဌာန်းတရားဟာ အစွမ်းထွက်ပါတယ်"

"ယခု မခင်ယဉ် အဲဒီ ပဋ္ဌာန်းတရားတော်ကို စောစောကလည်း ယုံကြည်စွာနဲ့ ရွတ်ပွားခဲ့ပါတယ်၊ အရေးကြုံတဲ့ အခါမှာလည်း ယုံကြည်စွာနဲ့ ရွတ်ပွားတယ်၊ အဲဒီလို ယုံကြည်စွာနဲ့ ရွတ်ပွားတဲ့ကုသိုလ်ကံကြောင့် မကြံစည်အပ်တဲ့ အနာ မရောက်ခြင်းအကျိုး ပေးတာပေါ့"

"သိရသို့ "ဂါထာဆိုတာက ဘုရား. တရား. သံဃာအပြင် သိကြား. ဗြဟ္မာနှင့်တကွ လောကပါလနတ်တွေပါ ပါတဲ့ ဂါထာပါ။ မိမိစွမ်းအင် အာနုဘော်နှင့် မဟုတ်ဘဲ အဲဒီ ဘုရား. တရား. သံဃာ. သိကြား. ဗြဟ္မာ. လောကပါလ နတ်တွေရဲ့အာနုဘော်တော်ကြောင့် တစ်ပါးမက များစွာသော ဘေးတွေ၊ ရန်တွေ၊ အန္တရာယ်တွေ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက်ပါစေသတည်း" လို့ ယုံကြည်စွာနဲ့ ရွတ်တော့ အနာမရောက် ပျောက်ဘာပေါ့။

"အေး - ဘုရားရှင်ရဲ့တရားဒေသနာတော်တွေဟာ စာအုပ်ထဲမှာ ထားရင် မိမိအတွက် အကျိုးမထူးပါဘူး၊ ယခု မခင်ယဉ်တို့လို ယုံကြည်စွာနဲ့ အမြဲရွတ်ပွားပြီး အကြောင်းကြုံတဲ့အခါမှာလည်း ယုံကြည်စွာနဲ့ ရွတ်ပွားရင် လိုအပ်တဲ့အကျိုးတွေ ပေးပါတယ်။

"အေး - တစ်ခုတော့ရှိတယ်၊ ယုံကြည်မှုက နည်းနည်း၊ ရွတ်ဖတ်တာကလည်း နည်းနည်း၊ အကျိုးလိုချင်မှုက များများနဲ့ ရွတ်လို့က အကျိုးမပြီးပါဘူး။

"ပြီးတော့ ဟိုဂါထာ ကောင်းတယ်ဆိုရင် ဒီဂါထာ လွှတ်ထားခဲ့၊ ဟိုပရိတ် စွမ်းတယ်ဆိုရင် ဒီပရိတ် ထားခဲ့ပြီး ပြောင်းပြောင်းရွတ်နေရင်လည်း အကျိုးမပြီးပါဘူး၊ ယုံကြည်မှု မရှိလို့ပါ။

"ဘုရားဂုဏ်တော်. ဘုရားတရား၊ တရားဂုဏ်တော်. သံဃာဟော်ဖွေဟာ မကြံအပ် မကြံစည်နိုင်လို့ ပြောခဲ့တဲ့အတိုင်း ယုံကြည်စွာ ရက်.လ.နှစ်ရှည် ရွတ်ပွားထုံမွှမ်းပါက မကြံစည်အပ်. မကြံစည်နိုင်တဲ့ အကျိုးတွေ ပေးပါနိုင်ပါတယ်၊ ပေးပါလိမ့်မယ်၊ ရွတ်ပွားပါလို့ တိုက်တွန်းလိုက်ပါတယ်"

"မှန်ပါဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

ရတနာမွန်မဂ္ဂဇင်း၊ အတွဲ (၂၀)၊ အမှတ် (၈)၊ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ။

📖

# လူမပါဘဲ ထမီသာ အချုပ်ခံရ

## (၂၇၅)

"တကယ့်အဖြစ်အပျက်တို့သည် ဒဏ္ဍာရီပုံပြင်တို့ထက် ဆန်းကြယ်ကုန်၏"

ဤစကားကို စာရှုသူတို့ အကြိမ်ကြိမ် ကြားဖူးပြီး ဖြစ်ပါလိမ့်မည်။ သို့ကြားဖူးသော်လည်း ဆန်းကြယ်သော တကယ့် အဖြစ်အပျက်ကို မိမိနှင့် အနီးကပ် မကြုံဖူးသော် စကားနှင့် အဖြစ်အပျက် မစပ်ဟပ်မိဘဲ စကားရဲ့မှန်ကန်လေးနက်ပုံကို မသိရဘဲ ဖြစ်နေပါလိမ့်မည်။

ဟုတ်ပါသည်၊ အဖြစ်အပျက်နှင့် စကားနှင့် စပ်ဟပ်မိမှ စကားရဲ့လေးနက်ပုံကို သိနိုင်မည် ဖြစ်ပါသည်။

ယခု မိမိကိုယ်တိုင် ထိုစကားနှင့် စပ်ဟပ်သော အဖြစ်အပျက်ကို တွေ့ရတော့မှ -

"သြော် - ဒါကြောင့် ရှေးပညာရှိတွေက တကယ့်အဖြစ်အပျက်တို့သည် ဒဏ္ဍာရီပုံပြင်တို့ထက် ဆန်းကြယ်ကြကုန်၏ လို့ မော်ကွန်းထိုးခဲ့တာကိုး" ဟု အောချမိပါတော့သည်။

မှန်ပါသည်။ ဒဏ္ဍာရီပုံပြင်တို့သည် တကယ့်အဖြစ်အပျက်ကို မမီနိုင်ပါ။ ယခု မိမိတွေ့ကြုံရသော အဖြစ်ကား ယင်းသို့ မဟုတ်ပါ။

ဓမ္မဒေသနာခရီးသည် ဖြစ်သော မိမိသည် ဓမ္မဒေသနာခရီး လှည့်စဉ် မိမိ၏သာဝကများနှင့် ဆုံဆည်းခိုက် တစ်ယောက်က ဤသို့ မေးလျှောက်လာ၏။

"ဘုန်းဘုန်းဘုရား၊ လူမပါဘဲ ထဘီသာ အချုပ်ခံရတယ် ဆိုတာ ဖြစ်နိုင်ပါသလားဘုရား"

မေးသူမှာ ဆေးဆရာမကလေးတစ်ယောက် ဖြစ်၏။ အမည်မှာ ခင်မာဦး ဖြစ်၏။ သူမသည် သာသနာရေး၊ ဘာသာရေး အလွန်တရာ လေးစားယုံကြည်သူတစ်ယောက် ဖြစ်၏။

မိမိသည် ထိုအမေးကို အဘယ်သို့ ဖြေရမည်ဟူ၍ ရုတ်တရက် မသိဖြစ်နေ၍ ဘဲဥအစ ရှာမရပမာ ဖြစ်နေသည်၊ ပြန်မေးသောနည်းဖြင့် အဖြေရှာမှ ဖြစ်တော့မည်ဟု အကြံရပြီး မိမိက ပြန်မေးလိုက်သည်။

"ခင်မာဦးက ဘယ်မှာတွေ့ဖူးလို့ မေးတာလဲ၊ အကြောင်းတိုက်ဆိုင်လျှင် ဖြစ်နိုင်တဲ့ အကြောင်းစုံလျှင် ဖြစ်နိုင်တာပေါ့"

"တပည့်တော်ရဲ့ကိုယ်တွေ့အဖြစ်အပျက်ပါပဲ ဘုရား"

"ကဲ - ဒါဖြင့် ခင်မာဦးရဲ့ကိုယ်တွေ့အဖြစ်အပျက်ကို ပြောစမ်းပါဦး"

"တပည့်တော် အကြောင်းကြုံတာနှင့် ဗေဒင်ဆရာမတစ်ယောက်ထံမှာ ဗေဒင်ကြည့်ခဲ့ပါတယ် ဘုရား၊ ဆရာမက - ရှင်သတိထား၊ ဒီလထဲမှာ အဖမ်းအဆီး အချုပ်အနှောင်သော်လည်း ခံရတတ်သည်၊ သက်သေသော်လည်း လိုက်ရတတ်သည်လို့ ဟောပါတယ် ဘုရား။

အဲဒီလိုဟောတော့ တပည့်တော်လည်း အတော်ကြောက်သွားပါတယ်ဘုရား၊ ငါ့မှာ အဖမ်းအဆီး အချုပ်အနှောင် ခံရအောင် မင်းနှင့်စိုးနှင့် ပတ်သက်တဲ့ကိစ္စလည်း မရှိဘဲနှင့် ဘာဖြစ်လို့ အဖမ်းအဆီး အချုပ်အနှောင် ခံရမှာလဲလို့ တွေးပြီး အကြောင်းရှာသော်လည်း ရှာမရပါ ဘုရား။

ဒါနဲ့ တပည့်တော်က ငါ့မှာ ရတနာသုံးပါးမှတစ်ပါး အခြားအားကိုးစရာ မရှိဘူးဆိုပြီး ရှေးကထက်ပိုပြီး ရတနာသုံးပါး အလုပ်တွေကို ကြိုးစားလုပ်ဆောင်ပါတယ်ဘုရား။

"အဲ - ဆရာမဟောပြီးလို့ မကြာမီမှာပဲ တပည့်တော်ဆီကို သူငယ်ချင်းမတစ်ယောက် လာပြီး ဆေးကုပါတယ်ဘုရား၊ သူမှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ သွေးသံရဲရဲနှင့် ညကြီးမှာ ထဘီလည်း ရွှံ့တွေပေနေလို့ ဖြစ်နေပါတယ်ဘုရား။

"ဒါနဲ့ တပည့်တော်က သူ့ထဘီကို ချွတ်စေပြီး တပည့်တော်ရဲ့ထဘီကို ဝတ်စေပြီး ဆေးကုပေးလိုက်ပါတယ် ဘုရား၊ နောက်နေ့နံနက်ရောက်တော့ သတင်းကြားပါတယ်၊ ညက သူ့ကို ရိုက်တဲ့ သူ့တူကပဲ အမှုဆင်ပြီး တိုင်ချက်ဖွင့်လို့ အဲဒီသူငယ်ချင်းမ တပည့်တော်ထဘီနှင့် အချုပ်ခံနေရပါတယ်ဘုရား၊ သူ့ထဘီက တပည့်တော်အိမ်မှာ ခုအထိ ရှိပါသေးတယ်ဘုရား"

"သြော် - ခင်မာဦးအမေးက လူမပါဘဲ ထဘီသာ အချုပ်ခံရတယ် ဆိုတာဖြစ်နိုင်ပါသလားဆိုတော့ ကဲ - ဖြစ်နိုင်တယ်လို့ ဖြေပြီးသား ဖြစ်သွားပြီလေ"

"မှန်ပါဘုရား၊ အဖြစ်က ဆန်းလွန်းလို့ တပည့်တော် အံ့သြနေပါတယ်ဘုရား၊ ဘုန်းဘုန်းနှင့်တွေ့မှ မေးကြည့်ဦးမယ်လို့ စိတ်ကူးပြီး မေးကြည့်တာပါ ဘုရား၊ ဘုန်းဘုန်းဘုရား ဖြစ်နိုင်လို့ ဖြစ်ခဲ့တာတော့ ဟုတ်ပါပြီဘုရား၊ ဘာကြောင့် လူမပါဘဲ ထဘီသာ အချုပ်ခံရပါသလဲဘုရား"

"ခင်မာဦးမှာ ရတနာသုံးပါးနှင့် ပတ်သက်ပြီး ကုသိုလ်ခံတွေက အဟောင်းအသစ် အလွန်ကောင်းနေပါတယ်၊ အဲဒီလို ကုသိုလ်ကံ အလွန်ကောင်းနေသူတွေမှာ အဲဒီလိုအဖြစ်ဆိုးမျိုး ကြုံစရာရှိလာလျှင် ကိုယ့်မှာ မကြုံဘဲ ပတ်ဝန်းကျင်မှာသာ ကြုံရတတ်ပါတယ်၊ အဲဒီအကြောင်းကို "မာဃဒေဝလင်္ကာအသစ်" မှာ -

"ရှေးကပြုသား ကောင်းမှုဟုဆို
ကုသိုလ်အဖို့ ပြည့်စုံမြို့၍
မချို့ဘုန်းကံ အခံပုည
ရှိကြသူမှာ ဇာတာမူလ
ဇနမရှိ ပါပဂြိဟ
စီးနင်းကြလည်း ကိုယ်မှတစ်ပါး
ခြွေရံများနှင့် ကျွဲနွားမျှသာ

ဖျက်ဆီးရာ၏၊ ကိုယ်မှာ ချမ်းမြေ့

ဘေးမတွေ့ဘူး မဟော့ကုသိုလ်

လူထိုထိုကား ကိုယ်နှင့်တကွ၊ ပျက်တတ်စွာတည့်"

လို့ စပ်ဆိုခဲ့ပါတယ်၊ အဲဒီလင်္ကာအရ ကြည့်လျှင် ခင်မာဦးရဲ့ အဖြစ်အပျက်ဟာ မှန်မနေဘူးလား၊ ကုသိုလ်ရှိသူမှာ ကိုယ်မှာ ဘေးမတွေ့ဘဲ အခြေအရံ စသည်တို့မှာသာ ဘေးတွေ့ပြီး ကျေသွားတယ်၊ အခု ခင်မာဦးမှာတော့ ထဘီသာ ဘေးတွေ့ပြီး ကျေသွားပြီပေါ့"

"အမယ်လေး – ဒီလိုဆိုရင် တပည့်တော်မ အဖမ်းအဆီး အချုပ်အနှောင် မခံရတော့ဘူးပေါ့ ဘုရား"

"အင်းပေါ့၊ ကုသိုလ်ရှိသူမှာ ဘယ်လောက်ပဲ မကောင်းတဲ့ ဂြိုဟ်တွေ စီးနင်းစီးနင်း ကိုယ်မှာ ဘေးမတွေ့ဘူးဆိုတာ ကျမ်းဂန်မှာလည်း ရှိတယ်၊ ယခု ခင်မာဦးလည်း လက်တွေ့ပဲ၊ ပြီးပြီ၊ ကျေသွားပြီ၊ ဘာမှမပူနဲ့တော့"

"ဝမ်းသာလိုက်တာဘုန်းဘုန်းဘုရား၊ ဒီလိုဆိုရင် ရှေးကထက်ပိုပြီး တပည့်တော် ကုသိုလ်တွေ ကြိုးစားပြီး ပြုလုပ်ပါတော့မယ်ဘုရား"

ထိုအခါ ခင်မာဦး၏အမေက ကြားမှဝင်ပြီး လျှောက်ထားလေသည်။

"ဘုန်းဘုန်းတပည့်ကို ဒေါသနည်းအောင် ဆုံးမပါဦးဘုရား၊ သူက ကုသိုလ်သာ ကြိုးစားပြုတာ ဒေါသကတော့ အလွန်ကြီးပါတယ် ဘုရား"

"ဟုတ်လား၊ ဒီလိုဆိုရင် ခင်မာဦးကို ဆောင်ပုဒ်တစ်ခု ပေးမယ်၊ အဲဒီဆောင်ပုဒ်ကို ခဏခဏရွတ်ပေးပါ၊ ဘယ်တော့မှ ဒေါသမကြီးတော့ဘူး"

"အမိန့်ရှိပါဘုရား"

"ဒေါသကြီးသူ ခွေးနှင့်တူ၊ ခွေးဟူတုံက လူ့မလူ သွားကိုဖြီးရှုံ" တဲ့။

အားလုံးက ဝိုင်းရယ်ကြသည်။

"မရယ်ကြနဲ့၊ အဲဒါ အဟုတ်ပဲ၊ စမ်းကြည့်ပါ"

✦ အားလုံးသဌာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

ဓမ္မရံသီမဂ္ဂဇင်း ၁၃၅၃ ခုနှစ်၊ နတ်တော် – ပြာသို၊
အမှတ်စဉ် (၂၅)၊ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ။

# နော်ဆေးဖော

## (၂၇၆)

"နော်ဆေးဖော" ဆိုတဲ့ အမည်ကို စာရှုသူတို့ ဖတ်လိုက်ရသောအခါ နော်ဆေးဖောအကြောင်းကို စိတ်ဝင်စားကောင်း စိတ်ဝင်စားမည်ဟု မိမိထင်ပါသည်။ အမှန်တကယ်လည်း နော်ဆေးဖော အကြောင်းအရာသည် စိတ်ဝင်စားစရာကောင်းပါသည်။ မိမိသည် အညာတရ တရားပြဆရာ၊ အညာတရ ဓမ္မကထိက အဖြစ်နှင့် မြို့ရွာ တောပါ ဓမ္မဒေသနာခရီး လှည့်လည်ခဲ့ရာအနှစ် နှစ်ဆယ်ကျော်ခဲ့ပါပြီ။

တစ်ခုသော ဆောင်းကာလက ရောဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ ကရင်အင်းကျေးရွာသို့ ရောက်ခဲ့ပါသည်။ မိမိ ရောက်လာတယ် ဆိုရင်ပဲ လူငယ်လူလတ်ပိုင်း အမျိုးသား.အမျိုးသမီး တော်တော်များများ ရောက်လာကြပါသည်။

ယင်းတွင် နော်ဆေးဖောတို့ ဇနီးမောင်နှံလည်း ပါဝင်ပါသည်။

မိမိတရားပွဲမှာ ညပွဲဖြစ်၍ ရောက်ခါစမှာ အားနေ၍ မိမိရဲ့ဗုဒ္ဓဓမ္မပြဿနာများ စတဲ့စာအုပ်တွေသာ ဖတ်ဖူးကြ၍ မိမိကို မမြင်ဘူးသူများက မေးချင် ဖူးချင်ကြ၍ လာကြခြင်း ဖြစ်ပါသည်။

မိမိသည် အများနှင့် စကားပြောနေရာ အတန်ကြာသော် လူငယ်တစ်ယောက်က ကြားဖြတ် လျှောက်ထားပါသည်။ လူငယ်တစ်ယောက် ဆိုသော်လည်း အခြားလူငယ်မဟုတ်ပါ။ နော်ဆေးဖော၏ ယောက်ျားပင် ဖြစ်ပါသည်။

"ဆရာတော်ဘုရား၊ တပည့်တော်ဇနီးကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် တရားဟောပေးပါဘုရား"

နော်ဆေးဖောကို လက်ညှိုးညွှန်၍ လျှောက်ထားခြင်းဖြစ်၍ ပရိသတ်အများနှင့် မိမိပါ နော်ဆေးဖောဆီသို့ လှည့်ကြည့်ကြပါသည်။ ကြည့်ရင်း မိမိကပင် နော်ဆေးဖောကို မေးလိုက်ပါသည်။

"နော်ဆေးဖောက ဗုဒ္ဓဘာသာ မဟုတ်ဘူးလား"

"ဗုဒ္ဓဘာသာ မဟုတ်ပါဘုရား၊ ဘာသာခြားပါ ဘုရား"

ဟု သူ့ယောက်ျားကပင် ကြားဝင်ဖြေလိုက်ပါသည်။

"အေး - အဲဒီလို လျှောက်ထားတာဟာ တို့ဗုဒ္ဓဘာသာအကြောင်းကို အသေအချာ မသိသေးလို့ လျှောက်ထားတာပါ၊ အသေအချာ သိရင် ဒီလိုလျှောက်ထားမှာ မဟုတ်ပါဘူး"

"ဆရာတော်ဘုရား ဗုဒ္ဓဘာသာအကြောင်းအများသိအောင် ရှင်းပြပေးပါဘုရား" ဟု လူငယ်တစ်ယောက်က ကြားဝင် လျှောက်ထားပါသည်။

"အေး - တို့ဗုဒ္ဓဘာသာက အကိုးကွယ်ခံ၊ အပူဇော်ခံ၊ အရှိခိုးခံ ဘာသာသက်သက် မဟုတ်ပါ။ မိမိရဲ့ကိုယ်ပိုင် ယုံကြည်မှု သဒ္ဓါတရားနဲ့ အလုပ်လုပ်ရတဲ့ ဘာသာပါ။

"တို့ဗုဒ္ဓဘာသာက အခြားဘာသာဝင် တစ်ဦးဦးကို အတင်းအဓမ္မ အမိန့်သြဇာအာဏာနဲ့ ဗုဒ္ဓဘာသာထဲ မဝင်.ဝင် အောင် မရိုက်သွင်းပါ။ အဲဒီလို အမိန့်သြဇာ အာဏာနဲ့ အတင်းအဓမ္မ ရိုက်သွင်းလို့ ဗုဒ္ဓဘာသာထဲသို့ ကြောက်လို့ ဝင်ရုံနှင့်လည်း ဗုဒ္ဓဘာသာကောင်းတစ်ယောက် မဖြစ်သေးပါ။

"တို့ဗုဒ္ဓဘာသာက ဓမ္မဝိနယဘာသာပါ၊ "ဓမ္မဝိနယဘာသာ" ဆိုတာက တရားသဖြင့် ကြောင်းကျိုး ဖော်ပြပြီး ဆုံးမ သြဝါဒပေးတဲ့ ဘာသာပါ၊ အဲဒီလို တရားသဖြင့် ကြောင်းကျိုးဖော်ပြပြီး ဆုံးမသြဝါဒပေးတာကို နာယူပြီး ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ယုံကြည်လိုက်နာ ကျင့်ကြံရတဲ့ ဘာသာပါ။

"ဒါကြောင့် ဘုန်းကြီးက နော်ဆေးဖောကို အတင်းအဓမ္မ စည်းရုံးဟောပြောပြီး ဗုဒ္ဓဘာသာထဲ ဝင်ခိုင်းရင် တရားပါ့ မလား"

"မတရားပါ ဘုရား" ဟု လူငယ်လူလတ်အများက ဖြေကြားကြပါသည်။ နော်ဆေးဖောယောက်ျားကမူ ကျေနပ်ဟန် မတူပါ။ မျက်နှာ မကြည်ပါ။ မိမိက နော်ဆေးဖောဘက်သို့ လှည့်ကာ မေးလိုက်ပါသည်။

"နော်ဆေးဖောက မိမိတို့ ရိုးရာဘာသာအကြောင်းကို ကောင်းကောင်းနားလည်ထားတယ် မဟုတ်လား"

"နားလည်ပါတယ်"

"အေး - ဟုတ်တာပေါ့၊ မိမိတို့ဘာသာအကြောင်းကို မိမိတို့ နားလည်ရမှာပေါ့၊ တို့ဗုဒ္ဓဘာသာအကြောင်းကို နား မလည်သေးဘူးနော်"

"နားမလည်သေးပါ"

"အေး - တို့ကရင်အင်းရွာမှာ ဒီညနှင့် နက်ဖြန်နေ့ခင်းဟောရမယ့်တရားကလည်း ရှင်ပြုတရား ဟောရမှာ၊ ဗုဒ္ဓဘာသာ အကြောင်းသက်သက် ဟောလို့ မဖြစ်ပါ။

ဒီတရားပွဲအပြီး (၃) ရက်အလွန်မှာ ဒီအနားက ဓမ္မိအောင်ချမ်းသာကျောင်းမှာ ဆယ်ရက်စခန်း တရားကျင့်သုံးပွဲ ရှိပါ တယ်၊ အဲဒီ ဆယ်ရက်စခန်းမှာ နော်ဆေးဖော ဝင်ပြီး နာကြားအားထုတ်ကြည့်ပါ။

တရားနာကြားအားထုတ်တာဟာ ဗုဒ္ဓဘာသာထဲ ကူးပြောင်းတာ မဟုတ်ပါ၊ လေ့လာစူးစမ်းတာပါ၊ အဲဒီလို စူးစမ်းနေ တဲ့အခါမှာ နော်ဆေးဖောတို့ ရိုးရာဘာသာအတိုင်း နေတတ်သလို နေပါ၊ ဗုဒ္ဓဘာသာ ဘုန်းကြီးတို့ကို ရှိမခိုးလည်း ရပါတယ်။

ဗုဒ္ဓဘာသာကို လေ့လာစူးစမ်းမှုမှတစ်ပါး အခြားကိစ္စများကို နော်ဆေးဖောတို့ ရိုးရာဘာသာအတိုင်းသာ ဆောင် ရွက်ပါ။

"အေး - ဆယ်ရက် လေ့လာပြီးလျှင် ဗုဒ္ဓဘာသာရဲ့အတိမ်အနက် အကောင်းအဆိုး အကြောင်းအကျိုး၊ သဘာဝ ကျ. မကျ၊ ယုတ္တိ ရှိ.မရှိ၊ ယုံကြည်လိုက်နာသင့်.မသင့် ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ သဘောပေါက်လာပါလိမ့်မယ်။

"အဲဒီ ကိုယ်ပိုင်ဉာဏ်နဲ့ သဘောပေါက်နားလည်ကာမှ ဗုဒ္ဓဘာသာထဲ ဝင်ချင်သပ ဆိုရင် ဝင်ပါ၊ မဝင်ချင်ဘူး ရိုးရာ ဘာသာနဲ့ပဲ နေချင်သပ ဆိုရင်လည်း နေပါ၊ ကဲ - သဘောကျလား"

"ကျပါတယ်"

"ကဲ - ကာယကံရှင်ကတော့ သဘောကျပြီတဲ့၊ ကာယကံရှင်ရဲ့ပိုင်ရှင်က ဘယ်လိုလဲ"

ဟု နော်ဆေးဖောယောက်ျားဘက်သို့ လှည့်ပြီးမေးလိုက်ပါသည်။

"တပည့်တော်လည်း သဘောကျပါတယ်ဘုရား"

လူငယ် လူလတ်များကလည်း သဘောကျကြောင်း ဝိုင်းပြီးလျှောက်ထားကြပါသည်။

ထိုအခါ နော်ဆေးဖောက -

"တပည့်တော်သားကလေးကို ဘယ်သူက ထိန်းပေးပါ့မလဲ"

ဟု မေးလျှောက်ပါသည်။

လူငယ်လူလတ်များက သူ့ယောက်ျားဘက် လှည့်ကြည့်ကာ ထိန်းပေးဖို့ ပြောကြပါသည်။ သူ့ယောက်ျားကလည်း ထိန်းပေးမည် အာမခံသဖြင့် နော်ဆေးဖော မွေ့အောင်ချမ်းသာ ဆယ်ရက်စခန်းသို့ ဝင်ရောက်နာကြား အားထုတ်ပါသည်။

တရားနာကြား အားထုတ်နေစဉ် သူတို့ရိုးရာဘာသာအတိုင်း နေတတ်သလို နေခွင့်ပေးထားပါသည်။ သူမေးချင်သမျှကိုလည်း အချိန်မရွေး မေးခွင့်ပေးထားပါသည်။ နော်ဆေးဖောသည် စူးစမ်းစွာ နာကြား အားထုတ်ပါသည်။ မေးလည်းမေးပါသည်။

တရားနာကြား အားထုတ်လို့ နှစ်ရက် သုံးရက် ရောက်တဲ့အခါ - "ဆရာတော်ဘုရား၊ ဗုဒ္ဓတရားတော်ဟာ တယ်ပြီးအေးချမ်းပါလား ဘုရား"

ဟု လျှောက်ထားပါသည်။

"အေး - တို့ဗုဒ္ဓတရားတော်က မျက်မှောက်ချမ်းသာပေးတဲ့ တရားတော်၊ သေပြီး ဟိုဘက်ဘဝရောက်မှ ချမ်းသာရမယ့်တရား မဟုတ်ပါ၊ ပြီးတော့ တို့ဗုဒ္ဓတရားတော်တွေက ဆုတောင်းလို့ရတဲ့ တရားတော်တွေ မဟုတ်ပါ၊ လက်တွေ့လုပ်မှ ရတဲ့တရားတော်တွေပါ၊ ယခု နော်ဆေးဖော လက်တွေ့နာကြား အားထုတ်ကြည့်တော့ လက်တွေ့သိရတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး - နှစ်ရက် သုံးရက်မျှနဲ့ ဒီလောက်အေးချမ်းရင် (၄)ရက် (၅)ရက်ဆိုရင် ဒီထက် အေးချမ်းပါလိမ့်မယ်၊ ဆက်လက်လေ့လာ စူးစမ်းအားထုတ်ပါ"

ဟု ပြောလိုက်ပါသည်။ နောက် (၄)ရက် (၅)ရက် ကြာသောအခါ -

"ဆရာတော်ဘုရား၊ ဗုဒ္ဓတရားတော်တွေဟာ အင်မတန် သိမ်မွေ့နူးညံ့ပါလားဘုရား၊ တပည့်တော် သီလရှင်ဝတ်နဲ့ရော အားထုတ်ရင် မကောင်းပါလား ဘုရား"

ဟု မေးလျှောက်ပါသည်။

"အေး - ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့လို့ နော်ဆေးဖောမှာ သားနဲ့ ယောက်ျားနဲ့ဆိုတော့ မဖြစ်သေးပါ၊ ဒီအတိုင်းပဲ ဆက်အားထုတ်ပါဦး"

ဟု ပြောရပါသည်။ နော်ဆေးဖောသည် ဆက်လက်အားထုတ်ရာ အမူအရာအားလုံး ပြောင်းလဲသွားပြီး -

"ဆရာတော်ဘုရားနဲ့ တွေ့ရတာ နောက်ကျပါတယ်ဘုရား၊ အိမ်ထောင်မကျမီကသာ တွေ့ရရင် အိမ်ထောင်မပြုဘဲ သီလရှင် ဝတ်ပါတယ်ဘုရား"

ဟု လျှောက်ထားပါသည်။ ထိုအခါ မိမိက -

"အေး - အဲဒါ ဗုဒ္ဓဘာသာ အစကလေးမှာ နီဒါန်းမှာပဲ ရှိပါသေးတယ်၊ ရှေ့ဆက်လက်လေ့လာရင် ဒီထက် နက်နဲသိမ်မွေ့တာတွေ တွေ့ရ သိရပါလိမ့်မယ်" ပြောရာ -

"တပည့်တော် သိပါပြီဘုရား၊ ဗုဒ္ဓဘာသာထဲသို့ ကူးပြောင်းပါတော့မယ် ဘုရား"

ဟု လျှောက်ထားပါသည်။

ဟုတ်ပါသည်။ နော်ဆေးဖောကား ဗုဒ္ဓဘာသာဝင် ဖြစ်ပြီး ယခုအခါ သူတို့ ကရင်အင်းရွာရှိ "ဓမ္မောသုခ ဓမ္မရိပ်သာ" ဟု အမည်တပ်ကာ နွေရာသီနှင့် ဆယ်ရက်စခန်း တရားကျင့်သုံးပွဲ၌ သူသည် အမှုဆောင်တစ်ယောက်အဖြစ် ပါဝင်ဆောင်ရွက်နေပါသည်။

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း အတွဲ (၆)၊ အမှတ် (၂)၊ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ။

# ဥပုသ်သည်နှင့် မြက်သစ်ပင်

## (၂၇၇)

"လူအမျိုးမျိုး နတ်အထွေထွေ" ဆိုသော စကားသည် အလွန်တရာ မှန်ကန်လှ၏။ နတ်တွေကို မိမိမျက်စိနှင့် ကိုယ်တိုင် မမြင်တွေ့ရ၊ မိမိနှင့်လည်း ပေါင်းသင်းမကြည့်ရ၍ နတ်တွေ၏ သဘောထားကား ဘယ်လိုဆိုတာ မသိရသော်လည်း လူအတော်များများနှင့် ပေါင်းသင်းကြည့်ရ၍ လူတို့၏သဘောကို အတော်ကလေး သိလာသည်။

ယင်းသို့ သိရသော လူအမျိုးမျိုးတို့ကို ခွဲခြားကြည့်သော် အချို့လူတို့သည် အလွန်တရာ ကြောက်စရာကောင်းလှ၏။ အချို့လူတို့သည် အလွန်တရာ စက်ဆုပ်ရွံမုန်းစရာ ကောင်းလှသည်။ အချို့လူတို့သည် အလွန်တရာ သနားစရာကောင်းလှသည်။ အချို့လူတို့သည် အလွန်တရာ ချစ်ခင်စရာ ကောင်းလှသည်။

မိမိသည် လူအများနှင့် ပေါင်းသင်းကြည့်ရာ၌ ဤသို့ စသည်ဖြင့် လူအမျိုးမျိုး ကွဲပြားသည်ကို တွေ့မြင် မှတ်ချက်ချမိသည်။ ယင်းလူအမျိုးမျိုးထဲမှ သနားစရာကောင်းလှသူ လူတစ်ယောက်နှင့် မိမိ ဆုံခဲ့ရ၏။

ယင်းတစ်ယောက်နှင့် မိမိ အဘယ်ကဲ့သို့ ဆုံခဲ့ပါသနည်း။ မိမိ ဒေသနာခရီး လှည့်လည်ရာ တစ်ဌာန ဖြစ်သည်။ မိမိ စာကြည့်နေစဉ် -

"အရှင်ဘုရား၊ အားပါသလားဘုရား"

မိမိသည် အသံကြားရာသို့ လှည့်ကြည့်လိုက်သော် ဒကာတစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။

"ဘာကိစ္စရှိလို့လဲ ဒကာကြီး"

"အရှင်ဘုရား အားလျှင် နည်းနည်းမေးချင်လို့ပါ ဘုရား"

"အားလို့ မေးချင်တယ်၊ အားမှ မေးချင်တယ်ဆိုလျှင်တော့ မအားပါဘူး ဒကာကြီး၊ မြင်တဲ့အတိုင်းပဲ၊ စာကြည့်နေပါတယ်"

"ခက်ပါတယ်ဘုရား"

"ဘာခက်နေတာလဲ ဒကာကြီး"

"တပည့်တော်က စကားမပြောတတ်လို့ မေးမိတာပါဘုရား၊ သည်းခံပါ၊ တပည့်တော် မေးချင်တာလေးတစ်ခုကို မေးပါရစေ ဘုရား"

"ကဲ - ကဲ၊ မေးပါ၊ ဘာများ မေးချင်တာလဲ၊ ခက်ခက်ကြီးများလား"

"အရှင်ဘုရားအတွက်တော့ ခက်လား လွယ်လား မသိပါဘုရား၊ တပည့်တော်အတွက်မှာတော့ မသိတော့ ခက်နေပါတယ်ဘုရား"

"ကဲ - ကဲ၊ အဲဒီ အခက်အခဲကို ပြောစမ်းပါဦး"

"အရှင်ဘုရား၊ တပည့်တော်တို့ ဥပုသ်စောင့်တဲ့အခါ ဥပုသ်သည်တွေဟာ မြက်သစ်ပင်များကို နုတ်ကောင်းပါသလားဘုရား၊ အမှိုက်တွေလည်း လှဲကောင်းပါသလား ဘုရား၊ တပည့်တော် မသိလို့ ရှင်းပြပေးပါဘုရား"

"ကဲ - ကဲ ဒကာကြီးကို ပြန်မေးဦးမယ်၊ ဒကာကြီး ကြိုက်သလို ဖြေပါ၊ ဒကာကြီးအနေနဲ့ ဘယ်လိုထင်လို့ မေးတာလဲ"

"တပည့်တော်အနေနဲ့ ဥပုသ်သည်တွေ မြက်နုတ်နေတာ၊ အမှိုက်လှဲနေတာတွေ တွေ့လို့ မနုတ်ကောင်း၊ မလှဲကောင်းဘူးထင်လို့ မေးတာပါ ဘုရား"

"ကဲ - ကဲ ဒကာကြီးအမေးကို ပထမ တိုတိုဖြေမယ်၊ မှတ်ထားပါ၊ ဥပုသ်သည်တွေ မြက်သစ်ပင်ကို နုတ်ကောင်းပါတယ်၊ အမှိုက်တွေလည်း လှဲကောင်းပါတယ်"

"ဟင် - တပည့်တော်ထင်တာနဲ့ တစ်မျိုးဖြစ်နေပြီပေါ့ ဘုရား"

"အေးပေါ့၊ ဒကာကြီးအထင်က ဥပုသ်သည်တွေ မြက်သစ်ပင် မနုတ်ကောင်း၊ အမှိုက် မလှဲကောင်းဘူး ထင်တယ်၊ အခု ဖြေလိုက်တာက မြက်နုတ်ကောင်း၊ အမှိုက်လှဲကောင်းတယ်၊ ဒကာကြီးမေးတာ သိပ်ကောင်းပါတယ်။

ဟို ဓမ္မပဒ ပါဠိတော်မှာ -

"ကြောက်ဖွယ် ဘေးမဟုတ်သည်၌ ကြောက်ဖွယ်ဘေးဟု ရှုလေ့ရှိကြသူတွေနှင့် ကြောက်ဖွယ်ဟုတ်သည်၌ ကြောက်ဖွယ်ဘေး မဟုတ်ဟု ရှုလေ့ရှိကြသော မှားသောအယူ ရှိကြသူတို့သည် အပါယ်လေးပါးသို့ လားကြရကုန်၏"

"အပြစ်မဟုတ်သည်၌ အပြစ်ရှိ၏ဟု အယူရှိကြသူတွေနှင့် အပြစ်ရှိသည်၌ အပြစ်မရှိဟု အယူရှိသော မှားသောအယူရှိကြသူတို့သည် အပါယ်လေးပါးသို့ လားကြရကုန်၏"

လို့ ဘုရားရှင် ဟောခဲ့ပါတယ်။

"ဒကာကြီးမှာလည်း အဲဒီလို ဖြစ်နေပါတယ်၊ ကြောက်ဖွယ်မဟုတ်တာကို ကြောက်ဖွယ် ထင်နေတယ်၊ အပြစ်မဟုတ်တာကို အပြစ်ထင်နေတယ်၊ အဲဒါဟာ ပေါ့ပေါ့မဟုတ်ဘူးနော်၊ အယူမှားပဲ"

"တကယ်တော့ ဥပုသ်သည်များဟာ မြက်သစ်ပင်တွေကို နုတ်ကောင်းပါတယ်၊ အမှိုက်တွေလည်း လှဲကောင်းပါတယ်၊ အပြစ် မရှိပါဘူး၊ ကုသိုလ်ရပါတယ်၊ ကုသိုလ်ရတဲ့အလုပ်မို့ ဥပုသ်စောင့်ရင်း လုပ်သင့်ပါတယ်၊ လုပ်ကောင်းပါတယ်။

"ရှင်းအောင် ထပ်ပြီးပြောပါ့မယ်၊ ဥပုသ်သည်များ မြက်သစ်ပင်တို့ကို နုတ်ခြင်း၊ အမှိုက်များလှဲခြင်း စသည်တို့ကို ပြုလုပ်ရာတွင် ရှစ်ပါးသီလသိက္ခာပုဒ် (၈)ပုဒ်တို့တွင် တစ်စုံတစ်ခုသော သိက္ခာပုဒ်တို့၏ အင်္ဂါ၊ ပယောဂနှင့်မျှ မသက်ဆိုင်သဖြင့်မြက်နုတ်ကောင်း၊ အမှိုက်လှဲကောင်းပါတယ်။

"မြက်သစ်ပင်တို့ကို နုတ်ခြင်း၊ ရှင်းခြင်း၊ အမှိုက်လှဲခြင်းတို့ကြောင့် ရှစ်ပါးသီလသိက္ခာပုဒ် မပျက်ရုံသာမက သီလ ညှိုးနွမ်းခြင်းမျှပင် မဖြစ်သည့်အပြင် ဝေယျာဝစ္စ ကုသိုလ်တစ်ခုတောင် တိုးရတယ်လို့ မှတ်ပါ"

"အရှင်ဘုရားကသာ အပြစ်မရှိဘူး ပြောနေတယ်၊ မြက်နုတ်ရင် အမှိုက်လှဲရင် ပုရွက်ဆိတ် စတဲ့ သတ္တဝါကလေးတွေ သေသွားလျှင် ပါစိတ္တိယာပတ်အတွက် အပြစ်မဖြစ်ဘူးလား ဘုရား"

"ဩော် - ဒကာကြီး ကြောက်နေတာက ဒီ ပါစိတ္တိယာပတ် သိက္ခာပုဒ်ကို၊ အဲဒီလိုသာဆိုရင် ဒကာကြီး လမ်းသွားရင်း အဲဒီ ပုရွက်ဆိတ် စတဲ့ သတ္တဝါကလေးတွေ နင်းမိပြီး သေကုန်ရင် အပြစ်ရတော့မှာပေါ့"

"မှန်ပါ၊ အဲဒီလိုဆိုတော့ အဲဒီသဘောသို့ သက်ရောက်နေပါတယ် ဘုရား"

"ဒကာကြီး အဲဒီသဘောသို့ သက်ရောက်နေလျှင် ဒီ ပါစိတ္တိယာပတ် သိက္ခာပုဒ်မှာ ပျက်ကြောင်းအင်္ဂါ ပယောဂဆိုတာရှိတယ်၊ အခု ဒကာကြီးပြောတဲ့ ပါစိတ္တိယာပတ် သိက္ခာပုဒ်ပျက်မှုနှင့် ပတ်သက်ပြီးတော့ -

၁။ သက်ရှိသတ္တဝါ ဖြစ်ခြင်း

၂။ သက်ရှိသတ္တဝါမှန်းလည်း သိခြင်း

၃။ သေစေလိုတဲ့ စေတနာလည်း ရှိခြင်း

၄။ သေအောင်လည်း လုံ့လပြုခြင်း

၅။ သေလည်းသေသွားခြင်း ဆိုတဲ့ အင်္ဂါပယောဂတွေနှင့် ညီညွတ်ခြင်းပြည့်စုံမှ သူ့အသက်သတ်မှု ပါစိတ္တိယာပတ်ကျ မြောက်တယ်၊ ဥပုသ်သည် မြက်သစ်ပင် နုတ်ရာ၌၊ အမှိုက်လှဲရာမှာ အဲဒီ အင်္ဂါပယောဂ မြောက်ပါ့မလား"

"မမြောက်ပါ ဘုရား"

"မမြောက်လျှင် အပြစ်မရှိဘူး၊ မြက်နုတ်ကောင်းတယ်၊ အမှိုက်လှဲကောင်းတယ်လို့ သေသေချာချာ မှတ်ပြီး ဥပုသ် စောင့်ရင်း အမှိုက်လှဲပါ၊ မြက်နုတ်ပါ"

"မှန်ပါ၊ ကျေနပ်ပါပြီ ဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း အတွဲ (၄)၊ အမှတ် (၈)၊ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ။

# မိတ်ကောင်းနှင့် နလုံးသွင်းကောင်း

## (၂၇၈)

"သူတော်ကောင်း မရှိရာ သဘင်မှာ သဘင်မဟုတ်ပါ၊ တရား မပြောသူမှာ သူတော်ကောင်း မဟုတ်ပါ"

ဟု ရှင်တော်ဗုဒ္ဓသည် "သဂါထာဝဂ္ဂသံယုတ်ပါဠိတော်"၌ ဟောကြားခဲ့ပါသည်။

ယင်းပါဠိတော်စကားကို ထောက်ထားသော် စကားပြောကြား ဆွေးနွေးသော သူတော်ကောင်းများရှိရာ သဘင်မျိုးသည် အစဉ်အမြဲ ရှိသင့် ရှိထိုက်ပါသည်။ ရှိသင့် ရှိထိုက်သည်ဖြစ်၍ ရှိအောင် ဆောင်ရွက်လိုသော် "သူတော်ကောင်း" ကို ဦးစွာ ရှာဖွေရပါမည်။ သူတော်ကောင်းကို ရှာသော် သူတော်ကောင်းကို ဦးစွာ သိသင့်ပါသည်။ သိသင့်၍ ပြောရသော် သူတော်ကောင်းကို ပါဠိလို "သန္တ" ဟု ခေါ်ပါသည်။

"သန္တ" ဟု ခေါ်ဆိုရသော သူတော်ကောင်းတို့၏ သဘောအမှန်အကန်မှာ မိမိတို့ကလည်း အမှန်အကန်ကို သိလိုကြားလိုကြပါသည်။ သူတစ်ပါးတွေက အမှန်အကန်ကို ထောက်ပြလျှင်လည်း ကျေးဇူးတင်တတ်ကြပါသည်။

သူတော်ကောင်း "သန္တ" တို့သည် မိမိမှတစ်ပါး အခြားသူများကို သိစေလို တတ်စေလိုသော စေတနာ မေတ္တာ အပြည့်အဝ ရှိသူများ ဖြစ်ကြပါသည်။ ယင်းကဲ့သို့ သဘောရှိသော သူတော်ကောင်းများ မရှိရာ သဘင်မှာ သဘင်မဟုတ်ပါ။

မှန်ပါသည်။ အချို့မှာ မိမိတတ်ကြောင်းကို ပြသလိုကြပါသည်။ ကြွားဝါလိုကြပါသည်။ သူတစ်ပါးတွေကို မိမိအောက်သို့ နှိမ့်ချလိုကြပါသည်။ မိမိအမှားကို သူတစ်ပါးတွေက "အမှား" ဟု ထောက်ပြသောအခါ မခံချင်စိတ် ဖြစ်တတ်ပါသည်။ မိမိ၏အယူအဆ မိမိ၏ အယူဝါဒကိုသာ အမှန်ဟု ဆုပ်ကိုင်ပြောဆိုတတ်ပါသည်။ ယင်းကဲ့သို့ သဘောရှိသောသူသည် "သန္တ" ခေါ် သူတော်ကောင်းများ မဟုတ်ကြပါ။

"သန္တ" ခေါ် သူတော်ကောင်းသဘော ကင်းမဲ့ခဲ့ပါလျှင် ထိုသဘင်မှာ မင်္ဂလာမဖြစ်ဘဲ အမင်္ဂလာသာ ဖြစ်ပါသည်။

မင်္ဂလာသဘင်ခေါ် တရားဆွေးနွေးခြင်းကို ရှေးက လူကြီးများသာ ဆွေးနွေးလေ့ ရှိပါသည်။ လူငယ်များသည် မိမိတို့နှင့် မဆိုင်သလို မဆွေးနွေးကောင်းသလို ရှောင်ဖယ်ဖယ် နေထိုင်ကြပါသည်။

ယခုအခါမှု လူငယ်များလည်း တရားသဘောကို လေ့လာလိုက်စားကြ၍ လူငယ်များလည်း တရားဆွေးနွေးကြတာကို တွေ့ရှိ  ါသည်။

တရားသဘောကို ဆွေးနွေးကြသော လူငယ် ဓမ္မသာကစ္ဆာသဘင်တစ်ခုမှ လူငယ်နှစ်ယောက် မိမိထံမှောက်သို့ ရောက်လာပါသည်။ အချိန်ကာလမှာ အပူပြင်းပြ နွေကာလဖြစ်ပါသည်။ မိမိသည် ဆယ်ရက်စခန်းတစ်ခု၌ တရားပြနေခိုက် ဖြစ်ပါသည်။

ရောက်လာသော လူငယ်နှစ်ယောက်မှာ သူတော်ကောင်း "သန္တ" များ ဖြစ်သည့်အလျောက် အရိုအသေ အလေး အမြတ်ရှိခိုးဦးချပြီး သင့်တင့်လျောက်ပတ်စွာ ထိုင်လျက် တစ်ယောက်က လျှောက်ထားပါသည်။

"ဆရာတော်ဘုရား၊ နှလုံးသွင်းကောင်းနှင့် မိတ်ကောင်း ရယ်လို့ အကောင်းနှစ်မျိုးမှာ ဘယ်အကောင်းက အရေးကြီး ပါသလဲ ဘုရား"

"နှစ်ကောင်းစလုံး အရေးကြီးပါတယ်"

မိမိသည် တိုကျဉ်းနှင့် လိုရင်းကို ဖြေလိုက်သောအခါ အမေးရှင် လူငယ်သည် ခေါင်းကုတ်ပြီး အဖော်လူငယ်ကို လှမ်း ကြည့်သည်။ သို့နှင့် မိမိက မေးလိုက်သည်။

"ဘယ်လိုလဲ၊ သဘောမကျဘူးလား"

"မှန်ပါဘုရား၊ တပည့်တော်တို့နှစ်ယောက် တရားဆွေးနွေးကြရာ သူက မိတ်ကောင်း အရေးကြီးတယ်လို့ ပြောပါ တယ်၊ တပည့်တော်က နှလုံးသွင်းကောင်း အရေးကြီးတယ်လို့ ပြောပါတယ်၊ တစ်ယောက်က တစ်ယောက်ကို ပြေလည် အောင် ရှင်းမပြနိုင် ဖြစ်နေပါတယ် ဘုရား"

"နေပါဦး၊ ကလေးတို့က ငြင်းနေတာလား၊ ဆွေးနွေးနေတာလား"

"ဆွေးနွေးနေတာပါ ဘုရား"

"ဆွေးနွေးနေတာဆိုရင် အဖြေကို ဘုန်းကြီးရှင်းပြပါမယ်၊ သေသေချာချာ နားထောင်ပါနော်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"ဘုန်းကြီးဟာ အခါအားလျော်စွာ ယခုလို တရားစခန်းပွဲတွေ၊ ရိုးရိုးတရားပွဲတွေမှာ အများမှတ်မိအောင် ချပေးလေ့ ရှိတဲ့ လင်္ကာနှစ်ပုဒ် ရှိပါတယ်။

"အတွင်းစိတ်ကောင်း၊ ပြင်မိတ်ကောင်း၊ အကောင်းနှစ်ခု ရှိရမည်။

အကောင်းနှစ်ဖြာ၊ ရှိသူဟာ၊ သေချာကြီးပွားမည်" တဲ့။

မိမိကိုယ်တွင်းမှာ စိတ်ကောင်း နှလုံးသွင်းကောင်း ရှိရပါမည်။ ခံတွင်းကောင်းလျှင် ဟင်းကောင်းချည်းပဲ ဆိုတဲ့ စကား ပုံ ရှိတယ်မဟုတ်လား၊ အဲဒီစကားပုံကို အထူးသတိထားပြီး ကြည့်ပါ၊ ဟင်းဆိုတာ ကောင်းဆိုးလယ်လတ်ရယ်လို့ အမျိုးမျိုး ရှိပါ တယ်၊ ဒါပေမဲ့လို့ ခံတွင်းကောင်းတဲ့သူအတွက်တော့ ဟင်းအားလုံး အကောင်းချည်းပါပဲ။

အဲဒီအတူပါပဲ၊ စိတ်ကောင်း နှလုံးကောင်း ရှိသူအတွက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မှာ ထင်လာသမျှ ကောင်းဆိုးလယ်လတ် အာရုံတွေဟာ အားလုံး အကောင်းတွေချည်းပဲ ဖြစ်ပါတယ်"

"ဒီလိုဆိုလျှင် နှလုံးသွင်းကောင်းက မိတ်ကောင်းထက် ပိုပြီး အရေးကြီးတယ်ဆိုတာ မှန်တယ် မဟုတ်ပါလား ဘုရား"

"နေပါဦး၊ နားထောင်ပါဦး၊ အဲဒီလိုဆိုတော့ စိတ်ကောင်း နှလုံးသွင်းကောင်းက အရေးကြီးသလိုလိုပါပဲ၊ ဒါပေမဲ့ လို့ အဲဒီ စိတ်ကောင်း နှလုံးသွင်းကောင်းဟာ ဘယ်ကလာသလဲလို့ သူ့ရဲ့နောက်ကြောင်းကို လိုက်ကြည့်ရင် သူတော်ကောင်း တရားကို နာကြားမှုက လာပါတယ်။

"တရားတော်နာကြားမှုက လာတယ်ဆိုတော့ တရားမနာဘဲ စာကောင်းပေမွန်တွေ ဖတ်လျှင် စိတ်ကောင်း နှလုံးသွင်းကောင်း မရနိုင်ဘူးလားလို့ မေးစရာရှိပါတယ်၊ မေးစရာရှိလို့ မေးလျှင် ရနိုင်ပါတယ်လို့ ဖြေရပါမယ်"

"မှန်ပါဘုရား"

"အင်း - မှန်ပါဘုရားဆိုပြီးတော့ ပြီးသွားပြီလို့ မထင်လိုက်ပါနဲ့ဦး၊ မပြီးသေးပါဘူး၊ အဲဒီ တရားကောင်း တရားမွန် စာကောင်း ပေမွန်တွေဟာ ဘယ်ကလာတာလဲလို့ လိုက်ကြည့်ပါ၊ လိုက်ရှာပါ၊ အရင်းကို ရှာရပါတယ်၊ ဟော - တွေ့ပြီ၊ အပြင်ဘက်မှာ မိတ်ကောင်း အရေးကြီးတယ်၊ အတွင်းစိတ်ကောင်း အပြင်မိတ်ကောင်းနော်၊ အပြင်မိတ်ကောင်းကလည်း ဘယ်လောက် အရေးကြီးပါသလဲလို့ မေးလျှင် ရှင်အာနန္ဒာ အမေးနှင့် ဘုရားရှင်ရဲ့အဖြေနှင့် ရှင်းပြပါ့မယ်။

အခါတစ်ပါး ရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ရရှိထားတဲ့ မဂ်ဖိုလ်တရားဟာ တပည့်တော်ကြောင့် တစ်ဝက်ရပါတယ်၊ မိတ်ကောင်းကြောင့် တစ်ဝက်ရပါတယ်" တဲ့။

အဲဒီလိုလျှောက်တဲ့အခါ ဘုရားရှင်က -

"ချစ်သား အာနန္ဒာ၊ အဲဒီလို မပြောနဲ့" လို့ နှစ်ကြိမ်ကြိမ်တိုင်တိုင် တားမြစ်ပြီး -

"ချစ်သား အာနန္ဒာ ၊ သင် ရရှိထားတဲ့ မဂ်ဖိုလ်တရားသည် အလုံးစုံ မိတ်ကောင်းကြောင့် ရရှိတယ်" လို့ အမိန့်ရှိလိုက်ပါတယ်။

"ကဲ - ဘယ့်နှယ်လဲ၊ မိတ်ကောင်း အရေးကြီးပါတယ် ဆိုမှုပဲ"

မိတ်ကောင်းဘက် ပြောဆိုသူ လူငယ်က ဝင်ပြီးထောက်လိုက်ခြင်း ဖြစ်၏။

"နေပါဦး၊ စကားမဆုံးသေးပါဘူး၊ ဘုရားရှင်က ဆက်ပြီးတော့ -

"ချစ်သား အာနန္ဒာ၊ ငါဘုရားရှင်တည်းဟူသော မိတ်ကောင်းကြီး မပွင့်ထွန်း၊ မပေါ်ပေါက်လာလို့ ဒီတရားကောင်း တရားမွန်တွေကို မနာရ. မကြားရ. အားမထုတ်ရပါလျှင် သင်ချစ်သားတို့မှာ ပဋိသန္ဓေ အို နာ သေရေး ဒုက္ခဘေးတို့မှ မလွတ်နိုင်ပါ"

"ချစ်သား အာနန္ဒာ၊ ငါဘုရားရှင်တည်းဟူသော မိတ်ကောင်းကြီး ပွင့်ထွန်းပေါ်ပေါက်လာပြီး ဒီတရားကောင်း တရားမွန်တွေကို ဟောကြားပေးလို့ နာကြား. ရှုပွား. အားထုတ်ရတဲ့အတွက် သင်ချစ်သားတို့မှာ ပဋိသန္ဓေ အို. နာ. သေရေး ဒုက္ခဘေးတို့မှ လွတ်မြောက်ကြတာပါ" လို့ အမိန့်ရှိပါတယ်"

"အဲဒီလိုဆိုတော့ မိတ်ကောင်းဆရာက တစ်စခန်း မထနဲ့ဦးနော်၊ နားထောင်ပါဦး၊ ဆက်ပြောမယ်၊ အဲဒီ မိတ်ကောင်းနှင့် ဆုံစည်းဖို့ရာ မိမိက "ပဋိရူပဒေသ" လို့ ခေါ်တဲ့ သင့်လျော်တဲ့ အရပ်ဒေသကို သိရဲ့လား"

"အမိန့်ရှိပါဘုရား" (? ဘုရား")

"အေး - ? သာသနာတော် ထွန်းကားတဲ့ ယခုလို အချိန်အခါမျိုးမှာ လူသားတိုင်းအဖို့ အကောင်းဆုံးသော အကျိုးစီးပွားအစစ်အမှန်မှာ မဂ်. ဖိုလ်. နိဗ္ဗာန်ပါပဲ၊ အဲဒီ မဂ်. ဖိုလ်. နိဗ္ဗာန်တည်းဟူသော အစီးအပွားမှ မရသေးပါဘူးဆိုလျှင် လူဖြစ်ရကျိုး မနပ်သေးပါဘူး။ အဲဒီ မဂ်. ဖိုလ်. နိဗ္ဗာန် ရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေဟာ အကျိုးစီးပွား အစစ်အမှန်တွေပါပဲ။

"အဲဒီအကျိုးစီးပွား အစစ်အမှန်တွေဟာ "ပဋိရူပ" လို့ ခေါ်တဲ့ သင့်လျော်တဲ့ အရပ်ဒေသမှာသာ ရှိပါတယ်၊ အဲဒီလိုဆိုတော့ "ပဋိရူပဒေသ" အရေးမကြီးဘူးလား"

"အရေးကြီးပါတယ်ဘုရား"

"အဲဒီ "ပဋိရူပဒေသ"လို့ခေါ်တဲ့ သင့်လျော်တဲ့ ဒေသကလည်း ရှေးကောင်းမှု ရှိမှတဲ့၊ ကဲ - ပြန်ပြောရရင် ရှေးကောင်းမှုခေါ်တဲ့ "ပုဗ္ဗေကတ ပုညတာ" ကြောင့် "ပဋိရူပဒေသ" ၌ဖြစ်ရပါတယ်၊ အဲဒီ "ပဋိရူပဒေသ" ၌ဖြစ်ရတဲ့အတွက် မိတ်ဆွေကောင်းနှင့် တွေ့ရပါတယ်၊ မိတ်ဆွေကောင်းနှင့် တွေ့ရတဲ့အတွက်သူတော်ကောင်းတရားတွေ နာကြားရပါတယ်၊ သူတော်ကောင်းတရားတွေ နာကြားရတဲ့အတွက် စိတ်ကောင်း နှလုံးကောင်း (ဝါ) စိတ်ကောင်း နှလုံးသွင်းကောင်း ရပါတယ်။

"အဲဒီ ရရှိတဲ့ စိတ်ကောင်း နှလုံးကောင်းနှင့် ကြိုးစားအားထုတ်ပါလျှင် မိမိတို့လိုချင်တဲ့ လောကီ. လောကုတ္တရာ အကျိုးအစီး.အပွားတွေပြီးစီးပါတယ်၊ အထူးသဖြင့် ဒီနေရာမှာကတော့ မဂ်.ဖိုလ်.နိဗ္ဗာန်တည်းဟူသော အကျိုး.အစီး.အပွားကိုပဲ ဆိုပါတယ်။

"ကဲ - အချုပ်ပြောရရင် လောကီ. လောကုတ္တရာ အကျိုး. အစီး. အပွားတွေဟာ မိတ်ကောင်းတစ်ခုတည်းနှင့်လည်း မပြီးပါဘူး၊ မိတ်ကောင်း. စိတ်ကောင်း နှလုံးသွင်းကောင်းကို အမှီပြုပြီး ရလောက်အောင် ကြိုးစားအားထုတ်ပါမှ ရပါလိမ့်မယ်"

"မှန်ပါ ဘုရား"

✧ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း၊ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ။

# သိက္ခာ ထပ်သင့်.မထပ်သင့်

(၂၇၉)

ဗုဒ္ဓမြတ်စွာ သာသနာတော်၌ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါး အကျင့်တရားသည် အချုပ်အခြာ ပဓာန ဖြစ်၏။ မှန်ပါသည်။ ဗုဒ္ဓသာသနာဝင်များ ကျင့်ကြံကြိုးကုတ် အားထုတ်မှု ပြုနေသမျှသည် ယင်းသိက္ခာသုံးပါး အကျင့်တရား တိုးပွားရေးပင် ဖြစ်ပါသည်။

အကျင့်တစ်ခုကို အကျင့်ကောင်း အကျင့်မြတ် ဟုတ်.မဟုတ် မှန်.မမှန် တိုင်းတာရာ၌လည်း ယင်းသိက္ခာသုံးပါးဖြင့်ပင် တိုင်းတာရပါမည်။

အဘယ်သို့ တိုင်းတာရပါမည်နည်း။

အကျင့်တစ်ခုကို မိမိအနေနှင့် အကျင့်ကောင်း အကျင့်မြတ်ဟု ထင်ပြီး ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီ ဆိုပါစို့ -

ယင်းသို့ ကျင့်ခြင်းကြောင့် မိမိ၌ ရှေးက မပြည့်စုံသေးသည့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အကျင့်တရားထဲမှ အဘယ်သိက္ခာများ တိုးတက်လာပါသလဲ၊ ပြည့်လာပါသလဲဟု စစ်ဆေးကြည့်ပါ။ အဘယ်သိက္ခာတစ်ခုမျှ မတိုးတက်လျှင် ယင်းအကျင့်သည် အကျင့်ကောင်း မဟုတ်ပါ၊ ဆက်ပြီးကျင့်ရန် မသင့်ပါ။

သိက္ခာသုံးပါးတွင် တစ်ပါးပါးမျှ မပြည့်သော်လည်း တစ်စုံတစ်ရာအပြစ် မဖြစ်လျှင် ယင်းအကျင့်မျိုးကို ကျင့်ကောင်းပါသေး၏။ အပြစ်ဖြစ်လျှင်ကား မကျင့်ကောင်းတော့ပါ။

ယင်းသို့ အကြောင်းအကျိုး အကောင်းအဆိုး အပြစ်ရှိ အပြစ်မဲ့ စသည်ကို မိမိလည်း သိစေလိုသူတစ်ယောက်ကို မိမိ တွေ့ရ၏။

"အရှင်ဘုရား၊ ယခုခေတ်မှာ သိက္ခာထပ်မင်္ဂလာ၊ သိမ်ထပ်မင်္ဂလာ၊ ကံထပ်မင်္ဂလာ စသည်ဖြင့် အမျိုးအမည်တပ်ကာ ဆရာတော်၊ သံဃာတော်၊ ရဟန်းတော် ဖြစ်ပြီးသားတွေကို သိက္ခာထပ်၊ သိမ်ထပ်၊ ကံထပ်နေကြပါတယ်ဘုရား၊ ထပ်သင့်၊ မထပ်သင့် တပည့်တော်နှင့်တကွ အများအမြင်ရှင်းအောင် ရှင်းပြတော်မူပါ ဘုရား"

"သံသယရှိလျှင် ထပ်သင့်ပါတယ်"

"အဘယ်လို သံသယရှိလျှင် ထပ်သင့်ပါသလဲ ဘုရား၊ အရှင်ဘုရားရဲ့အဖြေက တိုလွန်းနေတော့ မရှင်းသေးပါ ဘုရား"

"ဟို ပုဂံခေတ်က နရပတိစည်သူမင်း လက်ထက်ပေါ့၊ ပေါင်းလောင်း ရှင်မဟာကဿပဟာ သီရိလင်္ကာသို့ ကြွတော်မူရာသီရိလင်္ကာ ရဟန်းတော်များက သူ့အပေါ် သံသယရှိလို့ သိမ်ထပ်ဖို့ ပြောဆိုပြီး သိမ်ထပ်တာမျိုးကို သံသယရှိလျှင် ထပ်သင့်တယ်လို့ ပြောတာပါ။

ပြီးတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာလည်း အချို့ဂိုဏ်းတွေက မိမိတို့ကျောင်းတိုက်သို့ အခြားဂိုဏ်းသား ရဟန်းတော်များ ရောက်လာလျှင် သိမ်ထပ်ကြပါတယ်၊ အဲဒါလည်း သံသယရှိလို့ ထပ်တာပါပဲ။

ပြီးတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှ ဟို ဓမ္မစေတီမင်းလက်ထက်ကပေါ့၊ မြန်မာရဟန်းတော်များဟာ သူတို့သိက္ခာကို သူတို့ သံသယရှိကြလို့ သီရိလင်္ကာကျွန်းသို့ ကြွပြီး သီရိလင်္ကာဆရာတော်၊ သံဃာတော်များ၏ သိက္ခာထပ်ပေးမှုကို ခံယူကြပါတယ်၊ အဲဒါလည်း သံသယရှိလို့ ထပ်တဲ့ သိက္ခာထပ်ပါ။

အဲဒီအချိန်ကဆိုလျှင် မြန်မာနိုင်ငံက သီရိလင်္ကာကျွန်းသို့ ကြွရောက်ဖို့ရာ အတော်ခဲယဉ်းပါတယ်၊ မြန်မာနိုင်ငံရဲ့ သာသနာရေးအခြေအနေက မကောင်းလို့ သန့်ရှင်းစင်ကြယ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခဲယဉ်းစွာနှင့် ကြိုးစားကြွကြပြီး သီရိလင်္ကာဆရာတော်၊ သံဃာတော်များထံမှာ သိမ်ထပ် သိက္ခာထပ်ပြီး ပြန်ကြွလာကြပါတယ်။

နောက်ပိုင်းရောက်တော့ သီရိလင်္ကာသာသနာရေး အခြေအနေဟာ မကောင်းပြန်ပါဘူး၊ အဲဒီအချိန်အခါမှာ သီရိလင်္ကာရဟန်းတော်များဟာ မြန်မာနိုင်ငံသို့ ကြွရောက်လာပြီး မြန်မာရဟန်းတော်များရဲ့အထံမှာ သိက္ခာထပ်ကြပါတယ်၊ အဲဒါဟာ သံသယရှိလို့ ထပ်သင့်တဲ့အတွက် သိက္ခာထပ်ခြင်းပါပဲ"

"အရှင်ဘုရား၊ သံသယက ဘယ်လိုရှိပါသလဲ ဘုရား"

"ဩော် - သံသယက ဘယ်လိုရှိရမှာလဲ၊ ကိုယ့်မှာရှိထားတဲ့ သိက္ခာဟာ ပြည့်မှပြည့်ပါ့မလားလို့ သိမ်အပေါ်မှာ သံသယ ရှိသော်လည်းကောင်း၊ ကမ္မဝါစာဖတ်တဲ့ သံဃာတော်တွေအပေါ်မှာ သံသယ ရှိသော်လည်းကောင်း၊ သံသယပဲပေါ့၊ အဲဒီ သံသယက ကိုယ့်ဟာကိုယ်ဖြစ်တဲ့ သံသယပါ၊ အဲဒီ သံသယကြောင့်လည်း သိမ်ထပ်သင့်ပါတယ်"

"ခုနက ပြောခဲ့တဲ့ မြန်မာရဟန်းတော်များ သီရိလင်္ကာနိုင်ငံသို့ ကြွပြီး သိမ်ထပ်ခံခြင်း၊ သီရိလင်္ကာရဟန်းတော်များ မြန်မာနိုင်ငံသို့ ကြွလာပြီး သိမ်ထပ်ခံခြင်းတို့ဟာ သံသယရှိလို့ သိမ်ထပ်ခြင်းပါပဲ။

ပုဂံခေတ် နရပတိစည်သူမင်း လက်ထက်က ပေါင်းလောင်း ရှင်မဟာကဿပ သီရိလင်္ကာသို့ ကြွတော်မူရာ သီရိလင်္ကာရဟန်းတော်များက သိမ်ထပ်ရန် ပြောပြီး သိမ်ထပ်တာမျိုးနှင့် မြန်မာနိုင်ငံမှာ အချို့ဂိုဏ်းတွေက မိမိကျောင်းရောက်လာတဲ့ အခြားဂိုဏ်းက ရဟန်းတွေကို သိမ်ထပ်တာက မိမိတို့နှင့် အတူနေမည့် ထိုရဟန်းအပေါ်မှာ သံသယရှိလို့ ထပ်တာမျိုးပေါ့"

"သံသယရှိလို့ ထပ်လျှင် တစ်ကြိမ်ထပ်လျှင် ပြီးတယ်မဟုတ်ပါလား ဘုရား၊ ပြီးတော့ သူ့ပရိက္ခရာနှင့်သူပဲ ထပ်ပေးလိုက်လျှင် ပြီးတယ်မဟုတ်လား ဘုရား"

"ဟုတ်ပါတယ်၊ ဒကာကြီးက ဘယ်လိုထင်လို့ မေးတာလဲ"

"အချို့က သိမ်ထပ်တဲ့ ဒကာလိုက်ရှာပြီး သိမ်ထပ်ခိုင်းနေတာ တွေ့ရလို့ပါ ဘုရား၊ အချို့က ကိုယ်က ပရိက္ခရာပေးပြီး ဝတ္ထုငွေကပ်စေကာ ထပ်ခိုင်းတာတွေလည်း တွေ့ရလို့ မေးတာပါ ဘုရား"

"အဲဒီလို ထပ်လျှင်တော့ ဘုန်းကြီးတို့ မကြိုက်ပါဘူး၊ ကဲ - ဒီလောက်ဆိုလျှင် ရှင်းပြီးလား"

"ရှင်းတော့ ရှင်းပါပြီဘုရား၊ ဒါပေမဲ့ ကျန်ပါသေးတယ် ဘုရား"

"ဘာတွေ ကျန်သေးလဲ"

"အဲဒီလို သိမ်ထပ်တာတွေတော့ ရှင်းပါပြီ၊ ဒကာ ဒကာမတွေ ကြည်ညိုသဒ္ဓါဖြစ်လို့ သိမ်ထပ်တဲ့ကိစ္စနှင့် ပတ်သက်ပြီး မေးချင်ပါသေးတယ် ဘုရား"

"ဘယ်လို မေးချင်တာလဲ"

"သိမ်ထပ်ပေးတဲ့ ဒကာ ဒကာမတွေဟာ ရဟန်းဒကာ ဖြစ်ပါသလား၊ ရဟန်းမှာရော ဘယ်လို အကျိုးကျေးဇူး ဖြစ်ထွန်းပါသလဲ ဘုရား"

"ရဟန်းဒကာလို့ အစုခေတ်မှာ ခေါ်ကြတာဟာ ပထမဆုံး ရဟန်းပြုပေးသူကို ရဟန်းဒကာ ဒကာမ ခေါ်နေကြပါတယ်၊ အဲ - ဒကာဒကာမတွေက ရှင်ဘဝကနေ ရဟန်းဘဝရောက်အောင် ရဟန်းသိက္ခာတွေ တည်အောင် ပရိက္ခရာရှစ်ဖြာလှူပြီး ရဟန်းခံပေးလို့ "ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟ" ရယ်လို့ အနုဂ္ဂဟ နှစ်ပါးဖြင့် အကျိုးများပါတယ်။

"နောက်ထပ် သိမ်ထပ်တဲ့ ပုဂ္ဂိုလ်ကတော့ (ဒကာကတော့)ပစ္စယာနုဂ္ဂဟ ဒကာပဲ ဖြစ်နိုင်ပါတယ်၊ ဓမ္မာနုဂ္ဂဟ ဒကာကတော့ မဖြစ်နိုင်တော့ပါဘူး"

"အဲဒီ အနုဂ္ဂဟ နှစ်ပါးမှာ အဘယ် အနုဂ္ဂဟက ပိုပြီးတော့ အကျိုးကြီးပါသလဲ"

"ဟာ - အဲဒါကတော့ အများကြီး ကွာခြားပါတယ်၊ ဓမ္မာနုဂ္ဂဟက အသာကြီး သာပါတယ်၊ ပစ္စယာနုဂ္ဂဟက ဓမ္မာနုဂ္ဂဟကို ဘယ်လိုမှ မမီဘူး၊ ပစ္စယာနုဂ္ဂဟကို အချိန်မရွေး ပြုလုပ်နိုင်သော်လည်း ဓမ္မာနုဂ္ဂဟကို အချိန်မရွေး မပြုလုပ်နိုင်ပါဘူး"

"နေပါဦးဘုရား၊ အဲဒီ အနုဂ္ဂဟ နှစ်ပါးအကြောင်းကို ရှင်းပြပါဦးဘုရား"

"အကျဉ်းအားဖြင့် (၂၂၇)သွယ်၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော်သော ရဟန်းသီလသိက္ခာတွေကို ဒီနေရာမှာ "ဓမ္မ" လို့ခေါ်ပါတယ်၊အဲဒီသိက္ခာတွေကိုအဲဒီရဟန်းရဲ့သန္တာန်မှာတည်အောင်ချီးမြှောက်ပေးတာကို "ဓမ္မာနုဂ္ဂဟ" လို့ခေါ်ပါတယ်။

"ရှစ်ဖြာပရိက္ခရာကို ဒီနေရာမှာ "ပစ္စယ" လို့ ခေါ်ပါတယ်၊ အဲဒီ ပစ္စယတွေ လှူပြီးပေးလို့ "ပစ္စယာနုဂ္ဂဟ" လို့ ခေါ်ပါတယ်"

"ဒါဖြင့် သိမ်ထပ်တဲ့ ဒကာ နှစ်ပါးလုံးဖြင့် ချီးမြှောက်ရာ မရောက်ပါလား ဘုရား"

"စဉ်းစားကြည့်ပေါ့၊ ရှင်ဘဝတုန်းက မရှိသေးတဲ့ ရဟန်းသိက္ခာ ဓမ္မတွေ ပထမရဟန်းခံစဉ်က တည်သွားပြီး နောက်ထပ် သိမ်ထပ်သော်လည်း နှစ်ပြန်သုံးပြန် မတိုးတက်လာပါဘူး၊ အေး - ပစ္စည်းကတော့ ပြည့်ပြည့်လာမယ်၊ သိက္ခာကတော့ မပြည့်လာပါဘူး၊ သိက္ခာကတော့ မပြည့်လေနိုင်ဘူးလို့ မှတ်ပါ"

"ဟို - ဇိနာလင်္ကာရဋီကာမှာတော့ ဘုရားရုပ်ပွားဆင်းတုတော်တွေကို ခဏခဏ အနေကဇာတင်လျှင် ရဟန်းတော်တွေကို သိမ် ခဏခဏ ထပ်လို့ရှိလျှင် တန်ခိုးကြီးတယ်လို့ ဆိုပေမဲ့ အဲဒီ ဋီကာကို ဘုန်းကြီးတို့ ဆဋ္ဌသံဂါယနာတင် ထေရ်အရှင်များက လက်မခံလို့ ပြန်မရိုက်ပါဘူး၊ ဒါပေမဲ့လို့ ဘုရားအနေကဇာ ခဏခဏ တင်ရတာနှင့် သိမ်ထပ်တာနှင့်တော့ မတူဘူးနော်"

"မှန်ပါဘုရား"

"ဘုရားရုပ်ပွားတော်၊ ဆင်းတုတော်တွေကို အနေကဇာ ခဏခဏ တင်လို့ ဘုရား တန်ခိုးကြီးပေမဲ့လို့ ရဟန်းတော်တွေမှာ သိမ်ထပ်သော်လည်း ကောင်းကောင်းကျင့် ကောင်းအောင်နေမှ သိက္ခာပြည့်ပြီး တန်ခိုးကြီးမှာနော်၊ ပြီးတော့ အခု သိက္ခာထပ်တာတွေကလည်း သိက္ခာပြည့်၊ တန်ခိုးကြီးသူကို ထပ်တာဆိုတာလည်းစဉ်းစားပေါ့လေ"

"ရှင်းပါပြီဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

ဓမ္မရံသီမဂ္ဂဇင်း အမှတ်စဉ် (၃၄)၊ ၁၃၅၄ ခု၊ သီတင်းကျွတ် - တန်ဆောင်မုန်း။

၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ။

# အတုမြင် အတတ်သင်

(၂၈၀)

ဤကမ္ဘာလောကကြီးထဲ၌ ရှိနေကြသော သတ္တဝါတွေကို အမျိုးအစား ခွဲခြားလိုက်လျှင် "အတုမြင် အတတ်သင်နေသူ" နှင့် "အမှတ်မဲ့နေသူ" ဟူ၍ နှစ်မျိုးနှစ်စား တွေ့နိုင်မည် ဖြစ်ပါသည်။

ယင်းသို့ အတုမြင် အတတ်သင်ရာ၌ ကောင်းတု၊ မကောင်းတု ဟူ၍ မခွဲခြားဘဲ အတုမြင်သမျှ အတတ်သင်ကြ၏။ အချို့သတ္တဝါတို့မှာမူ ကောင်းတုမြင်မှ ကောင်းသော အတတ်ကို သင်ကြ၏။ ယင်းအတုမြင် အတတ်သင်မှုနှင့်ပတ်သက်၍ မရှင်းသူတစ်ယောက်က မိမိကို မေးလျှောက်၏။

"အရှင်ဘုရား၊ အတုမြင် အတတ်သင်လို့ ဆိုရိုးစကား ရှိပါတယ် ဘုရား၊ အတုမြင်တိုင်း အတတ်သင်သင့်ပါသလား ဘုရား၊ သို့မဟုတ် ဘယ်လိုအတုမျိုးမြင်မှ အတတ်သင်သင့်ပါသလဲ၊ ရှင်းပြပေးတော်မူပါ ဘုရား"

"အတုဆိုတာ ကောင်းတု၊ မကောင်းတု နှစ်မျိုးရှိတယ်ဆိုတာ အများသိပဲ၊ ကောင်းတုကိုသာ မြင်ပြီး ကောင်းတတ်ကိုသာ သင်ရမှာဆိုတာကိုလည်း အများအသိပါပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ကောင်းတုကိုသာ တုရ၊ သင်ရမှာနော်။ အေး - ဒါပေမဲ့လို့ ကောင်း၊ မကောင်း သိဖို့ကတော့ အရေးကြီးတယ်ပေါ့။ ကောင်းတု၊ မကောင်းတု မသိဘဲ သင်သူနှစ်ဦးအကြောင်း ပြောပြမယ်"

"မှန်ပါ၊ ပြောပြပါ ဘုရား"

အတိတ် ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုစဉ်အခါကပေါ့။ ဘုရားအလောင်းဟာ အဲဒီ မင်းရဲ့ အမတ် ဖြစ်ပါတယ်။ အဲဒီမင်းမှာ "မဟိလာမုခ" အမည်ရှိတဲ့ မင်္ဂလာဆင်တစ်ကောင် ရှိတယ်။

အဲဒီဆင်ဟာ အကျင့်သီလရှိတယ်။ အကျင့်ကောင်းနှင့် ပြည့်စုံတယ်။ တစ်စုံတစ်ယောက်သောသူကိုမျှ မညှဉ်းဆဲပါဘူး။

အဲ - အခါတစ်ပါးတော့ ခိုးသားတို့ဟာ ညတိုင်း ညတိုင်း အဲဒီဆင်အနီး ဆင်တင်းကုပ်ထဲမှာ သတ်ဖို့ ဖြတ်ဖို့ ရန့်ရင်းကြမ်းကြုတ်ဖို့ နိုင်ထက်ကလူပြုဖို့ စသည်တို့ကို တိုင်ပင်ကြပါတယ်။ အခါပေါင်းများစွာ၊ ညပေါင်းများစွာ လာလာပြီး တိုင်ပင်တဲ့ စကားကို ကြားရတော့ အဲဒီမင်္ဂလာဆင်ဟာ -

"ထိုသူတို့သည် ငါ့ကို သင်ပေးကုန်အံ့"

ဟု မှတ်ယူပြီး အတုမြင်၊ အတတ်သင် လိုက်ပါတယ်။

အဲဒီလို အတတ်သင်ပြီး နောက်နေ့ စောစောကလျှင် လာတဲ့ဆင်ထိန်းကို နာမောင်းဖြင့် ယူပြီး မြေ၌ ရိုက်သတ်ပါတယ်။ အေး - နောက်ဆင်ထိန်းတွေလည်း ဒီလိုပဲ သတ်ပါတယ်။ သတ်ပါများတော့ "မဟိလာမုခ" ဆင်သည် ရူးပြီးလို့ မင်းကြီးအား အကြောင်းကြားတော့ မင်းကြီးက ဘုရားအလောင်းအမတ်ကို စုံစမ်းခိုင်းပါတယ်၊ ဆင်ဆရာဖြစ်တဲ့ ဘုရားအလောင်းတော်ဟာ ဆင်ကို ဦးစွာ ရောဂါစစ်ဆေးပါတယ်။ ဆင်ကိုယ်ထဲမှာ တစ်စုံတစ်ခုသောရောဂါကို မတွေ့ရပါ။

ရောဂါတစ်စုံတစ်ရာ မရှိဘဲနှင့် ဒီဆင် အဘယ်အကြောင်းကြောင့် ပျက်စီးရသနည်း။ ရူးရသနည်းဟု စုံစမ်းသည်ရှိသော် -

"ကေန်စင်စစ် ဒီဆင်ကြီး၏အနီး၌ တစ်စုံတစ်ယောက်သော သူတို့သည် မကောင်းသောစကား တိုင်ပင်ကြလိမ့်မည်၊

ထိုစကားကို ကြား၍ ငါ့ကို ထိုသူတို့ အတတ်သင်ကုန်၏"

ဆိုတဲ့အမှတ်ဖြင့် ပျက်စီးတယ်၊ ရူးတယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီလိုဆုံးဖြတ်ပြီး ဆင်ထိန်းတို့ကို ဆင်တင်းကုပ်အနီး ဒီဆင်နားမှာ ညဥ့်အခါ တစ်စုံတစ်ယောက်သောသူတို့ တိုင်ပင်ကြသလားလို့ မေးတဲ့အခါ ခိုးသူတို့ တိုင်ပင်ကြောင်း ပြောပြပါတယ်။ အဲဒီစကား ကြားရတဲ့အခါ ဘုရားအလောင်းတော် ဆင်ဆရာဟာ မင်းကြီးထံ သွားပြီး -

"အရှင်မင်းကြီး၊ ဆင်ရဲ့ကိုယ်မှာ တစ်စုံတစ်ခုသော ရောဂါဝေဒနာ မရှိပါ။ ခိုးသူတို့ရဲ့တိုင်ပင်စကားကို ကြားပြီး ပျက်စီးတာပါ၊ ရူးတာပါ"

ဟု မင်းကြီးကို လျှောက်ကြားပါတယ်။ အဲဒီလို လျှောက်ကြားတဲ့အခါ မင်းကြီးက -

"ဒီလိုဆိုလျှင် အဘယ်သို့ ပြုသင့်သနည်း" ဟု မေးလေသည်။

"အကျင့်သီလနှင့် ပြည့်စုံသူတို့ ဆင်တင်းကုပ်အနီး ဆင်အနီး၌ နေစေ၍ သီလအကျင့်စကား၊ မသတ်ဖြတ်သင့်၊ မညှဉ်းဆဲသင့်ကြောင်း စတဲ့စကားတွေ ပြောကြားစေခြင်းငှာ သင့်ပါတယ်"

လို့ လျှောက်ကြားတဲ့အခါ မင်းကြီးက -

"သင် အလိုရှိတိုင်း ပြုလော့" ဟု အမိန့်ပေးလိုက်ပါတယ်။

ဘုရားအလောင်းတော် ဆင်ဆရာဟာ သီလရှိတဲ့၊ အကျင့်နှင့်ပြည့်စုံတဲ့ သူတွေကို ဆင်တင်းကုပ်အနီး ဆင်အနီး၌ နေစေပြီး သီလအကျင့်နှင့်စပ်တဲ့ စကား မသတ်ဖြတ်၊ မညှဉ်းဆဲအကြောင်းစကား၊ ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့်ယှဉ်သော စကားတို့ကို ဆိုစေပါတယ်။

သီလအကျင့်နှင့် ပြည့်စုံသောသူတို့သည် ဘုရားအလောင်း ဆင်ဆရာပြောတိုင်းပြုရာ မင်္ဂလာဆင်ဟာ သူ့ကို သင်တယ်လို့ မှတ်ယူပြီး မသတ်ဖြတ်၊ မညှဉ်းဆဲဘဲ အကျင့်သီလ ရှိလာပါတယ်။ အကျင့်နှင့် ပြည့်စုံလာပါတယ်။ ဆင်လိမ္မာ ဖြစ်လာပါတယ်။

"အဲဒါ မကောင်းတုမြင်နှင့် မကောင်းအတတ်သင်၊ ကောင်းအတုမြင်နှင့် ကောင်းအတတ်သင်ပေါ့။ သဘောပေါက်လား"

"ပေါက်ပါတယ် ဘုရား"

"အဲဒါက တိရစ္ဆာန်သတ္တဝါရဲ့အတုမြင်၊ အတတ်သင်ပုံပါ။ အခုပြောပြမှာက ကားဆရာကလေးတစ်ယောက်ရဲ့ အတုမြင်၊ အတတ်သင်ပုံပေါ့"

"မှန်ပါ၊ အမိန့်ရှိပါ ဘုရား"

အခါတစ်ပါးပေ့ါ၊ ဘုန်းကြီးက ဓမ္မဒေသနာခရီးသည်ဆိုတော့ ဓမ္မဒေသနာစခန်းတစ်ခုမှ စခန်းတစ်ခုသို့ အကူးမှာ ကားလမ်းဖြစ်၍ ကားနှင့် ကူးပါတယ်။ ကားနှင့် လိုက်ပို့သူက ဌာနတစ်ခုမှ ကားဆရာလေး ကျော်ဝင်းခင်တဲ့၊ နာမည်လေးက ကောင်းတယ်နော်"

"မှန်ပါ ဘုရား"

ကားဦးခန်းမှာ သူနှင့် ဘုန်းကြီး နှစ်ဦးပဲ ရှိပါတယ်။ စကားပြောလာရင်း သူ့အကြောင်း ရောက်သွားတယ်။ သူ့အကြောင်းကို သူက ပြောပါတယ်။

"တပည့်တော်ဟာ ရှေးယခင်က အသောက်အစား အပျော်အပါး ကစားသမားကြွေရဲ့ အတုမြင်၊ အတတ်သင်ခဲ့ရာ တပည့်တော်လည်း စုတ်ပြတ်ညစ်ပေ ဆင်းရဲ အိမ်သူအိမ်သားတွေလည်း စုတ်ပြတ်ညစ်ပေ ဆင်းရဲခဲ့ပါတယ်။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာလည်း မရခဲ့ပါ ဘုရား။ ရတဲ့လစာလည်း မလောက်ပါ ဘုရား။ အဲဒီလိုနဲ့ပဲ တပည့်တော်ဘဝဟာ ရည်ရွယ်ချက်မရှိ၊ ဦးတည်ချက်မရှိဘဲ ကျင်လည်ခဲ့ရာ တစ်နေ့ အိမ်တစ်အိမ် ရောက်သွားပါတယ် ဘုရား"

"အိမ်က သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နှင့် လူတွေကလည်း သန့်ရှင်းသပ်ရပ်ပါတယ် ဘုရား။ တပည့်တော်ကို အိမ်ပေါ်ထပ်မှာ ထားပါတယ် ဘုရား။ တပည့်တော်က စုတ်စုတ်ပြတ်ပြတ်၊ အိမ်ရှိလူတွေက သန့်သန့်ရှင်းရှင်းဆိုတော့ နေရတာ တစ်မျိုးပဲပေ့ါ ဘုရား။ အိမ်အပေါ်ထပ် တပည့်တော်တစ်ယောက်တည်း နေရာမှာ ညဦးပိုင်းရောက်တယ်ဆိုရင်ပဲ အဲဒီအိမ်က အဘွားကြီး တက်လာပြီး ပန်းကပ်၊ ရေချမ်းကပ်၊ ဆီမီးထွန်း စသည်ပြုပြီး ဘုရားရှိခိုး၍ ဆင်းသွားပါတယ်"

"အဘွားကြီးပြီးတော့ အိမ်ရှိလူကုန်ပါပဲ၊ တစ်ယောက်ပြီးတစ်ယောက် တက်လာပြီး ဘုရားရှိခိုး ပုတီးစိပ်ကြပါတယ်ဘုရား။ တပည့်တော် သူတို့အိမ်က အိမ်သူအိမ်သားတွေကိုကြည့်ပြီး ကိုယ့်အိမ်က အိမ်သူအိမ်သားတွေနှင့် နှိုင်းယှဉ်ကြည့်နေမိပါတယ်။ နှိုင်းယှဉ်ကြည့်ရင်း ရှက်လာပါတယ် ဘုရား"

"အင်း – ငါတော့ အနေအထိုင် ပြောင်းမှဖြစ်တော့မယ်လို့ စိတ်ကူးဝင်လာပါတယ် ဘုရား"

အဲဒီအိမ်က ပြန်လာပြီး အိမ်ရောက်တော့ အိမ်ရှင်မကို –

"ငါတော့ စိတ်ကူးတစ်မျိုး ဖြစ်ခဲ့တယ်။ အဲဒီစိတ်ကူးကို ဒီနေ့ကစပြီး အကောင်အထည်ဖော်တော့မယ်" ပြောပြီး တပည့်တော်ဟာ မသောက်မစား မပျော်ပါးတော့ဘဲ ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့၊ တရားအားထုတ်စတဲ့ ကောင်းမှုတွေကို ပြုခဲ့ပါတယ် ဘုရား။

"ဒါန၊ သီလ၊ ဘာဝနာ တရားတွေနဲ့ နေခဲ့ပါတယ် ဘုရား။ အဲဒီလိုနေလာခဲ့ရာ ယခုဆိုလျှင် တပည့်တော်တို့အိမ် တပည့်တော်တို့မိသားစုဟာ ရှေးယခင်နှင့် မတူတော့ပါ ဘုရား။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိလာပါတယ် ဘုရား။ လူ့နိုင်၊ တန်းနိုင်လည်း ဖြစ်လာပါတယ် ဘုရား။ တပည့်တော် ရှေးယခင်က ဘုရားရှိခိုး၊ ပုတီးစိပ်တဲ့အခါ လောကီစီးပွားရေးကို ဦးတည်ခဲ့ပါတယ်ဘုရား၊ ယခုအခါမှာတော့ အဲဒီလို မဟုတ်တော့ဘဲ သံသရာမှ လွတ်မြောက်ရေးကိုပဲ ဦးတည်နေပါတယ်ဘုရား" လို့ လျှောက်ထားပါတယ်။

"အဲဒါက သက်ရှိ လူသတ္တဝါဖြစ်တဲ့ ကားဆရာလေးရဲ့ အတုမြင်၊ အတတ်သင်ပေ့ါ။ ဒါကြောင့် ကောင်းတာကို မြင်ပြီး ကောင်းတဲ့အတတ်တွေ သင်နိုင်မှ နတ်ရွာနိဗ္ဗာန် ရောက်မှာနော်"

"မှန်ပါ၊ ကျေးဇူးကြီးလှပါတယ် ဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

# ဝိပဿနာနှင့် ချမ်းသာဆင်းရဲ

(၂၈၁)

လောကရှိ အများစုသောလူသားတို့သည် ချမ်းသာနှင့် ဆင်းရဲ မကွဲပြားကြပါ။ ယင်းသို့ မကွဲပြားကြ၍ ချမ်းသာကို ဆင်းရဲထင်ကာ ရှောင်ရှားနေကြပါသည်။ ဆင်းရဲကိုမူ ချမ်းသာထင်ကာ ကြိုးစားရှာဖွေ ကျင့်သုံးနေပါတယ်။ ယင်းသို့ဖြင့် အရှာလွဲ၊ အကျင့်လွဲနေကြရကား လူသားတို့မှာ အဆင်းရဲကြီး ဆင်းရဲနေကြရပါတယ်။

မည်မျှ ဆင်းရဲနေကြပါသနည်း။ သန်းပေါင်းများစွာသော ဥစ္စာ၊ ရွှေ၊ ငွေတွေ ရှိပါလျက် ရာထူးကြီး၊ ဂုဏ်ထူးကြီးတွေ ရှိပါလျက်၊ ပညာတွေ တတ်ပါလျက်၊ ဆင်းရဲလွန်းလို့ ဆင်းရဲဒဏ်ကို မခံနိုင်ရကား မိမိကိုယ်မိမိ နည်းအမျိုးမျိုးနှင့် သတ်သေသူပေါင်းမှာ တစ်နှစ်တစ်နှစ် ထောင်ဂဏန်းအထက်မှာ ရှိသည်ဟု စာစောင်တစ်ခုတွင် မိမိ ဖတ်ရှုလိုက်ရပါသည်။

သန်းပေါင်းများစွာရှိပါလျက် ရာထူးကြီး၊ ဂုဏ်ထူးကြီးတွေ ရှိပါလျက်၊ ဆင်းရဲလွန်းလို့ ဆင်းရဲဒဏ် မခံနိုင်၍ မိမိကိုယ်ကို သတ်သေသူပင် ထောင်ဂဏန်းအထက် ရှိနေပါလျှင် ယင်းတို့အောက် ဥစ္စာရာထူးရှိပြီး ဆင်းရဲလွန်းလို့ မိမိကိုယ်မိမိ နည်းအမျိုးမျိုးဖြင့် သတ်သေသူ ဦးရေမှာ မည်မျှများမည်ဟု အဘယ်သူ ခန့်မှန်းနိုင်ပါအံ့နည်း။ ထို့ထက်များပြားမည်ကား သေချာလှပါ၏။

ယင်းသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်ပါနည်းဆိုသော် ချမ်းသာနှင့် ဆင်းရဲ မကွဲပြားကြ၍ ဖြစ်ရသည်ဟု အကြောင်းရင်းကို ဖော်ပြနိုင်ပါသည်။

မှန်ပါသည်။ ဗုဒ္ဓတရားတော်အရ ဖော်ပြရလျှင် လောက၌ဖြစ်ပေါ်နေသမျှအကျိုးတရားမှန်သမျှတို့သည် အကြောင်းတရား မကင်းကြပါ။ အကြောင်းတရားကြောင့်ဖြစ်သည့် အကျိုးတရားတွေချည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဘယ်နေရာမှာမဆို ကြောင်း၊ ကျိုးကို သိမြင်အောင် ရှာပါ။ ကြောင်း၊ ကျိုး ကွဲအောင် ကြိုးစားပါ။ ချမ်းသာနှင့် ဆင်းရဲကိုလည်း ကွဲပါစေ။ ချမ်းသာနှင့် ဆင်းရဲလည်း ကွဲအောင် ကြိုးစားပါ။ ကြိုးစားသူကား ရှားပါးလှပါသည်။ ရှားပါးသူ တစ်ယောက်နှင့် တစ်နေရာ၌ ဆုံခဲ့ပါ၏။

"အရှင်ဘုရား၊ ဝိပဿနာတရားဟာ ချမ်းသာလား၊ ဆင်းရဲလား။ အားထုတ်တဲ့အခါမှာ ချမ်းသာလား၊ ဆင်းရဲလား။ တပည့်တော် ကွဲကွဲပြားပြား သိချင်ပါတယ်။ ရှင်းပြပေးပါ ဘုရား"

မေးလျှောက်သူမှာ လူငယ်တစ်ယောက် ဖြစ်၏။ မြို့ကြီးတစ်မြို့၌ ဆယ်ရက်စခန်း တရားပြခိုက် ကြုံဆုံခြင်း ဖြစ်ပါ၏။

"အေး - ဒီအမေးကို ဘုန်းကြီး သိပ်ကြိုက်သွားပြီ။ လူတွေဟာ ချမ်းသာ၊ ဆင်းရဲ မကွဲကြတာ များပါတယ်။ အဲဒါကြောင့် အဲဒီအမေးကို မဖြေမီ ချမ်းသာခုနစ်မျိုး ပြောပြပါ့မယ်၊ မှတ်ထားပါ"

"မှန်ပါ၊ ပြောပါ ဘုရား"

"ဒီလောကရှိ သက်ရှိသတ္တဝါအားလုံးတို့ဟာ ချမ်းသာရှာဖွေနေကြသူတွေချည်းပါ။ ရှာဖွေနေပေမဲ့လို့ မိမိတို့ ရရှိခံစားနိုင်သည့် ခံစားရမည့် ချမ်းသာ ဘယ်နှမျိုးရှိတယ်ဆိုတာ မသိကြသူတွေ များပါတယ်၊ ဒါကြောင့် -

၁။ လူတို့ရဲ့ကာမချမ်းသာ၊
၂။ နတ်တို့ရဲ့ကာမချမ်းသာ၊
၃။ ဗြဟ္မာတို့ရဲ့ဈာန်ချမ်းသာ၊
၄။ ဝိပဿနာချမ်းသာ၊
၅။ မဂ်ချမ်းသာ၊
၆။ ဖိုလ်ချမ်းသာ၊
၇။ နိဗ္ဗာန်ချမ်းသာ

ရယ်လို့ ချမ်းသာခုနစ်မျိုး ရှိကြောင်းကို ဦးစွာမှတ်ထားပါ။ အဲဒီချမ်းသာခုနစ်မျိုးထဲမှာ "ဝိပဿနာ" ရယ်လို့ပါနေတော့ "ဝိပဿနာတရားဟာ ချမ်းသာလား၊ ဆင်းရဲလားဆိုတဲ့အမေးဟာ အလိုလိုဖြေပြီးသား ဖြစ်မသွားဘူးလား"

"မှန်ပါ၊ ဖြစ်သွားပါပြီဘုရား။ ဒါပေမဲ့ အားထုတ်တဲ့အခါမှာ ချမ်းသာလား၊ ဆင်းရဲလားဆိုတာ မပြေလည်သေးပါ ဘုရား"

"ဝိပဿနာတရား အားထုတ်ရာက ပြန်လာသူ အတော်များများက ဆင်းရဲတကာ့ ဆင်းရဲထဲမှာ ဝိပဿနာတရား အားထုတ်ရတာ အဆင်းရဲဆုံး၊ အပင်ပန်းဆုံးလို့ပြောကြတဲ့အသံကို ကြားရလို့ပါ ဘုရား"

"အဲဒါ အားထုတ်ပုံ အားထုတ်နည်း မမှန်ကန်လို့ပါ။ မြတ်စွာဘုရားရဲ့တရားဂုဏ်တော်(၆)ပါးထဲက အစအဆုံး ဂုဏ်တော်ကို သတိပြုကြည့်ပါလား"

ဘဂဝတာ။ ရှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။
ဓမ္မော။ မဂ်. ဖိုလ်. နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်သော တရားတော်မြတ်ကို။
သွာက္ခာတော။ ကြားနာရုံပင်၊ အပူစင်၍၊ ကျင့်လျှင် ချမ်းသာ၊ ကျင့်ပြီးကာလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့်၊ စခန်းသင့်အောင်၊ မှန်းလင့်ရည်ရော်၊ ကောင်းစွာ ဟောတော်မူအပ်ပါ၏" တဲ့။

"အဲဒီ တရားဂုဏ်တော်အရ ဘုရားရှင်ရဲ့တရားတော်တွေဟာ နာရုံ ကြားရုံနဲ့ အပူသောကတွေ စင်ကြယ်ပါတယ်၊ လက်တွေ့ကျင့်ကြံကြိုးကုတ် အားထုတ်ရင် ချမ်းသာပါတယ်။

"ချမ်းသာတယ်ဆိုပေမဲ့ အားထုတ်ပုံ အားထုတ်နည်း လွဲရင် ဆင်းရဲပင်ပန်းပါတယ်"

"ဩော် - ဒါဖြင့် တပည့်တော်တွေတွဲ့ လူတွေဟာ အလွဲနဲ့ တွေ့လာသူတွေနဲ့ တူပါတယ်၊ ဆက်ပြီး ရှင်းပြပါဘုရား"

"အားထုတ်တဲ့အခါမှာ အားထုတ်ခါစ ယောဂီနှင့် အားထုတ်ကြာယောဂီ နှစ်မျိုး မတူပါ၊ အားထုတ်ခါစ ယောဂီဟာ ဣရိယာပုထ် မပြင်မပြောင်းဘဲ အားထုတ်လျှင် -

(၁) ဒုက္ခဝေဒနာ ပြင်းထန်စွာဖြစ်ခြင်း
(၂) တည်ကြည်မှုသမာဓိ မရခြင်း
(၃) အားထုတ်ဆဲကမ္မဋ္ဌာန်း ပျက်ခြင်း
(၄) တရားထူး မရခြင်း

ရယ်လို့ အပြောလေးချက် ဖြစ်တဲ့အကြောင်း "သီလက္ခန် အဋ္ဌကထာ" မှာ အတိအကျ ဆိုထားပါတယ်၊ အားထုတ်ခါစ ယောဂီတွေဟာ ဣရိယာပုတ် ပြင်ပြောင်းအားထုတ်ပါက -

(၁) ဒုက္ခဝေဒနာ မဖြစ်ခြင်း
(၂) တည်ကြည်မှုသမာဓိ ရခြင်း
(၃) အားထုတ်ဆဲ ကမ္မဋ္ဌာန်းတိုးပွားခြင်း
(၄) တရားထူး ရခြင်း

ရယ်လို့ အကျိုးထူးလေးချက် ရပါတယ်လို့ အဲဒီ "သီလက္ခန် အဋ္ဌကထာ" မှာပဲ ဆိုထားပါတယ်"

"အေး - ဝိပဿနာ အားထုတ်လို့ပင်ပန်းဆင်းရဲတယ်ဆိုတာ အဲဒီ ပရိယတ်ကျမ်းဂန်နှင့်အညီ တရားသဖြင့် အားထုတ်မှု မပြုဘဲ မတရားအားထုတ်လို့ ဆင်းရဲတယ်မှတ်ပါ"

"မှန်ပါဘုရား"

"ဝိပဿနာဆိုတာ ပဋိပတ်ပါ၊ ပဋိပတ်ကို အားထုတ်ကျင့်ကြံတဲ့အခါ ပရိယတ်နှင့်အညီ အားထုတ်ရပါတယ်၊ မညီလျှင် ဆင်းရဲပါတယ်၊ ညီလျှင် ချမ်းသာပါတယ်"

"ဝိပဿနာချမ်းသာရဲ့ချမ်းသာပုံကို အားထုတ်ချင်အောင် ပြောပြပါဦးဘုရား"

"အေး - ပြောရရင် ဝိပဿနာချမ်းသာရဲ့ အောက်မှာ လူတို့ ကာမချမ်းသာ၊ နတ်တို့ ကာမချမ်းသာ၊ ဗြဟ္မာတို့ ဈာန်ချမ်းသာရယ်လို့ ချမ်းသာ သုံးမျိုးရှိတယ်။

လူချမ်းသာမှာ အချမ်းသာဆုံးက "စကြဝတေးမင်းရဲ့ချမ်းသာ" ပါ၊ အဲဒီ စကြဝတေးမင်းရဲ့ချမ်းသာဟာ နတ်ချမ်းသာကို ထောက်ရင် အထီးကျန်မွဲ လူဆင်းရဲနှင့် တူပါတယ်၊ စည်းစိမ်ချမ်းသာဟူ၍ မဆိုစလောက်ပါ။

ဟုတ်ပါတယ်။ စကြဝတေးမင်းရဲ့စည်းစိမ်ချမ်းသာဟာ နတ်စည်းစိမ်ချမ်းသာကို အစိတ်ပေါင်း အသိန်း.အသန်း ခွဲစိတ်၍ တစ်စိတ်စာမျှ မမီနိုင်အောင် ညံ့ဖျင်းသေးသိမ်လှပါတယ်။

အေး - အဲဒီ လူ့စည်းစိမ်ချမ်းသာထက် အဆပေါင်း အသိန်း.အသန်းမက သာတဲ့ နတ်စည်းစိမ်ချမ်းသာဟာ ဗြဟ္မာတို့ရဲ့စည်းစိမ်ချမ်းသာကို နှိုင်းဆပြိုင်ထောက်ပါက ပြိတ္တာချမ်းသာကဲ့သို့ အလွန်တရာ ဆင်းရဲဒုက္ခ များလှပါတယ်။

အေး - ချမ်းသာလှပါတယ်ဆိုတဲ့ နတ်သား.နတ်သမီးတွေဟာ ပြိတ္တာချမ်းသာကဲ့သို့ ဘယ်လိုဆင်းရဲလဲ မေးရင် ပြိတ္တာတွေဟာ အစားအသောက်ကို အလွန်တရာ ဆာလောင်တောင့်တရ၍ အလွန်တရာ ဆင်းရဲကြရရှာသလို ကာမာဝစရနတ်တွေဟာလည်း တစ်ကိုယ်တည်း အဖော်မရှိဘဲ စည်းစိမ်ချမ်းသာကို မခံစားနိုင်ဘဲ အဖော်ရှိမှသာ ခံစားနိုင်ပါတယ်။

ချမ်းသာသုခကို ပေးတတ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တို့ကို ရှာမှီးတောင့်တကြရပါတယ်။ ခံစားစရာ အာရုံကို မရပါလျှင် ပြိတ္တာအတူ အလွန်ဆင်းရဲရှာကြပါတယ်။

ခံစားစရာအာရုံ ရပြန်ပါလျှင်လည်း တစ်နာရီလုံးလုံး ခံစား၍ မနေနိုင်ပါ။ တစ်ညဥ့်.တစ်ရက်.တစ်လ.တစ်နှစ်ပတ်လုံးလည်း ခံစား၍ မနေနိုင်ပါ။

ကောင်းပါတယ်ဆိုတဲ့ ချမ်းသာကို ခံစားရင်း အလွန်တရာ ဆင်းရဲသဖြင့် ရှည်ကြာလေးမြင့် ခံစားခြင်းငှာ မတတ်နိုင်ဘဲ အလွန်တရာ ဆင်းရဲကြရပါတယ်။ အဲဒါကြောင့် သတ်သေကြတာပါ။

"ဒီလိုဆိုရင် တပည့်တော်တို့ လူ့ချမ်းသာလည်း ပြိတ္တာချမ်းသာနှင့် အတူတူ ဖြစ်နေတာပေါ့ဘုရား"

"ဩော် - နတ်ချမ်းသာတောင် ပြိတ္တာချမ်းသာနဲ့ တူပါတယ်ဆိုမှဖြင့် လူ့ချမ်းသာဆိုရင် အဘယ်မှာ ဆိုဖွယ်ရာ ရှိပါ့မလဲ။ သူတောင်းစားချမ်းသာနှင့် တူတာပေါ့"

"ဆိုလှချည်လား ဘုရား"

"မဆိုလှပါနဲ့၊ သူတောင်းစားများဟာ သူများပေးမှ ချမ်းသာရသလို လူတွေလည်း အဆင်းစတဲ့ အာရုံတွေက ပေးပါမှ ချမ်းသာလို့ သူတောင်းစားချမ်းသာလို့ ပြောတာပါ"

"နာစရာ ရှက်စရာကောင်းလိုက်တာ ဘုရား"

"နာရင် ရှက်ရင် ဝိပဿနာချမ်းသာကနေ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာအထိ အဆင့်ဆင့်ရအောင် ကြိုးစားပါ"

"ကြိုးစားဖို့ရာ အသာထားပါဦး ဘုရား၊ ဝိပဿနာဟာ ချမ်းသာလား.ဆင်းရဲလား မကွဲပြားလို့ မေးနေရပါတယ်ဘုရား"

"အေး - ဝိပဿနာဟာ ချမ်းသာပါ၊ လူ့. နတ် ချမ်းသာထက် သာပါတယ်၊ နတ်ချမ်းသာထက် သာတာက ဗြဟ္မာချမ်းသာပါ၊ ဗြဟ္မာချမ်းသာက အဖော်အဖက်မရှိဘဲ တစ်ယောက်ထီးတည်း အလိုရှိတိုင်း ခံစားနိုင်ပါတယ်၊ အလိုရှိတဲ့ခဏ၌ ခံစားနိုင်ပါတယ်၊ အလိုရှိသမျှ ကာလပတ်လုံးလည်း ခံစားနိုင်ပါတယ်"

"ခံစားတဲ့အခါမှာလည်း အချိန်ကြာမြင့်စွာ ခံစားပြီးမှ ထကြရပါသော်လည်း အားရသည် မုန်းသည် မောသည် စသည် ဟူ၍လည်း မရှိနိုင်ပါ၊ ညောင်းညာ ပူအိုက်သည်ဟူ၍လည်း မရှိနိုင်ပါ၊ အေးအေးမြမြ အလွန်တရာ ကောင်းမြတ်လှတဲ့ သုခချမ်းသာကို ခံစားမွေ့လျော်ကြရပါတယ်"

"အဲဒီ ဗြဟ္မာ့ချမ်းသာထက် ဝိပဿနာချမ်းသာက အဆပေါင်း အသိန်းအသန်းမက သာလွန်ချမ်းသာလှပါတယ်"

"ဟုတ်ပါတယ်၊ အဲဒီချမ်းသာတွေ ခံစားတဲ့အခါမှာ အပါယ်မျိုးစေ့ ဖြစ်တဲ့ "သက္ကာယဒိဋ္ဌိ" ပါနေတဲ့အတွက် ချမ်းသာ ခံစားပြီးတဲ့ ဘဝအဆုံးမှာ အပါယ်ကျစေတတ်တဲ့အတွက် တကယ့်ချမ်းသာစစ် မဟုတ်၊ ဆင်းရဲတုံး.ဆင်းရဲခဲ မျှသာ ဖြစ်ပါတယ်"

"ဘဝသုံးပါး၊ ဘုံသုံးပါး တည်းဟူသော ဒုက္ခဘေး၊ ဆင်းရဲဘေးကြီးမှ ကျွတ်လွတ်ထွက်မြောက်လိုသော ပညာရှိ သူတော်ကောင်းတို့သည် ဘဝသုံးပါး ဘုံသုံးပါးကို ရဲရဲတောက်သံတွေခဲကဲ့သို့ စက်ဆုပ်ကြောက်ရွံ့နိုင်ခြင်းငှာ ပညာတည်းဟူသော မဂ္ဂင်တရား.ဝိပဿနာတရားတို့ကို တစ်နေ့ထက်တစ်နေ့ ကြီးပွားတိုးတက်အောင် နိဗ္ဗာန်ရသည့်တိုင်အောင် အားထုတ်သင့်ပါတယ်"

"ဝိပဿနာတရားဟာ ဣရိယာပုထ်မရွေး၊ အလုပ်မရွေး၊ နေရာမရွေး၊ အချိန်မရွေး ဖြစ်ပါတယ်၊ ဖြစ်အောင်ကြိုးစားပါလို့ တိုက်တွန်းလိုက်ပါတယ်"

"မှန်ပါ၊ ကြိုးစားပါ့မယ်ဘုရား"

✦ အားလုံးသန္တာန်၊ အမြင်မှန်၊ လျင်မြန်ရစေသော်။

# နိဗ္ဗာန်ပရမတ်ကို ရောက်နိုင်ပါ့မလား

## (၂၈၂)

နေ့စွဲ ၁၃၅၂ ခု၊ ကဆုန်လဆန်း ၁၃ ရက်

ဘုန်းဘုန်းဘုရား –

တပည့်တော် ရှိသေလေးစားစွာ စာရေးလျှောက်ထား ပန်ကြားအပ်ပါသည်ဘုရား။

တပည့်တော် ဒီနေ့နံနက် ၄း၃၀ နာရီမှ ၅း၃၀ နာရီတရားထိုင်ချိန်မှာ တရားအထူးတွေ့လို့ ဘုန်းဘုန်းကို လျှောက်ထားလိုလို့ပါ ဘုရား။

ဘုန်းဘုန်းဘုရား –

တပည့်တော် ဒီနေ့နံနက် ၄း၃၀ နာရီမှ ၅း၃၀ နာရီ တရားထိုင်ချိန်မှာ ဝင်လေ,ထွက်လေရဲ့အေးသဘော နွေးသဘောကို ရုပ်.ရုပ် နဲ့ သတိထားပြီး ကြိုးစားရှုပွားနေရင်းမှာပဲ ဝင်လေရုပ်ရဲ့အေးသဘောဟာ ရေခဲအေးသည့်ပမာ တပည့်တော်ရဲ့ မနောစိတ်ကလေးကို ကျဆင်းထိပြီး ခန္ဓာကိုယ်အတွင်း တစ်ခုလုံး အေးငြိမ်းချမ်းသာစွာ ပြန့်ကြဲသွားပါတယ်ဘုရား။

ဥပမာပြောရလျှင် ကျောက်ခဲတုံး တစ်တုံးကို ရေထဲသို့ ပစ်ချလိုက်တဲ့အခါ ရေစက်ရေပေါက်တွေ အဲဒီကျောက်ခဲလုံးရဲ့ပတ်ဝန်းကျင်တစ်ဝိုက် ပျံ့နှံ့တက်လာသလိုပါပဲ ဘုရား။

အဲဒီဥပမာအတိုင်း ဝင်လေရဲ့ပျံ့နှံ့တဲ့ အအေးဓာတ်ဟာ တပည့်တော်ရဲ့ကိုယ်ခန္ဓာအားလုံး (တစ်ကိုယ်လုံး) အေးငြိမ်းသွားပါတယ် ဘုရား၊ အဲဒီ အေးငြိမ်းချမ်းသာမှုဟာ ဒီလောကမှာ တပည့်တော် ကြုံခဲ့ဖူးတဲ့ ဘယ်အေးငြိမ်းချမ်းသာမှုနဲ့မျှ မတူပါဘုရား၊ ဘယ်အရာနဲ့ တူပါတယ်လို့ နှိုင်းယှဉ်ပြစရာ ရှာမရပါဘုရား။

ဘုန်းဘုန်းဘုရား –

လူဆိုတာ သေတတ်ဖို့ အရေးကြီးတယ်လို့ ဖခင် ဦးပဍ္ဍင်းကြီးက ဆုံးမခဲ့ဖူးပါတယ်၊ ဒါပေမဲ့လို့ အခုအခါမှာ သိထားတဲ့ တရားလေးနဲ့ ဆင်ခြင်နေတတ်ပေမဲ့လို့ သေတတ်ဖို့က သိပ်မရှိသေးလို့ တပည့်တော် လျှောက်ထားခဲ့တဲ့အတိုင်း အဲဒီ

နံနက်ပိုင်း အားထုတ်စဉ်က အေးငြိမ်းချမ်းသာတဲ့ အချိန်မျိုးမှာ အသက်ဝိညာဉ် ချုပ်ခဲ့ရင်တော့ မဒိုရာ၊ မနာရာ၊ မသေရာ ဖြစ်တဲ့ နိဗ္ဗာန် ပရမတ်ကို ရောက်နိုင်ပါ့မလား ဘုန်းဘုန်းဘုရား။

ဘုန်းဘုန်းဘုရား -

တပည့်တော်တစ်ခုလျှောက်ထားလိုပါသေးတယ်ဘုရား။ တပည့်တော်ဟာ သောင်းကျန်းသူများရဲ့ လက်နက်ပစ်ဖောက်သံ ကြားလျှင် အင်မတန်မှ ကြောက်စိတ်ကြီးပါတယ်ဘုရား။ ကြောက်မက်ဖွယ်ကောင်းတဲ့အသံ ထွက်ပေါ်လာလျှင် လာချင်း တပည့်တော်တို့လည်း အကြောက်ကြီးပြီး ဖုံးခိုကျင်းထဲ ပြေးရပါတယ်ဘုရား။

ဖုံးခိုကျင်းထဲရောက်ခါမှ လက်နက်ကြီး(၉)မျိုးကို အောင်နိုင်တဲ့ အောင်ဇေယျဝန္ဒနာဘုရားရှိခိုးကို ရွတ်ဆိုရှိခိုးဖို့ သတိရပါတယ်ဘုရား။ သတိရလို့ ဘုရားရှိခိုးမယ် စဉ်းစားပြီး ဘုရားရှိခိုး အစကို ရှာလိုက်တာ အစရှာမတွေ့အောင် ကြောက်အားသန်ပါတယ်ဘုရား။ အဲဒီအချိန်မှာသာ သေခဲ့ရင်တော့ ဘယ်ဘုံဘဝမှာ ဖြစ်မှန်းမသိဖြစ်ပြီး မတွေးဝံ့အောင် ဖြစ်ခဲ့ပါတယ်ဘုရား။ ဒါကြောင့် အဲဒီလိုမဖြစ်ရအောင် ဘယ်လိုဆင်ခြင်ပြီး နေရပါ့မလဲဘုရား။

ရိုသေစွာဖြင့် -

တပည့်တော် - - - - - - - - - -

၁၃၅၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်။

ဒေါ် - - - - - ရဲ့ စာက ရှည်လျားပေမဲ့လို့ အမေးပုစ္ဆာပြဿနာက နှစ်ချက်ပဲ ဖြေရမှာဖြစ်၍ အဖြေကတော့ ရှည်လျားမယ် မထင်ပါ။

ဒေါ် - - - - - ရဲ့ စာထဲမှာ ပါတဲ့အတိုင်း အဲဒီ နံနက်ပိုင်း အားထုတ်စဉ်က အေးငြိမ်းချမ်းသာတဲ့ အချိန်မျိုးမှာ အသက်ဝိညာဉ် ချုပ်ခဲ့ရင်တော့ မဒိုရာ၊ မနာရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ပရမတ်ကို ရောက်နိုင်ပါ့မလား ဆိုတဲ့ အမေးကို ပြောရလျှင် မရောက်နိုင်သေးလို့ ဖြေရမှာပဲ။

အေးငြိမ်းချမ်းသာမှုကို အရှုခံအာရုံနဲ့ ရှုတဲ့ ဉာဏ်နဲ့တည့်ပြီး နေတဲ့အချိန် အခိုက်အတန့် ကိလေသာတွေ ငြိမ်းနေလို့ ငြိမ်းအေးချမ်းသာမှု ရတာပါ၊ အဲဒီအချိန် ရုပ်. နာမ်ပရမတ်ရဲ့ သဘောသဘာဝကို ထိုးထွင်းသိမြင်သွားလျှင်တော့ မဒိုရာ၊ မနာရာ၊ မသေရာ ဖြစ်တဲ့ နိဗ္ဗာန်ပရမတ်ကို တစ်မဂ် မဂ်ဆိုက်ပြီး ရောက်နိုင်ပါတယ်။

သို့မဟုတ် ရုပ်. နာမ် ပရမတ်ရဲ့ သဘောသဘာဝကို ထိုးထွင်းမသိဘဲ အရှုခံ ရုပ်အာရုံ သို့မဟုတ် အရှုခံ နာမ်အာရုံနှင့် ရှုဉာဏ်နှင့်တည့်ပြီး အခိုက်အတန့် ကိလေသာတွေ ငြိမ်းနေတဲ့အခိုက်မှာ အသက်ဝိညာဉ် ချုပ်ခဲ့ရင် နတ်ပြည်တော့ သေချာပေါက်ရောက်ပါတယ်။ အပါယ် မကျနိုင်ပါ။

လက်နက်တွေ ပစ်ဖောက်လျှင် ကြောက်စိတ်ကြီးတာနဲ့ ပတ်သက်ပြီး ပြောရလျှင် ဒေါ်သမကင်းသေးသူများမှာ အနည်းနှင့် အများသာ ကွာပါတယ်၊ ကြောက်စရာဆုံလျှင် ကြောက်တတ်ပါတယ်။

သို့သော်ဖြစ်သင့် မဖြစ်သင့်၊ ဖြစ်နိုင် မဖြစ်နိုင် ဆင်ခြင်ပြီးတော့ ကြောက်ရပါတယ်။ အရမ်းသတိလက်လွတ် မကြောက်ရပါ။ ရှောင်သင့် ရှောင်ထိုက် တိမ်းသင့် တိမ်းထိုက် ရှောင်တိမ်းပြီးမှ ဖြစ်လာတော့ ကံပေါ့လို့ ရှောင်တိမ်းမရမှ ကံကြမ္မာကို ပုံချပြီး အကြောက်ဖြေရပါတယ်။

ပြီးတော့ "အောင်ဇေယျာဝန္တနာ" လို ဘုရားရှိခိုးမျိုးကို အမြဲရှိခိုးနေရပါတယ်။ အဲဒီလို ကြုံလာတော့ ရှိခိုးစရာ မလိုတော့ပါ။ ရှိခိုးပြီးသားတွေကို အာရုံပြု ဆင်ခြင်နေခြင်းဖြင့် လက်နက်ဘေး ကင်းနိုင်ပါတယ်။

တရားရှုပွား ဘုရားဂုဏ်တော် ပွားနေသူအတွက်လည်း ဒီလက်နက်ဘေးတွေ မထိရောက်နိုင်ဘူးလို့ ယုံကြည်စိတ်ချပြီး အကြောက်ဖြေနေရပါတယ်။ တကယ်ကြောက်လာလျှင် ကြောက်စိတ်ကို "နာမ်" လို့ ရှုချင် ရှု၊ သို့မဟုတ် ကြောက်စိတ်ကြောင့် ဖောက်ပြန်တဲ့ တုန်မှု ခုန်မှု ရုပ်တရားကို "ရုပ်" လို့ ရှုချင် ရှုနေရင်လည်း အကြောက်ပြေပါတယ်။ လက်နက်မလွတ်လို့ သေလျှင်လည်း အသေကောင်းပါတယ်၊ အပါယ် မကျပါ။

ကဲ - ဒီလောက်ဆို ပြေလည်ပါပြီနော်။

✧ အားလုံးသန္တာန်၊ အမြင်မှန်၊ လျှင်မြန်ရစေသော်။

မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း၊ အတွဲ (၆)၊ အမှတ် (၁၀)၊ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ။

# နိဂုံး

## ကျေးဇူးဆပ်ပါ၏

မိမိ ဤရွှေ ဤမျှ ဝီရိယာထား ကြိုးစား၍ ရေးသားခဲ့သော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြကုန်သော မိဘနှစ်ပါး, ဆရာသမားများ, ရဟန်းဒါယကာ, ဆွေမျိုးဉာတကာများ, မိတ်ဆွေသင်္ဂဟအများတို့အား ကျေးဇူးတုန့်ပြန်ဆပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာရာ တရားစခန်း ကျင်းပရာ ဌာနများမှ ဒကာ ဒကာမများ, ဆရာတော် သံဃာတော်များက မိမိ၏ စာပေရေးသားနိုင်ရေးအတွက် ပြည့်ဝသော စေတနာဖြင့် အဘက်ဘက်မှ လိုအပ်သော ကူညီမှုကို မိမိအနေဖြင့် ကျေးဇူးအထူးပင် သိ၍ ယင်းကျေးဇူးကို တုန့်ပြန်ကာ ဤဗုဒ္ဓဓမ္မပြဿနာများ ကျမ်းစာဖြင့် ပြန်ဆပ်ပါ၏။

မိမိ ဓမ္မဒေသနာခရီး လှည့်လည်ရင်း စာပေရေးသားသည်ကို သိရှိပြီး အလွယ်တကူ စာပေရေးသားနိုင်စေရန် စာရေးစက္ကူစာရေးကိရိယာများ လှူဒါန်းကြသော အမြို့မြို့အနယ်နယ်မှ ဆရာ, ဆရာမများ၊ ကျောင်းသူ, ကျောင်းသားများ၊ ယောဂီများအား ဤဗုဒ္ဓဓမ္မပြဿနာများ ကျမ်းစာ ကုသိုလ်ဖြင့် ကျေးဇူးဆပ်ပါ၏။

## အမျှဝေပါ၏

ဤမျှလောက် ပြဿနာအစဉ်တို့ကို ပင်ပန်းသည်ဟု ပဓာန.မထားဘဲ ကြီးမားသောဖွဲခိုင်ခိုင်ဖြင့် အအားမနေ.အနားမယူဘဲ ကြိုးစားဖြေကြား ရေးသားရသော ဤဗုဒ္ဓဓမ္မပြဿနာများ ကျမ်းစာအုပ်အတွက် မိမိရရှိသည့် ဓမ္မဒါန တရားတော်အလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန် အလှူတည်းဟူသော ကောင်းမှုကုသိုလ် အစုစုတို့၏ အဖို့ဘာဂတို့ကို ...

"မြင်းမိုရ်စက္ကဝါ၊ ပမာဆယ်ခု၊ နှိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီးလှသား၊ မိဘနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော်မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ၊ ဒါယိကာမ၊ ဝေါစရဂါမ်၊ နိယာမ်မပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ ပေးလှူတတ်စွာ၊ မြို့ရွာပတ်လုံး၊ သိမ်းကျုံးလုံးစုံ၊ နိဂုံးဇနပဒ၊ ဝေးနီးစသည်၊ ရှိကြထိုထို၊ များလှမိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မာရုက္ခာ၊ အာကာသစိုး၊ တန်ခိုးမဟိဒ်၊ ပုညဇိဒ်နှင့်၊ ဂုဏ်ဟိတ်မြင့်မား၊ သိကြားသဂ္ဂ၊ ဝါသဝနှင့်၊ လောကစောင့်လျဉ်း၊ နတ်မင်းလေးဖြာ၊ သာတာဂီရ၊ ဟေမဝတ၊ ဣန္ဒစိတ္တ၊ စသည်တွက်ဖွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ်မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြီတထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ကြားတတ်

သည့်၊ မဏိမေခလာ၊ တဖြာထိုမှ၊ ဒသဏ္ဏသရ၊ လောကဓာတ်လည်း၊ ဝန်းပတ်ရံခြံ၊ မဟာဖြုံတို့၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေပေါက်၊ ထိုရွှေလောက်တိ၊ ထက်အောက်ဝန်းကျင်၊ များပုံယင်အား၊ အကြြင်ရှိသမျှ၊ မကျန်ရအောင်၊ ဝေငှ မသွေ၊ အမျှ. အမျှ. အမျှ ဝေသည်၊ ရစေ ငါ့နယ်အတူတည်း"

## ဆုတောင်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာများ ကျမ်းစာအုပ်ကို လောက၊ သာသနာနှစ်ဖြာ အကျိုးပွားတိုးရေးကို မြော်မှန်း၍ ကြိုးစားဖြေကြား ရေးသားရသော သမ္မာဆန္ဒ၊ ဝီရိယနှင့် ဉာဏသဒ္ဓါ ယှဉ်ဘက်ပါသော မဟာခေါ်ဆို မြားမြောင်လှသော ကောင်းမှုကုသိုလ် စေတနာတို့ကြောင့် အရဟတ္တ မဂ်ဉာဏ်တော်၊ သဗ္ဗညုတ ဉာဏ်တော်ကို ချမ်းသာသောအကျင့် လျင်မြန်သော အသိဉာဏ်ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျသတ္တဝါအများကို တရားစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက် အရောက်ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

## တောင်းပန် တိုက်တွန်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာများ ကျမ်းစာအုပ်ကို ရေးသားရာ၌ တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကယ်စင်စစ် သတိလစ်ကာ ပါဝင်ခဲ့ကုန်ငြားအံ့၊ တွေ့ရှိဖတ်ရှုကြငြားအံ့၊ ယင်းကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြပါစေကုန် သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ကျသည့် အပြစ်ကင်းပ အကျိုးရသည့် ဒွိဟပယ်ခွာ လမ်းပြဒေသနာ ကျင့်ကြံစရာ အဖြာဖြာတို့ကို လည်း စိတ်မှာစွဲကပ် သတိချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓမိန့်ဟ လမ်းစဉ်ပသည့် အပြစ်ရှိငြား လမ်းမှားမိစ္ဆာ ရှောင်ရှားစရာများကိုလည်း နေ့ညမအား ကြိုးစားကျင့်ကြံ ရှောင် ရှားနိုင်ကြပါစေကုန်သတည်း။

ယင်းသို့လိုက်နာကျင့်ကြံစရာများကို လိုက်နာကျင့်ကြံနိုင်၍ ရှောင်ရှားစရာများကို ရှောင်ရှားနိုင်သဖြင့် လောကီအကျိုး စီးပွား လောကုတ္တရာအကျိုးစီးပွားတို့ကို တိုးပွားအောင် ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

ဓမ္မဒူတ အရှင်ပညာဇောတ
ဓမ္မဒူတတောရ
တောင်စွန်း၊ ဘီးလင်းမြို့နယ်
မွန်ပြည်နယ်၊

## ဆရာတော် ဓမ္မဒူတ အရှင်ပညာဇောတ၏
## ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ ဒါနဝတ္ထု
၂။ သီလဝတ္ထု
၃။ ဘာဝနာဝတ္ထု
၄။ ဒေါသဖြေဖျောက်နည်း
၅။ ဗုဒ္ဓ၏ သက်သတ်လွတ်
၆။ ရှင်လောင်းသင် ရှင်ကျင့်ဝတ်
၇။ အယူဝါဒ ရှင်းတမ်း
၈။ ငြင်းခုံပွဲမှ အမြတ်
၉။ မေးမေ့မေတ္တာ
၁၀။ အလှူခံတစ်ကျိပ်လေး
၁၁။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရှုပွားနည်း အချုပ်
၁၂။ ဝေဒနာရှုပွားနည်း
၁၃။ မီးကျီးတွင်းမှ ပွင့်သောကြာ
၁၄။ ဓမ္မန္တရာယ် ကာကွယ်ရေး
၁၅။ သာသနာ့လမ်းစဉ်
၁၆။ မဂ္ဂင်ရှစ်ဖော် ယာဉ်ပျံတော်
၁၇။ အလှူသင်တန်း
၁၈။ အမှောင်နှင့် အလင်း
၁၉။ မျှတမှ တရားရ
၂၀။ အနေကဇာတင်နည်း(၇)နည်း
၂၁။ ဓာရဏပရိတ်နှင့် ဘုရားရှိခိုးများ
၂၂။ သက်ရှင် ဆွမ်းကျွေးတရားတော်
၂၃။ ဓာရဏပရိတ်နှင့် ပါဠိဖတ်နည်း ပုံသေနည်း
၂၄။ ဝိဇ္ဇာနှင့် စရဏ
၂၅။ မဲ့သေ ပြုံးသေ
၂၆။ သောကငြိမ်းသတ် တရားမြတ်
၂၇။ သက်သက်လွတ်ဆောင်းပါးများ
၂၈။ ဒဏ်ဆယ်ပါး
၂၉။ ကိုယ်သာနာစေ စိတ်မနာစေနဲ့
၃၀။ မဟာဒုဂ် ရဟန္တာဖြစ်ခန်း
၃၁။ အာဠဝက ချွတ်ခန်း
၃၂။ မျောလေးမျောဝင် ကျုံးပျော်မြတ်ချမ်းသာဘုရားသမိုင်း
၃၃။ သင်္ခါရနှင့် လက္ခဏာ
၃၄။ ကိုယ်စောင့်တရားလေးပါး
၃၅။ နလုံးသွင်းမှန်မှ နိဗ္ဗာန်ရ ရုပ်နာမ်သံ ကြားရ ကျိုးဖလ
၃၆။ ရှိတိုင်းသိတာ ဝိပဿနာ
၃၇။ ဝိပဿနာဆိုတာ ဘာလဲ
၃၈။ ဝိပဿနာ အလုပ်သင်
၃၉။ လက်ရွေးစင် ဆောင်းပါးပေါင်းချုပ်
၄၀။ ဗုဒ္ဓဓမ္မပြဿနာများပေါင်းချုပ်(ပ)
၄၁။ ဗုဒ္ဓဓမ္မပြဿနာများပေါင်းချုပ်(ဒု)
၄၂။ ဗုဒ္ဓဓမ္မပြဿနာများပေါင်းချုပ်(တ)

## ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ၏
## ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ တရားမရခြင်းအကြောင်းရင်း
၂။ မငိုကြသောမိသားစု
၃။ လိုရင်းတိုရှင်းဝိပဿနာ
၄။ တရားဘယ်လိုကျင့်ရမလဲ
၅။ လိုအင်ဆန္ဒတွေပြည့်ပါစေ
၆။ တစ်နေ့ကုန်သွားရင်
၇။ ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင်
၈။ တရားကျောင်းက ခေါင်းလောင်းသံ
၉။ နီးလျက်နှင့်ဝေး
၁၀။ အရှုံးထဲကအမြတ်
၁၁။ အမှတ်တမဲ့အမှား
၁၂။ ဘာဝနာဆိုသည်မှာ
၁၃။ တရားကပေးတဲ့ချမ်းသာ
၁၄။ ဥပုသ်စောင့်တဲ့ရည်ရွယ်ချက်
၁၅။ နှောင်ဖွဲ့မမြင်သံယောဇဉ်
၁၆။ Main and concise
၁၇။ သေဘေးဆင်ခြင်ကြိုကာပြင်
၁၈။ တရားကျင့်သူနှင့် မကျင့်သူ
၁၉။ အပါယ်တံခါး ပိတ်ထားကြစို့
၂၀။ ဘဝစစ်တမ်း
၂၁။ အဆုံးအမတရားတော်များ
၂၂။ ဘာသာမဲ့သူလေး
၂၃။ ကျေးဇူးသိတတ် ကျေးဇူးဆပ်
၂၄။ ဘာအရေးကြီးဆုံးလဲ
၂၅။ ကြည့်ရင်းကြည့်ရင်း ပျက်ယိုယွင်း
၂၆။ ဆုံးမလွယ်သူဖြစ်ပါစေ
၂၇။ ကိုယ့်ရဲ့ကယ်တင်ရှင်
၂၈။ မနက်ဖြန်ဆိုတာ မသေချာ
၂၉။ ဘဝထဲမှာ ဓမ္မရှာ
၃၀။ ပေးဆပ်ရမယ့်အကြွေး
၃၁။ မကျန်းမမာဖြစ်လာရင်
၃၂။ တရားနဲ့ နေပါ
၃၃။ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်
၃၄။ တရားကျင့်ဖို့ကောင်းတဲ့အချိန်
၃၅။ တရားရနိုင် မရနိုင်
၃၆။ တရားဘာကြောင့် ကျင့်ရလဲ
၃၇။ ဓမ္မလမ်းပေါ်မှာ

ဓမ္မဒူတ အရှင်ပညာဇောတ

ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက

သာသနဓဇသိရီပဝရဓမ္မာစရိယ

အဘိသိရီပဝရသာသနာလင်္ကာရဒီဃနိကာယဓရ

အဂ္ဂမဟာဓမ္မကထိကပိဋကတ္တယပါရဂူ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ


ရေးသားတော်မူအပ်သော

# ဗုဒ္ဓ ဓမ္မ

## ပြဿနာများပေါင်းချုပ်

ပထမတွဲ

**Problems in Buddha Dhamma - 1**

ဓမ္မဒူတ အရှင်ပညာဇောတ

ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက

သာသနဓဇသိရီပဝရဓမ္မာစရိယ

အဘိသိရီပဝရသာသနာလင်္ကာရဒီဃနိကာယဓရ

အဂ္ဂမဟာဓမ္မကထိကပိဋကတ္တယပါရဂူ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ရေးသားတော်မူအပ်သော

# ဗုဒ္ဓ ဓမ္မ

## ပြဿနာများဖေါ်င်းချုပ်

ဒုတိယတွဲ

**Problems in Buddha Dhamma - 2**

# ကြွေးကြော်သံ

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ

ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ

ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ

ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ